
www.burmeseclassic.com



www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သီဟဠဖလကုန်းတော်ပေါ်တွင် စံပယ်တော်မူလျက်ရှိသော ကျိုက်ပြာသာဒ်တနော် စေတီတော် | မင်းဂုဏ် | ၅ |
| ၂။ | မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ | မမွှေးဒါန | ၁၇ |
| ၃။ | အန္တိုင်းမဲ့မေတ္တာတော်ရိပ်အောက်မှ အဆုံးစွန်သော ချစ်ခြင်း မုန်းခြင်းတို့၏ ပုံရိပ်လွှာများ | မင်းဂုဏ် | ၂၄ |
| ၄။ | အသောကမင်းကြီး | ခေတ်ဦးရွှေ | ၃၆ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ ပဉ္စမုခမ[illegible]မျက်နှာစေတီတော်မြတ် | မနှင်းဝေ(ဟင်္သာတ) | ၅၃ |
| ၆။ | မြန်မာ+ကိုရီးယားဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ ဟောကြားသော ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း | မမွှေးဒါန | ၅၉ |
| ၇။ | ဗုဒ္ဓဂယာဘုရားဖူး အတွေ့အကြုံများ | မောင်လွမ်းနွယ်(အောင်လံ) | ၆၆ |
| ၈။ | မြန်မာမှုဗိသုကာလက်ရာမြောက် ဗုဒ္ဓရုပ်ပွားတော်များ | မေဒသုတေသီ ဆရာမျိုး | ၈၀ |
| ၉။ | ဘယ်ဝယ်ဘယ်ဆီ တမ်းတကာ မှန်းဆသည် | ရေနံ့သာအောင်ချမ်းဇော် | ၈၈ |
| ၁၀။ | မပြစ်မှားသင့်သော ခင်ပွန်းကြီးဆယ်ပါး | ဂမုန်းအင် | ၉၄ |
| ၁၁။ | I.B.C တွင် ကျင်းပသည့် နိဗ္ဗာန်အကြောင်း တစေ့တစောင်း ဟောပြောပွဲ အခမ်းအနား | နေမင်းကျော် | ၉၇ |
| ၁၂။ | ကျိုတိုမြို့ဟောင်းက ကမ္ဘာ့အကြီးဆုံးသစ်သားဘုရားကျောင်းကြီးနှင့် ရွှေစင်ရွှေသား ရွှေကျောင်းတော်သို့ | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး/သု) | ၉၈ |
| ၁၃။ | ဒရိုင်ဘာ မကောင်းဘူး | မောင်ဝင်းထိန်(အင်းစိန်) | ၁၀၁ |
| ၁၄။ | ယိုးဒယားနိုင် မြန်မာမင်းများ | အောင်သိမ်းမြတ် | ၁၀၆ |
| ၁၅။ | အကြောပြင်ပညာရှင်ရဲ့ ကိုယ်တွေ့ | မောင်မြင့်မား(ဗိုလ်ကလေး) | ၁၂၅ |
| ၁၆။ | ဟင်းမွှေးမဆလာနံ့လေးပေးပြီး ဈေးခေါ်လိုက်မယ် | ကိုအေးမင်း(ပဲခူး) | ၁၂၉ |
| ၁၇။ | ချစ်သူ့လိပ်ပြာ | ကောင်းစံဟိန်း(ပန်နေဝန်း) | ၁[illegible] |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ဥယျာဉ်မှူးတို့ နှလုံးသား ............ ဇော်မင်း(ဒဂုံမြောက်) | ၁၄၂ |
| ၁၉။ | သံဖော်ဇဉ်ဆိုတာမျိုးကလည်း............ ကိုမောင်သန်းဝင်း | ၁၅၂ |
| ၂၀။ | လမင်းကို ကြယ်ရောင်ဟပ်ခြင်း ......... ထန်းတပင် စန်းလွင် | ၁၅၈ |
| ၂၁။ | မြိုင်သာယာမှ နှင်းပျောက်တဲ့နွေ .......... ဘိုဘို(ရွှေကံကူ) | ၁၆၄ |
| ၂၂။ | သူရဲကောင်း ဗိုလ်မှူးကြီးဗထူးအား ဦးညွှတ်အလေးပြုပါ၏ ................ ကိုရဲ(ရွှေတြိဂံ) | ၁၇၈ |
| ၂၃။ | မြေစောင့်သည့် မန်ကျည်းပင်ဆောင် ....... အောင် | ၁၈၄ |
| ၂၄။ | အလောင်းမင်းတရား အောင်ဇေယျတဲ့ဟော့....... ထွန်းလင်းသူ | ၁၉၄ |
| ၂၅။ | အမှောင်ထဲမှ အားပြိုင်နေသော ကွက်လပ်များ . မင်းဟန်(သန်လျင်) | ၂၀၄ |
| ၂၆။ | မြမျက်ရည် ပုလဲမျက်ရည် ................ ထားဉသုံ | ၂၁၂ |
| ၂၇။ | အသိပညာ တိုးတက်ဖို့ရာ ................ ဝုဏ်းလေး | ၂၂၅ |
| ၂၈။ | တုန်လှုပ်သူ လှူညံ့ ..................... မင်းလုမင်းခေါင် | ၂၂၇ |
| ၂၉။ | သိမှတ်စရာ ဆေးနည်းအဖြာဖြာ.......... မောင်စာဆို(ကျုံ့စု) | ၂၃၃ |
| ၃၀။ | ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် လက်တစ်ကမ်းမှ ရရှိစေနိုင်သည့် မြန်မာ့ဆေးနည်းအချို့ ......... ဒဂုံကြည်ဇော် | ၂၃၅ |
| ၃၁။ | ကျောက်ကပ်ရောဂါ.............. အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၃၇ |
| ၃၂။ | ဒါကိုဖတ်ပြီးမှ ဆေးလိပ်သောက်ပါ ........ တော်မြင့်(ငှက်ပျား) | ၂၄၈ |
| ၃၃။ | အသည်းရောဂါအကြောင်း တစေ့တစောင်း ..... စိန်မေရီလွင်မိုး | ၂၄၉ |
| ၃၄။ | မသိသူကျော်သွား သိသူဖော်စား .......... တက္ကသိုလ်စိုးယဉ် | ၂၅၄ |
| ၃၅။ | အွန်လိုင်းပေါ်မှ ဆေးသုတ................ ဟေမန်နှင်း | ၂၅၆ |
| ၃၆။ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ... သမားတော်ကြီး ဒေါက်တာသက်ဆွေ | ၂၆၅ |
| ၃၇။ | ပြုံးရယ်ဖွယ်ဟား ဟာသများ................ စွမ်းထက်အောင် | ၂၆၉ |
| ၃၈။ | ကာတွန်းကဏ္ဍ ... မုဒ္ဒံအိန်ဂျယ်၊အီကွေတာ၊ဒဂီး(ရွှေရင်အေး)၊ကျော်ဖြိုးလွင် | ၂၇၀ |
| ၃၉။ | မိုးကြိုးရန်ကို ကာကွယ်ပေးနိုင်သည့် အစွမ်းထက် ကျောက်ဖရုံသီး ........... ဦးမင်းဇင်(ရွှေနဝင်း) | ၂၇၅ |





www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၀။ | နကျယ်အိမ်နှင့် ကျွန်ုပ်ကိုယ်တွေ့ | ဆရာကြီးဦးအောင်မြိုင် | ၂၇၉ |
| ၄၁။ | သံသရာစက်ဝန်းမှ လွတ်ကင်းလိုပြီ | အောင်ကြည်သန်း(ဖောင်တော်သီ) | ၂၈၁ |
| ၄၂။ | စွဲကပ်သလင်းကျောက် ယတြာအဆောင် | ဆရာကြီးဦးအောင်မြိုင် | ၂၈၄ |
| ၄၃။ | ဓာတ်တူ နံတူ ငွေကိုယူ | မင်းကြူနွှက | ၂၈၆ |
| ၄၄။ | ကာတွန်းကဏ္ဍ | ကျော်ဖြိုးလွင်၊မှုဒုံ့အိန်ဂျယ်၊ဒဂိုး(ရွှေရင်အေး)၊အီကွေတာ | ၂၇၄ |
| ၄၅။ | နာလန်မထူရင် မှန်လျှပါ | မင်းကြူနွှက | ၂၇၈ |
| ၄၆။ | ပရိယာယ်ကြွယ်သော အိပ်မက်ဋီကာ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၈၈ |
| ၄၇။ | အထွန်းပေါ်အထွန်းဆင့် အလွမ်းသင့်သည့်နှစ် | ဆရာသက္က | ၂၉၃ |
| ၄၈။ | အိမ်ခြံမြေ အမြန်ဆုံးရောင်းထွက်လိုလျှင် | ဆရာသုခအောင်(သန်လျင်) | ၂၉၅ |
| ၄၉။ | ဝါစတုသျှတ္တရပညာ | ဆရာဦးခန့်ကျော် | ၂၉၇ |
| ၅၀။ | ၂၀၁၇ ခုနှစ်၊ ဧပြီလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၃၀၄ |
| ၅၁။ | ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် ဧပြီလ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၃၀၇ |


○


နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ဉာဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

စရိုးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အတွင်းပလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အထွေထွေ
အောင်ဝင်းသန့်

မင်္ဂလာ
ထွန်းဦးစာပေ၊ နဂါးစာပေ

စျေးနှုန်း ၂၄၀ ကျပ်
အုပ်ရေ ၁၀၀၀


**ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက်**
**အသိပေးအကြောင်းကြားခြင်း**

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့စာမူအတွက် ဉာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com



သီဟဗလကုန်းတော်ပေါ်တွင် စံပယ်တော်မူလျက်ရှိသော


# ကျိုက်ပြာသာဒ်တာနော်စေတီတော်




မင်းဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



စိန်ဖူးတော်ဓာတ်ပုံ



ကျိုက်ပြာသာဒ်တနော်စေတီတော်၏ ထီးတော်

မွန်းကျပ်သည့် မြို့ပြပတ်ဝန်းကျင်မှ ခဏတာ ရှောင်ခွာ၍ စိမ်းစိုလန်းဆန်းသည့် သစ်ပင်ပန်းမန်တို့ဖြင့် ဝေဝေဆာဆာ သဘာဝပန်းချီကားချပ်သဖွယ် သာယောင့်သာယာ စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်သော ပတ်ဝန်းကျင်ရေမြေသဘာဝ အလှအပတို့ကိုကြည့်ရှုခံစားနိုင်မည့် မြစ်ကူးချောင်းခြားသွားရသည့် ခရီးမျိုးကို စာရေးသူ နှစ်သက်သည်။ သို့ဖြစ်၍ စာရေးသူနှင့် ဆန္ဒချင်းတူညီသော လပြည့်ဝန်းမဂ္ဂဇင်း အယ်ဒီတာချုပ် ဉာဏ်ပွင့်(စက်မှု)နှင့် တိုင်ပင်ကာ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ သွားရောက်ဖြစ်ခဲ့ကြသည်။

ထိုခရီးစဉ်နှင့် ပတ်သက်သည့် ဘုရားဖူးခရီးသွားဆောင်းပါးကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လထုတ် လပြည့်ဝန်းမဂ္ဂဇင်းများတွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။

ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဖူးခဲ့ပြီးနောက် ကျိုက်ပြာသာဒ်တနော်စေတီတော်ကိုလည်း ဝင်ရောက်ဖူးမြော်ရန် ပြန်လည်ထွက်ခွာခဲ့ကြသည်။

ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ သွားရောက်ခဲ့စဉ်ကပင် ကျိုက်ပြာသာဒ်တနော်စေတီတော် ကုန်းတော်ဘေးမှ ဖြတ်သန်းမောင်းနှင်ခဲ့ကြရာ ထိုစေတီတော်ကို ငယ်စဉ်ကလည်း ဖူးခဲ့ဖူးသည်ကို မှတ်မိနေသည်။ ထိုစဉ်က ထုံးသင်္ကန်းတော်သာ ကပ်လှူထားပြီး တစ်မူထူးခြားသည့် ပုံတော်ဖြစ်သည့် အလျောက် ဒေသခံများက သားမြတ်ပုံစေတီဟု ခေါ်ဆိုကြသည်ကိုလည်း မှတ်မိနေသည်။

စေတီတော် တည်ထားသည့် ကုန်းတော်မှာ ပေတစ်ရာခန့် မြင့်မည်ဟု ခန့်မှန်းရပြီး မြင့်မောက်သည့် ကုန်းတော်မျိုး မဟုတ်ဘဲ သာယာပြန့်ပြူးသည့် ကုန်းတော်မျိုး ဖြစ်သည်။

လက်ရှိ မြင်တွေ့နေရသည့် အနေအထားအရ စေတီတော် စံပယ်တော်မူရာ ကုန်းတော်သည် ပေါ်လွင်သည့် အနေအထားမျိုး မဟုတ်ပေ။ ပတ်ဝန်းကျင်တွင် ဘုန်းတော်ကြီးကျောင်းများ၊ နှစ်ချို့သစ်ပင်ကြီးများ၊ ဈေးဆိုင်ခန်းများ ပတ်လည်ဝိုင်းလျက်ရှိသည်။ ဘုရားကုန်းတော်ကို အမှတ်တမဲ့အားဖြင့် တွေ့မြင်ရန် မလွယ်ကူပေ။ အထူးဂရုပြုကာ ရှာဖွေမှသာ တွေ့မြင်နိုင်ပေမည်။

စေတီတော်၏ ဘုန်းတော်ရိပ်ကိုခိုလှုံကာ ကုန်းတော်ဘေးတွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသော ဈေးတန်းလေးမှာ လွန်စွာစည်ကားလျက်ရှိပြီး ဆိုင်ကယ် ကယ်ရီများကလည်း ခရီးသည်ပို့ဆောင်ရေးအတွက် အစီအရီနေရာယူထားကြသည်ကို တွေ့ရသည်။ ထိုမှတစ်ပါး ကားလမ်းမသာ ခြားလျက်ရှိသော ကျောက်တန်းမြို့ဈေးကြီးမှာ





www.burmeseclassic.com

www.burmeseclassic.com


လည်း ဈေးရောင်း ဈေးဝယ်များဖြင့် ပျားပန်းခပ်မျှ စည်ကားလျက်ရှိရာ ကျိုက်မော်ဝန်းရေလယ်စေတီတော်သို့ သွားရောက်ခဲ့စဉ်ကပင် ထိုလမ်းကို စိတ်ရှည်ရှည်ထားကာ သည်းခံစိတ်ဖြင့် ဖြတ်သန်းခဲ့ကြရသည်။

စာရေးသူ ခန့်မှန်းချက်အရ ကျိုက်မော်ဝန်းရေလယ်စေတီတော်သို့ ပို့ဆောင်သည့် သမ္ဗန်ဆိပ်နှင့် ကျိုက်ပြာသာဒ်တနော်စေတီတော်မှာ သိပ်မဝေးလှသဖြင့် လမ်းလျှောက်သွားလျှင်ပင် မကြာမီ ရောက်နိုင်မည်ဟု ထင်မိသည်။ သို့ရာတွင် ဈေးဆိုင်တန်းကြီးများက ကာဆီးထားလျက်ရှိသဖြင့် ထိုဈေးဆိုင်တန်းဆုံးသည်အထိ ကွေ့ပတ်လျှောက်ပြီးမှ စေတီကုန်းတော်ပေါ်သို့ တက်ရောက်သည့်စောင်းတန်းဝင်ပေါက်သို့ ရောက်မည်ဖြစ်ကြောင်း သိလိုက်ရသည်။

မော်တော်ယာဉ်ဖြင့် သွားမည်ဆိုလျှင်လည်း ထိုလမ်းသည် တစ်လမ်းမောင်းဖြစ်၍ နောက်ကြောင်းပြန်မောင်း၍ မရဘဲ တစ်ပတ်ပြန်ပတ်ပြီးမှ စေတီတော် စောင်းတန်းဝင်ပေါက်ရှေ့သို့ ရောက်မည်ဟုဆိုသည်။ သို့ဖြစ်၍ မော်တော်ယာဉ်ဖြင့်ပင် တစ်ပတ်ပြန်ပတ်ကာ အရောက်သွားခဲ့ကြရသည်။

စေတီတော်စောင်းတန်း ဝင်ပေါက်ရှေ့ ဆန့်ကျင်ဘက်မျက်နှာစာရှေ့တွင် စားသောက်ဆိုင်များ တန်းစီရှိနေသည်။ "အဝစား ၁၀၀၀ိ/-" ဟူသော ဆိုင်းဘုတ်များက ဆာလောင်နေသည့် ဘုရားဖူးများအား ညှို့ယူဖမ်းစားဖွယ်ရှိနေသော်လည်း ထိုဆိုင်များတွင် လူရှင်းနေသည်ကို သတိထားမိခဲ့သည်။

မတ်စောက်သည်ဟု မဆိုသာသော စောင်းတန်းအတိုင်း ခပ်မှန်မှန်



ကျိုက်မော်ဝန်းရေလယ်စေတီတော်ကို လှမ်း၍ဖူးတွေ့ရပုံ



ကျိုက်ပြာသာဒ်တနော်စေတီတော်၊ တောင်ခြေရှိ မြင်ကွင်းတစ်ကွက်

တက်ခဲ့ကြရာ စောင်းတန်းတစ်လျှောက်တွင်လည်း လူရှင်းနေပြီး ဆိတ်ငြိမ်လျက်ရှိသည်။ စောင်းတန်းထိပ် ရင်ပြင်တော်ပေါ်တွင်မူ မှန်တေတေဖြင့်ထိုင်ကာ စာရေးသူတို့အား စူးစိုက်ကြည့်နေသည့် စိတ်ရောဂါသည်ဟု ယူဆရသည့် အသက် ၄၀ ဝန်းကျင် လူလတ်ပိုင်းတစ်ယောက်ကို တွေ့လိုက်ရသဖြင့် သတိထားကာ တက်ရောက်ခဲ့ကြသည်။


ရင်ပြင်တော်ပေါ်ရှိ ဂြိုဟ်တိုင်ကို လှမ်းကြည့်လိုက်သည်တွင် ဗုဒ္ဓဟူးနံဂြိုဟ်တိုင်ဖြစ်ကြောင်း သိလိုက်ရသဖြင့် စာရေးသူတို့သည် တောင်ဘက်မုခ်ရှိ စောင်းတန်းမှ တက်ရောက်လာခဲ့ကြခြင်းဖြစ်သည်ကို သတိပြုလိုက်မိသည်။

တောင်ဘက်အာရုံခံတန်ဆောင်း အပြင်ဘက် အလှူခံဌာနတွင် ဂေါပကအဖွဲ့ဝင်များဟုယူဆရသည့် ပုဂ္ဂိုလ်အချို့ စကားထိုင်ပြောနေကြသည်ကို တွေ့ရသည်။ အာရုံခံတန်ဆောင်းအတွင်း၌လည်း လူရှင်းနေကာ ဆိတ်ငြိမ်အေးချမ်းလျက်ရှိသဖြင့် တရားဘာဝနာ ပွားများ



www.burmeseclassic.com

www.burmeseclassic.com



နို့ပုံဘုရား၊ ကမ်းနားဘုရားကြီးဟုလည်း ဒေသခံများခေါ်တွင်သည့် တစ်မူထူးခြား ကျိုက်ပြာသာဒ်တနော်ဘုရား



တောင်ဘက်မုခ်အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်



ဂေါပကအဖွဲ့ အကျိုးတော်ဆောင်များနှင့် စကားလက်ဆုံကျနေစဉ်

အားထုတ်ရန် သင့်တင့်လျောက်ပတ်သော နေရာကောင်းဖြစ်သည်ကို ခံစားမိလိုက်သည်။

သို့ဖြစ်၍ အာရုံခံတန်ဆောင်းအတွင်း၌ စံပယ်တော်မူလျက်ရှိသော မြတ်ဗုဒ္ဓ ရုပ်ပွားတော်ရှေ့မှောက်သို့ အရောက်သွား၍ ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြုကာ ရှိခိုးပူဇော် ဖူးမြော်ဖြစ်ခဲ့သည်။

ထို့နောက် အလှူခံဌာနသို့ သွားရောက်ကာ စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးတို့အတွက် အလှူငွေများ လှူဒါန်းခဲ့ပြီး စေတီတော်နှင့် ပတ်သက်သည့် သမိုင်းမှတ်တမ်းများ ရှိ မရှိမေးမြန်းခဲ့ရာ စေတီတော်သမိုင်းအကျဉ်း လက်ကမ်းစာစောင်လေးတစ်စောင် ရရှိခဲ့သည်။

ထို့ပြင် အလှူခံဌာနမှ ပုဂ္ဂိုလ်က ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးကျော်လွင်နှင့် မိတ်ဆက်ပေးသဖြင့် ဖော်ရွေသော အပြုံးပိုင်ရှင် ဦးကျော်လွင်နှင့် ပဋိသန္ထာရစကား ပြောကြားကြရင်းမှ ဘုရားဖူး ခရီးသွားဆောင်းပါး ရေးသားလိုသော စာရေးသူ၏ အာသီသကို သိသွားခဲ့ပြီး စေတီတော်သမိုင်းကို ပိုမိုသိရှိနိုင်ရန် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှဝင်းအား ဖိတ်ခေါ်သဖြင့် ဦးလှဝင်း ရောက်ရှိလာကာ ကျိုက်ပြာသာဒ်တနော်စေတီတော်ကြီး၏ သမိုင်းကို ပြောကြားခဲ့သည်။ စာရေးသူကလည်း သိလိုသည်များ မေးမြန်းခဲ့သဖြင့် စေတီတော်ကြီးနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာများ ကြားသိခဲ့ရသည်။

စာရေးသူတို့ စကားကောင်းနေကြချိန်တွင် ဉာဏ်ပွင့်(စက်မှု)မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ကင်မရာတစ်လုံးဖြင့် အလုပ်များလျက်ရှိသည်။ စာရေးသူတို့ စကားဝိုင်းကို မှတ်တမ်းတင်သွားသည်ကို သတိထားမိလိုက်သည်။ စကားဝိုင်းပြီး၍ လူစုခွဲချိန်တွင် နေ့လယ်စာစားရမည့်အချိန် ဖြစ်နေပေပြီ။ စာရေးသူတို့တွင်လည်း ရိက္ခာအပြည့်အစုံ ပါလာခဲ့သည်။

သို့ဖြစ်၍ နေ့လယ်စာကို ဤစေတီတော်ပေါ်ရှိ သင့်တော်ရာ တစ်နေရာတွင် စားသုံးလိုကြောင်း ရုံးအဖွဲ့မှူး ဦးကျော်လွင်အား ပြောကြားရာ ကိုးဆူတန်ဆောင်းအနီးရှိ သီဟဗလမဏ္ဍပ်ရုံတွင် ဝင်ရောက်စားသုံးနိုင်ကြရန် ဦးကျော်လွင်က စီစဉ်ပေးခဲ့သည်။မဏ္ဍပ်ရုံမှ တာဝန်ရှိသူများကလည်း စာရေးသူတို့အတွက် ထမင်းစား စားပွဲများ၊ ဖျာများ ခင်းကျင်းပေးကာ ကူညီခဲ့ကြသည်။

သီဟဗလမဏ္ဍပ်ရုံ အတွင်းရှိ ဘုရားကျောင်းဆောင်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသော ရုပ်ပွားဆင်းတုတော်လေးမှာ ကြည်ညိုဖွယ်ကောင်းသဖြင့် ဖူးမြော်ကြည်ညိုခဲ့ပြီး မှတ်တမ်းဓာတ်ပုံလည်း ရိုက်ဖြစ်ခဲ့သည်။

တူမဖြစ်သူ စီစဉ်ချက်ပြုတ်ပေးသည်ကို ညီမဖြစ်သူ ယူဆောင်လာသည့် ရှောက်ရွက်နှံ့သင်းသင်းလေးဖြင့် ချက်ထားသည့် ကကတစ်ငါး ရေချိုဟင်း၊ ပုစွန်တုပ်ဆီပြန်၊ အဲတို့အမြုပ်အဖြစ် တန်စွန်းရိုးနီပြုတ်ဟင်းလျာတို့မှာ စာရေးသူအကြိုက် ဟင်းများဖြစ်၍ ထိုနေ့က စားခဲ့ရသည့် နေ့လယ်စာမှာ အထူးပင်မြိန်လှသည်။ ငါးဟင်း မကြိုက်တတ်သော လပြည့်ဝန်းမဂ္ဂဇင်း အယ်ဒီတာချုပ်သည်ပင် ကကတစ်ငါး ရေချိုဟင်းနှင့် တန်စွန်းရိုးနီပြုတ်တို့ကို မြိန်ရေရှက်ရေ စားနေသည်ကို တွေ့ရသည်။



သီဟဗလမဏ္ဍပ်ရုံ ဘုရားကျောင်းဆောင်တော်အတွင်းရှိ ရုပ်ပွားတော်



နေ့လယ်စာစားကြသည့် သီဟဗလမဏ္ဍပ်ရုံ

နေ့လယ်စာ သုံးဆောင်ခဲ့ကြပြီးနောက် သီဟဗလမဏ္ဍပ်ရုံအတွင်းမှ စာရေးသူတို့ ထွက်လာသည်တွင် ရုံးအဖွဲ့မှူး ဦးကျော်လွင်နှင့် ထပ်မံတွေ့ဆုံခဲ့သည်။

စာရေးသူတို့ အဆင်ပြေမှု ရှိ၊ မရှိ လာကြည့်ခြင်း ဖြစ်ကြောင်းနှင့် ကျိုက်ပြာသာဒ်တနော် စေတီတော်ကြီးရှိ မြောက်ဘက် (သောကြာနံအရပ်) အာရုံခံတန်ဆောင်းတော် အတွင်း၌ ကိန်းဝပ် စံပယ်တော်မူလျက်ရှိသော အောင်မြေရပ်တော်မူဘုရား ရုပ်ပွားတော်မှာ အဓိဋ္ဌာန်ဆုတောင်းပြည့်သဖြင့် ဝင်ရောက်ဖူးမြော်ရန် အကြံပေးလို၍ လာခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

အဓိဋ္ဌာန် ဆုတောင်းပြည့်သည့် သာဓကတစ်ခုကို ဦးကျော်လွင် ပြောကြားခဲ့သည်ကို ပြန်လည်မျှဝေရသည် ရှိသော် -


ကျိုက်ပြာသာဒ်တနော် စေတီတော်၏ ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးကြည်ပိုင်တွင် ဆယ်တန်း





www.burmeseclassic.com

www.burmeseclassic.com



သောကြာထောင့် အထက်ပစ္စယာရင်ပြင်တော်ပေါ်တွင် ဖူးတွေ့ရသည့် စေတီတော်ငယ်



သောကြာထောင့်ရှိ အောင်မြေရုပ်တော်မှုရုပ်ပွားတော်



ကိုးဆူတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်များ

ကျောင်းသား မြေးနှစ်ယောက်ရှိသည်။ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ်တွင် ကျောက်တန်းမြို့ အ. ထ. က (၂) သော်ကကျောင်း၌ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့နှစ်ဦး စာမေးပွဲဖြေခါနီးတွင် မြောက်ဘက်အာရုံခံတန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော အောင်မြေရုပ်တော်မူဘုရားတွင် အဓိဋ္ဌာန်ပြု ဆုတောင်းကြရန် ဦးကြည်ပိုင်က ပြောကြားသဖြင့် နှစ်ဦးသား သွားရောက်ကြကာ အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ကြသည်။

မောင်ထက်မြက်ဦးက 'တပည့်တော်သည် ထူးချွန်စွာ အောင်မြင်လိုသဖြင့် အထူးကြိုးစားခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ခြောက်ဘာသာဂုဏ်ထူး ရပါစေသား' ဟု အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ရာ မောင်ရဲဇော်ဖြိုးကလည်း အားကျမခံ မောင်ထက်မြက်ဦးထက် သာလွန်ကာ အမှတ်အများဆုံး ရပါစေသားဟု ဆုတောင်းခဲ့သည်။

စာမေးပွဲအောင်စာရင်း ထွက်လာသည်တွင် မောင်ထက်မြက်ဦးသည် ခြောက်ဘာသာဂုဏ်ထူးထွက်ပြီး မောင်ရဲဇော်ဖြိုးမှာ ငါးဘာသာဂုဏ်ထူး ထွက်ခဲ့သည်။ သို့ဖြစ်၍ မောင်ထက်မြက်ဦးသာ ဆုတောင်းပြည့်ခဲ့ပြီး မောင်ရဲဇော်ဖြိုးမှာ ဆုတောင်းမပြည့်တော့သည့်သဘော သက်ရောက်နေသည်။ သို့ရာတွင် အမှတ်စာရင်း တောင်းကြည့်သည်တွင်မူ ခြောက်ဘာသာဂုဏ်ထူးထွက်သော မောင်ထက်မြက်ဦးက စုစုပေါင်းရမှတ် ၅၂၆ မှတ် ရခဲ့ပြီး ငါးဘာသာ





www.burmeseclassic.com

www.burmeseclassic.com


ဂုဏ်ထူးထွက်သည့် မောင်ရဲဇော်ဖြိုးမှာ စုစုပေါင်းရမှတ် ၅၂၈ မှတ် ရသည်ကို တွေ့လိုက်ရသည်။ သို့ဖြစ်၍ မောင်ရဲဇော်ဖြိုးသည်လည်း ဆုတောင်းပြည့်ခဲ့သည်ကို အံ့ဩဖွယ် တွေ့လိုက်ရသည်ဟုဆိုသည်။

ဦးကျော်လွင် ညွှန်ပြသည့် အာရုံခံတန်ဆောင်းမှာ စာရေးသူတို့ ရောက်ရှိနေသည့် သီဟဗလဓမ္မာရုံရှေ့မှ လှမ်းကြည့်လျှင် ရှေ့တည့်တည့်တွင် မြင်နေရသည်။ သို့ရာတွင် သီဟဗလဓမ္မာရုံ အနီးတွင်ရှိနေသော အနောက်ဘက် အာရုံခံတန်ဆောင်း အတွင်းသို့လည်း ဝင်ရောက်ခဲ့ရသေးသဖြင့် ဦးစွာပထမ ထိုတန်ဆောင်းအတွင်းသို့ ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

ထိုတန်ဆောင်းအတွင်း၌ ရုပ်တော်မူ ရုပ်ပွားတော်ကြီး နှစ်ဆူနှင့် ထိုင်တော်မူ ရုပ်ပွားတော်ကြီး ခုနစ်ဆူ စံပယ်တော်မူသဖြင့် ကိုးဆူဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းဟုခေါ်ကြောင်း သိရသည်။ သို့ရာတွင် ယခုအခါ တန်ဆောင်းအတွင်း၌ ရုပ်ပွားတော်ငယ်ကလေးများလည်း အများအပြားပင် ဖူးတွေ့ရသည်။

ထို့နောက် ဦးကျော်လွင် ညွှန်ပြသည့် မြောက်ဘက်အာရုံခံတန်ဆောင်း အတွင်းသို့ သွားရောက်ခဲ့ကြရာ ကြာသင်္ချိုင်းတော် ကပ်လှူပူဇော်ထားသည့် အောင်မြေရပ်တော်မူရုပ်ပွားတော်ကို မှန်ကျောင်းဆောင်အတွင်း၌ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော်အား ဖူးမြော်ပြီးနောက် ဦးကျော်လွင် ပြောပြခဲ့သည့် ဆယ်တန်းကျောင်းသားကလေး နှစ်ယောက်အကြောင်း ပြန်လည်သတိရမိခဲ့သည်။ ယဉ်ကျေးလိမ္မာသည့်အလျောက် လူကြီး မိဘတို့၏ အဆုံးအမကို လိုက်နာကာ ရတနာမြတ်သုံးပါးအား ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ကာ လုံ့လဝီရိယ စိုက်ထုတ်ကြိုးပမ်းမှုအရ အဓိဋ္ဌာန် ဆုတောင်းပြည့်ခဲ့ကြသော မောင်ထက်မြက်ဦးနှင့် မောင်ရဲဇော်ဖြိုးတို့အတွက် ဝမ်းမြောက်ဂုဏ်ယူမိခဲ့သည်။ ယင်းတို့ကဲ့သို့သော အနာဂတ်၏ သားကောင်းရတနာလေးများ ပေါ်ထွန်းလာစေကြောင်းလည်း ဆုမွန်ကောင်း တောင်းခဲ့မိသည်။

ထို့နောက် မဟာသကျအတုလမာရ်အောင် လျောင်းတော်မူရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရာ အာရုံခံတန်ဆောင်း အတွင်းသို့ ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။ လက်ယာနံတောင်းသို့စောင်းတော်မူကာ မနိတော်ကို လက်ယာလက်တော်ဖြင့် ထောက်လျက်စံပယ်တော်မူနေပုံကို အချိုးအစား ပြေပြစ်ကျနစွာ ထုဆစ်ပူဇော်ထားသည့် လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ခဲ့ရသည်။




မဟာသကျအတုလမာရ်အောင် လျောင်းတော်မူရုပ်ပွားတော်ကြီး

အရှေ့ဘက်အာရုံခံတန်ဆောင်း အနီးရှိ တနင်္လာဂြိုဟ်တိုင် တံခွန်တိုင်ကြီး တစ်ခုကိုလည်း တွေ့ရသည်။ ထိုတံခွန်တိုင်၏ အောက်ခြေအုတ်ခုံပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်
အာရုံခံ
တန်ဆောင်း
အနီးရှိ
တံခွန်တိုင်ကြီး

လက်အုပ်ချီမိုးထားသည့် နတ်မင်းကြီး လေးပါး ရုပ်တုများ တွေ့ရပြီး မုလေးပွားကြီးများ ချထားသည့် တံခွန်တိုင်ထိပ်တွင် ကျိုက်ပြာသာဒ်တနော်စေတီတော် ပုံတော် ပုံစံငယ် အထွတ်တင်ထားသည်ကို ဖူးတွေ့ရသည်။

ထိုတံခွန်တိုင်နှင့် မလှမ်းမကမ်းတွင် အရိပ်အာဝါသ ကောင်းမွန်လှသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ထိုညောင်ပင်ကြီး၏ အောက်ခြေပတ်လည်တွင် ရှစ်မြောင့်ပုံအုတ်ခုံပတ်လည် ဝိုင်းပတ်ထားပြီး ထိုအုတ်ခုံပေါ်တွင် ထီးတော်များမိုးထားသည့် ဆင်းတုတော်ကလေးများ ပူဇော်ထားသည်ကို တွေ့ရသည်။

ထိုညောင်ပင်ကြီး၏ အရိပ်အာဝါသအောက်တွင် ထီးဖြူမိုးကာ ပူဇော်ထားသည့် ဓမ္မစက္ကမုဒြာ ရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော် စံပယ်တော်မူသည့် ပလ္လင်တော်ပတ်လည်တွင် မိဂဒါဝုဏ်တော သရုပ်ဖော်ပန်းချီပုံများကိုလည်း တွေ့ရသည်။ ထိုရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီးနောက် စာရေးသူတို့ ပြန်လည်ထွက်ခွာခဲ့ကြစဉ် ဘုရားအဖွဲ့မှူး ဦးကျော်လွင်နှင့် အခြားပုဂ္ဂိုလ်သုံးဦးတို့ စကားပြောရင်း ညောင်ပင်ကြီးဘက်သို့ လျှောက်လာကြသည်ကို တွေ့လိုက်ရသည်။

ဤသို့ဖြင့် ဦးကျော်လွင်နှင့် စာရေးသူတို့ ဆုံမိခဲ့ကြရာ ညောင်ပင်ကြီး၏ အရိပ်အာဝါသအောက်တွင် နားခိုရသဖြင့် အမောပြေကာ လန်းဆန်းလာကြောင်း၊ စေတီတော်အား ဖူးမြော်ရသဖြင့် ဝမ်းမြောက်ကြည်နူးပြီး နှလုံးစိတ်ဝမ်း ချမ်းမြေ့ပါကြောင်းနှင့် ဦးကျော်လွင် အပါအဝင် ဂေါပကအဖွဲ့၏ ကူညီပေးမှုများအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ထိုအခါ ဦးကျော်လွင်က ထိုညောင်ပင်ကြီးနှင့်ပတ်သက်၍ ရှင်းပြစရာရှိကြောင်း ပြောကြားပြီး စာရေးသူတို့အား ညောင်ပင်ကြီးအနီးသို့ပြန်လည် ခေါ်ဆောင်ခဲ့သည်။

ထို့နောက် ညောင်ပင်ကြီး၏ ပင်စည်တွင် ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကလေးကို ဓာတ်ရှုကြည့်ရန် ညွှန်ပြခဲ့သည်။ အစိမ်းရောင်အောက်ခံတွင် အဖြူရောင်စာလုံးများဖြင့် ရေးမှတ်ထားသည့် မှတ်တမ်းတွင် ဖော်ပြထားသည်မှာ "အောင်စည်အောင်ကြောင်း မင်္ဂလာအပေါင်း စိုက်ပျိုးကိုးကွယ် တည်ထားတယ်" ဟူ၍ဖြစ်သည်။

ဤဆိုင်းဘုတ်ကလေးကို ၂၀၀၂ ခုနှစ်တွင် တွေ့ရှိခဲ့စဉ်က ဟောင်းနွမ်းပျက်စီးနေသည်ကို တွေ့ခဲ့သဖြင့် ထိုဆိုင်းဘုတ်ကလေးနှင့်ပတ်သက်၍ လေ့လာစူးစမ်းခဲ့ရာ အောင်၊ စည်၊ အောင်၊ ကြောင်းတို့ကို ဗေဒင်နည်းအရ နေ့နံသင့် ဂဏန်းဖြင့် ကောက်ယူရာတွင် ၁၃၁၂ ကို ရကြောင်းနှင့် ယခင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုက ထိုဗောဓိညောင်ပင်ကြီးကို စိုက်ပျိုးလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း။

သက်တမ်းနှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်သော ဤညောင်ပင်ကြီးသည် ဘုရားဖူးများအတွက် အေးမြသည့် အရိပ်အာဝါသဖြင့် လွှမ်းခြုံအုပ်မိုးပေးနေဆဲဖြစ်ရာ ထိုညောင်ပင်ကြီး၏ အရိပ်အာဝါသအောက်တွင် ဘုရားဖူးများ စိတ်အေးချမ်းသာစွာ နားခိုရင်း စေတီ



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးအား ဖူးမြော်နိုင်ကြစေရန် ဂေါပကအဖွဲ့ကလည်း စီစဉ်ပေးခဲ့ပါကြောင်း ပြောကြားပြီး သူနှင့်အတူ ပါလာသည့် ကိုလှိုင်ဝင်း၊ ကိုရဲဝင်းနှင့် ကိုကျော်ငြိမ်းတို့ကိုလည်း မိတ်ဆက်ပေးခဲ့သည်။ ထိုပုဂ္ဂိုလ်များသည် ဖြူစင်မေတ္တာဗုဒ္ဓဝေယျာဝစ္စအဖွဲ့မှအကျိုးတော်ဆောင်များ ဖြစ်ကြပြီး စေတီတော် ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေးအတွက် အစီအစဉ်တစ်ရပ်အား ပါဝင်ဆောင်ရွက်ရှိကြောင်း၊ ယခင်က စေတီတော်အထက်ပစ္စယာ ရင်ပြင်တော်ပေါ်သို့ လှေကားမရှိသဖြင့် တက်ရောက်ရန် အခက်အခဲရှိခဲ့ကြောင်း၊ ယခုအခါ စတီးလက်ရန်းပါလှေကားများ တပ်ဆင်ထားပြီးဖြစ်၍ အထက်ပစ္စယာ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း ပြောကြားကာ တက်ရောက်ဖူးမြော်ရန် ဖိတ်ခေါ်သဖြင့် ဖြူစင်မေတ္တာအဖွဲ့မှ ကိုကျော်ငြိမ်းနှင့်အတူ အထက်ပစ္စယာ ရင်ပြင်တော်ပေါ်သို့တက်ရောက်ဖူးမြော်ခဲ့သည်။

ရွှေတောင်ကြီးဗမာ တင့်တယ်အမှာယ်စွာ စံပယ်တော်မူလျက်ရှိသော ကျိုက်ပြာသာဒ်တနော် စေတီတော်ကြီး တည်ထားရာ အထက်ပစ္စယာရင်ပြင်တော်သည် မညီညာသော အင်္ဂတေကြမ်းပြင်များအဖြစ် ယိုယွင်းပျက်စီးစပြုနေပြီကို မြင်တွေ့ခဲ့ရသည်။

အထက်ပစ္စယာ ရင်ပြင်တော်သည် စေတီတော်ကြီး အဓွန့်ရှည်စွာ တည်တံ့နိုင်ရေးအတွက် အရေးပါသည့် အနေအထားတွင်ရှိသဖြင့် ကောင်းစွာ ပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိပေသည်။ ထိုကဲ့သို့ ပြုပြင်ပြီးနောက် အလှဆင်ဆောက်ပြားများ၊ နေပူခံကျောက်ပြားများခင်းကာ နေရာထိုင်းခင်းများ စီစဉ်



ညောင်ပင်ကြီးအောက်တွင် စံပယ်တော်မူလျက်ရှိသော ဓမ္မစက္ကမုဒြာရုပ်ပွားတော်

ပေးနိုင်ပါက ဆိတ်ငြိမ်အေးချမ်းမှုဖြင့် တန်ဆာဆင်လျက်ရှိသော အထက်ပစ္စယာပေါ်တွင် သမထ ဝိပဿနာဘာဝနာတရားများ အားထုတ်လိုသူများအတွက် ကြီးစွာသော အထောက်အပံ့ ရနိုင်ပေသည်။ ထိုသို့ စီစဉ်ဆောင်ရွက်နိုင်ရန် လှူဒါန်းကြသည့် ကုသိုလ်ရှင်များအတွက်လည်း လောကုတ် [illegible]ကီ နှစ်လီသော အကျိုးစီးပွားများ ဖြစ်ထွန်းနိုင်မည့် အခွင့်အလမ်းပင်။

ကိုကျော်ငြိမ်းကလည်း စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးနှင့် ပတ်သက်၍ ဖြူစင်မေတ္တာ ဗုဒ္ဓဝေယျာဝစ္စ အဖွဲ့အနေနှင့် တတ်စွမ်းသမျှ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကုသိုလ်ပါဝင်သည့် အလှူရှင်များ၏ ထောက်ပံ့မှုလည်း လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့လေသည်။

အထက်ပစ္စယာ ရင်ပြင်တော်ပေါ်မှ ဆင်းလာခဲ့ကြပြီးနောက် ဦးကျော်လွင်နှင့် တွေ့ရာတွင် ၁၄-၁၁-၂၀၁၆ ရက် တနင်္လာနေ့က ကျင်းပခဲ့သည့် ကျိုက်ပြာသာဒ်တနော်စေတီတော်ကြီး ဆီမီးကိုးထောင် ပူဇော်ပွဲတော် ကျင်းပခဲ့သော မှတ်တမ်းဗီဒီယို အခွေတစ်ခွေကို စာရေးသူအား ပေးအပ်ခဲ့ပြီး စေတီတော်ကြီးနှင့် ပတ်သက်သည့် ထူးခြားချက်အချို့ကိုလည်း ထပ်မံပြောကြားခဲ့သည်။

ကျိုက်ပြာသာဒ်တနော်စေတီတော်ကြီးအား ဖူးမြော်ခဲ့ကြပြီးနောက် ကျိုက်ပြာသာဒ်တနွံစေတီတော်နှင့် မြတ်စောညီနောင်စေတီတော်တို့ကိုလည်း ဝင်ရောက်ဖူးမြော်ခဲ့ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးအောက်တွင် စံပယ်တော်မူလျက်ရှိသော ဓမ္မစက္ကမုဒြာရုပ်ပွားတော်



ညောင်ပင်ကြီးစိုက်ပျိုးခဲ့သည့် ခုနှစ်ကို ဖော်ပြထားသည့် ဆိုင်းဘုတ်

အိမ်ပြန်ရောက်ပြီးနောက် ညပိုင်းတွင် အနားယူရင်း ဦးကျော်လွင်ပေးလိုက်သည့် မှတ်တမ်းဗီဒီယိုအခွေကို ဖွင့်ကြည့်မိသည်။ ဆွဲဆောင်မှု အားကောင်းလှသော အဖွင့်ဓမ္မပူဇာတွေးကို စီးမျောခံစားရင်း ကျိုက်ပြာသာဒ်တနော် စေတီတော်၏ စိတ်ဝင်စားဖွယ်ရာ သမိုင်းကြောင်းနောက်သို့ စာရေးသူ၏ အတွေးခြေလှမ်းများကကောက်ကောက်ပါအောင် လိုက်ဖြစ်ခဲ့သည်။

နားဝင်ပီယံဖြစ်ခဲ့ရသည့် ထိုဓမ္မတေးပါ စေတီတော်သမိုင်းအရ လည်းကောင်း၊ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှဝင်းနှင့် ရုံးအဖွဲ့မှူး ဦးကျော်လွင်တို့၏ ပြောကြားချက်များအရ လည်းကောင်း၊ စာရေးသူ ဖတ်ရှုလေ့လာမှတ်သားထားသည့် ဆရာကြီးပြည်တော်သာ ဦးထွန်းရီ၏ ရန်ကုန်မြို့အနီး နှစ်ပေါင်း ၂၆၀၀ ကျော်က ပျောက်ဆုံးနေခဲ့သော ပါဒနိုင်ငံတော် ရာဇဝင်နှင့်ရုပ်ပွားစေတီတော်များ သမိုင်းစာအုပ်ပါ ဖော်ပြချက်များအရ လည်းကောင်း ဆက်စပ်ပေါင်းစည်းမိသမျှတို့ကို ပြန်လည်မျှဝေရသည်ရှိသော် -

မြန်မာနိုင်ငံတော်သည် မြတ်ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားရာနိုင်ငံတော်ဖြစ်သည့်အလျောက် နိုင်ငံတော် တစ်နံတစ်လျားတွင် ဘုရားစေတီများ အမြောက်အမြား တည်ထားကိုးကွယ်ခဲ့ကြသည်။

"လှည်းဝင်ရိုးသံ တည်ည် ပုဂံဘုရားပေါင်း" ဟု အဆိုရှိခဲ့သော အရိမဒ္ဒနပူရ ခေါ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားပုထိုး ဂူကျောင်းများ စည်ပင်ထွန်းကားပြန့်ပွားခဲ့သည့်အလျောက် ပုဂံသည် ယနေ့တိုင်မြတ်ဗုဒ္ဓသာသနာတော် ထွန်းကားရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် အမျိုးဂုဏ် ဇာတိဂုဏ်ကို ဖော်ညွှန်းရာဒေသတစ်ခု ဖြစ်နေပေသည်။

ထိုနည်းတူပင် "အထက်မှာ အရိမဒ္ဒန အောက်မှာ သီဟနန္ဒ" ဟူသော အဆိုအရ အောက်မြန်မာနိုင်ငံရှိ သီဟနန္ဒ ခေါ် ပါဒမြို့သည်လည်း ပုဂံမြို့တော်ကဲ့သို့ပင် စေတီပုထိုး ပေါများပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်ထွန်းကားရာ အရပ်ဒေသဖြစ်ခဲ့သည်။

သီဟနန္ဒ ခေါ် ပါဒမြို့ကို စတင်တည်ထောင်သူမှာ တိဿဘောဂသေနမင်းဖြစ်သည်။ သထုံဘုရင်တိဿဓမ္မသီဟရာဇာ၏ နန်းစံသက် လေးနှစ်ရောက်သည်တွင် သားတော်ကြီးများဖြစ်သော တိဿဘောဂသေန၊ တိဿနရသီဟနှင့် သမီးတော် နန်းစောတို့အား သထုံပြည် အနောက်မြောက်ဘက်အရပ်ရှိ လူသူတို့ကို စုရုံး၍ တိုင်းပြည်သစ် ထူထောင်ကြရန် နောက်ပါလူ ၃၁၀၀၀(သုံးသောင်း)နှင့်အတူ စေလွှတ်တော်မူခဲ့သည်။

သို့ဖြစ်၍ သားတော် သမီးတော်များ နယ်ပယ်သစ်ရှာဖွေရန် ထွက်ခွာလာခဲ့ကြရာတွင် အတွေးအခေါ် ဉာဏ်ပညာ ဗဟုသုတ ပြည့်စုံကာ အတွေ့အကြုံရင့်ကျက်သည့် ကပိစိန္တာ အမတ်ကြီးကိုပါ ခေါ်ဆောင်ခဲ့ကြသည်။

ဤသို့ဖြင့် တောတောင်အနှံ့ ခြေဆန့်ကာ နယ်မြေသစ် ရှာဖွေခဲ့ကြရာ တိုင်းပြည်မြို့ရွာ တည်ထောင်နိုင်သည့် ရေမြေတောတောင် အနေအထား



www.burmeseclassic.com

www.burmeseclassic.com

သဘာဝ သယံဇာတကြွယ်ဝမှု အင်္ဂါရပ်များနှင့် ပြည့်စုံသော နေရာသစ်တစ်ခုကို တွေ့ရှိခဲ့ကြပြီး ထိုနေရာတစ်ဝိုက်တွင် နန်းမြို့တည်ဆောက်ရန် နေရာကို ရွေးချယ်ရှာဖွေကြရာမှ ကရဏ္ဍကရသေ့ကြီးနှင့်တကွ ရသေ့အပေါင်းတို့ သီတင်းသုံးရာ ကျောင်းသင်္ခမ်းသို့ ရောက်ခဲ့ကြသည်။

ရှင်ရသေ့အား ဖူးတွေ့ပြီးနောက် ရသေ့ကြီးက မင်းသားညီနောင်တို့အား မေးမြန်းစူးစမ်းသဖြင့် ယင်းတို့ လာရောက်ခဲ့ရသည့် ဖြစ်ကြောင်းကုန်စင်ကို ပြောကြားခဲ့ရာ ရသေ့ကြီးက ဤနယ်မြေဒေသကို သီဟဒီပကျွန်းဟုခေါ်ကြောင်း၊ သားရဲတို့ မြူးထူးကျက်စားရာမြေဟု အဓိပ္ပာယ်ရကြောင်း၊ တောတောင်မြစ်ချောင်းများနှင့်တကွ မြေပေါ် မြေအောက် သယံဇာတ ပေါများကြွယ်ဝသည့် ရတနာမြေဖြစ်ကာ မြေကြန်အင်လက္ခဏာ အနေအထားအရ လွန်စွာ တင့်တယ်ကြောင်း၊ သို့ဖြစ်၍ ဤနေရာသည် တိုင်းပြည်သစ်ထူထောင်လိုသော မင်းသားတို့အတွက် ထီးနန်းဥကင် ဆင်ယင်စိုက်ထူကြရန် ဘူမိနက်သန်နေရာ မှန်ပင်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

သို့ဖြစ်၍ မင်းသားတို့ ထိုနေရာတွင် ထီးနန်းဥကင်အသစ် ဆင်ယင်စိုက်ထူခဲ့ကြလေသည်။ ထိုနေရာကို ယနေ့ခေတ် အနေအထားအရ ခန့်မှန်းတွက်ချက်ကြည့်ရာတွင် လွှတ်တော်ကုန်း၊ သိမ်ကုန်း၊ ဇေနေယျသုခကျောင်းကုန်း ဟူ၍ သုံးမည်ရသည့်နေရာ ဖြစ်နိုင်သည်ဟု သုတေသီများ ခန့်မှန်းကြကြောင်း သိရသည်။

ပါဒမင်းနေပြည်တော်ကြီးတွင် အတွင်းမြို့ပေါင်း ၃၈ မြို့၊ အပြင်မြို့ ၇၅ မြို့၊ နယ်ကြီး ၄ နယ်၊ ရွှေကြိုးသတ် နယ်နိမိတ်သတ်မှတ်ထားသော ဒေသကြီးကို လွှမ်းမိုးစိုးစံတော်မူခဲ့သည်။ မွန်၊ ကရိ၊ ခနု၊ နိကရိတို့ စသည့် တိုင်းရင်းသားများ ပေါင်းစုထားသည့် လူဦးရေ ၃၂၆၀၉၀ (သုံးသိန်းနှစ်သောင်းခြောက်ထောင်ကိုးဆယ်) နေထိုင်ခဲ့ကြသည်ဟု မှတ်တမ်းမှတ်ရာရှိကြောင်း သိရသည်။

ရွှေဦးမြို့တော် မထမတည်ထားသော နေပြည်တော်ဟု အဓိပ္ပာယ်ရသည့် ပါဒမင်းနေပြည်တော်တွင် ဘောဂသေနမင်းကြီးမှ နရိန္ဒမင်းအထိ မင်းဆက်ပေါင်း ၃၄ ဆက် စိုးစံခဲ့သည်။

ထိုမင်းဆက် ၃၄ ဆက်အနက်မှ ခုနစ်ဆက်မြောက်မင်းမှာ သုခမုခ နန်းစောရှင်၏ သားတော် ဇယသေနမင်း ဖြစ်သည်။ ဇယသေနမင်းတွင် ရှင်မိတနော်၊ ရှင်မိတန္တနှင့် နှင်းကေသရာ ဟူသော မိဖုရားခေါင်ကြီး သုံးပါးရှိသည်။

ရှင်မိတနော်နှင့် ရှင်မိတန္တတို့သည် ကရင်တိုင်းရင်းသား တောင်သူကြီး ဘိုးကလိုင်စာနှင့် မိနံကလိုင်တို့မှ မွေးဖွားသည့် အမြွာညီအစ်မဖြစ်သည်။ နှင်းကေသရာ၏ ဖခင်မှာ ဂွမ်းမြို့ (ယခု ကျောက်တန်းမြို့) မြို့ဝန်၏သမီး ဖြစ်သည်။

ပါဒနိုင်ငံတော်ကို စတင်တည်ထောင်တော်မူခဲ့သော တိသ[illegible]ဘောဂသေနမင်းကြီးသည် ညီတော်[illegible]ရသေနကို ထီးနန်းလွှဲပြောင်းပေးခဲ့ပြီး ရသေ့ဝတ်ကာ ဆွယ်ဝန်းကုန်းတောတန်းတွင် တရားဘာဝနာ ပွားများအားထုတ်တော်မူနေခဲ့သည်။

ရသေ့ကြီး၏ ဘွဲ့မည်တော်မှာလည်း တိဿရသေ့ဟုပင် ခေါ်တွင်ပြီး တပည့်ကြီး ၇၁ ပါးနှင့် တပည့်ငယ် အပါး ၁၀၀၀ ရှိသည်။ ထိုကဲ့သို့ ရသေ့ကြီးနှင့် တပည့်များ ဆွယ်ဝန်းတောတန်း၌ တရားဘာဝနာ ပွားများအားထုတ်နေချိန်တွင် မြတ်စွာဘုရားရှင်သည် သုဝဏ္ဏဘူမိတိုင်း၊ သုဓမ္မပူရ သဓုံ(သထုံ) မြည်ကြီးသို့ ရဟန္တာပေါင်း နှစ်သောင်း ခြံရံကာ ကြွရောက်တော်မူလာခဲ့သည်။

ထိုသတင်းထူးကို တိဿရသေ့ကြီးနှင့် တပည့်ကြီးများ ကြားသိကြသဖြင့် မြတ်စွာဘုရားရှင်အား ဖူးမြော်ရန် သထုံပြည်သို့ သွားရောက်ခဲ့ကြသည်။

သထုံပြည်တွင် ဘုရားရှင်အား ဖူးမြော်ပြီးနောက် နောင်အရှည်သဖြင့် ကိုးကွယ်ဖူးမြော်နိုင်ရန် ကိုယ်စားတော်အဖြစ် တစ်စုံတစ်ရာ ချီးမြှင့်တော်မူပါရန် လျှောက်ထားတောင်းပန်သဖြင့် ရသေ့ကြီးသည် ဘုရားချီးမြှင့်တော်မူသည့် ဆံတော်ဓာတ်မြတ်တစ်ဆူ ပူဇော်ခွင့်ရခဲ့သည်။

တပည့်ကြီး ၇၁ ပါးတို့ကိုးကွယ်ပူဇော်ရန်အတွက်လည်း ပေးသနားတော်မူပါရန် ဘုရားရှင်အား တိဿရသေ့ကြီး ထပ်မံလျှောက်ထားတောင်းပန်သဖြင့် ဘုရားရှင်ကိုယ်တော်တိုင် အဓိဋ္ဌာန်ပြုတော်မူချက်အရ ပွားလာသည့် ဆံတော်ဓာတ်မြတ် ၇၁ ဆူကိုလည်း တပည့်ကြီးများအတွက် ရရှိခဲ့သည်။

ပါဒမင်းဆက် ခုနစ်ဆက်မြောက် ဇယသေနမင်းလက်ထက်တွင် ပါဒနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်သော လက်နက်နိုင်ငံတော်ကြီးဖြစ်နေသဖြင့် အိမ်နီးချင်းနိုင်ငံများ၏ လေးစားခြင်းခံနေရသော အခါသမယဖြစ်နေသည်။

သို့ဖြစ်၍ ဇယသေနမင်း နန်းတက်ပြီးနောက် လေးလကြာသည်တွင် ယိုးဒယားပြည် ဆွက်ခနုတ်ဘုရင် ဖြော့



www.burmeseclassic.com

www.burmeseclassic.com

နရေဆုအင်သည် သမီးတော်ဆွဏ္ဏဒေဝီ (သုဝဏ္ဏဒေဝီ)ကို ကျောက်သံပတ္တမြား အပြည့်တင်ထားသော သင်္ဘောခုနစ်စီး နှင့်အတူ ဆက်သလာခဲ့သည်။

ထိုအခါ ဇယသေနမင်းသည် ယိုးဒယားဘုရင် သမီးတော်အား သုဝဏ္ဏမဟာရာဇာဒေဝီ အမည်ဖြင့် မိဖုရားကြီးအရာ အပ်နှင်းတင်မြှောက်ခဲ့လေသည်။ ဤတွင် မူလက မိဖုရားကြီး များဖြစ်ကြသည့် ရှင်မိတနော်နှင့် ရှင်မိ တန့်တို့သည် လွန်စွာဝမ်းနည်းကြေကွဲ ခြင်း ဖြစ်ခဲ့ကြလေသည်။

သို့ဖြစ်၍ မိဖုရား ရှင်မိတနော် သည် နောင်ဘဝဆက်တိုင်း ဤအဖြစ် မျိုးနှင့်မကြုံကြရပါလိုကြောင်းဆုတောင်း ကာ သာသနာတော်နှစ် ၇၉ နှစ်တွင် ဉာဏ်တော် ၁၅ တောင် မြင့်သည့် ပြာသာဒ်ပုံစေတီတော်တစ်ဆူကို မိမိ အမည်ပါ ရော၍ "ကျိုက်ပြာသာဒ် တနော်" စေတီတော်ဟု ဘွဲ့တော်ပေး တည်ထားခဲ့သည်ဟု ဂေါပကအဖွဲ့မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

ဆီမီး ၉၀၀၀ ပူဇော်ပွဲ အခမ်း အနား ဗီဒီယိုမှတ်တမ်းခွေပါ ဓမ္မပူဇာ တေးတွင်မူ ရှင်မိတနော်နှင့် ရှင်မိတန့် တို့သည် တိဿရသေ့ကြီး ရခဲ့သည့် ဆံတော်များအနက်မှ ဆံတော်ဓာတ် မြတ်တစ်ဆူစီ ပူဇော်ခွင့် ရရှိခဲ့သဖြင့် ရှင်မိတနော်က ကျိုက်ပြာသာဒ်တနော် စေတီတော်တွင် ဌာပနာခဲ့ပြီး ရှင်မိတန့် ကလည်း ကျိုက်ပြာသာဒ်တန့်စေတီ တော်တွင် ဌာပနာကာ အသီးသီးတည် ထားခဲ့ကြောင်း သီဆိုပူဇော်ထားသည် ကို မှတ်သားမိလိုက်သည်။

ပြည်တော်သာဦးထွန်းရီ ရေး သားသည့် ရန်ကုန်မြို့အနီး နှစ်ပေါင်း ၂၆၀၀ ကျော်က ပျောက်ဆုံးနေခဲ့သော ပါဒနိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွားစေတီ တော်များသမိုင်း စာအုပ် စာမျက်နှာ ၆၈ ကျိုက်ပြာသာဒ်တနော် စေတီတော် တည်ထားခြင်း ခေါင်းစဉ်အောက်တွင်-

"ကရင်အမျိုးသမီး မိဖုရားနှစ်ပါး လည်း တိုင်းခြားသူကို မိဖုရားမြှောက် သဖြင့် ဝမ်းနည်းကာ (ဖြစ်လေရာဘဝ ဆက်တိုင်း မယားငယ် မဖြစ်ရလို့)ဟု မိမိအမည်ပါ ရော၍ ပြာသာဒ်ပုံစေတီ တော်တစ်ဆူ ဉာဏ်တော် ၁၅ တောင် အမြင့် တည်ထားလေသည်။ ဆံတော် ဓာတ် တစ်ဆူကိုလည်း ပတ္တမြားကြုတ် တွင် ထည့်၍ ဂဝံကျောက်ကို မိမိရုပ်လုံး ပုံထုကာ မြကြုတ်ကိုရွက်၍ ဌာပနာလေ သည်။ စေတီတော်ကိုလည်း (ကျိုက် ပြာသာဒ်တနော်)ဟု ကမ္ပည်းထိုးနှံလေ သည်။ ဘုရားတည်သော သက္ကရာဇ်မှာ သာသနာတော်သက္ကရာဇ် ၇၉ ခု ဖြစ် လေသည်" ဟု ဖော်ပြထား၏။

ထို့နောက် ခေတ်အဆက်ဆက် တွင် ထပ်မံပြုပြင်မွမ်းမံ လှူဒါန်းခဲ့ကြ သဖြင့် ပစ္စယံအဝန်း (၄၂၀ ပေ ၁၀ လက်မ)နှင့် ဉာဏ်တော်အမြင့် ၈၆ ပေ ရှိ ယခုစေတီတော်မြတ်ကြီးကို ကြည် ညိုသပ္ပာယ်စွာ ဖူးမြော်နေရပါသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် စေတီတော် မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နား တော်နှင့် ရွှေထီးတော်တို့မှာ ပျက်စီးခဲ့ရ သည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ ဖူးတွေ့ ခဲ့ကြရပါသည်။

ယင်းသို့ ပျက်စီးယိုယွင်းခဲ့သည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေ ထီးတော်တို့အား ပို့ဆောင်ရေးဝန်ကြီး ဌာနနှင့် စေတနာရှင်ပြည်သူများမှ သဒ္ဓါ တရား ထက်သန်စွာ ပြန်လည်ပြုပြင် လှူဒါန်းမှုဖြင့် ၁၃၇၀ ပြည့်နှစ် နတ် တော်လပြည့် ၁၂-၁၂-၂၀၀၈ (သော ကြာနေ့)တွင် စေတီတော် အထွတ်သို့ တင်လှူပူဇော်နိုင်ခဲ့ပါသည်" ဟုလည်း ဂေါပကအဖွဲ့၏ လက်ကမ်းစာစောင် တွင် ဖော်ပြထားသည်။

ဂေါပကအဖွဲ့ဝင်များ၏ ပြော ကြားချက်အရ ယခုနောက်ပိုင်းတွင် ဖြူစင်မေတ္တာ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့မှ စေတီတော်ကြီး၏ ဝေယျာဝစ္စများ ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်နေ သဖြင့် အထောက်အကူ ရရှိခဲ့ကြောင်း နှင့်ပျက်စီးယိုယွင်းလျက်ရှိသော အထက် ပစ္စယာရင်ပြင်တော်အား ပြုပြင်မွမ်းမံ နိုင်ရေးအတွက် ကုသိုလ်ရှင်များ လိုအပ် လျက်ရှိသည်ကို သိရှိခဲ့ရသည်။

ထို့ပြင် စေတီတော်ကြီး တည် ထားသည့် သီဟဗလကုန်းတော်ပတ် လည်တွင် အကွယ်အကာအတားအဆီး များ ရှိနေသဖြင့် ဘုရားဖူးများ ကပ်ကပ် ပြီး ကျော်သွားသည့် ကပ်ကျော်စေတီ ဖြစ်နေသည့်အဖြစ်မှ ကင်းလွတ်နိုင်ရန် အတွက်လည်း ဂေါပကအဖွဲ့က ကြိုး ပမ်းဆောင်ရွက်လျက်ရှိရာ ကျောက် တန်းမြို့၏ ကျက်သရေဆောင်စေတီ တော် တစ်ဆူဖြစ်သော ကျိုက်ပြာသာဒ် တနော် စေတီတော်ရင်ပြင်တော်ပေါ် သို့ ပြည်တွင်း ပြည်ပမှ ဘုရားဖူးများ အလွယ်တကူ တက်ရောက်ဖူးမြော်ကာ ကုသိုလ်ယူနိုင်ကြရန်အတွက် ဝိုင်းဝန်း ကူညီ ပံ့ပိုးနိုင်ကြစေခြင်း အလို့ငှာ သတင်းစကားပါး ရေးသားတင်ပြလိုက် ရပါသည်။

**မင်းဂုဏ်**

❑





www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

# ဉာဏ်ရွာလေးနဲ့ ခေါင်းညိတ်စမ်းပါ

(အနတ္တလက္ခဏာဉာဏ်)



www.burmeseclassic.com

www.burmeseclassic.com

မနေ့က ဒကာ၊ ဒကာမတွေ ဟောခဲ့ပါတယ်တဲ့။ သင်္ခါရတရားလို့ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးလို့ မနေ့ညက ပြောကြတယ်။ သင်္ခါရတရားဆိုတာ ဘာပါလိမ့် (ခန္ဓာငါးပါးပါ ဘုရား)။

ကောင်းပြီ၊ သင်္ခါရတရားဆိုတာ ခန္ဓာငါးပါးကို ဆိုတယ်။ ဒါဖြင့် ဒကာ၊ ဒကာမတွေ ခန္ဓာငါးပါးဟာ သူများ ပြုပြင်လို့ဖြစ်တဲ့ ခန္ဓာငါးပါး (မှန်လှပါ ဘုရား)။

## ခန္ဓာငါးပါးဟာ သင်္ခါရတရား

ဒါဖြင့် ဒီထဲမှာ မိမိစွမ်းရည်သတ္တိ ပါဘူးပေါ့ (မပါပါဘူး ဘုရား)။ မိမိစွမ်းရည်သတ္တိမပါတဲ့ ခန္ဓာငါးပါး ဘာတရားခေါ်ကြမယ် (သင်္ခါရတရားပါ ဘုရား)။ သင်္ခါရ တရား။

ဩော်- ခု တရားနာပြီးနကြတဲ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သူတစ်ပါးမှီပြီးသကာလ နေရတဲ့ ခန္ဓာငါးပါးလား။ ဒါကြောင့် သင်္ခါရတရားလို့ မှတ်ကြပါ (မှန်လှပါ ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သဗ္ဗေ သင်္ခါရာ၊ သဗ္ဗေ = အလုံးစုံကုန်သော၊ သင်္ခါရာ = မင်းတို့ခန္ဓာငါးပါးတွေ့သည်ဆိုတော့ ဦးခင်မောင်၊ ကိုက်ပြီလား (ကိုက်ပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါ မနေ့က ဒကာ၊ ဒကာမတွေ တရားစကားဖြစ်နေလို့ သင်္ခါရပြောခဲ့ရာမှာ မစုံတတ်သေးလို့ ဒီနေ့ သင်္ခါရတရားကို အစုံပြန်ပြောဦးမယ် (မှန်လှပါ ဘုရား)။

ခန္ဓာငါးပါးဟာ ဘာတရားခေါ်ကြမတုံး (သင်္ခါရတရားပါ ဘုရား)။ ဩော်- ဒါဖြင့် ခန္ဓာငါးပါးဟာ သင်္ခါရတရားဆိုတာတော့ သဘောကျသွားပြီ။

## အကြောင်းတရား လေးပါးက ပြုပြင်တယ်

သူပြုပြင်တဲ့တရားက ဘယ်နှပါးပါလိမ့် (လေးပါးပါ ဘုရား)။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရရယ်ဆိုတာ အကြောင်းတရားလေးပါးလို့ ဒကာ၊ ဒကာမတွေ မှတ်ထားလိုက်တာပေါ့ (မှန်လှပါ)။

ဒီတရားလေးခုက ပြုပြင်လို့ပေါ်လာတဲ့ ခန္ဓာငါးပါးလို့ မှတ်ထားပါ (မှန်လှပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီတရားလေးခုက ကံဆိုတာသည် ဒကာ၊ ဒကာမတို့ ဒီဒကာ ဒကာမတွေ၏ ရုပ်နာမ်ရှိတဲ့အနက်က ကံက ရုပ်ကို ပြုပြင်တယ်လို့ မှတ်ထားလိုက်တာပေါ့ (မှန်လှပါ)။

နာမက္ခန္ဓာလေးပါး အသာထားလိုက်၊ ရုပ်တရား ဘယ်သူက ပြုပြင်တာပါလိမ့် (ကံက ပြုပြင်တာပါ ဘုရား)။

## ရုပ်တရားကို ကံက ပြုပြင်တယ်

ဩော်- ရုပ်တရား ကံက ပြုပြင်တယ်ဆိုတာ ဟုတ်သားပဲ၊ မျက်စိအကြည်ရုပ်ကလေးကို ကမ္မဇရုပ်လို့ ခေါ်တယ်။ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ဟဒယဝတ္ထုဆိုတဲ့ရုပ်။

အဲဒါတွေဟာ ကံက လုပ်ပြီးသကာလ ထားတော့ မိမိတို့၏ မျက်လုံးလို့၊ မိမိတို့၏ နားလို့ ကြားတတ်တာလေးတွေ မှတ်မထားပါနဲ့၊ မိမိနဲ့ ဘာမှမဆိုင်ပါဘူး။ ကံက ပြုပြင်ထားတာလို့ မှတ်လိုက်ပါ (မှန်ပါ)။

ဒီတစ်ကိုယ်လုံးမှာလည်း စိတ်တွေ တစ်ခါတလေ စိတ်ကြည်ရင် ရုပ်ကြည်တယ်ဆိုတာ ဒကာ၊ ဒကာမတွေ ကိုယ့်ဟာကိုယ် အကဲခတ်ရင် သိပါတယ် (မှန်လှပါ)။

## စိတ်ကလည်း လုပ်တယ်

စိတ်ကြည်ရင် (ရုပ်ကြည်ပါတယ် ဘုရား)။ ဒါဖြင့် စိတ်ကဖြစ်တဲ့ ရုပ်တရား၊ ဒါဖြင့် ရုပ်တရားမှာ ကံကလည်း လုပ်ထားတယ်၊ စိတ်ကလည်း လုပ်ထားတယ်။

## ဥတုကလည်း လုပ်တယ်

ဥတုတွေက ပူတယ်၊ အိုက်တယ်ဆို ဒကာ၊ ဒကာမတွေက ရုပ်တရားညှိုးပြီးသကာလ နေကြတယ်။ အဲဒီညှိုးရုပ်တွေဟာသ၍ကလည်း ဩော်- ဥတုက လုပ်တာပါလား။

စားသောက်ကောင်းပြန်တော့ ဝဖြိုး၊ စားသောက်မကောင်းပြန်တော့ ပိန်ခြောက်၊ ဦးဝရေ ဒီလိုမနေဘူးလား (နေပါတယ် ဘုရား)။

## အာဟာရလည်း လုပ်တယ်

ဒါတွေကျတော့ ဒကာ၊ ဒကာမတွေက မှတ်လိုက်တာပေါ့။ အာဟာရကြောင့်ဖြစ်တဲ့ရုပ် (မှန်ပါ)။ ဩော်- ဒါဖြင့် ရုပ်မှာ ကိုင်တွယ်ရတဲ့ ဒကာ၊ ဒကာမတွေ ရုပ်မှာ၊ ချိန်တွယ်ရတဲ့ရုပ်မှာ အကြောင်းလေးပါး ရှိတယ် (မှန်လှပါ)။

ရုပ်မှာ အကြောင်း ဘယ်နှပါးပါလိမ့် (လေးပါးပါ ဘုရား)။ ဒါဖြင့် ဒါရုပ်သင်္ခါရတရား၊ ရုပ်သင်္ခါရတရားမှာ အကြောင်းလေးပါးက ဦးခင်မောင်၊ ပြုပြင်တယ် (မှန်လှပါ)။



www.burmeseclassic.com

www.burmeseclassic.com

နာမ်သင်္ခါရတရား ယနေ့ အထူးထည့်ပေးရမယ် (မှန်လှပါ)။ ရုပ်သင်္ခါရတော့ဖြင့် ဦးခင်မောင်ရေ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကျေနပ်ကြပလား (ကျေနပ်ပါတယ် ဘုရား)။

ရုပ်သင်္ခါရမှာတော့ ဘယ်သူပြုပြင်ပါလိမ့် (ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ပါတယ် ဘုရား)။ ဒါဖြင့် ဘုရားတပည့်တော်တို့သန္တာန် နာမက္ခန္ဓာတရားလေးပါး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်တွေလည်း ရှိပါတယ်။

အဲဒါတွေကျတော့ ဘယ်သူကများပြုပြင်လို့ တပည့်တော် သန္တာန်မှာ ပေါ်ရပါလိမ့်မတုံးဆိုတော့ ဦးခင်မောင်ရေ ဒီလေးပါးလည်း ပြောရလိမ့်မယ် (မှန်လှပါ)။ ဒါ ဒီလေးပါး မနေ့က ကျန်နေတဲ့အတွက် ဒီတရား ပြန်ဆက်လို့ အောက်မေ့ရလိမ့်မယ် (မှန်လှပါ ဘုရား)။

ရုပ်သင်္ခါရမှာ အကြောင်းဘယ်နှပါးပါလိမ့် (လေးပါးပါ ဘုရား)။ ဩော်- ရုပ်သင်္ခါရမှာ အကြောင်းလေးပါးက ပြုပြင်တော့ ဒကာ၊ ဒကာမတွေ ရုပ်က ကံကသေဆိုလည်း သေလိုက်ရုံပဲနော် (မှန်ပါ့)။ ကံကနေ အစားထိုးလို့ ရှင်ဆိုလည်း (ရှင်ရမှာပါ ဘုရား)။

## ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ထားတဲ့ရုပ်

စိတ်ကနေပြီး ရုပ်ကို ရွှင်လန်းလိုက်ဆို ရွှင်လန်းလိုက်ရုပ်တွေ ခုပဲ ပေါ်လာတာ (မှန်လှပါ)။ စိတ်က ခုပဲ ညှိုးသွားလို့ရှိရင် တစ်ခါတည်း ဒကာ၊ ဒကာမတွေ ရုပ်တွေ ညှိုးလိုက်လာတယ် (မှန်လှပါ)။

ဩော်- ဒါဖြင့် စိတ်သင်္ခါရကလည်း စိတ်ကလည်း ပြုပြင်တဲ့ သင်္ခါရတရားဖြစ်သောကြောင့် ဒကာ၊ ဒကာမတွေ ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားသည် သူများပြုပြင်တိုင်း ခံရသောကြောင့် သင်္ခါရလို့ပဲ မှတ်ထားလိုက်တာပေါ့ (မှန်လှပါ)။

ဥတုကပြုပြင်တာကော (ခံရပါတယ် ဘုရား)။ ဥတုက အေးဆိုရင် အေးရုပ်တွေ ပေါ်လာတာ၊ ဥတုက ပူတယ်ဆိုရင် ပူရုပ်တွေ ပေါ်လာတာပါ ဘုရား)။ အဲဒါ ဥတုက ပြုလုပ်ထားတဲ့ သင်္ခါရတရားဆိုရင်လည်း ငြင်းဖို့မလိုဘူး (မလိုပါဘူး ဘုရား)။ အာဟာရက ပြုလုပ်ထားတဲ့ သင်္ခါရတရားဆိုရင်ကော (ငြင်းဖို့ မလိုပါဘူး ဘုရား)။

ကောင်းပြီ။ ဒါဖြင့် ရုပ်တရားမှာ အကြောင်းဘယ်နှပါးတုံး (လေးပါးပါ ဘုရား)။ ဒါဖြင့် လေးပါးပြုပြင်လို့ ပေါ်လာတဲ့ တရားဖြစ်သောကြောင့် ဒကာ၊ ဒကာမတွေ ရုပ်မှာ ဘယ်ရုပ်မဆို သင်္ခါရတရားလို့ မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ကောင်းပြီ။ ဒါ သင်္ခါရတရားလို့ မှတ်ထားတော့၊ ရုပ်သင်္ခါရထော့ ရှင်းသွားတော့ ဦးခင်မောင်တို့က နာမ်သင်္ခါရတရား လေးပါးကျန်တယ်။ နာမ်သင်္ခါရတရား လေးပါးကတော့ ဒကာ၊ ဒကာမတို့ ဘယ်သူ့ကြောင့် ပေါ်သတုံးလို့ မေးဖို့ မလိုဘူးလား (လိုပါတယ် ဘုရား)။

## နာမ်ဆိုတာ အာရုံဒွါရကြောင့် ဖြစ်တယ်

သူလည်း ပြုပြင်လို့ ပေါ်လာတဲ့တရား ဖြစ်သောကြောင့် နာမ်သင်္ခါရမှာတော့ ဒကာ၊ ဒကာမတွေက မှတ်လိုက်တာပေါ့။ နာမ်ဆိုတာသည် ဒကာ၊ ဒကာမတို့ အာရုံဒွါရကြောင့် ဖြစ်သည်လို့ မှတ်ထားလိုက်တာပေါ့ (မှန်လှပါ)။

အကျဉ်းချုပ် ဘယ်လိုမှတ်ထား (အာရုံဒွါရကြောင့်ပါ ဘုရား)။ ဦးခင်မောင်ရေ အာရုံဒွါရကြောင့်နော် (မှန်လှပါ)။ နာမ်လေးတွေ ပေါ်တိုင်း ပေါ်တိုင်း ဘယ်သူ့ကြောင့်ပါလိမ့် (အာရုံဒွါရကြောင့်ပါ ဘုရား)။ လောကီဥပမာ ပြောကြပါစို့ လို့ရှိရင်ဖြင့် ဆိုင်းတီးတဲ့လူများမှာ လင်းကွင်းနှစ်ခုကို ဒီအတိုင်း ကိုင်နေတုန်းက မြည်တဲ့သဘော မပေါ်လာဘူး (မပေါ်ပါ ဘုရား)။

## အာရုံဆိုတာ

နှစ်ခု ထိခိုက်တဲ့အခါကျတော့ (ပေါ်လာပါတယ် ဘုရား)။ အဲ- နာမ်ခန္ဓာဟာလည်း နှစ်ခုထိခိုက်တဲ့အခါကျမှ ပေါ်သလို အာရုံဆိုတာ ဒီကိုယ့်ခန္ဓာကိုယ်ထဲမှာ ရှိတယ်။

## ဒွါရဆိုတာ

ဒွါရဆိုတာလည်း မျက်လုံးအကြည်ရုပ်ကလေး၊ နားအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်၊ မနောအကြည်ရုပ် ဆိုတာက အခံအ[illegible]က (မှန်လှပါ)။

ဟိုက အဆင်းတို့ အသံတို့ အမျိုးမျိုးက အတိုက်ဘက်ကပေါ့ဗျာ (မှန်လှပါ)။ အဲဒီတော့ အခံနဲ့အတိုက် နှစ်ခုတိုက်မှ သာလျှင် မြင်စိတ်တို့ ပေါ်နိုင်တယ်၊ ကြားစိတ်တို့ ပေါ်နိုင်တယ်၊ နံစိတ်၊ စားစိတ်၊ ကြံစိတ်၊ စည်စိတ် အကုန်ပေါ်နိုင်တယ် (မှန်ပါ့)။

ဒါဖြင့် နာမက္ခန္ဓာ လေးပါးကတော့ဖြင့် အကြည်ခြောက်ပါးနဲ့ အာရုံခြောက်ပါးတိုက်လို့ ပေါ်တာပေါ့ (မှန်လှ





www.burmeseclassic.com

www.burmeseclassic.com

ပါ)။ ဦးခင်မောင် ဘယ်လိုမှတ်ပါ့ (အကြည်ခြောက်ပါးနဲ့ အာရုံခြောက်ပါးတိုက်လို့ ပေါ်တာပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

## နာမက္ခန္ဓာလေးပါးက တစ်ပြိုင်နက်ပေါ်တယ်

ဒါဖြင့် နာမက္ခန္ဓာလေးပါးကလည်း သူ့မှာ နှစ်ခုသော အကြောင်းကြောင့် ပေါ်လာရသည်ဖြစ်လေသောကြောင့် သူတို့လေးခုကတော့ တစ်ပြိုင်နက် ပေါ်တာလို့ မှတ်နော် (မှန်လှပါ ဘုရား)။

ကောင်းပြီ ဒကာ၊ ဒကာမတို့ နာမ်တရားကတော့ကို အကြည်ခြောက်ခု မျက်လုံးထဲမှာ မျက်လုံးအကြည်ရုပ်ကလေး ရှိတယ် (မှန်ပါ့)။

## အကြည်ခြောက်မျိုး

နား အကြည်ရုပ်ကလေး ရှိတယ်၊ ဒါလေးရှိလို့ ကြား တာနော် (မှန်လှပါ)။ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ် အကြည်၊ မနောအကြည်ဆိုတဲ့ ဦးခင်မောင် အကြည် ဘယ် နှမျိုးရှိတုံး (ခြောက်မျိုးပါ ဘုရား)။

အကြည် ခြောက်မျိုးနဲ့ အပြင်ဘက်က မျက်လုံး အကြည်နဲ့ ရူပါရုံနဲ့ တည့်နေပြီ၊ ထိခိုက်ပြီဆိုမှဖြင့် မြင်စိတ် ကလေး ပေါ်တယ် (မှန်ပါ့)။ မြင်စိတ် နာမက္ခန္ဓာလေးပါး (မှန်ပါ့)။ ထို့အတူ နားအကြည်နဲ့ အသံနဲ့ တိုက်တဲ့အခါကျ တော့ကို ကြားစိတ် နာမက္ခန္ဓာလေးပါးပေါ့ဗျာနော်။ ထို့အတူ နံစိတ်၊ နာမက္ခန္ဓာလေးပါးလေ (မှန်ပါ့)။ စားစိတ် (နာမက္ခန္ဓာ လေးပါးပါ ဘုရား)။ ကိုယ်ပေါ်မှာ ပေါ်တဲ့စိတ် (နာမက္ခန္ဓာ လေးပါးပါ ဘုရား)။ ဝမ်းထဲမှာ ကြံတဲ့စိတ် (နာမက္ခန္ဓာလေး ပါးပါ ဘုရား)။

အဲဒါ အကြည်နဲ့ အာရုံနဲ့တိုက်လို့ချည်းပဲ မှတ်လိုက် တာပေါ့ (မှန်ပါ့)။ သြော်- ဒါဖြင့် နာမက္ခန္ဓာလေးပါးကလည်း အကြောင်း ဘယ်နှကြောင်းပါလိမ့် (နှစ်ကြောင်းပါ ဘုရား)။

နှစ်ကြောင်းက ပြုပြင်လို့ပေါ်လာတာ (မှန်ပါ့)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒကာ၊ ဒကာမတွေ၏ စိတ်ဟာ၊ ငါ့စိတ် ဘာဖြစ်နေတယ်လို့ မပြောတတ်ပါဘူး။ သားလေးချည်း မြင် နေတယ်။ သမီးလေးချည်း မြင်နေတယ်လို့ ငါ့စိတ် ဘာမှ မဖြစ်ဘူး။

ငါ့စိတ်ကိုလည်း မဟုတ်ဘူး (တင်ပါ့)။ ဟိုသားတည်း ဟူသော အာရုံနဲ့ ဒီက မနောအကြည်နဲ့ သွားပြီးသကာလ တည့်တဲ့အခါမှာ သားကို အောက်မေ့တဲ့စိတ်တွေ၊ သမီးကို အောက်မေ့တဲ့ စိတ်ကလေးတွေ ပေါ်လာတယ် (မှန်ပါ့)။

## နှစ်ခုတိုက်ဆိုင်လို့ ပေါ်လာတာ

ဒါဖြင့် နှစ်ခုတိုက်လို့ ပေါ်တာပေါ့ဗျာ (မှန်ပါ့)။ ဒါဖြင့် သူလည်း သူများပြုပြင်လို့ပေါ်တဲ့ တရားဖြစ်သောကြောင့် နာမ်ကိုလည်း သင်္ခါရတရားလို့ပဲ ဆိုလိုက်တာ (မှန်လှပါ ဘုရား)။

ဦးခင်မောင် ရှင်းပလား (မှန်လှပါ ဘုရား)။ ဒါဖြင့် ရုပ်လည်း သင်္ခါရတရား၊ ဒကာ၊ ဒကာမတို့ နာမ်ကော (သင်္ခါရ တရားပါ ဘုရား)။ အဲတော့ သြော်- ဒီသင်္ခါရတရားရုပ်က လည်း (သင်္ခါရတရားပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒကာ၊ ဒကာမတွေ ရှိတာ ရုပ်နဲ့ နာမ်ပဲရှိတယ် (မှန်ပါ့)။ ရုပ်နဲ့ နာမ်နဲ့ပဲရှိတော့ သူများအကြောင်းလေးပါးက ပြုပြင်တာ (မှန်ပါ့)။

## အကြောင်းနှစ်ပါးက ပြုပြင်တာ နာမ်

နာမက္ခန္ဓာလေးပါးကျတော့ အကြောင်းနှစ်ပါးက ပြုပြင်တာ၊ ဒါဖြင့် အကြောင်းလေးပါးက ပြုပြင်တာ ရုပ်၊ အကြောင်းနှစ်ပါးက ပြုပြင်တာက (နာမ်ပါ ဘုရား)။

အဲဒီ ယခုတရားနာနေကြတာ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ ခန္ဓာငါးပါးလား၊ နာမ်ရုပ်တရားလားလို့ မေး ရင် ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးပါဘုရား ဆိုရုံပဲ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ခန္ဓာငါးပါး (နာမ်ရုပ်နှစ်ပါးပါ ဘုရား)။ နာမ်ရုပ် နှစ်ပါး ပဲရှိတယ်၊ နာမ်နဲ့ရုပ် ခွဲလိုက်တော့ ဒါက ရုပ်၊ ဒီဘက်လေးပါးက နာမ်လေးပါးနဲ့ တစ်နဲ့ပေါင်းလိုက်တော့ ငါးပါး၊ ငါးပါးကျတော့ ခန္ဓာငါးပါး ခေါ်လိုက်တာပေါ့ (မှန်ပါ့)။

နှစ်ပုံ ပုံလိုက်တဲ့အခါကျတော့ ရုပ်နာမ်လို့ ပုံလိုက်တာ ပေါ့ (မှန်ပါ့)။ သဘောကျပြီ (ကျပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ ဦးဘတင်တို့ ဘာတရားလို့ ခေါ်ကြမယ် (သင်္ခါရတရားပါ ဘုရား)။

သြော်- သင်္ခါရတရား၊ ရုပ်တရားမှာ ဘယ်နှပါးက ပြုပြင်လို့ ပေါ်လာတုံး (လေးပါးပါ ဘုရား)။ နာမ်တရားမှာ တော့ (နှစ်ပါးပါ ဘုရား)။ သြော်- ဒါဖြင့် ဒကာ၊ ဒကာမတို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် သင်္ခါရအစုကြီးပါလား





www.burmeseclassic.com

www.burmeseclassic.com

(မှန်လှပါ ဘုရား)။ ဦးဝ ဘယ့်နှယ်ဆိုပါ့ (သင်္ခါရအစုကြီးပါ ဘုရား)။ သင်္ခါရအစုကြီးနော်၊ ဒကာ၊ ဒကာမတွေ ဘာအစုပါလိမ့် (သင်္ခါရအစုကြီးပါ ဘုရား)။ ဩော်- သင်္ခါရအစုကြီးဆိုတော့ ဒကာ၊ ဒကာမတွေ သန္တာန်မှာရှိတဲ့ သင်္ခါရအစုကြီးဟာ ကိုယ်လုပ်ထားတာ ဒီအထဲ ပါမှမပါတော့ဘဲ။ ပါသေးရဲ့လား (မပါပါဘူး ဘုရား)။

ရုပ်တရားတွေမှာလည်း ပါသေးလား (မပါပါဘူး ဘုရား)။ နာမ်တရားတွေမှာလည်း (မပါပါဘူး ဘုရား)။ အင်း-ဘယ်လိုခေါ်ကြမယ်၊ ဒါဖြင့် (သင်္ခါရတရား)။ သင်္ခါရတရား။

## သူများပြုပြင်လို့ ပေါ်လာတဲ့တရား

သူများပြုပြင်လို့ ပေါ်လာတဲ့ သင်္ခါရတရားဆိုတာ မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား)။ အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီသင်္ခါရတရားတွေ မင်းတို့သည်ကားလို့ဆိုရင် သူများပြုပြင်ထားတာကို မျက်လုံးဟာ ငါပဲ၊ နားဟာ ငါပဲ၊ ကြားတဲ့စိတ်ကလေးဟာ ငါပဲ၊ ကောင်းတာလည်း ငါပဲ၊ ဆိုးတာလည်း ငါပဲလို့။

ဝေဒနာတွေကိုလည်း ငါလို့ ဒီလိုမစွပ်စွဲကြပါနဲ့။ ဒါ သင်္ခါရတရားဟာ သင်္ခါရတရားလို့ပဲ ထားလိုက်စမ်းပါ (မှန်ပါ့)။ ဒီအထဲ ငါဝင်မရှုပ်ပါနဲ့ဆိုတာ သတိပေးလိုက်တယ် (မှန်ပါ့)။

သင်္ခါရတရားကို (ငါဝင်မရှုပ်ရပါဘူး ဘုရား)။ ငါ ဝင်မရှုပ်နဲ့ သင်္ခါရတရားဟာ သင်္ခါရတရားပဲ ထားလိုက် (မှန်ပါ့)။

## ငါဝင်ရှုပ်ရင် သက္ကာယဒိဋ္ဌိ

ငါဝင်ရှုပ်လို့ရှိရင်ဖြင့် ဦးဘတင် သက္ကာယဒိဋ္ဌိ (မှန်လှပါ ဘုရား)။ ငါဝင်မရှုပ်ဘဲ ထားလို့ရှိရင် သင်္ခါရတရားပဲ (မှန်ပါ့)။ ငါဝင်မရှုပ်ရင် (သင်္ခါရတရားပါ ဘုရား)။

ဒီဟာတွေကို ငါလို့ထင်လိုက်ရင် (သက္ကာယဒိဋ္ဌိပါ ဘုရား)။ အဲတော့ကို ဒီနေ့ သက္ကာယဒိဋ္ဌိကိုလည်း ဦးခင်မောင် အစက ဖြုတ်ပေးတာပါ (မှန်လှပါ)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်မှာ သင်္ခါရအစုကြီးဆိုလို့ရှိရင်ဖြင့် ဒကာသစ်တို့ လွဲသေးလား (မလွဲပါဘူး ဘုရား)။ ကိုမြရွှေ ဘယ်လိုဆိုကြပါ့ မယ် (သင်္ခါရအစုကြီးပါ ဘုရား)။ သင်္ခါရအစုကြီး (မှန်ပါ့)။

သင်္ခါရအစုကြီးဆိုတော့ သူများပြုပြင်ထားလို့ ပေါ်နေတဲ့ အစုတရားကြီးလို့ ဆိုလိုက်ရင် မလွဲတော့ဘူးပေါ့ (မလွဲပါဘူး ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သင်္ခါရတရားမှန်း သိတဲ့အခါကျတော့ ဒီထဲ ငါနဲ့ဆိုင်ရင် ငါဆိုင်၊ ငါပိုင်ဆိုတာသည် ဦးဝ မရှုပ်စေနဲ့နော် (မှန်လှပါ ဘုရား)။ ငါဆိုင်၊ ငါပိုင်သည် (မရှုပ်စေနဲ့ပါ ဘုရား)။ မရှုပ်စေနဲ့၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လေးစားစွာနဲ့ပဲ ဒီဉစ္စာကို ကန့်ကွက်တယ် (မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ ဆရာဘုန်းကြီးကရော၊ ဘုရားကရော ရုပ်တရားမှာလည်း အကြောင်းလေးပါးက ပြုပြင်ထားတာဆိုတာ သိနေပြီ (မှန်ပါ့)။

ရုပ်တရားမှာလည်း (အကြောင်းလေးပါးက ပြုပြင်ထားတာပါ ဘုရား)။ နာမ်တရားမှာ အကြောင်းနှစ်ပါးက (ပြုပြင်ထားတာပါ ဘုရား)။

## ငါဝင်ပြီး မရှုပ်နဲ့

အဲဒီတော့ ခင်ဗျားတို့က ရုပ်ဟာ ငါပဲ၊ ဝေဒနာဟာလည်း ငါပဲ၊ စိတ်ဟာ ငါပဲ၊ သညာ ငါပဲလို့ ဦးခင်မောင်တို့က မရှုပ်နဲ့နော် (မှန်လှပါ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘုန်းကြီး ဘယ်လိုကန့်ကွက်ပါလိမ့် (ငါပဲလို့ မရှုပ်ရပါဘူး ဘုရား)။ မရှုပ်စေနဲ့ (မှန်ပါ့)။ ရှုပ်လို့ရှိရင် ဘုန်းကြီးများက စိုးရိမ်တယ်၊ သူများပစ္စည်း ကိုယ်ခိုးယူတာ၊ သူများပစ္စည်း (ကိုယ်ခိုးယူတာပါ ဘုရား)။

ဒကာ၊ ဒကာမတို့ သူများပစ္စည်း ကိုယ်ခိုးယူတယ်ဆိုတော့၊ သူများဆိုတာက ဦးခင်မောင် သိပြီ၊ ရုပ်တရားကိုလည်း ပြုပြင်ထားတာ လေးပါးရှိတယ် (မှန်ပါ့ ဘုရား)။

အဲဒါ သူများကျတာ (မှန်ပါ့)။ မကျဘူးလား (ကျပါတယ် ဘုရား)။ နာမ်တရားကလည်း ပြုပြင်ထားတာ နှစ်ပါး မရှိဘူးလား (ရှိပါတယ် ဘုရား)။ အဲ- သူတို့နှစ်ပါးက ပြုပြင်ထားလို့ ခေတ္တယာယီ ပေါ်နေတဲ့ သင်္ခါရတရားကို ငါပိုင်၊ ငါဆိုင်၊ ငါ့မထိနဲ့၊ ငါ့ကိုယ်ငါ ပိုင်တယ်။

## ငါဝင်ရှုပ်နေတယ်

အောင်မယ်လေး၊ ကြွားလုံးတွေ ငါလုံးတွေက သိပ်များတယ် (မှန်လှပါ ဘုရား)။ ငါ့ကိုယ်ငါ ပိုင်တယ်လို့ဆိုပြီး သကာလ ငါသွားချင်ရာ သွားနိုင်တယ်၊ ငါအိပ်ချင်ရာ အိပ်နိုင်တယ်၊ ငါစားချင်ရာ စားနိုင်တယ် အစရှိသည်နဲ့ သင်္ခါရတရားမှန်း မသိတော့ ငါဝင်ရှုပ်နေတယ် (မှန်လှပါ ဘုရား)။

သင်္ခါရတရားမှန်း မသိတော့ (ငါဝင်ရှုပ်နေပါတယ် ဘုရား)။ မရှုပ်ကြစမ်းပါနဲ့ ဒကာ၊ ဒကာမတို့၊ မရှုပ်ကြစမ်းပါ



www.burmeseclassic.com

www.burmeseclassic.com

နဲ့လို့ သတိပေးလိုက်ပါတယ် (မှန်လှပါ ဘုရား)။ ဘယ်လို သတိပေးပါလိမ့် (မရှုပ်ကြစမ်းပါနဲ့လို့ သတိပေးလိုက်ပါတယ် ဘုရား)။ မရှုပ်တော့ပါဘူး ဘုရားလို့ ဦးခင်မောင်တို့ တာဝန်ခံရမယ် (မှန်လှပါ ဘုရား)။

## ထင်တဲ့အရှုပ် မပါစေနဲ့

ပြောတဲ့အရှုပ် မဟုတ်ဘူး၊ ထင်တဲ့အရှုပ် မပါစေနဲ့ (မှန်လှပါ ဘုရား)။ ပြောတာကတော့ ပြောတာပေါ့ ဦးခင်မောင်ရ (မှန်လှပါ)။

ငါ သူမှ မပြောလို့ရှိရင်လည်း ပြောစရာမရှိလို့ (မှန်လှပါ ဘုရား)။ ပြောတာတော့ ပြောပါတော့ တကယ်တော့ အထင်စွဲပြီးသကာလ မပြောလိုက်ပါနဲ့ဆိုတာ ကန့်ကွက်လိုက်တယ် (မှန်လှပါ ဘုရား)။ သဘောပါကြပလား (ပါပါတယ် ဘုရား)။

အကယ်၍ တကယ်ထင်မယ့်ကြံရင် ခု ဆရာဘုန်းကြီး ဟောထားတဲ့ ဩဇာ- ရုပ်တရားမှာ အကြောင်းလေးပါးက ပြုပြင်လို့ ပေါ်နေတာ (မှန်လှပါ)။ နာမ်တရားမှာ (အကြောင်းနှစ်ပါးက ပြုပြင်လို့ ပေါ်နေတာပါ ဘုရား)။

အာရုံ၊ ဒွါရဆိုတဲ့ အကြောင်းနှစ်ပါးက ပြုပြင်လို့ ပေါ်နေတာဖြစ်သောကြောင့် ရုပ်နဲ့ နာမ်ပဲရှိတော့ကို အင်း- သူတစ်ပါးပြုပြင်ထားတဲ့ သင်္ခါရတရားတွေကို ငါတော့ဖြင့် ရှုပ်လို့မတော်တာ အမှန်ပဲလို့ ယနေ့ ဆုံးဖြတ်ချက်ချပါ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ဆုံးဖြတ်ချက် ချဖြစ်အောင်ချပါနော် (မှန်လှပါ ဘုရား)။ ဘယ့်နှယ်ကြောင့် ဒီလောက် ဆရာဘုန်းကြီးက လေးစားစွာနဲ့ ဆုံးဖြတ်ချက်ကို အတင်းချခိုင်းပါလိမ့်မတုံးဆိုတော့ ကမ္ဘာနဲ့မြေစာဆိုသလို ခင်ဗျားတို့က ခန္ဓာငါးပါး ငါ့ကိုယ် ငါ့ဟာ ထင်လာကြတယ် (မှန်လှပါ ဘုရား)။

ဦးခင်မောင် သဘောကျပလား (ကျပါတယ် ဘုရား)။ ဒီအကြောင်းတွေ မသိသောကြောင့် (ငါ့ကိုယ် ငါ့ဟာ ထင်လာတာပါ ဘုရား)။ ခုတော့ ဒီအကြောင်းတွေ မနေ့က တစ်ဝက်သိခဲ့ရပြီ၊ ဒီနေ့ တစ်ဝက်သိတော့ အကြောင်းဟာ စုံသွားတယ် (မှန်လှပါ ဘုရား)။

## ဒီအကြောင်းတွေ ပြန်ပြီး တွေးလိုက်စမ်းပါ

စုံစုံကြီး သိလိုက်ရတဲ့အတွက် ဦးဘတင်ရေ တကယ်လို့ ထင်မယ်ကြံရင် ဒီအကြောင်းတွေ ပြန်ပြန်တွေးလိုက်စမ်းပါ (မှန်လှပါ ဘုရား)။ ပြန်တွေးလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ငါ့ကိုယ် ငါ့ဟာဆိုတဲ့ ဒိဋ္ဌိတို့ တဏှာတို့ဟာ ပြုတ်ထွက်သွားတယ် (မှန်လှပါ ဘုရား)။ အကြောင်းနဲ့တကွသိလို့ ဖြုတ်လို့ရတာနော် (မှန်လှပါ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမယ် (အကြောင်းနဲ့တကွ သိလို့ ဖြုတ်လို့ ရတာပါ ဘုရား)။ အကြောင်းနဲ့တကွသိပြီး ဖြုတ်ရမှ မင်းတို့ ရုပ်နာမ်ကြီးဟာကွာ၊ မင်းတို့ဟာ မဟုတ်ပါဘူးလို့ သာမညပြောတဲ့ တရားနဲ့တွေ့ရင် ဒကာသစ်တို့၊ ဦးမြရွှေတို့ လွဲမယ်နော် (မှန်လှပါ ဘုရား)။

ခုတော့ဖြင့် အကြောင်းတရားလေးပါးက ပြုပြင်တာက ရုပ်၊ အကြောင်းနှစ်ပါး ပြုပြင်တာက နာမ်၊ သဘောကျပလား (ကျပါတယ် ဘုရား)။

အခု ဒကာ၊ ဒကာမတွေ ထိုင်နေကြတဲ့ဟာ နာမ်ရုပ်ပဲရှိတယ် (မှန်လှပါ ဘုရား)။ ဖြန့်လိုက်ရင် ခန္ဓာငါးပါးပဲရှိတယ်၊ ကိုယ်ပိုင် ကိုယ်ဆိုင်များ ပါကြရဲ့လား (မပါပါဘူး ဘုရား)။ ကိုယ်လုပ်ထားတာများ ပါကြရဲ့လား (မပါပါဘူး ဘုရား)။ မပါသောကြောင့် ဒီထဲမှာ ငါ၊ ငါ့ဥစ္စာ ဝင်မရှုပ်လိုက်ပါနဲ့ (မှန်လှပါ ဘုရား)။ သဘောပါပလား (ပါပါတယ် ဘုရား)။

ဘာမရှုပ်ပါနဲ့ (ငါ၊ ငါ့ဥစ္စာ ဝင်မရှုပ်ရပါ ဘုရား)။ ငါ၊ ငါ့ဥစ္စာ ဝင်မရှုပ်ပါနဲ့ဆိုတာကို ကန့်ကွက်တယ် (မှန်ပါ့)။ အကယ်၍ ဆရာဘုန်းကြီးက မကန့်ကွက်လိုက်လို့ရှိရင် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ဟာ သူများပစ္စည်း ရုပ်ဟာလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပိုင်တယ် (မှန်လှပါ ဘုရား)။

## သူများပစ္စည်း ဝင်လုသလို

နာမ်ကို အာရုံဒွါရက ပိုင်တယ် (မှန်လှပါ ဘုရား)။ ဦးခင်မောင် ဆိုထိုက်ပလား (ဆိုထိုက်ပါတယ် ဘုရား)။ အဲတော့ သူတစ်ပါးပစ္စည်းကို ခင်ဗျားတို့က အတင်းဝင်လုတာနဲ့ မတူဘူးလား (တူပါတယ် ဘုရား)။ အတင်းဝင်လုလိုက်တဲ့ အခါကျလို့ရှိရင်လည်းတဲ့ -

ဒကာ၊ ဒကာမတို့သည် အင်မတန်မှ မှားပါတယ် (မှန်ပါ့)။ မှားလုံးကလေးကို အကွက်ကျကျလေး ဦးဘတင် ပြောဦးမယ် (မှန်လှပါ ဘုရား)။

ဘယ်လောက်ထိအောင် ဒကာ၊ ဒကာမတွေ ဆရာကောင်း၊ သမားကောင်းနဲ့ မကြုံမယ်ဆိုလို့ရှိရင်ဖြင့် သူများပစ္စည်း ခိုးချက် ဘယ်လောက်သန်တယ်ဆိုတာ ပေါ်လာပါလိမ့်မယ်။ သူများပစ္စည်း ရှင်းပြီးပြီနော် (မှန်လှပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဦးခင်မောင် ရှုပ်သေးလား (မရှုပ်ပါဘူး ဘုရား)။ မရှုပ်တော့ဘူးတဲ့။

ကဲ- ဒါဖြင့် ဒကာ၊ ဒကာမတွေ သန္တာန်ဝမ်းထဲမှာရှိတာက ငါဆိုတဲ့တရားလေးဟာက ဒိဋ္ဌိ ငါကိုးဗျ (မှန်လှပါ)။ အဲဒီ ငါဟာ ဒါ ငါပဲလို့ ဆိုလို့ရှိရင်ဖြင့် ဝမ်းထဲမှာရှိတဲ့ ဒိဋ္ဌိက ငါနော် (မှန်လှပါ ဘုရား)။

ဒါဖြင့် ငါဟာ ဆိုတာနဲ့ ရုပ်ဆိုတာနဲ့ ရောသွားလိမ့်မယ် (မှန်လှပါ ဘုရား)။ ဒကာ၊ ဒကာမတွေ ဝမ်းထဲမှာရှိတာက ငါ၊ ဒီဟာကိုလည်း ငါဆိုတော့ ရုပ်ကိုလည်း ငါဆိုတော့၊ ချော်- ဒါဖြင့် ငါသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ အင်မတန် ခက်သွားပြီ။

ရုပ်တရားကလည်း သူများက လုပ်ထားတာ၊ ခင်ဗျားတို့ကလည်း ဒါ ငါလုပ်ပြန်တယ် (မှန်လှပါ ဘုရား)။ ရုပ်တရားဟာ ငါပဲလို့လုပ်လိုက်တယ် (မှန်လှပါ)။ ငါ့ဥစ္စာပဲလို့ လုပ်လိုက်ပြန်တယ်။

ဦးခင်မောင် (မှန်လှပါ)။ မလုပ်လိုက်ဘူးလား (လုပ်ပါတယ် ဘုရား)။ အဲဒီတော့ သူများလုပ်ထားတဲ့ ဥစ္စာကြီးကို ငါ- ငါ့ဥစ္စာလို့ ခင်ဗျားတို့က အတင်းအဓမ္မ လုတာနဲ့ကော (တူပါတယ် ဘုရား)။

## ပင်ကိုအကြောင်းက ကိုယ်နှင့်မဆိုင်

အဲဒီတော့ အတင်းအဓမ္မလုတာနဲ့ တူတာလည်း တစ်ကြောင်း၊ မလုကောင်းတာလည်း ပင်ကိုအကြောင်းကလည်း ကိုယ်နဲ့ လားလားမှမဆိုင်တဲ့ အမိပ္ပာယ်လည်း ရှင်းနေပြီ (မှန်ပါ့)။ မရှင်းဘူးလား (ရှင်းပါတယ် ဘုရား)။

အဲဒီကဲ့သို့ ရှင်းပြီး ထားတော့မှ ချော်- ဒါဖြင့် ခင်ဗျားတို့ ဝမ်းထဲမှာရှိတဲ့ ငါဆိုတာက ဒိဋ္ဌိ (မှန်ပါ့)။ ဘယ်မှာတုံး မင်းတို့ဥစ္စာဆိုတော့ ရုပ်ဟာ ငါပဲ၊ ငါ့ဥစ္စာပဲ ဒီလို မယူကြပေဘူးလား (ယူပါတယ် ဘုရား)။

စိတ်ဟာလည်း ငါပဲ၊ ငါ့ဥစ္စာပဲလို့ မယူကြပေဘူးလား (ယူပါတယ် ဘုရား)။ အဲဒီတော့ ဒကာ၊ ဒကာမတို့ ငါက ဒိဋ္ဌိ၊ ငါ့ဥစ္စာက ရုပ် (မှန်ပါ့)။ ဟ- ဦးခင်မောင် လွဲကုန်ပြီ (မှန်လှပါ)။ မလွဲသေးဘူးလား (လွဲပါတယ် ဘုရား)။

ငါက ဒိဋ္ဌိ၊ အဲဒီ ဒိဋ္ဌိက ဒီဥစ္စာ ရုပ်တရားကို သူက ငါပဲ၊ ငါ့ဥစ္စာပဲလို့ ဦးဘတင် စွဲလိုက်တယ် (မှန်လှပါ ဘုရား)။ စွဲလိုက်တော့ ငါတည်းဟူသော သူခိုး ဝင်ခိုးတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

## ခိုးမှုကြောင့် အပါယ်ရောက်ရတယ်

အဲဒါ သတ္တဝါတွေ အပါယ်ရောက်ရတာ၊ သူ မဆိုင်တာကိုဝင်ပြီး သကာလ အုပ်စီးချင်တဲ့အတွက်၊ ခိုးမှုကြောင့် အပါယ်ရောက်ရတယ် (မှန်လှပါ ဘုရား)။

ဒါဖြင့် ဒိဋ္ဌိက သူခိုး (မှန်လှပါ)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ ဒိဋ္ဌိက ဘာပါလိမ့် (သူခိုးပါ ဘုရား)။ ဒိဋ္ဌိက သူခိုးဆိုတာ သေချာပလား (သေချာပါတယ် ဘုရား)။

**(ဆက်ရန်)**

**မမွှေဒါန**

□


**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း။
(၁၇×၁၈)လမ်းကြား။ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၇၅၀၈




www.burmeseclassic.com

www.burmeseclassic.com

## အနိုင်းမဲ့ မေတ္တာတော်ရိပ်အောက်မှ

# အဆုံးစွန်သော ချစ်ခြင်း မုန်းခြင်းတို့၏ ပုံရိပ်လွှာများ

**မင်းဂုဏ်**

**(ယခင်လမှ အဆက်)**

ယခုမှပင် ဆင်ဆိုးကြီးနှင့် ပက်ပင်းတိုးသဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ ပြေးပေါက်ရှာလျက် ရှိချေပြီ။

ဆင်ဆိုးကြီးသည် သူ၏ရှေ့တွင် ထိတ်လန့်တကြား တုန်လှုပ်ချောက်ချားစွာ ကိုးရိုးကားရားဖြစ်နေသော ကံဆိုးမသားအမိထံသို့ အာရုံကျရောက်သွားပြီဖြစ်ရာ သူတို့အား တိုက်ခိုက်သတ်ဖြတ်ရန် တာစူလိုက်လေသည်။

ဆင်ဆိုးကြီး၏ ရက်စက်ကြမ်းကြုတ်လှသည့် အရိပ်အကဲကို ကြည့်ခြင်းအားဖြင့် သူ့ထံတွင် အန္တရာယ်





www.burmeseclassic.com

www.burmeseclassic.com

ဘူရောက်တော့မည်ကို သိရှိလိုက်သော ကလေးအမေသည် ရင်ခွင်တွင် ပွေ့ချီလာခဲ့သော ရင်သွေးငယ်ကို မြေပေါ်သို့ ချကာ ဒရောသောပါး ထွက်ပြေးလေတော့၏။

ထွက်ပြေးသူ ကလေးအမေနောက်သို့ ဆင်ဆိုးကြီး ပြေးလိုက်ချိန်တွင် ချထားရစ်ခဲ့သော ကလေးငယ်သည် အသံကုန်ဟစ်ကာ စူးစူးဝါးဝါး ငိုကြွေးလိုက်လေသည်။

ဤတွင် ဆင်ဆိုးကြီး နာဠာဂီရိသည် အသံကြားရာသို့ ပြန်လှည့်လာကာ ငိုကြွေးနေသော ကလေးငယ်အား နင်းသတ်ရန် ပြင်လေတော့၏။

ဖြစ်ရပ်တို့က မြန်ဆန်လွန်းလှသည်။ ဘုရားရှင်နှင့် ဆင်ဆိုးကြီးတို့ အားပြိုင်ပွဲကို ကြည့်မြင်လိုကြသော ပရိသတ်အပေါင်းမှာ ကလေးငယ်အား ဆင်ဆိုးကြီး ရက်စက်စွာ နင်းခြေသတ်ဖြတ်တော့မည့် အရေးကို ရင်တမမဖြင့် ကြည့်ရှုနေကြရ၏။



www.burmeseclassic.com

"အို- နာဠာဂီရိ၊ ကလေးထံသို့ မသွားနှင့်၊ ငါဘုရားထံသို့ လာလှည့်လော့၊ ငါဘုရားထံသို့ လာလှည့်လော့"

အနှိုင်းမဲ့မေတ္တာ၊ အနှိုင်းမဲ့ကရုဏာတို့ဖြင့် လွှမ်းခြုံအပ်သည် ဖြစ်၍ နူးညံ့ကြည်လင်လှစွာသော ဘုရားရှင်၏ အသံတော်က ပဲ့တင်ထပ်ကာ ပေါ်ထွက်လာ၏။

ကလေးကို နင်းသတ်အံ့ဆဲဆဲ ဆင်ဆိုးကြီးသည် ပဲ့တင်ထပ်ကာ ပေါ်ထွက်လာသော ဘုရားရှင်၏ အသံတော်ကို ကြားလိုက်သည်နှင့် နားရွက်ကြီးများပေ၍ နားစွင့်ကာ နားထောင်နေ၏။ ထို့နောက် အသံတော်ရှင်ရှိရာသို့ ကိုယ်ကိုလှည့်ကာ လှမ်း၍ကြည့်လိုက်၏။

သူ့အကြည့်က ပထမတွင် ဒေါသအရှိန်ပါနေသဖြင့် စူးစူးရဲရဲနိုင်လှ၏။ ဤမျှ များပြားလှစွာသော ရဟန်းပရိသတ်အနက်မှ ထူးခြားလှစွာသော အသံရှင်သည် မည်သူဖြစ်မည်ကို စူးစမ်းရှာဖွေနေဟန်ရှိ၏။

မကြားစဖူး ထူးကဲလှစွာသော အသံတော်ဖြင့် ကျူးရင့်မိန့်ဆိုသံကို ကြားလိုက်ရပြီးနောက် မမြင်စဖူး ထူးကဲလှစွာသော အဆင်းတော် ပိုင်ရှင်ကို နာဠာဂီရိ မြင်တွေ့လိုက်ရချေပြီ။ ၃၂ ပါးသော မဟာပုရိသ လက္ခဏာတော်တို့ဖြင့် ရွှန်းရွှန်းသပ္ပာယ် တင့်တယ်သော အသရေတော်သည် သူ့အမြင်အာရုံ တခြားတစ်ပါးသို့ လွှဲဖယ်၍ မသွားနိုင်အောင်ပင် ဆွဲဆောင်၍ ထားချေပြီ။

"အို၊ နာဠာဂီရိ သတိထားလော့၊ ကြမ်းတမ်းရုန့်ရင်းမှုတွေ မပြုလေနှင့်၊ လူတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်း အမှုကို မပြုမူ၍ မေတ္တာတရား ပွားများပါလေလော့"

ဟူသော ဘုရားရှင်၏ အသံတော် ထပ်မံထွက်ပေါ်လာသည်တွင် မြှောက်ချီ၍ထားသော တုတ်ခိုင်သန်စွမ်းလှသည့် နှာမောင်းကြီးကို ပြန်ချလိုက်၏။ နားစွင့်ကာ ဖွင့်ကားထားသော နားရွက်ကြီးများလည်း တွဲရရွဲကျ၍သွား၏။ ရန်မူရန်အလို့ငှာ စုစည်း၍ထားအပ်သော အင်အားကိုလည်း ဖြေလျှော့ချလိုက်၏။

ဘုရားရှင်၏ အနှိုင်းမဲ့သော မေတ္တာဓာတ် ရိုက်ခတ်မိသည်ဖြစ်၍ နာဠာဂီရိ ဆင်ဆိုးကြီးမှာ သောက်ထားသမျှ သေရည်အရက်တန်ခိုးကြောင့် ထွက်ခဲ့သမျှ ဒေါသအမျက်အခိုးများ ပျက်ပြယ်သွားဟန်တူသည်။ အမြီး၊ နားရွက်တို့ကိုချကာ ခံတွင်းဝသို့ နှာမောင်းကိုသွင်းလျက် ဖြည်းညင်းစွာ လျှောက်လှမ်းခဲ့ပြီး ကိုယ်တော်မြတ်၏ ခြေတော်ရင်းတွင် ဝပ်စင်းကာ ခစားလိုက်လေတော့သည်။

ဤတွင် ရှင်တော်ဘုရားသည် နာဠာဂီရိဆင်၏ ဦးကင်းကို လက်တော်ဖြင့် သုံးသပ်လျက် -

"ဆင်မြတ်နာဠာဂီရိ၊ မေတ္တာမပွား ဒေါသထားလျက် တစ်ပါးသူတို့အား နှိပ်စက် ဖျက်ဆီးတတ်သော သတ္တဝါတို့သည် မျက်မှောက်ဘဝ ပစ္စက္ခ၌ များလှစွာသော ဒေ[illegible]ရန်တို့ကို အတန်တန် ကြုံတွေ့ရတ[illegible]၏၊ ဘဝဂတိ ပြောင်းခဲ့လျှင်လည်း ဒုဂ္ဂတိဘဝ ပါယ်လေးဝ၌သာ ကာလရှည်စွာ ခံရရှာပေမည်" ဟူသော ဓမ္မဒေသနာတော်ကို ဟောကြား ချီးမြှင့်တော်မူလေသည်။

ကြမ်းချင်တိုင်း ကြမ်း၊ ရမ်းချင်တိုင်း ရမ်းကာ ဒေါသူပုန်ထခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေသော နာဠာဂီရိဆင်ကြီးမှာ ထိုဒေသနာတော်ကို နာကြားပြီးသည်တွင် အမြိုက်ရေစင်ဖြင့် သွန်းလောင်းခြင်း ခံလိုက်ရဘိသကဲ့သို့ ပီတိလွှမ်းကာ ချမ်းမြေ့ကြည်သာ သဒ္ဓါဝေဖြိုးလျက် ဘုရားရှင်၏ ခြေဖမိုးတော်ကို ဦးခိုက်ကာ ရှိခိုးပူဇော်လေသည်။

ဤသို့သော အံ့ဩဘနန်းဖြစ်ရပ်ဆန်းကို လိုက်ဖိုရင်မ တွေ့မြင်လိုက်ကြရသော ရာဇဂြိုဟ်ပြည်သား ပရိသတ်များမှာ ဘုရားရှင်အား ပူဇော်လို၍လည်းကောင်း၊ ဘုရားရှင်၏ အနှိုင်းမဲ့ မေတ္တာရိပ်အောက်ဝယ် ဝပ်စင်းခိုလှုံလျက်ရှိသော နာဠာဂီရိ ဆင်လိမ္မာကြီးအား ဂုဏ်ပြုလို၍ လည်းကောင်း၊ ဝမ်းသာ ဟစ်ကြွေး ကောင်းချီးပေးလျက် ဆင်ကြီး၏ ကိုယ်ပေါ်သို့ ဦးပေါင်းရစ်များ လက်ဝတ်တန်ဆာ ရတနာများ တဖွဲဖွဲ တသဲသဲဖြင့် ကြဲမြှောက်ကာ ရတနာမိုးကြီး ရွာချကြလေသည်။

ဤသို့ ဥစ္စာရတနာတို့ဖြင့် ဂုဏ်ပြုခြင်း ခံရသဖြင့် နာဠာဂီရိ ဆင်ကြီးအတွက် "ဓမ္မပါလ" ဟူသောအမည်သစ်တစ်ခု ထပ်မံရရှိလိုက်ပေပြီ။

ဤအဖြစ်အပျက်များကို ပြန်တွေးမိလေတိုင်း အဆုံးစွန်သော အမုန်းတရား၏ အစေအပါးဖြစ်ခဲ့သော ဒေဝဒတ်နှင့် အဆုံးစွန်သော ချစ်ခြင်းတရား၏ အစေအပါး ဖြစ်ခဲ့သော ကျွန်ုပ်အာနန္ဒာတို့၏ လှုပ်ရှားခဲ့သော ပုံရိပ်လွှာများကို အစီအရီ ပြန်လည်မြင်ယောင်နေဆဲ ဖြစ်၏။

နောင်တော် မြတ်ဘုရားရှင်အတွက် မိမိ၏အသက်ကိုပင်မငဲ့မကွက် စွန့်လွှတ်ရန် ကြိုးပမ်းနိုင်ခဲ့သဖြင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါ၏။

ဘုရားရှင်အပေါ် ထားရှိသည့် ကျွန်ုပ်၏ အဆုံးစွန်သော ချစ်ခြင်းကို အမှတ်မထင် ထုတ်ဖော်ပြသခွင့် ရရှိ

www.burmeseclassic.com

ထိုတ်သည့် အကျိုးဆက်အဖြစ် သံဃာတော်များ၏ ချီးကျူးထောမနာစကားကြားရသည့်အပြင် ရှင်တော်ဘုရား၏ အသိအမှတ်ပြုခြင်းကိုပါ ခံယူခဲ့ရသည့်မြစ်ရာ ကျွန်ုပ် ခံစားခဲ့ရသည့် ဝမ်းသာမှုပီတိအဟုန်က အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပေသည်။

ပက်ပက်စက်စက် ကြံနိုင်လွန်းသည့် အဆုံးစွန်သော အမုန်းတရားပိုင်ရှင် ဒေဝဒတ်အတွက်မူ သံဝေဂကြီးစွာ ရခဲ့ပါ၏။

ဒေဝဒတ်သည် အဇာတသတ်မင်းသားအား အမိအရ စည်းရုံးသိမ်းသွင်းပြီးနောက် ခမည်းတော်မင်းကြီးအား လုပ်ကြံသတ်ဖြတ်ရန် တိုက်တွန်းခဲ့ဉ်က နန်းတွင်းမှ လူအချို့သာ သိခဲ့သည်။ ဘုရားရှင်အား လုပ်ကြံရန် လေးသမားများ စေလွှတ်စဉ်ကလည်း ကျွန်ုပ်နှင့် စပ်မိစပ်ရာ ရဟန်းအနည်းငယ်သာ သိခဲ့ကြသည်။

ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်ဆောင်းဆင်ကာ ကျောက်တုံးကြီး လှိမ့်ချခဲ့ဉ်တလည်း ကျွန်ုပ်အပါအဝင် နီးစပ်ရာ ရဟန်းအချို့နှင့် ဆရာဇီဝက စသူတို့လောက်သာ သိခဲ့ကြ၏။ မြို့သူ မြို့သားများ အနေဖြင့် တစ်စွန်းတစ်စသိရှိကြသည့်တိုင် မျက်မြင်သက်သေမရှိသဖြင့် အများစုက မယုံကြည်ကြပေ။

ယခု နာဠာဂီရိဆင်နှင့် တိုက်ခြင်းသည် ဒေဝဒတ်၏ လက်စွမ်းကုန် အကုန်ယမ်းကုန် တိုက်သည့် တိုက်ပွဲဖြစ်၏။ တိုင်းသိပြည်သိ စိန်ခေါ်၍ တိုက်သည့် တိုက်ပွဲဖြစ်၍လည်း အထူးသည် ကြေညာရန်မလိုဘဲ ပြည်သူပြည်သားတို့ သိကုန်ကြသည်။

ရှေးယခင်က ဘုရားရှင် မိန့်ကြားတော်မူခဲ့သည့် အတိုင်းပင် သူလုပ်သောအမှုဖြင့် သူ့လုပ်ရပ်များက ပေါ်လွင်၍လာပြီဖြစ်၏။ ဤတိုက်ပွဲကြီးကပင် အစဖော်ပေးလိုက်သဖြင့် ယခင်သူကျူးလွန်ခဲ့သည့် ပြစ်မှုများလည်း အညာဆွဲ အတွဲလိုက်ပါသကဲ့သို့ တသီကြီး ပေါ်လာတော့၏။

ဘုရားရှင်အား နာဠာဂီရိဆင်နှင့်တိုက်ကာ သေကြောင်းကြံစည်ခဲ့သော ဒေဝဒတ်အား မြို့တော်သူ မြို့တော်သားတို့သည် များစွာ ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ထို့ပြင် -

"ဤဒေဝဒတ်သည် ငါတို့၏ အရှင် ဗိမ္ဗိသာရမင်းကြီးအား သားတော်ကိုယ်တိုင်က လုပ်ကြံသတ်ဖြတ်သည့် အဖြစ်သို့ရောက်အောင် ကြိုးကိုင်ခြယ်လှယ်ခဲ့သည်၊ ယခုလည်း ဘုရားရှင်အား နာဠာဂီရိဆင်နှင့် တိုက်သတ်စေပြန်သည်၊ ဤမျှ ဆိုးသွမ်းယုတ်မာသောသူအား ကိုးကွယ်ဆည်းကပ်ကာ လှူဒါန်းပူဇော်နေပါက အဘယ်မှာ အကျိုးရှိချေမည်နည်း"

ဝေဖန်အပြစ်တင် ပြောဆိုကြကာ ဒေဝဒတ်အား လှူဒါန်းမှုဒါနအစုစုတို့ကို ဖြတ်တောက်ကြလေ၏။

ထိုဖြစ်ရပ်များက အဇာတသတ်မင်း၏ ရွှေနားတော်တိုင် ပေါက်ကြားခဲ့ပေပြီ။

သူကိုယ်တိုင်ပင် သူ့ဆရာ ဒေဝဒတ်၏ အကြောင်းကို ကောင်းကောင်းသိလိုက်ပေပြီ။ မိမိထီးနန်းရရေးအတွက် ကြံဆောင်ပေးသယောင်ပြုကာ သူစင်ပြိုင်ဘုရားလုပ်ရေးအတွက် အမိကထားလျက် အကွက်ချပြီး ဆောင်ရွက်ခဲ့ပုံ။ ဖခမည်းတော်ကြီးမှာ ဤအရေးအရာတွင် စတေးခံခဲ့ရပုံတို့ကို ရိပ်မိသိရှိလာကာ ဒေဝဒတ်အပေါ် နာကြည်းခံပြင်းခဲ့လေပြီ။

သို့ဖြစ်၍ သူ့ဆရာ ဒေဝဒတ်အား နန်းတော်မှ ပို့ဆောင် ဆက်ကပ်နေကျ ဆွမ်းအုပ်ငါးရာကို ဆက်ကပ်ခြင်း မပြုတော့ပေ။ သူကိုယ်တိုင်သည်လည်း ဒေဝဒတ်ထံသို့ ဆည်းကပ်ရန် အလို့ငှာ သွားရောက်ခြင်း မပြုတော့ဘဲ အဆက်ဖြတ်လိုက်လေ၏။

သို့တိုင်အောင် ဒေဝဒတ်သည် မသိချင်ဟန်ဆောင်ကာ နန်းတော်ထဲသို့ လာရောက်၍ ဩဇာအာဏာ ပြမြပြနေသဖြင့် အဇာတသတ်ဘုရင်သည် သူ့ဆရာအား နန်းတော်မှ နှင်ထုတ်လိုက်၏။

ဤတွင် ဒေဝဒတ်အတွက် အခက်ကြုံရပေပြီ။ သူတစ်ဦးတည်းအတွက်ဆိုလျှင် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၍ ရနိုင်သော်လည်း သူ့နောက်တွင် နောက်လိုက်နောက်ပါများကအမြောက်အမြား ရှိနေ၏။

ယခုအခါတွင် ဒေဝဒတ်နှင့် နောက်ပါတို့အား လှူဒါန်းပေးကမ်းလိုသူများမှာ လွန်စွာပင် ရှားပါးလျက်ရှိချေပြီ။ ထို ရှားရှားပါးပါးရှိနေသူ ဒါယကာ၊ ဒါယိကာမများကိုပင် အားကိုး အားထားပြုကာ သူ့နောက်လိုက်များ၏ ဝမ်းရေးကို ဖြေရှင်းရလေ၏။

ဤသို့ဖြေရှင်းရာ၌ ဤအိမ်က တစ်ပါးအတွက် တာဝန်ယူပါ၊ ဤအိမ်က နှစ်ပါးအတွက် တာဝန်ယူပါ၊ ကျွေးမွေးပါ စသည်ဖြင့် စာရေးတံမဲ ချသကဲ့သို့ တိုက်တိုက်တွန်းတွန်း အပ်နှံရ၏။

ဒါယကာ၊ ဒါယိကာမများ အနေဖြင့် မလွှဲသာမရှောင်သာ ကျွေးမွေးနေရသည် ဖြစ်ရကား ဒေဝဒတ်နှင့် အပေါင်းပါများအတွက် ဝမ်းရေး ပြည့်စုံသည် မှန်သော်လည်း ဤအပြုအမူမှာ သာသနာတော်ကြီးအတွက် အကျိုး



www.burmeseclassic.com

www.burmeseclassic.com

ယုတ်နိုင်သည်ကို ဘုရားရှင် မြင်တော်မူလေသည်။

သို့ဖြစ်၍ ဘုရားရှင်သည် ရဟန်းများ ထိုကဲ့သို့သောအပြုအမူမျိုး မပြုမူကြစေရန် ဂဏဘောဇနသိက္ခာပုဒ်ဖြင့် ပညတ်တော်မူလေသည်။

ထိုသိက္ခာပုဒ်ကို ကျူးလွန်သူအား ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသည်ဖြစ်၍ ဒေဝဒတ်အတွက် အခက်တွေ့ရပြန်သည်။

ဤမျှလောက်သော ယုတ်မာရက်စက်သည့် အမှုကြီးများကို အကြိမ်ကြိမ် ကျူးလွန်ခဲ့သည့်တိုင် ဒေဝဒတ်သည် မျက်နှာပြောင်တိုက်ကာ ရဟန်းအဖြစ် ရပ်တည်လျက် ဘုရားရှင်၏ သာသနာတော် အဝန်းအဝိုင်းတွင် တည်ရှိနေသည်ကို ကျွန်ုပ် များစွာအံ့သြမိ၏။

ဂဏဘောဇနသိက္ခာပုဒ်ကို နာခံမှတ်သားရသော သံဃာပရိသတ်ထဲတွင် ဒေဝဒတ်လည်း ပါဝင်နေလေသည်။ ဖြစ်ပွားခဲ့ပြီးသော အမှုကိစ္စများနှင့် ပတ်သက်၍ သူ အပြစ်လွတ်စေရန် ပါးနပ်လိမ္မာစွာ ရှောင်လွှဲ၍ ထွက်ဆိုထားသဖြင့် သီတင်းသုံးဖော်များက သူ့အား အပြစ်ယူရန် အခက်တွေ့နေကြ၏။ ထို့ကြောင့်ပင် သူ့အား သံဃာ့ပရိသတ်ထဲတွင် လက်ခံနေရခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် ဒေဝဒတ်ကိုယ်တိုင်လည်း ဤသံဃာ့ ပရိသတ်တွင် နေချင်လှသည် မဟုတ်ပါ။ အခွင့်မသာသေး၍သာ အောင့်အည်း သည်းခံနေရဟန် တူသည်။ တစ်စင်မထောင်နိုင်သေးသဖြင့် ဘုရားရှင်၏ အဆုံးအမအောက်တွင် တပည့် အယောင်ဆောင်ကာနေခြင်းဖြစ်ပြီး အခြေအနေ ပေးလာသည်နှင့်တစ်ပြိုင်နက် တစ်စင်ထောင်ကာ လွတ်ရာကျွတ်ရာ သွားမည်ပင်ဖြစ်၏။

အဆုံးစွန်သော အမုန်းတရားဖြင့် ရန်ငြိုးဖွဲ့ကာ အကြမ်းဖက်ခဲ့လေသမျှ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသဖြင့် အကြမ်းဖက်သော နည်းလမ်းကိုမူ နောက်ထပ်တစ်ဖန် ထပ်မံ၍ သုံးစွဲတော့မည် မဟုတ်ပေ။ ဘုရားရှင်အား ဘုန်းကံချင်း မယှဉ်နိုင်သည်ကို သူ သဘောပေါက်လောက်ပေပြီ။ ဤသို့ဆိုလျှင် ရှင်တော်ဘုရား၏ ဘုန်းရိပ်ကံရိပ်အောက်တွင် လိမ္မာစွာ အေးအေးဆေးဆေးပင် ဝင်ရောက်ခိုလှုံနေထိုင်သင့်သည် မဟုတ်ပါလော။

ဒေဝဒတ်သည်ကား ထိုသို့ မဟုတ်။ သူ့စိတ်နှင့်သူ့ကိုယ် ထင်သလို လွတ်လပ်စွာနေလိုသူသာတည်း။ ကျွန်ုပ်တို့ ဘုရားရှင်၏ သာသနာ့နယ်ပယ် အဝန်းအဝိုင်းမှာလည်း ဤအခွင့်အရေးမျိုးက လုံးဝမရှိပေ။ ဘုရားရှင် ပညတ်တော်မူသော ဝိနည်း သိက္ခာပုဒ်တော်များနှင့်အညီ နေထိုင်ရမည်သာ။

✤

တစ်နေ့တွင် ဒေဝဒတ်သည် ဘုရားရှင် ရှေ့တော်မှောက်သို့ လန်းလန်းဆန်း တက်ကြွစွာ ဝင်ရောက်ခစားလာခဲ့၏။ သံဃာ့ပရိသတ်အား လွှဲအပ်ရန် တောင်းဆိုခဲ့စဉ်က လန်းဆန်းတက်ကြွမှုမျိုးကို မမီသော်လည်း သူ့[illegible]နှာမှာ ကြည်ကြည်လင်လင်နှင့် [illegible]ကြော့ မော့မော့ ရှိလှ၏။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝ ထားရှိဟန်လည်း ပေါက်လေသည်။ သူနှင့်အတူ သူ၏ အဆွေခင်ပွန်းများ ဖြစ်ကြကုန်သော ကောကာလိက၊ ကဋမောဒကတိဿ၊ ခဏ္ဍဒေဝိယနှင့် သမုဒ္ဒဒတ္တ ဟူသော ပုဂ္ဂိုလ်များနှင့်တကွ သူ့အား မှီခိုအားထားနေကြသော ရဟန်းငါးရာတို့လည်း ပါလာကြ၏။

ဒေဝဒတ်သည် ဘုရားရှင်အား လက်အုပ်ချီမိုးလျက် တစ်စုံတစ်ရာ လျှောက်ထားတောင်းဆိုရန် ဟန်ပြင်လိုက်၏။ ကောင်းသည့် ရည်ရွယ်ချက်တော့ ဖြစ်ဟန်မတူ။ ဘုရားရှင်အား လက်အုပ်ချီမိုးထားသော ထိုဆယ်ဖြာလက်စုံတို့သည်ပင် ဘုရားရှင်၏ ခြေမတော်အား သွေးစိမ်းရှင်ရှင် တည်စေရန် ကျူးလွန်ခဲ့သည်ကို သူ မေ့လောက်ဦးမည် မဟုတ်ပေ။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ဟောကြားတော် မူလေ့ရှိပါသည်၊ သို့ဖြစ်၍ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့ အလို့ငှာ တပည့်ရဟန်းတို့အား ငါးပါးသောကျင့်ဝတ်တို့ကို ပညတ်တော်မူပါဘုရား" ဟူ၍ လျှောက်ထားလေ၏။

ထိုငါးပါးသော ကျင့်ဝတ်တို့သည်ကား -

- ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းတွင်ပင် နေကြရန်။ ရွာနားကျောင်းသို့ ကပ်လာသော ရဟန်းအား အာပတ်သင့်စေရန်။
- ရဟန်းတို့သည် အသက်ထက်ဆုံး ဆွမ်းခံ၍ စားကြရန်။ ဒါယကာ ဒါယိကာမတို့ ပင့်ဖိတ်၍ ကပ်လှူသောဆွမ်းကိုစားသော ရဟန်းအား အာပတ်သင့်စေရန်။
- ရဟန်းတို့သည် အသက်ထက်ဆုံး ပံ့သကူ သင်္ကန်းကိုသာ ဝတ်

www.burmeseclassic.com

ရုံကြရန်။ ဒါယကာ၊ ဒါယိကာမတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံမှုပြုသော ရဟန်းအား အာပတ်သင့်စေရန်။

- ရဟန်းတို့သည် အသက်ထက်ဆုံး သစ်ရိပ်၊ ဝါးရိပ် အောက်တွင်သာ နေကြရန်။ ကျောင်းသို့ ချဉ်းကပ်သီတင်းသုံးသောရဟန်းအား အာပတ်သင့်စေရန်။
- ရဟန်းတို့သည် အသက်ထက်ဆုံး အမဲ၊ သား၊ ငါးကို မသုံးဆောင်ကြရန်။ အမဲ၊ သား၊ ငါးကို သုံးဆောင်ပါက အာပတ်သင့်စေရန် ဟူ၍ ဖြစ်၏။

ဒေဝဒတ် လျှောက်ထားသော ကျင့်ဝတ်ကျင့်စဉ်တို့မှာ အလိုနည်းခြင်း၊ ရှောင့်ရဲလွယ်ခြင်း စသော အကျိုးတရားများကို ရရှိနိုင်သည်ကားမှန်၏။

ဤကျင့်ဝတ် ကျင့်စဉ်များကိုပင် ကိလေသာကိုခွာထွက်စေသောကျင့်စဉ် "ဓုတင်" ဟူသော အမည်တပ်ကာ ဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းတော်မူခဲ့သည်မှာလည်း အမှန်ပင်။

ရှင်မဟာကဿပ စသော မထေရ်ကြီးများလည်း ထိုကျင့်ဝတ် ကျင့်စဉ်များကို ကျင့်သုံး ဆောက်တည် တော်မူကြသည်မှာလည်း အထင်အရှားပင် ဖြစ်၏။

သို့ရာတွင် ထိုကျင့်ဝတ် ကျင့်စဉ်များကို ကိုယ်စိတ်နှစ်ပါး ကြံ့ခိုင်သန်စွမ်း ကြသူများသာ မကျိုးမပေါက် ကျင့်သုံး ဆောက်တည်နိုင်ကြ၏။ အချို့ပုဂ္ဂိုလ်များ အတွက်မူ ဓုတင်ကျင့်ဝတ်ကို စိတ်အားထက်သန်စွာ ကျင့်လိုသည့်တိုင် ကျင့်နိုင်လောက်သည့် ကြံ့ခိုင်သန်စွမ်းမှု မရှိသဖြင့် ကျင့်ကြံအားထုတ်ခြင်း မပြုနိုင်ကြပေ။

ထိုသို့သော ပုဂ္ဂိုလ်မျိုးအတွက် ဓုတင်အကျင့်ကို မဖြစ်မနေ ကျင့်ရမည်ဟု ပညတ်လိုက်လျှင် သာသနာ့ဘောင်တွင် ဆက်လက် နေထိုင်နိုင်ကြတော့မည် မဟုတ်ပေ။ စင်စစ်အားဖြင့် ဓုတင်အကျင့်ကို အောင်မြင်ပေါက်မြောက်စွာ ကျင့်သုံး ဆောက်တည်နိုင်ကြသည်မှာ လူနည်းစုသာ ဖြစ်၏။

လူဝတ်ကြောင်ကို စွန့်ကာ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသည်မှာ သံသရာ ဝဋ်ဒုက္ခ ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် အလို့ငှာသာ ဖြစ်၏။

လူဝတ်ကြောင်ပင် ဖြစ်စေ၊ ရဟန်းသံဃာပင် ဖြစ်စေ သံသရာ ဝဋ်ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ကျင့်သုံးဆောက်တည်ရမည့် မဇ္ဈိမပဋိပဒါ ကျင့်ဝတ်ကျင့်စဉ်ကို ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားပြသ ဆုံးမထားပြီး ဖြစ်သည်။ ထိုမဇ္ဈိမပဋိပဒါ ကျင့်ဝတ် ကျင့်စဉ်သည်သာ မဖြစ်မနေ ကျင့်ဆောင်ရမည့် ကျင့်ဝတ်ဖြစ်၏။

ဓုတင်သည်ကား ကျင့်နိုင်သည့် အစွမ်းအစရှိသဖြင့် ကျင့်လိုသူများ ကျင့်ကြံရန်ဖြစ်ပြီး မကျင့်နိုင်ပါက မဇ္ဈိမပဋိပဒါ ကျင့်စဉ်ကိုသာ ကျင့်ကြံပွားများအားထုတ်ကြရန် ဖြစ်၏။

သို့ဖြစ်၍ ဘုရားရှင်သည် ဒေဝဒတ်၏ လျှောက်ထားတောင်းဆိုချက်ကို ပယ်တော်မူလိုက်၏။ သံဃာအား လွှဲအပ်ရန် တောင်းဆိုခဲ့စဉ် ဘုရားရှင် ငြင်းပယ်တော်မူခဲ့သဖြင့် ဒေဝဒတ်၏ မျက်နှာ ရုပ်ပျက်ဆင်းပျက် ညှိုးရော်ညစ်နွမ်းခဲ့သည်ကို ကျွန်ုပ် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူး၏။

ယခုအကြိမ် သူ၏တောင်းဆိုချက်ကို ဘုရားရှင် ငြင်းပယ်တော်မူသည်တွင်မူ သူ့မျက်နှာမှာ လုံးဝ မပျက်သည့်အပြင် ဝမ်းသာရွှင်လန်းလျက် အပြုံးပန်းများပင် ဝေဆာစွာ ပွင့်ခဲ့၏။

သူ၏ တောင်းဆိုချက်အား ရှင်တော်ဘုရား ငြင်းပယ်တော်မူမည်ကို မူလကပင် ကြိုတင်တွက်ဆထားပြီး ဖြစ်ဟန်တူ၏။ ငြင်းပယ်တော်မူလျှင် ဘာဆက်လုပ်ရမည်ကိုလည်း ကြိုတင် စီစဉ်ထားပြီး ဖြစ်သည်ကို သူ့လုပ်ရပ်များက ထုတ်ဖော် ပြသလိုက်ပေပြီ။

သူ၏ ရည်ရွယ်ချက်သည်ကား ကျွန်ုပ် ကြိုတင်ခန့်မှန်းထားသကဲ့သို့ပင် ကောင်းသည့် ရည်ရွယ်ချက် မဟုတ်ပေ။ သံဃာချင်း သင်းခွဲကာ တစ်စင်ထောင်ရန် ရည်ရွယ်ချက်ဖြင့် အကွက်ချ စီစဉ်ဆောင်ရွက်ခြင်းပင် ဖြစ်တော့သည်။

ဒေဝဒတ်သည် ဓုတင်ကျင့်ခြင်း၏ အနှစ်သာရနှင့် မူလရည်မှန်းချက်ကို မသိနားမလည်သော ရဟန်းငယ်များနှင့် ပင်ပန်းဆင်းရဲခံကာ ကျင့်ကြံအားထုတ်ခြင်းကိုမှ အထင်ကြီးတတ်သော ဒါယကာ၊ ဒါယိကာမများအား စုစည်းပြီးနောက် -

"ငါ့ရှင်တို့၊ ငါသည် ဒုက္ခကင်းကြောင်း ကောင်းမြတ်သည့် ကျင့်ဝတ်ငါးတန်ကို အရှင်ဂေါတမထံ တောင်းခံခဲ့သော်လည်း အရှင်ဂေါတမ ပယ်ချခဲ့၏၊ ငါသည်ကား တောင်းဆိုခဲ့သည့်အတိုင်း ကျင့်သုံးဆောက်တည်သွားမည်ဖြစ်၏၊ ငါကဲ့သို့ ဒုက္ခဝဋ်မှ ကျွတ်လိုသူတို့သည် ငါနှင့်အတူ လိုက်ပါကာ ငါကျင့်သကဲ့သို့ ကျင့်ကြကုန်လော့"ဟု သွေးဆောင်စည်းရုံးလေသည်။

ကျင့်ဝတ်ငါးတန် တောင်းခံခဲ့သည်မှာ သံဃာသင်းခွဲရန် သပ်လျှိုလိုက်ခြင်းဖြစ်ပြီး သူဆင်သည့်အကွက်ဝင်လာသည်နှင့် တစ်ပြိုင်နက် မြေ





www.burmeseclassic.com

www.burmeseclassic.com

ပြောင်တင်းတင်းပင် သံဃာသင်းခွဲသည့်ကိစ္စကို လူသိရှင်ကြား ကြိုးစားလိုက်ခြင်းပေတည်း။

ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူသည်ဖြစ်၍ ဒေဝဒတ်ကို ခေါ်စေကာ မေးမြန်းသည်တွင် ဒေဝဒတ်လည်း ဟုတ်မှန်ကြောင်း ဝန်ခံလေ၏။

ထိုအခါ ဘုရားရှင်က ဒေဝဒတ်အား -

"သင်သည် ဤကဲ့သို့သော အမှုကို မပြုသင့်၊ သံဃာသင်းခွဲခြင်း အမှုသည်ကား အလွန်ဝန်လေးလှသော ဂရုကံကြီး ဖြစ်ပေသည်" ဟု ဒေသနာတော်ဖြင့် ကောင်းစွာဆုံးမတော်မူခဲ့၏။

သို့ရာတွင် ဒေဝဒတ်သည်ကား မြတ်စွာဘုရား၏ အဆုံးအမကို နာခံခြင်း မပြုမူ၍ ရှောင်လွှဲကာ ထွက်ခွာသွားလေ၏။

ထိုနေ့က ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံရန်အလို့ငှာ ကျွန်ုပ် လှည့်လည်နေစဉ်တွင် ရှင်ဒေဝဒတ်နှင့် ဆုံတွေ့ခဲ့၏။ သူသည် ကျွန်ုပ်ထံသို့ လာရောက်ခဲ့ပြီး -

"ငါ့ရှင် အာနန္ဒာ၊ ငါတို့သည် ယနေ့မှ အစပြု၍ ဘုရားရှင်ကို လည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖယ်ရှောင်ကာ ငါတို့ချည်း ဥပုသ်ပြုကြကုန်တော့အံ့" ဟု အတိအလင်း ပြောကြားလာ၏။

ကျွန်ုပ်လည်း သူပြောသည့် စကားကိုသာ နားထောင်ခဲ့ပြီး လျင်စွာပင် လမ်းခွဲခဲ့၏။

ကျောင်းတော်သို့ ပြန်ရောက်သည်နှင့် ဒေဝဒတ်၏ နှုတ်ထွက်စကားကို ဘုရားရှင်အား ရွှေနားတော်ကြားလျှောက်ထားလိုက်ရပေသည်။

ထိုစကားကို ကြားသည်တွင် ရှင်တော်ဘုရားသည် ဒေဝဒတ် ကျူးလွန်ခဲ့သည့် အကုသိုလ်ကံ အရှိန်အဟုန်များကြောင့် အဝီစိငရဲ၌ လွန်ကဲသော ဒုက္ခဖြင့် မရှုမလှ ခံစားရမည်ကိုဆင်ခြင်တော်မူမိသဖြင့် အပါးတော်တွင် ခစားနေကြသော ရဟန်းသံဃာများ ဓမ္မသံဝေဂ ရနိုင်စေခြင်းအလို့ငှာ -

"ရဟန်းတို့ သူယုတ်သည် စိတ်အလိုသို့ လိုက်မိသည်ဖြစ်၍ မိမိ၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းကိုလည်းကောင်း၊ ရွံရှာစက်ဆုပ်ဖွယ် ယုတ်မာသော အမှုတို့ကိုလည်းကောင်း နှစ်ခြိုက်စဖွယ် ပြုလွယ်ကြကုန်၏၊ မိမိ၏ အကျိုးစီးပွား တိုးတက်ထွန်းကားရာကိုလည်းကောင်း၊ သူတော်ကောင်းတို့ ချီးမွမ်းရာ ချီးမွမ်းကြောင်း ကောင်းမြတ်သော အမှုတို့ကိုလည်းကောင်း ပြုရန်မှာမူ အလွန်အကဲ ပြုနိုင်ခဲပေ၏။

သူတော်ကောင်းသည် ကောင်းမှုကို ပြုကျင့်လွယ်၏၊ ယုတ်မာသောသူသည် ကောင်းမှုကို ပြုနိုင်ခဲ၏၊ ယုတ်မာသူသည် မကောင်းမှုကို ပြုကျင့်လွယ်၏၊ သူတော်ကောင်းသည် မကောင်းမှုကို လွန်စွာပြုကျင့်နိုင်ခဲ၏"

ဟူသော ဒေသနာတော်ကို ဟောမိန့်တော်မူလေ၏။

ထိုနေ့သည်ကား ဥပုသ်နေ့ ဖြစ်၏။ ဆွမ်းစားပြီးချိန်ဖြစ်၍ ဥပုသ်ပြုရန် သံဃာတော်များ စုဝေးနေသော အချိန်ပင်ဖြစ်၏။ သံဃာတော်များ စုံညီစွာ စုစည်းပြီးသည်တွင် ဒေဝဒတ် ရောက်ရှိလာ၏။

သူ့စီမံကိန်းအား အကောင်အထည်ဖော်ရန် လာရောက်ခြင်းပင် ဖြစ်ပေမည်ဟု ကျွန်ုပ် တစ်ဦးတည်း မှတ်ချက်ချနေစဉ်တွင် -

"ငါ့ရှင်တို့ ငါတို့သည် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့ အကျိုးငှာ အရှင်ဂေါတမထံတွင် ငါးမျိုးသော ကျင့်ဝတ်ကျင့်စဉ်တို့ကို တောင်းဆိုခဲ့၏၊ ငါးမျိုးလုံးကိုပင် အရှင်ဂေါတမ ပယ်ချခဲ့၏၊ ငါတို့ကား တောင်းဆိုခဲ့သည့် အတိုင်းပင် ကျင့်သုံးကြ၏၊ ဤသံဃာ့ပရိသတ်ထဲမှ ငါးမျိုးသော ကျင့်ဝတ်ကျင့်စဉ်တို့ကို နှစ်သက်သူများသည် စာရေးတံမဲ ယူကြပါကုန်လော့"

ဟူသော ဒေဝဒတ်၏ သင်းခွဲစကားဖြင့် လှည့်ဖြားစည်းရုံးသံကို ကြားလိုက်ရ၏။

ဒေဝဒတ်၏ စကားအဆုံးဝယ် ဝဇ္ဇီတိုင်းသား ရဟန်းငယ် ငါးရာတို့သည် သူတို့သီတင်းသုံးရာ နေရာအသီးသီးမှ ထလာကြကာ စာရေးတံမဲကို ယူကြကုန်၏။ ထိုသူတို့သည်ကား ရဟန်းသက် နုငယ်သူများဖြစ်ကြ၏။ မူလကပင် ဒေဝဒတ်၏ နောက်ပါများဖြစ်ကြပြီး ဒေဝဒတ်၏ အရိပ်ကို မှီခိုအားထားနေသူများ၊ ဒေဝဒတ်၏ ကျေးဇူးခံ ကျေးဇူးစားများ ဖြစ်ကြ၏။

ဒေဝဒတ်သည် သူစည်းရုံး၍ ရသမျှသော ရဟန်းငယ်များကို စုစည်းကာ အများသံဃာတို့ စုဝေးရာ ထိုသိမ်ထက်၌ပင် အများသံဃာနှင့် မရောမယှက် ခွဲထွက်၍ သီးခြား ဥပုသ်ကံ ပြုခဲ့၏။

ဘုရားရှင် တားမြစ်တော်မူခဲ့သော သံဃဘေဒကကံကြီးကို အထမြောက်အောင် ပြုပြီးမှပင် သူ့ပရိသတ်ကို ခေါ်ကာ ဂယာသီသသို့ ထွက်ခွာသွားပေသည်။ ဒေဝဒတ်၏ ဖြားယောင်းသွေးဆောင်မှုနောက်သို့ မသိနားမလည်သဖြင့် ကောက်ကောက်ပါအောင် လိုက်ပါသွားကြကုန်သော ထိုရဟန်းငယ်



www.burmeseclassic.com

www.burmeseclassic.com

ငါးရာတို့ ကြီးမားသောဒုက္ခအဖုံဖုံတို့နှင့် ခါးသီးစွာကြုံတွေ့ကြရမည်ကို ရှင်တော်ဘုရား သိမြင်တော်မူသည်ဖြစ်၍ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့အား ခေါ်တော်မူကာ -

"ချစ်သားတို့၊ ဒေဝဒတ် နောက်သို့ပါသွားသော ရဟန်းငယ်များအပေါ် သင်တို့ ကရုဏာ မပွားကြလေသလော၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းအလို့ငှာ သာသနာသို့ ဝင်လာပါလျက် မိုက်မဲသော အဖော်သဟဲကို မှီဝဲဆည်းကပ်မိကြသဖြင့်. ပျက်စီးကြရပေတော့မည်၊ ရဟန်းငယ်များ အကျိုးမဲ့ မပျက်စီးမီ ကယ်တင်ခဲ့ကြကုန်လော့၊ ယခုပင် သင်တို့ သွားကြချေ" ဟု မိန့်တော်မူလိုက်လေသည်။

ဘုရားရှင်၏ အမိန့်တော်ကို ဦးထိပ်ထက် ပန်ဆင်ကြကာ အရှင်မြတ်ကြီးနှစ်ပါးလည်း ဂယာသီသသို့ အဆောတလျင်ပင် ကြွသွားကြလေ၏။

မြတ်စွာဘုရားကိုပင် ကန့်လန့်တိုက်ကာ တစ်စင်ထောင်ရန် အလို့ငှာ ခွဲထွက်ခဲ့သည့် ရှင်ဒေဝဒတ်အား ကိုယ်တော်ကြီး နှစ်ပါး မည်ကဲ့သို့ ရင်ဆိုင်ညော်ကို ကျွန်ုပ် သိလိုလှ၏။ သို့ဖြစ်၍ ကိုယ်တော်ကြီးနှစ်ပါး ပြန်ရောက်လာသည့်အခါ ကြားရမည့် သတင်းစကားကိုသာ ရင်မောစွာ စောင့်စားနေမိ၏။

ထိုစဉ်တွင် ရဟန်းငယ်တစ်ပါး အပြေးအလွှား ရောက်လာကာ ထိတ်ထိတ်ပျာပျာ ဖြစ်နေရင်းမှ ဗလုံးဗထွေး လေသံဖြင့် ကျွန်ုပ်အား မပီမသ ပြောကြားလာ၏။

သူ့စကားသံက မသဲမကွဲ ဖြစ်နေသဖြင့် ရှေးဦးစွာ သူ့အား စိတ်ငြိမ်ငြိမ်ထားရန်နှင့် အေးအေးဆေးဆေးပြောရန် ချောင်းဖျရ၏။

ထိုသည့်နောက်ဝယ် သူ့ထံမှ ပီသစွာ ထွက်ပေါ်လာသည့် စကားက-

"အရှင်ဘုရား၊ အမြန်တားဆီးတော်မူနိုင်ရန် ဘုရားရှင်အား လျှောက်ထားပေးတော်မူပါ၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်ကြီး နှစ်ပါးတို့ ရှင်ဒေဝဒတ်နောက်သို့ လိုက်ပါရန် ယခုပင် ကျောင်းတော်မှ ထွက်ခွာသွားကြပါပြီဘုရား" ဟူ၍ ဖြစ်၏။

အကြောင်းစုံကို သိထားပြီး ဖြစ်သော ကျွန်ုပ်အတွက်ကမူ သူလျှောက်တင်လာသည့် စကားက ငိုအားထက် ရယ်အားသန် ဆိုသကဲ့သို့ ဖြစ်၍နေပေ၏။ ဇာတ်မြစ်ကိုမသိသော ထိုရဟန်းငယ်အတွက်မူ စိတ်ပူမည်ဆိုက ပူလောက်စရာပင်။ သို့ဖြစ်၍ ကျွန်ုပ်လည်း ထိုရဟန်းငယ်အား အကြောင်းစုံ ရှင်းပြလိုက်ရ၏။ ဤတွင်မှ ထိုရဟန်းငယ်သည်လည်း စိတ်သက်သာရာ ရကာ ပြန်ကြွသွားလေ၏။

နံနက်မိုးသောက် မရောက်မီ ညတွင်းချင်းပင် ကိုယ်တော်ကြီး နှစ်ပါးနှင့်အတူ ရဟန်းငယ် ငါးရာတို့ ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြ၏။ ရဟန်းငယ် ငါးရာတို့၏ အသွင်အပြင် လက္ခဏာများမှာ ယခင်ကနှင့်မတူ တစ်မူထူးကာ ရင့်ကျက်တည်ငြိမ်လာသည်ကို တွေ့ရ၏။

ယခုမှပင် ကြားရသည့်သတင်းစကား စောင့်စားရင်း ရင်မောနေခဲ့သည့် ကျွန်ုပ်၏နှလုံးအိမ်မှာ ဝမ်းမြောက်သည့် ပီတိအဟုန်ဖြင့် အအေးဓာတ် လွှမ်းခြုံခြင်းကို ခံခဲ့ရ၏။

ဂယာသီသတွင် ရှင်ဒေဝဒတ်နှင့် ဆုံတွေ့ခဲ့ပုံများကို ကိုယ်တော်ကြီး နှစ်ပါးထံမှ ကျွန်ုပ် အားပါးတရ နာကြားလိုက်ရ၏။ ကျွန်ုပ် နာကြားချက်များအရ ကောက်ချက်ချရပါမူ ဒေဝဒတ်၏ အဖြစ်သည်ကား ကျွန်ုပ်ထံသို့ အပြေးအလွှားရောက်ရှိလာသည့် ရဟန်းငယ် ထက်ပင် ပို၍ဆိုးရွားခဲ့သည်ဟု ဆိုချင်ပါ၏။ အကြောင်းမူကား -

ရှင်ဒေဝဒတ်သည် သူရှိရာသို့ ကြွလာကြသော ကိုယ်တော်ကြီးနှစ်ပါးကို အဝေးမှ လှမ်း၍မြင်လိုက်သည်တွင် သူ့အပါး၌ ရှိနေသော ကောကာလိကအား -

"ချစ်သားကောကာလိက၊ အရှင်ဂေါတမ၏ သာဝကကြီးနှစ်ပါးသည် ငါ့ထံသို့ လာကြကုန်ပြီ၊ သူတို့သည် ငါ့တရားကို နှစ်သက်ကုန်၏"ဟု ဆိုလေသည်။ ထိုအခါ ကောကာလိကက -

"ဆရာအရှင် ဒေဝဒတ်၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ကို အကျွမ်းတဝင် လက်မခံသင့်ပါ၊ ထိုသူတို့သည် အလိုဆိုးရှိသည်ဖြစ်၍ ယုတ်သောအကြံဖြင့် လာကြခြင်း ဖြစ်ဟန်တူ၏"ဟုပြောကာ ကန့်ကွက်လေ၏။

ထိုအခါ သူ့ကိုယ်သူ အထင်ကြီးကာ မိုးမမြင်လေမမြင် ဘဝင်မြင့်နေသော ရှင်ဒေဝဒတ်က -

"ရှေးအခါကဆိုလျှင် မှန်ပေသည်၊ ယခုကား ကောင်းသောလာခြင်း ဖြစ်၍ ငါကြိုဆိုရပေမည်" ဟုဆိုကာ ကိုယ်တော်ကြီး နှစ်ပါးအတွက် သူ၏အပါးတွင်ပင် နေရာပေးကာ ပင့်ဖိတ်လေသည်။

ဤကား သူ၏ကိုယ်စား အားထားလောက်သည့် တပည့်ကြီးများ အဖြစ် အသိအမှတ်ပြုလိုက်ခြင်းပင်တည်း။

သို့ရာတွင် အရှင်မြတ်ကြီး နှစ်ပါးတို့သည် သူခင်းပေးသောနေရာတွင်



www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးခြင်းမပြုကြဘဲ သင့်လျော်ရာ နေရာအသီးသီးတို့၌သာ နေကာ ရှင်ဒေဝဒတ် ဟောသောတရားကို တိတ်ဆိတ်စွာ နာကြလေ၏။

သူနှင့်အတူ ပါလာကြကုန်သော ရဟန်းငါးရာတိုကို ဆရာကြီး ရှင်ဒေဝဒတ်သည် ရောက်တတ်ရာရာတရားများ ဟောကြား၍နေခဲ့ရာ ညဉ့်ဦးယံလွန်ပြီးနောက် သန်းခေါင်ယံ ရောက်သည့်တိုင် တရားလက်စ မသတ်နိုင်ဖြစ်၍နေ၏။

ဤကွင် ရှင်ကြီးဒေဝဒတ်သည် ဟောလက်စ တရားကို သူ၏ လက်ထောက် တပည့်ကြီးထံ လွှဲအပ်သည့် လေသံမျိုးဖြင့် -

"ငါ့ရှင် သာရိပုတ္တရာ၊ ငါကား တရားဟောချိန် ကြာသွား၍ ကျောအောင့်ကာ ညောင်းညာလာပေပြီ၊ ငါလဲလျောင်း၍ နားလိုက်ဦးမည်၊ သံဃာတို့အား သင် တစ်လှည့် တရားဟောပေဦးလော့"ဟု ဆိုလေသည်။

ဤသည်ကား ဘုရားရှင် မိန့်တော်မူနေကျ စကားလုံးများကို ပုံတူကူးကာ အသုံးပြုလိုက်ခြင်း ဖြစ်ပေ၏။

အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးလည်း -

"ကောင်းပါပြီ ငါ့ရှင်"ဟုအလိုက်သင့်ပင် ပြောကြားလိုက်ပြီး တရားပွဲကို စတင်လေသည်။

မကြာမီပင် အညောင်းပြေလျောင်းစက်တော်မူနေသည့် ရှင်ကြီးဒေဝဒတ်ထံမှ ဟောက်သံ ထွက်လာလေတော့၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သာဝကကြီးများအား တရားဟောရန် လွှဲအပ်လိုက်ပြီးလျှင် လဲလျောင်းကာ အညောင်းပြေ နားနေတော်မူလေ့ရှိသည်။ အိပ်ပျော်အောင် ကျိန်းစက်တော်မူခြင်းကား မဟုတ်ပေ။ သက်သောင့်သက်သာ လဲလျောင်းတော်မူရင်းက သာဝကကြီးများ ဟောကြားသော တရားကို နှစ်ခြိုက်စွာ နာတော်မူနေသည်သာဖြစ်၏။

ရှင်ကြီး ဒေဝဒတ်သည်ကား ဘုရားရှင်၏ အပြုအမူကို အတုယူခဲ့သော်လည်း တူအောင် မတုနိုင်ခဲ့သည်ဖြစ်ရကား တရားမဆုံးမီပင် တုံးလုံးစက်တော်ခေါ်ခဲ့ရာ တခေါခေါနှင့် ဟောက်သံထွက်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ၍နေပေပြီ။

✤

ဤအတောအတွင်း အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ဒေသနာတည်းဟူသော ပါဋိဟာရိယဖြင့် လည်းကောင်း၊ တန်ခိုးတည်းဟူသော ပါဋိဟာရိယဖြင့် လည်းကောင်း အစဉ်အတိုင်း ဆုံးမတော်မူလျက် လမ်းမှားရောက်နေသော ရဟန်းငယ်များ လမ်းမှန်ပေါ် ရောက်စေရန် တည့်မတ်ပေးတော်မူခဲ့ကြလေသည်။ ရဟန်းငယ်များမှာ ကယ်တင်ရှင်များနှင့် အချိန်မီတွေ့ရသည်ဖြစ်၍ သစ္စာဉာဏ်အလင်း ပွင့်ထွန်း ပေါ်ပေါက်ခွင့်ရခဲ့ကြပေပြီ။

ရဟန်းငယ် ငါးရာတို့ သစ္စာဉာဏ် အလင်းပွင့်ခြင်းအဖြစ်သို့ ရောက်ခဲ့ပြီးကြသည်ကို သိရှိတော်မူသည်နှင့် တစ်ပြိုင်နက် ကိုယ်တော်ကြီးနှစ်ပါးသည် ညတွင်းချင်းပင် ဂယာသီသမှ ဝေဠုဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူကြသည်တွင် ရဟန်းငယ်ငါးရာတို့ပါ တစ်ပါတည်း ပြန်လည်လိုက်ပါခဲ့ကြခြင်းပင် ဖြစ်တော့သည်။

နံနက်အရုဏ်တက်တွင် ကျွန်ုပ်သည် ဘုရားရှင်ထံတော်ပါးဝယ် ယာဂုကပ်နေစဉ် အရှင်သာရိပုတ္တရာသည် ရှင်ဒေဝဒတ်ထံမှ ပြန်လည်လိုက်ပါလာကြသည့် ရဟန်းငယ်ငါးရာကို ခေါ်ဆောင်လျက် ဘုရားရှင်ထံတော်ပါးသို့ ရောက်ရှိလာကာ ဘုရားရှင်အား ရှိသေစွာ ရှိခိုးလေ၏။ ထို့နောက် -

"အရှင်ဘုရား တောင်းပန်ပါ၏၊ သံဃာသင်းခွဲသူ၏ နောက်လိုက်ဖြစ်သော ဤရဟန်းများကို နောက်ထပ်တစ်ဖန် ရဟန်းပြု၍ ပေးတော်မူပါဦးဘုရား" ဟု လျှောက်၏။

မဟာကာရုဏိကတော်ရှင် မြတ်စွာဘုရားသည် မလိမ္မာ၍ တစ်ခါမိုက်မဲသူများအား ကြီးလေးသောအပြစ်သို့ မရောက်စေလိုသည် ဖြစ်၍ -

"သာရိပုတ္တရာ သံဃာသင်းခွဲသူ၏ နောက်လိုက်ဖြစ်သော ရဟန်းများကို နောက်ထပ်တစ်ဖန် ရဟန်းပြုပေးရန် မလိုလားပါနှင့်၊ ထုလ္လစ္စယအာပတ်ကိုသာ ဒေသနာ ကြားခိုင်းလိုက်ပါလော့"ဟု မိန့် တော်မူလေသည်။

ထို့နောက် သံဃာသင်းခွဲခြင်းနှင့်စပ်လျဉ်း၍ ဝိနည်းဆောင် သာဝကကြီးဖြစ်သော ဝိနည်းဆောင် ဧတဒဂ်ရ အရှင်ဥပါလိ၏ မေးလျှောက်ချက်များကို ပြည့်စုံစွာ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူလေသည်။ ဤသည်ကား ဝိနည်းကြောင်းဆိုင်ရာ ဆုံးဖြတ်စရာများ ရှိသည့်အခါ ဘုရားရှင်ကိုယ်စား တိကျခိုင်လုံစွာ ဆုံးဖြတ်ပေးနိုင်ရန် ဖြစ်ပေသည်။

ရှင်တော်ဘုရားသည် ရာဇဂြိုဟ်တွင် ပေါ်ပေါက်ခဲ့သော အမှုကြီးများ ရာဇဂြိုဟ်တွင်ပင် ပြီးဆုံးချုပ်ငြိမ်းသွားသည်အထိ အန္တိုင်းမဲ့မေတ္တာတော်ကို



www.burmeseclassic.com

www.burmeseclassic.com

မြန်ကြက်ကာ သီတင်းသုံးတော်မူခဲ့ပြီးနောက် ထိုပြဿနာများ ထင်ရှားစွာ ရှင်းလင်းပြီးသည်တွင်မှ ရာဇဂြိုဟ်ကို စွန့်ခွာကာ သာဝတ္ထိမြို့သို့ ကြွချီတော်မူလေသည်။

သာဝတ္ထိမြို့တော်ရှိ အနာထပိဏ် သူဌေးကြီး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိပြီး၍ မကြာမီပင် ဂယာသီသမှ သတင်းတစ်ခုကို ကြားသိလိုက်ရ၏။ ရှင်ဒေဝဒတ် သွေးစွက်ပွက်အန်သည့် ဝေဒနာကို ခံစားနေရသည်ဟူသတည်း။ ထိုသတင်းက ကျွန်ုပ်အား တုန်လှုပ်စေခဲ့ပြီး သံဝေဂလည်း ပွားမိပါ၏။

ဖြစ်တန်ရာချေရှိသည့် သတင်းဖြစ်၍လည်း ကျွန်ုပ် ယုံကြည်မိခဲ့၏။ ကိုယ်တော်ကြီး နှစ်ပါးနှင့် ရဟန်းငါးရာတို့ ဂယာသီသမှ ပြန်ကြွလာခဲ့သည့် နံနက်တွင် ကောကာလိကသည် အိပ်ပျော်နေသော ရှင်ကြီး ဒေဝဒတ်ကို နှိုးကာ -

"ငါ့ရှင် ဒေဝဒတ် ထလော့၊ ငါ့တို့ကို သင် နားမထောင်ခဲ့သဖြင့် သင်၏ပရိသတ်ဖြစ်သော ရဟန်းငါးရာတို့ကို ဟိုကိုယ်တော်နှစ်ပါး ခေါ်ဆောင်၍ သွားချေပြီ" ဟုဆိုကာ ရှင်ဒေဝဒတ်၏ရင်ဝကို ခြေဖနောင့်ဖြင့် ကန်ကျောက်လေ၏။

အိပ်ရာမှ ရုတ်တရက် ထိတ်လန့်ခြင်းဖြင့် ရင်တုန်ပန်းတုန်ဖြစ်ကာ နိုးလာခဲ့ရသော ရှင်ဒေဝဒတ်သည် ကောကာလိက၏ ကန်ချက်ကို မရှုမလှ ခံလိုက်ရသည်တွင် ကမန်းကတန်း ထူးထလိုက်၏။ ရင်ဝမှ နာကျင်သည့် ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း မျက်လုံးအစုံကို ကြိုးစား၍ဖွင့်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

ယမန်နေ့ ညက ဤနေရာ ဤဌာနတွင် တပည့်ပရိသတ်ကြီးနှင့် သိုက်သိုက်ဝန်းဝန်း နေခဲ့ရ၏။ ရှင်တော်ဂေါတမ၏ သာဝကကြီး နှစ်ပါးပင် ရောက်ရှိလာခဲ့သေး၏။ ယခုမူကား ထိုသာဝကကြီးနှစ်ပါးနှင့် ရဟန်းငါးရာတို့ မရှိကြတော့ပြီ။ သူ့အပါးတွင် ရှိနေသည်ကား သူ့ရင်ဝကို ဖနောင့်ဖြင့် ကန်ကျောက်သူ ကောကာလိကနှင့် အခြားသုံးလေးဦးတို့သာတည်း။

ခမ်းနား ကျယ်ဝန်းလှသော ကျောင်းတိုက်ကြီးမှာ တပည့်ပရိသတ်ကင်းမဲ့ကာ ဟာလာဟင်းလင်းဖြစ်နေသော မြင်ကွင်းကို မြင်လိုက်ရသည့် ခံစားချက် ဝေဒနာက သူ့ရင်ဝကို အရှိန်ပြင်းစွာ ထပ်မံ၍ ဝင်ဆောင့်လိုက်သကဲ့သို့ နင့်ခနဲခံစားလိုက်ရ၏။ ဤတွင် ရှင်ဒေဝဒတ်၏ ရင်တွင်းမှ ပူလောင်သော သွေးအလျှံများ ဖျို့အန်၍ ထွက်ကျလာလေတော့၏။ ကြားရသည့် သတင်းက စိတ်မချမ်းမြေ့စရာပင်။

ထိုသတင်း ကြားပြီးသည့်နောက် ကာလအတန်ကြာစွာပင် ရှင်ဒေဝဒတ်၏ သတင်းကို မကြားသိရတော့ဘဲ အဆက်ပြတ်၍နေ၏။ ရှင်ဒေဝဒတ်အား ကျွန်ုပ် သနားမိသည်ကတော့ အမှန်ပင်ဖြစ်၏။ သို့ရာတွင် သူပြုခဲ့သည့် အမှုကြောင့် သူခံရခြင်းသာ ဖြစ်၍ မတတ်နိုင်တော့ပြီ။

သူ့အပြစ်ကို သူသိသဖြင့် ဘုရားရှင်အား ဝန်ချတောင်းပန်ကာ သာသနာတော်၏ အရိပ်အာဝါသကို ပြန်လည်ဝင်ရောက်ခိုလှုံပြီး အေးချမ်းစွာ နေထိုင်သွားလျှင် မည်မျှ ကောင်းလိုက်လေမည်နည်း။ ဒေဝဒတ်သည်ကား ဤသို့ ပြုမည့်သူမျိုးလား။ ကျွန်ုပ် မစဉ်းစားတတ်တော့ပေ။

မကြာမီပင် မကြားရသည်မှာ ကြာပြီဖြစ်သော ဒေဝဒတ်၏ သတင်းစကားကို ကြားလိုက်ရ၏။ ရှင်ဒေဝဒတ်၏ သွေးအန်သော ဝေဒနာသည် တစ်နေ့တခြား ပိုမိုဆိုးရွားလာရာ ဘုရားရှင်အား ပြစ်မှားစော်ကားမိသဖြင့် ဤသို့ဖြစ်ရသည်ဟူ၍ နောင်တကြီးစွာ ရလာလေ၏။ ထိုသို့ မိုက်မှားမိခဲ့လေသမျှ အမှုများအတွက် ဘုရားရှင်၏ ခြေတော်ရင်းတွင် ဝပ်စင်း၍ တောင်းပန်ရန် သာဝတ္ထိမြို့တော်သို့ ထွက်ခွာလာပြီဟု ဆို၏။

ရှင်ဒေဝဒတ်သည် ခရီးရှည်သွားရန်အတွက် လမ်းလျှောက်ခြင်းငှာ မစွမ်းနိုင်တော့သည်ဖြစ်၍ သူ့တပည့်များက ညောင်စောင်းယ်ဖြင့် ထမ်း၍ လာကြရသည်ဟု ဆိုသည်။

ကျွန်ုပ်လည်း ထိုသတင်းကို ရှင်တော်ဘုရားအား ရွှေနားတော်ကြား လျှောက်ထားလိုက်ရ၏။

ထိုအခါ ဘုရားရှင်က -

"အာနန္ဒာ၊ ဒေဝဒတ်သည် ငါဘုရားကို ဖူးရတော့မည်မဟုတ်ပေ"ဟု မိန့်တော်မူခဲ့၏။

ကျွန်ုပ် မျှော်လင့်ထားသကဲ့သို့ပင် ရှင်ဒေဝဒတ်သည် သူ့အမှားကို သူသိသဖြင့် ဘုရားရှင်၏ ခြေတော်ရင်းတွင် ဝပ်စင်းကာ ဝန်ချတောင်းပန်ရန် လာရောက်နေပြီ ဟူသော သတင်းကို ကြားရသည်တွင် ကျွန်ုပ် ဝမ်းမြောက်မိပါ၏။ တကယ်ပင် အမြင်မှန်ရကာ လမ်းမှန်ပေါ် ရောက်ရှိလာရန်ကိုလည်း ဆန္ဒပြုနေမိပါ၏။

သို့ရာတွင် ရှင်တော်ဘုရား၏ မိန့်မြွက်စကားအရ ကျွန်ုပ်၏ မျှော်လင့်ချက်များ ပျက်ပြယ်၍ သွားခဲ့ပေပြီ။ ရွှေအလားအလာကို ကြိုတင်သိမြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍သာ ရှင်တော်ဘုရားသည် ထိုသို့သော စကားကို မြွက်ကြားတော်မူခြင်း ဖြစ်ပေမည်။

ရှင်ဒေဝဒတ်သည် ဆက်လက်၍ ထွက်ခွာလာရာ ဇေတဝန်ကျောင်းတော်ကြီးနှင့် တစ်စတစ်စ နီးကပ်လာနေပြီဖြစ်ကြောင်း သတင်းစကားများက အဆင့်ဆင့် ကြားနေရသည်။ သို့တိုင်အောင် ကျွန်ုပ်သည်ကား မျှော်လင့်ချက် သိပ်မထားတော့ပေ။

ကျောင်းတော်ကြီးအနီးရှိ ရေကန် နံဘေးသို့ ရှင်ဒေဝဒတ်နှင့် သူ၏ နောက်ပါများ ရောက်ရှိလာကြပြီဟူသော သတင်းစကား ကြားလိုက်ရပြီးနောက်တွင် ကျောင်းတော်တွင်းမှ ရဟန်းငယ်များ လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ အချို့ကလည်း ဇေတဝန်ကျောင်းတော်ဝသို့ ထွက်ကာ မျှော်ကြည့်နေကြပြီး တွေ့ရသမျှ သတင်းစကားကို ကျွန်ုပ်ထံသို့ ပါးလာကြ၏။

သူတို့ထံမှ ကျွန်ုပ်ကြားသိရသည့် နောက်ဆုံး သတင်းစကားသည်ကား ရေကန်ဘေးသို့ ရောက်လာသည်တွင် ညောင်စောင်းကို ထမ်းလာကြသူများသည် ထိုညောင်စောင်းကို မြေသို့ချကာ ခေတ္တနားခဲ့ကြ၏။ ထို့နောက် ရေကန်မှ ရေဖြင့် ကိုယ်လက်သန့်စင်ရန် အလို့ငှာ ရေကန်အနားသို့ ချဉ်းကပ်ကြကုန်၏။

ထိုအခါ ရှင်ဒေဝဒတ်သည်လည်း ကိုယ်လက် သန့်စင်လိုသည်ဖြစ်၍ ညောင်စောင်းမှထကာ ခြေနှစ်ဖက်တို့ကို မြေကြီး၌ချလိုက်သည်တွင် *ခြေနှစ်ဖက်တို့သည် မြေထဲသို့ ဝင်ကုန်၏။* ထိုမှဆက်၍ အစဉ်အတိုင်းအားဖြင့် ဖမျက်၊ သလုံး၊ မြင်းခေါင်း၊ ခါး၊ ရင်၊ ပခုံး စသည်ဖြင့် အဆင့်ဆင့်ဝင်၍ မေးရိုးနားသို့ ရောက်အံ့ဆဲဆဲဝယ် -

"အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူထသော၊ နတ်အပေါင်းတို့၏ ခိုကိုးရာ နတ်မင်းကြီးလည်း ဖြစ်တော်မူထသော၊ လူအပေါင်းကို ဆုံးမရာ၌ ရထားထိန်းသဖွယ် ဖြစ်တော်မူထသော၊ သဗ္ဗညုတဉာဏ်တော် ရှိတော်မူထသော၊ ရာပေါင်းများစွာသော ဘုန်းကံကြောင့် တင့်တယ်သော လက္ခဏာတော် ရှိတော်မူထသော ထိုမြတ်စွာဘုရားကို ဤအရိုးတို့ဖြင့် လည်းကောင်း၊ ဤအသက်တို့ဖြင့် လည်းကောင်း ကိုးကွယ်ခြင်းသို့ ကပ်ရောက်ပါ၏" ဟု ရွတ်ဆိုကာ ဘုရားရှင်အား ပူဇော်ကန်တော့သွားသည်ဟု ဆိုလေသည်။

ဤသည်၏ နောက်တွင်ကား ရှင်ဒေဝဒတ်သည် မဟာပထဝီမြေအတွင်းသို့ စုံးစုံးမြုပ် ဝင်ရောက်သွားကာ မဟာပထဝီမြေကြီး၏ ဝါးမျိုခြင်းကို ခံရရှာသည်ဟု ဆိုသည်။

နောက်ဆုံးအချိန် ရောက်မှပင် နောင်တကြီးစွာ ရသွားခဲ့၏။ ဘုရားရှင်အား ဖူးတွေ့ခွင့် မရတော့သည့်တိုင် မျက်ကွယ်မှ ပူဇော်ကန်တော့ခွင့် ရခဲ့သဖြင့် တော်ပေသေး၏။ သို့ရာတွင် သူရခဲ့သည့် မိုက်နောင်တကား များစွာပင် နောက်ကျခဲ့ပေပြီ။

အဆုံးစွန်သော အမုန်းတရား စိတ်အစဉ်စေစားရာအတိုင်း အ...လိုက် အကြိုက်ဆောင်ခဲ့သော ရှင်...ဒတ်၏ ရုပ်ခန္ဓာကြီးသည်ကား မဟာပထဝီမြေကြီးက ဝါးမျိုလိုက်သဖြင့် ပျောက်ကွယ်၍ သွားခဲ့ပေပြီ။

*ရှင်ဒေဝဒတ်သည် ဘုရားရှင်၏* အနှိုင်းမဲ့မေတ္တာတော်ရိပ်အောက်ဝယ် ကောင်းသောအလာခြင်းဖြင့် ဝင်ရောက်ခိုလှုံခဲ့သော်လည်း ဘုရားရှင်၏ သာသနာအား ညစ်နွမ်းစေမည့် အမှုများ အကြိမ်ကြိမ် ကျူးလွန်ခဲ့သည်ဖြစ်ရကား သူ၏ ဘဝဇာတ်သိမ်းက မလှခဲ့ရှာပေ။

သူ၏ရုပ်ခန္ဓာ ပျောက်ကွယ်သွားသည့်တိုင် သူခြယ်မှုန်းခဲ့သည့် သူ့ဘဝပန်းချီကားက မလှမပ အရုပ်ဆိုး အကျည်းတန်သည့် ပုံရိပ်များအဖြစ် ထင်ကျန်ခဲ့ပေ၏။

အမုန်ကိုဝန်ခံရလျှင် ဇေတဝန်ကျောင်းတော်ဝသို့ ရှင်ဒေဝဒတ် ရောက်ရှိလာပြီဟူသော သတင်းစကား ကြားခဲ့စဉ်က ဘုရားရှင်ရှေ့တော်မှောက်သို့ ရှင်ဒေဝဒတ် ရောက်ရှိလာအံ့နိုးနိုးဖြင့် တိတ်တခိုး မျှော်လင့်ချက်ကလေးများ ကျွန်ုပ်၏ နှလုံးအိမ် အကြိုအကြားမှ ဝိုးတိုးဝါးတား ထွက်ပေါ်လာခဲ့သေး၏။

ယခုမူ. . .

"ဒေဝဒတ်သည် ငါဘုရားကို ဖူးရတော့မည် မဟုတ်ဓေ" ဟူသော ရှင်တော်ဘုရား၏ ရွှေနှုတ်တော်ထွက် စကားက မှန်ပေစွတကား။

ကျောင်းတော်ဝအထိ ရောက်ခဲ့ပြီးမှ ဘုရားရှင်အား ဖူးတွေ့ခွင့် မရလိုက်ဘဲ အရှင်လတ်လတ် မြေမျိုခံခဲ့ရရှာသည့် ရှင်ဒေဝဒတ်၏ အဖြစ်ဆိုးကို မျက်ဝါးထင်ထင် မြင်လိုက်ကြရကုန်သော ရဟန်းငယ်များမှာလည်း များစွာ အံ့ဩတုန်လှုပ်ချောက်ချားလျက် ရှိကြကုန်၏။

"မြေမျိုခဲ့ပြီးနောက် ရှင်ဒေဝဒတ်သည် အဘယ်အရပ်တွင် ဖြစ်ပါလေသနည်း"ဟု ရဟန်းတို့က မြတ်စွာဘုရားအား မေးလျှောက်သည်တွင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက -

*"ချစ်သားတို့၊ ဒေဝဒတ်သည်* အဝီစိငရဲကြီး၌ ဖြစ်ရလေသည်" ဟု မိန့်တော်မူ၏။

အဝီစိငရဲတွင် ရှင်ဒေဝဒတ် ခံစားနေရသော ဆင်းရဲဒုက္ခကို ကြားသိ





www.burmeseclassic.com

www.burmeseclassic.com

ရသည်မှာ ကြက်သီးမွေးညင်း ထလောက်သည်အထိ ကြောက်ဖွယ်လိလိ ဖြစ်၏။

သူ၏ခန္ဓာကိုယ်ကား ယူဇနာ တစ်ရာ အမြင့်အစောက်ရှိ၏။ သူ့အလုံးအရပ်နှင့် တစ်ထပ်တည်း ဖြစ်သော သံထည်ထုတံတိုင်းက သူ့ပတ်လည်တွင် ဘင်းကျပ်စွာ ဝိုင်းပတ်လျက် ဦးခေါင်းထိပ်မှ နားရွက်အစွန်းအထိ အထက်အမိုးသံထည်ထုအတွင်းသို့ လည်းကောင်း၊ ခြေဖဝါးနှစ်ဖက်မှ ခြေဖမျက်စိုင်အောင် အောက်ခံ သံထည်ထုအတွင်းသို့ လည်းကောင်း၊ နစ်မြုပ်စေလျက် လှုးလွန့်လှုပ်ရှားခြင်း မပြုနိုင်စေရန် ထိန်းချုပ်ထားခြင်း ခံနေရ၏။

ထန်းပင်လုံးကြီးမျှ ပမာဏရှိသော တစ်ချောင်းသော သံတံကျင်သည် အထက်အမိုးမှ ထွက်ကာ ငယ်ထိပ်မှ အောက်ဒွါရသို့ တိုးလျှိုပေါက်ထိုးဖောက်ပြီးနောက် အောက်ခံသံထည်ထုအတွင်းသို့ စူးဝင်လေ၏။ အလားတူပင် ကျောမှဖောက်ကာ ရင်မှထွက်သော သံတံကျင်သည် လည်းကောင်း၊ လက်ယာနံဘေးမှ ဖောက်ကာ လက်ဝဲနံဘေးမှထွက်သော သံတံကျင်သည် လည်းကောင်း မျက်နှာချင်းဆိုင် သံနံရံအသီးသီးသို့ စူးဝင် နစ်မြုပ်ကြလေကုန်၏။ မည်မျှနာကျင်ကာ အခံရခက်လေသနည်း။ ကျွန်ုပ် မတွေးဝံ့တော့ပေ။

ရှင်ဒေဝဒတ်အား ကရုဏာသက်ကြကုန်သော ရဟန်းတို့က ဘုရားရှင်အား -

"ဘုန်းတော်ကြီးမြတ်တော် မူပါပေသော မြတ်စွာဘုရား၊ ရှင်ဒေဝဒတ်သည်သူ၏အမှားကိုသိမြင်ကာ နောင်တရသည်ဖြစ်၍ သူ၏နောက်ဆုံး ထွက်သက်မတိုင်မီ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ထုတ်ဖော်ကြည်ညိုကာ သူ၏ အရိုးအသက်တို့ဖြင့် ကိုးကွယ်ခြင်းသို့ ကပ်ရောက်ခဲ့ပါကြောင်း ဖွင့်ဟ ပူဇော်သွားပါသည် ဘုရား" ဟု လျှောက်တင်ခဲ့ကြ၏။

ဤတွင် ရှင်ဒေဝဒတ်၏ နောင်အနာဂတ်အရေးနှင့် ပတ်သက်၍ ကျွန်ုပ်ကြားသိလိုက်ရသည့် မင်္ဂလာသတင်းမှာကား ဘုရားရှင်သည် ရှင်ဒေဝဒတ်၏ သံသရာ ဝဋ်ဒုက္ခဘေးမှ ကင်းဝေးစေနိုင်မည့် အခြင်းအရာကို ကြိုတင်သိမြင်တော်မူသည်ဖြစ်၍သာ ရှင်ဒေဝဒတ်အား ရဟန်းပြုခွင့် ပေးခဲ့ခြင်းဖြစ်၏။ ရဟန်းပြုပြီးနောက် ဝန်လေးသောကံတို့ကို ကျူးလွန်ခဲ့ငြားလည်း ရဟန်းပြုခြင်းကြောင့်ပင် ဝဋ်မှ ထွက်မြောက်ခြင်းအကြောင်းကို ပြုခြင်းငှာ စွမ်းနိုင်ခဲ့ခြင်းဖြစ်၏။ ရဟန်းမပြုဘဲ နေခဲ့သည်ရှိသော် ဝန်လေးသော ကံတို့ကို မကျူးလွန်ခဲ့သည့်တိုင် သံသရာဝဋ်မှ ထွက်မြောက်ခြင်း အကြောင်းကို ပြုခြင်းငှာ မစွမ်းဆောင်နိုင်ပေရာ။

ဤမည်သော အကြောင်းခံတရားကြောင့်ပင် ရှင်ဒေဝဒတ်သည် ဤဘဒ္ဒကပ်ကမ္ဘာမှ နောင်လာလတ္တံ့သော ကပ်တစ်သိန်းအထက်၌ အဋ္ဌိဿရ အမည်ရှိသော လေ[ာ]ကဓာတ်... သစ္စာဘာသာ သိမြင်သည့် အရှင်[ပ]စ္စေကဗုဒ္ဓါ ဖြစ်အံ့ ဟူသတည်း။

အလုံးစုံသော တရားအပေါင်းတို့ကို ဆရာမကူ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းဆင်ခြင် သိမြင်တော်မူပါပေသော ဘုရားရှင်၏ ဉာဏ်တော်မြတ်ကို ကျွန်ုပ် အကြိမ်ကြိမ် ကြည်ညိုပူဇော်နေမိ၏။

စင်စစ်အားဖြင့် အနှိုင်းမဲ့ မေတ္တာတော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်ပင် ရှင်ဒေဝဒတ် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ကာ ရှင်ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ရှိနိုင်ရေးအတွက် ပါဝင် ဖြည့်ဆည်းပေးတော်မူခဲ့ရခြင်းပါတကား။ ရှင်တော်ဘုရား၏ ကျေးဇူးတော်ကား ကြီးမားလှပေစွ။

ရှင်ဒေဝဒတ်သည် နောင်တစ်ချိန်တွင် ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်ရမည် ဟူသော အာမခံချက် ရရှိထားပြီးသူပါတကား။ ယခုအခါ ရှင်ဒေဝဒတ်အား မုန်းမာန်ပွားကာ လူ့ပြည် လူ့ရွာ၌ သက်ရှိထင်ရှား ရှိနေသူများထဲတွင် ထိုကဲ့သို့ အာမခံချက်ရပြီးသူ မည်မျှ ရှိနိုင်ပါမည်နည်း။

ကျွန်ုပ်သည်ကား အနန္တ ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ အနှိုင်းမဲ့ မေတ္တာတော်ရိပ်အောက်ဝယ် အဆုံးစွန်သော ချစ်ခြင်းဖြင့် မိမိ၏ အသက်နှင့်ခန္ဓာကိုယ်ကို အပ်နှင်းကာ ရှင်တော်ဘုရားအား အသက်ထက်ဆုံး အလုပ်အကျွေးပြုပူဇော် ဆည်းကပ်ခြင်းတည်း ဟူသော အလှအပ ဘဝပုံရိပ်များကိုသာ ခြယ်မှုန်း ဖော်ဆောင်သွားမည် ဖြစ်ပါတော့သတည်း။

**မင်းဂုဏ်**

**ကျမ်းကိုး**

၁။ ဝဏ္ဏသီရိ၊ ညီတော်အာနန္ဒာ၏ ဘဝတစ်သက်တာ မှတ်တမ်း။ (ဒုတိယတွဲ)

၂။ ဓမ္မပဒ၊ ယမကဝဂ် ရှင်ဒေဝဒတ်ဝတ္ထု။


❑





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




အပိုင်း (၁)

## တမ္ဘာကို လွှမ်းမိုးခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှု

လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) လောက်က ကမ္ဘာကြီးရဲ့ သများစွာဟာ အသိဉာဏ်ချို့တဲ့မှုနဲ့ ရက်စက်အကြမ်းဖက်မှု မှောင်ကမ္ဘာထဲမှာသာ ရှင်သန်နေထိုင်ခဲ့ကြတယ်။ လူသား ဉ်ကျေးမှုသစ် တစ်ရပ်ဟာ ဂရိနဲ့ အီတလီကို ဗဟိုပြု ပေါ် န်းခဲ့ပြီး ဖြစ်ပေမယ့် ဂရိမှာ ပါသီနွန်ဘုရားကျောင်းကြီးကို ဆောက်ရသေးသလို ရောမမြို့ကြီးကလည်း သေးငယ်လှတဲ့ တလေးတစ်မြို့သာ ရှိပါသေးတယ်။

သို့သော်လည်း အဲဒီခေတ်ကာလမှာ အရှေ့အလယ် ပိုင်း တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့မှာ လူသားတွေဟာ စာ ရေးခြင်းအတတ်နဲ့ ဆောက်လုပ်ခြင်း ဗိသုကာအတတ်ကို တတ်မြောက်ပြီးတာ ရာစုနှစ်များစွာ ကြာနေခဲ့ပါပြီ။ သူတို့ရဲ့ န့်သွယ်မှု ရွက်လှေတွေဟာ ကုန်ပစ္စည်းတွေကိုသာမက နုပညာလက်ရာတွေ၊ အတွေးသစ်၊ အယူအဆသစ်တွေကို ပါ သယ်ဆောင်ပြီး ကမ္ဘာအရပ်ရပ်ကို ပျံ့နှံ့ရောက်ရှိစေခဲ့ တယ်။ အဲဒီခေတ် ရှေးကမ္ဘာက လူသားတွေဟာ မိမိတို့ရဲ့ သားတကြမ္မာကို မိမိတို့ဘာသာ ဖန်တီးတည်ဆောက်နိုင်တဲ့ န်အားတွေနဲ့ တဖြည်းဖြည်း ပို၍ ပို၍ ပြည့်စုံလာခဲ့ကြပြီး သားဆန်တဲ့ ကိုးကွယ်ယုံကြည်မှု ဘာသာတရားတစ်ရပ်ကို ဆောင်းဆိုလာခဲ့ကြတယ်။

အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဝါဒ ထွန်းကားဖြစ်ပေါ်လာခဲ့ပြီး ရုတ်နိုင်ငံမှာ တာအိုဝါဒ ပေါ်ထွန်းလာခဲ့တယ်။ အဲဒီနောက် ၊်ငါးရာလောက် ကြာတဲ့အခါ အနောက်တိုင်းမှာ ခရစ်ယာန် ဒ ပေါ်ပေါက်ခဲ့တယ်။ လူသားတွေဟာ အယူသီးတဲ့ အစွဲ လမ်းတွေရဲ့ လွှမ်းမိုးမှုကနေ လွန်မြောက်ခဲ့ပြီး ကိုယ့်လွတ် မြောက်မှုအတွက် ကိုယ့်စွမ်းအားနဲ့ ကြိုးစားထွက်မြောက်ပိုင် ခွင့် ရရှိခဲ့ကြတယ်။

အဲဒီနောက် ဗုဒ္ဓဝါဒဟာ အာရှတိုက်တစ်ခွင် ပျံ့နှံ့ ထွန်းကားသွားခဲ့ပြီး ခရစ်ယာန်ဝါဒဟာ ဥရောပတစ်ခွင် ပျံ့နှံ့ ထွန်းကားသွားခဲ့တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ဂေါတမဗုဒ္ဓ ရှင်သန်နေထိုင်တော်မူခဲ့ပြီး ကိုယ်တော်မြတ်ရဲ့ တရားဓမ္မတွေကို သွန်သင်ဟောကြားတော်မူခဲ့တယ်။ လူသား အားလုံးဟာ ဆင်းရဲခြင်းအမှန်တရားရဲ့ မျက်မှောက်မှာ အတူ တူသာဖြစ်ကြောင်း ဟောကြားပြသခဲ့တယ်။

တွယ်တာတပ်မက်မှု တဏှာလောဘကို စွန့်ပယ်ခြင်း အားဖြင့် လည်းကောင်း၊ အသိဉာဏ်မဲ့မှု အဝိဇ္ဇာတရားကို ပယ်နုတ်ခြင်းအားဖြင့် လည်းကောင်း အဲဒီဆင်းရဲဒုက္ခအပေါင်း ကနေ ကျော်လွှားလွန်မြောက်နိုင်ကြောင်းကို ဂေါတမဗုဒ္ဓဟာ ကိုယ်တော်တိုင် လွန်မြောက်တော်မူခြင်းအားဖြင့် ပြသတော် မူခဲ့တယ်။ ဒီလိုပြသတော်မူခဲ့ပြီး ဟောကြားလမ်းညွှန်တော် မူခဲ့တဲ့ ဗုဒ္ဓဝါဒကို ယနေ့ ကမ္ဘာပေါ်မှာ လူသန်းပေါင်းများစွာ ဆက်လက်ယုံကြည် ကိုးကွယ်နေကြဆဲဖြစ်တယ်။

ဗုဒ္ဓမြတ်စွာရဲ့ လမ်းညွှန်မှုတွေဟာ ငြိမ်းချမ်းရေး အတွက်သာ ဖြစ်ခဲ့တယ်။ သမိုင်းတစ်လျှောက်မှာ ဗုဒ္ဓဝါဒကို အကြောင်းပြုပြီး ညှဉ်းပန်းနှိပ်စက်ခဲ့ခြင်း၊ စစ်ဆင်ခဲ့ခြင်းမျိုး မတွေ့ခဲ့ကြရဘူး၊ ဖြစ်ပေါ်ခြင်း မရှိခဲ့ဘူး။ ပဋိပက္ခတွေ အမြဲ ဖြစ်ပေါ်နေတဲ့ ကမ္ဘာမှာ ဗုဒ္ဓဝါဒဟာ လူသားရဲ့ ထာဝရငြိမ်း ချမ်းရေး ရှာဖွေခြင်း ဆန္ဒကို ဖွံ့ဖြိုးအားကောင်းစေခဲ့တယ်။

အိန္ဒိယနိုင်ငံသမိုင်းမှာ မဟာရာဇာ ဧကရာဇ်မင်းဖြစ်တဲ့ အသောကဘုရင် (ဘီစီ ၃ ရာစု) ဟာ အိမ်နီးချင်း ကလိင် တိုင်းကို စစ်ထိုးအောင်မြင်ပြီးတဲ့နောက် ဗုဒ္ဓဝါဒကို ပြောင်းလဲ ကိုးကွယ်ခဲ့တယ်။

အဲဒီနောက် သူ့ရဲ့ယုံကြည်မှုနဲ့ပတ်သက်ပြီး ကျောက် တုံး၊ ကျောက်တိုင်တွေမှာ ကျောက်စာ ရေးထိုးစေခဲ့ပြီး တိုင်းပြည်အနှံ့ စိုက်ထူစေခဲ့တယ်။

"လူပေါင်း တစ်သောင်းခွဲ နေရပ် မိသားစုက စွန့်ခွာပြီး ထွက်ပြေးခဲ့ကြရတယ်၊ လူပေါင်း တစ်သိန်း သေကျေခဲ့ရတယ်၊ လူပေါင်းများစွာ အတိဒုက္ခရောက်ခဲ့ ကြရတယ်၊ ကလိင်္ဂတိုင်းကို အောင်နိုင်ပြီးတဲ့နောက် ဒေဝါနံပိယတိဿမင်းကြီးရဲ့ ရင်မှာ နောင်တတွေ လွှမ်း မိုးခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်တစ်ခုကို စစ်အောင်နိုင်တယ်ဆိုတာ သတ်ဖြတ်မှု၊ သေကျေပျက်စီးမှုနဲ့ စစ်သုံ့ပန်းတွေသာ အဖတ်တင်ခဲ့တယ်၊ တိုင်းသူပြည်သားအားလုံးဟာ ညှဉ်းပန်းမှု၊ အကြမ်းဖက်မှု၊ သေဆုံးမှု၊ ချစ်ခင်တဲ့ မိသားစုဝင်တွေနဲ့ သေကွဲ ရှင်ကွဲ ကွဲကွာကြရမှုတွေနဲ့ ဒုက္ခသည်တွေ ဖြစ်ခဲ့ကြရတယ်၊ ဒီလို သိမြင်နားလည်ခဲ့တဲ့ အေဝါနံပိယတိဿမင်းကြီး ရင်မှာ နောင်တ၊ သောကတွေနဲ့ ပူလောင်ခဲ့ရတယ်"။


"အကယ်၍ စစ်ဘေးဒုက္ခသည်တွေဟာ ဒီအရေအတွက်ထက် အဆပေါင်းတစ်ထောင် နည်းမယ်ဆိုရင်လည်း ဒီအတွေးမျိုးက ဒေဝါနံ ပိယတိဿမင်းကြီးကို ပူဆွေးစေမှာပါပဲ၊ အကယ်၍ ကလိင်္ဂတိုင်းသားတွေဟာ မှားနေတယ်ဆိုရင်တောင် တန်ပြန် တိုက်ခိုက်မှုတွေ မလုပ်ဘဲ စွမ်းအားရှိသမျှ သည်းခံခွင့်လွှတ်ခဲ့သင့်တယ်လို့ မင်းကြီး ယုံကြည်လာခဲ့တယ်"

"အောင်ပွဲများစွာအနက် ကောင်းမြတ်ဆုံးအောင်ပွဲဟာ ဓမ္မအောင်ပွဲသာဖြစ်တယ်၊ ငါ့ရဲ့ သားတော် မြေးတော်တွေဟာ ဒီသဘောမှန် အတွေးမှန်တွေကို သိရှိနားလည်စေဖို့ ငါဟာ ယခု ဓမ္မသဘောတရားမှန်တွေကို ကျောက်စာရေးထိုးစေခဲ့တယ်၊ ငါ့သားစဉ် မြေးဆက်တွေဟာ ဓမ္မသဘောမှန်တွေကို သိရှိနားလည်ပြီး စစ်ပွဲအသစ်၊ စစ်အောင်မြင်မှု အသစ်တွေကို စိတ်မကူးကြပါစေနဲ့၊ သည်းခံ ခွင့်လွှတ်ခြင်းဖြင့်သာ မှန်ကန်တဲ့ ဓမ္မအောင်ပွဲတွေကို ဆင်နွှဲအောင်မြင်ကြပါစေ"

ဗုဒ္ဓဝါဒ ပေါ်ထွန်းခဲ့ပြီး ပျံ့နှံ့စေခဲ့တဲ့ ဒေသကြီးဟာ ယနေ့ခေတ်လူတွေ တွေးသိတာထက် အများကြီး ပိုမိုကျယ်ပြန့်ခဲ့ပြီး လူတွေ၊ အတွေးအခေါ် အယူအဆတွေ လှုပ်ရှားထကြွရာ နေရာဒေသကြီး ဖြစ်ခဲ့တယ်။

ဒီကမ္ဘာမြေပေါ်မှာ အိန္ဒိယနိုင်ငံဟာ ပထဝီ အနေအထားအရ အနောက်တိုင်းနိုင်ငံတွေနဲ့ အရှေ့ဖျားနိုင်ငံတွေက ယဉ်ကျေးမှုတွေ ကူးလူးဆက်ဆံရာ၊ ထိတွေ့ရာ လမ်းဆုံလမ်းခွ နိုင်ငံကြီးဖြစ်ခဲ့တယ်။

'အဲဒီခေတ်ကာလက ကမ္ဘာ့ကုန်းတွင်းစီးပွားကူးသန်းရေး ခရီးလမ်းမကြီးတွေဟာ အနောက်တိုင်းကနေ ပါးရှားပြည်ကတစ်ဆင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကြားလမ်းတွေကို ဖြတ်သန်းခဲ့ကြရတယ်။ အရှေ့တိုင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အာရှအလယ်ပိုင်းက ရှေးဟောင်းပိုးလမ်းမကြီးကလည်း အဲဒီအိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကြားလမ်းခရီးတွေကို ဖြတ်သန်းသွားခဲ့ကြရတယ်။



ကမ္ဘာ့ရေလမ်းခရီးမှာလည်း ပါရှား၊ ဂရိ၊ ရောမနဲ့ အလက်ဇန္ဒြားက ကုန်သွယ်မှု သင်္ဘောတွေဟာ အိန္ဒိယနိုင်ငံ အနောက်ဘက်ဆိပ်ကမ်းတွေဖြစ်တဲ့ ဂူဂျာရတ်နဲ့ ကွန်ကန်မှာ ဆိုက်ရောက်ခဲ့ကြတယ်။ ကွန်ဘတ်တိုး၊ အန္ဒရတိုင်းနဲ့ သီဟိုဠ်ကျွန်းက ကုန်သွယ်သင်္ဘောတွေဟာလည်း အိန္ဒိယနိုင်ငံ တောင်ပိုင်း ဆိပ်ကမ်းတွေမှာ ဆိုက်ရောက်ခဲ့ကြတယ်။


ဒီထက် မကဘူး၊ အနောက်တိုင်းနိုင်ငံတွေကို ကုန်သွယ်ရွက်လွှင့်ခဲ့တဲ့ အရှေ့ဖျားတိုင်းနိုင်ငံတွေက ကုန်သွယ်သင်္ဘောတွေရဲ့ ခရီးတစ်ထောက် ရပ်နားရာ ဆိပ်ကမ်းလည်း ဖြစ်ခဲ့တယ်။ အိန္ဒိယနိုင်ငံ ကိုယ်တိုင်က ကုန်သွယ်သင်္ဘောတွေကတော့ အရပ်မျက်နှာဒေသ အသီးသီးက တိုင်းနိုင်ငံတွေကို ကုန်သွယ်ရွက်လွှင့်ခဲ့တယ်။

အနောက်တိုင်းကမ္ဘာနဲ့ အိန္ဒိယနိုင်ငံရဲ့ ဆက်ဆံရေးဟာ ရှေးကမ္ဘာမှာ အဆက်ပြတ်မသွားခဲ့ဘူး။ ပါရှန်ဧကရာဇ် ဘုရင် ဒါးရိုးယက်ဟာ ဘီစီ (၅)ရာစုအတွင်း ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်မပြုခင် နှစ်အနည်းငယ်အတွင်းမှာပဲ အိန္ဒိယနိုင်ငံက ပန်ချပ်ပြည်နယ်နဲ့ သိန္ဓုမြစ်ဝှမ်းဒေသကို ချဲ့ထွင်သိမ်းပိုက်ဖို့အတွက် ကြိုးစားရင်း ပါစီပိုးလစ်မှာ သူ့ရဲ့နန်းတော်ကြီးကို ချန်ထားရစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘီစီ ၄ ရာစုအတွင်း အလက်ဇန္ဒားဘုရင်ရဲ့ နယ်မြေချဲ့ထွင်ရေး စစ်ခရီးစဉ်ကြီးမှာ ရေမြေအနေအထားတွေကို လေ့လာမှတ်တမ်းတင်တဲ့ ပထဝီပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ အတူပါလာခဲ့ပြီး ပါရှန်ဘုရင်တွေရဲ့ စစ်သည်တော်တွေ တောင်ခဲ့တဲ့ ကုန်းတွင်းခရီးလမ်းကြောင်းကို ပိုမိုခရီးပေါက် တွင်ကျယ်စေခဲ့တယ်။

အလက်ဇန္ဒားဘုရင်ဟာ သိန္ဓုမြစ်ပေါ်မှာ ဆိပ်ကမ်းတစ်ခု ဖွင့်လှစ်ပြီး ရေတပ်တစ်တပ် တပ်ဖွဲ့ခဲ့တယ်။ အဲဒီရေတပ်က ရေတပ်ဗိုလ်ချုပ် နီယာကွီးဟာ သိန္ဓုမြစ်တစ်လျှောက် ရွက်လွှင့်ပြီး သိန္ဓုမြစ်နဲ့ တိုင်းဂရစ်မြစ်ကြား ရေလမ်းခရီးတစ်ခု ဖောက်ထွင်ခဲ့တယ်။ အလက်ဇန္ဒားဘုရင်ဟာ ဆင်တပ်တွေ၊ အိန္ဒိယစစ်သားတွေနဲ့အတူ သူ့ရဲ့စစ်တပ်ကြီးနဲ့ အာဖဂန်နစ္စတန်နိုင်ငံကို ဖြတ်သန်းပြီး သူ့ရဲ့ဇာတိ တိုင်းနိုင်ငံကို ပြန်ခဲ့တယ်။

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းဒေသ တစ်ခုလုံးနဲ့ အာဖဂန်နစ္စတန်၊ ဂန္ဓာရတိုင်း (ယခုခေတ် အာဖဂန်နစ္စတန်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံ နယ်စပ်) ပန်ဂျပ်ပြည်နယ်တွေဟာ ဂရိဘုရင်တွေရဲ့ လက်အောက်မှာ ရာစုနှစ်များစွာ ကျရောက်ခဲ့တယ်။ မိလိန္ဒ သို့မဟုတ် မိနန္ဒာဘုရင်ဟာ အဲဒီ ဂရိဘုရင်တွေထဲက တစ်ပါးဖြစ်ခဲ့ပြီး သူဟာ ဗုဒ္ဓဘာသာဝင် မင်းတစ်ပါးဖြစ်ခဲ့တယ်။

ဒီဂရိမင်းဆက်တွေဟာ ဂရိ ဟန်လင်နစ်ယဉ်ကျေးမှု၊ ရောမယဉ်ကျေးမှုတွေကိုလည်း ထွန်းကားပြန့်ပွားစေခဲ့တယ်။ ဂရိလူမျိုးတွေဟာ အိန္ဒိယတိုင်းရင်းနွယ်ဖွားတွေနဲ့ ပေါင်းဖက်ခဲ့ကြပြီး အဲဒီမျိုးဆက်တွေကတစ်ဆင့် ဂရိကိုရိုမန်လို့ခေါ်တဲ့ ဗုဒ္ဓဝါဒ ယဉ်ကျေးမှုသစ်တစ်ရပ် ဖြစ်ပေါ်ထွန်းကားခဲ့တယ်။

အသစ်ဖြစ်ပေါ်လာတဲ့ ဂရိကိုရိုမန် ဗုဒ္ဓဝါဒယဉ်ကျေးမှုဟာ အေဒီ တစ်ရာစုကာလ ဂရိမင်းဆက်တွေကို ဆက်ခံခဲ့တဲ့ ကုရှန်မင်းတွေ လက်ထက်မှာ အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ ကုရှန်လူမျိုးတွေဟာ တရုတ်နိုင်ငံနဲ့ အာရှအလယ်ပိုင်းမှာ လှည့်လည်နေထိုင်ကြတဲ့ လူမျိုးတွေဖြစ်တယ်။ သူတို့ဟာ အိန္ဒိယနိုင်ငံသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြပြီး သူတို့ရဲ့ အင်ပါယာ ဘုရင်တွေဟာ ဗုဒ္ဓဝါဒကို ခံယူကိုးကွယ်ခဲ့ကြတယ်။

သမိုင်းမှာ စစ်ပွဲတွေ၊ စစ်အောင်နိုင်မှုတွေထက် အရေးပါတာက အလက်ဇန္ဒားဘုရင်ကို ဆက်ခံခဲ့တဲ့ ဆီလူးကပ်ဘုရင်တွေနဲ့ ပါရှားက ဒါးရီးယက်ဘုရင်ရဲ့ နန်းတော်ကို စံနမူနာပြုပြီး နန်းတော်ကြီးတည်ဆောက်စိုးစံခဲ့တဲ့ အိန္ဒိယနိုင်ငံ မြောက်ပိုင်းက မောရိယဘုရင်တွေကြား ဖြစ်ပေါ်ခဲ့တဲ့ ချစ်ကြည်ရင်းနှီးမှု ကာလဖြစ်တယ်။ ဒီကာလဟာ အတော်ရှည်ကြာခဲ့တယ်။ သံတမန်တွေ အချင်းချင်း အပြန်အလှန်ထားရှိခဲ့ကြပြီး ကုန်သည်တွေဟာ ယနေ့ခေတ် ဗီဟာနယ်ရဲ့ မြို့တော် ပတ်တနားမြို့ နေရာမှာရှိခဲ့တဲ့ ပါဋလိပုတ်ကို အစုလိုက်၊ အစုလိုက် ရောက်ရှိလာခဲ့ကြတယ်။ အသောကဘုရင်ဟာ ဂရိမင်းသမီးတစ်ပါးကို မိဖုရားတင်မြှောက်ခဲ့ပြီး ဗုဒ္ဓသာသနာပြုအဖွဲ့တွေကို အရှေ့၊ အနောက် တိုင်းနိုင်ငံတွေကို စေလွှတ်ခဲ့တယ်။

အသောကမင်းကြီး စေလွှတ်ခဲ့တဲ့ ဗုဒ္ဓသာသနာပြုအဖွဲ့တွေဟာ ပါရှားပြည်၊ အီဂျစ်ပြည်၊ မက်ဆီဒိုးနီးယားပြည်၊ ဆိုင်ယမ်နိုင်ကပြည်နဲ့ ဂရိနိုင်ငံ အနောက်မြောက်ပိုင်းအထိ ရောက်ရှိခဲ့တယ်။ ရောမသမိုင်းဆရာ ပလင်နီရဲ့ ရေးသားမှုအရ အဲဒီခေတ်တုန်းက ရောမဟာ ရောမဒင်္ဂါးငွေ သန်း ၅၀ တန်ဖိုးရှိတဲ့ ကုန်ပစ္စည်းတွေကို အိန္ဒိယကနေ နှစ်စဉ်ဝယ်ယူခဲ့တယ်လို့ သိကြရတယ်။

အဲဒီကုန်ပစ္စည်းတွေထဲမှာ မော်လ်ဝါက ချည်ထည်တွေ၊ ပါဋလိပုတ်က ယွန်းထည်တွေနဲ့ သံလွင်ဆီ၊ ကွန်ကန်ဒေသက ဆိုးဆေး၊ ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ အဖိုးတန်ကျောက်မျက်တွေ ပါဝင်သလို ကျောက်စိမ်းထည်တွေ၊ ဆင်စွယ်တွေ၊ ရောမစစ်တပ်နဲ့ ဆက်ကပ်တွေမှာသုံးတဲ့ ဆင်တွေအထိ ပါဝင်ခဲ့တယ်။ ရှေးခေတ် ရောမရွှေဒင်္ဂါးပြားတွေကို အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်နဲ့ အနောက်မြောက်ပိုင်းဒေသတွေဖြစ်တဲ့ ကန်နနိုး၊ ကျိုင်ဘက်တိုး၊ မဟာဗလိပုရတို့မှာ တွေ့ကြရတယ်။ အဲဒီ ရောမဒင်္ဂါးပြားတွေပေါ်မှာ ရောမဘုရင်တွေဖြစ်တဲ့ 'ဩဂတ်စတပ်၊ ကာရာကော်လာ၊ ကလော့ဒီးယက်၊ သီအိုဒိုနဲ့ ကွန်စတန်တင်' တို့ရဲ့ ပုံတွေကို ထုထွင်းထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တိုင်းတပ်လို့ အမည်ရှိတဲ့ အာရှအနုပညာသည်တစ်ဦးဟာ အာရှအလယ်ပိုင်း မီရန်မှာ ဗုဒ္ဓဝင်ဆိုင်ရာ နံရံဆေးရေးပန်းချီတွေကို ရေးခြယ်ခဲ့တယ်။ အလက်ဇန်းဒါးယန်း ကုန်သည်တွေဟာ ဘုံဘေအနီးက နဆစ်ခ်နဲ့ ဂျွန်နာမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေကို ကူညီခဲ့တယ်။ သမိုင်းမှတ်တမ်းတွေဟာ အဲဒီခေတ်အခါက လူနေမှုကို အနည်းအကျဉ်းသာ မှတ်တမ်းတင်နိုင်ခဲ့တာ ဖြစ်တယ်။

စစ်သုံ့ပန်းတွေ၊ စစ်တပ်အသီးသီးမှာ ဝင်ရောက်အမှုထမ်းကြတဲ့ စစ်သားတွေ (အိန္ဒိယ မြားသည်တော်တွေ)ဟာ ပါရှန်စစ်တပ်မှာ အထူးထင်ရှားတယ်။ တစ်နေရာကနေ တစ်နေရာကို လှည့်လည်သွားလာနေတဲ့ စစ်ပြေးတွေ၊ လက်မှုပညာသည်တွေ၊ ပန်းပဲဆရာတွေ၊ ဆင်စွယ်ပန်းပွတ်သည်တွေ (အိန္ဒိယဆင်စွယ် လက်မှုပစ္စည်းတွေကို ရောမက ပွန်ပေအိုင်မှာ တွေ့ကြရတယ်) ရက်ကန်းသည်တွေ၊ ကျောက်မျက်ကုန်သည်တွေ၊ ပန်းပုဆရာတွေ၊ ကြွေထည်သည်တွေ စတဲ့ အမှုထမ်း၊ စျေးသည်၊ လက်မှုပညာသည်တွေဟာ ကုန်သည်ကြီးတွေရဲ့ အောက်မှာ အထူးစည်ပင် ထွန်းကားခဲ့တယ်။

အဲဒီခေတ်က အာရှအလယ်ပိုင်းဆိုတာ ဗမီးယန်းဒေသများ (အာဖဂန်နစ္စတန်နိုင်ငံအတွင်းက ရှေးဘက်ထရီးယားပြည်ရဲ့ တောင်ဘက်မှာ တည်ရှိတယ်)၊ ကက်ရှဂါနဲ့ ကုရှာဒေသများကနေ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းက နယ်စပ်မြို့ တွန်းဟွန်အထိ ပါဝင်ခဲ့တယ်။ အဲဒီနယ်နိမိတ်ဟာ မြောက်ဘက်မှာ တိုင်ရှန်တောင်ထွတ်တွေနဲ့ တောင်ဘက်မှာ ကရကိုရမ်နဲ့ ကိုအန်လွန် တောင်ထွတ်တွေကြားမှာ အဆုံးသတ်လျက် တည်ရှိပြီး ကန္တာရကနေ ခရီးလမ်းနှစ်ခု ရှိခဲ့တယ်။ မြောက်ပိုင်းလမ်းဟာ ကက်ရှဂါ၊ ကုရှာ၊ ကီဇီလ်နဲ့ တော်ဖန်အိုအေစစ်ဒေသတွေကို ဖြတ်သွားပြီး တောင်ပိုင်းလမ်းကတော့ ယာကန်၊ ခိုတန်၊ မီရန်နဲ့ လော့ဗနော်ဒေသတွေကို ဖြတ်သန်းသွားတယ်။

အဲဒီလမ်းခရီး နှစ်ခုစလုံးဟာ 'တွန်းဟွန်' မှာ အဆုံးသတ်ကြတယ်။ အဲဒီကုန်သွယ်လမ်းခရီး နှစ်ခုဟာ အာရှအလယ်ပိုင်းနဲ့ တရုတ်နိုင်ငံကို ဗုဒ္ဓဘာသာဝင်တွေ ပြန့်ပွားရောက်ရှိသွားခဲ့တဲ့ အဓိကလမ်းခရီးတွေ ဖြစ်တယ်။ ပြီးတော့ အဲဒီဒေသတွေဟာလည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အလွန်ထွန်းကားတဲ့ ဗဟိုအချက်အချာ နေရာဒေသတွေဖြစ်ခဲ့တယ်။ ဗုဒ္ဓသာသနိကဆိုင်ရာ ဂူကျောင်းဆောင် ထောင်ပေါင်းများစွာ ဖောက်ထွင်းတည်ဆောက်ခဲ့ပြီး မြေပေါ်အဆောက်အအုံ



အသောကမင်းကြီး၏ အထိမ်းအမှတ်ကျောက်တိုင်

တွေလည်း ဆောက်လုပ်ခဲ့တယ်။ ကီဇီလ်ဒေသ တစ်ခုတည်းမှာပဲ မင်ဂိုုင်လို့ခေါ်တဲ့ ဂူကျောင်းပေါင်း ထောင်ချီ ဖောက်ထွင်းတည်ဆောက်ခဲ့တာကို တွေ့ကြရတယ်။ အဲဒီဂူကျောင်းတွေမှာ အင်္ဂရှအလယ်ပိုင်း၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံက လက်မှုပညာသည်တွေရဲ့ ဆေးရေး ပန်းပုလက်ရာတွေကို တွေ့ကြရတယ်။


အေဒီ ၇ ရာစုအတွင်း တရုတ်ပြည်ကနေ အိန္ဒိယကို ဘုရားဖူး ပညာတော်သင်သွားခဲ့တဲ့ တရုတ်ရဟန်းတော် ရွှင်ကျန်ဟာ ဆိုခဲ့ပြီးပြီ ခရီးလမ်းနှစ်ခု အနက်က မြောက်ပိုင်းလမ်းကတစ်ဆင့် သွားရောက်ခဲ့တာ ဖြစ်တယ်။ သူ့ရဲ့ ခရီးသွားမှတ်တမ်းကတစ်ဆင့် အဲဒီမြောက်ပိုင်းလမ်း တစ်လျှောက်မှာရှိတဲ့ ပူပြင်းတဲ့ ကန္တာရတွေအကြောင်း၊ နှင်းတွေဖုံးလွှမ်းနေတဲ့ တောင်ထွတ်တွေအကြောင်းနဲ့ အိုအေစစ်ဒေသက တိုင်းနိုင်ငံတွေအကြောင်း သိကြရတယ်။

အိန္ဒိယမှာ စာပေကျမ်းဂန်တွေ သင်ယူပြီးတဲ့အခါ ရဟန်းတော်ရွှင်ကျန်ဟာ ပိဋကတ်ကျမ်းစာတွေနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ သယ်ဆောင်ပြီး တရုတ်ပြည်ကို ပြန်ခဲ့တယ်။ အေဒီ ၁၄ ရာစု မာကိုပိုလိုရဲ့ မှတ်တမ်းမှာလည်း အဲဒီမြောက်ပိုင်းလမ်းခရီးက တိုင်းနိုင်ငံတွေမှာ ဗုဒ္ဓရုပ်ပွားတော်ပေါင်းများစွာ ထုလုပ်ကိုးကွယ်ထားကြောင်း ဖော်ပြထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အာဖဂန်နစ္စတန်က ဗမိရန်းဒေသကတော့ အိန္ဒိယနိုင်ငံရဲ့ ဝင်ပေါက်လမ်းကို ပိတ်ဆို့တည်ရှိနေတဲ့ ဟိန္ဒူကုက်ရှ် တောင်ကြားလမ်းကို ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ကြရတဲ့ အဝင်အထွက် ခရီးသည်တွေ နားခိုရာနေရာ ဖြစ်ခဲ့တယ်။ အဲဒီနေရာက ဗမိရန်းကျောက်ဆောင်ကမ်းပါးပြတ် မျက်နှာစာမှာ ကြီးမားတဲ့ ဗုဒ္ဓဆင်းတုတော်ကြီး နှစ်ဆူကို ထွင်းထုပူဇော်ခဲ့ပြီး ဂူကျောင်းတွေကို ဖောက်လုပ်တည်ဆောက်ခဲ့တယ်။ အဲဒီ ဆင်းတုတော်ကြီးနှစ်ဆူဟာ ၁၇၃ ပေနဲ့ ၁၂၀ ပေ အသီးသီး ဉာဏ်တော် မြင့်မားကြတယ်။ ပြီးတော့ ဂူကျောင်းတွေထဲမှာ နံရံဆေးရေးပန်းချီတွေ ရေးခြယ်ထားခဲ့တယ်။ ကုန်သည်တွေဟာ ဒီလိုထုလုပ်ခြင်း၊ ဆေးရေးခြယ်ခြင်းအတွက် လှူဒါန်းခဲ့ကြပြီး သူတို့ ကုန်သွယ်ခရီးလမ်းတစ်လျှောက် ဘေးအန္တရာယ် ကင်းဖို့ လှူဒါန်းခဲ့ခြင်း ဖြစ်တယ်လို့ သိကြရတယ်။

ခရီးလမ်းရဲ့ အဆုံးဖြစ်တဲ့ တွန်းဟွမ်မှာတော့ ဗုဒ္ဓဝါဒ ယဉ်ကျေးမှုဟာ ကုန်သည်တွေနဲ့ ရှင်ဘုရင်တွေရဲ့ လှူဒါန်း ထောက်ပံ့မှုကြောင့် အကြီးအကျယ် ထွန်းကားခဲ့တယ်။ တရုတ်နိုင်ငံက ဝေ၊ တန်နဲ့ ဆုန်မင်းဆက်တွေ အားလုံးဟာ ဗုဒ္ဓဝါဒ ယဉ်ကျေးမှုကို ထောက်ပံ့လှူဒါန်းခဲ့ကြတာဖြစ်လို့ အဲဒီ နေရာဒေသမှာ အံ့မခန်း ဗုဒ္ဓယဉ်ကျေးမှု လက်ရာတွေကို တွေ့ရှိကြရတယ်။

အဲဒီဒေသမှာ လိုဏ်ဂူရာများစွာ တွေ့ရတဲ့အနက် ဗုဒ္ဓရုပ်ပွားတစ်ထောင်လိုဏ်ဂူဟာ ရာစုနှစ်များစွာကြာအောင် ပိတ်ဆို့ကွယ်ပျောက်နေခဲ့ရပြီး ပြန်လည်တွေ့ရှိတဲ့အခါ လိုဏ်ဂူထဲကနေ အဖိုးမဖြတ်နိုင်တဲ့ လက်ရေးမူကျမ်းစာတွေ၊ ပိုးထည်ဆေးရေးပန်းချီတွေ၊ နံရံဆေးရေးပန်းချီလက်ရာတွေကို တွေ့ရှိခဲ့ကြတယ်။

ယင်ကင်နဲ့ လွင်မန် ဒေသနှစ်ခုကတော့ တရုတ်နိုင်ငံမှာ အထူးထင်ရှားတဲ့ ရှေးဟောင်းဗုဒ္ဓယဉ်ကျေးမှု ထွန်းကားရာ အခြားဒေသ နှစ်ခုဖြစ်တယ်။ တရုတ်နိုင်ငံမှာ ဗုဒ္ဓဝါဒနဲ့ ပတ်သက်ပြီး အစောဆုံးတွေ့ရတဲ့ ခုနှစ်ဟာ အေဒီ ၆၅ ဖြစ်တယ်။

## အပိုင်း (၂)
## ကျမ်းဂန်တပြောတဲ့ အသောကမင်းကြီး

အသောကဘုရင်ဟာ မာဂဓတိုင်းရဲ့ ဘုရင်ဖြစ်တယ်။ သူ့ရဲ့ ခမည်းတော်ဟာ ဗိန္ဒုသာရမင်းကြီးဖြစ်ပြီး ဒီမင်းကြီးမှာ မိဖုရား ၁၆ ပါးနဲ့ သားတော် ၁၀၁ ပါးရှိတယ်။ အသောကဘုရင်အကြောင်း မှတ်တမ်းတင်ထားတဲ့ အဓိက ပါဠိကျမ်းဂန်တွေကတော့ ဒီပဝံသ၊ မဟာဝံသနဲ့ သမန္တပါသာဒိကာ ကျမ်းတွေဖြစ်ပြီး အခြားတွေ့ရတဲ့ ကျမ်းဂန်တွေကတော့ ဒိဗျာဝဒါန ကျမ်း၊ အဝဒါနသတကကျမ်း တွေဖြစ်တယ်။

ဒီပဝံသနဲ့ မဟာဝံသမှာတော့ ဗိန္ဒုသာရမင်းကြီးရဲ့ သားတော် သုံးပါးကိုသာ ဖော်ပြထားတယ်။ သားတော် အကြီးဆုံးက သုမနမင်းသား (မြောက်ပိုင်းကျမ်းဂန်တွေမှာ သုသိမ လို့ရှိတယ်)။ ပြီးတော့ အမေတူ ညီအစ်ကိုတွေဖြစ်တဲ့ အသောကမင်းသားနဲ့ အငယ်ဆုံးသား တိဿမင်းသားလို့ ဆိုထားတယ်။ ပြီးတော့ အသောကမင်းသားမှာ နှမတော် တစ်ယောက်ရှိကြောင်း၊ အဲဒီနှမတော်ရဲ့သား အဂ္ဂိဗြဟ္မာနဲ့ အသောကမင်းသားရဲ့ သမီးတော် သံဃာမိတ္တာတို့ စုံဖက်ရာက မြေးတော် သုမနမင်းသား ဖွားမြင်တယ်လို့လည်း တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


မဟာဝံသဋီကာမှာ အသောကမင်းသားရဲ့ မယ်တော် အမည်ကို ဓမ္မာလို့ဆိုထားပြီး အဂ္ဂမဟေသီဖြစ်ကြောင်း၊ မောရိယအနွယ်ဖြစ်ကြောင်း တွေ့ရပေမယ့် အသောကာဝဒါနမာလာကျမ်းလို မြောက်ပိုင်းကျမ်းဂန်တွေကတော့ မယ်တော်ဟာ စမ္ပာပြာဟ္မဏရဲ့ သမီးဖြစ်ပြီး သုဘဒရင်္ဂီဖြစ်ကြောင်း ဆိုထားပါတယ်။ ဓမ္မာ မိဖုရားကြီးမိသားစု ဆည်းကပ်ကိုးကွယ်တာကတော့ အာဇီဝိက ဇနသာန တက္ကတွန်းဖြစ်တယ်။ ဒီအချက်က အသောကဘုရင်ဟာ အစောပိုင်းကာလမှာ အာဇီဝိကဂိုဏ်းကို ကိုးကွယ်ဆည်းကပ်ခြင်းရဲ့ အကြောင်းရင်း ဖြစ်နိုင်ပါတယ်။

အသောကမင်းသားဟာ ငယ်ရွယ်စဉ်အချိန်က အဝန္တိတိုင်းက ဥဇ္ဇေနီပြည်မှာ မြို့စားအဖြစ် အုပ်ချုပ်စိုးစံရတယ်။ ဒိဗျာဝဒါနမှာ အသောကမင်းသားဟာ တက္ကသိလက ဥတ္တရပထမှာ တပ်စွဲပြီး သူပုန်ရန်ကို နှိမ်နင်းတယ်။ ပြီးတော့ အစ်ကိုတော် သုသီမနေရာမှာ ဆက်ခံအုပ်စိုးတယ်လို့လည်း ဖော်ပြထားတယ်။

ဗိန္ဒုသာရမင်းကြီး နာမကျန်းဖြစ်တဲ့အခါ အသောကမင်းသားဟာ ဥဇ္ဇေနီကနေ ပါဋလိပုတ်ကို သွားရောက်ပြီး ခမည်းတော်ရဲ့ ထီးနန်းကို သိမ်းပိုက်စိုးစံပါတယ်။ ဒီလိုသိမ်းပိုက်စိုးစံဖို့အတွက် အမေတူ ညီတော် တိဿကလွဲပြီး အခြားညီ၊ အစ်ကိုတော် မင်းသားတွေကို သတ်ခဲ့လို့ ဘုရင်ဖြစ်တဲ့အခါ အသောကမင်းသားကို စဏ္ဍာသောကဘုရင်၊ ကြမ်းကြုတ်ရက်စက်တဲ့ အသောကဘုရင်လို့ အမည်တွင်ကြောင်း မဟာဝံသက ဆိုထားတယ်။ ဒီလို သတ်ဖြတ်တယ်ဆိုတဲ့ မှတ်တမ်းဟာ ဘယ်လောက်မှန်ကန်မယ်ဆိုတာ မပြောနိုင်ပါဘူး။

ဘာကြောင့်တုံးဆိုတော့ ပါဋလိပုတ်နဲ့ အခြားနေရာတေါမှာ အသောကမင်းကြီး ရေးထိုးခဲ့တဲ့ ကျောက်စာတွေအရ ကျောက်စာရေးထိုးတဲ့ ကာလမှာ မင်းကြီးရဲ့ ညီအစ်ကိုတော်၊ ညီမတော်၊ ဆွေမျိုးတော်တွေ အသက်ရှင်လျက် ရှိနေဆဲဖြစ်တယ်လို့ ခန့်မှန်းနိုင်လို့ဖြစ်တယ်။ မင်းကြီးဟာ သူ့ရဲ့ ညီတော် တိဿကို အိမ်ရှေ့ဥပရာဇာအဖြစ် အပ်နှင်းခဲ့ပေမယ့် တိဿမင်းသားဟာ သာသနာဘောင် ဝင်ရောက်ခဲ့ပြီး ရဟန္တာ မထေရ်မြတ် ဖြစ်ခဲ့တယ်။

ထေရဂါထာ အဋ္ဌကထာမှာ အသောကမင်းကြီးရဲ့ အခြားညီတော်တစ်ပါးကို ဖော်ပြထားပြီး ဝီတသောကလို့ အမည်တွင်ပါတယ်။ ဒီမင်းသားဟာလည်း ရဟန်းအဖြစ် သာသနာဘောင်ဝင်ရောက်ပြီး ရဟန္တာဖြစ်ခဲ့တယ်လို့ ဆိုတယ်။




အသောကမင်းကြီးမှာ မိဖုရားတစ်ပါးမက ရှိတယ်။ သူ့ရဲ့ ပထမမိဖုရားဟာ ဝေဒိသဂိရိက ကုန်သည်တစ်ဦးရဲ့ သမီးဖြစ်ပြီး ဥဇ္ဇေနီကိုအသွား ကုန်သည်အိမ်မှာ နားခိုရင်း တွေ့ဆုံခဲ့တာဖြစ်တယ်။ မိဖုရားရဲ့အမည်ဟာ ဒေဝီဖြစ်ပြီး ဝေဒိသဒေဝီလို့လည်း ထင်ရှားတယ်။ ဝေဒိသမိဖုရားဟာ ဝိဋ္ဋူဘရန်ကြောင့် ဝေဒိသကို ပြောင်းရွှေ့လာတဲ့ သကျမျိုးနွယ်က ဆင်းသက်လာတယ်လို့ မဟာဗောဓိဝံသမှာ ဖော်ပြထားတယ်။

ဒေဝီမိဖုရားဟာ သားတော် မဟိန္ဒနဲ့ သမီးတော် သံဃမိတ္တာတို့ကို ဖွားမြင်ခဲ့တယ်။ ဒေဝီမိဖုရားဟာ အသောကမင်းကြီး ပါဋလိပုတ်မှာ ခမည်းတော်ရဲ့ ထီးနန်းကို ဆက်ခံစိုးစံတဲ့အခါ မင်းကြီးနဲ့အတူ လိုက်ပါမသွားပါဘူး။ ဘာကြောင့်တုန်းဆိုတော့ အသောကမင်းကြီးရဲ့ အဂ္ဂမဟေသီဟာ အသန္ဓိမိတ္တာ မိဖုရားကြီးဖြစ်တယ်ဆိုတဲ့ ဖော်ပြချက်ကြောင့် ဖြစ်တယ်။ မင်းကြီးရဲ့ နန်းစံသက် ၁၃ နှစ်မြောက်မှာ အသန္ဓိမိတ္တာ မိဖုရားကြီး ကံတော်ကုန်လို့ တိဿရက္ခာဆိုတဲ့ မိဖုရားတစ်ပါးကို ထပ်မံတင်မြှောက်ကြောင်း မဟာဝံသမှာ ဆိုထားတယ်။

အလ်ဟာဘဒ် ကျောက်စာတိုင်မှာ တီဝနရဲ့မယ်တော် ကာရုဝါကီ မိဖုရားဆိုတာကို တွေ့ရပြီး ဒိဗျာဝဒါနမှာ ကဏာကရဲ့ မယ်တော် ပဒုမာဝတီ မိဖုရားဆိုတာလည်း တွေ့ရတယ်။ ဖော်ပြခဲ့တဲ့ ရင်သွေးတော်တွေအပြင် ဇလုကာ၊ စာရုဝတီ ဆိုတဲ့ အမည်တွေကိုလည်း တွေ့ရတယ်။

အသောကမင်းကြီးဟာ သာသနာနှစ် ၂၁၈ နှစ်မှာ ထီးနန်းစိုးစံပြီး နောက် လေးနှစ်အကြာမှာ ဘိသိက်သွန်းလောင်းခဲ့တယ်လို့ မဟာဝံသမှာ ဖော်ပြထားတယ်။

ဒီအစဉ်အလာ သမိုင်းကျမ်းတွေထဲမှာ အသောကမင်းကြီးရဲ့ ထူးခြားတဲ့ တန်ခိုးစွမ်းအားတွေ အကြောင်းကိုလည်း ရေးသားထားတယ်။ မင်းကြီးရဲ့ အမိန့်အာဏာစက်ဟာ မြေ

www.burmeseclassic.com

အထက် တစ်ယူဇနာ၊ မြေအောက် တစ်ယူဇနာအထိ ပြန့်နှံ့ပါတယ်တဲ့။ နတ်တွေဟာ နေ့တိုင်း မင်းကြီးထံကို အနော်တတ္တရေအိုင်ကနေ ရေတော်ဆက်ရတယ်လို့ ဆိုတယ်။ အခြား နံ့မြတ်တဲ့ သုံးဆောင်ဖွယ်ရာတွေကိုလည်း ဆက်သရပါတယ်တဲ့။ ဘီလူးတွေ၊ နဂါးတွေ၊ ကရဝိက်ငှက်တွေနဲ့ ကြွက်တွေဆောင်မှ မင်းကြီးထံ နေ့စဉ် ခစားကြရသတဲ့။ အချို့ တိရစ္ဆာန်တွေဟာ စားဖိုဆောင်တော်ရဲ့ အပြင်ဘက်ကို လာရောက်ပြီး မိမိတို့အသားနဲ့ မင်းကြီး စားတော်တည်ဖို့အတွက် ကိုယ်တိုင်လာရောက် အသေခံကြတယ်လို့ ဆိုပါတယ်။

အသောကမင်းကြီး ထီးနန်းတက်စ အချိန်တုန်းကတော့ သူ့ရဲ့ခမည်းတော် ဝတ်ဆောက်တည်ခဲ့တဲ့ အလှူဝတ်ကို မပြတ်စေဘဲ ဆက်လက် အလှူပေးခဲ့တယ်။ သို့သော်လည်း မင်းကြီးဟာ သိပ်မကြာခင်မှာပဲ သူ့ခမည်းတော် လှူဒါန်းခဲ့တဲ့ ဘာသာရေးဆရာတွေကို စိတ်အလိုမကျဖြစ်ပြီး မြင့်မြတ်စင်ကြယ်တဲ့ အလှူခံပုဂ္ဂိုလ်၊ ဘာသာရေးခေါင်းဆောင်ကို ရှာဖွေခဲ့တယ်။

အဲဒီလို ရှာဖွေနေတဲ့ ကာလမှာပဲ နန်းတော်ပြတင်းပေါက်ကနေ ဆွမ်းခံကြွလာနေတဲ့ မင်းကြီးရဲ့တူတော် နိဂြောဓသာမဏေကို ဖူးတွေ့ခဲ့ရတာ ဖြစ်တယ်။ နိဂြောဓသာမဏေလေးကို ဖူးတွေ့ရတဲ့အခါ အသောကမင်းကြီးဟာ ချက်ချင်း ကြည်ညိုသွားခဲ့ပြီး နန်းတော်ကို ပင့်ဖိတ်ခိုင်းပါတယ်။ ဒီလို သာမဏေကလေးကို ချက်ချင်းကြည်ညိုစိတ် ဖြစ်ရတာဟာ ရှေးအတိတ်ဘဝက ပါရမီအတူ ဖြည့်ဆည်းခဲ့ဖူးလို့ ဖြစ်သတဲ့။ အသောကမင်းကြီးရယ်၊ သီဟိုဠ်ကျွန်းရဲ့ဘုရင် ဒေဝါနံပိယတိဿဘုရင်ရယ်၊ နိဂြောဓသာမဏေရယ် ဒီသုံးဦးဟာ ရှေးအတိတ်ဘဝတစ်ခုမှာ ပျားရည်ကုန်သည်ညီနောင်တွေ ဖြစ်ခဲ့ကြပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို ပျားရည်အတူ လှူဒါန်းခဲ့ဖူးပါတယ်။

သင်္ဃမိတ္တာမိဖုရားကတော့ အဲဒီအချိန်တုန်းက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ပျားရည်ကုန်သည်တွေထံ ညွှန်ပြခဲ့သူ မိန်းမဖြစ်ခဲ့ကြောင်း မဟာဝံသမှာ ဖော်ပြထားတယ်။

နိဂြောဓသာမဏေကလေးဟာ အသောကမင်းကြီးကို အပ္ပမာဒဝဂ်က တရားဂါထာကို ဟောကြားတဲ့အခါ မင်းကြီးအနေနဲ့ ပိုမိုသက် ကြည်ညိုမှုဖြစ်ခဲ့တယ်။ အဲဒီအချိန်ကစပြီး အသောကမင်းကြီးဟာ အစဉ်အဆက် လှူလာတဲ့ အခြားဘာသာအတွက် လှူဒါန်းမှုကို ရပ်ဆိုင်းပြီး နိဂြောဓသာမဏေနဲ့ ဗုဒ္ဓဘာသာ သံဃာတော်တွေကို လှူဒါန်းထောက်ပံ့ခဲ့တယ်။

နေ့စဉ် လှူဒါန်းမှုဟာ အသပြာ ငါးသိန်းဖိုး ပမာဏရှိတယ်လို့ သမန္တပါသာဒိကာမှာ ဖော်ပြထားတယ်။ အဲဒီ ငါးသိန်းအနက် တစ်သိန်းဟာ နိဂြောဓသာမဏေကို သီးခြားလိုအပ်ရာအတွက် လှူဒါန်းတာဖြစ်တယ်။ နောက်ထပ် တစ်သိန်းဟာ ဗုဒ္ဓမြတ်စွာကို ပန်း၊ အမွှေးနံ့သာများနဲ့ ပူဇော်ဖို့အတွက်ဖြစ်ပြီး နောက်တစ်သိန်းကတော့ ဓမ္မပူဇာအတွက်ဖြစ်တယ်။ နောက်တစ်သိန်းက သံဃာတော်တွေရဲ့ ပစ္စည်းလေးပါးအတွက်ဖြစ်ပြီး နောက်ဆုံး တစ်သိန်းကတော့ နာမကျန်း ဖြစ်နေသူတွေအတွက် ဆေးအလှူတော် ဖြစ်ပါတယ်။

အခြား အသုံးအဆောင် လှူဒါန်းမှုတွေအပြင် ပန်း၊ နံ့သာတွေနဲ့ တန်ဆာဆင်ထားတဲ့ မင်္ဂလာဆင်ထက်မှာ သင်္ကန်းသုံးစုံတင်ပြီး နေ့စဉ် နေ့တိုင်း နိဂြောဓသာမဏေကို လှူဒါန်းခဲ့သတဲ့။ နိဂြောဓသာမဏေကလေးဟာ ဒီလိုလှူဒါန်းလို့ ရရှိလာတဲ့ သင်္ကန်းတွေကို အခြားသံဃာတော်တွေအတွက် ပြန်လည်လှူဒါန်းကြောင်း မဇ္ဈိမနိကာယ်အဋ္ဌကထာမှာ တွေ့ရတယ်။

မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ရဲ့ ဟောကြားဆုံးမမှုကနေ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ ရှိကြောင်း သိရှိသွားတဲ့ အသောကမင်းကြီးဟာ ဒီတရားဓမ္မတွေကို ပူဇော်တဲ့အနေနဲ့ ကျောင်းတိုက်ပေါင်း ၈၄၀၀၀ ကို မြို့ရွာတွေမှာ ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ပါဋလိပုတ်မှာ အသောကာရာမကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းတယ်။ ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော်တွေကို အညီအမျှ ခွဲဝေပြီး အလားတူ အရေအတွက်ရှိတဲ့ စေတီတော်တွေကိုလည်း တိုင်းပြည်နေရာဒေသအနှံ့ တည်ထားခဲ့တယ်။

မဟာကာလ နဂါးမင်းရဲ့ ကူညီညွှန်ပြမှုနဲ့ ဗုဒ္ဓမြတ်စွာရဲ့သက်ရှိအသွင် ရုပ်ပွားတော်ကို ထုလုပ်ကိုးကွယ်ခဲ့ပြီး အကြီးအကျယ် ပူဇော်လှူဒါန်းခဲ့ပါတယ်။

မင်းကြီးရဲ့ နန်းစံသက် ခြောက်နှစ်မြောက်မှာ အသက် ၂၀ ပြည့်ချိန်ရောက်နေတဲ့ သားတော် မဟိန္ဒနဲ့ အသက် ၁၈ နှစ်အရွယ် သမီးတော် သံဃမိတ္တာတို့ကို မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်နဲ့ ဓမ္မပါလမထေရ်မြတ်တို့ထံမှောက်မှာ သာသနာတော်အတွင်း သွတ်သွင်းချီးမြှောက်ပြီး ပစ္စယဒါယကာအဖြစ်ကနေ သာသနာ့ဒါယကာအဖြစ်သို့ ခံယူခဲ့ကြောင်း မဇ္ဈိမနိကာယ် အဋ္ဌကထာမှာ ဖော်ပြထားတယ်။

အသောကမင်းကြီးရဲ့ ချီးမြှောက်ထောက်ပံ့မှုနဲ့ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ဟာ (မြောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းဂန်တွေမှာ မထေရ်မြတ်ရဲ့ ဘွဲ့တော်ကို ဥပဂုတ္တလို့ တွေ့ရတယ်) မသန့်မရှင်းဖြစ်နေတဲ့ သံဃာ၊ ပရိသတ်နဲ့ တရားတော်တွေကို သန့်ရှင်းစင်ကြယ်အောင် သုတ်သင်ဖို့ တတိယသင်္ဂါယနာ သံဃာ့အစည်းအဝေးပွဲကြီးကို ကြီးမှူးကျင်းပခဲ့တယ်။

ဒီလို အစည်းအဝေး မကျင်းပခင်က သံဃာတော်တွေဟာ သံဃာ့ပရိသတ် မစင်ကြယ်တဲ့အတွက် ဥပုသ်မပြုခဲ့ကြဘူးလို့ ဆိုပါတယ်။ သံဃာတော်တွေ ညီညွတ်စေချင်တဲ့ မင်းကြီးဟာ အမတ်တစ်ယောက်ကို ညီညွတ်အောင် ပြုလုပ်ဖို့ စေခိုင်းတဲ့အခါ နားလည်မှုလွဲသွားတဲ့ အမတ်ဟာ ဥပုသ်မပြုတဲ့ သူတော်ကောင်း ရဟန်းတော်တွေကို သတ်စေခဲ့တယ်။ နောက်ဆုံး မင်းကြီးရဲ့ညီတော် တိဿမထေရ်မြတ်က တားမြစ်မှသာ အမတ်ကြီးရဲ့လုပ်ရပ် ရပ်ဆိုင်းသွားတယ်လို့ မဟာဝံသမှာ တွေ့ရတယ်။

မင်းကြီးရဲ့ နန်းစံသက် ၁၇ နှစ်မှာ သင်္ဂါယနာတင်ပွဲကြီး ပြီးစီးအောင်မြင်တဲ့အခါ အတိုင်းတိုင်း အပြည်ပြည်ကို သာသနာပြုအဖွဲ့တွေ စေလွှတ်ခဲ့တယ်။ (၁) ကသ္မီရနဲ့ ဂန္ဓရတိုင်းကို မဇ္ဈန္တိကမထေရ် (၂) မဟိသာမဏ္ဍလတိုင်းကို မဟာဒေဝမထေရ် (၃) ဝနဝါသတိုင်းကို ရက္ခိတမထေရ် (၄) ယောနဓမ္မရက္ခိတကို အပရန္တကတိုင်း (၅) မဟာရက္ခိတကို ယောနတိုင်း (၆) မဇ္ဈိမမထေရ်ကို ဟိမဝန္တာ (၇) သောဏနဲ့ ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိ (၈) မဟာမဟိန္ဒ၊ ဣဋ္ဋိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလမထေရ်တို့ကို လင်္ကာဒီပသို့ သာသနာပြုခရီးတွေ စေလွှတ်ခဲ့တယ်။ ဒီသာသနာပြု ခရီးတွေရဲ့ အသေးစိတ် အကြောင်းချင်းရာတွေကို သမန္တပါသာဒိကာမှာ တွေ့နိုင်တယ်။

မင်းကြီးရဲ့ နန်းစံသက် ၁၈ နှစ်မြောက်မှာ ဒေဝါနံပိယတိဿမင်းရဲ့ တောင်းပန်မှုကြောင့် သံဃမိတ္တာထေရီကို ဗုဒ္ဓဂယာက ဗောဓိပင်ရဲ့ ပင်ပွားအကိုင်းအခက်နဲ့အတူ သီဟိုဠ်ကျွန်းကို သာသနာပြုခရီး ထပ်မံစေလွှတ်ခဲ့တယ်။ ဒီမတိုင်ခင်ကာလကလည်း မြေးတော်သုမန ဦးဆောင်စေပြီး ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော်အချို့နဲ့ သပိတ်တော်ကို သီဟိုဠ်ကျွန်းက ထူပါရုံစေတီတော်မှာ ဌာပနာပြု ပူဇော်ဖို့ စေလွှတ်ခဲ့ပြီးဖြစ်တယ်။ ဒီအကြောင်းအရာတွေကို မဟာဝံသမှာ တွေ့နိုင်တယ်။

အသောကမင်းကြီးဟာ နန်းစံသက် ၃၇ နှစ်အထိ စိုးစံတော်မူခဲ့ပြီး နန်းစံသက် နောက်ပိုင်းနှစ်ကာလတွေမှာ မင်းကြီးရဲ့ ဗုဒ္ဓသာသနာအပေါ် ချီးမြှောက်ထောက်ပံ့မှုတွေကြောင့် ဓမ္မာသောကဘုရင်ကြီးအဖြစ် ထင်ရှားပါတယ်။

ဒီပဝံသမှာတော့ အသောကမင်းကြီးရဲ့ ဘွဲ့တော်ကို ပိယဒဿီလို့ အကြိမ်များစွာ ဖော်ပြထားတယ်။ မင်းကြီးရဲ့ ကျောက်စာတွေထဲမှာ ရည်ညွှန်းထားတဲ့ ဒေဝါနံပိယတိဿ ဆိုတဲ့ ဘွဲ့တော်ကတော့ ခေတ်ပြိုင် လင်္ကာကျွန်း ဘုရင်တိဿနဲ့ မင်းကြီးရဲ့မြေးတော် ဒဿရထဘုရင်တို့လည်း သုံးနှုန်းတာကို တွေ့ရတယ်။ ပြီးတော့ ဒီဘွဲ့အမည်ကို သီဟိုဠ်ကျွန်းက အခြားဘုရင်တွေလည်း သုံးနှုန်းပါတယ်။

ဒီကျမ်းဂန်တွေထဲမှာ အသောကမင်းကြီးနဲ့ ဒေဝါနံပိယတိဿဘုရင်တို့ဟာ မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းကို သာသနာပြု မကြွရောက်မီကတည်းက မိတ်ဆွေတွေဖြစ်တယ်လို့ ဆိုထားပါတယ်။ သို့ပေမဲ့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖူးကြဘူး။ တိဿဘုရင်က အသောကမင်းကြီးထံ လက်ဆောင်ပဏ္ဏာတွေ ဆက်သတဲ့အခါ မင်းကြီးကလည်း တိဿဘုရင် ဒုတိယအကြိမ် ဘိသိက်ခံယူဖို့အတွက် ထူးခြားကောင်းမြတ်တဲ့ လက်ဆောင်ပဏ္ဏာတွေနဲ့အတူ ချစ်ကြည်ရေးသံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ပါတယ်။ အသောကမင်းကြီးဟာ ဒီသံအဖွဲ့နဲ့အတူ အထူးလက်ဆောင်အဖြစ် အမှာစကားလည်း ပါးလိုက်ပါတယ်။

"ငါသည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည်ဖြစ်၍ သကျပုတ္တတည်းဟူသော ဗုဒ္ဓမြတ်စွာ၏ တပည့် ဥပါသကာတစ်ဦးအဖြစ် ခံယူခဲ့လေပြီ၊ အို- ယောက်ျားမြတ် ဖြစ်သော အဆွေတော်သင်သည်လည်း ယုံကြည်မှုသဒ္ဓါတရားကို ဖွင့်လှစ်၍ လောကတွင် အမြတ်ဆုံးဖြစ်သော ရတနာသုံးပါး၌ ကိုးကွယ်ဆည်းကပ်လေလော့"

မိလိန္ဒပဉှာကျမ်းမှာတော့ အသောကမင်းကြီးနဲ့ ပါဋလိပုတ်ပြည်ရဲ့ ပြည့်တန်ဆာတစ်ဦးဖြစ်တဲ့ ဗိန္ဒုမတီနဲ့ တွေ့ဆုံမှုကို ဖော်ပြထားတယ်။ ဒီပြည့်တန်ဆာမကလေးက မင်းကြီးကို သစ္စာတရားရဲ့ စွမ်းအားနဲ့ ဂင်္ဂါမြစ်ကြီးကို ပြောင်းပြန်စီးဆင်းစေတယ်လို့ ဆိုပါတယ်။

ပေတဝတ္ထုအဋ္ဌကထာမှာတော့ သူရဋ္ဌတိုင်းက ဘုရင်တစ်ပါးဖြစ်တဲ့ ပိင်္ဂလဘုရင်ဟာ မင်းကြီးထံ ဝင်ရောက်ခစားပြီး အကြံဉာဏ်ပေးလေ့ရှိကြောင်း ဖော်ပြထားတယ်။ ဒီဘုရင်ဟာ မင်းကြီးရဲ့ မိတ်ဟောင်း၊ ဆွေဟောင်း သို့မဟုတ် အကြံပေးဆရာတစ်ဦးဖြစ်မယ်လို့ ခန့်မှန်းရတယ်။

ဗိမ္ဗိသာရမင်းနဲ့ ပသေနဒီမင်းကို ပဒေသရာဇာလို့ ခေါ်ကြသလို အသောကဘုရင်ကြီးကိုတော့ 'ဒီပစက္ကဝတ္တိ'


www.burmeseclassic.com

www.burmeseclassic.com

ည်းခေါ်ကြောင်း သိရတယ်။ အသောကမင်းကြီးမှာ လီ စံမြန်းဖို့ 'မဟာသပ္ပိကာ၊ မောရဂီ၊ မင်္ဂလ' လို့ခေါ် နန်းသုံးဆောင်ရှိကြောင်းလည်း တွေ့ရပါတယ်။

အသောကဘုရင်ကြီးသာ မပေါ်ပေါက်ခဲ့ရင် ဗုဒ္ဓသာသနာဟာ ဒီနေ့ခေတ် အခြေအနေလောက် ပြန့်ပွားနိုင်လောက်လို့ သမိုင်းဆရာတွေက သုံးသပ်ကြပါတယ်။ အသောကမင်းကြီးနဲ့ ပတ်သက်ပြီး ကျမ်းဂန်တွေကလည်း အမျိုးမျိုး တွေ ရေးသားကြတာကို တွေ့ရတယ်။

ဥပမာ- အသောကမင်းကြီးခေတ်က ရှင်ဥပဂုတ္တ ထေရ်မြတ်နဲ့ ပတ်သက်ပြီး တောင်ပိုင်းထေရဝါဒနဲ့ မြောက်ပိုင်းမဟာယာန ကျမ်းဂန်တွေမှာ မူအမျိုးမျိုး တွေ့ကြရတယ်။ အိန္ဒိယက နာမည်ကျော် ကဗျာဆရာကြီး တဂိုးကတောင် ဥပဂုတ္တမထေရ်နဲ့ ပတ်သက်ပြီး ကဗျာရှည်တစ်ပုဒ် ရေးသားတာကို တွေ့ရတယ်။

ဘယ်လိုပဲဖြစ်စေ ဗုဒ္ဓသာသနာမှာ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီး နှစ်တစ်ရာကြာမှာ ကျင်းပတဲ့ ဒုတိယသင်္ဂါယနာခေတ်နဲ့ အသောကမင်းကြီးလက်ထက် သာသနာနှစ် ၂၃၅ ကျင်းပတဲ့ တတိယသင်္ဂါယနာခေတ် ကြားကာလ နှစ်တစ်ရာကျော်လောက်ဟာ စိတ်ဝင်စားဖွယ် အကောင်းဆုံး ကာလတစ်ခုဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီခေတ်ကာလ ဗုဒ္ဓဝါဒဂိုဏ်းတွေကွဲ သန္ဓေတည်ခဲ့ပြီး အားကောင်းစွာ တည်လာခဲ့သလို ထေရဝါဒ ဗုဒ္ဓသာသနာဟာလည်း ဆန့်ကျင်ဘက်ဝါဒတွေကြားမှာ ကြံ့ကြံ့ခံ ရပ်တည်ခဲ့တာဖြစ်တယ်။ ရပ်တည်နိုင်ခဲ့ခြင်းမှာ သံဃာတော်အရှင်သူမြတ်တွေရဲ့ တ် ပဋိဝေဓ နှစ်ဖြာကို စွမ်းစွမ်းတမံ အားထုတ်တော်မူကြောင့် ဖြစ်သလို အသောကမင်းကြီးရဲ့ ဗုဒ္ဓသာသနာအပေါ် ချီးမြှောက်ထောက်ပံ့မှုကလည်း အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း တွေ့ရတယ်။

နောက်ဆုံးအနေနဲ့ သမိုင်းဆရာ အိပ်ချ်ဂျီဝဲလ်ရဲ့ အသောကမင်းကြီးနဲ့ပတ်သက်ပြီး သူ့ရဲ့ ကမ္ဘာ့သမိုင်း အကျဉ်းချုပ်စာအုပ်မှာ သုံးသပ်ထားတာလေးနဲ့ နိဂုံးချုပ်ပါရစေ။

“အသောကဘုရင်ဟာ ဘုရင်တွေထဲမှာ အကြီးမြတ်ဆုံးဖြစ်တယ်။ သူဟာ သူ့ခေတ်ထက် အများကြီး ရှေ့ကိုပြေးတယ်။ သူ့ရဲ့ လုပ်ငန်းတွေကို ဆက်ခံဖို့ ဘယ်လိုအိမ်ရှေ့စာမှ၊ ဘယ်လိုအဖွဲ့အစည်းမှ ချန်မထားခဲ့ဘူး။ သူ စိုးစံခဲ့တဲ့ ခေတ်ကာလတစ်လျှောက်ဟာ သူ ကံကုန် နှစ်တစ်ရာလောက်အတွင်းမှာ အစိတ်စိတ် အမြွှာမြွှာ ကွဲထွက်ပြီး ပြိုလဲပျက်စီးနေတဲ့ အိန္ဒိယနိုင်ငံရဲ့ ဂုဏ်ယူလွှမ်းဆွတ်ဖွယ် ခေတ်ကာလကြီး ဖြစ်ခဲ့ရပါတယ်။

အိန္ဒိယ လူမှုအဖွဲ့အစည်းရဲ့ အဆင့်မြင့်ဆုံး၊ အခွင့်ထူး ခံစားရဆုံး ဗြာဟ္မဏဇာတ်အလွှာဟာ ဗုဒ္ဓဝါဒကို အမြဲမပြတ် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ခဲ့ကြတယ်။ တဖြည်းဖြည်းနဲ့ သူတို့ဟာ အိန္ဒိယမြေပေါ်မှာ ဗုဒ္ဓဝါဒ လွှမ်းမိုးမှုကို ချို့နဲ့ယုတ်၊ လျော့သွားစေခဲ့ပါတယ်။ ရှေးဟောင်း တန်ခိုးကြီး နတ်ဘုရား ကိုးကွယ်မှုတွေ၊ မရေမတွက်နိုင်တဲ့ ဟိန္ဒူဝါဒရဲ့ ရိုးရာအစွဲလမ်း ကိုးကွယ်မှုတွေဟာ တစ်ကျော့ပြန် ထွန်းကားလာခဲ့ပြန်ပါတယ်။ နှစ်ရာစုများစွာကြာအောင် ဗုဒ္ဓဝါဒနဲ့ ဗြာဟ္မဏဝါဒ ယှဉ်လျက် ထွန်းကားပြန့်ပွားခဲ့ပေမယ့် နောက်ဆုံး ဗုဒ္ဓဝါဒဟာ ပြိုကွဲပျောက်ကွယ်ခဲ့ရပြီး အဲဒီနေရာမှာ ဗြာဟ္မဏဝါဒဟာ ပုံစံမျိုးစုံနဲ့ အစားထိုးနေရာယူသွားခဲ့တယ်။ ဒါပေမဲ့ ဗုဒ္ဓဝါဒဟာ ဇာတ်ခွဲခြားမှုစနစ် ကြီးစိုးတဲ့ အိန္ဒိယတိုက်ငယ်ကို ကျော်လွှားပြီး ဒီနေ့ခေတ်အထိ ဆက်လက်ရှင်သန် ထွန်းကားနေတဲ့ တရုတ်၊ ယိုးဒယား၊ မြန်မာနဲ့ ဂျပန်နိုင်ငံများဆီသို့ ပြန့်နှံ့ရောက်ရှိသွားခဲ့ပါတယ်”

## အပိုင်း (၃)
## ကျောက်စာများကပြောသော အသောကမင်းကြီး

အနောက်နိုင်ငံတွေက ဘုရင်ငါးပါးရဲ့ အမည်တွေကို အခြေခံပြီး အသောကဘုရင်ရဲ့ နန်းစံနှစ်ကို ဘီစီ ၂၆၈-၂၃၂ လို့ ခန့်မှန်းကြပါတယ်။ အဲဒီဘုရင်ငါးပါးရဲ့ အမည်ထဲမှာ အီဂျစ်၊ ဆီးရီးယားနဲ့ မက်ဆီဒိုးနီးယားက ဘုရင်တွေပါတယ်။ အသောကဘုရင် နန်းစံတဲ့ သက်တမ်းကို အဲဒီဘုရင်ငါးပါးရဲ့ နန်းစံနှစ်တွေကနေ ခန့်မှန်းကြတာ ဖြစ်တယ်။ ဒီခန့်မှန်းချက်ဟာ နှစ်နှစ်ကနေ ၁၀ နှစ်လောက်တော့ မှားချင်မှားသွားနိုင်တယ်။

ရှေးအင်ဒီးယန်းတွေဟာ သမိုင်းနှစ်ကာလ မှတ်တမ်းတွေကို မှတ်လေ့မရှိကြတော့ ယခုတွက်ချက် ခန့်မှန်းထားတဲ့ နှစ်နဲ့ပဲ အိန္ဒိယရှေးဟောင်းသမိုင်းကို ခုနှစ် စဉ်ကြည့်ကြရတယ်။ သီဟိုဠ်သမိုင်းကျမ်းဖြစ်တဲ့ မဟာဝံသက အသောကဘုရင်ရဲ့ နန်းစံနှစ်ကို (၃၇)နှစ်လို့ ပြောထားပြီး ပုရာဏ်ကျမ်းကတော့ (၃၆)နှစ်လို့ ဖော်ပြထားတယ်။ အသောကဘုရင် လက်ထက်အတွင်းက ရေးထိုးခဲ့တဲ့ ကျောက်စာတွေဟာ အဲဒီခေတ်ကာလကို ခန့်မှန်းတွက်ချက်ဖို့အတွက် ခိုင်မာတဲ့ သက်


www.burmeseclassic.com

www.burmeseclassic.com

သေ အထောက်အထားတွေ ဖြစ်တယ်။ ဒီကျောက်စာတွေအပြင် သီဟိုဠ်မှာ မှတ်တမ်းတင်ထားတဲ့ မဟာဝံသ၊ ဒီပဝံသနဲ့ သမန္တပါသာဒိကာ ကျမ်းတွေကိုလည်း တိုက်ဆိုင်ကြည့်ကြရတယ်။ ပြီးတော့ မြောက်ပိုင်းဗုဒ္ဓဘာသာ ကျမ်းတွေဖြစ်တဲ့ အသောကရာဇဝဒါန၊ အသောကရာဇသုတ္တနဲ့ ဒိဗျာဝဒါန ကျမ်းတွေနဲ့လည်း နှိုင်းယှဉ်တွက်ချက်ကြည့်ရပါတယ်။

အစဉ်အလာ သမိုင်းအရတော့ အသောကဘုရင်ဟာ ငယ်ရွယ်စဉ်အခါတုန်းက အလွန်ကြမ်းတမ်း ခက်ထန်တယ်။ လူအသက်ပေါင်းများစွာ သတ်ခဲ့တယ်။ နောက်ပိုင်း ဗုဒ္ဓဘာသာဝင် ဖြစ်သွားတဲ့အခါ၊ အလွန်ယဉ်ကျေးသိမ်မွေ့သွားပြီး ပြည်သူ ပြည်သားတွေကို မေတ္တာ ကရုဏာနဲ့ အုပ်ချုပ်ခဲ့လို့ သူဟာ ဓမ္မာသောကဘုရင်လို့ ထင်ရှားသွားတယ် စသည်ဖြင့် ဖြစ်တယ်။ အသောကဘုရင်ရဲ့ ဘဝဇာတ်ကြောင်းကို ကျောက်စာရေးသားချက်တွေက ပိုပြီးခိုင်ခိုင်မာမာ ပြောပြနေပါတယ်။ ကျောက်စာတွေထဲကအတိုင်း ပြောရရင်တော့ အသောကဘုရင်ဟာ နန်းစံနှစ် ခုနစ်နှစ်မှာ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့တယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး နှစ်နှစ်ခွဲလောက်အထိ သူဟာ ဗုဒ္ဓဘာသာကို လေးလေးနက်နက် မသက်ဝင်ခဲ့သေးဘူးလို့ ခန့်မှန်းရမှာဖြစ်တယ်။

နန်းစံနှစ် ရှစ်နှစ်မှာ ကလိင်္ဂတိုင်းကို စစ်နိုင်ခဲ့တယ်။ ဒီစစ်ပွဲအတွင်းမှာ အပြစ်မဲ့ပြည်သူများစွာ သေကြေခဲ့ရတာကို အသောကဘုရင် မြင်တွေ့ခဲ့ရတယ်။ စစ်သုံ့ပန်းတွေကို ပြည်နှင်ဒဏ်ပေးခဲ့တယ်။ ကလေးသူငယ်တွေ မိတကွဲ ဖတကွဲ ဖြစ်ခဲ့ကြရသလို လင်ဆုံး၊ သားဆုံး၊ မယားဆုံးလို့ ပူဆွေးသောကရောက်နေတဲ့ စစ်ဒဏ်ထိ ပြည်သူတွေကို အသောကဘုရင် တွေ့မြင်ခဲ့ရတယ်။ ဒီလို စစ်ရဲ့ အနိဋ္ဌာရုံမြင်ကွင်းကို မြင်တွေ့ခဲ့ရတဲ့ အသောကဘုရင်ဟာ အလွန်စိတ်မချမ်းမြေ့ ဖြစ်ခဲ့ရပြီး စစ်ကို စက်ဆုပ်သွားခဲ့တယ်။ တိုက်ခိုက်သတ်ဖြတ်ပြီး ဖြစ်ပေါ်ရရှိလာတဲ့ အောင်ပွဲကို အလွဲအောင်ပွဲအဖြစ် သိမြင်လက်ခံခဲ့ပြီးတော့ တကယ့်အောင်ပွဲဆိုတာဟာ အကြမ်းဖက် နှိပ်ကွပ်မှုမပါတဲ့ ဗုဒ္ဓမြတ်စွာရဲ့ ဓမ္မ ဝိနယအဆုံးအမတွေ အပေါ်မှာ အခြေခံတဲ့ အောင်ပွဲသာ ဖြစ်တယ်လို့ လက်ခံသိမြင်လာခဲ့တယ်။

အဲဒီနောက် တစ်နှစ်ကျော်ကာလပတ်လုံး ဗုဒ္ဓမြတ်စွာရဲ့တပည့် သာဝက သံဃာတော်အရှင်မြတ်တွေကို ဆည်းကပ်ခဲ့တယ်။ ကောင်းမှုကုသိုလ် များစွာပြုခဲ့တယ်။ ကိုယ်ကျင့်သီလတွေ ယုံယုံကြည်ကြည် ကျင့်ကြံခဲ့တယ်။

ကျောက်စာနံပါတ် (၈) မှာ အသောကမင်းကြီးဟာ နန်းစံနှစ် (၁၀) နှစ်မှာ သမ္ဗောဓိကို သွားခဲ့တယ်လို့ ရေးထိုးထားတယ်။ ဒီရေးထိုးမှုဟာ အသောကမင်းကြီးဟာ သူကိုယ်တိုင် ထူးမြတ်တဲ့ တရားအသိဉာဏ် ရရှိသွားခဲ့တယ်လို့ အဓိပ္ပာယ်ထွက်သလို ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူခဲ့တဲ့ ဗုဒ္ဓဂယာဒေသကို သွားရောက်ခဲ့တယ်လို့လည်း အဓိပ္ပာယ်ထွက်နေပါတယ်။ အဲဒီအချိန်ကစပြီး အသောကဘုရင်ဟာ ဗုဒ္ဓမြတ်စွာရဲ့ ဘဝဖြစ်စဉ်နဲ့ ပတ်သက်တဲ့ နေရာဌာနတွေကို ဘုရားဖူးထွက်ခဲ့တယ်။

နောက်ထပ် ကျောက်စာတစ်ခုကတော့ အသောကဘုရင်ဟာ နန်းစံနှစ် (၁၂)နှစ်မှာ ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာ လုမ္ဗိနီကို သွားခဲ့တယ်လို့ ရေးထိုးထားပါတယ်။ အသောကဘုရင်ဟာ ဗုဒ္ဓဝါဒကို ထက်သန်တဲ့ သဒ္ဓါတရားနဲ့ ယုံကြည်ကိုးကွယ်ပြီး လိုက်နာကျင့်သုံးခဲ့တယ်။ သူ့ဩဇာ ဖြန့်ကျက်မှုအောက်မှာရှိတဲ့ တိုင်းပြည်ဒေသ အနှံ့မှာလည်း ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေ ထွန်းကားပြန့်ပွားအောင် ကြိုးစားဆောင်ရွက်ခဲ့တယ်။

စေတီပုထိုးတွေမှာ ဗုဒ္ဓဝင်ကြောင်းချင်းရာ နတ်ပြည်လောက ရုပ်လုံးရုပ်ကြွတွေ ထုလုပ်တန်ဆာဆင်စေပြီး တိုင်းသူပြည်သားတွေကို ရုပ်ပုံတွေကတစ်ဆင့် ဗုဒ္ဓဝါဒ အဆုံးအမတွေကို သင်ကြားပေးခဲ့တယ်။ ဒီလိုသင်ကြားမှုတွေကြောင့် အရင်တုန်းက ဗုဒ္ဓဝါဒအကြောင်း ဘာမှမသိကြရတဲ့ သာမန်ပြည်သူတွေဟာ နတ်သား၊ နတ်သမီးတွေအကြောင်း၊ နတ်ပြည်လောကအကြောင်းကို သိကြရတယ်လို့ ကျောက်စာများစွာမှာ ရေးထိုးဖော်ပြထားတယ်။

နန်းစံနှစ် (၇)နှစ်ကစပြီး (၂၇)နှစ်အထိ အသောကဘုရင်ကြီးဟာ ဗုဒ္ဓသာသနာတော် ပြန့်ပွားထွန်းကားဖို့ ကြိုးစားဆောင်ရွက်ခဲ့ပြီး ဒီဆောင်ရွက်မှုတွေကို ကျောက်စာ မှတ်တမ်းတွေနဲ့ ရေးထိုးမှတ်တမ်းတင်ခဲ့တယ်။ ဒီလို ရေးထိုးထားခဲ့တဲ့ ကျောက်စာအများအစုကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ဖြစ်ပါတယ်။

အချို့ကျောက်စာတွေကို ပြောင်ချောနေတဲ့ ကျောက်ပြားတွေပေါ်မှာ ရေးထွင်းထားခဲ့ပြီး ကျောက်ချပ်စာလို့ ခေါ်ကြတယ်။ အချို့ကျောက်စာတွေကို ကြီးမားတဲ့ သဲကျောက်လုံးတိုင်ကြီးတွေပေါ်မှာ ရေးထွင်းခဲ့ပြီး ကျောက်စာတိုင်လို့ ခေါ်ကြပါတယ်။ ကျောက်ချပ်စာကိုပဲ နောက်ထပ် နှစ်မျိုးခွဲခြားနိုင်ပါတယ်။ အဓိက ကျောက်ချပ်စာ ၁၄ ချပ်ကို အသောကဘုရင် အုပ်ချုပ်စိုးစံသွားခဲ့တဲ့ ဂါနာအပါအဝင်



www.burmeseclassic.com

www.burmeseclassic.com

ည်နယ်စပ်တစ်လျှောက် ဒေသ ခုနစ်နေရာကနေ ရှာ တွေ့ရှိခဲ့ကြတယ်။ အဲဒီကျောက်ချပ်တွေမှာ ရှည်လျားတဲ့ ကျောက်စာမှတ်တမ်းတွေ ပါဝင်ပြီး ကျောက်စာမှတ်တမ်း ရဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို တွေ့ရှိကြရပါ တယ်။

သေးငယ်တဲ့ အခြားကျောက်ချပ်စာတွေကိုတော့ နိုင်ငံ အလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသက နေရာ ခုနစ် မှာ ရှာဖွေတွေ့ရှိခဲ့တယ်။ ဒီကျောက်စာတွေဟာ အများ ဖြင့် ဗုဒ္ဓဝါဒနဲ့ သက်ဆိုင်နေပြီး အချို့ကျောက်စာတွေ တော့ အသောကဘုရင်ရဲ့ မင်းကျင့်တရားဆိုင်ရာ ကျင့်ထုံး တို ရေးထိုးထားပါတယ်။

အသောကဘုရင်က လေ့လာသင်ယူကြဖို့ တိုက်တွန်း တဲ့ ဗုဒ္ဓတရားတော်သုတ် ခုနစ်သုတ်ပါတဲ့ မှတ်တမ်း ကျောက်စာချပ်ကို ဘာရတ်ထ်မှာတွေ့ရှိခဲ့ပြီး အဲဒီကျောက် စာဟာ အသေးစားတွေထဲက တစ်ချပ်ဖြစ်ပါတယ်။

အသေးစား၊ အကြီးစား ကျောက်စာတိုင်တွေများစွာ ည်း ယနေ့ခေတ်ထိအောင် ကျန်ရစ်ခဲ့ပါတယ်။ ကျောက် တိုင် ခြောက်တိုင်၊ သို့မဟုတ် ခုနစ်တိုင်ကို အဓိကအားဖြင့် ယနိုင်ငံ အလယ်ပိုင်းက နေရာ ခြောက်နေရာမှာ တွေ့ တယ်။ ကျောက်စာတိုင်တွေမှာ ရေးထိုးထားတဲ့ မှတ်တမ်း ဟာ အများအားဖြင့် ကျောက်ချပ်စာတွေမှာ ပါသလို ဆိုင်ရာ အဆုံးအမတွေ ဖြစ်ပါတယ်။ အဲဒီကျောက်စာ တွေကို အသောကဘုရင် နန်းစံနှစ် (၂၆)နှစ်မှာ ရေးထိုး ထုခဲ့တာဖြစ်တယ်။

အသေးစား ကျောက်စာတိုင်တွေကို ဗုဒ္ဓဝင်နေရာတွေ တဲ့ ဆာရာနတ်ထ်လို၊ ဆန်ချီလိုနေရာတွေမှာ တွေ့ရများ တယ်။ ဒီကျောက်စာတိုင်တွေကတော့ ဗုဒ္ဓမြတ်စွာရဲ့ တပည့် တော့အဖွဲ့အစည်းနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေ င်နေတယ်။ ပြီးတော့ သံဃာတွေ မညီမညွတ် ဂိုဏ်းကွဲ နိုင်တဲ့ အန္တရာယ်တွေကိုလည်း သတိပေး ရေးထိုးထား ပါတယ်။

ဒီကျောက်စာတိုင်တွေရဲ့ ထိပ်ဆုံးမှာ အများအားဖြင့် ဝါတစ်မျိုးမျိုးနဲ့ တန်ဆာဆင်ထားတယ်။ ဆာရာနတ်ထ် ရှာဖွေတွေ့ရှိခဲ့တဲ့ ကျောက်စာတိုင်ရဲ့ထိပ်မှာ ခြင်္သေ့လေး င် လေးဖက်လေးတန် မျက်နှာမူနေပုံ ထွင်းထုထားပြီး တ်ဘက်မှာ ဓမ္မစကြာလှည်းဘီးတွေ ပါတယ်။ ဒီလက်ရာ င်မြောက်လှတဲ့ အသောကဘုရင်ရဲ့ သင်္ကေတအမှတ် တံဆိပ်ကို ဒီနေ့ခေတ် အိန္ဒိယနိုင်ငံရဲ့ နိုင်ငံတော် အမှတ် တံဆိပ်အဖြစ် အသုံးပြုထားပါတယ်။ ပြီးတော့ ဓမ္မလှည်းဘီး ပုံကိုတော့ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံတော်အလံပေါ်မှာ တွေ့မြင် နိုင်ပါတယ်။

အသောကဘုရင်ရဲ့ ကျောက်စာတွေကို ၁၉ ရာစုနှစ် ကစပြီး ပညာရှင်တွေ စတင်တွေ့ရှိခဲ့ကြတယ်။ မကြာသေးခင် နှစ်များအထိ ဆက်လက်တွေ့ရှိနေဆဲ ဖြစ်တယ်။ ၁၉၄၉ ခုနှစ် မှာ အာမေးနီးယန်းဘာသာနဲ့ ရေးထိုးထားတဲ့ အသောက ဘုရင်ရဲ့ ကျောက်စာတစ်ချပ်ကို အာဖဂန်နစ္စတန်နိုင်ငံ လမ်ပါကဒေသမှာ ရှာဖွေတွေ့ရှိခဲ့တယ်။ ဂရိ၊ အာမေးနီးယန်း နှစ်ဘာသာ ရေးထိုးထားတဲ့ ကျောက်စာကိုတော့ ၁၉၅၈ ခုနှစ် က ကန်ဒဟာရ်ဒေသမှာ တွေ့ရှိခဲ့တယ်။ ၁၉၆၆ ခုနှစ်မှာ ဒေလီမြို့နယ် အစပ်မှာလည်း ကျောက်စာတစ်ချပ် တွေ့ရှိခဲ့ တယ်။ ကျောက်စာ (၃၀)ကျော်ကို အတည်ပြုထားနိုင်ခဲ့ပြီး ဖြစ်တယ်။

ဂျိမ်းပရင့်ဆပ်က ၁၈၃၃ ခုနှစ်မှာ အသောကကျောက် စာတွေရဲ့ အဓိပ္ပာယ်တွေကို စတင်ဖော်ထုတ်နိုင်ခဲ့တဲ့ အချိန် ကစပြီး တဖြည်းဖြည်း အဓိပ္ပာယ် ပိုကောက်နိုင်ခဲ့ရာကနေ အခုတော့ ကျောက်စာချပ်တွေရဲ့ စကားအဓိပ္ပာယ်ကို အပြည့် အဝနီးပါး နားလည်နိုင်ကြပြီ ဖြစ်ပေမယ့် ဒွိဟဖြစ်စရာ ကျောက်စာအဓိပ္ပာယ်များစွာလည်း ကျန်ရှိနေပါသေးတယ်။

အသောကမင်းကြီးဟာ ဗုဒ္ဓဝါဒရဲ့ သင်ကြားမှုဖြစ်တဲ့ လူသားအားလုံးဟာ အခြေခံအားဖြင့် အဆင့်အတန်း တူညီ တယ်ဆိုတဲ့ အဆုံးအမကို လက်ခံယုံကြည်ခဲ့တယ်။ ဒါကြောင့် မို့ သူအပါအဝင် လူသားအားလုံးဟာ ဗုဒ္ဓမြတ်စွာရဲ့ အဆုံး အမတရားတော်တွေကို လိုက်နာကျင့်သုံးဖို့လိုတယ်။ လူသား အားလုံးဟာ ကရုဏာတရား ကိန်းအောင်းပြီး ရိုးသားဖြူစင်ဖို့ လိုတယ်လို့ ယုံကြည်ယူဆခဲ့တယ်။ ဘုရင်မင်းမြတ်ဟာ သူ့ရဲ့ ပြည်သူပြည်သားတွေအားလုံး သက်ရှိသတ္တဝါတွေအပေါ်မှာ သနားကြင်နာဖို့၊ မှန်ကန်စွာပြောဆိုဖို့၊ စိတ်ရှည်သည်းခံဖို့ အကူအညီ မဲ့နေသူတွေကို ကူညီဖို့ တိုက်တွန်းခဲ့တယ်။ အား ပေးခဲ့တယ်။

ဆိုခဲ့တဲ့ လူသားကျင့်ဝတ်တွေဟာ အလွန်ရိုးရှင်းနေ ပေမယ့် အသောကမင်းကြီးကတော့ ဒီကျင့်ဝတ်တွေဟာ ဘယ်တော့မှ ဖောက်ပြန်ပြောင်းလဲမှု မရှိတဲ့ လူသားအားလုံး လိုက်နာကျင့်သုံးသင့်တဲ့ သစ္စာတရားတွေအဖြစ် ယုံကြည် လက်ခံခဲ့တယ်။ အဲဒီကျင့်ဝတ်တွေကို နောက်အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com

မျိုးဆက်တွေ လက်ဆင့်ကမ်းဖို့အတွက် သူဟာ ဆိုခဲ့ပြီးတဲ့ ကျောက်စာချပ်၊ ကျောက်စာတိုင်တွေမှာ ရေးထိုးခဲ့တာဖြစ်ပါတယ်။

ကိုယ့်လို ဝေဒနာခံစားမှုရှိတဲ့ သတ္တဝါအားလုံးရဲ့ အသက်ကို လေးစားတန်ဖိုးထားဖို့ အရေးကြီးတယ်ဆိုတဲ့ အချက်ကို အသောကမင်းကြီးရဲ့ ကျောက်စာတွေမှာ ထပ်ကာတလဲလဲ ဖော်ပြရေးထိုးထားခဲ့ပါတယ်။ မလိုအပ်ဘဲ သတ်ဖြတ် ညှဉ်းဆဲခြင်းကို ဥပဒေနဲ့ ပိတ်ပင်တားမြစ်ခဲ့တယ်။ အကယ်၍ သတ္တဝါတွေကို မဖြစ်မနေ သတ်ဖြတ်ရမယ်ဆိုရင်တောင် ကိုယ်ဝန်ဆောင်မိခင်နဲ့ ငယ်ရွယ်တဲ့ သတ္တဝါတွေကို လုံးဝ မသတ်ရဘူး။

တိုင်းပြည်အနှံ့မှာ ဆေးရုံတွေ ဆောက်လုပ်ပေးခဲ့တယ်။ ဆေးရုံတစ်မျိုးက လူတွေအတွက်ဖြစ်ပြီး နောက်ထပ်ဆေးရုံတစ်မျိုးက တိရစ္ဆာန်တွေအတွက် ဖြစ်တယ်။ ဆေးဝါးကုသဖို့ လိုအပ်တဲ့ ဆေးပင်တွေကို အထူးစိုက်ပျိုးစေခဲ့တယ်။ လမ်းဘေးတွေမှာ အရိပ်ရသစ်ပင်တွေ စိုက်ပျိုးစေခဲ့တယ်။ ရေတွင်း ရေကန်ပေါင်း များစွာတူးဖော်စေခဲ့တယ်။ ခရီးသည်တွေ နားခိုဖို့ ဇရပ်၊ နားနေရန် ဌာနတွေ၊ သောက်သုံးရေစင်တွေ ခရီးလမ်းမတွေရဲ့ ဘေးမှာ တည်ထားစေခဲ့တယ်။

ကျောက်စာ (၃)

ဒီလို ကူညီစောင့်ရှောက်ခြင်းနဲ့ အသောကမင်းကြီးဟာ သူ့တိုင်းပြည်က ပြည်သူပြည်သားတွေရဲ့ဘဝကို ငြိမ်းချမ်းသာယာစေခဲ့တယ်။ လူအပါအဝင် သတ္တဝါအားလုံးရဲ့ အပေါ်မှာ ထားရှိတဲ့ သူရဲ့ မေတ္တာတရား၊ သနားစောင့်ရှောက်မှု (ဒယာ)တရားတွေကို ဖော်လှစ်ပြသခဲ့ပါတယ်။ အသောကမင်းကြီးရဲ့ ကျောက်စာတွေမှာ မိဘ၊ ဆရာသမားနဲ့ သက်ကြီးဝါကြီးတွေရဲ့ ဆုံးမစကားကို ရိုသေလေးစားဖို့ အရေးကြီးကြောင်းကိုလည်း ထပ်ကာတလဲလဲဖော်ပြထားတယ်။ သက်ကြီးရွယ်အိုတွေကို ယဉ်ကျေးစွာ ဆက်ဆံဖို့ လမ်းညွှန်ထားတယ်။ မိတ်ဆွေတွေ၊ ပညာရှိ သမဏ၊ ဗြာဟ္မဏတွေ၊ ဆင်းရဲသားတွေ၊ ကျေးကျွန်တွေကို ကောင်းမွန်စွာ ဆက်ဆံဖို့ ဘယ်အဆင့်အတန်းမှာပဲဖြစ်ဖြစ် လူသားတစ်ဦးစီမှာရှိတဲ့ လူသားဂုဏ်သိက္ခာကို ငံလေးစားဖို့ တိုက်တွန်းထားတယ်။

ဒီ့အပြင် သာမဏ၊ ဗြာဟ္မဏတွေနဲ့ ဖုန်းတောင်းယာစကာတွေကို ဆွမ်း၊ ထမင်း လှူဒါန်းစွန့်ကြဖို့လည်း လမ်းညွှန်ထားပါတယ်။ အသောကမင်းကြီး ကိုယ်တိုင်လည်း အမဲလိုက်လေ့ရှိတဲ့ ဝါသနာကို စွန့်လွှတ်ခဲ့ပြီး တိုင်းပြည်အနှံ့ ဓမ္မခရီးတွေ လှည့်လည်ခဲ့ကြောင်း ကျောက်စာမှာ ရေးထိုးဖော်ပြထားတယ်။

ကျောက်စာ (၈)

ဒီလို ဓမ္မခရီးထွက်တဲ့အခါ အသောကဘုရင်ဟာ ဘာသာရေးခေါင်းဆောင် ကျမ်းတတ်ပုဂ္ဂိုလ်တွေကို သွားရောက်ဖူးမြင်တယ်။ ဆွမ်းပစ္စည်းတွေ လှူဒါန်းထောက်ပံ့တယ်။ ပြီးတော့ သာမန်ပြည်သူ ပြည်သားတွေနဲ့ တွေ့ဆုံပြီး သူသိထားတဲ့ တရားဓမ္မတွေနဲ့ သူတို့ကို ဟောပြောဆုံးမပါတယ်။ ဒီလို ဓမ္မခရီး ထွက်ရတာကို အသောကမင်းကြီး အလွန်နှစ်သက်မြတ်နိုးတယ်။

ဘုရင်မင်းကြီးဟာ အလှူတကာ့ အလှူတွေထဲမှာ ဓမ္မအလှူကို အမြတ်ဆုံးလို့ ခံယူထားပြီး ဒီလို သူသိတဲ့ တရားဓမ္မတွေကို မျှဝေရင်း ဓမ္မမိတ်ဆွေပေါင်း များစွာနဲ့ ချစ်ကြည်မှုရယူခဲ့တယ်။ တရားဓမ္မ ဟောကြားခြင်းဟာ ဟောကြားသူအတွက် ဒီဘဝမှာလည်း ကောင်းကျိုးတရားတွေရမယ်၊ နောင်သံသရာမှာလည်း မရေမတွက်နိုင်တဲ့ အကျိုးတရားတွေရမယ်လို့ အသောကမင်းကြီး ယုံကြည်ပါတယ်။

ပြည်သူ ပြည်သားတွေကို ကာမဂုဏ်အာရုံတွေကို အလွန်အကျူး မလိုက်စားဖို့၊ ကာမဂုဏ်ဆန္ဒတွေကို ပညာနဲ့ ထိန်းကျောင်းဖို့ ဟောပြောလေ့ရှိတယ်လို့ ကျောက်စာတွေမှာ မှတ်တမ်းတင်ထားတယ်။ အသောကမင်းကြီးဟာ တိုင်းပြည်ကိစ္စကို ဆောင်ရွက်ရာမှာ အလွန်လုံ့လပြုတယ်။ နိုးကြားတယ်။ တိုင်းရေးပြည်ရေးကိစ္စ ကြုံလာရင် သူပွဲတော်တည်နေသည်ဖြစ်စေ၊ မိဖုရားဆောင် ရောက်နေသည်ဖြစ်စေ၊ ဥယျာဉ်တော်မှာ ပျော်ပွဲစားနေသည်ဖြစ်စေ ချက်ချင်းသတင်းပို့ရမယ်လို့ အမိန့်ထုတ်ထားပါတယ်။

မင်းကြီးဟာ ရှင်ဘုရင်ကောင်းတစ်ပါး ဖြစ်အောင် ကြိုးစားခြင်း၊ ကျင့်ကြံခြင်းဟာ တိုင်းပြည်ဘုရင်တစ်ပါးက ပြည်သူတွေအတွက် ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတစ်ရပ်အဖြစ် ခံယူထားတယ်။ ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရတာ၊ ဆောင်ရွက်လို့ ဖြစ်ပေါ်လာတဲ့ အကျိုးစီးပွားတွေကို ဆတက်ထမ်းပိုး တိုးပွားလာအောင် ကြိုးစားအားထုတ်နေတာဟာ အမွန်မြတ်ဆုံးအလုပ်လို့ အသောကမင်းကြီး ခံယူထားတယ်။

သူ့ရဲ့ အုပ်ချုပ်စီမံမှု အားလုံးဟာ ပြည်သူ ပြည်သားနဲ့ သက်ရှိအားလုံးအပေါ်မှာ တင်ရှိနေတဲ့ ကျေးဇူးတရား၊ သံသရာကြွေးကို ဆပ်နေရတာ ဖြစ်တယ်လို့လည်း သူယူ



www.burmeseclassic.com

www.burmeseclassic.com

ထားပါတယ်။ အသောကမင်းကြီးဟာ ပြည်သူ ပြည်သား သတ္တဝါအားလုံးကို ယခုမျက်မှောက်ဘဝမှာလည်း ပျော်ရွှင်ချမ်းမြေ့စေချင်တယ်၊ နောင်သံသရာမှာလည်း ကောင်းမွန်တဲ့ သုဂတိဘုံဘဝတွေမှာ ခံစားပျော်ရွှင်စေချင်တယ်။ သူဟာ သူ့မှတစ်ပါး အခြားသတ္တဝါအားလုံးကို သူ့ရဲ့ရင်ဝယ်သား သမီးများသဖွယ် သဘောထားကြောင်း ကျောက်စာမှာ ရေးထိုးထားခဲ့ပါတယ်။

**ကျောက်စာ (၆)**

အသောကမင်းကြီးရဲ့ ကျောက်စာတွေထဲမှာ ဓမ္မရဲ့ အဓိပ္ပာယ်ကို အမျိုးမျိုး ဖွင့်ဆိုထားတယ်။ ကောင်းမြတ်မှု (sadhu)၊ မကောင်းမှုမှ ကင်းစင်မှု၊ ကောင်းမှုများစွာဖြင့် ပြည့်စုံမှု၊ သနားစောင့်ရှောက်မှု၊ ပေးကမ်းစွန့်ကြဲမှု၊ မှန်ကန်မှု သစ္စာတရား၊ ကိုယ်နှုတ်နှလုံး စင်ကြယ်မှု စသည်ဖြင့် တွေ့ရပါတယ်။

တရားဓမ္မကို သိရှိနားလည်ခြင်း၊ မျက်မှောက်ပြုခြင်းဆိုတဲ့ အဓိပ္ပာယ်မှာ သနားစောင့်ရှောက်မှုရှိခြင်း၊လွတ်လွတ်လပ်လပ် ပေးကမ်းစွန့်ကြဲနိုင်ခြင်း၊ သစ္စာတရား၊ စိတ်နှလုံးစင်ကြယ်မှု၊ စိတ်နှလုံး နူးညံ့မှု၊ ကောင်းမြတ်မှု စတဲ့ ကောင်းမြတ်တဲ့ အရည်အသွေးတွေ ပါတယ်။ လူတစ်ယောက်ဟာ ပေးကမ်းစွန့်ကြဲမှုကိုတော့ လုပ်တယ်။ သို့သော် သူဟာ အာရုံတွေအပေါ်မှာ ထိန်းချုပ်ထားနိုင်စွမ်း မရှိဘူးဆိုရင်၊ သူတစ်ထူးရဲ့ ကျေးဇူးတရားကို ချေပတတ်ရင်၊ ခိုင်မြဲတဲ့ ရိုးသားစင်ကြယ်မှု မရှိဘူးဆိုရင် အထူးကောင်းမွန်သူ မဟုတ်သေးဘူး။ နိမ့်ကျနေသေးတယ်လို့ ဆိုထားပါတယ်။

ဒီ့အပြင် ရက်စက်ကြမ်းကြုတ်မှု၊ လူသားမဆန်မှု၊ ဒေါသ၊ မာနတရားများ၊ မနာလိုဝန်တိုမှု စတဲ့ အကုသိုလ်တရားတွေဟာ စိတ်ညစ်နွမ်းမှု ကိလေသာတရားတွေကို ပိုပြီးတိုးပွားစေလိမ့်မယ်လို့ အသောကမင်းကြီးဟာ သူ့ရဲ့ကျောက်စာထဲမှာ သတိပေး ရေးထိုးထားတယ်။

"ကောင်းမှုပြုဖို့ဆိုတာ မလွယ်ဘူး၊ ကောင်းတာတွေကို ပြုလုပ်အားထုတ်တဲ့အခါ အစမှာတော့ အခက်အခဲ တွေ့ရလိမ့်မယ်" လို့ ဖော်ပြထားတယ်။ အဲဒီနောက် မင်းကြီးက သူဟာ ကောင်းမှုများစွာကို အားထုတ်ခဲ့ပြီးပြီလို့ ဆက်လက်ရေးထိုးထားတယ်။

**ကျောက်စာ (၄၊ ၅)**

အသောကမင်းကြီးဟာ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတော်တွေနဲ့ ပတ်သက်တဲ့ သူ့ရဲ့ဓမ္မအမြင် အယူအဆတွေကို နည်းလမ်းနှစ်ခုနဲ့ ပြန့်ပွားတွန်းကားအောင် အားထုတ်ခဲ့တယ်။ ပထမနည်းက အာဏာစက်နဲ့ ဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် တရားဓမ္မ တည်တံ့ပြန့်ပွားစေခြင်း ဖြစ်တယ်။ တရားဓမ္မနဲ့ ပတ်သက်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းခဲ့တယ်။ ဒီဥပဒေတွေဟာ အထူးသဖြင့် သတ္တဝါတွေကို ညှဉ်းဆဲသတ်ဖြတ်ခြင်း ရှောင်ကြဉ်ဖို့နဲ့ သက်ဆိုင်တယ်။

အသောကမင်းကြီးဟာ ဒီလိုဥပဒေပြဋ္ဌာန်းခြင်းနည်းလမ်းနဲ့ သူ့ရဲ့ သတ္တဝါတွေအပေါ် ညှဉ်းဆဲသတ်ဖြတ်ခြင်းနဲ့ ဆိုင်တဲ့ ဓမ္မအမြင် ကျင့်သုံးဆောက်တည်မှုကို သူ့တိုင်းပြည်က ပြည်သူ ပြည်သားတွေကိုလည်း အာဏာစက်နဲ့ ကျင့်သုံးဆောက်တည်စေခဲ့တယ်။ တရားဓမ္မ တည်ရှိစေခဲ့တယ်။

နောက်တစ်နည်းကတော့ တရားဓမ္မတွေကို ဆင်ခြင်ပွားများစေခြင်း၊ ကိုယ်တိုင်သိမြင်အောင် ကျင့်ကြံအားထုတ်စေခြင်းဖြင့် တည်တံ့ပြန့်ပွားစေခြင်း ဖြစ်တယ်။ ဒီနည်းလမ်းနဲ့ တိုင်းသူပြည်သားတွေဟာ သတ္တဝါတွေကို သတ်ဖြတ်ညှဉ်းဆဲခြင်းမပြုဖို့ တားမြစ်ရတဲ့အကြောင်းရင်းကို လေးလေးနက်နက် သဘောပေါက်နားလည်သွားကြလိမ့်မယ်။

ပြီးတော့ ဒီနားလည်သိမြင်မှုကနေ သူတို့ရဲ့ အခြားပြုလုပ်အားထုတ်မှုတွေမှာလည်း တရားဓမ္မနဲ့ယှဉ်ပြီး ပြုလုပ်အားထုတ်သွားကြလိမ့်မယ်လို့ ဖော်ပြထားပါတယ်။ ဒီလို ကိုယ်တိုင်ဆင်ခြင်ပွားများခြင်း၊ ကျင့်ကြံအားထုတ်ခြင်းဖြင့် သိရှိတဲ့ တရားဓမ္မအမြင်ဟာ ဥပဒေတားမြစ်ချက်ကြောင့် ကျင့်ကြံရတဲ့ တရားဓမ္မထက်ပိုပြီး အဆင့်အတန်းမြင့်ကြောင်းလည်း ရေးထိုးထားပါတယ်။

**ကျောက်စာ (၇)**

ဘုရင်မင်းမြတ်ဟာ သတ္တဝါတွေရဲ့ အသက်ကို မသတ်ဖို့၊ သက်ရှိအားလုံးကို တန်ဖိုးထားဖို့၊ လူအချင်းချင်း ရိုသေမှု ဂါရဝတ ားထားဖို့ အထူးအလေးပေးခဲ့တယ်။ သေမိန့် သေဒဏ် ျခံနေရတဲ့ ရာဇဝတ်သား တစ်ယောက်ကိုတောင်မှ ဆွေမျိုးမိဘတွေနဲ့ တွေ့ဆုံဖို့ နောင်သံသရာအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ဖို့အတွက် အမိန့်မချမှတ်ခင် သုံးရက် လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တယ်။ အသောကမင်းကြီးရဲ့ နန်းစံသက် (၂၆)နှစ်အတွင်းမှာ (၂၅)ကြိမ်တိုင်တိုင် ရာဇဝတ်သားတွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တယ်။

**ကျောက်စာ (၅)**

အသောကမင်းကြီး အထူးညွှန်ပြ ရေးထိုးထားတဲ့ 'သူတစ်ပါးအသက်ကို လေးစားမှု' ဆိုတဲ့ တရားဓမ္မဟာ ကိုယ်မှ





www.burmeseclassic.com

www.burmeseclassic.com

တစ်ပါး အခြားသော သတ္တဝါတွေဟာ ကိုယ်လိုပဲ အသက်ရှင်သန်လိုတယ် ခံစားတတ်တယ်ဆိုတဲ့ ခံစားသိမြင်မှု တိုယ်ချင်းစာတရားပေါ်မှာ အခြေခံထားတာ ဖြစ်တယ်။

အသောကမင်းကြီး အထူးအလေးအနက်ထားတဲ့ အခြားကောင်းမြတ်တဲ့ တရားဓမ္မတွေကတော့ ကြင်နာသနားမှု၊ ပေးကမ်းစွန့်ကြဲမှု၊ မှန်ကန်ခြင်း သစ္စာတရား၊ ကိုယ်နှုတ် စိတ် စင်ကြယ်မှု၊ မိခင် ဖခင်တွေရဲ့ ဆုံးမစကားကို နားထောင်မှု၊ အခြားသူတွေရဲ့ အပေါ်မှာ တရားမျှတစွာ ပေါင်းသင်းဆက်ဆံမှု၊ မိမိနေထိုင်တဲ့ လူ့ပတ်ဝန်းကျင်ရဲ့ ကျေးဇူးတရားတွေကို နားလည်သိရှိမှု' စတဲ့ အရည်အသွေးတွေဖြစ်တယ်။ အသောကမင်းကြီး သိမြင်တဲ့ တရားဓမ္မတော်တွေဟာ ကြွယ်ဝပြည့်စုံလှပါတယ်။

အသောကမင်းကြီးဟာ ကျင့်သုံးဖို့ သူလမ်းညွှန်တိုက်တွန်းထားတဲ့ တရားဓမ္မတွေကို တိုင်းသူပြည်သားတွေ လိုက်နာမှု ရှိ မရှိ စီစစ်စုံစမ်းဖို့ စစ်ဆေးဖို့အတွက် ဓမ္မရေးရာဝန်ကြီးတွေကို ခန့်အပ်ထားခဲ့တယ်။ အဲဒီ ဓမ္မရေးရာဝန်ကြီးတွေဟာ ငါးနှစ် တစ်ကြိမ် သက်ဆိုင်ရာနယ်တွေကို သွားရောက်စုံစမ်းစစ်ဆေးကြရတယ်။ (သီးခြားကျောက်စာ-၁၊ Dhauli)။

အသောကမင်းကြီးရဲ့ အရှည်လျားဆုံး ရေးထိုးခဲ့တဲ့ ကျောက်စာနံပါတ် ၁၄ မှာ မင်းကြီးရဲ့ တရားဓမ္မအမြင်တွေဟာ ဗုဒ္ဓဝါဒက လာတယ်လို့ အတိအကျ ဖော်ပြမထားတဲ့အတွက်ကြောင့် အချို့ပညာရှင်တွေက မင်းကြီးရဲ့ ဓမ္မအမြင်ဟာ ဗုဒ္ဓဝါဒ ဟုတ်လေမလားဆိုတဲ့ သံသယတွေ ရှိကြပါတယ်။ သို့သော်လည်း မင်းကြီးရဲ့ ဓမ္မအမြင်ဟာ ဗုဒ္ဓဝါဒမှတစ်ပါးသော အခြားဘာသာရေး တစ်ခုခုပေါ်မှာ အခြေခံတယ်လို့တော့ ပြောနိုင်စရာမရှိဘူး။

ဉပမာ - ဟိန္ဒူဝါဒက မနုဓမ္မသတ်မှာ သုံးနှုန်းထားတဲ့ ဓမ္မဆိုတဲ့ အသုံးအနှုန်းရဲ့ အဓိပ္ပာယ်ဟာ တရားစီရင်ရေးဥပဒေနဲ့သာ သက်ဆိုင်တယ်။ နိယာယဝါဒဂိုဏ်း နဲ့ ဂျိန်းဝါဒမှာလည်း ဓမ္မဆိုတဲ့ အသုံးအနှုန်းကို သုံးထားပါတယ်။ သို့သော်လည်း အဲဒီအသုံးနှုန်းက ဆိုလိုတဲ့အဓိပ္ပာယ်ဟာ အသောကမင်းကြီးရဲ့ ကျောက်စာတွေက ဓမ္မအသုံးနှုန်း အဓိပ္ပာယ်နဲ့ လုံးဝကွာခြားနေပါတယ်။

ဝေဒကျမ်းနဲ့ ဉပနိသျှကျမ်းဂန်တွေမှာ သုံးနှုန်းထားတဲ့ ဓမ္မအဓိပ္ပာယ်ဟာ မင်းကြီးဆိုလိုတဲ့ အဓိပ္ပာယ်နဲ့တော့ နီးစပ်တယ်၊ သို့သော် ထပ်တူကျတယ်လို့တော့ မပြောနိုင်ပါဘူး။ ဉပနိသျှကျမ်းဂန်တွေ ဦးတည်ထားတာက ဗြဟ္မာနဲ့ အတ္တဝါဒဖြစ်တယ်။ ဓမ္မ မဟုတ်ဘူး။ အသောကမင်းကြီးရဲ့ ဦးတည်မှုကတော့ ဓမ္မသက်သက်သာ ဖြစ်တယ်။

ဘဝဂဝ်ဂီတမှာ ဓမ္မဆိုတာ ကမ္မယောဂ ကျင့်စဉ်ရဲ့ အဓိကကျတဲ့ကျင့်ဝတ် ကျင့်ထုံးတစ်ခုဖြစ်ပြီး ဆွဓမ္မလို့ခေါ်တဲ့ ကျင့်ဝတ် ဝတ္တရားတစ်ခုအဖြစ် တွေ့ရပါတယ်။ ဘဝဂဝ်ဂီတမှာ ကောင်းမြတ်တဲ့ ဓမ္မကျင့်ဝတ် ကျင့်ထုံးတွေကို ဖော်ပြထားပြီး အများအားဖြင့် အသောကမင်းကြီးရဲ့ ကျောက်စာတွေမှာ ရေးထိုးထားတဲ့ ဓမ္မသဘောထား အမြင်တွေနဲ့ တူညီနေတယ်။

သို့သော် မတူတဲ့အချက် ဘာလဲဆိုတော့ ဘဝဂဝ်ဂီတကျမ်းက စစ်ကို ချီးမွမ်းရေးသားထားပြီး အသောကမင်းကြီးက စစ်ကို ဆန့်ကျင်ရှုတ်ချထားတဲ့ အချက်ဖြစ်တယ်။ အခြားဘာသာ ဝါဒတွေနဲ့ နှိုင်းယှဉ်တဲ့အခါ ဓမ္မဆိုတဲ့ အသုံးအနှုန်းဟာ ဗုဒ္ဓဝါဒမှာ အဓိက အစိတ်အပိုင်းမှာ ရှိနေပါတယ်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးမှာ ဓမ္မဆိုတာ တစ်ပါးအပါအဝင် ဖြစ်တယ်။ ပြီးတော့ အသေးစားကျောက်ချပ်စာတွေနဲ့ ကျောက်စာတိုင်တွေမှာလည်း အသောကမင်းကြီးဟာ သဒ္ဓါတရားထက်သန်တဲ့ ဗုဒ္ဓဝါဒီ ဘုရင်မင်းမြတ်ဖြစ်ကြောင်း ဖော်ပြထားတယ်။ ဒါကြောင့်မို့လို့ အသောကမင်းကြီးရဲ့ ဓမ္မအမြင်၊ ဓမ္မသဘောတရားတွေဟာ ဗုဒ္ဓဝါဒရဲ့ ဓမ္မအမြင်၊ ဓမ္မသဘောတရားတွေသာ ဖြစ်တယ်။

အသောကမင်းကြီးဟာ သူကိုယ်တိုင် ဗုဒ္ဓဝါဒီအဖြစ် ကူးပြောင်းခဲ့ပေမယ့် အခြားဘာသာတရားတွေကိုလည်း တရားနဲ့အညီ ချီးမြှောက်ခဲ့တယ်။ ဘာသာတရားအားလုံးရဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ ကိုးကွယ်ယုံကြည်သူတွေအားလုံးကို ပေးကမ်းလှူဒါန်းမှု၊ ပူဇော်မှုတွေ ပြုလုပ်ခဲ့တယ်လို့ ကျောက်စာနံပါတ် (၁၂)မှာ ဖော်ပြထားပါတယ်။

ကျောက်စာနံပါတ် (၇)မှာ မင်းကြီးဟာ ဘာသာဝင်အားလုံးကို သူ့ရဲ့တိုင်းပြည်အတွင်း နေရာတိုင်းမှာ နေထိုင်ကြစေလိုတ[illegible]လို့ ထုတ်ဖော်ရေးထိုးထားတယ်။

## အပိုင်း (၄)
## မဇ္ဈိမဒေသမှ ကမ္ဘာ့အရပ်ရပ်သို့ သာသနာတော်ပြန့်ပွားခြင်း

### (၁) ကသ္မီရ ဂန္ဓာရ

ကသ္မီရ ဂန္ဓာရတိုင်းတို့တွင် သာသနာတော်သည် နှစ် ၁၀၀၀ ကျော် တည်ရှိခဲ့သော်လည်း သာသနာနှစ် ၅၀၀ လောက်အထိသာ ထေရဝါဒသာသနာ တည်ရှိပြီး နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် မာသံယိတိဂိုဏ်း ရောက်လာကာ မဟာယာနသာသနာ အဖြစ် သာသနာတော်နှစ် ၁၀၀၀ လောက်ထိ လွှမ်းမိုးခဲ့သည်။ နောင်အခါ ဘာသာခြားတို့ လွှမ်းမိုးသွားသည်။

### (၂) မဟိံသကမဏ္ဍလ

မဟိံသကမဏ္ဍလ (မိုက်ဆိုးရ်)ပြည်မှာ မဇ္ဈိမဒေသ တောင်ပိုင်းတွင် တည်ရှိ၍ ကလိင်္ဂတိုင်း၊ အန္ဓတိုင်း၊ စောဠ တိုင်း၊ ဒမိလတိုင်း၊ ပဏ္ဍုတိုင်း၊ မာလကုဋတိုင်း စသော ဣန္ဒိယ တောင်ဘက်စွန်းနိုင်ငံများသို့တိုင် ထေရဝါဒသာသနာ ရောက် ခဲ့၍ သာသနာတော်နှစ် တစ်ထောင်ကျော်အထိ သာသနာ ထွန်းကားခဲ့သည်။ အဋ္ဌကထာ ကျမ်းပြုအကျော် မထေရ်မြတ် တို့ ထွက်ပေါ်ရာ တိုင်းဖြစ်၏။

### (၃) ဒက္ခိဏာပထ

ဝနဝါသီမှာ ဒက္ခိဏာပထ အနောက်ဘက်တိုင်းနိုင်ငံ များဖြစ်သည်။ ကျေးကုလားဟု မြန်မာတို့ ခေါ်ဆိုကြသော ပြည်နယ်များဖြစ်၍ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကေ ရလာ၊ မလဘာနယ်တို့ ပါဝင်သည်။ သာသနာတော်နှစ် ၁၀၀၀ ကျော်အထိ ထေရဝါဒသာသနာ ထွန်းကားခဲ့၏။ အသောကမင်းတရား ကျောက်စာတွင် ဓမ္မမဟာမတ္တ သာ သနာရေးရာ မင်းကြီးလက်အောက်၌ ဝါဒပျံ့နှံ့ရေးမှူးများ ခန့်အပ်ဆောင်ရွက်ခဲ့သည့် ဌာနများအဖြစ် ကေရလပုတတိုင်း၊ သတိယပုတတိုင်းတို့ကို ဖော်ပြထားသည်။

### (၄) အပရန္တတိုင်း

အပရန္တတိုင်း ပုံဟာဤ (ဘုံဘိုင်)နယ်ဖြစ်သည်။ အဇန္တာ အဲလိုရာဒေသ ဂိုဇ္ဈာတောင်တန်းဒေသတို့ ပါဝင်၏။ အဇန္တာ ကျောင်းတော်ကြီးမှာ နာမည်ကျော်ခဲ့၍ သာသနာတော်နှစ် ၇၀၀ လောက်ထိ ထေရဝါဒ ထွန်းကား၏။ နောက်ပိုင်း မဟာ ယနဂိုဏ်း ထွန်းကားခဲ့၍ သာသနာတော်နှစ် ၁၀၀၀ ကျော် အထိ တည်ရှိခဲ့သည်။

### (၅) မဟာရဋ္ဌ

မဟာရဋ္ဌတိုင်းမှာ အန္ဓရတိုင်း၊ ဝနဝါသီတိုင်း၊ အပရန္တ တိုင်းတို့အကြားတွင် တည်ရှိ၍ ထေရဝါဒသာသနာ ထွန်းကား ခဲ့သည်။ နှစ်ပေါင်း ၁၀၀၀ ကျော်ထိ သာသနာတော် တည်ရှိခဲ့ သည်။

### (၆) ယောနက

ယောနကတိုင်းသည် အနောက်မြောက်ပိုင်းဖြစ်သည်။ ဂန္ဓာရတိုင်း အပြင်ဘက် ကျရောက်သည်။ နေပြည်တော်မှ ယူဇနာရှစ်ရာ ကွာဝေးသည်။ ယောန သို့မဟုတ် ယောနက တိုင်းပြည်များကို ဂရိနိုင်ငံဟု ဆိုကြသည်။ အသောက ကျောက်စာ အမှတ် ၁၃ တွင် ထိုတိုင်းသို့ ဓမ္မမဟာမတ္တ သာသနာရေးရာအမတ်၊ ဓမ္မနိယုတ္တ တရားဖြန့်ဖြူးရေးတမန် အဖွဲ့များ ခန့်ထားစေလွှတ်ကြောင်း ယောနကနိုင်ငံနှင့် အနီးနားနိုင်ငံများသို့ တရားဓမ္မပျံ့နှံ့ရန် ဋင်းနိုင်ငံရှိ ဘုရင် များဖြစ်သော -

(၁) အံတိအိုက (အံတိယိုချ်စစ်မင်း) ဆိုက်ရီယ (ဆီရိယ နိုင်ငံ)
(၂) တုလမယ (တိုလမီမင်း) ဖိလစ်ဒလ (အီဂျစ်နိုင်ငံ)
(၃) အံတိကိနိ (အံနိဂိုနော့စ်မင်း) (မက်ဆီဒိုးနီးယားနိုင်ငံ)
(၄) မက (မဂါ့စ်မင်း) ဆိုက်ရုံနိ (အီဂျစ်အနောက်ပိုင်း)
(၅) အလိကသုဒရ (အလက္ကဇန္ဒြာမင်း) အပ္ပီရောဆီနိုင်ငံ

တို့ထံ သာသနာပြုစေလွှတ်သည်။ သာသနာတော်နှစ် ၅၀၀ လောက်တွင် အရှင်ပီယုပထေရ (အလက္ကဇန္ဒြီယပြည် သား) နှင့် အရှင်က္ကသေနေသ (ပါလစ္စတိုင်းပြည်သား) တို့ ထိုနယ်များ၌ တရားဟောပြကြောင်း မှတ်တမ်းရှိ၍ သာသနာ တော်နှစ် ၃၀၀ ကျော်ထိ တည်ရှိခဲ့သည်။ တူရကီစတန်၊ အာဖဂန်နစ္စတန်၊ ပါသီယန်နိုင်ငံတို့တွင် ဗုဒ္ဓသာသနာ အနှစ် ၈၀၀ ကျော်အထိ ပျံ့နှံ့ခဲ့သည်။ မဟာယာန သာသနာ ထွန်း ကားခဲ့သည်။ ကမ္ဘောဇတိုင်း ကာဗူဉလ် ဥဒယာနတိုင်းမှာ လည်း မဟာယာနသာသနာ ရောက်ရှိထွန်းကားခဲ့သည်။

### (၇) ဟိမဝန္တာဒေသ

ဟိမဝန္တာနယ်စပ်ဒေသများမှာ နေပါလနယ် တောင် တန်းဒေသများ၊ စိနရဋ္ဌခေါ် တရုတ်ပြည်၊ ဆီကွန်၊ ဘူတန်၊ တိဗက်၊ ပူတန် (ခူတန်၊ ခိုတန်)နိုင်ငံများဖြစ်သည်။ ရာသီဥတု အေးလွန်းပြီး တောင်စဉ်အထပ်ထပ်ခရီး ဖြစ်သော်လည်း မဇ္ဈိမထေရ် ခေါင်းဆောင်သော မထေရ်တို့ သာသနာပြုခဲ့ကြ သည်။ အစပိုင်းတွင် ထေရဝါဒသာသနာ ရောက်ရှိသွားသော် လည်း နောင်သောအခါ မဟာယာနသာသနာ ထွန်းကား သွားသည်။ ယခုထက်တိုင် မဟာယာနသာသနာ ထင်ရှား ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

(၈) လင်္ကာဒီပသာသနာ

အရှင်မဟိန္ဒမထေရ်သည် သာသနာတော်နှစ် ၂၃၆ ခုနှစ် နယုန်လပြည့်နေ့တွင် သီဟိုဠ်သို့ ကြွတော်မူသည်။ ဒေဝါနံပိယတိဿမင်းသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညို ကိုးကွယ်ပြီး သာသနာပြုခဲ့သည်။ မဟာဝိဟာရ ကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ သီဟိုဠ်နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်လာသည်။ အရှင်မဟိန္ဒမထေရ်သည် မဟာအဋ္ဌကထာကျမ်းများကို သီဟဠဘာသာသို့ ပြန်ဆိုပို့ချသဖြင့် သီဟိုဠ်သာသနာ ခိုင်မြဲလာသည်။ နောင်အခါဝယ် သာသနာတော်နှစ် ၄၅၀ ခုနှစ်၌ စတုတ္ထသင်္ဂါယနာတင်တော်မူကြပြီး ပေထက်အက္ခရာ တင်ထားခဲ့ကြသဖြင့် ပိဋကစာပေသည် တိုးတက်ဖွံ့ဖြိုးလာသည်။

အသောကမင်းကြီး သားတော် အရှင်မဟိန္ဒကို သီဟိုဠ်သို့ စေလွှတ်ခြင်းသည် အကြောင်းထူးရှိသည်။ သီဟိုဠ်နိုင်ငံသည် သာသနာတော် ခိုင်မြဲတည်တံ့ကျယ်ပြန့်မည့် နိုင်ငံဖြစ်ကြောင်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် အနာဂတံသဉာဏ်တော်ဖြင့် မြင်တော်မူပြီးဖြစ်၍ မင်းကြီး၏ သားတော်ကို ရွေးချယ်စေလွှတ်တော်မူခဲ့သည်ဟု ဆိုရပေမည်။

**မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ သာသနာတော်ရောက်ရှိလာခြင်း**

(၉) သုဝဏ္ဏဘူမိ

သုဝဏ္ဏဘူမိ ခေါ် ရာမညတိုင်း သထုံမြို့တော်သို့ သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ရောက်ရှိလာသည်။ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓါ၊ အရှင်တိဿဂုတ္တာ၊ အရှင်သောဏေယ မထေရ်ငါးပါးတို့သည် သာသနာပြုရန် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွတော်မူသည်။ သထုံမြို့ကား သုဓမ္မပုရအမည်ရှိ၏။ မင်းကား သီရိမာသောကမင်းဖြစ်သည်။ ထိုအချိန်မတိုင်မီက မင်းနန်းတော်၌ ဖွားမြင်တိုင်းသော သားသူငယ်တို့ကို ဘီလူးမတစ်ကောင်သည် သမုဒ္ဒရာမှတက်လာ၍ ခိုးယူစားသောက်လေ့ရှိ၏။

မထေရ်တို့ရောက်သည့်နေ့၌လည်း နန်းတော်တွင် မင်းသားကလေးတစ်ဦး ဖွားမြင်သည်။ စောင့်ရှောက်နေကြသောသူတို့သည် ရုပ်သွင်ထူးဆန်းသော ထိုရဟန်းတို့ကိုတွေ့လျှင် ဘီလူးမ၏ အပေါင်းအဖော်များဟုထင်ကာ ရိုက်ပုတ်ရန် ပြေးလာကြသည်။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့က သံဃာတော်များဖြစ်ကြောင်း ရှင်းပြနေစဉ်မှာပင် ဘီလူးမသည် အခြံအရံများနှင့်တကွ သမုဒ္ဒရာမှ တက်လာ၏။ မထေရ်တို့လည်း ဘီလူးမထက် နှစ်ဆကြီးသော ပုံသဏ္ဌာန်ဖန်ဆင်း၍ ဘီလူးမများကို နှင်ထုတ်တော်မူသည်။

စည်းဝေးရောက်လာသောသူတို့အား ဒီဃနိကာယ သီလက္ခန္ဓဝဂ် ဗြဟ္မဇာလသုတ်တော်မြတ်ကို ဟောပြတော်မူရာ ပရိသတ်ပေါင်း ခြောက်သောင်းတို့ အရိယာဖြစ်ကြ၏။ သုံးထောင့်ငါးရာသော ယောက်ျားတို့ ရဟန်းပြုကြကုန်၏။ တစ်ထောင့်ငါးရာသော အမျိုးသမီးတို့ ရဟန်းမ ပြုလုပ်ကြ၏။ ဤသို့လျှင် သုဝဏ္ဏဘူမိတိုင်း၌ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် အခြေတကျ ထွန်းကားခဲ့လေသည်။

သာသနာဝင်စာပေတို့တွင် သုဝဏ္ဏဘူမိနှင့်စပ်၍ အကျဉ်းမျှသာ ရေးသားတော်မူခဲ့ကြသဖြင့် သုဝဏ္ဏဘူမိနှင့် စပ်၍ ခိုင်လုံမှုရှိစေရန် လိုအပ်လာ၏။ မြန်မာတို့က သုဝဏ္ဏဘူမိဟု အချို့က ဆိုကြပြန်၏။ ယိုးဒယားပြည်တောင်ပိုင်း ဒွါရာဝတီနိုင်ငံသည်လည်း သုဝဏ္ဏဘူမိဖြစ်နိုင်ကြောင်း ရေးကြပြန်၏။ ကမ္ဘောဒီယတောင်ပိုင်း အနောက်ဘက်ကမ်း ဘုံဘိုင်နယ်ကို လည်းကောင်း၊ တချို့က သူရဋ္ဌတိုင်းနယ်ကို လည်းကောင်း၊ သုဝဏ္ဏဘူမိဖြစ်လေဟန် ပြောဆိုကြ၏။ သို့ဖြစ်၍ သုဝဏ္ဏဘူမိကို စိစစ်ရန် လိုအပ်လာသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန ဗုဒ္ဓဘာသာတရားတော် (အထက်တန်း)စာအုပ်မှ ထုတ်နုတ်ဖော်ပြသည်။

*Credit : ဘိက္ခုကေသရ*

*: ဓမ္မစာပေများ*

*: Ting Maung Hlaing*

**ဓေဘိုရွှေ**

❑



www.burmeseclassic.com

www.burmeseclassic.com



အကြွယာသာဒါ မြတ်စွာဘုရား




တစ်ဦးတည်းအလှူရှင်များ၏ ကောင်းမှု

# ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့မှ

# ဓမုခမာရဇိန် ငါးမျက်နှာစေတီတော်မြတ်

မနှင်းဝေ(ဟင်္သာတ)

ငါးမျက်နှာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ...မုခ်ဦးငါးခုရှိသော်လည်း အရှေ့ဘက်မုခ်သည် ဈေးများ ...ဖြင့် လူများစည်ကားလျက်ရှိခြင်း၊ တောင်ဘက်မုခ် ...အနောက်တောင်ဘက်မုခ်များသည် စာရေးသူတို့နှင့် ...ခြင်း၊ အနောက်ဘက်မုခ်သည်လည်း ရပ်ကွက်လူနေ ...ကြား ဖြတ်သန်းသွားရခြင်းကြောင့် မြောက်ဘက်မုခ် ...မှဝင်ရောက် ဖူးမြော်ဖြစ်ခဲ့ပါသည်။

စေတီတော်၏ မြောက်ဘက်မုခ်သည် ဟင်္သာတ ...ကြီးနှင့်နီးသောကြောင့် လည်းကောင်း၊ မြို့ပေါ် ရပ်ကွက် ...တည်ရှိရာဘက်နှင့် နီးသောကြောင့် လည်းကောင်း၊ ...ဝင်ရောက်ရန် လွယ်ကူခြင်းကြောင့် လည်းကောင်း ...များ အများဆုံး ဝင်ရောက်ရာမုခ်ဦး ဖြစ်သည်။


စာရေးသူတို့ မိသားစု ဘုရားဖူးသွားသည့် အချိန်သည် နေ့လယ်ခင်းဖြစ်သည့်အပြင် ကြားရက်ဖြစ်သဖြင့် လူသူရှင်းလျက်ရှိသည်။ မုခ်ဦးမှဝင်ရောက်ပြီး ညာဘက်ဘေး၌ ၂၀၀၃ ခုနှစ်၌ တည်ဆောက်ပြီးစီးခဲ့ရသော ဓမ္မဗိမာန်တော်ကြီးကို ခံ့ညားစွာ တွေ့မြင်ခဲ့ရပြီး ဘယ်ဘက်ရှိ ငါးကန်နှင့် မျက်နှာချင်းဆိုင်၌လည်း ဆောက်လုပ်ဆဲ ကျောင်းဆောင်တစ်ခုကို တွေ့မြင်ခဲ့ရပါသည်။ ငယ်စဉ်က ဖူးမြော်ခဲ့ရသည့် ဘုရားရှင်နှင့် ရဟန္တာ အရှင်သူမြတ်တို့၏ ဓာတ်တော်မွေတော်များ၊ ရှေးဟောင်းဘုရားစေတီများ၊ ဘုရားဟော ကျမ်းဂန်စာပေများ သိမ်းဆည်း ပြသထားသော ပြတိုက်တော်ကြီးကို တံခါးများ ပိတ်လျက် တွေ့မြင်ရသည်။ လှပြည့်၊ လကွယ်နှင့် နေ့ထူး နေ့မြတ်များသာ ဖွင့်လှစ်ကြောင်း ရေးသားထားပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋီတိုက်အတွင်းရှိ ဂေါတမဘုရားရှင်



ငါးမျက်နှာစေတီတော်မြတ်ကြီး



သုံးထပ်ဆောင်ပြွတိုက်တော်ကြီးနှင့် ငါးမျက်နှာစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်ပေါ်သို့ သွားရောက်ရာ လမ်းနံဘေးတွင် ငါးနှင့်လိပ်များအတွက် အစာများ ရောင်းချနေသော ဈေးသည်များလည်း တွေ့ရသည်။ ရင်ပြင်တော်ပေါ်သို့အရောက်တွင် ဘုရားမုခ်ဦးနှင့် တည့်မတ်စွာ သောကြာထောင့်နှင့် ရာဟုထောင့်ရှိ ဂန္ဓကုဋိတိုက်တော်၌ ကိန်းဝပ်စံပယ်တော်မူသော ကဿပဘုရားရှင်အား ကြည်ညိုဖွယ်ရာ ဦးစွာ ဖူးမြော်ခဲ့ရပါသည်။

စေတီတော်ကြီးအား လက်ယာရစ် ပူဇော်ကန်တော့ရာတွင် တနင်္ဂနွေနှင့် တနင်္လာထောင့်ကြားတွင် ဂေါတမဘုရားရှင် အင်္ဂါထောင့်ရှိ တောင်ဘက်မုခ်ဦးနှင့် တည့်မတ်စွာ၌ အရိမေတ္တေယျဘုရားရှင်၊ ဗုဒ္ဓဟူးနှင့် စနေထောင့်ကြားတွင် ကကုသန်ဘုရားရှင်နှင့် ကြာသပတေးထောင့်ရှိ အနောက်ဘက်မုခ်ဦးနှင့် တည့်မတ်စွာ၌ ကောဏာဂုံဘုရားရှင် တို့အား ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်တော်များအတွင်း၌ ကြည်ညိုအံ့မှာယ်စွာဖြင့် ဖူးမြော်ခဲ့ရပါသည်။


ယခင်က မှန်စီရွှေချထားသော ဂန္ဓကုဋိတိုက်တော်များအား ကြွေပြားရောင်စုံများဖြင့် ပြောင်းလဲပူဇော်ထားသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရသည်။

စာရေးသူတို့ ငယ်စဉ်က အမြဲလာရောက်ကြည့်ရှုခဲ့ရသော မသိုးသဏ်န်းရက် ပြိုင်ပွဲများ ကျင်းပရာ တန်ဆောင်းတော်များကို ပြုပြင်ခြင်း၊ ပြန်လည်ဆေးသုတ်နေခြင်းများ နေရာအနှံ့ တွေ့မြင်ရသည်။ တန်ဆောင်းတော်များ၏ အမည်များကို ဘုရားရှင် လက်ထက်တော်အခါ၌ ထင်ရှားခဲ့သည့် သူဌေးသူကြွယ်များ၏ အမည်များကို မှည့်ခေါ်၍ -

(၁) အနာထပိဏ်တန်ဆောင်း
(၂) ဇောတိကတန်ဆောင်း
(၃) ဇဋိလတန်ဆောင်း
(၄) ဥပါလိတန်ဆောင်း
(၅) စိတ္တတန်ဆောင်း
(၆) ကောသလတန်ဆောင်း
(၇) ကုက္ကုဋတန်ဆောင်း
(၈) ဝိသာခါတန်ဆောင်း

စသည်ဖြင့် ကြွယ်ဝချမ်းသာမည့် အတိတ်နိမိတ်ဆောင်ကာ ရှေးလူကြီးများက အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရင်ပြင်တော်ပေါ်တွင် ဒက္ခိဏာသာခါ မြတ်စွာဘုရားအား နေပူရှိန်အောက်၌ ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။



ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်

ဘုရားပရိဝုဏ်အတွင်း၌ ဘုရားကျောင်းဆောင် အသစ်များကို တစ်ဦးတည်း အလှူရှင်များမှ ဆောက်လုပ်လှူဒါန်းထားခြင်းများ တွေ့ရှိရသည့်အတွက် သာဓုခေါ်မိပါသည်။

စာရေးသူတို့မိသားစုသည် ဘုရားကြီးအား လှည့်လည်ပူဇော်ရင်းဖြင့် အရှေ့ဘက်စောင်းတန်းသို့ ရောက်ရှိလာခဲ့ပါသည်။ ဤစောင်းတန်းကြီးသည် ၂၀ဝ၈ ခုနှစ် ဇန်နဝါရီလတွင် မီးလောင်ကျွမ်းခဲ့ရာ ယခုအခါ အသစ်ပြန်လည် ဆောက်လုပ်လျက်ရှိကြောင်း စာရေးသူ ရောက်ရှိကတည်းက မိခင်ကြီးက ပြောပြထားပါသည်။




ဓမ္မာဝိမာန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နန်းဦးတန်ဆောင်းနှင့် ဘုရားကြီးကျောင်းတိုက်

စောင်းတန်းကြီးမှာ ကြီးမားလှသဖြင့် အများကောင်းမှုဖြင့် မွမ်းမံလျက်ရှိရာ အလှူခံဌာနများ ဖွင့်လှစ်ကာ အလှူငွေများလည်း ကောက်ခံလျက်ရှိပါသည်။ နေအိမ်မှာပင် မိခင်ကြီးမှ ကွယ်လွန်သွားပြီဖြစ်သော စာရေးသူ၏ အဘိုးဖြစ်သူနှင့် ဖခင်ကြီးတို့ကို ရည်စူး၍ လှူဒါန်းချင်ကြောင်း ပြောကြားရာ စာရေးသူမှလည်း ခင်ပွန်းဖြစ်သူ၏ ကွယ်လွန်သွားပြီဖြစ်သော မိဘနှစ်ပါးအား ရည်စူးကာ မိခင်ကြီးနှင့်အတူ အရှေ့ဘက်စောင်းတန်း မျက်နှာကြက် သုံးခန်းစာအတွက် လှူဒါန်းဖြစ်ခဲ့ကြပါသည်။ အလှူဒါန ဖြစ်မြောက်အောင် လိုက်လံပို့ဆောင်ပေးပြီး အစစကူညီပေးသော လေးမျက်နှာ



တည်ဆောက်ဆဲ အရှေ့ဘက်စောင်းတန်းကြီး

မြို့မှ ညီမလတ်နှင့် တူ၊ တူမနှစ်ဦးတို့ကို လည်းကောင်း၊ ဘုရားကြီး၏ ပြုပြင်တည်ဆောက်နေမှု အခြေအနေများအား သေချာစွာ ရှင်းပြပေးသော အလှူခံဌာနမှ ညီမငယ် မျိုးမျိုးစံကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

လှူဒါန်းငွေမှာ များပြားမှုမရှိသော်လည်း ခင်ပွန်းဖြစ်သူ၏ အစိုးရဝန်ထမ်းဘဝဖြင့် ဒေသမရွေး သွားရောက်ကာ တာဝန်ထမ်းဆောင်ခဲ့သော လစာငွေများလည်း ပါဝင်၍ သန့်ရှင်းသည့်ငွေဖြင့် မွန်မြတ်သည့် အလှူဒါနကို ပြုခဲ့ရသည့်အတွက် တွေးမိတိုင်းပင် ကုသိုလ်ပွားများနေမည်မှာ အမှန်ပင်ဖြစ်သည်။

အလှူငွေ ပေးအပ်လှူဒါန်းရာမှ ရရှိသော စာအုပ်မှ ပဋ္ဌမုခမာရဇိန် ငါးမျက်နှာစေတီတော်မြတ်ကြီး၏ နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနီယ ဉာပေါင်းပွဲတော်ကြီးနှင့် ထီးတော်၊ စိန်ဖူးတော် တင်လှူပွဲ၌ စိန်ဖူးတော်အတွင်းရှိ ငွေပုရပိုက်တွင် ရေးသားထားသော သမိုင်းတော်အကျဉ်းကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါသည်။

## ပဋ္ဌမုခမာရဇိန် ငါးမျက်နှာစေတီတော်ကြီး၏ သမိုင်းတော်

'အေးအေးတည်ထွန်း၊ ပြဆိုညွှန်း၊ မုခ်ဝန်းငါးမျက်နှာ' ဆိုသော လင်္ကာနှင့်အညီ မုခ်ငါးခုရှိ စေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်၊ ခရစ်နှစ် ၁၈၁၆ ခုနှစ်၊ သာသနာနှစ် ၂၃၅၉ ခုနှစ်တွင် ပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး လက်ထက်၌ တည်ထားကိုးကွယ်ခဲ့ကြပါသည်။

အလှူရှင်များမှာ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ မိဖုရားလေးပါး (မြောက်နန်းမိဖုရားအပါအဝင်) မြန်အောင် ကြံခင်း နှစ်မြို့ဝန်မင်း ဦးမောင်ကလေး၊ မြင်းတပ်ဗိုလ်မင်း စသည့် မောင်နှမ ခြောက်ယောက်တို့၏ မိ[illegible]များဖြစ်သော ကျော်ထင်နော်ရထာဘွဲ့ခံ ဟသ်ာတမြို့ မြို့[illegible]ကြီးမင်း ဦးပု + သူကြီးကတော် ဒေါ်ဖြူတို့ဖြစ်ကြပြီး ဧရာဝတီမြစ်ကမ်းနဖူး၌ တည်ထားကိုးကွယ်ခဲ့ပါသည်။

စေတီတော်ကြီးကို စတင်တည်ထား ကိုးကွယ်စဉ်အခါ၌ ဉာဏ်တော်အမြင့် အတောင် ၇၀ နှင့် ပန်းတင်ခုံအကျယ် တစ်ဖက်လျှင် ၄၈ တောင်စီရှိပြီး စိန်ဆင်းတုတော်၊ မြဆင်းတုတော်၊ ကြက်သွေးနီလာဆင်းတုတော်၊ ရွှေသားဆင်းတုတော်၊ ငွေသားဆင်းတုတော် စသည့် ဆင်းတုတော် အဆူရေများစွာတို့နှင့် သရီရဓာတ်တော် ၂၁၀၅ ဆူတို့ကို ဌာပနာ





www.burmeseclassic.com

www.burmeseclassic.com

တည်ထားကိုးကွယ်ခဲ့ပါသည်။ နှစ်ပေါင်း ၇၀ အကြာ မြန်မာသက္ကရာဇ် ၁၂၄၇ တွင် ဧရာဝတီမြစ်ရေ တိုက်စားသဖြင့် စေတီတော်ကြီး မပျက်စီးစေရန် ယခု တည်ရှိနေရာသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ဘုရားကြီး တည်ရှိရာနေရာသည် ဘုရားကြီးရပ်ကွက်ဟု အမည်တွင်ခဲ့ပါသည်။

စေတီတော်၏ ညဏ်တော်အမြင့်ကို ၇၅ တောင်အထိ တိုးမြှင့်ကာ ပန်းတင်ခုံအကျယ် တစ်ဖက်လျှင် ၅၅ တောင် ၂ မိုက်၊ ကုလားတိုက် ဖိနပ်တော် တစ်ဖက်လျှင် ၂၉ တောင် ၂ မိုက်၊ ကုလားတိုက် ဖိနပ်တော်အမြင့် ၁၄ တောင်ရှိ ငါးမျက်နှာစေတီတော်အသစ်ကို မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ် တပို့တွဲလဆန်း ၇ ရက် ကြာသပတေးနေ့ ညနေ သုံးချက်တီးကျော်၊ ခရစ်နှစ် ၁၉-၁-၁၈၈၈ နေ့ ညနေ စက်နာရီ ၄ နာရီ ၁၇ မိနစ် ၄၈ စက္ကန့်အချိန်တွင် ရွှေ့ပြောင်းတည်ထား ကိုးကွယ်ခဲ့ပါသည်။

ဘုရားကြီးတွင် မုခ်ဦးတော်ငါးခု တည်ရှိသည်မှာ မြတ်စွာဘုရားရှင်သည် မာန်ငါးခုကို အောင်မြင်တော်မူသောကြောင့်လည်းကောင်း၊ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်တော်မူည်ကို ရည်ရွယ်လျက် မုခ်တော်ငါးခုနှင့် ရုပ်ပွားတော်ငါးဆူရှိသော ငါးမျက်နှာစေတီတော်ကြီး ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

ငါးမျက်နှာစေတီတော်ကြီးအား စုပေါင်းလှူဒါန်းမှုများမှာ -

(၁) ၁၃၁၇ ခုနှစ်တွင် ရွှေသင်္ကန်းတော်၊ ထီးတော်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(၂) ၁၃၃၂ ခုနှစ်တွင် ရွှေသင်္ကန်းတော်နှင့် မှန်သင်္ကန်းတော် အသစ်ကို ထပ်မံကပ်လှူခဲ့ကြပါသည်။

(၃) ၁၃၃၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် လှုပ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် စိန်ဖူးတော် ချွတ်ယွင်းခဲ့သဖြင့် မူလဒါယကာများထံမှ ခွင့်ပြုချက်ရယူပြီးလျှင် မြို့ပေါ်ရှိ ဒါယကာများ၏ အလှူငွေဖြင့် ၁၃၃၄ ခုနှစ် ပထမဝါဆိုလပြည့်နေ့ နံနက် ၉ နာရီအချိန်တွင် အခမ်းအနားဖြင့် တင်ဆက်ကပ်လှူခဲ့ပါသည်။

(၄) ၁၃၄၀ ပြည့်နှစ် (၂၆-၁၁-၁၉၇၉) ရက်နေ့မှ စတင်၍ ဟသ်ာတမြို့သို့ ကြွရောက်လာသော ပုပ္ပားဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များက စေတီတော်ကြီးအား ကြေးပြားများ ကပ်လှူခဲ့ရာ ၉ လက်မ × ၉ လက်မ ပတ်လည်



ပြုပြင်ရန် လိုအပ်နေသော ရှေးဟောင်းဘုရားများ

ကြေးပြားပေါင်း ၅၉၆၄ ချပ်၊ တန်ဖိုးငွေမှာ ကာလတန်ဖိုး ၆၄၄၁၁၂ ကျပ် ကုန်ကျခဲ့ပြီး ၁၃၄၃ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက် (၈-၄-၁၉၈၂) ရက် ကြာသပတေးနေ့တွင် ကပ်လှူပြီးစီးခဲ့ပါသည်။

## အနှစ် ၁၀၀ ပြည့် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီး


မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်မှ စတင်၍ ရွှေ့ပြောင်းကာ တည်ထားကိုးကွယ်ခဲ့သော ပဉ္စမုခမာရဇိန် ငါးမျက်နှာစေတီတော်ကြီး၏ ရာပြည့်ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို



စိတ္တတန်ဆောင်းရေး အမှတ်တရ၊ စာရေးသူ၏ ကျေးဇူးရှင်မိခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ရန် လိုအပ်နေသော ရှေးဟောင်းဘုရားများ

၁၃၄၉ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ လဆုတ် ၈ ရက်နေ့အထိ ၂၅-၂-၈၈ မှ ၁၀-၃-၈၈ အထိ ၁၅ ရက်တိုင်တိုင် နေ့ပွဲ၊ ညပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဟင်္သာတမြို့ပေါ်ရှိ ဘုရားများအနက် ကျယ်ဝန်းသော သာသနာ့နယ်မြေနှင့် သာသနိကအဆောက်အအုံများစွာတို့ကြောင့် မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသတို့မှ ပွဲတော်လာပရိသတ်များဖြင့် အထူးစည်ကားလှသော ဘုရားပွဲကြီး ဖြစ်ခဲ့ပါသည်။

ဘုရားပွဲတော်တွင် ပဋ္ဌာန်းဒေသနာတော် အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ၊ မသိုးသင်္ကန်းတော်ရက်ပြိုင်ပွဲနှင့် ကပ်လှူပွဲ၊ ဆွမ်းတော်ကြီး ကပ်လှူပွဲ၊ ဆွမ်းဆန်တော် လောင်းလှူပွဲ၊ စိန်ဖူးတော်မြတ် လှည့်လည်ပွဲ၊ ထီးတော်နှင့် စိန်ဖူးတော် ကပ်လှူပွဲ၊ နတ်သဘင်ပျော်ပွဲ၊ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဗီဒီယို၊ ကလေးရုပ်ရှင်၊ ဆပ်ကပ်ပွဲ၊ ဝက်ပါတွင်းကြီး လှည့်လည်ပွဲ၊ ဗုဒ္ဓဝင်ပြခန်း ဖူးမြော်ခြင်းပြပွဲ၊ မြန်မာ့ဆိုင်းအဖွဲ့များပြိုင်ပွဲ၊ ခေတ်သစ်တေးဂီတပြိုင်ပွဲ၊ အမျိုးသမီး ခြင်းလုံးခတ်ပွဲ၊ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများဖြင့် စုံညီသိုက်မြိုက်စွာ ကျင်းပပါသည်။

စိန်ဖူးတော်နှင့် ထီးတော်မြတ် ကပ်လှူပွဲကို တပေါင်းလဆန်း ၁၄ ရက် ၁၅ ရက်နှင့် လဆုတ် ၁ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကပ်လှူပွဲ ပြုလုပ်ခဲ့သည်။

ကပ်လှူပွဲသို့ ရန်ကုန်မြို့မှ အငြိမ်းစား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဝန်ကြီး ဦးကြည်မောင် + ဇနီးဒေါ်ခင်စိုးကြည်တို့မှ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

တပေါင်းလဆုတ် ၁ ရက် နံနက် ၇ နာရီမှစတင်၍ မြို့ပေါ်ရှိ သံဃာတော်အပါး ၁၇၀၀ ကျော်တို့အား မြို့လုံးကျွတ် လှူဒါန်းကြသော ဆွမ်းဆန်တော်၊ ဝတ္ထုငွေတော်တို့ဖြင့် ဆွမ်းတော်ကြီး လောင်းလှူပွဲ ကျင်းပပါသည်။

၎င်း တပေါင်းလဆုတ် ၉ ရက်နေ့တွင် အစုစုပြုသမျှ ကုသိုလ်တို့ကို ဘုရားကြီးဆရာတော်ထံမှ စင်ကြယ်သော သီလကို ခံယူဆောက်တည်ကာ တရားတော်နာ ရေစက်သွန်းချ အမျှပေးဝေပါ၏။ ၃၁ ဘုံသားတို့သည်လည်း ဤအလှူအတွက် ကျွန်ုပ်တို့နှင့်ထပ်တူ အမျှရကြ၍ ချမ်းသာကြစေရန် အသံချဲ့စက်ဖြင့် အမျှပေးဝေပြီးလျှင် ကောင်းကင်ဗုံး သုံးလုံးပစ်ဖောက်၍ အမျှဝေကာ ပွဲတော်ကြီးကို နိဂုံးချုပ် အပြီးသတ်ခဲ့ပါကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။

သံသရာကောင်းကျိုးကို လိုလား၍ ကုသိုလ်ပြုသူများအတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရားကြီး၏ တိဏကုဋိဒါယက ထေရပဒါန်နှင့်အညီ ဖွဲ့သီအပ်သော 'ကျောင်းလှူကျိုးတရား ခုနစ်ပါး တရားလင်္ကာ' -

'သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ သာသနိက၊ ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ၊ ဆောက်လှူသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရဟန်ကို၊ ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော် -

(၁) နတ်နှင့်လူနှယ်၊ သန္ဓေတည်၍။

(၂) စိတ်ဝယ်တောင့်တ၊ ဆောက်အုံရ၏။

(၃) မထကြွက်သီး၊ ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏။

(၄) ခြင်္သေ့ သစ် ကျား၊ သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက်မှုသား၊ တော့သူ ဖုတ် ပြိတ်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်းဖောက်ပြန်၊ ကုမ္ဘဏ် ရက္ခိုသ်၊ နတ်မိုက် ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏။

(၅) မကောင်းအိပ်မက်၊ မမြင်မက်ဘူး။

(၆) ထင်လျက်သတိ၊ မြဲခိုင်သိ၍၊ ဝိပရိက်၊ ဖောက်ပြန်စိတ်ရင်း၊ ရူးသွပ်ခြင်းမှ၊ ရှင်းရှင်းလွတ်ရှောင်၊ ကျိုးဆက်ကောင်း၏။

(၇) နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏ်ကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန့်ပြူးသည်၊ ဆောက်ဦးအလှူ၊ ကျိုးခုနစ်တည်း။

(ဤစာစုဖြင့် အလှူဒါနပြုရန် လက်မနှေးသော ကျေးဇူးရှင် မိခင်ကြီးနှင့် ကွယ်လွန်သူ ဖခင်ကြီးအား ကျေးဇူးဆပ်ပါသည်။)

ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေ။

မနှင်းဝေ(ဟင်္သာတ)

□



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ+ကိုရီးယား သာသနာပြုဆရာတော်

# ဓနာဓိပ ဓါဗိ ဘေရှင်ဝိဓိဓမ္မ (ဓိုက်ဦး)

ဟောကြားတော်မူသော တရားတော်

# ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁)

စိတ်ကြီးတဲ့သူက သတိကြီးဖို့ လိုတယ်။ စိတ်က ကြီးပြီး သတိက သေးရင် စိတ်လိုက်မာန်ပါ လုပ်မိတတ်တယ်။ သတိဟာ စိတ်အားလုံးရဲ့ အချုပ်ပါပဲ။

သတိပိုင်ရင် စိတ်ကိုနိုင်မယ်။ သတိပါးရင် စိတ်က များမယ်။ ဒါကြောင့် စိတ်ကြီးဖို့ထက် သတိကြီးဖို့ လေ့ကျင့်ရမယ်။

စိတ်မြန်ဖို့ထက် သတိမှန်ဖို့ ကြိုးစားရမယ်။ စိတ်မညစ်အောင် သတိအနှစ် ဆောင်ရမယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂)

ကိုယ့်ကိုယ်ကိုယ် "ငါ ဘာမှမဟုတ်ဘူး၊ ငါပိုင်ဆိုင်မှု ဆိုတာလည်း ဘာမှ အမြဲမရှိဘူး၊ ငါ့ရဲ့ဘဝဖြစ်တည်မှု ဆိုတာလည်း ဘာမှ အကြာကြီးမဟုတ်ဘူး" စတဲ့ နှလုံးသွင်းခံယူချက်နဲ့ သတိပေးနေရပါတယ်။ မဟုတ်ရင် တဒင်္ဂရှိနေတဲ့ ကိုယ့်ရဲ့ အရှိတရားကို အကြောင်းပြုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးကာ မာနတွေက နေရာယူလာတတ်လို့ပါ။

လူဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေပြီဆိုရင် သူတစ်ပါးကို အလိုလို အထင်သေးလာတတ်ပါတယ်။ ကိုယ့်ရဲ့ အတ္တမာနက သူတစ်ပါးအပေါ် အရိုအသေပြုတတ်တဲ့ ဂါရဝတရား၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်တဲ့ နိဝါတတရားတွေကို လွှမ်းမိုးသွားရင် ဘဝက အကျိုးပိုင်းဘက်ကို ဦးတည်စေတော့တာပါပဲ။

ဒါကြောင့် ဘာမှ အကြာကြီးမဟုတ်တဲ့ လောကကြီးမှာ ဘာကြောင့် အထာကြီးတွေနဲ့ မာနတွေ ကြီးနေကြမှာလဲပေါ့။ တကယ်ဆိုရင် အားလုံးဟာ သေကြရဦးမှာပဲ မဟုတ်လား။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃)

လောကသဘာဝ အတက်၊ အကျဆိုတာ တက်ပြီးရင် ကျရမှာဖြစ်သလို ကျရာကလည်း ပြန်တက်နိုင်တာပါပဲ။ တက်ရာကနေ ကျသွားတဲ့အခါ အကျမနာဖို့နဲ့ ကျသွားရင်လည်း ပြန်ထ၊ စိတ်အနာမရဖို့ ကြိုးစားရမှာပါ။

ဘဝမှာ ဘယ်သူမှ တစ်သက်လုံး အထက်မှာမရှိနိုင်သလို အောက်ကလူတွေလည်း အထက်ကို တက်နိုင်ကြတာဖြစ်တဲ့အတွက် အထက်ရောက်နေလို့လည်း မာန်မောက်နေဖို့မလိုသလို အောက်ရောက်နေလို့လည်း နောက်ကောက်ကျနေပြီ ဆိုတဲ့ ခံစားချက်နဲ့ အတွေးမမှောက်ဖို့ပဲ လိုပါတယ်။

အဆိုးဆုံးက အတွေးမှောက်တာပါ။ အတွေးမှောက်ရင် ဘေးရောက်တတ်သလို ဘေးရောက်ရင်လည်း မှေးလျှောက်ဖို့တောင် မလွယ်ပါဘူး။ အပေါ်မရောက်ခင် အတွေးဖြောင့်အောင် ပြင်ကြစေချင်တာပါ။ အတွေးဖြောင့်နေတဲ့ သူဟာ တက်ရာက ကျသွားလည်း အကျမနာသလို ကျရာက ပြန်ထဖို့လည်း အထမကြာပါဘူး။

အရေးကြီးဆုံးက အတက် အကျဆိုတာကို လက်ခံ တက်နေတဲ့အခါ သတိထား၊ ကျနေတဲ့အခါ ကုသိုလ်ပွား၊ ဗျာမများဖို့ အရေးကြီးတာပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄)

ဉာဏ်နည်းတဲ့လူဟာ ယုံကြည်မှု လွဲတတ်တယ်။ အယုံလည်း လွယ်တတ်တယ်။ ဉာဏ်များလွန်းရင်လည်း ကောက်ကျစ်သွားတတ်တယ်။ ဉာဏ်နီ ဉာဏ်နက်တွေ သုံးတတ်တယ်။ ဉာဏ်နဲ့ယှဉ်တဲ့ ယုံကြည်မှုမျိုးကသာ မှန်ကန်ပြီး အကျိုးရလဒ်ကောင်းကို ဖြစ်စေနိုင်တယ်။

လွန်ကဲမှုဆိုတာ အယုံလွန်ရင်လည်း မကောင်းသလို ဉာဏ်ကွန့်လွန်းရင်လည်း မကောင်းဘူး။ ဉာဏ်နဲ့ အယုံ တူညီစုံမှ အယုံလည်းမှန်၊ ဉာဏ်လည်းမှန်၏။ ချင့်ယုံတတ်မှ သင့်ဂုဏ်မြတ်၏။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၅)

ဆဲတယ်ဆိုတာ သူဆဲ၊ ကိုယ်ဆဲ ဆဲမှ အားရှိတာ။ တစ်ယောက်တည်း ဆဲရင် အားမရှိဘူး။ သူတစ်လုံးဆဲတာ ကိုယ်က မခံနိုင်တော့ နှစ်လုံးပြန်ဆဲ၊ ဟိုက အားတွေပါလာပြီး သုံးလုံးလောက် ထပ်ဆဲ၊ ကိုယ်က ထပ်ပြီး ပိုဆဲ၊ အဲဒီလို အပြန်ပြန် အလှန်လှန် ဆဲရင်းနဲ့ ကြာတော့ အချင်းချင်း သတ်တဲ့အထိတောင် ဖြစ်ကုန်တော့တာ။

ဒေါသရဲ့ သဘောက အဲဒီလိုပဲ။ ဆွပေးရင် ကြွလာတတ်တဲ့သဘော ရှိတယ်။ အဲဒီတော့ ဘာလုပ်ရမလဲဆိုတော့ ဘယ်သူက ကိုယ့်ကို ဘယ်လိုပဲ လာဆဲဆဲ၊ ဘယ်လောက်ပဲ လာတိုက်တိုက် တစ်ဖက်လူ အားရှိအောင် ပြန်မတိုက်ဖို့ပဲ။ ပြန်မဆဲဖို့ပဲ။ ကိုယ်က အတိုက်အခိုက် အဆဲအဆိုတွေ မလုပ်ရင် သူ့ဘာသာသူ မောပြီး နားသွားလိမ့်မယ်။ မနားလည်း သူ့ဒေါသနဲ့သူ သူပဲ ပူနေမှာပဲလေ။ အဲဒါ ကိုယ်ပါ လိုက်ခံစားတော့ ကိုယ်ပါ ပူလာတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဓိကကတော့ ကိုယ့်ဘက်က အပူတွေ မယူဖို့နဲ့ အမူတွေ မပိုဖို့ပါပဲ။ ကိုယ့်ဒေါသက သူများအားရှိအောင် မလုပ်ဖို့ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၆)

လူဟာ ငွေနောက်ချည်း လိုက်သွားရင် အကြင်နာ ပျောက်သွားတတ်တယ်။ အချစ်ကြီးလွန်းရင်လည်း နားလည်မှု လွဲတတ်တယ်။

အနစ်နာခံလွန်းတဲ့သူ အပေါ်လည်း ကိုယ်ချင်းစာ တရား မဲ့သွားတတ်တယ်။ ဝိုင်းမြှောက်ပေးသူတွေကြား ဝမ်း မြောက်ပေးမှုတွေ ရှားတတ်တယ်။

ဒါကြောင့် ငွေပေးဖို့ထက် အကြင်နာပေးနိုင်အောင် ကြိုးစားရမယ်။ အချစ်ပေးဖို့ထက် နားလည်မှုပေးနိုင်အောင် ကြိုးစားရမယ်။ အနစ်နာခံပေးဖို့ထက် ကိုယ်ချင်းစာပေးနိုင် အောင် ကြိုးစားရမယ်။ မြှောက်ပင့်ပေးဖို့ထက် မုဒိတာပေး နိုင်အောင် ကြိုးစားရမယ်။ အစားပေးဖို့ထက် အသိပေးနိုင် အောင် *ကြိုးစားရမယ်။*

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၇)

မျှော်လင့်ချက် အရမ်းထားရင် စိတ်တိုင်းမကျ ပိုပြီး ဖြစ်တတ်တယ်။ အလိုမကျတာတွေ များလာတတ်တယ်။ ကိုယ်က ဖြစ်စေချင်တာတွေ များလေလေ ကိုယ့်မှာ စိတ် တိုင်းမကျတာတွေ များလေလေပဲ။ တစ်ခါတလေ ကိုယ့်ရဲ့ မျှော်လင့်ချက်နဲ့ ကိုယ်ဖြစ်စေချင်တဲ့ ဆန္ဒတွေဟာ တစ်ဖက် လူရဲ့ လုပ်နိုင်မှုစွမ်းအားထက် ပိုပြီး ဖြစ်စေချင်တာ၊ ပိုပြီး မျှော်လင့်နေမိတာတွေကြောင့်လည်း ကိုယ့်မှာ စိတ်တိုင်းမကျ ပိုပြီးဖြစ်ရ၊ ပိုပြီး ခံစားနေရတာမျိုး ဖြစ်တတ်တယ်။

အရင်းစစ်တော့ ကိုယ့်မျှော်လင့်ချက်နဲ့ ကိုယ့်ဆန္ဒတွေ က ကိုယ့်ကို စိတ်တိုင်းမကျ ပိုပြီးဖြစ်နေစေတော့တာပါပဲ။ "သူမှ ကိုယ်မဟုတ်တာပဲ" ဆိုတဲ့ အတွေးကို ဘေးဖယ်ပြီး "သူ့ကို ကိုယ့်လိုဖြစ်စေချင်တာ" တွေက ကိုယ့်ကိုယ်ကိုယ် အလိုမကျ ဖြစ်နေစေတော့တာပါပဲ။

ဒါကြောင့် သူ့ကို ကိုယ်နဲ့ ညီအောင် ညှိဖို့ထက် ကိုယ့် ကိုယ်ကိုယ် ညီအောင် အရင်ညှိဖို့ ကြိုးစားရမယ်။ မျှော်လင့် ချက်နဲ့ ဖြစ်စေချင်တဲ့ ဆန္ဒကို လျှော့ချပြီး ကိုယ့်ရဲ့ စိတ်တိုင်း မကျမှု၊ အလိုမကျမှုကို သတိနဲ့ ထိန်းညှိနိုင်အောင် လေ့ကျင့် ရမယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၈)

ကိုယ်ကောင်းသလို သူမကောင်းလည်း ကိုယ်မပြောင်း ပါစေနဲ့။ သူမကောင်းရင် သူ့အကြောင်းပဲလေ။ သူ့အကြောင်း ဟာ သူ့အကျိုးပဲပေါ့။ သူ့အကျိုးဟာ ကိုယ့်အဆိုး မဖြစ်ဖို့ပါပဲ။

ကိုယ် ကျေးဇူးပြုဖူးသူက ကိုယ့်ကျေးဇူးမသိရင်လည်း ရှိပါစေတော့။ ကိုယ်သိနေရင် ပြီးတာပဲလေ။ သူ မသိတတ် တာ သူ့အပိုင်းပဲပေါ့။ သူ ရိုင်းသလို ကိုယ်မရိုင်းဖို့က ကိုယ့် သမိုင်းပါပဲ။

ကိုယ် နားလည်ပေးသလောက် သူ ကောက်နေလည်း ကိုယ် မဖောက်မိပါစေနဲ့။ ကိုယ့်ဘက်ကတော့ ဖြောင့်နေဖို့ပဲ မဟုတ်လား။ သူ နားမလည်တာ ကိုယ် အားငယ်နေဖို့မှ မဟုတ်တာ။ အချိန်တန်ရင် နားလည်မှုတွေရ၊ အားငယ်မှုတွေ ကျသွားမှာပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၉)

ဘဝမှာ 'လိုတစ်မျိုး မလိုတစ်မျိုး' အပြောင်းမလဲ မြန် တဲ့သူတွေလည်း တွေ့နေရမှာပါပဲ။ ဒါဟာ ရှောင်လွှဲလို့မရတဲ့ လောကဓံတစ်မျိုးပါ။ လိုတဲ့အချိန်မှာ ပုံစံအမျိုးမျိုးနဲ့ ရောက် လာကြမယ်။ မလိုတော့တဲ့အခါ အကြောင်းပြချက်အမျိုးမျိုးနဲ့ ရှောင်သွားကြမယ်။

ဒီအတွက် သိမ်မခံစားပါနဲ့။ ကိုယ်က သူတို့ကို ခေါ် ထားတာမှ မဟုတ်တာ။ သူတို့ လိုလို့ ရောက်လာတယ်။ မလိုတော့ ကိုယ့်ကို ဖယ်သွားတယ်။ လိုလိုက် မလိုလိုက်က သူတို့ဘာသာ ဖြစ်နေတာ။ ကိုယ်က အနေသာကြီးပါ။ သူ့ ဘာသာသူ ပြောင်းနေတာ။ ကိုယ်က ဘာဖြစ်လို့ လိုက်ခံစား နေမှာလဲပေါ့။

ကိုယ့်အတွက်ကတော့ သူတို့ လိုခြင်း၊ မလိုခြင်းထက် ကိုယ့်မှာ အပြစ်တွေ ပိုခြင်း၊ မပိုခြင်းက ပိုအရေးကြီးတာပါ။ မလိုတော့လည်း ကိုယ့်မှာ အပြစ်တွေ မပိုတော့ဘူးပေါ့။ လိုနေ ရင် အပြစ်တွေက ပိုရုံ ပိုနေတတ်တာပဲ မဟုတ်လား။

ဒါကြောင့် လိုခြင်း မလိုခြင်းဟာ သူ့အပိုင်း၊ အပြစ် မပို အနှစ်မလိုဖို့က ကိုယ့်အပိုင်းပါပဲ။ ကိုယ့်သမိုင်း ကိုယ်ရေး ရင်း လူအမျိုးမျိုးကြား တို့တစ်တွေ မရိုင်းကြဖို့ပဲ အရေးကြီး တာပါ။

ရိုးရိုးလေးပဲ တွေးလိုက်ပါ။
အမျိုးမျိုး မတွေးပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၀)

ရယူချင်စိတ် များတဲ့သူဟာ စွန့်လွှတ်ရမှာကို ကြောက်တယ်။ ပိုင်ဆိုင်လိုမှုက တွယ်တာမှုကို ဖြစ်စေတယ်။ တွယ်တာတာ များတော့ ပူလောင်မှုက တိုးလာတယ်။ ဒါကြောင့် အပူလျော့ဖို့ အယူလျှော့ရမယ်။

မကျေနပ်မှု အားကြီးရင် ငြိမ်းချမ်းမှုကို လျော့ပါးစေတတ်တယ်။ စိတ်လိုက်မာန်ပါ လုပ်တတ်မှုဟာ နှစ်ဦး နှစ်ဖက် မကျေမနပ်ဖြစ်ဖို့ သက်သက်ပါပဲ။ မကျေနပ်တာတွေ များလာရင် အသေသတ်တာတွေပါ ဖြစ်လာတတ်တယ်။ ဒါကြောင့် အနေမြတ်ဖို့ မကျေနပ်ချက်ကို လျှော့ရမယ်။

မသိတာတွေ များလာရင် သိစရာတွေ ရှားလာတတ်တယ်။ အသိနည်းလာမှုက အမှန်၊ အမှား ဝေဝါးမှုကို ဖြစ်ပေါ်စေတယ်။ အသိမဲ့လာမှုဟာ အရှိမဲ့မှုကို တိုးပွားစေတယ်။ ဒါကြောင့် အရှိမဆိုးဖို့ အသိတိုးအောင် လုပ်ရမယ်။

အရင်းစစ်တော့ အပူဆိုတာ သူများကြောင့် ပူတတ်တာထက် ကိုယ့်လောဘ၊ ကိုယ့်ဒေါသ၊ ကိုယ့်မောဟတွေကပဲ ပူနေတာပါလား။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၁)

ခွဲရမှာကြောက်ရင် အစကတည်းက မတွဲတာကောင်းတယ်။ တွဲတယ်ဆိုတာ ခွဲခြင်းရဲ့ အကြောင်းပဲ။ ဘယ်သူတွေ ဘယ်လောက်ပဲ အတွဲကောင်းနေကြပါစေ အမြဲပြောင်းနေတဲ့ လောကကြီးမှာ အချိန်တန်တော့လည်း မြတ်သူနဲ့ ခွဲကြရတာပဲ မဟုတ်လား။ အရှင်ခွဲနဲ့ အသေခွဲပဲ ကွာတယ်။

ဆိုတော့ကား တွဲမရလို့ ခွဲကြတဲ့အခါ အခွဲကောင်းဖို့ပဲ ကြိုးစားရမယ်။ အမုန်းနဲ့ မခွဲဘဲ အပြုံးနဲ့ ခွဲနိုင်အောင်၊ အချစ်နဲ့ မခွဲဘဲ အနှစ်နဲ့ ခွဲနိုင်အောင်၊ မတရားနဲ့ မခွဲဘဲ တရားနဲ့ ခွဲနိုင်အောင်၊ အကုသိုလ်နဲ့ မခွဲဘဲ ကုသိုလ်နဲ့ ခွဲနိုင်အောင် လေ့ကျင့်ရမယ်။

အချိန်တန်ရင် ခွဲရမယ်ဆိုတဲ့ အသိကို ဆင်ခြင်ပြီး တွဲနေတဲ့အချိန်မှာ အလွဲတွေမများဖို့၊ အတွဲလွန်မြီး အစွဲလွန်ရောဂါမဖြစ်ဖို့၊ အတွဲများတဲ့ အလွဲအမှားကြောင့် ငရဲသွားတဲ့အထိ မရောက်ဖို့ သတိပြုကြရမယ်။

အကောင်းဆုံးကတော့ အတွဲနဲ့ အခွဲကို သတိပြုပြီး မမြဲကြလို့ ခွဲကြတဲ့အခါ အလွဲတွေနဲ့ မခွဲကြဘဲ အချိန်တန်လို့ ခွဲကြရတာလို့ သဘောထား၊ မနော (စိတ်) အားကောင်းအောင်သာ ကြိုးစားကြဖို့ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၂)

အကြွေးဆိုရင် ဘာကြွေးမှ မကောင်းဘူး။ အဆိုးဆုံးက ကံကြွေးပဲ။ ကံကြွေးပါလာရင် သူတော်ကောင်းကြီးတွေတောင် ပေးဆပ်ရတာဆိုတော့ ကိုယ့်လို သာမန်တွေအတွက် အကြွေးတွေကြား ဗျာများနေတာ ဘာဆန်းလဲပေါ့။

အတိတ်အကြွေး ကြီးတဲ့သူဟာ ပစ္စုပ္ပန်မှာ အကောင်းတွေ လုပ်နေပေမယ့်လည်း မကောင်းတွေပဲ ကြုံနေရတာ ရှိတတ်သလို အဟောင်းကောင်းတဲ့သူကျပြန်တော့ ပစ္စုပ္ပန်မှာ မကောင်းပေမယ့် အကောင်းတွေ ကြုံရတာလည်း ရှိနိုင်တာပါပဲ။

ဒါက သူ့အကြောင်းနဲ့ သူ့အကျိုးပါ။ ကိုယ့်အတွက်ကတော့ ကောင်းကောင်းဆိုးဆိုး ကိုယ်ကိုယ်တိုင်ပဲ ရင်ဆိုင်လက်ခံ ဖြေရှင်းရမှာပါ။ အကောင်းများလို့လည်း ပြောင်းမသွားနဲ့။ မကောင်းများနေလို့လည်း စောင်းမသွားနဲ့။ အတိတ်အဟောင်းအားကို ပစ္စုပ္ပန်အကောင်းတရားနဲ့ ထိန်းကျောင်းပေးဖို့ပါပဲ။

အရေးကြီးတာက အကြွေးဆပ်ရင်း အကြွေးမထပ်ဖို့ပါ။ အတိတ်က အကြွေးတွေကြောင့် အဆိုးတွေ ကြုံနေရတဲ့ကြား နောက်ထပ် ပေးဆပ်ရမယ့် အကြွေးတွေ ထပ်မများရအောင် ကိုယ့်ရဲ့ အလုပ်တိုင်းမှာ သတိရှိနေဖို့ပါပဲ။

**အကြွေးပါရင် ဆပ်ပါ၊**
**အတိုးတော့ မထပ်ပါစေနဲ့ပေါ့။**

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၃)

သံသယဆိုတာ ပြိုကွဲခြင်းရဲ့ အစပဲ။ ရင်ထဲမှာ ထားရင် အထင်လွဲစရာများမယ်။ အစာမကြေတဲ့အချက်က ကမ္ဘာမကြေတဲ့ အမျက်ကိုတောင် ဖြစ်စေတာ မဟုတ်လား။ အထင်လွဲတာ၊ အစာမကြေတာ၊ သံသယဆိုတာတွေဟာ တစ်ယောက်နဲ့တစ်ယောက်ကြား နားလည်မှု ရှားစေတဲ့အတွက် သံသယဆိုတာကို ဘယ်တော့မှ ကြာကြာမထားရဘူး။ ကြာကြာထားရင် အခါခါ မှားတတ်တယ်။

အမှားမကင်းတဲ့ လောကကြီးမှာ တစ်ခါ တစ်ခါ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲတာ၊ သံသယဝင်တာ၊ နားလည်မှု လွဲတာတွေတော့ ရှိတတ်တာပေါ့။ အဲဒါမျိုးဖြစ်ရင် သဘောထားကြီးကြီးနဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဖြေရှင်းနိုင်အောင် ကြိုးစားသင့်တယ်။ မဖြေရှင်းဘဲ အမြင် အကြားနဲ့ အထင်မှားရင် ကြာလာတာနဲ့အမျှ သံသယတွေ ကြီးထွားစေ





www.burmeseclassic.com

www.burmeseclassic.com

ပြီး အစာမကြေမှုတွေနဲ့ မကျေနပ်မှုတွေကို တိုးပွားစေတတ်တယ်။ အဲဒီ မကျေနပ်ချက်က နောက်ဆုံး တစ်ယောက်နဲ့တစ်ယောက် မခေါ် မပြောနိုင်တဲ့အထိ ဖြစ်လာပြီး မိတ်ဆွေကနေ ရန်သူတောင် ဖြစ်သွားတတ်ကြတာပဲ မဟုတ်လား။

ဒါကြောင့် သံသယဟာ အမှန်မရှာဘူး။ အထင်လွဲတာဟာလည်း အထင်မမှန်ဘူးလို့ သဘောပေါက်ပြီး လွဲနေတာတွေ မှားနေတာတွေအပေါ်မှာ သူ့ဘက် ကိုယ့်ဘက် အတ္တမာနလေးတွေလျှော့ပြီး နားလည်မှုနဲ့ တွဲလက်ဆက်ကြဖို့ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၄)

အရှိအသေပေးခံရဖို့ ကျေးဇူးအတင်ခံရဖို့ စေတနာကို အသိအမှတ်ပြုခံရဖို့ဆိုတာ တောင်းယူရမယ့်အရာ၊ ပြောယူရမယ့်အရာ မဟုတ်ဘူး။ ကိုယ့်စေတနာနဲ့ ကိုယ့်လုပ်ရပ်တာပဲ ပုံဖော်ပေးသွားတာပါ။

အမိန့်ပေး စေခိုင်းတာတွေဟာ တစ်ခါ တစ်ခါ သူတစ်ပါးအပေါ် အနိုင်ကျင့်တဲ့ သဘောမျိုး သက်ရောက်တတ်တယ်။

တကယ်တော့ ဘဝမှာ ကိုယ့်စေတနာသာ မှန်မယ်ဆိုရင် ဘယ်သူ အသိအမှတ်ပြုပြု မပြုပြု၊ ဘယ်သူ ကျေးဇူးတင်တင် မတင်တင် အရေးမကြီးဘူး။ ကိုယ့်စေတနာ ကိုယ်သိပြီးသား။ ကိုယ့်ကိုယ်ကိုယ် အသိအမှတ်ပြုပြီးသားပဲလေ။

ဒါကြောင့် အလုပ်လုပ်တဲ့အခါ အရှိအသေပေးခံရဖို့ မလုပ်ပါနဲ့။ ကျေးဇူးတင်ခံရဖို့ ဦးမတည်ပါနဲ့။ အသိအမှတ်ပြုခံရဖို့ အလေးမထားပါနဲ့။ စေတနာကောင်းကောင်းနဲ့ သက်ရောက်မှုကောင်းဖြစ်ဖို့ ကြိုးစားပါ။ အားလုံးဟာ ပြီးပြည့်စုံသွားပါလိမ့်မယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၅)

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာထားခြင်း ဆိုတဲ့ သဘောတရားတွေဟာ လက်တွေ့ဘဝ လိုက်နာကျင့်သုံးဖို့ အတော်ခက်ပေမယ့် လက်တွေ့ကျင့်သုံးနိုင်ရင်တော့ အတော်လေးကို အေးချမ်းတဲ့ တရားတွေပါ။ သည်းခံလိုက်လို့၊ ခွင့်လွှတ်လိုက်လို့၊ မေတ္တာထားလိုက်လို့ ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုဟာ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကို အများကြီး ငြိမ်းချမ်းသွားစေတာပါပဲ။

တော်တော်များများ ဘဝမှာ ပူလောင်ကြတယ်။ စိတ်သောက ဖြစ်ကြတယ်။ စိတ်ပင်ပန်းကြတယ် ဆိုတာလည်း သည်းမခံနိုင်လို့၊ ခွင့်မလွှတ်နိုင်လို့၊ မေတ္တာမထားနိုင်ကြလို့ ဖြစ်တာပဲ များတယ် မဟုတ်လား။

ဒါကြောင့် စိတ်မှာ ဟိုအတွေး ဒီအတွေးတွေနဲ့ လေးနေကြမယ့်အစား အနေပေါ့အောင် ဖြေလျှော့တဲ့အနေနဲ့ သည်းခံကြည့်လိုက်ပါ။ ခွင့်လွှတ်ကြည့်လိုက်ပါ။ မေတ္တာထားကြည့်လိုက်ပါ။ အားလုံးဟာ Peace ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၆)

ကိုယ့်အတွေးဟာ ကိုယ့်ဘဝကို ပုံဖော်ပေးတတ်တယ်။ အတွေးမှားတာနဲ့ ကိုယ့်စိတ်မှာ လေးသွားတော့တာပဲ။ တစ်ခါတလေ မလိုအပ်တဲ့ အတွေးတွေနဲ့ ဟိုတွေး ဒီတွေး တွေးနေတာတွေကြောင့် အဆွေးတွေပဲ ရောက်နေတာလည်း ရှိတတ်တယ်။

ဘဝမှာ အကျိုးမရှိတဲ့ အတွေးတွေဟာ နောင်တနဲ့ သောကကိုပဲ ဖြစ်စေတတ်တယ်။ အတွေးဆိုတာ ရှိရမှာ မဟုတ်ဘူး။ သိရမှာ။ တွေးနေတာကို သိသွားရင် တွေးစိတ်က ပျောက်သွားတာပါ။

အတိတ်ကိုတွေးရင် ဆွေးတတ်တယ်။ အနာဂတ်ကို တွေးရင် ဝေးတတ်တယ်။ ပစ္စုပ္ပန်တည့်တည့်မှာပဲ ပေါ်တဲ့ အတွေးကို သိအောင် ကြိုးစားရမယ်။ သိရင် မစွဲဘူး။ မသိလို့ စွဲတာ။ စွဲရင် လွဲတာပဲ။

ဒါကြောင့် မလိုအပ်တဲ့ အတွေးတွေနဲ့ စိတ်ကို လေးနေစေမယ့်အစား အတွေးကို သိအောင် ကြိုးစား၊ အလွဲအမှား အတွေးတွေနဲ့ အစွဲမများဖို့အရေး သတိတရားလေးနဲ့ပဲ အတွေးကိုလျှော့၊ အဆွေးကို ပေါ့ကြတာပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၇)

စိတ်ဆိုတာ အလိုလိုက်ရင် ကိုယ့်အကြိုက်ဆောင်ဖို့ထက် စွဲရာကို ကိုယ်ပါသွားဖို့ပဲ များတယ်။ အခါခါ မှားလို့လည်း နောက်မလုပ်ဖြစ်တော့ဘူးလို့ မထင်နဲ့။ ရုန်းထွက်ဖို့ မလုပ်သမျှ မဟုတ်တာကတော့ လုပ်ကိုလုပ်ဖြစ်နေကြတာပါပဲ။

တစ်ခါတလေ သတိမကပ်လို့ လုပ်လိုက်မိခဲ့တဲ့ အမှားတစ်ခုဟာ စေတနာပါသွားရင် ပေးဆပ်ရတဲ့အခါ နစ်နစ်နာနာနဲ့ အကြာကြီး ပေးဆပ်ရတတ်တယ်။ သံသရာနဲ့ချီတဲ့ ပေးဆပ်မှုဆိုရင်တော့ အထက်ကို ပြန်ရောက်ဖို့ အတော်မလွယ်ကူလှတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခုဟာ ဆံသရာနဲ့ချီတဲ့ ပေးဆပ်မှုမျိုး မဖြစ်ရအောင် စိတ်ကို အလို မလိုက်ဘဲ သတိနဲ့ ထိန်းချုပ်နိုင်အောင် ကြိုးစားကြရမှာပါ။

[အကျဉ်းဦးစီးဌာန၊ ကျောက်ထုစခန်းတွင် နှစ်ရှည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ကျခံနေရသူများကို ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ဆုံးမဖြစ်ခဲ့တာလေးပါ။ သူတို့လည်း ရုတ်တရက် လုပ်လိုက်မိခဲ့တာတဲ့လေ။]

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၈)

မကျေနပ်တာ အနေမတတ်လို့ပါ။ အဖြေအထပ်ထပ် လွဲနေတာက မွဲနေတဲ့ ကိုယ့်စိတ်ဓာတ်ကြောင့်ပါပဲ။ အနေ မတတ်တော့ နေရာတကာ ဝင်ပါ၊ နေရာတကာ ဝင်ပြော၊ အဆင်မချောတော့ အပြစ်ဖြစ်၊ မနေတတ်တာကိုက ကိုယ့် အပြစ်လို ဖြစ်တော့တာပေါ့။

အပြစ်လျော့ဖို့ဆိုရင် နေတတ်မှဖြစ်မှာ။ အနေတတ်ဖို့ ဆိုတာ အကုသိုလ်မဖြစ်အောင် နေတတ်ဖို့ လိုပါတယ်။ အပြစ်ဆိုတာ သူများကြောင့် ဖြစ်တာထက် ကိုယ်က ခံစား မိလို့ ဖြစ်တာက များတယ်။ လက်တွေ့ဖြစ်ပေါ်နေတဲ့ အခြေ အနေပေါ်မှာ ထိန်းညှိပြီး ကျေနပ်နိုင်အောင် ကြိုးစားရင်း အပြစ်ဖြစ် သက်သာမယ်။ အပြစ်နည်းရင် နေရတာ ကျေနပ် စရာပါ။

ဒါကြောင့် ဘဝမှာ မကျေနပ်တာတွေ ဖြစ်လာရင် ဘာကြောင့်ပဲဖြစ်ဖြစ် အဲဒီ မကျေနပ်တဲ့စိတ်ကို မြင်အောင် အကြိမ်ကြိမ် သတိကပ်ပြီး ကြည့်နိုင်အောင် ကြိုးစားလိုက်ပါ။ မကျေနပ်စိတ်ကို သိရင် ကျေနပ်သွားပါလိမ့်မယ်။ မကျေနပ် တာ မသိလို့ပါ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၁၉)

အပြစ်ပြောခံရမှာ ကြောက်ရင် ဘာမှမလုပ်ဘဲနေမှ ဖြစ်မယ်။ ဒါတောင်မှ ဘာမှမလုပ်ဘူးဆိုပြီး အပြောခံရဦးမှာ မဟုတ်လား။ အလုပ်လုပ်တဲ့သူကတော့ အပြစ်ပြောခံရမှာပဲ။ လူ့ပါးစပ်ဆိုတာ အကောင်းလည်း ပြော၊ မကောင်းလည်း ပြောတတ်ကြတာပဲလေ။ ဘယ်လိုပဲ ပြောပါစေ၊ ကိုယ့်ဘက် က မပြောင်းလဲဖို့ပဲ အရေးကြီးတယ်။

လူ့သဘောက တည့်ရင် အကောင်းပြောမယ်၊ မတည့် ရင် အစောင်းပြောမယ်။ ချစ်ရင် အပြစ်မကြည့်ဘူး။ မုန်းရင် အပြုံးမရှိဘူး။ အဆင်ပြေရင် ဆင်ခြေပေးပြီး ကာကွယ်ပေး မယ်။ အဆင်မပြေရင် အထင်သေးပြီး မညှာဘေးဖယ်မယ်။ ဒါဟာ ပြောင်းလဲတတ်တဲ့ ပုထုဇဉ်လူသားတွေရဲ့ သဘာဝပဲ။

ဒါကြောင့် အချစ်ပြောလို့လည်း မသာယာနဲ့၊ အပြစ် ပြောလို့လည်း မခါပါနဲ့။ အကောင်းပြောခံရရင် သတိအားယူ၊ စောင်းပြောခံရရင် စိတ်အင်အားယူ၊ စကားဆိုတာ ခံစားပြီး ပူနေရမှာ မဟုတ်သလို ပြန်ကြားပြီး ငူနေရမှာလည်း မဟုတ် ဘူး။ မမြဲတဲ့ ပညတ်အသံလို့သာ သဘောထား။ ကိုယ့်အလုပ် ကိုယ်ကြိုးစားဖို့ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၀)

အချစ်၊ အမုန်းက မနာလိုမှု၊ ဝန်တိုမှုကို ဖြစ်စေတတ် တယ်။ အဲဒီ မနာလိုစိတ်၊ ဝန်တိုစိတ်တွေက ပူလောင်မှုကို ဖြစ်စေတတ်တယ်။ တွယ်တာမှုဆိုရင် ချစ်ရင်လည်း တွယ်၊ မုန်းရင်လည်း တွယ်တတ်တဲ့အတွက် အတွယ်ဆိုရင် ဘာ အတွယ်မှ မကောင်းဘူး။ အတွယ်များရင် လေးတာပဲ။ အတွယ်က လူကိုလည်း လေးစေတယ်။ စိတ်ကိုလည်း လေး စေတယ်။

လေးတာ ပေါ့ချင်ရင် လျှော့မှဖြစ်မယ်။ အထူးသဖြင့် အတွယ်တွေကို လျှော့ရမယ်။ အတွယ်လျှော့မှ တကယ်ပေါ့ မယ်။ အချစ်၊ အမုန်းဆိုတဲ့ အတွယ်ဟာ ကိုယ်က ချစ်ရတာပဲ ဖြစ်ဖြစ်၊ ကိုယ်က မုန်းရတာပဲဖြစ်ဖြစ်၊ ကိုယ်က အချစ်ခံရတာပဲ ဖြစ်ဖြစ်၊ ကိုယ့်ကို အမုန်းခံရတာပဲဖြစ်ဖြစ် နှစ်ခုစလုံးက ပူတာ ပါပဲ။ ယူနေတာကိုက အလွဲဖြစ်နေတာပဲ မဟုတ်လား။

ဒါကြောင့် တွယ်တာမှုကို စွန့်လွှတ်မှုနဲ့ လျှော့ရမယ်။ မစွန့်နိုင်လို့ တွယ်ထားရင် ပူလောင်မယ်။ အပူမရှိချင်ရင် မယူမိဖို့ ဆင်ခြင်ရမယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၁)

မာနရဲ့ သဘောက ကိုယ်မှန်လို့ ကိုယ်တင်းလည်း ပူတာပဲ၊ ကိုယ်မှန်နေလို့ မာန်မလျှော့လည်း ကိုယ်ပဲ ခံစားရ တာပဲ။ အမှန်တရားက ပူတာ မဟုတ်ဘူး၊ မာန်ထားလို့ ပူတာ။ မှန်တယ်ဆိုတဲ့ မာန်က ခံနေလို့ မာန်တင်းပြီး ခံပြင်း နေတာ။ ခံပြင်းတော့ ပြန်ငြင်း၊ ပြန်ငြင်းတော့ ပြန်တင်း၊ ပြန် တင်းတော့ မာန်ပြင်းရင်း မာနတွေကြား အခါခါ မှားနေကြ တော့တာပါပဲ။

အကောင်းဆုံးကတော့ သူမှန် ငါမှန်ဆိုတဲ့ အမှန်၊ အမှားကို ခဏထား၊ မာနတရားကြောင့် ခံစားရတာကို



www.burmeseclassic.com

www.burmeseclassic.com

လျှော့ချနိုင်အောင် အရင်ကြိုးစားရမယ်။ ကိုယ်မှန်လို့ ကိုယ်မလျှော့ဘူးဆိုလို့ ပေါ်သွားမှာတော့ မဟုတ်ဘူး။ မလျှော့နိုင်တာကိုက ပူနေစေတော့တာပါ။

ဒါကြောင့် အမှန်၊ အမှားတွေကြား ခံစားမှု များနေမယ့်အစား ဉာဏ်အားနဲ့ ဆင်ခြင်၊ မှန်နေပေမယ့်လည်း စိတ်အေးငြိမ်ပြင်ဆင်ပြီး မာန်တွေကိုလျှော့ ကိုယ့်အရင်ပေါ်အောင်ပဲ ကြိုးစားရမယ်။ ကိုယ်မှန်လို့ ကိုယ်မလျှော့ရင်လည်း ကိုယ်ပဲခံစားရမှာ မဟုတ်လား။ မာန်ကိုလျှော့ပြီး ဉာဏ်နဲ့ ဆင်ခြင်နိုင်မှ ကိုယ်လည်းပေါ့၊ သူလည်း လျော့လာမှာပဲပေါ့။

## တိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၂)

မဟုတ်မခံစိတ်က ကောင်းတော့ ကောင်းတယ်။ ဒါပေမဲ့ တစ်ခါ တစ်ခါ မဟုတ်ရင် မခံဘူးဆိုတဲ့ စိတ်ဟာ ဟုတ်ရင်ရော ခံနိုင်ပါ့မလားဆိုတော့ မခံနိုင်ပြန်ဘူးလေ။ ခံနိုင်ရည်ဆိုတာ ဟုတ်တာပြောလာရင်လည်း ခံနိုင်ဖို့လိုတယ်။ အကောင်းလေးတွေ ပြောတာကျ ခံနိုင်ပြီး ကိုယ့်အားနည်းချက် ကိုယ့်ကို ထောက်ပြတဲ့ အဟုတ်တွေကျတော့ မခံနိုင်ဘူးဆိုရင် ဒါဟာ ခံနိုင်ရည်ရှိပြီလို့ ပြောရမသေးဘူး။

အမှန်၊ အမှားနဲ့ ပတ်သက်ပြီးတော့ မဟုတ်တာကို မဟုတ်ဘူးလို့ ပြန်ပြောနိုင်ရင် ဟုတ်တာကိုလည်း ဟုတ်တယ်လို့ လက်ခံနိုင်ရမယ်။ ဝန်ခံနိုင်ရမယ်။ ပြီးတော့ ပြုပြင်နိုင်ရမယ်။

အကျိုးမရှိတဲ့ မဟုတ်တာတွေမှာ မခံချင်စိတ်နဲ့ တုံ့ပြန်နေမိတာထက် အကျိုးရှိတဲ့ မဟုတ်တာတွေမှာ လက်ခံနိုင်အောင် ကြိုးစားပြီး ပြုပြင်နိုင်ဖို့က ပိုအရေးကြီးတယ်။ မဟုတ်ရင်လည်း မခံ ဟုတ်ရင်လည်း မခံဘူးဆိုတော့ မဟန်သေးဘူးပေါ့။

ဒါကြောင့် ခံနိုင်ရည်ဆိုတာ မဟုတ်တာကိုလည်း အဟုတ်တရားနဲ့ လှုပ်ရှားနိုင်ဖို့ လိုသလို၊ ဟုတ်တာကိုလည်း လက်ခံနိုင်မှု စွမ်းအားနဲ့ ပြုပြင်နိုင်ဖို့ လိုအပ်တဲ့အတွက် မခံချင်စိတ်လည်း ထားပါ။ ခံယူချင်စိတ်လည်း မရှားပါစေနဲ့။

## တိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၃)

ဘဝမှာ ငါက အတော်ကြောက်စရာ ကောင်းတယ်။ ငါက မာနေတော့ ဘာမှ မပျော့တော့ဘူး။ အမှန်၊ အမှားတွေကြားမှာ ငါဆိုတဲ့မာန် ထားမိရင် ငါမှန်တော့လည်း ငါ တင်းတယ်၊ ငါမှားတော့လည်း ငါ ငြင်းတယ်။ အတင်းနဲ့အငြင်းက အဖျင်းဖြစ်ဖို့ပဲ များတယ်။ တင်းတဲ့သူလည်း ပူတယ်။ ငြင်းတဲ့သူလည်း ပူတယ်။ အမှန်၊ အမှားက ပူတာထက် မာန်ထားလို့ ပူတာ။

မပူချင်ရင် ငါ လျှော့ရမယ်။ ငါလေးပဲ လျှော့လိုက်တာနဲ့ အားလုံးပြီးသွားမယ်။ သေချာတွေးကြည့်ရင် "ငါမှ ငါ မဟုတ်တာ"။ ဘာမဟုတ်တာလေးမှာ ငါ လာရှုပ်နေကြလို့ အခါခါ မဟုတ် ဖြစ်နေကြတာ မဟုတ်လား။ ငါလေးသာ ထုတ်လိုက်၊ အားလုံး ဟုတ်သွားမှာ အမှန်ပဲ။

ဒါကြောင့် ငါ့ကိုယ် ငါက ပူလောင်နေတတ်တဲ့ လောကကြီးမှာ အပူသက်သာဖို့ဆိုရင် ငါလေးပဲ လျှော့လိုက်ပါ။ ငါမှန်လို့လည်း မထင်နဲ့။ ငါမှားလို့လည်း မငြင်းနဲ့။ အရင်းစစ်တော့ ငါမှ ငါအစစ် မဟုတ်တာပဲလေ။

## တိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၄)

ဘုန်းကံအတွက် နှုန်းစံတွေ အပျက်မခံပါနဲ့။ ထုံးစံကတော့ ဘုန်းကံဆိုတာ ကာယအားနဲ့ လုပ်ယူလို့ မရဘူး။ စရဏအားနဲ့မှ ဖြစ်လာတာ။ စရဏ(အကျင့်) ကောင်းလာရင် ဘုန်းကံတက်လာမှာဖြစ်ပြီး စရဏပျက်ရင် ဘုန်းကံပျက်လာမှာ အမှန်ပဲ။ ရှုန်းကန်နေရတဲ့ ဘုန်းကံဆိုတာ အကျင့်မပါလို့ဆိုတာ သတိပြုရမယ်။

စရဏအား မပါဘဲ ကာယအားနဲ့ လုပ်ယူထားတဲ့ ဘုန်းကံမျိုးက အကြာကြီး မရပ်တည်နိုင်ဘူး။ မမှန်ဘဲ တောက်နေတဲ့သူတွေဟာ အမြန်ပဲ ဖောက်နေတတ်တယ်။ ဘုန်းကံနဲ့ စရဏဆိုတာ အကြောင်း အကျိုး ဆက်စပ်နေတဲ့ သဘောရှိတယ်။ စရဏအားကောင်းရင် ဘုန်းကံတက်မယ်။ စရဏအားနည်းရင် ဘုန်းကံကျမယ်။ စရဏပါမှ ဘုန်းဒဏ်ကို ခံနိုင်မယ်။

ဒါကြောင့် ကံတွေတက်ဖို့ ဉာဏ်နီဉာဏ်နက်တွေနဲ့ အမှန်တွေ မဖျက်မိပါစေနဲ့။ မမှန်တဲ့နည်းနဲ့ တက်နေလည်း ခဏပဲဖြစ်တဲ့အတွက် စရဏမြဲအောင်သာ ကြိုးစား။ ကံတရားဆိုတာ အကျင့်မြဲရင် အုန်းဆင့်မခွဲပါဘူး။

(ဆက်ရန်)

ဓမ္မဒါန

❑

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဂယာ ဘုရားဖူး အတွေ့အကြုံများ

မောင်လွမ်းနွယ်(အောင်လံ)



ရှင်တော်မြတ်ဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်နှင့် ဘုမိဖဿဆင်းတုတော်



ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားသော ဝိရှသုန္တီစေတီတော်ကြီး

"အဖွင့်အမှာစကား"

စာရေးသူ၏ ဖခင်ကြီး ဦးငြိမ်း(စ်ရွှေငြိမ်း)သည် ရခိုင်ပြည်နယ် သံတွဲသားဖြစ်ပါသည်။ မြန်မာပြည် လွတ်လပ်ရေး မရခင်ကာလက သရက်ခရိုင် ဆပ်အင်စပက်တော် အဖြစ် အမှုထမ်းခဲ့သည်။ ယင်းကာလတွင် အင်္ဂလန်ထိ ပေါက်၍ ကိုယ်တိုင်သွားရောက် ထုတ်ယူခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်း (၇) နိုင်ငံသို့ အလည်အပတ်ခရီးထွက်ခဲ့ပါသည်။

ရှေးမက်ထရိတ်.(၁၀)တန်းကို အောင်မြင်ပြီး ဖြစ်၍ အင်္ဂလိပ်စာ အရေး၊ အပြောကို ကျွမ်းကျွမ်းကျင်ကျင် ရှိလှပါသည်။ ရှေး (၁၀)တန်းကို အောင်မြင်ခဲ့စဉ်က ဦးဘငြိမ်း (ဗဟိုအလုပ်သမားကောင်စီ၊ ဥက္ကဋ္ဌကြီး)နှင့်အတူ တစ်နှစ်တည်း အောင်မြင်ခဲ့ပြီး ချစ်သောခင်သော သူငယ်ချင်းများလည်း ဖြစ်ခဲ့ကြပါသည်။ (ဤကားစကားချပ်)

နိုင်ငံခြားမှ ပြန်လာပြီး မြန်မာပြည်လွတ်လပ်ရေးရချိန်တွင် အလုပ်မှ လုံးဝ (လုံးဝ) နုတ်ထွက်ခဲ့သည်။ အောင်လံမြို့နယ် သမာဓိမြို့ဝန်နှင့် ပိုးချည်းသက်သက်ရောင်းသော အထည်ဆိုင် (၂)ဆိုင်တွဲကို အောင်လံမြို့ ပြည်သူ့ဈေးကြီး အတွင်း[illegible]တွင် ဖွင့်လှစ်ခဲ့ပါသည်။ မိခင်ကြီးဖြစ်သူ ဒေါ်အေးကြိုင် (မြန်မာ)နှင့် ပူးတွဲ ဖွင့်လှစ်ခဲ့သည်။

ယခု ဖခင်ကြီး ဦးငြိမ်း (၆၅)နှစ်တွင် ကွယ်လွန်ခဲ့ရှာပါပြီ။ နှစ်ပေါင်း (၃၈)နှစ်ကျော်ကြာမြင့်ခဲ့ပါပြီ။ မိခင်ကြီး ဖြစ်သူ ဒေါ်အေးကြိုင်မှာလည်း (၈၅)နှစ်တွင် ကွယ်လွန်ခဲ့ပါပြီ။ ဖခင်ကြီး ဆုံးပါးခဲ့သည်မှာပင် (၃၈)နှစ်ကျော် ကြာမြင့်ခဲ့ပြီး မိခင်ကြီး ဆုံးပါးခဲ့သည်မှာလည်း (၇)နှစ် တင်းတင်းပင်ပြည့်ခဲ့ပါပြီ။ ဆိုရပါလျှင် စာရေးသူ (ဆောင်းပါးရှင်)၏ အသက်ပင်လျှင် (၇၀)နှစ် တင်းတင်းပြည့်လေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



(၂၇-၁-၂၀၁၃) အာသောကမင်းကြီး တည်ခဲ့သည့် ဓါဠုကာရုံကျောင်းတော်ကြီးရှေ့တွင်ရှိသော ကျောက်စာတိုင်၊ ထိုကျောက်စာတိုင်ထိပ်တွင်ရှိသော ခြင်္သေ့ရုပ်တုမှာ အကောင်းပကတိအတိုင်း တွေ့ရပါသည်။

***မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်***

ကမ္ဘာ့နိုင်ငံပေါင်း (၇)နိုင်ငံအထိ ရောက်ခဲ့ဖူးပြီးဖြစ်သည့် ဖခင်ကြီးနည်းတူ မိမိအနေဖြင့်လည်း အနည်းဆုံး (၅) နိုင်ငံသို့ ရောက်ရှိဖူးရမည်ဟု မိမိအသက် (၃၀)နှစ်ကျော်ချိန်တွင် မိမိရရ တိတိကျကျ ဆုံးဖြတ်ချက် ချခဲ့ဖူးပါသည်။ ယင်းဆုံးဖြတ်ချက်ချခဲ့ခြင်း၏ ရလဒ်အဖြစ် မိမိသည် ၂၀၁၃ ခုနှစ်ရောက်မှသာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ရောက်ရှိခဲ့ခြင်းပါသည်။ တိတိကျကျ ဆိုပါမည်။

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ခရီးစဉ်ဖြင့် (၂၅. ၁. ၂၀၁၃ မှ ၈. ၂. ၂၀၁၃)ထိ (၁၅)ရက်ခရီးစဉ်ဖြင့် သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ မိမိအနေဖြင့် အနည်းဆုံး (၅)နိုင်ငံသို့ ရောက်ရှိဖူးသူ ဖြစ်ရမည်ဟု အသက် (၃၀)နှစ်ကျော်ချိန်က ဆုံးဖြတ်ချက်ချခဲ့ပြီးသော် အစီအစဉ်သည် မိမိအသက် (၆၇) နှစ် (၇)လနှင့် (၁၀)ရက်ကျော်ပြီးမှသာ မိမိရရ သွားဖြစ်ပါတော့သည်။

မိမိ၏ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅)ရက်ခရီးအတွက် နှမဖြစ်သူ ဒေါ်မာမာ (မခင်စု)မှ ကျပ်ငွေ (၃)သိန်း ကူညီခဲ့သလို သမီးဖြစ်သူ မိုးမိုး (ငြိမ်းငြိမ်းထိုက်)မှလည်း ကျပ်ငွေ (၃)သိန်း ဖခင်ဖြစ်သူ၏ ဗုဒ္ဓဂယာခရီးစဉ်အတွက် ပံ့ပိုးပေးခဲ့ပါသည်။ ကျန်ငွေ (၁၀)သိန်းကို မိမိစာမူများ (ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို) ရေးခဲ့သည်မှ ရရှိခဲ့ခြင်းများကို သီးသန့် မြဝတီဘဏ်တွင် စုဆောင်းထားသည့်ငွေမှ ထုတ်ယူခဲ့ခြင်းဖြင့် စုစုပေါင်း (၁၆)သိန်း အကုန်အကျခံမည်ဟု ဆုံးဖြတ်ချက်ဖြင့် ခရီးထွက်ခဲ့ဖြစ်ပါပြီ။

***ခရီးစဉ် စထွက်ခဲ့ပါပြီ***

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ သို့ ကြိုတင်၍ ငွေပေးသွင်းခဲ့မှုကြောင့် (၁၅)ရက် (သွား/ပြန် စားစရိတ်ငြိမ်း) ခရီးစဉ်အတွက် ငွေကျပ် (၉)သိန်း ပေးသွင်းခဲ့သည်။ ယင်းကြောင့် ခရီးစဉ်တစ်လျှောက် (လှူရန်တန်းရန်)အတွက် ငွေကျပ် (၇) သိန်းတိတိကို ယူဆောင်လာရင်း ဇန်နဝါရီ (၂၅)ရက်နေ့ နံနက် (၉)နာရီ အချိန်မှစတင်ပြီး ရန်ကုန် မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ပါပြီ။

မှတ်မှတ်ရရ နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ မှ မိမိတို့အား ကုန်သည်ကြီးများ ဟိုတယ် (ယခု ရှန်ဂရီလာဟိုတယ်) တွင် နံနက်စာကျွေးမွေး ဧည့်ခံခြင်းနှင့် အမှတ်တရပစ္စည်းများပေးအပ်ပွဲကို ဇန်နဝါရီလ (၂၄)ရက်နေ့က တက်ရောက်ခဲ့ရပါသေးသည်။

ဇန်နဝါရီ (၂၅)ရက်နေ့ နံနက် (၁၁)နာရီအချိန်တွင် စာရေးသူတို့ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် စတင်ထွက်ခဲ့လေပြီ။ လေယာဉ်ပေါ်မှာပင် နံနက်စာကို သီးသန့်ကျွေးမွေးပါသည်။ စာရေးသူအတွက် လေယာဉ်ခရီးစဉ်မှာ အထူးအဆန်းမဟုတ်တော့ပါ။



(၂၇-၁-၂၀၁၃) ဂျပန်နိုင်ငံမှ တည်ထားသည့် ဝိရှသျှန္တိစေတီတော်ကြီး တည်ရှိရာ ရတနာဂီရိတောင်ထိပ်ပေါ်သို့ စက်ကြိုးလှေကားဖြင့် စာရေးသူတက်ခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ကျွန်းမာဦးစီး (ရုံးချုပ်)သိမ်ဖြူလမ်း ရန်ကုန်မြို့တွင် အဖွဲ့စိတ်မှူး (ငွေစာရင်း)အဖြစ် တာဝန်ထမ်းဆောင်ချိန်ကာလများအတွင်းက ရန်ကုန်-လွိုင်ကော် (အသွား/အပြန်) လေယာဉ်ခရီးများဖြင့် သွားခဲ့ရပြီး ဖြစ်ပါသည်။ ထို့အပြင် အငြိမ်းစားယူပြီးနောက် စာပေဟောပြောပွဲများ ဟောပြောပြီးနောက် ခန္တီး-မန္တလေး (အပြန် လေယာဉ်ခရီးစဉ်) ရန်ကုန်-မြိတ် စာပေဟောပြောပွဲအတွက် (အသွား/အပြန်) လေယာဉ်ခရီးစဉ်များအဖြစ် သွားခဲ့ဖူးပြီး ဖြစ်ပါသည်။ သို့သော် ပြည်ပခရီးကို လေယာဉ်ဖြင့် မသွားဖူးသေးပါ။

ယခု ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်အတွက် ရန်ကုန်-ဂယာ တိုက်ရိုက်လေယာဉ်ခရီးစဉ်ဖြင့် မဇ္ဈိမဒေသသို့ ခရီးထွက်ရပါတော့မည်။

## ဂယာသို့ရောက်ပါပြီ

ဂယာလေဆိပ်သို့ နီလာဘုရားဖူးလုပ်ငန်းကုမ္ပဏီမှ အသင့်လာရောက်ကြိုနေပါသည်။ ကိုယ့်ပစ္စည်းလေးတွေကိုယ်ဆွဲပြီး လာကြိုသော ဟီးနိုးကားပေါ်သို့ တက်ကြရပါသည်။ စာရေးသူတွင် ပစ္စည်းများများစားစားမပါ။ အဝတ်အစား ဆယ်စုံစာကို လက်ဆွဲအိတ်တွင် ထည့်ထားပြီး သွား



(၁-၂-၂၀၁၃) ပျက်ဆီးယိုယွင်းနေပြီဖြစ်သော ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူခဲ့သည့် ဇေတဝန်ကျောင်းတော်ကြီးနှင့် စာရေးသူ

တိုက်ဆေး၊ သွားပွတ်တံ၊ မိမိစားနေရသည့် ဆေးပုလင်းများ ပေါင်ဒါဘူး၊ ခရီးဆောင် ဆေးပုလင်း နှစ်လုံး၊ ရေမွှေးပုလင်းတို့ကိုမူ လက်ဆွဲစက္ကူအိတ်ထဲ ထည့်ထားပါသည်။ အသုံးဖမ်း စက်ငယ်တစ်ခု၊ ကင်မရာငယ်တစ်ခုကိုမူ ကြွပ်ကြွပ်အိတ်ထဲတွင် ထည့်ထားပြီးမှ လက်ဆွဲစက္ကူအိတ်ထဲမှာ ထည့်ထားပါသည်။

အဆောင်မှာ ခဏတစ်ဖြုတ်နားပြီး မဟာဗောဓိစေတီနှင့် ဗောဓိပင်၊ ရွှေပလ္လင် တို့ကို သွားရောက် ဖူးမြော် ကြည်ညိုလေ့လာပါသည်။ အဆောင်နှင့် မဝေးပါ။ ဆယ်မိနစ်ခန့် ခြေကျင်လျှောက်ရုံဖြင့် လွယ်ပေင့်တကူ ရောက်ရှိပါသည်။ မဟာဗောဓိစေတီတော်တွင် ရွှေသင်္ကန်းကပ်ခြင်း၊ ခေတ္တမျှ တရားထိုင်ခြင်း၊ ကြွေကျနေသော ဗောဓိညောင်ရွက်များကို ကောက်ယူနေခြင်း စသည့်လုပ်ငန်းကိစ္စရပ်များကို ဆက်တိုက်ဆောင်ရွက်နေပါသည်။ မိမိ၏ ရင်ထဲတွင်လည်း လွန်စွာကြည်နူးလျက်ရှိပြီး စိတ်ရော ကိုယ်ပါ လွတ်လပ်ပေါ့ပါးစွာ ရှိနေရပါသည်။

ဤ[illegible]နေရာကား ဗုဒ္ဓပွင့်ရာ အဝေဇနိယဋ္ဌာန ဖြစ်ပါ၏။ ဗုဒ္ဓရှင်[illegible]မြတ် သက်ရှိထင်ရှားရှိစဉ်က ညီတော်အာနန္ဒာ ဤဋ္ဌာန၌ မြတ်စွာဘုရားသည် အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိတော်မူ၏ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အဖို့ ဖူးမြော်ထိုက်သော ကုသိုလ်ရ၍ သံဝေဂပွားနိုင်သည့် သံဝေဇနိယဋ္ဌာနဖြစ်၏ဟု မိန့်ကြားလေသည်။

သံဝေဇနိယဋ္ဌာနဖြစ်သည်သာမက ရှေးဘုရားရှင်တို့ မစွန့်အပ်ခဲ့သည့် အဝိဇဟိယဋ္ဌာနလည်း ဖြစ်ပါပေ၏။



(၃-၂-၂၀၁၃) တာ့ချ်မဟာသို့ လေ့လာရေးခရီးစဉ်အဖြစ် ရောက်ခဲ့စဉ်က





www.burmeseclassic.com

www.burmeseclassic.com



(၃-၂-၂၀၁၃) စာရေးသူတို့ နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့အား -ဝေသာလီပြည်ရှေးဟောင်းကျောင်းတော်ကြီးရှေ့တွင် တွေ့ရစဉ်

ဤနေရာတွင် ကြားဖြတ်၍ ဂေါတမဗုဒ္ဓရှင်မြတ်၏ သမိုင်းအကျဉ်းကို ရေးသားဖော်ပြလိုပါသည်။ ဂရုတစိုက် ဖတ်ရှု မှတ်သားထားကြပါဟု မေတ္တာရပ်ခံပန်ကြားပါသည်။ တန်ဖိုးကြီးမားလှ၍ ဖြစ်ပါသည်။

**ဂေါတမဗုဒ္ဓ**

၁။ မင်းသားအမည်- သိဒ္ဓတ္ထကုမာရ
၂။ ခမည်းတော်- သီရိသုဒ္ဓေါဒန၊ မဟာရာဇာ ကပိလဝတ် ပြည့်ရှင်မင်း
၃။ မယ်တော်- သီရိမဟာ မာယာဒေဝီ
၄။ မိထွေးတော်- မဟာပဇာပတိ ဂေါတမီ
၅။ ဖွားမြင်သည့်နေ့- မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် (သောကြာနေ့) (ဘီစီ ၅၆၃)
၆။ ကြင်ရာတော်- ယသော်ဓရာ (ဒေဝဒဟ ပြည့်ရှင်မင်း၏ သမီးတော်)
၇။ သားတော်- ရာဟုလာ
၈။ နေပြည်တော်- မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည်
၉။ နန်းစည်းစိမ်စံနှစ်- (၁၃)နှစ် (သက်တော် ၁၆ နှစ်မှ ၂၉ နှစ်ထိ)
၁၀။ တောထွက်သည့်နေ့- မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့် (တနင်္လာနေ့) အသက် (၂၉)နှစ်အရွယ်၊ (သားတော် ရာဟုလာ ဖွားမြင်သောနေ့) တွင် ဖွားဖက်တော် ဆန္နအမတ်၊ ကဏ္ဍက မြင်းတို့ကို ခေါ်ဆောင်၍ တိတ်တဆိတ် တောထွက်သည်။ အနော်မာမြစ်ကမ်းတွင် ဆံတော်ကို ပယ်တော်မူသည်။
၁၁။ ဒုက္ကရစရိယာကျင့်သည့်ကာလ- (၆)နှစ်
၁၂။ ဗုဒ္ဓဖြစ်သောနေ့- မဟာသက္ကရာဇ် ၁၀၃ ခုနှစ်
၁၃။ ဓမ္မစကြာတရားဟောသည့်နေ့- မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်(စနေနေ့)တွင် ပဉ္စဝဂ္ဂီငါးဦးအား ဟောကြားတော်မူသည်။
၁၄။ ဓမ္မစကြာတရားဟောသည့်နေရာ- ဗာရာဏသီပြည်အနီး မိဂဒါဝုန်တော



(၃-၂-၂၀၁၃) ၆၆ ဦးပါဝင်သော ဘုရားဖူးအဖွဲ့မှ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ရှုပီး ဒေါ်လာနှင့် မြန်မာကျပ်ငွေ ၆ သိန်းကျော် လှူဒါန်းသည်ကို အဖွဲ့ကိုယ်စား စာရေးသူမှ ရေစက်သွန်းချနေစဉ်



www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ၁၅။ သစ္စာလေးပါးတရား- | ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ |
| ၁၆။ ညွှန်ကြားသည့်လမ်းစဉ်- | မဇ္ဈိမပဋိပဒါလမ်း၊ မဂ္ဂင်ရှစ်ပါး |
| ၁၇။ သက်တော်/ဝါတော်- | ပရိနိဗ္ဗာန်စံစဉ်၊ သက်တော်(၈၀)၊ ဝါတော်(၄၅) |
| ၁၈။ ပရိနိဗ္ဗာန်စံသည့်နေရာ- | ကုသိနာရုံ၊ အင်ကြင်းဥယျာဉ် |
| ၁၉။ တေဇောဓာတ်လောင်သည့်နေ့- | မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လဆုတ် ၁၂ ရက် (တနင်္ဂနွေနေ့) |
| ၂၀။ ပရိနိဗ္ဗာန်စံသည့်နေ့- | မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် (အင်္ဂါနေ့) (ဘီစီ-၄၈၃) |
| ၂၁။ ကျင့်စဉ်သိက္ခာသုံးပါး- | သီလ၊ သမာဓိ၊ ပညာ |
| ၂၂။ တရားတော်များ- | ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ |
| ၂၃။ အဆုံးအမသာသနာတော်- | ပရိယတ္တိ သာသနာ<br>ပဋိပတ္တိ သာသနာ<br>ပဋိဝေဓ သာသနာ |

**ဗုဒ္ဓဝါဆိုသီတင်းသုံးရာနေရာများ**

ဗုဒ္ဓမြတ်စွာဘုရားသည် (၄၅)ဝါပတ်လုံး မဇ္ဈိမဒေသတစ်ခွင်၌ လှည့်လည် ဝါဆိုသီတင်းသုံးတော်မူခဲ့ပါသည်။

**ပထမဗောဓိ (ပထမ အနှစ် ၂၀)**

မိဂဒါဝုန်တော၊ ဝေဠုဝန်ကျောင်းတိုက် (ရာဇဂြိုဟ်ပြည်) မဟာဝုန်တောအုပ် (ကူဋာဂါရကျောင်း)၊ မကုလတောင် (ချယားတောကျောင်းတိုက်)၊ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ (တာဝတိံသာနတ်ပြည်)၊ သုံသုမာရဂီရိပြည် (ဘေသကဠာ၊ ပဲစင်းငုံတောကျောင်း)၊ ကောသမ္ဗီပြည် (ဃောသိတာရုံကျောင်းတိုက်)၊ ပါလိလေယျက (ရက္ခိတတောအုပ်၊ အင်ကြင်းပင်အနီးကျောင်း)၊ ဒက္ခိဏာဂီရိဇနပုဒ် (နာဠိကာရုံကျောင်း)၊ ဝေရဉ္စာပြည် (နာဠေရုတမာပင်ရင်း)၊ သာဝတ္ထိပြည် (စာလိယတောင်ကျောင်း) သာဝတ္ထိပြည် (ဇေတဝန်ကျောင်း)၊ ကပိလဝတ်ပြည် (နိဂြောဓာရုံကျောင်း)၊ အာဠဝီပြည် (အဂ္ဂါဠဝနတ်ကွန်းကျောင်း)၊ ရာဇဂြိုဟ်ပြည် (ဝေဠုဝန်ကျောင်း)၊ သာဝတ္ထိပြည်(စာလိယတောင်ကျောင်း)၊



(၄-၂-၂၀၁၃) ဗုဒ္ဓဂယာ ရှေးဟောင်းဘုရားတစ်ဆူရှေ့တွင် အလှူငွေ ရူပီး ၁၅၀၀ ထည့်ဝင်လှူဒါန်းရန် ပြင်ဆင်နေစဉ်

ရာဇဂြိုဟ်ပြည် (ဝေဠုဝန်ကျောင်း) တို့တွင် ပထမအနှစ် နှစ်ဆယ် ဝါဆိုခဲ့ပါသည်။

(ထူးခြားချက်မှာ တာဝတိံသာနတ်ပြည်ရှိ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတွင် သတ္တမဝါ နေထိုင်ကျင့်ကြံခဲ့ခြင်းပင် ဖြစ်ပါသည်။)


**ပစ္ဆိမဗောဓိ (နောက်ပိုင်း ၂၅ နှစ်)**

ရာဇဂြိုဟ်ပြည် (ဝေဠုဝန်ကျောင်း)မှအကူး သာဝတ္ထိပြည် (ဇေတဝန်ကျောင်းတော်)တွင် (၁၈)ဝါတိတိ၊ သာဝတ္ထိပြည် (ပုဗ္ဗာရုံကျောင်းတော်)တွင် (၆)ဝါတိတိနှင့် ဝေသာလီပြည် (ဝေဠုဝရွာငယ်)တွင် (၁)ဝါတိတိဖြင့် နောက်ပိုင်း (၂၅)ဝါ၊ (၂၅)နှစ်တိတိ ကျောင်းထိုင်တော်မူခဲ့ပါသည်။

နှစ်ပေါင်း (၄၅)နှစ်၊ (၄၅)ဝါပတ်လုံးသည် (တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပေါ်တွင် သတ္တမဝါဆိုခြင်း တစ်ကြိမ်သာ လူ့ပြည်နှင့် အလှမ်းကွာခဲ့ပါသည်။ ပထမအနှစ် (၂၀) ဝါဆိုခဲ့ရာတွင်လည်းကောင်း၊ နောက်ပိုင်း (၂၅)နှစ် ဝါဆိုခဲ့ရာတွင်လည်းကောင်း၊ (၄၅)ဝါ သို့မဟုတ် ၄၅နှစ်တာအတွင်း (တစ်ကြိမ်)တည်းသာ တာဝတိံသာနတ်ပြည်တွင် ဝါဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဤကား စကားချပ်။

www.burmeseclassic.com

www.burmeseclassic.com



(၄-၂-၂၀၁၃) မြတ်ဗုဒ္ဓသည် နောက်ဆုံးဩဝါဒပိန့်တော်မူပြီးသော် နိရောဓသမာပတ် ဝင်စားလေ၏။ အရဟတ်တက်ချိန်တွင် ဗုဒ္ဓဘုရားရှင်သည် ဝိပါက်ကမ္မဇရုပ်မျှ အကြွင်းမရှိသော အနုပါဒိဒေသ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေသည်။

ဝါစဉ်အလိုက် ဗုဒ္ဓဖြစ်တော်စဉ်ကို အကြောင်း တိုက်ဆိုင်တုန်း ရေးသားလိုပါသေးသည်။ (အတိုချုပ်ကိုသာ ရေးသားသွားပါမည်။)

ဗုဒ္ဓအလောင်းတော်ကို လုမ္ဗိနီ၌ ဖွားမြင်ခဲ့သည်။ ဖွားမြင်ပြီး လုမ္ဗိနီမှ (၁၀)မိုင်ဝေးသော ခမည်းတော်နန်းစိုက်ရာ ကပိလဝတ်မြို့သို့ သွားခဲ့သည်။ သိဒ္ဓတ္ထမင်းသားအဖြစ် အသက်(၂၉)နှစ်ထိ ထီးနန်းစည်းစိမ်ခံစားခဲ့သည်။ ထို့နောက် ကပိလဝတ်မြို့မှ မိုင်(၉၀)ခန့်အကွာ ဥရုဝေဠတောသို့ သွားခဲ့သည်။ ဥရုဝေဠတောတွင် (၆)နှစ်ခန့် ဒုက္ကရစရိယာကျင့်ခဲ့သည်။ ထိုမှ (၄)မိုင်ခန့်ဝေးသော ဖွားဖက်တော် ဗောဓိပင်ရှိရာ ဂယာမြို့သို့ သွားခဲ့သည်။

မဟာဗောဓိပင်ရင်း၌ ဘုရားအဖြစ် ပွင့်တော်မူပြီး (၄၉)ရက်သီတင်းသုံးနေခဲ့သည်။ နောက် (၁၅၁)မိုင်ခန့်ဝေးသော မိဂဒါဝုန်တောသို့ ကြွလေသည်။ မိဂဒါဝုန်တောတွင် ရှေ့ဝဂ္ဂီ (၅)ဦးအား ဓမ္မစကြာတရားနှင့် အနတ္တလက္ခဏာသုတ်တို့ ဟောတော်မူပြီး နန္ဒိယကျောင်းတော်၌ ပထမဝါဆိုတော်မူသည်။ နောက် ဗိမ္ဗိသာရမင်းအား ကတိပြုခဲ့သည့်အတိုင်း ရာဇဂြိုဟ်မြို့သို့ ကြွလေသည်။ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတွင် (၂)ဝါမှ (၄)ဝါမြောက်ထိ (၃)နှစ်ဆက်တိုက် ဝါဆိုတော်မူခဲ့သည်။

ယင်းမှတစ်ဖန် ဝေသာလီ မဟာဝုန်တော၊ ကူဋာဂါရကျောင်း၌ (၅)ဝါမြောက် ဝါဆိုပါသည်။ တစ်ဖန် ရာဇဂြိုဟ်သို့ ပြန်ကြွတော်မူပြီး ချယားတောကျောင်း၌ (၆)ဝါမြောက် ဝါဆိုပြန်ပါသည်။ ထို့နောက် သာဝတ္ထိမြို့အနီးရှိ သရက်ဖြူကုန်းသို့ ကြွပြီး တိတ္ထိတို့နှင့် တန်ခိုးပြိုင်၍ အောင်နိုင်ပြီး တာဝတိံသာနတ်ပြည်သို့ ကြွလေသည်။ တာဝတိံသာတွင် (၇)ဝါမြောက် ဝါဆိုပြီး သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည် သင်္ကာသနဂိုရ်ပြည် (သင်္ကဿနဂိုရ်ပြည်)သို့ ဆင်းသက်တော်မူသည်။

ထိုမှ ခရီးဆက်၍ သံသုမာရဂီရိပြည်၊ ဘေသကဠာကျောင်း၌ (၈)ဝါမြောက် ဝါဆိုတော်မူသည်။

ထိုမှ ကောသမ္ဗီပြည်သို့ ကြွ၍ ဃောသိတာရုံကျောင်း၌ (၉)ဝါမြောက် ဝါဆိုတော်မူသည်။ ထိုမှ ကောသမ္ဗီအနီး ပါလိလေယျကရွာ၊ ရက္ခိတတောအုပ်ကျောင်းတွင် (၁၀)ဝါမြောက် ဝါဆိုပါသည်။ ထိုမှ ခရီးဆက်လေရာ သာဝတ္ထိမြို့၏ အနောက်တောင်ဘက် ဒက္ခိဏာဂီရိ၊ နာဠိကာရုံကျောင်း၌



www.burmeseclassic.com

www.burmeseclassic.com

(၁၁)ဝါမြောက် ဝါဆိုပြန်ပါသည်။ ထိုမှ တစ်ဖန် သက်သာနဂိုရ် အနီး ဝေရဉ္စရာပြည် တမာပင်ရင်း၌ (၁၂)ဝါမြောက် ဝါဆိုသည်။

ထိုမှ သာဝတ္ထိသို့ ပြန်ကြွပြီး သာဝတ္ထိအနီးကျောင်း၌ (၁၃)ဝါမြောက်ဝါကို လည်းကောင်း၊ ဇေတဝန်ကျောင်း၌ (၁၄)ဝါမြောက် ဝါဆိုပြန်ပါသည်။

ထို့နောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကပိလဝတ်မြို့သို့ ကြွလေသည်။ ထို့အပြင် ညီတော်နန္ဒမင်းသားနှင့် သားတော် ရာဟုလာတို့အား သက်န်းဆီးပေးပြီး နိဂြောဓာရုံကျောင်း၌ (၁၅)ဝါမြောက် ဝါဆိုပြန်သည်။ ဝါကျွတ်သောအခါ အာဠဝီပြည်သို့ ကြွ၍ အဂ္ဂါဠဝကျောင်း၌ (၁၆)ဝါမြောက် ဝါဆိုပြန်ပါသည်။

ထိုမှတစ်ဖန် ရာဇဂြိုဟ်သို့ ကြွပြီး ဝေဠုဝန်ကျောင်း၌ (၁၇)ဝါမြောက်ဝါဆိုပြီး သာဝတ္ထိသို့ ကြွပြန်ပြီး သာဝတ္ထိ စာလိယတောင်ကျောင်းတွင် (၁၈)ဝါနှင့် (၁၉)ဝါမြောက် နှစ်ဝါဆိုခဲ့ပါသည်။ ထို့နောက် ရာဇဂြိုဟ်သို့ပြန်ကြွပြီး ဝေဠုဝန်ကျောင်းတွင် (၂၀)ဝါမြောက် ဝါဆိုလေသည်။ ဤတွင် ဗုဒ္ဓ၏ ပထမဝါ (၂၀)ကုန်လေသည်။

ဗုဒ္ဓသည် သာဝတ္ထိမြို့သို့ ပြန်ကြွပြီးနောက် ပစ္ဆိမဝါ (၂၄)ဝါ (၂၁ မှ- ၄၄ ဝါအထိ) ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်းတို့တွင် ဝါဆိုသီတင်းသုံးနေခဲ့လေသည်။

သက်တော် (၈၀)နှစ်လည်း ပြည့်ချိန်တွင် သာဝတ္ထိမြို့မှ ဝေသာလီမြို့သို့ ကြွလေသည်။ ဝေသာလီမြို့အနီး မဟာဝုန်တော၊ ကူဋာဂါရသာလကျောင်းတိုက်၌ တရားဒေသနာများဟောကြားတော်မူခဲ့သည်။ ထို့နောက် ဝေဠုဝရွာတွင် (၄၅)ဝါမြောက် နောက်ဆုံး ဝါဆိုလေသည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လဆန်း (၁၄)ရက်နေ့တွင် ပါဝါမြို့သို့ ကြွလေသည်။ ပါဝါမြို့အနီး စုန္ဒ၏ဥယျာဉ်၌ တစ်ညတာ ရပ်နားပြီး နောက်တစ်နေ့ နံနက်တွင် စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးလေ၏။

ထို့နောက် ဝေဠုဝရွာမှ (၉)မိုင်ခန့်ဝေးသော ကုသိနာရုံသို့ ကြွလေသည်။ နောက်တစ်နေ့ ကဆုန်လပြည့်နေ့ နံနက်ပိုင်းတွင် ကုသိနာရုံအင်ကြင်းတော၌ မဟာပရိနိဗ္ဗာန် စံတော်မူလေပြီ။ စာရေးသူသည် အကြောင်းတိုက်ဆိုင်မှုရှိခိုက် ဗုဒ္ဓ၏ ဝါစဉ်အလိုက် ဖြစ်စဉ်အကျဉ်းကို စုစည်း တင်ပြရေးသားခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူသည် နန္ဒိယကျောင်းတော်ရာ (မိဂဒါဝုန်) ဇေတဝန်ကျောင်းတော်ရာ (သာဝတ္ထိ)၊ ပုဗ္ဗာရုံကျောင်းတော်ရာ (သာဝတ္ထိ)၊ နိဂြောဓာရုံကျောင်းတော်ရာ (ကပိလဝတ်) ဝေဠုဝန်ကျောင်းတော်ရာ (ရာဇဂြိုဟ်) ဝါဠုကာရုံကျောင်းတော်ရာ (ကူဋာဂါရသာလ) (ဝေသာလီ)နှင့် ဂိဇ္ဈကုဋ်တောင်တို့ကို ရောက်ရှိ ဖူးမြော်နိုင်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာသည် သေနာနိဂုံးရွာအနီး၊ သုဇာတာ လှူဒါန်းသည့် ဃနာနို့ဆွမ်းကို သုံးဆောင်တော်မူပြီး ရွှေခွက်တိုနေရဉ္စရာမြစ်သို့ မျှောသည့် နေရာအနီးသို့မူ စာရေးသူမရောက်ခဲ့ပါ။ အဝေးမှ လှမ်းမျှော်ကြည့်ရင်းဖြင့်သာ ဖြေသိမ့်ခဲ့ရပါသည်။

***သတ္တသတ္တာဟရဋ္ဌာန စံတော်မူခြင်း***

ဗုဒ္ဓသည် (၇)ရက်စီ (၇)ဌာန၌ (၄၉)ရက် သီတင်းသုံးနေခဲ့သည်ဟု ဖတ်မှတ်ဖူးပါသည်။ ဗုဒ္ဓသီတင်းသုံးခဲ့သောနေရာ(၇)ခုကို တစ်ခုချင်းလှည့်လည် ဖူးမြော်နိုင်သဖြင့် ထူးခြားစွာရရှိသည့် အခွင့်အရေးပေပဲဟု မှတ်ယူမိပါသည်။ ပလ္လင်္ကသတ္တာဟ (ပထမ)ဗောဓိပင်၏ အရှေ့လေးတောင်ခန့် အကွာ၌ အပရာဇိတပလ္လင်ထက်တွင် တင်ပျဉ်ခွေစံတော်မူသည့် (၇)ရက်တိုင်တိုင် ဝိမုတ္တိချမ်းသာကို ခံစားနေခဲ့သည်ဟု ဆိုပါသည်။

အနိမိသသတ္တာဟ (ဒုတိယ) ဗောဓိပင်၏ အရှေ့မြောက်ဘက်မှ ဗောဓိပင်နှင့် ပလ္လင်တော်ကို မမှိတ်မသုန်သော မျက်စိဖြင့် (၇)ရက်တိုင်တိုင် ကြည့်နေခဲ့သည့်နေရာ၊ ရတနာစင်္ကမသတ္တာဟ (တတိယ) ဗောဓိပင်၏ မြောက်ဘက် ဒုတိယ သတ္တာဟအကြား အတောင်ခြောက်ဆယ်ရှည်သော ရတနာစင်္ကြံတွင် (၇)ရက်တိုင်တိုင် ဗုဒ္ဓ စင်္ကြံလျှောက်နေတော်မူခဲ့သည်ဟု ဆိုပါသည်။

ရတနာဃရသတ္တာဟ (စတုတ္ထ)ဗောဓိပင်၏အနောက်မြောက်ဘက် အတောင့်လေးဆယ်ခန့်အကွာ ရတနာရွှေအိမ်၌ အဘိဓမ္မာတရားတော်နှင့် အဘိဓမ္မာ၏ အဆုံးအဖြတ်ဖြစ်သော ပဋ္ဌာန်းတရားတော်ကြီးတို့ကို (၇) ရက်တိုင်တိုင် ဆင်ခြင်တော်မူခဲ့သည်။

အဇပါလသတ္တာဟ (ပဉ္စမ) မဟာဗောဓိစေတီကြီး၏ အရှေ့ဘက် သုံးဆယ့်နှစ်လံခန့်အကွာ အဇပါလမည်သော ဆိတ်ကျောင်းညောင်ပင်ရင်း၌ (၇)ရက်တိုင်တိုင် စံနေတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် မာရ်နတ်မင်းနှင့် တဏှာ၊ အာရတီ၊ ရဂါ ညီရှိ သမီးတော်သုံးယောက်က လာရောက်နှောင့်ယှက် ည်။ မုစ္စလိန္ဒာသတ္တာဟ (ဆဋ္ဌမ) ဗောဓိပင်၏ အရှေ့ ောင်ဘက် ငါးဆယ့်တစ်လံကွာ မုစ္စလိန္ဒာအိုင်အနီး ကျည်း ပင်ကြီးအရင်း၌ စံတော်မူသည်။

ထိုစဉ် အခါမဲ့မိုးကြီး ရွာသဖြင့် မုစ္စလိန္ဒာနဂါးမင်းက ခွေအုပ်မိုးပေးထားသော အခွေထက်တွင် (၇)ရက်တိုင်တိုင် တော်မူခဲ့သည်။ ရာဇာယတနသတ္တာဟ (သတ္တမ) ဗောဓိ င်အနီး တောင်ဘက်အလံလေးဆယ်အကွာ လင်းလွန်းပင်၌ ရက်တိုင်တိုင် စံတော်မူသည်။ ထိုစဉ် ဥက္ကလာဇနပုဒ်မှ ပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်ရောက်လာ၍ ဘုရား ှင်အား ဖူးမြော်ရာ ဘုရားရှင် က သရဏဂုံနှစ်ပါးတည်စေ၍ ဆံတော်များ ချီးမြှင့်တော်မူသည်။

ဤသို့ သတ္တသတ္တာဟ (၇)ဌာနကို စာရေးသူသည် တစ်ချင်း တစ်ခုချင်းစီ အချိန်(၁၀)မိနစ်ခန့်စီပေး၍ လက်ကိုင် စာအုပ်ငယ်ကို ကြည့်ရင်း မိမိ၏ မှတ်တမ်းစာအုပ်တွင် မှတ် တမ်းအတိုချုပ်ရေးရင်း တစ်ယောက်တည်း အလုပ်ရှုပ်နေခဲ့ရ သော်၏။ ဒါပေမဲ့ စာရေးသူ ရင်ထဲမှာ ပျော်နေပါသည်။ စိတ်ညစ်လိုက်တာဟူ၍ ညည်းပင်မညည်းဖူးခဲ့ပါ။

မဟာဗောဓိပင်နှင့် ပလ္လင်တော်တို့၏ အရှေ့ဘက်တွင် ဆုံပုံ နှစ်ထပ်စေတီတော်ကြီးကို ဖူးမြော်ရပါသည်။ ယင်း စ်ထပ်စေတီတော်ကြီးကို ဘီစီ ၃ ရာစုက အသောကမင်းကြီး ည်ခဲ့ပါသည်။ အေဒီ ၇ ရာစုတွင် ပါလမင်းများက ပြန် ည်တည်ဆောက်ခဲ့သည်။ အေဒီ ၁၂ ရာစုတွင် မွတ်စလင် များက ဖျက်ဆီးခဲ့ပြန်ပါသည်။ အေဒီ ၁၄ ရာစုသို့ ရောက် သောအခါ မြန်မာမင်းများက ပြန်လည်ထိန်းသိမ်း ပြုပြင်ခဲ့ သည်ဟု သိရပါသည်။

မှတ်တမ်းအနေဖြင့် မြန်မာသက္ကရာဇ် ၁၂၃၉ တွင် င်းတုန်းမင်းတရားကြီးက ရှုပီး သန်း(၇၀)ဖိုးမျှ လှူဒါန်းပြီး ပြုပြင်ခဲ့သည်ဟု မှတ်တမ်းအရ သိရှိရပါသည်။

ဤမဟာဗောဓိစေတီတော်နှင့် ပရိဝုဏ်မှ မြစ်ရေကြီး ှုကြောင့် ခရစ် ၁၈၁၁ ခုနှစ်အထိ မြေအောက်တွင် မြုပ်နေ ခဲ့သည်ဟု သိရပြီး ၁၈၆၁ ခုနှစ်တွင် အိန္ဒိယရှေးဟောင်း သု တေသနအဖွဲ့မှ ပြန်လည်တူးဖော်ခဲ့သည်ဟု စာရေးသူ၏ လက်ကိုင်စာအုပ်ငယ်တွင် ဖော်ပြထားပါသည်။

စေတီတော်ကြီး၏ အနောက်ဘက်တွင် မဟာဗောဓိ ပင်ရှိပြီး အပင်ခြေရင်း အရှေ့ဘက်တွင် အပရာဇိတပလ္လင် ရှိပါသည်။ ပရိဝုဏ်အတွင်းတွင် ဗောဓိပင်များစွာရှိသော်လည်း ထိုနေရာတွင်ရှိသော ဗောဓိပင်ကြီးသာလျှင် ဗုဒ္ဓ၏ ဖွားဖက် တော် ပရိဘောဂစေတီဖြစ်သည်။ ဗုဒ္ဓပွင့်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၄၀ နှစ်ကျော်ခဲ့ပြီဖြစ်၍ လက်ရှိ ဗောဓိပင်မှာ မူလ ဗောဓိပင်ဖြစ်နိုင်ခြေ နည်းပါးပါသည်။ ထပ်ကာ ထပ်ကာ ပြန်လည်စိုက်ပျိုးကြမည်ဟု ယုံကြည်နိုင်ပါသည်။

သို့ဖြစ်၍ လက်ရှိဗောဓိပင်မှာ ၁၈၇၆ ခုနှစ်၊ လေမုန် တိုင်း ဒဏ်ကြောင့် လဲသွားသော အပင်အစား ပြန်လည် စိုက်ပျိုးထားသော အပင်ဟု အနီးစပ်ဆုံး ကောက်ယူနိုင်ပါ သည်။ မည်သို့ပင်ဖြစ်စေကာမူ မူလဗောဓိပင်၏ အနွယ် ဖြစ်မည်ဆိုခြင်းကိုမူ ယုံကြည်ကြရပေမည်။

ယင်းနောက် သုဇာတာ ယနာနို့ဆွမ်းကပ်ရာနေရာ၊ သောတ္ထိယမြက်ထုံး ရှစ်ထုံး ဆက်ကပ်ရာနေရာ၊ ဥရုဝေလ တောင်နှင့် လိုဏ်ဂူ (ဒုက္ကရစရိယာကျင့်ရာ) မင်းတုန်းမင်းဇရပ် နှင့် ကျောက်စာတိုက်၊ မဟန့်နန်းတော်နှင့် ဂျပန်ဘုရားများသို့ ဆက်လက်လေ့လာပါသည်။ ဖူးမြော်ကြည်ညိုပါသည်။

စာရေးသူမှာ တစ်နေ့မိုင် (၁၅၀) (၂၀၀)ခန့် ကားဖြင့် သွားနေရပါသည်။ ယာဉ်ကြီးဖြစ်၍ ကားပေါ်တွင် အနည်း ဆုံးဘုရားဖူး ပုဂ္ဂိုလ်များ (၃၀)ဦးခန့်အထိ လိုက်ပါလာခဲ့ကြပါ သည်။ ဓာတ်ပုံ နံပါတ်စဉ် (၆)တွင် ဝေသာလီပြည်သို့ ရောက် ခိုက် မိမိကားပေါ်ပါရှိကြသော ဘုရားဖူး (ကျား/မ)များကို တွေ့နိုင်ပါသည်။ စာရေးသူမှာ နောက်တန်းတွင် ရပ်လျက် (မာဖလာ အညိုအကွက်နှင့် လွယ်အိတ်အနီ ညာဘက်ပခုံးမှာ လွယ်လျက်) တွေ့နိုင်ပါသည်။ ဓာတ်ပုံနံပါတ်စဉ် (၇)တွင် စာရေးသူတို့အဖွဲ့ (၆၆)ဦးကိုယ်စား မိမိမှ ရေစက်သွန်းချလျက် ဒေါ်လာငွေများနှင့် မြန်မာကျပ်ငွေ (၆)သိန်းကျော် လှူဒါန်း ခဲ့ခြင်းကို တွေ့မြင်နိုင်ပါသည်။

ဤနေရာတွင် ကြားဖြတ်၍ ဖော်ပြလိုသည်မှာ မကွေး တိုင်း တစ်တိုင်းလုံးမှာမှ တစ်ယောက်တည်း ကျွန်တော် တစ်ဦးတည်းသာ ပါရှိပါသည်။ ကျန်အမျိုးသား အမျိုးသမီး များမှာ ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်းဒေသရှိ မြို့နယ်များမှ ချည်း ဖြစ်ကြပါသည်။

(ကျွန်တော့်ဓာတ်ပုံဆောင်းပါး စာမူတွေ့လျှင် သူတို့ အမှတ်တရ ဝယ်ယူကြမည်ဖြစ်ကြောင်း စာရေးသူအား ကြို တင် ကတိပေးထားကြပါသည်။ ဤကား စကားချပ်)

သည်နေ့တွင်တော့ ဓမ္မစကြာတရားနှင့် အနတ္တ လက္ခဏာသုတ် ဟောကြားရာ မိဂဒါဝုန်သို့ သွားကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခရီးမှာ (၁၅၇)မိုင်ဝေးပါသည်။ လမ်းတွင် ဗာရာဏသီမြို့ကို ဖြတ်သွားရမည် ဖြစ်ပါသည်။ ဗုဒ္ဓသည် ဗောဓိမဏ္ဍိုင်တွင် (၄၉)ရက်သီတင်းသုံးပြီး ပဥ္စဝဂ္ဂီ (၅)ဦးအား တရားဦးဟောရန် မိဂဒါဝုန်သို့ ကြွချီခဲ့သည်ဟု စာရေးသူ ဖတ်မှတ်ဖူးထားပါသည်။ မိဂဒါဝုန်မှာ ဗာရာဏသီမြို့နှင့် (၆)မိုင်ခန့် ဝေးသည်ဟု သိရှိရပါသည်။

ဗာရာဏသီမှာ ဘုရားရှင်လက်ထက်က ကာသိတိုင်း၏ စည်ကားလှသည့် မြို့ကြီးဖြစ်သည်ဟု သိရပါသည်။ ဂင်္ဂါမြစ်ကမ်းတွင်ရှိပြီး စီးပွားရေးဗဟိုဌာနဖြစ်ပြီး စည်ကားသည့် ဆိပ်ကမ်းမြို့ပင်။ ဂင်္ဂါမြစ်ရေကို ချိုးပါက မကောင်းမှု အကုသိုလ်များ ကင်းသည်ဟု ယုံကြည်ကြသဖြင့် ဟိန္ဒူတို့၏ ရေချိုးဆိပ်မှာ ကြီးကျယ်လှပြီး ဟိုလီ ပွဲတော်မှာ အထူးစည်ကားသည်ဟု ဆိုပါသည်။ မိဂဒါဝုန်မြန်မာကျောင်းရှေ့ဝင်းအပြင်တွင် ဒေသထွက် ပစ္စည်းများ ရောင်းချသည့် လက်ဆောင်ပစ္စည်းများ ဈေးတန်းရှိပါသည်။

စာရေးသူလည်း အမှတ်တရ ပစ္စည်းအချို့ ဝယ်ယူမိပါသည်။ မိဂဒါဝုန်တွင် ဓမ္မေခစေတီ (အနတ္တလက္ခဏာသုတ်ဟောရာ)၊ နန္ဒိယကျောင်းတော်ရာ (ဗုဒ္ဓပထမဆုံးဝါဆို) အာသောက ကျောက်တိုင်၊ ဘေးမဲ့သမင်တော၊ ကုမာရဒေဝီ ကျောင်းတော်ရာ၊ ရေချိုးဆိပ်၊ မူလဂန္ဓကုဋီ၊ ပြတိုက်တို့သို့ လှည့်လည်ကြည့်ရှုပါသည်။ ဖူးမြော် ကန်တော့ပါသည်။ အလှူငွေများ သင့်တော်သလို ထည့်ဝင်ပါသည်။

မိဂဒါဝုန်မှ ဗုဒ္ဓအရှင်ကိုယ်တော်မြတ်ကြီး (၂၅)ဝါ ဝါဆိုသီတင်းသုံးနေထိုင်ခဲ့သည့် သာဝတ္ထိမြို့သို့ ခရီးဆက်မည်ဟု ဆိုပါသည်။ ခရီးမှာ (၂၁၇)မိုင် ဝေးပါသည်။

သာဝတ္ထိသို့ မရောက်မီ လမ်းခရီးတွင် သရဘူမြစ်ကမ်းရှိ အယုဒ္ဓယမြို့ကို ဖြတ်ရပါသည်။ ဇေတဝန်ကျောင်းတော်ရာ အာနန္ဒာဗောဓိပင်၊ ရှင်သီဝလိကျောင်းတော်၊ သရက်ဖြူကုန်းတိုသို့ ရောက်ပါသည်။ သရက်ဖြူကုန်းမှာ (တာဝတိံသာအနီး ဗုဒ္ဓအရှင်တက်ရာဌာန) ဖြစ်ပါသည်။ ပုဗ္ဗာရုံ ကျောင်းတော်ရာ၊ ကောသလနန်းတော်ရာ၊ စိဥ္စမာန မြေမြိုရာနေရာ၊ ဒေဝဒတ်မြေမြိုရာနေရာ တို့ကို ရောက်ရှိ မှတ်သားရပါသည်။

ရင်မှာ ကြီးစွာတုန်လှုပ်ခြင်း ဝေဒနာကို ခံစားရပါသည်။ မိမိနှလုံးသားမှာ ခံစားမှုနှင့် စပ်နွယ်လာလျှင် ထိလွယ်ရှလွယ် ခံစားလွယ်ပါသည်။

သာဝတ္ထိမှ လုမ္ဗိနီသို့ (၁၃၉)မိုင်ဝေးပါသည်။ လုမ္ဗိနီမှာ နီပေါနိုင်ငံတွင်ရှိ၍ နိုင်ငံကူးလက်မှတ်ကိစ္စများကြောင့် ကြာတတ်ပါသည်ဟုဆိုပါသည်။ ရင်ထဲမှာ ကျိတ်၍ဆုတောင်းနေမိပါသည်။ အိန္ဒိယနယ်စပ် နောင်တန်ဝါးမြို့ကလေးကို ဖြတ်၊ နီပေါနယ်စပ်မြို့ကလေး ဆိုနော်လီမြို့ကို ကျော်ပြီးသောအခါ စာရေးသူတို့အဖွဲ့ ယာယီတည်းခိုမည့် လုမ္ဗိနီမြန်မာကျောင်းတော်ကြီးသို့ ရောက်ကြရပါပြီ။ နီပေါနိုင်ငံရှိ အကြီးမားဆုံး ကျောင်းတော်ကြီးပင်။

လုမ္ဗိနီမှာ အိန္ဒိယနယ်စပ်နှင့် (၆)မိုင် ကွာဝေးပါသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ကပိလဝတ်ပြည်နှင့် ယသော်ဓရာ၏ ဖခင် အဥ္စနမင်းကြီး၏ ဒေဝဒဟပြည်တို့ အကြားမှာ ရှိသည်။ လုမ္ဗိနီမှ ကပိလဝတ်သို့ (၁၀)မိုင်ဝေးပြီး ဒေဝဒဟသည် (၁၂)မိုင်ဝေးပါသည်။ မယ်တော်မာယာသည် ကပိလဝတ်မှ ဒေဝဒဟသို့အသွား လုမ္ဗိနီအင်ကြင်းတောသို့ အရောက်တွင် မြတ်ဗုဒ္ဓအလောင်းတော်အား မွေးဖွားခဲ့ပါသည်။

တိတိကျကျ ဆိုပါမည်။ ဘီစီ ၆၂၃ ခုနှစ်၊ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ ဖြစ်ပါသည်။

ဗုဒ္ဓဖွားမြင်ရာ အချက်အချာနေရာတွင် ခြေတော်ရာ ကျောက်ပြားရှိနေပါသည်။ ဗုဒ္ဓလောင်းလျာသည် မြောက်ဘက်သို့ ခြေလှမ်း ခုနစ်လှမ်း လှမ်းခဲ့ပြီးနောက် “ငါသည် လောက၌ အမြတ်ဆုံး၊ ငါသည် လောက၌ အကြီးဆုံး၊ ငါသည် လောက၌ အထူးကဲဆုံး” ဟူ၍ ကြွေးကြော်ခဲ့သည့် နေရာအဖြစ် စေတီငယ် အုတ်ခုံ (၇)ခု ရှိနေပါသည်။

(၁၅)ပေခန့် အမြင့်ရှိသည့် အသောက ကျောက်တိုင်ကိုလည်း တွေ့ရပါသည်။ တောင်ဘက်တွင် မယ်တော်မာယာနှင့် ဗုဒ္ဓအလောင်းတော်တို့ ရေသန့်စင်သည့် ရေကန်တော်ကိုလည်း တွေ့ခဲ့ရပါသည်။

ဗုဒ္ဓဖွားရာ ဌာနဗိမာန်အတွင်းတွင် ခြေတော်ရာရှိပါသည်။ ဘုရားဖူးများအလှည့်ကျ တန်းစီပြီး ဝင်ကြရပါသည်။ ထိုင်လျက် ဘုရားရှိခိုးရန် နေရာခြေအနေမပေးပါ။ ဗိမာန်၏ ပြင်ပ အသောကကျောက်တိုင်အနီးမှာသာ ဘုရားရှိခိုးနိုင်ပါသည်။ တရားထိုင်နိုင်ပါသည်။

ဗုဒ္ဓငယ်နုစဉ်က နေထိုင်ခဲ့သော ကပိလဝတ်မြို့မှာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။ သကျ (သာကီဝင်) တို့၏ မြို့တော်လည်းဖြစ်သည်။ ဗုဒ္ဓ၏ ရှေးဘိုးဘေးကာလများက ကပိလရသေ့က နေရာတည်ခဲ့၍ ကပိလဝတ္ထု (ကပိလဝတ်) ဟု တွင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စေတဂ်ရ အရှင်ကောဏ္ဍညှ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ သုပ္ပဝါသ (ရှင်သီဝလိ၏မိခင်)တို့ မွေးဖွားရာ ဇာတိမြို့လည်း ဖြစ်ပါသည်။ ဗုဒ္ဓမွေးဖွားရာဇာတိ လုမ္ဗိနီမှ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံသို့ ခရီးဆက်ရပါဦးမည်။ (၈၇)မိုင်သာဝေး၍ နေ့တစ်ခရီးသာ ဖြစ်ပါသည်။

ဤခရီးစဉ်သည် သံဝေဂတရားဖြင့် ဝမ်းနည်းဖွယ်အတိပြီးသည့် ခရီးစဉ်ဖြစ်သည်ဟု ဆိုရပါမည်။ ခရီးစဉ်တစ်လျှောက် ဗုဒ္ဓ၏ နောက်ဆုံးကာလကို တွေးကြည့်ပါကနှမြောတသ ကြေကွဲရခြင်းအတိသာ ဖြစ်ရပါသည်။ ခံစားချက်ပြင်းရင် ပြင်းထန်သလို ရင်ကိုထိရှစေမည်သာ အမှန်ဖြစ်သည်ဟု ဆိုလိုချင်ပါသည်။ ဆိုလိုပါသည်။

### ဗုဒ္ဓ၏ ပရိနိဗ္ဗာန်စံပျော်ဝင်ရာ နောက်ဆုံးခရီး

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိ၌ (၂၄)ဝါတိုင်တိုင်၊ သီတင်းသုံးပြီးနောက် (၄၅)ဝါမြောက် ဝါဆိုရန် ဝေသာလီသို့ ကြွခဲ့သည်။ ဝေသာလီတွင် အမ္ဗပါလီ၏ သရက်ဥယျာဉ်၌ သီတင်းသုံးပါသည်။ ထိုမှ ပါဝါပြည် ဝေဠုဝရွာငယ်သို့ ရောက်ပြီးဝါဆိုရပါသည်။ ဝေဠုဝရွာတွင် သီတင်းသုံးနေစဉ် သွေးဆင်းသော ဝေဒနာ စတင်ပေါ်ခဲ့လေပြီ။

သို့သော် ဗုဒ္ဓသည် ပရိသတ်လေးပါးတို့အား ပရိယတ္တိ၊ ပဋိပတ္တိများ သင်ကြားပြသဖို့ ရှိနေသေးသည်။ သိထိုက်ထွတ်ထိုက်သူများကို ဟောပြောဆုံးမရဦးမည် ဖြစ်၍ နောက်ဆုံး (၁၀)လကို အရဟတ္တဖလသမာပတ်ဖြင့်ထိန်း၍ တရားဒေသနာ ဟောပြောခြင်း၊ ဆွမ်းခံခြင်း၊ ဆွမ်းဘုဉ်းပေးခြင်းတို့ကို ကောင်းစွာပြုရပေသည်။

အခါတွင်မူ အရှင်အာနန္ဒာအားခေါ်၍ စာပါလစေတီသို့ ကြွချီသည်။ နှစ်ပါးတည်းရှိစဉ် ဗုဒ္ဓက အာနန္ဒာအား -

"ငါဘုရားမှာ သက်တော်ကြီး၍ ယိုင်လဲလေပြီ၊ အရဟတ္တ ဖလသမာပတ်ဖြင့် ထိန်းနေရကြောင်း၊ ယခု ဣဒ္ဓိပါဒ်လေးပါး ပွားများပြီး အသက်နဲ့ခန္ဓာ ထိန်းထားရကြောင်း၊ အာယုပါလက ဖလသမာပတ်ဖြင့် နေချင်သပဆိုက သက်တမ်းစေ့ထက် ကျော်လွန်၍ (အနှစ် ၁၀၀-၁၂၀) အထိ နေနိုင်ကြောင်း" ကို အရိပ်အမြွက် ပြောကြားလေသည်။ အရှင်အာနန္ဒာမူကား နှုတ်ဆိတ်နေရသည်။

ထိုစဉ် မာရ်နတ်က "အရှင်ဘုရားသည် ၄၄ ဝါကာလတော်လုံး ပရိသတ်လေးပါး (ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ)တို့အား ဟောကြားဆုံးမခဲ့ပြီးဖြစ်၍ ပရိသတ်လေးပါးတို့မှာ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတရားတို့ကို တတ်သိနားလည်ကျင့်ကြံနိုင်ပြီ ဖြစ်၍ ဘုရားသာသနာလည်း ထွန်းကားနေပါပြီ၊ ပရိနိဗ္ဗာန်စံသင့်ပါပြီ" ဟု လျှောက်၏။

ဗုဒ္ဓက မာရ်နတ်အား နောင်သုံးလကြာလျှင် အာယုသင်္ခါရ လွှတ်မည်ဟု မိန့်ကြားလေသည်။

ထို စာပါလစေတီအနီးတွင် မြတ်ဗုဒ္ဓက "ငါတရားမှန်သမျှကို စွန့်လွှတ်ကြောင်း၊ ဘဝကို ထပ်ကာ ထပ်ကာ ဖြစ်စေတတ်သော သင်္ခါရတရားတို့ကို ဖျက်ဆီးလိုက်ပြီ ဖြစ်ကြောင်း" ဥဒါန်းကျူးရင့်ပါသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် တုန်လှုပ်မြည်ဟည်းလေ၏။ မနီးမဝေးတွင်ရှိနေသော အရှင်အာနန္ဒာကမူ မြေကြီးတုန်လှုပ်မှုကို အံ့ဩခြင်းဖြစ်လျက် မြတ်စွာဘုရားအား မေးမြန်းလေရာ အာယုသင်္ခါရ စွန့်လွှတ်ကြောင်း သိတော်မူသည်။

ထိုအချိန်တွင် ရှင်အာနန္ဒာက သတ္တဝါတို့ အကျိုးငှာ သက်တမ်းရှည်နေရန် ဗုဒ္ဓအားတောင်းပန်လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက "ဗုဒ္ဓတို့ မည်သည် ဝန်ခံဆုံးဖြတ်ပြီးဖြစ်၍ ပြင်ရန် မဖြစ်နိုင်ကြောင်း" ဆုံးမလေသည်။ ထို့နောက် မြတ်ဗုဒ္ဓသည် မဟာဝုန်တောရှိ ကူဋာဂါရ ကျောင်းတော်သို့ ကြွလေသည်။

အရှင်အာနန္ဒာက တပည့်သံဃာတော်တို့အား စုဝေးစေသည်။ သာဝက သံဃာများစုံလေသော် ဗုဒ္ဓက "ငါဘုရားသည် နောက် သုံးလအကြာ၌ အာယုသင်္ခါရ လွှတ်တော်မူမည်" ဟု မိန့်ကြားလေသည်။ တပည့်သံဃာတော်တို့လည်း ငိုကြွေးကြကုန်၏။

ယင်းနောက် မြတ်ဗုဒ္ဓသည် တစ်ရွာပြီး တစ်ရွာ ဆက်ကာ ဆက်ကာ လှည့်လည်၍ တရားဒေသနာပေါင်းများစွာ ဟောကြားခဲ့ပြီးသော် နောက်ဆုံး ပါဝါမြို့သို့ ရောက်လေ၏။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့ ညနေတွင် ပါဝါမြို့ရှိ ရွှေပန်းထိမ်သည် စုန္ဒ၏ ဥယျာဉ်သို့ ရောက်၍ တစ်ညတာနားနေတော်မူသည်။

နောက်မိုးသောက် ကဆုန်လပြည့်နေ့တွင် စုန္ဒကပ်သည့် ဆွမ်းကို ဘုဉ်းပေးပါ သည်။ ဆွမ်းတွင် ဝက်ပျို့သားဟင်းလည်း ပါလေရာ ဗုဒ္ဓက ဆင်ခြင်မိသဖြင့် ဝက်ပျို့သားဟင်းကို မည်သူကိုမျှ စားရန် ခွင့်မပြုဘဲ ကျင်းတူးပြီး မြေမြှုပ်စေသည်။

ဗုဒ္ဓသည် ဆွမ်းစားပြီး တရားဟောပါသည်။ ယင်းနောက် (၉)မိုင်ခန့်ဝေးသော ကုသိနာရုံသို့ ခြေကျင်ကြွလေသည်။ မကြာမီမှာပင် ဝမ်းတော်လား၍ သွေးသွန်ပါသည်။ ကဆုန်လ မွန်းတည့်ချိန်တွင် (၉)မိုင်ခန့်ဝေးသော ခရီးကို





www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာခံစားလျက် ကြွသွားနေသည်။ နားလိုက် ဆက်၍ သွားလိုက်ခဲ့ရာမှ ညနေစောင်းတွင် မလ္လာမင်းတို့၏ အင်ကြင်းရဂုံ ကုသိနာရုံသို့ ဝင်လေ၏။

အရှင်အာနန္ဒာအား အင်ကြင်းပင်အကြား ညောင်စောင်းကို ခင်းစေ၏။ ထိုညောင်စောင်းတွင် မြတ်ဗုဒ္ဓသည် လက်ယာနံပါးဖြင့်လှဲ၍ လျောင်းစက်ပါသည်။ထိုစဉ် အင်ကြင်းပန်းနှင့် ပန်းမျိုးစုံတို့သည် အချိန်အခါမဟုတ် ပွင့်ကြကုန်၏။

အရှင်အနုရုဒ္ဓါ ဆရာဇီဝကတို့က စောင့်ရှောက်နေ၏။ အရှင်အာနန္ဒာမှုကား ဝတ်ကြီးဝတ်ငယ် ပြုစုနေ၏။ နတ်၊ ဗြဟ္မာတို့သည်လည်း လာရောက် ပူဇော်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက. . .

"အာနန္ဒာ၊ နတ်ဗြဟ္မာတို့သည် ဤသို့ ရုပ်ဝတ္ထုပစ္စည်းဖြင့် ပူဇော်ကာမျှဖြင့် ငါဘုရားကို မြတ်နိုးသည် မမည်သေး၊ အကြင် ဥပါသကာ၊ ဥပါသိကာတို့သည် လည်းကောင်း၊ ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမတို့သည် လည်းကောင်း ငါဟောကြားသောတရားနှင့်အညီ နေထိုင်ကျင့်ကြံပါမှ ထိုသူတို့သာလျှင် ငါဘုရားကို မြတ်နိုးပူဇော်ကြသည်မည်၏" ဟု မိန့်ကြားလေသည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံမည်ကို သိသဖြင့် တပည့်ရဟန်းတို့သည် အားငယ်စွာ ငိုကြွေးကြကုန်၏။ ထိုအခါ ဘုရားရှင်က. .

"အာနန္ဒာ၊ ငါ၏ တပည့် ရဟန်းသံဃာတို့သည် ငါ ပရိနိဗ္ဗာန်စံဝင်သောအခါ ငါမရှိပြီ၊ ငါလွန်ပြီဟု ထင်မှတ်ကြပေလိမ့်မည်၊ ထိုသို့ မမှတ်စေသင့်၊ ငါဟောကြားခဲ့သော တရားများသည် သင်တို့၏ဆရာ ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါလွန်သောအခါ ငါရှိသည်ဟုသာ ကောင်းစွာ မှတ်အပ်၏" ဟု မိန့်ကြားလေ၏။

ထိုအခါ အာနန္ဒာက -

"အရှင်ဘုရား၊ ဘုရားရှင်ရှိစဉ်က နှစ်စဉ် သီတင်းဝါလကျွတ်သည့်အခါတွင် အနယ်နယ် အရပ်ရပ်မှ မထေရ်ကြီးများ၊ ပရိသတ်များက ဗုဒ္ဓရှိရာသို့ လာရောက်ကြည်ညိုဖူးမြော်ကြပါကုန်၏၊ ထိုသို့ မထေရ်ကြီးများ လာရောက်ကြသဖြင့် တပည့်တော်တို့ ဖူးခွင့်ရကြပါ၏၊ တရားမေးမြန်း ဆွေးနွေးခွင့်ရကြပါ၏၊ ဝတ်ကြီး ဝတ်ငယ်ပြုစုခွင့်ရသဖြင့် ကုသိုလ်ရကြပါ၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးသောအခါတွင် ဘုရားရှင်မရှိတော့၍ ထို မထေရ်ကြီးများ ကြွလာကြတော့မည်မဟုတ်တော့ပါဘုရား၊ သို့ဖြစ်၍ တပည့်တော်တို့လည်း ဖူးမြော်ခွင့် ဆွေးနွေးခွင့်၊ ပြုစုခွင့် ရကြတော့မည်မဟုတ်တော့ပါဘုရား" ဟု လျှောက်ထားလေရာ ဘုရားရှင်က သံဝေဇနီယသုတ္တန်ကို ဟောကြားတော်မူပါသည်။

"ညီဘွားအာနန္ဒာ၊ ဤဌာန၌ မြတ်စွာဘုရားဖွားမြင်တော်မူ၏ ဟူ၍ ကြံစည် အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ အဖို့ ဖူးမြော်ထိုက်သော ကုသိုလ်ရ၍ သံဝေဂပွားနိုင်သည့် သံဝေဇနီယဌာန ဖြစ်၏"

"ညီဘွား အာနန္ဒာ၊ ဤဌာန၌ မြတ်စွာဘုရားသည် အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိတော်မူ၏ဟူ၍ ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အဖို့ ဖူးမြော်ထိုက်သော ကုသိုလ်ရ၍ သံဝေဂပွားနိုင်သည့် သံဝေဇနီယဌာန ဖြစ်၏"

"ညီဘွားအာနန္ဒာ၊ ဤဌာန၌ မြတ်စွာဘုရားသည် ခန္ဓာ အကြွင်းမရှိသော ငြိမ်းချမ်းခြင်းသဘော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူ၏ ဟူ၍ ကြံစည် အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အဖို့ ဖူးမြော်ထိုက်သော ကုသိုလ်ရနိုင်၍ သံဝေဂပွားနိုင်သည့် သံဝေဇနီယဌာန ဖြစ်၏"

"ညီဘွားအာနန္ဒာ၊ ဤလေးဌာနဖြစ်သော ဗုဒ္ဓဖွားမြင်ရာ ဇာတဌာန၊ ဘုရားပွင့်ရာဗောဓိဌာန၊ တရားဦးဟောရာ ဓမ္မစက္ကဌာန၊ ပရိနိဗ္ဗာန်ပြုရာ ပရိနိဗ္ဗာန်ဌာနများသို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ (ဒါယကာ)၊ ဥပါသိကာ (ဒါယိကာမ)တို့သည် လာရောက်ဖူးမြော်ကြလိမ့်မည်၊ ကြည်ညိုစိတ်ရှိကုန်သော ထိုသူတို့သည် နောက်ကာလ၌ ကောင်းရာ သုဂတိသို့ ရောက်ရှိကြလိမ့်မည်" ဟု မိန့်ကြားလေသည်။

မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံဝင်နီးကာလတွင်ပင် နောက်ဆုံးချွတ်ချရန် ကျန်သည့် သုဘဒ္ဒပရိဗိုဇ် အား တရားပြဟောကြား၍ အရဟတ္တဖိုလ်ဝင်စားခဲ့သည်။ ထို့နောက် ကဆုန်လပြည့် မိုးသောက်ယံအရုဏ်မတက်မီတွင် ဗုဒ္ဓက "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" (ပါဠိမှ မြန်မာဘာသာသို့ စကားပြေပြန်)

"ရဟန်းတို့၊ ပင်ပန်းလေစွတကား၊ သင်္ခါရ တရားတို့သည် ဖောက်ပြန် ပျက်စီးတတ်သော သဘောရှိကုန်၏၊ သင်တို့သည် မမေ့မလျော့ဘဲ ကျင့်ကြံအားထုတ်နေကြကုန်လော့" ဟု မိန့်ကြားခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓသည် နောက်ဆုံး ဩဝါဒမိန့်တော်မူပြီးသော် နိရောဓသမာပတ် ဝင်စားလေ၏။ အရှက်တက်ချိန်တွင် ဗုဒ္ဓဘုရားရှင်သည် ဝိပါက်ကမ္မဇရုပ်၊ အကြွင်းမရှိသော အနုပါဒိသေသ ပရိနိဗ္ဗာန် စံဝင်တော်မူလေသည်။

***ကုသိနာရုံ (ပရိနိဗ္ဗာန်စံရာ သံဝေဇနီယဌာန)***

ကုသိနာရုံသည် ဘုရားရှင်လက်ထက်က မလ္လာတိုင်း ဖြစ်ပြီး ယခု ဥတ္တရာပရာဒေ့ရှ် (ယူပီ) ပြည်နယ် ဒေဝါရီယာ ခရိုင်ရှိ ကုသိနာဂါရ် (Kushimagar)ခေါ် ရွာငယ်ကလေး ဖြစ်သည်။ ဤနေရာကား ဗုဒ္ဓ ပရိနိဗ္ဗာန်စံရာ သံဝေဇနီယဌာန တစ်ခုဖြစ်သည်။ ဗုဒ္ဓက. . .

"ညီဘွား အာနန္ဒာ၊ ဤဌာန၌ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော ငြိမ်းချမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူ၏ဟူ၍ ကြဲစည် အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်း သား၊ အမျိုးကောင်းသမီးတို့အဖို့ ဖူးမြော်ထိုက်သော ကုသိုလ် ရ၍ သံဝေဂပွားနိုင်သည့် သံဝေဇနီယဌာနဖြစ်၏" မိန့်ကြား လေ၏။

ပရဝုဏ်အတွင်း ဗုဒ္ဓပရိနိဗ္ဗာန်စံရာ နေရာတည့်တည့် တွင် ဆောက်လုပ်ထားသည့် မဟာပရိနိဗ္ဗာနစေတီ ရှိပါသည်။ ဟရိဗလဆွာမိ၏ ကောင်းမှုဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ ဟင်္သာတမြို့မှ ဦးဘိုးကျူးက ပြုပြင်ခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်ဟု ဆိုပါသည်။

ငလျင်လှုပ်၍ ပြိုကျပျက်စီးခဲ့သဖြင့် ဌာပနာပစ္စည်းများ ကို ဆရာတော် ဘဒ္ဒန္တစန္ဒိမဏိက ထိန်းသိမ်းထားခဲ့ပြီး အိန္ဒိယ ကျောက်စာဌာနက ပြန်လည်ပြုပြင်ခဲ့သည်ဟု ဆိုသည်။

တန်ဆောင်းအတွင်း ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်နေပုံ လျောင်း တော်မူရုပ်တုကြီးရှိပါသည်။ ရဟန်းတော် ဟရိဗလဆွာမိက လှူဒါန်းပြီး မထုရာမြို့သား ဒိနမှ ထုလုပ်ခဲ့သည်။ ရုပ်တု တော်မှာ ညိုးလျှသော မျက်နှာတော်၊ ဖူးကြွနေသော ပါးတော် နှင့် ခြေတော်အစုံနှင့် နွမ်းရိပင်ပန်းနေသော ကိုယ်နေဟန် ပေါ်လွင်လျက်ရှိသည်။

မြေသားဆင်းတုတော်ဖြစ်ပြီး ဦးသျှောင်မှ ခြေဖဝါးထိ ပေ ၂၀၊ ပခုံးတော်အကျယ် ၅ပေ ၆လက်မ ရှိသည်။ မြောက် အရပ်သို့ ဦးခေါင်းပြုလျက် အနောက်ဘက်သို့ မျက်နှာမူကာ လက်ယာခြေပေါ်တွင် လက်ဝဲခြေထောက်ကို အနည်းငယ် ထွဲ၍ လဲလျောင်းနေပုံဖြစ်သည်။

ပလ္လင်တော် ၂၄ပေ ၉လက်မရှည်ပြီး၊ အမြင့် ၂ပေ ၁လက်မ ရှိသည်။ ပလ္လင်၏ ရှေ့မျက်နှာစာတွင် သမားတော် ဇီဝကပုံ၊ ရှင်အာနန္ဒာပုံ၊ သုဘဒ္ဒပရိဗိုဇ်ပုံများ ထုလုပ်ထားပါ သည်။

ရုပ်ပွားတော်အား ခေါင်းရင်းဘက်မှ ဖူးပါက ပြုံးနေ ဟန်၊ မျက်နှာတော်တည့်တည့်မှ ဖူးပါက ကျိန်းစက်နေဟန်နှင့် ခြေရင်းဘက်မှ ဖူးပါက ဝေဒနာခံစားနေဟန်တို့ကို တွေ့မြင် နိုင်ပါသည်။

ရုပ်ပွားတော်ရှေ့တွင် ဘုရားဝတ်ပြုနေစဉ် ဗုဒ္ဓမြတ်စွာ ဘုရား ပရိနိဗ္ဗာန်ပြုအံ့ဆဲဆဲ အနီး၌ စောင့်ကြည့်နေရသည့် အလား ခံစားရပါသည်။ မိမိ၏ရှေ့တွင် ဘုရားရှင် လဲလျောင်း နေဟန်ဖြစ်၍ စာရေးသူစိတ်ကို ထိန်းသော်လည်း ရင်ထဲမှာ ဆို့တက်လာပြီး မျက်ရည်ကျခဲ့မိပါသည်။

(ယခု ဘည်ဆောင်းပါးစာပိုဒ်ကို ရေးနေရင်း ပုံတော် ကို ကြည့်၍ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလျက် ခံစားနေပါသည်။)

***ရာဇဂြိုဟ်***

ဗုဒ္ဓမပွင့်မီကပင် ဇရာသန္ဓမင်း တည်ခဲ့သည်ဟု ဆိုပါ သည်။ ဗုဒ္ဓသက်ရှိထင်ရှားရှိစဉ် ဗိမ္ဗိသာရနှင့် အဇာတသတ် မင်းအထိ ထင်ရှားခဲ့သည့် မာဂဓနိုင်ငံမြို့တော် ဖြစ်ခဲ့သည်။ ယခုအခါတွင် ရာဂျ်ဂီးရာ ဟုခေါ်သည်။ နာလန္ဒာမြို့နှင့် (၇)မိုင်သာဝေး၍ ဂယာမြို့နှင့်မူ မိုင်(၆၀) ဝေးပါသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ရန် လာစဉ် ဗိမ္ဗိသာရမင်းက နန်းစည်းစိမ်တစ်ဝက်ပေး၍ တော မထွက်ရန် တားဆီးခဲ့သေးသည်။ သို့သော် မရခဲ့ပါ။ အကယ် ၍ ဘုရားဖြစ်ပါက ရာဇဂြိုဟ်သို့ ကြွရန် ကတိတောင်းခဲ့သည်။

ဗုဒ္ဓသည် ဘုရားဖြစ်ပြီး မိဂဒါဝုန်တွင် ပထမဝါဆိုပြီး ရာဇဂြိုဟ်သို့ကြွပြီး ဒုတိယဝါဆိုပါသည်။ ဗိမ္ဗိသာရမင်းက ဝေဠုဝန်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းသည်။ ဗုဒ္ဓ သည် ယင်းကျောင်းတော်ကြီးတွင် (၂, ၃, ၄, ၁၁, ၁၇, ၂၀) မြောက်ဝါများတွင် (၆)ကြိမ်တိုင်တိုင် ဝါဆိုသီတင်းသုံးခဲ့သည်။ ဝေဘာရ၊ ဝေပုလ္လ၊ ပဏ္ဍဝ၊ ဂိဇ္ဈကုဋ်၊ ဣသိဂီလိတောင်များက ရာဇ ဂြိုဟ်မြို့အား ဝိုင်းရံထားပါသည်။

ဗိမ္ဗိသာရမင်းကြီး စိုးစံခဲ့သောမြို့ ဖြစ်သည်။ သားတော် အဇာတသတ်က ဖခင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးကို အကျဉ်း ချသတ်ခဲ့သဖြင့် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်သည် ဗုဒ္ဓသမိုင်းစဉ်တွင် ဝေဠုဝန်ကျောင်းတော်၊ ဗိမ္ဗိသာရ မင်းကြီး၊ အဇာတသတ်မင်း၊ ပထမသင်္ဂါယနာတင်သည့်နေရာ၊ ပထမအကြိမ် သံဃာ့အစည်းအဝေးကြီး၊ ဩဝါဒ ပါတိမောက်ဟောရာနေရာများ ဖြစ်ခြင်းကြောင့် ထင်ရှားပါသည်။

ဘုရားရှင်က အရှင်ဥပတိဿအား ဓမ္မသေနာပတိ သာရိပုတ္တရာဘွဲ့ပေး၍ လက်ယာရံ အဂ္ဂသာဝက အရာထားလျက် ပညာဧတဒဂ်ဘွဲ့ ချီးမြှင့်ခဲ့သည်။ အရှင်ကောလိတအား ရှင်မဟာမောဂ္ဂလာန် ဘွဲ့ပေး၍ လက်ဝဲရံ အဂ္ဂသာဝက အရာထားလျက် တန်ခိုးဧတဒဂ်ကို ချီးမြှင့်ခဲ့သည်။

ရှင်မဟာမောဂ္ဂလာန်သည် ရှေးအတိတ်ကံဝဋ်ဆင်းရဲမှ မလွတ်နိုင်၍ လူဆိုးတို့၏ တိုက်ခိုက်ခြင်းခံရကာ ပရိနိဗ္ဗာန်စံခဲ့ရသည့် ရဟန္တာပင်ဖြစ်သည်။ သို့သော် ရဟန္တာပင်ဖြစ်စေကာမူ သံသရာဝဋ်ဆင်းရဲမှုမှ မလွတ်ကင်းနိုင်ပုံကို သက်သေပြရာ ဖြစ်ခဲ့ပါသည်။

အဇာတသတ်မင်း၏ ခံတပ်မြို့သစ်ကိုလည်း တွေ့ခဲ့ရသည်။ ကျောက်မြို့ရိုးဖြစ်ပြီး အမြင့် ၁၈ပေခန့်မြင့်ပြီး (၃)မိုင်ခန့် ရှည်လျားခဲ့သည်ဟု ဆိုပါသည်။

နန်းသစ်နှင့် ရေပူစမ်းအကြားတွင် ဝေဠုဝန် ကျောင်းတော်ရာ ရှိနေပါသည်။ ဗိမ္ဗိသာရမင်း ဆောက်လုပ်လှူဒါန်းပြီး ဗုဒ္ဓဘုရား (၆)ဝါတိတိ သီတင်းသုံးခဲ့ပါသည်။ ကျောင်းအတွင်း ကာလန္ဒက ရေကန်ကြီး ရှိနေပါသည်။

ဝေဠုဝန်ကျောင်း၏ တောင်ဘက်တွင် ဟိန္ဒူများ ရေချိုးသည့် ရေပူစမ်းရှိသည်။ ဝေဘာရတောင်မှ စီးထွက်လာသည်ဟု ဆိုပါသည်။

ဟိန္ဒူများ၏ ဇာတ်ခွဲခြားမှုစနစ်ကြောင့် ဇာတ်နိမ့်၊ ဇာတ်လတ်၊ ဇာတ်မြင့်ဟူ၍ ရေချိုးဆိပ်သုံးဆင့်ကို တွေ့ခဲ့ရသည်။ ထိုရေကို ချိုးပါက ရောဂါများ ပျောက်ကင်းသည်ဟု ဆိုကြ၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ရေချိုးနေသူများကို စာရေးသူ တွေ့ခဲ့ရပါသည်။ တော်တော်လေးစည်ကားနေပါသည်။ စာရေးသူကတော့ ရေမချိုးဖြစ်ခဲ့ပါ။ ဆက်တိုက်ခရီးသွားနေရ၍ ဖြစ်ပါသည်။

ရေပူစမ်းမှ အထက်ယာဘက်တွင် ဂူတစ်ခုရှိနေသည်။ ရှင်မဟာကဿပ သီတင်းသုံးရာဂူဟု ဆိုကြပါသည်။ ပိပ္ပလိဂူမှ အထက်သို့ ဆက်တက်သွားလျှင် ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိ (စရည်းပင်ပေါက်ရာ) လိုဏ်ဂူကို တွေ့ခဲ့ရပါသည်။ ဂူထဲဝင်ကြည့်၍ ရပါသည်။ သို့သော် စာရေးသူ မဝင်ခဲ့တော့ပါ။ ဂူပေါ် အနည်းငယ်တက်၍ ကြည့်ခဲ့ပါသေးသည်။ ဗိမ္ဗိသာရမင်း၏ ဘဏ္ဍာတိုက် ဟုဆိုသော ဝေဘာရတောင်၏ တောင်ဘက်ခြေရင်းတွင် ရှိနေပါသည်။ ကျောက်တောင်ကို ထွင်းထားပြီး ဝင်ပေါက်တစ်ခုနှင့် ပြတင်းတစ်ခု ရှိနေသည်။ စာရေးသူဝင်၍ မကြည့်တော့ပါ။ ဗိမ္ဗိသာရ အကျဉ်းထောင်ကိုလည်း လေ့လာခဲ့ရပါသည်။ မင်းကြီး အကျဉ်းကျသည့်နေရာမှာ ချိုင့်သဖွယ် တူးထားပါသည်။ ယခင် တူးစဉ်က မင်းကြီးကို ခတ်သည့် ခြေထိတ်ကို တွေ့ရသည်ဟု ဆိုကြပါသည်။

ဂိဇ္ဈကုဋ်တောင်ထိပ်သို့ အရောက် တက်ခဲ့ပါသည်။ လက်ယာဘက်တွင် ဂူငယ်တစ်ခု ရှိနေသည်။ ဗုဒ္ဓဘုရား ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေစဉ်က ရှင်အာနန္ဒာသီတင်းသုံးသည့် အာနန္ဒာဂူဖြစ်သည်ဟု သိရှိခဲ့ရပါသည်။

ရတနာဂီရိတောင်ထိပ်တွင်ရှိသည့် ဂျပန်ဘုန်းတော်ကြီး အရှင်နီချိဖူဂျီတည်ထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ (ဝိရှ္ဝသျှန္တိစေတီ)သို့လည်း တက်ရောက်ဖူးမြော်ခဲ့ပါသည်။ တောင်ထိပ်အရောက် ထိုင်ခုံ စက်လှေကားဖြင့် တက်ရပါသည်။ စက်လှေကားမှာ အတက်တစ်ဖက်၊ အဆင်းတစ်ဖက် ပတ်လည်ဆင်းတက်နေပါသည်။

ကောင်းကင်ကြိုးတွင် ထိုင်ခုံကို ချိတ်ထားပါသည်။ ကြိုးလှုပ်လျှင် ယိမ်းနွဲ့သဖြင့် အသည်းယားဖွယ်ကောင်းပါသည်။ တရိပ်ရိပ်တက်နေစဉ် ရင်ခုန်ဖွယ်ကောင်းလှပါသည်။ အောက်သို့ ကြည့်ပါက ချောက်ကြီးဖြစ်၍ ထိတ်လန့်ဖွယ်ပင်ဖြစ်ပါသည်။

တောင်ထိပ်ရောက်ပါက မြန်မြန်ခုန်ဆင်းရပါသည်။ စာရေးသူကတော့ ကြောက်လန့်နေဖို့ တွေးချိန်ပင်မရခဲ့ပါ။ ရောက်ဖူးရမည်၊ တက်စီးရဲရမည်ဆိုသည့် စိတ်၏ အားပေးမှုကြောင့်ပင် ဖြစ်ပါသည်။ ပါးစပ်ကတော့ သမ္ဗုဒ္ဓေကို ရွတ်ဆိုနေခဲ့ဖြစ်ပါသည်။ တောင်ထိပ်သို့ ရောက်သောအခါ ဂိဇ္ဈကုဋ်တောင်ကျောင်းတော်ရာနှင့် ရာဇဂြိုဟ်မြို့သစ်ကို အပေါ်စီးမှ ကောင်းကောင်းမြင်တွေ့နိုင်ပါသည်။

ရာဇဂြိုဟ်တွင် ဝေဠုဝန်ကျောင်းတော်ရာ၊ ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူတော်၊ ရှင်မဟာကဿပလိုဏ်ဂူ၊ ရေပူစမ်း၊ ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ ဝိရှ္ဝသျှန္တိစေတီ၊ မြတ်စွာဘုရားကျောင်းတော်ရာ၊ ဗိမ္ဗိသာရအကျဉ်းထောင်၊ ဓာတ်တော်တိုက်၊ ဆွန်ဘဏ္ဍာတိုက်၊ ဇီဝကသရက်ဥယျာဉ်ကျောက်လှည်းဘီးရာများကို တဒုံ့တဒြ ကြည့်ရှုလေ့လာခဲ့





www.burmeseclassic.com

www.burmeseclassic.com

ကာမြဲကြည်ညိုဦးတိုက်ရခြင်းတို့ဖြင့် မိမိစိတ်မှာ လွတ်လပ်၍ ပေါ့ပါးနေသည်ဟု ခံစားနေမိရပါသည်။

အသက်ကတော့ မငယ်တော့ပါ။ (၆၈)နှစ်ရောက်လု အချိန်ဖြစ်ပါသည်။ ယခု ဆောင်းပါးရေးနေချိန်မှာတော့ စာရေးသူ၏ အသက်မှာ (၇၀)နှစ်ပင် တင်းတင်းပြည့်ခဲ့ပါပြီ။

**သင်္ဂါယနာတင်ပွဲများ**

ထေရဝါဒဗုဒ္ဓဘာသာသမိုင်းတွင် သင်္ဂါယနာတင်ပွဲများ (၆)ကြိမ်သာ ကျင်းပရပါသေးသည်။

၁။ ပထမသင်္ဂါယနာ

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ (ဘီစီ-၄၈၃)၊ ရာဇဂြိုဟ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူ၊ ရဟန္တာ (၅၀၀)နှင့် အဇာတသတ်မင်း၊ အရှင်မဟာကဿပ ဦးဆောင်။

၂။ ဒုတိယသင်္ဂါယနာ

သာသနာနှစ် (၁၀၀)၊ (ဘီစီ-၄၄၃) ဝေသာလီပြည် ဝါဠုကာရာမကျောင်းတိုက်၊ ရဟန္တာ (၇၀၀) ကာလာသောကမင်း၊ အရှင်ယသ ဦးဆောင်၊ အရှင်သဗ္ဗကာမီပါဝင်။

၃။ တတိယသင်္ဂါယနာ

သာသနာနှစ် (၂၃၅)၊ (ဘီစီ-၃၀၈) ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်းတော်၊ ရဟန်းတော် (၁၀၀၀)၊ အသောကမင်း အရှင်တိဿ ဦးဆောင်၊ အရှင်မဇ္ဈန္တိကပါဝင်။

၄။ စတုတ္ထသင်္ဂါယနာ

သာသနာနှစ် (၄၅၀)၊ (ဘီစီ-၉၄)၊ သီရိလင်္ကာနိုင်ငံ အာလောက လိုဏ်ဂူတော်၊ ရဟန်းတော် (၅၀၀)၊ ဝဋ္ဋဂါမဏီမင်း အရှင်မဟာဓမ္မရက္ခိတဦးဆောင်

၅။ ပဉ္စမသင်္ဂါယနာ

သာသနာနှစ် (၂၄၁၄)၊ ခရစ်နှစ် ၁၈၇၁၊ မြန်မာနိုင်ငံ ရတနာပုံနေပြည်တော် (မန္တလေး)၊ ရဟန်းတော် (၂၄၀၀)၊ မင်းတုန်းမင်း၊ အရှင်ဇာဂရာဘိဝံသ၊ အရှင် နရိန္ဒာဘိဓဇ ဦးဆောင်

၆။ ဆဋ္ဌမသင်္ဂါယနာ

သာသနာနှစ် (၂၄၉၈)၊ ခရစ်နှစ် (၁၉၅၄)၊ မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မဟာပါသာဏလိုဏ်ဂူ၊ ရဟန်းတော် (၂၅၀၀)၊ ဝန်ကြီးချုပ်ဦးနု၊ ဘဒ္ဒန္တရေဝတ (ညောင်ရမ်း)၊ ဦးသောဘဏ (မဟာစည်)၊ ဦးဝိစိတ္တသာရာဘိဝံသ (မင်းကွန်း)

စာတိုင် (၁) (၂) (၃) ကျင်းပရာနေရာများသို့ စာရေးသူ ရောက်ရှိခဲ့ပါသည်။

စာတိုင် (၅) (၆) ကျင်းပရာနေရာများသို့ စာရေးသူ ရောက်ရှိခဲ့ပါသည်။

စာတိုင် (၄) ကျင်းပရာနေရာသို့ စာရေးသူ ရောက်ရှိခြင်း (မရှိ)သေးပါ။

**နိဂုံးချုပ်ပါပြီ**

စာရေးသူသည် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ကို (၁၅)ရက်ခရီးအတွင်း တစ်ရက်မှပင် အနားမယူခဲ့ဘဲ ဆက်တိုက်ခရီးသွားနေခဲ့ပါသည်။ နေ့ရော ညပါ အချိန်ပြည့် ကားခရီးစဉ်များကို စီး၍ အိန္ဒိယနိုင်ငံမှ နီပေါနိုင်ငံသို့အရောက် ခရီးဆက်လက်သွားခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ စာများတောက်လျှောက် နှစ်ပေါင်း (၅၂)နီးပါးရေးနေသည့် (ရေးဆဲလည်းဖြစ်သည့်) စာရေးဆရာတစ်ဦးပီပီ စာဖတ် ပရိသတ်ကြီးအား ကိုယ်တွေ့ အတွေ့အကြုံများ တင်ပြလိုသည်ဖြစ်၍ ဆောင်းပါးများ အတော်လေးရှည်သွားခဲ့ပါသည်။

သို့သော် သမိုင်းဆိုင်ရာ အချက်အလက်များ မကျန်ရစ်ရလေအောင် ထောင့်စေ့ ဘက်စုံ ပါရှိနိုင်အောင် တကယ်ပဲ ကြိုးပမ်းအားထုတ်ရေးဖွဲ့ခဲ့ပါသည်။

တချို့နေရာများ၏ ဓာတ်ပုံများ ဖော်ပြပေးရန် ကျန်ရစ်ခဲ့မည် ထင်ပါသည်။ ကျွန်တော့် ကင်မရာ၏ ချို့ယွင်းချက်ကြောင့်ပင် ဖြစ်ပါ၏။

သာမန်ဘုရားဖူးအဆင့်သွား၍ ရေးသော ဆောင်းပါးမဟုတ်ဘဲ မိမိကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး ဗုဒ္ဓဂယာနှင့် ဆက်စပ်နှီးနွှယ်သမျှသော အကြောင်းအရာများ ပါရှိရလေအောင် ကြိုးပမ်းအားထုတ် ရေးဖွဲ့ထားသည့် ဗုဒ္ဓဆောင်းပါးရှည်တစ်ပုဒ် ဖြစ်ကြောင်း ဝန်ခံရင်း နိဂုံးချုပ်လိုက်ရပါသတည်း။

ထေရဝါဒ ဗုဒ္ဓဘာသာ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်နေရမည်။


**မောင်လွမ်းနွယ်(အောင်လံ)**

❑



www.burmeseclassic.com

www.burmeseclassic.com



လွယ်မယ်ဘုရားကြီး



လည်းပိုးကျောင်းမှ နှာသီးချိုးရုပ်ပွားတော်




ရွှာင်စုမှ နှာသီးချိုးရုပ်ပွားတော်




www.burmeseclassic.com

www.burmeseclassic.com




မျက်နှာတော်အချိုး အသေးစိတ်..




ဘုရားတစ်ဆူ၏ အသေးစိတ်အချိုးများ

# မြန်မာမှုဗိသုကာ လက်ရာမြောက် ဗုဒ္ဓရုပ်ပွားတော်များ

**ဗေဒသုတေသီဆရာမျိုး**

ကျွန်ုပ်သည် တစ်နေ့သ၌ အောင်ပန်းမြို့သို့ ရောက်ရှိစဉ် ရေးဖော်ရေးဖက်တစ်ဦးလည်းဖြစ်၊ စာဖတ်ပရိသတ်တစ်ဦးလည်းဖြစ်သူ ကျော်မော်လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဇော်ဝင်းမောင် (ကလောမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး)မှ လှည်းရိုးရပ်နေ မြန်မာဗိသုကာပညာရှင် ကိုစိုးမိုးနှင့် မိတ်ဆက်ပေးပါလေ၏။ ကိုစိုးမိုးမှ မြန်မာမှုဗိသုကာ လက်ရာစစ်စစ်ဖြစ်သော ဘုရားတစ်ဆူကို အချိုးကျစကေးကိုက် တည်ဆောက်ပုံစနစ်အား လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားပေးခဲ့ပါလေ၏။

"ကျွန်တော့်အဖေရဲ့ မျိုးရိုးကတော့ သီပေါမင်းလက်ထက်တော်က ရွှေနန်းတွင်း ပန်းပုပညာရှင် မျိုးရိုးပါပဲ၊ ကျွန်တော့်အဖေ ဦးလှတူရဲ့ အဘိုးက ဦးလှသာတဲ့ မြန်မာမှုဗိသုကာပညာရှင်ကြီးပေါ့။ ပန်းပုလောက ခေတ်ပြိုင်ဆရာကြီးများကတော့ ဦးလှသာ၊ ဦးဘခင်၊ ဆရာစိုင် ဆိုတဲ့ ဆရာကြီးသုံးဦးပါ၊ ကျွန်တော့်ရဲ့ အဘေးတော်တဲ့ အဘိုးဦးလှသာရဲ့ အဖေကလည်း ပအိုဝ်မြန်မာ ဗိသုကာပညာရှင်တစ်ဦးပါ၊ ကလော နှီးဘုရား ပလ္လင်ထုတဲ့ သစ်သားပန်းပုပညာရှင် ဦးအောင်မြင့်ကလည်း ကျွန်တော့်ဦးလေးပါ၊ အမေဘက်ကတော့ တောင်သူမျိုးရိုးပါပဲ။

ကျွန်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာ ဘုရားသခင်ဟာ သာမန်လူသားအဖြစ်ကနေပြီးတော့ ပွင့်ထွန်းပေါ်ပေါက်တော်မူတာဖြစ်တဲ့အတွက် သာမန်လူသားတွေရဲ့ အရွယ်အစား အချိုး



www.burmeseclassic.com

www.burmeseclassic.com

အဆစ်အတိုင်း တည်ရှိရပါမယ်၊ လူတိုင်း လူတိုင်းဟာ မိမိရဲ့ လက်ဖနောင့်ကနေ လက်ချောင်းထိပ်ဆုံး အကွာအဝေးဟာ ခြေဖနောင့်ကနေ ခြေသန်းထိပ် အကွာအဝေးနဲ့ ညီမျှပါတယ်၊ လက်ဝါးနှစ်ဖက်နဲ့ မျက်နှာပြင်ကို အုပ်လို့ရှိရင် မျက်နှာတစ်ပြင်လုံး အုပ်မိပါတယ်၊ မိမိရဲ့ မျက်ခုံး၊ နှုတ်ခမ်း၊ နဖူးပြင်တို့ရဲ့ အကျယ်အဝန်းဟာလည်း မိမိရဲ့ လက်လေးသစ် အကျယ်အဝန်းနဲ့ ညီမျှပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာ ဘုရားရှင်နဲ့ အချိုးတော်တွေဟာလည်း ဒီပုံစံအတိုင်း ရှိနေရပါမယ်"

ဘုရားရုပ်ပွားတော် တစ်ဆူကို အစ အဆုံး အသေးစိတ် တည်ဆောက်နိုင်ရန်အတွက် -

၁။ သစ်သားမှန်သမျှကို ဆေးတက်နှင့်ထွင်း၍ ရုပ်လုံးဖော်ရခြင်းတည်းဟူသော ပန်းပုပညာ

ဤပညာရပ်တွင် (က)ရုပ်ထု ထုသော ပန်းပုပညာ (ခ) ကနုတ်ပန်းထုသော ပန်းပုပညာ (ဂ) တိရစ္ဆာန်ထုသော ပန်းပုပညာ ဟူ၍ ပညာရပ်သုံးပိုင်း ထပ်မံကွဲပြားပြီးလျှင် တိရစ္ဆာန်ထုသော ပန်းပုပညာတွင် ဗုဒ္ဓဝင်တိရစ္ဆာန်နှင့် သဘာဝတိရစ္ဆာန်ဟူ၍ ထပ်မံကွဲပြားပါသည်။ အထက်ပါ ပန်းပုပညာတွင် အမာထည်ပညာရပ်နှင့် အပျော့ထည်ပညာရပ်ဟူ၍ ထပ်မံခွဲခြားနိုင်ပါသည်။

၂။ အချိုးအစားများကို သင်္ချာနည်းအရ တွက်ချက်ခြင်းဟူသော ဗိသုကာပညာ

ဤပညာရပ်တွင် (က) သဘာဝရဲ့ အနေအထားကို ခန့်မှန်းခြင်းအပိုင်း (ခ) ထူးဆန်းနက်နဲ ခက်ခဲသော အဆောက်အအုံရုပ်တုတို့ကို ခန့်မှန်းအပိုင်း ဟူ၍ နှစ်ပိုင်းကွဲပြားသည်။ တစ်နည်းအားဖြင့် ဗိသုကာဟူသော ဝေါဟာရသည် အတတ်ပညာတစ်ရပ်ကို ကျွမ်းကျင်နိုင်နင်းခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

၃။ ကျောက်ဆစ်ပညာတည်းဟူသော ပန်းတမော့ပညာ

၄။ အဝီတေကို တနုတ်ပန်းထိုးခြင်းတည်းဟူသော ပန်းဧတာ့ပညာ

၅။ စစ်စေးနှင့် သားတောင်များ၏အရိုးကို ပြာချ၍ သရိုးကိုင်ခြင်းတည်းဟူသော ပန်းယွန်းပညာ

၆။ ပုံစံချခြင်း၊ ဆေးခြယ်ခြင်း၊ သရုပ်ဖော်ရေးဆွဲခြင်းတည်းဟူသော ပန်းချီပညာ

အစရှိရှပထသော အတတ်ပညာ (၆)မျိုး ပေါင်းစပ်ပါဝင်ရပေသည်။

ကိုစိုးမိုးသည် ပန်းပုပညာရပ်မှ သစ်သားကနုတ်ပန်း၊ သုံးထပ်ပန်း၊ သစ်သားရုပ်ပွားတော် ထုလုပ်သည့် နေရာတွင် ကျွမ်းကျင်ခြင်း၊ ပန်းတော့ပညာရပ်မှ ရှေးနည်းအတိုင်း သံဆုံထဲတွင် သရိုးကို ထောင်းထု၍ အင်္ဂတေကနုတ်သရိုးပန်းနှင့် ရုပ်ပွားတော်များကို ထွင်းထုနိုင်သကဲ့သို့ မိုးကောင်းပြီး ထွင်းထုနိုင်သော အတတ်ပညာတွင် ကျွမ်းကျင်ခြင်း၊ ပန်းယွန်းပညာရပ်မှ စစ်စေးသုတ်၍ ရွှေချခြင်း၊ နှီးပညာတွင် နှီးချောကလေးများကို အကြောပြားလေးချည်း ထိုးသော ပညာရပ်နှင့် ဝါး၏ အကာသားပါသော နန်းဆွဲပြီး အလုံးထိုးသော ပညာရပ်ဟူ၍ နှစ်မျိုးရှိသည့်အနက် အကြောပြားထိုး ပညာရပ်တွင် ကျွမ်းကျင်ခြင်း၊ ပန်းချီပညာရပ်မှ အောက်လိုင်း အချိုးကျစကေးတွင် ဘုရား၊ ရဟန္တာ၊ နတ်နှင့် ကနုတ်စကေး ကျွမ်းကျင်ခြင်း အစရှိသော အဆင့်လေးဆင့်အား တစ်ဦးတည်း အစ အဆုံး စွမ်းဆောင်နိုင်ပေသော ရှားပါးဗိသုကာပညာရှင်တစ်ဦး ဖြစ်ပေသည်။ ခေတ်သစ်သိပ္ပံပညာရပ်ကို အသုံးမချဘဲ မြန်မာမှုအနုပညာစစ်စစ်ကို အမွေဆက်ခံ ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်ပေသည်။

ဘုရားတစ်ဆူကို စကေးကိုက် အချိုးကျတည်ဆောက်ရာတွင် ပုံစံတော်သည် ပျော့ပျောင်းညင်သာစွာဖြင့် ဝိပဿနာထိုင်ဟန် ဖြစ်ရမည်။

**ဒူးခွင်ကျယ်သည့် စံပြအချိုးဖြစ်သည်၊**

ဒူးခွင်ကို နမူနာထား၍ (က) နှာသီးချိုး (ခ) မျက်မှောင်ချိုး (ဂ) ခွင်တူပြက်တူချိုး ဟူ၍ ရှေးဆရာကြီးများမှ ဖော်ထုတ်ခဲ့သည်။

(က) နှာသီးချိုး

ဒူးခွင်အကျယ်သည် ပလ္လင်စမွခဏ်ထိပ်မှ နှာခေါင်းထိပ်အထိ အချိုးညီရမည်။ နမူနာပုံစံသည် မဟာသွဲ့သာရ ပုံတော်ဖြစ်ပြီး မင်းသူကြွယ် ကိုးကွယ်သောဘုရား ဟူ၍ သုံးသပ်သ[illegible]။

(ခ) မျ[illegible]မှောင်ချိုး

ဒူးခွင်အကျယ်အချိုးနှင့် ပလ္လင်စမွခဏ်ထိပ်မှ မျက်ခုံးနှစ်ခုကြား မျက်မှောင်ထိပ်အထိ အချိုးညီရမည်။ မျက်မှောင်ချိုးသည် အမရပူရခေတ်လယ်လောက်မှစ၍ ယနေ့ခေတ်အထိ ပညာရှင်ကြီးများသာ အများဆုံး ထုလုပ်သည်ကို တွေ့ရသည်။ ရသေ့ကြီးဦးခန္တီ တည်ထားခဲ့သော ဘုရားများသည် မျက်မှောင်ချိုး ဖြစ်သည်။ သူဌေးသူကြွယ် ကိုးကွယ်သောဟန်ဟူ၍ ရှေးပညာရှိကြီးများ အဆိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

(ဓ) ခွင်တူဖြက်တူချိုး

ဒူးခွင်အကျယ်အချိုးနှင့် ပလ္လင်စမ္ဗခဏ်ထိပ်မှ ဆံတော်ထိပ်အထိ အချိုးညီရမည်။ နမူနာပုံစံသည် ဇလွန်ပြည်တော်မြန်ဘုရား ပုံတော်ဖြစ်ပြီး လူ၊ နတ်၊ သိကြား၊ ဗြဟ္မာ ကိုးကွယ်သောဟန် ဖြစ်ပေသည်။

(ဆ) အထက်ပါ အချိုးသုံးချိုးမှ ကင်းလွတ်သောဟန်သည် ဆင်းရဲသားကိုးကွယ်ဟန် ဖြစ်သည်ဟု ပညာရှင်များက ဆိုမိန့်ကြသည်။

ဘုရားတစ်ဆူ၏ အသေးစိတ်အချိုးများ

ပင်မမျဉ်းကြိုး လေးကြိုး ညီအောင် တည်ရမည်။

(၁) ရှေ့ခြမ်းဗဟိုကြိုး - နဖူးထိပ် နှာခေါင်းအလယ်တည့်တည့်မှ စမ္ဗခဏ်သို့ဆင်းသော ကြိုး။

(၂) နောက်ခြမ်းဗဟိုကြိုး - နောက်စေ့အလယ်တည့်တည့်မှ ခါးလည်ရိုးကိုဖြတ်၍ စမ္ဗခဏ်သို့ဆင်းသော ကြိုး။

(၃) ဘယ်ခြမ်းဒေါင်းမျဉ်းကြိုးနှင့် ညာခြမ်းဒေါင်းမျဉ်းကြိုး - နားရင်း ပါးချိတ်တည့်တည့်မှ လက်တံတောင်ကွေးထိပ်ကို ဖြတ်၍ စမ္ဗခဏ်သို့ဆင်းသော ကြိုး။

၅+၆

မျက်နှာတော်တွင် နားရွက်တော်အရင်းမှ နားထင်စပ်နှင့် ပါးပြင်ပေါ် ဖြတ်သန်း၍ ဘယ်ညာမျဉ်းနှစ်ကြောင်း။

စံပြစကေး (ကက၊ ခခ၊ ၅၊ ၆)

မျက်နှာတော် အလျား၊ အနံသည် စတုရန်းချိုး ဖြစ်ရမည်။ (ဆံတော် မပါ)။ ၎င်းစတုရန်းချိုးအတိုင်း ကိုယ်လုံးတော်၏ ပင်မဗဟိုကြိုးထဲမှ ဝဲယာအလျားလိုက် နှစ်ကွက်စီအညီဆွဲရမည်။

(A.B.C.D) ထိုအချိုးအတိုင်း အောက်ခြေ စမ္ဗခဏ်အထိ အနံလိုက် သုံးပိုင်းခွဲရမည်။ (E.F,G,H,I,J,K,L) ထပ်မံ၍ အနုစိတ်ပိုင်းလိုက် သုံးပိုင်းခွဲရမည်။

ထပ်မံ၍ အနုစိတ်ပိုင်းခြားခြင်း

ထိုမှတစ်ဖန် ကိုယ်လုံးတော်ထောင့်စွန်းနှစ်ဖက်တွင်ရှိသော စတုရန်းကွက်များကို တစ်ဝက် ထပ်မံပိုင်းရမည်။ ဗုဒ္ဓ၏ လက်မောင်းတော်သည် အတွင်းတစ်ဝက်စည်းအတွင်း အတိုက်ဖြစ်ရမည်။ အပြင်တစ်ဝက်စည်းသည် ဗုဒ္ဓ၏ဒူးတော်အဝန်းထိပ် အတွင်းသားကို ဖြတ်သန်းသည်။ ဒူးတော်အဝန်းသည် မျဉ်း၏ အပြင်ဘက်တွင် လခြမ်းကွေးသဏ္ဍာန် ကျန်ရှိသည်။

မျက်နှာတော် စံပြစကေးအတိုင်း သင်းကျစ်ဆံစမှာ အထက်ရောင်လျှံတော် မကိုဋ်ထိပ်အထိ စတုရန်းတစ်ချိုးရှိသည်။ (ဂဂ) မျက်နှာတော်စတုရန်းကွက် အောက်ဘက်တွင် နှုတ်ခမ်းတော်နှင့် မေးစေ့ထိပ်အကွာအဝေး၏ အလယ်ဗဟိုမှ ရေညီမျဉ်းတစ်ကြောင်း ဆွဲပါ။ (ဃဃ)

အထက်ဘက်တွင် ဥဏ္ဏလုံမွေရှင်တော်နေရာလောက်တွင် ရေညီမျဉ်းတစ်ကြောင်း ဆွဲပါ။ (ငင) အဆိုပါ ရေညီမျဉ်းနှစ်ကြောင်းအတွင်း၌ အချိုးညီသုံးပိုင်း ထပ်စိတ်ရမည်။

ထိုအခါ တစ်ပိုင်းသော မျဉ်းကြောင်းသည် နှာသီးအထက်မှ ဖြတ်သန်းသွားပြီးလျှင် (စစ) ကျန်တစ်ပိုင်းသော မျဉ်းကြောင်းသည် မျက်ခုံးအပေါ် တည့်တည့်မှ ဖြတ်သန်းသည်။ (ဆဆ)

၎င်းအချိုး အကွာအဝေးအတိုင်း အထက်ဥဏ္ဏလုံ ရေညီမျဉ်းမှ အထက်ဆံတော်ဘက်သို့ မျဉ်းတစ်ကြောင်း ထပ်ဆွဲပါ။ အဆိုပါ မျဉ်း၏ အောက်ဘက်အခြမ်းသည် မြတ်စွာဘုရား၏ ဦးခေါင်းတော် အဆုံးနေရာအဖြစ် တည်ရှိ၍ အထက်ဘက်အခြမ်းသည် ဆံထုံးတော်အဆုံးနေရာ ဖြစ်ရမည်။ (ဇဇ)

ထိုအထက်မူလစတုရန်းမျဉ်း အနားသတ်ရှိသော အကွက်အတွင်း၌ မကုဋ်တည်ရှိမည် ဖြစ်သည်။ အချိုးညီသုံးပိုင်းတွင် အလယ်ပိုင်းဖြစ်သော (စစ) နှာသီးအထက်မှ မျက်ခုံးပေါ် အထိ အပိုင်း (ဆဆ)အား ထပ်မံ၍ ခေါက်ချိုးမျဉ်း ရေးဆွဲပါ။ (ဈဈ)

ထိုခေါက်ချိုးညီမျဉ်း (ဈဈ)မှ တစ်ဖန် ယခင်အချိုး မျက်ခုံးအထိမျဉ်း (ဆဆ)၏ ကြားအကွာအဝေးကို ထပ်ဆင့် ခေါက်ချိုးမျဉ်းတစ်ကြောင်း ထပ်ဆွဲပါ။ (ညည) ထို့နောက် အောက်အကွက်၏ အတွင်းပိုင်း၌ မျက်သားတော်နှင့် မျက်လုံးတော်ကို ရေးဆွဲရပေမည်။

မျက်နှာတော် စတုရန်းချိုး၏ အောက်တွင် သုံးနားညီ အချိုးအတိုင်းတစ်ချိုးထပ်ချ၍ အဆိုပါအပိုင်းသည် လည်ပင်းတော် အရစ်သုံးရစ်ဝင်သော အပိုင်းဖြစ်ပေသည်။ (ဋဋ)

“ဒီလို အချိုးတူ စကေးတူတွေကို အသေးစိတ်ဖန်တီးထားနိုင်ခြင်းအားဖြင့် နှစ်ကာလရှည်ကြာလို့ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးချို့ယွင်းသွားသော်လည်း ကျန်ရှိနေတဲ့ အစိတ်အပိုင်းကလေး တစ်ခုခုကို တွေ့ရှိတာနဲ့ မြင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရား၏ ရုပ်ပွားတော်တစ်ဆူလုံးကို အစအဆုံး မူလလက်ရာအတိုင်း ပြန်လည်တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်"

ထို့နောက် ကိုစိုးမိုးမှ စာရေးသူအား မျက်နှာတော်အချိုး အသေးစိတ်ကို ထပ်မံပြသပေးပါသည်။

မျက်နှာတော်အချိုး အသေးစိတ်

◆ ပင်မဗဟိုဘောမျဉ်းနှင့် စတုရန်းအလယ်မျဉ်းတို့၏ အကြားတွင် နားရွက်တော်အချိုးကျ တည်ရှိရမည်။

◆ ဉဏ္ဏာလုံနေရာမှ အချိုးညီသုံးပိုင်း ဒုတိယမျဉ်း (စစ) ပေါ်သို့ ဘယ်ညာမျဉ်းစောင်းဆွဲခြင်းဖြင့် နှစ်နားညီတြိဂံ ဖြစ်အောင် ဖန်တီးပါ။ (M,N)

◆ ၎င်းနှစ်နားညီတြိဂံ အချိုးအတိုင်း အချိုးညီသုံးပိုင်း ပထမမျဉ်း (ဆဆ)မှ အောက်သို့ နှစ်နားညီတြိဂံပုံ နောက်ထပ်ဖန်တီးပါ။ (O,P)

◆ ပထမမျဉ်းနှင့် ဒုတိယမျဉ်းအတွင်း တြိဂံနှစ်ခု ဖြတ်သန်းသွားသော ဘယ်ညာဆုံမှတ်သည် မျက်လုံး၏အစွန် ဖြစ်ရမည်။ အောက်ဘက်သို့ ကျသွားသော နှစ်နားညီတြိဂံ ထိပ်စွန်းသည် ပင်မအလယ်ဗဟိုကြိုး (၁)ပေါ်တွင် ဆုံမိသည်။ ထိုဆုံမှတ်တွင် မရပ်ဘဲ နှစ်နားညီမျဉ်း နှစ်ကြောင်းကို အချိုးသုံးပိုင်း၏ အောက်ဆုံးမျဉ်း (ဃဃ)ပေါ် ရောက်အောင် ဆွဲချပါ။ ထိုမှတစ်ဆင့် အောက်ဆုံးမျဉ်းပေါ်ရောက်သော ဆုံမှတ် နှစ်နေရာမှ ဉဏ္ဏာလုံအမှတ်ပေါ်သို့ နောက်ထပ် နှစ်နားညီ ထောင့်ကျဉ်းတြိဂံတစ်ခု ထပ်ဆွဲပါ။ (Q,R)

◆ ထိုအခါ အသီးသီးသော ဆုံမှတ်များ၏ အတွင်း၌ မျက်လုံးတော်၊ နှာခေါင်းတော်၊ ပါးစပ်တော်တို့သည် ဆုံမှတ်မျဉ်းများအပြင်ကို မကျော်လွန်စေဘဲ ကွက်တိရေးဆွဲနိုင်ရမည် ဖြစ်ပေသည်။

◆ နားရွက်တော်သည် အချိုးညီသုံးပိုင်း၏ ဒုတိယပိုင်းနှင့် တတိယပိုင်း အတွင်း၌ အောက်ခြေနားဖျားတော်သည် အတိရှိနေရမည်ဖြစ်ပြီး အထက်နားရင်းတော်သည် မျဉ်းကိုကျော်လွန်၍ အတန်ငယ်မြင့်ရမည်။

## အခန်း (၂)

### တိုးကားစာအုပ်စာတမ်း မှတ်တမ်းများ၏ ဖွင့်ဆိုချက်

၁။ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ မန်ကျည်းပင်ရွာကျောင်းတိုက် ဘဒ္ဒန္တမေဓာဝီ စီရင်တော်မူသော 'စေတီယပကာသနီကျမ်း' ဘုရားဆင်းတု ထုနည်းအခန်း (စာမျက်နှာ ၄၂၅-၄၆၆)

မျက်မှောင်တော်သည် လဆန်းငါးရက်နေ့ လကဲ့သို့ ရှိစေ၊ တိတိဝန်းဝန်း မချွန်းသောမေးတော်လည်း ရှိစေ၊ မေးတော်သည် နားရင်းသို့တိုင်အောင် လဆန်း ၁၅ ရက် လကဲ့သို့ တိတိဖြိုးဖြိုး ရှိစေရမည်။ လည်တော်ကသည် ရင်ရစ်ရင်တိုင်အောင် ခြင်္သေ့မင်း၏ ရင်ပုံကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ပေါင်တော် နှစ်ဖက်လည်း ဖြောင့်စင်းမရှိစေနှင့်၊ ဖြိုးဖြိုးရှိစေရမည်။ လက်မောင်းတော် နှစ်ဖက်လည်း လက်ကောက်ဝက်တိုင်အောင် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလုံးဖြိုးဖြိုးရှိစေရမည်။ ပခုံးတော်နှစ်ဖက်သည် ရွှေလိပ်ခုံးကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။

၂။ 'သုခမှတ်စု'၊ ဒဂုန်ဦးထွန်းမြင့်၊ နောက်ဆက်တွဲအခန်း လက္ခဏာ ၈၀ (စာမျက်နှာ ၃၂၄-၃၂၅)

အကြားမထင် စေ့စပ်သော ခြေချောင်း၊ လက်ချောင်း၊ လုံးလျောင်းချောမွေ့သော ခြေချောင်း၊ လက်ချောင်း၊ ပြေပြစ်ကောင်းမွန်သော ဖမျက်၊ တိတိညီညီရှိသော ခြေထက်ဝန်းကျင်လုံးချောသော ပုဆစ် ဒူးဝန်း၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းချောပြေသော ပေါင်၊ လက်ရုံး ရှိုင်းသင့်ရာ၌ ရှိုင်း၍ ဖြိုးသင့်ရာ၌ ဖြိုး၊ အမျိုးမျိုးတင့်တယ်သော ရှုချင်ဖွယ်ကောင်းသော ကိုယ်၊ နီးမြန်းသော နှုတ်ခမ်း၊ ပြည့်ဖြိုးဖောင်းကြွသော ပါးပြင်၊ ဝါထယ်ခံ့ညားသော မျက်လုံး၊ တင့်တယ်နုထွား ရှည်လျားသပ္ပာယ် ပြန့်ကျယ်သော နားရွက်၊ ဖုထစ်မရှိ ပကတိချောမွေ့သော ဦးခေါင်း၊ အပြင်ညီသော ဦးခေါင်း၊ ရွှေပြားအလား နံလျားကျယ်ပြန့်သော နဖူးသင့်ကျစ်၊ သုံးရက်လကွေး သက်တန့်ရေးဟ တင့်တယ်စွာသော မျက်ခုံး၊ ပိတုန်းကောင်ကဲ့သို့ ညိုမောင်းမည်းနက်သော ဆံပင်၊ လက်ယာရစ်ခွေ ဦး[illegible]ပွေ့၌ တည်နေသော ဆံပင်။

၃။ အရှင်ဇနကာဘိဝံသ၏ 'ရတနာ့ဂုဏ်ရည်'၊ လက္ခဏာတော်ကြီး ဘုရားရှိခိုးအခန်း (စာမျက်နှာ ၃၅၇ မှ ၄၀၇)

ဇနောင့်တော်ရှည်ပုံ = ပါဏာတိပါတကို ပြုသူတို့သည် ချောင်း၍ သူတစ်ပါးကို သတ်သောအခါ ခြေသံကြားမည်စိုးသောကြောင့် ခြေဖျားထောက်၍ သွားရတတ်၏။ ထိုသို့ ခြေဖျားထောက်သောအခါ ခြေတို့သည် ကောက်၍သော်လည်း နေတတ်၏





www.burmeseclassic.com

www.burmeseclassic.com

- ဖနောင့် တို၍သော်လည်း နေတတ်၏။ ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် ထိုကဲ့သို့ ခြေဖျားထောက်၍ သွားလျက် သူတစ်ပါးကို မသတ်ခဲ့ကြောင်း ထင်ရှားအောင် ခြေဖနောင့်တော်သည် ရှည်တော်မူ၏။

လက်ချောင်းများရှည်သွယ်ပုံ = ပါဏာတိပါတကိုပြုသောအခါ လက်နက်ကို ဆုပ်ကိုင်ရ၏။ ထိုသို့ဆုပ်ကိုင်ရသဖြင့် လက်ချောင်းတို့သည် တိုသကဲ့သို့ ဖြစ်ကုန်၏။ ဗုဒ္ဓမြတ်စွာ အလောင်းတော်က ထိုကဲ့သို့ လက်နက်ကိုဆုပ်ကိုင်၍ မသတ်ခဲ့ကြောင်း ထင်ရှားအောင် လက်ချောင်းတို့သည် အများလူတို့၏ လက်ချောင်းတို့ထက် ရှည်လည်းရှည်၍ အရင်းမှအဖျားတိုင်အောင် သွယ်လည်းသွယ်တော်မူသည်။

ဖြောင့်မတ်သောကိုယ်တော်ရှိပုံ = ပါဏာတိပါတ ပြုဖို့ရန်သွားသောအခါ သူတစ်ပါး မြင်မည်စိုးသောကြောင့် ကိုယ်ကိုမတ်မတ်မထားဘဲ ပုအောင် နိမ့်အောင်လုပ်၍ ကောက်လျက်ကွေးလျက် သွားရ၏။ ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် ထိုကဲ့သို့ ပုအောင် နိမ့်အောင် လုပ်၍ မသွားခဲ့ရကြောင်း ထင်ရှားဖို့ရာ ကိုယ်အရပ်တော်သည် ကောက်ကွေး၍မနေဘဲ ဖြဟွမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်ဖြောင့်စင်းစင်း မားမားမတ်မတ် ထောင်ထောင်မောင်းမောင်း ရှိတော်မူ၏။

မှတ်။ ရွှေဥမင်ဆရာတော်ကြီးနှင့် တောင်ဖီလာဆရာတော်ကြီးတို့ စီရင်ရေးသားတော်မူ၍ မင်းကွန်းဆရာတော်ကြီး အည်းဖြတ်ငတ်မူသော 'ဌာပနာပုံကျမ်း' မဲဘုရားအစီအရင် (စာမျက်နှာ ၁၈-၁၉)

(၁) ဆင်းတုငတော်ကို ထက်ဝယ်အတိုင်း နှုတ်ခမ်းတော်ထိမှ သူဆင်းရဲ ကိုးကွယ်ရာ၏။

(၂) ထက်ဝယ် နှာခေါင်းတော်ထိမှ အမှုအမတ်တို့ ကိုးကွယ်ရာ၏။

(၃) မျက်ကြားတော်ရောက်သော် အိမ်ရှေ့မင်းတို့ ကိုးကွယ်ရာ၏။

(၄) နဖူးတော်ရောက်သော် ရေမြေရှင်တို့ ကိုးကွယ်ရာ၏။

(၅) ထက်ဝယ်ကို ဘုရားအရပ်နှင့်တိုင်းသော် နှုတ်ခမ်းကျသော် သူဆင်းရဲ၊

(၆) နှာခေါင်း မျက်ကြား နဖူး လူကိုလိုက်၍ စီရင်ရမည်။ ထိုမှာသောအတိုင်း ပညာဖြင့် ဆင်ခြင်လေ၊ ကိုးကွယ်သင့်သည်ကို ဆိုလိုပါသည်။

အခန်း (၃)

လက်တွေ့ကွင်းဆင်း လေ့လာခြင်းများ

၁။ ရှာငံစုမှ နှာသီးချိုးရုပ်ပွားတော်

ထို့နောက် ကျွန်ုပ်နှင့် ကိုးစိုးမိုးသည် ဦးစွာပထမ အောင်ပန်းမြို့ ရှာငံစုရပ်နေ ဦးမြမောင် + ဒေါ်သန်းတင်တို့၏ နေအိမ်ဘုရားခန်းတွင် ပူဇော်ထားရှိသော ရှေးရှားပါးယွန်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို စတင်ဖူးမြော် လေ့လာကြပါ၏။

"ယွန်းလက်ရာဆိုတာက ယွန်းဘုရားလို့ ဆိုလိုတာမဟုတ်ပါဘူး ဆရာ၊ ရှေးရှမ်း ယွမ်းလူမျိုးတွေရဲ့ တောင်ပေါ်သား အင်းယွမ်းပညာရှင် လက်ရာစစ်စစ်လို့ ဆိုလိုတာပါ၊ အပူကိုငြိမ်းအေးစေသော မုဒြာဟန်ပန်ဖြစ်ပြီး နှာသီးချိုးပုံစံတော်ဖြစ်လို့ မင်းကိုးကွယ်တဲ့ပုံစံတော် ဖြစ်ပါတယ်၊ မိဘဘိုးဘွားတွေ လက်ထက်ကတည်းက ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း ကိုးကွယ်ခဲ့တာပါ။

လက်က အသီးကလေးက ငရဲမီးကို ကိုယ်စားပြုပြီးတော့ ဒါန၊ သီလ၊ ဘာဝနာ ပွားများသောသူရဲ့ လက်ထဲကို ရောက်သွားရင် ငရဲမီးတောင်မှ အပူကိုငြိမ်းအေးစေတယ်လို့ ဆိုလိုပါတယ်၊ အပူငြိမ်းအေးဖို့အတွက် ဒါန၊ သီလ၊ ဘာဝနာကို လက်ကိုင်ထားဖို့ သတိပေးတဲ့ဟန်ပါ။

ပညာရှင်အဆင့်အနေနဲ့ ကြည့်မယ်ဆိုရင် ဖမျက်တော်တစ်ချက် အားနည်းသော်လည်း ပါးလွှာသော နှုတ်ခမ်းတော်ရှိတာရယ်၊ ပါးလွှာသော သက်န်းတော် ရှိတာရယ် တွေ့မြင်ရပါမယ်၊ အထက်ရောင် လျှံတော်ဟာလည်း ပညာရှင်လက်ရာ အင်္ဂါရပ်နဲ့ ညီညွတ်ပါတယ်၊ နောက်ပြီး ဦးခေါင်းတော်မှာ ခရုသဏ္ဌာန် ဆံနွယ်ရစ်ခွေဟန် အစုကလေးတွေ ဖော်ဆောင်ထားတာလည်း ကျမ်းဂန်လာအတိုင်းပါပဲ၊ အထက်ရောင်[illegible]တော်က ကြာဖူးပုံသဏ္ဌာန် ဖြစ်နေတာကလည်း ကိလေ[illegible]ာနွံမှ ဖောက်ထွက်နိုင်သော ဘုရားလို့ အဓိပ္ပာယ်ရပါတယ်၊ ကနုတ်ပန်းဖော်ဆောင်ထားတာမှာ သမင်ရိုးကို ပြာချပြီး စစ်ဆေးသရိုး ကိုင်ထားတဲ့ အသွားနဲ့ ပုံဖော်ထားတာပါ"

ဟုတ်ပါတယ်။ ကျမ်းဂန်ထဲမှာ လေ့လာရတဲ့အတိုင်း လုံးဝန်းသော ပုဆစ်ဒူးဝန်း၊ လုံးဝန်းပြည့်ဖြိုးသော လက်မောင်းတော်၊ ပြည့်ဖြိုးဖောင်းကြွသော ပါးပြင်တော် အစရှိသည်တို့ကို ဖူးမြော်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးမိုး ပြောပြထားခဲ့သော စကားကိုက် နမူနာပုံစံတော်အတိုင်း လက်လေးသစ် လက်ချောင်းတော်၊ အလျားဟာ မျက်လုံးတော်အလျားနဲ့ နှုတ်ခမ်းတော်အလျားတို့နှင့် တစ်ထပ်တည်းကျရောက်ကြောင်း ဖူးမြော်ရပါသည်။

၂။ လှည်းရိုးကျောင်းမှ နှာသီးချိုးရုပ်ပွားတော်

နောက်တစ်နေ့မနက်တွင် ကိုစိုးမိုးမှ လှည်းရိုး ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လေ့လာဖူးမြော်စေပါသည်။

"ဒီရုပ်ပွားတော်မြတ်ကြီးကို လွန်ခဲ့တဲ့ ၁၆ နှစ်က ပညာရှင် ဦးတင်အောင်က ထုလုပ်ထားခြင်းဖြစ်ပြီး သုံးဆင့်ငုံ၊ သုံးထပ်မြင့် ဘုရားဖြစ်ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးကျမ်းနှင့်ညီသော ဖမျက်တော်ပါရှိတာကို ဆရာ ဖူးမြော်နိုင်ပါတယ်၊ သွယ်ပြောင်းသော လက်ချောင်းတော်တွေကို တွေ့မြင်နိုင်ပါတယ်၊ မြတ်စွာဘုရားရဲ့ လက်တော်လေးသစ်ဟာ ဆံတော်နဲ့ အချိုးကျညီမျှပါတယ်၊ ပရိသတ်ကို ဧည့်ခံဟန် မုဒြာပုံစံတော်ဖြစ်ပြီးတော့ မင်း သူဌေး သူကြွယ် ကိုးကွယ်တဲ့ဘုရားဟန်ဖြစ်ပါတယ်၊ ဒူးခွင်အကျယ်နဲ့ စမ္ပခဏ်မှ နှာခေါင်းတော်အထိ အကျယ်ညီမျှသော နှာသီးချိုးပုံစံတော် ဖြစ်ပါတယ်၊ နောက်ပြီးတော့ ဆရာ ဘေးတိုက်အနေအထားနဲ့ ဖူးမြော်ကြည့်ပါ၊ ကျမ်းဂန်နဲ့ညီညွတ်တဲ့ နားတော်၊ မျက်နှာတော်၊ ကိုယ်လုံးတော်တွေကို ဖူးမြော်နိုင်ပါတယ်၊ ဒီရုပ်ပွားတော်ကြီးဟာ ပညာရှင်တွေ ကြောက်ရတဲ့ လက်ရာမြောက် ရုပ်ပွားတော်ကြီးပါပဲ"

ကိုစိုးမိုးမှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စကေးကိုက် အချိုးကျပုံစံတော်ကို လက်တွေ့တိုင်းထွာ ရှင်းလင်းပြပါသည်။

၃။ လွယ်မယ်ကျောင်းမှ မျက်မှောင်ချိုးရုပ်ပွားတော်

ထို့နောက် စာရေးသူတို့နှစ်ဦးသည် ဆိုင်ကယ်ဖြင့် အောင်ပန်းဘူတာ အထက်ဘက် လွယ်မယ်တောင်တန်းပေါ်သို့ သွားရောက်ကြပါသည်။

အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် လွယ်မယ်ဘုရားကြီးကို ဆက်လက်လေ့လာ ဖူးမြော်ပါသည်။

"ဒါကတော့ မင်း သူဌေး သူကြွယ် ကိုးကွယ်တဲ့ မျက်မှောင်ချိုးပုံစံတော် ဘုရားဖြစ်ပါတယ်၊ အင်္ဂတေမပါဘဲထုတဲ့ ထောင်းသရိုးနည်းပညာကို အသုံးချထားပြီးတော့ တောင်ပေါ်သားလက်ရာ ဖြစ်ပါတယ်၊ သင်္ကန်းတော်၊ လက်တော်၊ နဖူးတော်၊ နားတော်၊ တံကဲတော် အစရှိတာတွေဟာ မူရင်းလက်ရာတွေပါပဲ၊ နောက်ခံတကဲဟာ ဘီလပ်မြေ မပါဝင်တဲ့ မူရင်းလက်ရာပါ၊ မျက်နှာတော်ကိုတော့ ပြုပြင်ထားပါတယ်၊ မကိုဋ်တော်က ဂုဏ်တော်ကိုးပါးကို ရည်ညွှန်းပါတယ်၊ ကြာဖူးဟာ ကိလေသာနွံမှ ထွက်သော မကုဋ်ဖြစ်ပါတယ်၊ မူရင်း နှုတ်ခမ်းတော် ပျက်စီးသွားပေမယ့်လည်း ယောက်ျားကောင်းတို့ရဲ့ ပါးလွှာသော နှုတ်ခမ်းတော် ပါရှိပါတယ်၊ မကိုဋ်တော်က ဝေသာလီခေတ်ဟန်ပန်ပါ နိုင်ငံခြားဟန် (ဝေသာလီဟန်)ကို မြန်မာမှု ပြုထားတာပါ"

၄။ ဓမ္မဝိဟာရ နှာသီးချိုးဆင်းတုတော်

ထို့နောက် စာရေးသူတို့သည် လွယ်မယ်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြပြီးလျှင် ကိုစိုးမိုးမှ ဆရာတော်ကြီး စံကျောင်းတော် ဘုရားခန်းတွင် ကိုးကွယ်ပူဇော်ထားသော ဓမ္မဝိဟာရ ဆင်းတုတော်ကြီးကို ဆက်လက်လေ့လာ ဖူးမြော်စေပါသည်။

"တရားဓမ္မနဲ့ ပြည့်စုံကြွယ်ဝတဲ့ ပန်းတောင်းဆရာတော်ကြီးအတွက် ရည်ရွယ်ပြီး ဓမ္မဝိဟာရလို့ မှည့်ခေါ်ပါတယ်၊ သူဌေး သူကြွယ် ကိုးကွယ်တဲ့ ဟန်ပန်တော်ဖြစ်ပြီး မဟာသံ့ဃာရ ရုပ်ပွားတော်နဲ့ ပုံစံတူပါတယ်၊ နှာသီးချိုး ရုပ်ပွားတော်ပါ၊ ဒီဘုရားကို ချမ်းသာကြွယ်ဝကြစေရန် ရည်ရွယ်ချက်နဲ့ တည်ဆောက်ထားခဲ့တာပါ၊ သက်တမ်း နှစ်ပေါင်း ၃၀၀ ရှိပါပြီ၊ သစ်သားဆင်းတုတော်ပါ၊ ပလ္လင်ကြာဆူးများ အချိုးတူပုံစံဖြစ်သော ဗိသုကာလက်ရာပါ၊ ရှေးပန်းပေါင်း ယွန်းသရိုးလက်ရာပါ၊ လက်လေးသစ်ရှိသော ဆံတော်နဲ့ ဆံပင်အစုပုံစံတော်ပါ ဗိသုကာပညာ၊ ယွန်းသရိုးပညာ၊ သစ်သားပန်းပုပညာ သုံးမျိုးပေါင်းစပ်ထားပါတယ်"

နိဂုံး

ထို့နောက် အိမ်ပြန်ရောက်သောအခါ ကိုစိုးမိုးမှ ဗုဒ္ဓနှင့်ပတ်သက်သော ၎င်း၏အယူအဆကို ရှင်းလင်းပြောဆိုပါသည်။

"ဗုဒ္ဓဆိုတာ မကောင်းမှုမှန်သမျှနဲ့ ကောင်းမှုမှန်သမျှကို သိသူကို ခေါ်ပါတယ်၊ ဗုဒ္ဓခေတ်ကတည်းက ဒီမိုကရေစီဆိုတာ ရှိပါတယ်၊ ဒါတွေကတော့ မကောင်းဘူးလို့ ဟောတယ်၊ ဒါတွေကတော့ ကောင်းတယ်လို့ ဟောတယ်၊ ကောင်းတယ်၊ မကောင်းဘူးလို့ ဟောတာ၊ အမိန့်ပေးတာ မဟုတ်ဘူး၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင် ချင့်ချိန် လိုက်နာကြဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နိုင်ငံမှာ မြန်မာ့ရိုးရာ ပညာရှင်စစ်စစ်တွေ ရှားပါးနေပါတယ်၊ နောက်ပညာရှင်တွေဟာ ဖိရိုးဖလာ အစဉ်အလာတွေကို ပယ်ပစ်ပြီး ခေတ်မီဓာတုပစ္စည်းတွေနဲ့ သို့ပညာရပ်တွေကို ပေါင်းစပ်တီထွင်လာကြပါတယ်၊ ဘုရားတစ်ဆူရဲ့ 'ရှိသင့် ရှိထိုက်သော အချိုးကျ စကေးကိုက် ပုံစံတော်တွေကို ကျော်လွှန်ပြီး အလှူရှင်စိတ်ကြိုက် တီထွင်ဖန်တီးလာကြပါတယ်၊ ဒီအခါမှာ စကေးလွဲတာတွေ၊ အချိုးမကျတာတွေ၊ ရေရှည်ခိုင်မာမှုမရှိဘဲ ပျက်စီးလွယ်တာတွေ သဘာဝဘေးအန္တရာယ်ဒဏ်ကို မခံနိုင်တော့တာတွေ ဖြစ်ပေါ်လာပါတယ်၊ ဒါကြောင့်မို့လို့ စစ်မှန်စကေးကိုက် အချိုးကျသွန်းထုရတဲ့ ရှေးမြန်မာဗိသုကာ ပညာရပ်တွေကို မတိမ်ကော မပျောက်ပျက်ရလေအောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြဖို့ရာမှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းမှာ တာဝန်ရှိပါတယ်။

နိုင်ငံခြားသားတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံကို လာရောက်လေ့လာကြတဲ့အခါမှာ နောက်ပိုင်း အသစ်တည်ထား ကိုးကွယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို အဓိကထား မလေ့လာကြဘဲ ရှေးဟောင်း ဘုရားစေတီ ဗုဒ္ဓရုပ်ပွားတော်တွေကိုသာ အဓိကထားပြီး လာရောက်လေ့လာကြတာကို တွေ့ရှိရပါတယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ ရှေးဟောင်း မြန်မာမှုဗိသုကာပညာရပ်တွေကို အဓိကအလေးထားပြီး လေ့လာကြတဲ့သဘောပါပဲ၊ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ မြန်မာမှုဗိသုကာလက်ရာမြောက် ဗုဒ္ဓရုပ်ပွားတော်များ အချိုးကျစကေးကိုက် တည်ဆောက်ပုံကို အသေးစိတ် လာရောက်လေ့လာပြီး အပင်ပန်းခံ ရေးသားပြုစုဖော်ထုတ်ပေးဖို့ ကြိုးစားလာတဲ့ ဆရာ့ကို မြန်မာမှု ဗိသုကာပညာရှင်များ ကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါတယ်"

စစ်မှန်သော မြန်မာမှုဗိသုကာ အနုပညာများ ကမ္ဘာတည်သရွေ့ ခိုင်မြဲပါစေ။

**ဗေဒသုတေသီ ဆရာမျိုး**

**ကျမ်းကိုး**

၁။ စေတီယပကာသနီကျမ်း (ဘဒ္ဒန္တမေဓာဝီ)
၂။ သုခမှတ်စု
၃။ လက္ခဏာတော်ကြီး ဘုရားရှိခိုး (အရှင်ဇနကာဘိဝံသ)
၄။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံမူဖြာများ (စဝ်ထွန်းမှတ်ဝင်း)
၅။ ဌာပနာပုံကျမ်း (မင်းကွန်းဆရာတော်)
၆။ ဗိသုကာပညာရှင် ကိုစိုးမိုး၏ ရှင်းလင်းချက်များ
၇။ ကိုယ်တိုင်လေ့လာမှု မှတ်တမ်းများ




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

## (အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ ( ၂၄ နာရီအတွင်း ) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကုညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

**တွေ့ချိန်** ➡ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
( ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း ) **ဖုန်း** - ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

# ဘယ်ဝယ် ဘယ်ဆီ တမ်းတကာ မှန်းဆသည်



## ရေနံ့သာအောင်ချမ်းဇော်

အထက်အညာ မြေလတ်ဒေသ ထနောင်း လက်ပံ တမာ ပိတောက် ကုက္ကိုတွေပေါတဲ့ ကျွန်တော်တို့မြို့လေးမှာ ငယ်ငယ်က ကျောင်းနေခဲ့တဲ့ တောင်ကျောင်းကြီးကတော့ ယခုတိုင် ရှိနေဆဲပါပဲ။ ဟိုးတစ်ချိန်က အစိုးရအထက်တန်းကျောင်းလို့ ဆိုပေမယ့် ရှေးလူကြီးတွေက နေရှင်နယ်ကျောင်းလို့ပဲ ခေါ်ကြတယ်။ တချို့လူကြီးတွေက ဂါးဗားမင့်ကျောင်းလို့ ခေါ်ကြတယ်။ ကျွန်တော်တို့ကတော့ ကျောင်းဟာ မြို့ရဲ့ တောင်ဖျားမှာရှိလို့ တောင်ကျောင်းကြီးလို့ ခေါ်ကြတယ်။ အခုခေတ်အခေါ်တော့ အခြေခံပညာ အထက်တန်းကျောင်းပေါ့။

ဒီကျောင်းကြီးရဲ့ အစဉ်အလာကကျွန်တော်တို့ကျောင်းနေစဉ်ကတည်းက နှစ်စဉ် အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ်မပျက်မကွက် ကျင်းပခဲ့တယ်။ ကျောင်းကြီးကကျယ်ဝန်းတယ်။ မြေစိုက်ထရံကာ သက်ငယ်မိုး သစ်သားတိုင်နဲ့ ကျောင်းဆောင်လေးတွေ များတယ်။ ကျောင်းအုပ်ဆရာကြီးရုံးခန်း၊ ဆရာ၊ ဆရာမတွေ အခန်း၊ သိပ္ပံလက်တွေ့ခန်း၊ ရုံးခန်း၊ စတိုခန်း စတာတွေကတော့ ရှေးလက်ရာ အုပ်တိုက် အုပ်ကြွပ်မိုး အဆောက်အအုံပါ။

အတန်းအလိုက် စာသင်ဆောင်လေးတွေကတော့ အဆောင်နားမှာ ပေါက်တဲ့အပင်တွေ အစွဲပြုပြီး တမာဆောင်၊ လက်ပံဆောင်၊ ပိတောက်ဆောင်၊ ကုက္ကိုဆောင်၊ ထနောင်းဆောင် စသည်ဖြင့် အမည်တွင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက်က ကျောင်းသားကျောင်းသူ အများစုဟာ ခြေကျင် ကျောင်းတက်ကြပြီး' စက်ဘီးနဲ့ ကျောင်းတက်နိုင်သူတွေ နည်းပါသေးတယ်။ အမျိုးသား အောင်ပွဲနေ့ကိုတော့ နိုင်ငံရေးအနှစ်သာရပါပါခေတ်အဆက်ဆက်ကျင်းပနိုင်ခဲ့တယ်။ အမျိုးသား အောင်ပွဲနေ့နဲ့အတူ နှစ်စဉ်အပျက် ကျင်းပခဲ့တာကတော့ အာစရိယပူဇော်ပွဲ ဆရာကန်တော့ပွဲကို ကျွန်တော်တို့ ငယ်ငယ်ကတည်းက ကျင်းပခဲ့ပါတယ်။

ရာသီတွေပြောင်း၊ နှစ်တွေကြာညောင်းခဲ့ပါပြီ။ ခေတ်တွေလည်း ပြောင်းခဲ့ပါပြီ။ ကျွန်တော်တို့ ငယ်သူငယ်ချင်းတစ်စုပင် အသက် ၅၀ ကျော် ၆၀ ဝန်းကျင် ဖြစ်ကုန်ကြပြီး ဇနေရာအနှံ့ ပြန့်ကျဲဝေးကုန်ကြပြီ။ တချို့ အတန်းတူသူငယ်ချင်းဖြစ်ခဲ့ပေမယ့် အသက်နည်းနည်းကြီးသူတွေ အငြိမ်းစားပင်စင်စားတွေတောင် ဖြစ်ကုန်ကြပြီ။

တွံ့တေးသိန်းတန် သီဆိုတဲ့ အသီးတစ်ရာ အညာတစ်ခု သီချင်းထဲ



www.burmeseclassic.com

www.burmeseclassic.com

တလိုပါပဲ။ ဒီကျောင်းထွက်တွေထဲက စီးပွားရေးကုန်သည်ကြီးတွေ ဖြစ်နေသူတွေ၊ ကျောင်းဆရာ ဆရာမ ကျောင်းအုပ်ကြီးတွေ ဖြစ်နေသူတွေ၊ ရှေ့နေ တရားသူကြီး ဖြစ်ကြသူတွေ၊ တောင်သူလယ်သမား ဖြစ်နေသူတွေ၊ အင်ဂျင်နီယာကြီးတွေ၊ တပ်မတော်မှာ တပ်ရင်းမှူး ဗိုလ်မှူးကြီး ဖြစ်နေသူတွေ၊ စက်ရုံမှူး ဖြစ်နေသူတွေ၊ ဆရာဝန်ကြီးတွေ နိုင်ငံခြားရောက်နေသူတွေ၊ သင်္ဘောအရာရှိကြီးတွေ ရေကြည်ရာ မြက်နုရာ ပြန့်ကျဲရောက်နေကြလို့ ကွဲကွာနေကြတာ ကြာလှပါပြီ။

ဟိုတစ်နှစ်ကတော့ အမျိုးသားအောင်ပွဲနေ့ နှစ် ၉၀ ပြည့် အထိမ်းအမှတ်ပွဲနဲ့အတူ ဆရာကန်တော့ပွဲ အာစရိယပူဇော်ပွဲကို ခမ်းခမ်းနားနား ထူးထူးခြားခြားလေး ကြိုးစားပြီးကျင်းပကြလို့ ကျောင်းသားဟောင်းတွေ အံ့ဩလောက်စရာ စုံစုံညီညီတက်ရောက်ကြတယ်။ အဝေးရောက်နေတဲ့ ပင်စင်စား ဆရာကြီး၊ ဆရာမကြီးတွေတောင် မျက်မကွက် တက်ကြတယ်။ သေဆုံး ကွယ်လွန်သူတွေကလွဲလို့ လူအစုံဆုံး နှစ်တစ်နှစ်ပါပဲ။ ပြီးတော့လည်း ပင်စင်စားဆရာ၊ ဆရာမဟောင်းတွေ၊ ကျောင်းသားဟောင်းတွေအားလုံး အင်္ကျီအဖြူ လုံချည်အစိမ်း တူညီဝတ်စုံ ဝတ်ဖြစ်ကြလို့ တစ်ကျောင်းလုံး စိမ်းစိမ်းဖြူဖွေးနေပါတယ်။ အသက်အရွယ်တွေမေ့၊ ဘဝအဆင့်အတန်းတွေမေ့၊ ရာထူးစည်းစိမ်တွေမေ့၊ ငယ်ငယ်က ကျောင်းသားလေးတွေ ပြန်ဖြစ်ကြပြီး ဆွဲကြ ရုန်းကြ ဖက်ကြ စကားတွေပြောကြတာ ဆူဆူညံနေတာပါပဲ။ ဆရာမကို ပြေးတိုင်သူကတိုင်ကြ ရယ်မောသံတွေ လျှံလျှံဝေနေပါတော့တယ်။

ငယ်သူငယ်ချင်းတွေ နှစ်ပေါင်းများစွာ ကွဲနေကြပြီးမှ ငယ်ငယ်က ကျောင်းမှာ ငယ်ဆရာ၊ ဆရာမတွေနဲ့ ပြန်တွေ့ကြရတော့ လက်ရှိဘဝတွေ မေ့ကုန်ကြပြီး ငယ်ငယ်ကလို ခေါင်းခေါက်ကြ၊ ခါးကိုဆွဲလိမ်ကြ၊ တွန်းကြ ထိုးကြ ဆွဲကြ ရုန်းကြ မနိုင်တဲ့အခါ အသက် ၈၀ လောက်ရှိနေတဲ့ ဆရာမကို ပြေးတိုင်ကြနဲ့ ငယ်မူတွေ ပြန်ကုန်ကြတယ်။

ဆရာအို၊ ဆရာမအိုကြီးတွေကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့ တုတ်တစ်ချောင်း ကိုင်ပြီး ၅၀ ကျော် ၆၀ လောက်အသက်အရွယ်ရှိတဲ့ တပည့်ဟောင်းတွေကို ရိုက်တယ်။ ဖင်ကိုပွတ်ပြီး ပြေးသူကပြေး၊ တဟားဟားရယ်ကြ ပျော်လိုက်ကြတာ၊ ဆူညံနေတာပဲ။

"ဆရာမ ခင်မျိုးဝင်းက အခု ကျောင်းအုပ်ဆရာမကြီးတဲ့ ဟေဟေ့၊ သူသေရင် အဲဒီကျောင်းမှာ ဥစ္စာစောင့်မ ဖြစ်မှာ ဆရာမ၊ အခုကတည်းက ဥစ္စာစောင့်မရုပ်ပေါက်နေပြီ၊ နှုတ်ခမ်းနီဆိုး ပန်းတွေပန်ထားတယ်၊ လှလည်း မလှဘဲနဲ့"

"နင်သာ တပ်ထဲမှာ အဘ အဘနဲ့ တပ်ရင်းမှူး ဗိုလ်မှူးကြီးဖြစ်နေတာ၊ နင်သေရင် ပြိတ္တာကြီးဖြစ်မှာ သိလား"

"ဟေ့- ငါတို့က ဘယ်တော့မှ အပါယ်မလားဘူး၊ ရဲဘော်မသေ သေသော် ငရဲမလားတဲ့၊ သိလားဟဲ့ ဥစ္စာစောင့်မ"

"ဆရာမ၊ ဆရာမ၊ ဟိုကောင်က တရားသူကြီးတဲ့၊ သူသေရင် နေ့စံညခံ အသူရကာယ်ဖြစ်မှာ ရုပ်ကိုက ကြည့်ပါလား"

"ခွေးကောင်၊ နင်သာ တိရစ္ဆာန်ဖြစ်မှာ၊ အထူးကုဆရာဝန်ကြီးတဲ့၊ ယူလိုက်တဲ့ ဆေးကုခ မတန်တဆ"

"ဟဲ့- အောင်ချမ်း၊ ငါ့တပည့်က ဘာလို့ ခေါင်းငိုက်စိုက်ချပြီး ချောင်ကုပ်နေတာလဲ၊ နင်က အခု ဘာလုပ်နေလဲ"

အတန်းပိုင်ဆရာမဟောင်း ဒေါ်ရင်ရင်မေက ကျွန်တော့်ကိုလှမ်းကြည့်ပြီး မေးလိုက်ပါတယ်။

"ဆရာမ ကျွန်တော်တို့အထဲမှာ ရှားရှားပါးပါး ဒီကောင်တစ်ယောက်ပဲ စာရေးဆရာ ဖြစ်နေတာ၊ ခေါင်းငိုက်စိုက်ချပြီး ငုံ့နေတာက သူသေရင် သွားရမယ့် အဝီစိငရဲကို ကြိုပြီး ငုံ့ကြည့်နေတာပါ ဆရာမ"

ရဲမြင့်ဆိုတဲ့အကောင် အပြောကြောင့် တစ်ခန်းလုံး တဟားဟားရယ်သံတွေ ဆူညံသွားပါတယ်။

"ဆရာမ၊ စောစောက ဆရာကန်တော့ပွဲမှာ ကျွန်တော်တို့ကို စာသင်ခဲ့တဲ့ ဆရာ၊ ဆရာမကြီးတွေသာ ကန်တော့ချင်တာ၊ အသွဲ့တို့၊ အစောတို့က ပင်စင်စားဆရာမကြီးတွေဆိုပြီး စင်မြင့်မှာ ရောထိုင်နေတော့ ကျွန်တော်တို့လည်း သူတို့ကို မကန်တော့ချင်ဘဲ ကန်တော့ခဲ့ရတယ်၊ သူငယ်ချင်းအချင်းချင်း ကန်တော့ရတာတော့ မပိုက်ဘူး"

"အေးပေါ့ကွယ်၊ ငါ့တပည့်ပြောသလို မပိုက်ဘူးဆိုတော့လည်း ငါ့တပည့်တွေ လိမ္မာတာပေါ့၊ ကုသိုလ်ရတာပေါ့"

"ဟေ့ကောင် ခင်မောင်ရင်၊ ငါတို့ကန်တော့ရတဲ့အထဲ ကြည်ဝင်းလည်း ပါတယ်ကွ၊ ဒီကောင်က ပင်စင်စား ဆရာကြီး ဖြစ်နေတော့ ငါတို့လည်း မကန်တော့ချင်ဘဲ ဆရာ၊ ဆရာမကြီးတွေနဲ့ရောပြီး ကန်တော့ခဲ့ရတာကွ၊ နာတယ်ကွာ"

"အေးကွာ၊ ဆရာကန်တော့ပွဲပါဆိုမှ သူဝင်းက ရှေ့ကနေပြီး တိုင်ငေ


www.burmeseclassic.com

www.burmeseclassic.com

နေတာ ဩကာသ ဩကာသနဲ့ ငါတို့လည်း ဘုရားကို ကန်တော့ရမှာလား၊ ဆရာ ဆရာမ ကန်တော့ရမှာလား၊ သူငယ်ချင်းတွေကိုပဲ ဩကာသဆိုပြီး ကန်တော့ရမှာလား ဘာမှန်းကိုမသိ ကန်တော့တော့ ကန်တော့ဖြစ်တာပါပဲကွာ"

တဟားဟား ရယ်ကြပြန်ပါတယ်။

"ဟေ့- ငါတို့ကတော့ စင်မြင့်ပေါ်ထိုင်နေတဲ့ ဆရာ ဆရာမတွေကို ကန်တော့လိုက်တာပဲ၊ ပင်စင်စား ငါတို့သူငယ်ချင်း ဆရာ၊ ဆရာမတွေပါ ထိုင်နေတော့ မတတ်နိုင်ဘူး၊ ရော ကန်တော့လိုက်တာပဲ၊ ကုသိုလ်ရတာပေါ့ကွာ၊ ဒါပေမဲ့ ဟိုစာရေးဆရာဆိုတဲ့ အောင်ချမ်းဆိုတဲ့အကောင်လေ လက်အုပ်ချီကန်တော့နေရင်းက မျက်ရည်တွေကျနေတယ်၊ ဒီကောင် ဟိုဆရာမလေးကို ငယ်မူပြန် ပြစ်မှားပြီး ကန်တော့ရင်း မျက်ရည်ကျနေတာ ဖြစ်မယ်ကွ"

"ဒါဆို ဒီကောင်သေရင် အဝီစိရောက်မလား၊ တို့ဆရာမလေးအိမ်ကို သွားပြီး တိရစ္ဆာန်ဖြစ်မလား၊ မကျွတ်မလွတ်ဘဲ ပြိတ္တာဖြစ်နေမလား၊ အသူရကာယ်ဖြစ်နေမလား၊ ဆရာမလေးဗိုက်ထဲ လူဝင်စားဖြစ်နေမလား၊ တစ်ခုခုပဲကွ"

"ကဲကဲ- ငါ့တပည့်တို့၊ ငယ်ငယ်ကတော့ မင်းတို့ကို စာသင်ပေးခဲ့တဲ့ အတန်းပိုင်ဆရာမပဲ၊ အခုတော့ ဆရာမလည်း ၈၀ နားနီးနေပြီ၊ မင်းတို့တစ်တွေလည်း ၅၀ ကျော်၊ ၆၀၊ တချို့ ၆၀ ကျော် ကုန်ကြပြီ၊ မင်းတို့ပြောနေတဲ့ သေပြီးတဲ့နောက် ဘာဖြစ်မှာလဲ၊ ငါသေရင် အပါယ်သွားဦးမှာလား၊ သူသေရင် အပါယ်သွားမှာလား ဆိုတာနဲ့ပတ်သက်ပြီး ဆရာမ နာကြားမှတ်သားဖူးတဲ့ တရားတစ်ပုဒ်၊ အဲဒီတရားကလည်း မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူတဲ့ သစ္စာလေးပါးတရားတော် အမှတ်စဉ်-၁၁ ထဲက ထုတ်နုတ်ထားတဲ့ ၁၄ ရက် ၆ လ ၆၂ ခုနှစ်က ဟောကြားခဲ့တဲ့ ငါသေရင် အပါယ်သွားဦးမှာလား ဆိုတဲ့ တရားတော်ကို ဆရာမ မှတ်မိသလောက် ဉာဏ်မီသလောက် တပည့်တို့ကို ပြောပြမယ်။

တပည့်တို့လည်း မငယ်ကြတော့သလို ဆရာမလည်း သေဖို့သိပ်နီးနေပြီ၊ ကံကောင်းလွန်းလို့သာ ဒီနေ့ ဒီရက် ဒီအချိန် ပြန်တွေ့နေရတာ တချို့ ကွယ်လွန်ကုန်ကြပြီ၊ မင်းတို့ ဆရာမတို့တစ်တွေ မုချသေရမှာ အမှန်ပဲ၊ ငါသည် မုချသေရမည် အချိန်ပိုင်းသာ လိုတော့သည်လို့ အမြဲနှလုံးသွင်းနေရမယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

"အေး၊ မင်းတို့ တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ပြီး ဘယ်သူသေရင်ဖြင့် ဘာဖြစ်မယ်၊ ညာဖြစ်မယ် ပြောနေကြသလို မင်းတို့ကိုယ်တိုင် ငါသေပြီး အပါယ်သွားဦးမှာလားဆိုတာ သံသယစိတ်တွေနဲ့ တထိတ်ထိတ်ဖြစ်နေကြမှာပဲ၊ ငါ့တပည့်တွေထဲမှာ အခုချမ်းသာသူ ဆင်းရဲသူ အမျိုးမျိုးရှိကြမှာပဲ၊ ချမ်းသာချမ်းသာ ဆင်းရဲဆင်းရဲ ဒါနကုသိုလ် သီလကုသိုလ်တွေကတော့ အနည်းနဲ့အများ ပြုဖြစ်ကြမှာပါပဲ။

ဒီတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့တာကတော့ ပုထုဇဉ်အနေနဲ့သေလို့ရှိရင်ဖြင့် ကျောင်းဆောက်လှူလှူ၊ ဘုရားတည်ထားထား၊ ရေတွင်း ရေကန် တူးထားထား ဝိနိပါတိကဘေး မလွတ်ဘူးတဲ့၊ ဝိနိပါတိကဘေးဆိုတာ ပရမ်းပတာကျတဲ့ဘေး၊ ပုထုဇဉ်အဖြစ်နဲ့ သေလို့ရှိရင် ပရမ်းပတာပဲ၊ ပရမ်းပတာဆိုတာ နွေအခါ သစ်ပင်တွေ ခြောက်တဲ့အခါ သစ်ပင်အရင်းကနေ ကိုင်လှုပ်လိုက် သစ်ရွက်တွေဟာ ကျချင်တဲ့ဆီကျတယ်၊ ပရမ်းပတာကျရမယ့် ပင်ကိုသဘောရှိနေလို့ ကျရတော့တယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်အဖြစ်နဲ့ သေရင်တော့ ပရမ်းပတာ လွတ်လိမ့်မယ်လို့ ငါမဟောနိုင်ဘူးတဲ့၊ ပုထုဇဉ်အဖြစ်နဲ့ သေရင်တော့ ကြောက်စရာ လန့်စရာကြီးပါ၊ ပရမ်းပတာဘေး စိတ်မချရသေးတဲ့ ပုထုဇဉ်အဖြစ်နဲ့ မသေပါနဲ့၊ သောတာပန်အဖြစ်နဲ့ သေပါ၊ ပုထုဇဉ်အဖြစ်နဲ့ သေရင် ငရဲလည်း ကျချင်ကျသွားမယ်၊ တိရစ္ဆာန်ဘုံလည်း ကျချင်ကျသွားမယ်၊ အမှန်မရှိပါဘူး၊ ဧကပတ္တနဂါးကြီးဟာ ရဟန်းကနေပြီး နဂါးသွားဖြစ်တယ်၊ ပရမ်းပတာ ဘယ်လောက်ကျလိုက်သလဲ၊ ဗြဟ္မာကြီးကနေပြီး ဝက်ဖြစ်သွားတာ ပရမ်းပတာဘေးပါ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကိုယ့်ခန္ဓာထဲဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ရှင်းနိုင်ရမယ်၊ ကျောင်းကလေးဆောက်တယ်၊ ဘုရားကလေး တည်တယ်၊ နောက်ဘဝကို ဘုံနန်းပေါက်ပြီး သွားနေရမှာ စိတ်ကူးရှိပါတယ်၊ ကျောင်းဆောက်ရင် ဘုံပေါက်သတဲ့၊ ဘုံပေါက်အောင် ကျောင်းဆောက်ဦးမှပဲ၊ ကျောင်းဆောက်ပြီး ရေစက်ချ နိဗ္ဗာန်မရပါဘူး၊ အဝိဇ္ဇာပါနေတော့ မရပါဘူး၊ အဝိဇ္ဇာရဲ့ ဒဏ်ချက်ပါ၊ သူ့ပဋိစ္စသမုပ္ပါဒ် သူမသိလို့ လုပ်နေတယ်။

ဒီခန္ဓာဝဋ် ဒုက္ခဝဋ် ဒုက္ခသစ္စာကြီး ကျွတ်ချင် လွတ်ချင်တယ်၊ ကျွတ်ချင်လွတ်ချင်လို့ နောက်ခန္ဓာမလိုချင်လို့ အဲဒီကျတော့ ဝိဇ္ဇာ၊ ဝိဇ္ဇာနဲ့ စိတ်ကူးတွေ



www.burmeseclassic.com

www.burmeseclassic.com

သင်္ခါရ မလာပါဘူး၊ သင်္ခါရမှ မလာဘဲနဲ့ ဝိညာဏ်မလာပါဘူး၊ သင်္ခါရကို ချုပ်စေတယ်၊ ဝိညာဏ်ကိုလည်း ချုပ်စေတယ်၊ ဝိညာဏ်ဟာ ပဋိသန္ဓေနေရင် အိုနာသေပဲ။

ဝိဇ္ဇာနဲ့သူကတော့ နိဗ္ဗာန်ကိုမှန်းတယ်၊ သင်္ခါရမပါတဲ့အတွက် ဝိညာဏ်က မလာပါဘူး၊ ဝိညာဏ် ပဋိသန္ဓေနေတော့ ဇာတိ ဇရာ မရဏ မလာပါဘူး သစ္စာသိပြီး ဆောက်တဲ့အတွက် ဝိဇ္ဇာမဂ္ဂင်နဲ့ ဆောက်တဲ့အတွက် ဒီမဂ္ဂင်က နိဗ္ဗာန်မှတစ်ပါး အခြားကို မပို့တော့ဘူး ကျောင်းဆောက်ချင်တာချင်းတော့ အတူတူပဲ၊ အဝိဇ္ဇာ အုပ်ချုပ်တာနဲ့ ဝိဇ္ဇာ အုပ်ချုပ်တာ ကွာသွားတယ်၊ ဒုက္ခသစ္စာကြီး ရွံ့လွန်း မုန်းလွန်းလို့ လွတ်လိုလို့ လှူပါ၊ ဝိဇ္ဇာနဲ့ လှူပါ။ (အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော) သွားဖြစ်တယ်၊ ကျောင်းဆောက်တာတော့ အတူတူပဲ ဆောက်ပုံ ကွာသွားတယ်၊ လူ့ပြည်၊ နတ်ပြည် လိုချင်လို့ ကျောင်းဆောက်တယ်ဆိုတော့ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်။

တဏှာကြောင့် ဥပါဒါန်ဖြစ်ပါတယ်၊ စွဲလမ်းတာက ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကာယကံ ဝစီကံနဲ့ လက်သမားတွေ ပန်းရန်တွေနဲ့ ဆောက်လုပ်လှူဒါန်းတယ် ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ ဇာတိ ဒုက္ခသစ္စာ လာပါတယ်၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တယ်၊ သိတဲ့အခါကျတော့ ဘာမှမလိုချင်ဘူး၊ ဒီဒုက္ခ[illegible] ကျွတ်ချင်တာပဲ၊ ဒီတော့ ဝိဇ္ဇာနဲ့ ဆောက်ပါတယ်၊ ဝိဇ္ဇာက အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်ပါတယ်၊ သင်္ခါရချုပ်လို့ ဝိညာဏ်ချုပ်ပါတယ်။

ရှေ့တော့ဖြင့် ဘယ်လိုများ အကျိုးပေးမှာတုံး၊ ဘာများဖြစ်နေမတုံး ဆိုတာ အကြောင်းကို စဉ်းစားလိုက်ရင် ရှင်းသွားမယ်၊ လိုချင်လို့လုပ်တဲ့ တဏှာ၊ ဥပါဒါန် ကံနဲ့လုပ်ကြရင် ဇာတိ ဇရာ မရဏ ရမယ်၊ ဒုက္ခသစ္စာမှ မလိုချင်တဲ့ ဉာဏ်နဲ့ ဝိဇ္ဇာဦးစီးပြီး လုပ်ကြမယ်ဆိုရင် အဝိဇ္ဇာချုပ်လို့ တဏှာချုပ်တယ်၊ တဏှာချုပ်လို့ ဥပါဒါန်ချုပ်သွားပါတယ်၊ ဥပါဒါန်ချုပ်လို့ ကံချုပ်သွားပါတယ်၊ ကံချုပ်သောကြောင့် ဇာတိ ဇရာ မရဏ မလာပါဘူး။

ကိုယ့်ခန္ဓာထဲမှာ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တန်းက ပြတ်အောင်လုပ်ပြန်တော့လည်း ပြတ်တဲ့ဆီ ရောက်တာပဲ၊ ဆက်အောင်လုပ်ပြန်တော့ ဆက်တဲ့ဆီ ရောက်သွားပါတယ်၊ ပရမ်းပတာကျမယ့် အပါယ်လေးပါးဘေး ရှိနေသေးတော့ ပရမ်းပတာ လွတ်တဲ့အလုပ်ကို အရင် လုပ်ရမယ်၊ ရှေ့နောက် ခွဲလိုက်ဆိုတာပါ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ - သင်္ခါရပစ္စယာ ဝိညာဏံ၊ အဝိဇ္ဇာအုပ်ချုပ်တဲ့ ဝိညာဏ် အပါယ်လေးပါး ရောက်ပါတယ်။

အဆုံးက ပြန်ပတ်တာ သောက ပရိဒေဝကနေပြီး အဝိဇ္ဇာပြန်ရောက်သွားတယ်၊ သံသရာလည်သွားပါတယ်၊ ငါသေရင် ဘာဖြစ်ဦးမှာတုံးလို့ မေးစရာ မလိုတော့ပါဘူး၊ ခန္ဓာက ပြောပါတယ်၊ ပဋိစ္စသမုပ္ပါဒ်က ပြောတယ်၊ ပဋိစ္စသမုပ္ပါဒ်သိရင် သောတာပန်နဲ့ ကပ်နေပြီ။ ကိုယ့်ဖြစ်စဉ်ကိုယ်သိတာက ဝိဇ္ဇာပါ၊ တစ်ခုပြီးတစ်ခုဖြစ် တစ်ခုချုပ်ပြီး တစ်ခု ဖြစ်နေကြတာ သိပါတယ်၊ ပေါ်တာ သိရင် ချုပ်တာ သိပါတယ်၊ အဲဒါ သောတာပန် သိတာ၊ ပုထုဇဉ်ရိုးရိုးက မသိပါဘူး။ သိလုံးက နောက်ကလာမည့် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်သွားပါတယ်၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်မှ ပရမ်းပတာမသွားမှာ၊ ပဋိစ္စသမုပ္ပါဒ်သိတဲ့ပုဂ္ဂိုလ်မို့ ဖြတ်နိုင်တာ၊ မသိတဲ့ပုဂ္ဂိုလ်က မဖြတ်နိုင်ပါဘူး၊ သူ့ပဋိစ္စသမုပ္ပါဒ် သူဖြတ်တာမဟုတ်ဘဲ ဖြစ်မှု ပျက်မှု မမြင်လို့ရှိရင် အဝိဇ္ဇာပါ၊ ကိုယ့်စိတ်အစဉ်ကို ကိုယ့်ဉာဏ်နဲ့သာ ကြည့်၊ ဉာဏ်ဝင်လာရင် ပြတ်ပြီးသား၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိလို့ရှိရင် ဖြစ်ပျက်သိတာပဲ၊ ကိုယ့်ဖြစ်စဉ်ကို ကိုယ် သိတယ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်နဲ့ သိတာပဲ။

ဝိဇ္ဇာဉာဏ်နဲ့ သိလိုက်တော့ ဝိဇ္ဇာဉာဏ်က ကြားဝင်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် သူတန်းချင်သလောက် တန်းလို့ မရပါဘူး၊ တန်းလို့ရှိရင် ပရမ်းပတာဘေးသင့်တော့မယ် ပရမ်းပတာဘေးကို သိလုံးက တားလိုက်တယ်၊ သိလုံးက ဝိဇ္ဇာပဲ၊ သာမန်ပုထုဇဉ် မသိဘူး၊ အရိယဖြစ်တဲ့ ပုဂ္ဂိုလ်မှ သိနိုင်တယ်၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကိုသိတဲ့ပုဂ္ဂိုလ်ဟာ ပရမ်းပတာဘေးလွတ်တယ်လို့ ဘုရားက ဟောတယ်၊ "အဝိနိပါတ ဓမ္မော နိယာတော သမ္ဗောဓိပရာယနော" သောတာပန်က ပရမ်းပတာဘေး မရှိဘူး၊ အထက်မဂ်ကိုလည်း မြဲသွားပြီ၊ သိသိနေတဲ့အလုပ်ဟာ ရှေ့ထားရမယ့် အလုပ်ပါ၊ သိတာသည် ဝိဇ္ဇာပါ။

စိတ်ကလေး ပေါ်လာလိုက် သိလိုက်၊ ယုတ်စွအဆုံး လောဘကလေး ပေါ်လာတာတောင်သိရပါမယ်၊သိလိုက်တဲ့အခါကျတော့ အဖြစ်သိတာလား၊ အပျက်သိတာလားလို့ မေးဖို့မလိုဘူး၊ သိတဲ့ ဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာဉာဏ် လာကတည်းကိုက တစ်စိတ်နဲ့ အသက်ရှင်နေတာဆိုတော့ အဖြစ်သိရင် အပျက်သိပါတယ်၊ မိမိပဋိစ္စသမုပ္ပါဒ် မိမိသိတယ်၊ သိလုံးက ပရမ်းပတာဘေးကို ဖြတ်ပစ်တယ်၊ ဝိဇ္ဇာသည် တန်းနေကျ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ပစ်ပါတယ်၊ တန်းရင်သာ ပရမ်းပတာ ဘေးသင့်တာ။



www.burmeseclassic.com

www.burmeseclassic.com

ငါသေ အပါယ်သွားမှာလား၊ မသွားဘူးလား သံသယကုက္ကုစ္စဖြစ်နေတဲ့ ပုဂ္ဂိုလ် ကိုယ့်စိတ်ကို မသိတဲ့ပုဂ္ဂိုလ်က ပြောနေတာ၊ အလကားမနေကြပါနဲ့ စိတ္တာနုပဿနာ ရှုရင်လည်း စိတ်ပေါ်တိုင်း သိနေပါ၊ ဝေဒနာနုပဿနာရှုရင်လည်း ဝေဒနာပေါ်တိုင်း သိရပါမယ်၊ ပရမ်းပတာဘေးတွေ ပြတ်သွားတယ်၊ ကိုယ့်ကိုယ်ကိုယ် ဖြတ်လိုက်လို့ လွတ်သွားတာပါ။

သောတာပန်အဖြစ်နဲ့ပဲ အပါယ်လေးပါး လွတ်ချင်ပါတယ်ဆိုရင် စိတ်ပေါ်တိုင်း ဝေဒနာပေါ်တိုင်း သိပေးလိုက်ပါ၊ အသိရင့်ကျက်လာရင်ဖြင့် သောတာပန်တည်သွားတာပဲ၊ အရင်တော့ ဖြစ်ပျက်ဒုက္ခကို လှည့်နေတယ်၊ နောက်ကျတော့ မလှည့်ပါဘူး၊ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်၊ ဖြစ်ပျက်ဆုံးအောင် လိုက်ရပါမယ်၊ ဖြစ်ပျက်ဆုံးအောင် လိုက်လိုက်တဲ့အခါ ဆုံးရာဟာ နိဗ္ဗာန်ပဲ၊ ခုနင်က ဖြတ်တဲ့တရား၊ သိတဲ့တရားက မြင်လိုက်တာ၊ မြင်တာနဲ့ တစ်ပြိုင်နက် ပရမ်းပတာဘေး လုံးလုံးလွတ်ပြီ။

ဖြစ်ပျက် ရှုနေတုန်းကလည်း လွတ်နေပြီ၊ သို့သော် အမြစ်မပြတ်ဘူး၊ ဖြစ်ပျက်အဆုံး မြင်လိုက်သည်နဲ့ အမြစ်ပြတ်သွားပါတယ်၊ ပရမ်းပတာဘေးလွတ်သွားပါတယ်၊ ငါသေရင် အပါယ်သွားဦးမှာလားဆိုတာ တန်းရင် သွားမယ်၊ ပြတ်ရင် မသွားဘူး၊ ကိုယ့်ကိုယ်ကိုယ် ပစ္စဝေက္ခဏာ ကိုယ့်ပြတ် မပြတ် မေး၊ ကျွပ်သေလို့ ကောင်းရာသွားမှာလား စိတ်ချရပါ့မလား ခေါင်းဖြူစွယ်ကျိုး စာအုပ်ကလေးကိုင်နေတဲ့သူကို မေးရင် လွဲလိမ့်မယ်၊ မင်းတို့ စိတ်အစဉ်တန်း သူမသိပါဘူး၊ သွားမေးတော့ ရမ်းပြောလိုက်မှာ၊ ကိုယ့်ကိုယ်ကိုယ် မေး၊ သောတာပတ္တိမဂ္ဂသံယုတ်မှာ လာပါတယ်။

အုတ်တိုက်တွေပေါတဲ့ ရွာတစ်ရွာ ဘုရားက ဒေသစာရီ လှည့်သွားတယ်၊ ဘုရားဖို့လည်း အုတ်တိုက်ပဲ တည်ထားတယ်၊ဘုရားက သုံးနှစ်မှတစ်ကြိမ်၊ လေးနှစ်မှတစ်ကြိမ် ဒီနယ်ရောက်တော့ သေနှင့်တာတွေ မနည်းဘူး၊ ရှင်အာနန္ဒာလည်း ပါသွားတယ်၊ အုတ်တိုက်တွေပေါတဲ့ရွာက ရှင်အာနန္ဒာကိုဝိုင်းလျှောက်ကြတယ်၊ ဘယ်သူဖြင့်သေပြီ၊ အခုတော့ သေတာတွေ ဘယ်သူ ဘယ်သူဆိုပြီး နာမည်တွေနဲ့ပေါ့။

ရှင်အာနန္ဒာကလည်း သေစာရင်း ယူပြီး ဘုရားဆီသွားပြန်တယ်၊ ဘယ်သူဖြင့် သေပြီတဲ့ဘုရား၊ ဘယ်များလားပါလိမ့်၊ ဘယ်ဂတိလားပါလိမ့် မေးတယ်၊ ဘယ်သူကဖြင့် သောတာပန်တည်သွားတော့ စတုမဟာရာဇ်နတ်ပြည်မှာ၊ နောက်တစ်ခါ မေးပြန်တယ်၊ ကြာတော့ မဖြေနိုင်ဘူး၊ အသေက များနေတယ်၊ သူတော့ အပါယ်သွားတယ်၊ သူတော့ ဗြဟ္မာ့ပြည်သွားပြီ၊ သူတော့ အနာဂါမ်တည်သွားပြီ၊ ဒီလိုဖြေရတာတွေ မအားတော့ -

ညီတော် အာနန္ဒာ၊ လူသေတိုင်း ငါ့လာမေးတယ်၊ နည်းတဲ့လူတွေမဟုတ်ဘူး၊ အဲဒီတော့ အသေစိတ်ချရတာ အသေစိတ်မချရတာ ငါရှင်းပြမယ်၊ အသေစိတ်ချရတာ မသေစိတ်မချရတာ သူတို့ဟာ သူတို့ သိတယ်၊ သူတို့ ပစ္စဝေက္ခဏာ သူတို့ ဖြတ်နိုင်တယ် မဖြတ်နိုင်ဘူး သူတို့ သိကြတယ်။

တဏှာကဖြင့် ပြိတ္တာဘုံ ပို့မယ်၊ မဂ်ကဖြင့် သုဂတိနိဗ္ဗာန်ပို့မယ်၊ ပစ္စဝေက္ခဏာကပြောနေတယ်၊ပစ္စဝေက္ခဏာက တဏှာနဲ့ဆက်လိုက်လို့ရှိရင် ပြိတ္တာဘုံသွားမယ်၊ တဏှာမလာတော့ဘူး ဝေဒနာဖြစ်ပျက် ရှုလိုက်လို့ ဝေဒနာနောက်က ဝိပဿနာမဂ်ပဲလာတယ်၊ အောက်မဂ်တည်တယ်ဆိုရင် သုဂတိပို့မှာပဲ၊ အထက်မဂ်တည်ရင်လည်း နိဗ္ဗာန်ကျအောင် ပို့ပါတယ်၊ သူ့များ မေးရမှာလား ညီတော် အာနန္ဒာ၊ သူ့တာသူ သိပြီးသားပဲ၊ ကိုယ့်ဟာကိုယ်သာ မေးကြ၊ ကိုယ့်ဟာကိုယ် မေးတတ်အောင်လေးကိုလည်း ကိုယ့်သန္တာန် ပစ္စဝေက္ခဏာ အတန်းကိုမှ ကိုယ်မမြင်လို့ရှိရင်လည်း မမေးနိုင်ပါဘူး။

ကိုယ့်စိတ်အစဉ်တွေ ကိုယ်သိထားတော့မှ ငါသေရင် အပါယ်သွားမှာ ဆိုတာလည်း မဖြတ်လို့ သူ့ဟာသူသိပြီး ဖြတ်တဲ့ပုဂ္ဂိုလ်က ငါဖြင့်မသွားတော့ဘူး ဆိုတာ သိပါပြီ၊ ဝိပဿနာလုပ်ထားတဲ့ ပုဂ္ဂိုလ်မှ ဖြတ်တာ၊ အထိုင်ကတော့ ကောင်းသပေါ့ ဥပုသ်သီတင်းလေးနဲ့၊ ဥပုသ်သီတင်းနဲ့ပေမယ့် တဏှာ ဥပါဒါန် ကံက တန်းနေရင် တခြားစီပါ၊ ဥပုသ်သီတင်းက ဘာဆိုင်တုံး ဝမ်းထဲတန်းတဲ့ တဏှာ ဥပါဒါန် ကံတို့က ပို့ရမှာ၊ ဥပုသ်စောင့်တာက ဥပုသ်တွေ တယ်များတာပဲ၊ မင်းတော့ကွာ စိတ်ချပါ၊ ပြုံးလိုက်လိမ့်မယ်၊ ပြုံးလွဲကြီးပါ၊ မသိတဲ့လူက ပြောတာ ရမ်းပြီးယုံနေ။

ဘုရားက ညီတော်အာနန္ဒာ လူသေတိုင်း ငါ့ကိုမေးမနေနဲ့၊ သူတို့သိပါတယ်၊ ဥပမာ မြင်တယ်၊ လိုချင်တယ်၊ မြင်တာကို ရှုလိုက်လို့ရှိရင် လိုချင်တာ မလာပါဘူး၊ လိုချင်တာ ရှုလိုက်လို့ရှိရင်လည်း ဥပါဒါန်မလာပါ၊ စွဲလမ်းတာ ရှုလိုက်ပြန်ရင်ကော ကံမလာပါ၊ ငါသေရင် ဘယ်သွားမှာတုံး၊ ငါ့မှာ ကုသိုလ်တွေလည်း လုပ်ထားတာ မနည်းဘူး၊ အကုသိုလ်တွေလည်း လုပ်ထားတာ





www.burmeseclassic.com

www.burmeseclassic.com

နည်းဘူး၊ ဘယ်သွားမှာတုံးဆိုတဲ့ဥစ္စာ အမှုမမေးနဲ့၊ ကိုယ်ဖြတ်ထားလို့ရှိရင်ဖြင့် ဖြတ်တဲ့ဉာဏ်ကိုသာ အားကိုး၊ ဖြတ် လိုက်တယ်ဆိုရင်တော့ ဟိုဘက်ကို ပရမ်းပတာဘေားမသင့်ဘူး၊ ဘယ်သူ သူတော်ကောင်းတယ်ဆိုတာ ကိုယ့် ကိုယ်ကိုယ် အသိဆုံး၊ ဘယ်သူ သူတော် ကောင်းလုပ်နေတယ်၊ ပုတီးကြီးကိုင်နေ တယ် ဆိုပေမယ့် ဝမ်းထဲက မနောဒွါရ က ပဋိစ္စသမုပ္ပါဒ်တန်းနေရင် ဘယ့်နှယ် လုပ်ကြမလဲ။

အသံကြားလို့ သာယာတယ်၊ သာယာရင် စွဲလမ်းမယ်၊ စွဲလမ်းရင် အား ထုတ်မယ် တန်းပါတယ်၊ ကိုယ့်စိတ်စဉ် ဘယ်စိတ်လာလာ နောက်က ဉာဏ် လေးနဲ့ ဖြတ်လိုက်လို့ရှိရင် မတန်းနိုင် ပါဘူး ပရမ်းပတာဘေး လွတ်ပါတယ်၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်မိသလား၊ ဖြတ်မိဘူးလား ဒါမေးရုံပဲ၊ မဖြတ်မိရင် ပရမ်းပတာဘေး သင့်မှာပဲ၊ ဖြတ်မိရင် ပရမ်းပတာဘေး မသင့်ပါဘူး။

ကိုယ့်သန္တာန် ပဋိစ္စသမုပ္ပါဒ်နဲ့ အသက်ရှင်နေတာ ဖြစ်နေတော့ ပဋိစ္စ သမုပ္ပါဒ်ဆိုတဲ့ စိတ်အစဉ်ပေါ်တိုင်း နား ပေါက်က ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်လည်း ရှိတယ်၊ နှာခေါင်းပေါက်ကပေါ်တဲ့ ပဋိစ္စ သမုပ္ပါဒ်လည်းရှိတယ်၊ မျက်လုံးပေါ်က ပေါ်တာ၊ လျှာပေါ်က ပေါ်တာ၊ ကိုယ် ပေါ်က ပေါ်တာ၊ မနောပေါက်ကပေါ် တာ ခြောက်မျိုးကို လာတိုင်း လာတိုင်း ဖြစ်ပျက်ရှုပြီး ဖြစ်ပျက်ရှုဆိုတာ ဖြတ် လိုက်တာပဲ။

ဖြတ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် လည်း ပရမ်းပတာဘေးဆီ သွားမလို့လာ တာ သွားခွင့်မပေးပါဘူး၊ ပဋိစ္စသမုပ္ပါဒ် ကို ဝိပဿနာနဲ့ဖြတ်ချလိုက်တယ်၊ ထစ်ခါ တော့ ကျွံသွားပြီဆိုလည်း မကြောက်ပါ နဲ့၊ ဒီတစ်ခါ လွတ်သွားတယ် မဖြတ်မိ ဘူး မကြောက်ပါနဲ့၊ အသက်ရှင်နေသေး လို့ ရှိရင်ဖြင့် နောက်တစ်ခါပြန်ပွားပေါ့၊ ဝိသာခါ ခုနစ်နှစ်ကနေပြီး သောတာပန် တည်တယ်၊ နောက် သူ့ခင်ပွန်းသည်နဲ့ အိမ်ထောင်ကျတော့ သားရေး၊ သမီး ရေး၊ စီးပွားရေးတွေက လစ်ပေမယ့် လည်း ဟိုဟာက ရှေးကျတဲ့အတွက် သူ ပရမ်းပတာဘေး မသင့်ပါဘူး၊ အသက် ရှင်နေသေးတာ ဟူသရွေ့တော့ မှီသေး တယ်။

- ကိုယ့်ပဋိစ္စသမုပ္ပါဒ်ဆိုတာ ၆မျိုး ပဲရှိတယ်၊ မျက်လုံးပေါက်ကလာတာ တစ်မျိုး နားပေါက်ကတစ်မျိုး မြင်တယ်၊ မြင်လို့ရှိရင်ဖြင့် လိုချင်စွဲလမ်းတယ်၊ စွဲလမ်းပြီး လာချင်လာတယ်၊ လာချင် လာ မလာချင်နေ ဒီမြင်စိတ်ကိုပဲ ဖြတ် ချင်ဖြတ်ချလိုက် လိုချင်စိတ်ကကော ဖြတ်ချရပါမယ်၊ စိတ်ကိုပဲ ဖြစ်ပျက်ရှုချင် ရှု မဆက်တော့ဘူး၊ သုဂတိဘေးတောင် မသင့်ပါဘူး၊ သုဂတိလည်း သုဂတိဆိုင် ရာ ဒုက္ခသစ္စာလာမှာ။

ထုံးစံကတော့ ကုသိုလ်ကံဖြင့် လည်း 'ကမ္မဘဝ ပစ္စယာ ဇာတိ' သုဂတိ သွားဦးမှာပဲ၊ အကုသိုလ်ကံဖြင့်လည်း 'ကမ္မဘဝ ပစ္စယာ ဇာတိ' အပါယ်လေး ပါး လာဦးမှာပဲ၊ သုဂတိသွားမှာတွေကို မဖြတ်ချင်နေ ဒုဂ္ဂတိသွားမှာကျတော့ ဖြတ်ဖြစ်အောင်ဖြတ်လိုက်။

သုဂတိသွားမှာကို ဖြတ်နိုင်းတာ ကတော့ နိဗ္ဗာန်အစစ်ကို မြန်မြန်ကြီး ရအောင် ဒုဂ္ဂတိသွားတာကို ဖြတ်ခိုင်း တာကတော့ အပါယ်လေးပါး တားချ လိုက်တာ၊ နိဗ္ဗာန်လိုချင်ဖဲ့ ပုဂ္ဂိုလ်မှန်လို့ ရှိရင် ဒုဂ္ဂတိသွားတဲ့ကံကိုလည်း ဖြတ်၊ သုဂတိသွားတဲ့ကံကိုလည်း ဖြတ်ရပါ မယ်၊ ဒုဂ္ဂတိသွားမယ့်ကံကို အရင်ဖြတ် ဖို့ အရေးကြီးတယ်၊ ကိုယ့်ဟာကိုယ် သိပြီးသားပါ၊ကိုယ်တစ်ယောက်အတွက် ကတော့ ကိုယ်အသိဆုံး။"

သောတာပန် တည်ပြီးသား ပုဂ္ဂိုလ်မှ ပိုသိတယ်၊ အခု သောတာပန် မျိုးစေ့တွေမို့ လာတိုင်း သိအောင်လုပ် နေတယ်၊ ကြာတော့ အသိဆုံးရင် သော တာပန်အသိရောက်တာပဲ၊သိလုံးကလေး တွေ ဆုံးသွားတော့ နိဗ္ဗာန်ပါ၊ နိဗ္ဗာန် ဆိုတော့ နောက်သိတဲ့အသိကျတော့ တကယ့်မဂ်စစ်အသိ၊ အရင်သိနေတာ ကတော့ ဝိပဿနာမဂ်နဲ့ သိနေတာ၊ အရင်ရှုခိုင်းနေတဲ့ အသိက စူဠသော တာပန် အသိ၊ တစ်ဘဝ အပါယ်မလား ဘူး၊ ဒီအသိကလည်း သေးတာမဟုတ် ဘူး၊ သေသွားလို့ရှိရင် သုဂတိရောက် မယ်၊ သုဂတိရောက်ရင် မဟာသော တာပန် ဧကန်ဖြစ်ရမယ်၊ သူကလည်း ညံ့တာမဟုတ်ဘူး၊ အသိဆုံးအောင် လိုက်လိုက်ကြပါ၊ မကောင်းကြဘူးလား၊ ရှင်းကြပလား"

ဆရာမ ပြောပြတဲ့ မိုးကုတ်ဆရာ တော်ဘုရားကြီးရဲ့ တရားတော်အဆုံးမှာ ကျွန်တော်တို့အားလုံး သာဓု သာဓု သာဓုခေါ် ဆိုမိကြပါတယ်။ စောစောက ဆူဆူညံညံ ရှိခဲ့သလောက် ယခုတော့ အတွေးကိုယ်စီနဲ့ တရားကို နှလုံးသွင်း မိပြီး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ဆရာမက တပည့်တွေကိုကြည့်ပြီး ပီတိ ဖြစ်စွာ ပြုံးရင်း ဆရာမ မျက်လုံးအိမ်ထဲ မှာ မျက်ရည်လေးတွေ ဝေ့ဝဲနေတယ်။ တကယ်တော့ ဆရာမရော တပည့်အား လုံးဟာ ဘယ်ဝယ် ဘယ်ဆီ တမ်းတ ကာ မှန်းဆသည်ကို ကိုယ့်ကိုယ်ကိုယ် သာ သိနေကြမည် ဖြစ်ပါတော့သည်။

**ရေနံ့သာအောင်ချမ်းဇော်**

❑



www.burmeseclassic.com

www.burmeseclassic.com

# မပြစ်မှားသင့်သော ခင်ပွန်းကြီးဆယ်ပါး



ဂမုန်းအင်

ခင်ပွန်းကြီးဆယ်ပါးဟု ဆိုလိုက်သည်နှင့်. တချို့က မျက်စိလည်သွားတတ်သည်။ ခင်ပွန်းဟူသော စကားမှာ ဇနီးဖြစ်သူက သူ၏ လင်ယောကျ်ားကို ခေါ်သောစကားဟု အများအားဖြင့် မှတ်ထင်ကြသည်။

သို့သော်ကျေးဇူးရှိသော ပုဂ္ဂိုလ်များကို ခင်ပွန်း ဟုခေါ်ခြင်းကိုမူ နားမလည်သူ များလှသည်။

လူတစ်ဦးနှင့်တစ်ဦး နှစ်လရှည်ကြာပေါင်းခဲ့သည်ကိုမဆိုထားနှင့် တစ်ဦးနှင့်တစ်ဦး အဖော်သဟဲအဖြစ် လေး၊ ငါးဆယ်လှမ်း သွားမိလျှင်ပင် ခင်ပွန်းဖြစ်သွားပြီ။

ဘုရားလောင်း ကျေးမင်းသည် သစ်ပင်ကိုမှီပြီး နေထိုင်စားသောက်ရသောကြောင့် ထိုသစ်ပင်ကို ခင်ပွန်းဟု သတ်မှတ်ခဲ့သည်။ တစ်နည်းအားဖြင့် မိမိကို ကျေးဇူးပြုသူကို ခင်ပွန်း ဟု သတ်မှတ်ခြင်းပင်။

ကျေးဇူးဟူသည် ရုပ်ဝတ္ထုမဟုတ် အကောင်အထည်မရှိ ကိုင်တွယ်၍မရ၊ မိမိကိုကျေးဇူးပြုသူကို နှုတ်စကားဖြင့် "ကျေးဇူး တင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ပါသည်"ဟု လွယ်လွယ်ပင် ကျေးဇူးတင်လိုက်ကြသည်။

ကွယ်လွန်သွားပြီဖြစ်သော စာရေးသူ၏ မိခင်ကြီး မကြာခဏပြောဖူးသော စကားကို သတိရမိသည်။

"သူများကျေးဇူးကို မဆပ်နိုင်ရင်တောင် အမြဲတမ်းအမှတ်ရ သိတတ်နေတဲ့ သူဟာ ဆင်းရဲလည်း ပြောင်ပြောင်ပဲ" ဟူ၏။

ထိုစကားကို မကြာခဏကြားခဲ့ရသောစာရေးသူမှာ ကျေးဇူးတရားကို အလေးအနက်ထားခဲ့သည်။ မိမိအပေါ် ကျေးဇူး ပြုခဲ့သူကို အမြဲတမ်း အမှတ်ရအောက်မေ့ခဲ့သည်။ မမေ့ခဲ့ပါ။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျေးဇူးဟူသည်မှာ ဆပ်၍ မကျေသောအရာပင်။ ကျေးဇူးကို မချေကောင်းပါ။ ကျေးဇူးကို မထေကောင်းပါ။ မည်သည့်အရာနှင့်မျှ ထေ၍ မရပါ။

ထို့ကြောင့်ပင် စာရေးသူသည် ကျေးဇူးပြုခဲ့သူများကို ခင်ပွန်းဟူ သတ်မှတ်ခဲ့သည်။

ထိုသို့သတ်မှတ်ပြီး နောက်ပိုင်းတွင် ခင်ပွန်းကြီးဆယ်ပါး အကြောင်းကို ထဲထဲဝင်ဝင် လေ့လာမိသည်။

ခင်ပွန်းကြီး ဆယ်ပါး ဟူသည် အဘယ်နည်း။ ထိုခင်ပွန်းကြီးဆယ်ပါး ရှိခိုးကန်တော့ခြင်းဖြင့် မည်သည့်အကျိုး ကျေးဇူးများ ရရှိသနည်း။ ခင်ပွန်းကြီး ဆယ်ပါးကို ပြစ်မှားခြင်းဖြင့်ရရှိသော ခံစားရသော ဒဏ် (၁၀)ပါးအကြောင်းနှင့် ခင်ပွန်းကြီးဆယ်ပါးရှိခိုးဂါထာတော် အကြောင်း အပါအဝင် ခင်ပွန်းကြီး ဆယ်ပါးနှင့်ပတ်သက်သော အကြောင်း အချက်အလက်များကို ခံစားမိသမျှ ဝေမျှပေးလိုက်ပါသည်။

ယခုခေတ် ကလေးများသည် ခင်ပွန်းကြီးဆယ်ပါးကို သေချာသိနားလည်သူ ရှားပါသည်။ ခင်ပွန်းကြီး (၁၀) ပါးလုံးကို မပြစ်မှားကြသော်လည်း အများအားဖြင့်မူ မိဘနှစ်ပါးလုံးကို အနည်းနှင့်အများ ပြစ်မှားမိကြသည်။ အကြောင်းမှာ သူတို့သည် မိဘနှစ်ပါးနှင့် အမြဲတမ်းထိတွေ့ ဆက်ဆံနေရသောကြောင့်ပင်။

MRTV-4 ရုပ်သံမှ ထုတ်လွှင့်ပြသနေသော Let's talk အစီအစဉ်တွင် အောင်သမာဓိရွှေဆိုင်ပိုင်ရှင် ဦးအောင် ပြောသောစကားကလေးမှာ မှတ်သားနာယူသင့်သည်။ ဦးအောင် ပြောသော ထိုစကားမှာ -

"ခင်ပွန်းကြီး ဆယ်ပါးကို မသိလိုက် မသိဘာသာလေးတွေ ပြစ်မှားထားတာလေးတွေ မတောင်းပန်ဘူး၊ ဝန်မချတဲ့အခါမှာ အဲဒီအပြစ်တွေက လူတွေကို ပြန်ပြီးတော့ ဥပဒ်ဖြစ်နေတာပါ" ဟူသော စကားဖြစ်သည်။

ထိုစကားမှာ အင်မတန်ပင် သတိပြု မှတ်သားသင့်သည့်စကားပင်။ စာရေးသူ ကိုယ်တိုင်လည်း အကြွင်းမဲ့ ယုံကြည် လက်ခံမိပါသည်။

ယခုခေတ် ကလေးများသည် မိဘက တစ်ခွန်းပြောလျှင် သူတို့က နှစ်ခွန်း သုံးခွန်းမက ပြန်ပြောတတ်ကြသည်။ အဖေတို့ကလည်း၊ အမေတို့ကလည်း ဟူသော စကားကို စိတ်ထဲက မပါသော်လည်း ပြန်ပြောလိုက်ရမှ ကျေနပ်ကြသည်။ ထိုသို့ပြန်ပြောလျှင် အပြစ်ဖြစ်သည်ကို မသိနားမလည်ကြ။

မည်သို့ပင်ဆိုစေကာမူ စိတ်မပါဘဲ ပြောပြော၊ စိတ်ပါ၍ပဲ ပြောပြော အပြစ်က အပြစ်ပင်။

စာရေးသူ၏ ဘဝတွင် မရည်ရွယ်ခဲ့သော်လည်း မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင်ပြုမိသည်ကို ဝန်ခံပါသည်။ ထို့ကြောင့်ပင် စာရေးသူ၏ ဘဝသည် အေးချမ်းမှု မရှိခဲ့ပါ။ ခင်ပွန်းကြီးဆယ်ပါးကို ရှိခိုးကန်တော့တောင်းပန်ခြင်းကို ဘုရားရှိခိုးတိုင်း ရွတ်ဆိုကန်တော့ခဲ့၍ စာရေးသူ၏ ဘဝလေးသည် ယခုအချိန်တွင် အေးချမ်းတည်ငြိမ်ခဲ့သည်။

ခင်ပွန်းကြီးဆယ်ပါးဟူသည် -

(၁) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး။

(၂) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော ပစ္စေကဗုဒ္ဓါ အရှင်ကိုယ်တော်မြတ်ကြီး (ပစ္စေကဗုဒ္ဓါဟူသည် ဘုရားရှင်ကဲ့သို့ တရားတော်များကို သိသော်လည်း ပြန်လည်ဟောကြားခြင်း မရှိသော အရှင်မြတ် ဖြစ်သည်။)

(၃) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော အဂ္ဂသာဝက၊ မဟာသာဝက အရှင်မြတ်များ (ထိုသာဝကများမှာ ဘုရားရှင်၏ ပါရမီကို တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တစ်နည်းအားဖြင့် လေးပုံတစ်ပုံ ပါရမီဖြည့်ရသည့်သာဝကများပင်။ လက်ဝဲရံလေးဆယ်၊ လက်ယာရံ လေးဆယ်ရှိသည့် ထိုအပါး (၈၀) ထဲတွင် ပါဝင်သောရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်မထေရ်နှစ်ပါးသည် အဂ္ဂသာဝကများဖြစ်သည်။ ကျန် (၇၈) ပါးသောပုဂ္ဂိုလ်များကို မဟာသာဝကများဟုခေါ်သည်။ ၎င်းတို့သည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရသောပုဂ္ဂိုလ်များဖြစ်၍ စွမ်းအားရှိပုဂ္ဂိုလ်များဖြစ်သည်။

(၄) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော ရဟန္တာအရှင်မြတ်ကြီးများ။

(၅) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော ယခင်ဘဝနှင့် ယခုဘဝမှ မွေးမိခင်များ။

(၆) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော ယခင်ဘဝနှင့် ယခုဘဝမှ ကျွေးဖခင်များ။

(၇) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော (လောကီအနေနှင့်ကြည့်လျှင်) စာပေ၊ အသက်မွေးဝမ်းကျောင်းပညာများတွင် ကျိုးကြောင်းပြ၍ ဆုံးမသွန်သင်သော ဆရာသမားများ။

(၈) ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ကျင့်ထားသည့် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်များ၊ မိမိထက် သိက္ခာသမာဓိကြီးမားသောပုဂ္ဂိုလ်များ။



www.burmeseclassic.com

www.burmeseclassic.com

(၉) ဂုဏ်ကျေးဇူး ကြီးမားလှကုန်သော ဘုရား၏ တရားတော်တို့ကို ဟောပြောပြသ ဆုံးမပေးသော ဆရာသခင်များ။

(၁၀) ထမင်းတစ်လုတ် ရေတစ်မှုတ်စသည်ဖြင့် ပေးကမ်းချီးမြှင့်ထောက်ပံ့ဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်များ။

အထက်ပါ ပုဂ္ဂိုလ်များကို ခင်ပွန်းကြီးဆယ်ပါးဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။ ထိုခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားသူသည်ဒဏ်(၁၀)ပါးသင့်လေသည်။ ခင်ပွန်းပြစ်မှား ဒဏ်ဆယ်ပါးကို မျက်မှောက် ပစ္စုပ္ပန်ဘဝ၌လည်း တွေ့ကြုံခံစားရမည့်အပြင် အပါယ် ငရဲသို့ပင် ကျရောက်နိုင်ပါသည်။

ခင်ပွန်းကြီးဆယ်ပါးအား ပြစ်မှားသူတို့ ကြုံရမည့်ဒဏ် (၁၀)ပါးမှာ-

(၁) ပြင်းထန်သော ဦးခေါင်းနာစသည့် ဝေဒနာများဖြစ်ခြင်း။

(၂) မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ ဆုတ်ယုတ်ပျက်စီးခြင်း။

(၃) လက်ခြေပြတ်ခြင်း၊ ကိုယ်အင်္ဂါကြီးငယ်ချွတ်ယွင်းခြင်း။

(၄) ကုစား၍မရနိုင်သော ကြီးလေးသည့် ရောဂါများဖြစ်ခြင်း။

(၅) ရူးသွပ်ခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်း။

(၆) မင်းပြစ်မင်းဒဏ်ခံရခြင်း။

(၇) မတရားသဖြင့် စွပ်စွဲခံရခြင်း။

(၈) ဆွေကောင်းမျိုးကောင်း၊ မိတ်ဆွေကောင်း မရရှိခြင်း။

(၉) စည်းစိမ်ဥစ္စာ အခြေအရံပျက်စီးခြင်း။

(၁၀) နေရာတိုက်အိမ်မီးလောင်ပျက်စီးခြင်းတို့တွေ့ကြုံရမည်။

ထိုကဲ့သို့ ပြစ်မှားဒဏ်ကြွေးများကို ကျေစေချင်လျှင် ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုးဂါထာဖြင့် ရွတ်ဆိုရှိခိုးသင့်သည်။ တစ်နေ့ တစ်ရက်တည်း မဟုတ် နေ့စဉ်ရှိခိုးသင့်သည်။

ယခုဘဝတွင် ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားမိသော်လည်း ဘဝအဆက်ဆက် သံသရာအဆက်ဆက်တွင် မပြစ်မှားခဲ့ပါဟု မည်သူမျှမပြောနိုင်ပါ။

ထို့ကြောင့် စာရေးသူကိုယ်တိုင်ပင် ယနေ့အထိ ဘုရားရှိခိုးတိုင်း ခင်ပွန်းကြီးဆယ်ပါးကို ရှိခိုးပူဇော်သည့်ဂါထာတော်ကို အမြဲပင်ရွတ်ဆိုပူဇော်ခဲ့သည်။ အကျိုးများပါသည်။ ၎င်းမှာ -

"ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ
အရဟာ အဂ္ဂသာဝကာ
မာတာပိတု ဂုရုသတ္ထာ
ဓမ္မဒေသကာစ ဒါယကာ
ကမ္မေ ဒသသ မဟာဂုဏော
အဟံ ဝန္ဒာမိ သဗ္ဗဒါ"

ဤဘုရားရှိခိုး ဂါထာတော်ကို ရွတ်ဆိုပြီးလျှင် အောက်ပါဆုတောင်းကို ရွတ်ဆိုစေချင်သည်။ ထိုဆုတောင်းကို ခင်ပွန်းကြီးဆယ်ပါးကို (၃)ကြိမ်ရွတ်ဆိုရှိခိုးပြီးလျှင် စာရေးသူ အမြဲရွတ်ပါသည်။

"ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်မှစ၍ ယခုဘဝတိုင်အောင် တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင် ကျေးဇူးရှင်များအပါအဝင် ခင်ပွန်းကြီးဆယ်ပါးအပေါ်၌ ကာယကံမှုအပြစ်ကြီး အပြစ်ငယ်၊ ဝစီကံမှု အပြစ်ကြီးအပြစ်ငယ်၊ မနောကံမှု အပြစ်ကြီး အပြစ်ငယ်ဖြင့် ပြောမှား ဆိုမှား အပြုအမူမှားများ ရှိပါက ဝန်ချကန်တော့၍ တောင်းပန်ပါသည်ဘုရား၊ (အပြစ်ဟူသမျှ ပြေပျောက်ပါစေသတည်း)"။

ဤသို့ သုံးကြိမ် သုံးခါ ရွတ်ဆိုကန်တော့ခဲ့သော အကျိုးများကြောင့် စာရေးသူ၏ဘဝတွင် လူချစ်လူခင်ပေါများခဲ့သည်။ သားနှစ်ယောက်၏ လုပ်ကျွေး ပြုစုခြင်းကို ခံစားရသည်။ အမိကစိတ်ချမ်းသာရခြင်းပင် ဖြစ်သည်။

ခင်ပွန်းကြီးဆယ်ပါးကို ပူဇော်ကန်တော့သော အကျိုးမှာလည်း (၁၀) ပါးရှိသည်။ ၎င်းတို့မှာ -

(၁) အစားအစာ မရှားပါးခြင်း။

(၂) ရောက်ရာအရပ်၌ ပေးကမ်းပူဇော်ခံရခြင်း။

(၃) ရန်သူမျိုးငါးပါးနှင့် ကင်းဝေးနိုင်ခြင်း။

(၄) လူချစ်လူခင် ပေါများခြင်း။

(၅) ပရိသတ်အလယ်၌ တင့်တယ်စွာ နေနိုင်ခြင်း။

(၆) ကောင်းသတင်းဂုဏ် ကျော်စောခြင်း။

(၇) အခြွေအရံများခြင်း။

(၈) စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ခြင်း။

(၉) ဘေးဒုက္ခကြုံသော် အကူအညီရရှိခြင်း။

(၁၀) သားကောင်း သမီးကောင်းရရှိနိုင်ခြင်းတို့ ဖြစ်သည်။

မပြစ်မှားသင့်သော ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိ၍ ဒဏ်သင့်ပါက ခင်ပွန်းကြီး ဆယ်ပါးကို ရည်မှန်း၍ နေ့စဉ် ရှိခိုးပူဇော်ခြင်းဖြင့် ကောင်းကျိုး (၁၀)ပါး ရရှိစေနိုင်သည်ကို ယုံကြည်စေချင်ပါသည်။

ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိသော ဒဏ်ကြွေးများ ပြေပျောက်ငြိမ်းအေးကြပါစေဟု ဆုတောင်း ဆန္ဒပြုပါသည်။

**ဂမုန်းအင်**

❑



www.burmeseclassic.com

www.burmeseclassic.com









## I.B.C တွင် ကျင်းပသည့်

# နိဗ္ဗာန်အကြောင်း တစေ့တစောင်း

## ဟောပြောပွဲအခမ်းအနား

ဗုဒ္ဓစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)၏ 'နိဗ္ဗာန်အကြောင်း တစေ့တစောင်း' အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဟောပြောပွဲ အခမ်းအနားကို အမှတ် ၁ ပြည်လမ်း၊ ရန်ကုန်မြို့ရှိ I.B.C (International Business Centre) တွင် ၉ - ၁ - ၂၀၁၇၊ တနင်္လာနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဆရာကြီး၏ တပည့်ယောဂီများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ မြဝတီရုပ်သံအစီအစဉ်ကလည်း ဆရာကြီးအား လာရောက်တွေ့ဆုံ မေးမြန်းခဲ့ပြီး မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။

အခမ်းအနားတွင် ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်ကို ဗွီဒီယိုဆလိုက်ဖြင့် ပြသခြင်း၊ ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန)၏ တပည့်ယောဂီ သုံးဦးတို့က ဆရာကြီး၏ လမ်းညွှန်မှုဖြင့် ဝိပဿနာတရား အားထုတ်ခဲ့သည့် အတွေ့အကြုံများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဆွေးနွေးတင်ပြခြင်း၊ ဆရာကြီးက နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဟောပြောပို့ချခြင်း၊ အခမ်းအနား တက်ရောက်လာသည့် ပရိသတ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဟောပြခြင်းနှင့် ပရိသတ်များအား လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း စသည့် အစီအစဉ်များ ပါဝင်ခဲ့သည်။

အဆိုပါ အခမ်းအနား၌ ဆရာကြီးအား မြဝတီရုပ်သံမှ လာရောက်တွေ့ဆုံ မေးမြန်းခန်းကို ၁၃ - ၁ - ၂၀၁၇ နှင့် ၁၈ - ၁ - ၂၀၁၇ နေ့များတွင် မြဝတီရုပ်သံ အစီအစဉ်မှ ပြန်လည်ထုတ်လွှင့် ပြသခဲ့သည်။

**နေမင်းကျော်**

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှအဆက်**

ကိုဘေးကနေ ဂျပန်ရဲ့ ရှေးဟောင်းမြို့တော် ကျိုတိုကို ကျည်ဆန်ရထားနဲ့သွားခဲ့ကြပြီး ကျိုတိုဘူတာကြီးမှာ ဆင်းကာ ကျိုတိုက ရှင်တိုဘုရားကျောင်းကို ကားကြီးနဲ့ ဆက်သွားခဲ့ကြပါတယ်။ ဘုရားကျောင်း တောင်ခြေက ပြန်ဆင်းလာပြီး ကားနဲ့ ကျိုတိုမြို့ထဲ ခရီးဆက်ကြပြန်ရဲ့။ မကြာခင်မှာ ကျိုတိုမြို့ရဲ့ တိုက်တာတွေထူထပ်တဲ့အပိုင်းကို ရောက်လာပါတယ်။ အဲဒီမှာလည်း ရှေးဟောင်း သစ်သားဘုရားကျောင်းကြီးကို တွေ့လိုက်ရတယ်။ ဒါဟာ ဟွန်ဂန်ဂျီဘုရားကျောင်းကြီးပါ။


ကျောင်းဘေးမှာတော့ ဂျပန်နဲ့ အင်္ဂလိပ်စာတွေ ရေးထိုးထားတဲ့ သစ်သားပြားကြီး ရှိနေပါတယ်။ ကျောင်းကြီးကို ချယ်ရီပင်၊ ထင်းရှူးပင်အိုကြီးတွေနဲ့ ဝန်းရံထားပြီး အတော်ခံ့ညားပါတယ်။ ပတ်လည်က ရေမြောင်းတစ်လျှောက်ကလည်း သန့်လို့ပါ။ ကျောင်းကြီးရဲ့ အနက်ခံသစ်သားတန်းတွေနဲ့ အမိုးကော့ကြီးတွေရဲ့ အဖျားကို ရွှေနားကွပ်ထားလို့ ပိုပြီးတန်ဖိုးမြင့်တက်နေရဲ့။ ကျောင်းပတ်လည်က နံရံတံတိုင်းဖြူဖြူကြီးမှာလည်း ဂျပန်စာတွေနဲ့အတူ (Now, Life is living you. Agora, a Vida, vive voce!)လို့ ရေးထားပါတယ်။

အဲဒီဘုရားကျောင်းရှေ့ ပလက်ဖောင်းမှာတော့ ရိုးရာကီမိုနို အစိမ်းရောင်ရင့်ရင့် ပြောင်တစ်ထည်ကို ဝတ်ထားတဲ့ အမျိုးသားကြီးတစ်ဦးကို ကီမိုနိုဝတ် အမျိုးသမီးတွေကြားမှာ ရှားရှားပါးပါး တွေ့လိုက်ရရဲ့။





ဂျပန်နိုင်ငံ၊ ကျိုတိုမြို့ဟောင်းက ရှေးဟောင်းသစ်သားထည် ဟွန်ဂန်ဂျီဘုရားကျောင်းကြီး





www.burmeseclassic.com


www.burmeseclassic.com



ဂျပန်နိုင်ငံ၊ ကျိုတိုမြို့ဟောင်းက ရှေးဟောင်းသစ်သားထည် ဟွန်ဂန်ဂျိဘုရားကျောင်းကြီး



ကျိုတိုမြို့ဟောင်း ရှေးကျောင်းတော်ကြီးသို့ အဝင်တစ်လျှောက်





ဟွန်ဂန်ဂျိဘုရားကျောင်းကြီးရှေ့က ရိုးရာဝတ်စုံဝတ် ဂျပန်များ

## ...ဟွန်ဂန်ဂျိ (Higashi Honganji)

ဒါဟာ Pure Land ဗုဒ္ဓဘာသာ အယူအဆ လက်ခံ ...ထားခဲ့ဖြစ်တဲ့ the Shinshu otani-ha ရဲ့ မိခင်ဘုရားကျောင်း ...ပါ။ ကျိုတိုမြို့တော်က ကမ္ဘာမှာ အကြီးဆုံး သစ်သား ...အဆောက်အအုံပေါ့။ Shinshu Hombyo လို့ခေါ်ပြီး အများ ...အားဖြင့် အရှေ့ဟွန်ဂန်ဂျိ (Honganji)(Higashi)လို့ ထင်ရှား ...တာ အနောက်ဟွန်ဂန်ဂျိ(Nishi)ဆိုတဲ့ ကျောင်းလည်း ရှိပါ ...သေးတယ်။

တည်ထောင်သူ Shinran (၁၁၇၃-၁၂၆၂)ရဲ့ အငယ်ဆုံး ...သမီး Kakushin-ni ဟာ သူမ ဖခင်ရဲ့ပုံကို ထည့်သွင်းပြီး ...၁၂၇၂ ခုက Higashiyama Otani မှာ ဂူဗိမာန် တည် ...ဆောက်ခဲ့ချိန်မှစပြီး ဟွန်ဂန်ဂျိ ဖြစ်ပေါ်လာခဲ့တယ်။ ၁၅၉၁ ...မှာ ဟွန်ဂန်ဂျိရဲ့ ၁၁ ပါးမြောက်ဘုန်းတော်ကြီး Kennyo ...က Toyotomi Hideyoshi ထံကနေ မြေကိုလက်ခံရရှိပြီး ...မှာ အနောက် ဟွန်ဂန်ဂျိဘုရားကျောင်းကို Shichijo ...Horikawa မှာ တည်ဆောက်ခဲ့ပါတယ်။ ပသို့ဆိုစေ ၁၆၀၂ ...မှာ ထိုကူဂါဝါ (Ieyasu) ဟာ Karasuma Rokujo က ဒီနေရာကိုလှူဒါန်းခဲ့လို့ အဲဒီမှာ ၁၂ ပါးမြောက်ဘုန်းတော်ကြီး Kyonyo က အခြားကျောင်းဝင်းတစ်ခုကို တည်ဆောက်ခဲ့တယ်။ ဒါကြောင့် ဟွန်ဂန်ဂျိဟာ အဓိကလက်ခံ နှစ်ခုအဖြစ် သီးခြားစီ ဖြစ်လာခဲ့ပါတယ်။

လက်ရှိဘုရားကျောင်းခန်းမကို ၁၈၉၅ခု မေဂျီခေတ်မှာ ပြန်တည်ဆောက်ခဲ့ပြန်တယ်။ အဲဒီဘုရားကျောင်းကိုထူထောင်တဲ့ Shinran ရဲ့ ရုပ်တုကို တည်ထောင်သူရဲ့ခန်းမ (the Goei-do)မှာ ထားရှိပါတယ်။


အဲဒီဘုရားကျောင်းနားမှာပဲရှိတဲ့ Kyoto Yodobashi အဆောက်အအုံက ဂျပန်ရိုးရာစားသောက်ဆိုင်ကို လမ်းလျှောက်သွားကြပြီး အဲဒီမှာပဲ နေ့လယ်စာ စားခဲ့ကြပါတယ်။ ဝါးချောင်းလေးတွေနဲ့ ထိုးတားတဲ့ အသားစိမ်းလွှာတွေ၊ အသီးအရွက်တွေကို ကိုယ်တိုင်ယူပြီး စားပွဲအလယ်က မီးဖိုအကြော်သံခွက်ထဲမှာ ကြော်စားရတာပါ။ ဘူဖေးသဘောမျိုး အသားကြော်၊ အသီးအရွက်ကြော်တွေကို စားရတာပေါ့။ မီးဖိုဘေးမှာ ဆော့စ်နဲ့ ပြောင်းဖူးမှုန့်တွေ အသင့်ထားရှိပေးတော့ ဝါးချောင်း





www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံ၊ ကျိုတိုမြို့ဟောင်းက ရှေးဟောင်းသစ်သားထည်
ဟွန်ဂန်ဂျီဘုရားကျောင်းကြီး

ထိပ်က အသားတွေကို အဲဒါတွေနဲ့လူးပြီး အကြော်ဆီထဲ ထည့်စိမ်ထား၊ ကျက်လောက်တော့ ဘေးက သံစကာမှာ ဆီစစ်ပြီး အချဉ်နဲ့တို့စားကြရလို့ တစ်မျိုးထူးခြားတဲ့ နေ့လယ်စာဖြစ်သလို အလုပ်လည်းရှုပ်လှပါတယ်။ စားပွဲခုံအသီးသီးရဲ့



အလယ်မှာ အကြော်ဆီအိုးတွေရှိနေကြတဲ့ စားသောက်ခန်းပေမယ့် ညော်နံ့တော့ လုံးဝမရှိပါဘူး။

အဲဒီအဆောက်အအုံထဲမှာ ဈေးဆိုင်တွေ၊ ငွေလဲတဲ့ ဌာနတွေလည်း ရှိပါတယ်။ သန့်စင်ခန်းတွေကလည်း အလွန်ကောင်းပါရဲ့။ နေ့လယ်စာစားပြီး ကားရှိရာ ဘုရားကျောင်းဘေးကို အပြန်မှာ သတို့သမီး ဝတ်စုံဆိုင်တစ်ဆိုင်ကို ဖြတ်ရတော့ သစ်ခွပန်းတွေနဲ့ လုပ်ထားတဲ့ ညနေခင်းဝတ်စုံ ဂါဝန်ကားကားကြီးကို တွေ့လိုက်ရတယ်။ ဂါဝန်အောက်ပိုင်းဟာ ခရမ်းရောင် ဒင်ဒရိုဗီးယန်းသစ်ခွအခက်တွေ တွဲကျလို့။

ကားကြီးပေါ် ပြန်တက်ပြီး ဆက်လက်ထွက်ခွာလာခဲ့ကြပါတယ်။ လမ်းမှာ ကာစီနိုရုံတွေရှိတဲ့ (Pachinko) အဆောက်အအုံနဲ့ မက်ဒေါနယ် စားသောက်ဆိုင်လေးလည်း တွေ့လိုက်ရတယ်။

**ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ရွှေကျောင်းတော်ကြီး**
**(the Golden Pavilion)(Rokuon-Ji Temple)**

ဒီတစ်ခါ ဆက်လက်သွားရောက်ရတာကတော့ ဂျပန်ခရီးစဉ်မှာ မသွားမဖြစ် သွားရောက်ကြရတဲ့ ကျိုတိုမြို့ဟောင်းရဲ့ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံ (Historic Monuments of Ancient Kyoto)တွေရှိရာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာ (world cultural heritage site)က ရွှေကျောင်းတော်ကြီးပါ။

ရွှေကျောင်းတော်ကြီးဝင်းကို ဝင်ဖို့ ရပ်နားကွင်းကြီးမှာ ကားကို ရပ်ထားခဲ့ကြရတယ်။ ကွင်းထဲမှာ ခရီးသည်ကားတွေလည်း အများကြီးရောက်ရှိနေပေါ့။ ကျောက်ခဲမီးခိုးရောင် သေးသေးလေးတွေ ကြဲဖြန့်ပြီး ခင်းထားတဲ့ လမ်းအတိုင်း လျှောက်ဝင်ခဲ့ကြတယ်။ လမ်းဘေးက လက်တန်းတွေကို ဝါးစိမ်းစိမ်းလေးတွေနဲ့ ခပ်ရိုးရိုးပဲ သဘာဝကျကျအရံအတား လုပ်ထားပါတယ်။

အနည်းငယ် လျှောက်မိတာနဲ့ ရှေးလက်ရာမပျက် ဆေးခြယ်ပြုပြင် အမွမ်းတင်မထားတဲ့ ရှေးကအဆောက်အအုံတွေကို တွေ့လာရတယ်။ သစ်သားထည် ရှေးကျတဲ့အဆောင်တွေ၊ သစ်သားရုံလေးတွေ၊ အမှတ်တရ အထိမ်းအမှတ်ကျောက်တုံးတွေ၊ အမိုးပါတဲ့ စာတိုင်လေးတွေ၊ မည်းမည်းမှောင်မှောင် အမိုးကော့နဲ့ ဝင်ပေါက်တွေ အစီအရီရှိနေရဲ့။ စတီးလက်ရန်းတွေထည့်၊ ကြွေပြားတွေခင်း၊ ယူပီဗီဂျီဆေးဝါ တွေသုတ် လုပ်တတ်တဲ့ ကိုယ့်တို့ဆီက ဘက်စုံပြုပြင်ရေး


www.burmeseclassic.com

www.burmeseclassic.com

သမားတွေကို ပြချင်လိုက်တာ၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းတယ်ဆိုတာ ဘယ်လိုဖဲလို့ပေါ့။

အဝင်လမ်းတစ်နေရာမှာတော့ သစ်သားတိုင်၊ သစ်သားဘောင်တွေနဲ့ လုပ်ထားတဲ့ ဘုတ်ကြီးနဲ့ ဖော်ပြထားတဲ့ အဝါရောင်မှတ်တမ်းတစ်ခုကို တွေ့ရပါတယ်။

(In conformity with the Convention concerning the Protection of the World Cultural and Natural Heritage adopted by the United Nations Educational, Scientific, and Cultural Organization (UNESCO), Rokuonji Temple is inscribed on the World Heritage List as a Historic Monument of Ancient Kyoto. It is thus internationally recognized as a place of exceptional and universal values: a cultural heritage site worthy of preservation for the benefit of all of mankind.

Originally built in the Kamakura Period (1185-1332) as an aristocrat's country estate, and taken possession of in 1379 by retired shogun Ashikaga Yoshimitsu, who turned it into a supremely refinded and elegant country villa called Kitayama-dono (the Kitayama palace), Rokuonji's birth as a Buddhist temple occured in 1422, when following Yoshimitsu's death, it was converted into a Zen temple, with the monk Muso Soseki as its founding abbot. The temple later fell into decline; however,

the Golden Pavillion and temple gardens were largely restored during the Edo Period (1615-1867).

The temple garden was designed to incorporate Mt.Kinugasarama as shakkei or 'borrowed scenery'. In the course of creating the garden, various specially selected rocks were installed in the existing pond; the Shariden, better known as the Kinkaku or "Golden Pavilion", was constructed; and a scenic lookout site was built at the top of the mountain. Overlooking the pond is the Golden Pavillion.

This magnificient structure, with its shingled roofs and with its second and third floors entiredly gilded with gold leaf, epitomizes the so-called "Kitayama



ကျိုတိုမြို့ဟောင်း ရွှေကျောင်းတော်ကြီးသို့ အဝင်တစ်လျှောက်





ကျိုတိုမြို့ဟောင်း ရွှေကျောင်းတော်ကြီးရဲ့ ဥယျာဉ်တော်အထွက်လမ်း

Culture"လို့ ဖြစ်ပါတယ်။


ကုလသမဂ္ဂပညာရေး၊ သိပ္ပံနဲ့ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ဦးစီးကျင်းပသော ကမ္ဘာ့ယဉ်ကျေးမှုနဲ့ သဘာဝအမွေအနှစ် ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ ညီလာခံ (the Convention)နဲ့ လိုက်လျောညီထွေစွာ Rokuonji Temple ကို ကမ္ဘာ့အမွေအနှစ် စာရင်းမှာ ရှေးဟောင်းကျိုတိုမြို့ရဲ့ သမိုင်းဝင်အဆောက်အအုံအဖြစ် ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် ယင်းကျောင်းတော်ကို ကမ္ဘာလုံးဆိုင်ရာတန်ဖိုးရှိတဲ့ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com







ကျိုတိုမြို့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ရွှေကျောင်းတော်ကြီးကို လှမ်းမြင်ရပုံ

သော နေရာအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုခဲ့တယ်။ လူသားအားလုံးအကျိုးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပြုသင့်တဲ့ ယဉ်ကျေးမှု အမွေအနှစ်နေရာလည်း ဖြစ်ပါတယ်။

မူလက ကမာကုရခေတ်(၁၁၈၅-၁၃၃၂)မှာ မင်းမျိုးစိုးနွယ်ဝင်တွေရဲ့ ကျေးလက်စံအိမ်အဖြစ် တည်ဆောက်ခဲ့ပြီး အငြိမ်းစားယူထားတဲ့ ရှိုဂန် အရှီကာဂါ ယိုရှီမိတစု (Ashikaga Yoshimitsu)က ၁၃၇၉ ခုမှာ သိမ်းယူပိုင်ဆိုင်ခဲ့တယ်။ သူက ယင်းကို အထူးတလည် မွမ်းမံခဲ့ပြီး (Kitayama-dono)(the Kitayama palace)နန်းဆောင်ခေါ် သပ်ရပ်ကြော့မော့တဲ့ ကျေးလက်အိမ်ကြီးရခိုင်အဖြစ် ပြောင်းလဲလိုက်တယ်။

ယိုရှီမိတစု ကွယ်လွန်ပြီးနောက် ၁၄၂၂ ခုမှာတော့ Rokuonji ဟာ ကျောင်းထိုင်ဘုန်းကြီးအဖြစ် (Muso Soseki) ရဲ့ အခြေချမှုနဲ့အတူ ဆက်လက်ကာ ဇင်(Zen)ဗုဒ္ဓဘာသာ ဘုရားကျောင်းအဖြစ် အသွင်ပြောင်းလဲ ပေါ်ပေါက်လာခဲ့ပါတယ်။ ဘုရားကျောင်းဟာ နောက်ပိုင်းမှာ အကျပိုင်းကို ဆင်းပြီး မှေးမှိန်သွားခဲ့တယ်။ ဒါပေမဲ့ ရွှေကျောင်းတော်ကြီးနဲ့ ဘုရားကျောင်းဥယျာဉ်တွေကို အီဒိုခေတ်(၁၆၁၅-၁၈၆၇ ခု) အတွင်းမှာ အကြီးစား ပြန်လည်ပြုပြင်ခဲ့ကြတယ်။

ဘုရားကျောင်း ဥယျာဉ်ကို Mt.Kinugasarama တောင်နဲ့ ပေါင်းစပ်ပြီး shakkei မွေးစားယူလိုက်တဲ့ သဘာဝ ..ခင်း (borrowed scenery)အဖြစ် ဒီဇိုင်းလုပ်ကာ ပြုပြင်ယူခဲ့ ..ယ်။ ဥယျာဉ်ကို ဖန်တီးနေစဉ်တစ်လျှောက်မှာ အထူး ရွေး.ချယ်ထားတဲ့ ကျောက်တုံးအမျိုးမျိုးကို ရှိနှင့်ပြီးသား ရေကန်ထဲမှာ နေရာချထား ထည့်သွင်းခဲ့ပြီး ရွှေကျောင်းကြီး ကင်ကာ.ကု(the Kinkaku)လို့ ပိုပြီး သိရှိထင်ရှားခဲ့တဲ့ the Shariden ..ို တည်ဆောက်ခဲ့ပါတယ်။

မြင်ကွင်းလှတဲ့ ရှုခင်းသာတစ်ခုကိုလည်း တောင်ထိပ်မှာ တည်.ဆောက်ခဲ့လို့ ထန်ရေပြင်ကို ရွှေကျောင်းကြီးက စိုးမိုးနေရဲ့။ ..စ်သားအုတ်ကြွပ်ပြား အမိုးတွေနဲ့ ခမ်းနားကြီးကျယ်တဲ့ ဒီ..ဆောက်အအုံကြီးရဲ့ ဒုတိယနဲ့ တတိယထပ်တွေ တစ်ခုလုံးကို ရွှေဆိုင်းပြားချပ်တွေနဲ့ ရွှေချခဲ့ပြီး ကီတာရာမယဉ်ကျေးမှု (the Kitayama Culture) ခေါ် စံနမူနာပြ သရုပ်သကန်ကို ဖြစ်စေခဲ့တယ်လို့ အဝါရောင် မှတ်တမ်းမှာ ဆိုထားပါတယ်။

ဂျပန်-ကျိုတိုမြို့ (Kita-ku)၊ (Kinkakuji-cho)က ဒီ(Kinkakuji Temple)(Rokuon-ji Temple) (Golden Pavilion)ရွှေဘုရားကျောင်းကြီးရဲ့ မူလအဆောက်အအုံကို ၁၅ ရာစုမှာ တည်ဆောက်ခဲ့ကာ ယနေ့ မြင်တွေ့ရမယ့် အဆောက်အအုံကတော့ ၁၉၅၀ က ရှော့မှုမဖျက် ပြန်လည် တည်ဆောက်ထားတဲ့ လက်ရာဖြစ်ပါတယ်။

ရွှေပြာသာဒ်ဆောင်(the Golden Pavillion) ကင်ကာကုဟာ ဗုဒ္ဓရဲ့ဓာတ်တော် (relics)တွေကို ထိန်းသိမ်းထားတဲ့ shariden တစ်ခုနဲ့ ဘုရားခန်းကြီး(Buddhist hall)လည်း ဖြစ်ပါတယ်။ ရွှေပြာသာဒ်ဟာ Kinkakuji ဘုရားကျောင်းလို့ အများက ခေါ်နေကြတဲ့ ယခင်က ရိုကူအွန်ဂျိ (Rokuon-ji



www.burmeseclassic.com

www.burmeseclassic.com

mple)(Temple of Golden Pavillion)ဘုရားကျောင်းတော်ရဲ့ အစိတ်အပိုင်းတစ်ခုပါ။ ရိုကူးအွန်ဂျီဟာ (the Rinzai Sect)ဂိုဏ်းရဲ့ (the Shokokuji School)ဇင်ဗုဒ္ဓဘာသာ ဘုရားကျောင်း ဖြစ်ပါတယ်။

ဒီဧရိယာဟာ မူလကတော့ နိုင်ငံတော်လူကြီးမင်း (Saionji Kintsune)ပိုင်တဲ့ (Kitayama-dai)ခေါ် ရိပ်သာ (Villa) နေရာပါ။ မူရိုမချီခေတ်(the Muromachi Period) ရဲ့ တတိယမြောက် ရှိုဂန်၊ အရှိကာဂါ ယိုရှိမိတစု(Ashikaga Yoshimitsu)က ဒီနေရာကို သဘောကျ နှစ်ခြိုက်ကာ the Saionji မိသားစုထံမှ ၁၃၉၇ ခုမှာ ရယူလိုက်ပြန်တယ်။ အဲဒီနောက် ယင်းကို Kitayamaden လို့ သူကိုင်တိုင် အမည်ပေးလိုက်ပြီး သူ့ရိပ်သာအဖြစ် ပြန်လည်တည်ဆောက်ဖြန်ရဲ့။

အလယ်ဗဟိုမှာ ရွှေပြာသာဒ်တော်ကြီး ရှိနေတဲ့ ဥယျာဉ်နဲ့ အဆောက်အအုံတွေဟာ ဒီကမ္ဘာမှာ ဗုဒ္ဓရဲ့ (the Pure Land)သန့်စင်နယ်မြေအဖြစ် ကိုယ်စားပြုနေတယ်လို့ ဆိုကြရဲ့။ ရိပ်သာဟာ အလားတူပဲ ဇင်ဆရာ(Zen teacher) ဖြစ်တဲ့ (Ikkyu) ရဲ့ ခမည်းတော်(Emperor Gokomatsu)နဲ့ အခြားလူကြီးလူကောင်းအဖွဲ့ဝင်တွေကို တရားဝင် ဧည့်ခံတဲ့ ဧည့်ရိပ်သာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့တယ်။

မူရိုမချီခေတ်အတွင်းမှာ တရုတ်ပြည်နဲ့ ကုန်သွယ်ရေးတွေလည်း ပွားစီးခဲ့လို့ ရိပ်သာရဲ့ ဂုဏ်ကျက်သရေဟာ အမြင့်ဆုံးသို့ ရောက်ရှိကာ ကိတယာမ (Kitayama Culture)လို့ ထင်ရှားလာတဲ့ယဉ်ကျေးမှုရဲ့ ဗဟိုချက်ဖြစ်လာပါတော့တယ်။

ယိုရှိမိတစု ကွယ်လွန်သွားပြီးနောက်မှာ သူ့ဆန္ဒအတိုင်း ထိန်းသိမ်းစောင့်ရှောက်ကာ ရိပ်သာကို ဘုန်းတော်ကြီး Priest Musokokushi က ဘုရားကျောင်းအဖြစ်သို့ ပြောင်းလိုက်ကာ သူလည်း ပထမဆုံးကျောင်းထိုင်ဆရာတော်ဖြစ်လာပါတယ်။ ဘုရားကျောင်းရဲ့အမည် Rokuon-ji ဟာ နောက်လောကကမ္ဘာ (next world) အတွက် ယိုရှိမိတစု ပေးခဲ့တဲ့အမည် Rokuon-in-den ကနေ ဆင်းသက်လာတာပါ။ ၁၉၉၀ ခုမှာ Rokuon-ji ဟာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာ (World Cultural Heritage Site) အမည်စာရင်း ဝင်သွားပါတယ်။

ရွှေကျောင်းကြီးရှိရာဝင်းကို ဝင်ဖို့ ရှေးဟန်အတိုင်း တည်ဆောက်ထားတဲ့ လက်မှတ်ရုံမှာ ဝင်ခွင့်လက်မှတ်ဝယ်ပြီး ဝင်ခဲ့ရပါတယ်။ ၁၆ နှစ်အထက် လူကြီးတွေက ယန်း ၄၀၀ (မြန်မာငွေ ၄၀၀၀ကျပ်ခန့်)ကျပြီး ၇နှစ်မှ ၁၅နှစ်အထိ





ကျိုတိုမြို့ဟောင်း ရွှေကျောင်းတော်ကြီးရဲ့ ဥယျာဉ်တော်အထွက်လမ်း




ရွှေကျောင်းတော်ကြီးရဲ့ ဥယျာဉ်တော်အထွက်လမ်းမှ ရိုးရာဓလေ့ ကျောက်စမ်းရေစင်

ကလေးတွေကတော့ ယန်း ၃၀၀ (မြန်မာငွေ ၃၀၀၀ကျပ်ခန့်) ပေးရတယ်။ ဝင်ခွင့်လက်မှတ်နဲ့အတူ ရွှေကျောင်းတော်ကြီးဆိုင်ရာ မှတ်တမ်းစာရွက်လေးတွေလည်း ဝေပေးလိုက်ပါတယ်။ အဝင်ဝက ရှေးရိုးဂျပန်တွေလို ဝတ်ဆင်ထားတဲ့ အစောင့်ဂျပန်ကြီး လမ်းညွှန်တဲ့အတိုင်း ရွှေကျောင်းတော်ရှိရာ ဥယျာဉ်တော်အတွင်းပိုင်းကို ကျောက်ခဲလေးတွေဖြူးထားတဲ့ လမ်းလေးတစ်လျှောက် တန်းစီပြီး ဆက်လက်ဝင်ရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com




ကျိုတိုမြို့ဟောင်း ရွှေကျောင်းတော်ကြီးရဲ့ ဥယျာဉ်တော်မှ ကျောက်စေတီငယ်လေး

ကြတယ်။ ဝေ့ဝေ့ဝိုက်ဝိုက် ကျောက်ခင်းလမ်းလေးဘေးမှာ တော့ ဝါးစိမ်းတိုင်လေးတွေစိုက်ပြီး အရံအတား လုပ်ထား ပါတယ်။ ခရီးသွားတွေ များလိုက်တာလည်း ကြိတ်ကြိတ်တိုး ပါပဲ။

## ဥယျာဉ်တော်

ရွှေကျောင်းတော်ကြီးရဲ့ ဥယျာဉ်တော် အလယ် ကောင်မှာ ကျောင်းတော်ကြီးတည်ရှိရာ ကန်တော်မင်္ဂလာ တည်ရှိပါတယ်။ ကန်ရဲ့နောက်မှာတော့ တောင်တန်းကြီးနဲ့ တောအုပ်ရှိနေရဲ့။ အဲဒီကန်ထဲမှာမှ ထင်ရှူးပင်ကိုင်းကိုင်း လေးတွေနဲ့ ကျောက်ဆောင်ကျွန်းကြီးနဲ့ ကျွန်းငယ်လေးတွေ ရှိနေရဲ့။ ကန်ပတ်လည်မှာ သစ်သားနဲ့ ဝါးတန်း အရံအတား လေးတွေက ဝန်းပတ်ထားရဲ့။

ဥယျာဉ်တော်အတွင်းမှာတော့ ပြည်နယ်အသီးသီးက ပြည်နယ်သူကောင်း (provincial lords)တွေ ပေးပို့လှူဒါန်း လာတဲ့ ကျောက်တုံးတွေကို နေရာအနှံ့ဖြန့်ကြက်ကာ အလှ ဆင်ထားပါတယ်။ ဒါဟာ (Strolling) အတွက် ကန်တော် ဥယျာဉ်ဒီဇိုင်းတစ်ခုအဖြစ် မူရိုမချိခေတ်(Muromachi period) ကာလရဲ့ စံပြပုံသဏ္ဌာန်ပါ။ ဥယျာဉ်တော်ဟာ အမျိုးသား သမိုင်းဝင်နေရာထူး (National Special Historic Site)နဲ့ ရှုခင်းအလှထူးတဲ့နေရာ (Special Place of Scenic Beauty) ဖြစ်ပါတယ်။

ကန်ရဲ့အနောက်ဘက်ကျကျမှာတော့ လေးထောင့် စပ်စပ်အဆောင်နဲ့ သုံးထပ်ရွှေကျောင်းတော်ကြီးဟာ တည်ငြိမ် သော ပုံစံနဲ့ တည်ရှိနေတယ်။ ရွှေကျောင်းတော်ကြီးရဲ့ အောက်ဆုံးထပ် (first level)ဟာ ၁၁ ရာစု မင်းမျိုးမင်းနွယ် အထက်တန်းလွှာ(the imperial aristocracy)တွေရဲ့ ရှင်ဒန်း စတိုင်(shinden style)နဲ့ တည်ဆောက်ထားတဲ့ သစ်သား မှောင်မှောင်တံခါးပေါက်တွေနဲ့ အဖြူရောင်နံရံတွေရှိတဲ့ ခပ်ရိုးရိုး အထပ်ပါ။ ဒုတိယထပ်(second level)ကတော့ မထမထပ်နဲ့ ရှယ်တူအထပ်ပေမယ့် ရွှေရောင်အပြည့်သုတ်ထားကာ ရဲမက် ဗိုလ်ပါ အထက်တန်းလွှာ(the warrior aristocracy)တွေရဲ့ buke စတိုင်နဲ့ တည်ဆောက်ထားပါတယ်။ နှစ်ထပ်လုံးမှာ ပြတင်းပေါက်တွေ မရှိဘဲ အပြည့်ပိတ်ထားရဲ့။




ကျိုတိုမြို့ဟောင်းရဲ့ ရိုးစင်းတဲ့ သဘာဝအလှများ



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယထပ်ရဲ့ အမိုးနက်နက်ပေါ်မှာတော့ တစ်ခန်းစာလောက် ပိုသေးသွားတဲ့ အပေါ်ဆုံးအဆင့် တတိယထပ်ရှိတယ်။ တရုတ် (the Chinese zenshu-butsuden style) ပုံစံနဲ့ တည်ဆောက်ထားတဲ့ ဒီအထပ်ဟာလည်း ရွှေရောင်အပြည့်နဲ့ပါပဲ။ သို့ပေမဲ့ တတိယထပ်မှာတော့ ပိတ်ထားတဲ့ ပြတင်းပေါက်တွေ ရှိရဲ့။

ကင်ကာကု(Kinkaku)ရဲ့ အထပ်နှစ်ထပ်လုံးမှာ ရွှေရောင်ဝင်းနေရတာကတော့ ယွန်း(lacquer) သုတ်ထားတဲ့ အပေါ်မှာ ရွှေဆိုင်း(gold foil) ချထားလို့ပါ။ ကျောင်းတော်ရဲ့ သစ်သား အုတ်ကြွပ်ပြားမိုးထားတဲ့ (shingled)ခေါင်မိုးကတော့ အညိုရောင်အမိုးကော့ဖြစ်ပါတယ်။ အမိုးမည်းမည်းတွေရဲ့ အောက်ဘက်တွေမှာလည်း ရွှေရောင်သုတ်ထားပါတယ်။

ကျောင်းတော်ကြီးရဲ့ အထပ်တိုင်းမှာ ရွှေရောင် ဝရန်တာ လက်တန်းတွေရှိကြတယ်။ တတိယနဲ့ နောက်ဆုံးအထပ်ရဲ့ အမိုးမည်းပေါ်၊ အလယ်ကောင်တည့်တည့်မှာတော့ ရွှေရောင်ခေါင်ချုပ်လေးရှိပါတယ်။ ခေါင်ချုပ်ရွှေတုံးပေါ်မှာတော့ ကော့ပျံနေတဲ့ တောင်ပံတွေနဲ့ ရှန်းထနေတဲ့ ကြိုးကြာ-မီးလျှံငှက်-ဖီးနစ်ငှက် (Phoenix) ရုပ်ကြီးရှိပြီး အပြာရောင်ကောင်းကင်မှာ တောက်ပကာ ဝင်းဝါပေါ်လွင်သွားတယ်။ ခြုံပြီးပြောရရင်ဖြင့် ကင်ကကုဟာ မူရိုမချီခေတ်ရဲ့ သုတာဟန်ကို ကိုယ်စားပြုနေပါတယ်။

ရွှေကျောင်းတော်ကြီးထဲကို လာရောက်လေ့လာတဲ့ ဧည့်သည်တွေ ဝင်ရောက်ကြည့်ညို ဖူးမြော်ခွင့် မရတာမို့ အပေါ်ကပဲ ဓာတ်ပုံတွေရိုက်ပြီး လှမ်းမျှော်နေကြတာ ကန်ဘက်လည်း လူတွေမှာ သည်းသည်းလှုပ်လှုပ်နဲ့ အပြည့်ပါပဲ။ ကျောင်းတော်ကြီးအတွင်းမှာ ဘာတွေရှိသလဲ၊ ဆင်းတုတော်တွေလား၊ ကျမ်းစာတွေလား၊ ရုပ်ပုံတော်တွေလားဆိုတာ သိရလို့ လာရောက်သူတွေ မတင်မကျ ဖြစ်နိုင်ပေမယ့် တစ်နေရာမှာတော့ ကျောင်းတော်ကြီး အတွင်းပိုင်း ဓာတ်ပုံတွေကို ရိုက်ကူးပြီး ချိတ်ဆွဲပြသထားလို့ အဲဒီမှာ ကြည့်နိုင်ကြပါတယ်။

ကျောင်းတော်ကြီး ရွှေရောင်အထပ်တွေရဲ့ အတွင်းနံရံတွေကိုလည်း ရွှေရောင်သုတ်ထားပြီး သမာဓိမုဒြာဟန် ဆင်းတုတော်ကြီးနဲ့အတူ အစောင့်နတ်ရုပ်ကြီးတွေ ပူဇော်ထားရှိတယ်။

ဘုရားစင်မှာတော့ ရွှေကြာပန်းခိုင်တွေ ထိုးစိုက်ထားတဲ့ ပန်းအိုးတွေနဲ့ သပိတ်တော်ရှိရဲ့။




ဂျပန်ရိုးရာ စားသောက်ဆိုင်ရှိရာ ကျိုတိုမြို့က (Kyoto Yodobashi) အဆောက်အအုံရှေ့မှာ

အပေါ်ဆုံး အထပ်၊ တတိယဆင့် အတွင်းပိုင်းဟာ တစ်ခန်းလုံး ရွှေရောင်ဝင်းလက်နေကာ ရွှေဂူကြီးထဲ ဝင်ရသလို ကြမ်းပြင်တွေကလည်း ရွှေရောင်တောက်နေတယ်။ အဲဒီအခန်းရဲ့ ထိပ်မှာတော့ ဗုဒ္ဓရဲ့ ဓာတ်တော်တွေ ထိန်းသိမ်းထားတဲ့ ကြုတ်နဲ့ ဘုရားကျောင်းဆောင် ရှိနေပါတယ်။

ရွှေကျောင်းတော်ကြီးရဲ့ သိက္ခာကြီးပြီး တန်ဖိုးမြင့်မားလှတဲ့ ရွှေရောင်ထည်ဝါမှုနဲ့ ကန်တော်မင်္ဂလာရဲ့ အလှအပဟာ ဂျပန်နိုင်ငံရဲ့ ရိုးရာအစဉ်အလာ ထိန်းသိမ်းထားမှုကြောင့် ကြည့်မဝ၊ ရှုမဝအောင် ဆွဲဆောင်မှုရှိပေမယ့် လူတွေက များလွန်းလို့ တစိမ့်စိမ့်တော့ ခံစားခွင့်မရပါဘူး။

ခေတ်ကာလအလျောက် ဧည့်သည်တွေကလည်း လက်ကိုင်ဖုန်းတွေ၊ ကင်မရာတွေနဲ့ ဓာတ်ပုံတွေ အလုအယက်၊ အပြိုင်အဆိုင် ရိုက်နေကြ၊ ဆဲဖီဆွဲနေကြတော့ ဘယ်နေရာ၊ ဘယ်ရှုထောင့်ကများ ပိုပြီးကြည့်ကောင်းပါ့မလဲလို့ ရွေးချယ်နေခွင့် မရှိပါဘူး။ အချိန်လည်း သိပ်မပေးထားလို့ ကျောင်းကြီးကို ကန်ပေါင်ကပဲ မြင်နိုင်သမျှ တစ်ပတ်လှည့်ကြည့်ပြီး အထွက်လမ်းကို ဆက်လျှောက်ခဲ့ပါတယ်။

မြက်ခင်းမှာတော့ လမ်းရဲ့ဘယ်ဘက်မှာ ရေတွေ အဆက်မပြတ်စီးကျနေတဲ့ ရွှံ့ပေါက်တစ်ခု တွေ့ရတယ်။ the Ryumon Taki-Carp Rock ရေထွက်ဖြစ်မယ် ထင်ပါရဲ့။

အဲဒီနောက် ရေအိုင်ငယ်လေး တစ်အိုင်၊ သူ့အလယ်က ကျွန်းငယ်လေးပေါ်မှာတော့ ကျောက်စေတီငယ်တစ်ဆူ တည်ထားတယ်။ လူတစ်ရပ်သာသာလောက်သာရှိတဲ့ ရှည်မျောမျောစေတီလေးပါ။ အောက်ဆုံးအခြေက လေးထောင့်ကျောက်တုံးဟာ အံစာတုံးပုံဖြစ်ပြီး ပတ်လည်မှာ ထိုင်ကိုယ်တော် ဆင်းတုလေးတွေကို ရုပ်ကြွထွင်းထုထားရဲ့။



www.burmeseclassic.com

www.burmeseclassic.com

မြင်ရတဲ့ဘက် အခြမ်းက တစ်ဆူဟာ ညာဘက်လက်တော်ကို မြှောက်ထားပြီး နောက်တစ်ဆူကတော့ လက်ဖဝါးနှစ်ဖက်လုံးကို ပေါင်လယ်လောက်မှာ တွေ့ဆိုင်ထားပါတယ်။ အဲဒီပေါ်မှာ အနည်းငယ်သေးတဲ့ နောက်ထပ်ကျောက်အံစာတစ်တုံး၊ သူ့အထက်ကမှ သပိတ်ပုံ ကျောက်အုလုံးတစ်ခု၊ အပေါ်မှာထပ်ဆင့်ထားတာက အမိုးကော့ပုံ ကျောက်အဆင့်ငါးဆင့်ကို ထပ်ထပ်ပြီး စွပ်ထားရဲ့။ ထိပ်ဆုံးမှာတော့ ကျောက်လုံး နှစ်ဆင့်ကိုတင်ပြီး အထွတ်တင်ထားတယ်။ ရခိုင်ပြည်နယ်က ကျောက်စေတီတွေကို သတိရမိပါတယ်။ ဒါပေမဲ့ တိဗက်က ချိုတန် (Chorten) လို့ခေါ်တဲ့ ကျောက်စေတီပုံနဲ့ ပိုတူပါတယ်။

ရှေးမြန်မာတွေမှာလည်း ဓာတ်ကြီးငါးပါးကို အခြေခံလျက် မြေကို အနံစာတုံးပုံ၊ ရေကို တံစက်ရေလုံးပုံ၊ မီးကို အလျှံပုံ၊ လေကို အဟုန်ပုံ၊ အာကာသကို ကောင်းကင်ပုံတွေနဲ့ သင်္ကေတပြုကာ အတိုကောက်(အံ-တံ-ရံ -ဟံ-ခံ) (မြေ-ရေ-မီး-လေ-အာကာသ) ဆိုတဲ့ ပေါရာဏစကားလုံးများ ရှိခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်တို့ကို ဓာတ်ကြီးငါးပါး စီးနင်းထားတဲ့ သင်္ကေတသို့ ပြောင်းလဲကာ စေတီပုထိုးများအဖြစ် ရောက်ရှိလာတယ်လို့ ပဋိမာ သိပ္ပံပညာရှင်တွေက ဆိုကြပါတယ်။

ဂျပန်ဗုဒ္ဓဘာသာမှာ ကိုဗိုဒိုက်ရှိအဆက်အနွယ်တွေက တိဗက်စေတီတွေက ပထဝီ-လေးထောင့်ပေါ်မှာ အာပေါ-အဝိုင်းဆင့်၊ အဲဒီအပေါ်ကမှ တေဇော-သုံးထောင့်တင်၊ ထို့နောက်မှ လခြမ်း-ဝါယောဆင့်၊ အပေါ်ဆုံးမှာတော့ အာကာသဓာတ်သင်္ကေတ အလျှံထပ်ဆင့်တဲ့ စေတီပုံများကိုပဲ ဆက်လက်ပြီး အနက်အဓိပ္ပာယ်တွေ့ အမျိုးမျိုးချဲ့ထွင်ခဲ့ကြတာပါ။

လေးထောင့် အနံစာတုံးပုံဟာ ကာမလောကရဲ့ ရုပ်တရား၊ အလုံးပုံဟာ ကာမလောကရဲ့ နာမ်တရား၊ သုံးထောင့်ပုံက ရူပလောကရဲ့ ရုပ်တရား၊ ကြာခွက်သပိတ်လှန်ပုံက အရူပလောကရဲ့ နာမ်တရား၊ မိုးကြိုးသွား စိန်ဖူးပုံကတော့ လောကသုံးပါးတို့ရဲ့ အထွတ်အထိပ်၊ အညွှန့်အဖူး၊ ဗောဓိဉာဏ် ခန္ဓာဝိမုတ္တိဖြစ်တယ်လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုကြရဲ့။

ဂျပန် စေတီတော်တွေကို သစ်၊ ကျောက်၊ အုတ်တွေနဲ့လည်း ဘုံအဆင့်ဆင့် (၅ထပ်၊ ၇ထပ် စသဖြင့်) တည်ဆောက်ကြတယ်။ ဂျပန်နိုင်ငံ၊ နာရာစီရင်စု (Nara prefecture)၊ (Ikaruga) က (the Ho-ryu- Temple comp... ဘုရားကျောင်းဝင်းမှာလည်း သစ်သား၊ အင်္ဂတေတွေနဲ့ ... ဆောက်ထားတဲ့ ငါးထပ်စေတီ (pagoda) ရှိပါတယ်။ မူရင်း... ၆၀၇ ခုမှာ တည်ဆောက်ခဲ့တာဖြစ်ပြီး ၆၈၀ မှာ ထပ်... ပြန်လည်တည်ဆောက်ခဲ့တာပါ။ ဂျပန်ရဲ့ (Ueda) မှာ... အဲဒီလိုမျိုး ဗုဒ္ဓဘာသာစေတီတော်တစ်ဆူ ရှိပါတယ်။

ဂျပန်စေတီရယ်လို့ ယနေ့ခေတ်မှာ ထင်ရှားလာ... ကတော့ ဗုဒ္ဓဂယာတစ်ပိုက်က ဝိသျှန္တိ ကမ္ဘာ့အေး... ပုံတော်တွေပါ။ ဝိသျှန္တိ ဆိုတာကတော့ (သန္တိ + ... ငြိမ်းချမ်းရေး + စေတီ) (Vishwa Shanti Stupa) အေး... တွေပဲ ဖြစ်ပါတယ်။

သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ... နိုင်ငံ၊ နိပ္ပွန်ဇန်မြိုဟိုဂျိဂိုက်းမှ ဘုန်းတော်ကြီး ဖူဂျီ... ဗြိုဟ်မြို့ဟောင်း၊ ဂိဇ္ဈကုဋ်တောင်ရဲ့ အစွယ်အပွားတစ်... ရတနာဂီရိတောင်မှာ တည်ခဲ့တဲ့ စေတီကြီးပါ။ အဆော... အဒုံ ဒီဇိုင်းကို ဂျပန်မှ (Doctor: M. Ohora)က ရေး... ပေးခဲ့ပါတယ်။

ဘုန်းတော်ကြီး ဖူဂျီဟာ အလားတူစေတီမျိုးကို ... နိုင်ငံ အပါအဝင် ကမ္ဘာ့အနှံ့အပြားမှာ တည်ထားကိုး... ခဲ့ရာ အဲဒီစေတီက ၂၂ ဆူမြောက် ဖြစ်ပါတယ်။ အိန္ဒိယ... ဝေသာလီမှာလည်း ဒီစေတီပုံမျိုး ရှိသေးရဲ့။ အောက်... သီရိလင်္ကာစေတီတော်တွေလို မုန့်စိမ်းပေါင်းတုံး အ... ခံပြီး အပေါ်မှာ စေတီပုံအချွန်ပေါက်ထားတဲ့ စေတီမျိုး... ဒီစေတီပုံတွေကို အဖြူရောင်သင်္ကန်းတော်ပဲ ကပ်... တယ်။

တောင်စောင်းစိမ်းစိမ်းမှာ ထုံးဖြူဖြူနဲ့ အဲဒီစေတီ... ကိုယ်တို့နိုင်ငံက စေတီတွေနဲ့လည်း အတော်နီးစပ်...

ဒီဂျပန်ခရီးမှာလည်း ဖူဂျီတောင်က အဆင်း... ...မြို့ကိုဖြတ်တော့ တောင်ကုန်းစိမ်းစိမ်း တစ်နေရာ... ...စေတီပုံဖြူဖြူတစ်ဆူကို ဖူးတွေ့လိုက်ရပါသေးတယ်။

ဂျပန်နိုင်ငံမှာ ဗုဒ္ဓဘာသာလည်း ထွန်းကား... ဆိုပေမယ့် သူတို့ရဲ့ရိုးရာ ရှင်တိုဘာသာလည်း ယနေ့... ရှိနေဆဲဖြစ်လို့ အရမ်းပွင့်ထွန်းခဲ့တာတော့ မဟုတ်... ဗုဒ္ဓဘာသာ အယူယူခဲ့ကြတယ်လို့ မှတ်မှတ်ရရ ပြော... ကမာကူရက ကြေးဆင်းတုတော်ကြီးပဲ ရှိတာပါ။ ယနေ့... လည်း ဗုဒ္ဓဘာသာဟာ ဂျပန်မြေက ပျောက်မသွား... တိုင် အထူးတွင်ကျယ်လှတာလည်း မရှိဘူးလေ။ ...



www.burmeseclassic.com

www.burmeseclassic.com

မှာ ရွှေတိဂုံစေတီပုံတော်တူတစ်ဆူတည်လို့ မန္တလေး
သီဝင်းတို့ သွားခဲ့ကြသေးတာပဲ။

ဆက်လက်ပြီး မြက်ရိုးတွေကို အထပ်လိုက်မိုးထားတဲ့
တန်းတွေနဲ့ အမိုးထူထူ၊ ယင်းလိပ်တွေ ကာထားတဲ့
သစ်သားတဲကလေးတွေကို ဖြတ်ခဲ့ရတယ်။ ဂျပန်
တုံးဥယျာဉ် လှလှကလေးတွေလည်း တွေ့ရတယ်။
ရာမှာတော့ မြန်မာဘုန်းကြီးထီးလို ထီးကြီးတွေ စိုက်
စားပွဲခင်းအနီတွေခင်းထားတဲ့ စားပွဲပုကလေးတွေကို
ညှိ ဧည့်သည်တွေအတွက် လက်ဖက်ရည်ဆိုင် (tea
) ဖြစ်မယ် ထင်ရဲ့။

စုတ်တံနဲ့ ဆွဲရတဲ့ ဂျပန်စာတွေရေးထားတဲ့ မီးပုံးဖြူ
တွေနဲ့ ဆွဲလှပ်ဖို့ အဝတ်စဖြူရှည်ရှည်ကြီးတွေချထားပြီး
ခေါင်းလောင်းတွေ ချိတ်ဆွဲထားတဲ့ သစ်သားအုတ်ကြွပ်
တော့ပါ တစ်ထပ်ဆောင်တစ်ဆောင်လည်း တွေ့ရှိရပါ
တယ်။ ဒါဟာ Fudo-do ပါပဲ။ ဒီနတ်ကွန်းငယ်လေးရဲ့
ကျောက်ရုပ်တုဟာ ဗုဒ္ဓဘာသာနတ်(deity)တစ်ပါး
Fudo-myo-o ပါ။ ဒီရုပ်တုကို ၉ ရာစုမှာ ဗုဒ္ဓဘာသာရဲ့
ဂိုဏ်း(Shingon Sect)ထူထောင်ခဲ့သူ Kobo-daishi က
ခဲ့တယ်လို့ ယူဆရပါတယ်။ ရုပ်တုဟာ သာမန်အားဖြင့်
တွေရဲ့မြင်ကွင်းကနေ ပုန်းလျှိုးကွယ်ပျောက်နေပေမယ့်
လောက်ဖွယ် တန်ခိုးစွမ်းအားတွေအတွက် ကြည်ညို
ကွယ်ခဲ့ကြတယ်။

ပွင့်လင်းစွာပြုလုပ်တဲ့ ရိုးရာအစဉ်အလာ တံခါးဖွင့်
ကန်တော့ပွဲတွေကိုတော့ (Setsubun)မှာ ဖေဖော်ဝါရီလ
စောပိုင်းနဲ့ ဩဂုတ်လ ၁၆ ရက်တွေမှာ ကျင်းပကြပါတယ်။

တစ်နေရာမှာတော့ ဂျပန်ဘုရားကျောင်းတိုင်းရဲ့
ဝင်ဝတွေမှာ တွေ့ရတတ်တဲ့ လက်ဆေး၊ မျက်နှာသစ်ဖို့
ရေကန်လေး ကျောက်စမ်းရေစင်(Purification shrine)
တွေ့ရပြန်တယ်။ နတ်ကွန်းသေးသေးလေးတွေလည်း
ဆောင်နံရံကွေ့တွေမှာ ဟိုတစ်ဆောင် ဒီတစ်ဆောင် ရှိနေ
ပါတယ်။

ရွှေကျောင်းတော် ဥယျာဉ်ဝင်းမြေပုံမှာ (the belfry,
a chinese style gate, the priests' living quarters,the
abbot's chamber, the pond of Kyoko-chi, Ashihara
island, the Golden Pavillion, So-sei, Shin-un, The Galaxy
spring-Ganga-sen, Ganka-sui, the Rhumon-taki, the
pond of An-min-taku, the Sekka-tei Tea house, Fudo-
do, Kinugasa hall)တွေ ရှိတယ်လို့ ဖော်ပြထားပေမယ့်
ဘယ်ဟာက ဘယ်အဆောက်အအုံမှန်းတော့ မသိခဲ့ရပါဘူး။
ဥယျာဉ်တော်နောက်ဘက်က တောင်ကုန်းလေးကတော့
(Hidari-Deimonji hill) ဖြစ်မယ်ထင်ရဲ့။

ရွှေကျောင်းတော်ကနေ ပြန်ထွက်လာပြီး ဂျပန်ရိုးရာ
အထည်အလိပ်တွေ၊ ကီမိုနိုဖက်ရှင်ရှိုးတွေ ကြည့်ဖို့(Nishijin
Textile Center)စင်တာကို ဆက်သွားကြပါတယ်။ ခေတ်မီ
အနက်နဲ့ မီးခိုးရောင် ကျောက်သားတွေနဲ့ အဆောက်အအုံ
ကြီးပေမယ့် အထဲမှာတော့ ရိုးရာဟန်အတိုင်း ပြင်ဆင်ထား
တယ်။ (Nishijin Kimoho Show)ကီမိုနိုပြပွဲ ကြည့်ရှုဖို့ သွား
ခဲ့ပေမယ့် ညနေစောင်းပြီး အချိန်နောက်ကျသွားလို့ အဲဒီမှာ
ရောင်းချထားတဲ့ ဂျပန်လက်မှုပစ္စည်းတွေကိုပဲ ကြည့်ခဲ့ရ
ပါတယ်။ လည်စည်းပဝါတွေ၊ ကီမိုနိုဝတ်စုံတွေ၊ မျက်နှာဖုံး
တွေ၊ ပန်းအိုးတွေ၊ ဂျပန်ရိုးရာဝတ်စုံနဲ့ အရုပ်တွေ အားလုံးက
ဝယ်ချင်စရာပေမယ့် အစစအရာရာဟာ အနားမကပ်နိုင်
လောက်အောင် ဈေးကြီးလှတယ်။

အဲဒီနောက် နာဂိုရာမြို့ကို ဆက်လက်ပြီး ကားကြီးနဲ့
သွားကြရပါတယ်။ နာဂိုရာနဲ့ နီးလာတော့ မနှစ်က ဂျပန်ကို
ရောက်ခဲ့တဲ့ မသီသီဝင်းပြောတဲ့ ခရမ်းရောင် လာဗင်ဒါ
ပန်းခင်းတွေကို မြင်မလားလို့ တကြည့်ကြည့်ပေါ့။ မတွေ့ခဲ့
ပါဘူး။ နာဂိုရာမြို့ဝင်လမ်းပဲ မဟုတ်လို့လား၊ ရာသီချိန်မဟုတ်လို့
လာဗင်ဒါ မပွင့်လို့လား၊ မှောင်ရီပျိုးနေလို့လား မသိတော့
ပါဘူး။

တစ်နေကုန် ပင်ပန်းလာလို့ ကားမှန်အကြည်ကနေ
လမ်းဘေးဝဲယာကို မမှိတ်မသုန် ငေးလာပေမယ့် ခရမ်းရောင်
သန်းတဲ့ လာဗင်ဒါရှုခင်းဟာ အိပ်မက်ပန်းချီလို ကိုယ့်အတွေး
ထဲကို ဖျတ်ခနဲ ဝင်လာရဲ့။ ညနေ နေဝင်ဖျိုးဖျအချိန်မှာတော့
နာဂိုရာကို ရောက်ပါတယ်။ နေ့အလင်းရောင် ပျောက်
ကွယ်နေပြီဖြစ်တဲ့ နာဂိုရာက ညိုမှောင်တဲ့ ကောင်းကင်
မိုးသက်လေတွေ မိုးစက်တွေနဲ့ ကြိုဆိုနေပေါ့။

(ဆက်ရန်)

**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)**

**စာကိုး**

၂၀၁၆ ခုနှစ် ဧပြီလ ဂျပန်ခရီးစဉ်၊ Encyclopædia
Britannica, 2014.


❑





www.burmeseclassic.com

www.burmeseclassic.com




ထင်ရှားကျော်ကြား

မဟာပုဂံစေတီပုထိုးများ

မင်းဂုဏ်

ရောင်စုံစာမျက်နှာ ဝေဝေဆာဆာဖြင့်

**တန်ဖိုး ၃၅၀၀ ကျပ်**

ဖြန့်ချိရေး - ဧယျာမြေစာပေတိုက်
အမှတ်(၇၂၄)၊ အခန်း(၁၈)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၈၉၃၀




ကမ္ဘာ့အမွေအနှစ်စာရင်းဝင်

ပြည်သရေခေတ္တရာ

မှသည်

ထုံးဘိုအကောက်တောင်

ဆီသို့


မင်းဂုဏ်

ဖြန့်ချိရေး - ဧယျာမြေစာပေတိုက်
အမှတ်(၇၂၄)၊ အခန်း(၁၈)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၈၉၃၀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

မောင်သွင်သည် သူ့အလုပ်ရှင် သူဌေးဖြစ်သူ အဖြူ (အမေရိကန်လူမျိုး) ကို တင်ဆောင်ရင်း ဗိုလ်ချုပ်လမ်းမကြီး အတိုင်း မောင်းနှင်လာခဲ့သည်။

မောင်သွင်သည် အထက်တန်း အထိ အင်္ဂလိပ်စာသင်ဖူးသဖြင့် လက်ဟန် ခြေဟန် အကူအညီဖြင့် ပေါင်းစပ်လျှင် အဖြူများဖြင့် ကောင်းစွာ စကား ပြော၍ရသည့် အနေအထားဖြစ်သည်။

"စတော့ပ် စတော့ပ် ဒရိုင်ဘာ၊ စတော့ပ်"

အဖြူသူဌေးသည် နောက်ခန်းမှ နေ၍ မောင်သွင့်ပခုံးကို လက်ဖြင့်ပုတ်ကာ အလန့်တကြား ထအော်သည်။

ဤနေရာတွင် ကားမောင်းခါစ ဒရိုင်ဘာပေါက်စဆိုလျှင် ရုတ်တရက် ရပ်လိုက်မိပြီး နောက်ကားက ဝင် အောင်း (နောက်မှဝင်တိုက်) ခြင်းကို မလွဲမသွေ ခံရမည့် အနေအထားမျိုး ဖြစ်သည်။

မောင်သွင်ကမူ သတိရှိသဖြင့် ဘက်မှန် (နောက်ကြည့်မှန်) မှ ကြည့်လိုက်သော် နောက်ကားများသည်



www.burmeseclassic.com

www.burmeseclassic.com

တစ်စီးနှင့်တစ်စီး အလွန်ကပ်လျက် မောင်းနှင်နေကြသည်ဖြစ်ရာ ဒက်စတော့ပ် (ရုတ်တရက်) အုပ်လိုက်လို့ မဖြစ်သဖြင့် ညာဘက်သို့ စစ်ဂနယ် (အချက်ပြမီး)ကိုပြကာ အရှိန်ကိုလျှော့ပြီး ရပ်ရန်ပြင်လိုက်ရသည်။

ဤသည်ကို အဖြူသူဌေးက သူ ရပ်ခိုင်းသည်ကို ချက်ချင်းမရပ်ရကောင်းလားဟု စိတ်ဆိုးမာန်ဆိုးဖြင့် ဝူးဝါးလုပ်နေလေသည်။

မောင်သွင် အကျိုးအကြောင်းရှင်းပြသည်ကို လက်မခံဘဲ သူ ဆိုင်တစ်ဆိုင်ကို မြင်လိုက်သဖြင့် ဝင်ရန် ရပ်ခိုင်းသည်ကို မရပ်ပေးသဖြင့် သူ့မှာ လမ်းအများကြီး ပြန်လျှောက်ရမည် ဆိုတာကိုပဲ အကျောက်အကန် ပြောဆိုနေလေသည်။ ထို့နောက် မဆင်းတော့ဘူးဟု ဆိုသဖြင့် ဆက်၍ မောင်းထွက်လာခဲ့လေသည်။

မောင်သွင်သည် စိတ်ထဲတွင် တော့ ဒေါသထွက်သွားသည်။ မောင်သွင်သည် ကားဒရိုင်ဘာမျိုးရိုးဖြစ်သည်။ မောင်သွင်၏အဘိုးသည် နန်းရင်းဝန်စီးသော ကားကို မောင်းခဲ့ရသူဖြစ်သည်။ အဖေသည် နာမည်ကြီး ရေနံကုမ္ပဏီ သူဌေးကားကို မောင်းခဲ့သူ ဖြစ်သည်။

မောင်သွင်မှာ ကားဖြင့်ဖက်မွေးလာသည်ဟုပင် ပြော၍ရသည်။ ကားအကြောင်း၊ ကား စက်ပိုင်းဆိုင်ရာအကြောင်းများသာမက ကားဈေးကွက်နှင့် ကားလောကကို နှံ့စပ်စွာ သိသူတစ်ယောက်ဖြစ်သည်။

သို့သော် မောင်သွင်သည် အလုပ်မမြဲ။ အဘယ်ကြောင့်ဆိုသော် ဒေါသနှင့် မာနကြောင့်ပင် ဖြစ်သည်။ မောင်သွင်သည် စိတ်ကြီးသည်။ စိတ်သိပ်မရှည်တတ်။ ဒါသည်ပင် သူ့အဖေ၏ အမွေဟု သူက ယူဆထားသည်။ သူ့အဖေသည် စိတ်သိပ်မရှည်သဖြင့် သူ့နာမည်ကိုပင် မောင်သွင်ဟု ခပ်ပြတ်ပြတ်ပေးခဲ့ဟန်တူသည်။ မာနမှာမူ သူ့ပညာ၊ ကားနှင့်ပတ်သက်သော ပညာမာနပင် ဖြစ်သည်။

ယခုလည်း ကြည့်ပါ။ ဗိုလ်ချုပ်လမ်းမကြီးသည် အမြဲလိုလို ယာဉ်ကြောပိတ်ဆို့တတ်ရာ ယခုလည်း ကားများသည်။ ရွှေဘုံသာလမ်းမှ တိုးထွက်လာသော ယာဉ်များသည် အတင်းခေါင်းတည့်ပြီး ဗိုလ်ချုပ်လမ်းပေါ် တိုးထွက်ရန် ကြိုးစားနေကြသည်။

ထိုစဉ် အဖြူ သူဌေးသည် မောင်သွင့်အား နောက်ခန်းမှ ဟိုလိုလုပ်ပါလား ဒီလိုလုပ်ပါလား အမိန့်ပေးနေပြန်သည်။ မောင်သွင့်ဒေါသ နည်းနည်းပိုမြင့်လာသည်။

မောင်သွင်သည် စိတ်ကြီးသော်လည်း ကားမောင်းသူအချင်းချင်း ရိုင်းပင်းစိတ်တော့ရှိသည်။ လမ်းမကြီးပေါ် တက်မည့် ကားများက လက်ကလေး ထောင်ကာ "တစ်စီးလောက်" ဟု တောင်းလျှင် မိမိအရှိန်ကိုသတ်ကာ ဦးစားပေးတတ်သည်။ ဤသည်ကို ပေးရကောင်းလားဟု အဖြူသူဌေးက ဝူးဝါးလုပ်ပြန်သည်။

မောင်သွင့်ဒေါသ အထွတ်အထိပ်သို့ ရောက်ချေပြီ။

မောင်သွင်သည် လမ်းအလယ်ကောင်ကြီးတွင် ကားစက်ကိုသတ်လိုက်ပြီး ကားသော့ကို ဆွဲနုတ်လိုက်သည်။ ထို့နောက် ကားတံခါးကိုဝုန်းဆိုဖွင့်ကာ အောက်ဆင်းပြီး အဖြူသူဌေးရှိသော နောက်ခန်းကို ဆွဲဖွင့်လိုက်သည်။ ပြီးသော် အင်္ဂလိပ်လိုရော၊ ခြေဟန်လက်ဟန်ရော သုံးကာ -

"ခင်ဗျားသိပ်တော်နေရင် ကိုယ့်ဘာသာကိုယ်လာမောင်း၊ အေး ကျုပ်ကို လစာပေးပြီး ကားမောင်းခိုင်းထားရင် ငြိမ်ငြိမ်ထိုင်စီး၊ ဘက်စရိ ဒရိုင်ဘာ (နောက်ခန်းတွင်ထိုင်ကာ ယာဉ်မောင်းအား ဟိုလိုမောင်း၊ ဒီလိုမောင်းဟု အမိန့်ပေးတတ်သူ) လာမလုပ်နဲ့။

ကျုပ်က လူတစ်မျိုးဗျ၊ ကျုပ်ကျွမ်းကျင်တဲ့နယ်ပယ်မှာ ကျုပ်ကို ဆရာလာလုပ်ရင် နည်းနည်းလေးမှ သည်းမခံတတ်ဘူး။ ရော့ဒီမှာ ခင်ဗျားကားသော့၊ ကျုပ် ခုချက်ချင်းပဲ အလုပ်ထွက်တယ်"

ဟု ပြောဆိုလိုက်ပြီး သော့ကို ပစ်ပေးကာ ကားနောက်ဖုံးထဲရှိ ထမင်းချိုင့်နှင့် လွယ်အိတ်ကို ထုတ်ယူပြီး ချာခနဲ လှည့်ထွက်ခဲ့လေသည်။

အဖြူသူဌေးသည် ကြောင်တောင်တောင်ဖြင့် ကြက်သေသေကာ ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း (၂)

"ဦးသွင် ဦးသွင် ခေါ်နေတာ မကြားဘူးလား"

မောင်သွင်သည် ယခင်အလုပ်မှ ထွက်ခဲ့ပုံအား ကားကို ဖုန်သုတ်ရင်း ပြန်စဉ်းစားနေသဖြင့် သန့်ရှင်းရေးအလုပ်သမားကလေး မိငယ်ခေါ်သံကို မကြားမိလိုက်ပေ။

"ဟေ ဪ- အေးအေး မိငယ် ဘာလဲ"

"ဆရာ ခေါ်ခိုင်းလို့"

"အေးအေး ငါလာပြီ"

ဆရာဆိုသည်မှာ ယခုလက်ရှိအလုပ်ရှင်ဖြစ်ပြီး ကိုရီးယားလူမျိုးတစ်ယောက်ဖြစ်သည်။ ယခင်အဖြူနှင့်တော့ တော်တော်ကွာသည်။ စိတ်ရင်းကောင်းပြီး ဟိတ်ဟန်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

မောင်သွင်နှင့် တော်တော့်ကို အံ့ဆင်ပြေသည်။

ယခုလည်း မိငယ်က လာခေါ်သဖြင့် ဘာများလဲဆိုပြီး လိုက်သွားရာ ဆရာသည် ခြံနောက်ဘက်တွင် အထပ်သားပြားများကို လွှဖြင့်တိုက်နေသည်ကို တွေ့လိုက်ရသည်။

ဆရာသည် ဤသို့ သူစိတ်လိုရာကို သူကိုယ်တိုင် အပင်ပန်းခံလုပ်တတ်သည်။ ဆရာသည် ကိုရီးယားတွင် စစ်မှုမထမ်းမနေရ ဥပဒေဖြင့် စစ်မှုထမ်းခဲ့သူဖြစ်ပြီး ထိုအကြောင်းကိုလည်း စကားပြန်ကတစ်ဆင့် ပြောပြထားဖူးသည်။ တပ်ထဲတွင်အကုန်လုပ်တတ်ခဲ့သည်တဲ့။

"ဆရာ ခေါ်တယ်ဆို"

"အမ် ဝဲ ဝဲ"

ဆရာသည် အုကြောင်ကျားလုပ်နေလေသည်။ ဝဲဆိုသည်မှာ ဘာကြောင့်လဲ ဖြစ်သည်။ ဆရာသည် အင်္ဂလိပ်စကားမတတ်ပေ။

"မိငယ်၊ နင်ပြောတော့ ဆရာခေါ်တယ်ဆို"

ထိုနေ့က အားလပ်ရက်ဖြစ်သဖြင့် စကားပြန် မရှိသောကြောင့် မောင်သွင်တို့ ဆရာတပည့် တိုင်ပတ်နေလေသည်။ မိငယ်က -

"အင်းလေ၊ ဆရာပဲ ဒရိုင်ဘာဒရိုင်ဘာဆို" ဟု ဆရာ့ကို ပြန်ပြောသည်။

ထိုအခါမှ ဆရာက -

"အား- ဒရိုင်ဘာ ဒရိုင်ဘာ"

ကိုရီးယားများသည် ဩော်ကို အားဟုအသံထွက်ကြသည်။ နာ၍အော်ခြင်း မဟုတ်ပါ။ ဆရာသည် နားလည်သွားဟန်ဖြင့် ဘယ်လက်ဝါးကို ညာလက်ညှိုးဖြင့်ထိုးကာ လှည့်သည့် အမူအရာ လုပ်ပြသည်။

"အီကော အီကော ဒရိုင်ဘာ ဒရိုင်ဘာ"

"ဩော်- သိပြီ သိပြီ၊ စကူဒရိုင်ဘာကို ပြောတာ"

"မာဂျာ မာဂျာ"

မာဂျာ ဆိုသည်မှာ မှန်တယ်ဟုတ်တယ်ဖြစ်သည်။ မောင်သွင်သည် ကားနောက်ခန်းထဲရှိ တူးဘောက်(ကိရိယာသေတ္တာ)ထဲမှ ဝက်အူလှည့်(ကျောက်လှည့်)တစ်ချောင်းကို ယူပေးလိုက်သည်။ ထိုအခါမှ -

"မာဂျာ အီကော ဒရိုင်ဘာဒုယား နော်မားကို ဟားဟား"

ဟုတ်တယ် ဒီဟာ ဝက်အူလှည့်။ မင်းကိုပြောတာ မဟုတ်ဘူးဟု ပြောလိုက်ခြင်းဖြစ်သည်။ မောင်သွင်သည် စကားကို နားမလည်သော်လည်း အခြေအနေကို နားလည်လိုက်သဖြင့် ရယ်ကျဲကျဲလုပ်နေလိုက်သည်။

တစ်ခါတစ်ရံတွင် ယခုကဲ့သို့ သံတူကြောင်းကွဲများကြောင့် အထင်လွဲစရာများ ရှိနိုင်ကြောင်းလည်း သတိထားစရာပါလားဟု တွေးမိလိုက်သည်။

## အခန်း (၃)

ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်သဖြင့် ဆရာသည် သူ့မိတ်ဆွေများဖြင့် ဂေါက်ရိုက်ထွက်မည်ဖြစ်သည်။

တီးအော့ဖ် (ဂေါက်ခုံမှ စထွက်ချိန်) သည် ၇ နာရီခွဲဖြစ်သဖြင့် မောင်သွင်သည် ဆရာ့ကို တင်ဆောင်ကာ မောင်းထွက်လာခဲ့သည်။ လမ်းတွင် ဆရာ့မိတ်ဆွေ အဘိုးကြီးတစ်ယောက်ကို ဝင်ခေါ်ကာ ဥက္ကလာဂေါက်ကွင်းသို့ ပို့ပေးခဲ့လေသည်။

ဆရာ့မိတ်ဆွေ အခြားအဘိုးကြီးနှစ်ယောက်ကတော့ ကားပါကင်တွင် ကားရပ်ကာ စောင့်နေကြသည်ကို တွေ့ခဲ့ရသည်။

ဆရာတို့ကို ပို့ပြီးသော် မောင်သွင်သည် အိမ်ခဏပြန်ကာ နားနေလိုက်သည်။ ဂေါက်ရိုက်သည်မှာ လေးနာရီလောက် ကြာမြင့်သည် မဟုတ်ပါလား။

မောင်သွင်သည် အိမ်တွင် နားနေရင်း မနက်က နံနက်စာကို ကော်ဖီတစ်ခွက်သာ သောက်ခဲ့ရသဖြင့် ဗိုက်ထဲက ဆာလောင်သလိုရှိလာ၍ လမ်းထိပ်ထွက်၊ မုန့်ဟင်းခါးတစ်ပွဲ စားပြီး လက်ဖက်ရည်ဆိုင်ထိုင်လိုက်သေးသည်။ ထို့နောက် အိမ်ပြန်၍ တီဗွီကြည့်နေလိုက်သည်။

တယ်အချိန်တွင် အိပ်ပျော်သွားလည်းမသိ။ လန့်နိုးတော့ ၁၁နာရီခွဲနေပြီ။ ဒုက္ခပဲ နောက်ကျပြီ၊ မောင်သွင်သည် အမြန်ပြန်ထွက်ကာလာခဲ့သည်။ ဂေါက်ကွင်း ကားပါကင်သို့ရောက်သော်အချိန်သည် ၁၂ ထိုးလုပြီ။

ဆရာနှင့် မိတ်ဆွေသုံးဦးသည် အပြန်အလှန် နှုတ်ဆက်နေကြသည်။ တော်သေးသည်။ ဂေါက်ရိုက်ပြီး နေ့လယ်စာ စားနေကြတာ အခုမှ ပြီးဟန်တူသည်။ သို့သော် အချိန်ကိုက်မှ ကားပြန်ဝင်လာသည်ကိုမူ ဆရာက သတိထားမိသည်။ သို့သော် ဘာမှမပြော။

မောင်သွင်သည် ရင်တထိတ်ထိတ်ဖြင့် ရှိလှသည်။ ဆရာသည် သဘောကောင်းသော်လည်း တိကျတာကြိုက်သည်။ မောင်သွင်သည် စိတ်ကြီးသော်လည်း အမှားလုပ်ထားလျှင်မူ အဆူခံရန်အသင့် ဖြစ်သည်။ သို့သော် ဆရာသည် ဘာမှမပြောဘဲ ကားပေါ်တက်သည်။ အဘိုးကြီးလည်း တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာ့မျက်နှာကို အကဲခတ်ကြည့်ရာ ရှင်ပျနေသည်။ သို့သော် အဘိုးကြီးမှာမူ ရှုသိုးသိုးနှင့် အလာတုန်းနှင့်မတူ။

မောင်သွင် ကားမောင်းထွက်လာခဲ့သည်။ ကားပေါ်တွင် အဘိုးကြီးကစ၍ စကားပြောလိုက်သည်။

"ဒရိုင်ဘာဂါ အန်းဂျီအာငဆာဂရယ်. . ."

မောင်သွင်သည် ဒရိုင်ဘာဟူသော အသံကိုကြားလိုက်သဖြင့် ဘက်မှန်မှ ကြည့်လိုက်ရာ အဘိုးကြီးသည် မဲ့ကာရွဲ့ကာဖြင့် ပြောနေသည်။ နားမလည်သော်လည်း နားထဲတွင် ဒရိုင်ဘာ ဒရိုင်ဘာ ဆိုတာကိုတော့ မကြာမကြာ ကြားနေသည်။

မောင်သွင့်စိတ်ထဲတွင် သူ့အကြံ နောက်ကျခြင်းကို သူ့ဆရာထံ သွေးထိုးနေသည်ဟု ထင်မိသည်။ ဆရာ့မျက်နှာကတော့ ခပ်ပြုံးပြုံးပင်။

ဤသို့ဖြင့် ဂန္ဓမာလမ်းကိုဖြတ်ပြီး ကမ္ဘာအေးဘုရားလမ်းပေါ် အတက်တွင် လမ်းပေါ်ဖြတ်ပြေးသော ချာတိတ်မလေး သုံးယောက်ကြောင့် ဘရိတ်ကို ရုတ်တရက်နင်းလိုက်မိသည်။ နောက်ခန်းရှိ ဆရာနှင့်အဘိုးကြီးလည်း ရှေ့သို့ ငိုက်ကာ ဟန်ချက်ပျက်သွားသည်။

ထို့နောက်တွင် သတိထားမိသည်မှာ အဘိုးကြီးသည် လေသံများပိုမိုမာလာကာ ဒရိုင်ဘာချင်းထပ်အောင် ပြောဆိုနေလေတော့သည်။

ဆရာကတော့ ခပ်အေးအေးဖြင့် တစ်ခွန်း၊ နှစ်ခွန်းတော့ ဝင်ပြောသည်။ အများကြီးတော့ မပြောပေ။ အစတော့ မောင်သွင်သည် ယခင်အပတ်ကကဲ့သို့ ဝက်အူလှည့်နှင့် ယာဉ်မောင်းများသလို ဖြစ်မည်ဆိုး၍ သတိထားသေးသည်။

သို့သော် ဤနေရာတွင် ဝက်အူလှည့်အကြောင်း အခုလောက် ဇာခဲ့နေရန် မလိုပေ။ သူ့ကို ရည်ညွှန်းနေခြင်းဖြစ်မည်ဟု တထစ်ချ မှတ်လိုက်သည်။ သူ့အကြောင်းမှာမှ ကောင်းသောအကြောင်းမဟုတ်ချေ။ မျက်နှာကို ကြည့်လျှင် သိသာသည်။

မောင်သွင်သည် ဒေါသထွက်နေပြီဖြစ်သည်။ သူ့ဆရာပင် သူ့ကိုဘာမှ မပြောသည်ကို အဘိုးကြီးက ဘယ့်နှယ်ကြောင့် ဒရိုင်ဘာ မကောင်းကြောင်း တစ်လမ်းလုံးပြောလာတာလဲ မေးလိုက်ချင်သည်။ မောင်သွင် စိတ်ကို မနည်းထိန်းထားရသည်။ စကားပြန်ကလည်း မပါ။ အင်္ဂလိပ်လိုတော့လည်း အဘိုးကြီးက တတ်မည်မဟုတ်။

စိတ်ကိုချုပ်တည်း ဒေါသများမျိုသိပ်ကာ မိမိတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ရမည်ဟု တွေးတောလျက် အဘိုးကြီးအိမ်သို့ ဝင်ပို့လိုက်သည်။ ထို့နောက် ဆရာ့အိမ်။

မနက်ဖြန် ရုံးတက်လျှင်တော့ စကားပြန်ကောင်မကလေးက တစ်ဆင့် ဒီနေ့ အဖြစ်အပျက်ကို ရှင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုည မောင်သွင်အိပ်မပျော်ပေ။

**အခန်း(၄)**

"မေရီရေ ဆရာရှိလား"

မောင်သွင်သည် ရုံးခန်း[illegible]ခါးကို အသာမှာပြီး စကားပြန်မေရီကို အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။

မေရီက သူ့စားပွဲရှိရာမှနေ၍ -

"ရှိတယ်လေ ဦးသွင်၊ ဘာဖြစ်လို့လဲ"ဟု ပြန်မေးလိုက်သည်။

"ဆရာ့ကို မေးစရာရှိလို့"

"လာ ဝင်ခဲ့လေ"

မေရီသည် မောင်သွင့်ကို အထဲသို့ခေါ်လိုက်ပြီး ဆရာ့ကို တစ်ခုခုပြောလိုက်သည်။

"ဆာဂျန်းနင်း . . . ဂီဆာဂါ"

ဆရာက စိတ်လိုလက်ရပင် ခေါင်းညိတ်ပြီး တစ်ခုခု ပြန်ပြောလိုက်သည်။

"ပြောပါ ဦးသွင်၊ ဘာများပြောချင်တာလဲ"

"ဒီလိုဟာ မနေ့က ဆရာက ဂေါက်ရိုက်သွားတော့ ဦးသွင်လိုက်ပို့တယ်လေ၊ အပြန်ကျတော့ ဆရာ့မိတ်ဆွေ အဘိုးကြီးက ဦးသွင်မကောင်းကြောင်း ဆရာ့ကိုပြောလိုက်တာ ဘာတွေမှန်းတော့ မသိဘူး၊ အဲဒါ ဘာတွေပြောတာလဲ သိချင်လို့၊ ဦးသွင် မှားတာရှိရင်လည်း ပြုပြင်ရအောင်ပေါ့ မေရီရယ်၊ အဲဒါလေး မေးပေးပါလား"

"ဩော်- ဟုတ်ကဲ့၊ သမီးမေးပေးပါ့မယ်"

မေရီသည် ဆရာ့ကို ကိုရီးယားလို ပြောပြီး မေးပေးလေသည်။ ဆရာသည် ငြိမ်ပြီးနားထောင်နေရာမှ မျက်မှောင်ကြုတ် ခေါင်းခါပြီး တစ်ခုခု ပြန်ပြောလိုက်သည်။ မေရီက မောင်သွင့်ထံ တစ်ဖန် စကားပြန်ပေးလေသည်။

"ဘာမှ မပြောပါဘူးတဲ့၊ ဦးသွင် နားကြားမှားတာ ဖြစ်မှာပါတဲ့၊ သူတို့ပြောတာ ဦးသွင်အကြောင်း မပါပါဘူးတဲ့"

"ဟုတ်လား၊ ဆရာကဦးသွင်ကို အားနာလို့နေမှာပါ၊ ဆရာ့ကိုပြောပေးပါ၊ ဆရာ့တပည့်ပဲ၊ ဆရာ ဆုံးမရင် နာခံပါ့မယ်လို့"

မေရီသည် ဆရာ့ထံ ပြန်ပြောပေးပြန်သည်။ သို့သော် ဆရာက နားမလည်ဟန်ဖြင့် ပြန်ပြောပြန်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဆရာက ဦးသွင်ပြောတာ သူ
...မပေါက်ဘူးတဲ့၊ မနေ့က သူတို့
...အကြောင်း ဘာမှမပြောဘူးတဲ့"

"မေရီရယ် မနေ့က သမီးမပါလို့
...နဲ့ဆက်ဆက်ကြားလိုက်တာ၊
...က ဆူပုပ်ပြီး ဒရိုင်ဘာ ဒရိုင်
... တစ်လမ်းလုံး ပြောလာတာ၊
... အဲလောက်တော့ သိတာပေါ့၊
...ပါဘူး"

မေရီလည်း ဆရာ့ကို ပြောပြပြန်
...

ထိုအခါမှ ဆရာသည် ဟက်
...တက်ပက် ရယ်မောပြီး မေရီကို
...ပြန်ပြောကာ မောင်သွင့်ပခုံး
...ပုတ်ပြီးပြောလေသည်။ မေရီ
... ခေါင်းညိတ်ပြီး ရယ်မောကာ-

"ဟား ဟား၊ ဖြစ်ရမယ် ဦးသွင်ရေ၊ ဦးသွင်ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဆရာတို့ မနေ့က ပြောကြတဲ့ ဒရိုင်ဘာ ဒရိုင်ဘာဆိုတာ ဦးသွင်ကို ပြောတာ မဟုတ်ဘူးတဲ့။

ဂေါက်ရိုက်တဲ့အခါ ကျင်းတိုင်း ကျင်းတိုင်း အစမှာ တည်ခုံပေါ် ကနေ ဂေါက်သီးကို တည်ရိုက်ရတဲ့ အရှည်ဆုံး ဂေါက်တံ Driver ကို ပြောတာပါတဲ့၊ အဘိုးကြီးက သူ့ဒရိုင်ဘာ မကောင်းလို့ သူရှုံးရတာဆိုပြီး တစ်လမ်းလုံး ပြောလာတာပါတဲ့ ဦးသွင်ရေ . . . ဟား ဟား ဟား"

"ဟေ ဟုတ်လား၊ အဲ ဒုက္ခပါပဲ၊ ဆရာ့ကို အားနာလိုက်တာ၊ ဆောရီးလို့ ပြောပေးပါဟာ"

မောင်သွင်လည်း ရှက်ရှက်ဖြင့် ခေါင်းကုတ်ပြီး ဆရာ့ရှေ့မှ အမြန်ထွက်ပြေးရလေတော့သည်။

သူ့ရင်ထဲတွင်တော့ သောကမီးတောက်များကို ရယ်မောခြင်းမိုးရေစက်များက ငြိမ်းသတ်လိုက်သလို ငြိမ်းချမ်းသွားသော်လည်း မဆင်မခြင် ပြုမူမိသဖြင့် ရှက်လည်းရှက်၊ နောင်တလည်း ရမိလေတော့သည်။

"ဒရိုင်ဘာ ဆိုတာတွေကလည်း များလိုက်တာကွာ၊ မကောင်းပါဘူး၊ မကောင်းပါဘူးကွာ"

**မောင်ဝင်းထိန်(အင်းစိန်)**

❑


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ✪ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ✪ ကျန်းမာရေး အခြေအနေ သိရန် ✪ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ✪ လက်ထပ်မင်္ဂလာအခါရွေးရန် ✪ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ✪ ကလေးနာမည် ပေးရန် ✪ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့်၊ ပန္နက်တင်မင်္ဂလာ ရွေးရန် ✪ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ✪ နိုင်ငံခြားထွက် အလုပ်လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ အင်းယတြာ၊ ရတနာဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 0019600100036439
တောင်ဥက္ကလာဘဏ်ခွဲ၊ ရန်ကုန်မြို့၊ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄၂၂

ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၂၅၀ ၄၄၇၂၁၂
ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။


www.burmeseclassic.com

www.burmeseclassic.com

# ယိုးဒယားနိုင် မြန်မာမင်းများ

အောင်သိမ်းမြတ်




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ပေါလသိုင်းစားလည်း ထိုအမိန့်တော်ကို ကြားလျှင် ဦးသုံးကြိမ်ချ၍ ဤသို့ နားတော်လျှောက်ပြန်သည်။

"မိုးကောင်းစော်ဘွားကို သောင်းကျန်းပုန်ကန်စေသည်လည်း ကျွန်တော့်အစီအရင်ပင် ဖြစ်သည်၊ ချီတော်မူလာသည်ဟုကြားလျှင် မိုးကောင်းစော်ဘွားကို ပြေးစေသည်လည်း ကျွန်တော့်အတတ်ပင် ဖြစ်သည်၊ ဘုန်းလက်ရုံးအာဏာ ကြီးတော်မူလှသော ဇကရာဇ်ဖြစ်တော်မူ၍ ခြေရင်းတော်သို့ ကျွန်တော် ရောက်လာရသည်၊ ယခု ကျွန်တော့်အရှင်ကို ဖမ်း၍ပေး အမိန့်တော်ရှိလာရမှာ ကျွန်တော် မဖြစ်နိုင်ပြီ။

ကျွန်တော့်အရှင်ပေးသော သစ္စာသည် စက္ကူတွင်ရေး၍ မီးဖုတ်ပြီးလျှင် ထိုအကျွမ်းပြာကို ရေ၌ဖျော်သောက်ရသည်၊ ထိုသစ္စာသည် ဝမ်းတွင် မကျေရှိသည်၊ မိုးကောင်းစော်ဘွားကို ဖမ်း၍ပေးကောင်းလောဟူ၍ ဤဘဝတွင်ထားဘိဦး၊ နောက်ဘဝတိုင်အောင်သတ်တော်မူသော်လည်း သေရတော့ည်သာ၊ ကျွန်တော့်အရှင်၏ သစ္စာကိုဖောက်"

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသည် ထိုစကားကို ကြားတော်မူလျှင် ရှေ့တော်တွင် ခစား၍နေသော မှူးတော် မတ်တော်အပေါင်းတို့ကို ဤသို့ အမိန့်တော်ရှိသည်။

- "အို- အမတ်တို့ ပေါလသိုင်းစားသည် ပေါလသိုင်းရွာ အိမ်ခြေ ခုနစ်ဆယ် ရှစ်ဆယ်ခန့်မျှကို မိုးကောင်းစော်ဘွား ပေး၍ စားရသည်၊ ဤရွေ့မျှသော ကျေးဇူးကို အောက်မေ့သဖြင့် သို့စဉ်စကားကို အသေခံ၍လျှောက်သည်၊ ထိုသို့သော သင့်စည်းစိမ်သည်ကား အမတ်တို့တွင်ရှိသော ကျွန်တစ်ယောက်၏ စည်းစိမ်ခန့်မျှ မရှိ၊ သင်းဆိုသော စကားကို အမတ်တို့ကြားလျှင် မရှက်ပါသလော"

ထိုသို့ မိန့်တော်မူပြီးနောက် မင်းတရားကြီးသည် ပေါလသိုင်းစားကို -

"မိုးကောင်းစားကို ဖမ်း၍မပေးလျှင် နေလော့၊ နေရပ်နေရာကို ပြမည်လော" ဟု မေးတော်မူသည်။

ပေါလသိုင်းစားလည်း ပြည့်ဆွန်မည့် အကြောင်းကို နားတော်လျှောက်သည်။ ယင်းသို့ သစ္စာတော်ခံစေ၍ ရွှေမားမှူးနှင့်တကွ သွားရလေ၏။ မိုးကောင်းကလေးစခန်းသို့ရောက်လျှင် ပေါလသိုင်းစား ထွက်၍ပြေးလေ၏။

ယင်းသို့ မိုးကောင်းမြို့တွင် နေတော်မူစဉ် လင်းဇင်းမှာ ဗညားသေဉ်လုံ၊ ဗညားပရန်၊ ဗညားကျန်း၊ ဗညားဗြဲ၊ ဤဗညားလေးဦးတို့ ဥပရာဇ်နှင့် မိုင်းစံတွင်နေရာမှာ လင်းဇင်းမင်း ဗညားသေဉ်သည် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဟံသာဝတီသို့ ပြန်ပြီဟုကြားလျှင် ဆင်မြင်းဗိုလ်ပါ ရုံးစု၍ ဥပရာဇ်နှင့် ဗညားလေးဦးကို တိုက်မည်ဟူ၍ စီရင်လေ၏။

ဥပရာဇ်နှင့် ဗညားလေးဦးတို့လည်း ဝင်လာသော လင်းဇင်းအမတ်တို့နှင့် တိုင်ပင်၍ ဥဖါယ်တံ[illegible]ဉ်ဖြင့် ဗညားသေဉ် သားအဖကို ဖမ်းလေ၏။ ဗညားသေဉ်သားအဖကိုရသဖြင့် ဟံသာဝတီသို့ ပြန်စော်မူမည်ဟူ၍ ဗညားလေးဦး စီရင်ခန့်ထားရာတွင် ဗညားသေဉ်လုံ ဟူသောအမတ်သည် ဤသို့ အကြံရှိသည်။

'ဥပရာဇ်သည် ငါနှင့် အမျိုးတူဖြစ်၍ အထူးမေတ္တာရှိကြသည်ကိုလည်း ဘဝရှင်မင်းတရားကြီး အသိဖြစ်တော်မူသည်၊ ယခုလည်း လင်းဇင်းမြို့ကို ဥပရာဇ် မင်းပြုသည်၊ ငါလည်း ဇင်းမယ်မြို့တွင် နေ၍ အမှုတော်ကို ထမ်းရသည်၊ ဥပရာဇ်နှင့်အဆွေခင်ပွန်းအချစ် အလေးအမြတ် ဖြစ်ကြသည့် အခြင်းအရာကို ပြု၍မသင့်ချေ'

ဤသို့ အကြံရှိပြီးလျှင် ဥပရာဇ်သို့စေ၍ ဤသို့ ဆိုရလေသည်။

"ငါ နားတော်လျှောက်သည်၊ လင်းဇင်းမင်း သူပုန်ဖြစ်သော ဗညားသေဉ်နှင့်တကွ အမှုးအမတ် သူဌေးသူကြွယ်တို့ကို ရပြီ၊ ထိုသူတို့သည် အလွန်ရက်ရောကြမ်းကြုတ်ကုန်သည်၊ ထိုသူတို့ကို လင်းဇင်းမြို့၌ နေစေသည်ရှိသော် နောင်လာ အနာဂတ်၌ ဘဝရှင်မင်းတရားကြီး နှလုံးတော် နှောင့်ယှက်မည့်အကြောင်း ဖြစ်သည်။

"ယင်းသို့ ဖြစ်သောကြောင့် ဗညားသေဉ် သားအဖနှင့်တကွ အမှုးအမတ်တို့ကို ခြေတော်ရင်းသို့ ဆက်မည်၊ အလျင်ယူခဲ့စေ" ဟူ၍ တောင်းလေသည်။ လင်းဇင်းမင်းဥပရာဇ်လည်း "ထိုအမှုးအမတ်တို့သည် ငါ့အမျိုး ငါ့အဆွေချည်း ဖြစ်သည်"ဟူ၍ မပေးနေလေသည်။

နှစ်ကြိမ် သုံးကြိမ်တောင်း၍မရလျှင် ဗညားသေဉ်လုံလည်း ဗညားကျန်း၊ ဗညားပရန်၊ ဗညားဗြဲတို့ကို ရုံးကခေါ်၍ လင်းဇင်းဥပရာဇ်နှင့်တကွ စည်းဝေးပြီးလျှင် ဗညားသေဉ်လုံက ဤသို့ဆိုသည်။

"လင်းဇင်းမင်းသည် ငါက သံ့လူတို့ကို တောင်းသည်ကို မပေးနေသည်ကား ငါတို့သခင် ဆွေတော် မျိုးတော်ဖြစ်၍လည်း နေသည်လေ၊ ယင်းသို့ မဟုတ် တို့သခင် ရန်သူတော်နှင့် ဆင်စီးချင်းတိုက်၍ အောင်မြင်ဖူးသသူ ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

သည်ဟူ၍လည်း နေသလော၊ အစ်ကိုလည်း အထက်က ငါတို့ကဲ့သို့ သံ့လူပင်ဖြစ်သည်၊ ဘုန်းတော်ကြီးမြတ်လှသော မင်းတရားကြီးဘုရားသည် သူကောင်းအမျိုးကို သနားတော်မူတတ်သော မင်းဧကရာဇ် ဖြစ်တော်မူ၍ ငါတို့ကိုရတော်မူလျှင် မကွပ်မမျက် မဖျက်ဆီးဘဲ သူကောင်းပြုတော်မူသည်၊ အစ်ကိုတို့ကိုလည်း သားတော် မဟာဥပရာဇာတို့ မိုင်းစံတွင်ရ၍ ဆက်လျှင် မရှုတ်မချ မွေးကျွေးတော်မူ၍ ယခု လင်းဇင်းမြို့ကို ပေးတော်မူသည်။

သို့သည် ကျေးဇူးတော်ကိုကား ဆပ်မည် မကြံ၊ ပြည်ရွာ၏ အဆူးအငြောင့်ဖြစ်သော လူသွမ်းလူပျက်တို့ကို လက်ခံထားသည့်အရာသည် နောင်လာအနာဂတ်၌ ငါတို့သခင် နှလုံးတော်ကို နှောင့်ယှက်အောင် ကြံသည် မဟုတ်လော၊ နှောင့်ယှက်မည့်အကြောင်းကို သိမြင်လျက် နားတော်မလျှောက်ဘဲ နေခြင်းသည်လည်း အရှင်ကို ဖီဆန်သည် မဟုတ်လော၊ ပြည်ရေး ရွာမှုရှိသောအခါ ငါချည်းသာ မကြံအပ်ချေဟူ၍ ပညာရှိတို့နှင့်တိုင်ပင်၍ မလျှောက်ရချေလော"

ထိုစကားကို ဥပရာဇ်ကြားလျှင် ဤသို့ ဆိုသည်။

"ဗညား ဆိုသော လူဟူသမျှသည် ငါ့အဆွေအမျိုးဖြစ်၍ သိမ်းယူပါသည်၊ ထိုသို့ သိမ်းယူခြင်းကို ဗညား အလိုမရှိသည်လော၊ ဘဝရှင်မင်းတရားကြီး ငါ့ကို သူကောင်းပြုတော်မူသည်လည်း အဆွေအမျိုးနှင့်တကွ အမှုတော်ထမ်းစေလို၍ သူကောင်းပြုတော်မူသည်ဖြစ်သည်၊ ယင်းသို့ ဗညားသေဉ်လုံသည် ငါ့အဆွေအမျိုးတို့ကို ပျက်စီးအောင်ဆိုသည်မဟုတ်လော"

ယင်းသောအခါ လင်းဇင်းမင်းဥပရာဇ်နှင့် ဗညားသေဉ်လုံ မနည်းကြာပင် တွေးဆိုကြသည်။ ထိုသို့ တွေးဆိုသောအခါ ဗညားကျန်း၊ ဗညားပရံ၊ ဗညားမြတို့ သုံးဦးက -

"မင်းနှစ်ပါး ဆိုသည့်စကားသည် အရေးရှိသည်ချည်း ဖြစ်တော့သည်၊ သို့ရာတွင် ငါတို့သခင် ဘဝရှင်မင်းတရားကြီး အမိန့်တော်ကို နာခံ၍ သင့်ရာဖြစ်ကြရလိမ့်မည်၊ ဗညားသေဉ် သားအဖကို ယူဦးတော့မည်၊ အမှုအမတ် သူဌေးသူကြွယ်တို့မှာ သင့်ရာဖြစ်ရမည်" ဟူ၍ ဆိုပြီးလျှင် ဟံသာဝတီသို့ပြန်မည့် အစီအရင်ကို စီရင်ခန့်ရန်ကြသည်။

ယင်းသောအခါ လင်းဇင်းမင်းဥပရာဇ်လည်း ဗညားလေးဦးတို့ကို ဆင်ပေါက် တစ်စီး၊ ကြိုးကအစုံ၊ ဝတ်လုံတစ်ဆယ်စီ ပေးလိုက်သည်။ စစ်ကဲလေးဦးကိုလည်း မြင်းကြိုးကအစုံ၊ ငွေငါးပိဿာစီ ပေးလိုက်၍ ပြန်ရသည်။

ဇင်းမယ်သို့ရောက်လျှင် ဗညားသေဉ်လုံလည်း ဇင်းမယ်တွင်နေ၍ အမှုတော်ကို ထမ်းသည်။ ဗညားသုံးဦးတို့လည်း ဗညားသေဉ်သားအဖကို မြစ္စာဆောင်ယူ၍ ဟံသာဝတီသို့ရောက်လျှင် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား မိုးကောင်းမှာ ရှိတော်မူရာသို့ လုံခြုံအောင် ဆက်ရလေ၏။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားသေဉ်ကို အကျဉ်းထားရာက လွှတ်တော်မူ၍ သားအဖနှစ်ယောက် သာယာစွာနေရသည်။ သားတော် မဟာဥပရာဇာ၊ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ မိုးကောင်းစော်ဘွားပြေးရာသို့ လိုက်ကြရမှာ ခန်းတီးခန်းညင်းကသည် မိုင်းလုံတိုင်အောင် လိုက်တော်မူလေ၏။

တောင်ကမ်းကြီး၍ ဆင်မစီးသာလျှင် မြင်းစီး၍ လိုက်တော်မူသည်။ မြင်းမစီးသာသော ခရီးသို့ ရောက်တော်မူလျှင် သန်လျှင်းစီး၍လိုက်တော်မူသည်။ သန်လျှင်းမစီးသာသော ခရီးသို့ရောက်တော်မူလျှင် ခြေကျင် တောင်ဝှေးထောက်၍ လိုက်တော်မူကြသည်။

မိုးကောင်းကချို၍ တစ်လကျော် ခရီးရောက်လျှင် ဆီးနှင်းတို့သည် 'အိုးစရည်းရှိ အခဲအစိုင် ခရီးမသွားသာအောင်ရှိသည်။ ထိုဆီးနှင်းခဲတို့သည် မွန်းတည့်မှ အလိုလိုကျေ၍ ရေဖြစ်လေ၏။ ထမင်းချက်စရာ ရေရှာ၍မရဖြစ်လျှင် ထိုဆီးနှင်းခဲကိုပင် ရေပြု၍ ထမင်းချက်ရသည်။

ထိုအကြောင်းများကို ဘဝရှင်မင်းတရားကြီး ကြားတော်မူလျှင် သားတော်၊ သမက်တော်တို့ကို ခေါ်တော်မူ၍ မိုးကောင်းသို့ ပြန်ရသည်။ သားတော်၊ သမက်တော်တို့ ရောက်လျှင် ရသည့်ဆင်မြင်းလူသူတို့ကို သိမ်းယူတော်မူ၍ ညီတော်၊ သားတော်၊ မှူးတော် မတ်တော်အပေါင်းနှင့်တကွ သက္ကရာဇ် ၉၃၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် စနေနေ့တွင် မိုးကောင်းမှ ပြန်တော်မူ၍ လပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့ မိုးကောင်းလက်ပံဆိပ်သို့ ရောက်တော်မူသည်။

ကဆုန်လပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့တွင် မိုးထားမှ ရတနာ ရွှေဖောင်တော်ဖြင့် စုန်တော်မူသည်။ နယုန်လဆန်း ၉ ရက် စနေနေ့တွင် ရတနာပူရသို့ ရောက်တော်မူသည်၊ ရတနာပူရတွင် နှစ်ရက် နေတော်မူပြီး နယုန်လဆန်း ၁၁ ရက် တနင်္လာနေ့၌ စုန်တော်မူရာ ဝါဆိုလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့တွင် နေပြည်တော် ဟံသာဝတီသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်တော်မူသည်။ ဆယ်ရက်ခန့် ရှိလျှင် လင်းဇင်းမင်း ဗညားသေဥ် သားခမည်းတို့ကို အဆောင်အယောင် နှင့်တကွ အကွပ်အရပ် ပေးတော်မူ၍ နေရာလွတ်နေစေကာ ရွှေလွတ်တော် တွင်မြဲရသည်။ လင်းဇင်းမှပြန်လာသော ဗညားကျန်း၊ ဗညားပရန်၊ ဗညားဖြ သုံးဦးကိုလည်း အဆောင်အယောင် ဆုလာဘ်များစွာ ပေးတော်မူသည်။

ဗညားသုံးဦး လျှောက်သည်။

"ကျွန်တော် ဗညားသေဥ်လုံနှင့် လင်းဇင်းမင်း ဥပရာဇ်သည် အဆွေ အမျိုးဖြစ်သော အမှုးအမတ်တို့ကို သိမ်း ယူမည်ဆိုရာတွင် မနည်းကြာပင် တွေး ဆိုကြသည်၊ ဗညားသေဥ်လုံလည်း အရှင့်သစ္စာတော် တည်မည့်အကြောင်း ကို ဆိုပေသည်"

ထိုအကြောင်းများကို မင်းတရား ကြီး ကြားတော်မူလျှင် ဗညားသေဥ်လုံ ကိုအားရတော်မူ၍ ချီးမွမ်းတော်မူသည်။ မှူးတော် မတ်တော်အပေါင်းတို့ကိုလည်း ဤသို့ အမိန့်တော်ရှိသည်။

"အမတ်များတို့ ငါ့ဘုန်းတော် ကြောင့် ထီးဆောင်းမင်းတကာတို့၏ အရှင်ဖြစ်တော်မူ၍ တိုင်းကားနိုင်ငံတော် သည် အလွန်ကျယ်ဝန်းသည်၊ ထိုသို့ သော တိုင်းကားနိုင်ငံတော်အပေါင်းတို့ တွင် ထီးဆောင်းမင်းအပေါင်းလည်း တစ်ယောက်ကိုတစ်ယောက် ချိန်းချက် သည့် စကားကို ကြားသည်ရှိသော် ကောင်းသောသူသည်လည်း ကောင်း အောင် ကျင့်လေရာသည်၊ ကောင်းပြီး သောသူသည်လည်း အလွန်ပျပ်ဝပ် ညှိမိန့်လေရာသည်၊ အခါခပ်သိမ်း ကောင်းသောအကြံကို မကြံဝံ့ရာ၊ ထိုသို့ မသွေမဖည်ဝံ့သည်ဖြစ်မှ တိုင်း ကားနိုင်ငံ ငြိမ်းချမ်းသာယာသည်ဖြစ်၍ ပြည်သူ လူ ရဟန်းအပေါင်းတို့သည် ဒါန၊ သီလ စသော ပါရမီကိုဖြည့်၍ နိဗ္ဗာန်မဂ်ဖိုလ်ချမ်းသာကိုရလေရာသည်၊ ငါတို့ မင်းစကြာဇ်အားလည်း ကုသိုလ် ပွားများရာသည်"

ဟူ၍ အမိန့်တော်ရှိပြီးလျှင် ဗညားသေဥ်လုံကို အားရတော်မူ၍ ပုဆိုးကောင်း၊ သက္ကလပ်၊ ဇော်ကရပ်၊ မူရီ၊ ရမထိ၊ ခါသာ များစွာ ဇင်းမယ်သို့ သွား၍ ဆုပေးရသည်။

## သစ္စာကြီးသော ဗညားဗတ်

ထိုသက္ကရာဇ် ၉၃၈ ခုနှစ်တွင် လင်းဇင်းမင်း ကျွန်ဖြစ်သော ပါဠုလိပုတ် မြို့ကိုစားသော ဗညားဗတ်မည်သော သူသည် လင်းဇင်းမင်း ဖြစ်စစ်ရှိသည့် ကာလကပင် "ဖြစ်စစ်ကျွန် မခံပြီ" ဟူ၍ ပါဠုလိပုတ်မြို့ကို စွန့်ပြီး ရွှေဖဝါးတော် အောက် ရောက်လာသည်။ ဘဝရှင်မင်း တရားကြီးဘုရားလည်း ကြီးစွာသော အဆောင်အယောင်နှင့်တကွ ယိုးဒယား အဝင်ဖြစ်သော စကြိုဟ်မြို့ကို ပေးတော် မူသည်။ နောက် လင်းဇင်းမြို့ကို အလို တော်ပြည့်လျှင် ပါဠုလိပုတ်ကိုပင် ပေး တော်မူပြန်သည်။

ထို ဗညားဗတ်မည်သောသူ သည် ပါဠုလိပုတ်မြို့ကို တစ်ဖန်စွန့်ပြန် ၍ ရွှေဖဝါးတော်အောက် သားမယား ကိုယူ၍ အလုံးအရင်းနှင့်တကွ ရောက် လာသည်။ ဘဝရှင်မင်းတရားကြီးဘုရား လည်း ဗညားဗတ်ရောက်လာလျှင် အကြောင်းကို ခေါ်၍မေးတော်မူသည်။ ဗညားဗတ်လည်း ဤသို့ နားတော် လျှောက်သည်။

"လင်းဇင်းကျေး ပါဠုလိပုတ်မြို့ ကို ကျွန်တော်စွန့်၍ ရွှေဖဝါးတော် အောက်ရောက်ကြောင်းကား လင်းဇင်း ကျေးနှင့်စပ်သောစည်းစိမ်ကို ကျွန်တော် အလိုမရှိပါ။ ဟံသာဝတီ မဟာရာဇဓာနီ ပြည်ကြီးသည် သာသနာတော်၏ တည် ရာဖြစ်သည်၊ ဘုန်းတော် တန်ခိုးတော် ကြီးသော မင်းစကြာဇ်၏ ရွှေဖဝါးတော် အောက် မပြတ်မြဲစွဲ၍ ကံအလျောက် သေရသော်လည်း နတ်ပြည်သို့သာ ရောက်လေရာသည်၊ ကျေးစွန်ရွာနား ဝယ် သေရသည်ရှိသော် မကောင်း သော အာရုံကြောင့် အပါယ်လေးပါးသို့ လားရမည်၊ ထိုအကြောင်းများကို ကျွန် တော် မြင်၍ ရွှေဖဝါးတော်အောက် ရောက်ပေသည်"

ဆင်ဖြူများသခင် ဘဝရှင်မင်း တရားကြီးဘုရားလည်း ဗညားဗတ်ကို ဆုလာဘ်ပေးတော်မူပြီးလျှင် အကွက် အရပ်ချ၍ နေရသည်။ မပြတ်လည်း အမတ်တကာတို့နည်း ခစားရသည်။

တစ်ရံရောအခါ ဗညားဗတ်၏ အဆွေခင်ပွန်းဖြစ်သော အမတ်တို့သည် ဗညားဗတ်ကို ဤသို့ဆိုကုန်သည်။

"ဟံသာဝတီတွင်ရှိသော မြို့ကြီး ကား ပုသိမ်၊ မြောင်းမြ၊ မုတ္တမ၊ ဒလ၊ တိဂုံ၊ သည်မြို့များသည် အလွန်ကြီး ကျယ်လှသည်၊ တစ်နှစ်ကို အခွန်ငွေ တစ်ရာ၊ ကိုးဆယ်ရသည်၊ သည်မြို့များ ကို စားသော မှူးကြီးမတ်ခိုင်တို့သည် လည်း အလွန်ယောက်ျားကောင်းသည် ဖြစ်၍ ပွဲလမ်းရသည်များသောကြောင့် စားရသည်ဖြစ်သည်၊ လင်းဇင်းဟူသော အရပ်သည် ဗညားသေဥ်အရပ် ဖြစ် သည်၊ ဘဝရှင်မင်းတရားကြီးဘုရားက ပေးတော်မမူသော်လည်း နားတော် လျှောက်၍ စားရအောင် ပြုကောင်း သည်၊ ထိုသို့ စားရသည့် မြို့ကိုပစ်၍ ရွှေဖဝါးတော်အောက် ရောက်လာသည် ကား အကြောင်းပသို့နည်း"



www.burmeseclassic.com

www.burmeseclassic.com

ဗညားဗတ်လည်း ဤသို့ ဆိုပြန်သည်။

"လင်းဇင်းမင်း ဖြစ်စစ် ရှိသောအခါ ငါနှင့် မကြည်မသာရှိကြသည်လည်း မဟုတ်၊ ယင်းတို့ကို ငါ့စိတ်တွင် ထိုအရပ်၌ နေချေသည်ရှိသော် စည်းစိမ်အခြေအရံ ပျက်အုံးသကဲ့သို့ထင်၍ ရွှေဖဝါးတော်အောက်သို့ အထက်က ငါရောက်လာသည်၊ ထိုသို့ ငါထင်သည့်အတိုင်း ငါ့မှာ စည်းစိမ်ချမ်းသာမပျက်၊ လင်းဇင်းတစ်ပြည်လုံးမူကား အတိုင်းမသိ ပျက်စီးကျေမွလေတော့သည်။

ယခုလည်း လင်းဇင်းမြို့ကို ဥပရာဇ်ကိုပေး၍ မင်းပြုရသည်၊ ငါနှင့် ဥပရာဇ်လည်း ကြီးတော်ငယ်ချင်းဖြစ်၍ အစ်ကိုအရည်ကိုလည်း ငါသိရသည်၊ ဥပရာဇ်တို့ အမျိုးအနွယ်သည်လည်း သူ့ကျေးဇူးကို မသိတတ်သသူချည်းဖြစ်တော့သည်၊ ယခုမူကား ဥပရာဇ်သည် သူ့အရှင်ဖြစ်သည်၊ သူ့အရှင်မင်းတို့၏ သဘောကား အကျင့်နှင့်ပြည့်စုံမှသာ ခပ်သိမ်းသော ပြည်သူတို့စီးပွားကို ဆောင်နိုင်သည်၊ ယင်းသို့မဟုတ် အကျင့်မကောင်းရှိသော် မိမိကိုလည်း ပျက်စီး၊ မိမိနှင့် စပ်လျဉ်းသသူလည်း ပျက်မည်ကို ငါမြင်၍ ရွှေဖဝါးတော်အောက်သို့ ငါရောက်သည်၊ ငါဆိုသည့်အရေးကို ရှေ့နှစ်နှစ် သုံးနှစ်သို့ ရောက်သောအခါ တင်လတ်တော့မည်"

အမှုးအမတ်တို့လည်း -

"သည်ကဲ့သို့ ထင်မှန်းသိလျှင် လာသင့်သည် ဖြစ်တော့သည်"ဟု ဆိုကုန်၏။ သက္ကရာဇ် ၉၃၈ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက် တနင်္လာနေ့တွင် ပြည်ဆံတော်ဘုရားရှင်ကို ထီး၊ ချယားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။ တန်ဆောင်မုန်းလဆန်း ၁၃ ရက် သောကြာနေ့တွင် ကောင်းမှုတော် မဟာဝိဇယစေတီကို ဌာပနာတော်မူသည်။

လင်းဇင်း၌ ဥပရာဇ်မင်းပြုရမှာလည်း ဘဝရှင်မင်းတရားကြီးဘုရားဆုံးမတော်မူသည်ကို မယူ၊ ဥပရာဇ်မင်းသည် မှူးကြီးမတ်ကြီးတို့ကို မပေးမကမ်း မပြုမစု၊ မိမိဆွေမျိုးတို့ကိုသာ ပြုစုသောကြောင့် လင်းဇင်းအမှုးအမတ် သူဌေးသူကြွယ်အပေါင်းတို့သည် နှလုံးမကြည်ကြ၍ အထက်ကချီလေရာမှာ သေလေသော ဖြစ်စစ်သည် မသေဘဲ ရောက်လာပြန်သည့်အဟန် ဥပါယ်တံမျဉ် ပရိယာယ်ဝေဝုစ်ဖြင့် အထွေထွေကြံကြ၍ ဥပရာဇ်ကို ဖွင့်ပစ်ပြီးလျှင် တောကြီးတစ်ခု၌ စည်းနှံတိုင်ပင်၍ အမှုးအမတ် သူဌေးသူကြွယ်အပေါင်းတို့ ခြားနားလေကုန်၏။

ဥပရာဇ်မှာမူကား မိမိအဆွေအမျိုးနှင့် အလုံးအရင်းစုံရှာသာ ရှိချေသည်။ သည်အကြောင်းများ နားတော်လျှောက်လာ၍ ကြားတော်မူလျှင် သားတော် ဥပရာဇာ အစရှိသော မှူးတော်မတ်တော်တို့ကို ခေါ်တော်မူ၍ "ယခု လင်းဇင်းမှာ အရေးတော်ပျက်သည်ဟု ကြားသည်၊ ပသို့ ထင်ကြသနည်း" ဟု မေးတော်မူသည်။

ယင်းသောအခါ ဗညားလော လျှောက်သည်။

"ဥပရာဇ်သည် အဆုံးအမတော်အတိုင်း မတည်ရ၊ မှူးကြီးမတ်ရာတို့ နှလုံးမကြည်ရှိအောင် ပြုကျင့်လေ့ရှိသောကြောင့် အရေးတော်ပျက်သည်၊ ရွှေဖဝါးတော်အောက် ညီတော်၊ သားတော်တို့ကို ချီစေ၍ လုပ်ကြံတော်မူလျှင် အနိတုဝံ့မည်မဟုတ်၊ တောအုံနက်ရာ တောင်ကမ်းကြီးရာကို ပြေးပုန်းရှောင်လွှဲ၍နေလျှင် အရေးတော်ရှည်ကြာမည် တစ်ချက်ရှိသည်"

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာကို "လင်းဇင်းသို့ မောင်အိမ်ရှေ့မင်းချီမှ အရေးတော်ပြီးလွယ်မည်" ဟူ၍ အမိန့်တော်ရှိသည်။ တစ်ဖန် ဆက်လက်၍ မိန့်တော်မူသေးသည်။

"ငါကား အိုမင်းပြီ၊ အမောင်တို့သာ. . ."

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် ဆက်လက်၍ အောက်ပါအတိုင်း ခန့်ရန်တော်မူ၏။

နန္ဒကျော်ထင် တစ်တပ်၊ သမိန်စိမ်ပွန် တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ ဘယဂါမဏိ တစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ သီရိမွှာသောက တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ ရာဇသင်္ကြန် တစ်တပ်၊ ဗညားလော တစ်တပ်၊ ယိုးဒယားက ဩယားသောက္ကတ တစ်တပ်၊ ဩယားပိသလောက် တစ်တပ်၊ ဩယားသုဝဏ္ဏလောက် တစ်တပ်၊ ဩယားပိတ်စဲ တစ်တပ်၊ ဩယားကမန်ပိုက် တစ်တပ်၊ ဇင်းမယ်က ဗညားသေဉ်လုံ တစ်တပ်၊ ဗညားသံလ တစ်တပ်၊ ဗညားနန်း တစ်တပ်၊ ဗညားပြည် တစ်တပ်၊ ဗညားတုရိုင် တစ်တပ်၊ ဗညားလကွန်း တစ်တပ်၊ ဗညားခွင် တစ်တပ်။

သားတော် သဃဒတ္တ တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်သည် ၂၄ တပ်တွင် ပါသည့် တိုက်ဆင် ၁၂၀၀၊ မြင်း ၁၂၀၀၀၊ စစ်သည်သူရဲ ၂၂၀၀၀၀ နှင့် သက္ကရာဇ် ၉၄၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်နေ့တွင် လင်းဇင်းသို့ ချီရသည်။ မိုင်းစံသို့ ရောက်တော်မူလျှင် လင်းဇင်းမင်း


www.burmeseclassic.com

www.burmeseclassic.com

ဥပရာဇ်လည်း အလုံးအရင်းနှင့်ဆီးကြို၍ မဟာဥပရာဇာရှိရာသို့ ရောက်လာလေ၏။ အကြောင်းမျိုးကိုလျှောက်၍ စေ့စပ်စွာ သိတော်မူလျှင် ဥပရာဇ်နှင့်တကွ လင်းဇင်းအမတ်တို့ရှိရာ မိုင်းကောင်းမိုင်းပိုင်သို့ ချီတော်မူလေသည်။

လင်းဇင်းအမတ်တို့လည်း မခံဝံ့၍ အချို့ပြေးလေ၏။ အချို့သော အမှုးအမတ်တို့လည်း မဟာဥပရာဇ်တပ်သို့ ဝင်လာသည်။ ဝင်လာသသူတို့ကိုလည်း အစွာတော်ပေး၍ မိမိတို့ ကျေးစည်းစိမ်အတိုင်း စားမြဲစားရသည်။ ပြေးသသူတို့ကိုမူကား အစုစုခွဲ၍ လိုက်ရသည်။

ဟံသာဝတီမှာလည်း ထိုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် ကြာသပတေးနေ့တွင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ၊ ညီတော် တောင်ငူဘုရင် မင်းခေါင်၊ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ သုံးပါးကို တိုင်ရှိထီးဖြူ ရွှေချက်ရှစင်း ရွှေလောင်းစာရာဇ်မင်းတို့၏ အဆောင်အယောင် အစေ့အစုံ ပေးတော်မူသည်။

မဟာဥပရာဇာတို့ ချီလာရာမှာလည်း ရဲမက်တော်တို့ကို အကွဲကွဲ လိုက်လံရှာဖွေ လုပ်ကြံစေသော်လည်း တောအုံတမ်းပါး ကြီးရာသို့ ပြေးပုန်းလေသည်နှင့် အကုန်အစင် မတွေ့ရချေ။ ယင်းသို့လျှင် လင်းဇင်းတွင်ရှိသသူ၊ ကျွန်တော်ခံဝင်ရောက်လာသသူ အမှုးအမတ်၊ သူဌေးသူကြွယ် ကျေးစားအပေါင်းတို့ကို အစွာခံ သောက်စေပြီးမှ လိုက်လံရှာဖွေ၍ရသည့် အမတ် ငါးဆယ်ကျော်၊ သံ့လူသုံးထောင်ကျော်၊ ဖြစ်စစ်သမီး ဖြကျော်တို့ကို သိမ်းယူတော်မူခဲ့၍ လင်းဇင်းကမြန်တော်မူသည်။

၉၄၂ ခုနှစ် တန်ခူးလဆန်း ၈ ရက် တနင်္ဂနွေနေ့တွင် ဟံသာဝတီသို့ ရောက်တော်မူသည်။ ရောက်လျှင် ရခဲ့သည့် အမှုးအမတ် သံ့လူတို့ကို ဆက်သည်။ ခမည်းတော်ဘုရား အားရတော်မူ၍ စားတော်ခေါ် သည့် လက်ဖက်အိုး၊ ကွမ်းခွက်၊ သောက်ရေတော်တကောင်းဖုံး ဆုပေးတော်မူသည်။ တပ်မှုးစစ်ကဲအပေါင်းကိုလည်း အဆောင်အယောင် စားကျေးစားလက် အထိုက်အလျောက် ဆုပေးတော်မူသည်။

သက္ကရာဇ် ၉၄၂ ခုနှစ် ကဆုန်လဆန်း ၅ ရက် တနင်္ဂနွေနေ့တွင် ကောင်းမှုတော် မဟာမုနိဘုရားရှင်ကို ဌာပနာတော်မူသည်။

သီရိတြိဘဝနာ ဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ အမည်တော်ရှိသော ဘဝရှင်မင်းတရားကြီး ဘုရား ဖွားတော်မူသော သက္ကရာဇ်ကား ၈၇၇ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့ နေတက် ခုနစ်ဖဝါး၊ မိဿလဂ် မေထုန်စန်းတွင် ဖွားတော်မူသည်။ သက်တော် ၁၉ နှစ် သက္ကရာဇ် ၈၉၆ ခုနှစ်တွင် မင်းတရားရွှေထီး နှမတော် မင်းအကြီးနှင့် စုံဖက်တော်မူ၍ ကျော်ထင်နော်ရထာဟူသော အမည်ကို ခံတော်မူသည်။

သက်တော် ၂၃ နှစ် သက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် ဘုရင့်နောင်ခံတော်မူသည်။ သက်တော် ၃၄ နှစ် သက္ကရာဇ် ၉၁၁ တွင် ကေတုမတီပြည်၌ အလိုတော်ပြည့်၍ မင်းပြုတော်မူသည်။ သက်တော် ၃၆ နှစ် သက္ကရာဇ် ၉၁၃ ခုနှစ်တွင် ဟံသာဝတီပြည်ကြီးကို အလိုတော်ပြည့်၍ ရွှေနန်းတက်ကာ မင်းပြုတော်မူသည်။

မင်းစည်းစိမ်အားဖြင့်သော် ကေတုမတီတွင် ၂ နှစ်၊ ဟံသာဝတီမှာ ၃၀၊ နှစ်ပေါင်း ၃၂ ပတ်လုံး သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့စီးပွား၊ ပြည်သူလူတကာတို့၏ စီးပွားကို ဆောင်တော်မူ၍ သက္ကရာဇ် ၉၄၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်အင်္ဂါနေ့တွင် ချက်တဖြုတ်နာ၍ နတ်ပြည်စံတော်မူသည်။

ဘုန်းရောင် အလွန်ကြီးမြတ်တော်မူလှသော ရွှေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းသခင်၊ ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် လူ့ပြည်ငြီး၍ နတ်ပြည်စံတော်မူလျှင် သားတော်အိမ်ရှေ့ဥပရာဇာသည် ခမည်းတော်ဘုရား အလောင်းတော်ကို ဆရာတော်အပေါင်းနှင့် တိုင်ပင်တော်မူ၍ စကြဝတေးမင်းကို သဂြိုဟ်သကဲ့သို့ မင်းညီမင်းသား မင်းဆွေစိုးမျိုး မှူးတော်မတ်တော်အပေါင်း ခြံရံလျက် ရွှေနန်းတော်ရှေ့တွင် သဂြိုဟ်တော်မူသည်။

ယင်းသို့မှ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် တနင်္ဂနွေနေ့တွင် ခမည်းတော်ဘုရားအရာ ရွှေထီးရွှေနန်းကို သိမ်းအုပ်စိုးတော်မူသည်။ ယင်းနေ့ပင် သားတော်မင်းကြီးစွာကို မဟာဥပရာဇာ ဟူသော အမည်နှင့် အိမ်ရှေ့ပေးတော်မူသည်။ အိမ်ရှေ့မိဖုရား အဝဘုရင်သတိုးမင်းစောသမီးတော် နတ်ရှင်မယ်တော်တည်း။

ယင်းသည့်နေ့ပင် ဆွေတော်မျိုးတော် မှူးတော် မတ်တော်အပေါင်းတို့ကို အမည်အရည် အဆောင်ယောင် စားကျေးစားလက် အထိုက်အလျောက် ပေးတော်မူသည်။ သက္ကရာဇ် ၉၄၄ ခုနှစ် ကဆုန်လတွင် ဘထွေးတော် တောင်ငူဘုရင်မင်းခေါင်၏ သမီးတော်သုံးပါးကိုယူ၍ မိဖုရားမြှောက်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

နယုန်လတွင် ဟံသာဝတီသို့ ယိုးဒယားမင်း ဖြနရာဇ် အလုံးအရင်းဖြင့် ရောက်လာ၍ ခြေတော်ဦးတင်လာသည်။ သီတင်းကျွတ်လတွင် စန္ဒားစား၊ သောင်သွပ်စားတို့ သောင်းကျန်းပုန်ကန်လေ၍ စေလွှတ်ရသောတပ်စဉ်ကား ဤသို့ဖြစ်သည်။

သာယာဝတီစား၊ စကုစား၊ စလင်းစား၊ ပုခန်းငယ်စား၊ တရုတ်စား၊ ပုခန်းကြီးစား၊ အမြင်းစား၊ ပဒုံစား၊ ကန္နီစား၊ ဒီပယင်းစား၊ မြေဒူးစားတို့ကို တစ်တပ်စီ ပေးတော်မူပြီး ဘထွေးတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ဗိုလ်မှူးခန့်တော်မူ၍ သည်တစ်ဆယ့်တစ်တပ်ကို တိုက်ဆင် ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းဖြင့် တစ်ကြောင်းချီရာသည်။ ခြေတော်ရင်းကလည်း သီရိဓမ္မာသောက၊ သမိန်ရဲသင်ရုံ၊ ဘယကျော်ထင်၊ ဗညားကျန်းတော၊ တောင်တွင်းစား၊ ရမည်းသင်းစား၊ မိုးနဲစော်ဘွား၊ ညောင်ရွှေစော်ဘွား၊ သိန္နီစော်ဘွား၊ အုန်းဘောင်စော်ဘွား၊မိုးမိတ်စော်ဘွားတို့ တစ်တပ်စီတွင် ညီတော် ဇင်းမယ်ဘုရင်ကို ဗိုလ်မှူးခန့်တော်မူ၏။

သည်တစ်ဆယ့်နှစ်တပ်၌ တိုက်ဆင် ငါးရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းဖြင့် တစ်ကြောင်းချီရသည်။ စန္ဒားသို့ ရောက်တော်မူလျှင် စန္ဒားစားလည်း ဆီးကြို၍မတိုက်ဝံ့။

"ငါ့မြို့ကို ဝန်းရံသာသည်မူ၍လော" အမှတ်ရှိ၍ မြို့ကိုခိုင်လုံအောင် ပြုလျက် ခံလေ၏။

ပြည်ဘုရင် သတိုးဓမ္မရာဇာ၊ ဇင်းမယ်ဘုရင် နော်ရထာစောတို့လည်း အစားအသောက် မျိုးရိက္ခာမသွင်းရအောင် တောင်ခြေရင်းက ဝန်းရံ၍နေသည်နှင့် ငါးလခန့်ရှိလျှင် မြို့တွင်းသားတို့ ကျဉ်းမြောင်း၍ ပျက်လေ၏။ ပြည်ဘုရင်၊ ဇင်းမယ်ဘုရင်တို့လည်း စန္ဒားစားနှင့်တကွ သုံ့ပန်းဆင်မြင်းတို့ကို ယူ၍ ပြန်လေ၏။ သက္ကရာဇ်တက်မှ ဟံသာဝတီသို့ ရောက်သည်။

သက္ကရာဇ် ၉၄၄ ခုနှစ်တွင် မဟာဥပရာဇာနှင့် အိမ်ရှေ့မိဖုရား နတ်ရှင်မယ်တော် မကြည်ရှိကြ၍ တွန်းဖယ်ရာတွင် သလွန်တော်စွန်းနှင့် အိမ်ရှေ့မိဖုရား နဖူးတော်ထိ၍ သွေးယိုချေသည်။ ထိုသွေးကို ဝတ်လဲတော်နှင့် သုတ်ပြီးလျှင် ဘူးတွင်သွပ်၍ တံဆိပ်လက်ရာနှင့် ခမည်းတော် အဝဘုရင် သတိုးမင်းစောသို့ ဆက်ရလေ၏။ ဤသို့လည်း မှာသည်။

"မဟာဥပရာဇာသည် ဇင်းမယ်ဘုရင်နှမ ဓာတုကလျာသို့သာ နှလုံးတိမ်းညွှတ်၍ မပြတ်တစေအပါး ပြုလေသည်၊ ကျွန်ုပ်ကိုကား မချစ် မနှစ်လိုဖြစ်ဆန်းပြုသောကြောင့် စိတ်ဆင်းရဲလှပါသည်"

ထိုအကြောင်းအရာများကို အဝမိဖုရား ကြားလျှင် ဤသို့ဆို၏။

"ငါသည် မောင်ကောင်းနှမ အဖကောင်းသမီးမူကား ဖြစ်ပါ၏၊ လင်ကောင်းမယား မဖြစ်ပါ"

ဤသို့ မြည်တွန်ဖန်များသောအခါ အဝဘုရင်သည် ဟံသာဝတီကို ခြားနားရာက စစ်ဖြစ်တော့သည်။ စီးချင်းတိုက်ရာတွင် သတိုးမင်းစောထွက်ပြေးစဉ် ချွန်း၌ နာမကျန်းဖြစ်ကာ ကွယ်လွန်လေ၏။

## သစ္စာမဲ့သော ဖြနရာဇ်

ဟံသာဝတီမင်းတရားကြီးလည်း အဝကို အလိုတော်ပြည့်လျှင် နှမတော် အဝမိဖုရားကို လှော်ကားနှစ်စင်းတွဲဖောင်ဖြင့် ကိုယ်လုပ်တော်မောင်းမနှင့်တကွ စီးစေ၍ လှေရုံအများနှင့် ဆောင်တော်မူသည်။ ဟံသာဝတီသို့ရောက်လျှင် သာယာစွာသော အဝမှာ အိမ်တော်ကဲ့သို့ စကျောသုံးထပ်အိမ်ဖြူဆောက်စေ၍ အခြွေအရံ ကိုယ်လုပ်မောင်းမနှင့်တကွ ငြိမ်းချမ်းသာယာစွာ နေတော်မူရသည်။

ယိုးဒယားမင်း ဖြနရာဇ်ကို အဝသို့ နောက်တော်လိုက် ခေါ်ချေတော်မူသည်။ ဖင့်နွဲ၍ နောက်မှ ၁၂ တပ်စီရင်၍ တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ခြောက်သောင်းခန့် ချီလာသည်။ ထိုအကြောင်းကို ဟံသာဝတီမြို့စောင့် သားတော် မဟာဥပရာဇ် ကြားလျှင် "ခမည်းတော်ဘုရား အဝသို့ ချီတော်မူပြီ၊ အဝသို့ လိုက်လေတော့" ဟု ဆီး၍ကြိုစေသော်လည်း အဝသို့မချီ၊ ဟံသာဝတီသို့သာ ချီလာကြောင်းကို ကြားရလေသည်။

သို့ဖြစ်သောကြောင့် မဟာဥပရာဇ်သည် ကျုံးမြောင်း ပြင်ဆင်၍ အမြောက်သေနတ်တင်လျက် အတင်းအကျပ် ခံတော်မူချေသည်။

ယိုးဒယားဖြနရာဇ်သည်လည်း မြို့ရင်းသို့ချဉ်း၍ တပ်ထောင်တာနှင့်နေစဉ် ဟံသာဝတီမင်းတရားဘုရား အဝကို အလိုတော်ပြည့်၍ ပြန်လာတော်မူကြောင်းကို ဖြနရာဇ်ကြားလျှင် ဟံသာဝတီမှသည် မုတ္တမသို့ပြန်၍ အရှေ့ဘက်တစ်လွှားတွင်ရှိသော လူများကို သိမ်းယူပြီး ယိုးဒယားသို့ ပြန်လေ၏။

ထိုအကြောင်းများကို ဘဝရှင်မင်းတရားကြီး ကြားလျှင် ဗညားကျန်းတော တစ်တပ်၊ သက်ရှည်ကျော်ထင် တစ်တပ်၊ ဗညားပရံ တစ်တပ်၊ ဘယဂါမဏိ တစ်တပ်၊ သည်လေးတပ်ကို





www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆင် လေးရာ၊ မြင်း လေးထောင်၊ လူ ငါးသောင်းနှင့် အဝက အလျင်ချီ၍ လိုက်ရလေသည်။

အဝကို မင်းတရားရွှေထီးသားတော် မင်းလက်ျာကို ကွမ်းခွက်၊ လက်ဖက်အိုးပေး၍ မြို့ဝန် ခန့်တော်မူသည်။ အဲဝနှင့် နီးစပ်သမျှကိုလည်း ပျပ်ဝပ်ကျိုးနွံမည့်သူတို့ကို ကျေးစားခန့်တော်မူ၍ ပြန်တော်မူသည်။

ဟံသာဝတီသို့ ရောက်တော်မူလျှင် ယိုးဒယားသို့ ချီလေသည်။ အင်အားနည်းသည်ဟူ၍ သမိန်လကွန်းအိမ်၊ ရာဇသင်္ကြံ၊ သမိန်ရဲသင်ရဲ၊ နန္ဒကျော်ထင်၊ ဗညားလော၊ သီရိမွှာသောကတို့ တစ်တပ်စီနှင့် သားတော် မဟာဥပရာဇာ တစ်တပ်၊ သည်ခုနစ်တပ်ကို တိုက်ဆင် ငါးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ ခုနစ်သောင်း နောက်ချီပြန်ရသည်။ ယိုးဒယားသို့ရောက်လျှင် အလျင်ချီလေသော ဗညားကျန်းတောတို့ လေးတပ်သားနှင့် ပေါင်း၍ ယိုးဒယားမြို့ မြောက်စုတ္တလိဟူသောအရပ်၌ တပ်တည်၍ နေသည်ကို ယိုးဒယားမင်း ဖြနရာဇ် မြို့ကထွက်၍ တိုက်လေသည်။ အရပ်အနေ မသင့်ချေ၍ ရဲမက်တော်တို့ ရွှေ့ချေသည်။ ထိုအကြောင်းများကို ဟံသာဝတီမင်းတရားကြီး ကြားတော်မူလျှင်-

"အလုံးအရင်း ဆင်မြင်းလည်း နည်းလေသည်၊ ယိုးဒယားမြို့လည်း အလုပ်အကြံခဲက်လှသည်၊ ယခုလည်း မိုးလ ကျတော့မည်၊ နီးပြီ၊ ပြန်ခဲ့တော့" ခေါ်တော်မူ၍ သားတော်ဥပရာဇာတို့ တစ်ဆယ့်တစ်တပ်လုံး ပြန်ရသည်။

ဥပရာဇာတို့ပြန်လေပြီ ကြားလျှင် ယိုးဒယားမင်း ဖြနရာဇ်လည်း "ငါ့အကြံအတိုင်း အပြီးသို့ရောက်လေပြီ" ဟူ၍ ကြုံးဝါးသံ ပလေသည်။

ဤသို့ဖြင့် သာသနာရေးကိစ္စ၊ ဆွေတော်မျိုးတော်များ ကိစ္စဖြင့် သက္ကရာဇ် ၉၄၆ ခုနှစ် ကုန်ဆုံးသွားကာ သက္ကရာဇ် ၉၄၇ ခုနှစ် တန်ခူးလတွင်မှ ယိုးဒယားအရေးကို အာရုံဝင်စားနိုင်လေသည်။ သက်ရှည်ကျော်ထင်၊ ဗညားကျန်းတော၊ ဘယဂါမဏိ၊ နန္ဒသူရိယ၊ သမိန်သံကျယ်၊ သီရိဇေယျကျော်ထင်၊ ဗညားဗတ်၊ သီရိမွှာသောက၊ ဗညားသေဉ်လုံ၊ ဗညားသံလုံ၊ ဗညားနန်း၊ သမိန်ပြည်၊ သမိန်ရဲသင်ရဲ၊ သမိန်လကွန်းအိမ်၊ ဗညားတုရိုင်တို့ တစ်တပ်စီနှင့် မဟာဥပရာဇာတစ်တပ် သည် ၁၉ တပ်၏ အင်အားမှာ တိုက်ဆင် တစ်ထောင်၊ မြင်း တစ်သောင်းနှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းဖြင့် ယိုးဒယားသို့ ချီသော်ငြား ဖြနရာဇ်ကို မနိုင်ချေ။ ဖြနရာဇ်ကို မနိုင်ရုံသာမက ဖြနရာဇ်၏တပ်များ ကျူးကျော် ဝင်ရောက်လာသည်ကို ခံရသည်။

သို့ကြောင့် ၉၅၄ ခုနှစ် နတ်တော်လတွင် သားတော်မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော်အပေါင်းကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

"မင်းညီ မင်းသားအပေါင်းတို့သည် ငါ့ကျေးဇူးတော်ကိုသာခံ၍ ငါ့အမှုတော်ကို ကြိုးကြိုးပမ်းပမ်း မထမ်းကြသောကြောင့် ယိုးဒယားမင်း ဖြနရာဇ်ငယ် သောင်းကျန်းရိုင်းပျချေသည်ကို အကြိမ်ကြိမ်ချီရ၍ အရေးတော်မပြီးရှိရလေသည်။

ငါ့ကျေးဇူး သစ္စာတော် နှစ်ပါးကို သာထောက်၍ အမှုတော်ကို ကြိုးစားအားထုတ်ထမ်းတပြီးကား ယိုးဒယားဖြနရာဇ်ငယ် ငါ့လက်တော်က လွတ်ရမည့်သဘောရှိသလော၊ ယင်းသို့ဖြစ်သောကြောင့် သည်တစ်ကြိမ် အသက်စွန့်၍ အမှုတော်ကို ထမ်းကုန်ကြ"

ထိုအခါ ဗညားလောက ဤသို့ လျှောက်သည်။

"ယိုးဒယားမြို့သည် ကျွန်တော်တို့အင်အားနှင့် ထောက်သော် အစိတ်အပြားမျှမရှိ၊ ထိုသို့ အစိတ်အပြားမျှမရှိသော်လည်း ဖြနရာဇ်သည် အာဏာကြီးမားသောကြောင့် သူ့ကျွန် တပ်မှူး စစ်ကဲအပေါင်းတို့သည် ရန်သူကို တွေ့သောအခါ အသက်ကိုစွန့်လတ်တော့သည်သာ မဆုတ်ခွာပြီ၊ ထို့ကြောင့် ကျွန်တော်တို့ အလုပ်အကြံ ခဲက်လှချေသည်။

စစ်တို့၏သဘောသည်လည်း အင်အားနည်းသည် များသည်ဟူ၍ မမှတ်ရချေ၊ အရဲအစွမ်း လုပ်ရည် ကြံရည်သာ အရင်းဖြစ်ချေသည်၊ ယင်းသို့ဖြစ်သောကြောင့် သားတော်ဥပရာဇာ၊ သားတော်အငယ်၊ ပြည်ဘုရင်သတိုးဓမ္မရာဇာ၊ တောင်ငူမင်း၊ သားတော် နတ်ရှင်နောင်တို့သည် အရဲအစွမ်း လုပ်ရည်ကြံရည်နှင့် ပြည့်စုံလှသည်၊ အလုံးအရင်းများနှင့် ခန့်ရန်တော်မူမှ အရေးတော်ပြီးလွယ်မည်"

ဘဝရှင် မင်းတရားကြီးဘုရားလည်း ဗညားလော လျှောက်သော အရေးကို ကြိုက်တော်မူ၍ စီရင်ခန့်ရန်တော်မူသည်။

နန္ဒကျော်ထင် တစ်တပ်၊ ဗညားဖရဲ တစ်တပ်၊ သက်ရှည်ကျော်ထင် တစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ ဘယဂါမဏိ တစ်တပ်၊ ဗညားဗတ် တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ ဗညားလော တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ သမိန်လကွန်းအိမ် တစ်တပ်၊ သဉ်ယာ တစ်တပ်၊ သမိန်ရဲသင်ရဲ တစ်တပ်၊



www.burmeseclassic.com

www.burmeseclassic.com

ဖေယျသကြီ တစ်တပ်၊ ဗညားဒလ တစ်တပ်၊ သီရိဖေယျနော်ရထာ တစ်တပ်၊ သမိန်အံပရဲ တစ်တပ်၊ မင်းမဟာ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ စုက္ကတေး တစ်တပ်၊ သမိန်ဇိပ်ပွန် တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ ဇင်းမယ်က ဗညားသေဉ်လုံ တစ်တပ်၊ ဗညားနန်၊ ဗညားဗြ၊ ဗညားတုရိုင်တို့နှင့် ဇင်းမယ်ဘုရင် တစ်တပ်၊ တောင်ငူမှ သားတော်နတ်ရှင်နောင်နှင့် တောင်ငူဘုရင် တစ်တပ်၊ ပြည်အားနှင့် သတိုးဓမ္မရာဇာ တစ်တပ်၊ မဟာဥပရာဇာ တစ်တပ်၊ သည် ၁၂ တပ်တွင်ပါသည့် တိုက်ဆင် တစ်ထောင့်ငါးရာ၊ မြင်း နှစ်သောင်း၊ စစ်သည်သူရဲ နှစ်သိန်းလေးသောင်းနှင့် ၉၅၄ ခုနှစ် နတ်တော်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ယိုးဒယားသို့ ချီရသည်။ ယိုးဒယားသို့ တပို့တွဲလဆန်း ၈ ရက်နေ့ရောက်လျှင် ဆင်ရဲ 'တုန်းစုံ' ကို မဟာဥပရာဇာ စီးတော်မူ၍ လက်ယာက ညီတော် သတိုးဓမ္မရာဇာကို အလုံးအရင်းနှင့် နေရသည်။ လက်ဝဲက နတ်ရှင်နောင်ကို အလုံးအရင်းနှင့် နေရသည်။

မှန်ပြည့်သော ပေါက်ကျော်ဖေယျကို ဇာပရိုးစားကို စီးစေ၍ ဆင်တော် လက်ယာက မနီးမဝေးတွင် နေရသည်။ ဆင်မှန်ပြင်းလှသောကြောင့် မျက်နှာကို ပုဆိုးအုပ်၍ ထားရသည်။ ယိုးဒယားမင်း ဖြနရာဇ်လည်း ဖြလပုံဟူသော ဆင်ကိုစီး၍ အလုံးအရင်းနှင့် မြို့မှထွက်လာသည်။ မဟာဥပရာဇာကို မြင်လျှင် ဆင်ကို မဟာဥပရာဇာ ရှိရာသို့ အပြင်းလွှတ်လာသည်။

ဇာပရိုးစားလည်း ဖြနရာဇ်လွှတ်လာသည့် ဆင်ကို တိုက်မည်ဟု မျက်နှာအုပ်ထားသော ပုဆိုးကို ဖွင့်သည်တွင် ဖြနရာဇ်စီးသော ဆင်ကိုကား မဝှေ့၊ နောက်သို့ပြန်၍ မဟာဥပရာဇာစီးသော ဆင်ကို အပန်းတကြီးဝှေ့လေ၍ မဟာဥပရာဇာလည်း အပန်းတကြီးပင် တိုက်တော်မူရသည်။ ယင်းသို့စဉ်တွင် ဆင်က လဲချေသည်နှင့် ယိုးဒယားက လွှတ်လိုက်သော စိန်ပြောင်းသင့်၍ ဆင်ဦးတွင်ပင် မဟာဥပရာဇာ ဆုံးချေသည်။

ဤပွဲသည် မြန်မာနှင့်ယိုးဒယားတို့ဖြစ်ပွားသော စစ်ပွဲများတွင် နောက်ဆုံးဖြစ်ကာ ဟံသာဝတီမင်းဆက် ပြုတ်သည်။ ညောင်ရမ်းမင်းဆက်များ ထွန်းကားလာရုံမက ရခိုင်မင်းများ မြှောက်စားသဖြင့် သန်လျင်သို့ ရောက်ရှိလာသော ပေါ်တူဂီလူမျိုး ဇေင်ကာသည် သာသနာတော်နှင့် လူမျိုးကိုပါ စော်ကား၍ အနောက်ဘက်လွန်မင်းတရားမှ ချေမှုန်းသုတ်သင်လိုက်ရ၏။

သို့ဖြစ်၍ ဟံသာဝတီသို့ ကြွလာသူမှာ အနောက်လွန်မင်း ဖြစ်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီသို့ ရောက်တော်မူလျှင် သတ္တမတဲတော်တွင် နေတော်မူသည်။ ယင်းသောအခါ မုတ္တကို မင်းပြုသော ဗညားဒလသည် -

"ဘဝရှင်မင်းတရားကြီးဘုရား၊ သန်လျင်ကို အလိုတော်ပြည့်ပြီ" ဟူ၍ ကြားလျှင် ငါနေ၍မသင့်ချေ အယူရှိ၍ မြို့ရဲ သုံးဆယ့်နှစ်မြို့စားနှင့်တကွ ဆင်ကြီး၊ မြင်းကြီး၊ သားသမီး ရွှေငွေများစွာ လကီဆောင်တော်ယူ၍ သတ္တမ တဲတော်တွင် နေတော်မူစဉ် ကျွန်တော်ခံလာသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း သက္ကရာဇ် ၉၅၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ဗညားဒလစသော သုံးဆယ့်နှစ်မြို့စားတို့ကို သစ္စာတော် ပေးတော်မူသည်။ ယင်းသောအခါ ယိုးဒယားမင်းက -

"ရေးမြို့မှာနေသည့် အဝဘုရင်ညီကို ရအောင်တိုက်၍ ပို့လာလှည့်" ထားဝယ်စားကို စေသောကြောင့် ထားဝယ်စားလည်း အလုံးအရင်းနှင့်တကွ ရေးမြို့သို့ ချီသည်။

စစ်ကိုင်းမင်း အယူမှာကား -

"ထားဝယ်စားသည်၊ ငါတို့ လက်ဝင် ဖြစ်လေပြီးသည်" ဟူ၍ အလျှော့အပေ့ နေချေသည်နှင့် ထားဝယ်စားသည် ရေးမြို့အနီးသို့ ရောက်လာ၍ ပစ်ခတ်မှ စိတ်ဖောက်ပြန်ကြောင်းကို သိသည်။

ယင်းတို့မှ ဆင်စီး၍ ရုံးမိသမျှသော စစ်သည်နှင့်ထွက်၍ တံတားဦးကို လျှောက်သည်။ တံတားဦးအဆက်ကို ဖြတ်၍ထားသောကြောင့် ဆင်နှင့်တကွ တံတားက ရေသို့ကျချေသည်။ ထားဝယ်စား စစ်သည်တို့လည်း ရေသို့ကျရာမှ ဖမ်း၍ ထားဝယ်သို့ ယူလေသည်။

ရောက်လျှင် လှေဖြင့်ပို့မည်ဟု ယူသည်ကို တောပုန်းလာတို့သိလျှင် အဝဘုရင်ညီတော် ဖြစ်သည်ကို ယိုးဒယားသို့ ပို့ရမည်လောဟူ၍ ခရီးတွင် ဆီး၍လုသည်။ ရလျှင် စစ်ကိုင်းမင်းကို တဲဆောက်၍ ကောင်းမွန်စွာထားပြီးမှ ဘဝရှင်မင်းတရားသို့ ဆက်မည်ဟူ၍ လူစုသူတို့ကို ရုံးစုစဉ်တွင် ထားဝယ်စားကိုယ်တိုင်လာ၍ တိုက်ပြန်လေသောကြောင့် စစ်ကိုင်းမင်းကို သူရပြန်လေ၍ ထားဝယ်သို့ ဆောင်ယူလေသည်။

(ဆက်ရန်)

**အောင်သိမ်းမြတ်**

□



www.burmeseclassic.com

www.burmeseclassic.com

လူဖြစ်လျှင် ခန္ဓာရှိသည်။ ခန္ဓာရှိမှုကြောင့် ဝေဒနာရှိသည်ဟူသော စကားအတိုင်း လူတိုင်း လူတိုင်း ခန္ဓာကိုယ်ပိုင်ဆိုင်ကြသောကြောင့် ဝေဒနာတစ်ခု မဟုတ်တစ်ခု ရှိကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် လူသား တစ်ယောက် ဖြစ်သောကြောင့် ဝေဒနာတစ်ခုကို နှစ်ရှည်လများ ခံစားခဲ့ရဖူးပါသည်။

မြန်မာသမားတော်များ၊ ခေတ်ဆရာဝန်များ အမျိုးမျိုးနှင့် ပြောင်းလဲတူသကာ ငွေကြေး မြောက်မြားစွာ တွန်ခဲ့သော်လည်း ကျွန်ုပ်၏ ဝေဒနာသည် သက်သာသည်မှလွဲ၍ ပျောက်ပါသည်ဟု ပြော၍ မရနိုင်ပါ။ ထိုကဲ့သို့ ဝေဒနာ ခံစားရသောကြောင့်လည်း အောက်တွင် ဖော်ပြပါ ဝတ္ထုဇာတ်လမ်းကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

▲

လွန်စွာမှ ပူပြင်းခြောက်သွေ့၍ ပျင်းရိငြီးငွေ့ဖွယ် ကောင်းသော နေ့တစ်နေ့တွင် ဖြစ်သည်။ ကျွန်ုပ်သည် အရိပ်ထဲတွင် ထိုင်နေသော်လည်း ချွေးပြိုက်ပြိုက်ကျအောင် ပူလှသော ရာသီဥတုဒဏ်ကိုအန်တုကာ နေ့လယ် ၂ နာရီ တိတိအချိန်တွင် အိမ်မှ ထွက်လာခဲ့သည်။

ကျွန်ုပ်သွားလိုရာနေရာသို့ ကားနှစ်ဆင့်စီးရမည် ဖြစ်သည်။ ပထမဦးစွာ ကားတစ်ဆင့်စီးလာပြီး ပန်းဆိုးတန်းတွင် ဆင်းသည်။ ထိုမှ (၃၈)လမ်းကို ဖြတ်ကာ မဟာဗန္ဓုလလမ်းပေါ်ကို ရောက်လာသည်။ ထိုမှ နောက်တစ်ဆင့်စီးရန် (၃၉)ကားဂိတ်ရှိရာ (၃၉)လမ်းထိပ်တွင် ခေတ္တရပ်စောင့်နေလိုက်သည်။ သိပ်မကြာပါ။ (၃၉)ဟီးနိုးကားများ တစ်စီးပြီး တစ်စီး ရောက်လာသည်။

နွေခေါင်ခေါင် နေပူပူဖြစ်သော ကြောင့် ကားများ လူချောင်လှသည်။

## မျှော်မြင်မှား၊ မိုလ်ကာလေး၊
## အကြောမြင်ပညာရှင်၏ကိုယ်တွေ့





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အချောင်ဆုံးကား တစ်စီးပေါ် တက်ကာ ယာဉ်မောင်း နောက် နေရာလွတ်တစ်ခုတွင် ထိုင် လိုက်သည်။ ကားရှေ့ပိုင်းဖြစ်သော ကြောင့် ကားအဆောင့်သက်သာသည်။ ကျွန်ုပ်၏ ရောဂါအခြေအနေကြောင့် ကားစီးလျှင် ဘယ်တော့ဖြစ်ဖြစ် ရှေ့ပိုင်း (သို့မဟုတ်) ရှေ့ဆုံးကျကျနေရာသာ စီးသည်။ ဤလည်း တစ်ဒုက္ခဟု ဆိုရ မည်။

ကျွန်ုပ်နေရာယူပြီး သိပ်မကြာ လိုက်။ (၃၉)ကားကြီးက လျင်မြန်စွာ မောင်းထွက်လာသည်။ (၄၅)မိနစ်ခန့် အကြာတွင် ကျွန်ုပ် သွားလိုသော သယ်န်းကျွန်းရှိ ဇဝနမှတ်တိုင်ကိုရောက် ပြီ။ ထိုမှတ်တိုင်တွင် ဆင်းလိုက်သည်နှင့် ဆေးညွှန်မှူးရုံးမှ ကျွန်ုပ်နှင့် ခင်မင် ရင်းနှီးသော မိတ်ဆွေကြီး ဦးရဲထွတ်ကို သတိရလိုက်သည်။ ဦးရဲထွတ်သည် သယ်န်းကျွန်းရဲစခန်းဘေးက ဦးစံဖေ လမ်း တစ်နေရာတွင် နေသည်။ သတိ သာရသည် သူထံသို့ မလှည့်ဖြစ်။

ကျွန်ုပ်၏ နှစ်ပေါင်းကြာမြင့်စွာ ခံစားနေရသော ရောဂါကို ကုစားပေး ခဲ့သော အကြောပြင်ဆရာကြီး ဦးခန့် အိမ်သို့သာ ခြေဦးလှည့်ဖြစ်သည်။ ဦးခန့် သည် မြန်မာ့အကြောပြင်ဆရာ၊ ကျွန်ုပ် ၏ အသက်သခင်ကျေးဇူးရှင်၊ ကျွန်ုပ်၏ ဝေဒနာများကို ပျောက်အောင် ကုစား ပေးခဲ့သော ဆရာ။ ဇဝနမှတ်တိုင်မှ ကွမ်းတစ်ယာညက်ခန့် ကြာအောင် လျှောက်လာခဲ့သောအခါ အကြောပြင် ဆရာ ဦးခန့်အိမ်သို့ ရောက်ပြီ။

သယ်န်းကျွန်းတစ်ဝိုက်မှာတော့ ကလေးကအစ မည်သူမေးမေး အကုန် သိသည်။ ဦးခန့်သည် ကျွန်ုပ်အား တစ် ရက်ခြား တစ်ကြိမ် အကြောပြင်ပေး သောအခါ တစ်လအတွင်း ကျွန်ုပ်၏ ဝေဒနာများ ၃၀ ရာခိုင်နှုန်းခန့် ပျောက် ကင်းသွားသည်ဟု ကျွန်ုပ်ဝန်ခံရမည် ဖြစ်သည်။ အထူးကုသမားတော်ကြီးများ နှင့် စားဆေးမျိုးစုံ၊ ထိုးဆေးမျိုးစုံနှင့် ကုသ၍ မထူးခြားခဲ့သော ကျွန်ုပ်၏ ရောဂါကို ဆရာဦးခန့်နှင့် လေးကြိမ်မျှ တွေ့သောအခါ ထူးခြားလာသကဲ့သို့ တစ်လအတွင်း ရောဂါ၏ ၉၀ ရာခိုင်နှုန်း သက်သာသွားပါသည်။

ထို့ကြောင့် မြန်မာ့အနှိပ်ပညာ (အကြောပြင်ပညာ)ကို ကျွန်ုပ် အထင် မသေးဝံ့တော့ပါ။ ယခင်က အထင်သေး ခဲ့ဖူးပါသည်။

ကျွန်ုပ် ထိုကဲ့သို့ စကားဦးသန်း နေခြင်းမှာ ကျွန်ုပ်၏ကိုယ်တွေ့ အတွေ့ အကြုံကို တင်ပြခြင်းဖြစ်၍ ကျွန်ုပ် ပြော ပြချင်သော အကြောင်းမှာ ဦးခန့်၏ အကြောပြင်ပညာနှင့်မဆိုင်သောရောဂါ ဆန်းတစ်ခုကို တင်ပြချင်၍ ပြောလိုခြင်း သာ ဖြစ်ပါသည်။

မြန်မာ့အနှိပ်ပညာ(ဦးခန့် ပြော သည့် မြန်မာ့အကြောပြင်ပညာ)သည် ရှေးအစဉ်အဆက် မြန်မာ့ရှေးဟောင်း အကြောရောဂါများ၏ ကုထုံးတစ်ရပ်ဟု မှတ်သားဖူးသည်။ ထိုပညာများသည် သားစဉ်မြေးဆက် အဆင့်ဆင့် ပညာ များ ဆင့်ပွားကျန်ရစ်ခဲ့ကာ ယနေ့တိုင် ရှိနေသော အကြောပြင်ပညာ[illegible]ဖြစ် သည်။

ဆရာခန့်ဆိုသည့်အတိုင်း အရပ် မြင့်မြင့် ဒေါင်ကောင်းကောင်း၊ အသား က မဖြူမညို၊ ကြည်လင်သော မျက်နှာ ထားနှင့် ခံ့ညားသောပုဂ္ဂိုလ် ဖြစ်သည်။ အိမ်ရှေ့တွင် ဆိုင်းဘုတ်ချိတ်မထား။ အိမ်ထဲတွင်သာ စာလုံးကြီးကြီးဖြင့် ရေး ထားသည်။ မြန်မာ့အကြောပြင်ပညာ သည် အနှိပ်ပညာမဟုတ်ဟု ဖြစ်သည်။ ဆိုလိုသည်က အနှိပ်သည်ဟု ခေါ်မှာ စိုးသောကြောင့် ဖြစ်ဟန်တူပါသည်။

ဆရာခန့်က စကားပြောလျှင် အကြောပြင်ပညာ၊ အကြောပြင်သည်။ အကြောပြုပြင်သည်ဟုသာ သုံးသည်။ နှိပ်ပေးသည်၊ အနှိပ်ခံသည်၊ အနှိပ် သည်ဟု သူမသုံး။ ထို့ကြောင့် အကြော ပြင်ပညာနှင့် အနှိပ်ပညာသည် မည်သို့ ကွာခြားသည်ကို ကျွန်ုပ်မလေ့လာမိ၍ မသိသော်လည်း သုတေသီများ လေ့ လာသင့်ပါသည်။ (ဤကားစကားချပ်)

ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်၏ ရောဂါအခြေအနေမှာ ဆရာဦးခန့်နှင့် တွေ့ဆုံပြီး တစ်လအတွင်း ဆရာ၏ အကြောပြင်ပညာကြောင့် ၉၀ရာခိုင်နှုန်း ပျောက်ကင်းခဲ့ပါသည်။ ညဘက်တွင် အိပ်မပျော်အောင် ခံစားခဲ့ရသော ရောဂါသည် လုံးဝ အိပ်ပျော်အောင် သက်သာသွားသည်။

ကျွန်ုပ် ထိုကဲ့သို့ ဆရာခန့်နှင့် ကျွန်ုပ်၏ ရောဂါကို ဆက်လက်ကုစား နေစဉ်အတွင်း တစ်နေ့တွင် -

ထိုအချိန်တွင် ဆရာခန့်က ကျွန်ုပ်အား အကြောပြင်ပေးနေချိန် ဖြစ် သည်။

ကျွန်ုပ်က ပက်လက်အနေ အထားဖြင့်ရှိ၍ ဆရာခန့်က ကျွန်ုပ်၏ ယာဘက်ဘေးတွင် ထိုင်ကာ ကျွန်ုပ် အား အကြောပြင်ပေးနေချိန် ဖြစ်ပါ သည်။

အကြောပြင်ပေးနေရင်း သူ သည် စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက် များ၊ ကိုယ်တွေ့များ၊ ရောဂါကုသပုံ များကို ကျွန်ုပ်အား ပြောပြတတ်သည်။ ကျွန်ုပ်ကလည်း ထူးဆန်းသော အဖြစ် အပျက်များကို ခေါင်းထဲတွင် မှတ်ထား





www.burmeseclassic.com

www.burmeseclassic.com

တတ်သည်။ ထိုအချိန်က သူပြောသော စကားထဲတွင် အကြောပြင်ရင်း ဂမ္ဘီရဆန်သော ရောဂါဆန်းတစ်ခုကို ကုသခဲ့ပုံအကြောင်း ပါလာသည်။

ထိုအခွင့်အရေးမျိုးကို လက်မလွှတ်တတ်သော ကျွန်ုပ်က -

"ဆရာရယ် စောစောက ဆရာပြောတဲ့ စကားထဲမှာ ဂမ္ဘီရဆန်တဲ့ ရောဂါကုတဲ့ အကြောင်းကလေး ပါလာတယ်၊ အဲဒါ ကျွန်တော်နားမလည်လို့ နည်းနည်းလောက် ပြောပြပါလား"

"မောင်ရင်က ဘာကို သိချင်တာလဲ"

"ဆရာက ဆရာ့အကြောပြင်ပညာနဲ့ ရောဂါကုတဲ့အထဲမှာ အကြောပြင်နေရင်း ရောဂါဆန်းတွေ ပါလာတယ်ဆိုတာ သိရလို့ပါ"

"ဩော်- ဒါလား၊ ဒီလိုပါ၊ ကျွန်တော်က ကျွန်တော်တတ်တဲ့ ပညာနဲ့ သတ္တဝါတွေကို ကယ်တင်နေတယ်၊ ထို့အတူ ကယ်တင်ရင်း ကျွန်တော်ရဲ့ မိသားစု စားဝတ်နေရေးအတွက် သင့်တော်တဲ့ အခကြေးငွေယူပြီး အကြောပြင်ပေးပါတယ်၊ ကျွန်တော့် ပညာနဲ့ ကျွန်တော့်ကို အားကိုးပြီးလာရင် ဆရာ စားမချန် အစွမ်းကုန် ကုသပေးပါတယ်။

ဒါကြောင့်မို့ လာကုတဲ့ရောဂါက ပျောက်နိုင်ရင် ပျောက်နိုင်တယ်၊ မပျောက်နိုင်ရင် မပျောက်နိုင်ဘူး၊ ရောဂါကို မျှင်းပြီး ကုတာမျိုး မလုပ်ဘူး၊ ဝေဒနာသည်တွေကို ကိုယ်ချင်းစာတဲ့ သဘောပါ။

ဒါကြောင့်မို့ အချို့ရောဂါတွေမှာ ကိုယ့်စေတနာ မေတ္တာနဲ့ ကုရင်း ရောဂါဆန်းတွေ ပါလာတတ်တယ်၊ အဲဒီလို ရောဂါဆန်းတွေကျရင်လည်း ကျွန်တော်က ဒါမျိုးကုတဲ့ဆရာ မဟုတ်ပေမယ့် ဝေဒနာရှင်က ကျွန်တော့်ကို အားကိုးလို့ အကြောရောဂါထင်ပြီး လာတဲ့အခါ မေတ္တာနဲ့ပဲ ရောဂါကို ကုသပေးလိုက်ပါတယ်၊ ဒါကြောင့်မို့ အကြောပြင်စရာမလိုဘဲ ပျောက်သွားတဲ့ ဂမ္ဘီရဆန်တဲ့ ရောဂါတွေ ရှိတယ်လို့ ပြောမိတာပါ"

"ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့်မို့ ဆရာ့အကြောပြင်ပညာနဲ့ မကုရဘဲ ပျောက်ဖူးတဲ့ ရောဂါကုပုံကလေး ပြောပြစေချင်တာပါ ဆရာ"

(ဆရာခန့်သည် သူ၏ ကိုယ်ပိုင်အချိန်များတွင် တရားရှုမှတ်ခြင်း အစရှိသော ဝိပဿနာအလုပ်ကို နှစ်ပေါင်းအတော်ကြာ လုပ်ကိုင်နေကြောင်း ကျွန်ုပ်အား ပြောပြဖူးသည်) ဤကား စကားချပ်။

"တစ်ရက်မှာပေါ့ဗျာ၊ ညနေ ၄ နာရီလည်း ထိုးတော့မယ်၊ အကြောပြင်ပေးရမယ့် လူနာတွေလည်း ရှင်းပြီ၊ အဲဒါနဲ့ ရေနွေးဓာတ်ဘူးကို ငှဲ့ပြီး ရေနွေးကြမ်း သောက်နေတုန်း အိမ်ရှေ့ကို ဆိုက်ကားတစ်စီး ရောက်လာတယ်၊ ကျွန်တော် ထိုင်နေတဲ့ နေရာကနေ လှမ်းမြင်နေရတယ်၊ ဝေဒနာရှင်လို့ ယူဆရတဲ့ အသက် (၅၀)ခန့် အမျိုးသမီးတစ်ယောက်က ရှေ့ကထိုင်ပြီး နောက်က အသက်(၂၀)ဝန်းကျင် မိန်းကလေးတစ်ယောက် ဝေဒနာရှင်ကို ဖက်ထားတယ်၊ ဆိုက်ကားပေါ်က ဆင်းတော့ မိန်းကလေးက ဝေဒနာရှင်ကို ပွေ့ချီလာတယ်၊ ဝေဒနာရှင်က မျက်စိလုံးဝ မဖွင့်ဘူး။

ဆိုက်ကားရပ်ပြီး သူတို့ဆင်းလာကတည်းက ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ ရိုးရိုးသားသား အကြောလာပြင်တဲ့ ဝေဒနာရှင်တွေလိုမျိုး မဟုတ်ဘူးဆိုတာ စိတ်ထဲက သိနေတယ်၊ ဒါပေမဲ့ ဝတ္တရားအတိုင်း နေရာတစ်ခုမှာ ဝေဒနာရှင်ကို ထားဖို့ ကလေးမကလေးကို ပြလိုက်တယ်။

ဝေဒနာရှင်က စကားလည်း မပြောဘူး၊ မျက်လုံးလည်း မဖွင့်ဘူး၊ ဒါကြောင့် ကလေးမကလေးကို အကျိုးအကြောင်း မေးရတယ်။

ကလေးမကလေးရဲ့ ပြောပြချက်အရ ပါလာတဲ့ ဝေဒနာရှင်က ဒေါ်စန်းရွှေ၊ ကျွန်တော်တို့နေတဲ့ နေရာနဲ့ ၄၅ လမ်းကျော်လောက်မှာနေတယ်၊ အပျိုကြီး၊ မုန့်ဟင်းခါးရောင်းတယ်၊ ကလေးမကလေးက မွေးစားသမီး၊ မခိုင်လို့ ခေါ်တယ်၊ သားအမိနှစ်ယောက် မုန့်ဟင်းခါးရောင်းပြီး အသက်မွေးဝမ်းကျောင်းပြုရင်း လွန်ခဲ့တဲ့ တစ်ပတ်လောက်က အိမ်နောက်ဖေးက ရေကပြင်ကနေ အဆင်းမှာ ချော်ကျပြီး ခုအချိန်ထိ လမ်းမလျှောက်နိုင်ဘူး ဖြစ်နေကြောင်း ကလေးမကလေးက ရှင်းပြပါတယ်။

နာတယ်၊ ကိုက်တယ်လည်း မရှိပါ၊ ဖြစ်နိုင်တယ်လို့ထင်ရတဲ့ ခြေထောက်ကိုလည်း လိမ်းဆေးတွေ လူးဆေးတွေ စုံအောင်လိမ်းဖူးပါတယ်၊ ဆေးခန်းမှာလည်း ဆေးထိုး၊ ဆေးသောက် ကုသဖူးကြောင်း ကလေးမကလေးက ပြောပြပါတယ်၊ ဒါပေမဲ့ ခုချိန်ထိ လမ်းလျှောက်လို့ မရပါတဲ့။

ကျွန်တော်က အနှိပ်သည်တွေနဲ့ရော နှိပ်ဖူးသလားဆိုတော့ မနှိပ်ဖူးပါတဲ့၊ ကလေးမကလေးက သူပဲ တတ်သရွေ့ မှတ်သရွေ့ နှိပ်ပေးဖူးပါတယ်တဲ့။

ဝေဒနာရှင်က စကားမပြောဘူးလား၊ မျက်လုံး ဘာလို့ မဖွင့်တာလဲ ဆိုတော့ အရင်က စကားလည်း ပြောတယ်၊ မျက်လုံးလည်း ဖွင့်တယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com

ဒီကိုခေါ်လာမှ ဖြစ်တာလို့ သိရပါတယ်။

အဲဒါနဲ့ ကျွန်တော့် ဝတ္ထုရှား အတိုင်း အကြောပြင်ပေးဖို့ သူ့အနားမှာ ထိုင်လိုက်ပါတယ်၊ ရှေးဦးစွာ သတ္တဝါအပေါင်း ကျန်းမာချမ်းသာစေကြောင်း စိတ်ထဲကနေ မေတ္တာပို့ပါတယ်။

နောက် ကျွန်တော်က ဝေဒနာရှင် ယာဘက်ခြေမနဲ့ ခြေညှိုးကြားကို လက်မနဲ့ ဖိမလို့ ကိုင်လိုက်တဲ့ အချိန်မှာ ဝေဒနာရှင်က အသံနက်ကြီးနဲ့ ထအော်ပါတယ်၊ ကြောက်ပါပြီခင်ဗျာ၊ နောက် မလုပ်တော့ပါဘူး ခင်ဗျာ၊ ကျွန်တော် မှားပါတယ် ခင်ဗျာလို့ ယောကျ်ားသံကြီးနဲ့ အော်လိုက်တာ ဖြစ်ပါတယ်။

ကျွန်တော် သဘောပေါက်လိုက်ပါတယ်၊ ပရလောကသား တစ်ကောင်ကောင်က ပူးကပ်နေတယ်ဆိုတာပါပဲ၊ ဒါကြောင့်မို့ ကျွန်တော်က ခင်ဗျား ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ ဆိုတော့ စားချင် သောက်ချင်လို့ပါတဲ့။

'ခင်ဗျား စားချင်သောက်ချင်တာနဲ့ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့ မိန်းမတစ်ယောက်ကို ဒီလိုလုပ်ထားတာ မပြင်းထန်လွန်းဘူးလား၊ သူ့ခမျာ အားကိုးစရာ မရှိဘဲ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတာ သနားဖို့ ကောင်းပါတယ်' ဆိုတော့ -

'ကျွန်တော့် မှာလည်း အငတ်ငတ် အပြတ်ပြတ်နဲ့မို့ သူ့ကို စားချင်သောက်ချင်လို့ အရိပ် အယောင်ပြတယ်၊ အဲဒီမိန်းမက အရမ်းကပ်စေးနှဲတာ ဒါကြောင့်မို့ လုပ်မိတာပါ' တဲ့။

ကျွန်တော်က 'ကဲ- ဒါဆိုရင် ကျုပ်က ကြားက ဖျန်ဖြေပေးမယ်၊ ခင်ဗျားစားချင်တာ စားရရင် ဒီအမျိုးသမီးကို ကောင်းအောင် ပြန်လုပ်ပေးလိုက်၊ ကျုပ်က မေတ္တာနဲ့ အကူအညီတောင်းတာနော်၊ ကျုပ်လည်း ကတိတည်တယ်၊ ခင်ဗျားလည်း ကတိတည်ရမယ်၊ ကျုပ်က ကြားက တာဝန်ယူတယ်၊ ကဲ- ဘာစားချင်သလဲ'

'အမဲသား တစ်ပိဿာ စားချင်ပါတယ်' တဲ့။

'ဟာ အမဲသား တစ်ပိဿာဆိုတာ ခုခေတ်ဈေးနဲ့ မနည်းဘူး၊ သူ့မှာ မရှိလို့ လုပ်ကိုင်စားနေရတာ၊ အားကိုးစရာလည်း ရှိတာမဟုတ်ဘူး၊ ကဲ- ကျုပ်ကြားက ဆုံးဖြတ်ပေးမယ်၊ ငါးဆယ်သားလောက်ဆို ကျေနပ်လိုက်၊ ကျုပ် တာဝန်ယူတယ်၊ ဖြစ်မလား'

'ဖြစ်ပါတယ်'

'ဒါဆိုရင် ဘယ်တော့ ကျွေးရမလဲ၊ ဘယ်နေရာမှာ ကျွေးရမလဲ'

'မနက်ဖြန် ညနေ သူတို့ အိမ်နောက်ဖေးက သရက်ပင်အောက်မှာ ချထားလိုက်ပါ'

'ကောင်းပြီ ကျုပ်တာဝန်ယူတယ်၊ ခင်ဗျား ကတိအတိုင်း ဒီအမျိုးသမီးကို ပြန်ကောင်းအောင် လုပ်ပေးလိုက်'

ခဏနေတော့ ဝေဒနာရှင် အမျိုးသမီးက ငုတ်တုတ်ထထိုင်လာပြီး ကြောင်တောင်တောင်နဲ့ ကြည့်နေတယ်၊ သူ ဘယ်ရောက်နေလဲ ဘာဖြစ်တာလဲ ဆိုတော့ ပါလာတဲ့ ကလေးမက်လေးက သူ့မွေးစားအမေကို ရှင်းပြတယ်။

အဲဒီတော့မှာ ဝေဒနာရှင်က ကျွန်တော့်ကို ထိုင်ကန်တော့တယ်၊ ဆေးကုသစရိတ် ဘယ်၍ ဘယ်မျှ ပေးရမလဲ မေးတယ်။

'ဆေးကုသစရိတ်က အရေးမကြီးပါဘူး၊ အရင်က လမ်းလျှောက်လို့ မရဘူးဆို လျှောက်ကြည့်ပါဦး' ဆိုတော့ ဒေါ်စန်းရွှေဆိုတဲ့ အမျိုးသမီးက လမ်းထလျှောက်ကြည့်တယ်၊ ရသွားလို့ ဝမ်းသာသွားတယ်။

ကျွန်တော်က 'ဘာဆေးမှ မကုလိုက်ရပါဘူးဗျာ၊ ဘာအကြောမှလည်း မပြင်လိုက်ရပါဘူး၊ မေတ္တာနဲ့ ကုတာပါ မခိုင်၊ ဦးတို့ စောစောက ပြောတာတွေ ကြားတယ် မဟုတ်လား၊ မနက်ဖြန်ညနေကို လုပ်သင့် လုပ်ထိုက်တာတွေ လုပ်ပေးလိုက်၊ အဲဒါတော့မမေ့နဲ့၊ ကဲ ကဲ ပြန်ကြတော့'

ဒေါ်စန်းရွှေတို့ သားအမိနှစ်ယောက် ပြုံးပြုံးရွှင်ရွှင်နဲ့ လမ်းလျှောက်ပြီး ပြန်သွားကြတာကို ကြည့်ရင်း ဝေဒနာရှင်ကို ကယ်တင်လိုက်ရတဲ့ ကျွန်တော်လည်း ကြည်နူးပြီး ကျန်ခဲ့တာပေါ့ဗျာ"

ကဲ - ကျွန်တော် ပြောချင်တဲ့ ဂမ္ဘီရဆန်တဲ့ ရောဂါအကြောင်းကတော့ အဲဒါပါပဲ။

**မောင်မြင့်မား(ပိုလ်ကလေး)**

❑



www.burmeseclassic.com

www.burmeseclassic.com

# ဟင်းမွှေးမဆလာနံ့လေး ပေးပြီး ဈေးခေါ်လိုက်မယ်



ကိုအေးမင်း(ပဲခူး)

ဒီဇင်ဘာ လကုန်ပြီးပေမယ့် ဆောင်းရဲ့ပီပြင်မှုက မပြသေး။ ဒီအတိုင်းဆိုလျှင် နှင်းပျောက်တဲ့ ရာသီနှင့်အတူ သဇင်ပန်းတွေ ပွင့်ပါမည်လား။ တခြားတိုင်းဒေသတွေတော့ မပြောတတ်ဘူး။ ဟံသာဝတီတိုင်းရပ်ဝန်းမှာတော့ သဇင်ပန်းတွေက သုံးရာသီ နေ့စဉ် လန်းဆန်းမွှေးပျံ့နေ၏။

သဇင်စာပေဆိုလျှင် ဆယ်စုနှစ်ဆတ်ချိုး ရေတွက်နိုင်အောင် စာဖတ်ပရိသတ် အားလုံးအတွက် မွှေးရနံ့တွေ ဖြည့်တည်ဆဲ။ နေ့တစ်နေ့ရဲ့ ကန့်လန့်ကာ ကြည်ဖုံးကား ဖွင့်ပြီဆိုတာနဲ့ လက်ဖက်ရည်ဆိုင်ကအစထ စာပေဆွေးနွေးခန်း ခေတ္တခဏ လမ်းခွဲကြလို့ 'အသိ'ဆာဆာ' ဖြင့် သဇင်စာပေကို ခြေဦးလှည့်ကြစမြဲ။ နေ့တိုင်းထမင်းဆာတယ်၊ ရေဆာတယ်နဲ့ အသိလည်း 'ဆာ'ဖို့ အမှန်လိုအပ်မည် မဟုတ်လား။ သဇင်စာပေဆိုင်ခွဲမှာ ကြည့်ကြည့်၊ မူလ သဇင်ဆိုင်မကြီးမှာ ဖတ်ဖတ် ပန်းမျိုးစုံကဲ့သို့ အရောင်အသွေးစုံလင်လှသော စာပေမျိုးစုံကို အသိ 'ဆာ' သလောက် ဖြည့်ဆည်းနိုင်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေး ကအစ ဉာဏ်မီသမျှ လက်လှမ်းနိုင်သည်။

သို့ပေမဲ့ ဟံသာဝတီတိုင်း လူဦးရေနှင့်စာဖတ်ပရိသတ်အချိုးအစားက ဒုလ္လဘလို နည်းလွန်းလှသည်။ ယခုလို ပွင့်လင်းရာသီ ခေတ်နှင့်အညီ ကဏ္ဍပေါင်းစုံကို မဂ္ဂဇင်းတစ်အုပ်တည်း ဝယ်ဖတ်လိုက်ရုံနှင့် တီးမိခေါက်မိနိုင်သော အခွင့်အရေးကြီးကို အလွယ်တကူ ရရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ပေါင်းစုံနှင့်အတူ မဂ္ဂဇင်းများလည်း အားအင်ခဲ၍ ထွက်ရှိနေသည်ကို တွေ့ရသည်။ မဂ္ဂဇင်းတိုက်အားလုံး ယုံကြည်ချက်ခိုင်မာမှု၊ ပီတိကိုစား၍ အရှုံးခံကြိတ်မှိတ်နေကြရသည်။ အတွင်းကျကျသတင်းများကို နားလည်မှုအပြည့်နဲ့ ကိုယ်ချင်းစာမိတိုင်း စန္ဒကူးနှင့် ရက်တက်ရည်ဆိုသော ဟိုးရှေးကတိတ္ထုတစ်ခုကို မကြာခဏ ဆင်ခြင်မိသည်။ ဆင်ခြင်မိတိုင်းလည်း စိတ်လက်မအီမသာဖြစ်ရသည်။

အကြောင်းကတော့ မြတ်နိုးမှုတန်ဖိုး၊ ဖလှယ်ရည်တန်ဖိုး၊ အသုံးချတန်ဖိုး ဆိုသည့် ထိုသုံးမျိုးတို့တွင် မည်သည့်ရှုထောင့်မှကြည့်ကြည့် အထက်ပါလဲလှယ်မှုသည် မလျော်ကန်ဟု ယူဆနိုင်သည်။ စာဖတ်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်သော အသိ အမြင်သတင်းများကို ဆေးလိပ်ဖိုး၊ ကွမ်းဖိုးငွေ အသပြာလေးနှင့် ရောင်းချပေးနေတာတောင် စာဖတ်ပရိသတ် နည်းလွန်းနေသည့်အတွက် အရှုံးပေါ်နေရခြင်းပင် ဖြစ်မည် ထင်သည်။

သို့သော်လည်း ခေတ်၊ စနစ်၊ လူမှုအဆောက်အအုံသည် ရှေးကနှင့် မတူ ကျယ်ပြန့်မြန်ဆန်ဖွံ့ဖြိုးလာသည့်အတွက် အသိပညာစေတနာ လက်ဆင့်ကမ်းခြင်းဟု အနစ်နာခံခြင်းကို အရင်းခံ ဘဝင်ကျမိသောအခါ. . . သို့ကြောင့်ပင် ဟံသာဝတီတိုင်းဂျာနယ် အပါအဝင် စာပေမျိုးစုံ၊ ဂျာနယ်မျိုးစုံတို့အားခဲထုတ်ဝေဖြစ်နေကြခြင်းဖြစ်မည်။

ငွေကြေးအား၊ စိတ်ဓာတ်အား၊ ကာယအား၊ အသိအမြင်စွမ်းအား၊ မိတ္တအား စသည့်အားမျိုးစုံပင် ခဲကြရပေမည်။ အားကုန်အင်ခန်းဖွယ်အကြောင်းတို့နှင့် ကြုံသည့်တိုင် စာဖတ်ပရိသတ်ကို ချမ်းသာစစ်တွေပေးနေသည်။ အသိအမြင်တွေ၊ လူ့တန်ဖိုးတွေပြနေသည်။ အသိဉာဏ်တံခါးချပ်တွေ ဖွင့်ပေးနေသည်။ အကောင်းမြင်လွန်းခြင်းလည်း မဟုတ်၊ အဆိုးမြင်လွန်းခြင်းလည်း မဟုတ်၊ အမှန်မြင်ရသစစ်တွေ ပေးနေသည်ဟုယုံကြည်မိသောအခါ အားသစ်အင်သစ်တို့ တိုးရပြန်မည်ဖြစ်သည်။

သို့ဖြစ်လျက် စန္ဒကူးနှင့် ရက်တက်ရည်တို့ကို မကြာခဏ ဆင်ခြင်မိပြန်သည်။ ဂျာနယ်တစ်စောင်တန်ဖိုးနှင့် အချို့ရုပ်ဝတ္ထုပစ္စည်းတို့ ကြေးညီနေသောအခါ ထိုရုပ်ဝတ္ထုများသည် စန္ဒကူး၏နေရာတွင် ရောက်ရှိနေပြီလားဟု တွေးမိလိုက်တိုင်း စာပေလောကသားအားလုံး ခြေကြော လက်ကြောတွေ တင်းဖို့လိုအပ်နေကြောင်း ဆင်ခြင်မိသည်။

စာဖတ်သူတွေအတွက် စိတ်အာဟာရ ကြွယ်ဝစေရန် အယ်ဒီတာများက ပညာကုန် လက်တစ်ဆုံးနှိုက်၍ ဖွယ်ဖွယ်ရာရာ စီစဉ်တင်ဆက်ပေးလိုက်သော စားမြိန်ဝိုင်းကြီးကို စာဖတ်သူတွေ စားချင်စိတ်ဖြစ်တည်လာအောင် မြူဆွယ်တဲ့ပညာလည်း လိုမည်ထင်သည်။

တည့်တည့်ဆိုရလျှင် ထမင်းဆာသလို၊ ရေဆာသလို အသိ'ဆာ'လာစေဖို့ သတိပေးတဲ့ 'ဈေးခေါ်'နှင့်တူသည့် ဟင်းမွှေး မဆာလာရန့်ကလေးနှင့်အတူ ဉာဏ်မီသလောက် ဈေးခေါ်ပေးလိုက်ဦးမည်။

အားလုံးသိထားကြသည့် "စိတ်သာရှင်စောဘုရားပေါ"ဆိုသည့်အတိုင်း လူကို ဦးဆောင်နေတာစိတ်၊ စိတ်ကို ဦးဆောင်နေတာက အသိတရား၊ အသိတရားကို ဦးဆောင်နေတာ ပညာ၊ ပညာကို ဦးဆောင်နေတာက ဗဟုသုတဖြစ်ပြီး ဗဟုသုတကို ဦးဆောင်နေတာက စာအုပ်စာပေ ဂျာနယ်တွေဖြစ်ပါ၍ ဘဝဆိုတဲ့ ကျောင်းမှာ စာမတတ်ရင် လူရာမဝင်သလို စာတတ်ပြီး စာမဖတ်ရင်လည်း လူဖြစ်ရှုံးတယ်လို့ အဆိုအမိန့်များက ထောက်ပြနေတာဖြစ်မည်။

ဒါကြောင့်မို့ စာအုပ် စာပေဆိုတာ ဝင်ခွင့်ဖြေစရာမလိုတဲ့ တက္ကသိုလ်ကြီးပါလို့ ဆိုနိုင်ခြင်း ဖြစ်သည်။

မှန်ပါသည်။ လူ့ဘဝ ဆိုတဲ့ ကျောင်းတော်မှာ စာဖတ်ဖို့ စာသင်ယူခဲ့ပြီးမှ စာမဖတ်ကြဘူးဆိုရင် သင့်တော်မည်တဲ့လား။ ဒီလိုဆိုရင် စာဖတ်သူများတဲ့ နိုင်ငံတိုင်းဟာ ပိုပြီးတိုးတက်တဲ့ အမြင်တွေ လင်းလက်သွားလို့ ပြောရဲ ဆိုရဲ ထောက်ပြ ဆွေးနွေးရဲသွားကြတာ ဖြစ်မည်။

အမှန်တရားကို ပြောရဲ ဆိုရဲ ဆွေးနွေးရဲဖို့ဆိုတာလည်း ပညာ ဗဟုသုတ ကြွယ်ဝနိုင်မှ ဖြစ်နိုင်တာ မဟုတ်လား။ ဒါကြောင့်မို့ ပညာဗဟုသုတ နည်းတဲ့သူတွေဟာ မပြောရဲ၊ မဆိုရဲ မဆွေးနွေးရဲကြဘူးမို့ စာတော့ သင်ထားကြပြီး စာမဖတ်တဲ့ ဆိုးကျိုးကို လက်တွေ့ခံစားလိုက်ကြရတာဖြစ်မည်။

စာမဖတ်တဲ့ အသိုင်းအဝိုင်းဟာ ငွေကြေးကြွယ်ဝတတ်ပေမယ့် အသိ မကြွယ်လို့ အိမ်ကြီး၊ အိမ်ကောင်း ဆောက်ပြီး ဇိမ်ကျကျပြင်ဆင် မွမ်းမံနေထိုင်ပေမယ့် အိမ်ခန်းဖွဲ့စည်းမှုမှာ စာအုပ်စင် မရှိပါ။ ဒါကြောင့်မို့လည်း စာအုပ်စင် မရှိတဲ့အိမ်ဟာ အမှောင်ခေတ်ရောက်နေတဲ့အိမ်လိုပဲ။ စာမဖတ်တဲ့အိမ်ဖြစ်လို့ မီးတွေထွန်းထားပေမယ့် မလင်းဘူး။ တကယ်တော့ အိမ်တိုင်း အိမ်တိုင်းမှာ စာအုပ်စင်ရှိပြီး စာဖတ်တဲ့ စနစ်ကို လေ့ကျင့်ပျိုးထောင်ပေးရမှာ



www.burmeseclassic.com

www.burmeseclassic.com

လူသားမျိုး နွယ်စုရဲ့ ဘဝပေးတာဝန်ကိစ္စတ် ဖြစ်မည်။

အမှန်တော့ စာဖတ်ခြင်းဆိုတာ ...တို့ကို လူသားဆန်စေသောအခြေခံ ...ချက်ကြီးများနှင့် ဆက်သွယ်ထိတွေ့စေခြင်းမည်ပါသည်။ ထိုနည်းလမ်းဖြင့် ...လောကကြီးထဲကို ပို၍ ထဲထဲဝင်ဝင် ...င်ဆုံ့စေနိုင်လို့ဖြစ်မည်။

ဘာဖြစ်လို့လဲဆိုရသော် စာဖတ်သောသူသည် စာမဖတ်သောသူတွေ ...တ် လောကကြီးကို ဝမ်းစာပြည့်ပြည့် ...နှင့် ပိုပြီးရင်ဆိုင်နိုင်တာကို လက်တွေ့မြင်တွေ့နေရလို့ဖြစ်သည်။ စာအုပ်တွေ ...ခင်းပေးသော ဖာတ်ကားများမှတစ်ဆင့် လောကဓံတရား အကြောင်းအကျိုးကို ...ပြီး အကောင်းအဆိုးအပြစ်များကို ...နိုင်၊ ရှောင်နိုင်၊ သင်ခန်းစာယူနိုင်ပြီး ...ဦးသက်အေးချမ်းနိုင်မည်ဖြစ်သည်။

တကယ်တော့ နိုင်ငံရေး၊ စီးပွားရေး ကျန်းမာရေး၊ ပညာရေးကအစ ...မှန်ကန်သော လမ်းညွှန်ချက်အညွှန်းများ ...ရှိသည်။ အညွှန်းများက ချမှတ်ကျင့်သုံးသော မူဝါဒလမ်းစဉ်သဘောတရားများ အတိုင်း ကျင့်သုံးဆောင်ရွက်အကောင်အထည်ဖော်ဆောင်မှ အောင်မြင် ဖြစ်ထွန်း တိုးတက်ပြည့်စုံသွားကြမည်ဖြစ်သောသမို့ ဘဝအတွက် လမ်းညွှန်ချက် အညွှန်းများကို ဖတ်မှတ်လေ့လာရမည် ...ာ မလွဲကေန်ပေ။

လူသားတို့၏ ကျန်းမာရေး အတွက် ဆေးဝါးများ လိုအပ်သည်။ ...တ္တဝါများ၏ ရောဂါဝေဒနာအတွက် ...ည်း ဆေးဝါးများလိုပေမည်။ သီးပင် ...ပင်များ၏ ရောဂါပိုးမွှားနှိမ်နင်းရေး၊ ...ကြီးထွား သန်မာရေးအတွက်လည်း ဆေးဝါးများကို လိုအပ်ချက်နှင့်အညီ ...ထုတ်လုပ်အသုံးပြုကြရာတွင် မည်သည့် အရာနှင့် ဖော်စပ်ကြောင်း၊ မည်သို့ အသုံးပြုရကြောင်းမှအစ ဆေးညွှန်းများ အတိုင်း ဖတ်ရှု အသုံးချကြရသည်။

လူတစ်ဦးချင်းစီ၏ ကြီးပွား တိုးတက်ရေး၊ ချမ်းသာ ကြွယ်ဝရေး အတွက်လည်း ကြီးပွားရေး လမ်းညွှန် များစွာအတိုင်း ဖတ်ရှုလေ့လာ ကျင့်ဆောင်ရသည် မဟုတ်ပါလား။

လူတစ်ဦးချင်းစီ ကြီးပွားရေးမှ စ၍ မြို့ရွာတိုင်းနိုင်ငံကြီးပွားရေးအတွက် ဆိုရပါလျှင် နိုင်ငံရေးသို့ရောက်ပေမည်။ ခေတ်အဆက်ဆက် နိုင်ငံကြီးပွားရေး အတွက် ဆိုအပ်သော နိုင်ငံရေးလမ်းညွှန်၊ နိုင်ငံရေးစနစ်များပြားစွာ ပေါ်ထွန်းခဲ့ပေပြီ။ မြေရှင်ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်စနစ်မှသည် လွတ်လပ်သော ဒီမိုကရေစီစသည်ဖြင့် ကမ္ဘာပေါ်တွင် နိုင်ငံအများ ကျင့်သုံးဆောင်ရွက်ခဲ့ပြီးလေပြီ။

နိုင်ငံအားလုံးအတွက် အကောင်းဆုံး တစ်ခုတည်းသော နိုင်ငံရေးစနစ်ဆိုသည်မှာ မရှိနိုင်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံ၏ လူဦးရေ၊ လူမျိုး၊ အတိတ်သမိုင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ပထဝီဝင် အနေအထားတို့အပေါ် မူတည်ကွဲပြားနိုင်ပေသည်။

ပုံတူကူးချ နိုင်ငံရေးစနစ်များ ကြောင့် ကမ္ဘာ့သမိုင်းတွင် မှားယွင်းမှု များ ကြုံတွေ့ရသည့် သာဓကများလည်း ရှိခဲ့ပေသည်။

ထို့ကြောင့်လည်း တိုင်းနိုင်ငံ တစ်ခုချင်းစီအတွက် အစွန်းလွတ်မူဝါဒ လမ်းစဉ် သဘောတရားဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်သူ့ဆန္ဒနှင့် အညီ ချမှတ်ရေးဆွဲထားခြင်းသည်လည်း ထိုနိုင်ငံနှင့်လူမျိုးအတွက် လိုက်နာရမည့် အညွှန်းများပင်ဖြစ်သည်။

ထို့အတွက်လည်း ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းစာပေများကို လေ့လာဖတ်ရှု၍ သမိုင်းမှာ မှားခဲ့သည့်အမှားကို သင်ခန်းစာယူတတ်ရမည်။ သမိုင်းကို မလေ့လာလျှင် သမိုင်းမှာမှားခဲ့သည့် အမှားမျိုး ထပ်မှားနိုင်သည်မဟုတ်လား။ မိမိတို့အားလုံး သမိုင်းကို ဖြတ်သန်းနေကြတာဖြစ်လို့ သမိုင်းကို လက်ပြနှုတ်ဆက် အမှတ်တမဲ့ နေသွားရမှာ မဟုတ်ပါ။ လက်ဆွဲနှုတ်ဆက်ပြီး သမိုင်းကျေပွန်အောင် စွမ်းဆောင်ခဲ့ကြရမှာ အမှန်ဖြစ်သည်။ စွမ်းမှဆောင်ဆိုသလို စွမ်းနိုင်အောင် ဗဟုသုတ ကြွယ်ဝရမည်ဖြစ်ပေသမို့ စာပေများများကို အညွှန်းမှန်မှန် ဆုံးဖြတ်နိုင်ရန် လေ့လာဖတ်ရှုထားရမည်။

နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍ စုံလင်အောင် စွမ်းနိုင်မှ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မည်ဖြစ်သလို လူသားတို့ဘဝ လွတ်မြောက်ရေးအတွက် (ဝါ) သံသရာမှ လွတ်မြောက်ရေးအတွက်မူ မြတ်ဗုဒ္ဓ လမ်းညွှန်ချက်အစစ်အမှန်များကို စိစစ်ရွေးချယ် ဝိဘဇ္ဇလုပ်ပြီး ဖတ်ရှုလေ့လာရမည်။ ကိုယ်ကိုးကွယ်သည့် ဘုရားရဲ့ စာပေတောင် ကိုယ်ကိုယ်တိုင် မဖတ်ကြည့်ဘူးဆိုတာတော့ ဖြစ်သင့်ဖြစ်ထိုက်ပါရဲ့လားဟု မေးခွန်းထုတ်နိုင်ရမည်။

မိမိတို့ယုံကြည်ရာ ဘာသာအလိုက် လွတ်မြောက်ရေး အညွှန်းစာအုပ်စာပေများ ရှိကြပေသည်။ ဘာသာအသီးသီးအရ အညွှန်းများ ကောင်းမွန်မှန်ကန်မှုအပေါ် မူတည်၍ ဘဝမှ လွတ်မြောက်မှုရလဒ်(ဝါ) အမြိုက်သုခမှာ ကွာခြားသွားပေမည်။ အညွှန်းမှားများအတိုင်း (ဝါ) တလွဲညွှန်းများအတိုင်း လိုက်နာမိသူမှန်သမျှ ကာလပတ်လုံး


www.burmeseclassic.com

www.burmeseclassic.com

လိုရာပန်းတိုင်စစ်သို့ မရောက်ဘဲ လွဲချော်နေဦးမည် ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့အားလုံးသည် အညွှန်းများကို စိစစ်၍ ဖတ်ရှုသင့်တာ အမှန်ဖြစ်သည်မို့ စာပေပညာရှင်များ၏ ဦးနှောက်ကို ဖောက်စားရခြင်းနှင့်တူသော စာအုပ်စာပေများကို ဖတ်ရှုခြင်း အလုပ်ကို လူသားဆန်သော နှလုံးကောင်း စိတ်မြတ်ပိုင်ရှင်တိုင်း မလွဲဧကန်လုပ်သင့်တဲ့ အလုပ်ပင်ဖြစ်သည်မဟုတ်ပါလား။

စာပေဖတ်ရှုတဲ့နေရာမှာလည်း တစ်ခုပဲ အကြံပြုချင်သည်။ အရည်ရဲ့ အရသာဟာ လျှာပေါ်တင်ကာမျှနှင့် အရသာ ပေါ်တတ်ပေမယ့် တကယ့် ခွန်အားဖြစ်စေမည့် အစားအစာကတော့ ညက်ညက်ဝါးနိုင်မှ တန်ကာကျမှာဖြစ်သည်။


ဒါကြောင့်မို့ စာပေများကို ဖတ်တဲ့အခါမှာ ဦးနှောက်ကို ခွန်အားဖြစ်စေမည့် သီးမှည့်ရဲ့အရသာ အာဟာရကို လွှဲ့လသွားနဲ့ ညက်ညက်ဝါး၊ ဉာဏ်ဝမ်းမီးနဲ့ ကျေညက်အောင် ချက်ကြည့်ဖို့တော့ လိုပါလိမ့်မည်။

ဒီနေရာမှာ မိမိတစ်ဦးတည်းရဲ့ ဆန္ဒနှင့်အညီ ထပ်မံတိုက်တွန်းချင်ပါသေးသည်။ မြတ်ဗုဒ္ဓ၏တပည့်သားများ ပီပီ ဘုရားရှင် လမ်းပြသွားတော်မူသည့်အတိုင်း အရမ်းယုံ၊ အကန်းယုံ စာဖတ်နည်းမျိုး မဖြစ်စေရဘဲ ကေသမုတ္တိသုတ်ပါ ကာလာမ ရွာသားများကဲ့သို့ ဝိဘဇ္ဇအမြင်ဖြင့် အစွန်းနှစ်ပါးလွတ် အမှန်လမ်းစဉ်ကိုဦးတည်သည့် ဆင်ခြင်သုံးသပ်ဉာဏ်ကို ဦးတည်စေသော စာဖတ်ခြင်းမျိုးကို ရွေးချယ်စိစစ်သင့်သည်။

ဖခင်သုဒ္ဓေါဒန မင်းကြီးကဲ့သို့ သွေးသားရင်းချာ ပြောစကားကိုလည်း မယုံ၊ ဘေးလူတွေပြောသည့်ဘုရားကြီး (၆)ဆူ တိတ္ထိဆရာကြီးတွေရဲ့ စကားကိုလည်းမယုံကြည်ခဲ့ဘဲ အမှန်သစ္စာစကားအဖြစ် မှန်တဲ့ကိုပဲ သိအောင်လုပ်ပြီး စိတ်ချယုံကြည်ခဲ့သည့် နည်းလမ်းကိုသာ ဦးထိပ်ထား၍ စာပေအညွှန်းများကို ဖတ်ရှုလေ့လာသင့်ကြောင်း၊ စာဖတ်သူများ တိုးပွားလာစေရန် (ဝါ) အသိဆာချင်အောင် အလင်းလက်ဆောင်အဖြစ် ဟင်းမွှေးမဆလာရန့်ကလေး ပေးပြီး စာပေလောက တိုးတက်လာစေရေးအတွက် မျှော်ပေးလိုက်ပါတော့သည်။

**ကိုအေးမင်း(ပဲခူး)**

❑

# သင် ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ ကိုက်ညီပြီလား

လှိုင်သာယာမြို့ မြို့ ဦးစေတီတော်၊ ပထမဦးဆုံး ဗေဒင်ဆရာကြီး

# စာရေးဆရာ ဆန်းဝင်း(အောင်မြေ)

**လက္ခဏာ၊ အင်္ဂဝိဇ္ဇာ၊ ဗေဒင်ပညာ၊ ဓာတ်ဆင်၊ ဓာတ်ရိုက်၊ နာမည်ပေး၊ အခါပေး**

**တြိစက္ကဇာတာ အထူးဖွဲ့သည်**

❁ အိမ်ထောင်ရေးဒုက္ခ တွေ့နေသလား ❁ စီးပွားရေးတွေ အခက်တွေ့နေသလား ❁ ကျန်းမာရေး ညံ့နေသလား ❁ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း ရောင်းမထွက်ဘူးလား ❁ ဆုမဲနံပါ သေးသေး ရချင်သလား ❁ အိမ်က အမျိုးသားခြေလှမ်းမှားနေပြီလား ❁ အမျိုးသမီးကကော ပုံမှန်ဟုတ်သလား ❁ သားသမီးတွေ ပြောစကားနားထောင်ချင်သလား ❁ နိုင်ငံခြားခရီးကိစ္စ မြန်ချင်သလား ❁ ကြွေးတွေတောင်းမရလို့ စိတ်ညစ်နေသလား ❁ အတိုက်အခံတွေ ပေါ်နေပြီလား ❁ အလုပ်မရသေးလို့ စိတ်ညစ်နေသလား ❁ ဈေးရောင်း ကောင်းချင်သလား. . .

[ဒါတွေ ခက်နေသမျှ လွယ်ဖို့၊ ပိတ်နေသမျှ ပွင့်ဖို့၊ နိမ့်နေသမျှတွေ မြင့်ဖို့ သင် အမြန် ဆရာနဲ့ဆွေးနွေးဖို့ အချိန်တန်ပြီ]

ဟောခန်းတည်နေရာ ➻ ရွှေရင်အေးစေတီတော်ရှိရာ ကျုံစုကျေးရွာ၊ နတ်စင်လမ်း၊ မင်္ဂလာကန်တော်အနီး ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လမ်းညွှန် ➻ ၄၃၊ ၈၆၊ ၉၆ (ဝါ)၊ ၁၂၅၊ ၁၂၈၊ ၁၂၉ (အထူး)၊ ရိုးကြီး-ရိုးလေး ကားများစီး၍ 'ကျောင်းလမ်းမှတ်တိုင်' ဆင်းပါ။ ငွေကံ့ကော်အထည်ချုပ်စက်ရုံ ဘေးလမ်း။

ဟောပြောချိန် ➻ နံနက် (၆) နာရီမှ ညနေ (၆) နာရီ အထိ ။ ဖုန်း - ၀၉-၃၁၅၇၂၄၅၉




www.burmeseclassic.com

www.burmeseclassic.com



# ကောင်းခဲ့ပါနှင်း ချစ်သူလိပ်ပြာ

။ဖန်နေဝန်း။

ဦးလမင်းအောင်မှာ ရှမ်းပြည်နယ် မြောက်ပိုင်းက လားရှိုး၊ မန္တလေး ကားလမ်းပေါ်ရှိ မြို့ကလေးတစ်မြို့တွင် လွန်ခဲ့သော လေးနှစ်ကပင် ရောက်ရှိ တာဝန်ထမ်းဆောင်နေခဲ့ရသည်။ ယခု ဆိုလျှင် အတော်ပင် နေသားတကျရှိနေခဲ့ပြီဖြစ်သည်။

ဦးလမင်းအောင်၏ မိဘများမှာ တောသူတောင်သား လယ်သမား၊ ယာသမားများ ဖြစ်ကြသဖြင့် ဦးလမင်းအောင်မှာ အစိုးရဝန်ထမ်းအရာရှိ တစ်ယောက်ပင် ဖြစ်နေသော်လည်း မိဘများ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းများကို ဝါသနာကြီးသူဖြစ်သဖြင့် မြန်မာပြည်အနှံ့ တာဝန်ထမ်းဆောင်နေခဲ့ရသော မြို့များတွင်လည်း နေထိုင်ရသောရုံးဝင်းအိမ်ဝင်းများတွင် တစ်နိုင်တစ်ပိုင် ဟင်းသီး ဟင်းရွက်ပင်များနှင့် ပန်းအလှပင်များကို ဝေဝေဆာဆာ စိုက်ပျိုးထားလေ့ရှိခဲ့သည်။

ယခုဤမြို့ကလေးသည် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ပါဝင်နေသဖြင့် ရာသီဥတုမှာ မပူလွန်း မအေးလွန်းပဲ ကောင်းမွန်သာယာလှသည်။ နွေရာသီမှာပင် အရမ်းပူပြင်းခြင်းမရှိဘဲ ပတ်ဝန်းကျင် ချောင်းမြောင်းများမှာလည်း စမ်းရေများက နွေမိုးဆောင်းတသွင်သွင် စီးဆင်းနေသဖြင့် တောတောင်အတွင်းရှိ သစ်ပင်ပန်းမန်များ စိုပြည်ဖွံ့ထွားပြီး အမြဲစိမ်းလန်းနေသည်။

ဤမြို့ကလေးသို့ ပြောင်းရွှေ့ရောက်ရှိစကပင် ဒေသအတွင်း လုပ်သားပြည်သူများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှုကို လေ့လာကြည့်ခဲ့ရာ အလွန်ပင်အားကျမိသည်။

ပြည်သူများအနေဖြင့် အိမ်ခြံဝင်းများနှင့် ဥယျာဉ်စိုက်ခင်းများတွင် လိုက်ချီးပင်၊ ဆားငန်သီးပင်၊ ထောပတ်သီးပင်၊ ကော်ဖီစေ့ပင်များနှင့် ရေခြံခေါ် နွေရာသီတွင် ရေခန်းသော အင်းတိမ်မြေများမှာ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ မုန်ညင်း၊ ဆလတ်၊ ပန်းဂေါ်ဖီ၊ အချို့တွင် မေမြို့ပန်း၊ ဂန္ဓမာပန်းရောင်စုံများ စိုက်ပျိုးထားကြောင်း တွေ့ရသည်။

ဦးလမင်းအောင်မှာ သီးနှံ စိုက်ပျိုးရေးကို ဝါသနာပါသူပီပီ မြို့ကလေးမှ အနောက်ဘက် နှစ်မိုင်သာသာကွာဝေးသော မန္တလေး၊ လားရှိုးကားလမ်းမကြီး



www.burmeseclassic.com

www.burmeseclassic.com

အနီးက ရေခြံတစ်ဝက်ပါရှိသော ယာမြေဟောင်း သုံးဧကအား ဒေသခံ ဂေါ်ရခါးလူမျိုး တစ်ဦးထံမှ ဝယ်ယူပြီး ဂန္ဓမာပန်းနှင့် မေမြို့ပန်းများ စိုက်ပျိုးထားသည်။ အချို့နေရာများတွင် မုန်ညင်း၊ ဆလပ်နှင့် ဂေါ်ဖီထုပ်ပင်များ စားသောက်ရုံ စိုက်ပျိုးထားသည်။

ထိုခြံအတွင်း၌ ခြံစောင့်မိသားစု နေထိုင်ရန် တဲတစ်လုံးကိုလည်း သပ်သပ်ရပ်ရပ် ဆောက်လုပ်ပေးထားသည်။ ထို့အပြင် ဟင်းစားကြက်မ သုံးလေးကောင်ကိုလည်း မွေးမြူပေးထားသည်။

ထိုသို့ မွေးမြူထားခြင်းမှာ ဤမြို့သို့ ပြောင်းရွှေ့ရောက်ရှိလာစကပင် မိမိအား များစွာကူညီပေးခဲ့ကြသော ဦးလွင် (ကုန်သည်)၊ ဦးကျော်ငွေကို (ရှေ့နေ)၊ ဦးမြင့်အောင်(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ဦးနန္ဒိယ (ရပ်ကွက် သာရေး၊ နာရေး ကူညီဆောင်ရွက်ပေးသူ)တို့မှာ ဦးလမင်းအောင်နှင့် အလွန်ခင်မင်ရင်းနှီးသူများ ဖြစ်သဖြင့် သူတို့နှင့်အတူ ခြံထဲတွင် တစ်ခါတစ်ရံ အေးအေးလူလူ သွားရောက် ချက်ပြုတ်စားသောက် အနားယူရန် စိတ်ကူးထားခြင်းဖြစ်သည်။

နောက်တစ်ခုမှာ ခြံထဲတွင် စိုက်ပျိုးထားသော သီးနှံပင်များ၊ ပန်းအလှပင်များ အဆင်သင့်ရှိနေခြင်းဖြင့် မိမိတို့လို ဝန်ထမ်းအများစုမှာ နေ့စဉ်နဲ့အမျှ ရုံးလုပ်ငန်းတာဝန်များကို ဖိဖိစီးစီးလုပ်ကိုင် ဆောင်ရွက်နေကြရသဖြင့် လူပန်းစိတ်ပန်းဖြင့် မသက်မသာ ရှိနေကြရသည်။ ထိုသို့ ပင်ပန်းနွမ်းနယ်မှုများအတွက် အပန်းဖြေပန်းဥယျာဉ်သဖွယ် စီမံဆောင်ရွက်ထားခြင်းလည်းဖြစ်သည်။

ထို့ကြောင့် ဦးလမင်းအောင်မှာ ညနေစောင်း ရုံးဆင်းပြီဆိုလျှင် စက်ဘီးတစ်စီးဖြင့် ထိုခြံကလေးအတွင်းသို့ ရောက်ရှိသွားတတ်ပြီး ကြက်များအား အစာကျွေးခြင်း၊ သီးနှံပင်များနှင့် ပန်းအလှပင်များအား ရေလောင်းပေါင်းသင်ခြင်းများ ပြုလုပ်နေရသည်မှာ စိတ်ထဲက အလွန်ပင်ချမ်းမြေ့ ပီတိဖြစ်စေခဲ့သည်။

တစ်နေ့လုံး ရုံးလုပ်ငန်းနှင့် နပန်းလုံးနေခဲ့ရသော ရင်ထဲက အမောများလည်း ပြေပျောက်သွားရသည်။

ထို့ကြောင့်လည်း ဦးလမင်းအောင်၏ စိတ်ကူးယဉ်ထားမှုတစ်ခုမှာ ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးလျှင် ဤခြံကလေး၌ပင် သင့်တင့်လျောက်ပတ်သော အိမ်ကလေးတစ်လုံး ဆောက်လုပ်ကာ သီးနှံပင်များ၊ ရာသီအလိုက် နှစ်ရှည်ပင်များ၊ ပန်းအလှပင်များ၊ ပန်းရုံများ ဝေဝေဆာဆာ စိုက်ပျိုးထားပြီး အေးအေးချမ်းချမ်းဖြင့် စာဖတ်ခြင်း စာရေးခြင်း၊ ဘဝအတွေ့အကြုံစာပေများ ရေးသားခြင်း စသည်ဖြင့် စိတ်ကူးယဉ်ထားခြင်းလည်း ရှိနေပေသည်။

✿

တစ်နေ့ ညနေ ရုံးဆင်းပြီးချိန်တွင် ဦးလမင်းအောင်မှာ မိမိ၏တပည့်ဖြစ်သူ ခင်မောင်ဦးနှင့်အတူ စက်ဘီးတစ်ယောက်တစ်စီးဖြင့် ခြံထဲသို့ထွက်လာခဲ့ကြသည်။ မြို့နှင့်ခြံမှာ နှစ်မိုင်သာသာဝေးပြီး လားရှိုး၊ မန္တလေးကားလမ်းနှင့် ကပ်လျက်ရှိသော ဘောင်ကိုင်းရွာအနီးတွင်ရှိနေသဖြင့် ခဏအကြာတွင် ရောက်ရှိသွားကြသည်။ ဦးလမင်းအောင်မှာ ခြံထဲသို့ရောက်ရှိပြီး ကြက်ကလေးများကို အစာကျွေးခြင်း၊ ပန်းပင်များကို ရေလောင်းပေါင်းသင်ခြင်း၊ ခြံစောင့် ဦးထွန်းခင်နှင့်အတူ ပန်းခင်းများအတွင်း မြေဆွေးထည့်ရာတွင်ကူညီပေးခြင်းဖြင့် လုပ်ကိုင်နေတတ်သည်။

ဆောင်းရာသီဖြစ်သဖြင့် နေအဝင်က မြန်သည်။ ခြံထဲသို့ ရောက်လာသည်မှာ ဘယ်လောက်မျှ မကြာသေးဟုထင်ရသော်လည်း နေဝင်သွားပြီဖြစ်သဖြင့် တဖြည်းဖြည်း အမှောင်ထုက လွှမ်းမိုးစပြုလာသည်။ ပတ်ဝန်းကျင် တောတန်းနှင့် ခပ်လှမ်းလှမ်း တောင်တန်းများတွင် နေမင်းကြီး၏ အလင်းရောင်အစား မြူနှင်းများက ဝေဝေဝါးဝါး နေရာယူထားကြလေပြီ။

ထိုအခါကျမှ ဦးလမင်းအောင် သတိတစ်ခုရလာပြီး တပည့်ဖြစ်သူ ခင်မောင်ဦးကို လှမ်းခေါ်လိုက်သည်။

"တပည့်ရယ်၊ ဒီညနေ ငါတို့စားဖို့ ဘာဟင်းမှ ရှိမှာမဟုတ်ဘူး၊ ဦးထွန်းခင်ပြောပြီး ကြက်တစ်ကောင် သတ်ကွာ၊ တစ်ခါတည်း ခုတ်ဖုံးပြီး ယူလာခဲ့နော်၊ အိမ်ရောက်ရင် ခုတ်ထုံးနေဖို့ အချိန်မရှိဘူး၊ တစ်ခါတည်း အပြီးလုပ်လာခဲ့၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

ခင်မောင်ဦးမှာ ဦးလမင်းအောင်ပြောလိုက်ပြီး ချက်ချင်းပင် ကြက်များ အိပ်တန်းဝင်နေသောကြက်ခြံသို့ ဦးထွန်းခင်နှင့်အတူရောက်ရှိသွားကြလေသည်။

ဦးလမင်းအောင်မှာ စားရေးသောက်ရေး ကိစ္စကို ကိုယ်တိုင်ဆောင်ရွက်နေရသည်မှာတခြားကြောင့်မဟုတ်၊ မိမိတို့လို နိုင်ငံ့ဝန်ထမ်း အားလုံးမှာ တစ်မြို့တည်းတွင် အတည်တကျနေရခြင်းမရှိဘဲ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်နေကြရသည်။

ထိုကဲ့သို့ ပြောင်းရွှေ့ရသည့်အခါမျိုးတွင် ကျောင်းပိတ်ရာသီ မဟုတ်သောအခါများလည်း ကြုံရတတ်သည်။ မိဘ ပြောင်းရွှေ့ရာသို့ သားသမီးများ လိုက်ပါနေရသဖြင့် တစ်ကျောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ကျောင်း အသင်အပြ မတူသည်များလည်း ကြုံတွေ့ကြရသည်။ ထိုအခါမျိုးတွင် အသိဉာဏ် မဖွံ့ဖြိုးသေးသော ကလေးငယ်များအတွက် ပညာရေးမှာ များစွာ အခက်အခဲ ကြုံတွေ့ရတတ်သည်။ ကလေးငယ်များ၏ ပညာရေး အခက်အခဲကို မည်သည့်မိဘများကမျှ မလိုလားကြပေ။ သားသမီး ကလေးငယ်များ စာတော်ပြီး တစ်နှစ် တစ်တန်း တက်ထူးများဖြင့် အောင်မြင်စေလိုသည်မှာ မိဘတိုင်းပင်ဖြစ်သည်။

ဒီအကြောင်းများကို ယောက္ခမများ သိရှိနားလည်အောင် ရှင်းပြပြီး ဇနီးနှင့်သားသမီးများကို ယောက္ခမများ နေထိုင်ရာ ရန်ကုန်မြို့တွင် အပ်နှံထားခဲ့ပြီး တစ်ယောက်တည်း ချက်ပြုတ်စားသောက်ရင်း အဆင်းရဲ အပင်ပန်းခံနေခဲ့ခြင်းဖြစ်သည်။

မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေစဉ် ကာလ ရုံးချုပ်ရှိရာ ရန်ကုန်မြို့သို့ လုပ်ငန်းတာဝန်တစ်ခုခု ပေါ်ပေါက်လာမှသာ ရန်ကုန်ရောက်ဖြစ်ပြီး မိသားစုများနှင့် ဆယ်ရက်တစ်လ နေခွင့်ရသည်သာရှိသည်။ တစ်ခါတစ်ရံ နှစ်ပေါက်သွားသည်လည်းရှိတတ်သည်။

ယခုလည်း ဤမြို့ကလေးသို့ ရောက်စကပင် တာဝန်ထမ်းဆောင်ရန်ရှိသော နေအိမ်တွင် ဒေသခံရုံးအကူ တပည့်နှစ်ယောက်နှင့်အတူနေထိုင်ကာ ချက်ပြုတ်စားသောက်နေရခြင်း ဖြစ်သည်။

ထိုသို့တွေးတောနေစဉ် သိပ်ကြာခင်မှာ တပည့်ဖြစ်သူခင်မောင်ဦး ရောက်ရှိလာပြီး -

"ဆရာ အားလုံးပြီးပါပြီ၊ အိမ်ပြန်လို့ရပြီခင်ဗျား"

ခင်မောင်ဦး လာပြောသဖြင့် ဦးလမင်းအောင် လက်ကနာရီကိုကြည့်လိုက်မိသည်။ ည ခုနစ်နာရီခွဲပြီးဖြစ်ကြောင်း တွေ့ရသည်။ ဆောင်းရာသီဖြစ်သဖြင့် အအေးဓာတ်နှင့်အတူ နှင်းမြူများက ထူပိတ်စွာကျဆင်းနေသဖြင့် အမှောင်ထုကို အားဖြည့်ပေးသလိုဖြစ်နေသည်။

ဆရာတပည့်နှစ်ယောက် စက်ဘီးကိုယ်စီဖြင့် ခြံထဲမှ ထွက်လာကြရာ ခဏအကြာမှာ ကားလမ်းမကြီးပေါ်သို့ ရောက်ရှိပြီး မြို့ဘက်သို့ ဆက်ထွက်လာခဲ့ကြသည်။ ကားလမ်းမကြီးပေါ်မှာ ကားအသွားအလာမရှိသဖြင့် အတော်ပင် မှောင်မည်းနေသည်။ မိမိတို့၏ ညာဘက်ခြမ်းတွင် တိရစ္ဆာန် ဆေးကုသရေး ဦးစီးဌာန၏ နွားမွေးမြူရေးခြံရှိသည်။ လျှပ်စစ်မီးမရှိသဖြင့် မှောင်မည်းနေသည်။

ခဏအကြာတွင် ထိုနွားခြံများ တောင်ဘက်ရှိ ကပ်လျက်တောင်ကြော တောအုပ်မှ ကြားလိုက်ရသော ရင်ထိတ်ဖွယ်ရာ စူးစူးဝါးဝါး ဆွဲဆွဲငင်ငင် သံသေးသံကြောင်များကြောင့် ကျောချမ်းပြီး ကြက်သီးထမိသည်။

"အူး . . . ဝူ . . ဝူ . . အ . . ဝါး . . ဝါး . . . ဝါး . . အား . . ဝါး . . ဝါးဝါး"

တောခွေး တစ်အုပ်၏ ညအမှောင်မှာ သံပြိုင်ထအော်ဟစ်သော မကောင်းဆိုးဝါး အသံများကြောင့် ရှေ့ကစက်ဘီးနင်းနေသော ခင်မောင်ဦးမှာ ရှေ့ခပ်ခွာခွာ မသွားရဲတော့ဘဲ ဦးလမင်းအောင်နဲ့ ဘေးချင်းယှဉ်ကာ နင်းလိုက်လာခဲ့သည်။

လမ်းမပေါ်မှာ ကားအသွားအလာ မရှိသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။ နောက်ဆယ့်ငါးမိနစ်ခန့် နင်းလျှင် မြို့အဝင် သချိုင်းကုန်းနားက ဂယ်ကွေ့ရောက်တော့မည်။ မြို့တွင်းက အလွန်အားနည်းသော လမ်းမီးသီးကလေးများကို ပိုးစုန်းကြူးအဆင့်လောက် လှမ်းမြင်နေရပြီ။

ရှေ့က ကုန်းပြေပြေ အတက်ကလေးအား ဖြည်းဖြည်းနှင့်မှန်မှန် နင်းတက်လာခဲ့ရာ ရှေ့အနည်းငယ် ပြန့်သော ဂယ်ကွေ့ ရောက်ခါနီးတွင် ဦးလမင်းအောင်တို့ စက်ဘီးနှစ်စီးရှေ့ကို ဘွားခနဲပေါ်လာသော ဖြူဝါဝါ ကောက်ရိုးပုံကြီး တစ်ခုလို ဆယ့်ငါးပေခန့်မြင့်သော အရာဝတ္ထုကြီးတစ်ခုအား မမျှော်လင့်ဘဲ လှမ်းမြင်လိုက်ရသည်။

ဦးလမင်းအောင်မှာ တအံ့တသြဖြစ်သွားကာ ရင်တစ်ပြင်လုံး တုန်လှုပ်သွားမိသည်။ ရှေ့က သွားနေသော ခင်မောင်ဦးကိုလည်း လှမ်းအော်ပြောလိုက်သည်။

"ဟေ့ကောင် ခင်မောင်ဦး၊ မင်းရှေ့မှာ မင်းရှေ့မှာ၊ ဘာကြီးမှန်းမသိဘူးကွ"

ဦးလမင်းအောင် လှမ်းပြောလိုက်စဉ် စကားပင်မဆုံးလိုက် ခင်မောင်ဦးစက်ဘီးက ထိုအရာဝတ္ထုကြီးအား "ဝုန်း . . . ဒိုင်း"ဟူသောအသံနှင့်အတူ ဝင်တိုက်လိုက်ပြီး "အား"ဟု တစ်ချက်အော်ကာ စက်ဘီးတခြား လူတခြား ကားလမ်းပေါ်မှာ ပုံလျက်လဲသွားလေတော့သည်။

ဦးလမင်းအောင်မှာလည်း သူစီးလာသော စက်ဘီးကို လမ်းဘေးတွင် ဒေါက်ထောက်ထားခဲ့ပြီး လဲနေသော ခင်မောင်ဦးကို ပြေးထူလိုက်သည်။

ခင်မောင်ဦးအား ပွေ့ထူနေစဉ် လမ်းပေါ်တွင် ကိုးရိုးကားရား လဲကျနေသော ခင်မောင်ဦးစက်ဘီးမှာ လှမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

ကတ္တရာလမ်းပေါ်မှ သူ့ဟာသူ ထောင်ထလာလိုက်၊ ပြန်လဲသွားလိုက်၊ ဂွမ်းဂွမ်းနဲ့ နှစ်ကြိမ်နှစ်ခါ လူးလိပ်ရှားသွားသည်ကို တွေ့လိုက်ရပြီး စက်ဘီးရှေ့နားတွင် လှပချောမောသော အသက်နှစ်ဆယ်အရွယ် ကောင်မကလေး တစ်ယောက် မှောင်ထဲမှ ပေါ်လာပြီး ပြုံးပြနေသည်။

ထိုမိန်းကလေးကို ကြည့်ရသည်မှာ ဗမာ(သို့)ရှမ်း မနုလည်းဖြစ်ဟန်မတူ၊ နှာခေါင်းချွန်ချွန် မျက်လုံး မျက်ခုံးကောင်းပြီး အသားက ဖြူနုနေသည်။ ဦးလမင်းအောင် အံ့သြစွာဖြင့် ကြည့်နေစဉ်မှာပင် ထိုမိန်းကလေးမှာ လမ်းပေါ်က အရာဝတ္ထုတစ်ခုအား ကောက်ယူပြီး လမ်းဘေးတောစပ်တစ်နေရာသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

"ဟော့ကောင် ခင်မောင်ဦး၊ မင်းစက်ဘီးနဲ့ ဝင်တိုက်မိတာ ခုနကထွက်သွားတဲ့ ကောင်မကလေးလားကွ"

"မဟုတ်ဘူးဆရာ၊ ကျွန်တော်စက်ဘီးနဲ့ တိုက်မိတာ ကောက်ရိုးလှည်းကြီးလိုလို အိခနဲပဲ တွေ့လိုက်တယ်ဆရာ"

"ဟာ- မင်းပြောတဲ့ ကောက်ရိုးလှည်းဆိုတာ ဘယ်မှာလဲကွ၊ ဒီကတ္တရာလမ်းပေါ်မှာ ဘယ်လိုမှ ပျောက်သွားစရာ မရှိဘူး"

"အဲဒါ ကျွန်တော်လည်းမပြောတတ်ဘူး ဆရာ၊ တိုက်မိတာတော့ ကောက်ရိုးလှည်းကြီးပဲ၊ လှည်းပေါ်မှာ အဘိုးကြီးတစ်ယောက်နဲ့ ကောင်မကလေးတစ်ယောက် တွေ့လိုက်သလိုပဲ"

"ဟာ- ဒါဆို ခုနကတွေ့လိုက်တဲ့ ကောင်မကလေးက ကောက်ရိုးလှည်းပေါ် ပါလာတဲ့ ကောင်မကလေးဖြစ်မယ်ကွ၊ သူတို့စီးလာတဲ့ ကောက်ရိုးလှည်းကြီးက ဘယ်ရောက်သွားတာလဲ၊ ဒီလမ်းပေါ်မှာ မတွေ့ရဘူးဆိုတော့ သူတို့က ဘယ်လိုလူတွေလဲ၊ လူစင်စစ်ရော ဟုတ်ရဲ့လား၊ လူတော့ မဖြစ်နိုင်ဘူးထင်တယ်ကွာ၊ ဒီနေရာက သင်္ချိုင်းကုန်းနဲ့လည်း နီးနေတော့ ဧကန္တ တို့နှစ်ယောက်ကို တစ္ဆေခြောက်တာပဲဖြစ်ရမယ်၊ မင်း ဘယ်နား နာသွားသေးလဲ၊ တို့မြန်မြန် သွားမှဖြစ်မယ်ကွ"

"ဘာမှ မဖြစ်ဘူးဆရာ၊ ဒူးနဲ့ တံတောင်ဆစ် နည်းနည်းပွန်းသွားရုံလောက်ပါပဲ၊ စက်ဘီးစီးလို့ရပါတယ်"

"မင်း ကြက်သားထုပ်တော့ အသက်နဲ့လဲပြီး ယူလာခဲ့နော်၊ လူလဲရင်လဲပါစေ၊ ကြက်သားထုပ်တော့ မလဲစေနဲ့ကွ၊ သိလား"

ဦးလမင်းအောင်က ထိုသို့ပြောလိုက်သဖြင့် ခင်မောင်ဦးမှာ စက်ဘီးခြင်းထဲသို့ လက်ဖြင့် နှိုက်စမ်းကြည့်လိုက်သည်။ ပြီးမှ -

"ဟာ- ဆရာ ကြက်သားထုပ်ကြီး မရှိတော့ဘူး၊ ဆရာပြောမှ သတိရတယ်၊ ကျွန်တော် စက်ဘီးခြင်းထဲမှာ သေသေချာချာထည့်လာတာ ဘယ်ရောက်သွားလဲ မသိဘူး"

ခင်မောင်ဦး၏ စကားကြောင့် ဦးလမင်းအောင် တစ်ခုခုကိုသတိရလာမိသည်။ ခင်မောင်ဦး စက်ဘီးရောလူပါ လမ်းပေါ်လဲနေတုန်း စက်ဘီးက သူ့အလိုလိုထောင်လာလိုက် လဲသွားလိုက်နဲ့ ဖြစ်နေတာ နှစ်ခါတောင် တွေ့လိုက်ရသည်။ အဲဒါ သာမန်တော့ မဟုတ်လောက်ဘူး။ ထူးဆန်းနေသည်မှာ အမှန်ဟု တွေးမိလိုက်သည်။

"အင်း- ဒီလိုဆိုတော့လည်း တို့ဆရာတပည့်တွေ ကြက်သားဟင်းနဲ့ မစားရတော့ဘူးပေါ့ကွာ၊ ရှိပါစေတော့၊ ဧကန္တ တို့နှစ်ယောက်ကို သရဲခြောက်တဲ့အပြင် ဟိုသရဲမကလေးက တို့ကြက်သားထုပ်ကြီး ယူပြေးသွားတာ အသေအချာပဲကွ၊ ဒီနေရာက မြန်မြန်ပြန်မှကောင်းမယ်၊ လာ သွားကြစို့"

ဦးလမင်းအောင်တို့ ဆရာတပည့်နှစ်ယောက်မှာ စက်ဘီးကိုယ်စီဖြင့် ဂငယ်ကွေ့မှ အမြန်ပြေးလာခဲ့ကြသည်။ အိမ်ပြန်ရောက်တော့ အိမ်တွင်ကျန်ခဲ့သော ရုံးအကူဝင်းနိုင်က ထမင်းတစ်အိုးသာ ချက်ထားသည်ကို တွေ့ရသည်။ ညနေစာ ကိုယ့်ခြံထွက် ကြက်သားဟင်း မစားရတော့လည်း လားရှိုး-မန္တလေးလမ်းပေါ်က ရွှေညောင်ပင်စားသောက်ဆိုင်မှ ကြက်ကြော်တစ်ပွဲနဲ့ ဆယ့်နှစ်မျိုးဟင်းချိုတစ်ပွဲ ပြေးဝယ်တာ ဆရာတပည့်နှစ်ယောက် စားသောက်ကြရသည်။

✿

ဦးလမင်းအောင်မှာ ညတော်တော်နှင့် အိပ်မပျော်။ ညဦးပိုင်း ခြံထဲအပြန်မှာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို တွေးပြီး ဒါဟာ တကယ်ပဲ သရဲခြောက်တာလား။ ဒါမှမဟုတ်ဘဲ တကယ် ကောက်ရိုးတင်လာတဲ့ နွားလှည်းကိုဝင်တိုက်မိတာလား။ ခင်မောင်ဦး ကားလမ်းပေါ် လဲနေစဉ် မိမိထပြေးထူနေတုန်း ကောက်ရိုးလှည်း ထွက်သွားတာ မသိလိုက်လို့များလား။

ဒါဆို ကောင်မကလေးက ဘာမပြော ညာမပြောနဲ့ ကြက်သားထုပ်ကြီး ဘာကြောင့် ကောက်ယူထွက်သွားရတာလဲ၊ စဉ်းစားရင်း မှေးခနဲ အိပ်ပျော်သွားသည်။

ဦးလမင်းအောင် တစ်ရေးနိုးလာသောအခါ ခင်မောင်ဦးနှင့် ဝင်းနိုင်တို့နှစ်ယောက် အိပ်သောအခန်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com

မသဲမကွဲ စကားပြောဆိုသံများ ကြားနေရသည်။ တစ်ချက်တစ်ချက် ရယ်သံများလည်း ကြားရသည်။

ဦးလမင်းအောင် စိတ်အထင်ကတော့ ဒီနှစ်ကောင် လူပျိုကလေးတွေဖြစ်လို့ ရည်းစားသနံအကြောင်း ပြောရင်း ရယ်မောနေကြသည်ဟု တွေးမိ၏။ ခဏကြာတော့ ငိုသံကိုပါ ကြားလာရသည်။ ငိုသံက ယောကျ်ားသံလား၊ မိန်းမသံလား မကွဲပြားဖြစ်နေသဖြင့် စိတ်ထဲက မသင်္ကာဖြစ်လာမိသည်။

နယ်မြို့ငယ်လေးဖြစ်သဖြင့် ညဆယ့်နှစ်နာရီ အထိသာ မီးရသည်။ ဆယ့်နှစ်နာရီ နောက်ပိုင်း မီးကမရှိ၊ တစ်အိမ်လုံး မှောင်မည်းနေသည်။ အရေးပေါ်အသုံးပြုရန် ဝယ်ထားသော ဓာတ်မီးပြည်လုပ် အယ်လ်အီးဒီမီး ဖွင့်လိုက်ပြီး ကောင်ကလေးနှစ်ယောက် အိပ်သော အခန်းနားကပ်ပြီး နားထောင်ကြည့်သည်။ ကြားနေရသော အသံကြောင့် ဦးလမင်းအောင် အတော်ပင် တုန်လှုပ်သွားရသည်။

"ဟာ - မင်း အဲသလိုတော့ မနောက်နဲ့ကွာ၊ ငါက မင်းကို တကယ်ချစ်ပါတယ်၊ မင်း အဲသလိုပြန်သွားမယ်ဆိုရင် ငါ့ဝိုမိမှာအမှန်ပဲ . . ဟီး . . ဟီး"

ခင်မောင်ဦး၏ ငိုသံနှင့် နှပ်ညှစ်သံများကို အတိုင်းသားကြားနေရသည်။ ဝင်းနိုင်ကလည်း နိုးဟန်မတူ။

ဒီကောင်ကို ငါ ဘယ်လိုလုပ်ရမလဲ စဉ်းစားနေမိသည်။

ထိုစဉ် -

"ဟား . . ဟား . . ဟ . . အဲသလိုလိမ္မာစမ်းပါ အချစ်ကလေးရာ၊ အဲဒီလိုမျိုးမှ ချစ်လေးကို ဟောဒီကိုကိုက ချစ် . . ချစ် . . ချစ် နဲ့ တစ်သက်လုံး ချစ်နေမှာပေါ့၊ ချစ်ဟာလေ တကယ်ကိုယ့်ချစ်သူပဲ၊ ယုံပါအချစ်ကလေးရယ် ယုံနော်၊ ချစ် . . ချစ် တကယ်ချစ်တယ်၊ အချစ် တကယ် ချစ်ပါတယ်ကွယ်"

ရယ်သံနှင့် အချစ်နာလန်ထ စကားသံများမှာ ခင်မောင်ဦး တစ်ယောက်တည်းကနေ ပြောနေသော်လည်း သူ့နားတွင် ကောင်မကလေး တစ်ယောက်ရှိနေသည့်ပုံစံမျိုး ကြားနေရသည်။

ထိုစကားမျိုး အဆက်မပြတ် ကြားနေရသဖြင့် ဦးလမင်းအောင်မှာ မနေသာတော့ဘဲ ဝင်းနိုင်နှင့် ခင်မောင်ဦးတို့အား လှမ်းအော်နှိုးလိုက်ရသည်။

ထိုအခါမှ ခင်မောင်ဦးနှင့် ဝင်းနိုင်တို့ အိပ်ရာမှ နိုးလာကြပြီး တံခါးလာဖွင့်သည်။ ခင်မောင်ဦးမှာသာ ပြုံးထူးပြတဲ အမူအရာဖြင့် ဦးလမင်းအောင်ကိုမြင်မှ ပိုဆိုးလာပြီး ငိုလိုက် ရယ်လိုက်နှာခေါင်းမှစီးကျသော နှပ်ကို ညှစ်ထုတ်လိုက်နဲ့ ဖြစ်နေပြန်သည်။

ဘာကြောင့်လဲ။ ဘယ်လိုဖြစ်တာလဲ။ ဘာတစ်ခုမှ မေးမရ တုဏှိဘာဝေဖြင့် ငုတ်တုတ်ပြုံးကြောင်ဖြစ်နေသဖြင့် ဦးလမင်းအောင် အတော်ပင် ဦးနှောက်ခြောက်သွားရသည်။ တစ္ဆေသရဲ ဖမ်းစားခြင်းများလား။ ညနေက သင်္ချိုင်းကုန်းနားမှာ ကြက်သားထုပ်ကြီး အဆွဲခံလိုက်ရခြင်းနှင့် ပတ်သက်၍ပင် ဖြစ်နေလေသည်လား စဉ်းစားပြီး ယုံရခက် ဖြစ်နေမိသည်။

သည်လိုဆိုလျှင် ဆေးရုံ ဆေးခန်း သွားပြလျှင်လည်း သည်ကိစ္စမျိုး တစ္ဆေလိုလို သရဲလိုလိုများက ဆေးရုံဆေးခန်းနှင့် ဘာမှမဆိုင်၊ အကျိုးထူးမည်လည်း မဟုတ်။ အချိန်ကလည်း ညဥ့်နက်သန်းခေါင်ဖြစ်နေပြီလား ဆိုတော့ အမျိုးမျိုးစဉ်းစားမိသည်။

ထိုစဉ်ခင်မောင်ဦးမှာ ဦးလမင်းအောင်အား စိန်းစိန်းကြီးတစ်ချက်ကြည့်လျက်မှ -

"ကျွန်မတို့ ချစ်ခြင်းကို မခွဲပါနဲ့"

တောင်းပန်သလိုလို ကြိမ်းဝါးသလိုလို အသံပြတ်ပြတ်ဖြင့်ဗလုံးဗထွေး ဝူးဝူးဝါးဝါး မသဲမကွဲကြားလိုက်ရသည်။

သည်လိုဆိုလျှင်တော့ အစိမ်းသရဲ ပယောဂတစ်ခုခု ဝင်ရောက်ဖမ်းစားနေခြင်းမှာ သေချာလောက်သည်။ အခုလိုအချိန်မတော်ကြီး ဘယ်လိုလုပ်ရမလဲ အပြေးအလွှား စဉ်းစားမိရာမှ တစ်လမ်းတည်းနေ ဦးနန္ဒိယမှာ လောကီလောကုတ္တရာဘက်တွင် နှံ့စပ်သူဖြစ်သဖြင့် သူ့အား ခေါ်ယူတိုင်ပင်ရလျှင် ကောင်းလေမည်လားတွေးရင်း မောင်ဝင်းနိုင်အား ဦးနန္ဒိယကို သွားရောက်ခေါ်ယူရန် ခိုင်းလိုက်ရလေသည်။

ခဏအကြာတွင် ဦးနန္ဒိယနှင့် သူ့ဇနီးအန်တီစန်းတို့ ရောက်ရှိလာကြသဖြင့် ဦးလမင်းအောင်က ခင်မောင်ဦးဖြစ်နေသော ငိုလိုက် ရယ်လိုက် အခြေအနေနှင့် ညနေက ခြံထဲမှပြန်လာစဉ် သင်္ချိုင်းကုန်းအနီး ဂငယ်ကွေ့တွင် ကြုံခဲ့ရသော အဖြစ်အပျက်များကို တစ်ခုမကျန် ပြောပြလိုက်သည်။

ဦးနန္ဒိယမှာ ဦးလမင်းအောင် ပြောပြသည်ကို နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ -

"အဲဒီနေရာက ဒီလိုရှိပါတယ်၊ ဒီမြို့ကို ဆရာ မရောက်လာခင်တစ်နှစ်ကျော် နှစ်နှစ်လောက်က သင်္ချိုင်းကုန်းနား ဂငယ်ကွေ့မှာပဲ ညကြီးသန်းခေါင် ကောက်ရိုးတိုက်လာတဲ့ ဂေါ်ရခါးလူမျိုး မြေးအဘိုးနှစ်ယောက်ရဲ့ နွားလှည်းကို အောက်ဘက်က တက်လာတဲ့ ကုန်တင်ကားကြီး ဝင်တိုက်လိုက်တာ မြေးအဘိုး





www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် တစ်ခါတည်းပွဲချင်းပြီး သေဆုံးသွားကြတယ်။

သေဆုံးသွားတဲ့ ကောင်မလေးဆို အသက်နှစ်ဆယ်တောင်မပြည့်သေးပါဘူး၊ ဒီမြို့ထဲက အထက်တန်းကျောင်းမှာ တက်နေတဲ့ ဆယ်တန်းကျောင်းသူကလေးတဲ့၊ အဲဒီသေသွားတဲ့ ဂေါ်ရခါးမကလေးဟာ သူတို့ကျောင်းမှာ အချောဆုံး အလှဆုံးတဲ့ ဆရာ။

ဒီနေရာကလည်း ဒီမြေအဘိုးမသေခင် ရှေးနှစ်ပေါင်းများစွာကပဲ ကားတိုက်မှုတွေ ခဏခဏဖြစ်ပြီး သေဆုံးသွားလို့ အစိမ်းသေ မကျွတ်မလွတ်တွေ အများကြီးရှိနေမှာပဲ၊ ဆရာတို့ နှစ်ယောက် ဖြစ်ပျက်ခဲ့ပုံကတော့ တခြားအထွေအထူးရှိမယ်မထင်ဘူး။

ခင်မောင်ဦး စက်ဘီးမှာ ပါလာတဲ့ သားစိမ်းငါးစိမ်း ကြက်သားထုပ်ကြီးကို စားချင်လို့ ဒီလိုလာပြီးလုပ်တာ ဖြစ်နိုင်ပါတယ်၊ ဘာမှ စိုးရိမ်စရာ ရှိမယ်မထင်ဘူး ဆရာ"

"ဦးနန္ဒိယရယ်၊ သူတို့စားချင်သောက်ချင်လို့ ခြောက်လှန့်ပူးကပ်တယ်ဆိုရင်လည်း ကြက်သားထုပ်ခုနစ်ဆယ်သားကြီးများတောင် ရသွားပြီပဲ၊ ဘာဖြစ်လို့ ဒီအိမ်အထိလိုက်လာပြီး ဝင်ရောက်ပူးကပ် နှောင့်ယှက်ရတာလဲဗျာ"

"အဲဒါက ဒီလိုလည်းရှိသေးတယ် ဆရာရဲ့၊ ဝေမာနိက ပရလောကသားဆိုတာက လူတွေကိုကြည့်ပြီး ခြောက်လှန့် ပူးကပ်ကြတာရှိတယ်၊ အချို့ ပရလောကသားတွေဆို လူတွေကို နောက်တာပြောင်တာ အများကြီးရှိပါတယ်။

အဲဒါ ဘာကြောင့်လဲဆိုတော့ လူတွေမှာ လိပ်ပြာလှတယ် မလှဘူးဆိုတာ ရှိတယ်၊ အချို့က စိတ်ကောင်းနှလုံးကောင်း နူးညံ့သိမ်မွေ့တယ်၊ အချို့က စိတ်ကြမ်း လူကြမ်း ခက်ထန်တယ်၊ အဲသည်လို လိပ်ပြာကြည့်ပြီးမှ ပူးကပ်ဖမ်းစားတာမျိုး၊ နောက်ပြောင်ကျီစယ်တာမျိုး ရှိတယ်။

အချို့ကျတော့ ဒီလိုမဟုတ်ဘူး၊ အမျှအတန်းအဖို့ဘာဂလိုချင်လို့ ခြောက်လှန့် ပူးကပ်တာမျိုးလည်း ရှိတယ်တဲ့၊ အခု ခင်မောင်ဦးလိပ်ပြာက ဝေမာနိက ပရလောကသား ကောင်မကလေး သဘောကျတဲ့ လိပ်ပြာမျိုး ဖြစ်ရင်ဖြစ်နေမှာပေါ့။

ဒါကြောင့် အိမ်အထိလိုက်လာပြီး လိပ်ပြာချင်း သဘောတွေ့ကာ ကျီစယ် နောက်ပြောင် ပြောဆိုနေကြတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒီအတွက် စိတ်မပူပါနဲ့၊ ဒါနဲ့ ဆရာ့အိမ်မှာ အသားဟင်း တစ်ခုခု မကျန်တော့ဘူးလား ဆရာ"

"ဦးနန္ဒိယရယ်၊ ဒီနေ့တော့ ကြက်သားထုပ်ကြီး သရဲမလေးဆွဲသွားတော့ ဆိုင်ကကြက်ကြော်ပဲ ဝယ်စားကြတယ်၊ ကောင်ကလေးဝင်းနိုင်က သူ့မိဘအိမ်က ထမင်းစားလာတော့ သူ့အတွက် ချန်ထားကာ ကျန်သေးတယ်ထင်တယ်ဗျ"

"ဒါဆို ကြက်ကြော်တစ်ဖတ်ကလေးနဲ့ ထမင်းဖြူတစ်ဇွန်းလောက်ကို သတင်းစာစက္ကူနဲ့ထုပ်ပြီး မောင်ဝင်းနိုင် သွားယူချေကွာ"

ဦးနန္ဒိယက ပြောလို့ သဖြင့် မောင်ဝင်းနိုင်မှာ မီးဖိုချောင် ဝင်သွားပြီး ထမင်းနဲ့ဟင်းကို သတင်းစာစက္ကူနဲ့ ထုပ်ကာ ဦးနန္ဒိယလက်ထဲသို့ ထည့်ပေးလိုက်သည်။

ဦးနန္ဒိယမှာ မောင်ဝင်းနိုင် ပေးသော ထမင်းထုပ်ကိုကိုင်ပြီး မျက်ရည်တစီစီ နှပ်တရှုံ့ရှုံ့ ဖြစ်နေသော ခင်မောင်ဦး၏ ဦးခေါင်းနဲ့ ထိထားကာ-

"ဒီကလေးကို နှောင့်ယှက် ပူးကပ်လိုက်ပါလာသော ဝိညာဉ်လောကသားခင်ဗျား၊ အခု သင့်အား အသားဟင်းများနဲ့ ကျွေးမွေးပါမယ်၊ စားဖို့သောက်ဖို့ ကျွန်ုပ်နဲ့အတူ လိုက်လာခဲ့ပါဦး" ဟုပြောကာ အိမ်ရှေ့လမ်းမကြီးပေါ်သို့ ထွက်သွားလေသည်။

ထိုအချိန်တွင် လမ်းပေါ်ရှိ ခွေးများက ဦးနန္ဒိယကို ကြည့်ကာ အတင်းထိုးဟောင်ကြသည်။ ဟောင်သော ကောင်က ဟောင်၊ အူသောကောင်က အူနဲ့ ရပ်ကွက်တစ်ခုလုံးဆူညံသွားသည်။ ဦးနန္ဒိယမှာ လမ်းမကြီးဘေးက ကုက္ကိုပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ပါလာသောထမင်းထုပ်ကို ဖြန့်ခင်းလိုက်ပြီး-

"အခု စားချင်သောက်ချင်လို့ ပူးကပ်ဖမ်းစားနေသော ဝေမာနိကပရလောကသားခင်ဗျား၊ သင့်အား ကျွန်ုပ်ဒါနပြုပါတယ်၊ ကျွန်ုပ်ပြုခဲ့ဖူးသော ဒါနသီလ၊ ဘာဝနာ ကုသိုလ်အစုစုတို့ကိုလည်း အမျှပေးဝေပါတယ်၊ အမျှရပြီး သင်တို့အားလုံး သာဓုခေါ်နိုင်ကြပါစေ။

ယခု သင် ပူးကပ်ဖမ်းစားထားသော လူငယ်မှာ နိုင်ငံတော်အစိုးရ၏ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်၊ သင်ဝင်ရောက်ခဲ့သော ဤအိမ်မှာလည်း နိုင်ငံတော်အစိုးရ၏ နေအိမ်ဖြစ်သဖြင့် သင် ဝင်ရောက်ကျူးကျော်ခွင့် မရှိပါ၊ နောက်နောင်တွင်လည်း ယခုကဲ့သို့ ဝင်ရောက် နှောင့်ယှက်ခြင်း မပြုလုပ်ပါနှင့်၊ သင်နှင့်တကွ အားလုံး ကျန်းမာချမ်းသာပြီး ဆန္ဒရှိရာ ကျွတ်လွတ်နိုင်ကြပါစေ၊ ယခု ဤအစာအာဟာရများ သုံးဆောင်ပြီး သင့်နေရာဘုံဗိမာန်သို့ ပြန်သွားပါလော့"

ပြောဆိုကျွေးမွေးခဲ့ပြီး ဦးနန္ဒိယ အိမ်ပေါ်သို့ ပြန်ရောက်လာသောအခါ





www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်ဦးမှာ အကောင်းပကတိဖြစ်သွားပြီး သူဘာကြောင့်ရယ်သည်ပင်သည်ကို မသိရပါကြောင်း ဦးလမင်းအောင်နှင့် ဦးနန္ဒိယတို့အား ပြောပြသည်။

✿

"အခုဖြစ်ပုံက အမှန်ဆိုရင် ဝေမာနိက ပရလောကသားကောင်မလေးက ခင်မောင်ဦးရဲ့ လိပ်ပြာကို သဘောကျသွားပြီး ခင်မောင်ဦး အိပ်ပျော်နေချိန်မှာ လိပ်ပြာကိုနှိုးယူကာ ကောင်မကလေးက မြူဆွယ်ကျီစယ် ဆော့ကစားပြီး စတာ နောက်တာတို့ ဖြစ်လိမ့်မယ်။

ရှင်းရှင်းပြောရရင်တော့ သူ့ချစ်သူနဲ့အတူ ချစ်တင်းနှောကြည်နူးနေတဲ့ သဘောပေါ့၊ တကယ်တော့ အဲဒါကို ခင်မောင်ဦးက လုံးဝမသိဘူး၊ လူ့ခန္ဓာကိုယ်ထဲက မသိစိတ်ကို ဆွဲထုတ်ယူသွားတဲ့သဘောပဲ၊ အစမှာ မသိပေမယ့် ကြာလာရင် အိပ်မက်တစ်ခုလိုလို တကယ်လိုလို စိတ်ထဲက စွဲငြိခံစားလာရမယ်၊ ထမ်းတမ်းစွဲ ဖြစ်လာမယ်။

ဒါတွေဟာ လူသားတွေရဲ့ စိတ်ကို နာမ်လောကထဲက ပရလောကသားတွေက ထိတွေ့ဆက်ဆံပြီး လိပ်ပြာကို ဆွဲထုတ်ယူဖို့အတွက် အစပျိုးမှုတစ်ခုပဲ ဆရာ၊ ပြီးတော့ အဲဒီလိပ်ပြာကို နုတ်ယူသွားပြီး နာမ်လောကထဲက ဘဝတစ်ခုကို ရောက်လာမှ သူတို့ဘဝတူချင်း ပေါင်းသင်း နေထိုင်ကြတယ်လို့ ရှေးဆရာတွေ ပြောဖူးတယ်ဆရာ။

ဒီပရလောက နာနာဘာဝ (နာမ်လောက)သား ဆိုတာ မြတ်စွာဘုရား လက်ထက်တော်ကတည်းက ရှိနေခဲ့ကြတာပဲ၊ အခုလူတွေက မတွေ့မမြင်ရလို့ မရှိဘူး မယုံကြည်နိုင်ဘူးလို့ ပြောဆိုနေကြပေမယ့် ဒီပရလောကသားဆိုတာ သူ့အကုသိုလ်နဲ့သူ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရှိနေကြပါတယ်။

မြတ်စွာဘုရား ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေမျိုးပြိတ္တာများအတွက် ပေးလှူတဲ့ အလှူမှာ ဟောကြားခဲ့တာ ရှိပါတယ် ဆရာ။

'မင်းကြီး- ပြိတ္တာတို့သည် မိမိအိမ်သို့ရောက်ပြီး တံခါး အမိုးအကာတို့၌လည်းကောင်း၊ လမ်းဆုံ လမ်းခွ သစ်ပင်တို့၌လည်းကောင်း တည်ရှိနေကုန်၏၊ ထိုပြိတ္တာတို့မှာ သူတို့ပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံတရားများကြောင့် ကွယ်လွန်သွားပြီးနောက်တွင် မည်သူကမျှ သတိမရကြသဖြင့် အမျှပေးဝေခြင်း မပြုလုပ်ခဲ့ကြချေ။

မင်းကြီး မြစ်ရေချောင်းရေတို့သည် သမုဒ္ဒရာကို ပြည့်ဖြိုးသကဲ့သို့ လူတို့၏ ပေးလှူအပ်သော အဖို့ဘာဂကို အမျှပေးဝေခြင်းသည်လည်း ပြိတ္တာတို့ ထံသို့ရောက်ရှိပြည့်စုံစေပြီး သာဓုခေါ် ဆိုနိုင်မည်ဆိုလျှင် ကောင်းကျိုးသုခကို ချက်ချင်းပင် ရရှိသွားကြပေမည်'

လို့ ဟောကြားခဲ့တာ ကျမ်းဂန်တွေမှာ ရှိတယ်ဆရာ။

အခုလည်း ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ ပြိတ္တာတွေမှာလည်း သူ့ဟာသူ ဘယ်လောက်ပဲ ကုသိုလ်ကောင်းမှုတွေ လုပ်[illegible]ကြပေမယ့် လုပ်ခွင့်မရကြဘူး၊ လူ[illegible]းတွေရဲ့ အခုလို ပေးစာကမ်းစာနဲ့ အမျှအတန်း ပေးဝေမှုကို ရရှိမှသာလျှင် ကျွတ်လွတ်သွားကြရတယ်တဲ့ ဆရာ။

အမှန်တော့ ပရလောကသားတွေ ခြောက်လှန့်ပူးကပ်တယ်ဆိုတာ ကလည်း သူတို့ တောင်းဆိုချင်တာနဲ့ ပြောချင်တဲ့ အကြောင်းအရာတွေရယ်၊ ကုသိုလ်ဒါန အမျှလိုချင်ကြတာရယ်၊ ဒီအကြောင်းအချက်တွေပါပဲ၊ ဒါကို ကျွန်တော်တို့ လူသားတွေမသိကြတော့ သူ့ခမျာတွေ အခက်ကြုံရတာပေါ့၊ အခုတော့ နှစ်ဦးနှစ်ဖက် အားလုံးအဆင်ပြေသွားပြီပဲ မဟုတ်လား၊ ကဲ- မိုးလည်း လင်းခါနီးပြီဆိုတော့ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ် ဆရာ"

ဦးနန္ဒိယပြန်သွားပြီးမှ ဦးလမင်းအောင် စိတ်ထဲ အတွေးတစ်ခုက ဝင်ရောက်လာပြန်သည်။

အလှူဒါနအတွက် အမျှပေးဝေမှု မရှိခဲ့သော ဝေမာနိကပရလောကသားများသည် မကျွတ်မလွတ်ဘဝဖြင့် တဝဲလည်လည်ရှိနေကြပေမည်။

တစ်ခါက ကောက်ရိုးများ တင်ဆောင်လာသော နွားလှည်းကို ကားတိုက်ခံရသဖြင့် သေဆုံးသွားခဲ့သူ မြေးအဘိုးနှစ်ယောက်မှာလည်း အလှူဒါန မရှိခဲ့သဖြင့် ယခုကဲ့သို့ မကျွတ်မလွတ် ဘဝတွင်လည်း နဂိုမူလ သေဆုံးခဲ့ရသော ပုံစံအနေအထား အဝတ်အစား ကောက်ရိုးလှည်း သေဆုံးခဲ့သောနေရာ စသည်တို့မှာ သွားလာလှုပ်ရှားနေရသည်များကို အတွေးထဲမှာ မြင်ယောင်လာမိသည်။

အဘိုးဖြစ်သူက အသက်အရွယ်ကြီးရင့်နေသူဖြစ်သော်လည်း မြေးဖြစ်သူ မိန်းကလေးမှာ အသက်နှစ်ဆယ်ပင် မပြည့်သေးကြောင်း သိရသည်။

မိန်းကလေးမှာ ငယ်ရွယ်သူဖြစ်သဖြင့် အချစ်ဆိုသော အရာသည် သတ္တဝါတိုင်းမှာ ရှိနေသကဲ့သို့ မိန်းကလေးခမျာမှာလည်း အချစ်ရှိနေမည်မှာ မလွဲပေ။

သို့ကြောင့်လည်း ဝေမာနိက ပရလောကသားဖြစ်သူ မိန်းကလေးမှာ

www.burmeseclassic.com

ဦးနန္ဒိယ ပြောခဲ့သလို ခင်မောင်ဦးအား မြင်တွေ့သွားသောအခါ သူ့နှလုံးသားမှာ စွဲမက် ချစ်ခင်သွားခဲ့ရလေသည်လား မပြောနိုင်၊ ဒါကြောင့်လည်း ခင်မောင်ဦး မသိအောင် နှလုံးသားလိပ်ပြာမှာ ခိုနားတွေ့ဆုံပြီး ချစ်ခွန်းတို့တင် ပြောဆိုနေခဲ့ခြင်းလည်း ဖြစ်နိုင်ကြောင်း ဦးလမင်းအောင် အတွေးပေါက်လာမိသည်။

✿

ဦးလမင်းအောင်မှာ ဤမြို့ကလေးတွင် လေးနှစ်နီးပါးတာဝန်ထမ်းဆောင်နေခဲ့ရပြီး လားရှိုးမြို့ တိုင်းရုံးသို့ တစ်ဆင့်မြင့်တာဝန် ထမ်းဆောင်ရန် ပြောင်းရွှေ့ခဲ့ရသည်။

တိုင်းရုံးရှိ အလုပ်ဝတ္တရားများကို လွှဲပြောင်းလက်ခံပြီး တာဝန်ထမ်းဆောင်နေစဉ် တစ်နေ့တွင် ယခင် တာဝန်ထမ်းဆောင်နေခဲ့သော မြို့ကလေးမှ တပည့်ဖြစ်သူ ခင်မောင်ဦးတစ်ယောက် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရသည်။ မည်သည့် ရောဂါကြောင့် ကွယ်လွန်သွားကြောင်း အသေအချာ မသိရပေ။ ဦးလမင်းအောင် အနေဖြင့် သတ္တဝါတစ်ခု ကံတစ်ခု လူတိုင်းဟာ သေမျိုးတွေချည်းပါပဲဟူ၍သာ မှတ်ယူထားခဲ့ပေသည်။

ဦးလမင်းအောင်မှာ လားရှိုးတွင် လေးလမျှ တာဝန်ထမ်းဆောင်နေချိန်တွင် ရန်ကုန်ရုံးချုပ်နှင့် စာရင်းညှိနှိုင်းရန်ကိစ္စပေါ်လာသဖြင့် လားရှိုးမှ မီးရထားဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရုံးလုပ်ငန်းကိစ္စ ညှိနှိုင်းဆောင်ရွက်ရင်း ဇနီး သားသမီးများနှင့် တစ်လနီးပါး အတူနေထိုင်ခဲ့ရသည်။ ရုံးလုပ်ငန်းကိစ္စများပြတ်၍ လားရှိုးသို့ ပြန်လာခဲ့ရာ ယခင်က တာဝန်ကျ နေထိုင်ခဲ့ရသော မြို့ကလေးမှ အပေါင်းအသင်းများနှင့် တပည့်များကို သတိရမိသဖြင့် မန္တလေးမှ လားရှိုးသို့ ရထားဆက်မစီးတော့ဘဲ ကားလမ်းခရီး ယာဉ်လိုင်းဖြင့် ထိုမြို့ကလေးသို့ လိုက်ပါလာခဲ့သည်။

မြို့ကလေးသို့ ရောက်ရှိသောအခါ ရင်းနှီးခင်မင်ခဲ့ရသော ဦးနန္ဒိယ အိမ်တွင်ပင် တည်းခို ညအိပ်ပြီး ရှေးဟောင်းနှောင်းဖြစ်စကားများ ပြောဆိုနေခဲ့ကြသည်။

"ဆရာ့တပည့်ကလေး မောင်ခင်မောင်ဦး သေဆုံးရတာ ကျွန်တော် တစ်ခါတုန်းက ပြောခဲ့သလို ဝေမာနိကကောင်မလေးက လိပ်ပြာနှုတ်ပြီး ခေါ်သွားတယ်လို့ မြို့ထဲမှာပြောနေကြတယ် ဆရာ၊ သူ့သူငယ်ချင်း မောင်ဝင်းနိုင်ပြောတာက ဆရာ့အိမ်မှာဖြစ်သလိုမျိုး ညညဆိုရင် တစ်ယောက်တည်း စကားပြောနေတယ်တဲ့၊ အဲဒီလို သုံးလေးငါးရက်လောက်ဖြစ်ပြီး တစ်နေ့မှာ စကားပြောနေရင်းက သတိလစ်သွားတော့ ဆေးရုံပို့ကြတယ်၊ ဆေးရုံရောက်ပြီး မကြာခင်မှာ အသက်ပါသွားတော့တာပဲတဲ့ ဆရာ။

နောက်တစ်ခုက ဆရာ့ခြံလေးကိစ္စပေါ့၊ အဲဒီခြံထဲက ကောင်မကလေးတို့ မြေးအဘိုးနေခဲ့တဲ့ခြံဆိုပဲ ဆရာရယ်၊ ကောင်မကလေးက သူ့အဘိုးကိုလည်း ချစ်တယ်၊ ပြီးတော့ မြို့ထဲက အထက်တန်းကျောင်းနဲ့လည်းနီးတော့ ကျောင်းတက်ရင်း သူ့အဘိုးနဲ့ အတူနေလာခဲ့တာတဲ့၊ အဲဒါကလည်း မောင်ခင်ဦး အသုဘချတဲ့နေ့မှပဲ ကြားခဲ့ရတာပါ။

ဆရာ့ကို ခြံရောင်းသွားတဲ့ ဒေးဗဟာဒူး ဆိုတာ ကောင်မလေးရဲ့အဖေတဲ့၊ သူဟာ ဟိုတောင်ခြေက စည်ကူးရွာမှာ နို့စားနွား မွေးမြူရင်း နေထိုင်တာတဲ့၊ ကြုံပဲကြုံတတ်ပလေဆရာရယ်"

ဦးနန္ဒိယ ပြောပြမှ မောင်ခင်မောင်ဦးကို သူ့ကောင်မကလေး ဝရလောကသားက လိပ်ပြာနှုတ် ခေါ်ဆောင်သွားကြောင်း သိရတော့သည်။ မောင်ခင်မောင်ဦးအကြောင်း စဉ်းစားရင်း ညအိပ်၍ပင် မပျော်နိုင်ခဲ့ပေ။

နောက်နေ့ မိုးလင်းတော့ စက်ဘီး တစ်စီးဖြင့် ခြံဘက်ထွက်လာခဲ့သည်။ ခြံစောင့်ဦးထွန်းခင်အား အဆင်သင့်ပင် တွေ့လိုက်ရသဖြင့် ဦးလမင်းအောင် ဝမ်းသာသွားသည်။ အကြောင်းမှာ ဤခြံကလေးသည် ခင်မောင်ဦးအား လိပ်ပြာနှုတ်သွားသောပရလောကသားကောင်မကလေး မြေးအဘိုးတို့နှင့် ပတ်သက်နေသည်။ ထို့ကြောင့် ခြံထဲ၌ အမြဲနေထိုင်ရသော ခြံစောင့်ဦးထွန်းခင်အား ခြံထဲမှာ ထူးခြားမှု ရှိ၊ မရှိကို မေးမြန်းလိုခြင်းပင် ဖြစ်သည်။

"ဦးထွန်းခင့် ထိုင်ပါဦးဗျာ၊ခင်ဗျားဒီမှာနေတာ ဘာထူးခြားမှုတွေ တွေ့ရလဲဗျာ၊ ဆိုလိုတာက ဒီခြံကလေးဟာ ဟိုအရင်က သေသွားတဲ့ ဂေါ်ရခါးအဘိုးကြီးနဲ့ သူ့မြေးမကလေးတစ်ယောက်တို့ နေထိုင်ခဲ့တယ်လို့သိရတယ်၊ အခု သူတို့က မကျွတ်မလွတ်ဘဝနဲ့ ဒီနားတစ်ဝိုက်က သစ်ပင်ကြီးတွေမှာ ရှိနေကြတယ် ဆိုတာ ကျွန်တော် မြို့ထဲက ကြားခဲ့ရတယ် ဦးထွန်းခင်၊ အဲဒါကြောင့် သူတို့က ခင်ဗျားကိုလာနှောင့်ယှက်ပြီး ကိုယ်ထင်ပြ မောင်းထုတ်တာမျိုး၊ အိပ်မက်ဆိုး မက်တာမျိုးများ မရှိဘူးလား ရှိတယ်ဆိုရင် အားမနာပါနဲ့ ကျွန်တော့်ကို အမှန်အတိုင်းသာပြောပါ"

"ကျွန်တော်နေလာတာ သုံးနှစ်တောင်ကျော်နေပြီပဲ ဆရာ၊ ဆရာပြော သလို နှောင့်ယှက်မောင်းထုတ်တာမျိုး အိပ်မက်ဆိုးမက်တာမျိုး တစ်ခါမှမ





www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ဒါပေမဲ့ ဆရာတပည့်မောင်ခင်မောင်ဦးသေဆုံးပြီးတစ်ပတ်လောက်အကြာမှာ အိပ်မက်ဆန်းတစ်ခုတော့မက်ပါတယ် ဆရာ"

"ဘယ်လိုအိပ်မက်ဆန်းလဲ၊ ပြောစမ်း"

"အဲဒီနေ့က ကျွန်တော်တဲထဲမှာအိပ်ပျော်နေတုန်း ခင်မောင်ဦးရောက်လာတယ်၊ သူနဲ့အတူပါလာတဲ့ကောင်မကလေး တစ်ယောက်ဆို ချောမှချောပဲဆရာ၊ အဲဒါနဲ့ ခင်မောင်ဦးက -

'ဦးထွန်းခင်၊ ဒါကျွန်တော့်အမျိုးသမီးပဲ၊ ခင်ဗျားသိအောင် လာပြတာပါတဲ့၊ ပြီးတော့ ကျွန်တော်တို့ နေတာဦးထွန်းခင်သိအောင် ပြောပြထားပါ့မယ်၊ ခင်ဗျားခြံရဲ့ တောင်ဘက်အစွန်ဆုံး ရေချောင်းလေးထိပ်က ဝါးဘိုးရုံနဲ့ဆီးပင်ကြီးမှာ နေကြတယ်'

လို့ ပြောပြီး နှစ်ယောက်လုံးပျောက်ကွယ်သွားကြတယ်ဆရာ၊ ဒါကလည်း နှောင့်ယှက် ခြောက်လှန့်တဲ့သဘော မဟုတ်ဘဲ ခင်မင်တဲ့အတိုင်းအတာတစ်ခုအနေနဲ့ လာပြောသွားတာလို့ ကျွန်တော်ယုံကြည်ထားပါတယ်၊ မောင်ခင်မောင်ဦး ကြည့်ရတာ ပျော်ရွှင်ဆန်းဆန်းနေတဲ့ပုံပဲ ဆရာ"

"ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်က ခင်ဗျားအတွက်စိုးမိလို့ပါ၊ တစ်ခုတော့ ရှိတာပေါ့၊ ခင်မောင်ဦးအတွက် စိတ်မကောင်းဖြစ်ရတာကလွဲပြီး ကျွန်တော်တို့ဘာမှလုပ်ပေးနိုင်ဘူး မဟုတ်လားဦးထွန်းခင်။

ပြီးတော့ ဦးထွန်းခင်ကို ကျွန်တော် တစ်ခု မှာခဲ့ဦးမယ်၊ ကျွန်တော်ပြန်စားမယ့်ခင်မှာ ခင်ဗျား ဒီခြံကိုစောင့်ရှောက်ထားပေးပါ၊ ကျွန်တော်ပြန်စားယူပြီးရင် ဒီမှာ ခင်ဗျားနဲ့အတူလာနေမယ်၊ အဲဒီအခါကျမှ စာဖတ်မယ်၊ စာရေးမယ်၊ မကျွတ်မလွတ် ဖြစ်နေတဲ့ ပရလောကသားများအကြောင်းဝတ္ထုတွေဘာတွေ ရေးမယ်ဗျာ"

ဦးလမင်းအောင်မှာ သူ့စိတ်ထဲရှိသည့်အတိုင်း ခြံစောင့်ဦးထွန်းခင်အားမှာထား ပြောကြားခဲ့ပြီး ခြံထဲမှ ထွက်လာခဲ့သည်။

အပြန်လမ်းတွင် ပရလောကသားများက လူသားများနှင့် ဆက်ဆံထိတွေ့ရာတွင် ဝိညာဉ်ခေါ် လိပ်ပြာ (တင်စားခြင်းတစ်မျိုး)လှသူများကို နှစ်သက် မြတ်နိုးတတ်ကြောင်း ဦးနန္ဒိယပြောပြခဲ့ဖူးသည်။

ယခုလည်း မောင်ခင်မောင်ဦးလိပ်ပြာကို ပရလောကသား ကောင်မကလေးက ချစ်သူ့လိပ်ပြာအဖြစ် နားခိုငြိတွယ်ခဲ့ရာမှ ဘဝတူချင်း ပေါင်းသင်းနေထိုင်ဖို့ အပြီးအပိုင် ခေါ်ဆောင်သွားခဲ့လေပြီ။

ခင်မောင်ဦးနှင့် ပရလောကသား ကောင်မကလေးတို့အတွက် ဆရာရဲ့ ဘဝအဆက်ဆက်မှ ယခုဘဝတိုင်ပြုလုပ်ခဲ့ဖူးသော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေလိုက်ပါတယ်။ အမျှရပြီး သုဂတိဘုံဘဝတစ်ခုမှာ ချစ်သူနှစ်ဦး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကုသိုလ်ကောင်းမှုများပြုလုပ် ဆောင်ရွက်နိုင်ပါစေလို့

**ကောင်းစံဟိန်း(ဖန်နေဝန်း)**

❑


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

အခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ပဟေဠိများ၊ အရှေ့တိုင်းအနောက်တိုင်းဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၀




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ထိုအခါ ဆရာမကလေး သဲနုဝေက -

"ဦးလေး ဦးအောင်မြရယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ တပည့်တွေက ဆယ်တန်းစာမေးပွဲ ဖြေဖို့ကလည်း တစ်လလောက်ပဲ လိုတော့တယ်၊ သူတို့လေးတွေရဲ့ ဖြူစင်တဲ့ ဘဝလေးတွေကို အမည်းစက် မစွန်းပေစေချင်ဘူး၊ နောက်ပြီး ဒီကလေးတွေက စာတော်ပြီး လိမ္မာရေးခြားရှိတဲ့ကလေးတွေပါ၊ ရုံးရောက်၊ ဂါတ်ရောက် ဖြစ်ကြရင် သူတို့ပညာရေး၊ သူတို့ကလေးတွေရဲ့ ဘဝတွေ အများကြီးနစ်နာသွားပါလိမ့်မယ်၊ သူတို့လေးတွေရဲ့ ဘဝနောင်ရေးကို ငဲ့ကွက်ပြီး ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါလို့ အနူးအညွတ် တောင်းပန်ပါတယ်ရှင်"

"အိုဗျာ၊ ဒီလိုတောင်းပန်နေလို့ ရမလားဗျ၊ ဒါဆိုလည်း ဆရာမကိုယ်တိုင် ကျုပ်သားရှေ့မှာ ဒူးထောက်တောင်းပန်ရင် ကျုပ်ကျေနပ်မယ်"

ဦးအောင်မြမှာ ငွေကြေးဂုဏ်မောက်သူပီပီ အပေါ်စီးမှ ပြောလိုက်၏။ ဦးအောင်မြစကားကြောင့် ဘေးမှဝိုင်းကြည့်နေသော ရွာသူရွာသားများ ရှုံ့မဲ့ရှုံ့မဲ့ဖြစ်ကုန်၏။

ရွာသားများထဲမှ တစ်ယောက်က -

"ဦးအောင်မြ၊ ခင်ဗျား ဘာစကားပြောတာလဲ" ဟုဆိုကာ လူအုပ်ကြားမှ တိုးထွက်လာသဖြင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းက ထိန်းပြီး ခေါ်ထုတ်သွားရ၏။

ရွာသားမှာ တောက်တခေါက်ခေါက်နှင့် မကျေမချမ်းဖြစ်ကာ လိုက်ပါသွားရလေသည်။

ဆရာမကလေး ဒေါ်သဲနုဝေမှာ ဦးအောင်မြ စကားကြောင့် မျက်နှာတင်းခနဲဖြစ်သွားပြီး မာနနဲ့သိက္ခာကို အစော်ကားခံလိုက်ရသဖြင့် မျက်ရည်များဝဲတက်လာကာ အံတင်းတင်းကြိတ်လိုက်၏။ ဒေါသထွက်လွန်းသဖြင့် မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။ ထို့နောက် တပည့်သုံးယောက်မျက်နှာကို တစ်ချက်လှည့်ကြည့်ကာ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်နိုင်စွာချလိုက်၏။

ထို့နောက် ဦးအောင်မြတို့ဘက်သို့ လှည့်လိုက်စဉ် ကောင်းမြတ်က -

"ဆရာမ"

ဟု လှမ်းအော် ခေါ်လိုက်ပြီး ဆရာမကလေးရှေ့သို့ ပြေးသွားကာ ငိုသံဖြင့် -

"ဆရာမ ဘာလုပ်မလို့လဲ၊ သားတို့အတွက် ဘာမှ ဒူးထောက်စရာ မလိုဘူး ဆရာမ"

ဟု မျက်ရည်ဝဲကာ ပြောလိုက်၏။

ထိုစဉ် သက်နိုင်ဝင်း၊ ထွန်းနိုင်တို့လည်း အရှေ့ရောက်လာပြီး -



www.burmeseclassic.com



"ဆရာမ၊ သားတို့ ထောင်ကျရင် ကျပါစေ၊ ဘာမှ ဆရာမ ဒူးထောက် စရာမလိုဘူး ဆရာမ"

သူတို့အသံတွေက ငိုသံပါပြီး တုန်ရီနေကာ မျက်ရည်ဝဲလို့နေသည်။

ဆရာမကလေးက -

"မင်းတို့တွေ တိတ်တိတ်နေစမ်း နောက်ဆုတ်ကြ၊ မင်းတို့လေးတွေရဲ့ အနာဂတ်၊ ဖြူစင်တဲ့ဘဝလေး တွေကို ငါ အရောင် အစွန်းအထင်း မခံ နိုင်ဘူး။

ငါ အားလုံး စဉ်းစားပြီးပြီ၊ ဘာလုပ် ရမလဲဆိုတာ ငါ သိတယ်"

ဆရာမလေးမှာ အံတင်း တင်း ကြိတ်လိုက်ပြီးနောက် စိုးဝင်း ရှေ့ ဒူးထောက်လိုက်ကာ-

"ကျွန်မတို့ မှားသွားပါတယ်၊ နောက် ဒီလို မဖြစ်စေရပါဘူး"

"ဆရာမ"

# ဥယျာဉ်မှူးတို့နှလုံးသား

ကောင်းမြတ်၊ သက်နိုင်ဝင်း၊ ထွန်းနိုင်တို့သုံးယောက် ပြိုင်တူအော် ခေါ်လိုက်ပြီး ဆရာမကလေးနားသို့ ပြေးသွားကာ ဆရာမလေးကို ထူပေး လိုက်ကြ၏။ သူတို့မျက်ဝန်းအိမ်တွင် မျက်ရည်များ စီးကျလို့နေ၏။

ကောင်းမြတ်က ငိုသံကြီးဖြင့်-

"ဆရာမရယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကြေကြေကွဲကွဲ ရေရွတ်လိုက်လေသည်။

ဆရာမကလေးမှာ ဆရာမကြီးဆီ ပြေးသွားကာ ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ တသိမ့်သိမ့်ရှိုက်ငိုလိုက်၏။

ဘေးတွင် ကြည့်နေသူများကလည်း စိတ်မကောင်းကြ။

တချို့ကလည်း -

"ဆရာမလေးလုပ်တာ မှန်တယ်၊ ဒီလိုမှမဟုတ်ရင် ကောင်ကလေးတွေ ရိုက်မှုနဲ့ ထောင်ကျနိုင်တယ်၊ ဆရာမတွေလည်း စာမေးပွဲနီးလာမှ အလုပ်ပျက် အကိုင်ပျက်ဖြစ်ရမှာ"

"အေးကွာ၊ ဒီလူကြီးကလည်း အလျှုအတန်း အပေးအကမ်း ရက်ရောသလောက် သူ့သားနဲ့ပတ်သက်လာရင် လူမှုရေးရော၊ ဘာသာရေးရော မသိတော့ဘူး၊ တော်တော်ခက်တဲ့ လူကြီးပဲကွ"

ထိုအခါ ဘေးမှအဒေါ်ကြီးတစ်ယောက်က -

"ဆရာဆိုတာ တပည့်တွေ ဒုက္ခရောက်တော့မယ်ဆိုတာသိတော့ ကိုယ့်အရှက်သိက္ခာကိုတောင် မငဲ့ကွက်နိုင်တော့ဘူး၊ ဒါကြောင့်လည်း အနန္တဂိုဏ်းဝင်အဖြစ် ပြထားတာပေါ့၊ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ ဆရာတစ်ယောက်ရဲ့ တပည့်တွေအပေါ်မှာထားရှိတဲ့ ဆရာစိတ်ကို ပေါ်လွင်အောင် ဖော်ပြလိုက်တာပါလား၊ ဆရာပီသလှတဲ့ ဆရာမကလေးရယ်"

ဟု ကြေကြေကွဲကွဲ ရေရွတ်ရင်း မျက်ရည်ဝဲရှာလေသည်။

*

နောက် (၃) ရက်ဆို ကန့်ပြီးတော့မည်။ ဆယ်တန်းစာမေးပွဲဖြေရန် ရက်အနည်းငယ်သာ လိုတော့၏။

ဘောဂဗေဒဆရာမ သူဇာက -

"ဟဲ့- နင် ဆရာမကြီးကို သတိထားမိလား"

"ဘာများလဲဟဲ့ သူဇာရဲ့"

"နင်ကြည့်ပါလား၊ ဆရာမကြီး ပိန်သွားလိုက်တာ အရမ်းပဲ"

"အေးဟယ်၊ ငါလည်း သတိထားမိတယ်၊ သနားပါတယ်ဟာ၊ ငါတို့က တစ်ပတ်မှာ တစ်ရက်ပဲ ဂျူတီကျတာ၊ သူက နေ့တိုင်းဂျူတီကျနေတာဆိုတော့ အအိပ်ပျက်၊ အစားပျက် ပိန်ကျသွားတာဖြစ်မယ်"

"ဟုတ်တယ် သဲနုရယ်၊ ငါတို့အားလုံးကလည်း ဆရာမကြီးကို နားနားနေနေ နေဖို့ ကျန်းမာရေးဂရုစိုက်ဖို့ ဝိုင်းပြောကြသေးတယ်၊ ဆရာမကြီးက ဘာပြန်ပြောတယ်ထင်လဲ၊ စာမေးပွဲကြီးနီးသထက်နီးလာပြီတဲ့၊ ကလေးတွေ ပေါ့လျော့ကုန်လို့ မဖြစ်ဘူးတဲ့လေ"

သဲနုတို့ စကားကောင်းနေစဉ် ကျောင်းသားလေးတစ်ယောက် အနားရောက်လာပြီး -

"ဆရာမ၊ ဆရာမ ရုံးခန်းထဲမှာ ဆရာမကြီး မူးလဲလို့တဲ့"

ကျောင်းသားလေးဆီမှ ကြားလိုက်ရသော သတင်းစကားကြောင့် သဲနုရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

"ဟဲ့- သူဇာ၊ လာလာ ဆရာမကြီး ဘာဖြစ်တာလဲ မသိဘူး"

မသူဇာကို သဲနု ပြောလည်းပြော၊ ရုံးခန်းရှိရာသို့ အပြေးအလွှား ရောက်ရှိသွား၏။ သဲနုရောက်သွားတော့ ရုံးခန်းထဲမှာ ဆရာ၊ ဆရာမတွေရော၊ ကျောင်းသား၊ ကျောင်းသူတွေရော ယောက်ယက်ခတ်လို့၊ ဆရာမကြီးကို နှိပ်ပေးတဲ့သူတွေနဲ့၊ နှာခေါင်းပေါက်မှ ပရုတ်ဆီဘူး တော့ပေးသူတွေနဲ့ သဲနု အတင်းတိုးဝှေ့ဝင်လိုက်ပြီး ဆရာမကြီးကိုကြည့်လိုက်တော့ အသားတွေက ဖြူဖျော့ဖျော့နဲ့ အတော့်ကို အားနည်းနေမှန်း သိသာလှသည်။ အနားတွင် တစ်ယောက်တစ်ပေါက် စကားပြောသံများကလည်း ဆူညံနေ၏။

သဲနုက စိုးရိမ်တကြီးနဲ့ ဝိုင်းအုံနေသူများကို -

"ရုံးခန်းအပြင် ထွက်ပေးကြပါ၊ ဆရာမကြီး လေကောင်းလေသန့်မရရင် ပိုမူးလိမ့်မယ်"

ဟုပြောပြီး အပြင်သို့ ထွက်ခိုင်းလိုက်ရ၏။

ထိုအချိန်မှာပင် ဘယ်က ဘယ်လို သတင်းကြားသည်မသိ။ ကျောင်းအကျိုးတော်ဆောင် နာယကကြီး ဦးမြသောင်းနှင့် ဥက္ကဋ္ဌကြီးတို့ ရောက်ရှိလာ၏။ ဆရာမကြီး ဘယ်လိုဖြစ်တာလဲ နေကောင်းရဲ့လားနဲ့ ပျာယာခတ်လို့။

သဲနုက -

"ဆရာမကြီး အရမ်းအားနည်းနေတယ်၊ အခုဆေးရုံပို့မှ ဖြစ်မယ်"

လို့လည်း ပြောလိုက်တာနဲ့ ကျောင်းအကျိုးတော်ဆောင် နာယကဦးမြသောင်းက သူ့ပိုင်စက်လှေကြီးနှင့် ချက်ချင်းမြို့သို့ စက်ကုန်ဖွင့်ကာ ပို့ဆောင်ပေးလေသည်။

ဆရာဝန်များကလည်း လိုအပ်သည်များကို ချက်ချင်းပင် စွမ်းဆောင်ပေးကြ၏။ ထိုအခါမှ ဆရာမကြီးမှာ မျက်နှာသွေးရောင်လွှမ်းလာလေသည်။ ခဏအကြာ မျက်လုံးလေး ဖွင့်လာပြီး အနားတွင်ရှိနေသော သဲနုကိုကြည့်ကာ ယဲ့ယဲ့လေးပြုံးပြရှာ၏။ သဲနု၏ နောက်နားတွင်ရပ်နေသော ကျောင်းအကျိုးတော်ဆောင် နာယက ဦးမြသောင်းတို့ ဆရာဝန်ကြီးက -



www.burmeseclassic.com

www.burmeseclassic.com

"လူနာကို တစ်ရက်၊ နှစ်ရက် လောက်တော့ အနားပေးတဲ့အနေနဲ့ ဆေးရုံတင်ရမယ်" ဟု ပြောလိုက်၏။

ဆရာဝန်ကြီး၏စကားကို ကြားသည်နှင့် ဆရာမကြီးက ပက်လက်လေး အိပ်နေရာမှ လူးလဲကာ အားယူပြီး ထထိုင်လိုက်ရင်း -

"ဒေါက်တာ ကျွန်မဆေးရုံတက်ဖို့မဖြစ်ဘူး၊ ဆယ်တန်းစာမေးပွဲဖြေဖို့ ရက်ပိုင်းပဲလိုတော့တယ်၊ ကျွန်မအတွက် လိုအပ်တဲ့ဆေးကိုသာ ပေးလိုက်ပါ၊ ဆေးရုံတက်လို့ လုံးဝမဖြစ်ပါဘူး" ဟု အကျောက်အကန် ငြင်းဆန်လေတော့သည်။

ဆရာဝန်ကြီးက တစ်ခုခု ပြန်ပြောဖို့အလုပ်တွင် ဦးမြသောင်းက ဆရာဝန်ကြီးကို လက်ကုတ်၍ ခေါ်သွား၏။

ခဏအကြာတွင် ဆရာဝန်ကြီး ပြန်ထွက်လာပြီး ဆရာမကြီး၏ မျက်နှာကို ကရုဏာသက်သော မျက်ဝန်းများဖြင့်ကြည့်ကာ -

"ဆရာမကြီး စိတ်ချမ်းသာသလို ဖြစ်ချင်သလို ဖြစ်စေရပါမယ်"

ဟု တရိုတသေ ပြောလိုက်၏။

ဆရာဝန်ကြီး၏ မျက်ဝန်းထဲတွင် လေးစားကြည်ညိုခြင်း၊ ဂုဏ်ယူခြင်း၊ ကရုဏာသက်ခြင်းများနှင့် ပြည့်နှက်နေသည်ကို တွေ့ရ၏။ ထို့အတူ မျက်ဝန်းတွင် မျက်ရည်ကြည်များက ဝေ့ဝဲလို့ ဆရာဝန်ကြီး အတော်စိတ်မကောင်း ဖြစ်သွားပုံ၏။ ဆေးဖိုးဝါးခ မယူသည့်အပြင် လိုအပ်သော ဆေးဝါးများကိုပါ (၁၀) ရက်စာ အပြန်၌ထည့်ပေးလိုက်၏။

သဲနုလည်း ဆရာမကြီးကို ကြည့်လိုက်၊ ဆရာဝန်ကြီးကိုကြည့်လိုက်နှင့် စိတ်ထဲ စို့ခနဲ စို့ခနဲဖြစ်ရကာ မျက်ဝန်းမှလည်း မျက်ရည်ဥတွေ လိမ့်ခနဲ လိမ့်ခနဲ စီးဆင်းလာ၏။ သဲနု ရင်ထဲမှာလည်း ဆရာမကြီးကို လှိုက်လှိုက်လှဲလှဲ ကြည်ညိုလေးစားသွားမိသည်။

ဪ- ဆရာမကြီးရယ်။

*

အချိန်တို့က တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးလာခဲ့လေသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းတွေ မနက်ဖြန် ထွက်ပေတော့မည်။

ထို့အတွက်ကြောင့် ဆရာမကြီးနှင့် ဆရာမလေး သဲနုတို့ မြို့ပေါ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် အောင်စာရင်းကြည့်ရန် ညအိပ်စောင့်ကြ၏။ မနက်စောစော အောင်စာရင်းကပ်တော့ ဆရာမလေးသဲနုက မိမိတို့ကျောင်းရှိ အောင်သူများစာရင်းကို စာရွက် တစ်ရွက်နှင့် ကူးယူလိုက်လေသည်။

ထို့နောက် သူကူးယူထားသော အောင်သူများစာရင်းကို သေသေချာချာ ကြည့်ရင်း ဆရာမကြီး ရှိရာသို့ ပြေးသွား၏။

ဆရာမကြီးက -

"ဟဲ့ ဟဲ့ ဆရာမ ဒေါ်သဲနု၊ ဘာဖြစ်တာလဲ၊ ဆရာမ မျက်နှာမှာလည်း မျက်ရည်တွေ ပြည့်လျှံလို့ပါလား"

"ဆရာမကြီး"

ဆရာမလေး ဒေါ်သဲနု၏ခေါ်သံက ငိုသံပါကြီးနှင့် တုန်ရင်နေ၏။

"ဟဲ့ သမီးသဲနု၊ ဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်း၊ ဆရာမကြီးကို မြန်မြန်ပြောစမ်း"

"သမီးတို့ကျောင်း အောင်ချက်ကောင်းတယ် ဆရာမကြီး၊ D တွေလည်း အများကြီးပဲ"

"ဟဲ့- ဒါဝမ်းသာရမှာလေ၊ ဘာဖြစ်လို့ မျက်ရည်တွေကျနေရတာတုံး"

ဆရာမလေးက ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလျက် အသံတို့က တုန်ယင်စွာဖြင့် -

"သမီးဝမ်းသာလွန်းလို့ပါ ဆရာမကြီးရယ်၊ ဝမ်းသာလွန်းလို့ပါ၊ အဟင့်ဟင့် ဟင့် သမီးဝမ်းသာလွန်းလို့ပါ"

မျက်ရည်တွေ ဖိုးဖိုးပေါက်ပေါက်ဖြင့် ဝမ်းသာလွန်းလို့ မျက်ရည်ကျနေရှာသော တပည့်မလေးကို ညင်သာစွာ ရင်ခွင်ထဲ ထွေးပွေ့လိုက်ပြီး -

"သမီးလေးရယ်"

ဟု ညင်သာစွာ ခေါ်လိုက်ပြီး ဆရာမကြီးလည်း မျက်ရည်တွေ ဝဲတက်လာသည်။

"အဲဒါ တို့ဆရာ၊ ဆရာမတွေ ကလေးတွေအပေါ်မှာ ထားရှိကြတဲ့ စေတနာ မေတ္တာတွေပေါ့ သမီးလေးရဲ့"

မျက်ရည်တွေ စီးကျနေသော တပည့်မလေးရဲ့ ပါးပြင်ပေါ်မှမျက်ရည်တွေကို ညင်သာစွာသုတ်ပေးလိုက်ရင်း-

"တို့ဆရာ၊ ဆရာမတွေရယ်၊ ကျောင်းသူကျောင်းသားတွေရယ်၊ မိဘရယ် တက်ညီလက်ညီ ကြိုးစားလိုက်တော့ အောင်မြင်မှုကိုရတာပေါ့ သမီးလေးရဲ့"

ဆရာမကြီးမှာ တပည့်မလေးရဲ့ ခေါင်းကို ညင်သာစွာပွတ်သပ်ပေးရင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မျက်ရည်များက ပါးပြင်ပေါ်သို့ တစ်လိမ့်ချင်း တစ်ပေါက်ချင်း စီးကျလို့နေလေသည်။

သဲနုတို့ကျောင်းက မြို့နယ်မှာ အောင်ချက်အကောင်းဆုံး နံပါတ် (၁) ရတယ်။ သဲနုတို့တစ်တွေ ဝမ်းသာလိုက်တာ ပြောမနေပါနဲ့တော့။

ကျောင်း အကျိုးတော်ဆောင် နာယက ဦးမြသောင်းကလည်း လက်သီးလက်မောင်း တန်းကာ-



www.burmeseclassic.com

www.burmeseclassic.com

"ဒါမှ ငါတို့ကျောင်းကွ"

ဟု ဟစ်ကြွေးလိုက်တော့သည်။ တစ်ရွာလုံးကလည်း ဝမ်းသာဂုဏ်ယူလို့ မဆုံး တပြုံးပြုံးပေါ့။ အခုတော့ သဲနုတို့ ဆရာ၊ ဆရာမတွေ မြို့ပေါ်မှာ ဂုဏ်ယူ ဝံ့ကြွားစွာ လျှောက်လှမ်းနိုင်ပါပြီ။ တစ်ရွာလုံးကလည်း ဆရာမကြီး၏ မေတ္တာစေတနာကို အသိအမှတ်မပြုဘဲ မနေနိုင်ကြတော့ပေ။

ဒီလိုနဲ့ အချိန်တို့က တဖြည်းဖြည်း ကုန်လွန်ခဲ့၏။ ဆရာမကလေး ဒေါ်သဲနုဝေမှာ ကျောင်းတွေပြန်ဖွင့်ပြီဖြစ်သဖြင့် သူမ တာဝန်ကျရာ ကျောင်းသို့သွားရောက်ကာ တာဝန်ထမ်းဆောင်နေသည်မှာ ငါးလပင်ကျော်လွန်ခဲ့လေပြီ။ တစ်နေ့နံနက် -

"ဆရာမကြီး . . . ဆရာမကြီး"

"အိမ်ရှေ့ကခေါ်နေတာ ဘယ်သူလဲ"

"ကျွန်မပါ ဆရာမကြီး၊ သဲနုဝေပါ"

"ဩော်- ဆရာမ ဝင်ခဲ့လေ၊ ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါ ဆရာမကြီး၊ မနေ့ည ၇ နာရီလောက်က ဆင်အိုင်ရွာက ရွာသူရွာသား (၁၅) ယောက်လောက် ထိုင်းမှာ အလုပ်သွားလုပ်မယ်ဆိုပြီး ထွက်သွားကြတယ် ဆရာမကြီး၊ အဲဒီအထဲမှာ ကျွန်မတို့ ကျောင်းက ကျောင်းသူ၊ ကျောင်းသား (၁၀)ယောက်လောက်လည်း ပါသွားတယ်လို့ သတင်းကြားလို့ ဆရာမကြီးကို လာအကြောင်းကြားတာပါ"

"ဒေါ်သဲနုဝေ၊ ဆရာမရဲ့သတင်းက ဟုတ်ကော ဟုတ်လို့လား"

"ဟုတ်ပါတယ် ဆရာမကြီး၊ ဒီမနက်စောစော သဲနု မုန့်ဟင်းခါးစားရင်းနဲ့ ကြားလာခဲ့တာ၊ သတင်းကတော့ အတိအကျပဲ"

"အဲဒါဆိုရင်တော့ မဖြစ်ဘူး၊ ဒါ လူကုန်ကူးမှုပဲ၊ သူတို့မိဘတွေ သိကြရဲ့လား"

"သိတယ် ဆရာမကြီး၊ မိဘတွေကိုယ်တိုင်က ကြည်ကြည်ဖြူဖြူနဲ့ လွှတ်လိုက်တာပဲ"

"ဒုက္ခပါပဲ၊ တို့ရွာက မြို့နဲ့ကလည်းဝေး၊ မိဘတွေက တောသူတောင်သား လယ်သမားတွေ၊ ရိုးကလည်းရိုး၊ ဗဟုသုတကလည်းနည်း၊ အောင်မယ်လေးလေး ငါ့သားသမီးတွေ ဒုက္ခတော့ ဖြစ်ကုန်တော့မှာပဲ၊ ဒေါ်သဲနုဝေ လုပ်ပါဦး၊ ငါ့သားသမီးတွေ တစ်ခုခုဖြစ်လို့ကတော့ ငါ ရင်ကျိုးမှာပဲ၊ သွား- ဆင်အိုင်ကျေးရွာဥက္ကဋ္ဌဆီကို အခုချက်ချင်း ဖုန်းဆက်၊ ငါ့ဆီ အမြန်ဆုံး လာခဲ့ပါလို့"

"ဟုတ်ကဲ့ . . . ဆရာမကြီး"

ဆရာမကြီးက မျက်ရည်တွေဝဲ၊ အသံတွေက ငိုသံပါကြီး တုန်လို့၊ ဆရာမကြီးကိုကြည့်ပြီး သဲနု အတော်လေး စိတ်မကောင်းဖြစ်သွားမိတယ်။ ဩော်- ဆရာမကြီးရယ်၊ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေအပေါ် ထားရှိတဲ့ မေတ္တာ စေတနာတွေက မိခင်အရင်း တစ်ယောက်လိုပါပဲလား။

သဲနု ဖုန်းဆက်ခေါ်လို့ [illegible]သဖြင့် ဆင်အိုင်ကျေးရွာဥက္ကဋ္ဌ ခဏ[illegible]အကြာတွင် ကျောင်းသို့ရောက်ရှိလာ၏။

"ဆရာမကြီး ဆင်အိုင်ကျေးရွာဥက္ကဋ္ဌ ရောက်နေပါပြီ"

"အေး အေး ရုံးခန်းထဲခေါ်သွားပြီး ခဏစောင့်နေကြ၊ ဆရာမကြီး အခုလာခဲ့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာမကြီး"

ခဏအကြာ ဆရာမကြီး ရုံးခန်းထဲရောက်ရှိလာ၏။

"ဆရာမကြီး ကျွန်တော့်ကို အရေးတကြီးခေါ်ခိုင်းတယ်ဆိုလို့"

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး ဥက္ကဋ္ဌကြီးတို့ရွာက မိန်းကလေးတွေ မနေ့ညက ထိုင်းမှာ အလုပ်သွားလုပ်ဖို့ ထွက်သွားကြတယ်လို့ သတင်းကြားတယ်၊ ဟုတ်သလားဆိုတာ သိချင်လို့ ခေါ်လိုက်တာပါ"

"ဟုတ်ပါတယ် ဆရာမကြီး မနေ့ည ၇ နာရီလောက်က ရွာကနေ ထွက်သွားကြတယ်တဲ့၊ ကျွန်တော်လည်း ဒီမနက်မှသိတယ်"

"ကျွန်မကျောင်းက ကျောင်းသူ ကျောင်းသားတွေ ဘယ်နှယောက်လောက် ပါသွားသလဲ"

"ကျွန်တော် အသေအချာတော့ မသိသေးဘူး၊ သွားတာကတော့ အားလုံး (၁၅)ယောက်၊ မိန်းကလေး (၉)ယောက်၊ ယောကျ်ားလေးက (၆)ယောက်၊ အဲဒီထဲမှာ ကျောင်းသူ ကျောင်းသား (၁၀) ယောက်လောက်တော့ ပါလိမ့်မယ် ထင်တယ်"

"အောင်မယ်လေးလေး ဒုက္ခပါပဲ ရှင်တို့ရွာက ရွာသူရွာသားတွေ မြန်မာ အမျိုးသမီးလေးတွေ လူကုန်ကူးခံရတဲ့ သူများနိုင်ငံမှာ ဒုက္ခရောက်နေတာတွေ မကြားကြဘူးလားရှင်၊ တီဗွီမှာတို့ ရေဒီယိုမှာတို့ နိုင်ငံတော်က ဒီလောက် တောင် သတိပေးနေတာ"

"ဟုတ်ပါတယ် ဆရာမကြီးရယ် ကျွန်တော်တို့ ရွာသူရွာသားတွေ ဗဟု သုတနည်းလို့ အခုလိုဖြစ်ရတာပါ"

"ဒီကိစ္စကို အေးအေးဆေးဆေး လုပ်နေလို့မရဘူး၊ ရဲစခန်းကို ချက်ချင်း အကြောင်းကြားမှဖြစ်မယ်၊ အခုအ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ဆို သူတို့ ဝေးဝေးရောက်မှာ မဟုတ်သေးဘူး"

"ဟုတ်ကဲ့ ဆရာမကြီး၊ ကျွန်တော် အခုပဲအကြောင်းကြား တိုင်ချက်ခွင့်လိုက်ပါ့မယ်"

ထိုနေ့ ညနေဘက်တွင် ထိုင်းမှာ အလုပ်သွားလုပ်ဖို့ ထွက်သွားတဲ့ လူတွေကို ရဲတပ်ဖွဲ့မှ အချိန်မီ တားဆီးနိုင်လိုက်၏။

ထိုနေ့ညနေတွင် ဆရာမကြီး ရာထူးတစ်ဆင့်တိုး၍ ( ) မြို့သို့ တစ်ပတ်အတွင်း ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန် အမိန့်စာထွက်ကြောင်း ကြားသိရ၏။

ဆရာမကြီး တစ်ပတ်အတွင်း ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည် ဖြစ်သဖြင့် သဲနုတို့ ဆရာ၊ ဆရာမတွေလည်း ဆရာမကြီးအတွက် နှုတ်ဆက်ပွဲကို အမြန်ဆုံးစီစဉ်ရတော့၏။

ယနေ့ ဆရာမကြီး၏ နှုတ်ဆက်ပွဲနေ့ တဖွဲဖွဲနှင့် ရောက်ရှိလာသော ဧည့်ပရိသတ်တွေဟာ ပရိသတ် (၂၀၀၀) ဆံ့သော မြရတနာခန်းမဆောင်ကြီးကို ပြည့်လျှံသွားရုံမျှမက အပြင်ဘက်ဆောက်ရစ်တာမှာပါ ပြည့်လျှံသွားတော့၏။

"အခမ်းအနားအစီအစဉ် စတင်ပါပြီ၊ အစီအစဉ် တစ်အရ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်ရှင့်"

"ဖြောင်း ဖြောင်း ဖြောင်း"

"အစီအစဉ် နှစ်အရ ဆရာ၊ ဆရာမများကိုယ်စား အထက်တန်းပြ ဆရာမ ဒေါ်သဲနုဝေမှ နှုတ်ဆက်စကား ပြောပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်"

"ဖြောင်း ဖြောင်း ဖြောင်း"

"ဆရာမကြီးနှင့်တကွ ကြွရောက်လာသော ကျောင်းအကျိုးတော်ဆောင် လူကြီးမင်းများနှင့် ရပ်မိရပ်ဖများရှင့်-

ကျွန်မကတော့ အထက်တန်းပြ ဆရာမ ဒေါ်သဲနုဝေ ဖြစ်ပါတယ်၊ ဆရာမကြီးရဲ့ နှုတ်ဆက်ပွဲမှာ ဆရာ၊ ဆရာမများကိုယ်စား နှုတ်ဆက်စကား ပြောခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူမိပါတယ်။

ဆရာမကြီးဟာဆိုရင် ၂၀၁၃-၂၀၁၄ ခုနှစ်၊ ပညာသင်နှစ် ဇွန်လ (၁) ရက်နေ့မှာ ကျွန်မတို့ ကျောင်းကို ရောက်ရှိပြီး စတင်တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ ယနေ့အချိန်အထိ (၂) နှစ်တာကာလအတွင်း ဆရာမကြီးရဲ့ စွမ်းဆောင်ချက်တွေ ပြောပြလို့မကုန်နိုင်လောက်အောင်ပါပဲ။

ဆရာမကြီးဟာ ကျွန်မတို့ ကျောင်းကို တောရွာက ကျောင်းပဲ၊ မြို့နဲ့ဝေးတဲ့ ကျောင်းပဲဆိုပြီး ဖြစ်သလို မထားပါဘူး၊ ကလေးတွေရဲ့ အတွေးအခေါ် မြင့်မားလာအောင် အသိဉာဏ်ဗဟုသုတကြွယ်ဝအောင်ဆိုပြီး ကျောင်းစာကြည့်တိုက်ကို တည်ထောင်ပေးခဲ့ပါတယ်၊ မြို့ပေါ်က ကျောင်းသူကျောင်းသားတွေလို အင်္ကျီပေါ်မှာ ကျောင်းတံဆိပ်တပ်ဆင်ပေးခြင်း၊ ကျောင်းသားကတ် ပြုလုပ်ပေးခြင်း၊ ကျောင်းကို ကျောင်းအင်္ဂါရပ်နဲ့ညီအောင်၊ ကျောင်းသူ ကျောင်းသားတွေကို ကျောင်းသူကျောင်းသား အင်္ဂါရပ်နဲ့ ညီအောင်၊ စည်းကမ်းရှိအောင်၊ စိတ်ဓာတ်အတွေးအခေါ် မြင့်မားလာအောင် နည်းမျိုးစုံ၊ ဘက်စုံ၊ ထောင့်စုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးခဲ့လို့ ယခုဆိုလျှင် ကျွန်မတို့ ကျောင်းကြီးဟာဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကျောင်းတစ်ကျောင်း ဖြစ်လာခဲ့ပါတယ်၊ မိဘပြည်သူများ သိကြတဲ့ အတိုင်းပါပဲ။

ဆရာမကြီး ရောက်မလာခင်တုန်းက ကျွန်မတို့ကျောင်းဟာ အောင်ချက် ၂၀ ရာခိုင်နှုန်းပဲရှိခဲ့ပါတယ်၊ဆရာမကြီး ရောက်လာပြီးမှ အောင်ချက် ၆၅ ရာခိုင်နှုန်းအထိ သိသိသာသာကြီးကို တိုးတက်လာခဲ့ပါတယ်၊ မြို့နဲ့အဝေးဆုံးကျောင်း၊ ကျေးရွာမှာ လျှပ်စစ်မီးမရှိတဲ့ကျောင်း၊ ကျောင်းသူကျောင်းသားတွေ ဖယောင်းတိုင်မီးနဲ့ စာကျက်၊ တချို့ကလေးတွေဆို ဖွက်တောထဲမှာ နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ပြီး ကျောင်းတက်ရတဲ့ ကျွန်မတို့ရဲ့ မြို့နဲ့ဝေးလွန်းလှတဲ့ ကျောင်းကြီးဟာ မြို့နယ်မှာ အောင်ချက်အကောင်းဆုံး နံပါတ် (၁) စံပြကျောင်း ဖြစ်လာခဲ့ပါတယ်။

အခု ဆရာမကြီးဟာ ရာထူးတိုးနဲ့ ပြောင်းရွှေ့ဖို့ အမိန့်စာထွက်လာခဲ့ပြီး ပြောင်းရွှေ့ရမယ်ဆိုတော့ ဆရာမကြီးက ကျွန်မတို့ ဆရာ၊ ဆရာမတွေကို ရည်ရွယ်ချက် ပျက်မသွားစေဖို့နဲ့ နောက်ရောက်လာမယ့် ဆရာမကြီးနဲ့ ဆက်လက်လုပ်ဆောင်သွားဖို့ အတန်တန်မှာကြားခဲ့ပါတယ်၊ ကျွန်မတို့ ဆရာ၊ ဆရာမတွေ အားလုံးကလည်း ဆရာမကြီး မှာကြားခဲ့တဲ့အတိုင်း ဆောင်ရွက်မယ်လို့ ကတိပြုပါတယ်ရှင်။

ဆရာမကြီးဟာဆိုလျှင် ကျွန်မတို့ ဆရာ၊ ဆရာမတွေနဲ့ မျိုးဆက်သစ် လူငယ်၊ လူရွယ် ကျောင်းသူကျောင်းသားတွေအတွက် အတုယူအားကျစရာ စံနမူနာပြုထိုက်တဲ့၊ ရှေ့ဆောင်လမ်းပြနေတဲ့ လမ်းပြကြယ်ပါပဲ၊ ဆရာမကြီးဟာ ကျောင်းသူ ကျောင်းသားတွေကိုမှ မဟုတ်ပါဘူး၊ ကျွန်မတို့ ဆရာ၊ ဆရာမတွေကိုလည်း မသိနားမလည်တာတွေ





www.burmeseclassic.com

www.burmeseclassic.com

သိရှိနားလည်လာအောင် အမြဲတမ်း ပြောပြဆုံးမလေ့ ရှိပါတယ်၊ ဆရာမကြီး သွန်သင်ဆုံးမခဲ့တဲ့ အထဲမှာ ကျွန်မ အတွက် တစ်သက်လုံး အမှတ်ရစရာ လေးတစ်ခုရှိပါတယ်။

ကျွန်မ ပြောပြပါ့မယ်၊ ဆရာမကြီး ဒီကျောင်းမှာ စတင် တာဝန်ထမ်းဆောင်ပြီး သိပ်မကြာခင် တစ်နေ့ မနက်မှာပေါ့၊ ကျောင်းတက် ခေါင်းလောင်းထိုးပြီးလို့ နိုင်ငံတော်သီချင်း ဆိုနေပါပြီ၊ ကျွန်မ ခေါင်းလျှော်ထားတဲ့ ဆံပင် မခြောက်သေးလို့ ဆံပင် ဖြန့်ချထားပြီး အတန်းထဲဝင် စာသင်နေမိပါတယ်၊ သိပ်မကြာခင်မှာပဲ စာရေးဦးအောင်မျိုး လာခေါ်ပါတယ်၊ ဆရာမကြီးက ခေါ်ခိုင်းတယ်ဆိုလို့ ရုံးခန်းထဲ ဝင်သွားပြီး ဆရာမကြီး စားပွဲရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါတယ်။

ဆရာမကြီး ခေါ်တယ်ဆိုလို့ လာခဲ့တာပါလို့ ကျွန်မ ပြောတော့ ဆရာမကြီးက ဟုတ်တယ် ဆရာမ မထိုင်ပါနဲ့၊ မတ်တတ်ရပ်နေပါ၊ ဆရာမကိုယ်တိုင်က ကျောင်းစည်းကမ်းချိုးဖောက်တာ ဆရာမကြီး မကြိုက်ဘူးလို့ ကျွန်မကို ပြောပါတယ်။

ကျွန်မစိတ်ထဲ တင်းခနဲဖြစ်သွားပါတယ်၊ ဒီဆရာမကြီးတော့ ငါ ကျောင်းအုပ်ပဲဆိုပြီး ပညာပြတယ်ဆိုပြီး မခံချင်စိတ် ဖြစ်သွားခဲ့ပါတယ်၊ အဲဒါနဲ့ ကျွန်မလည်း ချက်ချင်းပဲ ပြန်မေးလိုက်တယ်၊ ကျွန်မ ကျောင်းစည်းကမ်း ဘာချိုးဖောက်မိလဲပေါ့။

အဲဒီတော့မှ ဆရာမကြီးက ဆံပင်ဖြန့်ချပြီး စာသင်ခန်းထဲ ဝင်ပြီး စာမသင်ရဘူးဆိုတာ ဆရာမ မသိဘူးလား ဆိုတော့မှ ကျွန်မရဲ့ အပြစ်ကို သိပါတော့တယ်။

ဆရာမကြီးက ပြောပါတယ်၊ "ဆရာ၊ ဆရာမတွေကိုယ်၌က စည်းကမ်း မလိုက်နာရင် ကလေးတွေကို ဆရာမကြီး ဘယ်လိုအုပ်ချုပ်မလဲဆိုပြီး ကျွန်မကို ပြောဆို ဆုံးမခဲ့ပါတယ်၊ ညနေကျောင်းဆင်းချိန်မှာ စာရင်းဇယားတွေကို နှစ်နာရီလောက်လုပ်ခိုင်းပြီး ကျွန်မကို အပြစ်ပေးခဲ့ပါတယ်၊ အဲဒီနေ့က ဆရာမကြီးအပေါ်မှာ စိတ်ဆိုး၊ စိတ်ကွက်ခဲ့မိပါတယ်၊ အဲဒီအတွက် ကျွန်မ တစ်သက်လုံး နောင်တရလို့ ဆုံးမှာ မဟုတ်ပါဘူးရှင့်။

ဆရာမကြီး အခုလို စည်းကမ်းရှိရှိနဲ့ အုပ်ချုပ်ခဲ့လို့ မြို့နယ်မှာ အောက်ဆုံးအဆင့် ရောက်နေတဲ့ ကျွန်မတို့ ကျောင်းကြီးဟာ ယခုဆိုရင် ထိပ်ဆုံးကို ရောက်ရှိလာခဲ့ပါပြီ၊ အခု ဆရာမကြီးက ပြောင်းသွားတော့မယ်ဆိုတော့"

ကျွန်မစိတ်ထဲ ပြောရင်းနဲ့ ငိုချင်လာမိတယ်။ ရင်ထဲမှာ ဆို့တက်လာပြီး မျက်ဝန်းထဲက မျက်ရည်တွေဟာ ထိန်းမရ သိမ်းမရ တသွင်သွင် စီးကျလာခဲ့မိပါတယ်။ ကျွန်မ အားတင်းပြီး ဆက်ပြောဖို့ ကြိုးစားလိုက်ချိန်မှာ ရင်ထဲမှာ ဆို့တက်လာပြီး အရမ်းဝမ်းနည်းလာပါတယ်။ တစ်ချက်ငိုရှိုက်လိုက်မိပါတယ်။ ကျွန်မ အားတင်းပြီး ဆက်ပြောလိုက်ပါတယ်။

"ဆရာမကြီးဟာ ကျောင်းသူကျောင်းသားတွေကို မျိုးချစ်စိတ်ဓာတ်ရှိဖို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းဖို့၊ ပညာတတ်ကြီးတွေဖြစ်ဖို့ ဆရာ၊ ဆရာမများ အားလုံး ကျောင်းသူ၊ ကျောင်းသားများအားလုံး နိုင်ငံ့ချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ဖို့ နိုင်ငံက အားထားရတဲ့ သားကောင်းရတနာများဖြစ်ဖို့ အမြဲတမ်း ပြောဆိုဆုံးမ ညွှန်ကြားပါတယ်၊ ဒါ့အပြင် အမျိုးဂုဏ်ကို ထိန်းသိမ်းဖို့ ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းကြဖို့ သူများနိုင်ငံတွေရဲ့ နည်းပညာများ အတုယူသင့်တာများကို အတုယူပြီး မလိုလားအပ်တဲ့ သူများနိုင်ငံရဲ့ ယဉ်ကျေးမှုများကို အတုမခိုးဖို့ ကျွန်မတို့ကိုရော၊ ကျောင်းသူ၊ ကျောင်းသားများကိုပါ ပြောဆိုဆုံးမလေ့ ရှိပါတယ်။

အဲဒီအချက်က ကျွန်မတို့ရဲ့ ကျောင်းအတွက်၊ နိုင်ငံအတွက်၊ လူမျိုးအတွက် အင်မတန်မှ အရေးကြီးပါတယ်၊ အဲဒီစိတ်ဓာတ်တွေကို ကလေးတွေကိုရော၊ ကျွန်မတို့ ဆရာ၊ ဆရာမတွေကိုပါ စိတ်ထဲ၊ ခေါင်းထဲရောက်အောင် အမြဲတမ်း ရိုက်သွင်းပေးလေ့ ရှိပါတယ်၊ ဆရာမကြီး ရိုက်သွင်းပေးလိုက်တဲ့ စိတ်ဓာတ်တွေဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိနေတဲ့ အနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်ကြမယ့် ကလေးတွေ စိတ်ထဲ၊ ဦးနှောက်ထဲမှာ အမြဲတမ်း ကိန်းအောင်းနေဖို့ လိုပါတယ်။

ဆရာမကြီးရဲ့ စည်းကမ်းရှိမှု ကြိုးစားမှုတို့ကြောင့်လည်း ကျွန်မတို့ ကျောင်းဟာ တိုးတက်ပြီး မြို့နယ်မှာ အောင်ချက်အကောင်းဆုံးနဲ့ ဝင့်ကြွားနိုင်သလို ကျွန်မတို့ နိုင်ငံသားအားလုံးကလည်း စည်းကမ်းရှိစွာနဲ့ ကြိုးစားကြမယ်ဆိုရင် ကျွန်မတို့ တိုင်းပြည်ဟာလည်း နိုင်ငံတကာအလယ်မှာ ခေါင်းကြွားကြွား တင့်တယ်မှာဖြစ်ပါတယ်။

တကယ်တော့ ဆရာမကြီးဟာ တိုင်းပြည်အတွက် သမီးကောင်းရတနာ တစ်ဦးပါပဲ၊ သူတတ်နိုင်တဲ့ဘက်ကနေ တိုင်းပြည်အတွက် စွမ်းဆောင်နေတာကို ကျွန်မ တကယ် အားကျမိပါတယ်၊ ကျွန်မကိုယ်တိုင်လည်း ဆရာမကြီးကို အားကျပြီး ဆရာမကြီးလိုပဲဖြစ်အောင်





www.burmeseclassic.com

www.burmeseclassic.com

လုပ်မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ၊ ကျွန်မ ကြိုးစားသွားပါ့မယ်ရှင်။

ကျွန်မဟာဆိုရင် ဆယ်တန်းမှာ 5D နဲ့ အောင်ခဲ့ပါတယ်၊ အမှတ်ကောင်းလို့ ဆရာဝန်လိုင်း ရခဲ့ပါတယ်၊ ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချပြီး ဆေးတက္ကသိုလ်မတက်ဘဲ ပညာရေးတက္ကသိုလ် B.Ed တက်ပြီး ဆရာမ လုပ်ခဲ့ပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်လုပ်ရင် ကျွန်မ တစ်ယောက်တည်း ဖြစ်မှာမို့လို့ပါပဲ၊ ကျွန်မ ကျောင်းဆရာမလုပ်ရင် ထူးချွန်ထက်မြက်တဲ့ ဆရာဝန်၊ အင်ဂျင်နီယာတွေ၊ စစ်ဗိုလ်တွေ စတဲ့စတဲ့ ထူးချွန် ထက်မြက်တဲ့သူတွေ မြောက်မြားစွာကို မွေးထုတ်နိုင်မှာ ဖြစ်လို့ပါပဲ။

ကျွန်မ ဒီလိုပြောတာ တခြားသူတွေကို ထိခိုက်ပြီး ပြောတာ မဟုတ်ပါဘူး၊ ကျွန်မတစ်ယောက်တည်းရဲ့ အတွေးအခေါ်၊ ခံယူချက်ကို ပြောတာပါ၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်ရည်သွေးပြီး ပြောတာ မဟုတ်ပါဘူး။

ကျွန်မတို့ တိုင်းပြည်မှာ ကျွန်မတို့ ဆရာမကြီးလို ဆရာကြီး၊ ဆရာမကြီးတွေ အများကြီး လိုအပ်နေပါတယ်၊ ဆရာမကြီးရယ် ကျွန်မတို့တိုင်းပြည် အနာဂတ်လှပဖို့ တစ်ထောင့် တစ်နေရာက ပံ့ပိုးထုဆစ်ပေးနေတဲ့ ဆရာမကြီးနဲ့ ခွဲရတော့မယ်ဆိုတော့ ကျွန်မ အရမ်းဝမ်းနည်းမိပါတယ်ရှင့်"

ကျွန်မ ပြောရင်းပြောရင်းနဲ့ ရင်ထဲမှာ တစ်ဆို့ဆို့ဖြစ်လာပြီး ဝမ်းနည်းလွန်းလို့ ငိုချင်လာခဲ့မိတယ်။ ဝမ်းနည်းစိတ်ကို အံကြိတ်ထိန်းရင်းနဲ့ ကျွန်မ မျက်ဝန်းထဲမှာ မျက်ရည်တွေ တစ်လိမ့်ချင်း ဆင်းလာပါတော့တယ်။ မျက်ရည်တွေ စီးကျနေရင်းမှ ဆက်ပြောဖို့ အားတင်းပြီး ထပ်ပြောလိုက်ပါတယ်။

"ဆရာမကြီးဟာဆိုရင် ဆရာမကြီးဟာဆိုရင်"

ပြောရင်း ရင်ထဲမှာ ဆို့တက်လာပြီး အင့်ခနဲ ငိုချလိုက်မိပါတော့သည်။ ကျွန်မ ဘယ်လောက်ငိုရှိုက်မိသည်မသိ၊ ကျွန်မ သတိရပြီး ကြည့်လိုက်တော့ ခန်းမတစ်ခုလုံးမှာရှိတဲ့သူတွေ ကျွန်မ ခံစားချက်နဲ့ ထပ်တူ သူတို့ရဲ့ မျက်ဝန်းတွေမှာလည်း မျက်ရည်တွေနဲ့။ ကျွန်မ ဆက်ပြောလိုက်ပြန်ပါတယ်။

"ဆရာမကြီးဟာ အောင်မြင်မှုပန်းတိုင်ကို ရောက်ခါမှ"

ပြောရင်းနဲ့ ကျွန်မရဲ့အသံဟာ ဝမ်းနည်းလွန်းလို့ တုန်ခါနေပါတယ်၊ ငိုသံပါနေပါတယ်။ မျက်ရည်တွေကလည်း ဘယ်လိုမှ ထိန်းလို့မရတော့ပါဘူး။ အရမ်းဝမ်းနည်းလာပြီး အားရပါးရ ငိုရှိုက်လိုက်မိပါတော့တယ်။ ငိုနေရင်းမှ ဆက်ပြောမိပါတယ်။

"ဆရာမကြီးက ပန်းတိုင်ရောက်ခါမှ ပြောင်းသွားတော့မယ် ဆိုတော့ ကျွန်မ ဝမ်းနည်းလို့ မဆုံးနိုင်တော့ပါဘူးရှင်"

ငိုလိုက် ပြောလိုက် သတိလက်လွတ်မတတ်ဖြစ်နေတဲ့ ကျွန်မအနားကို ကျောင်းအကျိုးတော်ဆောင် နာယက ဦးမြသောင်း ရောက်ရှိလာ[illegible] ကျွန်မရဲ့ လက်မောင်းကို လှုပ်ကိုင်[illegible]တော့ ငိုသံကြီးနဲ့ -

"ဆရာမ သတိထားပါဦးဗျာ၊ ဆရာမ သတိထားပါဦးဗျာ" တဲ့။

ကျွန်မ သူ့မျက်နှာကို ကြည့်လိုက်တော့ မျက်ရည်တွေပြည့်လျှံလို့။

"ဆရာမ ကျောင်းသားမိဘတွေရော၊ ကျောင်းသူကျောင်းသားတွေရော၊ ခန်းမထဲမှာရှိတဲ့ လူတွေအားလုံး ထိန်းမနိုင် သိမ်းမရ ငိုနေကြပြီ ဆရာမရဲ့၊ ဆရာမ နည်းနည်းစိတ်ထိန်းပါဦး"

ကျွန်မကြည့်လိုက်တော့ ဟုတ်တ်ပါရဲ့။ ခန်းမထဲမှာရှိတဲ့ လူတွေအားလုံး မျက်ရည်နဲ့မျက်ခွက်။ ငိုလို့ ရှိုက်လို့။ ကျေးရွာဥက္ကဋ္ဌ ဦးမြသောင်းကို ကြည့်လိုက်တော့လည်း မျက်နှာကြီးက နီရဲပြီး မျက်ရည်တွေပြည့်လျှံလို့။ မျက်ရည်တွေက တစ်ပေါက်ချင်းစီကျလို့။ ဝမ်းနည်းကြမှာပေါ့၊ ငိုကြမှာပေါ့။ သူတို့ချစ်ကြတဲ့ ဆရာမကြီး၊ သိပ်ကိုလေးစားဖို့ကောင်းတဲ့ ဆရာမကြီး၊ အင်မတန်မှ စွမ်းရည်ထက်မြက်ပြီး အတုယူစရာကောင်းတဲ့ ဆရာမကြီး၊ ကျောင်းသူကျောင်းသားတွေရော၊ ဆရာ၊ ဆရာမတွေပါ ရင်ဝယ်သားလိုထားတဲ့ ဆရာမကြီး၊ လမ်းမှားရောက်နေတဲ့ ကလေးတွေကို လမ်းမှန်ပေါ်ပြန်ရောက်အောင် မိခင်ရင်းတစ်ယောက်လို စောင့်ရှောက်တဲ့ ဆရာမကြီး၊ ဒီလိုဆရာမကြီးအတွက် ငိုကြပါ၊ မျက်ရည်ကျကြပါ၊ ဒီမျက်ရည်တွေဟာ ဆရာမကြီးကို ဂုဏ်ပြုလို့ ကျတဲ့ မျက်ရည်တွေပါ၊ ကျွန်မလည်း ငိုမယ်၊ ကျွန်မလည်း ဆရာမကြီးကို မျက်ရည်နဲ့ ဂုဏ်ပြုမယ်။

ထိန်းချုပ်ထားသော မသိစိတ်တို့ကို ဖြေလျှော့ရင်း အားရပါးရ ငိုရှိုက်လိုက်တော့သည်။

*

မနေ့က နှုတ်ဆက်ပွဲပြီးလို့ ယနေ့ ဆရာမကြီး ကျောင်းမှအပြီးသတ်ထွက်ခွာပေတော့မည်။ တခြားနေရာတွင် အလုပ်သွားလုပ်တဲ့ ကျောင်းသူကျောင်းသားတွေလည်း ဆရာမကြီး ပြောင်းရမည်ဆိုသည့်သတင်း ကြားသဖြင့် ပြန်ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးမှာ တာဝန်ကျရာ မြို့သို့ မသွားခင် ရန်ကုန်သို့ အရင်သွားရမည်ဖြစ်ရာ ရန်ကုန်မြို့သို့ ၁၁ နာရီထွက်ခွာမည့် ကားလက်မှတ်ကို ကြိုတင်ယူထားသဖြင့် မြို့သို့ မနက် ၉ နာရီ ရွာမှထွက်ရပေမည်။ ဆရာမကြီး သိမ်းဆည်းစရာရှိတာတွေ သိမ်းဆည်းနေလေ၏။

ကျောင်းဝင်း အတွင်း အပြင်မှ ကျောင်းသူ၊ ကျောင်းသားတွေရယ်၊ ရပ်မိရပ်ဖတွေ၊ ဆရာ၊ ဆရာမတွေနှင့် ပြည့်နှက်လို့နေ၏။ ဘယ်သူ့မျက်နှာကို ကြည့်လိုက် ကြည့်လိုက် မျက်ရည်စလေးတွေနှင့် မျက်နှာ မကောင်းကြ။

ခဏအကြာတွင် ဆရာမကြီး ထွက်လာကာ ကန်တော့ခံရန်အတွက် အသင့်စီစဉ်ထားသော ထိုင်ခုံပေါ်သို့ ဝင်ထိုင်လိုက်၏။

ထိုအချိန်တွင် ကျောင်းအကျိုးတော်ဆောင် ဦးမြသောင်းမှာ ဆရာမကြီးနှင့် မလှမ်းမကမ်းရှိ ထောင့်ကလေးတွင် မတ်တတ်ရပ်လို့ မျက်နှာမကောင်းရှာပေ။ စိတ်ထိခိုက်နေမှန်း သိသာလှ၏။ ဦးမြသောင်းက -

"ကဲ ကဲ အားလုံး ဆရာမကြီးကို ကန်တော့ကြ ကန်တော့ကြ" ဟု ပြောလိုက်၏။

ဆရာ၊ ဆရာမတွေနဲ့ကျောင်းသူ ကျောင်းသားတွေအားလုံး ကန်တော့လိုက်ကြ၏။ ကန်တော့နေရင်းနဲ့ ငိုသူငို၊ ရှိုက်သူရှိုက် အားလုံး မျက်ရည်နှင့် မျက်ခွက်။

သဲနုလည်း ကန်တော့နေရင်း မျက်ရည်တွေ လိမ့်ခနဲ လိမ့်ခနဲ စီးဆင်းကျလာ၏။ သဲနုတို့ အဝေါ်မှာရော၊ ကျောင်းသူ ကျောင်းသားတွေအပေါ်မှာ မေတ္တာ စေတနာ အပြည့်အဝနှင့် စွန့်လွှတ်အနစ်နာခံသော ဆရာမကြီး၊ သဲနုတို့ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသူ ကျောင်းသားတွေ အားထားယုံကြည်ရသော ဆရာမကြီး ပြောင်းရတော့မယ်ဆိုတော့ ရင်ထဲမှာ ဆို့နေ၏။

ထိုအချိန်မှာပင် သဲနုတို့ ဆရာမတွေကြားမှ ကျယ်လောင်သော ရှိုက်၍ ရှိုက်၍ ငိုသံထွက်ပေါ်လာ၏။ သဲနု ကြည့်လိုက်တော့ ဒေါ်တင်တင် ဖြစ်နေသည်။ ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် စီးဆင်းလို့ ငိုနေရှာ၏။ ငိုနေရင်းနဲ့ -

"ဆရာမကြီးရယ်၊ ကျွန်မတို့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ"

ငိုလိုက်ပြောလိုက်နှင့် ငိုရှိုက်နေပြန်၏။ ဆရာမကြီးက -

"ခွင့်လွှတ်ပါတယ်ကွယ်၊ ခွင့်လွှတ်ပါတယ်၊ ငါ့သားတွေ၊ ငါ့သမီးတွေကို ဆရာမကြီး အမြဲတမ်း ခွင့်လွှတ်ပြီးသားပါ"

ဆရာမကြီးရဲ့ အသံတွေက တုန်ခါနေ၏။ မျက်ဝန်းမှာလည်း မျက်ရည်စတွေနှင့်။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး မျက်ရည်သိမ်းနေ၏။ သိမ်းနေသည့်ကြားမှာပင် မျက်ရည်ပေါက်ကလေးတွေက ပါးပြင်ပေါ်သို့ စီးဆင်းသွားလေသည်။

သူလည်း လောကီလူသားပေပဲ ကိုး။ ခံစားမှုတော့ ရှိပေမှာ[illegible]လေ။

ဆရာမကြီး မျက်[illegible]ကျတာ ကြည့်ပြီး အနီးအနားတွင် ကျောင်းသား မိဘတွေလည်း မျက်ရည်လည်ရွဲ ဖြစ်ကြရ၏။

ဆရာမကြီးက သဲနုတို့တွေနှင့် ကျောင်းသူ ကျောင်းသားတွေကို ဆုံးမဩဝါဒစကား ပြောကြားပြီးတော့ စက်လှေဆိပ်သို့ ဆင်းလာခဲ့ကြ၏။

ဆရာမကြီးကို ကျွန်မတို့ ဆရာ ဆရာမတွေက ဘေးကခြံရံလို့။ သဲနုတို့ နောက်မှာတော့ ကျောင်းသူ၊ ကျောင်းသားတွေနှင့် ရပ်မိရပ်ဖ ကျောင်းသား မိဘတွေက ခြံရံလို့ လိုက်ပါခဲ့ကြ၏။

စက်လှေဆိပ် ရောက်တော့ မနက်က ဆယ်တန်းအောင်သွားသော ကျောင်းသူ ကျောင်းသားတွေက စောင့်ကြိုနေကြ၏။ ဆရာမကြီး လာတာလည်း မြင်ရော အပြေးအလွှား ဆီးကြိုကာ သူတို့လည်း သူတို့အစီအစဉ်နှင့် သူတို့ စက်လှေဆိပ်တွင် ဆရာမကြီးအတွက် ထိုင်ခုံစီစဉ်ပေးထား၏။

ဆရာမကြီးကို ခုံတွင်ထိုင်စေပြီး ကန်တော့ကြ၏။ သူတို့လည်း ငိုသူငို ရှိုက်သူရှိုက်နှင့် သဲနုတို့လည်း သူတို့ကို ကြည့်ပြီး ငိုချင်ရဲ့လက်တို့ မျက်ရည်ကျရပြန်၏။

ဆရာမကြီးက သူ့ကိုကန်တော့နေကြသော မနက်က ဆယ်တန်းအောင်ပြီးသား တပည့်များကို ကြည့်ရင်း ကြည်နူးစွာ ပြုံးလို့နေ၏။ မျက်ဝန်းထဲမှာတော့ မျက်ရည်များ စီးကျနေပြန်သည်။ ကျောင်းသူ၊ ကျောင်းသားတွေက သူ့ထက်ငါ အလုအယက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြ၏။ ဆရာမကြီးက အနားတွင်ရှိနေသော ကျွန်မတို့ လှမ်းခေါ်၍ -

"ဆရာမရေ ဒီပစ္စည်းတွေကို ကျောင်းမှာလိုအပ်တဲ့အချိန် အသုံးပြုဖို့ ယူထားလိုက်ပါ" တဲ့။

တစ်ဆက်တည်း ဆရာမကြီးက -

"သားတို့၊ သမီးတို့က ဆရာမကြီးကို စေတနာ၊ မေတ္တာနဲ့ လာကန်တော့ပစ္စည်းတွေကို ဆရာမကြီး အသိအမှတ်ပြုပါတယ်၊ သားတို့ရဲ့ ပစ္စည်းတွေကို ကျောင်းအတွက် လိုအပ်



www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ အသုံးပြုပါမယ်၊ ဆရာမကြီး အတွက်တော့ မလိုအပ်ပါဘူး။

သားတို့ သမီးတို့ဆီက ယုံကြည်အားကိုးမှု၊ ချစ်ခင်လေးစားမှုနဲ့ စေတနာ၊ မေတ္တာကို ရပြီးသားပါကွယ်၊ ဆရာမကြီးအတွက် ပြီးပြည့်စုံနေပါပြီ၊ သားတို့ သမီးတို့ဟာ နောင်တစ်ချိန်မှာ ထွန်းထင်းလာမယ့် အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေပါ။

ဆရာမကြီးကိုယ်တိုင် စိုက်ပျိုးထိုက်တဲ့ ပန်းကလေးတွေဟာ လောကအလယ်မှာ ပွင့်လန်းပြီး နိုင်ငံ့တာဝန်တွေ ကျေပွန်စွာနဲ့ ပခုံးပြောင်း ထမ်းဆောင်တာကို ဆရာမကြီး မြင်ချင်၊ တွေ့ချင်တယ်။

ဆရာမကြီးတို့ ဆရာ၊ ဆရာမတွေက မင်းတို့ရဲ့ အောင်မြင်မှုအတွက် ခင်းသာကြည်နူး ပီတိဖြစ်ရပြီး ပီတိကို သာ စားသုံးသူတွေပါ၊ ဆရာမကြီးကို မင်းတို့တွေ ချစ်ခင်တယ်၊ လေးစားတယ် ဆိုရင် ဆရာမကြီး ဖြစ်စေချင်သလို ဖြစ်အောင် ကြိုးစားကြပါလို့ ဆရာမကြီး ပြောချင်တယ်"

ဆရာမကြီးက တပည့်တွေကို မှာကြားစရာရှိတာ မှာကြားပြီးသည်နှင့် ဆရာမကြီးနှင့်အတူ ကျွန်မတို့ ဆရာ၊ ဆရာမတွေ၊ ကျောင်းအကျိုးတော်ဆောင် နာယကကြီး ဦးမြသောင်း၏ စက်လှေပေါ်သို့ တက်ခဲ့ကြ၏။

ကျွန်မတို့ စက်လှေထွက်တော့ အင်းလုံးပြည့် လိုက်ပါပို့ဆောင်သူများ မျက်ရည်စက်လက်နှင့် လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ရန်ကုန်သို့ထွက်မည့် ကားဂိတ် ရောက်တော့ နံနက် ၁၁ နာရီပင် ထိုးပေတော့မည်။ ဆရာမကြီး ကားပေါ် တက်ပြီးတော့ ခဏအကြာတွင် ကားကြီးမှာ ရန်ကုန်သို့ တရွေ့ရွေ့နှင့် ထွက်ခွာသွားတော့သည်။

သဲနုတို့ ဆရာ၊ ဆရာမတွေလည်း လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေတော့၏။

ဆရာမကြီး စီးနင်းလိုက်ပါသွားသော ကားကြီး၏ နောက်ပိုင်းကို ငေးကြည့်ရင်း ဆရာမကြီးတို့ကျောင်းက အပြီးထွက်သွားပါလားဆိုတဲ့ အသိစိတ်ကြောင့် ရင်ထဲမှာ တစ်ဆို့ကြီးဖြစ်နေပြီး တစ်နှစ်ကျော်ကျော် အတူတွဲပြီး အလုပ်လုပ်ခဲ့သော သံယောဇဉ်ကြောင့် သဲနုရဲ့ မျက်ဝန်းထဲမှာ မျက်ရည်များ ဝဲနေရာမှ စီးကျလာခဲ့တော့သည်။

သဲနု လေးစား အားကိုးရသော ဆရာမကြီး မရှိတော့တဲ့အတွက် သဲနုရဲ့ ဘဝ အားကိုးရာမဲ့ဖြစ်သွားသလို ခံစားလိုက်ရ၏။ သဲနုနှင့် အတူတူ လိုက်ပါပို့ဆောင်ပေးကြသော ဆရာ၊ ဆရာမများလည်း မျက်နှာ မကောင်းကြ။ သဲနုကဲ့သို့ပင် ခံစားနေရပေလိမ့်မည်။

ထို အချိန်မှာပင် ကျွန်မရဲ့ အနောက်ဘက်ဆီမှ တောက်ခေါက်သံ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်တော့ ကျောင်းအကျိုးတော်ဆောင် နာယကကြီး ဦးမြသောင်း ဖြစ်နေသည်။

"တောက်- ဆရာမကြီး ပြောင်းသွားတာ ကျုပ်အရမ်းကို နှမြောမိတယ်ဗျာ၊ကျုပ်တို့ကျောင်းအတွက် [illegible]တောင်ကြီး ပြိုလဲသွားသလိုပါပဲဗျာ"

သူ့အသံက ငိုသံကြီးနှင့်။ သူလည်း ခင်မင်မှုသံယောဇဉ်နဲ့ ဆရာမကြီးကို လေးစားမှုတို့ကြောင့် တောက်တခေါက်ခေါက်နှင့် ယူကျုံးမရဖြစ်နေရှာသည်။

သြော် - ဆရာမကြီးရယ်၊ ကျောင်းအတွက်၊ ကျောင်းသူ၊ ကျောင်းသားတွေအတွက် အားကြိုးမာန်တက်နှင့် နေမကောင်းလို့ အနားယူခိုင်းတာတောင် အနားမယူဘဲ ကြိုးစားပမ်းစား အလုပ်လုပ်သွားခဲ့တယ်နော်။ ဆရာမကြီး၏ စွမ်းဆောင်မှုကို သဲနု အမြဲတမ်း အမှတ်ရနေပါ့မယ်။

ကျရာနေရာက တာဝန်ကျေပွန်စွာ ပန်းကလေးတွေရဲ့ အနာဂတ်လှပဖို့ ပုံဖော်ထုဆစ်ပေးနေတဲ့ ဆရာမကြီးတို့လို ဆရာကြီး၊ ဆရာမကြီးတွေ မြောက်မြားစွာ ပေါ်ထွန်းပါစေလို့ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုလိုက်ရင်း ဆရာမလေး သဲနုဝေ့ မျက်ဝန်းတွင် တွဲလွဲခိုနေသော မျက်ရည်စများ ပါးပြင်ပေါ်သို့ ဖြတ်သန်း စီးဆင်းသွားလေတော့သည်။

စာရှုသူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ။

လေးစားကြိုးစားလျက်-

**ဇော်မင်း(ဒဂုံ/မြောက်)**

❑



www.burmeseclassic.com

www.burmeseclassic.com



# ကိုမောသန်းဝင်း

## သံယောဇဉ် ဓာတ်ကျိုးကြလည်း

လေးလံနေတဲ့ ကျုပ်ရဲ့ မျက်လွှာအစုံကို အားယူဖွင့်ကြည့်လေတော့ ဖြူဖွေးနေတဲ့ အုတ်နံရံ မျက်နှာကြက်ကို စတင်တွေ့လိုက်ရတယ်။ ဆေးအနံ့တွေက နှာဝဆီ တိုးဝင်လာတယ်။

ဒါဆို ကျုပ် ရောက်နေတာ ဆေးရုံတစ်ရုံထဲမှာလား။ ဘေးဘီကို ဝေ့ဝဲကြည့်မိလေတော့ အမှန်တကယ်ပင် ဆေးရုံ ဆေးခန်းထဲ ရောက်နေမှန်း သိရတော့တယ်။ ဘာကြောင့် ဘယ်လို ရောက်နေတာလဲ။

ကိုယ်လက်တွေ ကိုက်ခဲနေလေရဲ့။ ရင်ထဲမှာလည်း ပူလောင်နေပါဘိ။ ရေသောက်ချင်လိုက်တာ။

"ရေ. . . ရေ. . . . ရေ"

သူနာပြုဆရာမ ရောက်လာတယ်။

"ရှင် သတိရလာပြီလား" လို့ မေးတယ်။ ရေသောက်ချင်စိတ်က အငမ်းမရဖြစ်နေပေါ့။

"ရေ. . . ရေ. . . . ရေ"

ခဏအကြာ သူနာပြုဆရာမလေးက ရေတစ်ဘူး ယူလာပေးတယ်။ ကျုပ် ရေကို အလျှင်စလိုသောက်လိုက်တယ်။

ရင်တွင်းအပူ မအေးဘိသို့ရှိတယ်။ ဦးခေါင်းက မူးနောက်နောက်ရှိနေသေးတာမို့ ခေတ္တ ပြန်မှေးလိုက်တယ်။

ခြေသံတွေနဲ့ တီးတိုးပြောသံတွေ ကြားရတယ်။ မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်ကြည့်လေတော့ သူနာပြုဆရာမလေးနဲ့အတူ ဆရာ





www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်၊ ပြီးတော့ လူစိမ်းတစ်ဦးကို တွေ့ရတယ်။ ဆရာဝန် ဖြစ်သူက -

"ကိုသက်မောင်မောင်၊ ခင်ဗျား ဒီဆေးရုံရောက်နေတာ သုံးရက်ရှိသွား ပြီ တားအက်စီးဒင့်ဖြစ်ပြီး ရောက်လာ တာ ခေါင်းမှာ ဒဏ်ရာရထားတယ်၊ ကုသမှုတွေအားလုံး လုပ်ထားပြီးပါပြီ"

ဝဲဘက်မှာရှိတဲ့ လူစိမ်းတစ်ဦးကို ညွှန်ပြပြီး -

"ဒါက ဦးစောနောင်ပါ၊ ဒီ တောင်ကြီးမြို့ထဲကပါပဲ၊ သူ့ကားနဲ့တိုက် မိတာဆိုတော့ ခင်ဗျားအတွက် အစစ အရာရာ တာဝန်ယူထားတယ်၊ ရက် အနည်းငယ်လောက်တော့ နေရဦးမယ်၊ ပြီး ကျန်းမာသွားအောင်လို့ပေါ့ဗျာ"

ကျုပ်ကို ဆရာဝန်က သက် မောင်မောင်တဲ့။ ကျုပ်နာမည် သက် မောင်မောင်လား၊ မဖြစ်နိုင်ပါဘူး။ ဒါဆို ကျုပ်နာမည်က ဘာလဲ။ ဒါလည်း မသိ မြန်ဘူး၊ ဘယ်ကလဲ၊ ကျုပ် မသိဘူး။ ဘာဆို ဘာမှ မသိတော့ဘူး။

ဦးစောနောင် ဆိုသူကတော့ နေ့စဉ် ကျုပ်ကို လာကြည့်တယ်။ လိုအပ် တာတွေကို ပံ့ပိုးပေးတယ်။ သူ့ကားနဲ့ တိုက်မိတာတဲ့၊ ဘယ်မှာလဲ၊ ဘာကြောင့် လဲ၊ ကျုပ်စဉ်းစားရခက်လှပါဘိ။

တစ်ရက်၊ နှစ်ရက်လောက်ပဲ အကြာ ကျုပ် ဆေးရုံက ဆင်းခွင့်ရ တယ်။ အဲဒီမှာ ကျုပ် ဘယ်ကိုသွားရမှန်း သေိ ဖြစ်ပြန်ရော။

စိတ်ထဲမှာ ယောင်ချာချာ ဖြစ် နေတုန်း ကျုပ်ကို အစစ အရာရာ ကူညီနေသူဆိုတဲ့ ဦးစောနောင်ကပဲ တည်းခိုခန်း တစ်ခုမှာ အခန်းတစ်ခန်း ငှားပေးတယ်။ ရေမီး အပြည့်အစုံပါပဲ။

ဦးစောနောင်က ကျုပ်ကိုမကြာ ခဏ လာကြည့်ပါတယ်။ သူ့ကြောင့် ဖြစ်ရတာဆိုတော့ သူက စိတ်မကောင်း ပါကြောင်းပြောတယ်။ ကျုပ်က ကျေးဇူး တင်ကြောင်း ပြန်ပြောခဲ့တယ်။

ဖြစ်စဉ်တွေကို ကျုပ်အထပ်ထပ် အခါခါစဉ်းစားတယ်။ စဉ်းစားရခက်ကြီး ဖြစ်နေတယ်။ စဉ်းစားမရ ခေါင်းခဲတာပဲ အဖတ်တင်ပေါ့။

သင်းပျံ့တဲ့ ရေမွှေးနံ့ကြောင့် ခေါင်းထဲကြည်လင်လာသလို ရှိတယ်။ ရေမွှေးနံ့နဲ့အတူ ရောပါလာတဲ့ မိန်းမ ပျိုကလေးတစ်ဦးကို အမှတ်မထင် ဖြုန်း ခနဲ တွေ့လိုက်ရတယ်။ အချိန်က ညနေ စောင်း နေဝင်ရီတရောအချိန့်။

သူမက ဘယ်လိုကနေ ဘယ်လို ကျုပ်ရဲ့အခန်းထဲ ရောက်လာခဲ့တာလဲ။ အခန်းတံခါးတွေလည်း အသေအချာ ပိတ်ထားရက်ကယ်နဲ့။ ဒီက ဝန်ထမ်း ဆိုတာလည်း ဟုတ်မယ်မထင်။ သူ့ကြည့် ရတာ ထူးတော့ထူးတယ်။ သူ့မျက်နှာက ပြုံးတော့မယ့်မိုးလို ညိုရီမှိုင်းနေတယ်။ မျက်ဝန်းတစ်ခိုမှာ ကြွေလုဆဲမျက်ရည် စတွေနဲ့။ ကျုပ်ဘဝကတော့ ထူးတာ တွေနဲ့ပဲ တွေ့နေရတယ်။ သူမက ပြော လာတယ်။

"မောင်ကြီးက အတိတ်မေ့နေ တာ၊ တဖြည်းဖြည်းပြန်စဉ်းစားကြည့်ပါ လေ၊ ပြန်သတိရလာရင် ကျွန်မကိုလည်း မောင်ကြီး တရင်းတနှီးရှိနေသူ ဖြစ် ကြောင်း သိလာပါလိမ့်မယ်"

သူမကို ကျုပ် တစူးစိုက်ကြည့် လိုက်တယ်။ ပြီးတော့ သူမပြောသလို ကျုပ်က အတိတ်မေ့နေသူပေပဲလား။ ကျုပ်ကတော့ ဘာဆို ဘာမှ မသိချေ တော့။ များသောအားဖြင့် ကျုပ်အခန်း အောင်းလေ့ရှိတယ်။တစ်ယောက်တည်း အထီးကျန် မဖြစ်တော့ဘူး။ အံ့ဖွယ် မိန်းကလေး ရှိနေတယ်။ သူကလည်း စကားအတော်ပြောတယ်။ ကျုပ်လည်း ကိုယ့်အတွေးနဲ့ ကိုယ်မို့လို့ သူမရဲ့ ပြော စကားတွေကို ကြားတစ်ချက်၊ မကြား တစ်ချက်။

အခန်းထဲမှာ မှန်းကျုပ်လာရင် တစ်ခါတစ်ခါ ကျုပ်အပြင်ထွက်တယ်။ အံ့ဖွယ်မိန်းကလေးကလည်း လိုက်ပါ လာတတ်တယ်။ သူမနဲ့ စကားစမြည် ပြောတဲ့အခါ အများအမြင်မှာက ကျုပ် တစ်ယောက်တည်း စကားပြောသလို သူရူးတစ်ယောက်ပမာနှယ်။

"ကားအက်စီးဒင့်ဖြစ်ပြီးတော့ ဦးနှောက်ပျက်သွားတာလေ၊ သနားစရာ ပါကွယ်"

ကျုပ်ကို ပြောနေကျစကားသံ တွေလေ။ ကြားရလို့ ရိုးတောင်နေပြီ။

"မောင်ကြီး ရှမ်းတို့ဟူးနွေးစား တာ မတွေ့ရဘူး၊ အဲဒါ မောင်ကြီးသိပ် ကြိုက်တယ်ဆိုတဲ့ တို့ဟူးနွေးလေ"

ကျုပ် တို့ဟူးနွေးကို ကြိုက်ခဲ့ဖူး သလား။ ကျုပ် လုံးဝနားမလည်ဘူး။ ကျုပ် ခြေဦးတည့်ရာ လျှောက်မိနေ တယ်။ နံဘေးမှာ အံ့ဖွယ်မိန်းကလေး လည်း ပါလေရဲ့။

အံ့ဖွယ်မိန်းကလေးက၊ သူ့ရဲ့ အမည်နာမဟာ စောမူလို့ပြောတယ်။ ပြီးတော့ သူက သာမန်လူတစ်ယောက် မဟုတ်ဘူး။ မကြာသေးခင်ကမှ သေပြီး တဲ့သူ။ အဲဒီလိုစကားတွေလည်း ပြော လေ့ရှိတယ်။

ကြာတော့ ကျုပ်နောက်ကို တကောက်ကောက်လိုက်ပါနေတဲ့ သူမ ကို စိတ်ပျက်လာတယ်။

"တစ်ယောက်တည်း လွတ်လွတ် လပ်လပ် တွေးပါရစေ"

လို့ပြောတော့ သူ့ရဲ့မျက်နှာက ပြုံးတော့မယ့်မိုးလို။





www.burmeseclassic.com

www.burmeseclassic.com

" မောင်ကြီးရယ် စောမူကို နှင်မထုတ်ပါနဲ့၊ မောင်ကြီးကို သံယောဇဉ်ရှိလို့ လိုက်နေရတာပါ၊ မောင်ကြီးလည်း ကျွန်မ စော်မူကို ချစ်နေတယ်၊ စဉ်းစားပါ မောင်ကြီးရယ်၊ စဉ်းစားလို့ အဖြေပေါ်ရင် စောမူပြန်ပါတော့မယ် မောင်ကြီးရယ်"

"ငါက မင်းကို ချစ်နေတယ် ဟုတ်စ၊ မဖြစ်နိုင်တာ၊ မင်းနဲ့တွေ့တာ ဘာကြာသေးလို့လဲ၊ ပြီးတော့ မင်းနဲ့ ငါက. . .၊ ကဲကွာ မင်းဘာအလိုရှိသလဲပြော၊ ငါဘာလုပ်ပေးရမလဲ ပြောကွာ ပြော. . . ပြော"

" နစောမူက မောင်ကြီးကို ကူညီချင်တာ သက်သက်ပါ၊ မောင်ကြီးသတိတွေပြန်ရအောင်လို့ပါ၊ ဒီနေ့ မောင်ကြီး အနားယူလိုက်ဦး၊ မနက်ဖြန် စောမူနဲ့ လိုက်ခဲ့၊ ဟုတ်လား"

ဟုဆိုပြီး စောမူ ပျောက်သွားတယ်။

ကျုပ်ရှိရာတည်းခိုခန်းကို ဦးစောနောင် ရောက်လာတယ်။ မကြာမကြာလာနေကျပါ။ အခုတော့ သူ့မိသားစုပါလာတယ်။ မိတ်ဆက်ပေးလို့ သိရတာပါ။ စားသောက်ဖွယ်ရာတွေနဲ့ အားဆေးတွေပါ ယူလာခဲ့ကြတယ်။ ကျုပ်လည်း ဦးစောနောင်တို့ မိသားစုကို လွန်စွာအားနာလှပါကြောင်း၊ မိမိဘဝအမှန်ကို သိဖို့ ကြိုးစားနေပါကြောင်း ပြောမိတယ်။

"ရပါတယ် မောင်ရင်၊ မောင်ရင်ကို ဦးတို့က တာဝန်ယူထားတာလေ၊ ဦးတို့မှာ တာဝန်ရှိတယ်၊ အားမနာနဲ့၊ မောင်ရင်က ရန်ကုန်ဇာတိလို့ သိထားတယ်၊ ဒါလောက်ပဲ သိထားတာပါ၊ မောင်ရင် ပါလာတဲ့ လက်ကိုင်ဖုန်းက ကားအက်စီးဒင့် ဖြစ်စဉ်က ကြေမွပျက်စီးသွားတာမို့ မှတ်တမ်း၊ မှတ်ရာတွေမသိရဘူးပေါ့၊ ဘာမှစိတ်ပူမနေနဲ့ ဒီမှာရှိတုန်း ဦးတို့ ပြုစုပါရစေ"

ဦးစောနောင် သမီးဆိုသူက နန်းဥမ္မာတဲ့။ အတော်ချောသားလို့ ကောက်ချက်ပြုမိတယ်။ သူမက တောင်ကြီးမြို့လယ် ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဘဏ်ကြီး တစ်ဘဏ်က ဝန်ထမ်းလို့ ဆိုတယ်။

"လေးလေးကို ဘဏ်မှာ တွေ့ဖူးသလိုရှိတယ်"

လို့ ဆိုတော့ ကျုပ် အတွေးပွားရပြန်ရော။

တျုပ်အဲဒီဘဏ်ကြီးကို ရောက်ဖူးခဲ့သလား၊ အတွေးကတော့ ရေးတေးတေးပါပဲ။ အဲဒီနေ့က ဦးစောနောင်က ကျုပ်ကို လက်ကိုင်ဖုန်းတစ်လုံး ပေးသွားတယ်။ လိုအပ်ရင် သုံးဖို့တဲ့လေ။ ဦးစောနောင်ကလည်း ကျုပ်အပေါ် ဘာကြောင့် ဒီလောက်တော်င ကောင်းနေရတာလဲ။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်စရာပါ။

စောမူ ခေါ်တဲ့နောက်ကို လိုက်ပါခဲ့တယ်။ တောင်ကြီးမြို့စွန်နေရာလေး၊ လမ်းတွေ ကွေ့ဖိုက်သွားရတယ်။ စိတ်ထဲ ရောက်ဖူးသလိုလို။

"အဲဒါ စောမူနေတဲ့ အိမ်လေ"

စောမူ ညွှန်ရာကို အကြည့်ရောက်တယ်။ သိပ်မစီမံသလို ခံစားမိတယ်။ အိမ်က ချိပ်ပိတ်ထားတယ်။ ဝန်းကျင်ကိုပဲ လေ့လာနေမိတယ်။

"စောမူကို လူတစ်ယောက်က သတ်သွားတာ၊ သူ့ကို လုံးဝမသိဘူး၊ မြင်လည်း မမြင်လိုက်ရဘူး၊ စောမူ သေအံ့မူးမူးအချိန်မှာ မျက်လုံးဖွင့်ကြည့်မိတယ်၊ မြင်ကွင်းထဲမှာက ဟောဒီမောင်ကြီးရဲ့ မျက်နှာ၊ မောင်ကြီး မှတ်မိရဲ့လား ဟင်"

"ဘာ. . .ဘာယ်လို မင်းသေခါနီးမှာ ငါ့ကို တွေ့တယ် ဟုတ်လား ငါ. . . ငါ ဘာမှမသိဘူး၊ ငါ မင်းကို သတ်တာတော့ မဟုတ်ပါဘူးနော်"

"မောင်ကြီးသတ်တယ်လို့ စောမူ စွပ်စွဲနေတာ မဟုတ်ပါဘူး၊ မောင်ကြီး စဉ်းစားနိုင်ဖို့ အမှတ်ရနိုင်ဖို့ ပြောနေတာပါ၊ စောမူကိုသတ်တဲ့လူ ဘယ်သူဆိုတာကိုတော့ စောမူ လုံးဝမသိတာ အမှန်ပဲ၊ မောင်ကြီး သိများသိနေမလားလို့ပါ"

စောမူရဲ့ အိမ်ဝန်းကျင်ကို လေ့လာ အကဲခတ်ကြည့်နေမိတယ်။

"ဟေ့လူ၊ ဘာလုပ်နေတာလဲ၊ ခင်ဗျား ဒီနေရာမှာ ရှိမနေသင့်ဘူး"

လူစိမ်းတစ်ယောက်ရဲ့ပြောသံကြားလိုက်ရတာမို့ အတွေးတွေ လွင့်စဉ်သွားတယ်။ ပြောတဲ့လူစိမ်းက မနီးမဝေးမှာရှိနေတယ်။ ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် ရပ်ကြည့်နေတယ်။ သူတို့က ဘယ်သူတွေလဲ၊ ဘယ်ကလဲဆိုတာကိုတော့ စဉ်းစားမနေတော့ပါဘူး။

နောက်တစ်နေ့ ရဲစခန်းကခေါ်လို့ ဦးစောနောင်နဲ့အတူ သွားရတယ်။

ရဲအရာရှိတစ်ဦးက ကျုပ်ကို -

"ခင်ဗျား သေဆုံးသွားခဲ့တဲ့ အမျိုးသမီးတစ်ဦးရဲ့ အိမ်အပေါက်ဝကို ရောက်ခဲ့တယ်ပေါ့နော်၊ ဘာရည်ရွယ်ချက်နဲ့ ရောက်ခဲ့တာလဲ" လို့ မေးတယ်။

ကျုပ်လည်း မကွယ်မဝှက်ပါဘဲ-

"ဟုတ်တယ်၊ ရောက်ခဲ့ပါတယ်၊ တစ်စုံတစ်ယောက်က အတင်းခေါ်လို့ ရောက်ခဲ့တာ၊ ခေါ်တဲ့သူက မိန်းမပျိုတစ်ယောက်ပါ၊ သူက ဘယ်လိုပြောရမလဲ၊ လူစင်စစ်တော့ မဟုတ်ဘူး"

ကျုပ်ပြောစကားကြောင့် ရဲအရာရှိ ဦးခေါင်းကို တဗျင်းဗျင်း ကုတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဦးစောနောင်လည်း ခေါင်းတခါခါ လည်တယမ်းယမ်းနဲ့။

"ဦးစောနောင် သူ့ကို ကူညီလက်စနဲ့ ကူညီထားပါဦး၊ ခင်ဗျားနဲ့လည်း တွေ့ဆုံညှိနှိုင်းစရာတွေ ရှိသေးတယ်၊ နောင်မှ တွေ့ကြတာပေါ့"

လို့ ရဲအရာရှိက ဦးစောနောင်ကို ပြောတာ ကြားလိုက်ရတယ်။

ကျုပ်စိတ်ထဲ စောမူကို တွေ့ချင်နေမိတယ်။

ကျုပ် တည်းခိုဆောင်အခန်း ပြန်ရောက်တော့ စောမူကို တွေ့တယ်။ တွေ့တွေ့ချင်းပါပဲ -

"မင်းကွာ ငါ့ကို ဒုက္ခပေးသလို ဖြစ်မနေဘူးလား၊ ငါ အခု ရဲစခန်းက ပြန်ခဲ့တာလေ၊ အဲဒါသိလား"

"စိတ်မရှိပါနဲ့ မောင်ကြီးရယ်၊ မောင်ကြီး မှတ်မိတာ၊ မမှတ်မိတာ ထားတော့၊ စောမူ ရှင်းပြတာကိုတော့ နားထောင်ပေးပါ၊ စောမူနဲ့ မောင်ကြီး တွေ့ကြတာက တောင်ကြီးက ငါးရက်ဈေးနေ့မှာပါ၊ ရှမ်းပြည်တောင်ပိုင်းမှာက ငါးရက်ဈေးနေ့တွေကို တောင်၊ တောင်၊ ညောင်၊ ညောင်၊ ဟိုး၊ ဆိုပြီး လှည့်လည်ပြီး လုပ်တယ်။

တောင်ကြီး၊ တောင်နီ၊ ညောင်ရွှေ ရွှေညောင်၊ ဟဲဟိုး စသည်ဖြင့်ပေါ့လေ၊ ငါးရက်ဈေးဆိုပြီး အလှည့်ကျလုပ်တာ၊ အဲဒီနေ့တွေက အတော်လေး စည်ကားတယ်၊ စောမူက အဲဒီဈေးနေ့တွေကို လှည့်ရောင်းတယ်၊ ရှမ်းထမင်းချဉ် ငါးပေါင်း၊ ရှမ်းတို့ဟူးစုံနဲ့ ပရဆေးတွေ ရောင်းတယ်။

မောင်ကြီးက စောမူရဲ့ တို့ဟူးနွေးကို ကြိုက်လှချည်ရဲ့ဆိုပြီး ငါးရက်ဈေးနေ့တွေတိုင်းကို မောင်ကြီးက လိုက်ပြီး စားသောက်လေ့ရှိတယ်၊ မောင်ကြီးရဲ့ မိတ်ဆွေ တစ်ယောက်လည်း အမြဲပါတယ်။

ယောက်ျားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာဆိုတဲ့ စကားကို စောမူနားလည်ပါတယ်၊ ငါးရက်ဈေးနေ့တွေရောက်တိုင်း မောင်ကြီးလာမယ့်လမ်းကို စောမူရဲ့ ချစ်အာရုံကနေပြီး မျှော်နေမိတယ်၊ မျှော်တိုင်းလည်း မောင်ကြီးရောက်လာစမြဲ၊ အဲဒါကို မှတ်မိလားဟင်"

ကျုပ် ခေါင်းယမ်း၊ ခေါင်းခါပြတယ်။ ဒါပေမဲ့ အတွေးထဲမှာတော့ မဇ်ဝိုးတဝါး၊ မြင်ကွင်းတွေက ခပ်ရေးရေး။

ကျုပ်စိတ်ထဲ မွန်းကျပ်ကျပ်ဖြစ်နေမိတယ်။ စိတ်အပန်းပြေရာပြေကြောင်း တစ်နေရာရာကို သွားလိုစိတ်ရှိတယ်။ ဘယ်သွားရင်ကောင်းမလဲဆိုတာက ဝေခွဲမရ။

ဂျစ်ကားလေးတစ်စီး ရှေ့ဆီကို ရောက်လာတယ်။ မောင်းလာသူက ဘယ်သွားမလဲ၊ ဘယ်ပို့ပေးရမလဲ လို့ မေးတယ်။ ကျုပ်မဖြေမိ။ တုဏှိဘာဝေ။ မွေတော်ဆီကိုလား၊ ဟုတ်ကဲ့၊ ပို့ပေးပါ့မယ်၊ ကျုပ် ဘာမှမဖြေမိ၊ သူ့အပြောနဲ့ ကျုပ်ခေါင်းညိတ်မိတယ်။

ကျုပ် မွေတော်ဆီသွားမယ်လို့ မပြောမိတာကတော့ သေချာတယ်။ နံဘေးမှာ စောမူရှိနေရဲ့။ သူကတော့ မခို့တရို့ အပြုံးနဲ့။

ဒီလိုနဲ့ မွေတော်ဆီ ရောက်ခဲ့တယ်။ မွေတော်ဟာ တောင်ကြီးနဲ့ မိုင် (၂၀) ခန့်ဝေးတယ်လို့ ကားဆရာလေးကပြောတယ်။ ဘုရားတွေဆီ လှည့်ပတ်ဖူးတယ်။ ရှေးဟောင်းဘုရားတွေ၊ ပုဂံဘုရားတွေထက် ရှေးကျတယ်တဲ့။ မွေတော်ကက္ကုဘုရားလို့ ဆိုတယ်။ ဒီနေရာဟာ ကျုပ်နဲ့ မစိမ်းသလို ရှိနေတယ်။

မွေတော်ကက္ကုဘုရားဝင်း ဝင်ပေါက်မုခ်ဦး ဝဲဘက်ဆိုင်ခန်းတွေမှာ အနားယူရင်း တို့ဟူးကြော်သုပ် စားဖြစ်တယ်။ ပြီးတော့ ကွမ်းစားချင်စိတ် ဖြစ်တည်လာတာကြောင့် ဆိုင်နဲ့ မနီးမဝေး ညောင်ပင်ကြီးအောက် ကွမ်းယာဆိုင်ကိုသွားတယ်။

"ဆရာ မတွေ့ကြာပြီနော်"

လို့ ကွမ်းရောင်းသမားလေးက ပြောပြီး ကွမ်းယာပေးတယ်။ သူ ကျုပ်ကို သိနေသလား၊ ဘယ်တုန်းက သိနေတာလဲ။ အတွေးမှာ ဇဝေဇဝါ။ လူတစ်ယောက် အပြေးတစ်ပိုင်းနဲ့ ရောက်တယ်။

"သက်မောင်မောင် ကျန်းမာရေး ကောင်းသွားပြီလား၊ ငါ့ကိုကော မှတ်မိလား၊ မင်း စောမူရဲ့ အိမ်ရှေ့ကိုရောက်တုန်းက ငါ အဝေးကကြည့်နေတာလေ၊ အဲဒါသိလား"

ကျုပ် လူစိမ်းကို ခေါင်းခါပြတယ်။ လူစိမ်းက -

"ဒါလည်း ကောင်းပါတယ်ကွာ"

လို့ ပြောပြီး ထွက်သွားတယ်။

ကျုပ် ကွမ်းယာဝယ်ပြီး စားနေတဲ့ဆိုင် ပြန်ရောက်လာတော့ စောမူက-

"မောင်ကြီးကို လာတွေ့၊ လာပြောတဲ့သူက 'အောင်သူ' လေ၊ မောင်ကြီးရဲ့ မိတ်ဆွေပေါ့၊ သူက မကောင်းတာမှန်သမျှ အကုန်လုပ်တယ်၊ မူးယစ်ဆေးလုပ်တယ်၊ ငွေလိုရင် ဖောက်ထွင်းတာတွေ လုပ်တယ်။

မောင်ကြီးက ရိုးလွန်းလို့ သူ့ကို ပေါင်းသင်းတာ၊ သူက တောင်ကြီးမှာ နာမည်ပျက်ရှိတဲ့လူ မောင်ကြီးရဲ့"

ကျုပ် အတွေးပွားရပြန်ပြီ။ လာတွေ့၊ လာပြောသူက ကျုပ်မိတ်ဆွေ အောင်သူတဲ့လား။ သူက မကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com

တွေလုပ်တဲ့သူပါတဲ့။ ကျုပ်စိတ်ထဲ သရိုး သရီ။ သိသလို၊ မသိသလို။ စိတ်အပန်း ဖြေဖို့ ထွက်လာပါတယ်။ စိတ်ရှုပ်ထွေး စရာတွေက တွေ့လာရပြန်ရော။ အပန်း ဖြေခရီးဟာ မလန်းဆန်းပါတကား။ အောင်သူဆိုတဲ့သူရဲ့ မျက်နှာဟာ ကျုပ် ရဲ့အမြင်မှာ စိမ်းသလို၊ မစိမ်းသလို ရှိနေပြန်ရော။

ဦးစောနောင်ကတော့ ကျုပ်ဆီ မကြာခဏဆိုသလို ရောက်လေ့ရှိတယ်။ ကျန်းမာရေးအခြေအနေ မေးတယ်။ လို အပ်တာရှိရင် ပြောဖို့လည်း ပြောတယ်။ ကျုပ်က စောမူနဲ့ မွေ့တော်ကို ရောက် တဲ့အကြောင်း၊ လူတစ်ယောက်နဲ့တွေ့ ကြောင်း၊ အဲဒီလူကို မှတ်မိသလိုရှိနေ ကြောင်း ပြောမိတယ်။

ဦးစောနောင်က သိပ်ပင်မပင် ပန်းပန်း မစဉ်းစားဖို့ပြောတယ်။ ဦးစော နောင်ခေါ်လို့ အပြင်ကို လမ်းလျှောက် ထွက်တယ်။ ရဲစခန်းကို ရောက်တယ်။ အလည်သဘောနဲ့ ဝင်ခဲ့ကြတာပါ။ ရဲအရာရှိနဲ့ ဝန်ထမ်းတွေနဲ့ကလည်း ကျုပ်နဲ့ ခင်မင်နေတယ်။ ရဲအရာရှိ ဧည့်ခံ တာကို စားသောက်ဖြစ်ခဲ့ကြတယ်။ ထွေရာလေးပါး ပြောဖြစ်ကြတယ်။

ရဲအရာရှိက ကျုပ်ကို မှတ်တမ်း ဓာတ်ပုံတစ်ပုံပြတယ်။ သူ့ကိုသိသလား ပေါ့။ ကျုပ် တခုတ်တရကြည့်တယ်။ စဉ်းစားတယ်။ တွေ့ဖူးသလိုလို။

"ဟုတ်ပြီ. . . မှတ်မိပြီ၊ သူ သူ အောင်သူ မဟုတ်လား" လို့ ပြောလေ တော့ ရဲအရာရှိက -

"ဟုတ်ပါရဲ့ဗျာ"တဲ့။

ဒါပဲ ပြောတယ်။

ဦးစောနောင်က ညနေစာကို ဆိုင်တစ်ဆိုင်မှာ ကျွေးတယ်။ စား သောက်နေတုန်း စောမူရောက်လာ တယ်။ စောမူကို လက်ခံစကားပြော ရတယ်။ ဦးစောနောင် ခေါင်းကုတ် နေတာ ရိပ်စားမိလိုက်တယ်။ သူ့အထင် တော့ ကျုပ်ရဲ့စိတ် ပုံမှန်အနေအထား မရှိသေးလို့ တွက်ဆမိမှာ အမှန်။

"အန်ကယ် ကျွန်တော့် အပေါ် စိတ်ညစ်မသွားပါနဲ့၊ ကျွန်တော့်စိတ်တွေ ပုံမှန်ပြန်ဖြစ်အောင် ကူညီနေတာ စောမူ ပါ၊ စောမူဆိုတာက လွန်ခဲ့တဲ့ တစ်ပတ် ဆယ်ရက်လောက်က အသတ်ခံရသူပါ၊ သတ်တဲ့သူကို ကျွန်တော် ဝိုးတဝါး မှတ်မိနေတယ်၊ အဲ အဲဒါ အောင်သူ"

တစ်စ တစ်စ အတွေးပုံရိပ် တွေက ဝိုးတဝါး အနေအထားကနေ ပီပီပြင်ပြင် ဖြစ်လာတယ်။

ကျုပ် စောမူကို စတွေ့တာ တောင်ကြီးဈေး (၅-ရက်ဈေးနေ့) မှာ တွေ့တာ။ စောမူက ရှမ်းရိုးရာ စား သောက်ဖွယ်ရာတွေရော၊ ပရဆေးတွေ ပါ ရောင်းတဲ့သူ။ စောမူ ရောင်းတဲ့ တို့ဟူးနွေးကိုစားရင်း စောမူကို ရင်ထဲ စွဲငြိသွားခဲ့တယ်။ ဖွင့်ပြောမယ်လို့ ရည် ရွယ်ထားတယ်။ ခင်မင်မှု ရင့်သန်လာ တော့ သူ့မွေးနေ့ ဖိတ်တယ်၊ နေအိမ် လိပ်စာပေးတယ်။

မွေးနေ့ပွဲမရောက်ခင် တစ်ရက် ကြိုပြီး စောမူရဲ့နေအိမ် သိရအောင်လို့ ဟိုမေးသည်စမ်းနဲ့သွားတယ်။ နေအိမ် မရောက်ခင် လမ်းခုလတ်မှာ ခင်မင် ရင်းစွဲရှိခဲ့တဲ့ အောင်သူနဲ့တွေ့တယ်၊ သူက အိမ်တစ်အိမ်ကို သူနဲ့လိုက်ခဲ့ဖို့ ခေါ်တယ်။ ကျုပ် ငြင်းပါသေးတယ်၊ သူကအတင်းအကျပ်ခေါ်တာနဲ့ အားနာ ပါးနာ လိုက်ဖြစ်ခဲ့တယ်။

သူခေါ်တဲ့အိမ်ရောက်တော့ သူ က သော့ဖွင့်ဝင်တယ်၊ ကျုပ်လည်း လိုက် ဝင်ခဲ့တယ်။

အောင်သူက အခန်းတွေထဲ ဟိုဝင်သည်ထွက်နဲ့ အလုပ်ရှုပ်နေသလို ရှိလေရဲ့။ နံရံမှာရှိနေတဲ့ ဓာတ်ပုံတစ်ပုံ ကို အမှတ်မထင် ကျုပ်တွေ့လိုက်တယ်။ စောမူရဲ့ဓာတ်ပုံ၊ ဒီတော့ စောမူရဲ့အိမ် ဖြစ်မှန်း သိလိုက်ရတယ်။

ကျုပ် စောမူရဲ့ ဓာတ်ပုံကို မမှိတ် မသုန် ကြည့်နေစဉ် အပြင်က ခြေသံ ကြားရတယ်။ ပြီးတော့ တံခါးဖွင့်သံ။

အောင်သူ တစ်နေရာကို ပြေး ကပ်တယ်၊ ကျုပ်လည်း တစ်နေရာဝင် ပုန်းရပြီပေါ့။ ဘာတွေမှန်းမသိ၊ ဝင်လာ သူက စော. . . စောမူ၊ ကျုပ်ရဲ့ စောမူ။

ကျုပ်တအံ့တသြ ဖြစ်နေတုန်း မထင်မှတ်တဲ့ မြင်ကွင်းတစ်ခု၊ စောမူရဲ့ နောက်ကျောကို အောင်သူက ပြေးဖက် လိုက်ပြီး စောမူကို ဓားနဲ့ထိုးလိုက်တယ်။ ကျုပ် မျက်စိထဲ ပြာခနဲဖြစ်သွားတယ်။ စောမူ လဲကျသွားတယ်။ သွေးတွေ လည်း အိုင်ထွန်းနေပေါ့။

"မင်း ဘယ်သူ့မှမပြောနဲ့၊ ပြော ရင် အသိပဲ"

ဆိုပြီး အောင်သူ အပြင်ကို ပြေး ထွက်သွားတယ်။

ကျုပ်ရင်ထဲ ဘယ်ချိုပါ့မလဲ။ စောမူကို ပြေးပွေ့မိတယ်။ နောက်တော့ ထရပ်ပြီး ကြေကွဲစိတ်နဲ့ အတန်ကြာ ကြည့်တယ်။ နောက် ပြေးထွက်လာခဲ့ မိတယ်။

လမ်းတွေက ကွေ့ကွေ့ဝိုက်ဝိုက် ရှိတာမို့ ကွေ့ကွေ့ဝိုက်ဝိုက်ပြေးနေမိရင်း လမ်းကွေ့တစ်နေရာမှာ ကားတစ်စီး ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး အမှောင် ကျခဲ့တယ်။ နောက်တော့ ဆေးရုံ ရောက်နေမှန်း သိရတော့တယ်။

"ဒါ . . . ဒါဆိုရင် စောမူ့ကို သတ်တာ အောင်သူပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်. . . ဟုတ်ပါတယ် အန်ကယ်"

"အောင်သူ ကျက်စားလေ့ရှိတဲ့ နေရာကို အန်ကယ်ပြပေးမယ်ဆိုရင်ပေါ့ ရော့ မောင်ရင်ကိုယ်တိုင် အောင်သူ့ကို ဖမ်းပေးနိုင်စွမ်း ရှိပါ့မလား"

"စိန်လိုက် အန်ကယ်၊ ဖမ်းပေးနိုင်စွမ်းရှိပါတယ်"

✿

တောင်ကြီးမြို့ အေးသာယာ ဓါတ်ကွင်းအနီး စားသောက်ဆိုင်ကို ကျုပ်ရောက်လေတော့ ညနေ ၄ နာရီ။ ဆိုင်ကတစ်ပုလင်း မှာသောက်တယ်။ ဘေးမှာ စောမူရှိနေတယ်။ စောမူက အသျှင်စီလို မလုပ်ဖို့ ကျုပ်ကို မှာသေးတယ်။

မကြာလှပါဘူး ကိုယ်တော်ချော အောင်သူ ရောက်လာတယ်။ ကျုပ်ကို တွေ့လိုက်ရတော့ သူက တအံ့တသြနဲ့။

ဒါပေမဲ့ မသိဟန်ပြုပြီး တစ်နေရာကို ...းထိုင်မယ်လုပ်တုန်း ကျုပ် ... စတင်ပြီး -

"ဟေ့ကောင် အောင်သူ၊ ငါ မင်းကို စောင့်နေတာ၊ မင်းပြေးရှောင်နေရတာ ပင်ပန်းလှပါတယ်၊ ပွင့်ပွင့်လင်းလင်းပြောပြီး စောမူကို သတ်ခဲ့တဲ့အကြောင်း ဝန်ခံပြီး အဖမ်းခံလိုက်စမ်းပါကွာ"

"မင်း ဘာတွေပြောနေတာလဲ သက်မောင်မောင်၊ မင်းက စောမူကို သတ်ပြီး အတိတ်မေ့ချင်ယောင်ဆောင်နေတာ ငါမသိဘူးထင်နေသလား"

"အောင်သူ မင်းဟာ ယောကျ်ား ... ဝန်ခံစမ်းပါကွာ၊ ငါ့ကိုလာပြီး လွှဲချမနေနဲ့"

ထိုစဉ် လူစိမ်း နှစ်ယောက် ရောက်လာပြီး -

"ကဲ . . . မောင်ရင်တို့ တစ်ယောက်ကိုတစ်ယောက် လွှဲချမနေပါနဲ့တော့"

လို့ပြောပြီး ကျုပ်နဲ့အောင်သူ နှစ်ယောက်စလုံး အဖမ်းခံရပါတော့တယ်။

ကျုပ်ရောက်နေတဲ့ အချုပ်ခန်းထဲကို စောမူရောက်လာပါသေးတယ်။

"မောင်ကြီးရယ် ဆန္ဒမစောပါနဲ့ လို့ စောမူ ပြောထားတဲ့ဟာကို"

လို့ ကြေကွဲသံနဲ့ ပြောဆိုပြီး ပျောက်သွားပါတော့တယ်။ အဆုံးစွန် ပျောက်သွားခဲ့တာပါ။

ကျုပ် အကျဉ်းထောင်ထဲမှာ တစ်လနီးပါး နေခဲ့ရပါတယ်။ ရဲအရာရှိတို့ရဲ့ စစ်ဆေးနည်းဗျူဟာကိုတော့ အောင်သူ လက်လျှော့ခဲ့ရပြီး စောမူကို သတ်ခဲ့ပါကြောင်း ကိုယ်တိုင်ဝန်ခံ ကတိပြုခဲ့ရတယ်လို့ ဆိုပါတယ်။ ပြီးတော့ ကျုပ် အကျဉ်းထောင်က လွတ်မြောက်ခဲ့ရပါတယ်။

သေဆုံးသူ စောမူက ဦးစောနောင်နဲ့ သွေးသား တော်စပ်သူပါ။ ဦးစောနောင်က စောမူ အသတ်ခံရတဲ့ အမှုကိုဖော်ထုတ်လိုသူ ရဲအရာရှိဟောင်းကြီး တစ်ဦး။ ဦးစောနောင်က ကျုပ် သက်မောင်မောင်ရဲ့ ဘိုင်အိုဂရပ်ဖီကို စုံစမ်းရယူထားခဲ့ပြီး ကျုပ် ရန်ကုန်...နေ တောင်ကြီးရှိ မိတ်ဆွေအချို့နဲ့ ကျောက်အရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ညောင်ရွှေတည်းခိုဆောင်မှာ ကျုပ် တည်းခိုနေထိုင်ကြောင်း သိထားခဲ့သူ။ သက်ဆိုင်ရာနဲ့အတူ ကျုပ်ကို သံသယနဲ့စောင့်ကြည့် ပစ်မှတ်ထား စုံစမ်းနေသူပါ။

"အရင်ကတော့ မောင်ရင့်ကို သံသယနဲ့ စောင့်ကြည့်ခဲ့တာပါ၊ အခုတော့ သံသယတွေက ကင်းရှင်းသွားပြီလေ၊ ထပ်ပြီး ကျေးဇူးတင်ရမှာက မောင်ရင်ကပဲ ဒီအမှုကြီးကို ဖော်ထုတ်ပေးခဲ့တာကြောင့်ပဲ"

အမှုဖော်ထုတ်သူ အရာစစ်အမှန်က စောမူပါလို့ မပြောလိုတော့ပြီ။ ပြောမိဆိုမိရင် တစ်မျိုးတစ်မည် ထင်မှတ်ကြဦးမယ်လေ၊ ထားပါလေ။

ကျုပ် တစ်ရက်၊ နှစ်ရက်နေလို့ ပြီးရင် ရန်ကုန်ပြန်ဆင်းမယ်လို့ တင်ကြိုနှုတ်ဆက်မိတယ်။

နံဘေးမှာရှိနေတဲ့ ဦးစောနောင်ရဲ့သမီး ဘဏ်မှာ အလုပ်လုပ်နေတယ်ဆိုတဲ့ နန်းဥမ္မာက -

"ဘဏ်မှာ လေးလေးနာမည်နဲ့ ငွေလွှဲပို့ထားတာရှိတယ်၊ ရန်ကုန် မပြန်ခင် ငွေထုတ်သွားပါဦး၊ ဒါကြောင့် လေးလေးကို မြင်ဖူးတယ်ရှိတယ်လို့ ပြောတာ မှတ်မိလား၊ လေးလေးက ဘဏ်ကို လာနေကျပဲ"

နန်းဥမ္မာကို တခုတ်တရ ကြည့်မိလေတော့ စောမူနဲ့တူသလိုလိုရှိတယ်။ စောမူကတော့ ကျုပ်ကို အပြီးအပိုင် ခွဲခွာထားရစ်ခဲ့လေပြီ။ သို့သော်ငြားလည်း စောမူနဲ့တူသလိုလိုရှိတဲ့ နန်းဥမ္မာရှိရာ တောင်ကြီးသို့ ရောက်အောင် လာရပေဦးမည်ထင့်။

**ကိုမောင်သန်းဝင်း**

**မှတ်ချက်** - အငြိမ်းစားရဲအရာရှိကြီး တစ်ဦး၏ ပြောပြချက်ကို ခံစားဖွဲ့သီ၍ ဇာတ်လမ်းပြုသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မဝိုင်းမှာ သမီးချည်းသုံးယောက်ရှိ၏။ ဖြူပြာက အကြီးဆုံး၊ သူ့အောက်မှာ မူယာနှင့်သူဇာ အငယ်နှစ်ယောက်ရှိသေးသည်။ ဖြူပြာက အကြီးဆုံး ဖြစ်သော်လည်း အဆိုးဆုံးဖြစ်၏။ လမ်းလျှောက်သင်ခါစ အရွယ်ကတည်းကပင် အလွန်စိတ်ကြီး၏။ ဒေါသကြီး၏။ သူလိုချင်တာမရလျှင် တက်မတတ် ချက်ခြောက် ငိုယိုဂျီကျတတ်သည်။ သူ စိတ်ဆိုးပြီဆိုလျှင် ဘယ်သူမှ မနေရတော့။ မျက်ဖြူလန်ပြီး တက်သွားသည်အထိ ဒေါသစရိုက် အားကြီးလှ၏။

အငယ်နှစ်ယောက်ကျပြန်တော့ သည်လိုမဟုတ်။ မီးနဲ့ရေလို ဆန့်ကျင်ဘက်။ အငယ်နှစ်ယောက်က အကြီးဆုံးအစ်မကို အမြဲတစေ အလျှော့ပေးပေါင်းရ၏။ ငယ်စဉ်က ညီအစ်မ သုံးယောက်စလုံးကို အညီအမျှ ကစားစရာဝယ်ပေးထားလျှင် ဖြူပြာက အနိုင်ကျင့်ပြီး အကုန်လုံး သိမ်းကျုံးယူသွားတတ်သည်။ သို့သော် အငယ်နှစ်ယောက်က သူတို့ရှိတာလေးနှင့် ကြံဖန်ဆော့ကြ၏။ သူ့ကို ဘက်မလုပ်ကြ။ သူ့ကို ဘက်မလုပ်ပြန်တော့လည်း ဘက်မလုပ်ရကောင်းလားဆိုပြီး ဒေါသက ထွက်ပြန်၏။

မိဘများက အငယ်နှစ်ယောက်ကို ချော့မော့ဆုံးမထားရသည်။ ဖြူပြာ ဒေါသအားကြီးလာလျှင် မျက်ဖြူလန်ပြီး တက်သွားတတ်သည့် ရောဂါကို အငယ်နှစ်ယောက်က မြင်ဖူးထားသဖြင့် သူ့စိတ်တိုင်းကျ အလျှော့ပေးဆက်ဆံပြီး ယောယာလကန်သဘောထားလိုက်ကြ၏။

အစ်မကြီးနှင့်ပတ်သက်ပြီး သူတို့အငယ်နှစ်ယောက်တွင် စိတ်ဆိုးခြင်း၊ စိတ်နာခြင်း၊ ဒေါသထွက်ခြင်း စိုးစဉ်းမရှိ။ ရောဂါသည်တစ်ယောက်လိုသာသဘောထားကြသဖြင့် အသနား ပိုရုံကလွဲလို့ အမှတ်အတေး မရှိကြ။ သည်လို အခွင့်အရေးမျိုး တရားဝင် ရထားသဖြင့် ဖြူပြာ့ဘဝတစ်လျှောက် နေရာတကာ ငါဆိုသည့်အတ္တကို ရှေ့တန်းတင်ပြီး ကြီးပြင်းလာခဲ့ရ၏။ သူလိုချင်သည်ဆိုလျှင် အားလုံးသည် ရေကန်အသင့် ကြာအသင့်။ တဖြည်းဖြည်း အသက်အရွယ်ရလာလေ အတ္တထုထည် ကြီးလာလေ ရိုင်းစိုင်းလေ မောက်မာလေ ဖြစ်လာတော့၏။

တဖြည်းဖြည်း တက္ကသိုလ်ကျောင်းသူဘဝ ရောက်လာပြန်တော့ အရာရာကို ထီမထင်သလို ကြည့်တတ်လာ၏။ သူနှင့် ပေါင်းသင်းဆက်ဆံနေသော သူငယ်ချင်းများကလည်း သူ့ထက် အတ္တကြီးသူ၊ သူ့ထက် ချမ်းသာသူကများ၏။ အရာရာကို သူက သာချင်သဖြင့် အမြဲတစေ အလိုမကျဖြစ်နေရ၏။ ထိုအတ္တသည် သူ့အတွက် တစ်ခုကောင်းသွားသည်က ပညာရေးဘက်မှာ အသုံးချလိုက်သဖြင့် ပညာထူးချွန်သူဖြစ်ခဲ့ရ၏။ ဆရာ၊ ဆရာမများ၏ အချစ်တော် ဖြစ်ခဲ့ရသည်။

သို့မို့ကြောင့် သူ့ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးဖို့သာ သူ့မိဘများက အာရုံကျခဲ့ကြ၏။ လိုတရနေသော သူ့အတွက် အတ္တမီးကို လေပင့်သည့်နှယ် အရှိန်ကောင်းလာတော့သည်။ အတ္တမီးတောက် အားကြီးလာသည့်အခါ အေးမြသည့် မေတ္တာစိတ်တို့ ခန်းခြောက်လာ၏။ ကရုဏာစိတ်တို့ ပါးရှားလာ၏။ မုန်ယိုနေသော ဆင်လို သူလိုချင်တာကလွဲလို့ ကျန်တာဘာမှမသိ။ တစ်ဖက်စောင်းနင်း ဖြစ်လာတော့၏။

ဤသည်ကို သူကိုယ်တိုင်ပင် သတိမထားမိခဲ့။ သူလုပ်သမျှ အဟုတ်ထင်ခဲ့၏။ ကိုယ်ချင်းစာတရား၊ ထောက်ထားငဲ့ညှာမှု [illegible] သူ၌မရှိ သူမသိ။ [illegible] မြဲ။ ရွှေလင်ပန်းနှင့် အချင်းဆေးလာသော သူလိုမောက်မာသူများအကြားသူက သာ၍ထင်ရှား၏။

သူ့အတွက်ဆိုလျှင် လိုတာမှန်သမျှ ဖြည့်ဆည်းပေးနေကြသည့် မိခင်ဖခင်တို့၏ မေတ္တာတရားကိုလည်း သူနားမလည်ပါ။ ထိုလောဘစိတ်အရှိန်ဟပ်နေမှုကြောင့်ပင် သူ့မျက်နှာသည် အမြဲတစေ သုန်သုန်မှုန်မှုန်ဖြစ်၍နေ၏။ အေးချမ်းကြည်လင်သော စိတ်ကို သူမရ။ လိုတရနေလျက်ကပင် အလိုမကျဖြစ်နေရ၏။ တစ်အိမ်လုံးတွင် ဖြူပြာနှင့် လေပေးအဖြောင့်ဆုံးက အန်တီထွေး တစ်ယောက်သာရှိသည်။ အန်တီထွေးက မိခင်ဖြစ်သူ၏ တစ်ဝမ်းကွဲအစ်မ၊ ဖြူပြာ၏ အဒေါ်ရင်းဖြစ်သည်။

ဒေါ်ထွေး၏မိဘများ ကွယ်လွန်ပြီးသည့်နောက်ပိုင်း ဆွေရယ်မျိုးရယ်လို့ ထောက်ထောက်ခံခံ မရှိသဖြင့် ရွာမှာရှိသော အိမ်ခြံလယ်ယာ အကုန်ရောင်းချပြီး ရန်ကုန်မြို့ရှိ ဖြူပြာတို့နှင့် အတူလာနေခဲ့သည်မှာ ဖြူပြာငယ်စဉ်ကပင်ဖြစ်သည်။ ခြေတစ်ဖက် မသန်စွမ်းသော မထွေးကို သနားသဖြင့် မဝိုင်းက ခေါ်ယူစောင့်ရှောက်ထားခြင်း ဖြစ်သည်။

အန်တီထွေးကတော့ ဖြူပြာက ဖြူဆိုလျှင်ဖြူ မည်းဆိုလျှင်မည်း တစ်သွေးတည်း တစ်သားတည်းဖြစ်သည်။ ထို့ကြောင့်ပင် ဖြူပြာက သူ့အလိုလိုက်သော အန်တီထွေးကို ပို၍ချစ်ခင်၏။ မထွေးကလည်း ဖြူပြာကို အလွန်ဂရုစိုက်၏။ စားစားသွားသွား မျက်လုံးဒေါက်ထောက်ကြည့်ပြီး သမီးရင်းနှင့် မခြား စောင့်ရှောက်ပေးတတ်သည်။ ဤသို့နှင့် ရာသီအလီလီပြောင်းခဲ့ပေပြီ



www.burmeseclassic.com

www.burmeseclassic.com

ဖြူပြာကျောင်းပြီး၍ ဘွဲ့ယူမည့် နေ့သို့ ရောက်လာခဲ့ပြီ။ ထိုနေ့သည် သူ၏ အတ္တမာနနှင့် ဂုဏ်မာနတို့ကြောင့် ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားမည့်နေ့၊ ရှိသမျှမာနတို့ အကုန်ခဝါချရမည့်နေ့မှန်း ဖြူပြာသာ ကြိုသိခဲ့လျှင် . . . ။

●

ထိုနေ့က ကျောင်းမှာ အစမ်းလေ့ကျင့်ခြင်း ရီဟာဇယ်လုပ်ကြ၏။ ဖြူပြာနှင့် သူငယ်ချင်းများအားလုံး ပျော်ရွှင်လန်းဆန်းနေကြ၏။ အိမ်ပြန်ရောက်လျှင် သူ ဘွဲ့ယူမည့်နေ့အတွက် ညီမငယ်နှစ်ဦးနှင့် မိခင်ဖြစ်သူတို့ လှရာရာ အဝတ်အစားများ ပြင်ဆင်နေကြသည်ကိုကြည့်ရင်း သူကျေနပ်နေ၏။

ထိုအခိုက် သူ မကျေနပ်စရာ တစ်ခုကို တွေ့လိုက်မိသဖြင့် မာနခေါင်ခိုက်နေသူတို့၏ ထုံးစံအတိုင်း ဒေါသက ထောင်းခနဲထသွား၏။

"အန်တီထွေးက ဘာလုပ်နေတာလဲ"

သူနှင့် လေပေးအဖြောင့်ဆုံး၊ သူနှင့် အဆင်အပြေဆုံး အန်တီထွေးကလည်း ဘွဲ့ယူမည့်ပွဲသို့ လိုက်ပါရန် ကောင်းနိုးရာရာ အဝတ်အစားလေးများ ပြင်ဆင်နေသည်ကို တွေ့လိုက်ရသဖြင့် ခပ်ဆတ်ဆတ် ဝေါက်လိုက်ခြင်းဖြစ်၏။ တင်းမာသော မျက်နှာထားနှင့် ခပ်ကြမ်းကြမ်းထွက်ကျလာသော စကားကြောင့် အန်တီထွေးမှာ ဘာပြန်ပြောရမှန်းမသိ။ ဝမ်းနည်းစိတ်ဖြင့် မငိုမိအောင် မနည်းဟန်လုပ် တင်းထားလိုက်ရရှာသည်။

"ဟို . . . အန်တီလည်း သမီးဘွဲ့ယူမယ့်နေ့ကို လိုက်မလို့ ပြင်နေတာလေ သမီးရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာ၊ အန်တီထွေးကို ဘယ်သူက လိုက်ခိုင်းလို့ လိုက်ရမှာလဲ၊ ကိုယ်နဲ့ တန်ရာတန်ရာ လုပ်မှပေါ့ အန်တီထွေးရဲ့"

ဒေါသစိတ်တို့ဖြင့် ဆွေမျိုးရင်းချာ တစ်ယောက်ကို နှိမ်ချပြောဆိုနေသော သမီးဖြစ်သူကိုကြည့်ရင်း မိခင်ဖြစ်သူက -

"ဟဲ့- ဘယ်လိုပြောလိုက်တာလဲ သမီး၊ ကိုယ့်အမေလောက်ရှိတဲ့အဒေါ်တစ်ယောက်ကို အဲလိုပြောစရာလား၊ မိုက်ရိုင်းလှချေလား ဟင်"

"မပြောလို့ဖြစ်မလား အမေရဲ့၊ ပြောမှ နားလည်မယ့်လူကို ပြောမှဖြစ်မှာပေါ့၊ မျက်နှာမှာကလည်း အမာရွတ်ကြီးနဲ့၊ ခြေထောက်ကလည်း ခွင်နေသေးတယ်၊ ဒီပုံစံကြီးကို သမီးအမျိုးဆိုပြီး လူကြားထဲမှာ ဘယ်လိုလုပ် မျက်နှာပြရမလဲ၊ သမီး ရှက်တယ်"

"ဘာ"

အန်တီထွေး ထိတ်လန့်တကြား ရုတ်တရက် ဆတ်ခနဲ ထရပ်လိုက်ရင်း-

"ရိုင်းစိုင်းလှချေလား၊ မိုက်ရိုင်းလှချေလား သမီးရယ်"

"ကျွန်မကို သမီး သမီးလို့မခေါ်နဲ့၊ ကျွန်မ ရှင့်သမီး မဟုတ်ဘူး၊ ကိုယ့်နေရာကိုယ်နေ"

ပြောနေရင်း အန်တီထွေးကို တစ်ချက်ဆောင့်တွန်းပြီး အပေါ်ထပ်သို့ ခြေသံပြင်းပြင်းဖြင့် တက်သွားတော့၏။ အန်တီထွေးမှာ ဝမ်းနည်းကြေ[illegible]လွန်းလှစွာ မတ်တတ်ရပ်ကြည့်နေ[illegible] မိုက်ခနဲ တစ်ချက်ဖြစ်သွားပြီး ဝုန်းခနဲ လဲကျသွားတော့သည်။ လဲကျစဉ် ဦးခေါင်းနှင့် အုတ်နံရံ ဒိန်းခနဲ ပြင်းထန်စွာ ဆောင့်မိလိုက်သဖြင့် သွေးအိုင်ထဲတွင် သတိမရတော့ချေ။ ဖြူပြာ၏မိခင်၊ ဖခင်တို့က ဆေးရုံသို့ ချက်ချင်းပို့လိုက်ကြရ၏။

●

ဖြူပြာ အလွန်စိတ်ညစ်စရာ ပြဿနာများနှင့် ရင်ဆိုင်တွေ့လိုက်ရသဖြင့် ဘွဲ့ယူဖို့ကိစ္စကိုပင် မစဉ်းစားချင်တော့။ ဘွဲ့ပင် မယူချင်တော့။

ထိုနေ့က အချိန်အတော်ကြာမှ မိခင်ဖြစ်သူ ပြန်ရောက်လာသံ ကြားလိုက်ရ၏။

ခဏအကြာသူ့အိပ်ခန်းထဲသို့ ခြေသံပြင်းပြင်းနှင့် ဝင်လာသော မိခင်ဖြစ်သူကို တွေ့လိုက်ရသဖြင့် တစ်ဖက်သို့ လှည့်နေလိုက်၏။

"ဟဲ့- ဖြူပြာ၊ ဆေးရုံမှာ မထွေးခုထိ သတိမရသေးဘူး၊ အဲဒါ နင့်ကြောင့်ပဲ့ သိရဲ့လား၊ သူ့ခမျာ ဆွေမရှိမျိုးမရှိမို့လို့ ငါတို့ကို အားကိုးပြီး နေလာခဲ့တာ၊ နင် မိုက်ရိုင်းလှချေလား ဖြူပြာ"

ဖြူပြာကလည်း မိခင်ဖြစ်သူနှင့် မျက်နှာချင်းဆိုင်လိုက်စဉ်မှာပင် မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် ဝမ်းပန်းတနည်း ခံစားနေရသော မိခင်ဖြစ်သူကို တွေ့လိုက်ရသဖြင့် -

"နေပါဦး၊ အမေက သမီးဘက်က မပါဘဲ ဘာလို့ အန်တီထွေးဘက်က ပါနေရတာလဲ၊ သူ့ဘာသာသာလဲကျပြီး ခေါင်းကွဲသွားတာ သမီးနဲ့ဘာဆိုင်လို့လဲ သေသေပေါ့"

"ဘာ- နင် မိုက်ရိုင်းလှချေလား မောက်မာလှချေလား ဟင်"

"ဖြောင်း"

မိခင်ဖြစ်သူက သမီးဖြစ်သူကို စေ့စေ့ကြည့်ရင်း ဒေါသစိတ်ဖြင့် ပါးကို ရိုက်ချလိုက်၏။

ဖြောင်းခနဲ မြည်သံနှင့်အတူ ဖြူပြာ့မျက်လုံးထဲ မီးပွင့်သွား၏။

ထိုအခိုက်မှာပင် မိခင်ဖြစ်သူ၏ စကားတစ်ခွန်းကြောင့် အံ့ဩလွန်းလှသဖြင့် ကြက်သေ သေသွားရတော့၏။

www.burmeseclassic.com

"အဲဒါ သူစိမ်းမဟုတ်ဘူး၊ နင့်ကို ဝမ်းနဲ့လွယ်ပြီး မွေးထုတ်ထားတဲ့ နင့်အမေ အရင်းဟဲ့"

"ရှင်"

မိခင်ဖြစ်သူ၏ စကားကြောင့် ဘာဆက်ပြောရမှန်းမသိအောင် ဆွံ့အသွားမိ၏။

"အမေ ဘာပြောလိုက်တယ်၊ အန်တီထွေးက သမီးအမေရင်း၊ ဟုတ်လား အမေ"

"အေး၊ ဟုတ်တယ်၊ မထွေးဟာ နင့်အမေ အရင်း၊ မထွေး အခုလို ဒုက္ခိတဘဝရောက်အောင် လုပ်ခဲ့တာက နင့်အဖေ၊ ဖအေက ယုတ်မာတာ အားမရလို့ သမီးကပါ ထပ်ပြီးယုတ်မာပြန်ပြီပေါ့"

မဝိုင်းလည်း မထွေးအတွက် ဝမ်းနည်းလွန်းလှစွာ ထိုင်ပြီး ငိုချလိုက်တော့၏။ ဘယ်လိုမှ မျှော်လင့်မထားသော စကားများကြောင့် ဖြူပြာ စကားပြန်မပြောနိုင်တော့။ အံ့ဩလွန်းလှသဖြင့် မိခင်ဖြစ်သူ ပြောပြနေသည့် သူ့အမေအရင်း ဒေါ်ထွေးအကြောင်းကိုသာ ထိတ်လန့်တကြား နားစွင့်နေမိတော့၏။

"ဒီလို သူတော်ကောင်း တစ်ယောက်ကို နင့်မို့လို့ ရက်ရက်စက်စက် ပြောထွက်တယ်ဟယ်၊ နင်လေ ကံကြီး ထိုက်တော့မယ် သိလား"

"အမေ ပြောနေတာတွေကို သမီး မယုံဘူး အမေ၊ အန်တီထွေးဟာ သမီးအမေဆိုတာ မဖြစ်နိုင်ဘူး၊ သမီးအဖေဆိုတာကရော ဘယ်သူလဲ၊ သမီး ဘာမှ နားမလည်တော့ဘူး အမေ"

"အေး၊ နင့်အမေအကြောင်း ငါ ပြောပြမယ်၊ နင် သေချာနားထောင်"

●

ရွာသစ်ကြီးမှာတော့ မထွေးတို့ မိသားစုက အချမ်းသာဆုံးဖြစ်၏။ ကုန်တင်ကား သုံးစီးရှိ၏။ လယ်ဧက (၇၀) ကျော်ရှိ၏။ ဘုရားဒကာ၊ ကျောင်းဒကာများမို့ သူတို့မိသားစုကို လူတိုင်းက လေးစားကြသည်။ ငွေကြေးချမ်းသာကြသဖြင့် တစ်ရွာလုံးနှင့် မကင်း။ မထွေး၏မိဘများက ပကတိရိုးဖြောင့်သူများဖြစ်၍ ဘာသာတရား၏ အဆုံးအမတို့ဖြင့် သိမ်မွေ့စွာ နေထိုင်ကြသူများဖြစ်၍လည်း အများက လေးစားကြည်ညိုကြခြင်း ဖြစ်သည်။

မထွေးက ရွာမှာ အချောဆုံး အလှဆုံး မဟုတ်ပေမယ့် မိန်းမပီသပြီး လှပသူဖြစ်သဖြင့် ရွာနီးချုပ်စပ် သတင်းကြီးလှသည်။ မိဘဂုဏ်၊ ပစ္စည်းဂုဏ်၊ ရိုးဂုဏ်တို့ဖြင့် တင့်တယ်နေသော မထွေးကို သားရှင်တိုင်းက ချွေးမအဖြစ် စိတ်ကူးယဉ်ကြ၏။

ကာလသားတို့၏ စိတ်ကူးယဉ် အိပ်မက်တွေတိုင်းမှာ မထွေးက နေ့စဉ် ရက်ဆက် နေရာယူ မင်းမူခဲ့သည်။

သို့သော် လောကဆိုသည်မှာလည်း ဆန့်ကျင်ဘက်တရားတို့ဖြင့် ဖွဲ့စည်းထားသော လောက ဖြစ်၏။ ဆင်းရဲခြင်း ချမ်းသာခြင်း၊ အကျည်းတန်ခြင်း ချောမောခြင်း၊ သုခနှင့် ဒုက္ခ အမြဲထာဝရ တွဲလျက်သာ ရှိကြလေ၏။ ထိုနိယာမ အတိုင်းပင် သုခချမ်းသာနှင့် ပြည့်စုံနေခဲ့သော မထွေးဘဝကို ဖျက်ဆီးမည့် ဒုက္ခတို့သည် အဖော်[illegible]ပေါင်းနှင့် ဝင်ရောက်လာတော့သ[illegible]။

ထိုနေ့က မထွေးတစ်ယောက် စီးပွားရေးကိစ္စတစ်ခုဖြင့် မြို့တက်သွား၏။ ဖခင်ဖြစ်သူ စိတ်တိုင်းကျ ဝယ်ယူထားသော ဂျစ်ကားဖြင့် ထွက်ခဲ့ကြခြင်းဖြစ်၏။ ငွေကြေးကိစ္စများ ရှင်းလင်းပြီး စိတ်အေးလက်အေးပင် ပြန်လာခဲ့ကြ၏။ ရွာရောက်ခါနီးမှ ကားက ပျက်၏။

ကားလမ်းဘေးတွင် ကားပြင်ရင်း မိုးချုပ်သွား၏။ ထိုအခိုက်အတန့်မှာပင် အမှောင်ထဲမှ လူသုံးယောက် ရုတ်တရက် လျင်မြန်စွာ ထွက်လာကြပြီး ဒရိုင်ဘာ မောင်မြင့်၏ ဦးခေါင်းကို တုတ်ဖြင့်ရိုက်ချလိုက်၏။ ဒရိုင်ဘာ မောင်မြင့်ခမျာ အော်ပင်မအော်နိုင်ဘဲ လဲကျသွားတော့၏။

မျက်နှာစည်းထားသော လူများက မထွေးကို လမ်းဘေးရှိ တောထနေသော လူကွယ်ရာသို့ အတင်းဆွဲခေါ်သွားကြတော့၏။ ပါးစပ်ပိတ်ထားသဖြင့် အော်၍မရ။ ထိုလူသုံးယောက်က မူးမူးရူးရူးဖြင့် စိတ်ထင်တိုင်းကြဲ၍ မထွေးဆီက လက်ဝတ်လက်စားကအစ ငွေများပါ အကုန်သိမ်းယူလိုက်ကြပြီး ထွက်သွားကြတော့၏။ ထွက်သွားပြီး ခဏအကြာ ထိုလူသုံးယောက်က မထွေးကို စိတ်မချနိုင်ပုံရသဖြင့် ဓားဆွဲပြီး ပြန်လာကြ၏။ လက်စတုံးလိုက်ဖို့ ဆုံးဖြတ်လိုက်ကြပုံ ရ၏။

မထွေးက အတင်းကုန်းရုန်းပြီး ထပြေးလေ၏။ နောက်က ဓားနှင့်လိုက်ခုတ်ကြ၏။ ပြေးရင်းလွှားရင်းနှင့်ပင် ကားလမ်းပေါ် ရောက်လာ၏။ နောက်ကို လှည့်ကြည့်လိုက်မိသဖြင့် မျက်နှာကို ရှပ်ထိသွား၏။

လဲကျသွားသဖြင့် မည်းမည်းမြင်ရာ ခုတ်ရင်း ခြေထောက်တွေကို ခုတ်မိသွား၏။ ထိုအချိန်လေးမှာပင် မီးရောင်တဝင်းဝင်းနှင့် ကားလေးငါးစီး ဆက်တိုက်ရောက်လာကြသဖြင့် ထိုလူသုံးယောက် အမှောင်ထုထဲကို ပြေးဝင်ပျောက်ကွယ်သွားကြတော့သည်။

မထွေးလည်း ဒဏ်ရာဒဏ်ချက်တို့ဖြင့် မေ့မြောသွားလေတော့သည်။

●

www.burmeseclassic.com

"နောက်တော့ ဘာတွေ ဆက်ဖြစ်ကြသေးလဲ အမေ"

"မထွေးကို ဆေးရုံမှာ အတော်ကြာကြာ ဆေးကုလိုက်ရတယ်၊ ဆေးရုံက ပြန်ဆင်းတော့ သူ ရွာမှာ မျက်နှာမပြရဲတော့လောက်အောင် သိက္ခာကျခဲ့ရပြီလေ၊ ပြီးတော့ မျက်နှာမှာလည်း ဒဏ်ရာရခဲ့တယ်၊ ခြေထောက်ကို ဓားနဲ့ သုံးလေးချက်ခုတ်မိလို့ အကြောတွေပြတ်ပြီး ခြေတစ်ဖက် မသန်တော့ဘူး၊ ခြေတစ်ဖက်နိမ့်သွားလို့ ခြေခွင်သလိုဖြစ်သွားခဲ့ရတယ်၊ အိမ်ထဲက အိမ်ပြင်တောင် မထွက်ဝံ့တော့ဘူး။

အပျိုဆိုတဲ့ ဂုဏ်လည်းမရှိတော့ဘူး၊ ဘယ်လို လူဆိုးသူခိုးတွေက စော်ကားသွားမှန်းတောင် မသိလိုက်ရတဲ့ဘဝ၊ မထွေးဟာလေ သိပ်သနားစရာကောင်းတယ် သမီး၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလိုပဲ တစ်ပူကနေ နှစ်ပူဖြစ်လာပြန်ရော"

"ဘာတွေထပ်ဖြစ်တာလဲ အမေ"

"ပြဿနာတွေဖြစ်ပြီး သုံးလေးလလောက်မှာပဲ နေထိုင်မကောင်းလို့ ကျန်းမာရေးဆေးခန်း သွားပြတော့ ကိုယ်ဝန်က သုံးလကျော်ရှိနေပြီ၊ ဆေးခန်းမှာတင် သူတော့ ဘဝပျက်ပါပြီဆိုပြီး ငိုလိုက်တာ၊ အဲဒီအချိန်မှာ သူ ဘယ်လိုခံစားလိုက်ရမလဲဆိုတာ သမီး စဉ်းစားကြည့်စမ်း။

ရွာမှာလည်း သူ့သတင်းဆိုးက ဟိုးလေးတကျော်ကျော် ဖြစ်နေပြီ၊ နောက်တော့ ရွာကလူတွေက သူ့ကို သနားပြီး ကိုယ်ဝန်ဖျက်ချဖို့ တိုက်တွန်းကြတာပေါ့၊ တစ်ရွာလုံးက သူ့ကို ကရုဏာသက်ကြတယ်၊ ဝိုင်းပြီး အားပေးကြတယ်၊ မလိုတဲ့လူတွေကတော့ ကွယ်ရာမှာ မျက်စပစ်ပြီး ဝမ်းသာနေကြမှာပေါ့"

"အဲဒါနဲ့ အဲဒီကိုယ်ဝန်ကို ဖျက်ချလိုက်ကြရောလား"

ဖြူပြာ အားတက်သရော မေးလိုက်၏။ သို့သော် သူကြားချင်သည့် စကား မကြားလိုက်ရပါ။

"ဘယ်ဖျက်မလဲ သမီးရယ်၊ မထွေးရဲ့ မိဘတွေဟာ တကယ့်စိတ်ကောင်းရှိတဲ့လူတွေ၊ ဘာသာတရားနဲ့ နေတဲ့လူတွေဆိုတော့ ဖျက်ချဖို့ကို လုံးဝလက်မခံဘူး၊ မထွေးကိုယ်တိုင် အရှက်ကုန်ခံပြီး ဂရုတစိုက်နဲ့ မွေးဖွားခဲ့တယ်၊ အဲဒီတုန်းက မထွေးသာ လူစိတ်မရှိဘဲ သူ့ကိုယ်ဝန်ကို ဖျက်ချခဲ့ရင် သမီးဖြူပြာ လူ့ဘဝထဲကို ရောက်လာစရာတောင် အကြောင်းမရှိဘူး"

"ဟင်- ဘုရား ဘုရား"

ဖြူပြာ နားနှစ်ဖက်ကိုပိတ်ရင်း ချုံးပွဲချ ငိုလိုက်တော့သည်။

ဖြူပြာတစ်ယောက် စိတ်ဓာတ်များ ရုတ်ခြည်းညှိုးကျသွားတော့သည်။ မွေးစားမိခင်ဖြစ်သူရှေ့ ထိုင်နေရတာကိုပင် သိမ်ငယ်လွန်းလှသည်။ လွှမ်းခဲ့သည့် မိနစ်ပိုင်းလေးအထိ တံခွန်ထူခဲ့သော မာန်မောင်းတို့ ကျိုးကျခဲ့လေပြီ။ သူ့ဘဝအမှန်ကို ပတ်ဝန်းကျင်ကများ သိသွားလျှင်၊ သူ ဆက်မတွေးဝံ့တော့။

"အဲဒီ သူခိုးဓားပြတွေဟာ သူ့ကို စော်ကားခဲ့ကြတယ်၊ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတယ်၊ သူ့ဘဝတစ်ခုလုံးကို ဖျက်ဆီးခဲ့တဲ့ အဲဒီ လူယုတ်မာတွေကို သူ ဘယ်လောက် မုန်းတီးနေလိုက်မလဲ၊ ဘယ်လောက်များ ပြန်သတ်ချင်နေလိုက်မလဲ၊ သမီး စဉ်းစားကြည့်စမ်း။

အေး- ဒါပေမဲ့ အဲဒီသူခိုးဓားပြနဲ့ရတဲ့ ကလေးကိုကျတော့ သူချစ်လိုက်တာ၊ လက်ကကို မချဘူး၊ သူ့စိတ်ဓာတ် ဘယ်လောက်မြင့်မြတ်လိုက်သလဲ၊ ဘယ်လောက်များမိခင်စိတ်ပြည့်ဝလိုက်သလဲ သမီးမျက်နှာကို မြင်လိုက်တာနဲ့ အားလုံးကို ဥပေက္ခာပြုလိုက်နိုင်ကြတယ်၊ အမေ့မေတ္တာဆိုတာ အဲဒါပဲ သမီး။

နောက်တော့ အဲဒီဓားပြတွေလည်း အဖမ်းခံရပြီး ထောင်ကျသွားကြတယ်၊ ဓားပြတွေ ထောင်ကလွတ်လာရင် သမီးကို လာပတ်သက်ကြမှာစိုးတာနဲ့ သမီး လမ်းလျှောက်သင်ခါစအရွယ်မှာ အမေတို့ဆီလိုက်လာပြီး ဟောဒီအိမ်ခြံတွေဝယ် အမေတို့ကို ဒီအိမ်မှာထားပြီး သမီးကိုစောင့်ရှောက်ခဲ့တယ်၊ ဟောဒီ အိမ်တွေ ခြံတွေ ကားတွေဟာ အားလုံး သမီးနာမည်နဲ့ ဝယ်ထားတာတွေချည်းပဲ၊ အမေတို့ကို အိမ်ရှေ့မှာ စတိုးဆိုင်လေး ဖွင့်ပေးထားခဲ့တယ်၊ သမီးကိုလည်း သူ့သမီးလို့ မသိစေချင်လို့ အမေတို့ကို မွေးစားခိုင်းခဲ့တာ။

သူကတော့ မကြာခဏ လာရှာတယ်၊ သမီးငယ်ငယ်လေးကတည်းက သူစိမ်းဘဝနဲ့ သမီးကို စောင့်ရှောက်ခဲ့တာ၊ သူ့မိဘတွေ ဆုံးသွားပြီးတဲ့နောက် ဓားပြတွေ ရန်ကလည်း ဝေးအောင် ဒီမှာပဲ အခြေချပြီး နေလိုက်တော့တာ၊ အမေတစ်ယောက်ရဲ့ မေတ္တာဟာ ဘယ်လောက်များ ကြီးမားလိုက်သလဲ၊ သမီး စဉ်းစားကြည့်စမ်း၊ ကိုယ့်သမီးအရင်းကို သူစိမ်းတစ်ယောက်လို နေရတဲ့ဒုက္ခဟာ ဘယ်လောက်များ ဆင်းရဲလိုက်မလဲ။

သမီးအရင်းလေးလို သူ ဘယ်လောက် နေချင်ရှာလိုက်မလဲ၊ ဘယ်လောက် ချစ်ချင်ရှာလိုက်မလဲ၊ ဒါပေမဲ့ သမီးအမေဟာ ရေငုံနှုတ်ပိတ်နေပြီး သမီးမျက်နှာမငယ်ဖို့အတွက်ကိုပဲ သူ ကြိတ်မှိတ်ပြီး စိတ်ဆင်းရဲခံခဲ့ရတာ။

သူသေရင်တောင် ဒီအကြောင်းတွေကို ဖွင့်မပြောဖို့ အမေ ကတိပေး





www.burmeseclassic.com

www.burmeseclassic.com

အထပ်ထပ် ပေးခဲ့ရတာ၊ မအေ တစ်ယောက်ရဲ့ သားသမီးအပေါ်မှာထားတဲ့ စေတနာ မေတ္တာကို အမေဖြင့် အံ့ဩလို့မဆုံးဘူး"

"သမီးများပါပြီ အမေရယ်၊ သမီးတော့ လူဆိုးလူမိုက်နဲ့ ရတဲ့ကလေးမို့လို့လား မသိဘူး၊ ဒေါသကြီးတာ အတ္တကြီးတာ သမီးသိပါတယ် အမေ၊ သမီးတောင်းပန်ပါတယ် အမေရယ်၊ အဖေနာမည်တောင် မဖော်နိုင်ဘဲ မွေးလာခဲ့တဲ့ သူခိုးဓားပြရဲ့သမီးဟာ အခုအချိန်မှာ ဘာမာနမှ မရှိတော့ပါဘူး"

ဖြူပြာ ကျုံ့ကျုံ့ပါအောင် ငိုချလိုက်တော့သည်။

"တိတ်ပါ သမီးရယ်၊ တိတ်ပါ၊ လူ့လောကထဲကို ခဏတစ်ဖြုတ်လေး ရောက်လာကြတဲ့အချိန်မှာ ဘာမှတန်ဖိုးမရှိတဲ့၊ ဘယ်နေရာမှာမှ သုံးစားလို့မရတဲ့ မာနတွေနဲ့ မနေချင်စမ်းပါနဲ့ သမီးရယ်၊ လူဆိုတာ အချိန်တန်ရင် ဘယ်သူမှ မသတ်လည်း အလိုလိုသေသွားရတာမျိုးပါ၊ မသေခင် လူ့ဘဝရတဲ့ အခိုက်အတန့်လေးမှာ မာနနဲ့နေရင် လူမုန်းများတယ်၊ ပူလောင်တယ်၊ မေတ္တာနဲ့နေရင် လူချစ်လူခင် များမယ်၊ အေးချမ်းတယ်၊ မေတ္တာလေးနဲ့ အေးအေးချမ်းချမ်း နေကြည့်လိုက်စမ်းပါ သမီးရယ်"

"သမီး နားလည်ပါပြီ အမေ၊ သမီး အမေထွေးဆီကို သွားပါရစေ၊ အဖေထွေး ကျေနပ်တဲ့အထိ သမီး တောင်းပန်ပါရစေ၊ သမီး သွားတွေ့မယ် အမေ"

ဖြူပြာက ပြောပြောဆိုဆို ပြေးဆင်းသွားပြီး ကားကို ဒရောသောပါး မောင်းထွက်သွားတော့၏။

"ဟဲ့ဟဲ့ မှောင်နေပြီလေ သမီး၊ ကားကို ဖြည်းဖြည်းမောင်းနော်"

မိခင်ဖြစ်သူ၏ သတိပေးသံကို ဖြူပြာ မကြားတော့။ မျက်ရည်များနှင့် မောင်းထွက်သွားတော့၏။ အမေရင်း ဖြစ်သူနှင့် သူ့ငယ်ဘဝများကိုလည်း ကားမောင်းရင်း မြင်ယောင်နေမိတော့၏။

"အမေရယ်၊ နှစ်ပေါင်းများစွာ ထိန်းကျောင်းပြုစုခဲ့ပေမယ့် အမေရယ် လို့မှ သိခွင့်မရခဲ့တဲ့ဘဝ၊ သမီးဘဝတစ်ခုလုံးကို စိတ်ချရအောင် စိန်တွေ ရွှေတွေ ပညာတွေနဲ့ ကာရံပေးခဲ့တာလားအမေ၊ သမီးရဲ့ လုံချည် အင်္ကျီကအစ အမေကိုယ်တိုင် လျှော်ဖွပ်အလှဆင်ပေးပြီး ပီတိပြုံးနဲ့ ကျေနပ်နေတတ်တဲ့ အမေ။

သမီး အော်သမျှ ငေါက်သမျှကို မျက်နှာငယ်လေးနဲ့ကြည့်ပြီး ခွင့်လွှတ်ချစ်နဲ့ ချစ်ခဲ့တဲ့ အမေ၊ အမေ့အပေါ်မှာ လွန်ကျူးခဲ့တဲ့ အပြစ်တွေအတွက် သမီးကို ခွင့်လွှတ်ပါတော့ အမေ၊ သမီး အမေ့ကို ချစ်ပါတယ် အမေရယ်"

ဝမ်းနည်းလွန်းလှသဖြင့် ကားမောင်းနေရင်း ကလေးငယ်တစ်ယောက်လို ချုံးပွဲချ အော်ဟစ်ငိုချလိုက်၏။

ကျဆင်းလာသော မျက်ရည်များကြောင့် မြင်ကွင်းက ဝေဝါးလာသဖြင့် လက်ခုံဖြင့် သုတ်ပစ်လိုက်ရ၏။ ခုတော့ဖြင့် ကြမ်းတမ်းမာကျောသော သူ့နှလုံးသားတို့ အစိတ်စိတ်အမြွာမြွာ ကွဲခဲ့လေပြီ။

"ဒုက္ခိတမိန်းမကြီး၏ သမီး၊ ရုပ်ဆိုးမကြီးရဲ့ သမီး၊ အဖေမဖော်နိုင်တဲ့ သူခိုးဓားပြရဲ့သမီးလို့ လူသိမှာ စိုးသတဲ့လား၊ သမီး မျက်နှာငယ်မှာစိုးတာ တစ်ခုလေးနဲ့ အမေ့ဘဝတစ်ခုလုံးကို မြှုပ်နှံပစ်လိုက်ရသလား၊ အမေဟာ ဘာကြီးပဲ ဖြစ်နေဖြစ်နေ အမေဟာ အမေပါပဲ၊ အမေ ဘာမှမဖြစ်ပါစေနဲ့၊ သမီးကို စောင့်ပါဦး၊ သမီး လာနေပါပြီ အမေ"

အမေ့ မေတ္တာကို သိလိုက်ရသည့်အချိန်မှာ သူ တစ်ခါမှ မခံစားဖူးသော အေးချမ်းသည့်မေတ္တာဓာတ်ကို သူ စတင်ခံစားလိုက်ရ၏။ စိမ့်စမ်းရေပမာ မေတ္တာစိတ်ကလေး စီးဝင်လာသည်နှင့် အတ္တမီးတောက်တို့ ငြိမ်းစပြုပြီ။ ပူလောင်နေသောမာနကို ချလိုက်သဖြင့် ကြည်လင်အေးချမ်းမှုကို သူသိခဲ့ပြီ။ သုန်သုန်မှုန်မှုန် မဟုတ်တော့။

လူတကာအပေါ် သူမောက်မာခဲ့ပုံများ၊ နှိမ်ခဲ့ပုံများ၊ အနိုင်ယူခဲ့ပုံများ၊ မော်ကြွားခဲ့ပုံများ၊ သူပြုခဲ့သည့် အမှားများက သူ့အာရုံတွင် တစ်ခုပြီးတစ်ခု မြင်နေလေပြီ။

မိခင်ရင်းခေါက်ခေါက်အပေါ် ရက်ရက်စက်စက် ပြောဆိုခဲ့ဖူးသည်များကို မကြည့်သော်လည်း မြင်လျက်သား ဖြစ်နေ၏။ ယူကျုံးမရသော စိတ်ဖြင့် နောင်တရနေ၏။ မိခင်ကို တွေ့ချင်စိတ်ဖြင့် ကားကို အမြန်မောင်းနေမိသည်။

ထိုစဉ်မှာပင် ကားမောင်းနေရင်း မျက်ရည်များက သွန်ချသလို ကျလာနေပြန်၏။ မြင်ကွင်းက ဝေဝါးလာသဖြင့် လက်ခုံဖြင့် သုတ်လိုက်ရပြန်၏။

လမင်းကိုလှမ်းဟပ်သော ကြယ်တစ်ပွင့်၏ အလင်းရောင်က လမင်း၏ အလင်းကို မယှဉ်သာသဖြင့် လမ်းခုလတ်မှာပင် ပျောက်ကွယ်သွားရ၏။ မည်းနက်ပြောင်လက်နေသော ကားလမ်းမပေါ်မှာ ဖြူပြာ၏ ကားလေးက အရှိန်ပြင်းစွာ အမှောင်ထဲကို တိုးဝင်လျက်ရှိ၏။

**ထန်းတပင်စန်းလွင်**

❑



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှ အဆက်)

# မြိုင်သာယာမှ နှင်းပျောက်တဲ့နွေ

ဘိဘိ (ဂျမီနီ)

ကျွန်တော်သည် တိတ်ဆိတ်စွာ ထွက်ခွာသွားကြသော တပည့်များ၏ နောက်ကျောကို ကြည့်ကာ ဝမ်းနည်းစိတ်များ ဖြစ်ပေါ်လာပါသည်။ တစ်နှစ်တာ ဟူသည် ဘာမှ မကြာလိုက်ပါ။ သို့သော် ကျွန်တော်တို့အကြားတွင် ဆရာနှင့်တပည့် သံယောဇဉ်များကတော့ ဖြစ်တည်ခဲ့ကြရပါ၏။ ထိုသံယောဇဉ်သည် ဖြူစင်လှပါ၏။ သို့သော် မည်သို့သော သံယောဇဉ်မျိုး ဖြစ်စေကာမူ ခွဲခဲ့ကြရပြီဆိုသောအခါ ပူလောင်မှုကိုတော့ ဖြစ်စေရပါ၏။

ဤအိမ်ကြီးတွင် ကျွန်တော် တစ်ယောက်သာ ကျန်ရှိတော့ပြီး ကျွန်တော်သည် မလှုပ်မယှက်ငြိမ်သက်စွာ ပင် ထိုင်နေမိပါသည်။

ထိုစဉ် "ဆရာလေး ဆရာလေး" ဟူသော ခေါ်သံနှင့်အတူ ဗယ်ဒလင်ယူဆောင်ပြီး ကိုဘဲလေး ရောက်ရှိလာပါသည်။

ကျွန်တော့်ကို မြင်တွေ့သော် "တစ်အိမ်လုံး တိတ်ဆိတ်နေလို့ ဘယ်သူမှမရှိကြဘူး ထင်နေတာ" ဟု ဆိုကာ ကျွန်တော့်အနီးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။

"ဟုတ်တယ် ကိုဘဲလေး၊ တပည့်တွေလည်း စောစောကပဲ ပြန်သွားကြပြီ၊ ဆရာကျော်တို့ကတော့ ရွာထဲ ထွက်သွားကြတာ ကြာပြီ"

"ဩော်- ဒါထက် ရွာထဲက ကြားခဲ့တာ ဆရာလေး အစိုးရအလုပ်ရသွားလို့ လာမယ့်နှစ် မလာတော့ဘူးဆို"

"ဟုတ်တယ် ကိုဘဲလေး၊ ကျွန်တော်လည်း ဒီလောက်မြန်မယ်လို့ ထင်မထားဘူး၊ အစိုးရအလုပ်ဆိုတာ ရဖို့ရာ လွယ်မှမလွယ်ပဲ၊ တကယ်လို့ ဒီအလုပ်ကိစ္စသာ မရှိခဲ့ရင် ကျွန်တော် ကျောင်းပိတ်လည်း တစ်ရက်နှစ်ရက်နေဦးမယ်လို့ စိတ်ကူးထားတာ အခုတော့ရက်က ကပ်နေတာမို့ မနက်ဖြန်ပဲ ကျွန်တော် ပြန်ရတော့မယ် ပြီးတော့ နိုင်ငံ့ဝန်ထမ်း ဖြစ်သွားရင်



www.burmeseclassic.com

www.burmeseclassic.com




ကိုယ့်ကိုယ်ကိုယ် မပိုင်တော့ဘူးလေ။ ဒီတော့ ကျွန်တော် မြိုင်သာယာကို နောက်တစ်ခေါက် ပြန်ရောက်နိုင်မယ် မထင်ဘူး"

"ဆရာလေးရယ်၊ အရင်က ဘယ်လိုဆက်စပ်မှုမှမရှိဘဲ အစိမ်းသက်သက်နဲ့တောင် ရောက်လာခဲ့သေးတာ၊ အခု မြိုင်သာယာမှာ ဆရာလေးကို ခင်မင်တဲ့မိတ်ဆွေတွေတောင် အများကြီးရှိနေပြီ၊ ဒါကြောင့် ဆရာလေး မြိုင်သာယာကို နောက်ထပ်တစ်ခါ ရောက်လာဦးမယ်လို့ ကျွန်တော်ယုံကြည်တယ်"

"ဟုတ်ပါပြီဗျာ၊ ကျွန်တော်လည်း အဲဒီလို ဖြစ်ချင်တာပါပဲ၊ ဒါထက် အချိန်ရှိတုန်း ကျွန်တော်တို့ သီချင်းဆို သွားကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာလေး၊ ဒါကြောင့် ကျွန်တော် မင်ဒိုလင် ယူခဲ့တာပေါ့၊ ကဲ သွားကြစို့ဗျာ"

ကျွန်တော်သည် အိမ်တံခါးတို့ကို မပိတ်ပါ။ ခြံဝင်းတံခါးကိုသာ ခွေးဝင်မည်စိုး၍ စေ့ထားခဲ့ပါသည်။

ဤမြိုင်သာယာအတွက် သူခိုးဝင်သည်ဟု မရှိပါ။ ခြံဝင်း လုံသည်ဖြစ်စေ၊ မလုံသည်ဖြစ်စေ မည်သည့်ပစ္စည်းမှ ပျောက်ရှသည်ဟု မကြားဖူးပါ။ အလွန်ကောင်းသော ဓလေ့စရိုက်ပင်ဖြစ်ပါ၏။

ကျွန်တော်နှင့် ကိုဘဲလေးတို့ တဖြည်းဖြည်း လျှောက်လှမ်းခဲ့ကြရာ မကြာမီမှာပင် ချောင်းကမ်းပါးသို့ရောက်ရှိခဲ့ပါသည်။ ရာသီစက်ဝန်းတို့သည်ကားလည်ပတ်ပြောင်းလဲခဲ့ပြီ ဖြစ်ပါ၏။ ကျွန်တော်ဤချောင်းစောင်းသို့ စတင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့စဉ်က ဟေမန္တဆောင်းရာသီ ဖြစ်ပါ၏။ ယခုမူ တပေါင်းလ အခါသမယ ဂိမာန်နွေဦးအစသို့ပင် ရောက်ရှိနေပြီ ဖြစ်ရကား ဝန်းကျင်အနှံ့တွင် နှင်းတို့ ကွယ်ပျောက်ခဲ့ပြီး နှင်းတို့နေရာ၌ မြူတို့ အစားထိုးဝင်ရောက်လျက်ရှိပြီး လရောင် အောက်ဝယ်မူ မှုန်ရီဝေဝါးသော မြင်ကွင်းတို့မှာ ပို၍ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ပါ၏။ အချို့ သစ်ပင်တို့တွင် ရိုးတံများသာ ကျန်ရှိတော့ပြီး အချို့သစ်ပင်တို့တွင် ရွက်ဝါတို့ ကြွေလုံလျက်ရှိပါ၏။ တိုက်ပျက်ကြီးဆီမှ ဧကရာဇ်ပင်ကြီးမှာလည်း ရိုးတံတို့သာ ကျန်ရှိပါသည်။

နွေဦးအစသာရှိသေး၍ ဆောင်းသခင်၏ ရိုက်ခတ်မှုတို့ ကျန်ရှိရစ်သေးရာ ညချမ်းအခါများ၌ အေးမြမှုများ ခံစားနေရသေးပြီး တစ်ခါတလေ နှင်းကျန် နှင်းကွင်းကလေးများပင် ကျရောက်လာတတ်ပါချေ၏။

ထိုစဉ် မြိုင်သာယာ အနောက်ရွာ၏ မြောက်ဘက် ထန်းတောညို့ညို့ဆီမှ လွမ်းမောဆွတ်ပျံ့ဖွယ် ဥဩတွန်သံကလေး လွင့်ပျံ၍လာပါ၏။ သြော်နွေ၏ သရုပ်သည်ကား မကြာမီ ပီပြင်ထင်ရှား၍ လာတော့ပေဦးမည်။

ထုံစံအတိုင်းပင် ကျွန်တော်တို့သည် ကိုစောညိန်း၏ သီချင်းများကို ဆိုဖြစ် တီးဖြစ်ကြပါ၏။ ချစ်နှင်းမှုန်မှုန် သီချင်းကတော့ ပင်တိုင်သီဆိုနေကျပင်။

ကျွန်တော်သည် သီချင်းဆိုနေရင်းမှ တိုက်ပျက်ကြီးဆီသို့ လှမ်းကြည့်မိသည်။ ပြတင်းဝတွင် ဖြူဖြူသဏ္ဌာန်ကို မတွေ့မြင်ရပါက ကျွန်တော်တို့ ခါတိုင်းညတွေ ရောက်ခဲ့စဉ်က ကျွန်တော်တို့ ရောက်ရှိပြီး မကြာမီမှာပင် ဖြူဖြူသဏ္ဌာန်သည် အုတ်ဂူနေရာမှ လည်းကောင်း၊ ပြတင်းပေါက်မှ လည်းကောင်း ပေါ်လာမြဲ ဖြစ်ပါ၏။ ကျွန်တော်တို့လည်း ဤနေရာကို မရောက်ဖြစ်သည်မှာ တစ်လခွဲခန့် ကြာမြင့်သွားခဲ့ပြီဖြစ်၍ ဖြူဖြူသဏ္ဌာန်သည် ဤတိုက်ကြီးတွင် မရှိတော့ပြီလား၊ နာမ်လောကသား တစ်ဦးဦးဖြစ်ခဲ့လျှင်လည်း အခြားသော ဘုံဘဝသို့ ကူးပြောင်းရောက်ရှိသွားလေပြီလား။ သို့မဟုတ် ထိုဖြူဖြူလူရိပ်သဏ္ဌာန်ပိုင်ရှင်သည် ဆောင်းနှင့်သော်လည်းကောင်း၊ နှင်းနှင့်သော်လည်းကောင်း ပတ်သက်ဆက်နွယ်မှု ဖြစ်တည်မှုကြောင့် ဆောင်းကုန်၍ နှင်းပျောက်သောနွေတွင် နှင်းတို့နှင့်အတူ ကွယ်ပျောက်သွားခြင်း ဖြစ်သလော မတွေးတတ်အောင် ရှိမိပါသည်။

မည်သို့ပင်ဖြစ်စေ ဤနေရာသည်လည်းကောင်း၊ ဖြူဖြူအရိပ်သဏ္ဌာန်သည်လည်းကောင်း အကြောင်းရှာမရဘဲ ကျွန်တော့်စိတ်အစဉ်၌ လွမ်းမိုးကာ ဝမ်းနည်းကြေကွဲစေသော ဝေဒနာတို့ကို ဖြစ်ပေါ်စေခဲ့သည်ဖြစ်ရာ ယနေ့ည ဤနေရာသို့ နောက်ဆုံးအနေဖြင့် လာရောက် နှုတ်ဆက်သော အချိန်တွင် ဖြူဖြူသဏ္ဌာန်ကိုလည်း မတွေ့ရှိရပြန်သောအခါ ပို၍ပင် ဝမ်းနည်းလာမိရပါ၏။

ထို့ကြောင့် ကျွန်တော်သည် ချစ်နှင်းမှုန်မှုန်သီချင်း ပြီးဆုံးသွားသောအခါ သီဆိုတီးခတ်ခြင်းကို ရပ်[illegible]နားပစ်လိုက်ပြီး တယောကို အိတ်အတွင်းသို့ ထည့်သွင်းလိုက်ပါတော့သည်။

ဤတစ်ကြိမ် တယောအိတ်ကလေးကို ပိတ်သိမ်းလိုက်စဉ်မှာတော့ ဤတယောကလေးကို တော်တော်နှင့် ပြန်လည်ထုတ်ယူ တီးခတ်ဖြစ်တော့မည် မဟုတ်ကြောင်း အလိုလို ခံစားသိရှိနေမိပါသည်။

"ဆရာလေး ဘာလို့လဲ၊ ကျွန်တော်က ဆရာလေး ဒီည သီချင်းတွေ အများကြီး ဆိုလိမ့်မယ်လို့ ထင်ထားတာ၊ ပြီးတော့ ဆရာလေးရဲ့ ဂီတသံတို မကြားရတာ အတော်လည်းကြာခဲ့ပြီ နောက်ထပ်ကြားရဖို့လည်း မလွယ်တော့တာမို့ ဒီနေ့ည အားရပါးရ နားထောင်လိုက်မယ်လို့ အားခဲထားတာ"

"ကိုဘဲလေးကို တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် ဆက်မဆိုနိုင်တော့လို့ပါ၊ ပြီးတော့လည်း ကျွန်တော် မနက်ဖြန် မြိုင်သာယာက ပြန်သွားခဲ့ရင် ဘယ်အချိန် ဘယ်ကာလမှ မြိုင်သာယာကို ပြန်ရောက်ရပြီး ကိုဘဲလေးနဲ့ ပြန်လည် ဆုံတွေ့ရမယ်မှန်း မသိနိုင်ဘူးလေ၊ ဒါကြောင့် ဒီကနေ့ညတော့ ကျွန်တော်သိပ်သိချင်တဲ့ သိသင့်တယ်လို့လည်း ထင်မိတဲ့ ဒီတိုက်ပျက်ကြီးရဲ့ အကြောင်းကို ပြောပြစေချင်တယ်ဗျာ"

"ဆရာလေးကို ကျွန်တော် ကတိပေးခဲ့တယ်လေ၊ အချိန်ကျရင် ပြောပြမယ်ဆိုတာ၊ အခုဆရာလေး[illegible] မြိုင်သာယာက အပြီးတိုင်သဘော[illegible] ထွက်ခွာသွားရတော့မှာဆိုတော့ ပြောပြဖို့ သင့်ပြီ၊ ပြောပြလို့ဖြစ်ပါပြီ၊ အချိန် အခါ ကျရောက်လာပြီပေါ့ဗျာ၊ ဟိုး လွန်ခဲ့တဲ့ အနှစ်(၃၀)ကျော်လောက်ကပေါ့ အဖြစ်ကတော့ ဒီလိုဆရာလေးရေ" ဟု အစ ချီ၍ ကိုဘဲလေးမှ အောက်ပါ အကြောင်းအရာတို့ကို ဤသို့ ပြောပြ[illegible]တော့သည်။

*

၁၉၅၅ ခုနှစ်၊ ဖဆပလ အစိုး[illegible] လက်ထက် အခါသမယဖြစ်ပါသည်။

"အသက်ကလေးရယ်တဲ့ ရှင်[illegible] စေလို မြန်န္မာ့ရေညိုသမ်းတယ် ရွှေ[illegible] တောင်ရိပ်ခို"ဟူသောအတိတ်တ[illegible]





www.burmeseclassic.com

www.burmeseclassic.com

နှင့်အညီ အထက် မြန်မာပြည် ဒေသအနှံ့အပြားမှ မန္တလေးမြို့သို့ ငြောင်းရွှေ့နေထိုင်သူတွေ ပေါများ ရှိပါ၏။ မန္တလေးမြို့တွင် အစား သောက် ပေါများသည်။ ပွဲလမ်း သဘင် ပေါများသည်။ ငွေရှာရလွယ်ကူ ကြီးပွားတိုးတက်နိုင်သည်။ ကျန်းမာ အတွက် ဆေးရုံကြီးများရှိသည်။ ပညာရေးအတွက် ဆေးတက္ကသိုလ်နှင့် /သိပ္ပံတက္ကသိုလ်ရှိသည်။ သွားရေး လာရေး လွယ်ကူသည်။ အစရှိသော အချက်များကြောင့် မန္တလေးမြို့ကို ကြခြင်း ဖြစ်ပါ၍ စစ်ပြီးခေတ်တွင် လေးမြို့ကြီးသည် အလျင်အမြန် ထွားတား၍လာပါ၏။

ဤခေတ်အခါတွင် တက္ကသိုလ် သည်မှာလည်း ရန်ကုန်နှင့် မန္တလေး တွင်သာ ရှိသေးပြီး တက္ကသိုလ် ရှိသူ တက္ကသိုလ် တက်နိုင်သူ မှာလည်း အလွန်ပင် ရှားပါးလှရာ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား သော ဂုဏ်ပုဒ်မှာ ထည်ဝါလွန်းလှပြီး အများ၏ အထင်ကြီးလေးစားခြင်းကို ခံယူ၍ နေကြရပါ၏။ ထို့ကြောင့် နှစ်ခု တည်းသာ ရှိသေးသော ဤတက္ကသိုလ် များမှာပင် ကျောင်းသူ ကျောင်းသား နည်းပါးလှပါသေးသည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတို့သည် တစ်ဦးနှင့်တစ်ဦး ခင်မင်သိကျွမ်းခြင်းမရှိသော်မှ တွေ့ဖူး မြင်ဖူး မျက်မှန်းတန်းမိကြသူများသာ ဖြစ်ပါ၏။ သို့ပါ၍ မန္တလေးတက္ကသိုလ် ဆိုလျှင်အိပ်မက်ဆန်လှ၏။ ကောင်းကင်ဘုံ ဆန်လှပါ၏။ တက္ကသိုလ်ဝင်း၏ အပြင်ဘက်မှ မြင်တွေ့ရသော မိန်း အဆောက်အအုံကြီးမှာထုထည်ဧရိယာ ကြီးမားလှသော ထူထဲသော အုတ် နံရံဝါဝါကြီးများကပင်လျှင် ခံ့ညား ထယ်ဝါလှပြီး အညာ၏သရုပ် တမာပင်၊ ဖျောက်ဆိပ်ပင်၊ ကုက္ကိုပင်တို့ဖြင့် နေ ပြောက်မထိုးဘဲ အရိပ်အာဝါသကောင်း လှပါ၏။

တက္ကသိုလ် ကျောင်းသား ကျောင်းသူတို့၏ ဘဝများသည် နေရာ တိုင်းတွင် ထင်ပေါ်လျက်ရှိ၍ သီးခြား ဖြစ်တည်နေသကဲ့သို့ရှိရာ လူငယ် လူ ရွယ် အားလုံးတို့သည် တက္ကသိုလ် တက်လိုကြ၏။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားအဖြစ်ကို ရောက်လိုလျက် ရှိပါ၏။

သို့သော်လည်း (၁၀)တန်း စာမေးပွဲဟူသော တံတိုင်းကြီးမှာလည်း မြင့်မားလွန်းလှ၍ အောင်မြင်စွာကျော် လွှားနိုင်သူတို့ နည်းပါးလှသည့်အပြင် ခက်ခက်ခဲခဲ အောင်မြင်လာပြန်လျှင် လည်း တက္ကသိုလ်ကျောင်းသား တစ် ယောက်၏ စရိတ်မှာ သာမန်မိသားစု တစ်ခု၏ ကုန်ကျစရိတ်ထက်ပင် ကြီးမြင့် လျက်ရှိပြန်ရာ (၁၀)တန်း အောင်သူ တိုင်းလည်း တက္ကသိုလ်ဝင်းအတွင်းသို့ ခြေချနိုင်ခြင်းမရှိ၍ မန္တလေးတက္ကသိုလ် ကြီးသည်ကား သာမန်ဘဝအခြေအနေ ရှိသူများနှင့် အလှမ်းကွာဝေးလျက် သီးခြားကမ္ဘာကဲ့သို့သာ ရှိနေပါသေး၏။

ယခုလည်း ၁၉၅၅ ခုနှစ် တက္က သိုလ်ပညာသင်နှစ် စတင်ချိန်သို့ ရောက် ရှိလာ၍ တက္ကသိုလ်နှင့် တက္ကသိုလ် ပတ်ဝန်းကျင်တွင် ကျောင်းသူ ကျောင်း သားများနှင့် ကျောင်းသူ ကျောင်းသား များ မိဘဆွေမျိုးများနှင့် စည်ကားလျက် ရှိပါ၏။ အဆောင်ရှာကြ၊ အဆောင် အပ်ကြ၊ ကျောင်းအပ်ကြနှင့်။

အချို့ ငွေကြေးချမ်းသာသူများ ဆိုလျှင် ကျောင်းသူ ကျောင်းသား တစ်ယောက်တည်း ကျောင်းအပ်လာ သည်ကိုပင် တစ်ဆွေလုံး တစ်မျိုးလုံး လိုက်ပါလာကြပြီး စိတ်မချနိုင်အောင် မှာကြား၍ မဆုံးနိုင်အောင် ရှိကြပါ၏။

ကျောင်းအပ်ကာလ တစ်ပတ် ကျော်သည်နှင့် ကျောင်းသူ ကျောင်း သား အသစ်(Fresher) များစုံညီသွားပြီ ဖြစ်ပါသည်။ ထိုအခါ တက္ကသိုလ်တို့၏ ထုံးစံအတိုင်း ကျောင်းသူ ကျောင်းသား အသစ်များထဲမှ မည်သူ King ရမည်၊ မည်သူ Queen ရမည်တို့ကို ဝေဖန် သုံးသပ်ကြပါတော့၏။

တက္ကသိုလ်ကျောင်းသူ ကျောင်း သား အားလုံးနီးပါးမှာ ငွေကြေးဓန ပြည့်စုံသော မိသားစုများ၊ အရာရှိကြီး များ၏ သားသမီးများဖြစ်ကြရာ ပုပင် ကြောင့်ကြမှု ကင်းရှင်းကြသူများသာ ဖြစ်ကြ၍ ၎င်းတို့အဖို့ရာတွင် ဤ King, Queen ကိစ္စမှာ အရေးပါလှသော ကိစ္စ တစ်ရပ်အဖြစ် ရှေ့တန်းတင်နေကြသည် မှာ သဘာဝကျလှပါ၏။

ထိုအခါ ကျောင်းသားထု အတွင်း၌ King အဖြစ် ရွေးချယ်သတ် မှတ်ခံရသူမှာ ကိုမှိုင်းလွင် ဆိုသူဖြစ်ပါ ၏။ ကိုမှိုင်းလွင်သည် မိုးကုတ်မြို့မှ ကျောက်တွင်းပိုင်ရှင် သူဌေးသားတစ်ဦး ဖြစ်ပြီး အရပ်မြင့်မြင့်၊ မျက်ခုံး မျက်လုံး ကောင်းကောင်း၊ အသားဖြူဖြူနှင့် မာန် မာနကင်းစင်ပြီး ပကတိအေးချမ်းလျက် အစည်းသဖြင့် ဖော်ရွေသော အပြုံးနှင့် ရှိနေတတ်ပါ၏။

ကြက်တောင်ရိုက် ကောင်းပြီး၊ ဂီတဘက်တွင်လည်း ထူးချွန်လှပါ၏။ သူဌေးသားဖြစ်၍ ခေတ်မီ သပ်ရပ်စွာ အဆင့်အတန်းမြင့်မြင့် ဝတ်စားဆင်ယင် သည် မှန်သော်လည်း အနောက်တိုင်း ဝတ်စုံတို့ ဝတ်ဆင်မှုနည်းပြီး အရောင်



www.burmeseclassic.com

www.burmeseclassic.com

နုနု တိုက်ပုံအင်္ကျီတို့ကိုသာ ထည်လဲ နှစ်သက်စွာ ဝတ်ဆင်လေ့ရှိပါသည်။

ကိုမှိုင်းလွင်၏ ဖြူနုသော ခြေဖမိုးတို့သည်ပင် ကတ္တီပါဖိနပ်သဲကြိုးတို့ဖြင့် ထင်ရှားပေါ်လွင်လျက်ရှိသဖြင့် သတိပြုမိကြရသည်အထိ ဖြစ်ရပါ၏။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားအားလုံး၏ စိတ်ထဲတွင် ကိုမှိုင်းလွင်ကိုသာ ယခုနှစ်အတွက် King အဖြစ် လျာထားလျက်ရှိကြပါ၏။

ထို့အတူ ကျောင်းသူများတွင်လည်း Queen အဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံရသူတစ်ဦး ရှိပါသည်။ ထိုကျောင်းသူမှာ ငါန်းဇွန်မြို့နယ် မြိုင်သာယာရွာမှ နှင်းယုသွယ်ဆိုသော မိန်းကလေး ဖြစ်ပါသည်။ မြိုင်သာယာသည် မြင်းခြံ၊ နွားထိုးကြီးစသော ကျည်းတောဒေသတွင် ပါဝင်ရာ ထိုဒေသခံတို့မှာ အသားအရေ ညိုမည်းကြမ်းတမ်းကြပြီး ကိုယ်ခန္ဓာ အချိုးအစားတို့မှာလည်း ပုတုတ်သူတို့သာများပြားလှသော်လည်း နှင်းယုသွယ်သည် ထိုသို့မဟုတ်ပါ။

နှင်းကဲ့သို့ ဖြူဖွေးနုနယ်သော အသားအရေ၊ နက်မှောင်သန်စွမ်း ရှည်လျားလှသော ပိုးသားအသွင် နုညက်လှသော ဆံပင်တို့မှာလည်း ဖြေချထားလျှင် ခြေသလုံးခန့်အထိပင် ရောက်ရှိနေပြီး ကိုယ်ဟန်သွယ်လျလျကလေးမှာ ကောက်ပင်ပျိုကလေး ယိမ်းနွဲ့နေသကဲ့သို့ ရှိသော်လည်း ပန်းပုထုထားသော လက်ရာမြောက်လှသည့် ယမင်းရုပ်တုအသွင်ဖြစ်၍ မျက်နှာကလေးမှာလည်း သွယ်သွယ်လျလျဖြင့် ထူးခြားပေါ်လွင်သော အလှပိုင်ရှင်တစ်ဦးပင် ဖြစ်ပါ၏။

နှင်းယုသွယ်သည်လည်း အားကစားတွင် ကြက်တောင်ရိုက် ထူးချွန်နေပြန်ပြီး ဂီတဘက်တွင်လည်း ပါရမီရှိသူဟု သိရပါသည်။ ထို့ကြောင့် မိန်းကလေးလောကတွင် နှင်းယုသွယ်ကို Queen အဖြစ် အလိုလို သတ်မှတ်နေမိကြပြီး ဖြစ်ပါ၏။

ဆိုခဲ့သည့်အတိုင်းပင် တက္ကသိုလ် ကျောင်းသူ ကျောင်းသားတို့၏ ဘဝသည်ကား ပကတိအေးချမ်း သာယာလျက် ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိပြီးလျက် အချိန်နာရီ နေ့ရက်တိုင်းတို့သည် တန်ဖိုးရှိလှသည်သာ ဖြစ်ပါ၏။ မပင်မပန်း စာပေ သင်ကြားကြရ၍ အားလပ်သောအချိန်များတွင် စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ အားကစားစသည်တို့ဖြင့် ပျော်ရွှင်ကြည်မွေ့လျက်ရှိကြပါ၏။

ဤသို့ဖြင့် ကျောင်းများဖွင့်လှစ်ပြီး တစ်လခန့်အကြာတွင် Fresher Welcome (မောင်မယ်သစ်လွင်ကြိုဆိုပွဲ) တွင် ပါဝင်သီဆို ကပြဖျော်ဖြေမည့်သူတို့ကို စာရင်းကောက်ပါသည်။ ထိုနောက် လေ့ကျင့်ကြရသည်။ အဆို၊ အက၊ အတီးတို့ တိုက်ကြရပါသည်။

ထိုအထဲတွင် ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့လည်း ပါဝင်ခဲ့ပြီး ကိုမှိုင်းလွင်သည် တယောထိုးနှင့် သီချင်းဆို ကောင်းလှကြောင်း၊ နှင်းယုသွယ်သည် စောင်းတီးနှင့် သီချင်းဆို ကောင်းလှကြောင်း သတင်းတို့ ထွက်ပေါ်၍လာပါသည်။

မည်သည့် သီချင်းများဆိုကြမည်။ မည်သို့ တင်ဆက်ကြမည်ကိုမူ လျှို့ဝှက်ထားပါသည်။ သို့မှသာ ပွဲရက်ကို စိတ်စော၍ စောင့်ကြိုကြကာ တစ်ခဲနက်အားပေးကြပြီး ကြည့်ရှုသူတို့ ရသအပြည့်အဝ ခံစားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားတို့သည် မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့ကို လက်ချိုးရေတွက်ကာ စောင့်စား၍ နေကြပါသည်။

ဤသို့ဖြင့် ကျောင်းသူ ကျောင်းသားအားလုံးတို့ အထူးမျှော်လင့် စောင့်စားလျက်ရှိသော Fresher Welcome နေ့သို့ ရောက်ရှိလာပါသည်။ ခန်းမကြီးထဲတွင် ကျောင်းသူ ကျောင်းသားများ ဆရာဆရာမများ၊ ဌာနမှူးများ စုံညီစွာ ရောက်ရှိနေပြီ ဖြစ်ပါသည်။ အခမ်းအနားမှူးမှ ပထမဆုံး အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေငြာပြီး အစီအစဉ်များကို ဖတ်ကြားပါသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်မှ မိန့်ခွန်းပြောကြားပါသည်။ ထို့နောက် ဖျော်ဖြေရေး အစီအစဉ်များ စတင်ပါသည်။ အခြား အခြားသော သီဆိုကပြမှု အစီအစဉ်တို့ဆက်တိုက် တင်ဆက် ပြီးစီးသောအခါ ကျောင်းသူ ကျောင်းသားများ မျှော်လင့်စောင့်စားလျက်ရှိသော ကိုမှိုင်းလွင်၏ အလှည့်သို့ ရောက်ရှိလာပါသည်။

အစီအစဉ်ကြေငြာသူမှ -

"ယခု သီဆိုရန် အလှည့်ကျရောက်လာသူကတော့ ဓာတုဗေဒ ပထမနှစ်ကျောင်းသား ကိုမှိုင်းလွင်ပဲ ဖြစ်ပါတယ် ခင်ဗျား၊ သီဆိုမယ့်သီချင်းကတော့ ယနေ့ ဓာတ်ပြားလောကမှာ နာမည်ကျော်ကြား လူကြိုက်များနေတဲ့ ကိုစောညိန်းရဲ့ ချစ်နှင်းမှုန်မှုန်သီချင်းပဲ ဖြစ်ပါတယ် ခင်ဗျား"

ကြေညာသံဆုံးသည်နှင့် ခန်းမကြီးထဲတွင် လက်ခုပ်သံတို့ ထွက်ပေါ်၍လာပါ၏။ ကိုမှိုင်းလွင်သည် တယောကို ကိုင်ဆောင်၍ စင်မြင့်ထက်တွင် ပေါ်ထွက်လာပါသည်။ ထို့နောက် တယောကို ပိုင်နိုင်စွာထိုး၍ တည်ငြိမ်လေးနက်စွာဖြင့် စာသားတို့၏ ရသ



www.burmeseclassic.com

www.burmeseclassic.com

လွှင့်စွာသီဆိုပါတော့သည်။ ကိုမိုင်း သည် တယောထိုး ကောင်းလှသည့် အပြင် အဆိုလည်း ပိုင်နိုင်လှပါ၏။ ဆင်ရသူ ပရိသတ်အမပါင်းတို့သည် နှင့် တေးသံတို့ကို ခွဲခြားမရနိုင်ဘဲ နစ်မျောလျက်ရှိကြ၍ တေးသီချင်း ဆုံးသွားသည့်တိုင် မိန်းမောနေကြ ပြင့် အတန်ကြာမှသာ လက်ခုပ်တီး ကြပြီး လက်ခုပ်သံတို့မှာ အတော တ်နိုင်ဘဲရှိရာ အခမ်းအနားမှူးမှ က်ထပ်သီဆိုဖျော်ဖြေမည့်သူ တစ်ဦး ကို ဆက်လက်ကြေငြာလိုက်ရပါတော့ သည်။

ထိုနောက် နောက်တစ်ဦး ထို တ် နောက်တစ်ဦး။ (၃)ဦးမြောက် င်တော့ အများမျှော်လင့်တောင့်တ က်ရှိသော နှင်းယုသွယ်၏ အလှည့် ရောက်ရှိလာပါသည်။ နှင်းယုသွယ် သည် အမည်နှင့် လိုက်ဖက်စွာပင် မှန် ရင်ဖုံးအင်္ကျီလက်ရှည် အဖြူရောင် င် အဖြူရောင် အချိတ်ပိုးထဘီဖြင့် ဖြူရောင် ဇာပဝါကိုခြုံ၍ မှန်စီရွှေချ င်းကောက်ကိုပိုက်ပြီး ပေါ်ထွက်လာ သည်။

ပရိသတ်ကြီးမှာ ရုတ်တရက် တက်မိကာ ငေးကြည့်နေမိကြသည်။ လက်ခုပ်သံများ ထွက်ပေါ်လာပါ သည်။ နှင်းယုသွယ်သည်ကား လှရက် ပါဘိ။ ထို့ထက် ယဉ်ကျေးသိမ်မွေ့ ကျက်သရေရှိလှပါ၏။

"အခုတစ်ခါ သီဆိုဖို့ အလှည့် ရောက်လာသူကတော့ ကျောင်းသူ ကျောင်းသားများအားလုံး မျှော်လင့် စားနေတဲ့ နှင်းယုသွယ်ပါပဲ ခင်ဗျာ၊ ဆိုမည့် သီချင်းကတော့ ယခု ရုပ်ရှင် တမှာ ရေပန်းစားနေတဲ့ နှင်း က်တဲ့နွေ သီချင်းပဲ ဖြစ်ပါတယ်"

ကြေငြာသံမှ မဆုံးသော လက် ခုပ်သံနှင့် လက်ခေါက်မှုတ်သံတို့ သော သောညံအောင် ထွက်ပေါ်လာပါတော့ ၏။

"ရှိုး ရှိုး ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံများ ငြိမ်သက်သွား သည်နှင့် နှင်းယုသွယ်၏ သာယာငြိမ့် ညောင်းလှသော စောင်းလက်သံ ထွက် ပေါ်လာပါ၏။ အခြားတူရိယာများ မတွဲဘက်ပါ။ စောင်းတစ်မယ်တည်းကို သာ အားပြုထားပြီး ပုလွေကြီး၊ ခြောက် လုံးပတ်နှင့် စည်းတို့သာ ထောက်ကူပေး ထားပါ၏။ အတောပိုဒ် ပြီးဆုံးသွား သောအခါ -

"နှင်းငွေရောင်ဖြူလွှ xx တူစွ သဏ္ဌာန်ပေ၊ ငွေရည်ပုလဲဥတို့ စုကာ ဖြန်းတော့ xx လန်းဆန်းစိုပြည် xx နှင်း တွေဝေကျ xx ဆောင်းဟေမာန္တ xx နှောင်း xx ပြောင်းပြန်လေတော့ xx ဟောင်းရွက်ကြွေမြေမှာခ xx ကြွေကာ ကျတဲ့ xx အခါသမယမှာပဲလေ xx ခြော် xx နွေလည်းရောက်ပြီ နှင်း လည်း ပျောက်ပြီလေ xxx "

ကရုဏာသံတွင် ဝမ်းနည်းကြေ ကွဲမှုတို့ ရောယှက်နေသော်လည်း ရဲဝံ့စွာ ရင်ဆိုင်ရဲသော အားမာန်တို့ကိုလည်း တွေ့မြင်ရပြန်ပါ၏။ ပရိသတ်ကြီးမှာ အပ်ကျသံ ကြားရမတတ် ငြိမ်သက် တိတ်ဆိတ်၍ သောတအာ စက္ခု အာရုံတို့ကို အလွတ်မပေး ဘဲ နစ် မျော၍ နေကြပါ၏။

"ချစ်တဲ့သူ xx နှင်းရေ xx ရင် ထဲမချိအောင်ပေ xx ရင်ထဲမချိအောင် ပေ xx တွယ်ရစ်နှောင်ဖွဲ့ပါလို့ xx မျှော် လေတဲ့ xx လွမ်းငွေ့ကိုစေ xx ကြည်ဖြူ မျှတ xx ခြော် ကြည်ဖြူကြမှ xx နှင်းက မပေါ်လာတော့ပေ xx ဟင် x တကယ်တမ်းဆန်းစစ်တော့ xx အိပ် မက်လေလား xx ဆောင်းနှင်းလေလား xx စိတ်မှာ ထွေပြား xx မခွဲခြားနိုင်ခဲ့ xx ကြင်ဖော်မဲ့ကင်းတယ်လေ xx နှင်း xx နှင်းပျောက်တဲ့ နွေဦး ရောက်ပြီလေ"

စောင်းသံနှင့် သီချင်းသံတို့မှာ ကား ရွှေချည်ကိုတိုင်၍ ရွှေချည်ဖြင့် လွှန်းထိုးယှက်နွယ်ဖောက်သည်သို့ မည် သည်က တိုင်၍ မည်သည်က ဖောက် မှန်း ခွဲခြားရခက်သည့် ရွှေကျင်ခက်ပဝါ သို့နွယ် တွဲစပ်လျက် တစ်သားတည်းဟု ထင်မှတ်ရပါ၏။ တေးဂီတ၏ စွမ်းပကား တို့သည်က ရသမြောက်လျှင် မြောက် သလောက် လူတို့၏ နှလုံးသားနှင့် ခံစားမှုတို့ကို ဆွဲယူဆုပ်ကိုင် ချေမွနိုင် စွမ်းပါ၏။

နားဆင်ရသူတို့၏ နှလုံးသား၌ မည်သည့် ခံစားချက်မှ လက်ခံမပါရှိသူ ပြောင်တတ်၊ ကြောင်တတ်ပြီး အမြဲတမ်း တဟဲဟဲရယ်နေတတ်သော ကျောင်း သားများပင် ဂီတတွင်နစ်မျောပြီး ငေးမှိုင် သွားကြရပါ၏။ နှလုံးသားတွင် အနု အလှသမုဒယတို့ ခတ်ခံရှိသူများမှာမူ မျက်ရည်များ ရစ်ဝဲ၍ပင် နေကြပါ၏။

"xx နှင်းမှုန်ရီ xx ပုလဲငွေဥ သဏ္ဌာန်ပေ xx မေ့ရင်ထဲ သဲ xx သဲ ကြွေxx (မေ့ရင်ထဲ xx စွဲလမ်းမျှော်မှန်း) xx ရမ်းရော်ကာပဲ xx စိတ်ထဲ xx ရာသီတွေနှောင်း xx ပြောင်းခဲ့ပေါ့လေ xx လေရူးဆော်လာxx နှောက် လေ ဝဲတော့ xx ပျောက်ချေပေါ့ xx နှင်းရေ xx နှင်း xx ရေ xx နှစ်ကိုယ်တူ xx ကြည်ဖြူမယ်လေ xx ရည်ရွယ်စိတ်ထဲ xx (ကျိတ်ခဲလို့ပဲလေ)၂ xx ဘယ် ဝယ်ဘယ်ကမ်းကိုဖြင့် xx မြန်းသလေ xx လွမ်းမပြေ xx နှင်းပျောက်တဲ့ နွေဦး ရောက်ပြီလေxx "





www.burmeseclassic.com

www.burmeseclassic.com

တေးသီချင်းနှင့် ဂီတသံတို့ ပြီးဆုံးရပ်တန့်သွားသောအခါ အလွန်လှပခမ်းနားတင့်တယ်သော ရွှေနန်းတော်ကြီး မိမိတို့၏ ရှေ့မှာပင် ပြိုကျပျက်စီးသွားသလို ခံစားကြရပြီး နှမျောတသစွာဖြင့် ဝမ်းနည်းကြေကွဲကြရပါ၏။

ပရိသတ်ကြီးမှာ အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေပြီးမှ လက်ခုပ်သံများ ထွက်ပေါ်လာပါတော့သည်။ "နှင်းပျောက်တဲ့နွေ" သီချင်းသည် ကား နားဆင်ရသူတို့၏ စိတ်ဘဝင်တွင် စွဲမြဲစွာ အမှတ်တရအဖြစ် တင်ကျန်ရစ်ပြီ ဖြစ်ပါ၏။ ထိုနောက် မကြာမီ ဖျော်ဖြေရေး အစီအစဉ်များလည်း ပြီးဆုံးသွားပါသည်။

ဖျော်ဖြေရေးအစီအစဉ်များ ပြီးဆုံးသည်နှင့် အတန်းအလိုက် King နှင့် Queen များကို ကြေငြာပါသည်။

ကျောင်းသူ ကျောင်းသားများ အားလုံး၏ ထင်မြင်ယူဆချက်အတိုင်းပင် ပထမနှစ်ကျောင်းသူ ကျောင်းသားများတွင် ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့ ရရှိသွားကြပါ၏။ အားလုံး ကျေနပ်နှစ်သက်ကြပါသည်။ တစ်ဦး တစ်ယောက်မှ ကန့်ကွက်သူမရှိပါ။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ ပြီးဆုံးသွားသော် ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့မှာ တစ်ကျောင်းလုံးတွင် မသိသူမရှိ ထင်ပေါ်ကျော်ကြားသွားခဲ့ကြပြီး ခင်မင်သူ မိတ်ဆက်သူတို့ဖြင့် မိတ်ဆွေများလည်း ပေါ်များသွားကြပါသည်။

သို့သော်လည်း ကိုမှိုင်းလွင်သည် စကားနည်းပြီး တည်ငြိမ်အေးဆေးသူဖြစ်သကဲ့သို့ နှင်းယုသွယ်မှာလည်း ဣန္ဒြေသိက္ခာကြီးမားလျက် နူးညံ့သိမ်မွေ့သူ ဖြစ်နေပြန်ရာ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး လေးလေးစားစားဖြင့် တန်ဖိုးထားပြီး ဆက်ဆံနေကြသည်ဖြစ်သောကြောင့် တရင်းတနှီး ဖြစ်မလာဘဲ ရှိကြရာ နှစ်ဖက်သူငယ်ချင်းများက အားမလို အားမရ ဖြစ်နေကြရပါသည်။

သူငယ်ချင်းများနှင့် ကျောင်းသူကျောင်းသားများ အားလုံးက ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်ကို လိုက်ဖက်ညီသည်ဟု မှတ်ယူထားကြပြီး သဘောတူနေကြသည်။ နီးစပ်စေချင်ကြသည်။ ပေါင်းဆုံစေချင်ကြသည်။

ထို့ကြောင့် နီးစပ်ကြစေရန် အကြောင်းအမျိုးမျိုး ဖန်တီးပေးခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့နှစ်ဦး၏ အခြေအနေမှာ ပြောင်းလဲတိုးတက်လာခြင်းမရှိပါ။ ဒုံရင်းအတိုင်းသာ ဖြစ်ပါ၏။ တကယ့်လူကြီးများပမာ တလေးတစားသာ ဆက်ဆံနေကြပြီး နောက်ပြောင်ကျီစယ်သော အဆင့်ထိပင် တက်လှမ်းမလာခဲ့ကြပါ။

ထိုအခါ သူငယ်ချင်းများက -

"ကိုမှိုင်းလွင်က ရှေးဆန်တယ်ကွ၊ ဒါကြောင့် နှင်းယုသွယ်ကို သုံးနှစ်သုံးမိုး လေ့လာ အကဲခတ်လိမ့်မယ်နဲ့ တူတယ်ကွ"

"အေးကွ၊ ရှေးတုန်းကလို ကိုမှိုင်းလွင် အမေက နှင်းယုသွယ်ကို ရေတတ်သီးထောင်းပြပါလို့ ဆိုရင်တော့ ပြဿနာပဲ၊ ရှေးခေတ်က မိန်းမလောင်းကို ရေတတ်သီးထောင်းတာကြည့်ပြီး ရွေးတာတဲ့"

"ဒီခေတ်ကြီးမှာ အဲဒါမျိုးတွေတော့ မရှိလောက်တော့ပါဘူးကွာ"

"သူတို့လည်း သူငယ်ချင်းတွေက စနေ နောက်နေကြတာကို သိနေကြတာပဲ၊ သူတို့ချင်း သံယောဇဉ်တွေတော့ ရှိနေကြတာသေချာတယ်၊ ညနေရောက်ရင် ထုတ်သာမပြောတာ ကိုမှိုင်းလွင်လည်း နှင်းယုသွယ်ဆီ သွားချင်နေသလို နှင်းယုသွယ်ကလည်း ထုတ်သာမပြောတယ် ကိုမှိုင်းလွင် လာနေကျအချိန်ရောက်ရင် တိတ်တိတ်ကလေး မျှော်နေတတ်တယ်လို့ သူ့ သူငယ်ချင်းတွေက ပြောတယ်"

"သူတို့လည်း ကိုယ်စီရင်ထဲမှာတော့ ရှိနေကြမှာပဲ၊ နှင်းယုသွယ်ကလည်း ကိုမှိုင်းတဲ့၊ ကိုမှိုင်းလွင်ကလည်း နှင်းတဲ့၊ ဘယ်သူမှ မခေါ်ကြတဲ့ အခေါ်အဝေါ်တွေလေ"

ထိုသို့ဖြင့် နေ့ရက်တို့ ကုန်လွန်လာခဲ့သော်လည်း ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့၏ ဆက်ဆံရေးမှာ ထူးထူးခြားခြား ပြောင်းလဲလာခြင်း မရှိဘဲသာ ရှိနေပါ၏။ ရာသီစက်ဝန်းတို့သည်ကား အချိန်မှန်စွာပင် လည်ပတ်ကုန်ဆုံးလျက်ရှိသောကြောင့် ကျောင်းဖွင့်စ ကာလ မိုးရာသီတို့ ကုန်ဆုံးသွားခဲ့၏။ ထိုနောက် တစ်ဆောင်းသစ်ခဲ့ပြန်ပါ၏။ ကိုမှိုင်းလွင်သည်လည်း ငွေကြေးချမ်းသာ ကြွယ်ဝပြီး မိုးကုတ်တကဲ့သို့ အအေးပိုင်းဒေသမှ လာရောက်ခဲ့သည်ဖြစ်ရာ တန်ဖိုးကြီးမားသော အနွေးထည် ဂျာကင်အမျိုးမျိုးဖြင့် စတိုင်လ်ကျကာ ခံ့ညားနေသကဲ့သို့ နှင်းယုသွယ်သည်လည်း သွယ်လျသော ကိုယ်ဟန်ဖြင့် လိုက်ဖက်သော ယုန်မွေး၊ သိုးမွေး၊ သားမွေး ရောင်စုံဆွယ်တာ အမျိုးမျိုးဖြင့် ဆောင်းမင်းသမီးလေးဟု တင်စားခေါ်ဝေါ်ရလောက်အောင် အလှကြီးလှ၍နေပါ၏။

ဒီဇင်ဘာ ကျောင်းအားကစားပွဲတော်များတွင်လည်း ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့မှာ အတွဲညီစွာ အောင်မြင်မှုများ ရရှိခဲ့ကြပါ၏။ သူငယ်ချင်းများ ချစ်သူများတို့သည်လည်း ခိုင်မာအေး





www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်တို့ နက်ရှိုင်းစွာ ဖြစ်တည်နိုင်သော လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခု အထိပင် ရောက်ရှိခဲ့ပြီ ဖြစ်ပါ၏။ ထိုနောက် ဆောင်းနှောင်း၍ နွေဦးရာသီသို့ ချဉ်းကပ်၍လာပြီ ဖြစ်ပါ၏။

မန္တလေး တက္ကသိုလ်ဝင်းကြီး အတွင်းရှိ တမာပင်များတွင် ယော်ရွက်ဝါတို့ကို တွေ့မြင်နေရပြီး နွေဦး၏ လေပွေလေရူးကလေးများ တိုက်ခတ်လိုက်လျှင် ရွက်ဝါတို့ တသဲသဲ ကြွေကျ၍ နေပါ၏။ ဤမြင်ကွင်းသည်ကား သူငယ်ချင်းသံယောဇဉ်၊ ချစ်သူ သံယောဇဉ်တို့ဖြင့် ပျော်မွေ့နေကြသူတို့အား မကြာခင်ကျောင်းတံခါးကြီးများပိတ်၍ ခွဲခွာကြရတော့မည်ဟူသော အသိတို့ကို ဖြစ်ပေါ်စေပါ၏။

ဥဩငှက်ငယ်၏ လွမ်းမောဆွတ်ပျံ့ဖွယ် နွေအကြိုတေးသံတို့ကလည်း ခွဲခွာလိုသူတို့အား ခြိမ်းခြောက်လျက် ရှိပါ၏။ စာမေးပွဲရက်များ နီးလာပြီး ကျောင်းပိတ်ရက်နီးလာလေ ပျော်ရွှင်နောက်ပြောင်မှုများ မရှိကြတော့ပါ။ ကိုယ်စီကိုယ်စီ သက်ဆိုင်ရာအကြောင်းအရာများတို့ဖြင့် တည်ငြိမ်လေးနက်၍ လာကြပါ၏။

ထိုသို့ဖြင့် ရပ်တန့်၍မနေသော နာရီလက်တံများ အောက်ဝယ် စာမေးပွဲ ဖြေဆိုရက်တို့လည်း ကုန်လွန် ပြီးဆုံးခြင်းသို့ ရောက်ရှိ၍လာခဲ့ပါသည်။

လာရောက် ကြိုဆိုသော မိဘဆွေမျိုးများလည်း ရောက်ရှိလာကြလေပြီ။ ဤနေ့သည် စာမေးပွဲနောက် ဆုံးရက်ဖြစ်ပါသည်။ အများစုမှာ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြသည်သာ ဖြစ်ပါ၏။ စာမေးပွဲ ဖြေဆိုပြီးသည်နှင့် ကိုမှိုင်းလွင်နှင့် သူငယ်ချင်းများလည်း ထိုင်နေကျ ကျောင်းဝင်းအတွင်းရှိ အအေးဆိုင်တွင် ရောက်ရှိနေကြပြီ။

မကြာမီ နှင်းယုသွယ်တို့ သူငယ်ချင်းတစ်စုလည်း ရောက်ရှိလာကြပြီး တစ်ဝိုင်းတည်း ဝင်ထိုင်လိုက်ကြပြီး အပြန်အလှန် နှုတ်ဆက်စကားများ ပြောဆိုကြသည်။ သူငယ်ချင်းများ၏ကြိုတင်အကွက်ချစီစဉ်မှုကြောင့် ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့မှာ ခုံခြင်းကပ်လျက် ဖြစ်နေပါ၏။

ထိုစဉ်မှာပင် သူငယ်ချင်းများ အားလုံးသည် အကြောင်းပြချက်ကိုယ်စီဖြင့် ဤနေရာမှ ရုတ်တရက် ထွက်ခွာသွားကြရာ ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့ နှစ်ယောက်သာ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ပါတော့၏။ နှစ်ဦးစလုံးမှာလည်း ဣန္ဒြေရှင် သိက္ခာရှင်များ ဖြစ်နေကြရာ ထသွားလို့လည်း မဖြစ်နှင့် အခက်တွေ့သလို ဖြစ်နေကြပြီး တိတ်ဆိတ်လျက် ရှိနေကြပါ၏။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ကိုမှိုင်းလွင်က စတင်၍-

"နှင်း ဘယ်နေ့ပြန်မှာလဲ"

"တောပြန်ရင် ဒီနေ့တောင် ပြန်ဖြစ်မလားပဲ၊ ကိုမှိုင်းကော"

"မနက်ဖြန်မှ ပြန်ဖြစ်မှာ ဖေဖေတို့ကတော့ ဒီနေ့ ရောက်လာကြမယ်လေ"

"ကိုမှိုင်းရယ် စာသင်နှစ်တစ်နှစ်ဆိုတာလည်း ဘာမှ မကြာလိုက်ဘူးနော်၊ တကယ် ခဏလေးလိုပဲ"

"အချိန်ဆိုတာကတော့ ပုံမှန်ပါပဲ၊ ဒါပေမဲ့ လူတွေက ပျော်စရာကောင်းရင် အချိန်တွေကို ကုန်လွယ်တယ်လို့ ထင်မှတ်ကြပြီး ပျင်းစရာကောင်းရင်တော့ အချိန်တွေကို ကုန်ခဲတယ်လို့ ထင်တတ်ကြတယ်လေ"

"ဒါဆို ကိုမှိုင်းအနေနဲ့ နွေရာသီကျောင်းပိတ်ရက်တွေကို ကုန်လွယ်တယ်လို့ ပြောမှာလား၊ ကုန်ခဲတယ်လို့ ပြောမှာလား"

"တို့အနေနဲ့ကတော့ ကုန်ခဲတယ်လို့ ထင်မိမှာပဲ၊ ဘာလို့လဲဆိုတော့ ကျောင်းတက်ရတာ သူငယ်ချင်းတွေနဲ့ နေရတာ နှင်းနဲ့ ခင်မင်ရတာတွေကို ပျော်ရွှင်မိလို့လေ၊ ဒါထက် နှင်းကကော"

"နှင်းလည်း ကိုမှိုင်းလိုပါပဲ ခံစားမိပါတယ်"

ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့သည် သာမန်စကားများသာ ပြောဆိုနေကြသည် ဖြစ်သော်လည်း အပြန်အလှန် ရင်ထဲတွင် ထူးကဲသောသံယောဇဉ်တို့ ရှိနေကြသည်မို့ အသံတို့မှာ တုန်ယင်လျက် ရှက်ရွံ့စိတ်တို့ မွှန်ထူလျက်ရှိကြရာ ပတ်ဝန်းကျင်ကို မမြင်နိုင် မကြားနိုင်တော့ဘဲ ဣန္ဒြေဆည်လျက် နေကြရပါ၏။

ထို့ကြောင့် သူတို့ နောက်နားဆီတွင် လင့်ရိုဘာကားတစ်စီး ထိုးရပ်လိုက်သည်ကို လည်းကောင်း၊ ကားပေါ်မှ ရုပ်ရည်ခန့်ထည်သူ လူငယ်တစ်ဦးဆင်းလာပြီး ၎င်းတို့အနီးသို့ ရောက်ရှိလာသည်ကိုလည်း မသိရှိလိုက်ကြပါ။

"ယုသွယ် ဘာလုပ်နေတာလဲ၊ လာ သွားကြမယ်"

ဟု ခပ်ထန်ထန် ပြောလိုက်သော အသံကို ကြားလိုက်ရမှ နှစ်ဦးစလုံး လန့်ဖျပ်သွားကြပါသည်။

နှင်းယုသွယ်သည် ရုတ်တရက် ဘာစကားမှ မပြောနိုင်ဘဲ မျက်နှာသည် သွေးဆုတ်ဖြူလျော်သွားပြီး မှုံမိုက်သလို ဖြစ်သွားပါ၏။ ရုတ်တရက်မို့ ကိုမှိုင်းလွင်သည်လည်း ဘာစကားကို ဘယ်လိုပြောရမှန်းမသိ တုန်တုန်ရီရီ ဖြစ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ထိုလူရွယ်က နှင်းယုသွယ်ကို ဆွဲခေါ်သွားပါ၏။ နှင်းယုသွယ်မှာလည်း ကိုမှိုင်းလွင်အား နှုတ်ဆက်စကားမှ မဆိုသာဘဲ မျက်လုံးဝိုင်းဝိုင်းကလေးနှင့် ထိတ်လန့်သော အမူအရာဖြင့် လိုက်ပါသွားရရှာပါ၏။

ထိုလူရွယ်သည် ကားပေါ်သို့ အရောက်တွင် ကိုမှိုင်းလွင်အား ခပ်စိမ်းစိမ်းစူးစူးဝါးဝါး တစ်ချက်ကြည့်လိုက်ပြီး ကားကို အရှိန်ဖြင့် ဆောင့်ထွက်မောင်းနှင်သွားပါသည်။ ကားပေါ်အတက်တွင် နှင်းယုသွယ်ထံမှ ပန်းနုရောင် လက်ကိုင်ပဝါလေး ကျကျန်ခဲ့သဖြင့် ကိုမှိုင်းလွင်သည် လက်ကိုင်ပဝါလေးကို ဒူးထောက်ကောက်ယူလျက် ထိုနေရာမှာပင် အချိန်ကြာမြင့်စွာ လက်ကိုင်ပဝါလေးကို ကြည့်လျက်ရှိနေစဉ် သူငယ်ချင်းများအားလုံး အပြေးရောက်ရှိလာကြပြီး-

"ကိုမှိုင်းလွင် ဘယ်လိုဖြစ်တာလဲ၊ တော်ဝံတော်ရိုင်းတဲ့လူဗျာ"

"တကယ်တော့ ကျွန်တော်တို့က ကိုမှိုင်းလွင်တို့ အေးအေးဆေးဆေး စကားပြောရအောင် ရှောင်ပေးကြတာ"

"အဲဒါ နှင်းယုသွယ်ရဲ့ အစ်ကို ကိုဝဏ္ဏဆိုတာပေါ့၊ ရုပ်ရည်ကတော့ မွန်ရည်ပါရဲ့၊ အတော်မာနကြီးမယ့်ပုံပဲ"

သူငယ်ချင်း မိန်းကလေးနှင့် ယောက်ျားလေးများ အားလုံးက ထိုသို့ တစ်ယောက်တစ်ပေါက် ဝိုင်း၍ပြောနေကြသော်လည်း ကိုမှိုင်းလွင်သည် ဘာတစ်ခွန်းမှ ပြန်မပြောပါ။

နှင်းယုသွယ်၏ လက်ကိုင်ပဝါလေးကို ခေါက်၍ အင်္ကျီအိတ်ကပ်အတွင်း ထည့်လိုက်ပြီး ထိုနေရာမှ ခေါင်းငိုက်စိုက်ချလျက် လေးကန်သော ခြေလှမ်းတို့ဖြင့် တရွေ့ရွေ့ ထွက်ခွာသွားပါ၏။

ထိုအခါ သူငယ်ချင်းများ အားလုံးတို့သည် နားလည်သိတတ်စွာဖြင့် ကိုမှိုင်းလွင်အား တစ်ဦးတည်း လွတ်လပ်စွာ ထွက်ခွာခွင့်ပြုလိုက်ကြပါ၏။ ထိုအချိန်မှာပင် နွေလေရူးတို့ တသုန်သုန်တိုက်ခတ်၍လာရာ ကိုမှိုင်းလွင်သွားရာ လမ်းတစ်လျှောက်တွင် ရွက်ဝါတို့လိုက်၍ ကျဲဖြန့်ပေးနေသည်ဟုပင် ထင်ရပါ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး သူငယ်ချင်းများ အားလုံး ပြိုင်တူသက်ပြင်းများ ချမိကြပါ၏။

လူတို့၏ ဘဝအကြောင်းတရားတို့သည်လည်း မမြဲသော အချိန်ကာလ၏ ပြောင်းလဲခြင်းနှင့်အတူ စဉ်ဆက်မပြတ် ပြောင်းလဲ၍သာ နေကြရသော သဘာဝအတိုင်းပင် လာချိန်တန်စဉ်က လာခဲ့ကြပြီး ပြန်ချိန်တန်သောအခါ ပြန်ကြရပြီး အသစ် အသစ်သော အဖြစ်တို့ကို ကြုံတွေ့ဖြတ်သန်းကြရဦးမည်သာ ဖြစ်ပါ၏။

ဖြစ်ချင်သော်လည်း မဖြစ်ရ၊ မဖြစ်ချင်သော်လည်း ဖြစ်ကြရသော အနတ္တတရားများ၏ ခြယ်လှယ်မှု အောက်ဝယ် လူတို့သည် လည်စင်းပေးကြရစမြဲပင် ဖြစ်ပါ၏။ ဖက်ပြိုင်အန်တု၍ မရနိုင်ပါတကား။

ထို့ကြောင့် ပြန်ချင်သူ မပြန်ချင်သူ မည်သူမဆို ကျောင်းပိတ်ပြီ ဖြစ်၍ ပြန်ကြရပေတော့ရာ ဥယျာဉ်တွင်း၌ ရောင်စုံလိပ်ပြာတို့ မြူးထူးပျံဝဲနေသကဲ့သို့ နုနယ်ပျိုမြစ်သော ငယ်ဂုဏ်ဖြင့် လှပတင့်တယ်လျက်ရှိသော ကျောင်းသူကျောင်းသားတို့ဖြင့် ပျော်ရွှင်ကြည်နူးဖွယ် စည်ကားလှသော မန္တလေး တက္ကသိုလ်ကြီးသည်လည်း တဒင်္ဂအတွင်း တိတ်ဆိတ်ငြိမ်သက်သွားပြီး နွေလေရူးနှင့်အတူ ရွက်ဝါတို့ တသဲသဲ ကြွေကျလျက်ရှိရာ ပျင်းရိငြီးငွေ့ဖွယ်ပင် ဖြစ်ပါ၏။

နှင်းယုသွယ်သည် စာမေးပွဲပြီးသော နေ့မှာပင် မြိုင်သာယာသို့ ပြန်သွားခဲ့သည်။ ကိုမှိုင်းလွင်သည်လည်း နှစ်ရက်ခန့် အကြာတွင် မိုးကုတ်သို့ ပြန်သွားခဲ့သည်။ ထို့အတူ အခြားကျောင်းသူ၊ ကျောင်းသားများလည်း ၎င်းတို့၏ မြို့ရွာများသို့ ပြန်သွားကြပါ၏။ အချို့လည်း မိဘရပ်ထံနှင့် မိမိတို့ဇာတိမြို့ရွာကို ပြန်လည်ရောက်ရှိ၍ ပျော်ရွှင်၍ နေကြသကဲ့သို့ ကိုမှိုင်းလွင်မှာမူ ကုန်ခဲလှသော နွေရက်များကို နှင်းယုသွယ်အား သတိရတမ်းတ အောက်မေ့ခြင်းတို့ဖြင့်သာ ငြီးငွေ့စွာ ဖြတ်သန်း၍နေရပါ၏။

မခံစားနိုင်သည့် အဆုံးဝယ် နှင်းယုသွယ်ကို လွမ်းဆွေးသတိရ တမ်းတရသည့်အကြောင်းတို့ကို စာရေးပက်လှလှကလေးများ၏ ပန်းနုရောင်၊ အပြာနုရောင်၊ ရေစာပန်းချီပါရှိသော စာရွက်ကလေးများပေါ်တွင် ညီညာဝိုင်းစက်သော လက်ရေးတို့ဖြင့် တစ်ရွက်ချင်း တစ်ရွက်ချင်း ရေးချမိပါတော့သည်။ ပေးပို့ရန်အထိ မရည်ရွယ်ခဲ့ပါ။

စိတ်ခံစားချက်တို့ ရင်ထဲတွင် မြိုသိပ်ထားနိုင်အား မရှိတော့၍ ဖွင့်အန်ချမိခြင်းသာဖြစ်ပါ၏။ သို့သော် တုန်ယင်သောလက်တို့က ထိုစာရွက်ကလေးများကို စာအိတ်လှလှကလေးများ အတွင်းသို့ ထည့်မိပြီး လိပ်စာရေးထိုးဖြစ်သွားသည်။

ထို့နောက် ခြေလှမ်းတို့က စာတိုက်ပုံးရှိရာဆီသို့ ခေါ်ဆောင်သွားပြီး စာတိုက်ပုံးအတွင်းသို့ ထည့်လိုက်မိသည်။ ပထမဆုံး စာထည့်လိုက်မိစဉ်က ရင်တို့ တဒိန်းဒိန်းခုန်လျက် ရှက်ရွံ့စိတ်



www.burmeseclassic.com

www.burmeseclassic.com

တို့ဖြင့် တစ်ညလုံး အိပ်မပျော်နိုင်အောင် ဖြစ်ရသည်။

စာထည့်မိသည်မှာ မှားလေစွဟု နောင်တ တရားတို့ဖြင့် ပူလောင်နေမိသော်လည်း သုံးရက်မြောက်နေ့တွင် ခြေလှမ်းတို့သည် စာတိုက်ပုံးရှိရာသို့ ခေါ်ဆောင်သွားပြန်ပြီး စာတစ်စောင် ထည့်မိပြန်ပါ၏။ ရေးနည်းတူပင် စာထည့်ပြီးနောက် ကိုယ့်လိပ်ပြာ ကိုယ် မလုံဖြစ်ကာ မျက်နှာတို့ ထူပူရှိန်းတိမ်းလျက် နောင်တ တရားတို့ ဖြစ်ပေါ်မိပြန်ပါ၏။

တစ်ဖန် သုံးရက်မြောက်နေ့တွင် စာတစ်စောင် ထပ်၍ ပို့ဖြစ်ပြန်ပါ၏။ ဤသို့ဖြင့် သုံးရက်လျှင် စာတစ်စောင် ထည့်ရလျှင် မနေနိုင်သလို ဖြစ်လာမိပါ၏။ ဤသို့ဖြင့် နှစ်လပြည့်မြောက်၍ စာအစောင် (၂၀)ပေးပို့ပြီးသည့် တစ်နေ့တွင် ကိုမှိုင်းလွင်ထံသို့ နှင်းယုသွယ်ထံမှ ပြန်စာ တစ်စောင် ရောက်ရှိလာပါသည်။ ကိုမှိုင်းလွင်သည် အတိုင်းမသိ ဝမ်းသာပျော်ရွှင်နေမိပြီး ဤစာအိတ်ကို ဖွင့်ဖတ်ရန် လုံခြုံစိတ်ချရသော နေရာရှာမတွေ့နိုင်အောင် ဖြစ်နေမိပါ၏။

နောက်ဆုံးတွင်တော့ အခန်းတံခါးကို သေချာစွာ မင်းတုတ်ချပြီး စာကြည့်စားပွဲတွင် စာအိတ်ကလေးကို ဆုတ်ဖြဲရက်၊ ကတ်ကြေးဖြင့်လည်း မဖြတ်ရက်၍ ရေနွေးငွေ့ ပေးပြီးမှ ခြေရာလက်ရာမပျက် ကော်ကပ်ထားသောနေရာမှ အသာအယာ ဖွင့်ခွာလိုက်ပါသည်။ စာရွက်ကလေးမှာ ရေမွှေးနံ့ သင်းလျက်ရှိပါ၏။ မိန်းကလေးလက်ရေးပီပီ သေးသေးညီညီ ကလေးများဖြစ်ပါ၏။ ထိုအချိန်၌ ကိုမှိုင်းလွင်သည် ရင်ခုန်လျက် စာရွက်ကိုင်လက်များ တုန်ယင်လျက်ရှိသောကြောင့် စာရွက်ကလေးမှာ တဖျပ်ဖျပ် လှုပ်ခါလျက်ရှိပါသည်။

ချက်ချင်း စာပါ အကြောင်းအရာတို့ကို မဖတ်သေးဘဲ စာရွက်ကလေးကိုပင် မြတ်နိုးတသစွာကြည့်နေမိပြီး အတန်ကြာမှ စာပါအကြောင်းအရာတို့ကို တစ်လုံးချင်း ဖြည်းညင်းစွာ ဖတ်ရှု လိုက်ပါသည်။

*ကိုမှိုင်း . . .*

*ကိုမှိုင်း ပို့တဲ့ စာတွေအားလုံး ရောက်ပါတယ်၊ ဒါပေမဲ့ နှင်း တစ်စောင်မှ မဖတ်ရပါဘူး၊ မဖတ်ရပေမယ့်လည်း ကိုမှိုင်း စာတွေထဲမှာ ဘာတွေရေးထားမယ်ဆိုတာ နှင်း ခန့်မှန်းနိုင်ပါတယ်၊ ကိုမှိုင်းရင်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာလည်း နှင်းသိသလို နှင်းရဲ့ ရင်ထဲမှာလည်း ဘယ်လိုရှိနေတယ်ဆိုတာ ကိုမှိုင်း သိမှာပါ၊ ဒါပေမဲ့ ကိုမှိုင်းနဲ့ နှင်းတို့ရဲ့အကြားမှာ မဖြစ်နိုင်တဲ့ အကြောင်းတရားတွေ ရှိနေပါတယ်၊ ဘာတွေလဲဆိုတာတော့ မပြောရပါစေနဲ့။*

*ကိုမှိုင်းနဲ့ နှင်းတို့ရဲ့ တွေ့ဆုံခြင်းနှင့် ရေစက်ဟာ ဒီဘဝ ဒီမျှသာ ဖြစ်လိမ့်မယ် ထင်တယ်လေ၊ ဒါကြောင့် အကောင်းဆုံး အကြံပေးချင်တာကတော့ ကိုမှိုင်း နှင်းကို မေ့ပစ်လိုက်ပါ၊ ကိုမှိုင်းစာတွေကလည်း နှင်းလက်ထဲအထိ မရောက်ရှိနိုင်တာမို့ နှင်းဆီ စာတွေ မပို့ပါနဲ့တော့၊ နှင်းလည်း ကိုမှိုင်းဆီ နောက်ထပ်စာပို့နိုင်မှာ မဟုတ်တော့ပါဘူး၊ ဒီစာတစ်စောင်တောင်မှ ရက်ပေါင်းများစွာ ခက်ခက်ခဲခဲနှင့် ကြိုးစားပြီး ပို့ခဲ့ရတာမို့ပါ။*

*ကိုမှိုင်းဘဝ အစစ အရာရာ အေးချမ်းပျော်ရွှင် တိုးတက်အောင်မြင်ပါစေလို့ မေတ္တာပို့သလျက်ဖြင့် . . .*

*နှင်း (မြိုင်သာယာ)*

စာကလေးမှာ တိုတောင်းလှပါ၏။ အဓိပ္ပာယ်မှာလည်း ရှင်းလင်းလှပါ၏။ ပျော်ရွှင်ကြည်နူးဖွယ်အကြောင်းအရာတို့ ပါရှိလာမည်ဟု ရင်ခုန်စွာ ဖတ်ရှုခဲ့ရသော စာကလေးမှာ လေးလံကြီးမားပြင်းထန်သော သောကတို့ကို ဆောင်ကျဉ်းပေးအပ်ခဲ့ပါပြီတည်း။

နားလည်သော်လည်း လက်မခံနိုင်ဘဲ ဤစာတိုကလေးကိုပင် ရင်နာနာနှင့် အခေါက်ခေါက် အခါခါ ဖတ်ကြည့်နေမိပါသည်။

“မဖြစ်နိုင်တဲ့ အကြောင်းတရားတွေဆိုတာက ဘာလဲ နှင်းရယ်၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် မေတ္တာရှိကြမယ်၊ သစ္စာရှိကြမယ်ဆိုရင် မဖြစ်နိုင်တဲ့ အကြောင်းတရားတွေဟာလည်း ဖြစ်နိုင်တဲ့ အကြောင်းတရားတွေအဖြစ် ပြောင်းလဲလို့ ရပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကြိုးစားကြည့်ဖို့ အခွင့်ပေးသင့်ပါတယ်၊ အခုလိုကြီး တစ်ဖက်သတ်ဆုံးဖြတ်လိုက်တာတော့ မတရားဘူးလို့ ထင်ပါတယ် နှင်းရယ်”

ကိုမှိုင်းလွင်သည် စာရွက်ကလေးကိုပင် နှင်းအမှတ်ဖြင့် ရေရွတ်ပြောဆိုနေမိပါ၏။

ယခင်က မရေရာသော်လည်း မျှော်လင့်ချက်ကလေးဖြင့် အားတင်းနေနိုင်သေးသော်လည်း ယခုမူ စာရေးစရာလည်း မလိုအပ်တော့။ စာပို့ရန်လည်း မလိုအပ်တော့။ မည်သို့ ဖြေသိမ့်ရနိုင်ပါအံ့နည်း။ မိမိတစ်သက်တာ တစ်ဘဝတွင် ဤတစ်ကြိမ်သာ သံယောဇဉ်တို့ ဖြစ်ပေါ်ခဲ့ရပြီး ယခုမူ ရှင်သန်ဖြစ်ထွန်းခွင့်မရှိဘဲ ကြွေလွင့်ရပေတော့မည်။

ဤလောကကြီးတွင် သက်ရှိသက်မဲ့အရာအားလုံးတို့ ချုပ်ငြိမ်းကွယ်ပျောက်သွားသကဲ့သို့ အထီးကျန်ဆန်



www.burmeseclassic.com

www.burmeseclassic.com

လွှန်းလှပြီး စိတ်ပျက် ငြီးငွေ့ဖွယ် ခြောက်သွေ့ အကြည်းတန်၍ သွားပြီ ဖြစ်ပါ၏။

သို့သော်လည်း ကျောင်းဖွင့်ရက်များကိုတော့ မျှော်လင့်နိုင်ပါသေးသည်။ နှင်းယုသွယ်ကို ချစ်ခွင့်၊ ပိုင်ဆိုင်ခွင့် မရရှိလည်းရှိစေဦး ယခင်လို ခင်မင်လေးစားစွာဖြင့် တွေ့ဆုံခွင့်ရရှိလျှင်ပင် ကျေနပ်နှစ်သိမ့်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် စိတ်အားတင်းပြီး ကျောင်းဖွင့်မည့်ရက်ကိုသာ လက်ချိုးရေတွက်စောင့်စား၍ နေခဲ့မိပါ၏။

ဤသို့ဖြင့် တန်ခူးလွန်မြောက်ပြီး ကဆုန်ဆန်းခဲ့ပြန်ပါ၏။ ကဆုန်ကုန်သော် နယုန်လသို့ ရောက်ရှိလာခဲ့ပြန်ပါ၏။ မုတ်သုန်လေတို့နှင့်အတူ မိုးလုလင်သည် ဤမြေသို့ ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်ပါ၏။ ထိုအခါ ရက်ပေါင်းများစွာ ပိတ်ထားခဲ့ရသော တက္ကသိုလ်တံခါးပေါက်တို့လည်း ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်ပါ၏။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသူ ကျောင်းသားများလည်း မန္တလေးမြို့သို့ တဖွဲဖွဲ ရောက်ရှိ၍လာခဲ့ကြပြန်ပါ၏။ ကိုမှိုင်းလွင်နှင့် သူငယ်ချင်းများ၊ နှင်းယုသွယ်၏ သူငယ်ချင်းများ အားလုံးစုံညီစွာရောက်ရှိကြပြီး တက္ကသိုလ်နှင့် တက္ကသိုလ်ဝန်းကျင်တစ်ခုလုံး ကျောင်းသူ ကျောင်းသားများ လိုက်လံ ပို့ဆောင်သော မိဘဆွေမျိုး မိတ်သင်္ဂဟများတို့ဖြင့် စိုပြည်စည်ကား၍ နေပါ၏။

သို့သော် ကိုမှိုင်းလွင်နှင့်တကွ အားလုံးမှ မျှော်လင့်စောင့်စားလျက်ရှိသော နှင်းယုသွယ်သည်ကား ရောက်ရှိမလာခဲ့ပါ။

အကြောင်း အမျိုးမျိုးကြောင့် အရောက်နောက်ကျခြင်း ဖြစ်မည်ဟု ဖြေသိမ့်နေကြသော်လည်း ကျောင်းအပ်လက်ခံသော ကာလတို့ ကုန်လွန်ခဲ့ရာ နှင်းယုသွယ် ရောက်မလာတော့ပြီမှာ သေချာသွားပြီ ဖြစ်ပါ၏။ ကျောင်းသူကျောင်းသားများ၊ သူငယ်ချင်းများသည်ပင် နှင်းယုသွယ် ရောက်ရှိမလာသည့်အတွက် သတိရတမ်းတနေမိကြသေးရာ ကိုမှိုင်းလွင် အဖို့ရာမူ ဆိုဖွယ်ရာ မရှိပါပြီတည်း။

ပြုံးရွှင်ရယ်မောသည်ကို မတွေ့ရတော့ပါ။ နဂိုကမှ စကားနည်းသူဖြစ်ရာ ယခုတွင် စကားပြောသည်ဟု မရှိသလောက် ဖြစ်သွားပြီး သူငယ်ချင်းများနှင့် ရောနှောနေထိုင်ခြင်းလည်း မရှိတော့ဘဲ တစ်ယောက်တည်း ငေးမှိုင်လင်ကော် သက်ပြင်းများချလျက်သာ မြင်တွေ့ကြရပါ၏။

ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့၏အဖြစ်ကို ကျောင်းသူကျောင်းသားအားလုံးမှ တစ်ယောက်စကား တစ်ယောက်နားနှင့် သိရှိထားကြပြီးဖြစ်ရာ ကိုမှိုင်းလွင်အတွက် အားလုံးမှ စိတ်မကောင်းဖြစ်လျက်ရှိကြပါသည်။

ကိုမှိုင်းလွင်ကို မိန်းကလေးများမှ ပို၍သနားနေကြပါ၏။ ကိုမှိုင်းလွင် ခံစားနေရသည်ကို မကြည့်ရက်နိုင်၍ အစားထိုး မေ့ပျောက်နိုင်မါစေ၊ သို့မဟုတ်ပါကလည်း မန်းတက္ကသိုလ်ကျောင်းက ပျောက်ကွယ်သွားသော ငွေလမင်းကလေး နှင်းယုသွယ် ပြန်လည်ထွက်ပေါ် ရောက်ရှိလာပါစေဟူ၍သာ ဆုတောင်းနေမိကြပါသည်။

ထိုသို့ဖြင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့ရက်တို့လည်း ကုန်လွန်သွားခဲ့ပြန်ပါ၏။ ဤနှစ်တွင် ပရိသတ်များမှ တောင်းပန် တောင်းဆိုကြသော်လည်း ကိုမှိုင်းလွင်သည် ပါဝင်သီဆိုခြင်း မပြုတော့ပါ။ အားလုံးပို၍ စိတ်မကောင်းဖြစ်ကြရပါသည်။ မနှစ်က သူငယ်ချင်းတစ်တွေ ပျော်ရွှင်တက်ကြွစွာ နေထိုင်ခဲ့ကြသော်လည်း ယခုနှစ်တွင် ကိုမှိုင်းလွင်အတွက် ရတက်မအေးနိုင် ရှိကြရသဖြင့် မပျော်နိုင်ဘဲ ရှိကြရပါ၏။

ကိုမှိုင်းလွင်သည် နှင်းယုသွယ်မှ စာမပို့တော့ရန် မေတ္တာရပ်ခံထားသော်လည်း မည်သို့မျှဖြေဆည်၍ မရနိုင်သဖြင့် စာလွှာများရေးသားကာ ပေးပို့နေမိခဲ့ပါသည်။ သို့သော်လည်း နှင်းယုသွယ်ထံမှ လုံးဝပြန်စာမရရှိပါ။

“ရက်စက်လိုက်တာ နှင်းရယ်၊ ဘယ်လို ဘယ်အကြောင်းရယ်လို့ မသိရပဲ ဘာလို့ နောက်ဆုတ်ရမှာလဲ၊ လက်လျှော့ရမှာလဲ၊ ဘာမဆို ရင်ဆိုင်ကျော်လွှားကြရမှာပေါ့၊ ပြီးတော့ ကိုယ့်ကို ဘာလို့ ဒီလိုဘာအကြောင်းမှ မပြောပြဘဲ ပစ်ထားခဲ့တာလဲ၊ ဒီအကြောင်းတွေကို ရှင်းရှင်းလင်းလင်း သိရရင် ခံသာသေးတယ်၊ ဒါကြောင့် နှင်းကို တစ်ခါလောက်တော့ တွေ့ချင်သေးတယ်၊ တစ်ခါလောက်တွေ့ပါရစေ နှင်းရယ်”

ကိုမှိုင်းလွင်သည် နှင်းယုသွယ်ထံသို့ စာတစ်စောင်ပို့သည့်အခါတိုင်း ထိုသို့ ရေရွတ်နေရှာပါ၏။

ကိုမှိုင်းလွင် ကွယ်ရာ၌ သူငယ်ချင်းများက -

“ဒါ ကိုမှိုင်းလွင် ညံ့တာပဲ၊ လက်နှေးတာပဲ၊ တကယ်ဆို မနှစ်က အချိန်တွေ အများကြီးရခဲ့တာပဲ၊ အဲဒီတုန်းက ကြိုးစားလိုက်ရမှာ၊ နှင်းယုသွယ်ကလည်း စိတ်ဝင်စားနေတာ အသိသာကြီးပဲဟာ၊ မိန်းကလေးဆိုတာတော့ ဒီလောက်ပဲ ရှိမှာပေါ့”

ဟု ကရုဏာဒေါသဖြင့် ပြောနေကြပါ၏။





www.burmeseclassic.com

www.burmeseclassic.com

နေ့ရက်တို့သည်ကား တရွေ့ရွေ့ ကုန်ဆုံးလျက်သာ ရှိသောကြောင့် သီတင်းကျွတ် ကျောင်းပိတ်ရက်များနှင့် တန်ဆောင်တိုင် ကျောင်းပိတ်ရက်များ သည်လည်း ကျော်လွန်၍ လာခဲ့ပြန်ပါ၏။

မိုးလုလင်သည် ပဇ္ဇုန်စစ်သည် များကို ရုပ်သိမ်း၍ ထွက်ခွာတော့ပြီ ဖြစ်ရာ ဆောင်းနတ်မယ်သည် ငွေဇာ ခြည်ကို ဖြန့်လွှမ်းလျက် တစ်ဖန်ရောက်ရှိ လာပြန်ပါ၏။ ထို့ကြောင့် မန္တလေး တက္ကသိုလ်၏ နံနက်ခင်းများတွင် နှင်းတို့ ဝေဝေဖုံး၍ လာခဲ့ပြန်ပါ၏။ သို့သော် ဆောင်းမင်းသမီးလေးဟု တစ်ကျောင်း လုံးက တင်စား ခေါ်ဝေါ်ခဲ့ကြသော နှင်းယုသွယ်ခေါ် နှင်းသည်ကား ပျောက် ကွယ်နေဆဲသာ ရှိပါ၏။ ဆောင်းနှင်းမြူ များကို တွေ့ရသောအခါ ဆောင်းနှယ် အေးဆေးတည်ငြိမ်၍ နှင်းကဲ့သို့ စိတ် ထားဖြူစင်လှသော နှင်းယုသွယ်ကို ကိုမိုးသတိရ တမ်းတမိရပြန်ပါ၏။

နောက်ဆုံးတွင်တော့ ကိုမိုး လွင်သည် မြိုင်သာယာသို့ သွားရောက် ပြီး နှင်းယုသွယ်ကို တွေ့ဆုံဖို့ ကြိုးစား ရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။ ထို့ကြောင့် မြိုင်သာယာသို့ သွားရောက် ရန် လမ်းစ ရှာဖွေစုံစမ်းပါတော့သည်။

မြိုင်သာယာသည် တိုက်နယ် အဆင့်ရှိ ကျေးရွာကြီးမျှသာ ဖြစ်ပြီး တည်းတောကုန်းတွင်းပိုင်း ချောင်ကျ လှသော နေရာတွင်တည်ရှိပြီး နယ်မြေ မအေးချမ်းပါ။ သောင်းကျန်းသူတို့ ကြီးစိုးလျက်ရှိပြီး စရိုက်ကြမ်းတမ်း သည်ဟု သိရပါသည်။

တစ်လလျှင် နှစ်ကြိမ် သုံးကြိမ် ခန့်သော ဒေသထွက် ဝါဂွမ်းများသယ် ယူသော လော်ရီကားကြီးများသာ သွား လာတတ်၍ အစဉ်သဖြင့် လမ်းပန်း ဆက်သွယ်မှု ပြတ်တောက်၍ နေ ကြောင်းသိရပါသည်။ ရံခါခန်းမှ ဂျစ်ကား လေးတစ်စီးသာ ရံဖန်ရံခါ သွားလာမှု ရှိပါသည်။

ဤကဲ့သို့သော ကာလမျိုးတွင် အသိ သို့မဟုတ် လူခံမရှိဘဲနှင့် မြိုင်သာ ယာသို့ သွားရောက်ရန် မဖြစ်နိုင်ပါ။ ကို မိုးလွင် မြိုင်သာယာသို့ သွားမည်ဟု ဆိုသောအခါ အန္တရာယ်ကြီးမားလွန်း သော စွန့်စားခန်းကြီး ဖြစ်နေ၍ သူငယ် ချင်းများ အားလုံးက တားမြစ်ကြပါ သည်။

"ကျွန်တော် မြိုင်သာယာကို သွားမှ ဖြစ်မယ်၊ နှင်းနဲ့တွေ့မှဖြစ်မယ်၊ အခြေအနေ အကျိုးအကြောင်းသိရပြီ ဆိုရင် တော်ပါပြီ၊ ဒါဆို ကျွန်တော် ကျေနပ်ပါတယ်၊ ဒါမှလည်း ကျွန်တော့် ဘဝ ရှေ့ရေးကို ဘယ်လိုလျှောက်လှမ်း ရမယ်၊ ခရီးဆက်ရမယ်ဆိုတာ ကွဲကွဲ ပြားပြား သိနိုင်မှာပေါ့၊ အခုတော့ ဘာမှ မသိရဘဲ သောင်မတင် ရေမကျ တစ်အုံ နွေးနွေးနဲ့ အဖြေလည်း ရှာမရ၊ ရှင်းရှင်း လင်းလင်း အခြေအနေမှန်ကို သိရရင် ကျေနပ်ပါပြီဗျာ"

ကိုမိုးလွင်ပြောသည်မှာလည်း သဘာဝကျပါ၏။ သို့သော်လည်း နှင်း ယုသွယ်သည် သောင်းကျန်းသူတို့နှင့် ပတ်သက်ဆက်နွယ်မှု မရှိဟု မပြောနိုင် ပါ။ ထိုသို့ ဖြစ်နေခဲ့လျှင် ကိုမိုးလွင် သည် မြိုင်သာယာမှ ပြန်လာမ်းရှိနိုင်ပါ မည်လား။ သူငယ်ချင်းများက စိတ်ပူမိ ကြပါ၏။

တစ်ဖက်ကလည်း ကိုမိုးလွင်၏ သောကတို့ကို သိရှိနေသည် ဖြစ်ရာ မကြည့်ရက်နိုင်ကြတော့၍ သူငယ်ချင်း များကပါ ဝိုင်းဝန်း၍ မြိုင်သာယာ အဆက်အသွယ်ကို ရှာဖွေပေးကြပါ သည်။ ဤသို့ဖြင့် မြင်းခြံမြို့ ကျောင်းသူ တစ်ဦး၏ ကူညီမှုကို ရရှိခဲ့ပါသည်။

"အမေရဲ့ မောင်အရင်း ကျွန်မ ဦးလေးက မြိုင်သာယာရွာသူနဲ့ အိမ် ထောင်ကျတာ မြိုင်သာယာက နှစ်ရွာ ရှိတာ၊ အရှေ့မြိုင်သာယာမှာ နေတယ်၊ ကျွန်မလည်း လွန်ခဲ့တဲ့ သုံးနှစ်လောက် က တစ်ခေါက်ပဲ ရောက်ဖူးခဲ့တာဆို တော့ ဘယ်သူ့ကိုမှ မမှတ်မိခဲ့ဘူး၊ ကိုမိုးလွင် မြိုင်သာယာကို သွားမယ် ဆိုရင်တော့ ကျွန်မ ဦးလေးဆီကို စာရေး ပေးလိုက်မယ်၊ ဦးလေးတို့ အိမ်မှာ ဘာမှ ပူစရာ အားနာစရာမလိုဘူး၊ ပြီးတော့ ဦးလေးက ရွာအပေါ် သြဇာညောင်း တယ်၊ အစစအရာရာ ကူညီပေးပါလိမ့် မယ်" ဟုဆိုကာ ၎င်း၏ ဦးလေးထံသို့ မိတ်ဆက်စာ တစ်စောင် ရေးပေးပါ သည်။

ထိုနောက် ကိုမိုးလွင်သည် မြိုင်သာယာသို့ သွားရောက်ရန်အတွက် အပူတပြင်းစီစဉ်ပါတော့သည်။ ဂျစ်ကား တစ်စီးကို ငှားရမ်းလိုက်ပြီး အရင်းနှီး ဆုံး သူငယ်ချင်းသုံးဦးလည်း လိုက်ပါ ပို့ဆောင်ပေးကြပါသည်။

သူငယ်ချင်းများကတော့ ဤ ကားနှင့် ပြန်လိုက်ကြမည်ဖြစ်၍ ပစ္စည်း များများ ယူဆောင်စရာမရှိပါ။ ကိုမိုး လွင်ကတော့ အခြေအနေ မခန့်မှန်းနိုင် သဖြင့် လက်စွဲတော် တယောကလေး နှင့်အတူ အဝတ်အစားအသုံးအဆောင် အားလုံးယူဆောင်ခဲ့ပါသည်။

ထိုနေ့က စောစောပင် မန္တလေး မြို့မှ ထွက်ခွာခဲ့ကြပါသည်။ ဂျစ်ကား သည် လေတိုးသောကြောင့် ချမ်းအေး လှပါသည်။ တံတားဦးမြို့သို့ ၁၀ နာရီ လောက်တွင်မှ ရောက်ရှိခဲ့ပါသည်။ ဦးထုတ္တန်း ဇက်ကူးတို့ဆိပ်တွင် အချိန်ဖင့်



www.burmeseclassic.com

www.burmeseclassic.com

သွားခြင်း ဖြစ်ပါ၏။ တံတားဦးမြို့ လမ်းဆုံတွင် လက်ဖက်ရည်ဆိုင် ခဏ ဝင်ကြပါသေးသည်။ ဤအထိ ခရီး လမ်းမှာ ချောမွေ့လျက်ရှိပါသည်။

ထိုနောက် တံတားဦးမှ ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။ တံတားဦးမြို့နှင့် အတန်ငယ်ဝေးကွာသွားသော နေရာအရောက်တွင် လမ်းပေါ်၌ လင့်ရှိဘာကားတစ်စီး ပျက်နေဟန်တူပါ၏။

စက်ဖုံးကိုဖွင့်၍ နှိုက်နေသဖြင့် ထိုနေရာအရောက်တွင် ကိုမှိုင်းလွင်မှ ကားဆရာအား -

"ခဏကလေး ဟိုကား ဘာဖြစ်လဲ မသိဘူး၊ ဆင်းမေးရအောင်" ဆိုကာ ကားရပ်စေလိုက်ပါသည်။

ထိုနောက် ကားပေါ်မှ ဆင်းသွားသဖြင့် ကားဆရာလည်း နောက်မှ ဆင်းလိုက်သွားပါသည်။

"ဘာဖြစ်လို့ပါလဲ ခင်ဗျာ၊ ဘာများ ကူညီရပါမလဲ"

ထိုကားဆရာသည် အင်ဂျင်ကို ကုန်းနှိုက်နေသဖြင့် ရုတ်တရက် မဖြေနိုင်သေးမီ ကားနောက်ခန်းအတွင်း လိုက်ပါလာသောတရုတ်လူမျိုး သဘောကောင်းပြီး ဖော်ရွေဟန်ရှိသော လူကြီးမှ -

"ဘာဖြစ်တယ် မသိပါဘူးကွာ၊ ခါတိုင်းမောင်းနေကျ ဒရိုင်ဘာ မအားလို့ ဒီကလေးကို ခေါ်လာတာ သူက ကားမောင်းတတ်ရုံပဲရှိသေးတော့ ကားပျက်တာတော့ သိမှာမဟုတ်ဘူး၊ မောင်ရင်တို့ နားလည်ရင် ကြည့်ပေးကြပါဦးကွာ" ဟု ဆိုပါသည်။

ထိုအခါ ကိုမှိုင်းလွင်၏ ကားဆရာမှ ကြည့်ရှုရာ ကားမှ စက်မပျက်ပါ။ ပလပ်ကြောင်သွားခြင်း ဖြစ်သည် ဟုဆိုကာ ပြုပြင်ပေးလိုက်ရာ ကားမှာ စက်နှိုး၍ ရရှိသွားပါသည်။ ထိုအခါ ကားထဲမှ လူကြီးက ကျေးဇူးတင်စကား ပြောကြားပြီး-

"ဒါထက် မောင်ရင်တို့က ဘယ်အထိသွားကြမှာလဲ"

"ကျွန်တော်တို့ မြိုင်သာယာအထိ သွားကြမှာပါ ဦးလေး"

"မောင်ရင်တို့က ဒီနယ် ဒီလမ်းအကြောင်း မသိဘူးထင်တယ်၊ လမ်းမှာ ဓားပြတွေလည်းပေါတယ်၊ သောင်းကျန်းသူတွေလည်း ရှိတယ်ကွ၊ ဒါပေမဲ့ ဦးလေးလည်း မြိုင်သာယာကို သွားမှာပဲ၊ မောင်ရင်တို့ ဦးလေးနဲ့တွေ့တာ ကံကောင်းတာပဲ၊ ဦးလေးကတော့ ဒီလမ်းကို ဘယ်အချိန်သွားသွား ဘာမှ မဖြစ်ဘူး၊ အကုန်လုံးကို အဆင်ပြေအောင် ပေါင်းထားရတာပေါ့ကွာ၊ မောင်ရင်တို့ ဦးလေးကားနောက်ကသာ လိုက်ခဲ့ပေတော့၊ ဘာမှ မဖြစ်စေရဘူး"

ကားလမ်းမှာ ကြမ်းတမ်းလှပါသည်။ ခဲလုံးကြီးများ ချိုင့်ခွက်ကြီးများရှိနေ၍ ခရီးတွင်ကျယ်မှု မရှိပါ။ လမ်းခရီးတစ်ဝက်ကျော်သည်နှင့် ထူထပ်သောတောအုပ်၊ လျှိုမြောင်၊ တောင်ကုန်းများကို ကျော်ဖြတ်၍ ကွေ့ကောက်သော လမ်းမှာ ပို၍ပင် အဆင်းအတက်များ ကြမ်းတမ်းလှပါသည်။

ဤတရုတ်လူမျိုး ဦးလေးကြီးမှာ မြိုင်သာယာအရှေ့ရွာတွင် ဝါ[illegible]တ်စက်တည်ထောင်ထားသော ဦး[illegible]လု (မြိုင်သာယာမှ ဒေါ်သိန်းခင်ဝတ္ထုတွင် ပါဝင်) ဖြစ်ပြီး ငွေလမ်းခင်းထားသဖြင့် ဤလမ်းခရီးမှာ ချောမွေ့နေရကြောင်း သိရပါသည်။ ထို့ကြောင့် ကိုမှိုင်းလွင်တို့သည် ကံကောင်းထောက်မစွာဖြင့် မြိုင်သာယာသို့ ဘေးမသီ ရန်မခ ရောက်ရှိခဲ့ကြရပါသည်။

ဦးစက်လုသည် ကိုမှိုင်းလွင်တို့တို ဒင်း၏ ဝါစက်ကြီးအတွင်းထိ ခေါ် ဆောင်သွားပြီး ဧည့်ခံကျွေးမွေးပြုစုပြီး ကိုမှိုင်းလွင်တို့ သွားရောက်လိုသော အိမ်သို့ လိုက်ပို့ပေးစေပြီး မနက်ဖြန် တံတားဦးသို့ ပြန်မည်ဖြစ်၍ အတူပြန် လိုပါက ပြန်နိုင်ကြောင်း၊ အကယ်၍ နောက်ရက်မှ ပြန်လိုလျှင်လည်း လမ်း ခရီးတွင် အန္တရာယ်ကင်းအောင် စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြော ကြားလိုက်ပါသေးသည်။

ဤသို့ဖြင့် ကိုမှိုင်းလွင်တို့သည် မူလရည်ရာ တည်းခိုမည့် နေအိမ်သို့ ရောက်ရှိသွားလျှင် မြင်းခြံသူ ကျောင်းသူကလေး ပေးလိုက်သော စာကို ထုတ် ပေးလိုက်ပါသည်။

အိမ်ရှင်သည် စာကို ဖတ်ကြည့် လိုက်ပြီးနောက် -

"ဪ- ငါ့တူတို့က အေးခိုင်ရဲ့ သူငယ်ချင်းတွေကိုး၊ တက္ကသိုလ်ကျောင်း သားကြီးတွေပေါ့၊ မင်းတို့နှယ်ကွာ ရှာရှာ ပေါက်ပေါက် မြိုင်သာယာကိုမှ လေ့လာ ရေးခရီးထွက်လာရတယ်လို့၊ ဒီမှာတော့ ထန်းတောတွေနဲ့ ဝါခင်းတွေ၊ နွားတွေ သိုးတွေ၊ ဆိတ်တွေ ဒါတွေကို လေ့လာ ပေါ့ကွာ၊ ဦးလေးအိမ်မှာတော့ ကြိုက် သလောက်နေ၊ ဘာမှ အားမနာနဲ့၊ ဒီရွာ မှာ ဘာကိုမှ မစိုးရိမ်နဲ့၊ ဦးလေးဆိလာ တဲ့ ဧည့်သည်ဆို ဘယ်သူကမှ မနေဘူး အားလုံးကူညီကြလိမ့်မယ်"

အိမ်ရှင် ဦးမြင့်နိုင်သည် မြင်း[illegible] သားပီပီ ရှင်းရှင်းဘွင်းဘွင်းပင် အား[illegible] ပါးရ ပြောဆိုနေခြင်း ဖြစ်ပါ၍ ကိုမှိုင်း လွင်တို့လည်း အနေမကျုံ့တော့ဘဲ စိတ် လက်ပေါ့ပါးသွားကြရပါ၏။ ခဏကြာ လျှင် ဦးမြင့်နိုင်၏ ဇနီးနှင့်သားလည်း ရောက်ရှိလာပါသည်။ မြိုင်သာယာ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ဈေးဆိုင်ဖွင့်ထားကြောင်း သိရပါ ည်။ ဦးမြင့်နိုင်တို့တွင် မိသားစုမှာ ဤ သောက်သာဖြစ်သည်ဆို၍ ကိုမှိုင်း စ်တို့အဖို့ ပို၍ လွတ်လပ်ပါသည်။ ဆောင် နှစ်ထပ်အိမ်ကြီး ဖြစ်၍ ပေါ်ထပ် တစ်ထပ်လုံး ကိုမှိုင်းလွင် တို့ ထားရှိပါသည်။

ဦးမြင့်နိုင်၏ သားကလေးမှာ ည်း သဘောကောင်းလှပါ၏။

"ကျွန်တော့်နာမည် ခင်မောင် ပါ (၈)တန်း နှစ်ခါကျလို့ ကျောင်း ထွက်လိုက်ပြီး အမေနဲ့ ဈေးရောင်း တာ အစ်ကိုတို့ အားမနာကြနဲ့နော် ရာရှိရင် ကျွန်တော့်ကို ခိုင်းပါ" ဟု ပြောပါသည်။

ခင်မောင်ဝင်းသည် ကိုမှိုင်းလွင် နှင့် မတိမ်းမယိမ်းသာရှိပြီး ငယ်လျှင် ည်း တစ်နှစ် နှစ်နှစ်ခန့်သာ ဖြစ်ပါ သည်။ ယဉ်ကျေးဖော်ရွေလှပြီးအထူး ဖြင့် ကိုမှိုင်းလွင်ကို မြင်မြင်ချင်း ခင်လေးစားလျက် ရှိပါ၏။

ရှုတ်တရက် လာရင်းအကြောင်း ကို အမှန်အတိုင်းပြော၍ မဖြစ်သေး အချိန်ယူ၍ အခြေအနေကို ကြည့် ဦးမည်။ ထို့ကြောင့် သူငယ်ချင်းများ ရက်ရှည်မနေနိုင်ကြ။ မနေလိုကြပါ။ အခါတွင် မကြာခဏ သေနတ်သံ ခပ်သဲ့သဲ့ ထွက်ပေါ်လာတတ်၍ ကြောက်ရွံ့လျက် ပြန်ချင်လျက်ရှိကြခြင်း ပါသည်။

ကိုမှိုင်းလွင်သည် သူငယ်ချင်း ကို မတားလိုပါ။ ယခုကဲ့သို့ လိုက်လံ ဆောင်ပေးကြသည်ကိုပင် ကျေးဇူးတင် ဖြစ်ရပါသည်။ မိမိကမူ ပြန် ၍ မဖြစ်သေးပါ။ နှင်းယုသွယ်၏ ကြောင်းအရင်းမှန်ကို လေ့လာစုံစမ်း ဦးမည်။

နောက်တစ်နေ့တွင် ဦးစက်လု၏ တပည့်တစ်ဦးရောက်ရှိလာပြီး တံတားဦးသို့ ပြန်ကြမည်ဖြစ်၍ လာရောက်အကြောင်းကြားခြင်းဖြစ်ရာ ငှားရမ်းလာသော ကားဆရာမှာလည်း မြိုင်သာယာ လမ်းခရီးကို စိုးရွံ့လျက်နေသည် ဖြစ်ရာ ဦးစက်လုကားနှင့် ကပ်လျက်လိုက်ပါလိုကြောင်း နောက်တစ်ရက် မနေနိုင်တော့ကြောင်း ပြောပါသည်။ သူငယ်ချင်းအားလုံးကလည်း ဆန္ဒရှိနေကြသဖြင့် ကိုမှိုင်းလွင်လည်း သဘောတူညီလိုက်ပါသည်။

သူငယ်ချင်းများလည်း ကိုမှိုင်းလွင်ကို စိတ်မချနိုင်ဘဲ တရရမှာကြားကြပြီး အိမ်ရှင်မိသားစုကိုလည်း အပ်နှံမှာကြားကြပါသည်။ ကိုမှိုင်းလွင်သည် သာမန်တက္ကသိုလ်ကျောင်းသား မဟုတ်ပါ။ မိုးကုတ်မြို့မှ ဒိတ်ဒိတ်ကျဲ ကျောက်တွင်းပိုင် သူဌေးသား တစ်ဦးဖြစ်သည့်အပြင် မိုးမိတ်စော်ဘွားမျိုးနွယ် တော်ဝင်မိသားစုမှ ပေါက်ဖွားလာသူလည်း ဖြစ်ကြောင်း ပြောပြကြလျှင် အိမ်ရှင်မိသားစုသည် ကိုမှိုင်းလွင်အား မိမိတို့ တတ်နိုင်သမျှသော အနေအထားဖြင့် ဧည့်ခံကျွေးမွေးပြုစုကြရသဖြင့် အားတုံ့အားနာဖြစ်၍ နေကြပါသည်။

ကိုမှိုင်းလွင်သည် သူငယ်ချင်းများနှင့် ဦးစက်လု၏ ဝါစက်အထိ လိုက်ပါသွားပြီး -

"ဦးလေး ကျွန်တော်တို့ကို အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်သူငယ်ချင်းတွေကို ဦးလေးကို အပ်ပါတယ်"

"ဒါဆို မောင်ရင်ကကော"

"ဟုတ်ကဲ့ ကျွန်တော်က ဒီမှာ လေ့လာစရာလေးတွေလည်း ရှိသေးပြီး သီချင်း ရေးချင်သေးလို့ နေရစ်ခဲ့ဦးမယ်"

"တကယ်လို့ မောင်ရင်ပြန်ချင်တဲ့အခါ ဦးလေးနဲ့ ကားကြုံလိုက်ပေါ့ကွာ၊ ဦးလေးက မြိုင်သာယာကို မကြာမကြာ လာနေမှာပါ"

"ဟုတ်ကဲ့ ခင်ဗျ၊ ဒါဆိုဟန်ကျတာပေါ့၊ ကျေးဇူးပါပဲ ခင်ဗျာ"

ထို့နောက် သူငယ်ချင်းများကို နှုတ်ဆက်သောအခါ-

"ကိုမှိုင်းလွင် ဘာပဲဖြစ်ဖြစ် ဒီမှာ အကြာကြီး မနေပါနဲ့၊ အမြန်ဆုံးပြန်ခဲ့ပါဗျာ၊ ဒီမှာ ကိုမှိုင်းလွင် တစ်ယောက်တည်း နေရတာ စိတ်မချဘူး"

မကြာမီမှာပင် ဦးစက်လုကားနှင့်အတူ သူငယ်ချင်းများ၏ ဂျစ်ကားလည်း ထွက်ခွာသွားပါသည်။ ကိုမှိုင်းလွင်၏ စိတ်တွင် အားငယ်သလိုတော့ ခံစားရပါ၏။

"အစ်ကို တစ်ယောက်တည်း ကျန်ခဲ့လို့ ပျင်းနေပြီလား၊ ကျွန်တော်ရှိပါတယ် အစ်ကိုရဲ့၊ အစ်ကို သီချင်းရေးရအောင် မြိုင်သာယာအနှံ့ ကျွန်တော်လိုက်ပြပေးပါ့မယ်"

"ကျေးဇူးပဲ ညီလေးရာ၊ အစ်ကိုကတော့ မြိုင်သာယာမှာ ညီလေးကိုသာ အားကိုးရမှာပဲ"

"အစ်ကိုရာ အဲဒီလို မပြောပါနှင့် ကျွန်တော်တို့ဆီလာမှတော့ ကျွန်တော့်တာဝန်ပေါ့ဗျာ၊ အစ်ကို လိုအပ်တာမှန်သမျှ ကျွန်တော့်ကိုပြော၊ ကျွန်တော်အားလုံးကူညီမယ်"

"ညီလေးဆီက ဒီစကားမျိုးကြားရတာ အစ်ကို ဝမ်းသာတယ်ကွာ"

(ဆက်ရန်)

**ဘိုဘို(ရွှေကူ)**

❑



www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်း ဗိုလ်မှူးကြီးဗထူးအား

# ဦးညွှတ်အလေးပြုပါ၏



## ကိုရဲ (ရွှေတိဂုံ)

ကျွန်တော်တို့ စတုတ္ထတန်းကျောင်းသားအရွယ်မှာ ဗိုလ်မှူးကြီးဗထူး အကြောင်းကို သင်ခဲ့ရပါတယ်။ ကလေးဘဝဆိုတော့လည်း သင်ခန်းစာတစ်ခုအနေနဲ့ သင်ခဲ့ရပေမယ့် ဗိုလ်မှူးကြီးဗထူး ဆိုတဲ့အမည်ကို ယနေ့အထိ စွဲလမ်းနေဆဲ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဗထူးကို ၁၉၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့မှာ မွေးဖွားခဲ့ပြီး လာမယ့် ဇူလိုင်လ(၁၂)ရက်နေ့ဆိုရင် အသက်(၁၀၁) နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးဗထူးဟာ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေရင်း ၁၉၄၅ ခုနှစ်၊ ဇွန်လ(၂)ရက်နေ့မှာ ကွယ်လွန်ခဲ့တဲ့အတွက် ကွယ်လွန်သွားတာ နှစ်ပေါင်း(၇၁)နှစ်ရှိပြီ ဖြစ်ပါတယ်။

သူရဲကောင်းတွေ ခေါင်းချသွားတဲ့နေရာ ဒါမှမဟုတ် ဇာတိမွေးရပ်မြေမှာရှိတဲ့ ဒေသခံတွေအနေနဲ့ ကိုယ့်အားကိုယ်ကိုးပြီး အထိမ်းအမှတ်တွေလုပ်ကြကျောက်တိုင်တွေ စိုက်ထူ၊ မဂ္ဂဇင်း

www.burmeseclassic.com

ထုတ်ဝေကြ၊ ဟောပြောပွဲတွေလုပ်ကြတာတွေကို သိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

သူရဲကောင်းတွေကို ဂုဏ်ပြုတဲ့ သူရဲကောင်းဗိမာန်တွေ ပေါ်ထွက်လာဖို့ လိုအပ်နေပါလားလို့လည်း တွေးမိပါတယ်။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေး ရဖို့အတွက် အသက်စွန့်ကြိုးပမ်းခဲ့တဲ့ သူရဲကောင်းတွေရဲ့ အကြောင်းတွေကို မူလတန်းမှ ဘွဲ့ရတဲ့အထိ သင်ခန်းစာတစ်ရပ်အနေနဲ့ သင်ကြားပေးမှုလည်း သူရဲကောင်းတွေကိုအားကျစိတ်၊ တန်ဖိုးထားစိတ်တွေ ရှိလာမှာဖြစ်သလို မိမိတို့လည်း တိုင်းပြည်အတွက် ကျရာတာဝန်ကို ထမ်းဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းခဲ့တဲ့ သူရဲကောင်းတွေထဲက ဗိုလ်မှူးကြီးဗထူးရဲ့ စွမ်းဆောင်ချက်တွေကို ဆရာကြီး ဝမ်းအိုဝမ်း ကျော်ဝင်းမောင်ရေးတဲ့ "ဝမ်းအိုဝမ်းနဲ့ ဗမာ့မြေအောက် တော်လှန်ရေး စာအုပ်၊ အခန်း ၂၉၊ ဗမာ့ထူအဖွဲ့အစည်းရဲ့ သမိုင်းသစ်ကို ကြိုဆိုလိုက်တဲ့ အမြောက်သံ" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အခုလို ရေးထားတဲ့အတွက် အနာဂတ်လူငယ်များ သိရှိနိုင်ဖို့ ထုတ်နုတ် ဖော်ပြပေးလိုက်ပါတယ်။

"မန္တလေး အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် ဗိုလ်မှူးကြီးဗထူးနဲ့အတူ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေဟာ တော်လှန်ဖို့ အချိန်နီးကပ်နေပြီမို့ ကိုယ်စီ ကိုယ်စီအလုပ်နဲ့ လက်မပြတ်အောင် အပတ်တကုတ် အလုပ်လုပ်နေကြတယ်။

ဗိုလ်မှူးဗထူးနဲ့ နိုင်ငံရေးမှူးတွေ၊ တပ်မှူးတွေလည်း ပျားပန်းခပ်မျှ အလုပ်တွေ လုပ်နေကြရတယ်။

မဟာမိတ်တပ်တွေ မန္တလေးကို ဦးတည်ချီတက်နေပြီ ဖြစ်တဲ့အတွက် ဂျပန်တွေဟာ ဆုတ်ခွာပေးနေရတယ်။

ဒီအချိန်မှာ ရှမ်းပြည်ဘက်မှာ ရှိတဲ့ ဘီဒီအေတပ်တွေကိုလည်း ဗိုလ်မှူးက မန္တလေးကို ဆုတ်ခဲ့ရန် အမိန့်ပေးထားတယ်။ အဲဒီလို ဘီဒီအေတပ်တွေ မန္တလေးကို ဆုတ်လာတဲ့အထဲမှာ ဗိုလ်စိုးသိမ်း ကွပ်ကဲတဲ့ မြင်းနဲ့ ရိက္ခာပို့တဲ့ တပ်စုလည်း အပါအဝင် ဖြစ်တယ်။ ဂျပန်တို့က မယုံကြည်တဲ့အတွက်ရော အကူအညီမရတဲ့အတွက်ပါ ဗိုလ်စိုးသိမ်းရဲ့တပ်စုတစ်ခုလုံးကို ဖမ်းလိုက်ပါတယ်။

ဗိုလ်စိုးသိမ်းရဲ့တပ်မှ ရဲဘော်ကိုထင်က မင်းကွန်းဘက်ကို ခွင့်နဲ့ သွားစဉ် အင်္ဂလိပ်ငွေဒင်္ဂါး တွေ့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဂျပန်က ဖမ်းဆီးလိုက်ပါတယ်။ အခုလို ဖမ်းဆီးလိုက်တာဟာ ဗမာ့ကာကွယ်ရေးတပ်မတော်ကို သွေးထိုးစမ်းကြည့်လိုက်တာလို့ ဆရာကြီးက သုံးသပ်ပါတယ်။

အဲဒီအချိန်မှာ ဗိုလ်မှူးဗထူးဟာ အထက်ဗမာပြည် ဂျပန်တော်လှန်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဆွေးနွေးဖို့ ရန်ကုန်ကို ရောက်နေတဲ့အချိန် ဖြစ်ပါတယ်။

ရဲဘော်တွေကို ဂျပန်တွေ ဖမ်းထားတယ်ဆိုတဲ့ သတင်းကြားကြားချင်း ဗိုလ်မှူးဟာ မန္တလေးကို အမြန်ဆုံးပြန်ခဲ့ပါတယ်။ ရောက်ရောက်ချင်း ဗိုလ်မှူးဗထူး၊ ဗိုလ်အာဇ္ဈာဝကတို့ ဂျပန်စစ်ရုံးကို သွားရောက်ပြီး အရေးဆိုကြတယ်။

ဂျပန်တွေက အရှုံးမီးဝိုင်း ဖြစ်နေတဲ့ အချိန်မှာ ဗိုလ်မှူးဗထူးဆီမှာ အကူအညီ ရယူလိုတာကတစ်ကြောင်း၊ ဗိုလ်မှူးရဲ့ မဟုတ်မခံ သတ္တိရှိရှိ လုပ်ဆောင်တတ်တဲ့ အတွက်လည်း တစ်ကြောင်း၊ သူတို့ရန်သူ အဖြစ်မခံဘဲ သူတို့မိတ်ဆွေဖြစ်အောင် ဆွဲဆောင်ချင်တာရော ပြီးတော့ ဗမာ့တပ်မတော်ရဲ့ လှုပ်ရှားမှုတွေ သိချင်တာတွေအတွက်ပါ ဗိုလ်မှူးဗထူးကို ထမင်းစားပွဲလုပ်ရင်း ဆွေးနွေးဖို့ ဖိတ်ကြားတယ်လို့ ဆိုပါတယ်"

ဂျပန်တွေ ထမင်းစားဖိတ်တာကို လက်ခံခဲ့တဲ့အခါမှာလည်း ခေါင်းဆောင် ပီသပုံ၊ လုံခြုံရေး ဂရုစိုက်ပုံတွေကို အခုလိုရေးထားပါတယ်။

"ဂျပန် စစ်ရဲကင်ပေတိုင်တွေက ဆွေးနွေးဖို့ ကျင်းပတဲ့ ထမင်းစားပွဲ တက်ရောက်ရန် စကားကမ်းလှမ်းဖိတ်ကြားတာကို ဗိုလ်မှူးဗထူးက ဗိုလ်စိုးသိမ်းရဲ့ မြင်းဝန်တင် တပ်စုကို အရင်လွှတ်ပေးမှ ဆွေးနွေးနိုင်မယ်လို့ ပြန်ကြားတယ်၊ ဒီတော့မှ ဗိုလ်စိုးသိမ်းရဲ့ တပ်စုတစ်စုလုံးကို လွှတ်ပေးလိုက်ပါတယ်။

အဲဒီအချိန်မှာ ဗိုလ်မှူးဗထူးက ကျန်းမာရေး သိပ်မကောင်းပေမယ့် ဗိုလ်အာဇ္ဈာဝကနဲ့အတူ ထမင်းစားပွဲကို တက်ရောက်ခဲ့ပါတယ်။

ထမင်းစားပွဲ မတက်ရောက်ခင်မှာ ဂျပန်ကင်ပေတိုင်တွေကို လုံးဝယုံကြည်မှုမရှိတဲ့ ဗိုလ်မှူးဟာ နိုင်ငံရေးမှူးများနဲ့ တပ်မှူးများကို တွေ့ဆုံပြီး မှာစရာရှိတာ မှာခဲ့တယ်။ ဂျပန်တွေဟာ ယုံကြည်နိုင်စရာမရှိဘူး၊ အကောက်ကြံပြီး ဖမ်းချင်ဖမ်းမယ်။ ဂျပန်တော်လှန်ရေး လုပ်ငန်းတွေကို မလိမ့်တစ်ပတ်နဲ့ အစ်မေးချင် မေးမယ်။ အကယ်၍များ အဖမ်းခံလိုက်ရရင် လုပ်စရာရှိတဲ့ တော်လှန်ရေးလုပ်ငန်းကိုတော့ အပျက်မခံဘဲ





www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ဆောင်ရွက်သွားပါ ဆိုတာ မှာကြားခဲ့ပါတယ်"

ထမင်းစားပွဲ တက်ရောက်တဲ့ အခါမှာလည်း ဗိုလ်မှူးရဲ့ သတိရှိတဲ့စိတ်၊ အသက်ကို စွန့်ရဲတဲ့ စိတ်တွေကို အခုလို မှတ်တမ်းတင်ထားပါတယ်။

"သတိ ကြီးလှတဲ့ ဗိုလ်မှူးက လိုရမည်ရဆိုပြီး ဗိုလ်လှညွန့်ကို တပ်စိတ် တစ်စိတ် ခေါင်းဆောင်စေပြီး လက်ပစ်ဗုံးနဲ့ လက်နက်များ ယူစေခဲ့ကာ ထမင်းစားပွဲကို သူနဲ့အတူ ခေါ်ခဲ့ပါတယ်။

အကယ်၍ ဂျပန်တွေ အခြေအနေ ဟန်ပုံမပေါ်ရင် ပစ်ခတ်ကာ ဗိုလ်မှူးဗထူးနဲ့ ဗိုလ်အာဠာဝကတို့ကို လုယူရန်၊ ဘယ်လိုမှ လုပ်လို့ မရရင် အားလုံးအသေခံပြီး စစ်ရဲအရာရှိတွေကို တိုက်ခိုက်ရန်၊ အဲဒီလို ခုခံတဲ့အခါ ဗိုလ်မှူးရဲ့ အသက် သေချင်သေပါစေ အသက်တွေကို ပဓာနမထားဘဲ ဂျပန်တွေကို ခုခံတိုက်ခိုက်ပါလို့ ဗိုလ်မှူးက ဗိုလ်လှညွန့်နဲ့ ရဲဘော်တွေကို ညွှန်ကြားခဲ့ပါတယ်။

ထမင်းစားပွဲမှာ သေနတ် တစ်ချက်မှ မဖောက်လိုက်ရဘဲ အေးဆေးစွာ ပြီးမြောက်ခဲ့တဲ့အကြောင်း၊ ထမင်းစားပွဲမှာ ဂျပန်ကင်ပေတိုင်တွေကို ဗိုလ်မှူးက အချိုသပ်လှည့်စားပြီး အားလုံး တပ်ကို ချောမောစွာ ပြန်ခဲ့ကြပါတယ်။"

ဒီလို ထမင်းစားပွဲတက်ရောက်တဲ့အခါမှာ သာမန် ထမင်းစားပွဲလို့ မသတ်မှတ်ဘဲ တိုင်းပြည်အတွက် အရေးကြီးတဲ့ အလုပ်တစ်ခုအဖြစ် သတ်မှတ်ကာ မိမိအသက်ကို မငဲ့ကွက်တဲ့စိတ်ဓာတ်၊ တစ်ဖက်ရန်သူကို လှည့်စားနိုင်တဲ့ ဉာဏ်ပညာတွေဟာ အားကျအတုယူစရာ ကောင်းလှပါတယ်။

၁၉၄၅ ခု၊ မတ်လ (၈)ရက်နေ့မှာ မန္တလေး၊ စစ်ကိုင်းမှ တပ်အသီးသီးကို တော်လှန်ရန်အတွက် တပ်တွေ စတင်ဖျောက်ကြပြီး မန္တလေးမျက်ပါးရပ်မှာရှိတဲ့ ဗိုလ်အာဠာဝကရဲ့ အမြောက်တပ်မှ အမြောက်ပစ်ဖောက်၍ အချက်ပေးမယ်ဆိုတဲ့အကြောင်းကိုလည်း စစ်ကိုင်းနဲ့ ဘေးပတ်ဝန်းကျင်ရှိ တပ်များကို ကြိုတင်အကြောင်းကြားပြီးနေချိန် ဖြစ်ပါတယ်။

၁၉၄၅ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာ မန္တလေး မျက်ပါးရပ် လေယာဉ်ပစ် အမြောက်ကြီးတပ်ကနေ သုံးချက်တိတိ ပစ်ဖောက်လိုက်တဲ့ အမြောက်သံများဟာ ဗမာ့လူ့အဖွဲ့အစည်းရဲ့ လုံးဝလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဆိုရှယ်လစ်ရေးတို့ ပါဝင်ရာ သမိုင်းသစ်အတွက် ခရီးဦးကြိုပြုလိုက်တာဖြစ်တယ်လို့ ဆရာကြီးက မှတ်တမ်းတင်ထားပါတယ်။ (ကြားထဲမှာ တိုက်ပွဲအကြောင်းတွေ မှတ်တမ်းတင်ထားတဲ့အတွက် လိုအပ်တာတွေ ထုတ်နုတ်တင်ပြလိုပါတယ်။ စာရေးသူ)

မတ်လ(၈)ရက်နေ့ညက မျက်ပါးရပ်အမြောက်ကြီးတပ်မှ တပ်တွေကို ဂျပန်တွေ မသိအောင် တပ်ဖျောက်ဖို့ ပြုလုပ်ပေးမယ့် မမျှော်လင့်တဲ့ အဖြစ်အပျက်ကြောင့် ဂျပန်နဲ့တိုက်ရင်း တပ်တွေ ဆုတ်ခွာလိုက်ရတဲ့အခါ ရဲဘော်တွေဟာ ကစဥ့်ကရဲ ဖြစ်သွားပါတယ်။

အဲဒီရဲဘော်တွေကို ပြန်လည်စုစည်းနိုင်ဖို့အတွက် ဗိုလ်မှူးဗထူးဟာ အမြန်ဆုံး စီစဉ်ရတဲ့အပြင် နယ်မှာ ဖြန့်ပြီးချထားတဲ့ တပ်တွေနဲ့လည်း အဆက်အသွယ်လုပ်နေရပါတယ်။ တစ်ခါ ဂျပန်တွေကို ပြောက်ကျားဆင် တိုက်ခိုက်ဖို့လည်း ညွှန်ကြားပေးရပြန်ပါတယ်။

အဲဒါတွေအပြင် ဗိုလ်ချုပ်ဗအောင်ဆန်းနဲ့ ကြိုတင်ညှိနှိုင်းစီစဉ်ခဲ့တဲ့ ဗိုလ်မှူးဗထူးရဲ့ စစ်ကြေညာချက်တွေကိုလည်း နယ်ထဲမှာ ပလူပျံအောင် ဖြန့်ဝေရန် စီစဉ်ပေးရပါတယ်။

ဗိုလ်မှူးဗထူးနဲ့ အထက်ဗမာပြည်တိုင်းတပ်တွေဟာ ဂျပန်ကို တော်လှန်ဖို့ အသင့်ဖြစ်နေပါတယ်။ မဟာမိတ်တွေကလည်း ရွှေဘိုလွင်ပြင် တစ်လျှောက်ကနေ မန္တလေးကို ချီတက်လာတဲ့အတွက် တိုက်ခိုက်ရန် ရင့်မှည့်နေတဲ့အချိန် ဖြစ်တဲ့အတွက် ဂျပန်ကို စစ်ကြေညာလိုက်ပါတယ်။

ဗိုလ်မှူးဗထူးနဲ့ အထက်ဗမာပြည်တိုင်းက ဂျပန်ကိုတော်လှန်ပြီဆိုတဲ့ ကြေညာချက်ထဲမှာ အဓိပတိဒေါက်တာဗမော်အစိုးရနဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုပါ တစ်ပါတည်း ဂျပန်တို့နဲ့တစ်ပေါင်းတည်းထားပြီး စစ်ကြေညာလိုက်ပါတယ်။ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းကို စစ်မကြေညာခဲ့ရင် ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခြေရာလက်ရာတွေ့အဖြစ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အလယ်အောက်ဗမာပြည်ရှိ တပ်များကို ဂျပန်က လက်နက်ဖြုတ် တိုက်ခိုက် ချေမှုန်းမယ်။ ဒီအန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဗိုလ်မှူးဗထူးနဲ့ သူ့တပ်တွေကို ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခွဲပစ်လိုက်ပြီး ဗိုလ်ချုပ်နဲ့ သူ့တပ်တွေကို ဂျပန်နဲ့ တစ်ပေါင်းတည်းအဖြစ် ပေါင်းပေးလိုက်တဲ့ ပရိယာယ်စစ်ကြေညာချက်ဖြစ်တဲ့ အကြောင်းကို ဆရာကြီး ရှင်းပြထားတဲ့အတွက် နောင်လာနောက်သားတွေအဖို့ သမိုင်းမှတ်တမ်း တစ်ခု ဖြစ်ရပါတယ်။

ဗိုလ်မှူးဗထူးက ဂျပန်တွေကို လှည့်စားတဲ့အနေနဲ့ ပရိယာယ်ဆင်ပြီး

www.burmeseclassic.com

ကြေညာလိုက်တဲ့ သမိုင်းဝင်စစ်ကြေငြာချက်အပြည့်အစုံမှာ-

"ရဲဘော်တို့ ငါတို့တစ်တွေသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ငါတို့၏ အသက်ကိုပင် ပမာမထားဘဲ တပ်မတော်သားပီပီ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း အများသိကြသည်။

ဖက်ဆစ်ဂျပန်တွေသည် ငါတို့လူမျိုးများအား အမျိုးမျိုး ညှဉ်းဆဲသတ်ဖြတ်ပြီး ငါတို့ကို လွတ်လပ်ရေးမပေးဘဲ ငါတို့ကို ကျွန်သပေါက်ဘဝကိုပို့ဆောင်ခဲ့ကြကြောင်း ဘမော်နှင့် အောင်ဆန်းအမှူးပြုသည့် ဗမာရုပ်သေး အစိုးရနှင့် စစ်တပ်သည် ဂျပန်တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကို ကာကွယ်ပေးနိုင်လိမ့်မည်ဟု ငါတို့ ယုံကြည်အားထားခဲ့ကြကြောင်း၊ သို့သော် ယခုအထိ သူတို့သည် မည်သည့်ကာကွယ်မှုကိုမျှ ပြုလုပ်ပေးနိုင်၊ ငါတို့သည် ဤအတိုင်း ခေါင်းငုံ၍ မခံနိုင်တော့။

ထို့ကြောင့် ၁၉၄၅ ခု၊ မတ်လ (၈)ရက်နေ့မှစ၍ ငါ၏ လက်အောက်တွင်ရှိ စစ်ကိုင်း၊ မန္တလေး၊ သီပေါ စသောနယ်မြေများရှိ တပ်များသည် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနှင့် ပူးပေါင်းလျက် ဖက်ဆစ် ဂျပန်တို့အား စတင်တိုက်ခိုက်ကြောင်း စစ်ကြေညာလိုက်သည်။

ရဲဘော်တို့ ဖက်ဆစ်ဂျပန်လူရိုင်းများအား တွေ့ရာသင်္ချိုင်း ခါးမဆိုင်းဘဲ သုတ်သင်ကြလော့။

ဗိုလ်မှူးဗထူး
ဗမာ့တော်လှန်ရေးတပ်မတော်
အထက်ဗမာပြည်"

အဆိုပါ ကြေညာချက်နှင့် ပတ်သက်ပြီး ဆရာကြီးက ဆက်လက်ရှင်းပြသည်မှာ အထက်ပါ ကြေညာချက်ထွက်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်က ဗိုလ်မှူးဗထူးကို သစ္စာဖောက် တပ်မတော် ပုန်ကန်သွားသူအဖြစ် ကြေညာလိုက်တယ်။ အဲဒီကြေညာချက်အပေါ် ဂျပန်များက တကယ်ယုံကြည်ပြီး ဗိုလ်မှူးဗထူးနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ခွဲမြင်ကြတယ်။

ဒါကြောင့် ဒီကြေညာချက်ဟာ ဂျပန်တွေကို ငိုက်မျဉ်းစေခဲ့ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လ (၁၇)ရက်နေ့မှ မိတ္တာလူမျိုး အင်္ဂလိပ်၊ အမေရိကန်များကို စစ်ထွက်တိုက်မယ်ဆိုတဲ့ လိမ်လည်တဲ့ စစ်ကြေညာချက်နဲ့ ဣန္ဒြေရရ စစ်ထွက်နိုင်ခဲ့ပါတယ်လို့ ရှင်းပြထားပါတယ်။

ဗိုလ်မှူးဗထူးအနေနဲ့ နေ့မအိပ် ညမအိပ် အလုပ်များနေတဲ့ကြားကနေ မဟာမိတ်တပ်တွေနဲ့ အဆက်အသွယ်ရရေးကိုလည်း ကြိုးစားနေရပါတယ်။ မိမိရဲ့ ရဲဘော်တွေကို လွှတ်ပြီး ဆက်သွယ်စေခဲ့သော်လည်း မဟာမိတ်ဆိုတဲ့ အင်္ဂလိပ်တွေက ပြန်မလွှတ်ဘဲ ဖမ်းဆီးချုပ်နှောင်ခဲ့ပါတယ်။

အက်ဖ် ၁၃၆ ဗဟိုနဲ့ တရားဝင် ဆက်သွယ်မှုရှိနေပြီး ရှေ့တန်းနဲ့ကျမှ ရဲဘော်တွေ ဖမ်းလားဆီးလားလုပ်ခြင်း ခံနေရတာကို ဗိုလ်မှူးအနေနဲ့ မကျေမနပ်ဖြစ်ခဲ့ပေမယ့် စိတ်ပျက်မနေဘဲ ဆက်သွယ်မှု ရရှိရေးကို မရပ်မနား ကြိုးစားလျက်ရှိပြီး နောက်ဆုံးမှာ ကိုမောင်မောင်ကို တာဝန်ပေးခဲ့ပါတယ်။

မဟာမိတ်တွေ စခန်းချနေတဲ့ ကသိုင်ကို ကိုမောင်မောင်ရောက်တဲ့အခါ မေဂျာမူဒီကို ဗိုလ်မှူးမှာလိုက်တဲ့ အမှာစကားကို ပြောပြပါတယ်။

(အဲဒီအချိန်မှာ အင်္ဂလိပ်စစ်တပ်က မန္တလေးနန်းတွင်းရဲ့ မြို့ထဲမှာရှိတဲ့ ဂျပန်တွေကို ဗုံးကြဲ၊ အမြောက်နဲ့ ပစ်ခတ်နေတဲ့အချိန် ဖြစ်တယ်လို့ ဆိုပါတယ်။)

ဗိုလ်မှူးရဲ့ မှာကြားချက်ဖြစ်တဲ့

"ပြည်သူတွေရဲ့ အသက်အိုးအိမ်နဲ့ မြန်မာ့ရှေးရာယဉ်ကျေးမှုများ၊ သေကျေပျက်စီးမှုတွေမဖြစ်ရလေအောင် မန္တလေးမြို့သိမ်းဖို့ တာဝန်ကို ဗိုလ်ဗထူးကပဲ တာဝန်ယူရမယ်၊ လက်နက်ခဲယမ်းမီးကျောက် အကူအညီသာ ပေးပါ၊ မြို့ကို သိမ်းပါမယ်၊ မန္တလေး နန်းတွင်းမှာရှိတဲ့ ဂျပန်ကို ချေမှုန်းဖို့လည်း လက်ပစ်ဗုံး နှစ်သေတ္တာသာပေးပါ၊ ကျုပ်တို့ သိမ်းပေးပါ့မယ်၊ ခင်ဗျားတို့ ဗုံးကြဲစရာ၊ အမြောက်နဲ့ပစ်စရာ မလိုပါဘူး"

ဆိုတာကို မေဂျာမူဒီအားတင်ပြတဲ့အခါ လက်ပစ်ဗုံး နှစ်သေတ္တာနဲ့ နန်းတွင်းရှိ ဂျပန်တွေကို ချေမှုန်းမယ်ဆိုတဲ့ တင်ပြချက်ကို ကြားတဲ့အခါ မေဂျာမူဒီက ပြုံးပါတယ်။

ဒါပေမဲ့ ဘယ်လိုမှ မည်မည်ရရ ပြန်ကြားချက်မရှိဘဲ ဗိုလ်မှူးဗထူးနဲ့သာ တွေ့ပေးပါလို့ တောင်းဆိုခဲ့ပါတယ်။

ဒီနေရာမှာ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေအပြင် ရှေးရာယဉ်ကျေးမှုတွေကို တန်ဖိုးထားတဲ့ ဗိုလ်မှူးရဲ့ စိတ်ဓာတ်ကလည်း အတုယူစရာ ဖြစ်ပါတယ်။

ဒီအကြောင်းကို ဗိုလ်မှူးဗထူးထံ သတင်းပို့လိုက်တဲ့အခါ ဗိုလ်မှူးဗထူးက -

"မမှန်ဘူး၊ မယုံကြည်ရဘူး၊ ဖက်ဆစ်ဆန့်ကျင်တဲ့ ဗမာတွေကို ဖမ်းချုပ်ဖို့ပဲ စဉ်းစားနေဟန်တူတယ်၊ အဲဒီတော့ သူတို့နဲ့ အတွေ့မခံတော့ဘူး၊ အဲဒီကြိုးမဲ့ကြေးနန်းစခန်းကို မဟာမိတ်တွေဆီ ပြန်အပ်လိုက်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

အက်ဖ် ၁၃၆ ဌာနချုပ်ဆီ လှမ်း၍ အင်္ဂလိပ် ဆက်သွယ်ရေးအရာရှိကို မှာလိုက်လို့ ကိုမောင်မောင်ကို တာဝန်ပေးခဲ့ပြီး ဗိုလ်မှူးနဲ့အဖွဲ့လည်း ကျောက်ဆည်ကို ဆင်းသွားခဲ့တယ်။

ကိုမောင်မောင်လည်း ဗိုလ်မှူး တာဝန်ပေးချက်အတိုင်း ကဘိုင်ကို ပြန်သွားခဲ့ပြီး ကြို့မဲ့ကြေးနန်းစခန်းကို ပြန်အပ်လိုကြောင်း ပြောပြီး အပ်ခဲ့ပါတယ်။ ကြို့မဲ့ ကြေးနန်းစခန်းအပ်ပြီးနောက် ဗိုလ်မှူးမှာကြားထားတဲ့ အက်ဖ် ၁၃၆ ဆက်သွယ်ရေးအရာရှိကို စောင့်နေပါတယ်။

တစ်နေ့မှာ ကျောက်ဆည်သခင်တင်ရွှေနဲ့ ဗိုလ်ကြီးအဆင့်ရှိ ကပ္ပတိန်ဆော်လီတို့ ရောက်လာကြပါတယ်။ ဆင်ရွာကြီးမှာ သခင်တင်ရွှေနဲ့ ဆက်သွယ်မိတဲ့အခါ ကျောက်ဆည်မြို့နဲ့မနီးမဝေး စခန်းတစ်ခုမှာ ရောက်နေတဲ့ ဗိုလ်မှူးဗထူးဆီကို ချီတက်ခဲ့ကြပါတယ်။

ဗိုလ်မှူးနဲ့ တွေ့ကြတဲ့အခါ အခြေအနေကို ဆွေးနွေးကြပြီး ဆက်သွယ်ရေးအရာရှိ ဗိုလ်ကြီးဆော်လီရဲ့ ဆက်သွယ်ပေးမှုအရ ဗိုလ်မှူးဗထူးနဲ့ ဂျင်နရယ်ဂရေစီ (အင်္ဂလိပ်ဗိုလ်ချုပ်) နဲ့ တွေ့ကြပါတယ်။

ဆွေးနွေးချက်ရဲ့ရလဒ်က ရှမ်းပြည် စစ်မျက်နှာကို ဗိုလ်မှူးဗထူးက တာဝန်ယူတိုက်ခိုက်ရန် စစ်မျက်နှာခွဲပေးလိုက်ပါတယ်။ ပြီးတော့ လက်နက်ခဲယမ်းမီးကျောက်ကိုလည်း အကူအညီပေးမယ်ဆိုတဲ့ ကတိအတိုင်း အကူအညီပေးခဲ့ပါတယ်။

အဲဒီအချိန်ကတည်းက ဗိုလ်မှူးဗထူးနဲ့ သူ့ရဲ့တပ်များဟာ မဟာမိတ်တပ်များ သွားလာလို့ မလွယ်ကူတဲ့ တောတောင်အထပ်ထပ်ရှိ ဂျပန် ဖက်ဆစ်များကို ရှာဖွေတိုက်ခိုက်ရင်း အောင်ဘန်း(အောင်ပန်း)နယ်ထဲသို့ ထိုးဖောက်ခဲ့ပါတယ်။

အောင်ပန်းမြို့ကို သိမ်းပိုက်ရန်အတွက် အစီအစဉ်တွေ လုပ်နေရင်း အောင်ပန်းမြို့နယ် မြင်းကြာစုရွာအနီး တယ်လူးစခန်းမှာ အပြင်းအထန်ဖျားပြီး ၁၉၄၅ ခုနှစ်၊ ဇွန်လ (၂)ရက်နေ့မှ ကွယ်လွန်ခဲ့ပါတယ်။

ဗိုလ်မှူးဗထူးရဲ့ စစ်ရေးနိုင်ငံရေး ထွန်းပြောင်ချက်တွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးဗထူးကို ဗိုလ်မှူးအဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ကို ကျော်၍ ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ပေးလိုက်ပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ် ချီးမြှင့်လိုက်တဲ့ ရာထူးတိုးအကြောင်းကြားစာ မရောက်ခင် ကွယ်လွန်သွားတဲ့အတွက် ရာထူးတိုးတာကို သိမသွားရှာရပါဘူး ဆိုပြီး ဆရာကြီးက အဆုံးသတ်ထားပါတယ်။

ဗိုလ်မှူးကြီးဗထူး ကွယ်လွန်ပြီး နှစ်လကြာကျော်ကြာပြီးနောက် ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့တွင် ကန်တော်ကြီး နေသူရိန်ကပွဲရုံမှာ မြို့လုံးကျွတ် လူထုအစည်းအဝေးပွဲကြီး ကျင်းပခဲ့ပါတယ်။

အဲဒီ အစည်းအဝေးပွဲကြီးမှာ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးကြီးဗထူးအကြောင်းနဲ့ပတ်သက်ပြီး -

"အထက်ဗမာပြည် မန္တလေးတစ်ဝိုက်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးဗထူး ကြီးမှူးပြီး ကျုပ်တို့ တပ်မတော်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်၊ ဗိုလ်မှူးကြီးဗထူး တိုက်ပေးတဲ့အတွက် မန္တလေးတိုက်ပွဲဟာ လျင်မြန်စွာ အောင်မြင်ရတယ်ဆိုတာကို ဟိုတုန်းက ဗမာပြည် တိုက်ခိုက်ရေးကို ကြီးမှူးအုပ်ချုပ်ရတဲ့ မဟာမိတ်တပ်မတော် အမှတ် (၁၄) တပ်မှူး လက်ဖတင်နင်ဂျင်နရယ် ဆာဝီလီယန်ဆလင်း ကိုယ်တိုင် ရေဒီယိုက ချီးကျူးပြောခဲ့တယ်။

နောက်ကိုလည်း ဗိုလ်မှူးကြီး ဗထူးဟာ မြို့တွေရွာတွေ အမြောက်အများသိမ်းပြီး ရှမ်းပြည်ဘက် ထပ်တိုက်ခဲ့တယ်၊ ဗိုလ်မှူးကြီးဗထူးကို မဟာမိတ် ဒီဝီဇံ တပ်မမှူးတိုင်းလိုလို သိကြတယ်၊ ချီးကျူးတယ်၊ ၄ နံပါတ် တပ်မမှူးဖြစ်တဲ့ လက်ဖတင်နင်ဂျင်နရယ် မက်ဇာဗီက ဗိုလ်မှူးကြီးဗထူးရဲ့ အကြောင်းကို (Despatches) လန်ဒန်ဂေဇက် (ဘီလပ် အစိုးရဂေဇက်)ထဲမှာထည့်ပြီး ကြေညာမယ်လို့ ပြောခဲ့တယ်"

ဆိုပြီး ထည့်သွင်း ပြောကြားခဲ့တာကို ဗိုလ်ချုပ်၏ 'မမေ့နိုင်သော မိန့်ခွန်းများ' စာအုပ်မှာ မှတ်သားဖူးပါတယ်။

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ မနက် ၈ နာရီမှာ ရွှေတိဂုံကုန်းတော် အလယ်ပစ္စယာ ကုန်းမြေမြင့်၌ လွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ကျဆုံးခဲ့ရရှာသော အာဇာနည်များအား သတိတရ လေးစားသောအားဖြင့် ယာယီကျောက်တိုင် စိုက်ထူ၍ အလေးပြုတဲ့ အခမ်းအနားမှာ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးကြီးဗထူးနဲ့ ပတ်သက်လို့ -

"ကျဆုံးသူများထဲတွင် ဗိုလ်မှူးကြီး ဗထူး အပါအဝင်ဖြစ်ကြောင်း၊ ဗထူး၏ လုပ်ရည်ကိုင်ရည်နဲ့သူရသတ္တိကို အတွင်းသိသူတိုင်း မချီးကျူးဘဲ မနေနိုင်ကြောင်း သူသာ ယခုရှိနေလျှင် ဗမာ့တပ်မတော်မှာ ပထမတန်း စစ်ခေါင်းဆောင် ဖြစ်နိုင်ကြောင်း၊ ဂျပန်များ ရှိစဉ်ကလည်း သူ၏ စွမ်းရည်သတ္တိကို ချီးကျူးခြ

www.burmeseclassic.com

ကြောင်း တော်လှန်ရေးတိုက်ပွဲများတွင် ဆိုင်ကြသော ဗြိတိသျှ စစ်ဗိုလ်များ ည်း သူ့ကို အထူးချီးကျူးကြရ ကြောင်း၊ ၁၄ နံပါတ် တပ်မတော်မှ ချုပ်ဆာဝီလျံစလင်း ကိုယ်တိုင် သည်ကို ခံရကြောင်း၊ ကျဆုံး သူများတွင် သူနှင့် အလားတူသူ ပါဝင်သည်ကို မပြောနိုင်ကြောင်း" တွင်း ပြောကြားခဲ့ပါတယ်။

ဗိုလ်မှူးကြီးဗထူးနဲ့အတူ တိုက်ပွဲ ခဲ့တဲ့ မျိုးချစ်သူရဲကောင်းတွေဆိုတာ န်မာပြည်ကြီး လွတ်လပ်ရေးရဖို့ တွက် မိမိတို့ရဲ့ အသက်ကို ပဓာန ဘဲ တိုက်ပွဲဝင်ခဲ့ကြတဲ့အခါ ဘာ လင့်ချက်မှ မထားခဲ့ကြပါဘူး။ အချိန်က ဖက်ဆစ်ဂျပန်ကိုလည်း တိုက်ခိုက်ရသလို မဟာမိတ် တွေရဲ့ ယုံကြည်မှုကို ရအောင်လည်း လုပ်ရတဲ့ အခြေအနေမှာ စစ်ရေးအမြင်၊ နိုင်ငံရေးအမြင် ကျယ်ပြန့်စွာနဲ့ ဆောင်ရွက်ခဲ့ရတဲ့ တပ်မတော်ခေါင်းဆောင်ကြီးတွေထဲက အသက်(၂၉)နှစ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့ရတဲ့ ဗိုလ်မှူးကြီး ဗထူးအား ဦးညွှတ်အလေးပြုလိုက်ရပါတယ်။

မျိုးဆက်သစ်တွေ အနေနဲ့လည်း မိမိတို့ နိုင်ငံရဲ့ သူရဲကောင်းတွေကို အားကျ အတုယူပြီး မိမိနိုင်ငံတော်အတွက်၊ တိုင်းရင်းသား လူမျိုးတစ်ရပ်လုံးအတွက် အမျိုး၊ ဘာသာ၊ သာသနာအတွက် သူရဲကောင်းတွေ ဖြစ်အောင် ကြိုးစားကြပါ။ သူရဲကောင်းတို့ မည်သည် လူသေသော်လည်း နာမည် မသေဘူးဆိုတာ လူငယ်လေးတွေကို သိစေချင်ပါတယ်။

**ရည်ညွှန်း**

ဝမ်းအိုဝမ်းနဲ့ ဗမာ့မြေအောက်တော်လှန်ရေး။ ဆရာကြီး ဝမ်းအိုဝမ်း ကျော်ဝင်းမောင် (ယမုံနာစာပေ၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်)

ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ။ မောင်ကျော်ရင် ရှာဖွေစာင်ပြုသည်။ (စိန်ပန်းမြိုင်စာပေ၊ ၁၉၆၉ ခုနှစ်၊ မေလ (၁)ရက်နေ့ အထူးထုတ်) စာမျက်နှာ ၂၁၊ ၄၉

**ကိုရဲ(ရွှေတြိဂံ)**

❑




ဦး အရဟံ မေတ္တာ လာဘ်

**နက္ခတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **မိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆိုကြရာ**

**ဟောခန်းတည်နေရာ** ➽ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
**လမ်းညွှန်** ➽ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
**ဟောပြောချိန်** ➽ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
**ဆက်သွယ်ရန် ဖုန်း** ➽ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။
**မှတ်ချက်** ➽ ***ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။*** ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း . . . ဒိုင်း"

သောင်ခြေကမ်းစပ်သို့ ရိုက်ခတ်လာသော လှိုင်းရိုက်သံမှတစ်ပါး တိတ်ဆိတ် ငြိမ်သက်လေ့ရှိနေသော "မန်ကျည်းပင်ဆောင်" စခန်းသည် သေနတ်သံ နှစ်ချက်ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သေနတ်သံကြောင့် ကျွန်တော်တို့ မိမိလက်နက်ကိုယ်စီ ဆွဲကိုင်ပြီး အတ်မှတ်နေရာများတွင် အသင့်နေရာယူပြီး ဖြစ်နေသည်။

"တောင်ခြေတောစပ်ကလာတဲ့ သေနတ်သံပဲ၊ အဲဒီဘက်ကို တို့ဆီက ဘယ်သူသွားသေးလဲ"

ကျွန်တော့်တပ်စိတ်ကို ကျွန်တော် မေးလိုက်သည်။

"သိန်းထိုက်သွားတယ်၊ ထင်းလိုနေလို့ ထင်းရှာသွားမယ်ဆိုပြီး ထွက်သွားတယ်၊သေနတ်လည်းယူသွားတယ်"

တာဝန်ကျစစ်သည်ကင်းသမားက ကျွန်တော့်ကို သတင်းပြန်ပို့သည်။

"တောက်၊ တယ်ပြောရခက်တဲ့ကောင်တွေပဲ၊ အဲဒီဘက် တစ်ယောက်တည်းမသွားနဲ့လို့ ပြောထားတာ၊ ကဲကဲ တာဝန်ကျကလွဲလို့ အားလုံးငါနဲ့လိုက်ခဲ့၊ သိန်းထိုက်ဆီ သွားကြမယ်၊ အားလုံး သတိရှိပစေ၊ လက်နက်တွေအသင့်ပြင်ထား"

မန်ကျည်းပင်ဆောင် စခန်းသည် ပုလဲမွေးမြူသည့် ပုလဲကျွန်းလုံခြုံရေးအတွက် တပ်မတော်(ရေ)မှ စစ်သည်များ လုံခြုံရေးတာဝန် ယူထားသော ရှေ့တန်းခွဲထုတ်စခန်းဖြစ်သည်။ ကျွန်တော်က တပ်စိတ်မှူးဖြစ်သည်။

ကျွန်တော် ဦးဆောင်ပြီး သေနတ်ဘက် တောင်ခြေတောစပ်သို့ ထွက်လာကြသည်။ သောင်ပြင်အလွန်

တောစပ်သို့ ရောက်လာသည်။ ထိုစဉ် တောင်ခြေတောတန်းဘက်မှ လူ တစ်ယောက် အဝတ်အစား ဖရိုဖရဲနှင့် ကျွန်တော်တို့ဘက်ကို ပြေးလာနေသည်ကို တွေ့လိုက်ရသည်။ သဲပြင်ပေါ်တွင် ပြေးနေရသဖြင့် သဲထဲနစ်ကာ ထင်သလောက် မြန်မြန်ဆန်ဆန်မပြေးနိုင်ပါ။ တဖြည်းဖြည်း ကျွန်တော်တို့နှင့် နီးကပ်လာသည်။

"ဟာ၊ ပြေးလာနေတာ သိန်းထိုက်ပဲ ဆရာကြီး"

"ဆရာတို့ လုပ်ပါဦး၊ မြွေကြီး၊ မြွေကြီး ကျွန်တော့်နောက်ကလိုက်လာတယ် သေနတ်နဲ့ပစ်ပေးပါ၊ နောက်က လိုက်လာတယ်"

ကျွန်တော်တို့အားလုံး သိန်းထိုက်အနောက်ဘက် တောစပ်သို့ကြည့်လိုက်ကြသည်။ မည်သည့်သတ္တဝါမှ မတွေ့ရပါ။ မည်သည့်မြွေကြီးမျှလည်း မတွေ့ရပါ။ သိန်းထိုက်မှာ ကြောက်လန့်နေဆဲဖြစ်သည်။ ရုတ်တရက် စကားပင် မပြောနိုင်သေးပါ။ အတန်ကြာအမောပြေ အကြောက်ပြေတော့မှ စကားပြောနိုင်တော့သည်။

"ဘယ်လိုဖြစ်တာလဲ သိန်းထိုက်၊ မင်းနောက်က ဘာမြွေကြီးမှလိုက်မလာပါဘူး၊ သေနတ်သံက မင်းသေနတ်သံလား"

"ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်ပစ်တဲ့ သေနတ်သံပါ"

"ကဲပါ၊ တို့ရောက်လာပြီပဲကွာ၊ ကြောက်မနေနဲ့တော့၊ ဖြစ်စဉ်ကို သေသေချာချာပြောပြစမ်း"

သိန်းထိုက်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ကျွန်တော်တို့ကိုရှင်းပြသည်။

"ဒီလိုပါဆရာကြီး၊ ထင်းကုန်နေလို့ ထင်းရှာဖို့ တောထဲသွားခဲ့တာပါ၊

ထင်းတွေ လိုသလောက်ရတော့ ကြိုးနဲ့စည်းလိုက်တယ်၊ ပြန်မယ်အလုပ်မှာ ဝမ်းဗိုက်ထဲက ရစ်ရစ်ပြီး နာလာလို့ အလေးအပေါ့သွားတယ်၊ ကျွန်တော် ထိုင်နေတုန်း နောက်ဘက်က တောတိုးသံလိုလို ကြားလာရတယ်၊ မသင်္ကာလို့ သေနတ် အဆင်သင့်ပြင်ပြီး နောက်ဘက် လှည့်ကြည့်လိုက်တယ်၊ အဲဒီမှာ ပြဿနာစတော့တာပဲ"

"ဘာပြဿနာလဲ၊ ပြောမှာသာ ပြောစမ်းပါ"

"ကျွန်တော်နောက်လှည့်ကြည့်လိုက်တော့ ကြီးမားနက်မှောင်တဲ့ ငန်းမြွေကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီး ကျွန်တော့်ကိုကြည့်နေတာတွေ့ရတယ်၊ ပေါင်လုံးလောက်ရှိမယ်ထင်တယ်၊ ပါးပျဉ်းကြီးခွက်ထားပြီး ဘယ်ညာယိမ်းထိုး လှုပ်နေတယ်၊ လူတစ်ရပ်သာသာမတ်မတ်ရပ်ပြီး ကြည့်နေတာ။

ကြောက်ကြောက်နဲ့ နှစ်ချက်ဆင့် ပစ်ထည့်လိုက်တယ်၊ ကြောက်နေတော့ လက်ဆမမှန်ဘူးဖြစ်မယ်၊ ထိ၊ မထိတော့မသိလိုက်ဘူး၊ သေနတ်သံလည်းဆုံးရော မြွေကြီးက ပါးပျဉ်းချပြီး ကျွန်တော့်ဆီ ထိုးလိုက်လာတော့တာပဲ၊ ကျွန်တော်လည်း အသက်လုပြီး ပြေးခဲ့ရတာ"

"မင်းသေနတ်ရော ဘယ်မှာလဲ"

"သေနတ်ရော၊ ထင်းစည်းရော တောထဲမှာကျန်ခဲ့တယ်"

"အေး မင်းကံကောင်းတယ်မှတ်ပေတော့၊ ငါတို့ကိုတွေ့လို့ထင်တယ် မြွေကြီးက တောစပ်အထိသာလိုက်လာတာ၊ သောင်ပြင်ဘက်ဆက်လိုက်မလာလို့ မင်းအသက်ချမ်းသာသွားတာ၊ ဒီအကောင်တွေက အဆိပ်သိပ်ပြင်းတာ၊ ကဲကဲ မင်းအဝတ်အစားတွေ သေချာ





www.burmeseclassic.com

www.burmeseclassic.com

ပြန်ဝတ်လိုက်ဦး၊ သေနတ်ကျန်ခဲ့တဲ့ နေရာ ငါတို့ကိုလိုက်ပြဦး"

"ကျွန်တော်မလိုက်လို့ မဖြစ်ဘူးလား ဆရာကြီး"

"လုပ်လိုက်ရ သေတော့မှာပဲ၊ မင်းလိုက်ပြမှ ငါတို့သိမှာပေါ့"

"ဒါဆိုလည်း လိုက်ခဲ့ပါ့မယ်"

တောစပ်ထဲ အနည်းငယ်သာ ဝင်ရသေးသည် သိန်းထိုက်သေနတ်ကျန်ခဲ့သည့်နေရာကို တွေ့ရသည်။ သစ်ပင် ကြီးကြီးမားမား မတွေ့ရပါ၊ တောလည်း သိပ်မထူပါ၊ အပင်ကြီးများ မရှိ၍ သိန်းထိုက်က မြွေကြီးကို ထင်ထင်ရှားရှား မြင်ရခြင်း ဖြစ်မည်ထင်သည်။

ထင်းစည်းအနီးတွင် သေနတ်ကို တွေ့ရသည်။ သိန်းထိုက်နောက်က လိုက်လာသည်ဆိုသည့် မြွေကြီး အရိပ်အယောင်မျှပင် မတွေ့ရပါ။ သေနတ်နှင့် ထင်းစည်း ယူပြီး စခန်းသို့ ပြန်ခဲ့ကြသည်။

စခန်းသို့ ပြန်ရောက်ပြီးသည်နှင့် ကျွန်တော်က တာဝန်ကျ စစ်သည်တစ်ဦးမှအပ အားလုံးတန်းစီခိုင်းလိုက်သည်။

"တို့ ဒီစခန်းမှာ တာဝန်ထမ်းဆောင်ခဲ့တာ ဒီနေ့ဆို တစ်လပြည့်ပြီ၊ မနက်ဖြန်လောက်မှာ တာဝန်လွှဲပြောင်းထမ်းဆောင်မယ့် တပ်စိတ်အသစ်ရောက်လာမယ်၊ တို့ ဒီစခန်းစရောက်ကတည်းက ဒေသခံရပ်ရွာလူကြီးတွေနဲ့ ငါတွေ့ဆုံခဲ့တယ်၊ ဒီမန်ကျည်းပင်ဆောင်စခန်းဟာ နတ်ကြီးတယ်လို့ ပြောကြတယ်၊ တောထဲက တောကောင်တွေ မပစ်ရဘူး၊ တစ်ခုခုလုပ်ချင်ရင် ဆိုင်ရာပိုင်ရာတွေကို ပူဇော်ပသ တောင်းပန်ခွင့်တောင်းပြီးမှ လုပ်ရမယ်လို့ ရွာလူကြီးတွေက ငါ့ကိုမှာခဲ့ကြတယ်၊ ဒီအကြောင်းတွေ မင်းတို့ကိုလည်း အသိပေး ပြောခဲ့ပြီးပြီ၊ မှတ်မိကြရဲ့လား"

"မှတ်မိပါတယ် ဆရာကြီး"

"အေး ဒီနေ့သိန်းထိုက်အဖြစ်က ကံကောင်းထောက်မလို့ မသေတာ၊ တောထဲ အလေးအပေါ့သွားမိလို့ဖြစ်ရတာလို့ ထင်တယ်၊ မင်းတို့လက်တွေ့ပဲ၊ မနက်ဖြန် တို့နဲ့ လာလွှဲမယ့် တပ်စိတ်ကိုလည်း ငါမှာခဲ့မယ်၊ ငါလည်းစခန်းမှာ နုတ်ထွက်စာတင်ထားတာ ထွက်ခွင့်ကျနေပြီလို့ သိရတယ်၊ အခြေစိုက်စခန်း ပြန်ရောက်တာနဲ့ ရန်ကုန်ပြန်ပြီး တပ်ထွက်ကိစ္စတွေ ဆောင်ရွက်ရမယ်၊ မင်းတို့နဲ့ အပြီးအပိုင်ခွဲခွာရတော့မယ်၊ စခန်းပြန်ဖို့ ပစ္စည်းတွေလည်း ပြင်ထားကြတော့၊ ဘာ မေးစရာရှိသေးလဲ"

"မရှိပါဘူး"

"မရှိရင်တန်းဖြုတ်၊ ဆက်လုပ်ကြတော့"

ကျွန်တော်တို့ မန်ကျည်းပင်ဆောင်စခန်းသည် ပုလဲကျွန်းတောင်ဘက်ပင်လယ်ကမ်းစပ်တွင် တည်ရှိသည်။ တောင်ဘက်တွင် ဆင်ကျွန်းရှိသည်၊ ဆင်ကျွန်းပြီးလျှင် လန်ပီ၊ မကြွဂလက်နှင့် ရွှေကျွန်းတို့ရှိသည်။ ထိုမှဆက်သွားလျှင် မြန်မာပြည်တောင်ဘက်စွန်း ဇာဒက်ကြီးကျွန်းသို့ ရောက်ရှိမည်ဖြစ်သည်။ ပုလဲကျွန်းအရှေ့ဘက်တွင် "ကော့ရဲကျွန်း"၊ "အလယ်မန်ကျွန်း" တို့ရှိသည်။

မန်ကျည်းပင်ဆောင် စခန်းသည် ပုလဲကျွန်း လုံခြုံရေးတပ်စိတ်ရှေ့တန်းခွဲထုတ်စခန်းငယ်သာဖြစ်သည်။ နောက်တစ်နေ့နံနက်ပိုင်းတွင် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် တပ်စိတ်အသစ်ရောက်လာသည်။

ကျွန်တော်က လူ၊ လက်နက်၊ ခဲယမ်းများ စနစ်တကျ လွှဲပြောင်းပေးလိုက်သည်။ နယ်မြေ အခြေအနေ၊ ရှောင်ရန်၊ ဆောင်ရန်များနှင့် မနေ့က သိန်းထိုက် မြွေကြီးအလိုက်ခံရသည့် အဖြစ်အပျက်ကိုပါ ပြောပြခဲ့သည်။

အထူးသဖြင့် မန်ကျည်းပင်ဆောင်၏ တောတောင်များနတ်ကြီးပုံကို အသစ်ရောက်လာသည့် တပ်စိတ်မှူး တပ်ကြပ်ကြီးရွှေဝင်းကို ပြောဆိုမှာကြားခဲ့သည်။

"သူငယ်ချင်းရွှေဝင်း၊ ငါပြောတာတွေ သေသေချာချာ မှတ်ထားနော်၊ နယ်မြေအခြေအနေတော့ အေးချမ်းပါတယ်၊ ဒီစခန်းက နတ်ကြီးတော့ မဟုတ်တာ မလုပ်မိဖို့သတိတော့ထားပေါ့ကွာ၊ တပ်စိတ်ကိုလည်း ပြောပြထား၊ ငါလည်း ထွက်စာတင်ထားတာ ကျနေပြီ၊ အခြေစိုက်စခန်း ပြန်ရောက်ပြီး မကြာခင် ရန်ကုန်ပြန်ရမယ်၊ ရန်ကုန်မှာမပြတ်ရင် နေပြည်တော်အထိသွားပြီး ထွက်ခွင့်ကိစ္စတွေ လုပ်ရဦးမယ်"

"ခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ကိုဝင်းဇော်၊ ကျွန်တော်သတိထားပြီး ဆောင်ရွက်ပါ့မယ်"

"ဒါဆို ငါသွားတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ် မန်ကျည်းပင်ဆောင်ရယ်"

ကျွန်တော်တို့တပ်စိတ် နံနက်ပိုင်းတွင် မန်ကျည်းပင်ဆောင်စခန်းမှ ထွက်ခွာလာခဲ့ရာ နေမွန်းမတိမ်းမီ အခြေစိုက်စခန်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။

တပ်ထွက်ကိစ္စများ ဆောင်ရွက်ရန်အတွက် နောက်တစ်ပတ်ခန့်တွင် ရန်ကုန်သို့ ထွက်ခွာလာခဲ့သည်။ ရန်ကုန်ရှိ တပ်ဖွဲ့တာဝန်ခံတပ်သို့ သတင်းပို့ပြီး ထွက်ခွင့်ကိစ္စများ ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်လခန့်အကြာတွင် တပ်မတော်(ရေ)မှ ရိုးရိုးနုတ်ထွက်ခွင့် ရရှိခဲ့ပါသည်။

တပ်မတော်(ရေ)တွင် အနှစ် ၂၀ နီးပါးတာဝန်ထမ်းဆောင်ခဲ့ရာ ပင်လယ်ပြင်လုပ်သက် Sea service (၅)နှစ် ကျော်ရှိခဲ့သည်။ ထိုပင်လယ်ပြင်လုပ်သက် Sea service ဖြင့် နိုင်ငံခြားသင်္ဘောကုမ္ပဏီတွင် အလုပ်လျှောက်ထားခဲ့ရာ တစ်နှစ်ခန့် အကြာတွင် ကနေးဒီးယန်းအေ့စ်အမည်ရှိ သင်္ဘောကုမ္ပဏီတွင် သင်္ဘောသားအဖြစ်တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ (၃)နှစ်ခန့် ပြည်ပနိုင်ငံများတွင် သင်္ဘောသားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကျွန်တော် တာဝန်ထမ်းဆောင်နေသောသင်္ဘောကို ကုမ္ပဏီမှ ရောင်းချလိုက်သဖြင့် ရန်ကုန်မြို့သို့ ပြန်လာခဲ့ရသည်။

သင်္ဘော နောက်တစ်စီး တက်ခွင့်ရရန်အတွက် အလုပ်ကိစ္စဖြင့် သင်္ဘောသားရုံးသို့ အသွားတွင် သူငယ်ချင်းဖြစ်သူ ရွှေဝင်းနှင့် မမျှော်လင့်ဘဲ ဆုံခဲ့သည်။ တပ်ထဲတွင် ရွှေဝင်းက ကျွန်တော့်ထက် အသက်ငယ်၍ ဂျူနီယာလည်းကျသည်။

"ဟေ့ကောင်ရွှေဝင်း၊ အောင်မယ် အုပ်ခွဲတပ်ကြပ်ကြီးတောင် ဖြစ်နေပါလား"

"ဟာ ဆရာကြီးဝင်းဇော်၊ နေကောင်းတယ်နော်၊ ဘယ်သွားမလို့လဲ၊ ဆရာကြီး တပ်ကထွက်ပြီး သင်္ဘောလိုက်နေတယ်ဆို"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ တာဝန်ထမ်းဆောင်တဲ့ သင်္ဘောကုမ္ပဏီက ရောင်းလိုက်လို့ ခုတော့ နားနေတယ်၊ နောက်တစ်စီးပြန်လိုက်ဖို့လုပ်နေတယ်၊ ဒါနဲ့ ယူနီဖောင်းနဲ့ပါလား၊ ဘယ်သွားမလို့လဲ"

"ကျွန်တော် ခညဝတီရေတပ်စခန်းဌာနချုပ်ကို ပြောင်းရမယ်၊ လိုအပ်တဲ့ ပစ္စည်းလေးတွေ လာဝယ်တာ"

"လာကွာ၊ လက်ဖက်ရည်လည်း သောက်ရင်း စကားပြောကြတာပေါ့၊ ငါ တိုက်ပါ့မယ်"

"ဆရာကြီးက သဘော်သားပဲ၊ မုန့်ပါ ပါတယ်နော်"

"အေးပါကွာ"

ကျွန်တော်တို့နှစ်ဦး နီးရာ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်သည်။ ကျွန်တော်ကပင် လက်ဖက်ရည်နှင့် မုန့်များ မှာလိုက်သည်။

"မင်းနဲ့ငါ နောက်ဆုံးဆုံခဲ့တာ မန်ကျည်းပင်ဆောင်စခန်းမှာ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဆရာကြီးပဲ ကျွန်တော့်ကို Hard over လုပ်ခဲ့တာ နှစ်တွေ ကြာခဲ့ပေမယ့် ဆရာကြီးက မှတ်မိနေတာပဲ"

"အဲဒီစခန်းက သိပ်ပြီးနတ်ကြီးတာ၊ ငါ တာဝန်ထမ်းဆောင်ခဲ့တုန်းက သိန်းထိုက်ဆိုတဲ့ကောင်လေး မြွေကြီး အလိုက်ခံခဲ့ရသေးတာလေ၊ မင်းရော မန်ကျည်းပင်ဆောင်မှာ ဘာတွေဖြစ်ခဲ့သေးလဲ"

"သိပ်ဖြစ်ခဲ့တာပေါ့၊ ကျွန်တော်လည်း ဆရာကြီးကို သတိရနေတာ၊ ပြောပြချင်ခဲ့တာ၊ အခုမမျှော်လင့်ဘဲ တွေ့ကြတော့ အတော်ပဲ"

"မန်ကျည်းပင်ဆောင်မှာ ဘယ်လိုဖြစ်ခဲ့တာလဲ"

"ကျွန်တော့်ကို Hard over လုပ်တော့ ဒီစခန်းက နတ်ကြီးတယ်လို့ ဆရာ ပြောခဲ့တယ်လေ၊ နတ်ကြီးလို့ ရှောင်ရန်၊ ဆောင်ရန်တွေ မှာခဲ့သေးတယ်မဟုတ်လား"

"ငါမှတ်မိပါတယ်၊ မင်းတို့တပ်စိတ်တွေဘယ်လိုဖြစ်ခဲ့တာလဲ၊ ပြောစမ်းပါ"

"ဆရာကြီးတို့လိုပဲ ဇာတ်လမ်းက မြွေကြီးစတာ၊ ကံကောင်းလို့ အားလုံး မသေတာ"

"ဘာ၊ ဘယ်လိုမြွေကြီးက စတာ ဟုတ်လား၊ ဘာလဲ ဟိုငနဲ့မြွေကြီးပဲလား"

"ကျွန်တော်တို့ ကြုံခဲ့ရတာက ငနဲ့မြွေကြီးမဟုတ်ဘူး၊ စပါးကြီးမြွေ"

"ငါ တော်တော်စိတ်ဝင်စားလာပြီ၊ မြန်မြန်ပြောကွာ"

"မန်ကျည်းပင်ဆောင် နတ်ကြီးပုံက မယုံနိုင်စရာပဲ၊ ဒီလိုဆရာရေ . . ."

◆

အုပ်ခွဲတပ်ကြပ်ကြီးရွှေဝင်းက မန်ကျည်းပင်ဆောင်စခန်းတွင် သူတွေ့ကြုံခဲ့ရသော စိတ်ဝင်စားဖွယ်၊ မယုံနိုင်ဖွယ်၊ အံ့သြတုန်လှုပ်ဖွယ်ရာ အဖြစ်အပျက်များကို ပြန်လည်ပြောပြခဲ့သည်။

မန်ကျည်းပင်ဆောင် လုံခြုံရေး တပ်စိတ် နံနက်ပိုင်း လုပ်ရိုးလုပ်စဉ် တန်းစီလူစစ်နေချိန်ဖြစ်သည်။ တပ်စိတ်မှူး ရွှေဝင်းက တစ်နေ့တာအတွက် လိုအပ်သည်များကို မှာကြားပြောဆိုနေသည်။

"တစ်နေ့ကတို့ကို Hard over လုပ်သွားတဲ့ ဆရာကြီးဝင်းဇော်ပြောသွားတာမင်းတို့ကြားကြမှာပဲ၊ ဒီစခန်းက နတ်ကြီးတယ်တဲ့၊ ရှောင်ရန် ဆောင်ရန် တွေပြောသွားတယ်၊ နတ်ကြီးတယ်ဆိုတာ မင်းတို့ယုံကြသလား"

ရုတ်တရက် မည်သည့်အသံမျှ ထွက်မလာပါ။

အတန်ကြာမှ လူနှစ်ဦး၏အဖြေစကားသံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ - မြေတာက နှစ်ယောက်တည်းပါလား၊ နှစ်ယောက်သာယုံတဲ့ သဘောပေါ့၊ ကျန်တဲ့သူရတွက မယုံဘူး ဆိုတဲ့သဘောပေါ့၊ ယုံတာ မယုံတာ မင်းတို့သဘောပဲ၊ ရှောင်ရန်အချက်တွေကိုတော့ အားလုံးလိုက်နာကြဖို့ ငါမှာချင်တယ်၊ တို့တာဝန်ယူရမယ့် တစ်လအတွင်းမှာ ဘာပြဿနာမှမဖြစ်စေချင်ဘူး၊ ထုတ်ပြန်ထားတဲ့စည်းကမ်းချက်တွေကိုလည်း ငါဖတ်ပြပြီးပြီ၊ သိရှိကြောင်း မင်းတို့လည်းလက်မှတ်ရေးထိုးပြီးကြပြီ၊ မရှင်းတာဘာရှိလဲ၊ ဘာတင်ပြစရာရှိလဲ"

"တင်ပြစရာရှိပါတယ် ဆရာကြီး"

"တင့်လွင်ပြောပါ၊ ဘာတင်ပြချင်လဲ"

"သန်ဘက်ခါ ရွာထဲမှာဈေးပွဲရှိတယ်၊ တစ်နှစ်မှတစ်ခါ ကျင်းပတဲ့ ဒီဈေးပွဲက သိပ်စည်တာပဲတဲ့၊ အနီးပတ်ဝန်းကျင်ကျွန်းတွေ၊ ရွာတွေက လူတွေလည်း လာကြမှာတဲ့၊ ကျွန်တော်တို့ မကြုံဖူးသေးလို့ သွားချင်ပါတယ်၊ ဇာတ်ပွဲတွေလည်း ပါမယ်တဲ့၊ သွားခွင့်ရအောင် အထက်ကိုတင်ပြပေးဖို့ ကြိုတင်သတင်းပို့တာပါ"

"ငါလည်း သိထားတယ်၊ အားလုံးတစ်ပြိုင်တည်းတော့ သွားလို့မရဘူး၊ လူအင်အား သုံးပုံတစ်ပုံလောက်တော့ သွားခွင့်ရအောင် အထက်ကိုတင်ပြပေးမယ်၊ တင်ပြစရာမရှိရင် တန်းဖြုတ်နိုင်ပြီ"

မန်ကျည်းပင်ဆောင်ရွာလေးသည် တိတ်ဆိတ်ငြိမ်သက်နေသည်၊ ပင်လယ်ပြင်မှ လှိုင်းရိုက်သံ၊ လှိုင်းပုတ်သံများပင် ကြားနေရသည်။ လုံခြုံရေးတပ်စိတ်သည် မိမိတို့ ပုံမှန်တာဝန်ကို ထမ်းဆောင်နေကြသည်။ နံနက်ပိုင်းတွင် ထင်းရှာရန် တပ်သားဝင်းမောင်နှင့် စောလားပေါးတို့ တောစပ်ထဲသွားကြသည်။ တာဝန်ကျကင်းသမားကိုသတင်းပို့၍ သွားကြခြင်းဖြစ်သည်။ အချိန်မီ မဖြစ်မနေပြန်လာရန် အတန်တန်မှာကြားပြီးမှ ထင်းရှာခွင့်ပြုခဲ့ခြင်းဖြစ်သည်။

သို့သော် သတ်မှတ်ချိန်ကျော်လွန်သွားသည်အထိ ထင်းအရှာသွားသူ စစ်သည်နှစ်ဦး ပြန်မရောက်ကြသေးပါ၊ တာဝန်ကျတပ်သားဝင်းလှိုင်က တပ်စိတ်မှူးဖြစ်သူ ကျွန်တော့်ထံ လာရောက်သတင်းပို့သည်။

"ဆရာကြီး၊ ထင်းရှာသွားခဲ့တဲ့ ဟိုနှစ်ယောက် ခုထက်ထိပြန်မရောက်မလာကြသေးဘူး၊ အချိန်လွန်နေပြီ"

"အေးဟုတ်တယ်၊ ဒီနှစ်ယောက် သေနတ်ယူသွားကြလား"

"စောလားပေါးကတော့ သေနတ် မယူသွားဘူး၊ ဓားတစ်ချောင်း ယူသွားတယ်၊ ဝင်းမောင်ကတော့ သေနတ်ယူသွားတယ်"

"လိုက်သွားမှဖြစ်မယ်၊ ကဲ ဟို သုံးယောက် မင်းတို့သေနတ်တွေယူပြီး ငါနဲ့လိုက်ခဲ့"

ကျွန်တော်ဦးဆောင်၍ စခန်းမှ တောင်ခြေတောစပ်သို့ ထွက်ခဲ့ကြသည်။ သောင်ပြင်လွန်၍ တောစပ်သို့ဝင်စမှာပင် တပ်သားဝင်းမောင် အမောတကော နှင့်ပြေးထွက်လာသည်ကို တွေ့လိုက်ရသည်။

"ဆရာကြီး ကယ်ပါဦး၊ ဟိုမှာ မြွေကြီး၊ မြွေကြီး စောလားပေါးကို ရစ်ပတ်ထားတယ်"

"ဘာမြွေကြီးက စောလားပေါးကို ပတ်ထားတယ်ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလဲ"

"မြွေကြီးက ဒဏ်ရာရထားတယ်၊ မသေမရှင်ဖြစ်နေပါပြီ၊ နောက်မှ ပြောပါ့မယ်၊ အမြန်လုပ်ပါ၊ စောလားပေါး သေသွားလိမ့်မယ်"

ကျွန်တော်တို့အားလုံး တောထဲသို့ အပြေးဝင်ခဲ့ကြသည်။ ရှေ့ဆုံးမှ လမ်းပြသူမှာ ဝင်းမောင်ဖြစ်သည်။

တောထဲသို့ ရောက်စမှာပင် ထိတ်လန့်ဖွယ်ရာ မြင်ကွင်းကို တွေ့လိုက်ရသည်။ ခြေသလုံးခန့် တုတ်နိုင်သော စပါးကြီးမြွေတစ်ကောင်က သူ့အမြီးဖြင့် စောလားပေါးကို ရစ်ပတ်ထားသည်။ သို့သော် စောလားပေါး၏ ခြေထောက်များသာ ရစ်ပတ်ခံထားရသည်။ ကိုယ်အထက်ပိုင်း လွတ်နေသည်။

ကျွန်တော်တို့ကို တွေ့တွေ့ချင်းပင် စောလားပေါးက -

"ကယ်ပါဦးဆရာကြီး၊ ဟိုနားမှာ ကျွန်တော့်ဓား ကျနေတယ်"

တိုင်ပင်ထားကြသည့်အလား ရဲဘော်များက ရရာတုတ်များဖြင့် မသေမရှင်ဖြစ်နေသော မြွေကြီး၏ဦးခေါင်းကို ဝိုင်းဝန်း ရိုက်နှက်ကြသည်။ မြွေကြီး မလှုပ်ရှားနိုင်တော့ပါ။ ခွန်အား ရှိတော့ဟန် မတူပါ။ စောလားပေါးကို ရစ်ပတ်ထားသော အမြီးပိုင်းကို သုံးလေးဦး ဝိုင်းဝန်း ဖြုတ်လိုက်မှ ပြုတ်သွားတော့သည်။ ကျွန်တော်က စိုးရိမ်ပူပန်စွာဖြင့် စောလားပေါးကို ပွေ့ထူလိုက်သည်။

"စောလားပေါး၊ ကရင်လေး မင်း သတ္တိကောင်းလိုက်တာ၊ လမ်းလျှောက်နိုင်ရဲ့လား၊ ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး၊ လမ်းလည်း လျှောက်နိုင်ပါတယ်၊ ဒီကောင်ကြီး အား မရှိတော့လို့ တော်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ငါတို့ကိုပြောပါဦး၊ ဘယ်လိုဖြစ်ပြီး မြွေကြီးအပတ်ခံရတာလဲ"

"ဒီလိုပါဆရာကြီး၊ ကျွန်တော်နဲ့ ဝင်းမောင် ထင်းရှာဖို့တောထဲဝင်ခဲ့ကြတယ်၊ မမျှော်လင့်ဘဲ ဒီမြွေကြီးကိုတွေ့ရတယ်၊ မြွေကြီးက အကောင်တစ်ကောင်ကို မျိုထားတော့ မလှုပ်ရှားနိုင်ဘူး ဖြစ်နေတယ်၊ ကျွန်တော်ကလည်း မြွေသားကြိုက်သူဆိုတော့ အခွင့်အရေးရတာပဲဆိုပြီး ခေါင်းကို တုတ်နဲ့ဝင်ရိုက်တယ်၊ မသေမချင်းရိုက်တာ"

"ဒီတောကနတ်ကြီးလို့ တောကောင်တွေကို မသတ်နဲ့လို့ ပြောထားတယ်မဟုတ်လား၊ ဟိုကောင်ဝင်းမောင်ရော မင်းကို မတားဘူးလား"

"ဝင်းမောင်က မလုပ်ဖို့အတန်တန်တားပါသေးတယ်၊ ကျွန်တော်က ဒါတွေမှ အယုံအကြည်မရှိတာ"

"ဒီတော့ ဘာဆက်ဖြစ်လဲ၊ ပြောစမ်း"

"မြွေကြီးကို ကျွန်တော် တုတ်နဲ့ ဆင့်ဆင့်ပြီးရိုက်တယ်၊ ရိုက်ချက်တွေကြောင့် သေပြီလို့ထင်ခဲ့တာ၊ မြွေကြီးကို ယူသွားမယ်အလုပ်မှာ မမျှော်လင့်ဘဲ မယုံနိုင်စရာ အမြီးက ကျွန်တော့်ကို လာပတ်တယ်၊ ခြေထောက်ကို ပတ်မိနေတော့ ရုန်းလို့မရတော့ဘူး၊ လှုပ်ရှားလို့လည်း မရတော့ဘူး"

"မင်း အဲဒီလိုမြွေကြီးအပတ်ခံနေရတာ ဝင်းမောင်က ဝင်ပြီးမကူညီဘူးလား"

"ပထမတော့ သူ လာပြီးကူပါသေးတယ်၊ ဖြုတ်လို့မရတာနဲ့ ကြောက်လာပြီး ဆရာကြီးတို့ကို သွားသတင်းပို့မယ်ဆိုပြီး ထွက်သွားတာ"

"ဟူး တော်သေးတာပေါ့ ဆရာကြီးဝင်းဇော်ရေ၊ တစ်နေ့က ဆရာကြီးပြောခဲ့တာတွေ မှန်နေပါရော့လား၊ ဒီတောက နတ်ကြီးတယ်ဆိုတာလေ"

ကျွန်တော်က တာဝန်လွှဲပြောင်းပေးခဲ့သည့် ဆရာကြီးဝင်းဇော်၏ အမည်ကို တမ်းတမြည်တမ်းလိုက်မိသည်။

"ကဲ ပြန်ကြမယ်၊ ဒီကောင်ကြီး ဘယ်လိုလုပ်မလဲ"

"ကျွန်တော်ယူသွားမယ် ဆရာကြီး၊ သည်းခြေထုတ်မယ်၊ အရေခွံ၊ ညှို့ကြိုးတွေ ထုတ်ယူမယ်၊ ပြီးတော့ အသားကို ဟင်းစားလုပ်ရမယ်"

"မင်းက အသက်နဲ့ရင်းထားရသူဆိုတော့ မင်းသဘောပဲ၊ နောက်ဒါမျိုး ဘယ်တော့မှ မဖြစ်စေနဲ့တော့၊ ကဲကဲ စခန်းပြန်ကြမယ်"

ကျွန်တော်က ပေါ့ပေါ့တန်တန်ပင် ပြောလိုက်သည်။ စောလားဟေးက မြွေကြီးကို မနိုင်မနင်းတရွတ်တိုက်ဆွဲယူလာသည်။ လူနှစ်ဦး ဝိုင်းကူဆွဲယူခဲ့ကြသည်။

စခန်းပြန်ရောက်သည်နှင့် စောလားဟေး အလုပ်ရှုပ်ပါတော့သည်။ ဝါးခြမ်းများ စိတ်ပြီး တစ်မိုက်ခန့် ဖြတ်တောက်ပြီး အပိုင်းလေးများ ပြုလုပ်သည်။ ထို့နောက် မြွေကြီးအားပက်လက်လှန်အနေအထားဖြင့် ဆွဲဆန့်လိုက်သည်။ ထို့နောက် ဦးခေါင်းပိုင်းတွင် တစ်ချက်၊ အမြီးပိုင်းတွင်တစ်ချက် ဝါးချွန်ဖြင့် သပ်သဘောမျိုး [illegible]က်သည်။ အသားကိုဖောက်ပြီး မြေ[illegible]ကြီးထဲနစ်ဝင်အောင် သပ်ရိုက်ထည့်သည်။ မြွေကြီးမှာ ပက်လက်အနေအထားဖြင့် စင်းစင်းကြီးဖြစ်နေသည်။

စောလားဟေးက ဓားထက်ထက်ဖြင့် လည်မျိုအောက်မှ စ၍ခွဲသည်။ ခွဲပြီးတိုင်း အသင့်ပြုလုပ်ထားသည့် ဝါးခြမ်းပြားကို ကန့်လန့်ဖြတ်ဒေါက်ထောက်လိုက်သည်။ တစ်ထွာကျော်ကျော်အကွာအဝေးတိုင်း ဝါးခြမ်းဒေါက်ထည့်သည်။ ကျန်သူများက စောလားဟေးလုပ်ကိုင်ပုံကို စိတ်ဝင်တစားကြည့်နေကြသည်။

မနေနိုင်သူတစ်ဦးက -

"စောလားဟေး၊ မြွေကြီးဝမ်းဗိုက်ထဲ ဝါးခြမ်းဒေါက်တွေ ဘာလို့ထည့်တာလဲ"

"ဒီကောင်ကြီးတွေ သဘာဝက သေနေပေမယ့် ဝမ်းဗိုက်ဓားခွဲရာထဲ လက်ဝင်သွားရင် ညှပ်တတ်တယ်၊ အခန့်မသင့်ရင် လက်ချောင်းလေးတွေ ပြတ်သွားနိုင်တယ်၊ သူတို့ကြွက်သားတွေက ညှစ်အား သိပ်ကောင်းတာ ကြိုတင်ကာကွယ်တဲ့သဘောပေါ့၊ Safe Sight ယူတာလေ"

"မင်းက မြွေနဲ့ပတ်သက်ပြီး တော်တော်ကျွမ်းနေတာပဲ"

"ကြည့်ပါဦး၊ ညနေကျရင် သိပ်အရသာရှိတဲ့ မြွေသားဟင်းချက်ကျွေးဦးမယ်"

စောလားဟေးက လိုသလို ခွဲစိတ်ပြီး သည်းခြေကို စနစ်တကျ ထုတ်ယူလိုက်သည်။ ညှို့ကြိုး ထုတ်ယူပြန်သည်၊ ပြီးမှ အရေခွံ ဆုတ်ယူသည်။ အရေခွံဆုတ်ယူရာတွင် သုံးလေးဦး ဝိုင်းကူရသည်။ အားလုံး ပြီးစီးသည်နှင့် စောလားဟေးက အတွင်းကလီစာများ [illegible]တ်ဖယ်လိုက်သည်။

ပြီးနောက် ကျန်သော ကိုယ်ထည်အား မဖြတ်မတောက်သေးဘဲ တစ်ရစ်ပြီး တစ်ရစ် ခွေလိုက်သည်။ စပါးလင်၊ ကြက်သွန်ဖြူ၊ ချင်း၊ စမုန်မျိုး ငါးပါးစသည်တို့ ရောနှောထောင်းကာ မြွေကြီးအား အိုးကြီးတစ်လုံးနှင့်ပြုတ်ပါတော့သည်။ ရေခန်းသွားလျှင် ဆီပ်



www.burmeseclassic.com

www.burmeseclassic.com

ထည့်လိုက်နှင့် နေ့ဝက်ခန့် ပြုတ်သည်။ မီးနွေးနွေးနှင့်သာ ပြုတ်သည်။ မီးပြင်းပြင်း မထိုးပါ။ နေစောင်းမှ ပြီးစီးတော့သည်။

ပြုတ်ပြီး၍ နူးနေသော မြွေသားကို အကြော်လိုတစ်မျိုး၊ ကြော်ချက်လိုတစ်မျိုး၊ အသားပင်းဆီပြန်လို တစ်မျိုးနှင့် အမျိုးမျိုးလက်စွမ်းပြချက်သည်။

ထိုနေ့ညတွင် စောလားပေး လက်ရာ မြွေသားဟင်းကို မြိန်ရှက်စွာ စားကြသည်။ သို့သော် ဝင်းမောင်တစ်ယောက်သာ မြွေသားကို မစားရဲဟုဆိုကာ မစားဘဲ နေခဲ့သည်။ ကျန်လူများ အားလုံးစားကြသည်။

ဝင်းမောင်က နတ်ကြီးသည်ဆိုသည့် သူ့ဆရာ၏စကားကို ကြားယောင်ကာ ကြောက်ရွံ့၍ မစားခြင်းဖြစ်သည်။

ထိုနေ့ည သန်းခေါင်အချိန်တွင်ဖြစ်သည်။ ကင်းသမားမှအပ အားလုံးအိပ်ပျော်နေကြသည်။

တစ်ဦးတစ်ယောက်က လှုပ်နှိုးလိုက်သဖြင့် ကျွန်တော် အိပ်ရာမှ နိုးလာရသည်။

ကျွန်တော့်ခြေရင်းတွင် စောလားပေးနှင့် ဝင်းမောင်ကို တွေ့လိုက်ရသည်။

"မင်းတို့နှစ်ယောက် ဘာဖြစ်လို့လဲ"

"ဆရာကြီးနဲ့ ဝင်းမောင်ကိုပြောစရာရှိလို့ ကျွန်တော်နှိုးလိုက်တာပါ"

"စောလားပေးရယ် အချိန်မတော်ကွာ၊ မနက်မှပြောလို့မရဘူးလား။ ကဲ- ဘာပြောမှာမို့လဲ"

"မနက်က မြွေကြီးနဲ့ပတ်သက်တဲ့ အိပ်မက်အကြောင်း ပြောချင်လို့ပါ"

"ဘယ်လို အိပ်မက်မက်တာလဲ"

"မနက်က ကျွန်တော်သတ်လိုက်တာ မြွေအထီးတဲ့၊ မြွေအမက ကျွန်တော့်ကို အိပ်မက်ပေးတယ်၊ သူ့ကြင်ဖော် သေရသလို ကျွန်တော်တို့ သေအောင် ကလဲ့စားချေမယ်တဲ့၊ သွေးသံရဲရဲနဲ့ သေအောင်ကလဲ့စားချေမယ်ဆိုပြီး ပျောက်သွားတယ်၊ ကျွန်တော်လည်း လန့်နိုးလာရတယ်"

"မင်းပြောပုံအရ ဆိုရင်တော့ ထူးသလိုပဲ၊ မနက်ကအဖြစ်ကို စိတ်ထဲစွဲနေလို့မက်တာဖြစ်မယ်၊ အရက်လည်း သောက်ကြတယ် မဟုတ်လား။ ဘယ်သူ့မှ လျှောက်မပြောနဲ့ဦး"

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ ဝင်းမောင်ရေ၊ စောလားပေး အိပ်မက်ကို မင်းလည်းကြားတယ်နော်၊ နတ်ကြီးတယ်လို့ ငါပြောခဲ့တယ်၊ စောလားပေးက မြွေကို သတ်စားခဲ့တယ်၊ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သတိထားကြပေါ့၊ ကဲ- သွားအိပ်ကြတော့"

သူတို့ကိုအိပ်ခိုင်းပြီး ကျွန်တော်လည်းဆက်အိပ်ခဲ့သည်။

စောလားပေးမှာ အိပ်မပျော်နိုင်ဘဲ အိပ်ရာထဲလူးလွန့်၍ ဟိုလှည့်ဒီလှည့် ဖြစ်နေသည်ကို သတိထားလိုက်မိသည်။

နောက်တစ်နေ့ ညသန်းခေါင်ယံအချိန်တွင်လည်း စောလားပေး ကျွန်တော့်ကို လာနှိုးပြန်ပါသည်။

"ဘာဖြစ်ပြန်ပြီလဲ စောလားပေး၊ နှစ်ညရှိပြီ၊ အိပ်ရေးပျက်တယ်ကွာ"

"ဆရာကြီး တစ်ခုခုတော့ ထူးနေသလိုပဲ၊ မနေ့ညက အတိုင်းပဲ မြွေကြီးက ကျွန်တော့်ကို အိပ်မက်ထပ်ပေးပြန်ပြီ"

"တော်ပါတော့ကွာ၊ မင်းစိတ်ထဲစွဲနေလို့ဖြစ်မှာပါ၊ ဒါတွေမင်းမယုံဘူးမဟုတ်လား"

"မယုံတော့မယုံပါဘူး၊ ဒါပေမဲ့ အိပ်မက်ပေးတာနှစ်ခါရှိလာပြီဆိုတော့"

"ကဲ- ဘာမှ ပြောမနေနဲ့တော့ ဘုရား၊ တရားအာရုံပြုပြီး သွားအိပ်တော့"

ယနေ့ည ရွာထဲတွင် ဈေးပွဲစတင်သည့်နေ့ဖြစ်သည်၊ ဈေးပွဲသွားချင်သည်ဆို၍ ဂျူတီမကျသည့် လူလေးဦး သွားခွင့်ပြုလိုက်သည်။

ဈေးပွဲသွားမည့် လူလေးဦးတွင် ဝင်းမောင်က စီနီယာအကျဆုံး ဖြစ်နေသည်။ သူ့ကိုပင် ခေါင်းဆောင်တာဝန်ပေးကာ သွားခွင့်ပြုခဲ့သည်။ ရွာသားများနှင့် ခိုက်ရန်မဖြစ်ရန်၊ အရက်သေစာသောက်စားခြင်း မပြုရန်နှင့် ညကိုးနာရီခွဲတိတိတွင် စခန်းသို့ ပြန်လာရန်များ မှာကြားပြီး သွားခွင့်ပေးလိုက်သည်။

ဈေးပွဲသွားခွင့်ရသူများ ထွက်သွားသည်နှင့် ကင်းတာဝန်ကျ ဇယားကို ကျွန်တော်စစ်ဆေးကြည့်လိုက်သည်။

"First Watch ဘယ်သူလဲ"

"ကျွန်တော်ပါဆရာကြီး"

စောလားပေးက ကျွန်တော့် အမေးကိုဖြေရင်း ဂျီသုံး (ဂျီသရီး) ရိုင်ဖယ်သေနတ်ကို ပခုံးပြောင်းလိုက်သည်။ ညဘက် ပထမအချိန်တာဝန်ကျသူမှာ စောလားပေး ဖြစ်သည်။ ပထမဆုံးတာဝန်ချိန် (First watch) သည် ခြောက်နာရီမှ ဆယ်နာရီအထိ ဖြစ်သည်။ နောက်ပိုင်း နံနက်ခြောက်နာရီအထိ နှစ်နာရီစီဖြစ်သည်။

"စောလားပေး၊ မင်းကိုမှာထားမယ်၊ ဈေးပွဲသွားတဲ့ ဟိုလေးယောက်





www.burmeseclassic.com

www.burmeseclassic.com

အချိန်မီမရောက်ရင် ငါ့ကိုပြော၊ ပြီးတော့ သူတို့ပြန်ရောက်ရောက်ချင်း ငါ့ကို သတင်းပို့လို့ပြော၊ ကောက်ညှင်းကျည်တောက် မှာထားတယ် စားကြတာပေါ့၊ ပွဲရှိတော့ လူတွေဖြတ်သွားဖြတ်လာ ရှိမယ်၊ ဂရုတော့စိုက်ကွာ"

"ဟုတ်ကဲ့ပါ"

"ညဥ့်နက်ပိုင်းကင်းတွေ လိုက်စစ်ရမှာမို့ ငါအိပ်တော့မယ်"

ထိုညက လသာနေသည်၊ လရောင်သည် သစ်ရွက်များကြားမှ ထိုးဖောက်ကျရောက်နေသည်၊ သောင်ပြင်တွင် လှိုင်းရိုက်သံများကြားနေရသည်၊ ပတ်ဝန်းကျင်က တိတ်ဆိတ်နေသည်၊ လေအသင့်တွင် ရွာဈေးပွဲဘက်ဆီမှ အသံများသဲ့သဲ့ကြားနေရသည်။

ကင်းတာဝန်ကျသူ စောလားပေးမှအပ ကျန်သူများ အိပ်ရာဝင်ကုန်ကြပြီဖြစ်သည်။

စောလားပေးမှာ တောင်တွေး၊ မြောက်တွေးနှင့်ဝေနေသည်။ သူ့အိပ်မက်အကြောင်း စဉ်းစားနေပုံရသည်။

ည ကိုးနာရီကျော်ကျော်တွင် တောစပ်မှ လူရိပ်များ မသဲမကွဲတွေ့လိုက်ရသည်။

"ရပ် ဘယ်သူလဲ"

စောလားပေးက ထုံးစံအတိုင်း ခုလင်းလုပ်လိုက်သည်။

"စောလားပေး ငါတို့ပါကွ ဝင်းမောင်တို့ပါ၊ ဒီမှာ မင်းတို့အတွက် ကောက်ညှင်းကျည်တောက်တွေ ဝယ်လာတယ်"

ပြန်ဖြေသံကို သတိမရတော့ပါ။ စောလားပေး မည်သို့ဖြစ်သည်မသိ၊ အမြင်အာရုံ ဝေဝါးလာသည်၊ သတိလက်လွတ်ဖြစ်ချင်လာသည်။ မူးဝေသလို ခံစားလိုက်ရသည်။

"ဘယ်ကငါတို့လဲ၊ မင်းတို့ရန်သူတွေ၊ သေနတ်ကို ကောက်ညှင်းကျည်တောက်လို့ ညာပြောတဲ့ကောင်တွေ သိကြရောပေါ့"

သတိလက်လွတ်ဖြစ်ကာ စောလားပေးက သေနတ်ကို မောင်းတင်လိုက်သည်။ ထိုအသံများကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာရသည်။

"စောလားပေး၊ ဘာဖြစ်နေတာလဲ၊ ဈေးပွဲသွားတဲ့သူတွေ ပြန်လာတာ မဟုတ်လား"

"မဟုတ်ဘူး၊ ရန်သူတွေလာနေပြီ"

ကျွန်တော် တားဆီးချိန်ပင် မရလိုက်ပါ။

စောလားပေးက ရှေ့ဆုံးမှ ကောက်ညှင်းကျည်တောက် ထမ်းကာ ပြန်လာသော ဝင်းမောင်ကို ဒိုင်းခနဲ ပစ်ထည့်လိုက်သည်။

တစ်ဆက်တည်းပင် စောလားပေးက စခန်းရှိ လူများဘက်သို့လှည့်ကာ -

"ဆရာကြီး ဟိုမှာ ရန်သူတွေ တက်လာနေပြီ၊ ပစ်ကြလေ၊ မင်းတို့မပစ်ရင် ငါပစ်မယ်"

"စောလားပေး မပစ်နဲ့၊ တို့လူတွေပါ၊ ဝင်းမောင်တို့ ပွဲဈေးကပြန်လာကြတာ ရန်သူတွေမဟုတ်ဘူး၊ မင်းအမြင်မှားနေတာ"

ကျွန်တော် ဟန့်တားပြောဆိုသော်လည်း မရတော့ပါ။ စောလားပေး အခြေအနေမှာ ပုံမှန်မဟုတ်တော့ပါ။ သတိ၊ အသိ ကင်းလွတ်နေပုံရသည်။ ဝင်းမောင်တို့ဘက်သို့ သေနတ်ဖြင့် ထိုးချိန်ပြီး ပစ်ရန်ပြင်နေသည်။

"စောလားပေး ငါတို့ပါကွ၊ မပစ်နဲ့နော်"

သူငယ်ချင်းများ၏ အသံကိုပင် စောလားပေးမမှတ်မိတော့ပေ၊ ပစ်ရန်ပြင်နေသည်။

ကျွန်တော်က စောလားပေး လက်ထဲမှ သေနတ်ကို ရုတ်တရက် လုယူလိုက်သည်။ ကျန်သူငယ်ချင်းများက စောလားပေးကို ဝိုင်းဝန်းချုပ်နှောင် ဖက်တွယ်ထားလိုက်ကြသည်။

"စောလားပေး၊ မင်းဘယ်လိုဖြစ်နေတာလဲ၊ သတိထားစမ်းပါ"

"ဟိုမှာ ရန်သူတွေ၊ ငါမပစ်ရင် သူတို့ပစ်တော့မယ်၊ တို့ကို သူတို့သတ်ကြမယ်၊ ပစ်ကြလေ ဘာလုပ်နေကြတာလဲ၊ ငါ့သေနတ် ပြန်ပေးပါ"

ဝိုင်းဝန်းထိန်းချုပ် ပွေ့ဖက်ထားသည့်ကြားမှပင် စောလားပေးက အော်ဟစ်ရုန်းကန်နေသည်။ သူ့လက်ထဲ သေနတ်မရှိတော့၍ သူငယ်ချင်းများက ထိန်းချုပ်ပွေ့ဖက်ထားမှုကို ဖြေလျှော့ပေးလိုက်သည်။

"စောလားပေး၊ သတိထားလေကွာ၊ ခုလာနေကြတာ ရန်သူတွေမဟုတ်ပါဘူး၊ တို့ သူငယ်ချင်းတွေ ဈေးပွဲက ပြန်လာကြတာ"

"ဘာသူငယ်ချင်းတွေလဲ၊ ရန်သူတွေကွ၊ သူတို့အသတ်တော့ မခံဘူး၊ ဖယ်ကြစမ်းပါ"

အားလုံး မည်သူမျှမျှော်လင့်မထားမိကြပါ။ စောလားပေးက လူများကြားမှ ရုတ်တရက်ရုန်းထွက်လိုက်ပြီး ကင်းတဲရှိတိုင်ကို သူ့ဦးခေါင်းနှင့် ပြေးဆောင့်လိုက်ပါတော့သည်။ ဒုန်း ဟူသော အသံနှင့်အတူ စောလားပေး ဦးခေါင်းမှ သွေးများစီးကျလာတော့သည်။

"စောလားပေး စိတ်မမှန်တော့ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင် ရူးသွားပြီထင်တယ်"

"မြွေကြီးကို သတ်ဖြတ်ချက်စားခဲ့လို့ ခုလိုဖြစ်သွားတာလား၊ လုပ်ကြပါဦး"

တစ်ယောက် တစ်ပေါက်နှင့် စခန်းတစ်ခုလုံး ဆူညံနေပါတော့သည်။ စောလားပေါ့အဖြစ်ကို ကျွန်တော် မကြည့်ရက်တော့ပါ၊ ပွေ့ထူထားလိုက်မိသည်။

"စောလားပေါ့၊ သတိထားပါကွာ၊ ဖြစ်မှုဖြစ်ရလေကွာ မယုံနိုင်အောင်ပါပဲကွာ"

ဦးခေါင်းတစ်ခုလုံး သွေးအလိမ်းလိမ်းဖြင့် ကျွန်တော့်လက်ပေါ်တွင်ပင် သတိမေ့ကာ လဲကျသွားပါတော့သည်။

"ကဲ- ဆရာဆေး၊ လုပ်ပါဦး ဒဏ်ရာကြီးသလား"

အသင့်ရှိနေသော ဆေးတပ်သားက စောလားပေါ့ဒဏ်ရာကို ကြည့်ရှုစစ်ဆေးလိုက်သည်။

"သုံးချက်လောက်တော့ ချုပ်ရမယ်ထင်တယ်"

"သွေးထွက်မလွန်စေနဲ့၊ လုပ်သင့်တာ လုပ်ပေတော့"

ဆေးတပ်သားက စောလားပေါ့ ဒဏ်ရာကို လိုအပ်သလို ပြုစုကုသပေးပြီး ဦးခေါင်းကို ပတ်တီးစည်းထားလိုက်သည်။ ဆေးလည်း တိုက်သည်။

ဆေးတပ်သားကို စခန်းတစ်ခုလုံးက ချစ်စနိုးဖြင့် ဆရာဆေး ဟုသာ နောက်ပြောင်ခေါ်ကြသည်။

"စောလားပေါ့ ဂျူတီချိန်မှန်းသိလို့ ငါတို့ပါလို့ပြောခဲ့တာ၊ ဆရာကြီးမှာလိုက်တဲ့ ကောက်ညှင်းကျည်တောက်တွေ ဝယ်လာပါတယ်၊ စောလားပေါ့ ချိုလင်းလုပ်တော့ ကောက်ညှင်းကျည်တောက်တွေ ထောင်ပြလိုက်သေးတယ်၊ ဒီကောင်ဘယ်လိုဖြစ်သွားတာလဲ"

"တစ်နေ့က မြွေကြီးကို စောလားပေါ့ သတ်ခဲ့တယ်လေ၊ ပြီးတော့ ချက်စားခဲ့ကြတယ်၊ အဲဒီနောက်ပိုင်း နှစ်ညဆက်တိုက် သူ့ကိုအိပ်မက်ပေးခဲ့တယ်၊ ဒီတောကနတ်ကြီးတော့ နတ်ဖမ်းတာများလား၊ မယုံနိုင်စရာအဖြစ်တွေပါပဲ"

"နတ်ဖမ်းတာ၊ နတ်ကြီးတာဖြစ်မယ်ထင်တယ်၊ ဆရာကြီးပြောတာဖြစ်နိုင်တယ်၊ ကျွန်တော်စဉ်းစားမိတာက"

"ဝင်းမောင် ပြောပါဦး၊ မင်းစဉ်းစားမိတာဘာလဲ၊ ဘယ်လိုလဲ"

"စောလားပေါ့ချက်တဲ့ မြွေသားဟင်း မစားတာ ကျွန်တော်တစ်ယောက်ပဲရှိတယ်၊ မြွေသားမစားခဲ့လို့ သူ့ပစ်ချက်လွဲခဲ့တာများလား၊ တိုက်ဆိုင်မှုများလား"

"ဘာကို ဘယ်လို ယုံရမှန်းတောင် မသိတော့ပါဘူး၊ အခု အဖြစ်အပျက်တွေက မြွေကြီးနဲ့ပတ်သက်နေမယ်ထင်တယ်၊ သူ့ပစ်ချက် မထိလို့သာ တော်တော့တယ်၊ နို့မဟုတ်ရင် ပြဿနာတွေက ပိုရှုပ်ကုန်တော့မယ်၊ ဆရာဆေး ဒီကောင့်အခြေအနေ ဘယ်လိုရှိလဲ၊ ခုချက်ချင်း အခြေစိုက်စခန်း ပို့ဖို့လိုသလား"

"သွေးတိတ်သွားပါပြီ၊ ဒဏ်ရာကိုချုပ်လည်းချုပ်ထားပြီးပြီ၊ ဆေးလည်း တိုက်ထားပြီးပြီ၊ စိုးရိမ်စရာမရှိတော့ပါဘူး"

"ဒါဆို စောလားပေါ့ကို ငါ့အနားမှာပဲ သိပ်ထားလိုက်တော့၊ ငါ အစီရင်ခံစာ ရေးလိုက်ဦးမယ်၊ မနက်ကျမှ စောလားပေါ့ကို အခြေစိုက်စခန်း ပို့မယ်၊ ကဲ-အိပ်ကြတော့၊ နောက်တာဝန်ကျ ဂျူတီသမား ဆက်လုပ်တော့"

အုပ်ခွဲတပ်ကြပ်ကြီးရွှေဝင်းက သူ့ပြောလက်စ စကားကို ရပ်လိုက်ကာ လက်ဖက်ရည် ဆက်သောက်သည်။

"မယုံနိုင်စရာ အဲဒီလိုဖြစ်ခဲ့တာ ဆရာရေ"

"ရွှေဝင်းရေ မင်းပြောပြချက်အရဆိုရင် ငါတို့အဖြစ်ထက် ဆိုးနေပါလား၊ စောလားပေါ့သာ အော်တိုခလုတ်ဆွဲမိရင် မတွေးဝံ့စရာပဲ"

"ကံကောင်းလို့ပေါ့ ဆရာရယ်၊ သူ တစ်ချက်ပဲ ပစ်လိုက်နိုင်တယ်၊ သူ့သေနတ်ကို ကျွန်တော်အချိန်မီ ယူနိုင်လို့သာပေါ့"

"နောက်စောလားပေါ့ ဆိုတဲ့ ကရင်လေး ဘယ်လိုဖြစ်သေးလဲ"

"နောက်တစ်နေ့မနက်စော စောမှာ စောလားပေါ့ကို ကျွန်တော်ကိုယ်တိုင် အခြေစိုက်စခန်းကို ပြန်ပို့ခဲ့တာ၊ ကျည်ထွက်သွားတော့ ထိမ်ချန်လို့မဖြစ်တော့ဘူးလေ၊ အဖြစ်အပျက်အားလုံးကို အသေးစိတ် တင်ပြလိုက်ရတယ်"

"ဒီတော့ အထက်က ဘယ်လိုဆက်ညွှန်ကြားလဲ"

"စောလားပေါ့ကို ချက်ချင်းပဲ မြို့ဆေးရုံ ဆက်ပို့တယ်၊ ပြီးတော့ ကျွန်တော့်ကိုပဲ လူနာစောင့်တာဝန်ပေးတယ်၊ မန်ကျည်းပင်ဆောင်ကို ကျွန်တော့်ကိုယ်စား အကြပ်ကြီးတစ်ယောက် စေလွှတ်လိုက်တယ်"

"ဆေးရုံရောက်တော့ ဘာတွေဆက်ဖြစ်သေးလဲ"

"ဆေးရုံတစ်ပတ်လောက်တက်လိုက်ရတယ်၊ စောလားပေါ့က သူ့ခေါင်း ဒဏ်ရာရတာရယ်၊ သူ့သေနတ်နဲ့ ပစ်ခဲ့တာတွေကို မမှတ်မိဘူးဖြစ်နေတယ်၊ သူ့ငယ်ချင်းတွေ သူ့ကို ကောက်ညှင်း





www.burmeseclassic.com

www.burmeseclassic.com

ကျည်တောက် ထောင်ပြတာကိုပဲ နောက်ဆုံးမှတ်မိတယ်"

"အင်း၊ တော်တော်ထူးတဲ့ အဖြစ်ပါပဲကွာ"

"ပိုပြီးထူးတာက စောလားဟေး သေချာချိန်ပြီးပစ်ခဲ့သူက ရှေ့ဆုံးကပြန်လာတဲ့ ဝင်းမောင်ပဲလေ၊ အကွာအဝေးဘ ကိုက်သုံးဆယ်လောက်သာ ကွာ ...းတာ၊ ထိမှန်နိုင်တဲ့အနေအထားပဲ၊ ...င်းမောင်က မြွေကြီးကို ရိုက်လည်း မရိုက်ခဲ့ဘူး၊ ဟင်းချက်တော့လည်း အသားကို မစားခဲ့ဘူးလေ၊ ဒါတွေကြောင့် ဝင်းမောင်ကို ကျည်မထိတာများလား။

ပြီးတော့ စောလားဟေးကို နှစ်ညဆက်တိုက် အိပ်မက်ပေးခဲ့တာ၊ သွေးသံရဲရဲနဲ့ ကလဲ့စားချေမယ်တဲ့၊ ခေါင်းကွဲပြီး သွေးသံရဲရဲဖြစ်ခဲ့သူက စောလားဟေး တစ်ယောက်တည်းပဲလေ၊ မြွေကြီးကို သတ်ပြီးချက်စားခဲ့ရာမှာ စောလားဟေးက အဓိကဖြစ်နေတယ်၊ သူတစ်ယောက်တည်းကိုပဲ အိပ်မက် ပေးခဲ့တာ ကြည့်ပါလား၊ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူးထင်တယ်။

နတ်ဖမ်းတာလား၊ နတ်ကြီးတာလား၊ မြွေစောင့်တဲ့တောလား၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်တို့နှစ်ယောက် အပြောင်းအလဲမှာ ဒီစခန်းက နတ်ကြီးကြောင်း ဆရာ ပြောခဲ့သေးတယ်နော်။

တောထဲ အလေး အပေါ့သွားမိတဲ့ ဆရာ့တပည့်လေး တစ်ယောက်တောင် ငန်းမြွေကြီး အလိုက်ခံခဲ့ရသေးတယ် မဟုတ်လား၊ ကိုယ်တိုင် ကြုံခဲ့တော့မှ ဆရာပြောတာ ယုံရမလိုဖြစ်နေပြီ"

"မန်ကျည်းပင်ဆောင် အဖြစ်တွေက တို့နှစ်ယောက်စလုံး တစ်သက်မမေ့စရာ အဖြစ်တွေပါပဲကွာ"

"ကျွန်တော်က ပိုဆိုးတာပေါ့၊ နတ်ကြီးသည့် မန်ကျည်းပင်ဆောင်လို့သာ ဆိုလိုက်ချင်တော့တယ်"

"ဟုတ်တယ် ရွှေဝင်းရေ၊ မင်းပြောတဲ့နတ်ကြီးသည့် မန်ကျည်းပင်ဆောင်ပါပဲကွာ"

ရွှေဝင်းနှင့် ကျွန်တော် လမ်းခွဲခဲ့ပြီးသည့်တိုင် မန်ကျည်းပင်ဆောင် အဖြစ်အပျက်များက ကျွန်တော့်အတွေးထဲ ရစ်ဝဲနေပါတော့သည်။

**မောင်မောင်မိုးအောင်**

❑


✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ



# ဖျံ-ရှ-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဓက(စာနယ်ဇင်း) ၀၁၇/၀၃၁၅

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။



...ာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

...ာင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၁၃၉၄

www.burmeseclassic.com



နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဇာနည်များ

မှတ်တော်တည်ကြကုန်လော့

**အလောင်းမင်းတရား အောင်ဇေယျတဲ့ေ**

**ထွန်းလင်းသူ**

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

'ငါးခုစွန်းဆောင်၊ ဆယ်ရာထောင်တွင်
မြန်ဘောင်ဦးစွန်း၊ ကျုံးမြို့နန်းနှင့်
နတ်ကွန်းပဟိုရ်၊ ရွှေချက်သိုက
ရေညှိမြပြန်၊ နန္ဒာကန်ကို
လျင်တန်မရှည်၊ ဘိုးတော်တည်သည်'

(ပလိပ်ရွာစား ဦးဖျော်၊ စဉ့်ကူးမင်းချင်းမှ)

ဤစာကို ဆက်လက်ရေးသားမည်ဟု အာရုံပြုလေသောအခါ 'သဟာယ ဆရာတင်' ရေးသားစီကုံးပြီး ရုပ်ရှင်မင်းသမီး 'မေရှင်' သီဆိုခဲ့သည့် 'ရွှေဘုရင်' အမည်ရှိ သီချင်းကို ပြန်လည်ကြားယောင်လာသကဲ့သို့ ရှိပါသည်။


'အို . . . စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် မုဆိုးဆက်နွယ် စိုးမိုးလို့ရယ် . . . နေညိုတော့ကွယ် ရွှေဘိုလွမ်းတယ်၊ ဘမရာပလ္လင် စမုတ်တော်ဆောင်ခန်း . . . ရာဇဝင်၊ မဟာဝင် ထုတ်ဖော်မှန်းရွယ် . . . သတိမူကြဖို့ အမြဲတိုင်အောင်ကွယ် . . . မဏိပူရနဲ့ ကသည်းတောင်နိုင်တယ် . . . အလောင်းဘုရားရယ် . . . ကောင်းစားတဲ့ . . . အကြောင်းများရယ် ခုတိုင်ထင်ရှားတယ်'

'ရွှေဘုရင်' သီချင်းထဲမှ စာသားအချို့ ဖြစ်ပါသည်။ သီချင်းစာသားကလေးများကို ခပ်ဖွဖွကလေး တရေးရေး ပြန်စဉ်းစားရာမှ တစ်စ တစ်စ သီချင်းစာသားကလေးများက ပြောင်ကြည်လင်လာသည်သို့ ရှိပါသည်။ ဟုတ်ပါသည်၊ သီချင်းစာသားကလေးများသည် မှိန်ရာမှ လင်း၊ လင်းရာမှ ကြည်၊ ကြည်ရာမှ တောက်ပလာကြပါသည်။ ဤသီချင်းကို အသံ အားဖြင့် နားထောင်ခဲ့ဖူးသည် မဟုတ်ပါ၊ ဆရာ နန်းညွန့်ဆွေ ရေးသားပြုစုသည့် 'သဟာယ ဆရာတင်' စာအုပ်ထဲတွင် ဖတ်ခဲ့ခြင်း ဖြစ်ပါသည်။

၁၉၃၀ ပြည့်နှစ်တွင် 'တို့ဗမာ အစည်းအရုံးကြီး' ပေါ် ထွန်းလာသည်။ အစည်းအရုံးဝင်များသည် သခင်ဘွဲ့၊ သခင်မဘွဲ့ ခံယူကြသည်။ သူတို့ကို သခင် ဦးဘယ်သူ၊ သခင်မ ဒေါ်ဘယ်ဝါ စသည်ဖြင့် ခေါ်တွင်စေသည်။ နယ်ချဲ့မျက်နှာဖြူ တို့ကို သခင်ခေါ်နေရသည်မှာ အသည်းတွေက နာရုံမက ကြေလှသည်းစိုင် ဖြစ်နေပြီ။ ကျွန်စော်နံလှသည့် 'မောင်မင်း၊ သခင်လေး' ခေါ်သံတွေကို အော့နှလုံးနာလှပြီ။ မျက်နှာဖြူ တို့ရှေ့တွင် 'ဘုရား' ထူးရလေတိုင်း ရင်ထဲမှာ တစစ်စစ် နာသည်။

စိန်မှန်ကင်းအစစ်တွေ ထင်းဖြစ်ရသည့်ကိန်းကို အပြီး အပိုင် ချေမှုန်းသုတ်သင် မြေမြှုပ်ပစ်ရမည်။

ငါတို့သည် သခင်မျိုး ဖြစ်သည်။ ငါတို့သည် ကိုယ့်မင်း ကိုယ့်ချင်း နေလာခဲ့ကြသော သခင်သွေးအပြည့်ရှိသူများ



ဖြစ်သည်။ ငါတို့သည် တကောင်းအဘိရာဇာ မင်းမြတ်မဟာ လက်ထက်တော်မှ စတင်၍ နှစ်ပေါင်းနှစ်ထောင်ကျော် ဘုန်းလက်ရုံး တဟုန်းဟုန်း တောက်ခဲ့ကြသော မဟာအာရှ၏ စစ်သူရဲကောင်းများ ဖြစ်ကြသည်။ မြန်မာပြည်သည် ငါတို့ ပိုင်ဆိုင်သော တိုင်းပြည်နိုင်ငံ ဖြစ်သည်။ ငါတို့သည်သာ မြန်မာပြည်၏ ပိုင်ရှင်အစစ်အမှန်များ ဖြစ်ကြသည်။ နယ်ချဲ့သမားသည် ဓားပြ၊ သူခိုးများသာ ဖြစ်သည်။ နယ်ချဲ့မျက်နှာဖြူသည် တို့ပိုင်နက်မြေကို မတရားသက်သက် လက်နက်အားကိုးကာ အတင်းအဓမ္မ သိမ်းယူထားသော သူပုန်အကြီးစားများပင် ဖြစ်သည်။ နယ်ချဲ့ဗြိတိသျှသည် ငါတို့၏ မသဒ္ဒါရေစာကို ခိုးယူစားသုံးနေကြသော စားကြွင်းစားများ ဖြစ်ကြသည်။

မြန်မာပြည်သူတို့၏၊ မြန်မာပြည်သားတို့၏ အထူးသဖြင့် မြန်မာလူငယ်တို့၏ ရင်ထဲဝယ် ထိုသို့ ထိုနှယ် ဇာတိမာန်သွေးတွေ ပွက်ပွက်ဆူဝေလာအောင် တေးသီချင်းများဖြင့် နှိုးဆွလှုံ့ဆော်ကြရာတွင် 'ရွှေဘုရင်' သည် တပ်တော်ဦးမှ ပါဝင်ချီတက်ခဲ့ပါသည်။

'ရွှေဘုရင်' သည် ဘုရင်ခေတ်သို့ နောက်ပြန်လှည့်နေခြင်း မဟုတ်၊ ပဒေသရာဇ် လောင်းရိပ်သို့ ဆွဲခေါ်နေခြင်း မဟုတ်၊ ဧကရာဇ်ဝိညာဉ်ကို အသက်သွင်းနေခြင်း မဟုတ်၊ အတိတ်က ဆောင်းခဲ့သော ရွှေထီးတွေကို ရွှေချနေခြင်း





www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ သမိုင်းသွေးတွေ အေးမသွားအောင် သွေးနွေးပေးခြင်း ဖြစ်သည်။ ဇာတိသွေး၊ ဇာတိမာန် ရှင်သန်နိုးကြားအောင် မီးမောင်းထိုးပြခြင်း ဖြစ်သည်။

'ရာဇဝင်၊ မဟာဝင် ထုတ်ဖော်မှန်းရှွယ် . . . သတိမူကြဖို့ အမြဲတိုင်အောင်ကွယ် . . . မဏိပူရနဲ့ ကသည်းတောင်နိုင်တယ် . . . အလောင်းဘုရားရယ် . . . ကောင်းစားတဲ့ . . . အကြောင်းများရယ် ခုတိုင် ထင်ရှားတယ်'

မြင်တော်မူကြသည့်အတိုင်း သီချင်းထဲမှာတော့ 'အလောင်းဘုရားရယ် . . . ကောင်းစားတဲ့ . . . အကြောင်းများရယ် ခုတိုင် ထင်ရှားတယ်' ဟူ၍ ပါလေသည်။

'အမှန်တကယ် ထင်ရှားပါရဲ့လား' ဟု မေးသော် မည်သို့ ဖြေမည်နည်း။

ထို 'ရွှေဘုရင်' သီချင်းကလေးသည်ပင် ဆရာနန်းညွန့်ဆွေ ရှာဖွေပြုစုခဲ့သော 'သဟာယ ဆရာတင်' စာအုပ်ကလေးကျေးဇူးကြောင့် မှတ်တမ်းတင် ကျန်ခဲ့ရခြင်းဖြစ်ပါသည်။ အကယ်၍ ဆရာနန်းညွန့်ဆွေသာ ဖွေဖွေရှာရှာ မောင်လေ့လာ မလုပ်ခဲ့ဖူးဆိုပါလျှင် 'ရွှေဘုရင်' သည် တေးပလ္လင်ထက်မှ ချာန်လျှောဖွယ် ရှိပေလိမ့်မည်။

(မှတ်ချက် ။ ။ အခြား ဆရာ့ ဆရာများ ပြုစုသော စာအုပ်၊ စာတမ်းများ ရှိနိုင်ပါသည်။ စာရေးသူ လက်လှမ်းတစ်မီ ဖတ်ရသော 'သဟာယ ဆရာတင်' စာအုပ်ကလေးကို ဖော်ညွှန်းရခြင်းသာ ဖြစ်ပါသည်။)

စကားစပ်လာ၍ ပြောရမည်ဆိုလျှင် 'ဆရာ နန်းညွန့်ဆွေ' ဟူသော အမည်နာမသည်ပင် ရဲရဲတင်းတင်း ရေးသားဖော်ပြခွင့်ရသည်မှာ ဘာမျှ မကြာလှသေးပါ။ ဆရာသည် ၁၉၅၃ ခုနှစ်မှစတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်တွင် သုတေသနမှူးတာဝန်ထမ်းဆောင်ခဲ့ရာ အငြိမ်းစားယူသည်အထိ ဖြစ်ပါသည်။ ဆရာသည် အငြိမ်းစားယူပြီးနောက် ခေတ်ပေါ်ဟောင်း စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိဆောင်းပါးများကိုသာ တစိုက်မတ်မတ် ရေးသားခဲ့သည်။

ဆရာသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးတွင် စာပေဟောပြောခဲ့သောကြောင့် 'နန်းညွန့်ဆွေ' ကလောင်အမည်ဖြင့် စာပေရေးသားခွင့် ပိတ်ပင်ခံခဲ့ရသည်။ စာပေကိုအသက်တမျှ ချစ်မြတ်နိုးလှသော ဆရာသည် 'သုခမိန်'၊ 'ရဝိနောင်'၊ 'ပဏ္ဍိတ' ကလောင်ခွဲ၊ ကလောင်ဝှက်များဖြင့် ကွယ်လွန်ချိန်ထိ စာရေးခဲ့ရပါသည်။ ဆရာသည် ကဗျာပုဒ်ရေတစ်သောင်းခန့်နှင့် ဆောင်းပါး၊ ဝတ္ထု၊ ပုဒ်ရေ ရှစ်ရာကျော်ခန့် ရေးသားပြုစုခဲ့သည်။

ဆရာသည် ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁၄ ရက်၊ ညနေ ၄း၅၅ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းနေအိမ်၌ ကွယ်လွန်ရှာသည်။

ဆရာ၏ ဇနီးမှာ စာရေးဆရာမကြီး 'ကြည်ဦး' ဖြစ်သည်။ ဆရာ၏ အမည်ရင်းမှာ 'ဦးအောင်သိန်း' ဖြစ်သည်။ ဆရာ ကွယ်လွန်ချိန်တွင် အသက် (၈၇)နှစ် ရှိပြီဖြစ်ရာ 'သက်တော်ရှည် စာရေးဆရာကြီး' ဟု ဆိုရပါမည်။ လူရွှင်တော်ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ စာရေးဆရာ 'ဇာဂနာ' သည် ဆရာ နန်းညွန့်ဆွေ၏ သားတစ်ဦးဖြစ်ပါသည်။

ပြောလိုသည်မှာ 'အမှန်တကယ် ထင်ရှားပါရဲ့လား' အမေးကို အဖြေရှာကြည့်လိုခြင်း ဖြစ်သည်။ အဖြေအတွက် ကွင်းဆက်ကလေးများကို ဆက်စပ်ကြည့်သော် ပထမကွင်းဆက်သည် အလောင်းဘုရား၊ ဒုတိယကွင်းဆက်သည် သဟာယ ဆရာတင်၊ တတိယကွင်းဆက်သည် မေရှင်၊ စတုတ္ထကွင်းဆက်သည် နန်းညွန့်ဆွေ၊ 'ရွှေဘုရင်' သီချင်းကလေးနှင့် စပ်လျဉ်း၍ ဆက်စပ်မိသော ကွင်းဆက်ကလေးများ ဖြစ်ပါသည်။

ပထမကွင်းဆက်ဖြစ်သော အလောင်းဘုရား၊ အမှန်တကယ် ထင်ရှားပါရဲ့လား။ တစ်မျိုးတော့ မထင်လိုက်ပါနှင့်လောင်းကြေး ထပ်ကြည့်ကြပါစို့။ မြန်မာနိုင်ငံရှိ ကျေးရွာရပ်ကွက်အသီးသီးတွင် မှီတင်းနေထိုင်ကြသော လူဦးရေများကျေးရွာတစ်ရွာ၊ ရပ်ကွက်တစ်ကွက်လျှင် အနည်းဆုံး လူဦးရေ ရာဂဏန်းရှိပါသည် ဆိုပါတော့။ ထိုလူဦးရေထဲမှ ကျေးရွာတစ်ရွာ၊ ရပ်ကွက်တစ်ကွက်လျှင် အသက်အရွယ်အရ ပညာ



www.burmeseclassic.com

www.burmeseclassic.com

အရည်အချင်းအရ ပေမီ ဒေါက်မီ ဆယ်ယောက်စီလောက် ခေါင်းခေါက်ရွေးချယ်ရာ ရပြီဆိုပါတော့။ ထို ဆယ်ယောက်စီ၊ ဆယ်ယောက်စီတို့အား 'အလောင်းဘုရားဟူသည် မည်သူနည်း' ဟု လျှပ်တစ်ပြက် မေးကြည့်လိုက်ပါ။ 'အလောင်းဘုရား ဆိုသည်မှာ' အစချီ၍ ကြောင်းကြောင်းပြေး (မထစ်မငေါ့) ပြောနိုင်သူကို 'အာဂလူ' ဟူ၍ အနိုင်ပေး ဂုဏ်ပြုချီးမြှင့်ချင်ပါသည်။ လောင်းကြေး ထပ်ဝံ့ပါမည်လော။

အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံသည် အလောင်းဘုရားနှင့် စပ်လျဉ်း၍ စာအုပ်၊ စာတမ်းများသာမက ရုပ်ရှင်ကားကြီးများ၊ ဗွီဒီယိုများ ထုတ်ဝေဖြန့်ချိနေသည်မှာ ထောင်းလမောင်းထနေပြီ ဖြစ်ပါသည်။ သူတို့ မည်သည့် ရည်ရွယ်ချက်မျိုး ရှိသည်ဖြစ်စေ သူတိုင်းပြည်၊ သူ့လူမျိုးအတွက် သူတို့လုပ်နေကြသည်ကိုမူ ငြင်း၍ မရ။

မိမိတို့ကကော အလောင်းဘုရားနှင့် စပ်လျဉ်း၍ ဘာလုပ်ကြပါသနည်း။ အလောင်းဘုရားသည် ပဒေသရာဇ်ဟုဆိုဆို၊ ဧကရာဇ်ဟု ပြောပြော မိမိတို့အတွက် 'တတိယမြန်မာနိုင်ငံတော်ကြီး' ကို တည်ထောင်တော်မူခဲ့သော 'ဘုရင်မင်းမြတ်' ဖြစ်သည်မှာ အသေချာကြီး သေချာလှပါသည်။ ထိုသို့ သေချာပါလျက် မိမိတို့နိုင်ငံတွင် အလောင်းဘုရားရုပ်တု ဆယ်ဂဏန်း (ရုပ်တု ဆယ်ရုပ်တု) ရှိပါ၏လော။ အလောင်းဘုရားနှင့် သက်ဆိုင်ရာ (သီးသီးသန့်သန့်) စာအုပ်၊ စာတမ်း၊ ရုပ်ပြ အမျိုးအစား (အရေအတွက် မဟုတ်၊ အမျိုးအစား၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စသည်) ဆယ်ဂဏန်း (တစ်ဆယ်၊ နှစ်ဆယ် စသည်) ထုတ်ဝေထားပါ၏လော။ အလောင်းဘုရားအကြောင်း ရိုက်ကူးထားသော ရုပ်ရှင်၊ ဗွီဒီယို ဘယ်နှကားရှိပါသလဲ။ အလောင်းဘုရားအကြောင်း သီးသီးသန့်သန့် ရေးသားစပ်ဆိုထားသော သီချင်း ဘယ်နှပုဒ် ရှိပါသလဲ။ မေးတာတွေ များသွားပြီ ထင်ပါသည်။

ဒုတိယကွင်းဆက် သဟာယ ဆရာတင်၊ အမှန်တကယ် ထင်ရှားပါရဲ့လား။ ဤနေရာတွင် ဖျတ်ခနဲ သတိရမိပြန်သည်။ ပဟေဠိဖြေဆိုပွဲ တစ်ခုတွင် ဂန္ထဝင် ဂီတစာဆိုကြီးတစ်ဦး၏ အမည်ကို ဖော်ပြပြီး ထိုပုဂ္ဂိုလ်ကြီးသည် မည်သူနည်း (ဘာလုပ်သနည်း)ဟုမေးရာ ဖြေဆိုသူ၏ အဖြေမှာ 'ဆေးဆရာ' ဟု ဖြေလေသည်။ 'အနိုပ်သည်' ဟု ဖြေမသွားသည့်အတွက် ကျေးဇူးတင်ရပါသေးသည်။ ယခု 'သဟာယဆရာတင်' သည် မည်သူနည်းဟု မေးသော် မည်သို့ ဖြေကြမည် မသိပါ။

သဟာယ ဆရာတင်သည် 'ပြည်မြို့' ဇာတိဖြစ်ပေရာ ပြည်မြို့သူ မြို့သားတို့ ဂုဏ်ယူဖွယ် ဖြစ်ပါသည်။ ပွဲစားကြီးဦးဘိုးလူနှင့် ပွဲကတော် ဒေါ်ဒေါ်အုံးတို့၏ သားသမီး ခြောက်ယောက်တွင် တတိယမြောက်ဖြစ်သည်။ ပညာအရည်အချင်းမှာ အင်္ဂလိပ်-မြန်မာ ဆယ်တန်းဖြစ်သည်။ ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင် (ဗိုလ်အောင်ဒင်)နှင့် တစ်တန်းတည်း အတူနေသူငယ်ချင်းများ ဖြစ်ကြသည်။ ရန်ကုန်အရှေ့ပိုင်း ရေကျော်ရပ်ရှိ လူငယ်များ စုပေါင်းဖွဲ့စည်းထားသည့် လူငယ်များ မြှင့်တင်ရေး 'သဟာယ အသင်းဝင်' ဖြစ်သောကြောင့် 'သဟာယဆရာတင်' ဟု ခေါ်တွင်ကျော်ကြားခြင်း ဖြစ်သည်။

သဟာယ ဆရာတင်သည် အသက် (၃၈)နှစ်အရွယ်တွင် ဝမ်းကိုက်ရောဂါဖြင့် ကွယ်လွန်ရှာသည်။ ရှာဖွေတွေ့ရသမျှ သီချင်းပုဒ်ရေ (၆၀)ရေးသားခဲ့ရာ အားလုံးလိုလိုပင် အောင်မြင်ကျော်ကြားသော သီချင်းများဖြစ်သည်။ သဟာယဆရာတင်၏ ဇနီးမှာ စက်ရှင်တရားသူကြီး ဦးကြည်ညွန့်၊ မင်းကတော် ဒေါ်စောညွန့်တို့၏ သမီးအကြီးဆုံး 'မသောင်း' ဖြစ်ပြီး သားကြီး မောင်ခင်ညွန့်၊ သားလတ် မောင်ထွန်းမြင့်၊ သမီး မာပျိုနှင့် မာချိုတို့ ထွန်းကားခဲ့သည်။

'အလောင်းဘုရားရယ် ကောင်းစားတဲ့ အကြောင်းများရယ် ခုတိုင် ထင်ရှားတယ်' တေးစာသားကလေးများ ရေးသားခဲ့သော သဟာယဆရာတင်၏ ဖျတ်ခနဲရုပ်ပုံလွှာကို အကြောင်းဆုံခိုက် ရေးသားလိုက်ရပါသည်။

(မှတ်ချက် ။ ။ တက္ကသိုလ် ခင်မောင်ဇော် ပြုစုရေးသားသော 'နှောင်းအတိတ်က မဟောင်းသော ပုံရိပ်လွှာများ' စာအုပ်၊ စာမျက်နှာ ၁၄၈ တွင် 'ရွှေဘုရင်' သီချင်းကို 'ရန်နိုင်စိန်' ရေးသားကြောင်း ဖော်ပြထားရာ ပုံနှိပ်အမှား ဖြစ်မည်ဟု ထင်ပါသည်။)

တတိယကွင်းဆက်သည် 'မေရှင်' ဖြစ်ပါ၏။ 'ရွှေဘုရင်' သီချင်း သီဆိုသူ။

'အောင်ခြင်းရှစ်ပါး . . . အသံကြားတဲ့အခါ . . .
စီးပွားဥစ္စာ အဟုတ်မကျန် အောင်မှာ . . . ကျန်းမာ
. . . ချမ်းသာပါလို့ . . . ဘေးဘယာမဝိုင်း . . . ကြံ
တိုင်းအောင် ဆောင်တိုင်းမြောက်မှာ . . .' အစချီ
မင်္ဂလာတေးသံကို ယနေ့တိုင် ကြားနေရဆဲဖြစ်သည်။

'အောင်ခြင်းရှစ်ပါး' သည် သဟာယဆရာတင်၏ အဆင့်အတန်း မြင့်မားသော သီချင်းတစ်ပုဒ် (ဓမ္မတေးတစ်ပုဒ်)ဖြစ်ပြီး မူလသီဆိုသူမှာ 'မေရှင်'ဖြစ်သည်။ 'မေရှင်' ၏ ညင်းညင်းနှံ့နှံ့ သွဲ့သွဲ့ပျောင်းပျောင်း အသံကလေးနှင့် အလွန်လိုက်ဖက်တင့်တယ်သော သီချင်း ဖြစ်ပါသည်။

'ကြူကြူသင်း . . . ရွှေနှင်းဆီရယ် . . . ဆင်းရနံ့က
မွှေးတယ် . . . မခူးရက်စရာ အထူးပဲ လှတယ် . . .
သူ့ကိုယ်သူပင် ဆူးတွေကိုဆင် . . . နတ်ဥယျာဉ်ဝယ်
ရောင်စုံဖူးပွင့်တယ်' အစချီသော 'ချစ်ရေစင်' သီချင်း။

'မောင့်လိပ်ပြာ'၊ 'ကိုယ်ပိုင်မေတ္တာ'၊ 'ချစ်ပွဲဝင်'၊ 'နံ့သာမြိုင်'၊ 'မဲဇာမြိုင်'၊ 'သုံးရာသီ'၊ 'ရွှေနန်းတက်ပွဲ' စသည့် သဟာယဆရာတင် ရေးသားသော သီချင်းများစွာနှင့် အခြားနာမည်ကျော် သီချင်းများစွာ သီဆိုခဲ့သော 'မေရှင်'၏ နာမည်ရင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ 'မသန်းရှင်'ဖြစ်ပါသည်။ နာမည်ကျော် 'အောင်ခြင်းရှစ်ပါး' အဆိုရှင် မေရှင်သည် ခရစ်ယာန်သာသနာပြု ဝက်စလီယံ ကျောင်းသူတစ်ဦးဖြစ်ပြီး အင်္ဂလိပ်စကားကို ညက်ညက် ကလေးနှင့် လူတစ်ဖက်သား စိတ်ဝင်စားအောင် ပြောနိုင်သူ ဖြစ်သည်။ နာမည်ကြီး ရုပ်ရှင်ဇာတ်ကားပေါင်း များစွာ ရိုက်ကူးခဲ့ရသော 'ဝဏ္ဏကျော်ထင်ဘွဲ့ရ ရုပ်ရှင်မင်းသမီးကြီး' တစ်ဦးလည်း ဖြစ်သည်။

ဤစာ မရေးမီ ရက်ပိုင်းအတွင်း လူငယ်တစ်စု (လူလတ်ပိုင်းအချို့ပါဝင်) နှင့် စကားစပ်မိရင်း 'ဝဏ္ဏကျော်ထင်ဘွဲ့ရ အနုပညာရှင်ကြီး' မေရှင်အကြောင်း ပြောမိရာ သူတို့ တစ်တွေ မသိနိုးနား ဖြစ်နေပုံကိုကြည့်ပြီး အားမလိုအားမရ ဖြစ်ခဲ့ရလေသည်။

စတုတ္ထကွင်းဆက် ဆရာနန်းညွန့်ဆွေ အကြောင်း အထက်တွင် ပြောခဲ့ပါပြီ။ ပြောခဲ့ပြီးသည့်အတိုင်း ဆရာ အင်မတန် မြတ်နိုးနှစ်သက်သည့် သူ့ကလောင်နာမည် 'နန်းညွန့်ဆွေ' သည် စစ်အာဏာရှင်ခေတ် ၁၉၉၀ ခန့်မှ စစ်သားတစ်ပိုင်း၊ အရပ်သားတစ်ပိုင်း အစိုးရခေတ်ထိ (၂၀၁၀ ပြည့်နှစ်ထိ) နှစ်ပေါင်း နှစ်ဆယ်ခန့် အကျဉ်းခံဘဝ ရောက်ခဲ့ရပြီး လွတ်မြောက်ခွင့် ရရှိသောအချိန်၌မူ ဆရာ ကွယ်လွန်ရှာပြီ ဖြစ်ပေရာ 'နန်းညွန့်ဆွေသည်/မည်သူနည်း' ဟု မေးမိမှာကိုပင် စိုးရွံ့နေရပါသည်။ မတော်တရော်၊ မဆီမလျော်တွေ လျှောက်ပြောကြမည်ကို မြင်ယောင်၊ ကြားယောင်နေမိသောကြောင့် ဖြစ်ပါသည်။

အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဩစတေးလျ စသော ကမ္ဘာ့ခေတ်မီ မဟာ့ မဟာနိုင်ငံကြီးများတွင် ရှေးပဝေသဏီမှ ယနေ့ထက်တိုင် ရှိတ်စပီးယားပြဇာတ်များ ကပြနေကြဆဲ ဖြစ်ပါသည်။ ရှေးဟောင်း ကဗျာ၊ လင်္ကာကြီးများကို ခမ်းကြီးနားကြီးများဖြင့် ရွတ်ဆိုနေတုန်း ဖြစ်ပါ၏။ နှစ်ပေါင်း တစ်ရာနီးပါး၊ နှစ်ရာနီးပါး သက်တမ်းရှည် ဂန္ထဝင်ဝတ္ထုကြီးများကို ယနေ့ထက်တိုင် ပလူပျံအောင် ထုတ်ဝေဖြန့်ချိနေကြဆဲ ဖြစ်ပါသည်။ သူတို့ဆီမှ 'ထင်ရှားသူများ' သည် အမှန်တကယ်ပင် သက်ဝင်ထင်ရှားကြခြင်း။

စကားက ဆက်စပ်လာ၍ ပြောရချေဦးမည်။ ဟိုတစ်လောက မိတ်ဆွေတစ်ဦးနှင့် တွေ့သောအခါ 'ဟေ့လူ၊ ခင်ဗျားတို့ စာရေးဆရာတွေ ဘာလုပ်နေကြတာလဲ' ဟု ဒေါနှင့်မောနှင့် ပြောသောအခါ ရုတ်တရက် လန့်များတောင် လန့်မိသည်။ လန့်သွားသူကိုပင် မသနား မညာတာအား၊ သူက ဆက်ပြောသည်။

'ပဟေဠိ အစီအစဉ်တစ်ခုမှာ အာဇာနည်ခေါင်းဆောင်ကြီးများထဲမှ တစ်ဦး၏ အမည်ကို ပြောပြပါ ဆိုတာ ဘယ်သူမှ မဖြေနိုင်ကြဘူး၊ မေးတဲ့သူက နိမိတ်စကားတွေနဲ့ လမ်းကြောင်းပေးနေတာတောင် ခွေးအ လှည်းနင်းတာကမှ ကိန်ကိန်အသံထွက်ဦးမယ်၊ အဲဒီသူတွေ တုတ်တုတ်တောင် မလှုပ်ဘူး၊ အဲဒါ ခင်ဗျားတို့ စာရေးဆရာတွေမှာ တာဝန်ရှိတာပေါ့၊ ခင်ဗျားတို့က ရေးမပြတော့ သူတို့ ဘယ်သိပါ့မလဲ၊ ခင်ဗျားတို့ ဒီလိုဟုတ်တာတွေကျတော့ မရေးဘူး၊ မဟုတ်က ဟုတ်က အပြာလိုလို၊ အဝါလိုလိုတွေကျတော့ ဟောတစ်အုပ် ဟောတစ်အုပ်၊ ခင်ဗျားတို့ လုပ်ကြဦးဗျ'

ဩော်- ဖြစ်မှဖြစ်ရလေ၊ စာပေ ရေးသားပြုစုခြင်းဖြင့် တိုက်ဆောက်၊ ကားစီး၊ နိုင်ငံခြားခရီး ဗိုးခနဲ ဗိုးခနဲ သွားနေရသော် သူပြောသမျှ အပြုံးမပျက် ငံ့ခံလိုက်ရလည်း မထောင်းတာလှ။ ခုတော့ တိုက်တွေ၊ ကားတွေ၊ နိုင်ငံခြားဆိုသဟာတွေနှင့် 'အစ္စ၍ မကြားအောင် ဝေးကွာလှသော' ဤဖေကိုယ်ကိုမှ နှုရာဝဲစွဲ၊ လဲရာ သူခိုးထောင်း၊ ကားကျပ်ရာတွင် လိုင်းကားနှစ်ဆင့်ပြောင်းစီးရသူကိုမှ ပြောရက်လေခြင်း။

ရှိပါစေတော့၊ ပြောသည့်သူမှာ မိတ်ဆွေအရင်း ဖော်တစ်သင်းပေမို့ ချစ်ခြင်းရနံ့ သင်းပေရကား စကားစတ်သေနတ်ကို မောင်းထိန်းမဖြုတ် ခလုတ်မနှိပ်ရက်တော့ဘဲ မျက်လုံးကလေး ကလယ် ကလယ်နှင့်သာ သူ့ကို ပြန်ကြည့်နေခဲ့မိပါသည်။

အင်း. . . အဖြစ်ကလည်း မနှစ်ကနှင့်မတူ ဆိုသတဲ့ သို့ပင် ဒေါ်ဖော်းဖို့ ကောင်းရုံသာမက တန်းစီပြီး ပါးရိုက် အဲ. . . အဲ တန်းစီပြီး ဆုချဖို့သာ ကောင်းတော့သည်။ 'အာဇာနည် ခေါင်းဆောင်ကြီး ကိုးဦး' ရှိရာတွင် တစ်ဦး၏ အမည်ကို ပြောပြပါဆိုတာတောင်မှ ခွေးအ လှည်းနင်း နွားငွေးသင်းသကဲ့သို့ အသံမထွက်နိုင်ကြဘူးတဲ့။ ကိုးဦးစလုံး ပြောပြပါဆိုရင်တော့ အသက်တွေပင် ထွက်ကုန်ကြမည် ထင်သည်။

'အာဇာနည် ခေါင်းဆောင်ကြီး ကိုးဦး' ဆိုသည်မှာ-

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ သခင်မြ
၃။ ဒီးဒုတ်ဦးဘချို
၄။ ဦးဘဝင်း
၅။ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း
၆။ ဦးရာဇာတ်
၇။ မန်းဘခိုင်
၈။ ဦးအုန်းမောင်
၉။ ကိုထွေး တို့ဖြစ်ကြသည်။

ထို ကိုးယောက်ထဲမှ တစ်ယောက်၏နာမည်ကို ပြော ပြနိုင်ခြင်း ဖြစ်သည်။ ပဟေဠိပွဲ ဝင်ကာန္တကြသည့် ပညာရှင် သုခမိန်များခမျာ (မိသားစု စားပွဲဝိုင်းပုံစံ ဖြစ်သောကြောင့် ဖြေဆိုသူဦးရေ တစ်ရာခန့် ရှိသည်) ထိုကိုးယောက်ထဲမှ တစ်ယောက်၏အမည်ကိုပင် မဖြေနိုင်။ ထိုကိစ္စကို အကြောင်း ပြု၍ ကျွန်တော့်မိတ်ဆွေ 'ကိုမျိုးချစ်ကြီး' ဒေါ်ဖော်းနေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ (ဤကိစ္စသည် မနေနိုင် မထိုင်နိုင် လက်ကမြင်းကြောထပြီး တောရမ်းပယ်ဖွဲ့ လျှောက်ရေးနေခြင်း မဟုတ်၊ ဖြစ်ရပ်မှန်ဝတ္ထုများတွင် ဖော်ပြလေ့ရှိသည့်အတိုင်း 'ကာယကံရှင်များကို မထိခိုက် မနစ်နာစေလိုသောကြောင့် အမည်နာမ၊ နေရပ်လိပ်စာများကို လွှဲပြောင်းရေးသားထားပါသည်' ဆိုသကဲ့သို့ 'ဒေါင်ခနဲ' နေအောင် မှန်သော ဖြစ်ရပ်မှန်ကြီး ဖြစ်ပေ၏။)

သို့သော် မမှန်သည်မှာ ကျွန်တော့်မိတ်ဆွေ၏ စွပ်စွဲပုံဖြစ်သည်။ အကယ်တန္တု ပြောကြစတမ်းဆိုလျှင် သက်ဆိုင်ရာတာဝန်ရှိ လူကြီးမင်းများ (ဥပမာ- ပြန်ကြားရေးဝန်ကြီး) ကို သွားရောက်တင်ပြသင့်သည်။ အခုတော့ 'ခင်ဗျားတို့ စာရေးဆရာတွေ' တဲ့။

နောက်တစ်ချက် ဖြစ်သင့်သည်မှာ ယနေ့ ဖွဲ့စည်းထားသော ရောမ စာပေအဖွဲ့အစည်းများထံ သွားရောက်ပြီး ဆွေးနွေး အကြံပြုသည်ဆိုလျှင် ဟုတ်တုတ်တုတ် ရှိဦးမည်။ ထိုအဖွဲ့အစည်းကြီးများသည် ဉာဏအားရော မနအားပါ ပြည့်စုံကြသည်။ မိတ်ဆွေကြီး ကိုမျိုးချစ် ဖြစ်စေချင်သော၊ ရေးသားစေချင်သော၊ ထုတ်ဝေစေချင်သော စာအုပ်မျိုးသန့်နှင့်ချီပြီး ထုတ်ဝေဖြန့်ချိပေးနိုင်သည်။

ယခုမူ မိတ်ဆွေကြီး ကိုမျိုးချစ်ခမျာ 'ဘာအကလောင်'မှ မဟုတ်သော စာရေးဆရာ အကောင်းစားကလေးကိုမှ 'ကြံဖော် ကြံဖက် သုံးယောက်သား အနဇ်တွင်မှ ငမိုက်သား မုဆိုးလေ နင့်ချည်းပင် သေပေတော့' ပြုရက်လေသည်မှာ မြေနိမ့်ရာ လှံစိုက်လေရော့သလား စဉ်းစားစရာပင်။

အမှန်အကန် ဖြစ်စေချင်သော မိတ်ဆွေကြီးကိုမျိုးချစ်သည် စာရေးဆရာ ဘဝ၏ အမှန်အကန် (ဝါ) အမှန်တရား (ဝါ) သစ္စာတရားကို အမှန်အကန် မသိတာလည်း ဖြစ်နိုင်ပါသေးသည်။ အမှန်က စာရေးဆရာ ဆိုသည်မှာ သူ့ရင်ထဲတွင် ဖြစ်ပေါ်လာသော စေတနာအလျှောက် စာကောင်းပေမွန်များကို ရေတံခွန်မှ ရေအလျဉ်များ တသွင်သွင် စီးဆင်းလာသကဲ့သို့ အလျဉ်မပြတ် ရေးတတ်သူသာဖြစ်သည်။ 'ကလောင်တုံးတုံး၊ စာရွက်ဖြုန်းလည်း၊ အပြုံးမပျက်သူများ' သာ ဖြစ်သည်။ ဟိုတိုင်းပြည်မှ ဟိုဘောလုံးအသင်းကဲ့သို့ တအုန်းအုန်းတန်သမျှပွဲတိုင်း တဖုန်းဖုန်း ရှုံးနေသော်လည်း ဘောလုံးကိုအငြိုးတကြီး ကန်နေရလျှင် ကျေနပ်အားရနေသကဲ့သို့ စာရေးဆရာ ဆိုသည်မှာလည်း မိမိစာမူကို ဘယ်လောက်ပယ်ပယ်၊ ဘယ်လောက် မသုံး မသုံး တကုန်းကုန်း ရေးနေရလျှင် တပြုံးပြုံးဖြစ်နေသူများ ဖြစ်သည်။ ကြည့်ပါ၊ ကမ္ဘာကျော်ဝတ္ထုကြီးများ၏ မူလပင်ရင်း စာရေးဆရာ၊ စာရေးဆရာမကြီးများသည် သူတို့ရင်ထဲမှ ဖိတ်လျှံကျလာသော စေတနာအတွေးများကို စာလုံးကလေးများအဖြစ် တကုပ်ကုပ် ရေးခဲ့ကြသည်မှာ စာအုပ်ထုတ်ဝေရန် ရည်ရွယ်ရေးသားခဲ့ကြသည် မဟုတ်ကြောင်း ပညာရှိ သူတော်ကောင်းအပေါင်းတို့ သိကြပြီးသား ဖြစ်ပေရာ ဤနေရာ၌ မိကျောင်းမင်း ရေခင်းပြစရာမလိုပါချေ။ သူတို့ရင်ထဲမှ ဝေဒနာအတွေး စေတနာကလေးများကို သီကုံးပန်းသွင် ရေးဖွဲ့နေရလျှင် စိတ်ဘဝင်ရွှင်ပျကြည်မြနေသည်သာ ဖြစ်ပါသည်။ နောင်သောအခါ တချို့လည်း မကွယ်လွန်မီ၊ တချို့လည်း ကွယ်လွန်ပြီးခါမှ 'စာမူဆိုး'များ၏ စာတောအလယ် အလိုက်ကောင်းခြင်းကြောင့် စာအုပ်ဘဝရောက်ပြီး သကာလ ကမ္ဘာကျော်သွားကြခြင်း ဖြစ်ပါသည်။ စာရေးဆရာစစ်စစ်တို့ သဘောသည် ထိုသဘောအတိုင်းပင် ရှိတတ်ကြလေသည်။

ပြောကြစို့ဆိုလျှင် ကမ္ဘာ့နိုင်ငံများတွင်ဖြစ်စေ၊ မြန်မာနိုင်ငံမှာဖြစ်စေ စာရေးသူတစ်ဦး ရေးသားပြုစုထားသော စာမူတစ်ပုဒ်အဖြစ်မှ စာအုပ်ဘဝ (ပုံနှိပ်ဖော်ပြခံရသည့်ဘဝ) သို့ တက်လှမ်း ရောက်ရှိဖို့ ဆိုသည်မှာ ချောတိုင်ထိပ်များမှ 'အောင်လံ' ကို ရယူရန် ခက်ခဲသလို ခက်ခဲလှသည်။ ယနေ့ ကမ္ဘာကျော်နေသော စာအုပ်အတော်များများသည် အံချော်နေသော ကာလများ၌ စာအုပ်တိုက်များစွာ၏ ပျစ်ပျစ်နှစ်နှစ် မှတ်ချက်များဖြင့် အပယ်ခံဘဝစံ အပယ်ရတနာ စာမူများ ဖြစ်ကြပါသည်။ ယနေ့ ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင် ဂျေကေရိုလင်း၏ ဟယ်ရီပေါ်တာ ဇာတ်လမ်းများသည် စာအုပ်ထုတ်ဝေသူ အတော်များများ၏ ဟားတိုက်ရယ်မောခြင်း၊ အမနာပ ပြောဆိုခြင်း စသည့် ကြိမ်လုံးများ၊ ကျာပွတ်များ၊ ကျဉ်စက်များကြောင့် 'သုမနကျောမှာ ဒဏ်ရာတွေနဲ့' ဖြစ်ခဲ့ရရှာလေသည်။

ဆိုလိုသည်မှာ မိတ်ဆွေကြီး ကိုမျိုးချစ်သည် ထိုကဲ့သို့သော 'စာတောအလယ် ငါမောတယ် ရှင်မရယ်' ဇာတ်လမ်းများကို ကြားဖူးနားဝမျှပင် ရှိဟန်မတူပါ။ ထို့ကြောင့်ပင် ပုဒ်ထီး၊ ပုဒ်မ၊ ပုဒ်မိန်းမလျာ၊ ပုဒ်ယောက်ျားလျာ၊ ပုဒ်မုဆိုးမ၊ ပုဒ်မုဆိုးဖို၊ ပုဒ်တစ်ခုလပ်၊ ပုဒ်နှစ်ခုလပ် တစ်လင်ကွာ၊ ပုဒ်လစ်ဗင်းတူဝဲသား၊ ပုဒ်မပေါ့တပေါ၊ ပုဒ်လုံးလုံးပေါ၊ ပုဒ်ပြားပြားပေါ၊ ပုဒ်ခုံးခုံးပေါ စသည်ဖြင့် ပုဒ်အနန္တော၊ ပုဒ်အနန္တရှိရှိသမျှ မည်သည့်ပုဒ်နှင့်မျှ သူ့ကို အန္တရာယ်ဟူသရွေ့ မြူငွေ့မျှပင် မသန်းစေနိုင်သော စာရေးဆရာ အကောင်းစားထံ ရာဇ[illegible]ပေးကာ အာဇာနည်ကြီးများအကြောင်း ရေးခိုင်းနေခြင်း[illegible]ဖြစ်ပါသည်။

ကိုင်း- ရေးလိုက်စမ်းမယ် သောင်းပြောင်းထွေလာ (ဆရာမကြီး ခင်မျိုးချစ်ကို အားကျအတုယူ၍) ရေးပါပြီ၊ ကိုင်း - ထုတ်လိုက်စမ်းမယ် သောင်းသောင်း ကုဋေကုဋာ ဆိုမည့်သူက မည်သူနည်း။ ယနေ့ခေတ် စာအုပ်တစ်အုပ် ထုတ်ဝေရေး စရိတ်ကို တွက်ချက်ပြရသော် မိတ်ဆွေကြီး ကိုမျိုးချစ်သည် စာရေးဆရာ အကောင်းစားကလေးကို 'တာ့တာ' လုပ်ရုံမက 'ဂွတ်ဘိုင်' ပါ အဆစ်ပေးသွားဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်ရာကို သစ္စာဆိုပါမည်၊ 'ဗိုလ်ချုပ်အောင်ဆန်း' နာမည်ကို စာအုပ်ထဲမှာ ထည့်ရိုက်မိသောကြောင့် ထောင်နန်းစံခဲ့ရရှာသော စာရေးဆရာနှင့် ထုတ်ဝေသူတို့ ရှေးသရောအခါက ရှိခဲ့ဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ အကြောင်းကို မရမက၊ ခဲခဲကတ်ကတ်၊ နည်းစုံ လမ်းစုံ၊ မီးကုန် ယမ်းကုန်၊ ထောင်မကြောက် တန်းမကြောက် ကြိုးစင်မကြောက် ရေးသားခဲ့ကြသော စာရေးဆရာ၊ ကဗျာဆရာများ အမှန်တကယ် ရှိခဲ့ဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားခွင့် ပိတ်ပင်ထားသောခေတ်တွင် လက်ကမ်းစာစောင်အသွင် ဖန်တီးကာ ရေးသားဖြန့်ချိခဲ့ကြသော ရဲရဲတောက် စာရေးဆရာ၊ ကဗျာဆရာများ အမှန်တကယ် ရှိခဲ့ဖူးသည်။

ထိုသို့ ဘဝနှင့်ရင်း၍၊ အသက်ကိုနှင်း၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအကြောင်း ရေးသားရဲ၊ ဖြန့်ချိရဲသော စာရေးဆရာ၊ ကဗျာဆရာ၊ ထုတ်ဝေသူများ ရှိသော မြန်မာပြည်တွင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးနှင့် စပ်လျဉ်းသော စာအုပ်၊ စာတမ်းများ မည်သို့ ဆိတ်သုဉ်းပါအံ့နည်း။ ယနေ့ ဒီမိုကရေစီ ရောင်နီဦးတွင်ကား အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးနှင့်ဆိုင်ရာ စာအုပ်၊ စာတမ်းများသည် ကုဋေကုဋာ ထွက်ရှိနေပါပြီ။ နေမင်း၊ လမင်းတို့ပူသည် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပသောအခါ ပကတိ ထွန်းလင်းတောက်ပမှုတို့ တင့်တင့်တယ်တယ် ဖြစ်မြဲသာတည်း။

မိတ်ဆွေကြီး ကိုမျိုးချစ် ပြောသလို စာရေးဆရာများ မရေးကြ၍ မဟုတ်ပါ။ အထက်တွင် ရေးခဲ့ပါပြီ၊ ထောင်မကြောက်၊ တန်းမကြောက်၊ ကြိုးစင်မကြောက် ရေးသားခဲ့သူတို့သည် ယနေ့လို အခါတွင် အဘယ်မှာ မရေးဘဲ နေကြပါမည်နည်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများသည် မိသားစုတစ်စုကသာ ပိုင်သည် မဟုတ်၊ နေရာဒေသ တစ်ခုတည်းကသာ ပိုင်ဆိုင်သည်လည်း မဟုတ်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးက ပိုင်ဆိုင်ခွင့်ရှိသော 'ဘုံပိုင်ဆိုင်ခွင့်' သာ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ အသက်စွန့်လွှတ်ခဲ့သည်မှာ သူ့သား၊ သူ့မယားအတွက် မဟုတ်၊ သူ့ဆွေ သူ့မျိုးအတွက် မဟုတ်၊ သူ့အဖွဲ့ သူ့ပါတီအတွက် မဟုတ်၊ မြန်မာပြည်သူ ပြည်သား အားလုံးအတွက် ဖြစ်သည်။ မြန်မာပြည်သူ ပြည်သား အားလုံး ဆိုသည်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားများ၊ နိုင်ငံသားများ အားလုံးပါဝင်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားများ၊ နိုင်ငံသားများ အားလုံးနှင့် ဆိုင်သည်၊ အားလုံးက ပိုင်သည်။ ထို့ကြောင့်ပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား၊ နိုင်ငံသား စာရေးဆရာ၊ ကဗျာဆရာများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအကြောင်း စာများ၊ ကဗျာများ ရေးသားကြသည်၊ ဖွဲ့နွဲ့ကြသည်။

ထိုသို့ ရေးသားကြ၊ ဖွဲ့နွဲ့ကြပါလျက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမည်နာမကို အစရှာမရအောင် မသိကြခြင်းသည်ကား စာရေးဆရာ၊ ကဗျာဆရာများ၏ အပြစ် မဟုတ်ပါချေ။ မဖြေဆိုနိုင်သူကာယကံရှင်တို့၏ ချို့ယွင်းချက်၊ အားနည်းချက်သာ ဖြစ်ပါသည်။ ဤအရာ ဤကိစ္စမျိုးသည် 'ခေါင်းထဲမှာ သံမှိုစွဲထားသလို' မှတ်ထားပေတော့ဟု တိုက်တွန်းနိုင်ခွင့် ရစေကာမူ သော်လည်း ခေါင်းထဲသို့ သံမှိုနှင့် နှက်သလို ရိုက်ထည့်နိုင်ခွင့်ကား ရှိနိုင်ကောင်းမည် မထင်ပါ။ ဆိုပါစို့ အငြိုး အာဃာတတရား ကြီးမားစွာ၊ အမျက် မာန်မာနတရား ထန်သည်းစွာ၊ အာဏာရူးစိတ် ပြင်းပြစွာဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများကို ရက်ရက်စက်စက် လုပ်ကြံရန် စီမံခိုင်းစေခဲ့သော ဂဠုန်ဦးစော ကဲ့သို့ လူမျိုး၏ ခေါင်းထဲ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ အမည်နာမသည် မည်သို့ စွဲထင်နိုင်ပါမည်နည်း။

နောက်တစ်ချက် စဉ်းစားနိုင်စရာ ရှိသည်မှာ မေးခွန်းသည် '၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် လုပ်ကြံ သတ်ဖြတ်ခံရသော အာဇာနည်ကြီးများထဲမှ တစ်ဦး၏အမည်ကို ဖော်ပြပါ' ဟု တိတိကျကျ မေးမထားဘဲ 'အာဇာနည်ကြီးများထဲမှ တစ်ဦး၏ အမည်' ဟု မေးထားသောကြောင့် အဖြေရခက်နေခြင်းလည်း ဖြစ်နိုင်သည်။ မြန်မာပြည်မှာ အာဇာနည်တွေ များလှသည်သာမက ကယ်တင်ရှင်တွေကလည်း များလှသည် မဟုတ်လား။ တိုင်းပြည်ကြီး ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုတွင် ကယ်တင်လိုက်ရသော ကယ်တင်ရှင် အာဇာနည်များ၊ တိုင်းပြည်ကြီး ချောက်ထဲကျဖို့ လက်တစ်လုံးအလိုတွင် ကယ်တင်လိုက်ရသော ကယ်တင်ရှင် အာဇာနည်များ၊ တိုင်းပြည်ကြီး ချောက်ထဲကျဖို့ တဲတဲကလေးအလိုတွင် ကယ်တင်လိုက်ရ[illegible] ကယ်တင်ရှင် အာဇာနည်များ၊ တိုင်းပြည်ကြီး ချောက်[illegible]သို့ ဝုန်းခနဲ ပြုတ်ကျချိန်တွင် ဒိုက်ဗင်ထိုး ကယ်တင်လိုက်ရသော ကယ်တင်ရှင် အာဇာနည်များ စသည် စသည်။ တိုင်းပြည်ကြီးသည် ကယ်တင်ရှင် အာဇာနည်တို့၏ စွမ်းစွမ်းတမံ ကယ်တင်မှုကြောင့် ချောက်ထဲသို့ မကျစတမ်းသာဆိုပါလျှင် တိုင်းပြည်ကြီးသည် လကမ္ဘာသို့ပင် ရောက်နေမည်မှာ သေချာသည်။ အခုတော့ သပွတ်ရိုးအပေါင်း သူတော်ကောင်းတို့ သိတော်မူကြသည့်အတိုင်း 'လှုပ်လေ မြုပ်လေကိုရွှေတုတ်ရေ' ဆိုသကဲ့သို့ တိုင်းပြည်ကြီးသည် 'မန်းလေ ပြဲလေ၊ မှုတ်လေ သည်းလေ' ဖြစ်ခဲ့ရသည်မှာ ကယ်တင်ရှင်



www.burmeseclassic.com

www.burmeseclassic.com

အာဇာနည်တို့၏ ထူးခြားပြောင်မြောက်သော အဌာရသ ဆယ့်ရှစ်ရပ်ထဲမှ စွမ်းအားတစ်မျိုးဟုပင် ဆိုရပေတော့မည်။ ထိုကယ်တင်ရှင် အာဇာနည်တို့ မကယ်ဘဲ ဥပေက္ခာပြုခဲ့လျှင် တိုင်းပြည်ကြီးသည် ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ ရပ်နေမည်လားဟု စဉ်းစားမိလေသည်။ ထိုသို့ဆိုလျှင် တိုင်းပြည်ကြီးသည် ချောက်ထဲကျဖို့ထက် မကျဖို့က သေချာပေမည်။ တိုင်းပြည်ကြီး ချောက်ထဲကျဖို့ လက်နှစ်လုံးကြီးများတောင် လိုသေးသည် မဟုတ်လား။

ထိုသို့ ကယ်တင်ရှင် အာဇာနည်များ ပေါများကြွယ်ဝလှသော မြန်မာပြည်လို ပြည်ထူးပြည်မြတ်ကြီးတွင် 'အာဇာနည်များထဲမှ တစ်ဦး၏အမည်ကို ဖြေပါ' ဆိုသောအခါ ဖြေရမည့်သူတို့ခမျာ 'ရန်ကုန်မြို့ကြီးကိုတဲ့ ယောင်လည်လည်ရောက်လာခဲ့တယ်' ဖြစ်နေကြသည်မှာ ခမျာများအပြစ်မဟုတ်ပါ။ ယောင်လည်လည်ဖြစ်အောင် ပြုစားခဲ့ကြသော 'ယောင်ခြောက်ဆယ် အာဇာနည်အတုများ' သာ တရားခံဖြစ်ပါသည်။

ဆိုလိုသည်မှာ မြန်မာနိုင်ငံတော်၌ 'အမှန်တကယ် ထင်ရှားပါရဲ့လား' မေးခွန်းကို 'အမှန်တကယ် ထင်ရှားပါသည်' ဟု တင်းတင်းရင်းရင်း ရင်ကော့ပြီး ဖြေဆိုရန် အမှန်တကယ် လိုအပ်နေပါသည်။

သူများတကာ နိုင်ငံတွင် နှစ်ပေါင်း ထောင်ချီနေသော အနုပညာသည်တစ်ဦး၏ အမည်သည် မနေ့ တစ်နေ့က မွေးဖွားသူကဲ့သို့ သစ်လွင်နေသော်လည်း မိမိတို့ နိုင်ငံတွင်မူ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိ 'အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း' ၏အမည်ကို မေ့ချင်နေကြလေသည်။ တတိယ မြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်တော်မူခဲ့သော အလောင်းမင်းတရား ဦးအောင်ဇေယျ၏ အမည်ကို ကြားပင် မကြားဖူးသူ မည်မျှ များပြားကြောင်း စစ်တမ်းတစ်စောင် ကောက်ကြည့်ပါက မည်သို့ အဖြေထွက်လာမည် မပြောတတ်ပါပေ။

ဤသို့ စဉ်းစားမိသောအခါ မြန်မာဘောလုံးအသင်းနှင့် ထိုင်းဘောလုံးအသင်း တွေ့ဆုံတိုင်းလိုလိုပင် တွေ့ရလေ့ရှိသော ပုံရိပ်တစ်ခုကို ပြန်လည် မြင်ယောင်မိလေသည်။ မြန်မာဘောလုံးအသင်းကို အားပေးသော မြန်မာပရိသတ်သည် မြန်မာနှင့်ထိုင်း ကန်ရသော ဘောလုံးပွဲများတွင် အလောင်းမင်းတရား ဦးအောင်ဇေယျ ရုပ်ပုံကြီးကို ကိုင်ဆောင်လာကြလေ့ရှိကြောင်း ဘောလုံးဝါသနာအိုးများ သတိပြုမိကြပါလိမ့်မည်။

မကြာသေးခင် ကန်သွားကြသော မြန်မာနှင့်ထိုင်း ဘောလုံးပွဲများတွင်မူ လူသားပကတိ ဦးအောင်ဇေယျအသွင် ဆောင်ထားကြသော ပုံရိပ်များကို တွေ့လာရကြောင်းကိုလည်း သတိပြုမိကြပါလိမ့်မည်။ ထိုပရိသတ်တို့သည် ယိုးဒယားကို တိုက်ခိုက်အောင်မြင်တော်မူခဲ့သော အလောင်းမင်းတရား၏ ဘုန်းတန်ခိုးကို ယုံကြည်အားကိုးကာ အလောင်းမင်းတရား၏ ဟိတ်တန်ခိုးဖြင့် ထိုင်း (ယိုးဒယား) ဘောလုံးအသင်းကို အနိုင်ယူလိုဟန် တူပေသည်။

မြန်မာပရိသတ် (ဘောလုံးပရိသတ်)၏ အားပေးပုံမှာ ကမ္ဘာ့ဘောလုံးလောကကြီးကိုပင် တုန်လှုပ်ချောက်ချားစေပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ လူကြီးမင်းများလည်း မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ရလောက်အောင် ထက်သန်လှသည်မှာ အားလုံး သိကြပါသည်။ တစ်ခါတစ်ရံ အထူးသဖြင့် မြန်မာဘောလုံးအသင်း မြင်းကောင်းခွာလိပ် ဖြစ်သွားသည့်ပွဲများတွင် အလွန်အကျွံ ပေါက်ကွဲကုန်ကြသောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တင်းတင်းကျပ်ကျပ် ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ရသည်မှာလည်း တစ်ကြိမ် တစ်ခါ မကသည်ကတော့ သေချာသည်။

မည်သည့် ယှဉ်ပြိုင်မှုမျိုးမှာမဆို ကိုယ့်လူ ကိုယ့်ဘက်သားကို အနိုင်ရစေလိုသည်မှာ သတ္တဝါတို့၏ ကမ္ဘာ့နိယာမ အလိုဆန္ဒတစ်ခုပင် ဖြစ်သည်။ လူချင်း မဆိုထားနှင့်၊ ခွေးချင်းကိုက်တာကိုပင် ကိုယ့်အိမ်က ခွေးကိုသာ အနိုင်ရစေချင်သည်မှာ သိသာ ထင်ရှားသော သာဓက တစ်ရပ်ပင် ဖြစ်ပါသည်။

သို့သော် အနိုင်ရရှိမှုအတွက် ပြုးပျော်ဝမ်းမြောက်တတ်သလို အရှုံးနှင့် ရင်ဆိုင်ရသောအခါတွင်လည်း ရင့်ကျက်တည်ငြိမ်စွာ အပြုံးမပျက် ခံယူတတ်ရန် အလွန့် အလွန် အရေးကြီးလှကြောင်း မမေ့မလျော့ သိရှိနားလည်ထားကြရပေမည်။

ထို့ကြောင့် မြန်မာဘောလုံး ပရိသတ်သည် မြန်မာဘောလုံးအသင်းကို အနိုင်ရစေလိုသည်မှာ သဘာဝကျပါသည်။ သို့သော် မြန်မာဘောလုံးအသင်းနှင့် ထိုင်းဘောလုံးအသင်းတို့ တွေ့ဆုံလေတိုင်း (အထူးသဖြင့် ကိုယ့်အိမ်ကွင်း၌) အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ရုပ်ပုံတော်ကြီး ယူဆောင်လာခြင်း၊ အလောင်းမင်းတရား အသွင်ယူကာ ဝတ်စားဆင်ယင်လာခြင်းတို့ကိုမူ ပြန်လည်သုံးသပ် စဉ်းစားဆင်ခြင်သင့်သည်ဟု ထင်ပါသည်။ အမြင်မတော် ဆင်တော်နှင့်ခရေ[illegible]က် ဖြစ်နေမည်လား စဉ်းစားသင့်သည်။

ထိုသို့ အလောင်းမင်းတရားရုပ်ပုံကြီး ကိုင်ဆောင်လာကြသည်ကို တွေ့ရတိုင်း ရင်တုန်ပန်းတုန်နှင့် စိုးရိမ်သောကစိတ်တို့ ထိပ်တက်လာတတ်သည်။ ဘောလုံးဆိုသော ကစားနည်းသည် ဘာမဆို ဖြစ်သွားနိုင်သော အားကစားတစ်မျိုးဖြစ်ပေရာ အနိုင်၊ အရှုံးအတွက် စိုးရိမ်သောက ဖြစ်ရသည်မှာတစ်ဖက်၊ မပြောကောင်း မဆိုကောင်း မြင်းကောင်း ခွာလိပ်တာပဲဖြစ်ဖြစ်၊ ကားအကောင်းစားကြီး ဘီးပေါက်တာပဲဖြစ်ဖြစ် ကိုယ့်ဘက်ကများ ကတိမ်းကပါး ချွတ်ချော်သွားခဲ့သော် ကိုယ့်လူတွေ သယ်ဆောင်လာသည့် အလောင်းမင်း



www.burmeseclassic.com

www.burmeseclassic.com

တရား ရုပ်ပုံကြီးအတွက် ရှက်ကြောက်အားနာမိရသော သောက ပရိဒေဝက တစ်ဖက်နှင့် ရတက်ပွေရသည်မှာ ပရိသတ်တစ်ဦး၏ ရင်ထဲက သောကမီးတွေပါ။ ထိုအပူမီးတွေကို ကြိုးစားငြိမ်းသတ်ရသည်မှာ မာမာအေး သီဆိုထားသည့် 'မေ့ကွက်ကိုရှာ' သီချင်းထဲမှ ‌ဝေးစာသားကလေးများနှင့် တင်စားပြောရလျှင် 'ဗျာပါကြီးသူ ပူမီးဖြာဝေ နှင်းရေနဲ့များ ဖျန်းရမတတ်ပါပဲ မောင်ရယ်' ဟုသာ တင်စားရပါတော့မည်။

မကြာခင် ဟိုတစ်နှစ်က အဝေးကွင်းတွင် ထိုင်းနှင့် မြန်မာ ယှဉ်ပြိုင်ကစားကြရာ မြို့တော်ခန်းမရှေ့ ကွင်းပြင်တွင် အများပြည်သူ ကြည့်ရှုနိုင်ရန် ဖန်သားပြင် ရောမနှင့် ပြသသည်။ တစ်ခဲနက် အားပေးသော ပရိသတ်ထဲတွင် မင်းဝတ်မင်းစား ဘုရင့်အဆောင်အယောင်တွေ ဝတ်ဆင်ထားသော ပရိသတ်တစ်ဦး ပါဝင်သည်။ ဝန်ကြီး၊ မှူးကြီးများတောင် ဝတ်စုံ အပြည့်အစုံနှင့် ပါလိုက်ကြသေးသည်။

နောက်တစ်နေ့ထုတ် သတင်းစာ အချို့တွင် ထိုဘောလုံးပွဲ သတင်းနှင့်အတူ စိတ်ပျက်လက်ပျက် အော်ဟစ်အားပေးနေဟန်ရှိသော ဘုရင်ကြီးနှင့် မှူးကြီးမတ်ကြီးများပုံကို ဆေးရောင်စုံဓာတ်ပုံကြီးများနှင့် ဖော်ပြထားသည်။ ထိုပွဲတွင် ကိုယ့်ဘက်အသင်းသည် ဂိုးပြတ် (ခြောက်ဂိုးပြတ် ထင်သည်) ရှုံးနိမ့်ခဲ့ရပေမယ့် အနိုင်မခံ အရှုံးမပေး ရေကုန်ရေခန်း ကစားနိုင်ခဲ့သားပဲဟု ဖြေသာသော်လည်း စိတ်ပျက်လက်ပျက် ဖြစ်နေသော ဘုရင်ကြီးနှင့် မှူးကြီးမတ်ကြီးများပုံကို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်မိရလေသည်။

ထိုဘုရင်ကြီးသည် မည်သည့်ဘုရင်ဖြစ်ကြောင်းတံဆိပ်ကပ်မထားသော်လည်း အလောင်းမင်းတရား ဦးအောင်ဇေယျကို ရည်ရွယ်ထားမည်မှာ သေချာသလောက်ရှိသည်။ ထိုသို့သာ သေချာမည်ဆိုပါက လဲသေဖို့ပင် ကောင်းတော့သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျသည် မည်သည့်အခါမျှ စိတ်ပျက်အားငယ်တတ်သူ မဟုတ်၊ မုဆိုးဖို ထန်းလုံးတပ်ကလေးနှင့် ဘဝမျိုးမှာပင် စိတ်ပျက်အားငယ်ခြင်း လုံးဝမရှိဘဲ ထောင်နှင့် သောင်းနှင့် ချီတက်လာသော ရန်သူတပ်မဟာကို ရဲရဲရင့်ရင့် အောင်အောင်မြင်မြင် ရင်ဆိုင်တိုက်ခိုက် အောင်လံစိုက်ခဲ့သူ ဖြစ်သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ တည်ထောင်ပြီးသောအခါ မြန်မာ့ပိုင်နက်ကို ကျူးကျော်ရန်စလာသော ယိုးဒယား (ထိုင်း) တို့ကို ကိုယ်တော်တိုင် ချီတက်တိုက်ထုတ် အောင်နိုင်တော်မူသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ လက်ထက်တော်တွင် မြန်မာ့ပိုင်နက် ထားဝယ်ဒေသ ကျေးစွန်ရွာဖျားများကို ယိုးဒယားတို့က ထိပါးနှောင့်ယှက်လာကြသည်။ မြန်မာတို့ ထားဝယ်သို့ စေလွှတ်လိုက်သော သင်္ဘော၊ သမ္ဗန်များကို ယိုးဒယားတို့က တိုက်ခိုက် သိမ်းယူကြသည်။

ထို့ကြောင့် အလောင်းမင်းတရား ဦးအောင်ဇေယျသည် ကိုယ်တော်တိုင် ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူပြီး တိုက်ခိုက်နှိမ်နင်းရာ အလွယ်တကူပင် အောင်မြင်တော်မူသည်။ ဆက်လက်၍ တနင်္သာရီနှင့် မြိတ်မြို့တို့ကို တိုက်ခိုက်သိမ်းပိုက်သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ တပ်များသည် အောင်ပွဲများ ဆက်တိုက် ရရှိပြီးနောက် ယိုးဒယားနယ်မြေအတွင်းသို့ တောက်လျှောက် ချင်းနင်းဝင်ရောက်သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ တပ်များသည် တနင်္သာရီတောင်တန်းများကို ဖြတ်ကျော်ပြီး ကွေး (kyey) နှင့် ပရမ်မြို့များသို့ ချီတက်ရောက်ရှိသွားသည်။ ယိုးဒယားတို့သည် မြန်မာတပ်များ ချီတက်နေကျဖြစ်သော ဘုရားသုံးဆူတောင်ကြားလမ်းနှင့် မဲလမောင်းလမ်းမှ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ တပ်များ ချီတက်လာလိမ့်မည်ဟု မျှော်လင့်ထားကြရာ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ပိရိသေသပ်သော စစ်ရေးဗျူဟာကြောင့် ယိုးဒယားတို့ မျှော်လင့်ချက်မှာ လွဲချော်သွားရလေသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ တပ်များသည် ကွေးမြို့၊ ပက်ချာဘူရီမြို့တို့ကို သိမ်းပိုက်သည်။ ထို့နောက် ရပ်ဘူရီ (Ratburi) မြို့ကို ဆက်လက်ချီတက်သည်။ မင်းခေါင်နော်ရထာတပ်နှင့် ယိုးဒယားတပ်တို့ အလုံးအရင်း အဖိအစီး တိုက်ခိုက်ကြရာ ယိုးဒယားတို့ ကြံ့ကြံ့မခံနိုင်ဘဲ စစ်ရှုံးသည်။ မြန်မာတပ်များသည် ဆူဖန်ဘူရီ (Suphanburi) မြို့ကို ဆက်လက် တိုက်ခိုက် သိမ်းပိုက်လိုက်သောအခါ အယုဒ္ဓယ မြို့သူ မြို့သားများ ကြောက်ရွံ့စိုးရိမ် တုန်လှုပ်ချောက်ချားလာကြပြီး ယိုးဒယားဘုရင် ဆွန်ဒက်ဖရာ ချောက်ဧကထာဒ် (Somdet Phra Chow AKatat) အပေါ် ယုံကြည်အားထားမှု လျော့ကျလာသည်။ နန်းတွင်း အရှုပ်အထွေးများ ဆန့်ကျင်မှုများ ပေါ်ပေါက်လာသည်။

ဤသို့ဖြင့် အယုဒ္ဓယမြို့တွင်းရှိ မှူးမတ်ကြီးများက ယိုးဒယားမင်းသားကြီး ဥတမ်ပုံ (Utumpum) ကို မင်းမြှောက်လိုက်ကြသည်။ မြန်မာတို့အား ခုခံတိုက်ခိုက်ရန် အစီအစဉ်များ ရေးဆွဲကြသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ တပ်များသည် ချက္ကရတ် (Chakarat) မြစ်ကို ဖြတ်ကူး၍ ယိုးဒယားတို့၏ ခံကတုတ်ပေါင်းများစွာကို တိုက်ခိုက်ဖျက်ဆီးပစ်သည်။ ယိုးဒယားတို့သည် မင်းသစ်မင်းလွင် ဥတမ်ပုံ၏ ခေါင်းဆောင်မှုအောက်တွင် ရှိသမျှအင်အားဖြင့် မြန်မာတို့၏ ထိုးစစ်ကို တိုက်ခိုက်ခုခံကြရာသည်။ သို့သော် မြန်မာတို့၏ လှိုင်းတံပိုးကြီးများသဖွယ် တလိမ့်လိမ့် တက်လာသော စစ်လမ်းကြောင်းတစ်လျှောက်တွင် ယိုးဒယားတို့၏ သက်ငယ်တဲပမာ ခံစစ်များ ရိပ်ခနဲ တိခနဲ ပြိုလဲသွားကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤတိုက်ပွဲကြီးကို အလောင်းမင်းတရား ဦးအောင်ဇေယျသည် ရင်အုပ်မကွာ ကြီးကြပ်ကွပ်ကဲ တိုက်ခိုက်နေခြင်း ဖြစ်ပေရာ နောက်ဆုံးတွင် ယိုးဒယားတို့သည် အယုဒ္ဓယမြို့ကို အခိုင်အလုံပိတ်ပြီး နောက်ဆုံးအချိန်ကို စောင့်မျှော်နေကြရလေသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မြန်မာ့တပ်မတော်သည် အယုဒ္ဓယမြို့ကို ပိတ်ဆို့ဝန်းရံထားလိုက်လေတော့သည်။ ကေသရာဇာ ခြင်္သေ့မင်းသည် လှောင်ချိုင့်အတွင်းမှ သားသမင်ကို အချိန်မရွေး အသာအယာ ဖမ်းယူလိုက်ဖို့သာ ရှိတော့သည်။

ဤအချိန်တွင် ယိုးဒယားမင်း ဉတမ်ပုံသည် ယိုးဒယားအမတ်ကြီး သုံးဦးအား ဆင်ကြီး၊ မြင်းကြီး၊ လက်ဆောင်ပဏ္ဏာများနှင့်အတူ အလောင်းမင်းတရားထံ စေလွှတ်ဆက်သလာသည်။ မိမိနိုင်ငံတွင် စည်းစိမ်မပျက် ထီးနန်းအဆက်ဆက် အုပ်ချုပ်လိုကြောင်းများကိုလည်း လျှောက်ထားစေသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ယိုးဒယားအမတ်ကြီး သုံးဦးနှင့် အခြွေအရံတို့အား ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးပြုစု၍ ကောင်းမွန်စွာ ဆက်ဆံတော်မူသည်။ မိမိတို့ ယိုးဒယားသို့ ချီတက်လာခြင်းမှာ သာသနာ ပွင့်လင်းမှုမရှိသော ယိုးဒယားတွင် သာသနာပြုရန် လာခြင်းမျှသာဖြစ်ကြောင်း၊ ယိုးဒယားမင်းနှင့် တိုင်းပြည်ထီးနန်းစည်းစိမ်ကို ဖျက်ဆီးလိုသည့်ဆန္ဒ မရှိကြောင်းတို့ကိုလည်း ပြန်လည်မိန့်ကြားတော်မူသည်။

ထိုသို့ အယုဒ္ဓယမြို့ကို ဝန်းရံထားစဉ်မှာပင် အလောင်းမင်းတရား ဦးအောင်ဇေယျသည် မကျန်းမမာ ဖြစ်လာသည်။ သားတော် မြေဒူးမင်းနှင့် မင်းခေါင်နော်ရထာတို့က အယုဒ္ဓယမြို့ကို တိုက်ခိုက်ခြင်း မပြုတော့ဘဲ မိုးကုန်သည့်အခါမှသာ တိုက်ခိုက်ရန် လျှောက်ထားရာ အလောင်းမင်းတရား ဦးအောင်ဇေယျကလည်း သဘောတူသည်။

မင်းခေါင်နော်ရထာ ဦးဆောင်သည့် တပ်များကို နောက်ချန်ထားပြီး မြန်မာတပ်များသည် ခရစ်နှစ် ၁၇၆၀ ပြည့်နှစ် ဧပြီ ၁၇ တွင် ယိုးဒယားမှ ထွက်ခွာလာကြသည်။ ...ဘိုမြို့၊ ကျေးကင်းရွာအရောက် ခရစ်နှစ် ၁၇၆၀ ပြည့်နှစ် ...လ ၁၁၊ အိမ်နိမ့် ၃၇ နှစ်၊ စည်းစိမ် ၈ နှစ်၊ သက်တော် ...၅ နှစ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျ နတ်ပြည် ...တော်မူလေသည်။ မြန်မာသက္ကရာဇ်အလိုအားဖြင့် သက္ကရာဇ် ...၂၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ ...နတ် မိုးသောက်ယံအချိန်တွင် နတ်ရွာစံတော်မူသည်။

ဤမျှ စကားအစဉ်အားဖြင့် အလောင်းမင်းတရား ဦးအောင်ဇေယျနှင့် ယိုးဒယား ဆက်ဆံရေးကို အနှစ်ချုပ် ...နိုင်ကြပြီ ဖြစ်ပါသည်။ သိကြပြီးသည် ဖြစ်ပါက အလောင်း...ရား ဦးအောင်ဇေယျ၏ ရာဇဝင်တွင် အောင်ပွဲများနှင့် ...ည့်လျှမ်းနေကြောင်း သိရှိနိုင်ကြမည်လည်း ဖြစ်ပါသည်။

ထိုကဲ့သို့သော မင်းကောင်းမင်းမြတ်၏ ရုပ်ပုံတော်ကိုဖြစ်စေ၊ အသွင်တော်ကိုဖြစ်စေ ဘောလုံးပွဲလို နေရာမျိုး၌ သုံးသင့်၊ မသုံးသင့် ချင့်ချိန်ကြစေလိုပါသည်။ မည်သူနှင့်ကန်ရသည်ဖြစ်စေ အနိုင်ရလိုပါက အလောင်းမင်းတရား (အလောင်းဘုရား) ရုပ်ပုံတော်ကို သယ်ဆောင်သွားစရာ မလိုပါ၊ 'အလောင်းဘုရားစိတ်ဓာတ်' ကိုသာ ရင်နှင့်အပြည့် ထည့်သို့သွားကြပါက ထိုင်းလို အသင်းမျိုးကို မဆိုထားနှင့် ကမ္ဘာ့ထိပ်သီး၊ ကမ္ဘာ့ချန်ပီယံ အသင်းကြီးများကိုပင် ပြတ်ပြတ်သားသား အနိုင်ယူနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ ယုံကြည်နိုင်ပါသည်။ တစ်ဖက် ဘောလုံးသမား (တစ်ဖက် အားကစားသမား) တို့သည် နတ်စစ်သည်များ မဟုတ်၊ လူသားများသာ ဖြစ်ကြသည်။ လူသားအချင်းချင်း ဘာမှုစရာ လိုပါသနည်း။ လိုအပ်သည်မှာ 'အလောင်းဘုရားစိတ်ဓာတ်'ကို ရင်ထဲမှာ ထည့်ထားဖို့သာ လိုပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် ဘုရား၊ ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သည့် မရဏတရားကြောင့်သာ ယိုးဒယားပြည် အယုဒ္ဓယမြို့ကို မသိမ်းပိုက်နိုင်ခဲ့သော်လည်း သူ၏ မျိုးဆက်သွေး သားတော် မြေဒူးမင်း (ခေါ်) ဆင်ဖြူရှင်မင်း လက်ထက်တော် ခရစ်နှစ် ၁၇၆၇ ခုနှစ်၊ ဧပြီ ၉ (အလောင်းမင်းတရား ဦးအောင်ဇေယျ နတ်ပြည်စံတော်မူပြီးနောက် ခုနစ်နှစ်အကြာ) တွင် ယိုးဒယားမြို့တော်နှင့်တကွ တစ်ပြည်လုံးကို တိုက်ခိုက်အောင်မြင်တော်မူခဲ့လေသည်။

ဘာကြောင့် အောင်မြင်တော်မူခဲ့ပါသနည်း။ မြေဒူးမင်း (ခေါ်) ဆင်ဖြူရှင်မင်း၏ ရင်ထဲ၌ သူ့ခမည်းတော် အလောင်းဘုရား၏ သွေး၊ အလောင်းဘုရား၏ စိတ်ဓာတ် အပြည့်ရှိနေသောကြောင့် ဖြစ်ပါသတည်း။

ဟုတ်ပါသည်။

အလောင်းဘုရား မျိုးဆက်တို့ အလောင်းဘုရားသွေး နွေးကြကုန်လော့။

'အလောင်းမင်းတရား အောင်ဇေယျတဲ့ဟေ့'

ရှိသေစွာ ဦးညွှတ်လျက်-

**ထွန်းလင်းသူ**

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်၊ အခန်း တစ်ခန်း လိုချင်လို့ တတ်နိုင်ရင် ထောင့်ခန်းပေးပါနော်"

လွန်စွာ အတွဲညီသော အတွဲ တစ်တွဲ ဖြစ်ပါသည်။ ကိုယ်လုံးကိုယ်ပေါက်၊ အရပ်အမောင်း၊ အသားအရေ ဝတ်စားဆင်ယင်မှု လွန်စွာကြည့်ကောင်းပါသည်။ တစ်နေ့တာအတွက် ကျသင့်ငွေနှင့် အထောက်အထားအဖြစ် ယာဉ်မောင်းလိုင်စင်အား စားပွဲပေါ်တွင် တင်လိုက်သည်။

တည်းခိုခန်းပိုင်ရှင်လည်းဟုတ်၊ မန်နေဂျာလည်းဖြစ်သော ဦးဘိုလတ်သည် အခန်းလွတ်စာရင်းများကိုကြည့်ပြီး အလုပ်သမားတစ်ဦးအား -

"ဒုတိယထပ် D 26 အခန်းကို ပို့ပေးလိုက်၊ သော့ယူသွား၊ အခန်းသန့်ရှင်းရေးရော လုပ်ပြီးပြီလား"

"လုပ်ပြီးပါပြီ ဆရာ"

မကြာခင်ကလေးမှ အတွဲတစ်တွဲ ပြန်ထွက်သွားသောအခန်းဖြစ်သည်။ တည်းခိုခန်းသို့လာသော အတွဲများတွင် တူညီသောအတွဲများက အလွန်ရှားသည်။ ဆိုလိုသည်မှာ အသက်အရွယ် ရုပ်ရည် အင်မတန် ကွာခြားခြင်းပင်ဖြစ်သည်။ တချို့ဆိုလျှင် အဘိုးကြီးနှင့် မြေးမလေးအရွယ်၊ အဘွားကြီးနှင့် တူသားအရွယ်၊ အမျိုးသားက မည်းမည်း တုတ်တုတ်၊ ကောင်မကလေးက ဖြူဖြူဖွေးဖွေး ဟော- နောက်တစ်တွဲကျတော့ တစ်ယောက်က အရပ်မြင့်ပြီး တစ်ယောက်မှာ အရပ်ပုလျက်။

လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။

"ဆရာရေ၊ G 37 ကို ချန်ထားပေးပါ၊ ကျွန်မ နည်းနည်းနောက်ကျမယ်"

ဒါကလည်း အမြဲတမ်းလာနေကျ ဖောက်သည်တစ်ဦး။ ၎င်း G 37 အခန်းသည် လမ်းမဘက်မျက်နှာမူထားသည့်အခန်း၊ အင်မတန်မှ လူကြိုက်များသော အခန်းဖြစ်သည်။ လူတွေမှာ "အစွဲ" ရှိသည်။ တည်းခိုခန်းတောင်မှ ဟိုအခန်း၊ ဒီအခန်း မှုသေထားကာ လာရောက်တည်းခိုလေ့ရှိသည်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် ထိတွေ့ဆက်ဆံရသော လုပ်ငန်းဖြစ်သည်။ ဟိုတယ်ထက်စာလျှင် ဝန်ဆောင်ခများစွာ သက်သာသဖြင့် လူကြိုက် ပိုများသည်။ လူဝင် လူထွက်လည်း ပိုများသည်။

အများနှင့် ဆက်ဆံပတ်သက်ရသော လုပ်ငန်းဖြစ်၍ တစ်စုံတစ်ရာ ပြဿနာအဖြစ်မခံနိုင်၊ ပြဿနာဖြစ်လျှင် လုပ်ငန်းကို ထိခိုက်နိုင်သည်။ သို့ဖြစ်၍လည်း လာသည့် လူတိုင်းကို သံသယမျက်စိဖြင့် အကဲခတ်ရသည်။

ထောက်လှမ်းရေးမျက်စိ၊ လုံခြုံရေးသတိမူကို အစဉ်ရှေးရှု ဆိုသည့် အတိုင်း သတ်မှတ်ပေးထားသည့် စည်းမျဉ်း စည်းကမ်းကို လိုက်နာရသည်။ ပိုက်ဆံကို ငမ်းငမ်းတက်လိုချင်၍မရ။ ကောင်းသည့်လူရော၊ မကောင်းသည့် လူရော၊ မှန်ကန်သည့်လူရော၊ မမှန်ကန်သည့်လူရော ခေတ္တခဏ လာရောက်ပြီး စုဝေးသည့်နေရာ၊ စဉ်းစားသ[illegible]ကြည့်။

ပေးထားသည့် အမည်ကိုက 'တည်းခိုခန်း'ပါဆို။ မဟုတ်လား။

"ဆရာရယ် ကျွန်တော့်ကိုအခန်းတစ်ခန်းပေးပါ၊ ဟိုအပေါ်ဆုံးအထပ်ကိုပေးပါ"

နေ့စဉ်ထုတ်ဂျာနယ်တစ်စောင်ကိုဖတ်နေသည့်ဦးဘိုလတ်တစ်ယောက် အသံရှင်ကို မော့ကြည့်မိသည်။

မျှော်လင့်မထားဘဲ တွေ့လိုက်ရသောကြောင့် အကြီးအကျယ်အံ့အားသင့်သွားသည်။ သူနှင့်သက်တူရွယ်တူ ဦးစိုးကြီး၊ ပြီးတော့ မိန်းကလေး၊ တကယ့် ငယ်ငယ်လေး၊ အဘိုးကြီးနှင့် မြေးမကလေးအရွယ်ဆိုလျှင် မှားမည်မထင်။ ဦးဘိုလတ်သည် မသိချင်ယောင်ဆောင်ပြီး ဟန်မပျက်။

"အပေါ်ဆုံးထပ် K 80 အခန်းကို ပို့ပေးလိုက်၊ အခန်းသော့ယူသွား၊ လိုအပ်တာ အကုန်ဆောင်ရွက်ပေးလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

အနီးတွင် ရှိနေသော အလုပ်သမားတစ်ဦးအား အမိန့်ပေးညွှန်ကြားလိုက်ခြင်း ဖြစ်သည်။

နံရံကပ်နာရီအား ကြည့်လိုက်တော့ အချိန်မှာ နံနက် ၉ နာရီ ၄၀ မိနစ်။ အချိန်ကိုကြည့်ပြီး ဦးဘိုလတ် တစ်ယောက် စိတ်ညစ်သွားသည်။ နေ့ ၁၂ နာရီထိုးသည်နှင့် ဘဏ်သို့ ငွေသွားသွင်းရမည်။ ပြီးလျှင် ဂျပန်သို့ ပညာတော်သင်သွားမည့် တူတစ်ယောက်ကို မင်္ဂလာဒုံလေဆိပ် ပို့ပေးရမည်။ ယခင် ရက်များလို တစ်နေကုန် ဂျူတီမဟုတ်။ ဒီတော့ သားဖြစ်သူသည် ၁၁ နာရီ ၄၀ မိနစ်ကျော်တာနှင့် ရောက်မည်။

ဒီတော့ အပေါ်ဆုံးထပ် K 80 အခန်းကို ရောက်နေသည့် ဦးစိုးကြီးနှင့် မိန်းကလေးပြဿနာ။ ဦးစိုးကြီးသည် ဦးဘိုလတ်ကို လုံးဝအားကိုးပြီးလာသည့်လူ။ သည်ကိစ္စကို သားတော်မောင်အား အသိပေး၍မဖြစ်။ လုံးဝ လျှို့ဝှက်ထားရမည့်ကိစ္စ။ ဒီတော့ လက်ကိုင်ဖုန်းနှင့် ဆက်သွယ်ရသည်။

"ဦးစိုးကြီး ကျွန်တော်ပါ၊ နေ့ ဆယ့်နှစ်နာရီထိုးတာနဲ့ ဘဏ် ငွေသွားသွင်းမှာနော်၊ အဲဒီကပြီးတာနဲ့ လေဆိပ်


www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ တစ်နေကုန်ပဲ၊ သားတော်မောင်က ဆယ့်တစ်နာရီခွဲ ဆိုတာနဲ့ ရောက်မှာနော်" .

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျွန်တော် ဆယ့်တစ်နာရီတိတိ ပြန်ဆင်းပါ့မယ်၊ မပူပါနဲ့ဗျာ"

ထိုအချိန်တွင် အထုပ်အပိုးတွေနှင့် တက်လာသော မိသားစုတစ်ဖွဲ့၊ အသက်(၅၀)အရွယ် အဘိုးကြီးနှင့် အသက်(၂၅)နှစ်အရွယ် မိန်းကလေး၊ ပြီးတော့ ငါးနှစ်အရွယ် ကလေးငယ် တစ်ယောက်၊ ညအိပ်မည့်ပုံပေါ်သည်။

အဘိုးကြီးမှ -

"ထုတင်သုံးလုံးရှိတဲ့ အခန်းကို ပေးပါ ဆရာ၊ ကျွန်တော်တို့က နယ်က လာလို့ အနည်းဆုံး နှစ်ရက်လောက်တော့ နေရမယ်"

ဦးဘိုလတ်သည် အခန်းလွတ်စာရင်းကိုကြည့်ပြီး ခုတင်နှစ်လုံး အခန်းတစ်ခန်းသာ ရှိသဖြင့် -

"ခုတင်သုံးလုံးအခန်း မရှိဘူး ခင်ဗျာ၊ နှစ်လုံးအခန်းတောင် တစ်ခန်းပဲရှိတယ်"

ထိုအဘိုးကြီးဖြစ်သူမှ -

"ရပါတယ်ဗျာ၊ ရှိတဲ့အခန်းပေါ့၊ ခုတင်နှစ်လုံးဆက်ပြီးနေလည်း ရတာပါပဲ"

သူတို့နှင့်ပါလာသော ကလေးငယ်သည် အဖြေရှာသောမျက်လုံးများနှင့်ကြည့်ပြီး ပြောသည်မှာ -

"မေမေ မေမေ . . . ဒီမှာ ညအိပ်မလို့လား၊ မေကြီးနော်၊ မဟုတ်တာ မလုပ်နဲ့"

ထိုစကားကြောင့် အမေလုပ်သူသည် ကလေးငယ်၏ပေါင်တွင်းကြောအား လျှပ်တစ်ပြက် ဆွဲလိမ်လိုက်သည်ကို တွေ့လိုက်ရသည်။ ကလေးငယ်သည် ကြောက်လန့်မှု နာကျင်မှုတို့ကြောင့် ဘာမှဆက်မပြောတော့။ မျက်လုံးထဲမှာတော့ အဖြေရှာမရသော အတွေးများဖြင့် လွှမ်းခြုံထားသည်။ ပြီးတော့ မလိုက်ချင် လိုက်ချင်နှင့် အမေဖြစ်သူ ဆွဲခေါ်ရာနောက်သို့ တကောက်ကောက်ပါသွားသည်။

ဒီနေ့သည် ဝန်ထမ်းတွေ လစာထုတ်ပြီး လဆန်းရက်ဖြစ်သည့်အပြင် စနေ၊ တနင်္ဂနွေနေ့များဖြစ်သဖြင့် အခန်းတိုင်း လူပြည့်သည်။ အပေါ်လေးထပ်ရှိ အခန်းပေါင်း (၃၀)မှာ လူအပြည့်။

ဦးဘိုလတ်တစ်ယောက် ဒီနေ့ တစ်နေ့တာအတွက် ရငွေသည် စံချိန်သစ် တင်သွားသည့်အတွက် အကြီးအကျယ် ဝမ်းသာသွားသည်။

ကြည့်စမ်း၊ နံနက် ဆယ်နာရီတောင် မခွဲသေးဘူး၊ အခန်းတွေမှာ လူအပြည့်။

ထိုအချိန်တွင် အတွဲတစ်တွဲ ကောင်တာရှေ့သို့ ရောက်လာပြီး -

"ဦးဘိုလတ်၊ အခန်းသန့်သန့် တစ်ခန်းပေးဗျာ"

အသံရှင်မှာ ဌာနတစ်ခုမှ သူနှင့် အင်မတန် ရင်းနှီးကျွမ်းဝင်နေသူ ဖြစ်သည်။ မျက်နှာနာရမည့်သူလည်း ဖြစ်နေသည်။ ပါလာသည့် အမျိုးသမီးကလည်း ပြင်ဆင်ထားသည်မှာ ရုပ်ရှင်မင်းသမီးရှုံးလောက်သည်။ လက်ဝတ်ရတနာများကလည်း ခန္ဓာကိုယ်မှာ အပြည့်။

သူမ ခန္ဓာကိုယ်မှ ပျံ့နှံ့လာသော မိတ်ကပ်နံ့၊ ရေမွှေးနံ့၊ ပေါင်ဒါနံ့များသည် ရုံးခန်းတစ်ခုလုံးကို သိမ်းကျုံးနေရာယူလျက်။

ဦးဘိုလတ်မှ မငြင်းမရဲသောလေသံဖြင့် -

"ပြောရမှာ အားတော့နာတယ် ကိုထွန်းသော်ရယ်၊ အခန်းတွေအားလုံး ပြည့်နေတယ်"

ထိုအခါ ကိုထွန်းသော်ဆိုသူမှ ရင်းနှီးကျွမ်းဝင်ဟန်ဖြင့်-

"အများကြီး သဘောပေါက်ပါတယ်၊ ခင်ဗျားမှာ ကြိုတင်ဘိုကင်ချိတ်ပြီး မှာထားတဲ့ အခန်းလွတ်တွေရှိပါတယ်၊ ကျွန်တော် အချိန်တစ်နာရီပဲယူမှာပါ"

မလုပ်ပေးလျှင် မဖြစ်ဘူးဆိုတာ ဦးဘိုလတ် သိလိုက်သည်။ ကြိုတင်ဘိုကင်လုပ်ထားသည့် အခန်းငါးခန်းအနက် အကောင်းဆုံးအခန်းကို ရွေးပေးရတော့မည်ဖြစ်သည်။ ဒုတိယထပ်၊ အခန်း G 37 ။ ၎င်းအခန်းကို ကြိုတင်ဘိုကင်ယူထားသည့် အမျိုးသမီးတလည်း ခေသူမဟုတ်။ နာမည်ကိုလည်းကြည့်၊ 'အိန္ဒြေစင်' နာမည်လည်းလှ၊ လူလည်း အင်မတန်လှပါသည်။ ဒါပေမဲ့ ဒါပေမဲ့ . . . ဟိုတယ်တွေနဲ့ တည်းခိုခန်းတွေကို မဟာလွန်းပျံခရီး သွားနေသူ။

လုပ်ငန်းတိုင်းတွင် အုန်းစားပြီး အာရုံနောက်သည့် အမူအကျင့်များ ကိုယ်စီရှိကြသည်။ ခုလည်း ကြည့်၊ "G37" အခန်းကို ပေးလိုက်ပြီး မိနစ် ၂၀ ပြည့်သည်နှင့် ၎င်းအခန်းကို ကြိုတင်မှာယူထားသည့် အိန္ဒြေစင်မှာ ခပ်ငယ်ငယ် ချာတိတ်ကလေးတစ်ယောက်နှင့် ရောက်ရှိလာသည်။

"အန်ကယ်. . သမီး G 37 ကို ဘိုကင်လုပ်ထားပြီးသားနော်"

ဦးဘိုလတ် မျက်နှာတစ်ချက် ပျက်သွားသည်။ သူ၏ကတိမတည်မှု၊ သစ္စာမရှိမှုကို သိလို့မဖြစ်။ မျက်နှာ ဟန်လုပ်ပြီး အတတ်နိုင်ဆုံး ပြုံးပြ သည်။





www.burmeseclassic.com

www.burmeseclassic.com

အိရွှေစင်ကလည်း ပါးပါးလေး၊ အနှစ်မပါသော အပြုံး၏အဓိပ္ပာယ်ကို ဖော်ပြီးဖြစ်သည်။

"သမီးမှာထားတဲ့ အခန်းကို ဟို အတွဲကို ပေးလိုက်ပြီမဟုတ်လား။ သမီး သိပါတယ်"

ဦးဘိုလတ်သည် ပျာပျာသလဲ တောင်းပန်စကားဆိုရသည်။ တောင်းပန်စကားမဆိုလို့မဖြစ်။

မိမိဖောက်သည် တစ်ယောက် လျော့နည်းသွားရင် ဘယ်လောက် ထိခိုက်နစ်နာသွားမလဲဆိုတာ သင်္ချာ နည်းနှင့် တွက်ပြီးဖြစ်သည်။ မက်စ် ဘောဂဗေဒဆန်ဆန် တစ်မိနစ်၏ဝင်ငွေ နှုန်းကို တွက်ဆပြီးသားဖြစ်သည်။

"ဘယ်လိုမှ မထင်ပါနဲ့ဗျာ၊ အရှုံး အညွှတ်တောင်းပန်ပါတယ်၊ နာရီဝက် လောက်တော့စောင့်ပေးပါ၊ တောင်းပန် ပါတယ်ဗျာ"

ထိုအခါ အိရွှေစင်မှ ဒေါသ ထွက်ထွက်ဖြင့် တိုးတိုးတိတ်တိတ်ပြော သည်မှာ -

"ဒီညဲ့ခန်းမှာ နာရီဝက်လောက် ထိုင်စောင့်လို့ ဘယ်ဖြစ်မလဲအန်ကယ် ရယ်၊ ဧည့်ခန်းနဲ့ လှေကား အတက် အဆင်းက မျက်နှာချင်းဆိုင်ကြီး စဉ်းစား ကြည့်ပါဦး၊ သမီးတို့ အရှက်ကွဲသွားမှာ ပေါ့၊ ခုလို အချိန်ပေးပြီး စကားပြောနေ တာတောင် လွန်လှပြီ"

"ကဲ- အဲဒါဆိုလည်း အပေါ်ဆုံး အထပ် J 75 အခန်းကိုပဲ ယူလိုက်ပါ၊ ဟုတ်ပြီလား"

အိရွှေစင်သည် မကျေနပ်သော လေသံဖြင့် ဆက်ပြောသည်မှာ -

"သမီး အဲဒီအခန်းကို ခဏပဲ နေမှာနော်၊ သူတို့ပြန်ထွက်သွားတာနဲ့ G 37 အခန်းကို ပြန်ပြောင်းမှာ"

ဦးဘိုလတ်သည် အိရွှေစင် မျက်နှာကို အသေအချာကြည့်လျက် -

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ အားလုံးအဆင်ပြေအောင် လုပ်ပေးပါ မယ်၊ ဘာမှ စိတ်ထဲမထားပါနဲ့၊ ဟုတ်ပြီ လား"

ရင်းအပေါ်ဆုံးအထပ် J 75 အခန်းကလည်း ရပ်ဝေးမှလာမည့်ခရီး သည် လင်မယား ကြိုတင်မှာယူထား သည့်အခန်း။ ဦးဘိုလတ်သည် အနီးရှိ အလုပ်သမားတစ်ဦးအား ခေါ်လျက်-

"အပေါ်ဆုံးထပ် J 75 အခန်း သော့ယူပြီး ပို့ပေးလိုက်၊ နောက်နာရီ ဝက်လောက်ဆို G 37 အခန်းထဲက အတွဲ ထွက်တာနဲ့ အခန်းချင်းချိန်းပေး လိုက်၊ လိုအပ်တာတွေ ဆောင်ရွက်ပေး လိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးဘိုလတ်တစ်ယောက် အာ ခေါင်တွေ ခြောက်သွားသဖြင့် ရေခဲ သေတ္တာထဲမှ ရေသန့်ဘူးတစ်ဘူး ထုတ် ကာ ဖောက်ပြီး မော့သောက်လိုက် သည်။ လောကကြီးမှာ ငွေရှာရတာ မလွယ်ပါ။ ငွေရှာရတာ အခက်ဆုံးပါ။ ငွေရှာရတာလွယ်လျှင် လူတွေ အကုန် လုံး သူဌေး ဖြစ်ကုန်မှာပေါ့။

ထိုအချိန်တွင် လုံးဝမျှော်လင့် မထားသည့် အမျိုးသမီးကြီး တစ်ဦး သုတ်သီးသုတ်ပျာနှင့် ရောက်လာပြန် သည်။ ပြီးတော့ စိုးရိမ်စိတ်နှင့် ပြော လာသည့်စကားများ။

"ဦးဘိုလတ်၊ ဦးဘိုလတ် ရှင့် ဘော်ဒါကြီး ဘယ်မှာလဲ"

အသေအချာ ကြည့်တော့မှ ဦးစိုးကြီး၏ဇနီး ဒေါ်သီတာညို ဖြစ်နေ သည်။ ဦးဘိုလတ် တော်တော်လည်း အံ့ဩသွားသည်။ မျက်နှာမပျက်အောင် အတော်လည်း ကြန့်ကြာဆည်ထားရ သည်။ ခပ်တည်တည်ဖြင့် -

"ဒီကိုမလာဘူးခင်ဗျ၊ ဘာကိစ္စ များရှိလို့ပါလဲ"

"ဟုတ်ရဲ့လားရှင်၊ တည်းခိုခန်း ရှေ့မှာ သူ့ကားထိုးထားတာ၊ ကားရှိရင် လူရှိမှာပဲဆိုပြီး ဝင်မေးတာပါ"

"ဒီမှာမရှိပါဘူး၊ တစ်နေရာရာ သွားတာ ဖြစ်ပါလိမ့်မယ်"

ထိုအချိန်တွင် လှပသော စလင်း ဘက်အိတ်အား ကိုင်လျက် အပေါ် ထပ်မှ ကြွကြွရွရွလေး ဆင်းလာသော မိန်းမချောကလေးတစ်ယောက်။

ဦးဘိုလတ် လှမ်းကြည့်လိုက် တော့ K 80 အခန်းသို့ ဦးစိုးကြီး ခေါ် သွားသည့် မိန်းမလှလေး။ ဘာပဲပြော ပြော ဦးဘိုလတ်ရင်ထဲမှာ ပေါ့ပါးလန်း ဆန်းသွားသည်။ ဘာတစ်ခုမှ ပြဿနာ မဖြစ်စေချင်။ အိုကေမှာ စိုပြည်စေ ချင်သည်။ တကယ်ဆို ဦးစိုးကြီးနှင့်က တစ်လမ်းတည်း။ အိမ်ချင်းက မျက်နှာ ချင်းဆိုင်၊ ရင်းနှီးသလားတော့မမေးနဲ့။ အတွင်းသိ၊ အစင်းသိ။ စဉ်းစားသာ ကြည့်။

"ကဲ ကဲ- ဒီလိုဆိုလည်း ကျွန်မ လာသွားတယ် ပြောလိုက်၊ ကျွန်မက စိုးရိမ်လို့ လိုက်တာတာပါ"

ဒေါ်သီတာညို၏ မျက်လုံးများ က မသင်္ကာမှုများ အပြည့်။ ပြောလို့ မကောင်းသည့်အရာများဖြင့် ဖုံးလွှမ်း ထားသလိုလို။

သူ၏လက်ကိုင်ဖုန်းဖြင့် အကြိမ် ကြိမ်ခေါ်သော်လည်း တစ်ဖက်မှ လိုင်း ပိတ်ထားသဖြင့် ဆက်သွယ်၍မရ။ ဦးဘို လတ် နံရံကပ်နာရီကို လှမ်းကြည့်လိုက် တော့ နေ့ ၁၁ နာရီ ၅ မိနစ်ပင် ကျော် နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား . . . ဘုရား"

ဦးဘိုလတ်တစ်ယောက် ဘုရားတမိသည်။ မတလို့ကလည်း မဖြစ်။ သူ့အား ၁၁ နာရီတိတိ ပြန်ဆင်းလာမည်ဟု ပြောထားသည်မဟုတ်ပါလား။ အဲပေါ်ထပ်မှ ဦးစိုးကြီး ပြန်ဆင်းအလာနှင့် ဒေါ်သီတာညိုနှင့် တည့်တည့်တိုးလျှင် သူ့အား တစ်သက်လုံး ယုံကြည်တော့မှာ မဟုတ်။ ထိုအချိန်တွင် သားတော်မောင် အောင်ကျော်ကျော်ရောက်လာသည်။

"ဒယ်ဒီ ကားပေါ်မှာ မာမီလည်း ပါတယ်၊ ဘဏ်မှာ လူကျပ်နေမှာစိုးလို့ စောစောသွားမယ်တဲ့"

ဦးဘိုလတ်လည်း အခန်း အဝင်အထွက် မှတ်ပုံတင်စာရင်းနှင့်ငွေများကို လွှဲပြောင်းအပ်နှံပေးလိုက်သည်။

ဒေါ်သီတာညိုလည်း မရှိတော့ပြီ။ သားတော်မောင် အောင်ကျော်ကျော်အား -

"အပေါ်ဆုံးအထပ် K 80 မှာ ဦးစိုးကြီးရှိတယ်နော်၊ သူပြန်ဆင်းလာမှ နောက်လူ တင်ပေးနော်၊ ဒယ်ဒီ မှတ်ပုံတင်စာရင်းမှာ အဝင်ပြထားတာမဟုတ်ဘူး"

"သား သိပါတယ် ဒက်ဒီရာ၊ ဩော်- ဒါနဲ့ သားဝင်လာတုန်းက ရပ်နေတဲ့ အမျိုးသမီးကြီးဟာ ဦးစိုးကြီးရဲ့ဇနီး ဒေါ်သီတာညို မဟုတ်လား၊ သားကို တောင် မမြင်ချင်ယောင်ဆောင်သွားတယ်"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ လုပ်ငန်းသဘောအရ ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ လူအဝင်အထွက်လည်း ဂရုစိုက်ဦး၊ ဘာမှပြဿနာမဖြစ်စေနဲ့၊ ကဲ- အဲဒါဆို ဒက်ဒီသွားတော့မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဦးစိုးကြီးကိစ္စကို မပြောမဖြစ်၍သာ ပြောခဲ့ရသည်။ လုံးဝမပြောချင်။ သားတော်မောင် အောင်ကျော်ကျော်က ပါးပါးလေး။ ဒါကလည်း လုပ်ငန်းအတွေ့အကြုံအရ ထိတွေ့ပေါင်းစပ်မှုသဘောသာဖြစ်သည်။

ခဲပုပ်ရောင် လင့်ခ်ရှုဆာကားထဲမှာ သူ့အားစောင့်နေသည့် မိသားစု၊ ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားမည့် တူတော်မောင် သန်းဇော်ဦး၊ ပြီးတော့ ဘဏ်သို့သွင်းမည့် သိန်း တစ်ထောင်ကျော်ငွေထုပ်။

*

ဘဏ်တွင် ငွေသွင်းပြီးတော့ မင်္ဂလာဒုံလေဆိပ်၊ အပြန်ဈေးဝင် စားစရာ သောက်စရာများဝယ်ပြီး တည်းခိုခန်းရှိ ရုံးခန်းကို ပြန်ရောက်တော့ ညနေ ၅ နာရီပင် ကျော်ခဲ့လေပြီ။

ရောက်ရောက်ချင်း သားအောင်ကျော်ကျော်မှ -

"ဒက်ဒီ. . . ဒက်ဒီရဲ့ ဦးစိုးကြီး ပြန်မဆင်းလာသေးဘူးနော်၊ ဦးစိုးကြီးရဲ့ဇနီးဒေါ်သီတာညိုကလည်း သားကို လာမေးနေတာ သုံးခါလောက်ရှိသွားပြီ၊ ကြာတော့ သားတောင်မျက်နှာပူလာတယ်"

"ဟေ. . ."

ဦးဘိုလတ်အံ့ဩသွား၏။ ဘယ်လို ဖြစ်တာပါလိမ့်။ သူ့စိတ်ထဲတွင် သံသယများစွာ ခိုအောင်းဝင်လာ၏။ ၁၁ နာရီဆို ပြန်ဆင်းလာမည်ဟု သူ့အား အတိအကျပြောထားပြီးသားဖြစ်သည်။ ပြီးတော့ ဦးစိုးကြီး၏ဇနီး ဒေါ်သီတာညို၊ တည်းခိုခန်းရှေ့တွင် ရပ်ထားသည့် သူ့ကား။

ပြန်လာကတည်းက သည်ကားကို ပြန်မြင်နေရ၍ စိတ်ဘဝင်မကျတော့။ တစ်ခုခုတော့ တစ်ခုခုပဲဟု တွက်ဆပြီးသားဖြစ်သည်။ ဦးစိုးကြီးဆီ လက်ကိုင်ဖုန်းဖြင့် ခေါ်သော်လည်း အကြောင်းမထူး၊ တစ်ဖက်မှ လိုင်းပိတ်ထား၏။ မတတ်သာသည့်အဆုံး အနီးမှ အလုပ်သမားတစ်ဦးအား -

"အပေါ်ဆုံးအထပ် K 80 အခန်းကို မင်းတို့သွားမကြည့်ဘူးလား၊ သွားကြည့်၊ ပြီးတော့ သတင်းပို့"

"ဆရာရယ်၊ ကျွန်တော်တို့ ၂ (?) နာရီ တစ်ခေါက် သွားကြည့်ပါတယ်၊ ခုတင်ပေါ်မှာ ပက်လက်ကြီးလှန်ပြီး အိပ်ပျော်နေတာ နှိုးလို့မရဘူး ဆရာရယ်"

"ဟေ. . ."

ကြားလိုက်ရသောစကားကြောင့် ဦးဘိုလတ်တစ်ယောက် အံ့ဩ တုန်လှုပ်သွားသည်။ သူသည် ဘာမှ ဆက်မမေးတော့ဘဲ K 80 အခန်းရှိရာ အပေါ်ဆုံးအထပ်သို့ တက်လာခဲ့သည်။

အခန်းတံခါးသည် အနည်းငယ်ဟလျက် ပြီးတော့ မှောင်မဲနေ၏၊ သို့သော်လည်း အပြင်ကော်ရစ်ဒါမှ ထွန်းထားသော မီးအလင်းရောင်များကြောင့် သိပ်အမှောင်ကြီးတော့ မဟုတ်။ လူတစ်ယောက် ခုတင်ပေါ်တွင် ပက်လက်လှန်ပြီး အိပ်နေသည်ကို မှုန်ဝါးဝါး မြင်နေရသည်။

သူနှင့် အတူပါလာသည့် သားရေနက် လက်ဆွဲအိတ်သည် ဟောင်းလောင်းပွင့်လျက် ခေါင်းရင်းထက် စားပွဲခုံပေါ်တွင် နေရာယူလျက် ရှိနေသည်။ ပြီးတော့ သောက်ထားသည့် အချိုရည် ကွဲရိုင်းဘူးခွံ နှစ်ခု၊ စားလက်စ အာလူးကြော် အထုပ်များ အပေါ် မျက်နှာကြက်မှ အကောင်းပကတိ နှစ်ပေမီးချောင်းသည်လည်း မလင်းတော့။ ဘယ်လို ဖြစ်တာပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com

သာမန် အိပ်ပျော်နေခြင်းမျိုး ဖြင့်မဟုတ်ဘဲ အိပ်ပျော်နေသော ဦးစိုးကြီးကို အကြိမ်ကြိမ်အခါခါနှိုးယူရသည်။ မျက်နှာကို ရေဆွတ်ခြင်း၊ ရေဖျန်းခြင်း၊ ရှူဆေးများ နှာခေါင်းတွင်ဆွတ်ပေးခြင်း၊ ပွတ်ပေးခြင်း၊ သံပရာသီးများဖြင့် နှာဝတွင် ထိုတွေ့ပေးခြင်းများကြောင့် မိနစ်(၂၀)လောက်အကြာတွင် သတိပြန်ဝင်လာသည်။ ချက်ချင်းကြီးတော့ ပုံမှန်စိတ်ပြန်ဖြစ်မလာ။ တစ်နာရီကျော်ကျော် အချိန်ယူရသည်။

မီးချောင်းများလည်း ပြန်မြင်ပြီး ငြိမ်ဖြစ်သဖြင့် တစ်ခန်းလုံးလည်း လင်းထိန်လျက်ရှိသည်။

"ဦးစိုးကြီး. . ဦးစိုးကြီး ခင်ဗျား ပြန်သတိရလာပြီလား၊ ကျွန်တော် ခင်ဗျားအတွက် အတော်စိတ်ပူသွားတယ်၊ ခင်ဗျားပုံမှန်ပြန်ဖြစ်သွားပြီလား"

ဦးဘိုလတ်ကိုကြည့်ပြီး ခေါင်းညိတ်ပြသည်။ မျက်လုံးများကလည်း ပုံမှန်ပြန်ဖြစ်လာသည်။

ဦးဘိုလတ်မှ -

"ခင်ဗျားအမျိုးသမီး ဒေါ်သီတာညို တည်းခိုခန်းကို လာမေးတာ သုံးလေးခေါက်ရှိသွားပြီ၊ ခင်ဗျားကားကလည်း တည်းခိုခန်းရှေ့မှာဆိုတော့ ပိုဆိုးတာပေါ့၊ အဲဒါကြောင့် ခင်ဗျားအိမ်ကို အမြန်ပြန်မှဖြစ်မယ်"

ထိုစကားစုများကြောင့် ဦးစိုးကြီး တစ်ကိုယ်လုံး လျှပ်စစ်ဓာတ်လိုက်သလို တွန့်လိမ်သွားသည်။ ပုံမှန်အသိစိတ်များသည် မူလသဏ္ဍာန်အတိုင်းသက်ဝင်လှုပ်ရှားလာသည်။

ဦးစွာပထမ ခေါင်းရင်းထက်စားပွဲပေါ်မှ ဟလျက်ရှိသော သားရေနက် လက်ဆွဲအိတ်ကြီးအား လှမ်းယူပြီး အစ်စုံတစ်ခုကို ရှာဖွေလိုက်သည်။

သူ့မျက်နှာမှာ တုန်လှုပ်ချောက်ချားမှုနှင့်အတူ ဆီးစေ့လောက် သေးငယ်သွားသည်။ နှုတ်မှလည်း တုန်ယင်လှိုက်ဖိုစွာဖြင့် -

"ဟာဗျာ- အကုန်လုံးပါသွားပြီ၊ ဒုက္ခတော့ အကြီးအကျယ်ရောက်ပြီ၊ မိန်းမနဲ့တော့ ပြဿနာပဲ"

ဦးဘိုလတ်သည် သိချင်ဇောဖြင့်-

"ဘာတွေ ပါသွားတာလဲ ဦးစိုးကြီးရဲ့"

ဦးစိုးကြီးသည် မျက်စိမျက်နှာပျက် ချိနဲ့သောလေသံဖြင့်ပြောသည်မှာ-

"ပန်းထိမ်ကို အော်ဒါပေးပြီး လုပ်ခိုင်းထားတဲ့ ပစ္စည်းတွေ၊ အပ်ထည်တွေပေါ့ဗျာ"

ဦးစိုးကြီး ပြောနေရင်း စကားကို တစ်ဝက်တစ်ပျက် ရပ်ပြီးမှပြန်ဆက်၏။

"ပိုင်ရှင်ကို ပြန်ပေးရမယ့် ရွှေထည်ပစ္စည်းတွေရယ်၊ ရွှေဆိုင်ကို ပို့ပေးရမယ့် ရွှေပြားတွေ ရွှေပြားတွေ. . ."

"ဗျာ"

ဦးဘိုလတ်၏ အာမေဍိတ်သံ။ ထိတ်လန့်တုန်လှုပ်သံ။ ဦးစိုးကြီး၏ ဇနီး ဒေါ်သီတာညို၏ ပြောသံများက နားထဲသို့ တစ်ကျော့ပြန်ဝင်လာသည်။

'ကဲ ကဲ ဒီလိုဆိုလည်း ကျွန်မလာသွားတယ် ပြောလိုက်၊ ကျွန်မက စိုးရိမ်လို့ လိုက်လာတာပါ'

ခုတော့ သည်စကား၏ သက်ရောက်မှုအနက်အဓိပ္ပာယ်ကို ဖော်ထုတ်လို့ရပြီ။ သို့သော်. . အရမ်းကို နောက်ကျသွားခဲ့လေပြီ။ မုဆိုးက သားကောင်ကိုချောင်းနေတာ အချိန်ကာလမည်မျှယူထားသည်မသိ။ ဦးစိုးကြီး ဒေါ်သီတာညိုတို့သည် ရွှေဆိုင်ပိုင်ရှင်၊ ပန်းထိမ်လုပ်ငန်းဖြင့်ကြီးပွားချမ်းသာနေသူတွေ။

ကျွဲရိုင်းအချိုရည်ဘူးထဲတွင် အိပ်ဆေးခတ်၍ ရွှေ(၆၀)ကျပ်သားကျော်ကျော်ကို ပိပိရိရိ ဟန်မပျက် ယူသွားခဲ့လေပြီ။ အပျော်လွန် တဏှာနှိုးနစ်ခဲ့ရသည့် အချိန်ကလေးမှာ ပေးဆပ်ခဲ့ရသည့် အရင်းအနှီးက မသေး။

*

"အိကြည်ဖြူ"

နာမည်နှင့် လူ လိုက်ဖက်၏။ အသားအရေနှင့် လှပခြင်းက ငယ်ဂုဏ်ကို သရုပ်ဖော်ထား၏။ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်း ရွှေထည်ပစ္စည်းများကြောင့် တစ်ကိုယ်လုံးကို ဝင်းဝါထိန်ထိန်တောက်နေသည်။ ခုခေတ်အဝတ်အစားမျိုး ဝတ်ဆင်ထားသဖြင့် လန်ပျံနေ၏။

သူမသည် ပြတင်းပေါက်မှ လယ်ကွင်းများ၊ ရိုးပြတ်များ၊ အရွယ်အစား အမျိုးမျိုးသော သစ်ပင်များ၊ အရောင်သွေးစုံငှက်များ၊ လယ်စောင့်တဲလေးများ၊ မြက်စားနေသည့် နွားများ၊ ကျွဲများ၊ စိမ်းစိုသော စိုက်ခင်းများ၊ တောင်ယာ၊ လယ်ယာ လုပ်နေသော ဦးကြီးများ၊ မိန်းမပျိုလေးများ၏ ရှုခင်းရှုကွက်များကို ကြည့်နေမိသည်။

ရထားသည် အရှိန်မှန်မှန် ဘယ်ညာယိမ်းနွဲ့လျက် ခုတ်မောင်းလျက်ရှိသည်။ အမှန်စင်စစ် အိကြည်ဖြူ ရထားမစီးချင်။ အဝေးပြေး မှန်လုံကားကြီးများကိုသာ စီးချင်သည်။ သို့သော်လည်း ကြားဘူတာဆင်းမှ သူသွားချင်သည့် "ဆေးရိုးကုန်း"ရွာသို့ အနီးဆုံးရောက်မည်ဖြစ်သည်။ ကားနှင့်ဆို မလွယ်၊ အရမ်း အလှမ်းဝေးသည်။

အိကြည်ဖြူနှင့် ကပ်လျက်ထိုင်နေသည်မှာ အရွယ်လွန် အဘွားအိုတစ်ဦးဖြစ်ပြီး ရှေ့တည့်တည့်တွင်တော





www.burmeseclassic.com

www.burmeseclassic.com

အတွဲညီ လင်မယားစုံတွဲ ဖြစ်သည်။ သူတို့နှစ်ဦး၏ အလယ်တွင် လက်ဆွဲကြိမ်ခြင်းကြီးဖြင့် ထည့်ထားသော ရှင်မတောင် သနပ်ခါးတုံးများ။ စကားအလွန်များသော စုံတွဲဖြစ်ပုံရသည်။ ထုံးစံအတိုင်း ထိုင်ခုံအားလုံးမှာ လူအပြည့်။

နာရီလက်တံများက ညနေ ၅ နာရီ ၃၀ မိနစ်ကို ညွှန်ပြနေ၏။ နေပင်အတော်စောင်းနေလေပြီ။ ဆေးရိုးကုန်းရွာသို့သွားရန် ကြားဘူတာတွင်ဆင်းရမည်ဖြစ်သည်။ ပုံမှန်အတိုင်းဆိုလျှင် ည ၇ နာရီ ၂၀ မိနစ်ဆို ကြားဘူတာတွင် ရပ်မြဲဖြစ်သည်။ နှစ်နာရီနီးပါး စီးရဦးမည်။ အိကြည်ဖြူရှေ့တည့်တည့်ထိုင်ခုံမှ အတွဲသည် တစ်ယောက်တစ်ခွန်းစကားများနေလေသည်။

"ရှင်ကလည်း လုပ်စားနေတာသေပဲသေတော့မယ်၊ ဒီလောက်တောင် နားမလည်ဘူးလား"

ယောက်ျားဖြစ်သူမှလည်း တစ်ခွန်းမခံ ပြန်ပြောနေ၏။

"အို- မင်းကလည်း ကြံဖန်ပြဿနာရှာနေပါလား၊ ရှင်မတောင် အစစ်ပါလို့ဆိုနေ"

မိန်းမဖြစ်သူမှလည်း အားကျမခံ ပြန်ပြော၏။

"ရှင်ဟာလေ တော်တော်အ,တာပဲ။ သနပ်ခါးတုံးကို အတုနဲ့ အစစ်တောင် မခွဲခြားတတ်ဘူး၊ အံ့ပါရဲ့တော်"

ထိုစကားသံများကြောင့် အိကြည်ဖြူ မျက်လုံးအစုံက သနပ်ခါးတုံးတွေ ထည့်ထားသည့် ကြိမ်ဆွဲခြင်းဆီရောက်သွား၏။

ထိုအမျိုးသမီးသည် ကြိမ်ဆွဲခြင်းကြီးထဲမှ သနပ်ခါးတုံး တစ်တုံးကိုယူလျက် -

"ညီမလေးရယ်၊ ဒါသနပ်ခါးတုံး အစစ်လား၊ အတုလား နမ်းကြည့်ပါလား၊ အနံ့က သိပ်သိသာပါတယ်၊အတုနဲ့အစစ် အနံ့ချင်းက တအားကွာပါတယ်"

အိကြည်ဖြူသည် သူမအား မေးလာသည့် သနပ်ခါးတုံးအား နမ်းလိုက်မိသည်။ စူးရှပြင်းထန်သော ရနံ့တစ်မျိုးသည် နှာသီးဝမှတစ်ဆင့် အဆုတ်ထဲသို့ အားရပါးရတိုးဝင်သွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် မျက်ခွံများ လေးလံလာ၏။ အသိစိတ်များလည်း ငုပ်လျှိုးကွယ်ပျောက်သွား၏။ မျက်လုံးထဲမှာ အလင်းရောင်အစား အမှောင်ထုများ တိုးဝင်လာ၏။

အိကြည်ဖြူ၏ ဦးခေါင်းမှာ ပြတင်းပေါက်ဘောင်နားရှိ ဘောင်ကို မှီလျက် သတိလက်လွတ်ဖြစ်သွားလေတော့၏။ နောက် ဘာမှမသိတော့။

အိကြည်ဖြူ ရုပ်ခန္ဓာနှင့်အသိတရား ပြန်လည်ဆက်စပ်လာချိန်တွင် မိုးစင်စင်လင်းနေချေပြီ။ ဦးခေါင်းတစ်ခုလုံးလည်း နာကျင်ကိုက်ခဲနေ၏။ ရထားကလည်း သူ့အရှိန်နှင့်သူ ပုံမှန်ခုတ်မောင်းနေဆဲ။

နိုးနိုးချင်း သတိထားလိုက်မိသည်။ သူမခန္ဓာကိုယ်တွင် ဆင်မြန်းထားသော၊ လှို့ဝှက်သိမ်းဆည်းထားသော လက်ဝတ်ရတနာများမရှိတော့ပြီ။ သူ့ဘေးမှ အဘွားအို၊ သူ့ရှေ့တည့်တည့်ထိုင်ခုံမှ အတွဲတို့ကို လုံးဝမတွေ့တော့။

ဖြစ်စဉ်များကို ပြန်သုံးသပ်ကြည့်လျှင် အိကြည်ဖြူ တစ်ယောက် ဆေးမိပြီး အလစ်အငိုက် ခံခဲ့ရချေပြီ။

သည်ကိစ္စကို ရဲစခန်းအမှုဖွင့်ဖို့ မပြောနှင့် လူသိခံလို့မဖြစ်။ သူသည်ပင် နာမည်အမျိုးမျိုးပြောင်းပြီး ခွင်ကိုရှာ၍ နေရာပေါင်းစုံ၊ ဟိုတယ်ပေါင်းစုံ၊ တည်းခိုခန်းပေါင်းစုံများတွင် ကျင်လည်ကျက်စား "ဖျံ"ကျခဲ့သည် မဟုတ်ပါလား။

ဘာပဲပြောပြော အိကြည်ဖြူရင်ထဲတွင် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ နှမြောခြင်း၊ ပူလောင်ခြင်း၊ ယူကျုံးမရဖြစ်မိခြင်းများစွာနှင့် ပြွတ်သိပ်လျက်။

*

"ကဲ- အဘွား၊ အားလုံးကို သွားရောင်းတာ သူခိုးဈေးနဲ့ဆိုတော့ သိန်း ၆၀ ပဲရတယ်၊ ဒါတောင် ရွှေ ၂၀ ကျပ်သားမှာ ၂ ပဲ ၄ ရွေး လျော့နေသေးတယ်"

အဘွားအိုမှ ပိုက်ဆံပုံကြီးကို ကြည့်လျက် -

"ဒါကတော့ ကံတရားပေါ့ ဟယ်၊ ဘယ်တတ်နိုင်မလဲ၊ ကိုယ်လိုချင်သလောက် ဘယ်ရပ့ါမလဲ"

ထိုအခါ ရှေ့တည့်တည့်ထိုင်နေသည့် အမျိုးသမီးမှ -

"ဒီလမ်းကြောင်းက အဘွားကို လုံးဝ အားကိုးရတာနော်၊ အသက်အရွယ်ကိုကြည့်ပြီး ဘယ်သူကမှ ထင်ထားတာ မဟုတ်ဘူး"

အဘွားအိုမှလည်း ကျေနပ်တက်ကြွသောအသံဖြင့် ပြောသည်မှာ-

"ငါ့နှယ် တူမလိုလို သမီးလိုလို လုပ်ပြီး စောင်လေးခြုံပေးပြီး လက်စွပ် လက်ကောက်၊ ဆွဲကြိုး၊ နားကပ်တွေ ဖြုတ်ယူရတာ ချွေးတွေဒီးဒီးကျတယ်၊ ကောင်မလေး ရုတ်တရက်သတိပြန်ရမှာလည်း ကြောက်ရသေးတယ်"

"ကဲ. . . ကဲ သိန်း ၂၀ အဘွားဝေစု၊ ကျွန်တော်တို့ တစ်လတိတိနားမယ်၊ နေရာ ပြောင်းမယ်၊ ရုပ်သွင်ပြောင်းမယ်၊ ပြီးတော့ ဆုံနေကျတတိယနေရာမှာ ပြန်ဆုံမယ်"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကလည်း သူတို့အထာနှင့် ဖြစ်သည်။ တစ်ခွင်ပြီးတိုင်း လမ်းကြောင်းပြောင်း၊ နေရာပြောင်းသည်။ အခုလည်းကြည့် အသိမိတ်ဆွေ အိမ်တစ်အိမ်တွင် ခေတ္တခဏ လာရောက် တည်းခိုရင်း အိမ်အပေါ်ထပ်တွင် ဝေစုခွဲနေခြင်းဖြစ်သည်။ တစ်ထောင်တန်အုပ် (၂၀) တိတိကို သူ၏ လွယ်အိတ်အစုတ်ကြီးထဲ ထည့်ပြီးလျှင် -

"ကဲ. . . ကဲ အဲဒါဆိုလည်း အဘွား သွားတော့မယ်၊ နောက်လမှ ပြန်ဆုံကြတာပေါ့"

"ဟုတ်ကဲ့ပါ အဘွား"

သူတို့ လင်မယားနှစ်ယောက် အပေါ်ထပ်မှ ကြည့်လျက် အဘွားအို လမ်းမပေါ် ရောက်သည်နှင့် မိန်းမဖြစ်သူမှ -

"ဒါနဲ့ နေပါဦး၊ ရှင်ဝယ်လက်ကို မညှိဘူးလား၊ နည်းနည်းပါးပါး အစွန်းထွက်တော့ ချန်ထားရမှာပေါ့"

ထိုအခါ ယောက်ျားဖြစ်သူမှ -

"မင်း ပြောတာ အများကြီးနောက်ကျသွားတယ်၊ ပစ္စည်းတွေ သွားမပို့ခင်ကတည်းက ညှိထားပြီးသား၊ ရွှေသုံးကျပ်သား အပိုစွန်းအတွက် ငွေကိုးသိန်း အဘွားကြီး မသိအောင် ယူလာခဲ့ပြီးသား"

"ထင်သားပဲ ကျုပ်ယောက်ျား ဒီလောက်မညံ့ပါဘူးလို့"

သူတို့နှစ်ဦး၏ အားရပါးရ ရယ်မောသံများက အပေါ်ထပ်တစ်ခန်းလုံး ဆူညံသွားသည်။

အသက် (၆၀) ကျော်ရှိ အဘွားအို၊ သို့သော်. . . လျှော့မတွက်နဲ့၊ ပါးပါးလေး။

သူ၏ လွယ်အိတ်အစုတ်ကြီးထဲမှ အကျီအစုတ်နှင့် ပတ်ထားသည့် တစ်ထောင်တန် ငွေစက္ကူထုပ်များ၊ ပြီးတော့ ရင်ခွင်ကြားအတွင်း အကျီထဲ တွင်ထည့်ထားသည့် လေးထောင့်ပုံစံရှိ ရွှေပြားများ။ ရွှေပြားတစ်ခုလျှင် တစ်ကျပ်သားရှိ ရွှေပြားနှစ်ဆယ်။

အဘွားအို ရင်ထဲမှာ ပျော်ရွှင်မြူးထူးစွာ ကျေနပ်နှစ်သိမ့် ဘဝင်ခိုက် ကြည်နူးလျက်။ အားပါးတရ ရယ်မောနေသော ဟိုလင်မယားနှစ်ယောက်က တကယ်မသိရှာ။ သူတို့ကိုယ်သူတို့ တကယ်လည်လှပြီ ထင်နေ၏။

အိုကြည်ဖြူ အတွင်းခံဘယာစီယာထဲတွင် သိုဝှက်ထားသော ရွှေပြား (၂၀) တိတိကို စောင်ခြုံရင်း ရင်ခွင်ပြောင်း ယူလိုက်ခြင်းပင် ဖြစ်ပါသည်။ အဘွားအိုသည် ရင်ခွင်ကြားရှိ ရွှေပြားများကို ညာလက်နှင့်ဖိရင်း အသံမထွက်ဘဲ စိတ်ထဲမှ ပြောလိုက်သည်မှာ -

"အသက်ကြီးတော့ တစ်နည်းသာတယ်ဟေ့"

"ငါ မရူးဘူး၊ ရူးချင်ယောင်ဆောင်နေတာ"

"ငါ မအဘူး၊ အချင်ယောင်ဆောင်နေတာ"

ဩော် . . . လောကကြီးတွင် ဘေးထွက်ဆိုးကျိုးများ ဝန်းရံနေ၏။ အချိန်တိုင်း အချိန်တိုင်းကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ၏။

အကောင်းနှင့် အဆိုး၊ အမှန်နှင့်အမှား၊ အလင်းနှင့် အမှောင် အားပြိုင်ကြ၏။ အဆိုးဆုံးမှာ အမှောင်ထဲမှ အားပြိုင်နေသော ကွက်လပ်များပင် ဖြစ်ပါတော့သည်။

**မင်းဟန်(သန်လျင်)**

□


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
မိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇x၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈




www.burmeseclassic.com

www.burmeseclassic.com



# ထားဘူးသုံ

## မြမျက်ရည် ပုလဲမျက်ရည်

(၁)

"မောင်၊ ဒီလုံချည်စတွေအားလုံး သိယူမှာနော်"

"ခုနစ်ထည်လုံး ယူမှာလား သီရဲ့၊ အမေ့ကို တစ်ထည်လောက်တော့ ပေးဦးလေ၊ ပါသမျှပစ္စည်းတွေအားလုံးလည်း သိ ယူထားပြီးပြီဥစ္စာ"

"ဟင်- မောင်ကလည်း အစတွေအားလုံးက လှနေတာကို၊ သိလိုချင်တာပေါ့၊ နောက်ပြီး သီက ငါး ထည်ပဲ ရမှာပါနော်၊ ညီမလေး ရီရီကို တစ်ထည်ပေးရဦးမှာ၊ သို့မေမေ ကျတော့ လည်း သမက် နိုင်ငံခြားကနေ ပြန်လာတာတောင် လက်ဆောင် တစ်ခုမှ မပါဘူး ဆိုရင် ဘယ်ကောင်းမှာလဲ မောင်ရဲ့၊ မေမေ့ဖို့လည်း တစ်ထည်ပေးရမှာလေ၊ လုံချည်တင် မကဘူး၊ မေမေ့ကို တွဲ ဝတ်ဖို့ ရယ်ဒီမိတ် အင်္ကျီတွေလည်း ပေးဦးမှ"

"မောင့် ယောက္ခမက သူဌေးပဲ ကွာ၊ သူ့မှာ ဝတ်စရာတွေ အများကြီး ရှိတာပဲဥစ္စာ၊ မောင် အမေ့ကို အဝတ် အစား ဝယ်မပေးဖြစ်တာတောင် နှစ်ချီ နေပြီ၊ အမေ့ဖို့ လုံချည်တစ်ထည်တော့ ပေးလိုက်ပါ သီရယ်၊ သို့မေမေတို့ကို ပါလာတဲ့ စားစရာတွေနဲ့ပဲ ကန်တော့ လိုက်တာပေါ့နော် သီ"

"ဘယ်လို ပြောလိုက်တာလဲ မောင်၊ မေမေ့မှာ ဝတ်စရာတွေ များ တယ်ဆိုပေမယ့် မေမေက သီတို့ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာလေ၊ အလုပ်ကိစ္စ လူမှုရေးကိစ္စ သွားစရာလမ်းတွေက ဒီလောက်များတာ၊ မောင့်အမေက ဘယ်သွားစရာရှိလို့ ဒီလောက်အဝတ် ကောင်းကြီးတွေ လိုမှာလဲ၊ အလကား သေတ္တာထဲပဲ ထည့်သိမ်းထားမယ့်ဟာ ကို၊ သို့မေမေက ဘယ်လောက် ဝ... ဝတ်နိုင်နေနေ သမက် နိုင်ငံခြားက ပြ... လာလို့ ကန်တော့တာဆိုတဲ့ ဂုဏ်ခဲ...





www.burmeseclassic.com

www.burmeseclassic.com

ဘူးလေ၊ သူ့မြေးဆိုလည်း မေမေတို့က လိုလေသေးမရှိ ဝယ်ပေး လုပ်ပေးထားတာ၊ ဘာလဲ၊ မောင်က ယောက္ခမတွေအပေါ် ဒီလောက်မှ စေတနာ မရှိဘူးလား၊ ဟုတ်လား"

"ဟာ . . . သီက လည်းကွာ၊ မောင်က ဒီလိုပြောတာ မဟုတ်ပါဘူး၊ သို့မိဘတွေကို သို့စိတ်ကြိုက် ပေးနေတာတွေ မောင်က ဘာများ ပြောဖူးလို့လဲ၊ ခွင့်ပြုထားတာပဲဟာ"

"ခု ပြောတယ်လေ၊ မေမေတို့ကို စားစရာလေးတွေနဲ့ပဲ ကန်တော့လိုက်ပါလားတဲ့၊ အဲလို လုပ်စရာလား မောင်၊ ဟွန်း- သို့မိဘတွေကို အဝတ်အစားတွေရော၊ အဲဒီ စားစရာတွေရော သီပေးချင်ရာ ပေးမှာပဲ၊ ဟင်း- မောင်နော်"

ချက်ချင်းပင် မျက်နှာညိုးကာ နှုတ်ခမ်းစူလာသော ဇနီးဖြစ်သူကို ထက်မြတ် ငုံ့ချော့ရတော့သည်။ သူ ဘာမှ မပြောသာတော့ပါ။ သီက လုပ်ချင်ရာ မလုပ်ရလျှင် စိတ်ကောက်နေဦးမည်ကိုး။

"ကဲကဲ သို့သဘော၊ သို့သဘော၊ စိတ်တော့ မကောက်လိုက်ပါနဲ့ သီရာနော်၊ ဒါဆို မောင့်မိဘတွေကို ဘာပေးမှာလဲ သီ၊ တစ်ခုမှ မပေးလို့တော့ မကောင်းဘူးထင်တယ်"

သီက မျက်စောင်းထိုးရင်း -

"သီ စီစဉ်လိုက်ပါ့မယ်၊ မနက်ဖြန် စူပါမားကက်က စားစရာဖြစ်ဖြစ်တစ်ခုခု ကြည့်ပြီး ဝယ်ပေးလိုက်မယ်လေ၊ မောင်တို့က ပါလာတာလို့ ပြောလိုက်ရင် ပြီးတာပဲ၊ သူတို့သိတာမှတ်လို့ နော် မောင်"

ထက်မြတ် သက်ပြင်းချလိုက်၏။ ဇနီးသည် သီ မျက်ထားညို အလိုမကျမဖြစ်ဖို့ဘဲ။ ချစ်ဇနီး၏ 'နော် မောင်' မှာ စီးမျောရင်း ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်ပါသည်။

(၂)

"မေကြီးရေ၊ ဘာတွေ လုပ်နေတာလဲ၊ ခုထိ ချက်လို့ပြုတ်လို့ မပြီးသေးဘူးလား မေကြီးရဲ့"







www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းသည် ဦးအောင်မြတ်က မီးဖိုဆောင်ဘက် ဝင်လာပြီးမေးသည်။

"ပြီးပါပြီ ဖေကြီးရယ်၊ သား ထက်မြတ်တို့အိမ်အတွက် ဟင်းချက်နေလို့ပါ"

ဦးအောင်မြတ်က ပြုံးသည်။

"အောင်မယ်လေးကွာ၊ မင်းသားက နိုင်ငံခြားမှာ အကောင်းစားတွေချည်း စားခဲ့ရမယ့်ဟာကို"

"ဒါတော့ ဒါပေါ့ ဖေကြီးရဲ့၊ ဒါပေမဲ့ ရေခြား မြေခြားမှာ ခြောက်လလောက် သင်တန်းသွားတက်ခဲ့ရတာ၊ ကိုယ့်မြေ ကိုယ့်ရိုးရာ အစားအစာတွေကို လွမ်းမှာ၊ စားချင်မှာပေါ့၊ ဒါကြောင့် သား ကြိုက်တတ်တာလေးတွေရော၊ မြေးလေးနဲ့သီသီ ကြိုက်တတ်တာလေးတွေပါ လုပ်ပြီး သွားပို့မလို့"

"သွားပို့မလို့ ဟုတ်လား၊ မင်း မြောက်ဒဂုံကနေ ဘတ်စ်ကား စီးသွားရမှာ၊ ဒီစားစရာခြင်းတွေ အိတ်တွေနဲ့ နိုင်ပါ့မလားကွာ၊ နေကလည်း မြင့်နေပြီ၊ ထီးဆောင်းဖို့တောင် လက်က မအားနဲ့၊ ငါပါ လိုက်ပို့ရမလား"

"နိုင်ပါတယ်ဖေကြီးရယ်၊ ဖေကြီးက ဒူးသိပ်ကောင်းတာမဟုတ်ဘူး၊ ဟိုကျ ကားဂိတ်ကနေ သားအိမ်အထိ လမ်းလည်း နည်းနည်းလျှောက်ရဦးမှာဆိုတော့ ဒူးနာနေပါဦးမယ်၊ နောက်ပြီး ဆိုင်လေး တစ်ရက်တလေပိတ်တုန်း ဖေကြီး နားပါ၊ ခင်မွန်ပဲ သွားလိုက်ပါ့မယ်၊ ဒီလောက်နေပူများတော့ ခင်မွန်က အပျော့၊ သားတို့ မြေးတို့မျက်နှာမြင်လိုက်ရတာနဲ့ နေကာ လဖြစ်သွားမှာ အဟင်း"

ဒေါ်ခင်မွန့် အပြောကြောင့် ခင်ပွန်းသည်က ရယ်သည်။

ခင်ပွန်းသည်သည် ပင်စင်ယူပြီးနောက် ဈေးနားတွင် ဆိုင်ခန်းလေး တစ်ခန်းဝယ်ကာ တီဗွီ၊ ကက်ဆက်၊ ပေါင်းအိုး၊ ပန်ကာ စသဖြင့် စက်ပစ္စည်းပြင်ဆိုင်လေး ဖွင့်ထားသည်။ နှစ်ယောက်ပေါင်း ပင်စင်နှင့် ထိုဆိုင်ဝင်ငွေလေးဖြင့် လင်မယားနှစ်ယောက်သား တတိယအရွယ်ကို ဖြန်သန်းနေကြခြင်းဖြစ်၏။

"အေးအေး၊ ဒါဖြင့်လည်း ပြီးရော၊ သားတို့နေတဲ့ အင်းလျားလမ်းက ဘတ်စ်ကားလည်းမရှိ၊ ကားဂိတ်ကနေ သားအိမ်အထိ လမ်းလျှောက်ဝင်ရမှာဆိုတော့ မင်း ပင်ပန်းနေမှာစိုးလို့ပါ၊ ဪ ဟေ့၊ တစ်နေ့က ငါတပည့်တွေလာကန်တော့သွားတဲ့ ပုစွန်ခြောက် အကောင်ကြီးတွေနဲ့ ရှောက်ပျားရည်ပုလင်းပါ မင်းနိုင်ရင် ထည့်သွားလိုက်ပါလား၊ ဒီကောင်က ပုစွန်ခြောက် သိပ်ကြိုက်တဲ့ကောင်၊ ငယ်ငယ်က မုန့်ဖိုးပေးရင်တောင် ပုစွန်ခြောက်ထုပ်ပဲ ဝယ်စားတာလေ၊ နောက်ပြီး ရှောက်ပျားရည်က လူလန်းတယ်ကွ၊ သား အလုပ်ပင်ပန်းတဲ့အခါ ဖျော်သောက်ရတာပေါ့"

ဒေါ်ခင်မွန် တစ်လှည့် ပြုံးမိသည်။

"အောင်မယ်လေးတော်၊ သူ့သားကဖြင့် မိန်းမရလို့ သမီးလေးတစ်ယောက်တောင် ရနေပြီဟာ၊ ငယ်ငယ်တုန်းကလို ပုစွန်ခြောက်ထိုင်စားတဲ့အရွယ်မှ မဟုတ်တော့တာကိုများ"

ပါးစပ်ကသာ [illegible]ပြောနေသည်။ ဒေါ်ခင်မွန့်မျက်နှာတွင် နားရွက်ချိတ်အပြုံး ရှိနေပါတော့သတည်း။

(၃)

ဒေါ်ခင်မွန် ခေါင်းကိုက်နေသည်။

အင်း- သားကြီးထက်မြတ်ကို ဘယ်လိုပြောရပါ့မလဲ။

သက်ပြင်းကြီးကြီးတစ်လုံး ဟင်းခနဲ ချမိ၏။

သား ထက်မြတ်အောက်အငယ် တတိယသား လင်းမြတ်က ဆယ်တန်းကို သုံးခါကျပြီး ဆက်မဖြေတော့ဘဲ ကုမ္ပဏီတစ်ခုတွင် ယာဉ်မောင်းဝင်လုပ်နေသည်။

တစ်မိပေါက် တစ်ယောက်ထွန်းဆိုသကဲ့သို့ သားငယ်သည် ငယ်စဉ်ကပင် ခပ်ဆိုးဆိုးလေးဖြစ်၏။ အပေါင်းအသင်း စုံသည်။ ထို့ကြောင့် သားငယ်ရသော လခမှာ မနည်းလှသော်လည်း သူ့ဘာသာသူပင် လောက်ငသည်မရှိ။ အဖေ၊ အမေထံမှ ချေးပါဦးဆိုသည်က တစ်မျိုး၊ ဟိုဟာ လိုသည်၊ သည်ဟာ လိုသည် ဆိုသည်ကတစ်ဖုံ၊ အကြောင်းအမျိုးမျိုးပြကာ ငွေတောင်းတတ်သည်။

ချေးပါဆိုသော စကားမှာလည်း ပါးစပ်ကသာ ချေးသည်၊ ပြန်ပေးဖို့ လက်က မပါ။ ပြန်ပေးလေ့လည်း မရှိ။ သလို အကယ်၍ ပြန်ပေးလာလျှင်ပင် အမေ၊ အဖေက မယူရက်ပါ။ ဦးအောင်မြတ် အလုပ်အကိုင်ကောင်း၍ ငွေရှိနေလျှင် ဖြည့်တင်းပေးနိုင်ပြီး တျန်းမာ[illegible] လူမှုရေး စသည်ဖြင့် အကုန်အကျများသော လများတွင်ကား သားငယ်ကို[illegible] ရန် ငွေမလုံလောက်သည်နှင့် တိုးတ[illegible]၏။ သားလိုသည်ကို ချက်ချင်း မဖြည့်တင်းနိုင်သည့်အတွက်ပင် လင်မယားနှစ်ယောက် စိတ်မကောင်းဖြစ်ကြရသည်။

ထိုအခါမျိုးတွင် ဒေါ်ခင်မွန်[illegible] သားကြီးထက်မြတ်ထံမှ တိုးတိုး[illegible] တိတ် ခဏဆွဲကာ သားငယ်ကို [illegible] လေသည်။ သို့သော် ချွေးမ [illegible] ဖြိုးပြင်မည်စိုး၍ သားငယ်အတွက်[illegible] မပြောရဲ၊ မိမိပင် ခေါင်းခံကာ မိမိ[illegible]





www.burmeseclassic.com

www.burmeseclassic.com

အနေနှင့် ဆွဲရ၏။ ပြီးအိမ်သုံးစရိတ်ကို ချွေတာကာ ငွေပြန်စုလျက် သားကြီးကို ပြန်ဆပ်ရသည်။ သားကြီးက နေပါစေ ဆိုသော်လည်း မိသားစုကိစ္စကြောင့် သားကြီးနှင့်ချွေးမသိသိမှာ ပြဿနာ မဖြစ်စေလိုသည့်အတွက် ဒေါ်ခင်မွန် မည်မျှပင် ကျပ်တည်းပါစေ၊ ယူထားသောငွေကို ပြန်ဆပ်ခဲ့သည်ချည်း။

ဟိုးတစ်လက သားငယ် လင်းမြတ်က ကုမ္ပဏီကားဖြင့် ဖယ်ရီပို့ပြီး အပြန် အပေါင်းအသင်းများနှင့်တွေ့သည်။ကားကိုလမ်းဘေးရပ်ကာ အရက်ဝင်သောက်ကြသည်တဲ့။ သည်တွင် ည အမှောင်၌ ရပ်ထားသောကားမှ မီးလုံးတစ်လုံးနှင့် စပယ်ယာဘီး ဖြုတ်အခိုးခံလိုက်ရသည်။ သည်ကိစ္စ ကုမ္ပဏီမှသိလျှင် အလုပ်ဖြုတ်ခံရမည်မို့ ပြူးတူးပျာတာနှင့် ပြဿနာက အမေ့ထံရောက်လာသည်။ ပစ္စည်းများ အစားပြန်ဝယ်ပြီး မနက်ဖယ်ရီအမီ ပြန်ထည့်ရန်ဖြစ်ပါ၏။

လကုန်ခါနီးဖြစ်၍ ဒေါ်ခင်မွန်မှာ သည်မျှငွေမရှိတော့။ သို့နှင့် သားကြီး ထက်မြတ်ထံ ဖုန်းဆက်ပြီး အရေးပေါ် ငွေဆွဲကာ သားငယ်ကိစ္စ ရှင်းပေးလိုက်ရသည်။

သားကြီးက ထိုငွေသည် နောက်တစ်လခန့်တွင် ဇနီးသိသိမာ၏ မွေးနေ့အတွက် ရွှေဝယ်ရန် ဖယ်ထားသောငွေဖြစ်၍ မွေးနေ့မတိုင်မီ ပြန်ရမှဖြစ်မည်ဟု ပြောသည်။ ထို့ကြောင့် ဒေါ်ခင်မွန်မှာ ငွေကို မရအရ ပြန်စုကာ ဆပ်လိုက်ရ၏။

သို့အတွက် ထိုလက ဒေါ်ခင်မွန် အတော်ကျပ်တည်းခဲ့ရသည်။ အမေဆိုပါက သားငယ်နှင့် ပြဿနာဖြစ်မည်စိုး၍ ခင်ပွန်းမသိအောင် ကျိတ်ရှင်းရ၏။ ခင်ပွန်းကိုအောင်မြတ်၏ဆိုင်မှ ဝင်ငွေဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေရသည်ဖြစ်ပြီး သူမလို ပင်စင်စား တစ်ယောက်အတွက် မည်သည့်နေရာကမျှ ဝင်ငွေ ရနိုင်သည်မဟုတ်။

သို့နှင့် တစ်ခုတည်းသောလမ်းဖြစ်သည့် ချွေတာရေးစနစ်ကို ကျင့်သုံးရတော့သည်။ ဒေါ်ခင်မွန် ဈေးဖိုးစရိတ် လျှော့ချပစ်လိုက်၏။ မနက်ခင်း အာဆာပြေ တစ်ခုခုစားခြင်းကို သူမကိုယ်တာ ဖြုတ်လိုက်သည်။ မနက်စောစော မစားတော့ဘဲ ထမင်းကိုသာ စောစောစားလိုက်တော့၏။ အသားဟင်းကိုလည်း ခင်ပွန်းနှင့် သားသမီးများအတွက်သာ ချက်သည်။ သူမအတွက် ထည့်မချက်တော့။ သည်တော့ အသားဖိုးက ငါးကျပ်သား၊ တစ်ဆယ်သားဖိုးလောက် ငွေပိုထွက်လာလေသည်။ ဒေါ်ခင်မွန်အတွက် အသီးအရွက်ဟင်းတစ်ခွက်နှင့်ပင် လုံလောက်ပါသည်။ သူမ တစ်ယောက်စာ လျှော့သွားသဖြင့် တစ်ရက် တစ်ထောင်ဝန်းကျင်တော့ ဈေးဖိုး ပိုထွက်၏။

ထို့ပြင် လစဉ်သောက်နေကျ အားဆေးကို ထိုလအတွက် ရပ်၏။ ဆေးဖိုးက တစ်သောင်းခန့် ပိုငွေထွက်သည်။ သွေးတိုးရှိသော ဒေါ်ခင်မွန်အား လစဉ် ဆေးခန်းပြစရိတ်ကို နယ်မှ သမီးကြီး စုမြတ်ကပို့ပေးရာ ထိုလက ဆေးခန်းမပြတော့ဘဲ ပို့ငွေ သုံးသောင်းကိုပါ စုငွေထဲ ထည့်လိုက်သည်။ လိုနေသောငွေကိုလည်း လည်ပင်းမှ ကြိုးပါးလေး ဖြုတ်ပေါင် ဖြည့်လိုက်ခြင်းဖြင့် သားကြီးထံမှ ချေးငွေဆပ်ရန် ပြည့်သွားတော့သည်။

ထိုလက လည်ပင်းတွင် ကြိုးမရှိသည်ကို ခင်ပွန်းသည် မရိပ်မိစေရန် ကော်လံပါ အင်္ကျီချည်း ဝတ်ခဲ့သည့်အတွက် ဦးအောင်မြတ် မသိလိုက်။ သည်လတွင်လည်း ဟိုလကအတိုင်း လျှော့သုံး ချွေတာခဲ့၍ ကြိုးလေး ပြန်ရွေးလိုက်နိုင်သည်။ အဖေဖြစ်သူက သားငယ် အရက်သောက်တတ်သည်ကို မကြိုက်။ အရက်သောက်ရင်း ဖြစ်ရသော ပြဿနာအတွက် အဖေနှင့်သား ပြဿနာထပ်ဖြစ်မည်စိုး၍ ဒေါ်ခင်မွန် ကျိတ်ရှင်းရခြင်း ဖြစ်သည်။

အမေဆိုတာ သည်လိုပါပဲ။ ခင်ပွန်းနှင့် သားသမီးကြား မသိတန်တာ မသိရအောင် ဟိုဖုံး သည်ဖာ လုပ်ရတတ်သည်။ အဖေနှင့် သားသမီးကြား ပြဿနာမဖြစ်ရအောင် ကြားဝင် ခေါင်းခံရတတ်သည်။ အဖေလုပ်သူက ဆူလည်း သည်အမေခံ။ သားသမီးများ၏ ပူညံကိစ္စများသည်လည်း သည်အမေပင် အပြောခံ၊ တစ်ယောက်တည်း စိတ်ညစ်ခံ၍ ရှင်းရတတ်သည်မှာ အမေတိုင်း လိုလိုပါပဲ။

ထိုသို့ သားငယ်နှင့် သူမကြားက လျှို့ဝှက်ကိစ္စကြီး ရှင်းပြီး၍မှ မကြာခင်ခု သားငယ်က လုပ်လာပြန်ပြီ။ ရှေ့အပတ် ရုံးသုံးရက်ဆက်ပြီး အပိတ်မှာ ချောင်းသာသွားချင်လို့တဲ့။ တစ်ရုံးလုံး သွားကြမည်။ ရုံးကကားနှင့်၊ အစားအသောက်၊ ဟိုတယ်တည်းခိုခ တာဝန်ယူမည်ဖြစ်သော်လည်း သုံးစွဲရန်အတွက်တော့ ငွေလိုသည်။ အမေ ပေးပါဦးတဲ့။

တစ်ရုံးလုံးသွားမှဆိုတော့ သားငယ်လည်း လိုက်ချင်ရှာမှာပေါ့ဟုတွေးကာ ဒေါ်ခင်မွန် မတားရက်၊ မတားချင်။ ခက်သည်က ပြီးခဲ့သောလ သားကိစ္စရှင်းရန် ခင်ပွန်းမသိအောင် ပေါင်ထားရသော ကြိုးကို သည်လ ထပ်ချွေတာ၍ ပြန်ရွေးလိုက်ရသဖြင့် ငွေက မလည်သေး။ သည်တစ်ခါ ကြိုးထပ်ပေါင်၍ မဖြစ်တော့။ ဟိုလကပင် ဦးအောင်မြတ်



www.burmeseclassic.com

www.burmeseclassic.com

သတိမထားမိစေရန် သူမမှာ တထိတ်ထိတ် နေခဲ့ရ၏။ သည်လပါဆိုလျှင်တော့ မလွယ်တော့။ အခြား ပေါင်စရာကလည်း မရှိ။ ခင်ပွန်းသည်ကိုလည်း အလုပ်ပင်ပန်းရသည့်ကြားထဲ အပူထပ်မပေးလို။

သားကြီးထက်မြတ်ဆီ ထပ်ချေးဖို့လည်း အားနာသည်။ လစဉ်နီးပါး ချေးနေသလို ဖြစ်နေရသည်မဟုတ်လား။ သားက အိမ်ထောင်ခွဲဖြစ်နေပြီ။ ခဏခဏ အပူကပ်၍ မတော်။

သားငယ်လေးကလည်းနော်၊ အမေ့မှာ ငွေတွင်းကြီးရှိတယ် မှတ်နေရော့သလား။ အင်း- ငါ့မှာ တကယ်ပဲ ငွေတွင်းကြီးရှိရင် ကောင်းမှာ။ ဒါမှ . . ။ မဖြစ်နိုင်သည်ကိုပင် ဒေါ်ခင်မွန် တမ်းတမိတော့၏။ မီးခွက်စောင့် နတ်သမီး ဂျင်းနီအဖြစ် သူမကိုယ်သူမ မကြီးမငယ်နှင့် စိတ်ကူးယဉ်မိသေး။ တတ်နိုင်ဘူးလေ။ နောက်ဆုံး ရွှေမျက်နှာ တောင်ပို့ မြောက်ပို့ အနောက်ပို့ပြီး သားကြီးဆီပဲ။

ဒေါ်ခင်မွန် စိတ်ထွေထွေနှင့်ပင် သားကြီးထံသွားရန် အဝတ်လဲလိုက်ရသည်။

(၄)

"ဟွန်း- အရေးဆို အမေတို့ အဖေတို့က ဘာမှ အားမကိုးရဘူး"

နုနုမြတ် မကျေမနပ်နှင့် အသံထွက်အောင် ညည်းသည်။ နုမြတ်က သူငယ်ချင်းများနှင့် သည်လ ကွန်ပျူတာ ဂရပ်ဖစ်သင်တန်း တက်ရန် တိုင်ပင်ထားကြ၏။ သို့နှင့် အမေ့ထံ သင်တန်းကြေး သုံးသောင်း တောင်းသည်။ အမေက နောက်လကျမှ တက်ပါလားသမီးရယ်၊ ဒီလ ငွေနည်းနည်းကျပ်လို့ပါဟု ပြောသည်။

ဟင်း- ဘယ်လရော ငွေမကျပ်တာရှိလို့လဲ။ ထမင်းစားရင် အသားဟင်းလေး မနက်နှစ်တုံး၊ ညနေနှစ်တုံး ကိုယ်တာနဲ့။ မနက်ဆိုလည်း တစ်ခါလာ ထမင်းကြမ်းနဲ့ ပဲပြုတ်ကြော်၊ တစ်ခါ တလေ ကောက်ညှင်းပေါင်း၊ မုန့်ဟင်းခါးလေး၊ အုန်းနို့ခေါက်ဆွဲလေးတောင် တစ်ပတ် တစ်ခါ မစားရဘူး။

တက္ကသိုလ်ကျောင်းသူသာ ဆိုတယ်၊ ကျောင်းသွားရင် ကားခက ကွက်တိ။ မုန့်ဖိုးက မဖြစ်စလောက် တစ်ထောင်၊ ထောင့်ငါးရာ။ ဒီလောက်ငွေလေးနဲ့ ဘာလုပ်လို့ရမှာလဲလို့ အမေ့ကို ပြောရင် အဲဒီတစ်ထောင်၊ ထောင့်ငါးရာ ပေးနိုင်အောင်တောင် သမီးအဖေ တကုန်းကုန်းနဲ့ အလုပ်လုပ်ပြီး ရှာထားရတာဟု ပြောဦးမည်။

သူများမိဘတွေဆို ကြည့်ပါလား။ မာလာတို့ဆို ပေါ်သမျှ ဝယ်သုံးနိုင်တယ်။ သူ့အဖေ သင်္ဘောသားက မုန့်ဖိုးတစ်ခါပေးရင် သုံးလေးငါးသောင်းတဲ့။ ဒါတောင် တစ်ပတ်လောက်ဆို မရှိတော့လို့ အမေ့ဆီ ထပ်တောင်းရသတဲ့။

ဝေဝေတို့ဆိုလည်း အမေက တစ်ခုလပ်။ အဲဒါတောင် တက္ကသိုလ်တက်နေတဲ့ သမီးနဲ့သားကို အမေတို့ထက် ပိုကျွေးနိုင် ဆင်နိုင်သေးတယ်။

နုမြတ်မှာတော့ အဖေရော အမေပါ ရှိလျက်နဲ့ ဝေဝေလောက်တောင် မသုံးနိုင်၊ မဝတ်နိုင်ဘူး။ အဲလိုပြောရင်လည်း သမီးက သူဌေးသူကြွယ် ဝမ်းထဲ မဝင်စားဘဲ အမေတို့ဝမ်းထဲမှ ဝင်စားလာတာကိုးကွယ်။ သမီးကံ အတိုင်းပဲပေါ့ဟု ပြန်ပြောမည့် မေမေ့လေသံ ကြို၍ကြားနေသည်။

နုမြတ်အတွေးထဲ ဝေဝေ့အမေကို မြင်ယောင်လာသည်။ ဝေရှေ့အမေ

အန်တီမူက ပွဲစားလုပ်သည်ဆိုလား ဝေဝေ ပြောဖူးသည်။ ရွှေနှင့်ငွေနှင့် ကြော့နေ၏။ ဝေဝေ့ကိုလည်း အဝတ်သစ်များ မကြာခဏ ဝယ်ပေးနိုင်သည်။ မုန့်ဖိုးဆို ဝေဝေ့ ပိုက်ဆံအိတ်ထဲမှာ အနည်းဆုံး ငါးထောင်၊ တစ်သောင်းထက် ဘယ်တော့မှမလျော့။

ဟင်း- အဖေကလည်း ဒီတိုင်း မြင်ဆိုင် သေးသေးလေးမှာပဲ အချိန်ကုန်နေတယ်။ ကြီးပွားတိုးတက်မယ့် လမ်းစဘာမှ မရှာဘူး။ အမေဆိုလည်း မီးဖိုထဲမှာ ချက်မယ်၊ ပြုတ်မယ်၊ လျှော်မယ်၊ ဖွပ်မယ် ဒါပဲ လုပ်တတ်တယ်။ ဝေဝေ့အမေဆို ကြည့်ပါလား။ ယောက်ျားတွေနဲ့ ရင်ပေါင်တန်းပြီး ရဲရဲတင်းတင်း သွားလာလှုပ်ရှား လုပ်ကိုင်နေတာ။ စီးပွားရေး လာဘ်မြင်လိုက်တာများ လှစ်လို့။ အဖေနဲ့အမေက တုံးကိုတုံးတယ်။

နုမြတ် မကျေမချမ်းနိုင် အတွေးပွားနေဆဲ။

တကယ်တော့ ဒီဂရပ်ဖစ် သင်တန်းက နုမြတ်အတွက် အရေးတကြီး သင်ယူရလောက်အောင်တော့မလိုသေးပါ။ တတ်ထားသင့်သည့် ပညာရပ်ဖြစ်သော်လည်း ခုမှ အင်္ဂလိပ်မေဂျာ ပထမနှစ်မို့ အမေပြောသလို နောက်လမှ တက်လျှင်လည်း ရပါသည်။ သို့သော် နုမြတ်က သည်လပင် တက်ချင်၏။ အကြောင်းမှာ ကောင်းခန့်ဦးလည်း တက်မည်ဖြစ်ခြင်းကြောင့်တည်း။

ကောင်းခန့်ဦးကို နုမြတ်သာမက ဝေဝေပါ စိတ်ယိမ်းနေသည်။ ကောင်းခန့်ဦးက ဟိုလိုလို သည်လိုလိုနှင့် နှစ်ယောက်စလုံးကို ကျွေနေ၏။ နုမြတ်သာ သည်လ သင်တန်းမတက်ဖြစ်ခဲ့လျှင် ကောင်းခန့်ဦးက ဝေဝေနှင့် သင်တန်း အတူတက်ရင်း ပို၍အတွဲများတော့မည်





www.burmeseclassic.com

www.burmeseclassic.com

ဝေဝေ့နောက် ပါသွားနိုင်သည်။ ဒုက္ခပါပဲ။ နောက်လမှတက်ရင် ဘာထူးတော့မှာလဲ။ သင်တန်းချိန် မတူ၊ သင်ခန်းစာလည်း တူမှ မတူတော့တာ။ တကွဲစီဖြစ်တော့မှာကို။

နုမြတ် ရင်ပူလာသည်။ တစ်ဆက်တည်း အဖေနှင့်အမေကို ပို၍ ဒေါသဖြစ်လာ၏။ အဲဒါ အဖေနဲ့အမေကြောင့်၊ အဖေနဲ့အမေ အသုံးမကျလို့၊ သူတို့အခက်အခဲပဲ သူတို့သိတယ်၊ သားသမီးဘက်ကိုကျ ကိုယ်ချင်းစာ စဉ်းစားမပေးဘူး၊ ဟင်း။

နုမြတ် စိတ်ဆိုးဆိုးနှင့်တွေးကာ ဒေါပွမဆုံးဖြစ်နေမိတော့၏။

(၅)

"ဖေကြီး၊ သမီးနုမြတ်က ကွန်ပျူတာသင်တန်း မတက်ရလို့ဆိုပြီး စိတ်ကောက်နေတယ်၊ မနေ့ညက ထမင်းမစားဘဲ ဝင်အိပ်သွားတယ်၊ မနက်ကလည်း မျက်နှာမကောင်းဘဲ ကျောင်းထွက်သွားလေရဲ့"

ဒေါ်ခင်မွန် စိတ်မကောင်းစွာ ပြောမိသည်။ ခုခေတ်က ပညာခေတ်မို့ ဒေါ်ခင်မွန်တို့တုန်းကလို သာမန် ဘွဲ့ရရုံ လောက်နှင့်မလုံလောက်တော့။ဘာသာစကားသင်တန်း၊ ကွန်ပျူတာသင်တန်းသေဖြင့် သင်တန်းစုံ တက်ထားဖို့လိုသည်ကို ဒေါ်ခင်မွန်လည်း သိပါ၏။

ရပ်ကွက်ထဲမှ မိခင်များက သား ဘာသင်တန်း တက်နေတာ၊ သမီး ဘာလုပ်မလို့ ဘာကျောင်းတက်နေတယ် စသဖြင့် အပြိုင်ဂုဏ်ယူဝင့်ကြွား ပြောနေကြသည့်အထဲ ဒေါ်ခင်မွန် မျက်စိသငယ် နားသငယ်။ သူမ လည်း သားသမီးများကို ထိုသို့ ဘွဲ့၊ ထိုမှာ သင်တန်းစုံအောင် ပေးတက်ကာ အတတ်ပညာစုံစေချင်လှ၏။ သို့သော် စိတ်သွားတိုင်း ကိုယ်က မပါ။

ကလေးတွေ အတတ်ပညာ သင်တန်းတစ်ခုခု တက်နိုင်ရန် ငွေလေး ခြစ်ကုတ်စုလိုက်၊ အိမ်က ရေမော်တာ ပျက်၍ ပြင်လိုက်ရသည်နှင့်။ အဖေကြီး မျက်မှန်အဟောင်းက ပါဝါမကိုက်တော့ဘဲ မျက်ရိုးကိုက် ခေါင်းမူးဖြစ်လာ၍ မျက်မှန်အသစ် လုပ်လိုက်ရသည်နှင့်။ သားငယ်ကိစ္စလို ကြားဖောက် ငွေထွက်စရာ ကိစ္စမျိုး၊ သမီး နေမကောင်း၍ ဆေးခန်းပြေးရသည့် ကိစ္စမျိုး ကြုံရသည်နှင့်။ စု၍ ရသည်ကို မရှိ။ ငွေထွက်စရာ အပေါက်တွေက ကြွက်တွင်းလို များလှချည့်။

ဦးအောင်မြတ်က ငွေစာရင်း အရာရှိ။ ဒေါ်ခင်မွန်က အကြီးတန်း စာရေးမဘာဝနှင့် သည်သားသမီး လေးယောက်တို့ကို ပညာသင်ပေးခဲ့ရသည်။ လူလတ်တန်းစားများဖြစ်၍ သားသမီးများအရွယ်ရောက် ပညာစုံအောင်ပင် မနည်းရုန်းကန်ခဲ့ကြရ၏။

သားကြီးထက်မြတ်က သမိုင်းနှင့် ဘွဲ့ရပြီး ရှေးဟောင်းသုတေသနဌာနတွင် အရာရှိဖြစ်နေပြီ။ သားငယ်လင်းမြတ်ကတော့ မိဘများက မပြေလည်သည့်ကြားမှ ကျူရှင်ဆို ကျူရှင်၊ ဝိုင်းဆို ဝိုင်း ထားပေးခဲ့သော်လည်း သူကိုယ်တိုင်က အပေါင်းအသင်းအပျော်အပါးမက်ကာ စာကို မကြိုးစားချင်ခဲ့၍ ဆယ်တန်း တဝုန်းဝုန်းကျခဲ့၏။

နောက်ဆုံး ကုမ္ပဏီတစ်ခုမှာ ကားဒရိုင်ဘာ ဝင်လုပ်သည်။ သားလေး ပင်ပန်းသည်ကိုမြင်တော့ ဒေါ်ခင်မွန်တို့ နောက်ကွယ်မှာ မျက်ရည်ကျရလေ၏။ အနည်းဆုံး သက်သောင့်သက်သာ ထိုင်ရသော ရုံးအလုပ်လေးများ ဖြစ်ပါလျှင်တော်သေးရဲ့ဟုတွေးကာ စိတ်မကောင်းဖြစ်ရလေသည်။

သားငယ်က တက္ကစီမောင်းချင်သည်ဟု ပြောဖူးသည်။ ပင်ပန်းတာချင်း အတူတူ ဝင်ငွေလည်း ပိုရသည်။ ကားအုံနာမှလွဲလျှင် မည်သူ့ကိုမျှလည်း ကြည့်စရာမလိုဟု ဆိုသည်။ သို့သော် ကားစပေါ်က ညမောင်းတောင် အနည်းဆုံး နှစ်သိန်း၊ နေ့ဆို သုံးသိန်းနှင့်အထက်ဆိုတော့ ဒေါ်ခင်မွန်တို့မှာ လောလော ဆယ် မတတ်နိုင်သေးပြန်။ သမီးနုမြတ် ကျောင်းစရိတ်က ရှိသေးသည်လေ။

ဝင်ငွေပိုရအောင် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စသည်ဖြင့် ဆိုင်လေး ထွက်မည်ဆိုတော့လည်း ခင်ပွန်းဖြစ်သူက -

"မင်းမှာ သွေးတိုးနဲ့ ကျန်းမာရေးကလည်း သိပ်ကောင်းတာမဟုတ်ဘူး၊ ဆိုင်ထွက်တာ တစ်ရက်အလုပ်မဟုတ်ဘူးလေ၊ ချက်ဖို့ပြုတ်ဖို့ ကူမယ့်လူလည်း မရှိ မင်းတစ်ယောက်တည်း မဖြစ်ပါဘူး၊ တော်ကြာ နေထိုင်မကောင်းဖြစ်သွားရင် ဘယ်လိုလုပ်မလဲ" ဟုဆိုကာတားသည်။

တကယ်တော့လည်း စိတ်ကသာရှိသည်။ အိမ်အလုပ်များကိုပင် သူမမှာ နားနားပြီး လုပ်နေရသည်မဟုတ်လား။

"နောက်လတော့ ထားနိုင်မှာပါကွာ၊ ငါ တီဗွီအဟောင်းနှစ်လုံးပြင်ပြီး ရောင်းထားတယ်၊ လက်လုပ်လက်စားတွေဆိုတော့ ငွေအကျေပေးပြီး ဝယ်နိုင်ကြတာ မဟုတ်ဘူး၊ တစ်လ တစ်ဝက်နဲ့ နှစ်လပေး ရောင်းရတာဆိုတော့ ရှေ့လမှ တစ်ဝက်စီ စပြီး ရမယ်၊ သင်တန်းကြေးတော့ ပြည့်မှာပါ။ သမီးလေးကို ရှေ့လမှ တက်ဖို့ ချော့ထားလိုက် မေကြီးရာ"

www.burmeseclassic.com

"ခင်မွန်လည်း ရွှေလမှတက်ဖို့ ပြောပါတယ်၊ သမီးက သူ့သူငယ်ချင်းတွေက ဒီလဆန်းတက်ကြမှာမို့ အတူတူ တက်ချင်တာတဲ့"

"ဟင်း"

ဦးအောင်မြတ်ထံမှ သက်ပြင်းချသံ ပေါ်လာသည်။ ဒေါ်ခင်မွန်က မျက်နှာညှိုးသွားသော ခင်ပွန်းသည်ကို ဝေ့ကြည့်ရင်း သူမလည်း သက်ပြင်းကို တိတ်တခိုး ရှိုက်မိ၏။

"အေးပေါ့လေ၊ သမီးလေးလည်း သူငယ်ချင်းတွေနဲ့အတူတူ တက်ချင်ရှာမှာပေါ့၊ အင်း- ဒါဖြင့်လည်း ခင်မွန်ရေ ဈေးထဲက ဒေါ်မြမေဆီကပဲ နေ့ပြန်တိုးနဲ့ ဆွဲပေးလိုက်ပါကွာ"

"ဟင် ဖေကြီးရယ်၊ နေ့ပြန်တိုးနဲ့က သုံးသောင်းဆိုတော့ တစ်နေ့ ထောင့်ငါးရာနဲ့ နှစ်ဆယ့်လေးရက် ဆပ်ရမှာ၊ အတိုးက ခြောက်ထောင်တောင်၊ ဈေးဖိုးနဲ့ ချေးငွေဆပ်ရမှာနဲ့ ဖေကြီး တစ်နေ့တစ်နေ့ အလျှဉ်မီအောင် ဘယ်လိုရှာမလဲ"

"ရပါတယ်ကွာ၊ မြို့ထဲက မောင်သန်းဆိုင်မှာ တီဗွီပြင်တဲ့ အကူကောင်လေး ရွာပြန်သွားတယ်၊ နှစ်လလောက်ကြာမတဲ့၊ ဒါကြောင့် မောင်သန်း တစ်ယောက်တည်း အလုပ်တွေမနိုင်ဖြစ်နေတာ၊ ကောင်လေး ပြန်မလာခင် ငါ့ကို သူ့ဆီ အချိန်ပိုင်းဖြစ်ဖြစ် လာကူပေးဖို့ ပြောနေတယ်၊ တစ်နေ့ နှစ်ထောင်ငါးရာနဲ့ လမ်းစရိတ်ပေး ထမင်းကျွေးမတဲ့၊ ငါ့ဆိုင်က ကိုယ်ပိုင်ဆိုင်ဆိုတော့ ခါတိုင်းလို ည ၈ နာရီလောက်မှမပိတ်ဘဲ ညနေစောစော ၅ နာရီလောက်ပိတ်ပြီး မောင်သန်းဆိုင်ကို သွားလိုက်မယ်၊ သူ့ဆီက ဆယ်နာရီလောက် ပြန်လာမယ်၊ ငါ့ဆိုင်က အလုပ်တွေကို မောင်သန်းဆိုင်က ပြန်လာမှ အိမ်မှာ ဆက်လုပ်လိုက်ရင် ရတာပဲ"

"ဟင်- ဒါဆို ဖေကြီးက ဘယ်အချိန် အိပ်ရတော့မှာလဲ၊ ၁၀ နာရီလောက်မှ ပြန်လာရင် မြောက်ဒဂုံကို ၁၁ နာရီလောက်မှ ရောက်မယ့်ဟာ၊ အိမ်မှာလည်း အလုပ်ဆက်လုပ်ဦးမယ်ဆို ဘယ်မှာ အိပ်ချိန်ရှိတော့လို့လဲ"

ဦးအောင်မြတ်က ဇနီးသည်ပခုံးကို အသာပုတ်၍ ပြုံးသည်။

"ရပါတယ်ဆို ခင်မွန်ရာ၊ တစ်လ နှစ်လပဲဟာ၊ မနက်ကျ ဒေါ်မြမေဆီ သွားယူပြီး သမီးကိုပေးလိုက်၊ ဟုတ်ပြီလား"

ဒေါ်ခင်မွန် မျက်ရည်ဝိုင်းသွား၏။

(၆)

"အီမေ. . . အမေ"

အိမ်ရှေ့မှ ခေါ်သံကြောင့် ဟင်းချက်နေရာမှ ဒေါ်ခင်မွန် ရှေ့ထွက်ခဲ့၏။

"ဟယ်- သမီးကြီး စုမြတ်၊ ဆိုင်းမဆင့် ဗုံမဆင့် လာ လာ"

ဒေါ်ခင်မွန် ဝမ်းပန်းတသာ ပြော၏။

သမီးအိတ်ကို ပြေးယူကူဆွဲရင်း-

"သမီး တစ်ယောက်တည်းလား၊ မြေးလေးတွေကော မပါဘူးလား"

"မပါဘူး အမေ"

သမီးအသံတိုးတိုးကြားမှ ဒေါ်ခင်မွန် သမီးကိုကြည့်မိ၏။ သမီးမျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လာလဲဟု စိတ်ပူစွာ မေးချင်မိသော်လည်း ခရီးရောက်မဆိုက် မမေးလိုသေး၍ သမီးပခုံးကို ဖက်ကာ လက်တစ်ဖက်က အထုပ်များဆွဲလျက် အိမ်တွင်း ဝင်လာရ၏။

"နုမြတ်တို့ လင်းမြတ်တို့ကော အမေ"

"ကျောင်းသွား၊ ရုံးသွားကြတယ်လေ၊ လာ သမီး ထိုင်ဦး၊ ခရီးပန်းလာမှာပေါ့"

အိမ်ထဲရောက်၍ အထုပ်ချရုံသာ ရှိသေးသည်၊ သမီးစုမြတ်က အမေကို ဖက်ပြီး ငိုပါတော့သည်။ ဒေါ်ခင်မွန် ရင်ထိတ်သွား၏။ သမီးကိုဖက်၍ အားပေးသလို သမီးကျောကို အသာပုတ်ပေးရသည်။

"စိတ်အေးအေးထား သမီး၊ အမေ့ဆီ ရောက်လာပြီပဲ၊ ဘာဖြစ်လာသလဲ အမေ့ကိုပြော၊ အမေရှိတယ်နော် တိတ်တိတ်"

စုမြတ်က အမေ့ရင်ခွင်မှ မျက်ရည်လည်လည်ရွှဲဖြင့် မော့ကြည့်ရင်း သူ့စိတ်သူ ထိန်းဟန်နှင့် မျက်ရည်သုတ်သည်။ ဒေါ်ခင်မွန်ကလည်း မျက်ရည်များကို အသာသုတ်ပေးရင်း သမီး၏ နဖူးဆံစလေးများကို တယုတယသပ်ကာ -

"မောင်ဇော်နဲ့ ရန်ဖြစ်လာပြန်သလား သမီး"

သမီးစုမြတ်က ငိုမဲ့မဲ့နှင့် ခေါင်းညိတ်သည်။

သမီးခင်ပွန်း မောင်ဇော်ထွန်းမှာ လမ်းတံတားအင်ဂျင်နီယာဖြစ်၍ ခင်ပွန်းတာဝန်ကျရာနယ်သို့ သမီးက ပြောင်းရွှေ့လိုက်ပါနေရ၏။ ယခင်က သမီးသည်လည်း အလယ်တန်းပြကျောင်းဆရာမ ဖြစ်သည်။ သို့ကြောင့် ခင်ပွန်း ပြောင်းရတိုင်း မလိုက်နိုင်ဘဲ သား နှစ်ယောက်တို့နှင့် နေခဲ့ကာ မိသားစုခွဲနေကြရ၏။ ထိုအခါ ဝင်ငွေလည်းကောင်း အရွယ်လည်းကောင်းသော မောင်ဇော်က ဇနီးနှင့် အဝေးတွင် ဘာလိုလို ... ရှုပ်သော သတင်းများ ကြားလာရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လင်မယားလည်း တကျက်ကျက်ဖြစ်နေတော့၏။

နောက်ဆုံး ရှေ့ဖြစ်လာနိုင်သည့် ပြဿနာများကို တွက်ဆကာ ဒေါ်ခင်မွန်ကပင် သမီးစုမြတ်ကို အလုပ်မှထွက်ပြီး မိသားစုအတူနေရန် တိုက်တွန်းရတော့သည်။ သို့နှင့် စုမြတ် အလုပ်ကထွက်ပြီး သားနှစ်ယောက်ပါ ကျောင်းပြောင်းကာ ခင်ပွန်းနှင့် လိုက်ပါနေထိုင်မှ ထိုပြဿနာများ အေးသွားလေသည်။

သမီးစုမြတ်တို့မှာ စီးပွားရေး အဆင်ပြေကြသူများဖြစ်၍ အခြားကိစ္စများ ပူစရာမလို။ လင်မယား မပြေမလည်ဖြစ်ရန် အကြောင်းသာရှိသည်မို့ ဒေါ်ခင်မွန်တွက်ဆကာ မေးလိုက်ခြင်းဖြစ်သည်။ စုမြတ်က ခင်ပွန်းဖြစ်သူမှာ အလုပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီတစ်ခုမှဝန်ထမ်းမိန်းကလေးတစ်ယောက်နှင့် ခြေရှုပ်နေကြောင်း ငို၍ပြောပြ၏။ ယောက်ျားနှင့်ကွာမည်ဟုလည်း ဒေါ်သစကားဆိုသည်။

ဒေါ်ခင်မွန် စိတ်မောခြင်းကြီးစွာ သက်ပြင်းချမိလေသည်။ ဘဝ တစ်လျှောက်လုံး ချလိုက်ရတဲ့ သက်ပြင်း။ သက်ပြင်း ခဏခဏချလျှင် အသက်တိုသည်ဟူသော စကားသာ မှန်မည်ဆိုလျှင် ဒေါ်ခင်မွန်၏သက်တမ်းအတော်များများကို ထိုသက်ပြင်းများက ဖြတ်တောက်လိုက်နှင့်ပြီး ဖြစ်မည်ထင်၏။

ဒေါ်ခင်မွန်က သမီးခေါင်းလေးကို တယုတယ ပွတ်လိုက်သည်။

"စိတ်ကို အေးအေးထား သမီး၊ ယောက်ျားဆိုတာ ဒီလိုပဲ၊ တစ်ခါတလေ စိတ်လွတ်တတ်တာ သဘာဝပါကွယ်၊ ကိုယ့်မှာက ငဲ့ကြည့်ရမယ့် ကလေးတွေ ရှိနေသေးတယ်လေ၊ စိတ်လိုက်မာန်ပါလုပ်လို့ဘယ်ဖြစ်ပါ့မလဲ၊ ပြဿနာတစ်ခု ကြုံလာရင် မင်းက ဒီလိုလား၊ ငါက ဒီလိုပဲဆိုပြီး မာန်မာနတွေ၊ ဒေါသတွေနဲ့ မရှင်းရဘူး၊ ပြဿနာ ပိုကြီးရုံပဲ ရှိတော့မပေါ့။

ကိုယ့်ယောက်ျား နားဝင်အောင် ဖြည်းဖြည်းပြောကြည့်ပါ၊ သူလည်း ဖခင်တစ်ယောက်ပဲ၊ ကလေးတွေသံယောဇဉ်က ရှိနေသေးတာ၊ လက်လွှတ်စပယ် မလုပ်လောက်ပါဘူး၊ နေပါဦး၊ အဲဒီမိန်းကလေးနဲ့ ဘယ်အခြေအနေထိ ရောက်နေလို့လဲ၊ အမေ့ကို ပြောပါဦး"

"ဟို- အဲလိုကြီးတော့ မဟုတ်ပါဘူး၊ ကြားရတာတော့ ကောင်မလေးကလည်း ကပ်၊ ကိုဇော်ကလည်း သာယာနေတဲ့ အဆင့်ဆိုပါတော့ အမေ၊ ဟိုကတစ်ချိန်လုံး ဖုန်းခေါ် ခေါ်နေတာ"

"ဪ- သမီးရယ်၊ ဒါနဲ့များ အိမ်ပေါ်က ဆင်းလာရသလား၊ ဒီလို မလုပ်ရဘူး သမီးရဲ့၊ မယားလုပ်တဲ့သူက တကျီကျီလုပ်နေရင် သူ ဘယ်လိုအိမ်ကပ်ချင်တော့မလဲ၊ ဟိုဘက်ကို ပိုပြီး စိတ်ယိုင်သွားတော့မပေါ့။

နောက်ပြီး ခုလိုအခြေအနေမှာ ဇနီးမယားက အနားမှာမရှိရင် ပိုပြီး စိတ်လွတ်မှာပေါ့၊ ဒီတော့ သမီး စိတ်လေး ငြိမ်သွားအောင် အမေ့ဆီမှာ တစ်ရက်နှစ်ရက်လောက်နေပြီး မိသားစုဆီပြန်နေ၊ မြေးလေးတွေလည်း အိမ်ဖော်တွေ ဘယ်လောက်ပဲရှိရှိ အမေရှိတာလောက်တော့ ဘယ်အဆင်ပြေမလဲ၊ သမီးပြန်ပြီး မောင်ဇော်ကို အေးအေးဆေးဆေးပြော၊ နားဝင်အောင် ဖျောင်းဖျရင် မိသားစုသံယောဇဉ်နဲ့ သူလည်း မှားနေရင်တောင် ပြင်လာ လက်ခံလာမှာပါ"

"တစ်ခု ရှိသေးတယ် အမေ၊ သမီးက အလုပ်မရှိတော့ ကိုယ်ပိုင်ဝင်ငွေ မရှိဘူး၊ ဒီတော့ သူက ငွေရှာတဲ့လူဆိုပြီး မောက်မာနိုင်တာပေါ့၊ သမီးက သူပေးတာ သုံးနေရတာကိုး၊ ဒါကြောင့် သမီး အလုပ်လုပ်ချင်တယ်၊ သူ့ငွေနဲ့ မဟုတ်ဘဲ သမီးငွေနဲ့ လုပ်ချင်တာ၊ သမီးသူငယ်ချင်းတစ်ယောက်က စက်ချုပ်သင်တန်းနဲ့ စက်ချုပ်ဆိုင်ဖွင့်ပြီး အောင်မြင်နေတယ်၊ သမီးကို ရှယ်ယာဝင်ဖို့ ခေါ်နေတာ၊ အဲဒါ သမီးလုပ်ရင်ကောင်းမလားလို့"

"အေး၊ ကောင်းသားပဲ သမီး၊ မြေးတွေလည်း အတန်းတွေရလာပြီဆိုတော့ လက်လွှတ်လို့ ရနေပြီပဲ၊ ရှယ်ယာက ဘယ်လောက်ဝင်ရမှာတဲ့လဲ"

"သိန်းငါးဆယ်လောက်ဆို ရပြီတဲ့၊ သူလည်းထည့်ဦးမှာလေ၊ ရယ်ဒီမိတ်အထည်တွေချုပ်ပြီး ဆိုင်တွေကို တင်မှာ၊ လုပ်ငန်း ချဲ့တာပေါ့၊ စက်တွေထပ်ဝယ်၊ ချုပ်သမားထပ်ခန့်ဖို့နဲ့ ကြီးကြပ်ဖို့ လူရင်းလိုတာမို့လို့ သမီးကိုခေါ်တာ၊ တစ်ပိုင်တစ်နိုင် လုပ်ကြမှာပါ။

သမီးကလည်း ကိုယ်ပိုင်ငွေ စုထားတာက သိန်း နှစ်ဆယ်လောက်ပဲ ရှိတာဆိုတော့ လက်ဝတ်လက်စား တချို့ပါ ရောင်းပြီး ဝင်မှရမယ်၊ ဒါပေမဲ့ လက်ဝတ်လက်စားတွေက ကိုဇော် ဆင်ပေးထားတာတွေမို့လို့ စဉ်းစားနေတာ၊ လုပ်ငန်းက ရတဲ့ငွေက သူ့ငွေပဲဆိုပြီး ပြောမှာ အမေရဲ့"

ဒေါ်ခင်မွန် ခေါင်းညိတ်မိသည်။ ဇနီးမယားအပေါ် ထိုသို့သဘောထား ဆက်ဆံတတ်သော ယောက်ျားများလည်း ရှိသေးသည်ပဲလေ။

"အေးလေ ဟုတ်တာပေါ့၊ အမေ နားလည်ပါတယ်၊ သမီးအဖေနဲ့လည်း တိုင်ပင်ကြည့်ပါဦးမယ်၊ ကဲကဲ- သမီးလည်း နားလိုက်ဦး၊ ရောက်တုန်း အမေ့ဆီမှာ စိတ်ချမ်းချမ်းသာသာနဲ့နေ"



www.burmeseclassic.com

www.burmeseclassic.com

သမီးဖြစ်သူ၏ ပြဿနာအပူကို ခွဲဝေယူရင်း ဒေါ်ခင်မွန်မှာ ကိုယ့်အပူ၊ ကိုယ့်အခက်အခဲများကို သတိမရတော့ပါပြီ။

(၇)

"သမီးကြီးရဲ့ အခက်အခဲကတော့ အဲဒါပဲ ဖေကြီးရေ၊ ဒီကိစ္စအတွက် ခင်မွန် ဖေကြီးနဲ့တိုင်ပင်ချင်လို့၊ ခင်မွန်ရဲ့ ရွှေပြည်သာမြေကွက်ကို ရောင်းလိုက်မလားလို့၊ အကွက်ကျဉ်းပြီး နေရာက မကောင်းလှပေမယ့် သိန်းသုံးလေးဆယ်လောက်တော့ ရမှာပေါ့"

ဦးအောင်မြတ် တွေပြီးစဉ်းစားနေသည်။

"အင်း- ငါ တစ်ခုစဉ်းစားမိတယ် မေကြီးရဲ့၊ ငါ ရထားတဲ့ အခု တို့နေတဲ့ မြောက်ဒဂုံအိမ်ရှိပေမယ့် ပင်စင်ယူပြီး တီဗွီပြင်ဆိုင်ဖွင့်ဖို့ ဆိုင်ခန်းဝယ်လိုက်တာနဲ့ဆိုတော့ ငွေလုံးငွေရင်းက ဘာမှ မရှိတော့ဘူး၊ ဒါကြောင့် သားသမီးတွေ အခက်အခဲဖြစ်တော့ ငါတို့ ဘာမှမပံ့ပိုးနိုင်ဘူးလေ။

ဒီအိမ်ကို ရောင်းလိုက်ပြန်ရင်လည်း နေရေးက ခက်မယ်၊ ငါတို့ လင်မယားချည်းဆို အိမ်လခသက်သာတဲ့ နေရာမှာ နေရာလေးတစ်နေရာ ငှားနေလို့ ရတယ်ထားဦး၊ သမီးနုမြတ်နဲ့ သားလင်းမြတ်က ရှိသေးတယ်၊ ဆိုင်ကို ရောင်းပြီး တစ်နေရာ ငှားဖွင့်မယ်ဆိုရင်လည်း ရတဲ့ဝင်ငွေက ဆိုင်ငှားခနဲ့ ကျန်မှာမဟုတ်ဘူး၊ ဒီတော့ အိမ်နဲ့ဆိုင်ကိုလည်း ရောင်းလို့မဖြစ်ပြန်ဘူး၊ ငါတို့သေမှ အမွေခွဲရမယ်ဆိုရင်လည်း ငါတို့က ဘယ်တော့သေမလဲမသိ ဆိုတော့. ."

ဦးအောင်မြတ်က ဒေါ်ခင်မွန်ကို လေးလေးနက်နက် ကြည့်သည်။

"မင်း ဝန်ထမ်းဘဝက ရထားတဲ့ ရွှေပြည်သာမြေကွက်တင်မက ငါ့မိဘတွေပေးခဲ့တဲ့ မင်္ဂလာဒုံက အိမ်နဲ့ခြံကိုပါ ရောင်းလိုက်မယ် ခင်မွန်"

ဒေါ်ခင်မွန် အံ့အားတသင့်မော့ကြည့်သည်။

"ဟင်- မင်္ဂလာဒုံအိမ်မှာက ဖေကြီးရဲ့ညီ ကိုအောင်ချစ်တို့ နေနေတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ဖိုးချစ် အလုပ်ပြောင်းရတော့မှာ၊ စက်ရုံပစ္စည်းတွေ လွှဲနေပြီ၊ ပြီးတာနဲ့ နေပြည်တော် ပြောင်းရမှာလေ၊ နောက် နေရရင် တစ်လပဲတဲ့၊ ဖိုးချစ်က မိသားစုပါခေါ်ပြီး အပြီးပြောင်းမှာဆိုတော့ မင်္ဂလာဒုံအိမ်ကို ဘယ်လိုလုပ်မလဲ၊ အငှားတင်မလား၊ ရောင်းလိုက်မလား၊ လိုချင်သူလည်း ရှိတယ်လို့ ငါ့ကိုမေးနေတယ်။

အငှားတင်ရအောင်လည်း ကိုယ်က သွားမကြည့်နိုင်ဘူးလေ၊ ဒီတော့ တို့ညီအစ်ကိုနှစ်ယောက်တည်း အမွေဆိုင်ဆိုတော့ ရောင်းပြီး တစ်ယောက်တစ်ဝက်စီခွဲလိုက်တော့မယ်၊ သိန်းနှစ်ရာကျော်လောက် ရနိုင်သတဲ့၊ ခွဲလိုက်ရင် သိန်းတစ်ရာလောက်ရမယ်၊မင်းမြေကွက်နဲ့ဆို စရိတ်စက ပွဲစားခနုတ်ပြီး သိန်းတစ်ရာသုံးလေးဆယ်လောက် ရှိမှာပေါ့၊ ငါတို့မသေခင် အဲဒီငွေကို သားသမီးတွေ အညီအမျှ ခွဲပေးလိုက်ရင် မကောင်းဘူးလား၊ သူတို့လည်း လိုရာသုံးရ၊ အလုပ်လုပ်ချင်လည်း လုပ်လို့ရတာပေါ့"

ဒေါ်ခင်မွန့်မျက်နှာ ပြုံးလာသည်။

"အင်း- ကောင်းတယ်ဖေကြီး၊ ကောင်းတယ်၊ သမီးကြီးလည်း အဆင်ပြေမယ်၊ သားငယ် လင်းမြတ်လည်း အငှားကားဆွဲချင်တာ စပေါ်တင်ဖို့ ငွေလုံလုံလောက်လောက်ရတာပေါ့၊ သမီးငယ်လည်း သင်တန်းတွေ ဘာတွေ ကြိုက်ရာတက်နိုင်မယ်၊ သားကြီးလည်း သူ့အစီအစဉ်နဲ့သူ ရှိမှာပဲ၊ ကောင်းတယ်"

ဝမ်းပန်းတသာ ပြောနေသော ဇနီးဖြစ်သူက ဦးအောင်မြတ်က ပြုံးပြုံးကြီး ကြည့်သည်။

"သမီးနုမြတ်နဲ့ သားလင်းမြတ်ကတော့ အိမ်ထောင်မကျသေးဘူးဆိုတော့ သူတို့လိုတာ လုပ်ပေးပြီးရင် ပိုငွေကို သူတို့နာမည်နဲ့ ဘဏ်မှာအပ်ထားပေးရမယ်၊ ကလေးတွေက ငယ်ကြသေးတော့ ငွေကို ထိန်းနိုင်မှာ မဟုတ်သေးဘူးဆိုတော့လေ၊ ဒါနဲ့ မေကြီးကော မေကြီးကိုယ်တာ ထည့်ခွဲဦးမလား"

"ဟင်- ကြုံကြုံဖန်ဖန် ဖေကြီးရယ်၊ ခင်မွန်တို့က ရှေ့သေဖို့ပဲရှိတော့တာကို၊ ဘာလိုမှာတုံး၊ နာစရိတ် သေစရိတ်လေးပဲ သားသမီးဆီက တောင်းမနေရအောင် နည်းနည်းချန်ချင်ချန်၊ ကျန်တာအကုန်ခွဲပေးလိုက်ပါ၊ သူတို့လေးတွေ အဆင်ပြေနေကြရင် ပြီးတာပါပဲ။

ဒါပေမဲ့ သူတို့ကိုတော့ကြိုမပြောသေးဘူး၊ ရောင်းပြီးလို့ ငွေရမှ သားသမီးတွေ အားလုံးခေါ်ပြီး ဝေပေးလိုက်မယ်၊ ဒါမှ သူတို့ အံ့သြဝမ်းသာသွားကြမှာနော် ဖေကြီး"

"အေးအေး၊ ဒါဆို ငါ ပွဲစားတွေနဲ့အပ်လိုက်တော့မယ်၊ ဖိုးချစ်ဆီလည်း ဖုန်းဆက်လိုက်မယ်လေ"

လင်မယားနှစ်ယောက် ပီတိဆောင်သော အပြုံးကိုယ်စီနှင့်ကြည့်မိကြသည်။ မိဘဟူသည် သားသမီးများ၏ တာဝန်ကို မညည်းမညူ ထမ်းကြသည်ချည်း ဖြစ်ပါ၏။ သားသမီးများ တင့်တင့်တယ်တယ် ရှိနေသည်ကို မြင်ရလျှင်ပင် ပီတိ



www.burmeseclassic.com

www.burmeseclassic.com

ခြင့်ကျေနပ်ဝမ်းသာနေကြသူများမဟုတ်သား။

(၈)

ဒေါ်ခင်မွန်က ပဲကြာဆံ လက်သုပ်ပန်းကန်ကို ခင်ပွန်းရှေ့တွင် ချပေးလိုက်၏။ ဦးအောင်မြတ်က ဘာများလဲဟူသော အမေးကြည့်ဖြင့် မော့်ကြည့်လိုက်သည်။ ဒေါ်ခင်မွန်က ပြုံးလိုက်ရင်း-

"ဒီနေ့ တနင်္ဂနွေ ဖေကြီးမွေးနေ့ရောရော ရက်ရော ကိုက်တယ်မဟုတ်လား ဘတ်ဂျက် အခြေအနေအရဆူးလုပ်မပေးနိုင်လို့ နိုင်သမျှနဲ့ပဲကြာဆံ လုပ်လိုက်တာ၊ ခဏနေရင်ဘုန်းကြီးကျောင်းကို ဖေကြီးနဲ့ခင်မွန်ဆွမ်းဆွမ်း သွားပို့မယ်လေ၊ ချိုင့်ပြင်ပြီးပြီ"

ဦးအောင်မြတ်က ပြုံးပြုံးကြီးငြိုလိုက်သည်။

"ဒါနဲ့ ခင်မွန်၊ ကလေးတွေရောလား"

"မနက်အစောကြီးကတည်းကသားငယ်ရော နုမြတ်ရော မောင်နှမ နှစ်ယောက် အပြင်ထွက်သွားကြလေရဲ့၊ ခင်မွန်လည်း ဘုန်းကြီးကျောင်းဆွမ်းပို့ဖို့ချက်ပြုတ်လုပ်ကိုင်နေတာနဲ့ မေးတောင်မေးလိုက်မိပါဘူး၊ ဟင်- ဟိုမှာ သားကြီးပါလား၊ အံမယ်- သားငယ်တို့မောင်နှမနှစ်ယောက်ပါ ပါလာတယ်ကြီးရဲ့ လက်စသတ်တော့ ဒီမောင်နှမနှစ်ယောက်က သူတို့ကိုကြီးအိမ်သွားတာကိုး၊ အဟင်း- အဖေ့မွေးနေ့ကို တန်တော့ကြမလို့နဲ့ တူပါရဲ့၊ သူတို့တွေ သတိရကြသားပဲ"

ဒေါ်ခင်မွန် ကြည်ကြည်နူးနူးပြောသည်။

"လာလာ သားကြီး၊ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ရုံးပိတ်တာပဲ၊ သီသီနဲ့ကလေးရော မပါဘူးလား"

သားကြီးက "မပါဘူး အမေ"ဟုပြောကာ အိမ်ထဲဝင်လာသည်။ နုမြတ်နှင့် လင်းမြတ်ကလည်း နောက်မှလိုက်ဝင်လာကြ၏။

"သားငယ်နဲ့သမီးငယ်ကို ဖေကြီးက ခုပဲ မေးနေတာ၊ သားတို့က ကိုကြီးဆီ သွားနေကြတာကိုး၊ အမေက ပဲကြာဆံ သုပ်ကျွေးမလို့၊ သားကြီး လာတာ အတော်ပဲ၊ တစ်ခါတည်း စားသွား၊ အပြန်ကျ သီသီနဲ့မြေးလေးအတွက်ပါ အမေ ထည့်ပေးလိုက်မယ်"

ပြောရင်း အိမ်နောက်ဘက်သို့ ဝင်ရန် ပြင်လိုက်သော ဒေါ်ခင်မွန်ကို သားကြီးထက်မြတ်က ဖြတ်တားလိုက်သည်။

"နေပါစေ အမေ၊ မစားတော့ဘူး၊ ကျွန်တော် ပြောစရာရှိလို့လာတာ"

ထိုအခါမှ သားမျက်နှာကို ဒေါ်ခင်မွန် သေချာ ကြည့်မိတော့သည်။ သားကြီး မျက်နှာမကောင်း၊ အငယ် နှစ်ယောက်ကို ကြည့်တော့လည်း အရယ်အပြုံး မရှိ။ ဒေါ်ခင်မွန် ရင်ထိတ်သွားသည်။ သားသမီးများကို တစ်လှည့်စီ ကြည့်နေမိ၏။

"အမေပါ ထိုင်ပါဦး"

သားကြီးက ခပ်ပြတ်ပြတ်ပြောသည်။ ဦးအောင်မြတ်နှင့် ဒေါ်ခင်မွန် တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်မိကြရင်း ဒေါ်ခင်မွန်က ဆက်တီတွင် ပြန်ထိုင်လိုက်၏။ သားကြီးဘေးတွင် အငယ်နှစ်ယောက်ပါ ဝင်ထိုင်လိုက်ကြသည်။

သားကြီးထက်မြက်က အဖေကို တည့်တည့်ကြည့်လိုက်ပြီး -

"အဖေ၊ မင်္ဂလာဒုံအိမ်နဲ့ အမေ့မြေကွက်ကိုရောင်းပြီး မမစုကို ရင်းနှီးငွေပေးမလို့ဆို"

လင်မယားနှစ်ယောက်လုံး ခုမှဟင်းချနိုင်ကြသည်။ သူ့တို့က သားသမီးများ ပြဿနာတစ်ခုခု ဖြစ်လာသည်အထင်နှင့် စိုးရိမ်သွားမိကြသည်ကိုး။

ဦးအောင်မြတ်က တစ်ချက်ရယ်လိုက်ရင်း -

"အေး ဟုတ်တယ် သားကြီးရဲ့၊ ဒါနဲ့ မင်းတို့ ဒီအကြောင်း ဘယ်လိုသိလာကြတာတုံး"

သားသမီးများ အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ကြ၏။ လင်းမြတ်က -

"ကျွန်တော်တို့ ပွဲစားဒေါ်မူမူဆီက ကြားခဲ့တာ" ဟုခပ်တိုးတိုးဆိုသည်။

"အဖေတို့က ကျိတ်လုပ်ခဲ့ကြတာပဲ၊ ဘယ်ကပဲသိသိ အကြောင်းမဟုတ်ပါဘူး အဖေ၊ အကြောင်းက ကျွန်တော်တို့ အဲဒီကိစ္စကို မကျေနပ်ဘူးဆိုတာ အဖေနဲ့အမေကို ပြောချင်လို့"

"ဟေ"

"ဟင်"

လင်မယားနှစ်ယောက် အံ့အားသင့်သွားသည်။ သားကြီးက ဆက်ပြော၏။

"အဖေနဲ့အမေက သားသမီးချင်း အတူတူ မမစုကိုကျ ငွေထုတ်ပေးတယ်ဆိုတော့ သိပ်ခွဲခြားရာ ရောက်မနေဘူးလား၊ ကျွန်တော်တို့လည်း သားသမီးပါပဲ၊ မိဘအမွေကို ကျွန်တော်တို့လည်း အညီအမျှ ရထိုက်ပါတယ်"

"ဟုတ်တယ် အဖေ၊ ကျွန်တော်တက္ကစီမောင်းချင်လို့ စပေါ်လိုတာကျတော့ အဖေနဲ့အမေက ထုတ်မပေးဘူး၊ ပြောမယ်ဆိုရင် မမစုမြတ်က မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com

တွေအားလုံးထဲမှာ စီးပွားရေးအတောင့်ဆုံး၊ သူ့ယောက်ျားက ဒီလောက်ဝင်ငွေကောင်းနေတာ မမစုအလုပ်မလုပ်လည်း ရတာပဲကို၊ သူ့ဘာသာ လောဘတက်ပြီး လုပ်ငန်းလုပ်ချင်တာကျတော့ အိမ်တွေ မြေတွေ ရောင်းပြီးတောင် ပေးမယ် ဟုတ်လား"

"ကိုလေးကလည်း မမစုက သမီးလိမ္မာလေ ကိုလေးရဲ့ ချမ်းသာပါတယ်ဆိုတဲ့ မမစုက သူ့ကလေး တစ်ယောက် မုန့်ဖိုးတောင်မရှိတဲ့ငွေလေး မဖြစ်စလောက် သုံးသောင်းကို လစဉ်ပို့နေတာဆိုတော့ အဖေနဲ့ အမေက ကြည်မှာပေါ့၊ နုမြတ်တို့ ကိုလေးတို့ကမှ မပေးနိုင်တာ"

"ကျွန်တော်လည်း စီးပွားရေး ပြေလည်တယ်ဆိုပေမယ့် ရသင့်ရထိုက်တာတော့ လိုချင်တာပဲ၊ သီသီ့မိဘဘက်ကဆိုရင် ကျွန်တော်တို့ တတ်နိုင်နေတာတောင် မြေးအတွက် လိုလေသေးမရှိတာဝန်ယူကြတာ၊ သီသီ့မိဘတွေက ချမ်းသာလို့ မြေးကို ထောက်ပံ့နိုင်ပြီး အဖေတို့က မပြေလည်လို့ မပေးနိုင်တာထားပါ။ ခုလို ကျွန်တော့်ဘက်က မိဘတွေရဲ့ အမွေကိစ္စမှာတော့ အားလုံး ညီညီမျှမျှ ဖြစ်သင့်တယ်လေ၊ ခုတော့ အဖေနဲ့ အမေတို့က သားသမီးချင်းတောင် ခွဲခြား ခွဲခြားနဲ့၊ ကျွန်တော့်မှာ ကျွန်တော့်မိန်းမ သီသီကို မျက်နှာတောင် ပူတယ်"

"ညီမလေးနုမြတ်လည်း ပညာရေးအတွက် သင်တန်းလေး တက်ဖို့တောင် သင်တန်းကြေးကို အနိုင်နိုင်တောင်းရသတဲ့၊ ကြိုးစားချင်တဲ့ ကိုယ့်သားသမီး ပညာရေးကို အဖေတို့ အမေတို့က အားပေးရမှာပေါ့၊ လုပ်ပေးသင့်တာပေါ့"

သားသမီးသုံးယောက် တစ်ယောက် တစ်လှည့် ရေပက်မဝင်အောင် ပြောနေကြသော စကားများကို နားထောင်ရင်း ဦးအောင်မြတ်နှင့်ဒေါ်ခင်မွန် ပါးစပ်အဟောင်းသား။ ဟိုသားမျက်နှာကြည့်လိုက်၊ ဒီသမီးမျက်နှာကြည့်လိုက်နှင့် ကြားနေရသော စကားလုံးကြီးများကြားတွင် ရင်ထဲဆို့တက်လာကြသည်။

"အဖေနဲ့ အမေတို့ကို ကျွန်တော်က လစဉ် မထောက်ပံ့ဖြစ်ပေမယ့် အလှူဦးသင့်သလို ပေးနေ ကမ်းနေတာပဲ၊ ငွေလိုတယ်ဆိုလည်း ချေးနေတာပဲ၊ လင်းမြတ်နဲ့ နုမြတ်ကတော့ လင်းမြတ်ဆိုလည်း သူ့လခနဲ့သူ လောက်အောင်တောင် မနည်းနေနေရတာ၊ အမေတို့က လိုတာကို မဖြည့်ဆည်းနိုင်တဲ့အပြင် သားသမီးလုပ်စာ မျှော်ကိုးနေသေးတယ်၊ နုမြတ်ဆိုလည်း ခုမှ ကျောင်းသူပဲရှိသေးတာ၊ အဖေတို့ကို ဘယ်လို ပေးနိုင် ကျွေးနိုင်ဦးမှာလဲ၊ နုမြတ်ပြောသလို မမစုက သူ့ကလေးမုန့်ဖိုး အစွန်အဖျား လောက် ပေးတာလေးကို အဖေတို့က ကျေးဇူးတတင်နဲ့ ငွေမျက်နှာကြည့်ပြီး ဘက်လိုက်တာတော့ မဖြစ်သင့်ဘူးထင်တယ် အဖေ"

"ဟုတ်တယ် အဖေ၊ ကျွန်တော်တို့ သုံးယောက်ကိုလည်း မမစုနဲ့ထပ်တူ အညီအမျှ အမွေခွဲပေးပါ"

"ဟုတ်တယ်၊ သမီးတို့အားလုံး ရသင့်တယ်လို့ ထင်တယ်"

ခင်ပွန်းထံမှ 'အင့်'ခနဲ ခပ်တိုးတိုး အသံထွက်လာသဖြင့် ဒေါ်ခင်မွန်က ဦးအောင်မြတ်ကို လှည့်ကြည့်သည်။

ဦးအောင်မြတ်၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်တို့က သိသိသာသာ ထင်ဟပ်နေ၏။ မျက်ရည်မကျမိအောင် မဲတင်းထားရသော ဟန်ဖြင့် ရင်ထဲမှ ကြေကွဲမှုကို ကျိတ်မျိုချလိုက်သည့် ခင်ပွန်း၏ ဆို့နင့်နင့်အသွင်ကို မြင်ရသည်။

ဒေါ်ခင်မွန်ကိုယ်တိုင်လည်း နားတွင် ကြားလိုက်ရသော စကားလုံးများက သံရည်ပူအလား နားမှတစ်ဆင့် ကိုယ်တွင်းအင်္ဂါအားလုံး လောင်ကျွမ်းခြင်းခံလိုက်ရသကဲ့သို့ ခံခက် နာကျင် ထိခိုက်လျက်။

ဦးအောင်မြတ်က ဆို့နင့်ပျက် ယွင်းနေသော မျက်နှာကိုငုံ့ရင်း ဖြည်းညင်းစွာ ထရပ်လိုက်သည်။

"ခင်မွန် ကလေးတွေကို မင်း ရှင်းပြလိုက်တော့၊ ငါ ဘုန်းကြီးကျောင်း သွားတော့ . . ."

ဦးအောင်မြတ်အသံက တိမ်ဝင် သွားသည်။

ချာခနဲလှည့်ကာ ထွက်သွားသော ခင်ပွန်းသည်၏ မျက်လုံးထောင့်စွန်းမှ မျက်ရည်စက်တို့ကို ဒေါ်ခင်မွန် ရင်နင့်စွာ မြင်လိုက်ရ၏။

မိဘဆိုတာ သားသမီးတွေဆီက ကျေးဇူးဆပ်တာကို မျှော်လင့်ပြီး လုပ်ပေးကြသူတွေ မဟုတ်ဘူး။ အမြတ်စားဖို့ မဟုတ်ဘဲ အရင်းစိုက်သူ သက်သက်ပါ။

လောကမှာ ကိုယ့်အတွက်တစ်[illegible] တစ်ရာသော အကျိုးကို ရစေတော့ ဆိုတဲ့ မျှော်လင့်ချက်မျိုး ကင်းလွတ် ရှင်းသန့်စွာနဲ့ သူ့အကျိုးသက်သက်[illegible] သာ ဆောင်ရွက်ပေးနိုင်ကြသူများထဲ မိဘမှတစ်ပါး အခြားမရှိနိုင်ပါဘူး။ သူ[illegible] တို့ရဲ့ မျှော်လင့်ချက်မှာ သားသမီးတွေ ဆီက ရွှေငွေ ပစ္စည်းဥစ္စာတွေ ပြန်[illegible] လုံးဝမပါဘူး။ သားသမီးက သိတတ်[illegible] ပေးရင် ကျွေးရင်သာရှိစေ မိဘကတော့ ဘာမှ ရကောင်းစေ မမျှော်ကိုးကြပါ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ရလိုမှုနဲ့ လုပ်ပေးတာမဟုတ်တဲ့ အတွက် ဘယ်သားသမီးကတော့ ပေး နိုင်လို့ ဘယ်သူကတော့ မပေးနိုင်လို့ဆို ပြီး ခွဲခြား မျက်နှာသာပေးတာမျိုးတွေ၊ ဘက်လိုက်တာမျိုးတွေဆိုတာ ဘယ်လို လုပ် ရှိနိုင်တော့မှာလည်းကွယ်။

သားသမီးတွေက မိဘရဲ့မေတ္တာ စေတနာကို အသိအမှတ်ပြုတဲ့ စိတ် တလေး ထားရင်ပဲ၊ သားသမီးတွေ တင့် တောင်းတင့်တယ် ရှိနေတာ မြင်ရရင်ပဲ မိတ်နဲ့ ဝနေကြသူတွေပါ။

မိဘတွေဟာ သားသမီး ဘယ် လောက်များများ အဲဒီသားသမီး တစ် ယောက်ချင်းရဲ့ တာဝန်ကို သူတို့မသေ ခင်း မြေး၊ မြစ်ထိအောင် နိုင်သမျှ ဆမ်းပေးကြတာပါ။ ဘဝရဲ့ နောက်ဆုံး အချိန် သူတို့ မျက်စိနှစ်လုံးကို ထာဝရ မိတ်လိုက်ကြရတော့မယ့်အချိန်မှာ ကျန် နေခဲ့မယ့် သားသမီးတွေဟာ ဆင်းရဲ သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူ လောကရဲ့ ဒုက္ခ သုခတွေကို မားမား မတ်မတ် သမာသမတ်ကျကျ ရင်ဆိုင် နိုင်ကြပြီဆိုတဲ့ စိတ်ချခြင်း၊ အသိ ညာဏ်မှာနဲ့ တန်ဖိုးရှိတဲ့ လူကောင်း သူ တောင်းတွေအဖြစ် ရပ်တည်နိုင်ကြပြီ ဆိုတဲ့ စိတ်အေးခြင်းတွေရဖို့ တစ်ခုပဲ မျှော်လင့်ကြတယ်။

သံသရာ ဘဝကူးတံတားကို ချမ်းကြည်လင် နောက်ဆံမငင်တဲ့ နှလုံးနဲ့ ပြုံးပြုံးကြီး ဖြတ်သန်းနိုင်ခွင့် မျှော်လင့်ကြသူတွေပါ။ သားသမီး ဒီမျှော်လင့်ချက်အတိုင်း ပြည့်စုံ ဆိုရင် မိဘတိုင်းရဲ့ ရင်ကို အေးချမ်း င်မက ကမ္ဘာလောက တစ်ခုလုံး ငြိမ်းချမ်းမှာပါပဲ။ မိဘတွေရဲ့ မေတ္တာကို မသိသား ဆိုးရွား တို့စော်ကားရက်ကြပလေကွယ်။

ဒေါ်ခင်မွှန် တွေးရင်း မျက်ရည် များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

သို့သော် ကရုဏာဒေါသဖြင့် ပေါက်ကွဲပြောချပစ်လိုက်ချင်သော စိတ် ကို မနိုင်ရင်ကာ အနာခံ ချွန်းအုပ်သည်။ ဒေါသဆိုသည်မှာ တက်ဒေါသဖြစ်စေ၊ ဆုတ်ဒေါသဖြစ်စေ၊ ကရုဏာဒေါသမှင် ဖြစ်ပါစေ အကုသိုလ်ပင် မဟုတ်ပါလား။ ကရုဏာဆိုသောစကားလုံးကို ရှေ့တန်း တင်ကာ ဒေါ်ခင်မွှန် ဒေါသအကုသိုလ် လည်း မသင့်ချင်တော့ပါ။ အထူးသဖြင့် မိမိ၏ ဒေါသစကားကြောင့် သားသမီး များတွင် အကုသိုလ် ပို၍မကြီးထွားသွား စေချင်ပါ။

ကျေးဇူးဟူသည် မဆပ်လျှင် ကုသိုလ်မရရုံသာ ရှိမည်။ ကျေးဇူးကန်း မိလျှင်တော့ အကုသိုလ်ပါဖြစ်၍ ဆိုးကျိုး ကြီးပေလိမ့်မည်။ မိဘက သားသမီးတို့ အပေါ် အနှိုင်းမဲ့မေတ္တာ ထားခဲ့ကြသည် ကို သားသမီးများက မသိကြ၊ အရေး မထားကြသော်လည်း ထားခဲ့သော မိဘ များဘက်က အဘယ်မျှထိ ကိုယ်ကျိုး စွန့် အနစ်နာခံခဲ့ကြရကြောင်း ထားသူ သာလျှင် သိပါ၏။ ဤမျှသော မေတ္တာ စေတနာကို ရိုင်းပျစော်ကားမိပါလျှင် အပြစ်ပို၍ ကြီးပေတော့မည်။

ဒေါ်ခင်မွှန်က ပေါက်ကွဲ ထွက် ကျလုဆဲ စကားလုံးများကို တနင့်တန မျိုချပစ်လိုက်ပါ၏။

သူမက ရှေ့တွင် ထိုင်နေသော သားသမီးများကို ကြည့်ပြီး အားတင်း ပြုံးပြလိုက်သည်။

"သားတို့၊ သမီးတို့ ခဏစောင့် နေ၀်" ဟု ပြောကာ အိမ်ခန်းထဲဝင်ခဲ့ သည်။

"ရော့ သားလင်းမြတ်နဲ့ သမီး နုမြတ်"

ဒေါ်ခင်မွှန်က လက်ထဲတွင် ကိုင်လာသော ဘဏ်စာအုပ်နှစ်အုပ်ကို သားနှင့်သမီး လက်ထဲ ထည့်သည်။

"အဲဒီ ဘဏ်စာအုပ်ထဲမှာ တစ် ယောက်ကို သိန်းလေးဆယ်စီ အဖေနဲ့ အမေ ထည့်ပေးထားတယ်၊ အမေ့မြေ ကွက်က ရောင်းပြီးသွားပြီ၊ သုံးဆယ့်ရှစ် သိန်း ရတယ်၊ သားတို့အဖေရဲ့ မင်္ဂလာဒုံ အိမ်လည်း သိန်း နှစ်ရာ့ခုနစ်ဆယ်နဲ့ ဆိုင် ထားတယ်၊ စရန် သိန်းငါးဆယ် ရပြီးပြီ၊ ရှေ့အပတ်ထဲ ငွေအကျေရမယ်။

အဖေ့အိမ်က မင်းတို့ဦးလေး ဦးအောင်ချစ်နဲ့ အမွေဆိုင်မို့ စရိတ်စက ပွဲစားခနုတ်ပြီး တစ်ယောက်ကို သိန်း တစ်ရာ့သုံးဆယ်ကျော်လောက် ရမယ်၊ အဲဒီတော့ အဖေတို့ အမေတို့ စုစုပေါင်း တစ်ရာ့ခြောက်ဆယ့်ရှစ်သိန်းလောက် ရမှာကို သမီးကြီးအပါ သားတို့ တစ် ယောက် သိန်းလေးဆယ်စီ ခွဲပေးမယ် ဆိုတော့ သိန်းတစ်ရာ့ခြောက်ဆယ်။

အစွန်းထွက် ရှစ်သိန်း၊ ကိုးသိန်း ကိုတော့ အဖေနဲ့အမေ သေခါနီး နာ မကျန်းဖြစ်ရင် ဆေးကုဖို့နဲ့ သေစရိတ် ချန်ထားတာပါ၊ ဒါကလည်း တစ်ချိန်မှာ အမေတို့ရဲ့ နာစရိတ်၊ သေစရိတ်ကို သားတို့ သမီးတို့ ရှာနေကြရမှာစိုးလို့ ကိုယ့်ငွေနဲ့ကိုယ် ပေးနိုင်အောင် ချန်ရ တာပါ"

ဒေါ်ခင်မွှန်က ထိန်းထားလျက် နှင့် ပါးပြင်ပေါ်စီးကျလာသော မျက် ရည်များကို သုတ်ရင်း ဆက်ပြောသည်။

"အခု အမေ့မြေကွက်နဲ့ အဖေ့ အိမ်စရန် ရငွေပေါင်း သိန်းရှစ်ဆယ် ကျော်မှာ သားလင်းမြတ်နဲ့ သမီးနုမြတ် တို့အတွက် ကိုယ်တာ သိန်းလေးဆယ်စီ ဘဏ်ထဲထည့်ပေးထားတာ၊ သားကြီး ထက်မြတ်နဲ့ သမီးကြီးစုမြတ် ကိုယ်တာ





www.burmeseclassic.com

www.burmeseclassic.com

**လောကမှာ ကိုယ့်အတွက် တစ်စုံတစ်ရာသော အကျိုးကို ရစေတော့ ဆိုတဲ့ မျှော်လင့်ချက်မျိုး ကင်းလွတ် ရှင်းသန့်စွာနဲ့ သူ့အကျိုးသက်သက်ကိုသာ ဆောင်ရွက်ပေးနိုင်ကြသူများဟာ မိဘမှတစ်ပါး အခြားမရှိနိုင်ပါဘူး။**

ကိုတော့ ရှေ့အပတ် ငွေအကျေရပြီးမှ ကျန်ငွေမှာထပ်ဖြည့်ပြီး သားတို့တွေ အံ့ဩဝမ်းသာသွားကြအောင် တစ်ပြိုင်တည်း ခေါ်ပေးဖို့ အဖေနဲ့ အမေက တိုင်ပင်ထားကြလို့ သားတို့ကို ဘာမှ မပြောသေးတာပါ၊ ကျိတ်လုပ်နေကြတာ မဟုတ်ပါဘူးကွယ်"

နစ်ဝင်နေသော ရင်ထဲမှအသံကို ညှစ်ထုတ်ရင်း ဒေါ်ခင်မွန် စကားဆက်သည်။

"တစ်ခုတော့ အမေ လေးလေးနက်နက် တောင်းဆိုချင်ပါတယ်၊ သားတို့ သမီးတို့ မောင်နှမချင်း ငွေအတွက်နဲ့ ခုလို စိတ်ဝမ်းကွဲကြတာမျိုး နောင်ကို မဖြစ်ကြပါနဲ့၊ လူ့ဘဝ တိုတိုလေးမှာ နေရခိုက် မောင်နှမတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေသွားကြပါ၊ အမေနဲ့ အဖေ အသေဖြောင့်ပါရစေ"

ဒေါ်ခင်မွန်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ထရပ်လိုက်၏။

"အင်း- ဒီနေ့ သားတို့အဖေရဲ့ နေ့ရော ရက်ရော တိုက်တဲ့မွေးနေ့လေ၊ ဒီလိုနေ့မှာ သားတို့ သမီးတို့က အဖေ့ မွေးနေ့ကိုတောင် သတိမရကြဘဲ ဒီလို စကားတွေ ပြောနေကြရတာတော့ အမေ အတော်ဝမ်းနည်းမိတယ်ကွယ်"

ဒေါ်ခင်မွန့်အသံက ဆို့နင့် နစ်ဝင်သွားသည်။

သူမက မျက်တောင်ကို တဖျပ်ဖျပ်ခတ်ကာ တာကျိုးလုဆဲ မျက်ရည်တို့ကို ထိန်းထားရင်း -

"ကဲ ကဲ- ခဏနေကြဦး၊ သားတို့ သမီးတို့စားဖို့ အမေ ပြင်လိုက်ဦးမယ်၊ အဖေ့မွေးနေ့ အထိမ်းအမှတ်လုပ်တဲ့ သားတို့အကြိုက် ပဲကြော်ဆီသုပ်လေ၊ ပြီးရင် ဘုန်းကြီးကျောင်းကို မွေးနေ့ဆွမ်း ချိုင့်ပို့ဖို့ လိုက်သွားရဦးမှာ"

ဒေါ်ခင်မွန်က မျက်ရည်ဖုံးနေသော မျက်လုံးများဖြင့် သားသမီးများအား ဝေ့ကြည့်ကာ တစ်ချက်ပြုံးပြလိုက်ရင်း ကျောခိုင်းလိုက်သည်။

"အမေ"

"အမေ သား. . . သားတို့ မှား"

"သမီး. . . သမီး မှား. . . မှား"

သူမ နောက်ကျောဆီမှ နင့်နဲ လှိုက်လှဲသော ငိုသံပါကြီးများဖြင့် ခေါ်သံကြားလိုက်ရ၍ ဒေါ်ခင်မွန် လှည့်ကြည့်လိုက်မိ၏။

သားသမီး သုံးယောက်သည် ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ချရင်း မျက်ရည်လည်ရွဲဖြင့် အမေကို အကြိမ်ကြိမ်အထပ်ထပ် လက်အုပ်ချီကန်တော့နေကြလေသည်။

သူတို့၏ နှုတ်ခမ်းလေးများသည် တဆတ်ဆတ် တုန်ယင်လျက် တစ်စုံတစ်ရာကို အထပ်ဆပ်ပြောနေကြသော်လည်း စကားလုံးများက တနင့်တပိုး ရှိုက်သံများကြားတွင် မပီမသ တိမ်ဝင်ပျောက်ကွယ်သွားကြ၏။

သို့သော် သူတို့လေးတွေ [illegible] ချင်နေကြသော စကားလုံးများကို [illegible] ခင်မွန် စိတ်နားဖြင့် ပီပီပြင်ပြင် [illegible] နေရပါ၏။

တငြိမ့်ငြိမ့်ခုန်နေသော ရင်[illegible] အကုန်အစင် သိနေရပါ၏။

သူတို့မျက်နှာလေးများတွင် [illegible] နိုင်သော နောင်တမျက်ရည်ကိုယ်[illegible]

ဒေါ်ခင်မွန်၏ ပါးပြင်၌[illegible] အသွယ်သွယ်သော ပီတိမျက်ရည်[illegible] နှင့်။ သည်တစ်ခါတော့ စီးပါစေ[illegible] မသုတ်လိုက်နဲ့။

ထိုမျက်ရည်များသည် သူ[illegible] အားလုံးအတွက် အဖိုးမဖြတ်နိုင်သော[illegible] တန်ဖိုးကြီးမားလွန်းလှသော၊ တစ်[illegible] အားဖြင့် မိဘများ၏ အမျှော်လင့်[illegible] ဆန္ဒကို ဖြည့်ဆည်းပေးနိုင်စွမ်းသော[illegible] မြမျက်ရည် ပုလဲမျက်ရည်များပင်[illegible] ပါလား။

[illegible]

❑





www.burmeseclassic.com

www.burmeseclassic.com




## ဝဏားလေး

# အသံပညာတိုးတက်ဖို့ရာ

ကျွန်တော် ဝဏားလေးပါ။

ကျွန်တော့် အင်္ဂလိပ်စာကို ကျွန်တော်ကိုယ်တိုင်က အားမရဘူး။ ဒီတော့ နီးစပ်တဲ့ မြတ်သူအောင်ကို ကျွန်တော် ပြောတယ်။ "ငါ အင်္ဂလိပ်စာ တိုးတက်ချင်တယ်ကွာ"ဆိုပြီးပြောတယ်။

မကြာပါဘူး။ မြတ်သူအောင်က အသံဖိုင်ကို Memory Stick နဲ့ ယူလာပေးတယ်။ ကျွန်တော် အချိန်ရတဲ့အခါကျ အင်္ဂလိပ်စာ တိုးတက်ရာတိုးတက်ကြောင်း နားထောင်ကြည့်တာပေါ့နော်။ အဲဒီအထဲမှာ အကြံပေးထားတာတစ်ခုရှိတယ်။ "တွေးရင် အင်္ဂလိပ်လို တွေးပါ" တဲ့။ ကျွန်တော်က ဒီအကြံဉာဏ်ပေးမှုကို မှန်ကန်ကြောင်း လက်ခံတယ်။ ဒါပေမဲ့ တကယ်တမ်းကျ ကျွန်တော်က အင်္ဂလိပ်လို မတွေးနိုင်ဘူး။ ကျွန်တော် တွေးရင် မြန်မာလိုပဲ ဖြစ်နေတယ်။ ဒီတော့ မှန်ပေမယ့် လိုက်မကျင့်နိုင်တဲ့ အဲဒီသဘောတရားရေးရာ တစ်ခုကို ကျွန်တော် အကြွေးတင်နေတယ်။

တစ်နေ့ကျ ဖြစ်လာပုံက ဆန်းတယ်။ မှတ်မှတ်သားသားပါပဲ။ နိုင်ငံခြားမှ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆီက အင်္ဂလိပ်လို စာတိုလေးရောက်လာတယ်။ ကျွန်တော် ဖတ်ကြည့်လိုက်တယ်။ ဖတ်ကြည့်တော့ နားလည်ပါတယ်။ သူကလည်း ကျွန်တော့်အခြေအနေသိတော့ ကျွန်တော် နားလည်လောက်တဲ့ အင်္ဂလိပ်စာမျိုးနဲ့ ရေးတာပါ။ ကျွန်တော် ဒါနဲ့ အင်္ဂလိပ်လို စာပြန်ကြည့်လိုက်တယ်။ မဝံ့မရဲပါပဲ။ ဒါပေမဲ့ ကျွန်တော် အမှားနည်းနိုင်သမျှ နည်းအောင် ပြန်ကြည့်လိုက်တယ်။

နောက် သူ့ဆီက တစ်ခါပြန်လာတယ်။ မေးခွန်းလေးတွေနဲ့ပေါ့လေ။ မေးခွန်းလေးတွေနဲ့ပြန်လာတော့ ကျွန်တော်က တစ်ခါ ဖြေရပြန်တယ်။ ဖြေတော့လည်း ကျွန်တော် ကြိုးစားပြီး မှတ်မှတ်ရရနဲ့ အင်္ဂလိပ်လိုပဲ ဖြေလိုက်တယ်။

ဒီလိုနဲ့ အမေး၊ အဖြေ လုပ်လာတာ ကြာတဲ့အခါကျ ကျွန်တော် ဘယ်လိုဖြစ်လာလဲဆိုတော့ သူ့ဆီ စာရေးဖို့ကျရင် ကျွန်တော် အင်္ဂလိပ်လိုပဲ စဉ်းစားမိသွားတယ်။ ဒီတော့မှ မြတ်သူအောင် အကြံဉာဏ်ပေးတဲ့အသံဖိုင်ထဲကအတိုင်း သတိရလာတယ်။ တကယ်တမ်းကျ ငါ အင်္ဂလိပ်လို တွေးနေပါပေါ့လားလို့



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကျွန်တော် အင်္ဂလိပ်လို တွေးပြီး သူ့ဆီရေးလိုက်၊ သူကလည်း မရှင်းတာဆို ထပ်မေးလိုက်နဲ့ ကျွန်တော်တို့ အမေး၊ အဖြေ လုပ်လာတာ တော်တော်လေး ရလာတယ်။ ရလာတဲ့အခါကျ နောက်ပိုင်း ဘယ်လိုဖြစ်လည်းဆို ကျွန်တော် အင်္ဂလိပ်စာကို မကြောင့်ကြတော့ဘူး။ သူ့ဆီကို အလွယ်တကူပဲ ရေးလိုက်တယ်။ သူကလည်း အလွယ်တကူ ပြန်တယ်။


ဒီတော့ ကျွန်တော် တဖြည်းဖြည်းနဲ့ နားလည်လာတယ်။ အင်္ဂလိပ်စာ တိုးတက်လာပါပေါ့လားလို့။ နောက်ဆက်ပြီး နားလည်လာတယ်။ ဩဩ်-မြတ်သူအောင် ယူလာခဲ့တဲ့ အသံဖိုင်ထဲက အကြံဉာဏ်ပေးမှုတွေဟာ ကျွန်တော် လက်တွေ့ကျင့်သုံးမိပါပေါ့လားလို့။

ဒီလိုနဲ့ ကျွန်တော် ဒါဟုတ်ပြီဆိုပြီး ကျွန်တော် မပျက်မကွက်ဘဲ ရေးတယ်။ သူကလည်း မေးမြန်းစရာတွေကျန်နေတော့ ဆက်မေးရင်းနဲ့ အမေး၊ အဖြေ သဘောနဲ့ တော်တော်လေး ရေးမိတဲ့အခါ ကျွန်တော် နောက်ပိုင်း လက်ရဲလာတယ်။ လက်ရဲလာတဲ့အခါ ဘယ်လောက်ထိ လက်ရဲလာလည်းဆိုတော့ မိတ်ဆွေမှာ သူ့မိတ်ဆွေ တစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ ဒါပေမဲ့ ကျွန်တော့်အင်္ဂလိပ်စာကို ကျွန်တော် မယုံရဲလို့ မဝံ့မရဲဖြစ်နေတာပေါ့နော်။

နောက်အကျိုးအကြောင်း တိုက်ဆိုင်တော့ သူ့မိတ်ဆွေက စာတစ်စောင် ရေးလိုက်တယ်။ မေးခွန်းလေးတွေ ပါလာတယ်။ ဒီတော့ ကျွန်တော် သူ့ကို တိုက်ရိုက်ပဲ ဖြေလိုက်တယ်။ အခုချိန်ခါမှာတော့ ကျွန်တော် အရင်က ကြောက်ခဲ့ရတဲ့ကိစ္စတွေကို ကျွန်တော် မကြောက်မရွံ့ဘဲ ရေးနိုင်၊ ဖြေနိုင်တဲ့ သဘောအဆင့် ရောက်လာတယ်။

ဒီတော့ လောကကြီးမှာအတတ်ပညာတစ်ခု တတ်မြောက်လာတယ်။ တိုးတက်လာတယ်ဆိုတာက သိပ် ခဲရာခဲဆစ်ကြီးလည်း မဟုတ်ဘူး။ သို့သော်လည်း လိုင်းမိမှလို့ ဒီလိုပဲပြောရမှာ။ ကျွန်တော်က အင်္ဂလိပ်လို တွေးပါဆိုတဲ့ အကြံဉာဏ်ကို လက်ခံပေမယ့် အင်္ဂလိပ်လိုကို မတွေးဖြစ်နိုင်ခဲ့တာ။ အခုတော့ အင်္ဂလိပ်လိုရေးဖို့ ဖြစ်လာတဲ့အခါကျ အင်္ဂလိပ်လိုတွေးရင်းနဲ့ ကျွန်တော်ဟာ အင်္ဂလိပ်လို တွေးတတ်လာသလို ဖြစ်လာပါတယ်။

ဒါလေးဟာ ဝန်ခံချက်တစ်ခုဖြစ်သလို၊ တိုးတက်မှုတစ်ခုလည်း ဖြစ်သလို၊ လက်တွေ့ဖြစ်ရပ်တစ်ခုလည်း ဖြစ်သလို အစစအရာရာ တိုးတက်မှုကိစ္စတွေမှာ အခုလို အဆင်ပြေ အခြေအနေကောင်းတဲ့ အခွင့်သာရင် ရနိုင်ကြောင်း သတင်းကောင်း ပေးအပ်ပါတယ်။




တကယ်တမ်းကျ ကျွန်တော်က အင်္ဂလိပ်လို မတွေးနိုင်ဘူး။ ကျွန်တော် တွေးရင် မြန်မာလိုပဲ ဖြစ်နေတယ်။ ဒီတော့ မှန်ပေမယ့် လိုက်မကျင့်နိုင်တဲ့ အဲဒီ သဘောတရားရေးရာ တစ်ခုကို ကျွန်တော် အကြွေးတင်နေတယ်

**ဝုဏ်းလေး**

❑



www.burmeseclassic.com

www.burmeseclassic.com



# တုန်လှုပ်သူ လူညံ့

မင်းလှမင်းခေါင်

(ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ)

ဗုဒ္ဓက လောကဓံတရား ရှစ်ပါးနှင့်တွေ့ကြုံလျှင် မတုန်လှုပ်ဘဲ ရဲရဲရင့်ရင့် ရင်ဆိုင်ကြဖို့ မင်္ဂလသုတ်တွင် ဆုံးမထားသည်ကို လူငယ်များ မှတ်မိကြလိမ့်မည်ဟု ယုံကြည်ပါသည်။

အောင်မြင်တိုးတက် ကြီးပွားအောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသံသာ၊ သုခံ၊ ဒုက္ခံ ဟူသော လောကဓံတရားကို သိရှိပြီး ထိုအနက်အဓိပ္ပာယ်ဖြစ်သော လာဘ်ရခြင်း လာဘ်မရခြင်း၊ အခြွေအရံပေါများခြင်း အခြွေအရံကင်းမဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဟူသည့် လောကဓံတရားရှစ်ပါးကို ရဲဝံ့စွာ ရင်ဆိုင်ရဲကြရပေလိမ့်မည်။

ထိုလောကဓံတရား ရှစ်ပါးတွင် အကောင်းလောကဓံတရား လေးပါး၊ အဆိုးလောကဓံတရား လေးပါးတို့ ပါရှိသည်။ ပြောရလျှင် သူ့ဘက် ၅၀ ရာခိုင်နှုန်းရှိသလို ကိုယ့်ဘက် ၅၀ ရာခိုင်နှုန်း သတ်မှတ်ပေးထားသည်ကိုတွေ့ရသည်။ အကောင်းလောကဓံတရားကို ရရှိခံစားရစဉ် ကျေနပ်ပီတိ ဖြစ်သလို အဆိုးလောကဓံတရား လေးပါးနှင့် တွေ့ဆုံလာလျှင်လည်း ရဲဝံ့စွာ ရင်ဆိုင်ဖို့လိုပေလိမ့်မည်။

စာရေးသူသည် ဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့သော တရားတော်များကို ကျေနပ်စွာနားလည်ခံစားခဲ့ရပြီး ဘဝင်ကျစွာ လက်ခံမိသောကြောင့် မိမိအိမ်၏ စာရေးစားပွဲပေါ်ရှိ စက္ကူကတ်ထူတွင် ကိုယ်တိုင်ရေးသားကာ 'တုန်လှုပ်သူ လူညံ့' ဟု မီမိသဘောထား အမြင်ကို မိမိမြင်သာသောနေရာတွင် ချိတ်ဆွဲထားသည်။

စာရေးသူ ပြောလိုသည်မှာ တုန်လှုပ်ခြင်းမှာ ကြောက်ရွံ့တတ်သူများ၏ ကိစ္စသာဖြစ်သည်။ ကြောက်ရွံ့မှုမှသည် စိုးရိမ်မှုတို့ ပေါင်းဖက်မိသောအခါ ဆုံးရှုံးရမည်ကို တွေးပြီး သောကဗျာပါဒများ ဝင်ရောက်လာပြီး ဘဝကို အရှုံးပေးတတ်ကြလေသည်။ ထိုသို့ အရှုံးပေးသွားတတ်သူများကို အောင်မြင်မှုများက ဥပေက္ခာပြုလိုက်လေတော့သည်။ ထို့ကြောင့် အောင်မြင်လိုသူများသည် ဘဝကို အရှုံးမပေးဘဲ ရဲဝံ့စွာ ရင်ဆိုင်လိုသော စိတ်ဓာတ် အမြဲမွေးမြူထားရမည်။

ဘဝဟူသည် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကြည်နူးခြင်း၊ ကြေကွဲခြင်းစသည်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

တစ်ခါတစ်ရံ ဆူးခင်းလမ်းကို ပန်းနုံ့သင်းပြီး သားရဲတွင်းကို အကြင်နာပိုရသော အခြေအနေနှင့်လည်း ကြုံရတတ်သည်။ တစ်ခါတစ်ရံမှာ လေပြည်လေညင်းနဲ့ ကြုံရသလို မုန်တိုင်းအော်



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကြုံတွေ့ရတတ်သည်။ ဘယ်လိုပဲကြုံကြုံ လောကဓံရဲ့ အတွေ့အကြုံကို မတုန်မလှုပ် ရဲဝံ့စွာရင်ဆိုင်ဖြတ်သန်းနိုင်ရမည်။ ဒါမှ အောင်မြင်လိုသော ဘဝကို ပိုင်ဆိုင်နိုင်ကြမှာဖြစ်သည်။

ထိုသို့ ရင်ဆိုင်နိုင်ရန်အတွက် အောင်မြင်လိုသော လူငယ်များသည် ဗဟုသုတရှိခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်မြဲခြင်း၊ အပြောအဆိုပွင့်လင်းခြင်း၊ နှမြောတွန့်တိုခြင်း ကင်းရှင်းခြင်းတို့သည်လည်း အောင်မြင်မှု အကြောင်းတရားကို ရရှိစေရန် အထောက်အကူများဖြစ်သည်။

အောင်မြင်မှုရလိုသူများအတွက် 'IDEAL' ဆိုသည့်စကားနှင့် အဓိပ္ပာယ်ကို လက်ဆင့်ကမ်းလိုက်ပါသည်။

I - Intelligence = ဉာဏ်
D - Determination = ဆုံးဖြတ်ချက်
E - Emeigy = ဝီရိယ
A - Assiduity = စေ့စပ်သေချာမှု
L - Lucke = ကံ

ဟူ၍ လေ့လာသိရှိရသည်။

မအောင်မြင်သူများကို လေ့လာကြည့်ရာတွင် ပညာသင်ကြားရာ၌ ယုံကြည်မှု မရှိခြင်း၊ ရောဂါများခြင်း၊ ဟန်ဆောင်၍ သင်ယူခြင်း၊ ပျင်းရိခြင်း၊ ဉာဏ်ထိုင်းခြင်း စသည့် လက္ခဏာများသည် အောင်မြင်မှုနှင့် အလှမ်းဝေးသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် အောင်မြင်လိုသော လူငယ်တို့သည် ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာအောင်လည်း နေထိုင်ပြုမူကြရပေလိမ့်မည်။

နောက် ကိုယ်ကျင့်တရားလည်း ကောင်းမွန်ရပေလိမ့်မည်။ ပညာရှိတို့၏ ဩဝါဒကိုလည်း နာခံတတ်ရပေလိမ့်မည်။ ဗဟုသုတရှာဖွေကြရမှာ ဖြစ်သလို ဖြောင့်မတ်တည်ကြည်ခြင်းလည်း ရှိဖို့ လိုအပ်ပေလိမ့်မည်။ အောင်မြင်လိုသူများသည် တခြားသူက မိမိကို ကြည်ညိုခြင်းထက် မိမိကိုယ်မိမိ ကြည်ညိုဖို့ လိုအပ်ပေလိမ့်မည်။

ထို့အပြင် လူတိုင်းသည် အလုပ်နှစ်မျိုးသာ လုပ်နေကြရသည်ဆိုတာကို သိဖို့လိုပေလိမ့်မည်။ ထိုအလုပ် နှစ်မျိုးမှာ အတ္တနှင့်ပရ ဟူသော မိမိအကျိုးအတွက် အဓိကထားရသောအလုပ်နှင့် အများအကျိုးဆောင်ရွက်ခြင်းအလုပ်တို့ ဖြစ်သည်။

ပရဟိတအလုပ်ကို လုပ်ရတော့မည်ဆိုလျှင် သူတစ်ပါးက မိမိအတွက် ပတ်ဝန်းကျင်ဖြစ်သလို မိမိသည်လည်း သူတစ်ပါးအတွက် ပတ်ဝန်းကျင်ဖြစ်သည်ကို နားလည်ထား ကြရပေလိမ့်မည်။ ပတ်ဝန်းကျင်နှင့် မိမိကိုယ်မိမိ နားလည်ထားပြီးပြီဆိုလျှင် ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ သူများအလုပ်ကို ဝင်မရှုပ်မိဖို့လည်း သတိပြုမိဖို့လိုပါလိမ့်မည်။ (ဒီနေရာတွင် ပရဟိတအလုပ်နှင့် မရောထွေးဖို့ သတိပြုပါ။) စာရေးသူပြောလိုသည်မှာ ကိုယ့်အလုပ်ကို ကိုယ်မလုပ်တာ လူညံ့၊ သူများအလုပ်ကို ဝင်ရှုပ်တာ လူရှုပ် ဆိုသည်ကိုလည်း သိထားဖို့ လိုပေလိမ့်မည်။

လူငယ်များကို ပြောလိုသည်မှာ အောင်မြင်မှုရဲ့ ပထမခြေလှမ်းသည် ခံယူမှုစိတ်ဓာတ်လို့ စတင်ယုံကြည်လိုက်သည်နှင့် တစ်ပြိုင်နက် အောင်မြင်မှု စနေသည်ဟု နားလည်ခံယူထားစေချင်ပါသည်။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည် နိဝါတ တရားကိုလည်း လိုက်နာသင့်ကြပါသည်။ နိဝါတတရားရဲ့ ဆန့်ကျင်ဘက်သည် မာနထောင်လွှားမှုပါ။ မိမိပတ်ဝန်းကျင်မှာ မထားအပ်သောတရား ဖြစ်ပါသည်။ ငါက သူ့ထက် ပိုတတ်သည် ဟူသော အတွေးမျိုး မရှိသင့်ပါ။ မာနထားသူတာ အောင်မြင်မှုတံခါးကို ပိတ်လိုက်ခြင်းပင် ဖြစ်သည်။ လူတိုင်းတွင် မှားတတ်သလို ကိုယ်လည်း မှားတတ်သည် ဟူသော ကိုယ်ချင်းစာစိတ်ကို မွေးမြူကြရမည်။

အဓိက အရေးကြီးသည်မှာ သူတစ်ပါးရဲ့ အတွေ့အကြုံကိုရယူပြီး ဆင်ခြင်သင့်သည်များကို ရယူတတ်ခြင်းသည်လည်း အောင်မြင်ဖို့ အသုံးချတတ်ခြင်း ပညာရပ်တစ်ခုဖြစ်ကြောင်း သတိပြုပါ။ သို့သော် တစ်ဖက်သား၏ အယူအဆကို မျက်လုံးမှိတ်၍ လက်ခံရန် ပြောနေခြင်းမဟုတ်ပါ။ အကြောင်းကိုရှာမှ အကျိုးကိုသိမည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

အဲဒီလို အကြောင်းအကျိုးကို သိခြင်း၊ အတွေ့အကြုံနှင့် အကြံအစည်ကို လက်ဆင့်ကမ်းခြင်းသည် ပညာဟု ရှေးပညာရှင်များ သတ်မှတ်ထားသည်ကို သတိရပါ။ ဆိုလိုသည်မှာ မိမိအတ္တ (အစွဲ) မကြီးစေရန် ပြောဆိုခြင်းဖြစ်ပါသည်။ အစွဲဩဇာ ကြီးမားမှုနှင့် ပတ်သက်၍ နိုင်ငံရေးသမားကြီးတစ်ဦး ပြောဆိုသည့်စကားကို လက်ဆင့်ကမ်း ပြောပြချင်ပါသည်။

"ကျုပ်က အချက်အလက်ကို ကိုးကွယ်ဆည်းကပ်တဲ့သူ မဟုတ်ဘူး၊ အချက်အလက်ဆိုတာက အချိန်မရွေး ပြောင်းလဲတတ်တဲ့သဘော ရှိတယ်၊ ကျုပ်ရဲ့ အစွဲကတော့ ဘယ်တော့မှ မပြောင်းဘူး၊ အမြဲစွဲနေတာဗျ" ဟူသော စကားပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်လိုသူသည် အောင်မြင်မှုလမ်းကြောင်းမှ သွေဖည်သွားနိုင်သော အယူအဆ၊ အစွဲအလမ်းများကို ပုံသေဆုပ်ကိုင်မထားသင့်ကြောင်း ပြောလိုခြင်း ဖြစ်ပါသည်။

အောင်မြင်လိုသူများသည် နားထောင်ခြင်း အလေ့အထကို ကျင့်သုံးပါ။ မိမိစိတ်ထဲတွင်ရှိသော မှတ်ဉာဏ်တံခါးကို ဖွင့်ထားပါ။ မိမိအယူအဆနှင့် ဆန့်ကျင်သော အယူအဆဖြစ်ပါစေ၊ လက်ခံပြီး နားထောင်ပေးလိုက်ပါ။ အမှိုက်ပုံသည်ပင်လျှင် သင့်အတွက် တစ်စုံတစ်ခုသော အသုံးဝင်သည့် ပစ္စည်းတစ်ခု ပါကောင်းပါလာပါလိမ့်မည်။ အကယ်၍ သင်နားထောင်ခဲ့သော စကားလုံးများသည် သင့်အတွက် အသုံးမဝင်ပါက အမှိုက်ပုံးထဲ ပြန်စွန့်ပစ်ခဲ့ပါ။

အထူးသဖြင့် စာများများဖတ်ပါ။ …တ်တွေ့ရေးသားခြင်း (ဥပမာ-နေ့စဉ် …တ်တမ်းရေးသားခြင်း) ပြုလုပ်ပါ။ …တား ပြောဆိုရာတွင် တစ်ဖက်သား …းဝင်အောင် ပြောတတ်ဖို့ လေ့ကျင့် …းပါ။ လူတိုင်း စကားပြောတတ်ကြ …သော်လည်း စကားပြောမကောင်းတတ် …ည်ကို တွေ့ရသည်။ အဓိပ္ပာယ်ပြည့်ဝ …နဲ့ နားဝင်ချောအောင် ပြောနိုင်စွမ်း …ည် မြင့်မားစေဖို့ မြန်မာစာကို အခြေခံ …ကျ သင်ကြားတတ်မြောက်ဖို့ လိုပေ …မည်။

သချာသင်ယူခြင်းသည် တိကျ …သော အဖြေကို ထုတ်ပေးနိုင်သဖြင့် …နာများရှင်းလင်းနိုင်သော အတွေ့ …ကောင်းများစွာ ရရှိနိုင်စေပြီး …တ်ချက်များကို မှန်ကန်စွာ ချတတ် … အလေ့အထ ရရှိစေနိုင်သည်။

ထို့အပြင် ရှုပ်ထွေးပွေလီနေ … တိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် များစွာအသုံးဝင်သည်ကို သတိပြုပါ။ သချာပညာ သင်ယူထားခြင်းဖြင့် သင့်ဦးနှောက်သည် ထိုဖြစ်စဉ်များကို အလိုအလျောက် အလုပ်လုပ်ပေးနေသည်သိပါ။ ယုတ္တိကျကျ ဆန်းစစ်တွက်ချက်တတ်သော အသိဉာဏ်မြင့်မားလာသူများသည် ရှေ့နေ၊ သိပ္ပံပညာရှင်၊ ဆရာဝန်နှင့် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားပြု အားကစားသမားစသော အောင်မြင်သူတစ်ဦး ဖြစ်လာနိုင်သည်။

နောက်တစ်ချက် ပြောလိုသည်မှာ နေ့စဉ် လှုပ်ရှားသွားလာခြင်းနှင့် လုပ်ငန်းခွင်တွေမှာ တက်ကြွလန်းဆန်းသော စိတ်မွေးမြူပါ။ အလုပ်က မိမိကို ခိုင်းစေခြင်း မခံပါနှင့်။ မိမိက အလုပ်ကို ခိုင်းစေပါ။ မိမိကဲ့သို့ အောင်မြင်မှုများ ရှာဖွေနေကြသူများထဲတွင် သူတို့ထက်ပို၍အောင်မြင်ဖို့ဆိုသည်ကလည်း စိတ်လှုပ်ရှားစရာ တစ်ခုပါ။ ထိုကိစ္စသည်လည်း သဘာဝကျသော ကိစ္စဖြစ်သည်။ စိတ်လှုပ်ရှားပါ။ (စိတ်မတုန်လှုပ်ပါနှင့်) တုန်လှုပ်လျှင် သင် လှည့်ဖြစ်သွားနိုင်သည်ကို သတိပြုပါ။

အောင်မြင်လိုသူ လူငယ်များကို တစ်ချက်ပြောလိုသည်မှာ အောင်မြင်လိုလျှင် လုပ်နိုင်သည့်ကိစ္စကို ခဏ ခဏ မလုပ်ပါနှင့်။ မလုပ်နိုင်သောကိစ္စကို လုပ်ကြည့်ပါ။ တွေ့လာသော အခက်အခဲကို အခွင့်အရေးတစ်ခုတွေ့ပြီဟု သဘောထားပါ။

အောင်မြင်မှု ဆိုသည်မှာ မှန်ကန်သော စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်ကို စိတ်ဓာတ်အရည်အသွေးပြည့်ဝသူများသာ ပိုင်ဆိုင်နိုင်သည်ကို သတိပြုပါ။ စိတ်ဓာတ်အရည်အသွေး မပြည့်ဝဘဲ တုန်လှုပ်နေမည်ဆိုပါက သင်သည် အောင်မြင်မှုကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်သူ လုံးဝမဖြစ်နိုင်တော့ပါ။ ထို့ကြောင့် မိမိစိတ်ဓာတ်ကို ထာဝရမြင့်တင်ထားပါ။

အောင်မြင်လိုသူသည် အောင်မြင်မှုရရှိခဲ့သော ပုဂ္ဂိုလ်များ၏ ကြိုးစားအားထုတ်မှုတို့ကို လေ့လာပြီး ထိုသူကို ဘယ်ကဲ့သို့ ကြိုးစားအားထုတ်သွားကြသည်ကို သိရှိဖို့လိုအပ်ပေလိမ့်မည်။

အမှန်တကယ် အောင်မြင်လိုသူလူငယ်များကို ပြောလိုသည်မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ကိုးကွယ်ရာအစစ်ဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာမန်လူသားတစ်ဦးသာ ဖြစ်သည်ကို တွေ့ရပေလိမ့်မည်။

ဗုဒ္ဓဖြစ်စဉ်ကို လေ့လာကြည့်လျှင် အတိတ်မှပြုလုပ်ခဲ့သော ကုသိုလ်ကံ ပါရမီတို့ကို ခေတ္တချန်လှပ်၍ ပြောပါမည်။ လူသားတစ်ယောက်ဖြစ်သော သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးတို့မြင်၍ ဘုရားဖြစ်အောင် ငါကြိုးစားမည်ဟု ရည်ရွယ်ပြီး (၆) နှစ်တာ ကာလပတ်လုံး အပြင်းအထန် ကြိုးစားခဲ့သည်။ ဒီနေရာတွင် (ဗုဒ္ဓ၏) အရေးကြီးသော အချက်တစ်ချက်ကို လူငယ်များ သတိပြုဖို့ ရေးသားနေခြင်းဖြစ်ပါသည်။

နန်းမသုံးဆောင်တွင် စိတ်တိုင်းကျ ခံစားခဲ့သူဖြစ်သော်လည်း တောထဲတွင် ဘုရားကျင့်သောအခါ သစ်သီးသစ်ဥများကိုသာ မှီဝဲသုံးဆောင်ခဲ့ရာ ဗုဒ္ဓ၏ ခန္ဓာကိုယ်သည် ကျောနှင့်ရင်ကပ်လုမတတ် 'ဒုက္ကရစရိယ' ကျင့်ကြံအားထုတ်တော်မူခဲ့သည်။ နောက်ဆုံး ဗုဒ္ဓ၏ ကြောက်စရာ အကောင်းဆုံးသော ခံယူချက်မှာ -"ဘုရားမဖြစ်သမျှ ငါ ဒီပလ္လင်ထက်ပေါ်က လုံးဝမထ"



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အမိဋ္ဌာန်ကြောင့် ဘုရား စင်စစ် ဧကန်ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ထိုခံယူချက် တစ်ခုတည်းနှင့်ပင် ဗုဒ္ဓသည် လောကသုံးပါးတွင် အနှိုင်းမဲ့ ကိုးကွယ်ရာ ဘုရားဖြစ်ခဲ့ရလေသည်။

ကောင်းပါပြီ။ လူငယ်များကို တစ်ဆက်တည်းပြောလိုသည်မှာ ဗုဒ္ဓနှင့် နှိုင်းယှဉ်ပြောသည်ကို "သူက ဘုရားဖြစ်မယ့်သူလေ" ဟု ဆင်ခြေမပေးပါနှင့်။ လူငယ်တို့နှင့်သာမက မြန်မာနိုင်ငံတစ်ခုလုံးသော ပြည်သူပြည်သားတို့၏ ရင်ထဲတွင် တမ်းတမ်းတတ ကြည်ညိုလေးစားနေရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဥပမာပေး ပြောပါမည်။

တကယ်တမ်း ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံအတွက် ဆောင်ရွက်ခဲ့သော အချိန်ကာလသည် ကြာမြင့်ခဲ့သည် မဟုတ်ပါ။ တိုတောင်းလှသော အချိန်အတွင်းမှာပင် ကျောင်းသားသမဂ္ဂမှစ၍ နိုင်ငံရေးပြုလုပ်ခဲ့ပြီး (BIA) တပ်မတော်ကို ဖွဲ့စည်း၊ ဂျပန်နှင့် ပူးပေါင်း၍ အင်္ဂလိပ်ကို တိုက်ထုတ်၊ နောက် ဂျပန်တွေကို မြန်မာပြည်က အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့သည်။

နိုင်ငံရေး စတင်လုပ်ဆောင်စဉ် ဗိုလ်ချုပ်သည် (၁၈) နှစ်သားနှင့် (၂၀) နှစ်သား အရွယ်ပင်ရှိသေးသည်။ သူ့ခေါင်းထဲတွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရန်နှင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးကိစ္စမှတစ်ပါး အခြားမရှိခဲ့။

ထို့ကြောင့် လွတ်လပ်ရေးရရှိရန် နည်းလမ်းပေါင်းများစွာကို တွေးခေါ်စဉ်းစားသည်။ တိုင်ပင်ဆွေးနွေးသည်။ အကြံဉာဏ်တွေ ရယူသည်။ တစ်ခုတည်းသော ရည်မှန်းချက်အောင်မြင်ရန် မည့်သည့်နည်းဖြင့် လုပ်ကိုင်ရမည်ကိုသာ စဉ်ဆက်မပြတ်တွေးသည်။ မည်သို့သောလောကဓံနှင့်ကြုံကြုံ မတုန်လှုပ်ခဲ့။ မည်သို့သော အခက်အခဲကို မည်သို့ ဖြတ်ကျော်ရမည်နည်းဆိုသည်ကိုသာ တွေးတော၍ အောင်မြင်စွာ ဖြတ်ကျော်ခဲ့သူ ဖြစ်သည်။

ဗုဒ္ဓသည် ၂၉ နှစ်သားတွင် တောထွက်၍ (၆)နှစ်တာကျင့်ကြံအားထုတ်၍ ဘုရားအဖြစ်သို့ရောက်သည်။ လူသားအားလုံးအတွက် နိဗ္ဗာန်ရောက်ကြောင်းတရားကို တွေ့မြင်သွားသည်။ ထို့ကြောင့် အိုနာသေဘေးမှ လွတ်မြောက်သော နိဗ္ဗာန်ရောက်ကြောင်းတရား မဂ္ဂင် ရှစ်ပါးကို သိမြင်ပြီး လူအများကို ဟောကြားကာ သံသရာမှလွတ်မြောက်အောင် ဆောင်ကြဉ်းနိုင်ခဲ့သည်။

ဗုဒ္ဓသည် သစ္စာ လေးပါးကို သိမြင်သည်။ ခန္ဓာကိုယ်တစ်ခုလုံးကို ခွဲခြမ်းစိတ်ဖြာ၍ သိမြင်ပြီး (၃၂) ကောဋ္ဌာသ၊ ထိုမှတစ်ဆင့် ဓာတ်ကြီး လေးပါးဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောကို သိသည်။ နောက် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အဆီဟူသော ခန္ဓာကိုယ်ကြီးတွင်ရှိသော အဌကလာပ် ရှစ်ပါးကို သိသည်။ လူ့ခန္ဓာကိုယ်ကို ဤအင်္ဂါရှစ်ပါးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုခန္ဓာအား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေး သုံး[ပါး]ဖြင့် ရှုမြင်ပြီး ထိုမှတစ်ဆင့် နာမ်[နှ]င့်ရုပ် ဟူ၍ ဝိပဿနာအမြင်ဖြင့်ရှုမြင်စေပြီး နောက်တစ်ဆင့် ဖြစ်၊ ပျက်သာ ရှိသည်ကို ဟောကြားပေးခြင်းဖြင့် ဗုဒ္ဓဘာသာဝင်တို့အား အကောင်းဆုံးနည်းပေး လမ်းညွှန်မှုပေး၍ ကယ်တင်ခဲ့လေသည်။

အလားတူပင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း လူငယ်လူရွယ်ဘဝမှာပင် အခြား ဘာကိုမှ စိတ်မဝင်စားဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေး ရယူရန်အတွက်သာ ရည်မှန်းချက်ထား၍ လုပ်ဆောင်ခဲ့ပြီး ရည်မှန်းချက်အတိုင်း လွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်သွားခဲ့သည်။ အဲလေးအနက်စဉ်းစား၍ အတုယူသင့်သည်။ ယနေ့ အောင်မြင်လိုသော လူငယ်တို့၏ အောင်မြင်လိုမှုသည် ဗိုလ်ချုပ်ရည်မှန်းခဲ့သော ရည်မှန်းချက်လောက် မမြင့်မားကြပါ။

ထို့ကြောင့် အောင်မြင်မှုတကယ်လိုချင်လျှင် စာရေးသူ အထက်တွင် ရေးပြခဲ့သော အကြောင်းအရာ အချက်အလက်တို့ကို ဂဃနဏသိရှိနားလည်ပြီးလိုက်နာကျင့်ဆောင်သင့်ကြပေသည်။

အောင်မြင်လိုသူများသည် လှေကားထစ်များပေါ် တက်သလိုပင်၊ ထစ်ထစ်ရောက်ပြီးတိုင်း နောက်တစ်ထစ် လှမ်းဖို့ အဆင်သင့်ဖြစ်ဖို့ လိုပေလိမ့်မည်။ အောင်မြင်မှုသည် မိမိရောက်ရှိနေသော နေရာ(၁၀)ဖြင့် ဘယ်လောက်အလှမ်းဝေးနေသေးသည်ကို လေ့လာသုံးသပ်ရပြီး ရောက်အောင် ဘယ်လိုသွားရမည်ကို ကြိုတင်တွက်ဆထားရမည်။ အောင်မြင်မှု ဟူသည် အတင်းအဓမ္မ ကြိုးစား၍ ရကောင်းသောအရာမဟုတ်သည်ကိုလည်း သတိပြုသင့်ပါသည်။

အောင်မြင်လိုသူများသည် ရပ်တန့်နေသူများမဟုတ်ကြောင်း လက်ဆောင်ပေးရင်း ဆောင်းပါးကို နိဂုံးချုပ်ပါမည်။ တန်းကျော်အပြေးသမားဘဝ ကာယဗလမောင် ဘဝသို့ တစ်ဆင့်တိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်ခဲ့သူတစ်ယောက်အကြောင်း နေမျိုးသူရိန် ရဲ့ SPORT LIGHT ဂျာနယ်မှ အန်ဒီတာနာ အမည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သူဆိုလိုချင်တဲ့ အဓိပ္ပာယ်က လူတစ်ယောက်ဟာ မြစ်တစ်ခုမှာ ရေဆင်းချိုးမယ် ဆိုပါစို့။ ပထမအကြိမ် ရေချိုးခဲ့သော မြစ်နဲ့ ထိုမြစ် ထိုနေရာတွင် ဒုတိယအကြိမ် ရေချိုးမယ့်မြစ်တို့သည် တူညီကြတော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြစ်ရေသည် အမြဲမပြတ် စီးဆင်းနေသောကြောင့် ဖြစ်သည်။ မတည်မြဲခြင်း သဘောကို ဟေရာကလိုက်တပ် ရည်ညွှန်းလိုခြင်း ဖြစ်သည်။ အမှန်က မြစ်က ဒုတိယမြစ်ဖြစ်သလို ဒုတိယအခေါက် ရေဆင်းချိုးသူလည်း ပထမလူ မဟုတ်တော့ဘဲ ဒုတိယလူ ဖြစ်သွားသည်။

အချိန် ကာလတွေ ပြောင်းလဲလာသကဲ့သို့ လူသားတို့၏ စိတ်ပိုင်း ရုပ်ပိုင်းတွေလည်း ပြောင်းလဲလာခဲ့သည်။

အန်ဒီတာနာသည် ဗြိတိန် အားကစားသမားတစ်ဦး ဖြစ်သည်။ သူသည် လက်ရှိ အနေအထားတွင် အသက် ၃၅ နှစ်အရွယ်ရှိပြီ။ အသက် ၃၃ နှစ်အရွယ် အားကစားစွမ်းဆောင်ရည် မြင့်မားနေဆဲမှာ တန်းကျော်အပြေးသမားဘဝမှ အနားယူလိုက်သည်။ ထိုကိစ္စကို သူအလေးအနက်ထား၍ စဉ်းစားခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က သူသည် ကမ္ဘာ့အဆင့် တန်းကျော်အပြေးသမားတစ်ဦး ဖြစ်သည်။

၂၀၀၆ ခုနှစ် ဓနသဟာယ ပြိုင်ပွဲတွင် တတိယ အဲဒီနှစ်ထဲမှာပင် ဥရောပ ပြေးခုန်ပစ်(၈)ပွဲ မီတာ (၁၀၀) တန်းကျော်ပြေးပွဲမှာ ကြေးတံဆိပ်၊ ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာ့အဆင့်နဲ့ ဥရောပအဆင့်တွေမှာ အောင်မြင်မှုနဲ့ တွေ့လွဲလွဲချော်ခဲ့ပြီး ၂၀၀၈ ခုနှစ် နွေရာသီ အိုလံပစ်ပြိုင်ပွဲမှာ ဂရိတ်ဗြိတိန် အသင်းကိုယ်စား ယှဉ်ပြိုင်ခဲ့ရပြီး ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့သည်။ အဲဒီနောက် အောင်ပွဲတွေ ဆက်တိုက် ရယူနိုင်ခဲ့ပြီး ဥရောပပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေ ရရှိခဲ့သည်။ ဓနသဟာယပြိုင်ပွဲတွင် ရွှေတံဆိပ်၊ မီတာ (၁၀၀) တန်းကျော်ပြေးပွဲတွေမှာ ရွှေတံဆိပ် (၄) ခု၊ ငွေ (၁)၊ ကြေး (၃) ခု ရယူနိုင်ခဲ့သူဖြစ်သည်။

သူ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲမှာ ၂၀၁၄ ဥရောပပြေးခုန်ပစ် ချန်ပီယံရှစ် ပြိုင်ပွဲဖြစ်သည်။ ၂၀၁၄ နှစ်ကုန်တွင် အပြေးသမားဘဝမှ အနားယူခဲ့သော်လည်း အားကစားလောကကို ကျောခိုင်းသွားသူတော့ မဟုတ်ပေ။ သူ့ရဲ့ နောက်ထပ်ရည်မှန်းချက်က ကာယဗလ မောဒယ် ဖြစ်လိုသော ဆန္ဒဖြစ်သည်။ ကလေး သုံးယောက်ရဲ့ ဖခင်ဖြစ်သူ အန်ဒီတာနာသည် အပြေးလေ့ကျင့်ခန်းတွေအစား အားကစားခန်းမထဲတွင် ကာယဗလ လေ့ကျင့်ခန်းတွေ လေ့ကျင့်ခဲ့သည်။ ခန္ဓာကိုယ် ထွားကျိုင်းလာစေမည့် အစားအစာများကို စားသည်။ ပြိုင်ပွဲတွေ ယှဉ်ပြိုင်နိုင်အောင် ကြွက်

အားကစားသမား တစ်ယောက်ရဲ့ ကြိုးစားမှုပါ။


"မြစ်တစ်ခုမှာ ရေနှစ်ခါချိုးလို့ မရနိုင်ဘူး" လို့ ဟေရာကလိုက်တပ် ဆိုတဲ့ ဂရိတွေးခေါ်ပညာရှင်တစ်ဦးက မိန့်ဆိုခဲ့ဖူးသည်။





www.burmeseclassic.com

www.burmeseclassic.com







သားအမြှောင်းအမြှောင်းဖြစ်လာအောင် လေ့ကျင့်ယူသည်။ တစ်လချင်း တိုး၍ အစားပမာဏကို တိုးမြှင့်ပြီး စားသုံးရသည်။ ကယ်လိုရီ လိုအပ်ချက်ကြောင့် ကယ်လိုရီ (၃၀၀၀) စားသုံးနေရာက (၆၀၀၀) အထိ စားသောက်ခဲ့ရသည်။

ကာယဗလ လေ့ကျင့်ရုံကြီးထဲတွင် အလေးပြားတွေမ,ပြီး ကြွက်သားတွေ ကြီးမားလာစေရန် လေ့ကျင့်ရသည်။ ရင်ဘတ်၊ ပခုံး၊ လက်မောင်း၊ လက်ဖျံ စသည်ဖြင့် တစ်ကိုယ်လုံးတွင်ရှိသော ကြွက်သားများအတွက် လေ့ကျင့်ပေးရသည်။

သီတင်းပတ်များစွာကို ဖြတ်သန်းပြီးသည့်နောက်တွင် အန်ဒီတာနာသည် ကြွက်သားတွေ အထစ်ထစ်အဖုဖုနဲ့ အားရဖွယ် ဖြစ်လာခဲ့တော့သည်။ အာနိုး၊ ဗန်ဒိန်း၊ ဗင်ဒီဇယ်၊ The Rock တို့လို အက်ရှင်ကားတွေထဲက ပုံစံဖြစ်လာသည်။

အပြေးသမားဘဝ အနားယူပြီးနောက် ဝင်ငွေမရှိတော့တဲ့အပြင် ယခုအားကစားမှာ စားစရိတ် အလွန်ကြီးသော ကစားနည်းဖြစ်သည်။ သို့သော် အာတတ်နိုင်ဆုံးရည်မှန်းချက်သို့ ရောက်အောင် လှမ်းခဲ့သည်။ တုန်လှုပ်မှုမရှိဘဲ ရဲဝံ့စွာလျှောက်လှမ်းလာခဲ့သည်။ ယခုအခါ ဒိုင်တွေက တန်းကျော်အပြေးသမားဘဝမှ ကာယဗလမောင် တစ်ယောက်အဖြစ် အသိအမှတ်ပြု သတိထားမိကြသော်လည်း အန်ဒီတာနာသည် သူများ အသိအမှတ်ပြုခြင်းထက် သူ့ကိုယ်သူ အသိအမှတ်ပြုနိုင်အောင် ကြိုးပမ်းနေသည်ကို ဖတ်ရှုလေ့လာကြရသည်။

ထို့ကြောင့် အောင်မြင်တိုးတက်ကြီးပွားလိုသော လူငယ်များအတွက် အမိက ပြောလိုသည်မှာ ကမ္ဘာကြီးသည် ရင်ခုန်စရာများရှိတတ်သလို ရင်ခုန်စရာများလည်း ရှိနေသည်။ ဒါလည်း သဘာဝကျသော ကိစ္စတစ်ခုဖြစ်သည်။

သို့သော် အမှန်တကယ် အောင်မြင်ချင်ပါသလား။ ဒါဆိုလျှင် ဘယ်လိုကြိုးပမ်းခဲ့ကြသလဲ ဆိုတာကိုလည်း လေ့လာပြီး သူတို့လျှောက်လှမ်းသလို မိမိတို့ကိုယ်တိုင်လည်း လျှောက်လှမ်းမှသာ အောင်မြင်မှုကို မလွဲမသွေ ရရှိမှာဖြစ်သည်။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်များအတွက် အမိက ပြောလိုသည်မှာ 'အောင်မြင်ချင်ပါသလား။ အောင်မြင်ချင်လျှင် တုန်လှုပ်မှုကို မိမိရင်တွင်းထဲက အဝေးသို့ ထုတ်လွှင့်ပစ်လိုက်ပါ။ မိမိရင်တွင်းတွင် သိမ်းဆည်းမထားပါနှင့်။

ဤကဲ့သို့ ရင်တွင်းမှာ သိမ်းဆည်းထားနေသရွေ့ ကာလပတ်လုံး သင်သည် အောင်မြင်မည့်သူ မဟုတ်နိုင်ဟု နားလည်လိုက်ပါ။

အမိကပြောလိုသည်မှာ 'တုန်လှုပ်သူ လူညံ့' ဟူသော စကားလုံးလေးကို အမြဲအမှတ်ရနေပါ။ လူငယ်များ တိုးတက်ကြီးပွား အောင်မြင်ကြပါစေ

**မင်းလှမင်း**

❑



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## သိမှတ်စရာ ဆေးနည်းအဖြာဖြာ

မောင်စာဆို(ကျုံ့ရှ)

တစ်နေ့သ၌ ကျွန်ုပ်မောင်စာဆို ဆောင်းပါးတစ်ခု အတွက် ကျုံ့စုရွာ မင်္ဂလာကန်တော်ကြီး အနီးဗေဒဆိုင်ခန်း ဖွင့်ထားသည့် ဗေဒင်ဆရာကြီးလည်းဖြစ် စာရေးဆရာကြီး လည်း ဖြစ်သော ဆရာဦးဆန်းဝင်း (ဆန်းဝင်း-အောင်မြေ) အိမ်သို့ ရောက်ရှိသောအခါ -

"ဆရာ"

"အာ- မင်း မင်း လာဟ ရှိပါတယ်"

"ဆရာ့ခွေးတွေ အားကောင်းလှချည့်လား ဆရာ"

"အေးလေ မွေးထားတာတော့ မဟုတ်ဘူး၊ ကျွေး ထားတာ တိုးပွားနေကြတာပဲဟေ့၊ အဲ- ဒါပေမဲ့ တစ်ခါမှ လူတစ်ယောက်မှ မကိုက်ဖူးဘူးကွ"

"အဲဒါတော့ ထူးခြားတယ်ဆရာ၊ မကိုက်ဖူးဆိုတော့ ဆရာ့စီးပွားရေး ထိခိုက်မှာစိုးလို့ သူတို့ မကိုက်တာ ဖြစ်မယ်"

"အေး ဖြစ်နိုင်တာပေါ့ကွာ၊ ကဲ- ရေနွေးရှိတယ်၊ ဒီတစ်ပတ် ဘာများ မေးစရာရှိလဲဟ၊ လက်ထဲမှာလည်း စာအုပ်နဲ့"

"ဟုတ်ကဲ့ဆရာ၊ ဒီတစ်ပတ်တော့ အညောင်းထိုင်ရ လွန်းလို့၊ အဲဒါ အညောင်းအကိုက်ပျောက်စေတဲ့နည်း လိုချင် ပါတယ် ဆရာ"

"ဆေး မဟုတ်ဘူးပေါ့"

"ဟုတ်ပါတယ်ဆရာ၊ သိပ်ပြီး တာဝန်လည်း မများတဲ့ နည်းပေါ့"

"နေ့တိုင်း ထိုင်ပြီး ပန်းကန်စင်၊ နတ်စင်တွေ ရှိက် နေရတော့ အကြောတင်းမယ်၊ ညောင်းမယ်၊ အားကစား လုပ်ဖို့လည်း အချိန်မပေးနိုင်ဘူး၊ အညောင်းအညာပျောက် တဲ့ တေဆေးလိုဟာလည်း မစားချင်ဘူးဆိုတော့ မင်း အိပ်ခါ နီးမှာ ငါးမိနစ် ဆယ်မိနစ်လောက် ပုတီးစိပ်ရင်းဖြစ်ဖြစ် လုပ်လို့ရမယ့် အလုပ်တစ်ခုကွ"

"ဆရာ ဘယ်လိုဟာမျိုးလဲ ဆရာ"

"အေး- အရင်တုန်းက ကြာတော့ကြာပြီ၊ ငါမှတ်သား ထားတဲ့ နည်းတစ်ခုက မင်း အုန်းသီးကြိတ်တဲ့ဆိုင်မှာ အုန်း မှုတ်ခွက်နှစ်ခု (ချွန်ချွန်မဟုတ်) လိုတယ်၊ အဲဒီ အုန်းမှုတ် ခွက် နှစ်ခုကို အိပ်ရာခြေရင်း (ခုတင်ရှိက ခုတင်ခြေရင်း)မှာ ပထမ နင်းကြည့်ပြီး နည်းနည်းစူးသလို ခံစားရရင် အဝတ် အုပ် အနေတော် အရသာ ဖြစ်ပြီဆိုရင် ဘယ်၊ ညာ နင်းရ မယ်ကွ"

"လူကို နင်းပေးသလိုလား ဆရာ"

"ဟုတ်တယ်၊ အရင်းအဖျား အလယ် အခြေအနေ ကြည့်နင်းရမှာ၊ ပုတီးစိပ်ရင်းဆို လွန်စွာကောင်းမယ်ကွ၊ ဆရာက အဲဒီလိုပဲ နင်းတယ်"

"ဟုတ်ကဲ့ဆရာ အဲဒါ ရပါတယ်၊ အဲဒီလို နင်းတာ ဘယ်လောက်ကြာကြာ နင်းရမလဲ ဆရာ"

"ဖြစ်နိုင်ရင်တော့ နာရီဝက်တိတိ နင်းစေချင်တယ်၊ နင်းနေရင်းနဲ့ အဲဒီမယ် ဗိုက်ထဲကဖြုတ်ဖြုတ်နဲ့ အသံတွေ မြည်[illegible]သကွ၊ လေတွေ ကျေတာလား မသိဘူး၊ အေး- အဲဒီ[illegible]လို နင်းပြီးမှ အိပ်ရမယ်၊ ခြေတွေ လက်တွေ ဆေးကြော ပြီးမှ နင်းရမှာနော်၊ နင်းပြီး ခြေမဆေးရဘူး၊ ဒါ အရေးကြီးတဲ့ အချက်ပဲ"

"ဟုတ်ကဲ့ဆရာ လိုက်နာပါ့မယ်၊ အကျိုးပေးက ဘယ်လိုလဲ ဆရာ၊ အုန်းမှုတ်ခွက်နင်းတဲ့ အကျိုးပေါ့"

"အေး အကျိုးက အိပ်ရာထ အလွန်ပေါ့ပါးလန်း ဆန်းတယ်၊ လေးလံ ထိုင်းမှိုင်းမနေဘူး၊ ပြီးတော့ ဓာတ်မှန် တယ်၊ ထမင်းဆာမယ်၊ ထမင်းစားတဲ့အချိန်ကလွဲလို့ (သရေ စာ စားတာတွေ လျှော့ရမယ်၊ အခြား အစားအ[illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

အလွန် မစားရဘူး၊ အထူးသဖြင့် အကြောတင်း တက်တာတွေ လုံးဝ ပျောက်ကင်းသွားမယ်ဆိုတာ အာမခံတယ်၊ ဆရာက ခုလည်း နင်းတုန်းပဲ၊ လမ်းလျှောက်တာနဲ့လည်း သွားညီမျှ သလို အကျိုးပေး ပိုကောင်းတယ်"

"အင်း ဒီလောက်ကောင်းတဲ့နည်း မလုပ်လို့တော့ မဖြစ်တော့ဘူး၊ သေသေချာချာလုပ်မယ်ဆရာ"

"ကောင်းတယ်၊ သေသေချာချာ ထိထိရောက်ရောက် လုပ်ကွာ"

"ဟုတ်ကဲ့ ဆရာ"

"ကဲ- နောက်တစ်ခု ဘာသိချင်သေးလဲ ပြောပါဦး"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် အထိုင်များလို့လားတော့ မသိဘူးဆရာ၊ ဟို ဓာတ်ချုပ်တယ်၊ တစ်ခါတလေ နှစ်ရက် လောက်ကြာမှ သွားတယ်၊ အဆင်မပြေဘူး၊ အဲဒါ ဘာများ ဘယ်လို လုပ်ရင်ကောင်းမလဲဆိုတာ ညွှန်ပြပါဦးဆရာ"

"ဓာတ်ချုပ်ခြင်းမှာ အချက်တွေရှိသကွ၊ ဝမ်းမီးကောင်း ပထဝီဓာတ်ကဲတဲ့ လူတွေလည်း ဓာတ်ချုပ်တယ်၊ ထမင်းစားတဲ့ အခါ ချဉ်ရေဟင်း၊ ဟင်းချိုမပါဘဲ ရေနွေးနဲ့ အခြောက်တိုက် ဆီပြန်ဟင်း အစားများရင်လည်း ဓာတ်ချုပ်တတ်တယ်၊ ပြီးတော့ အိမ်သာတက်ချင်ပေမယ့် အလုပ်က လက်စမသတ် နိုင်သေးလို့ အောင့်ထားရာက ဓာတ်ချုပ်အကျင့်ပါသွားတာ လည်း ရှိတယ်၊ ဆေးတွေသောက် သွားအောင်လုပ်ရင်တော့ ရတာပေါ့၊ ဒါပေမဲ့ အစားအသောက်နဲ့ ပြုပြင်ပြီး ဝမ်းမှန် အောင် လုပ်တာက ကျန်းမာရေးပိုကောင်းတယ်"

* မနက် အဆာခံစားမယ်ဆိုရင် မုန့်ဟင်းခါး ခေါက်ဆွဲ ရှံခါစားပေးခြင်း၊

* ထမင်းကြီးစားတိုင်း ချဉ်ရေဟင်း ဟင်းချိုဖြင့် (အရည်ဟင်း) စားသင့်ခြင်း၊

* သရေစာ မကြာခဏ မစားဘဲ ထမင်းကိုသာ အဓိကထား အချိန်သတ်မှတ်၍ စားခြင်း၊

* ရေမှန်မှန်ချိုးခြင်း၊ နံနက်အိပ်ရာထတိုင်းရေ (အစာ အိမ်ပြည့်အောင်) အဝသောက်သင့်ခြင်း၊

- လျက်ဆား၊ အစာကြေဆေး ဆောင်ထားသင့်ခြင်း

စတဲ့ အချက်အလက်တွေကို လိုက်နာဆောင်ရွက်မယ် ဆိုရင် ဓာတ်ပြန်ပြီး မှန်လာလိမ့်မယ် စိတ်ချ"

"ဟုတ်ကဲ့ ဆရာကြီး ပြောတဲ့ အချက်အလက်တွေ ကျွန်တော် တော်တော်များများ လွတ်နေတာပဲ၊ ဒါကြောင့် ဝမ်းချုပ်တာကိုး၊ ဟုတ်ပြီ ဆရာ လိုက်နာဆောင်ရွက်ပါ့မယ် ခင်ဗျား"

"ကဲ- ဟုတ်ပြီ၊ ဒါဆို နောက်တစ်ခုမေးပါဦး၊ အချိန် ရသေးတယ်"

"ဟုတ်ကဲ့ဆရာ ကျေးဇူးတင်ပါတယ်၊ တစ်ခါ တစ်ခါ တော်တော်နဲ့ အိပ်မပျော်ဘူး၊ မပျော်တော့ တွေး တွေးတော့ မပျော်၊ အဲဒီလိုလည်း ဖြစ်တတ်ပါတယ်၊ အဲဒီလိုဆိုရင်ဆေး ဆေးမသောက်ဘဲနဲ့ အိပ်ပျော်တဲ့နည်းလေး သိပါရစေ"

"ရှေးတုန်းက လူကြီးတွေ အမြဲလုပ်တဲ့ အိပ်မပျော်ရင် လုပ်ပုံလေ၊ ထမင်းနည်းနည်းပန်းကန်ထဲ ထည့်၊ သောက်ရေ ဆမ်းလိုက် မြုပ်အောင်ပေါ့။

ပြီးတော့ အဲဒီ ထမင်းကို ဆယ်ပြီး ထန်းလျက်ခဲနဲ့ သုံးလေးလုတ်လောက် စားပြီးမှ ပြန်အိပ်မယ်ဆိုရင်၊ အဲဒါ ရင်အေးပြီးတော့ အမြန်အိပ်ပျော်စေတာယ်လို့ ရှေးလူကြီးတွေ မှာခဲ့သကွ၊ ကိုင်း- စားကြည့်ပေတော့၊ ရင်အေးမှာတော့ သေချာတယ်"

"ရေဆမ်းထားလို့လား ဆရာ"

"အမှန်ပေါ့"

"ဟုတ်ကဲ့ ဆရာ၊ နောက်ဆုံး တစ်ခုလောက်ပဲ မေး ပါရစေ ဆရာ"

"မေးပါ၊ ရပါတယ်"

"အခုခေတ်မှာတော့ ဒီရောဂါက လူတော်တော်များ များမှာ ဖြစ်နေတော့ ဆေးလည်း တယ်မတွေ့တော့ အခက် ကြုံတာ ဆရာ"

"ဘာရောဂါတုန်းဟ"

"ဆီးချိုရောဂါလေ ဆရာ"

"အေး၊ ငါတို့အနားက စာရေးဆရာတစ်ယောက် လည်း ဖိနပ်ပေါက်ရာကစပြီး အနာမကျက်တော့ဘူး၊ ဆီးချို



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ကြောင့် တော်တော်ခံလိုက်ရတာ၊ ကဲ- မင်း ဘယ်သူ နီးနီး နားနား ဖြစ်နေလို့လဲ ဟ"

"ကျွန်တော့် ညီမဝမ်းကွဲဆရာ၊ အသက်က (၃၀)ကျော်ပဲ ရှိသေးတာ၊ အဲဒီ ဆေးချိုကြောင့် ဟိုဟာလည်း မတည့် ဒီဟာလည်း မတည့်နဲ့ ဒုက္ခကို ရောက်နေတာ"

"ကဲ- ဒါဆို တို့ စာရေးဆရာတစ်ဦးက ဖောက်သည်ချထားတဲ့ ဆေးနည်းလေး မှတ်ထားကွ၊ ငွေကုန်မှာလည်း ပူစရာ မလိုဘူး၊ အဝေးကြီးလည်း သွားရှာစရာ မလိုဘူး"

"ကောင်းပါပြီ ဆရာ"

"ခရေပင်က အရွက်ကို လိုသလောက်ခူးပြီး ရေသန့်စင်စွာ ဆေးပြီး နေလှန်းရမယ်၊ အခြောက်ခံထားရမယ်ပေါ့၊ ပြီးတော့ ကောက်ရိုးကိုလည်း လိုသလောက် ရအောင်ရှာပြီး ရေသေချာဆေး၊ သူလည်း နေလှန်း အခြောက်ပြုလုပ်ထားပေါ့ကွာ၊ နှစ်မျိုးစလုံး အဆင်သင့် ဖြစ်ပြီဆိုရင် အညီအမျှ ချိန်ရမယ်၊ ပြီးတော့ အိုးသန့်သန့်မှာ ရေသန့်နဲ့ ပြုတ်ရမယ်၊ နှိုးရိုးမဟုတ်ဘူး၊ သုံးခွက် တစ်ခွက်တင်ပြုတ်ရမှာ ရပြီဆိုရင် မီးဖိုပေါ်ကချ၊ အဆင်သင့်ဖြစ်ပြီပေါ့၊ အဲဒီ ပြုတ်ပြီးသားအရည်ကို သုံးခွက်စာ မျှခွဲရမယ်၊ မနက်တစ်ခွက် နေ့လယ်တစ်ခွက် ညနေတစ်ခွက် သောက်ရမယ်၊ သုံးရက် သောက်ပြီးရင်တော့ ဆီးချိုတိုင်းကြည့်လိုက်၊ ကျသွားပါလိမ့်မယ်၊ အဲတစ်ပတ်လောက် ဆက်သောက်လိုက်မယ်ဆိုရင်တော့ အဲဒါပျောက်ပြီပဲပေါ့"

"ကောင်းလိုက်တာ ဆရာရယ်၊ သေသေချာချာ တိုက်ပါမယ်"

"အေး- အဲဒါတော့ စာရေးဆရာ အချင်းချင်းမျှဝေလို့မှတ်ထားတာကွ၊ အခုတော့ အကျိုးရှိသွားပြီ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကဲ အချိန်လည်း ကြာသွားပြီ၊ ပြန်ပါဦးမယ် ဆရာ"

"ကောင်းပါပြီ မောင်စာဆိုရေ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

**မောင်စာဆို (ကျုံစု)**

❐

## ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် လက်တစ်ကမ်းမှရရှိစေနိုင်သည့် မြန်မာ့ဆေးနည်းအချို့

**ဒဂုံကြည်ဇော်**

ဝမ်းပျက်ဝမ်းလျှောရောဂါသည် အချိန်မရွေး အသက်အရွယ်မရွေး နေရာမရွေး ဖြစ်စေတတ်သည့် ရောဂါတစ်ခုဖြစ်သည်။ အထူးသဖြင့် ကိုယ်ခံအားနည်းကြသည့် သက်ကြီးရွယ်အိုများနှင့် ကလေးများတွင် ပို၍ဖြစ်စေနိုင်ပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ပုံမှန်သွားနေကျ ဝမ်းမဟုတ်ဘဲ ဝမ်းအရည်များ သွားခြင်းပင်ဖြစ်သည်။ ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများမှာ မသန့်ရှင်းသည့်လက်ဖြင့် အစားအစာများကို ကိုင်တွယ်စားသောက်ခြင်း၊ မလတ်ဆတ်သည့် အစားအစာများ၊ အမှည့်လွန်အသီးအရွက်များ၊ ယင်နားထားသည့် အစားအစာများ၊ စင်ကြယ်စွာ ဆေးကြောမထားသည့် ဟင်းသီးဟင်းရွက်နှင့် သားငါးများ စားသုံးမိခြင်းတို့မှ ဖြစ်စေတတ်ပါသည်။ ထို့ပြင် သောက်သုံးရေ မသန့်ရှင်းပါကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေနိုင်ပါသည်။

ဝမ်းပျက်ဝမ်းလျှောလျှင် ဖြစ်စေတတ်သည့် အဓိကလက္ခဏာများမှာ ဝမ်းအရည်များသွားသဖြင့် ခန္ဓာကိုယ်တွင်းတွင် အရည်ခန်းခြောက်မှုပေါ်မှုတည်၍ ရောဂါပြင်းထန်နိုင်ပါသည်။ မကြာခဏ အော့အန်တတ်ပြီး တစ်ခါတစ်ရံ အဖျားဝင်လာတတ်သည်။ ယင်းကို အထက်လန်အောက်လျှောဟု လူအများသိကြသည်။ အရည်ဓာတ် ခန်းခြောက်လာသဖြင့် ရေငတ်ခြင်း၊ အားအင်ချည့်နဲ့လာခြင်းဖြစ်ပြီး ပိုပြင်းထန်လာပါက ရေငတ်သော်လည်း ရေမသောက်နိုင်တော့ခြင်း၊ မကြာခဏ အော့အန်ခြင်း၊ မျက်တွင်းချိုင့်ဝင်လာခြင်း၊ နားထင်ချိုင့်ခြင်း၊ ပါးစပ်တွင် လျှာ၊ နှုတ်ခမ်း ခြောက်သွေ့ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ခြေဖျားလက်ဖျား အရေပြားများ တွန့်လာခြင်း၊ ဆီးသွားနည်းလာခြင်း သို့မဟုတ် ဆီးမသွားတော့ခြင်း၊ မှိန်းခြင်း၊ တက်ခြင်း၊ ပျော့ခွေခြင်း၊ သတိလစ်ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ဖြစ်လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာပါက ဆေးရုံသို့ အမြန်ဆုံးသွားရောက် ကုသရပါမည်။

သို့သော် ဆေးရုံဆေးခန်းများနှင့်ဝေးပြီး သွားလာရေး အခက်အခဲရှိသည့် နေရာဒေသများတွင် ဖြစ်နေပါက မည်ကဲ့သို့ ပြုလုပ်ရမည်ကို မသိရှိဖြစ်နေကြမည့်အစား မိမိတို့ လက်တစ်ကမ်းတွင်ရှိနေတတ်သည့် စားသုံးစရာ အသီးအနှံများနှင့် မီးဖိုချောင်သုံး ဆား၊ နနွင်းမှုန့် စသည်တို့ဖြင့် ဦးစွာ ပထမ ရောဂါသက်သာစေရန်အလို့ငှာ ပြုစုတိုက်ကျွေးထား သင့်ပေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သဖြင့် ခန္ဓာကိုယ်တွင် ရေဓာတ်နှင့် ဆားဓာတ်များ ဆုံးရှုံးသွားရာ ထိုဓာတ်များကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းပေးရပါမည်။ ထိုသို့ အရည်ဓာတ်များ ဖြည့်ဆည်းရာတွင် အုန်းသီးရည်ကို သောက်သုံးခြင်းဖြင့် အချိုဓာတ်နှင့် ဓာတ်ဆားများ ပါဝင်ခြင်းကြောင့် အထူးကောင်းမွန်ပါသည်။ ထို့ပြင် ကွမ်းရွက်ပြုတ်ရည်အား သကြား လက်ဖက်ရည်ဇွန်း ရှစ်ဇွန်း (သို့မဟုတ်) ထန်းလျက် ရှစ်လုံးနှင့် အိမ်သုံးဆား လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့်ကို ရေကျက်အေး ငှက်ပျောဖူးပုလင်း နှစ်ပုလင်းတွင် ထည့်၍ ဖျော်ပြီး သောက်သုံးနိုင်ပါသည်။ ထိုအရည်ကို ၂၄ နာရီ ကျော်ပါက ဆက်လက်သောက်သုံးရန် မသင့်ပါ။ သန့်ရှင်းသည့် ထမင်းရည် ရရှိပါကလည်း ငှက်ပျောဖူးပုလင်း ၄ ပုံ ၃ ပုံတွင် ဆားလက်ဖက်ရည်ဇွန်း ၃ ပုံ ၁ ပုံထည့်၍ သောက်နိုင်ပါသည်။ ဝမ်းသွားသလောက် အရည်ကိုဝင်အောင် ပြန်၍ သောက်ပေးရန် လိုပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းပျက်ဝမ်းလျှော ဖြစ်စေသည့် ရောဂါပိုးများကြောင့် အဖြစ်များပါသည်။ ထိုရောဂါပိုးများအပေါ် ထိရောက်သည့် လက်တစ်ကမ်းရှိ မြန်မာဆေးအချို့ကို ဖော်ပြရသော် နနွင်းမှုန့်၊ ကွမ်းရွက်၊ ဖန်ခါးသီး၊ ဆီးဖြူသီး၊ ပေါက်ပန်းဖြူနှင့် တမာစသည်တို့ ဖြစ်ပါသည်။

**နနွင်းမှုန့်** - ၎င်း လက်ဖက်ရည်ဇွန်း တစ်ဝက်ကို သကြားရည်/ပျားရည် (သို့မဟုတ်) ရေနွေးဖြင့်ရော၍ တစ်နေ့ သုံးကြိမ်၊ ငါးရက်သောက်ပါ။

**ကွမ်းရွက်** - ကွမ်းရွက် သုံးရွက်ခန့်ကို ဆား၊ ထန်းလျက် အနည်းငယ်ရော၍ ရေနှင့်ပြုတ်ပြီး တစ်ကြိမ်လျှင် အကြမ်းပန်းကန်လုံး တစ်ဝက်ခန့် တစ်နေ့ သုံးကြိမ်၊ ငါးရက် သောက်ပါ။

**ဖန်ခါးသီး** - အခြောက်လှန်းကာ အမှုန့်ပြုလုပ်၍ တစ်ကြိမ် လက်ဖက်ရည်ဇွန်းတစ်ဝက် တစ်နေ့ သုံးကြိမ်၊ ရေနွေးဖြင့် ငါးရက်သောက်ပါ။

**ဆီးဖြူသီး** - အခြောက်မှုန့်ကို တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ တစ်နေ့ သုံးကြိမ်၊ ငါးရက် သောက်ပါ။

**တမာ** - တမာခေါက်ကို အမှုန့်လုပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း လေးပုံတစ်ပုံမှ တစ်ဝက်အထိ သောက်သုံးနိုင်သည်။ တစ်နေ့ သုံးကြိမ်၊ ငါးရက်သောက်ပါ။

**ပေါက်ပန်းဖြူ** - ပေါက်ပန်းဖြူပင်မှ အခေါက်ကို အမှုန့်ပြုလုပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်းတစ်ဝက်၊ တစ်နေ့ သုံးကြိမ်၊ ငါးရက်သောက်ပါ။

အထက်ဖော်ပြပါတို့မှ တစ်မျိုးမျိုးကို မိမိအဆင်ပြေသလို ပြုလုပ်၍ သောက်သုံးနိုင်ပါသည်။ ၎င်းဆေးဖက်ဝင် အသီးအရွက် အခေါက်တို့သည် မိမိတို့အိမ်တွင် ရရှိနိုင်သလို မိမိအနီးပတ်ဝန်းကျင်မှလည်း လွယ်ကူစွာ ရရှိနိုင်သည့်အရာများ ဖြစ်ပါသည်။ ထို့ပြင် များသောအားဖြင့် သမားရိုးကျ စားသုံးနေသည့် အစားအစာများလည်း ဖြစ်ပေသည်။

ထို့ကြောင့် ဆေးရုံဆေးခန်းများနှင့် ဝေးကွာပြီး သွားလာရေး ခက်ခဲသည့် နေရာဒေသများတွင် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပေါ်လာပါက ဖော်ပြပါ လက်တစ်ကမ်းမှ မြန်မာ့ဆေးနည်းများကို အသုံးပြုနိုင်သည်ဖြစ်ရာ ဖတ်၊ မှတ်ထားသင့်၍ မေတ္တာရှေ့ထား ဝေငှရေးသားလိုက်ရပါသည်။

**ဒဂုံကြည်ဖော်**

**ကျမ်းကိုး** - ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၊ ပြည်သူ့ကျန်းမာရေးလက်စွဲ စာစဉ်။ ၁၉၉၉ ခုနှစ်။

❒



www.burmeseclassic.com


www.burmeseclassic.com

# ကျောက်ကပ်ရောဂါ

အောင်ဘုန်းမြင့်
(ကျန်းမာ)





ကျောက်ကပ်တုသွေးသန့်စင်စက်ဖြင့် ကျောက်ကပ်ဆေးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို ကျောက်ကပ်နှစ်လုံးနှင့် တည်ဆောက်ထားပြီး အဆိုပါ ကျောက်ကပ်နှစ်လုံး၏ တာဝန်များမှာ ကိုယ်ခန္ဓာထဲမှ မကောင်းသော အညစ်အကြေး၊ အဆိပ်အတောက်များနှင့် ဆီးဆိပ်များကို စွန့်ထုတ်ပေးရခြင်းဖြစ်သည်။

ကျောက်ကပ်နှစ်လုံးရှိသည့်အနက် အကြောင်းအမျိုးမျိုးကြောင့် ကျောက်ကပ်တစ်လုံးလုံးကို ထုတ်လိုက်ရသော်လည်း ကျန်ကျောက်ကပ်တစ်လုံး ကောင်းမွန်နေလျှင် ကောင်းစွာ ဆက်၍ အလုပ်လုပ်နိုင်ပါသည်။

သွေးထဲတွင် ဆီးအဆိပ်များ စုပုံများပြားလာခြင်းသည် ကျောက်ကပ်၏ အလုပ်လုပ်နိုင်သောစွမ်းအား ကျဆင်းသွားရသောကြောင့် ဖြစ်သည်ဟူ၍။ အလုပ်လုပ်နိုင်သော ကျောက်ကပ်ပမာဏ၏ သုံးဆယ်ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွား၍ ဖြစ်လာရခြင်းဖြစ်သည်ဟု ဆေးပညာရှင်များက ယုံကြည်လက်ခံထားကြသည်။

ခန္ဓာကိုယ်ထဲ ဆီးအဆိပ် ရှိသင့်သည်ထက် သုံးဆမှ လေးဆထိ စုပုံများပြားနေမည်ဆိုပါက အလုပ်လုပ်နိုင်သော ကျောက်ကပ်ပမာဏသည် ဆယ်ရာခိုင်နှုန်းအောက်သို့ ကျဆင်းပျက်စီးနေပြီဖြစ်ကြောင်း ခန့်မှန်းနိုင်သည်ဟု ဆိုသည်။

အထူးသဖြင့် ကျောက်ကပ်မကောင်းသော လူနာများသည် ဆီးအဆိပ်များ ကိုယ်ခန္ဓာအတွင်း တဖြည်းဖြည်း များပြားစုပုံလာပြီး ကြာလာသည်နှင့်အမျှ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပျက်စီးချို့ယွင်းလာစေပြီး အသက်ဆုံးရှုံးသွားရသော အခြေအနေမျိုးထိ ဆိုးရွားသည့် အနေအထားအဖြစ်သို့ ရောက်ရှိသွားစေတတ်ပါသည်။

သို့ဖြစ်၍ ဆီးအဆိပ်များကို ဖယ်ရှားကုသပေးရမည်ဖြစ်၏။ ဆီးအဆိပ် ဖယ်ရှားကုသသည့်အခါ -

(၁) ဝမ်းဗိုက်အတွင်းသို့ ပိုက်ငယ်ဖြင့်တပ်ဆင်ပြီး ထုံဆေးပေး ဆေးကြောပေးခြင်း။

(၂) ကျောက်ကပ်တု သွေးသန့်စင်စက်ဖြင့် ဆီးအဆိပ်များကို ဖယ်ရှားသန့်စင်ပေးခြင်း။

(၃) ကျောက်ကပ်အစားထိုး လဲလှယ်ကုသပေးခြင်းများ ပြုလုပ်ကုသပေးနိုင်သည်။ မကုသဘဲ ကံကို ပုံအပ်ထားခြင်းထက် ကုသခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

ကျောက်ကပ်မကောင်းသော ကျောက်ကပ်ဝေဒနာရှင်များသည် အစာမစားမသောက်ချင် ဖြစ်လာလျှင်၊ ကိုယ်လက်မအီမသာ ဖြစ်လာပြီး မောပန်းလာလျှင်၊ ပျို့အန်လျှင်၊ နေ့အခါများတွင် အငိုက်လွန်လာလျှင်၊ အမိန်းလွန်လာလျှင်၊ ကိုယ်လက်အနှံ့ ယားယံလာလျှင်၊ ကိုယ်ခန္ဓာအတွင်း ရှိသင့်သော ဆီးအဆိပ်ပမာဏထက် လေးဆမှ ငါးဆထိ များပြားလာလျှင် သွေးသန့်စင်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

တစ်ခါတစ်ရံ၌ ကျောက်ကပ်ကို ဘေးဖြစ်စေတတ်သော ဆေးဝါးမှီဝဲခြင်း၊ မတည့်သော အစားအသောက်များ စားသောက်မိခြင်း၊ အခြားရောဂါတစ်မျိုးမျိုးနှင့် ဆက်နွယ်၍ တဖြည်းဖြည်းချင်း ကျောက်ကပ် အားနည်းနေရာမှ ရုတ်တရက် လျှင်မြန်စွာ အားနည်းသွားစေခြင်း၊ ဆီးအဆိပ်များ လျှင်မြန်စွာ တက်လာခြင်းများ ဖြစ်တတ်သည်။ ထိုအခါ ဖော်ပြပါအကြောင်းရင်းများကို ကုသရှောင်ကြဉ်လိုက်ပါက ဆီးအဆိပ်များ ပြန်လည်ကျဆင်းသွားပြီး အတိုင်းအတာတစ်ခု အထိ ပြန်လည်ကောင်းမွန်လာနိုင်သည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ဆီးအဆိပ်များ စုပုံများပြားလာပြီး အသက်ဘေးအန္တရာယ် ပေးနိုင်သည်ထိ ဆေးမြီးတို အားကိုးဖြင့် အရဲစွန့်၍ ကံကောင်းလာမည်ကို စောင့်စားနေမည့်အစား ဆီးအဆိပ်များကို ဖယ်ရှားကုသမှုခံယူခြင်းက ပို၍စိတ်ချရသည်ဟုဆိုသည်။ အခြေအနေကောင်းသည်ထိ ကျောက်ကပ် ပြန်ကောင်းမွန်လာလျှင် ကျောက်ကပ် ဆေးကြော မဆေးရဘဲ ရပ်နားထားနိုင်သည်ထိ ကောင်းလာတတ်သည် ဟုဆိုသည်။ နာတာရှည် ကျောက်ကပ်အလုပ်မလုပ်သော ကျောက်ကပ်ဝေဒနာရှင်များအတွက် ဖြစ်ပါမူ ဆီးအဆိပ်များကို ပုံမှန်ဖယ်ရှားကုသပေးပြီး အခြေအနေ ကောင်းမွန်သည့်အခါ ကျောက်ကပ်အစားထိုး လဲလှယ်ကုသမှုများကို ဆက်လက် ဆောင်ရွက်သွားနိုင်သည်ဟု ဆိုသည်။

သို့ဖြစ်၍ ကျောက်ကပ်နှင့် ပတ်သက်သောရောဂါ ခံစားနေရလျှင် စိုးရိမ်ရန်မလိုဘဲ အချိန်မီ ကုသပျောက်ကင်း နိုင်သော ရောဂါဖြစ်သည်ကို သိထားရမည်ဖြစ်ပါသည်။

**ကုသမှု မခံယူလျှင်** -

ကျောက်ကပ်ဝေဒနာရှင်များကို အပြင်ပန်းကြည့်၍ ရောဂါဆိုးရွားနေသည်ဟု မထင်ရပေမယ့် အညစ်အကြေး



www.burmeseclassic.com

www.burmeseclassic.com

အဆိပ်အတောက်များနှင့် ဆီးအဆိပ်များကြောင့် အချိန်တို ကာလအတွင်း အသက်ဆုံးရှုံးရသည်ကို ကြုံရတတ်သည်ဟု ဆိုသည်။ ကျောက်ကပ်ရောဂါ၏ ထူးခြားချက်တစ်ခုမှာ အချို့လူနာများ၌ ရောဂါဆိုးရွားသည်ဟု မထင်ရသော်လည်း ခန္ဓာကိုယ်အတွင်း စုပုံနေသော ဆီးအဆိပ်များကြောင့် ဦးနှောက်၊ မှစ၍ နှလုံး၊ သွေး၊ အစာလမ်းကြောင်း၊ အရိုးများအထိ တဖြည်းဖြည်းချင်း ယိုယွင်းပျက်စီးလာတတ်ပါသည်။

ထိုသို့ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ပျက်စီးသွား၍ လူနာ လုံးဝအခြေအနေမကောင်းတော့မှ စတင်ကုသသန့်စင်ပေးမည်ဆိုလျှင် အားရကျေနပ်လောက်အောင် ပြန်လည်ကျန်းမာကောင်းမွန်လာရန် ခက်ခဲပေလိမ့်မည်။ သို့ဖြစ်သောကြောင့် ရောဂါကိုသိလျှင် သိချင်း အချိန်မီ ကုသမှုခံယူခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ကျောက်ကပ် ခေတ္တအလုပ်မလုပ်နိုင်သူများအတွက် ဖြစ်ပါက ပြန်လည်ကောင်းမွန်လာသည်အထိ သန့်စင်ကုသပေးနိုင်သည်။ နာတာရှည်ကျောက်ကပ် အလုပ်မလုပ်နိုင်သူများအတွက်ဖြစ်ပါမူ ရေရှည်သန့်စင်ကုသမှု ပြုလုပ်ပေးရမည်ဖြစ်သည်။ တစ်ပတ်လျှင် သုံးကြိမ်ထက်မနည်း သန့်စင်ကုသပေးခြင်းသည် အကောင်းဆုံးဖြစ်ပြီး အခြေအနေမပေးလျှင် တစ်ပတ်လျှင် နှစ်ကြိမ်ထက်မနည်း သန့်စင်ကုသမှုခံယူရမည်ဟု ကျွမ်းကျင်သော သမားတော်ကြီးများက ဆိုထားသည်။

ဆီးအဆိပ်များကို အချိန်မီသန့်စင်ကုသမှု ခံယူကြမည်ဆိုပါက အသက်ဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်မည်ဖြစ်ပြီး မကုသဘဲ အချိန်ဆွဲထားမည်ဆိုလျှင် ဆီးအဆိပ်များ စုပုံများပြားလာပြီး အသက်အန္တရာယ်ဖြစ်သည်ထိ ဆိုးကျိုးများကို ပွားစေတတ်ပါသည်။ ထို့ပြင် ကျောက်ကပ်ကို တဖြည်းဖြည်း ပျက်စီးစေကာ နောက်ဆုံးအဆင့်ရောက်သွားလျှင် ပြန်လည်ကောင်းမွန်လာရန် လွန်စွာ ခက်ခဲပေလိမ့်မည်။

**ကုသမှု ခံယူလျှင် -**

ကျောက်ကပ် စတင်ထိခိုက်လာသည့် အခြေအနေမျိုးတွင် အချိန်မီထိရောက်သော ဆေးဝါးကုသမှု ခံယူကြမည်ဆိုပါက အချို့လူနာများ၌ လုံးဝကောင်းသည်ထိ ကောင်းမွန်လာနိုင်ပြီး လုံးဝပြန်လည်ကောင်းမွန်မလာသည့်တိုင်အောင် အတိုင်းအတာတစ်ခုထိ ကောင်းလာနိုင်မည် ဖြစ်ပါသည်။

ကုသလျှင် လုံးဝပြန်ကောင်းမည်၊ မကောင်းမည်မှာ လူနာ၏ ကျန်းမာရေးပေါ် မူတည်သည်ဟုဆိုသည်။ အချို့လူနာများသည် ကျောက်ကပ်နှစ်လုံးစလုံး ထုတ်ထားရသော်လည်း အချိန်မီ ဆီးအဆိပ် သန့်စင်ကုသမှု ခံယူနိုင်သဖြင့် (၁၅)နှစ်မှ အနှစ်(၂၀)ထိ ကောင်းမွန်ကျန်းမာစွာ နေထိုင်လှုပ်ရှားသွားနိုင်ကြသည်ဟု ဆိုသည်။

အကြောင်းအမျိုးမျိုးကို ငဲ့ပြီး ကုသမှုမခံယူသေးဘဲ တင်းခံနေမည်ဆိုပါက တဖြည်းဖြည်းနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ တစ်ခုပြီးတစ်ခု ကူးစက်ပျံ့နှံ့ ထိခိုက်ပျက်စီးလာပြီး အခြေအနေဆိုးရွားလာ၍ မခံမရပ်နိုင်ဖြစ်လာပါက ကုသမှု ခံယူကြမည်ဆိုလျှင် ဆီးဆိပ်များကို သန့်စင်ကုသပေးနိုင်မည် ဖြစ်သော်လည်း ပျက်စီးသွားသော ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုကား နဂိုအတိုင်း ပြန်လည်ကောင်းမွန်လာအောင် ကုသပေးနိုင်မည် မဟုတ်တော့ပါ။ သို့ဖြစ်၍ ရောဂါမကျွမ်းမီ အစောပိုင်းကုသမှု ခံယူနိုင်အောင် ကြိုးစားဆောင်ရွက်သွားသင့်ပါသည်။

**လိုက်နာရန်များ -**

ကျောက်ကပ် ဆေးကြောသန့်စင်ခြင်းကို ရက်သတ္တပတ် တစ်ပတ်လျှင် သုံးကြိမ်ထက်မနည်း ပြုလုပ်ပေးသင့်သည်။ နှစ်ကြိမ် ပြုလုပ်ပေးနိုင်လျှင်လည်း ကောင်းမွန်သော အနေအထားကို ရရှိနိုင်သည်ဟုဆိုသည်။ အကြောင်းအမျိုးမျိုးကြောင့် နှစ်ကြိမ်ထက်လျော့၍ ဆီးအဆိပ်သန့်စင်ခြင်း ပြုလုပ်မည်ဆိုပါက ကောင်းသင့်သလောက် မကောင်းနိုင်ဘဲ ခံစားနေရတတ်သည်ဟု ဆိုသည်။ ကျောက်ကပ်တု သွေးသန့်စင်စက်ဖြင့် စောစောစီးစီး သန့်စင်ကုသပေးနိုင်မည်ဆိုလျှင် ကျောက်ကပ်ရောဂါသည်ဟု မထင်ရဘဲ လူကောင်းများနှင့်မခြား သွားလာလှုပ်ရှားနိုင်သူများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်သောကြောင့် (၁) ရောဂါမဖြစ်အောင် ဆင်ခြင်၍ နေထိုင်သွားရမည်။ (၂) အကြောင်း အမျိုးမျိုးကြောင့် ရောဂါစွဲကပ်ခံရလျှင် ဆေးမြီးတိုများနှင့် အချိန်ဆွဲ စောင့်ဆိုင်းမနေဘဲ အချိန်မီ ကုသမှုခံယူရမည်။ (၃) ကျောက်ကပ် အလုပ်မလုပ်နိုင်သည်အထိ ဆိုးရွားသည့်အခြေအနေ ရောက်မည်ဆိုပါက အခြားကိုယ်ခန္ဓာအစိတ်အပိုင်းများကို မထိခိုက်မီ ကြိုတင်ကာကွယ်ကုသမှု ပြုလုပ်ရမည်။ (၄) သမားတော်ကြီးများ လမ်းညွှန်သည့်အတိုင်း စည်းကမ်းနှင့် ဆင်ခြင်နေထိုင်သွားကြမည်ဆိုပါက လူကောင်းများပမာ နေထိုင်သွားနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။


**အောင်ဘုန်းမြင့်(ကချင်မြေ)**

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်ရန် ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်အကြောင်း အသိပညာပေးခြင်း၊ ဆေးလိပ်မသောက်ရ နယ်မြေများ သတ်မှတ်ကန့်သတ်ခြင်းနှင့် စီးကရက်ဘူးများတွင် အသိပေးစာတန်းကပ်ခြင်း စသော လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်နေကြသည်ကို နေ့စဉ်တွေ့နေရပါသည်။

ထိုသို့သော ဆောင်ရွက်ချက်များကို အချိန်ကုန်ခံ၊ ငွေကုန်ခံ ဆောင်ရွက်နေပါသော်လည်း လူအများစုသည် ဆေးလိပ်နှင့် စီးကရက်ကို ဆက်လက်ခုံမင်နေကြပါသည်။ လူငယ်များကလည်း စတင်စမ်းသပ်နေသည်ကို တွေ့မြင်နေရပါသည်။

ထို့ကြောင့် ဤဆောင်းပါးတွင် အမေရိကန်လူမျိုးလေးဦး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များကို တင်ပြထားပါသည်။

**ဂျဲနက်ဆက်ကမန်း (၆၃-နှစ်)**
**တစ်ဗီး(လ်)၊ နယူးယောက်မြို့။**

ကျွန်မ အသက်(၁၄)နှစ်အရွယ် တစ်ခုသော မွန်းလွဲပိုင်းတွင် ပင်လယ်ကမ်းခြေသို့ မသွားခဲ့ပါက ကျွန်မဘဝ မည်သို့မည်ပုံ ဖြစ်လာမည်ကို မကြာခဏ တွေးမိပါသည်။

ရေကူးအပြီး ခေတ္တနားသည့်အနေဖြင့် သဲသောင်ပေါ်တွင် တောက်ပသော ရေကူးဝတ်စုံသစ်ကို ဝတ်ဆင်လျက် လမ်းလျှောက်နေမိပါသည်။ ထိုအချိန်တွင် ကောင်းမွန်စွာ ဝတ်ဆင်ထားသော ယောက်ျားတစ်ဦးက ကျွန်မအား ရပ်တန့်စေပါသည်။

"ခွင့်ပြုပါ မစ္စ" သူက စတင်ပြောပါသည်။

"ကျွန်တော် ခင်ဗျားကို မော်ဒယ် (စံပြမယ်) တစ်ယောက် ဖြစ်နိုင်မယ်လို့ ထင်ပါတယ်"

ထို့နောက် သူက ကျွန်မအား စီးပွားရေးလုပ်ငန်း ကတ်ပြားတစ်ခု ပေးပါသည်။

"ကျေးဇူးပါ" ဟု ကျွန်မ ပြန်ပြောလိုက်ပါသည်။

နောင်အခါတွင် ကျွန်မ၏ မိခင်အား ထိုကတ်ပြားကို ပြလိုက်ပါသည်။

"သူ နောက်နေတာဖြစ်မှာပေါ့"ဟု သူမက ပြောပါသည်။

အမေမှားသည်ဟု ကျွန်မ ထင်ပေ၏။ ကျွန်မအရပ် ငါးပေ ကိုးလက်မရှိပြီး ရှည်လျားသောရွှေဝါရောင်ဆံပင်များ ရှိပါသည်။ ညီညာသောသွားများနှင့် လှပသောခန္ဓာကိုယ် အချိုးအစားလည်း ရှိပါသည်။ ကျွန်မက တိတ်တိတ်လေး ထွက်သွားပြီး ကတ်ပြားပေါ်မှ ဖုန်းနံပါတ်ကို ခေါ်ဆိုလိုက်ပါသည်။

ထိုအခါ အမှန်တကယ်ပင် မော်ဒယ်အေဂျင်စီတစ်ခု ဖြစ်ကြောင်း သိလိုက်ရပြီး သူတို့က ကျွန်မကို ငှားရမ်းပါသည်။ တစ်နှစ်အတွင်း တိုက်ရိုက်ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်တွင် အောင်မြင်ခဲ့ပါသည်။

ထို့ထက် အင်မတန်မှ စိတ်လှုပ်ရှားစရာကောင်းပါသည်။ ပါယ်ရီကော့စဖို့စ် စီစဉ်တင်ဆက်မှု ဖြစ်သော "ချက်စတာဖီး စူပါဂလပ်" တွင် အပြာရောင် ညနေပိုင်းဝတ်ရုံကို ကျွန်မ ဝတ်ဆင်ခဲ့ရပါသည်။ အစီအစဉ် ပြောကြားသူက စီးကရက်မီးခိုး မှုတ်ထုတ်ပြီး ညက်ညောစွာ ကြွေးကြော်ပါသည်။

"ချက်စတာမီးဟာ အရသာဆိုးကို လုံးဝမချန်မိခဲ့ပါ ခင်ဗျား"

ထို့နောက် ကျွန်မ သူ့ကို နမ်းလိုက်ပါသည်။ ထို့နောက် ပိုးသားကဲ့သို့ နူးညံ့သောအသံဖြင့် -

"ရှင်တို့ သိပါတယ်၊ သူ မှန်တယ်ဆိုတာ"

ကျွန်မသည် လပ်ကီးစထရိုက်(စီးကရက်)၏ မျက်နှာဖုံးရှင်လည်း ဖြစ်လာပါသည်။ ကျွန်မသည် ဆီးနှင်းထူထပ်သော တောင်ပေါ်တွင် ရောက်နေပြီး နှင်းလျှောစကိတ်တုတ်တံနှင့် စီးကရက်ကို ကိုင်ထားစဉ်ရွှေရောင်ဆံပင်များမှာ လေထဲ ဝဲနေပါသည်။ ထို့နောက် လူအများကို တိုက်တွန်းရပါသည်။

"ထိုအမြင့်ကို အကောင်းဆုံးခံစားနိုင်ရန် လပ်ကီးကို သောက်သုံးပါ။ အမှန်စင်စစ် တောင်သည် ဆေးရောင်နှင့် ရေးဆွဲထားသော နောက်ခံကားသာဖြစ်သည်။ ကျွန်မ စကိတ် မစီးတတ်ပါ။ စီးကရက်လည်း မသောက်တတ်ပါ"

ရာတွင် မာတ်ပုံရိုက်ကူးနေစဉ်အတွင်းတွင် ဆေးရွက်ကြီး ကိုယ်စားလှယ်တစ်ဦး ကျွန်မနံဘေး ရောက်လာပါသည်။

"ခင်ဗျားဆေးလိပ်သောက်တတ်အောင် သင်ထားရင် ကောင်းမယ် ထင်တယ်"ဟု သူက လေးလေးနက်နက် ပြောပါသည်။ "အဲဒါမှ ဆေးလိပ်ကို ဘယ်လိုကိုင်ပြီး မီးခိုးမှုတ်ရမယ်ဆိုတာ ခင်ဗျားသိလိမ့်မယ်"

သူက အတင်းအဓမ္မ ဖိအားမပေးခဲ့ပါ။ သို့ရာတွင် ကျွန်မ အသက်(၁၇)နှစ်ပြည့်ပြီး အမျိုးသမီးကြီးဖြစ်ချင်သော



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒပြင်းပြလာပါသည်။ များမကြာမီ ကျွန်မ စီးကရက် တစ်ဘူးဝယ်ခဲ့ပါသည်။

အစပိုင်းကြိုးပမ်းမှုသည် နှေးကွေးပြီး မနှစ်မြို့စရာ ဖြစ်ပါသည်။ မီးရှို့ထားသော ကြိုးတစ်ချောင်းကို စုပ်ယူနေရသလို ခံစားရပါသည်။

သို့သော် ကျွန်မသည် ဆန်းပြားမှုကို ပိုင်နိုင်စွာ သက်သေပြနိုင်ရန် ဆုံးဖြတ်ထားပါသည်။ ကျွန်မ ကြိုးစားကြည့်သည့် အကြိမ်တိုင်းတွင် အနည်းငယ်ပိုလွယ်လာသည်ကို တွေ့ရှိရပါသည်။

ကျွန်မ နားမလည်ခဲ့သည်မှာ ကျွန်မ၏ ခန္ဓာကိုယ်တွင် နီကိုတင်း (NICOTINE) လိုအပ်ကြောင်း အတုပြုလုပ်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်မ ဆေးလိပ်သောက်သော အခါတွင် သက်သောင့်သက်သာဖြစ်မှုတစ်ခု ခံစားရပါသည်။ ၎င်းကိုပင် သာယာမှုဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ မကြာမီ ကျွန်မသည် တစ်နေ့လျှင် စီးကရက်တစ်ဘူးထက်ပိုသောက်သူ ဖြစ်လာပါသည်။

အချိန်တန်သောအခါ မိသားစုတစ်ခု တည်ဆောက်ရန် မော်ဒယ်လုပ်ငန်းမှ အနားယူခဲ့ပါသည်။ ကျွန်မ ဆေးလိပ် သောက်ခြင်းကိုတော့ မနားခဲ့ပါ။ ကျွန်မ ကြိုးစားသည့်အခါ တိုင်း ကြောက်ရွံ့သလို ခံစားရပါသည်။

ထို့ကြောင့် ကျွန်မက "နောက်တစ်နေ့ ဖြတ်တာပေါ့"ဟု ပြောလေ့ရှိပါသည်။

အသက်(၅၁)နှစ် ရှိပြီဖြစ်သော ၁၉၈၃ ခုနှစ်တွင် သားသမီးလေးယောက်မိခင်ဖြစ်သူ ကျွန်မတွင် ပြင်းထန်သော နားကိုက်ရောဂါ ခံစားရပါသည်။ နောက်ဆုံးတွင် ဆရာဝန် များက ဖြစ်ရသောအကြောင်းရင်းမှာ လည်ချောင်းကင်ဆာ ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

"ကျွန်မတို့ လေပြွန်တစ်ခုလုံး ခွဲထုတ်ဖို့တော့ မလိုပါဘူး"ဟု သူတို့က ကျွန်မအား အာမခံချက်ပေးပါသည်။

ခွဲစိတ်ကုသမှုအပြီး ကျွန်မ သတိပြန်ရသောအခါ ချမ်းတုန်နေပြီး စောင်တစ်ထည်ကို အဲရေးတကြီးအလိုရှိနေပါသည်။ ကျွန်မ သူနာပြုကိုခေါ်ရန် ပါးစပ်ဟလိုက်ပါသည်။ အသံ လုံးဝထွက်မလာပါ။ ကျွန်မ အသံပျောက်သွားပါသည်။

အစာရေမျိုမှ စကားပြောတတ်ရန် တစ်နှစ်မျှကြာပါသည်။ ကျွန်မ အစာရေမျိုထဲသို့ လေသွင်းလိုက်ရပါသည်။ ပြီးလျှင် လေချဉ်တက်သကဲ့သို့ စကားလုံးများကို အသံထွက်ရပါသည်။

ကျွန်မ၏ အသံအသစ်တွင် အနိမ့်အမြင့် ပြောင်းလဲခြင်းမရှိပါ။ ကျွန်မ အသံမထွက်ဘဲ ရယ်ရပြီးလျှင် ငိုသော အခါ၌လည်း အသံတိတ် မျက်ရည်ကျရပါသည်။ တစ်ကြိမ်တွင် ကျွန်မ တယ်လီဖုန်းခေါ်ဆိုမှုကို ပြန်ထူးလိုက်သောအခါ ခေါ်ဆိုသူက "ခင်ဗျားက ဘာလဲ၊ စက်ရုပ်လား"ဟု မေးပါသည်။

ကျွန်မ၏ အသက်ရှူပုံလည်း ပြောင်းလဲသွားပါသည်။ ကျွန်မ၏ လေရှူသွင်းခြင်းနှင့် ရှူထုတ်ခြင်းကို လည်ပင်းတွင် တပ်ထားသော ငါးဆင့်တန် အကြွေစေ့ပမာဏရှိသည့် လေပေါက် (STOME) မှ တစ်ဆင့်ပြုလုပ်ရပါသည်။ တစ်ခါတစ်ရံ ထိုအရာက လေချွန်သံထွက်ပါသည်။

ဆေးလိပ်သောက်ခြင်း၏ မနှစ်မြို့ဖွယ်ရာ တန်ဖိုး[illegible] ဆပ်ရသည်ဟု ကျွန်မ ထင်မြင်မိပါသည်။ သို့ရာတွင် အနည်းဆုံး ကျွန်မ အသက်ရှင်နေပါသေးသည်။ စီးကရက်နှင့် လုံး[illegible] ဝေးခဲ့ပါသည်။

သို့သော် ၁၉၉၀ ပြည့်နှစ်တွင် ကျွန်မ၏ လက်ယာ ဘက် အဆုတ်တွင် ဆရာဝန်များက ကင်ဆာကို တွေ့ခဲ့ပြန်ပါ သည်။ ဆေးရုံပေါ်တွင် ကျွန်မမှာမှ ထိုသို့ဖြစ်ရလေခြင်း[illegible] တွေးမိပါသည်။

ထို့ပြင် မော်ဒယ်လုပ်ခဲ့ခြင်း၏ ပြစ်ဒဏ်ဟုလည်း တွေးမိပါသည်။ မည်မျှများပြားသော လူများကို ဆေး[illegible] သောက်ရန် သွေးဆောင်ခဲ့ပါသနည်း။ စဉ်းစားကြည့်[illegible] ကျွန်မ အသက်ရှင်ခွင့်ရလျှင် ဆေးလိပ်သောက်ခြင်းကို [illegible] ကျင်သောစကား ပြောမည်ဟု အဓိဋ္ဌာန်ပြုခဲ့ပါသည်။

ခွဲစိတ်ကုသမှုမှာ ကြောက်စရာကောင်း[illegible] နာကျင်လှပါသည်။ အချိန်တော်တော်များများတွင် [illegible] နာကျင်နေဆဲ ဖြစ်ပါသည်။ ကျွန်မ ကင်ဆာနှင့် [illegible] ရမည်ကို မစဉ်းစားရန် ကြိုးစားပါသည်။ မဖြစ်နိုင်မှန်း[illegible] ကျွန်မ သိနေပါသည်။

တစ်ညတွင် ကျွန်မသည် ဘတ်စ်ကားစောင့်နေ[illegible] ဆယ်ကျော်သက်မိန်းကလေးသုံးယောက်နှင့် တွေ့ဆုံခဲ့[illegible] သူတို့၏စီးကရက်မီးများမှာ ပိုးစုန်းကြူးများကဲ့သို့ [illegible] နေပါသည်။

"မိန်းကလေးတို့" ကျွန်မက စပြောပါသည်။

"ကျွန်မကိုယ်ကျွန်မ မိတ်ဆက်ပါရစေ"

ဖားအော်သကဲ့သို့သော ကျွန်မ၏ အသံကြောင့် [illegible] ထိတ်လန့်အံ့ဩသွားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ရှင်တို့အရွယ်တုန်းက ဆေးလိပ်သောက်ပါတယ်" ကျွန်မ ပြောပြပါသည်။

"ဖြစ်နိုင်တာကတော့ ရှင်တို့ အသက်လေးဆယ်မှာ ဘာဖြစ်မယ်ဆိုတာကို ရှင်တို့ ဂရုမစိုက်ကြလို့ပဲ၊ ကျွန်မ သိပါတယ်၊ ကျွန်မလည်း ဂရုမစိုက်ခဲ့ပါဘူး၊ ကျွန်မဟာ ခေတ်မီပြီး လှတော့်ကြားတာပဲ လိုချင်ခဲ့ပါတယ်၊ ကြော်ငြာထဲက မိန်းမလှလိုပေါ့။

ဒါပေမဲ့ အဲဒီကြော်ငြာတွေဟာ ရှင်တို့ကို အပိုင်းပိုင်းပြတ်အောင်လုပ်မယ့် ရည်ရွယ်ချက်လည်း ရှိတယ်၊ ကျွန်မ သိပါတယ်၊ အဲဒီလိုမျိုး ကျွန်မ လုပ်ခဲ့ပါတယ်"

ကျွန်မ သူတို့ကို မော်ဒယ်လုပ်ခဲ့တဲ့ အကြောင်းနဲ့ ကင်ဆာရောဂါအကြောင်း ပြောပြခဲ့ပါသည်။ ထို့နောက် ကျွန်မ တော်လံကို နောက်သို့တွန်းပြီး ပြောပါသည်။

"ကြည့်၊ ဒီမှာ ကျွန်မ အသက်ရှုတဲ့လေပေါက်၊ ကျွန်မ ဘယ်လောက်လှပကျော်ကြားနေတယ်ဆိုတာ တွေ့ပြီလား"

ကျွန်မက သူတို့အား မျက်လုံးပြူးများနှင့် ထားရစ်ခဲ့ပါသည်။ သူတို့ နားလည်သည်၊ မလည်သည် ကျွန်မ မသိ။ ဒီ လူငယ်တွေဟာ သူတို့စိတ်သူတို့ ဆုံးဖြတ်ရပေမည်။ ကျွန်မကဲ့သို့ သူတို့ဆုံးဖြတ်ရာတွင် မကြာပါစေနှင့်ဟု မျှော်လင့်မိပါသည်။

## ချတ်ပေါ်တင်ဘာရီ (၅၆-နှစ်)
## တာလီရာ၊ အယ်လာဘားမား

ကျွန်တော် ကလေးဘဝက ကျွန်တော်၏ သူရဲကောင်းများမှာ ကောင်းဘွိုင်(နွားကျောင်းသား)များ ဖြစ်ပါသည်။ ယခုခေတ်တွင် ဘောလုံးသမားများကို လူငယ်များနှစ်သက်အားကျသလို ဖြစ်ပါသည်။ ကျွန်တော် သူတို့လို မာကျောချင်ခဲ့ပါသည်။

သူတို့ ဆေးလိပ်သောက်ကြပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ဆေးလိပ်သောက်ပါသည်။ တစ်နေ့လျှင် စီးကရက်နှစ်ဘူးနှင့် အနှစ်လေးဆယ် သောက်သုံးခဲ့ပါသည်။ ထိုသို့ ပြုလုပ်ခြင်းက ကျွန်တော့်အား မာဘိုရိုစီးကရက် ကြော်ငြာထဲက လူကဲ့သို့ ခံစားရပါသည်။

ထို ကျွန်တော်၏စီးကရက်က ကျွန်တော့်အား မည်သည့်အခါမျှ အနှောင့်အယှက်ပေးသည်ဟု မခံစားရပါ။ ကျွန်တော် အလုပ်လုပ်နိုင်ပြီး ပုံစံလည်းမပျက်ခဲ့ပါ။ အချိုရည် ကုမ္ပဏီအတွက် ဖြန့်ဝေရေးလုပ်ခဲ့ပါသည်။ ပေါင် (၃၆၀) လေးသော အဆီတိုင်ကြီးအား လှေကားနှစ်ဆင့်ကို တစ်ခေါက်တည်း သယ်ယူနိုင်ပါသည်။

ကျွန်တော်တို့မှာ လှပသောဘဝတစ်ခု ရရှိခဲ့ပါသည်။ ကျွန်တော် ငွေကောင်းကောင်းရှာနိုင်ခဲ့ပါသည်။ ကျွန်တော့်၏ ဇနီးဘားရစ်နဲ့ သားနှစ်ယောက်ကိုလည်း အလွန်ချစ်ပါသည်။ ကျွန်တော်တို့ရဲ့ အိပ်မက်မှာ အလုပ်မှ အနား(ပင်စင်)ယူပြီးသောအခါ အိမ်သို့ မော်တော်ကားတစ်စီးဝယ်လာပြီး အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသများသို့ ခရီးသွားရန် ဖြစ်ပါသည်။

တစ်ခုသော မွန်းလွဲပိုင်းတွင် ထရပ်ကားကို မောင်းနှင်ရင်း ကျောကုန်းအလယ်တည့်တည့်မှ ဓားနှင့်ထိုးသလို ခံစားလိုက်ရပါသည်။ ကားကို လမ်းဘေး ထိုးရပ်လိုက်ရပါသည်။ ကျွန်တော်၏ပါးပြင်မှ နာကျင်မှုကြောင့် လိမ့်ဆင်းလာသည့် မျက်ရည်တွေကို ခံစားမိပါသည်။

ကျွန်တော်ရဲ့ လက်ယာဘက် အဆုတ်ထဲက တစ်ခုက အာရုံကြောတစ်ခုကို ညှစ်ထားသည်ဟု ဆရာဝန်က ပြောပါ၏။ သူက ဓာတ်မှန်ရိုက်ရန်ပြောပါသည်။ နောက်တစ်နေ့တွင် ဘားနစ်က သတင်းစကား ပြောကြားရပါတော့သည်။

"ရှင့်မှာ အဆုတ်ကင်ဆာ ဖြစ်နေပြီ" ဟု သူမက ရှိုက်ငိုရင်း ပြောပြပါသည်။

"အဲဒါတွေကို ချက်ချင်း ခွဲစိတ်ဖို့လိုတယ်"

နှစ်ရက်ကြာသောအခါ ကျွန်တော့်ကို ခွဲစိတ်ခန်းတွင်းသို့ ဘီးတပ်ကုတင်ဖြင့် တွန်းသွင်းသွားပါသည်။ အတိုက်မှာ ခွဲစိတ်ရန် မလွယ်ကူလှပါ။ ဆရာဝန်များက ခွဲထားသည့် နေရာကိုသာ ပြန်ချုပ်လိုက်ပါသည်။

နောက် တစ်လကျော်ကျော်ကြာသောအခါ ဓာတ်ရောင်ခြည်ကုသမှု ခံယူရပါသည်။ တစ်ပတ်လျှင် ငါးကြိမ် ဖြစ်ပြီး ခုနစ်ပတ် ကုသရပါသည်။ ထိုကုသမှုက ကျွန်တော့်အား မယုံကြည်နိုင်လောက်အောင် မောပန်းနွမ်းနယ်စေပါသည်။ အိမ်အပြန်လမ်းတွင် ကျွန်တော် အန်ချင်သဖြင့် ဘားနစ်က ကားကို ရပ်ပေးရပါသည်။

ခွဲစိတ်ကုသမှုကြောင့် နာကျင်ခြင်းကို ခံနိုင်ရန် ဆရာဝန်များက ကျွန်တော့်အား မော်ဖင်း (MORPHINE) ပေးပါသည်။ ထိုသို့ပြုလုပ်သောအခါမှ အိပ်မက်ဆိုးများ စတင်ပါတော့သည်။ အသိတရားကင်းမဲ့အောင် [illegible] ခြင်းနှင့်အတူ တုန်လှုပ်မှုဖြင့် ဇောချွေးပြန်ကာ နိုးထလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘားနစ်က ညစဉ် အိပ်ရာခင်းကို ရှစ်ကြိမ်၊ ကိုးကြိမ် လဲလှယ်ပေးရပါသည်။

ပထမဆုံး စတင်လမ်းလျှောက်သည်မှာ အိမ်ရှေ့ စာတိုက်ပုံးသို့ သွားခြင်းဖြစ်ပါသည်။ ကိုက်တစ်ရာမျှသာ ဝေးပါသည်။ သို့သော် လမ်းတစ်ဝက်တွင် ထိုင်ချရပါသည်။

ငှက်များက တေးသီဆိုနေပါသည်။ ပန်းရနံ့များလည်း လေထဲ ပျံ့နှံ့နေပါသည်။ ကျွန်တော် စဉ်းစားမိပါသည်။ ကမ္ဘာကြီးမှာ အလွန်လှပသော နေရာတစ်ခု ဖြစ်ပါသည်။ ထိုအလှအပကို ဆေးလိပ်သောက်ခြင်းဖြင့် ကျွန်တော် ဘာ့ကြောင့် ဖျက်ဆီးခဲ့ပါသနည်း။

ကျွန်တော် အလုပ် ရပ်ဆိုင်းလိုက်ရသည်။ အာမခံကုမ္ပဏီကလည်း အပြည့်အဝ မပေးပါ။ ထို့ကြောင့် ငွေကြေးလည်း ကျပ်တည်းလာပါသည်။ အပျော်ခရီးသွားခြင်းလည်း မည်သည့်အခါမျှ ရှိလာမည်မဟုတ်ချေ။

ဆေးလိပ် သောက်မိသည့် ကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်ကိုယ်ကျွန်တော် ဒေါသထွက်မိပါသည်။ ထို့ပြင် ဆေးရွက်ကြီး ကုမ္ပဏီကိုလည်း ဒေါသထွက်မိပါသည်။!

ကျွန်တော် စီးကရက်ကိုယ်စားလှယ်နှစ်ဦးကို ရုပ်မြင်သံကြား အစီအစဉ်မှ တစ်နေ့ တွေ့မိပါသည်။ ဆေးလိပ်သောက်ခြင်းမှာ ဆိုးရွားသည်ဟူသော အချက်တွင် သက်သေမရှိကြောင်း ပြောရဲဆိုရဲကြပါသည်။ သက်သေမှာ ကျွန်တော်ပင် ဖြစ်သည်။

ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ ဆေးရုံမှ ကျွန်တော်ပြန်လာပါသည်။ သွားတစ်ချောင်း ချောင်နေသည်ဟု ခံစားမိ၏။ ပါးစပ်ထဲသို့ လက်ညှိုးထိုးထည့်လိုက်သည်။ ပေါင်ပေါ် သို့ သွားထွက်ကျလာသည်။ ကင်ဆာရောဂါက သွေးကို မူမမှန်ဖြစ်စေခြင်းဖြင့် သွားများကြွေကျရပါသည်။ ရက်အနည်းငယ်အတွင်းတွင် ကျွန်တော့်မှာ သွားသုံးချောင်းသာ ကျန်တော့သည်။

ယနေ့ ကျွန်တော် မှန်ကြည့်လိုက်သောအခါ မြင်ရသည့်မြင်ကွင်းကြောင့် ကျွန်တော် တုန်လှုပ်သွားပါသည်။ သွားမရှိသော လူတစ်ယောက်၊ ရင်ဘတ်မှ ကျောအထိ ဆယ့်ငါးလက်မရှည်သော အမာရွတ်ဖြင့် လမ်းလျှောက်ရန် ရုန်းကန်ကြိုးစားနေစဉ် နာကျင်မှုဖြင့် မျက်နှာရှုံ့မဲ့နေပါသည်။

ထို့နောက် ကျွန်တော် မည်သည်ကို လုပ်ချင်သနည်း။ ကျွန်တော် သိပါပြီ။ ကျွန်တော့်ရဲ့ ရုပ်ပုံကို အကြီးဆုံးကြော်ငြာဆိုင်းဘုတ်တွေနှင့် ကမ္ဘာအနှံ့ ဖြန့်ချင်လှပါသည်။ စဉ်းစားကြည့်ကြပါ။ ကျွန်တော်ဟာ "တကယ့် မာဘိုရိုလူသား"ဖြစ်နေပါပြီ။

## ထရူဒီ ဂရီဗာ (၅၂-နှစ်)
## မစ္စတာ၊ ကာလီဖိုးနီးယား

ကျွန်မ အနှစ်ခြိုက်ဆုံး ကလေးဘဝ အမှတ်တရ တစ်ခုမှာ ကျွန်မ၏ အဘွားက စင်ပေါ်မှာရှိသည့် ရှစ်လုံးထဲက တစ်လုံးဖြစ်သော လက်ရေးပန်းချီပါ နူးညံ့လှပသော ကြွေခွက်ဖြင့် လက်ဖက်ရည်တိုက်ခြင်းဖြစ်ပါသည်။

ထို့နောက် သူမက ကျွန်မကိုဖက်ပြီး "တစ်နေ့ ဒါတွေဟာ ငါ့မြေးပစ္စည်းတွေ ဖြစ်လာလိမ့်မယ်" —

ထိုအချိန်လောက်မှာပင် ကျွန်မ ခြောက်နှစ်သမီးအရွယ်၌ ကျွန်မ၏ ကျောင်းရှေ့ ဖြတ်လျှောက်သွားသော မိန်းမတစ်ဦးကို မြင်လိုက်ရပါသည်။ သူမသည် အရပ်မြင့်၍ လှလှပပစတိုင်လ်ကျပါသည်။ မိတ်ကပ်လည်း ကောင်းစွာ လိမ်းချယ်ထားပြီး လက်သည်းရှည်များတွင် လက်သည်းဆိုးဆေး အနီများရှိနေပါသည်။ ကျွန်မ သူမနာမည်ကို မည်သည့်အခါမှ မသိခဲ့ပါ။ သို့ရာတွင် သူမအား အားကျစရာ ရုပ်သွင်အဖြစ် နှစ်ပေါင်းများစွာ သတိရနေပါသည်။

တစ်ည ကျွန်မမိဘများ အပြင်သွားနေချိန်တွင် မီးဖိုခန်းထဲမှ ဖခင်၏ ကုလားအုတ် စီးကရက်ထားသောအံဆွဲကို ဖွင့်လိုက်မိသည်။ ကျွန်မ စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပါသည်။ အရသာ မကောင်းပါ။ သို့သော် လှပခံ့ညားသော အမျိုးသမီးတစ်ယောက်လို ခံစားမိပါသည်။

ကျွန်မထံမှ စီးကရက်နံ့ရသောအခါ မိဘများ ဒေါသထွက်ကြပြီး ကျွန်မကို အပြစ်ပေးပါသည်။ သို့ရာတွင် ထိုအချိန်မှာ ကျွန်မအား ဆုံးဖြတ်ချက် ခိုင်မာစေပါသည်။ အသက် တစ်ဆယ့်သုံးနှစ်အရွယ်တွင် တစ်နေ့တစ်ဘူးကျ သောက်နေပေပြီ။

အသက်(၁၆)နှစ်တွင် ကျွန်မ အိမ်က ထွက်ခဲ့ပါသည်။ ကျွန်မကိုယ်ကျွန်မ စောင့်ရှောက်ရသည့်ခံစားမှုကို နှစ်သက်ခဲ့မိသည်။ ကျွန်မတွင် ကိုယ်ပိုင်အခန်းရှိပြီး စားပွဲထိုးအလုပ်ဖြင့် ဘောက်ဆူးကောင်းကောင်း ရခဲ့သည်။ သို့နှင့် ကျွန်မ၏ အိမ်ထဲတွင် မာဘိုရို(စီးကရက်)တစ်ဘူး အမြဲရှိနေခဲ့ပါသည်။

အသက်(၃၅)နှစ်အရွယ် နေ့တစ်နေ့တွင် ကျွန်မ စားပွဲ တစ်လုံးနှင့်တစ်လုံးအကြား အပြေးအလွှား သွားနေရင်း

www.burmeseclassic.com

ချွတ်တရက် အသက်ရှူရပ်သွားပါသည်။ ထိုခံစားမှုမှာ တစ်စုံတစ်ယောက်က ကျွန်မအား ရေထဲနှစ်ထားသလို ရှိပါသည်။ ကျွန်မ အသက်ကြီးလာပြီဟု ကျွန်မကိုယ်ကျွန်မ ပြောပါသည်။

နောက်သုံးနှစ်ကြာသော (၄၂)နှစ်အရွယ်တွင် ကျွန်မကို လေအောင်းရောဂါ (EMPHYSEMA) ရှိသည်ဟု ရောဂါသတ်မှတ်ခဲ့ကြပါသည်။ ထိုရောဂါက သင့်အား အောက်စီဂျင်ငတ်စေပါသည်။ ထိုရောဂါမှာ စီးကရက်ကြောင့် ဖြစ်ကြောင်း ကျွန်မ သိပါသော်လည်း ဆက်လက်သုံးစွဲခဲ့ပါသည်။

စားပွဲထိုးလုပ်ခြင်းမှာ ပို၍ခက်ခဲလာပါသည်။ တချို့နေ့များတွင် အသက်ရှူမရသဖြင့် အလုပ်မှ နားရပါသည်။

တစ်ခုသော နံနက်တွင် ဆေးလိပ်သောက်သူ ပြည့်နေသော စားပွဲတစ်လုံးကို စားပွဲထိုးနေစဉ် ကျွန်မပါးစပ်ဟ၍ အသက်ရှူရပါသည်။ လင်ပန်းကိုချပြီး အပြင်သို့ထွက်သွားရပါသည်။ နောင်အခါ ကျွန်မ ပြန်ဝင်လာက ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြောပြပါသည်။ ကျွန်မ ဆေးလိပ်သောက်ခြင်းသည်လည်း ပြီးဆုံးခဲ့ပါသည်။

ဆရာဝန်များက ကျွန်မအား အောက်စီဂျင်ဘူး တပ်ဆင်ပေးပါသည်။ အစိမ်းရောင်ရာဘာပိုက်များ ကျွန်မ၏ နှာခေါင်းတွင် တပ်ဆင်ပေးသည့် အရုပ်ဆိုးအကျည်းတန် ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ကျွန်မက ထိုကိရိယာဖြင့်ပင် အိမ်ပြင်ထွက်ရန် ငြင်းဆန်ပါသည်။

"တခြားနည်းလမ်း မရှိဘူးလား" ကျွန်မ တောင်းပန်ခဲ့ပါသည်။

"ထရုဒီ ခင်ဗျား ဒါကိုမသုံးရင် ဒီမှာကြာကြာနေလို့ရမှာ မဟုတ်ဘူး"

လေအောင့်ရောဂါ၏ အဆိုးဆုံးဝေဒနာကို သင်တို့သိကြမည်မထင်ပါ။ အသက်ရှူဖို့ ပင်ပင်ပန်းပန်းကြိုးစားတဲ့အခါမှာ ဆီးအိမ်ကို ထိန်းနိုင်စွမ်းမရှိတော့ချေ။ ပထမအကြိမ်ဖြစ်စဉ်က ကျွန်မသည် ကျွန်မသူငယ်ချင်းအိမ်သို့ ကားမောင်းသွားနေစဉ်ဖြစ်ပါသည်။ ကျွန်မ ကားကို ရပ်လိုက်ရသည်။ ရှက်ရွံ့အားငယ်မှုနှင့်အတူ ငိုမိပါသည်။

၁၉၉၂ ခုနှစ်တွင် စုပ်ယူလိုက်၊ မှုတ်ထုတ်လိုက်ဖြင့် ဆေးစစ်ရန်သွားပါသည်။

ဆရာဝန်က -

"ခင်ဗျားရဲ့ စမ်းသပ်ချက်အပြောတွေဟာ အားရစရာမရှိဘူး၊ တစ်စုံတရာ ပြတ်ပြတ်သားသား မလုပ်ဘူးဆိုရင် နောက်ထပ်ခြောက်လပဲ နေရတော့မယ်၊ တစ်ခုတည်းသော ရွေးစရာက အဆုတ်လဲလှယ် ကုသမှုပဲ"

ကျွန်မ သတိလက်လွတ် ဖြစ်သွားပါသည်။ တစ်စုံတစ်ဦး၏ အဆုတ်ဖြစ်ရမည်။ ထိုအဆုတ်သည် ဆေးလိပ်မသောက်ခဲ့သူ၏ အဆုတ် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

၁၉၉၃ ခုနှစ်တွင် ခွဲစိတ်ကုသခဲ့ရပါသည်။ အတွေ့အကြုံမှာ ကြမ်းတမ်းလှပါသည်။ ခြောက်ပတ်ကြာသည်အထိ အသက်ရှူကိရိယာတပ်လျက်နှင့် သတိမေ့သွားလိုက်၊ သတိပြန်လည်လာလိုက် ဖြစ်နေပါသည်။

တစ်ချိန်တွင် ကျွန်မ ဆရာဝန်၏ အသံကို ကြားလိုက်ပါသည်။

"သူမ အသက်ရှင်သေးသလား"

"မရှင်ဘူး၊ သူမ သွားပြီ"

အတွင်းမှာတော့ ကျွန်မ အသံကုန်အော်ဟစ်နေပါသည်။

"မဟုတ်ဘူး ကျွန်မ ဒီမှာ ရှိနေပါသေးတယ်၊ ပလပ်မဖြုတ်လိုက်ပါနဲ့"

သို့ရာတွင် အမှန်စင်စစ် ကျွန်မ အော်ဟစ်နေခြင်းမဟုတ်ပါ။ ကျွန်မရဲ့ ကြွက်သားတစ်မျှင်မှ လှုပ်ရှား၍မရပါ။ သူတို့က ထိုသို့ မလှုပ်ရှားနိုင်အောင် ဆေးဝါးဖြင့် ပြုလုပ်ထားပါသည်။ ကြောက်ရွံ့မှုမှာ ဖော်မပြနိုင်အောင် ဆိုးရွားပါသည်။

ယခုအခါ အဆုတ်လဲလှယ်အပြီး တစ်နှစ်ခွဲကြာပေပြီ။ ကျွန်မ တစ်နေ့ ဆေးလုံး (၂၃)လုံး သောက်ရပါသည်။ ကျွန်မ၏ ဆေးလုံးအိတ်မှာ ပိုက်ဆံအိတ်ထက် ကြီးနေပါသည်။

အခွန်အခများ ပေးဆောင်ရန် ကျွန်မ၏အိမ်နှင့် ပိုင်ဆိုင်မှုများကို ရောင်းချရပါသည်။ တစ်နေ့တွင် ကျွန်မဘဝ၏ ဖိုး[illegible]ဆင်းရဲစရာ အကောင်းဆုံးခရီးကို သွားခဲ့ပါသည်။ ကျွန်[illegible]မိခင်၏အိမ်သို့ ပြန်ခဲ့ရခြင်းဖြစ်သည်။

"အမေ"

ကျွန်မ မျက်နှာလွှဲပြီး ပြောပါသည်။

"သမီးတော့ စီးပွားပျက်ပြီ၊ သမီးကို အထဲခေါ်မှာလား"

"ရတာပေါ့ သမီးရယ်"

အမေ ပြန်ပြောပါသည်။ ကျွန်မ အသက်(၁၆)နှစ်အရွယ်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ယခုအခါ အသက် (၇၃)နှစ်အရွယ် မိခင်အား ကျွန်မကို ပြန်လည်စောင့်ရှောက်ရန် တောင်းပန်တိုးလျှိုးနေရပါသည်။ ကျွန်မ စိတ်မထိန်းနိုင်ဘဲ ငိုမိပါသည်။

ကျွန်မ၏ ဆေးရုံစရိတ်ပေးရခြင်းများမှာ မရပ်နားသေးပါ။ ကျွန်မ၏ တန်ဖိုးရှိသော ပစ္စည်းအနေနှင့် အဘွားပေးခဲ့သော လက်ဖက်ရည်ပန်းကန် ရှစ်လုံးသာ ကျန်တော့သည်။ ကျွန်မတွင် ရွေးစရာလမ်းမရှိတော့ပါ။ တစ်စုံတစ်ဦးမှ တုံ့ပြန်မည်မဟုတ်ကြောင်း မျှော်လင့်ချက်တစ်ဝက်ဖြင့် ကြော်ငြာထည့်သွင်းခဲ့ပါသည်။

ဝယ်ယူသူ ရောက်လာသောအခါ လက်ဖက်ရည်ခွက်များကို မိခင်၏ ညစာစားပွဲတွင် ခင်းကျင်းပြလိုက်ပါသည်။ ကျွန်မ၏ အဘွားသည် နေ့လယ်ဘက်တွင် မည်သည့်ခွက်ထဲသို့ နှစ်ပေါင်းများစွာ ငှဲ့ထည့်ခဲ့ပါသနည်း။ ကျွန်မ စဉ်းစားမိပါသည်။

နောက်ဆုံးတွင် ကျွန်မက ထိုလူအား ခြောက်ခွက်သာ ရောင်းနိုင်ကြောင်း ပြောပါသည်။ သူက ချက်လက်မှတ်တစ်စောင် ရေးပေးပါသည်။ သူ တံခါးမှထွက်သွားသောအခါ ကျွန်မသည် ကျွန်မအဘွား၏ ယုံကြည်မှုအား အလွဲသုံးစားလုပ်လိုက်သလို ခံစားမိပါသည်။

ကျွန်မတွင် လက်ဖက်ရည်ခွက် နှစ်ခွက် ကျန်ရှိနေပါသေးသည်။ ၎င်းတို့မှာ ကျွန်မဘဝတွင် စီးကရက်ငွေ့နှင့် လွင့်မျောမသွားသော ပစ္စည်းများ ဖြစ်ပါတော့သည်။

## လိုရင်ကေအမ်း (၆၉)နှစ်
## ရိုချက်စတားမင်နီဆိုတာ

ကျွန်တော် ယခုပုံစံနှင့် ဆက်လက်မနေချင်တော့ပါ။ ကျွန်တော်၏ ဧည့်ခန်းတွင် ပက်လက်အနေအထားဖြင့် အောက်ဆီဂျင်စက်နှင့် တွဲချိတ်ထားပြီး စင်ပေါ်တွင် ဆေးဝါးများ ပြည့်နေပါသည်။

ထို့ပြင် ဘီးတပ်ကုလားထိုင်နှင့် ရွှေ့ပြောင်းနိုင်သော မိလ္လာအိုးလည်း ပါဝင်ပါသည်။

ရောဂါပိုးဝင်နေသော အိပ်ရာဒဏ်ရာ (BEDSORE) များကို သက်သာစေရန် ခန္ဓာကိုယ်အနေအထား ခဏခဏ ပြောင်းနေရပါသည်။

ကျွန်တော် မျက်နှာကြက်ကို ငေးကြည့်နေပါသည်။ ကျွန်တော်၏ခန္ဓာကိုယ် ပျက်စီးသွားသော်လည်း စိတ်ကတော့ ထက်မြက်နေပါသည်။

အသက်ကိုးနှစ်က ပိုင်ရှင်မဲ့ မြေကွက်အတွင်းရှိ ချုံပုတ်များနောက် ပုန်းကွယ်ခဲ့သည်ကို သတိရပါသည်။ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းသည် လက်တစ်ဆုပ်စာမျှ စီးကရက်တိုများ ကောက်ယူစုဆောင်းခဲ့ပါသည်။ ဆေးရွက်များ ထုတ်ယူပြီး လက်ဖြစ် ဆေးတံကဲ့သို့ ပြုလုပ်ပါသည်။ ကျွန်တော်တို့ မီးညှိပြီး နှစ်သက်သဘောကျသကဲ့သို့ အယောင်ဆောင်ကြပါသည်။

ယခုအခါ ဆေးလိပ်သောက်ခြင်းနှင့် ပတ်သက်၍ လှောင်ပြောင်စရာကိစ္စတစ်ရပ်ကို သိရှိရန် လွယ်ကူပါသည်။ လူငယ်များက ဆေးလိပ်သောက်သောလူကြီးများနှင့် တူလို၍ ဆေးလိပ်သောက်ပါသည်။ သို့သော် သူတို့ ဆေးလိပ်သောက်လိုစိတ်မရှိပါ။ ၎င်းတို့သည် ဆေးလိပ်မစွဲဘူးဆိုသည့် လူကြီးများအဖြစ်သို့ ရောက်ရှိလာပါသည်။ ထို့နောက် သူတို့၏ ကလေးများရှေ့တွင် စိတ်မပါသော စံပြပုဂ္ဂိုလ်များဖြစ်လာကြပါသည်။

လူငယ်များက ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်သော ထိုလှောင်ပြောင်စရာကို မသိလျှင် နောင်နှစ်ပေါင်းတစ်ထောင်အထိ လူအများ ဆေးလိပ်သောက်နေကြပေမည်။

အောက်မေ့သတိရခြင်းများ ဆက်လက်ဖြစ်ပေါ်လာပါသည်။

ယခုအခါ ကျွန်တော်သည် လူရွယ်တစ်ဦး ဖြစ်လာပြီး ကျောက်မျက်ရတနာဆိုင် တစ်ဆိုင်ကို ဖြတ်လျှောက်မိပါသည်။ လှပသော မိန်းမတစ်ယောက်ကို မြင်လိုက်ရပါသည်။ ခန္ဓာကိုယ်သွယ်လျပြီး အရပ်ငါးပေငါးလက်မ ရှိပါသည်။ ပိုးသားကဲ့သို့ နူးညံ့သော အညိုရောင်ဆံပင်လည်းရှိပါသည်။

တစ်ပတ်မျှ ကြာသောအခါ ဆိုင်ထဲဝင်၍ မိခင်အတွက် နာရီတစ်လုံးဝယ်ချင်ဟန်ဆောင်ပါသည်။ ကျွန်တော့်နှလုံးသားသည် နံရိုးအိမ်ထဲတွင် တုန်ခါနေပါသည်။ သို့သော် သူမအား ချိန်းဆိုမှုတစ်ခု ကမ်းလှမ်းလိုက်ပါသည်။ သူမ လက်ခံခဲ့ပါသည်။ များမကြာမီ ကျွန်တော်တို့ လက်ထပ်ခဲ့ပါသည်။

လေးဆယ့်လေးနှစ် အရွယ်တွင် သားသမီး လေးယောက်ထွန်းကားခဲ့ပြီး လိုလာသည်လည်း ကျွန်တော်နှင့် အတူရှိဆဲဖြစ်ပါသည်။

ဘဝမှာ အံ့သြစရာ ကောင်းလှပါသည်။ ဖွံ့ဖြိုးလှသောကလေးများ၊ ကောင်းမွန်သောလုပ်ငန်းကြီးနှင့် ဝေါက်သီးရိုက်ကစားရန်ပင် အချိန်ပေးနိုင်ခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ယခု ဝေဒနာ၏ ထိုးနှက်တိုက်ခိုက်ခြင်းခံရသောအခါ တွင်မှ လေထုသည်ပင် လေးလံလှသည်ဟု ကျွန်တော် ခံစားမိပါသည်။ အသက်ပြင်းပြင်း ရှူလိုက်ပါ။ သင် တတ်နိုင်သလောက် ပြင်းပြင်းရှူပါ။ ထို့နောက် ရပ်ထားပါ။ နောက်တစ်ကြိမ်ကို ပိုပြင်းအောင် ကြိုးစားပါ။ ထိုအရာသည် လေအောင့်ရောဂါ (EMPHYSEMA) အသွင်သဏ္ဌာန်ဖြစ်ပါသည်။ သင်တတ်နိုင်သမျှ အစွမ်းကုန်ကြိုးစား၍ လက်တစ်ဆုပ်စာမျှ လေကို ဆွဲယူလိုပေမည်။ သို့သော် သင်မတတ်နိုင်ပါ။ ကြောက်လန့်မှုက အသက်ရှူရန် ပို၍ခက်ခဲစေပါသည်။

လိုလာက ကျွန်တော်ရုန်းကန်နေမှုကို ကြားပါသည်။ အိမ်ထဲပြေးဝင်ပြီး ပြတင်းပေါက်များကို ဖွင့်လိုက်ပါသည်။ ထို့နောက်တွင် ပန်ကာနှစ်လုံးလည်း ဖွင့်ပါသည်။ သူမက ကျွန်တော့်ကျောကုန်းအား ပွတ်၍ အားပေးနှစ်သိမ့်စကားပြောပါသည်။ တစ်နာရီမျှ ကြာသောအခါ ကျွန်တော် သက်သာသွားပါသည်။

လိုလာက ဆေးလိပ် လုံးဝမသောက်ပါ။ ထို့ပြင် ဆေးလိပ်ကို မုန်းပါသည်။ ကျွန်တော်တို့၏ ရှုပ်ထွေးလှစွာသော သဘောကွဲလွဲမှုကို အမှတ်ရပါသည်။ သူမက မုဆိုးမ မဖြစ်လိုကြောင်း ပြောပါသည်။

"ကျွန်မ အစ်မက ဆေးလိပ်သောက်တယ်၊ မီးခိုးခေါင်းတိုင်ကျနေတာပဲ၊ ပြီးတော့ အဆုတ်ကင်ဆာဖြစ်ရော"ဟု သူမက ပြောပါသည်။

"ရှင့်ကိုယ်ရှင် အဲဒီလိုဖြစ်အောင် လုပ်တာလား"

ကျွန်တော်က – "ဆေးလိပ်ဖြတ်ဖို့ ဘယ်လောက်ခက်တယ်ဆိုတာ မင်းမသိပါဘူး"

နှစ်ပေါင်းများစွာ ကျွန်တော် စဉ်းစားဆင်ခြင်ခဲ့ပါသည်။ ဆေးလိပ်ကို သင်မလိုအပ်ပါ။ သန်းပေါင်းများစွာသော လူအများ ဆေးလိပ်မပါဘဲ နေသွားပါသည်။ သင်ရော ဘာ့ကြောင့် မနေနိုင်သနည်း။ အဖြေကမူ ထိုသန်းပေါင်းများစွာတို့သည် အစမလုပ်ခဲ့ခြင်းပင် ဖြစ်မည်။

ကျွန်တော် သတိရသည်မှာ ၁၉၇၉ ခုနှစ်တွင် ဆေးလိပ်ဖြတ်ခဲ့ပါသည်။ ရက်သတ္တပတ် လေးပတ်ကြာသည့်တိုင်အောင် စီးကရက် တစ်လိပ်မျှ ကျွန်တော် မသောက်ခဲ့ပါ။ ကျွန်တော်သည် ဆေးလိပ်သောက်သော မိတ်ဆွေ တစ်ယောက်နှင့် ကော်ဖီထိုင်သောက်နေမိ၏။ ဆေးလိပ်အနံ့မှာ အရသာရှိပုံရသည်။ ကျွန်တော်က -

"ကျွန်တော့်ကို နည်းနည်းပေးဆွဲပါ"

"ခင်ဗျား တကယ်ပြောတာလား"

"တစ်ခါလောက်နဲ့တော့ ဒုက္ခ မဖြစ်နိုင်ပါဘူး"

သူက ကျွန်တော့်အား စီးကရက် တစ်လိပ်ပေးပါသည်။ ကျွန်တော် အားရပါးရ ရှူသွင်းလိုက်သည်။ အံ့ဩစရာကောင်းလှပါသည်။ ငယ်သူငယ်ချင်းတစ်ယောက်ကို ပြန်တွေ့ရသလို ရှိပါသည်။

နောင်နှစ်များတွင် ထိုအချိန်ကာလကို ပြန်တွေးမိပြီး နက်ရှိုင်းလှသော နောင်တနှင့်အတူ မျက်လုံးအိမ်မှ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်နာရီအတွင်း စီးကရက်တစ်လိပ်လုံး သောက်ခဲ့ပြီး အိမ်အပြန်လမ်းတွင် ဆေးလိပ်တစ်ဘူး ဝယ်ခဲ့ပါသည်။

အခုအခါ တစ်နှစ်ခွဲခန့်ကြာသွားပါသည်။ ကျွန်တော့်ကျန်းမာရေး ကောင်းနေပါသည်။ ထို့ကြောင့် သူငယ်ချင်းသုံးယောက်နှင့် တွေ့ဆုံရန် အနီးအပါးရှိ စားသောက်ဆိုင်သို့ ကားမောင်းခဲ့ပါသည်။ ထိုအချိန်သည် ကျွန်တော်၏ နောက်ဆုံး အိမ်အပြင်ထွက်ခြင်းဖြစ်ပေသည်။

၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် သားသမီးနှင့်မြေးများ ရောက်ရှိလာပါသည်။ ကျွန်တော်က သူတို့နှင့် တစ်နာရီခန့် ဧည့်ခန်းတွင် တွေ့ဆုံပါသည်။ ထိုအချိန်သည် ကျွန်တော် အိပ်ခန်းထဲမှ နောက်ဆုံးထွက်ခွာရခြင်း ဖြစ်ပါသည်။ အိပ်ခန်းကို အသက်ရှင်လျက် စွန့်ခွာ၍မရနိုင်တော့ကြောင်း ကျွန်တော့် သိလာရပါသည်။

တစ်နေ့တစ်ကြိမ်လောက် ရောဂါဝေဒနာ နှိပ်စက်ပါသည်။ ကျွန်တော် လိုလာ၏ဘဝကိုလည်း ဖျက်ဆီးခဲ့ပါသည်။ ကျွန်တော်တို့ကလေးများ ကြီးပြင်းလာလျှင် ပရိဘောဂပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတစ်ခု ဖွင့်လှစ်ရန် ရည်ရွယ်ထားပါသည်။ ကိုဒေါင်ရောင်းချမှုများကို ကျွန်တော်တို့ နှစ်သက်ကြပါသည်။ ယခုတွင်မူ ထိုနေရာတွင် တစ်စုံတစ်ယောက်ကို ရှိနေရန် မစီစဉ်ဘဲ မြို့ထဲသွားရန်ပင် သူမ မလုပ်ဆောင်နိုင်တော့ပါ။

၁၉၇၉ ခုနှစ်က ဆေးလိပ် မသောက်ခဲ့လျှင်မူ ယနေ့ ကျွန်တော်နေကောင်းပေမည်။ ကျွန်တော့်အပြစ်က ကျွန်တော့်အား ဝါးမျိုနိုင်မည်မဟုတ်ချေ။ လိုလာအပေါ်တွင် ပူဆွေးမှုအထက်က အပြစ်ဖြစ်စေပါသည်။ ကလေးများ အထူးသဖြင့် ကေသီရှေ့တွင် ဖြစ်သည်။ သူမသည် ကျွန်တော်ကဲ့သို့ စီးကရက်နှင့် ချိတ်ဆက်မိပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ဈာပနတွင် သူမ စီးကရက်သောက်နေပေလိမ့်မည်။ လွန်ခဲ့သောနေ့က ကျွန်တော် လိုလာကို မေးခဲ့ပါသည်။

"မင်း ဘာလို့ ငါ့ကို မသွားခိုင်းတာလဲ"

"ကျွန်မက ရှင်အသက်ရှည်အောင် ဘာမှလုပ်ပေးနေတာ မဟုတ်ဘူး"

သူမက ညင်သာစွာ ပြောပါသည်။

"ကျွန်မက ရှင်နေသာထိုင်သာ ရှိအောင်ပဲ ကြိုးစားနေတာပါ"

ထို့နောက် သူမ ငိုပါတော့သည်။

ယခုအချိန်တွင် ကျွန်တော် လက်လှမ်းမီသောနေရာ၌ မြင်းတစ်ကောင်သေလောက်သော ပမာဏရှိသည့် မော်ဖင်း (MDRPHINE) ကရားရှိပါသည်။ သို့ရာတွင် ကျွန်တော် မသေနိုင်သေးပါ။

ကျွန်တော်သေဆုံးသွားလျှင် ကျွန်တော်၏ လူမှုဖူလုံရေး အကျိုးအမြတ်များ ရပ်တန့်သွားပေလိမ့်မည်။ ထို့ပြင် လိုလာက ထိုငွေကြေးများကို ကြာနိုင်သမျှကြာအောင် လိုအပ်နေပေမည်။ ကျွန်တော် သူမအတွက် နောက်ဆုံးလုပ်ပေးနိုင်သောအရာ ဖြစ်ပေသည်။

လိုရင်ကေအမ်းသည် ၁၉၉၄ ခုနှစ် ဧပြီ ၈ ရက်တွင် လေအောင်းရောဂါဖြင့် နေအိမ်တွင် ကွယ်လွန်ခဲ့ပါသည်။

သူ၏ နောက်ဆုံးစကားထဲတွင် -

"ကျွန်တော့်ရဲ့ ဘဝဇာတ်ကြောင်း ပုံနှိပ် ထုတ်ဝေတာကို အသက်ရှင်လျက် မြင်တွေ့ဖို့ဆိုတာ သံသယရှိပါတယ်။ ဒါပေမယ့် သန်းပေါင်းများစွာသော လူငယ်တွေ တွေ့ကြပါလိမ့်မယ်။ ကျွန်တော့်ရဲ့ သေတမ်းစာအဖြစ် စာတစ်ကြောင်း ထားခဲ့ရမယ်ဆိုရင် ဒီလိုမျိုး သင့်မှာ မဖြစ်အောင်လို့ မထင်ပါနဲ့"

**တော်မြင့်(ငှက်ပျော)**

မှတ်ချက်

၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလထုတ် WILLIAM ECENBARGER So YOU THINK YOU WANT TO SMOKE ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။


# နေလိစံနှ ခရုသင်း၊ သမင်ဖြူ

## အပြောင်းအထူးကုဆေးခန်း

မှ

ခရုသင်း၊ သမင်ဖြူ စားဆေး၊ လိမ်းဆေး၊ ရွှေသန့်ဆေး၊ ယားနာလိမ်းဆေး

နေလိစံနှ ဗိုက်ချပ်လိမ်းဆေး အဆီကျသောက်ဆေးများကို

နယ်မှ မှာယူနိုင်ပါသည်။

တိုက်အမှတ်(၁)၊ အခန်း(၀၁၁)(၄လွှာ)၊ စက်ရုံလမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၀၀၄၉၁၊ ၀၉ ၅၀၄၁၂၃၈





www.burmeseclassic.com


www.burmeseclassic.com

# အသည်းရောဂါ အကြောင်း တစေ့တစောင်း

စိန်ဝေဖြိုးလွင်မိုး








www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ သူငယ်ချင်းတစ်ယောက်မှာ အသည်းကြီး အဆီဖုံးရာမှ အသည်းကင်ဆာ ဖြစ်နေပြီဟု သိလိုက်ရသည်။ ထို့ကြောင့် စိတ်မကောင်းဖြစ်မိသည်။

ပြီးခဲ့သည့် တစ်လကျော်က စာရေးသူ၏ ဆရာမတစ်ဦးဖြစ်သည့် စာရေးဆရာမ မဟာသိ(သန်ျာ) သည်လည်း အသည်းရောဂါနှင့် ဆုံးပါးသွားခဲ့ကြောင်း သိရ၍ စိတ်ထိခိုက်ခဲ့ရသည်။

ဘယ်နေရာသွားသွား ထိုအသည်းရောဂါနှင့်ပတ်သက်၍ မကြားချင်လောက်အောင် ဆိုးရွားသည့် 'မရဏရောဂါကြီးလား' ဟု တွေးတောခံစားမိကာ ထိုရောဂါအကြောင်းကို ဗဟုသုတရှိဖို့ လိုအပ်သည်ဟု ယုံကြည်သည့်အတွက် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

လောက၌ လူတို့၏ပယောဂကြောင့် နွေ၊ မိုး၊ ဆောင်းဟူသော သဘာဝအလျောက် လည်ပတ်နေသည့် ရာသီဥတုသည် တဖြည်းဖြည်း ပျက်စီးယိုယွင်းလာကြသည်။ နွေသည် ပို၍ပူပြင်းခြောက်သွေ့သည်။ ဆောင်းတွင် လုံးဝမအေး၊ မိုးတွင် ရေကြီးသည့်အန္တရာယ်များနှင့် တစ်စတစ်စ ကြုံတွေ့လာရပေသည်။

ထို့အတူ ပထဝီဟူသည့် မြေဓာတ်သည်လည်း ပျက်စီးလာပေသည်။ ထိုပျက်စီးလာသည့် မဟာပထဝီမြေကြီးပေါ်တွင် လူသားများ အသက်ရှင်နေထိုင်ရေးအတွက် သဘာဝမဟုတ်သော ဓာတ်မြေသြဇာများကို သုံးစွဲကာ သီးပင်စားပင်များ စိုက်ပျိုးလာရသည်။ သီးပင်စားပင် ဖြစ်ထွန်းလာပါကလည်း တစ်ဖန် မြားမြောင်လှသော ပိုးမွှားများက အပင်ကို အန္တရာယ်ပြုလာသည်။ လူသားများကလည်း ပိုးမွှားများအန္တရာယ်ကို ကာကွယ်ရန် ပိုးသတ်ဆေးဖျန်းရသည်။ ရရှိလာသော သီးပင်စားပင်များအား ဓာတ်ကြွင်းအန္တရာယ်ရှိနေသည်မှာ အမှန်ပင်။ ဤသည်ကား လူသားများအတွက် အသည်းရောဂါ ဖြစ်နိုင်စေရန် အစဟုထင်မိသည်။

လောက၌ လူတို့၏ ပယောဂကြောင့် မူးယစ်ဆေးဝါး၊ ဘိန်းဘင်း၊ အရက်မျိုးစုံ၊ လောင်းကစား၊ ပျော်ပွဲမျိုးစုံနှင့် ကိုယ်ကျင့်တရားပျက်ပြားသူများ၊ အပျော်အပါးလိုက်စားကာ မိုက်မဲစွာ ပြုကျင့်သူများမှာ ပိုးကူးစက်တတ်ပြီး အသည်းရောဂါမျိုးစုံ ခံစားရလေ့ရှိသည်။

လောက၌ လူတို့၏ပယောဂကြောင့် စားသောက်ကုန်များတွင် ဆိုးဆေး၊ ဓာတ်ဆေးများ ရောနှောကြခြင်းကြောင့် လူသားများ အန္တရာယ်ကြုံတွေ့ကာ အသည်းကို ထိခိုက်လာပြန်သည်။ ၎င်းဖြစ်စဉ်များနှင့် ကြုံကြိုက်ကာ အသည်းရောဂါ ဖြစ်လာရသော ဝေဒနာရှင်များသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကို အခြေခံကာ လွန်ယုတ်လွဲမှားနေသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးကို ပြုပြင်တတ်ဖို့ လိုပါသည်။

ယခုအခါ သီးပင်စားပင်များတွင်လည်း မြေဆီကြွခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အပင်အားဆေး၊ အသီးအားဆေး၊ အရွက်အားဆေး ဟူ၍ ဓာတုဆေးများသုံးစွဲကာ ကြီးပြင်းထွားကျိုင်းကြရသည်။ ထိုအရာများကို ပြည်သူလူထု စားသုံးနေကြရသည်။

ထို့ပြင် မိုးရာသီ၌ ဌာနဆိုင်ရာများမှ တောင်သူလယ်သမားများအား စည်းရုံးလှုံ့ဆော်ကာ စပါးစိုက်ခင်းများအတွင်းသို့ ငါးစပါးဟူ၍ ငါးလွှတ်ပွဲများ ကျင်းပကြသည်။ သို့သော် စာရေးသူတို့ မစားဝံ့ပေ။ အကြောင်းမှာ စပါးစိုက်ရာတွင် မြေဆီလောင်းရသည်။ ဒုတိယအနေဖြင့် ဆေးဖျန်းရသည်။ ၎င်းမြေဆီနှင့် လိုသလိုသုံးစွဲရသော ပိုးသတ်ဆေးများအကြားတွင် ရှင်သန်ပေါက်ဖွားလာရသော ငါးများမည်သို့ပင် ကြီးထွားနေပါစေ သာမန် အရောင်အဆင်း သာမန်အရသာ လုံးဝမရှိတော့ဘဲ ဓာတုဆေးဝါးများ ... အောင်းနေသော သက်ရှိအဆိပ်ကောင်များဟု တွေးမိသည်။

လူသားအားလုံးတို့တွင် အသည်း၏လုပ်ဆောင်ချက်မှာ အများဆုံးဖြစ်သည်။ လူသားများ၏ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာများ တိုးတက်ထွန်းကားလာမှုကြောင့် လူသားတို့၏ အသည်း၊ နှလုံး၊ အဆုတ်တို့မှာ ညစ်ညမ်း၍ ရောဂါများ ကြီးထွားလာကြသည်ကို သုတေသန စစ်တမ်းများအရ ... ရှိနေရသည်ဟု လေ့လာမှတ်သားခဲ့ဖူးသည်။

အရင်းစစ်တော့ မြစ်မြေကဆိုသကဲ့သို့ စက်မှုအ... ပညာများ တိုးတက်လာသည်နှင့်အမျှ လူသားတို့၏ ... နေထိုင်မှု အဆင့်အတန်း မြင့်မားလာလေလေ ကမ္ဘာ... ညစ်ညမ်းပြီး အကျည်းတန်လာလေ ဖြစ်သည်။

စာရေးသူတို့ မလွဲမသွေ ရင်ဆိုင်နေရသည်က ... Pollution ဟုခေါ်သော လေထုညစ်ညမ်းမှုပင် ဖြစ်... လေထုညစ်ညမ်းမှုကို အသွင်အမျိုးမျိုးဖြင့် စက်ရုံ၊ အ... နှင့် မော်တော်ကားများမှ ထုတ်လွှတ်သော မီးခိုးတန်... ငွေ့၊ အမှိုက်မီးရှို့၊ တောင်ယာ ခုတ်ထွင်ရှင်းလင်း... ကျောက်မီးသွေးနှင့် ဓာတ်သတ္တုတူးဖော်ရေးတို့မှ ...



www.burmeseclassic.com

www.burmeseclassic.com

ပွဲ့လွင့်လာသော အခိုးအငွေ့များကို ရှူရှိုက်ရင်းမှ အဆုတ်၊ နှလုံး၊ အသည်းတို့ အဆိပ်သင့်ကြရသည်။

မြန်မာနိုင်ငံတွင် အသည်းနှင့် ပတ်သက်သော အသည်းကင်ဆာတို့မှာ ဖြစ်ပွားသူ အတော်လေးပေါများ၏။ အသည်းရောင်အသားဝါရောဂါကို ဖြစ်ပွားစေသော ဗိုင်းရပ်စ်သည် အမျိုးကွဲ (၅) မျိုးရှိ၏။ အမျိုးကွဲ တစ်ခုနှင့်တစ်ခုသည် များစွာခြားနား၏။

ဥပမာ - 'အေ' အမျိုးအစားသည် ကူးစက်လွယ်ကူသလောက် ခေတ္တခဏမျှသာ ဒုက္ခပေး၏။ ဆေးကုသမှုမလိုအပ်ဘဲ အနားယူလိုက်ရုံဖြင့် ရောဂါမှာ ပျောက်ကင်းတတ်သည်။ နောက်ဆက်တွဲ ပြဿနာမရှိနိုင်ပါ။

'ဘီ' အမျိုးအစားသည် ထိုသို့မဟုတ်။ AIDS ရောဂါကူးစက်ပုံ ကူးစက်နည်းနှင့် အတော်လေး ဆင်တူသည်။ မိဆက်ဆံရာမှလည်း ကူးစက်တတ်သလို မိခင်မှ ကလေးဆီသို့လည်း ကူးစက်လေ့ရှိ၏။

ထို့နောက် အသည်းကြွပ်ရောဂါသည်လည်း ကင်ဆာရောဂါတို့ကို ဖြစ်စေတတ်သည်။ အသည်းရောင်အသားဝါသည် ကိုယ်ဝန်ဆောင်အမျိုးသမီးတို့တွင် ဖြစ်ပွားပြီဆိုပါက အဖိတ်အစဉ် အတော်များများ ဖြစ်တတ်သည်။

အသည်းကြောင့် ဖြစ်ပေါ်လာသော ရောဂါလက္ခဏာများမှာ (၁၂) မျိုးခန့် တူညီနေတတ်ကြသည်။ ယင်းတို့မှာ ငှက်ဖျားရောဂါ၊ အစာအိမ် (သို့) အူသိမ်အူမတို့တွင် ဖြစ်သောရောဂါ၊ သည်းခြေဒွဖြစ်သောရောဂါတို့နှင့် ဆက်နွယ်သော ရောဂါ စသည်တို့ဖြစ်သည်။

ရောဂါဖြစ်စတွင် ဖြစ်လာသည့် လက္ခဏာများမှာ သေးကွဲလှပေ။ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်ထွေပြားခြင်း၊ အော်ကလီဆန်ခြင်းများ ဖြစ်လေ့ရှိသည်။ အချို့ ကပ်ပါးပိုးကြောင့်လည်း အသည်းရောဂါ ရရှိတတ်သည်။

အရေးကြီးသော ရောဂါတစ်ခုမှာ အမီးပါးခေါ် ဝမ်းကိုက်ရောဂါဖြစ်စေသော ကပ်ပါးပိုးကြောင့် အသည်းရောဂါကိုလည်း ဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံတွင် အမီးပါးဝမ်းကိုက်ရောဂါသည် ဝမ်းကိုက်ပိုးကြောင့် အသည်းတွင် ပြည်တည်လာနိုင်သည်။ ထိုသို့ ပြည်တည်လာပါက လူနာ၏ အသည်းသည် ကြီးလာပြီး ညာဘက်နံစောင်း အောင့်လာတတ်သည်။ ထိုအခါ အပူချိန်လည်း တက်လာသည်။ ထိုရောဂါကို လုံးဝပျောက်ကင်းအောင် ဆေးပတ်လည်သည်အထိ မကုသပါက အသည်းထဲမှ ပြည်တည်နာပေါက်၍ အဆုတ်၊ နှလုံး အစရှိသော အခြားအင်္ဂါအစိတ်အပိုင်းများကို ရောက်သွားခြင်းကြောင့် အသက်အန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။

ငှက်ဖျားပိုးကြောင့်လည်း အသည်းရောဂါ ရရှိနိုင်သည်။ ငှက်ဖျားပိုးများ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသောအခါ ပထမဦးဆုံး တိုက်ခိုက်ခံရသော ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အသည်းဖြစ်ပြီး အသည်းရောဂါသည် အဓိကနှစ်မျိုးနှစ်စားရှိသည်။

ပထမအမျိုးအစားမှာ ဘက်တီးရီးယားပိုးများ သွေးထဲသို့ရောက်ပြီး အပြင်းအထန်ပွားရာမှ ကိုယ်ခန္ဓာအတွင်းရှိ အင်္ဂါအစိတ်အပိုင်းများ အစုလိုက် အပြုံလိုက် ရောင်ပြီး အသည်းဒွလည်း ပြည်တည်၍ ရောဂါရခြင်းဖြစ်သည်။

ဒုတိယ အမျိုးအစားမှာ ပိုအရေးကြီး၏။ ဘက်တီးရီးယားပိုးသည် သည်းခြေပြွန်များနှင့် အသည်းဆဲလ်များသို့ ရောက်ပြီး ယင်းအင်္ဂါအစိတ်အပိုင်းများ ရောင်ရာမှ ဘက်တီးရီးယား အသည်းရောင်ရောဂါ ရရှိခြင်းဖြစ်သည်။

ဤရောဂါရှင် အမျိုးအစားသည် သည်းခြေပြွန်လမ်းကြောင်းတစ်လျှောက်တွင် ကျောက်တည်သော ရောဂါရှင်များအဖြစ် မကြာခဏ ဖြစ်ပွားတတ်ပြီး အချို့သော ရောဂါရှင်များသည် လက်ပရိုစပိုင်းရားပိုးကြောင့်ရသော အသည်းရောဂါများလည်း ရရှိသည်။ ထိုပိုးသည် ဘက်တီးရီးယားမဟုတ်ဘဲ ဘက်တီးရီးယားထက်ကြီး၏။ ရွှံ့များထဲဒွရှိသော ယင်းပိုးကြောင့် အဆင်မသင့်ပါက ရွှံ့နှင့်အလုပ်လုပ်ရသော လယ်သမားကြီးများ ယင်းပိုးမှတစ်ဆင့် အသည်းရောဂါ ရနိုင်သည်။

လက်ပရိုစပိုင်းရားပိုးတို့သည် ခွေး၊ ဝက်၊ ကြွက်၊ ငှက် စသော တိရစ္ဆာန်တို့၏ သွေးထဲတွင် ရှိနေ၏။ ယင်းတိရစ္ဆာန်များ ဆီးသွားပါက လက်ပရိုစပိုင်းရားပိုးများသည် လူ၏ အသားကိုဖောက်ကာ ကိုယ်ခန္ဓာထဲသို့ ရောက်လာရာမှ ရောဂါဖြစ်[illegible]တတ်သည်။

ထိုပိုးကြောင့် ရောဂါရရှိပါက အပူချိန် မြင့်တက်လာသည်။ ဖြန်းခနဲ အဖျားတက်မည်။ ချမ်းတုန်ခြင်းများ ဖြစ်လာမည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းတို့မှ သွေးယိုစိမ့်မှုများလည်း ဖြစ်လာ၏။

အထင်ရှားဆုံးမှာ ရောဂါသည်၏ မျက်လုံးအိမ်အဖြူဒွ သွေးခြည်ဥလာသည်ကို တွေ့ရခြင်းဖြစ်သည်။ ထို့ပြင် ခန္ဓာကိုယ်ကြွက်သားများ အထိမခံနိုင်လောက်အောင် နာကျင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နှလုံးကိုထိခိုက်၍ နှလုံးရောင်လာ၏။ အသည်းထိခိုက်ခံရသူများမှာ အသားပါ ဝါလာပြီး အသက်အန္တရာယ်ဖြစ်နိုင်သည်။

ထိုရောဂါနှင့် ပတ်သက်၍ ကံကောင်းသည်မှာ လက်ပရိုစပိုင်းရားပိုးများကို ပနင်စလင်၊ တက်ထရာဆိုက်ကလင်း စသော ပိုးသတ်ဆေးများနှင့် သုတ်သင်နိုင်ကြောင်း သိရသည်။

ယခင်ကဆိုလျှင် ဗိုင်းရပ်စ် အေဘီနှင့် အေလည်း မဟုတ်၊ ဘီလည်းမဟုတ်သော အမျိုးကွဲသုံးမျိုးရှိသည်ဟု ဆိုခဲ့ကြသည်။ အေအိုင်ဒီအက်စ် ရောဂါလောက် မဆိုးသော်လည်း ဒုတိယအေအိုင်ဒီအက်စ် ရောဂါဟု ဆိုရလောက်အောင် လူသားတို့အား ဒုက္ခပေးလျက်ရှိသည်။ ထိုရောဂါကြောင့် အသည်းကြွပ်နာ၊ အသည်းကင်ဆာရောဂါ ထပ်ဆင့်ခံစားရတတ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် အသည်းကင်ဆာဖြစ်ပွားနှုန်း အလွန်မြင့်မားနေသည်။

အသည်းရောဂါကို ဖြစ်စေနိုင်သော ဗိုင်းရပ်စ် အမျိုးပေါင်း (၅) မျိုးရှိသည်ဟု သိရသည်။

ယင်းတို့မှာ -

၁။ A အမျိုးအစား (ဗိုင်းရပ်(စ်) ရောဂါပိုး)
၂။ B အမျိုးအစား (ဗိုင်းရပ်(စ်) ရောဂါပိုး)
၃။ C အမျိုးအစား (ဗိုင်းရပ်(စ်) ပိုး)
၄။ D အမျိုးအစား (အယ်လတာဗိုင်းရစ်(စ်)ပိုး)
၅။ E အမျိုးအစား (ဗိုင်းရပ်(စ်) ရောဂါပိုး) တို့ဖြစ်သည်။

ဗိုင်းရပ်စ်ကြောင့်ဖြစ်သော အသည်းရောဂါများကို လူနာ၏သွေးအား စစ်ကြည့်ခြင်းဖြင့် သိရှိနိုင်သည်။

အသည်းရောဂါ ရှိနေသောသူသည် ပထမတွင် အစားအသောက်ပျက်တတ်ပြီး လေးငါးရက်ခန့်ကြာသော အခါ ညာဘက်နံရိုးအောက် အသည်းရှိရာနေရာက အောင့်သည်။ ထိုနေရာကို ထိလိုက်သောအခါ (သို့) လှုပ်ရှားသော အခါ ပို၍အောင့်သလို ထိုသို့ ပို၍အောင့်ရာမှ အသားဝါလာတတ်ပြီး အသားဝါလာသောအခါ အဖျားလည်း ပြန်ကျသွားတတ်သည်။ အစားအသောက်ပျက်၍ ပျို့တတ်၊ အန်တတ်ကာ အားနည်းပြီး နေရင်းထိုင်ရင်း မောနေတတ်သည်။

အချို့သူများသည် ဝမ်းအနည်းငယ် ပျက်တတ်ပြီး အထူးသဖြင့် ကလေးများသည် အန်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်နာခြင်းတို့ ဖြစ်တတ်သည်။ အသည်းရောဂါသည် တစ်ခါတစ်ရံ အစာမကြေ၊ လေပွ၊ ဝမ်းပျက်ရောဂါများနှင့် မှားတတ်သည်။

အသားဝါသည် လက္ခဏာ စတင်ပြပြီး တနင်္ဂနွေ တစ်ပတ်အကြာတွင် အဝါရောင်တက်လာသည်။ အသည်းရောင်အသားဝါသည် သုံးပတ်ခန့်ကြာမြင့်သည်။ ရောဂါဖြစ်၍ နာခြင်း၊ အောင့်ခြင်းသည် တနင်္ဂနွေနှစ်ပတ်လိုတ ပျောက်သွားတတ်သော်လည်း အချို့လူနာများတွင် အသားဝါခြင်းသည် သုံးလမှ လေးလထိ မပျောက်ဘဲရှိနေတတ်သည်။

ရောဂါလက္ခဏာ ဖြစ်ပေါ်ခြင်းသည် ရောဂါဖြစ်ရသည့် ဗိုင်းရပ်စ်ပေါ်တွင် မူတည်သည်။ ဗိုင်းရပ်စ် B ပိုးကြောင့်ဖြစ်လျှင် (၁) အဆစ်နာခြင်း၊ (၂) ကိုယ်ခန္ဓာတွင် အနီစက်ကလေးများ ပေါ်လာခြင်း ဖြစ်တတ်ပြီး အသားဝါမှု ပိုများပါက ခန္ဓာကိုယ်တွင် ယားယံလာလေ့ရှိသည်။

အသည်းရောဂါဖြစ်၍ အသားဝါလာခြင်းမှာ သွေးထဲ၌ရှိသော ဘီလီယူဘင်ဓာတ်သည် ရှိသည်ထက် များနေသောကြောင့် ဖြစ်သည်။

ဤရောဂါ ကူးစက်ခံရသောသူသည် ရင်ညွန့်ထဲမှ အောင့်သလိုလို၊ နာသလိုလို ခံစားရပြီး အသည်းရောင် အသားဝါရာမှ တစ်လ နှစ်လလောက်တွင် အလိုလို ပြန်ကောင်းသွားသော်လည်း လူမှာ နုန်းခွေပြီး ကျန်နေတတ်သည်။ ယင်းသို့ဖြစ်ရင်း ရောဂါသည် ခန္ဓာကိုယ်တွင်း၌ ဆယ်နှစ်၊ အနှစ် နှစ်ဆယ်မှ ငုံလျှိုးနေပြီး တစ်ချိန်တွင် အသည်းကြွပ်နာ (ရေဖျဉ်းစွဲနာ) (သို့) အသည်းကင်ဆာ ရောဂါ ထပ်မံခံစားရသည်။ ထိုရောဂါ ပေါ်ပေါက်လာပါက ဖေဒနာရှင်၏ အလားအလာသည် မကောင်းတော့ပေ။

ယနေ့ကမ္ဘာတွင် အသည်းရောင်အသားဝါ၊ အသည်းအဆီ[illegible]၊ အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းကင်ဆာ ရောဂါ ဖြစ်နေသူများမှာ တရုတ်၊ ထိုင်ဝမ်၊ မြန်မာ စသည့် အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်ကြသည်။ ထို့ကြောင့် ဤဒေသတွင် အသည်းကင်ဆာရောဂါ ဖြစ်ပွားသူများ လွန်စွာ ပေါ်များလျက်ရှိသည်။


သို့သော် ထိုရောဂါကို ကာကွယ်လိုပါက ယခု ပေါ်ပေါက်နေသော ကာကွယ်ဆေးဖြင့် ကာကွယ်ပေးမည်ဆိုလျှင် လူတို့အသက်အန္တရာယ် လျှော့ချနိုင်ဖွယ်ရာရှိသည်။


တကယ်တမ်း ကူးစက်တတ်သော နည်းများကတော့ ဖိုမ ဆက်ဆံခြင်း၊ ဆေးထိုးအပ်မှ ကူးစက်ခြင်းတို့အပြင်



www.burmeseclassic.com

www.burmeseclassic.com





သွားပွတ်တံတစ်ချောင်းတည်း အတူသုံးစွဲခြင်းနှင့် တုတ်ထိုးအထိ ဒဏ်ရာများကို ကိုင်တွယ်ရသူများတွင် ပို၍ကူးစက်လွယ်သည်။ ယင်းရောဂါကို ခံစားပြီးသည့်သူသည် ၎င်းအတိုင်းထားလျှင် အသည်းကင်ဆာရောဂါ ဖြစ်နိုင်သည်။

အသည်းရောင်ရောဂါ၊ အသည်းကြွပ်ရေဖျဉ်းစွဲရောဂါ၊ အသည်းကင်ဆာရောဂါ ထိုသုံးမျိုးမှာ တစ်ခုနှင့်တစ်ခု ဆက်စင်နေသည်။

အသည်းကြွပ်နာ လက္ခဏာအနေဖြင့် အသည်းသည် ချောမွေ့နေရာမှ အဖုအထစ်များဖြစ်လာပြီး သေးငယ် ကျုံ့ဝင်သွားသည်။ ထိုသို့ ကျုံ့ဝင်သေးငယ်ရာမှ အသည်းအတွင်းရှိ သွေးကြောများ ပွလာပြီး လည်ချောင်းမှ ဆင်းသက်လာသည့် အစာပြွန်နှင့် အစာအိမ်ထိပ်ဝ၌ သွေးကြောအထုံးများ ဖြစ်ပေါ်လာသည်။ ထိုသွေးကြောအထုံးများသည် အချိန်မရွေး သွေးကြောပေါက်ကာ သွေးအန်တတ်သည်။ ထိုသွေးအန်ခြင်း ဖြစ်ပါက သွေးဝမ်းအမည်းများ သွားခြင်းလည်း ဖြစ်တတ်သည်။

အသည်းကြွပ်နာဖြစ်လျှင် လက်ဖဝါးများ နီရဲလာပြီး ကိုယ်ခန္ဓာအပေါ်ပိုင်း၌ သွေးကြောများပွလာကာ ပင့်ကူအိမ်သဏ္ဌာန် အနီစက်ကလေးများ ဖြစ်လာခြင်း၊ နို့အုံသီးများ ကြီးလာခြင်း၊ အင်္ဂါဇာတ်များ ကျုံ့ဝင်သွားခြင်း၊ ထိခိုက်မိပါက အရေပြားအောက်တွင် သွေးခြည်ဥနေခြင်း၊ ဗိုက်ထဲ၌ ရေဖျဉ်းဖြစ်လာပြီး ခေါင်းမကြည်၊ စိတ်မရှည်ဖြစ်လာခြင်း၊ သတိလစ်ခြင်းများအထိ ဖြစ်ပွားနိုင်ပါသည်။

ရေဖျဉ်းဖြစ်လာရခြင်းအကြောင်းမှာ အသည်းကြွပ်နာဖြစ်လာသော် အသည်းသည် ကျုံ့ဝင်လာသဖြင့် သွေးသည် အသည်းကိုဖြတ်၍ စီးနေကျအတိုင်း မစီးနိုင်တော့ဘဲ ယင်းသွေးများကြောင့် အူနှင့်အစာအိမ် သွေးများပိုလာပြီး ဖိအားများလာသည်။

တစ်ချိန်တည်းမှာပင် အသည်းကြွပ်နာဖြစ်နေသော အသည်းသည် ပုံမှန်လုပ်နေကျဖြစ်သော အယ်ဘူမင်ပရိုတိန်း ထုတ်လုပ်မှုကို မထုတ်နိုင်ဘဲဖြစ်လာသည်။ ယင်း၏ အာနိသင်မှာ အရည်များကို စုပ်ယူထိန်းသိမ်းထားနိုင်သော သတ္တိရှိသည်။ ထို့ကြောင့် အူနှင့် အစာအိမ်သွေးကြောများတွင် အသည်းမှာ ကျုံ့နေ၍ ရှေ့ဆက်မသွားနိုင်သော သွေးများကြောင့် ဖိအားကလည်းများ၊ ယင်းသွေးများကို စုပ်ယူထိန်းသိမ်းထားနိုင်သော အယ်ဘူမင်ပရိုတိန်း ထုတ်လုပ်မှုကလည်း ပုံမှန်အတိုင်းမရှိတော့သဖြင့် အူနှင့်အစာအိမ်ထဲမှ အရည်များသည် အပြင်သို့ထွက်ကုန်ပြီး ဗိုက်ထဲသို့ ရေများရောက်လာသည်။ ထိုအခါ ဗိုက်သည် ရေများပြည့်ဖောင်းလာခြင်းကြောင့် ရေဖျဉ်းရောဂါရလာခြင်းဖြစ်သည်။

ထို့ကြောင့် လူတို့သည် အသက်လေးဆယ်ကျော်လာသော အချိန်တွင် အာလ်ထရာဆောင်းရိုက်ခြင်း၊ အသည်းတွင် ကင်ဆာရှိ၊ မရှိကို ခေတ်မီတိုင်းတာသောနည်းများဖြင့် ခြောက်လတစ်ကြိမ် စစ်ဆေးပေးသင့်သည်။

ထို့ကြောင့် အသည်းရောဂါသည် လူသားအားလုံးကို ခြိမ်းခြောက်နေသော ကြောက်ခမန်းလိလိ ရောဂါဆိုးကြီးဖြစ်နေပြီး ယင်းရောဂါမှ လွတ်ကင်းချမ်းသာစေရန် ဗဟုသုတအဖြစ် ရေးသားတင်ပြအပ်ပါသည်။

**စိန်မေရီလွင်မိုး**

❑



www.burmeseclassic.com

www.burmeseclassic.com

# မသိသူကျော်သွား သိသူဖော်စား

တက္ကသိုလ်စိုးယဉ်





အိမ်ခြံစည်းရိုးတွင် လည်းကောင်း၊ အိမ်ရှေ့တွင် လည်းကောင်း စိမ်းစိမ်းစိုစို အရွက်ဖားဖားနှင့် အပင်များကို တွေ့နေကြရပါ၏။ စိုက်ပျိုးပြုစုထားရခြင်းမရှိဘဲ အလွယ်တကူရှင်သန်ကြီးထွားသည့် အပင်မျိုးပါ။ ပေါပေါများများ တွေ့နေ မြင်နေရသဖြင့် တန်ဖိုးထားရမှန်းလည်း မသိကြပါ။

ထိုအပင်များကား တကယ်တော့ သဘာဝဆေးဖက်ဝင် အပင်များဖြစ်ပါ၏။ ငါးရန့်၊ ငါးခူ ငါးလေးများကို အရွက်နှင့်ဖက်ထုပ်ပြီး ငါးပေါင်းကြော် ကြော်စားလို့လည်း အလွန်ကောင်း၏။ ခံတွင်းလိုက်လှပါ၏။ ထမင်းမြိန်လှပါ၏။

စာရေးသူကတော့ လျှာခံတွင်း အလွန်တွေ့သော ငါးဖက်ထုပ်အကြော်တစ်မျိုး ဖြစ်ပါ၏။ စားဖူးသူတိုင်းလည်း သိကြပါလိမ့်မည်။ တခြားဖက်ထုပ်ကြော်၊ ဖက်ထုပ်ပေါင်းနှင့် မတူ တစ်မူထူးခြားသောအရသာကို တွေ့ကြပါလိမ့်မည်။ **"စားကြည့်ကြစမ်းပါဗျာ"**။

ထိုသို့ ပြောသဖြင့် ဖက်ထုပ်ပဲ ကောင်းသလားဟု မေးရန်ရှိပါ၏။ တကယ်ပါ၊ အရွက်ကို ပါးပါးလှီးပြီး၊ အသားအမျိုးမျိုးဖြင့် ကြော်စား၍လည်း ကောင်းလှပါ၏။ အိမ်ရှေ့က အပင်ကို ခူးပြီး အရွက်များကို ရေနွေးဖျောပြီး ငါးပိကြော် (သို့မဟုတ်) ငါးပိရည်နှင့် တို့စားပြန်တော့လည်း ထမင်းမြိန်ပါ၏။ အလွယ်တကူ တွေ့မြင်နေရတော့ အမှတ်တမဲ့နေကြသဖြင့် မစားဖြစ်ကြပါ။ **"စားကြည့်ကြစမ်းပါဗျာ"**။

ထိုသို့ပြောသဖြင့် ထိုအရွက်စိမ်းတွေကပဲ အသုံးဝင်တာလား၊ စားလို့ကောင်းတာလားဟု မေးစရာရှိပြန်ပါ၏။ မဟုတ်ပါ။ အသီးကလည်း အသီးနု၊ အသီးလတ်တို့ကို စားနှင့်လှီးပြီးအသားငါးတို့နှင့် ချက်ပြုတ်စားသောက်ပါလျှင်လည်း ကောင်းလှပါ၏။ ဟင်းကောင်းတစ်ခွက် ရပါ၏။ အသားချည်း ချက်၍ စားသည်ထက် ထိုအသီးနှင့် ရောချက်စားသည့် အရသာက တစ်မျိုးပါခင်ဗျာ။ အသီးစိမ်းစိမ်းလေးတွေ စင်းပြီး အသားနှင့် ရောချက်စားသည့် အရသာကလည်း ထမင်းမြိန်စေပါ၏။ မြိန်လှပါ၏။ **"စားကြည့်ကြစမ်းပါဗျာ"**။

ထို့ပြင် ရှေးလူကြီးများက ပြောသံကို ပြန်တွက်မိနေ ... ၏။ "ငါ့မြေးတို့ရေ- ရဲယိုသီးအမှည့်လေးများ ထန်းလျ... တွေ ထောင်းပြီး ဆားလေးခတ်၊ အဲဒီရဲယိုရည်လေး... သောက်ကြည့်စမ်းပါ၊ မွှေးမွှေးချိုချဉ်ကလေးနဲ့ သောက်... ကောင်းတယ်၊ နေပူက ပြန်ရောက်လို့ အဲဒီရဲယိုသီးမှည့် ... ရည်လေး သောက်လိုက်ရင် အမောကို ပြေသွားတာပဲ" ... အဘိုး၊ အဘွားများ ပြောသံကလည်း နားထဲမှာ ပြန်... ကြားယောင်လျက်ပါဗျာ။ **"သောက်ကြည့်ကြစမ်းဗျာ"**။

"အဖေပြောတဲ့ အမောပြေဆိုတာ သူ့မျက်နှာထေ... လို့ ...ချင်းဆိုတတ်ကြတယ်။ ဒါကတော့ဖြင့် "ရဲယိုဖျော်... ...း၊ သောက်တဲ့ အမောပြေ" ပါခင်ဗျာ၊ အမောပြေ... အမောပြေက စိတ်၏ တစ်ခဏလေး အမောပြေခြင်း... ရဲယိုဖျော်ရည်ကပြောတဲ့ အမောပြေကတော့ ရုပ်ပိုင်း... စေသည့် အမောပြေဆေးလေးတစ်မျိုးပါခင်ဗျာ။ ... လို့က ကောင်းသလောက် ရုပ်ခန္ဓာ၏လိုအပ်ချက်၊ ... လာသော အာဟာရ(အား)ကို ပြန်လည်ဖြည့်ဆည်း ... စေသည့် သဘာဝဆေးဖက်ဝင် အားဆေးတစ်မျိုးပါ... အားနည်းနေသူတွေ အားပြည့်လာစေဖို့ "သောက်... စမ်းပါဗျာ"။





www.burmeseclassic.com

www.burmeseclassic.com

ထိုမျှ မကပါ။ မိန်းကလေးများ ဓမ္မတာငုတ်နေလျှင်ပင် ထိုရဲယိုသီးမှည့်ဖျော်ရည်ကို အထက်ကဆိုခဲ့သည့်အတိုင်း ထန်းလျက်နှင့်ဖျော်၊ ဆားအသင့်အတင့်ခတ်ပြီး သောက်ပေးလျှင် ဓမ္မတာမှန်သည်ဟုလည်း ရှေးအဘွားကြီးများ ပြောသံကို ပြန်လည်ကြားယောင်မိပါ၏။

"ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီး"ဟုဆိုခဲ့ကြပါ၏။ ယောကျ်ားတို့မှာ ဆီး မကောင်းလျှင် ဒူလာရောဂါဖြစ်တတ်ကြောင်း၊ မိန်းမတို့မှာ ဓမ္မတာမီးယပ်မမှန်လျှင်လည်း မီးယပ်ရောဂါဖြစ်တတ်ကြောင်း၊ ရောဂါကြောင့် မီးယပ်ပိန်၊ မီးယပ်ခြောက်ဖြစ်တတ်ကြောင်း ပြောခဲ့ကြပါ၏။ ယောကျ်ားတွေ ဖျော်သောက်တော့ ဆီးကောင်းပြီး၊ မိန်းမတွေ ဖျော်သောက်တော့ မီးယပ်ရောဂါမှ ကင်းဝေးစေနိုင်ပါ၏။ သဘာဝ ဆေးဖက်ဝင် ရဲယိုဖျော်ရည် **"သောက်ကြည့်ကြစမ်းပါဗျာ"**။

မြန်မာတို့၏ ရှေးလူကြီးများ အသက်ရှည်၍ ကျန်းမာခဲ့ကြ၏။ ထိုသို့ကျန်းမာခဲ့ကြခြင်းမှာ ပြည်သူတွေ၏ ကျန်းမာရေးအတွက် သဘာဝဆေးဖက်ဝင် အော်ဂဲနစ် ရဲယိုဆေးကို စနစ်တကျ မှီဝဲသုံးဆောင်ခဲ့ကြသောကြောင့်လည်း ဖြစ်နိုင်ပါ၏။

ရှေးနှစ်ပေါင်းများစွာကတည်းက သုံးစွဲလာခဲ့ကြသော ရဲယိုဆေးမှာ မြန်မာသာမက ကမ္ဘာကပါ စိတ်ဝင်တစားစားသုံးမှီဝဲလာနေပြီ ဖြစ်ကြောင်းကိုလည်း **ဆရာကြီးရွှေနဂါးတင်ဝင်း** (ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆု၊ စာပေဗိမာန်ဆုများနှင့် ပခုက္ကူဦးအုံးဖေစာပေဆုများရှင်) ထံမှလည်း သိရှိခဲ့ရပါသည်။

ယခုအခါ ကမ္ဘာအနှံ့ သန်းပေါင်းများစွာသောသူတို့သည် ရဲယိုကို သုံးစွဲနေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အချို့သုံးစွဲလာနေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာတို့၏ ရှေးဘိုးဘွားများ လက်ထက်ကပင် တန်ဖိုးထားသုံးစွဲလာခဲ့ကြသော ရဲယိုသည် ကမ္ဘာပေါ်တွင် ပေါ်ပြူလာဖြစ်လာပြီဖြစ်ကြောင်း၊ ရှေးဟောင်း ရဲယို အကျိုးပေးထက်မြက်သော ဆေးစွမ်းကောင်းဖြစ်သော ရဲယိုကို မြန်မာတို့က ရှေးကပင် သိရှိနားလည် သုံးစွဲခဲ့ကြကြောင်း သိခဲ့ရပါသည်။

ပခုက္ကူဦးအုံးဖေစာပေဆုရ စိုးမြင့်ဒွက်း (အာယုဗ္ဗေဒ-ဝုဏ်ထူး) ၏ ရဲယိုဩဂဲနစ်သီးနှံ စိုက်ပျိုးရေးနှင့် အံ့ဖွယ်အာနိသင်များစာအုပ်တွင် -

(၁) ရဲယို(Noni)၏ စွမ်းပကားသည် အသီးနုကို အာလူးကဲ့သို့ချက်ပြုတ်ခြင်း၊ အရွက်ကိုကြော်စားခြင်း၊ အသုပ်သုပ်စားခြင်း၊ ဟင်းချိုအဖြစ်လည်းကောင်း၊ အနှစ်ကို သားငါးဖြင့် ချက်ပြုတ်ခြင်းဖြင့်လည်းကောင်း ဆေးဝါးသုံးစွဲသကဲ့သို့ အာဟာရအဖြစ် စားသုံးနိုင်ကြောင်း၊

(၂) လေငန်းကင်ဆာ စသည့် ရောဂါပေါင်းများစွာ တို့ကို ကြိုတင်ကာကွယ်နိုင်ကြောင်း၊

(၃) အသားအရေ စိုပြည်လှပစေပြီး အရွယ်တင်နုပျိုစေကြောင်း၊

(၄) စိတ်နှင့်ခန္ဓာကိုယ် ပေါ့ပါးလန်းဆန်းစေပြီး နှစ်ခြိုက်စွာ အိပ်ပျော်ကြောင်း၊

(၅) အာဟာရဓာတ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ရောဂါပေါင်းများစွာတို့တွင် ကာကွယ်ဆေးနှင့် ကုသဆေးတို့အဖြစ် သုံးစွဲနိုင်ကြောင်း၊

(၆) သဘာဝအလျောက် ခုခံအားကို ပြန်လည်ဖွံ့ဖြိုးစေကြောင်း၊

(၇) အိမ်ထောင်ရေးသုခကို ပြည့်ဝစွာရရှိစေကြောင်း၊

(၈) ရဲယိုနှင့်ပတ်သက်၍ ဆေးနည်းပေါင်း (၁၀၀) ကျော် အသုံးပြုနိုင်ကြောင်း စသည်ဖြင့် ပါရှိခဲ့လေသည်။

**ဝမ်းမြောက်စွာ ကြိုဆိုရသည်မှာ** ယခုအခါတွင် ထိုရဲယိုဖျော်ရည်ကို မိမိတို့ဘာသာ အပင်ပန်းခံပြီး ဖျော်ရန် မလိုတော့ပါ။ ဆရာကြီးရွှေနဂါးတင်ဝင်း၏ ရဲယိုစားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်း၌ "အရန်သင့်သောက်သုံးနိုင်ရန်" ရဲယိုဖျော်ရည်ပုလင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

သို့ဖြစ်ပေရာ အထက်ပါ ရဲယို (Noni)၏ ထက်မြက်သော အကျိုးတရားများ ရရှိခံစားလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ဝယ်ယူ သုံးစွဲနိုင်ကြပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

* ရွှေမြန်မာသဘာဝဆေးဖက်ဝင်
ရဲယိုစားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်း
၂၈၁(က)၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊
ဟိုတယ်ရွှေဂုံတိုင်တန်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-09-5091628, 0936076409

**ဆုတောင်းမေတ္တာ**

ရှေးအဝလီတော ဘိုးဘွားစဉ်ဆက် အစဉ်တစိုက် သုံးစွဲခဲ့ကြသော ရဲယိုဆေးဖြင့် ကျန်းမာသက်ရှည် ရွှင်လန်းချမ်းမြေ့ကြပါစေသော် -----

**တက္ကသိုလ်စိုးယဉ်**

❑





www.burmeseclassic.com

www.burmeseclassic.com

# အွန်လိုင်းပေါ်မှ ဆေးသေတ္တာ

ဟေမန်နှင်း





## ဆေးဖက်ဝင်တဲ့ ပြောင်းဖူး

ဆန်၊ ဂျုံ၊ မုယောတို့ပြီးရင် ပြောင်းဟာ ကမ္ဘာတစ်ဝန်းလုံးက သိကြတဲ့ အဓိက အစားအစာ ဖြစ်ပါတယ်။ ပြောင်းမှာ carbohydrate ဓာတ်များ၊ အစာချေ ဖိုက်ဘာဓာတ်များ မြင့်မားစွာ ပါဝင်ပြီး အသားဓာတ်နဲ့ အဆီဓာတ်များ လျော့နည်းပါတယ်။ ပြောင်းဖူးမှာ လတ်ဆတ်လေလေ ကျန်းမာရေးအတွက် ပိုကောင်းလေပါပဲ။

၁။ လတ်လတ်ဆတ်ဆတ် ပြောင်းဖူးတစ်ဖူးကို ပြုတ်ပြီး ရလာတဲ့ ပြောင်းဖူးရည် တစ်ဖန်ခွက်စာကို ပျားရည် တစ်ဇွန်းရောပြီး ပြောင်းဖူးပြုတ်ဖြင့် တွဲဖက် စားသောက်ပါ။ ဒီနည်းက ကျောက်ကပ်များကို ကောင်းမွန်စေပြီး ဆီးလမ်းကြောင်းကို ပုံမှန်လုပ်ဆောင်စေပါတယ်။ ကျောက်ကပ် ကျောက်တည်ခြင်းကိုလည်း တားဆီးပေးပါတယ်။ တစ်ခု သတိထားရမှာက ပြောင်းဖူးပြုတ်တဲ့အခါ ဆားလုံးဝမထည့်မိဖို့ပါပဲ။

၂။ ရေနွေးတစ်ဖန်ခွက်ထဲသို့ ပျားရည်၊ ပြောင်းဖူးစေ့များ၊ ပြောင်းဖူးမွေးများရောပြီး လက်ဖက်ခြောက်ကဲ့သို့ ခတ်သောက်ပါ။ တစ်နေ့လျှင် သုံးကြိမ်သောက်သုံးခြင်းဖြင့် ကလေးများအတွက် အိပ်ရာထဲဆီးသွားခြင်း ဝေဒနာကို သက်သာစေပါတယ်။ ဒါ့အပြင် မူးမော်အော့အန်ခြင်းများကိုလည်း သက်သာစေပါတယ်။

၃။ လတ်ဆတ်တဲ့ ပြောင်းဖူးကို စားပေးပါက သွားကိုပါ သန့်ရှင်းပြီးသား ဖြစ်တာကြောင့် သွားပြဿနာများကိုလည်း အထိုက်အလျောက် လျှော့ချပေးနိုင်ပါတယ်။

၄။ ပြောင်းဖူးက အားအင်ကုန်ခန်းနေတဲ့ ကြွက်သားနဲ့ အရိုးများကို အာဟာရပြု အားဖြည့်ပေးပါတယ်။ ထို့ကြောင့် အကြီးအကျယ် နေမကောင်းဖြစ်ပြီး နာလန်ပြန်ထစ လူနာများအတွက် အားရှိအောင် ပြောင်းဖူးဟင်းလျာကို စားသုံးသင့်ပါတယ်။

၅။ တခြား ကောက်ပဲသီးနှံစာများနဲ့ မတူဘဲ ပြောင်းဖူးမှာ အူသိမ်ရောင်ရမ်းခြင်းကို ဖြစ်ပေါ်စေတတ်တဲ့ Jh Gluten ဓာတ် မပါဝင်ပါ။ ဒါကြောင့်လည်း ပြောင်းဖူးကို အစာချေဖျက်မှု မမှန်ခြင်း၊ အူမကြီးဆိုင်ရာ ဝေဒနာများ၊ လည်ဖင်းအကျိတ်ဝေဒနာများကို သက်သာစေဖို့ ညွှန်းကြပါတယ်။

၆။ ပြောင်းဖူး မှန်မှန်စားပေးတဲ့သူဟာ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ သွေးတိုးခြင်း စတာတွေ ဖြစ်နိုင်ချေနည်းပါးပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ပြောင်းဖူးက ကိုလက်စထရောဓာတ် မြင့်မားမှုကို လျှော့ချပေးနိုင်လို့ပဲ ဖြစ်ပါတယ်။

၇။ ပြောင်းဖူးမှုန့် နှစ်ဇွန်းခန့်ကို ရေအေးဖန်ခွက် တစ်ဝက်ထဲသို့ ထည့်ဖျော်သောက်ပါက ဝမ်းလျှောခြင်းနှင့် မိန်းမများတွင် ကလေးမွေးပြီး သွေးအလွန်အကျွံဆင်းခြင်းတို့ကို သက်သာစေပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (ဧပြီလ၊ ၂၀၁




www.burmeseclassic.com

www.burmeseclassic.com

၈။ ပြောင်းဖူးဆီက အကောင်းဆုံး ဟင်းချက်ဆီများတွင် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ၎င်းက ကိုလက်စထရော လျှော့ချပေးပါတယ်။

၉။ ပြောင်းဖူးမှုန့်ကို ဆားအနည်းငယ်ရောပြီး ရောင်ရမ်းနေသော နေရာများ၊ ဒဏ်ရာများနှင့် ဆီးအိတ်နာကျင်နေလျှင် ကြပ်ထုပ်ထိုးပေးပါ။

◆





## ဇော်ဂျီတောင်ဝှေးပင် ဆေးဖက်ဝင်

စစ်ပြီးခေတ်က နာမည်ကျော်ကြားခဲ့သော စာရေးဆရာကြီး မှဝံသည် ပန်းနာရင်ကျပ်ရောဂါကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသူဖြစ်သည်။ ဆေးမျိုးစုံခဲ့သည်။ သူအသက် (၆၀) ကျော်ရောက်မှ ဇော်ဂျီတောင်ဝှေး ခေါ် ဘုရားပန်းထိုးလျှင် ပန်းအိုးထဲတွင် အမြစ်များ တွယ်လာတတ်သည့် အပင်ကို အရွက်ရော အရိုးပါ ပဥ္စင်းပါး ပြုတ်သောက်ခဲ့ရာမှ နှစ်ပေါင်းများစွာ ခံစားလာရသည် ပန်းနာရင်ကျပ်ရောဂါ ပျောက်ကင်းခဲ့သည်။ ဆရာကြီးကိုယ်တိုင် ရေးသော 'ပန်းနာ' အမည်ရှိ စာအုပ်တွင် ဇော်ဂျီတောင်ဝှေးပင်ကို ပဥ္စင်းပါး ဒိုဘာလာသကြား ခေါ် မှန်ရောင်သကြားခဲကို ပရဆေးဆိုင်များမှ ဝယ်ယူပြီး ရောပြုတ်သောက်ခဲ့ရာ ပန်းနာထချိန် သိသိသာသာ ခြားလာခဲ့ပြီး နောက်ဆုံးတွင် အမြစ်ပြတ်ပျောက်ကင်းခဲ့ကြောင်း စာတစ်အုပ်ဖြစ်အောင် ရေးသားထားသည်ကို တွေ့ရသည်။ စာရေးဆရာကြီး မှဝံ၏ ဇော်ဂျီမှတောင်ဝှေးပင် အကြောင်း ရေးသားထားသည့် 'ပန်းနာ' စာအုပ်မှာ ယခုအခါ ရှားပါးသွားပြီ ဖြစ်သည်။

ဆရာကြီးသည် အသက်(၆၀)ကျော်တွင် ပန်းနာရောဂါ ပျောက်ကင်းသွားပြီးနောက် ဇော်ဂျီတောင်ဝှေးပင် ပြုတ်ရည်ကို ရေနွေးကြမ်းသောက်သကဲ့သို့ မပြတ်ဆက်လက် သောက်ခဲ့ရာ မိမိကျန်းမာရေး တိုးတက်ကောင်းမွန်ပြီး အသက် (၇၀)ကျော်အရွယ်ကထက်ပင် စားကောင်း အိပ်ပျော် ကျန်းမာလာကြောင်း ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ဇော်ဂျီတောင်ဝှေးပင်၏ ဆေးဖက်ဝင် အစွမ်းထက်မှုများကို ကိုယ်တွေ့ ပျောက်ကင်းသူက တင်ပြထားသဖြင့်





www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးဆရာကြီးများကပါ အာရုံစိုက် လေ့လာခဲ့ကြရပါသည်။

ဇော်ဂျီတောင်ဝှေးပင်သည် ပန်းခြံများ၊ ဘုန်းကြီးကျောင်းများ၊ အချို့နေအိမ်များတွင် အလှစိုက်လေ့ရှိသော အပင်မျိုးဖြစ်သည်။ ရိုးတံမှာ အဆစ်များဖြင့် ထီးရိုးကဲ့သို့ ဖြောင့်တန်းလျက်ရှိပြီး ထိပ်တွင် အနီရောင်မှာ အစိမ်းရောင် အနားကွပ်ပါသော အရွက်များဖြင့် လှပတစ်ရပ်ခန့်မြင့်သော အပင်မျိုးဖြစ်သည်။ လှပသဖြင့် အရိုးမချိုးပြီး ဘုရားပန်းအိုးထိုးသည်။ ထိုချိုးဖြတ်သောနေရာ အောက်နားမှ အရွက်များ ပြန်ထွက်လာသဖြင့် သေခဲသောအပင်မျိုးဖြစ်သည်။ ဘုရားအိုးအတွင်းရှိ အရိုးတံ၏ ရေတွင်မြုပ်နေသော အပိုင်းကလည်း ကြာလျှင် အမြစ်များ ထွက်လာလေ့ရှိသည်။

အေးချမ်းသော ဆောင်းရာသီတွင် အပင်ထိပ်များမှ ပွင့်တံထွက်၍ အနီရောင်အပွင့်လေးများ ပွင့်လေ့ရှိသည်။ အပွင့်သည် သဇင်ပန်းကဲ့သို့ ရက်ကြာရှည်ခံသည်။ အပွင့်ကို ဆေးဖက်ဝင်အသုံးပြုပုံကို ဆေးကျမ်းများတွင် မတွေ့ရသော်လည်း အရွက်၊ ပင်စည်၊ အမြစ် ပဉ္စငါးပါးလုံး ဆေးဖက်ဝင်သည်။

ဇော်ဂျီတောင်ဝှေးပင်၏ အရသာနှင့် အကျိုးမှာ ဖန်၏၊ အေး၏၊ သည်းခြေဒေါသအပူကို ငြိမ်းစေနိုင်၏၊ သွေး အန်၊ သွေးကျ၊ သွေးသွန်နာတို့ကို ပျောက်ကင်းစေနိုင်၏။ အထူးသဖြင့် အဆုတ်တွင် အပူငုပ်လျှိုး၍ဖြစ်သော ရောဂါ၊ ပန်းနာရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။ ရင်ဘတ်နာကိုလည်း ပျောက်ကင်းစေနိုင်သည်ဟု ဆေးကျမ်းများတွင် တွေ့ရသည်။

**ဆေးဖက်ဝင် အသုံးပြုပုံများ**

* ဇော်ဂျီတောင်ဝှေးပင်၏ အရွက်အစိုကို ပါးပါးညှပ်ခြောက်အောင်နေလှန်းပြီး လက်ဖက်ခြောက်ကဲ့သို့ နွေးစဉ်သောက်ပေးလျှင် အဆုတ်ပွ၊ ချောင်းဆိုးရောဂါကို သက်သာစေနိုင်သည်။
* အရွက်နုကို ကတ်ကြေးဖြင့် ပါးပါးညှပ်ပြီး ကြက်သွန်နီကြော်၊ မြေပဲဆန်တို့ဖြင့် အသုပ်ပြုလုပ်စားပါက ဝမ်းကိုက်၊ သွေးဝမ်းကိုက်ရောဂါများကို သက်သာစေသည်။
* အရွက်နှင့် ပင်စည်အရိုးများကို ပြုတ်သောက်ပါက အဆုတ်ရောင်၊ အသည်းရောင်ရောဂါနှင့် ကျောက်ကပ် ရောင်ခြင်းများကို သက်သာစေနိုင်သည်။
* အရွက်ကို နွားနို့နှင့်ပြုတ်သောက်ပါက ရင်ဘတ်နာရောဂါ၊ အိပ်မပျော်သောရောဂါများကို ပျောက်ကင်းသက်သာစေနိုင်သည်။
* အရွက်ကို ထန်းလျက်နှင့်ကျိုသောက်လျှင် အူရောင်ရောဂါ၊ အသည်းရောင်ရောဂါများ သက်သာစေနိုင်သည်။ သကြားနှင့် ကျိုသောက်လျှင် ဝမ်းမှန်စေနိုင်သည်။
* အရွက်နှင့် အရိုးများကို မှန်ရောင်သကြားခဲ ခေါ်ဒိုဘာလာသကြားနှင့် သိန္ဓောဆား အနည်းငယ်ထည့်ကျို၍ မတ်ခွက်တစ်ခွက်ခန့် သောက်ပါက ရင်ကျပ်အမောဝေဒနာကို သက်သာစေနိုင်သည်။
* နွားအနည်း၍ မီးယပ်မပေါ်လျှင်—မီးယပ်ပိန်၊ မီးယပ်ခြောက်ရောဂါဖြစ်လျှင် တစ်ပင်လုံး ပဉ္စငါးပါးကို သကြားဖြင့် ကျိုသောက်လျှင် မီးယပ်သွေးမှန်၍ ကျန်းမာဝဖြိုးစေနိုင်သည်။ တစ်လခန့်စွဲ၍ သောက်ရန်လိုသည်။ အဆုတ်နာရောဂါဖြစ်လျှင် အပင်ပဉ္စငါးပါးနှင့် ကန်စွန်းရွက်ပြုတ်ရည်တွင် သကြား သို့မဟုတ် ပျားရည်ရောစပ်၍ သောက်ပေးပါ။
* အမျိုးသမီးများ သွေးဆုံးချိန်တွင် နေမကောင်းဖြစ်လျှင် အဆစ်အမြစ်များ ကိုက်ခဲလျှင် ဇော်ဂျီတောင်ဝှေးပင် တစ်ပင်လုံး ပဉ္စငါးပါးကိုကြိတ်၍ သတ္တုရည်ကို ချင်းနှင့်ထန်းလျက် ပြုတ်ရည်နှင့်အတူစပ်ပြီး နေ့စဉ်အကြမ်းပန်းကန်တစ်လုံးစာမျှ မှန်မှန်သောက်ပေးလျှင် သွေးဆုံးကိုင်ဝေဒနာမှ သက်သာစေနိုင်သည်။
* အမြစ်ကိုသွေး၍ ရှူပေးလျှင် ထိပ်ကပ်နာ၊ နှာခေါင်းသွေးလျှံနာ၊ သွေးယိုစီးသောရောဂါများ သက်သာစေနိုင်သည်။
* ဗျာတွင် အနာ၊ အချိုင့်၊ အခွက်များဖြစ်လျှင် အမြစ်ကို ဆားအနည်းငယ်ရောသွေး၍ လိမ်းပေးလျှင် သက်သာစေနိုင်သည်။

အမြစ်ခြောက်ကို အမှုန့်ထောင်းပြီး ဝဲစို၊ ဝဲခြောက်၊ ယားနာများကို အုန်းဆီဖြင့် ဖျော်စပ် လိမ်းပေးလျှင် သက်သာ ပျောက်ကင်းစေကြောင်း ကျန်းမာရေး အကျိုးငှာ ရေးသားဖော်ပြအပ်ပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



ကိုက်လန် (ဟင်းရွက်တို့ရဲ့ ဘုရင်မ)

ကိုက်လန်ကို အစိမ်းရောင် ဟင်းရွက်တို့ရဲ့ ဘုရင်မလို့ တင်စားတတ်ကြသလို အာဟာရစုပေါင်းရာ အိမ်တစ်လုံးလို့လည်း ခေါ်ဆိုတတ်ကြပါတယ်။ သင်စားတဲ့အစားအသောက်ထဲကို ကိုက်လန်ထည့်စားပေးမယ်ဆိုရင် အောက်ပါ အကျိုးကျေးဇူး (၁၀)မျိုးကို ရရှိပါလိမ့်မယ်။

၁။ အစာခြေလမ်းကြောင်းစနစ်ကို ကျန်းမာစေပါတယ်။ ကိုက်လန်မှာ ကယ်လိုရီပါဝင်မှု နည်းပါးပြီး အဆီဓာတ်လည်း လုံးဝမပါပါဘူး။ အမျှင်ဓာတ်များစွာပါဝင်ပါတယ်။ ကိုက်လန်တစ်ခွက်မှာ ၃၆ ကယ်လိုရီနဲ့ အမျှင်ဓာတ် ၅ ဂရမ်တို့ ပါဝင်ပါတယ်။

၂။ အထွေထွေ ကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ကိုက်လန်မှာ သံဓာတ်များစွာပါဝင်ပါတယ်။ ကယ်လိုရီတူတဲ့ ကိုက်လန်နဲ့ အမဲသားတို့ကို နှိုင်းယှဉ်ကြည့်ရာ ကိုက်လန်မှာ သံဓာတ်ပိုမိုပါဝင်တာကို တွေ့ရပါတယ်။ သံဓာတ်ဟာ ဟေမိုဂလိုဘင်နဲ့ အင်ဇိုင်း ဖြစ်ပေါ်စေတာ၊ ခန္ဓာကိုယ် အစိတ်အပိုင်း အသီးသီးကို အောက်ဆီဂျင်ပို့ပေးတာ၊ဆဲလ်ကြီးထွားတာ၊ အသည်းရဲ့ လုပ်ငန်းဆောင်တာကို ကောင်းမွန်စေတာ စတဲ့ အာနိသင်တွေ ရရှိစေပြီး အထွေထွေ ကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

၃။ ဗီတာမင်ကေ များစွာပါဝင်ပါတယ်။ ကိုက်လန်မှာ များစွာပါဝင်တဲ့ ဗီတာမင်ကေဟာ ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်ပါတယ်။ အရိုးကျန်းမာရေး ကောင်းစေတဲ့အပြင် သွေးခဲတာမျိုးမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။ အယ်လ်ဇိုင်းမားရောဂါ ခံစားနေရသူတွေကို သက်သာအောင် ဗီတာမင်ကေနဲ့ ကုသနိုင်ပါတယ်။

၄။ ကင်ဆာအမျိုးမျိုးကို ကာကွယ်ပေးပါတယ်။ ကိုက်လန်မှာ ကာရိုတီးနွိုက်နဲ့ ဖလေဗိုးနွိုက်တို့လို အင်တီအောက်ဆီးဒင့်များစွာ ပါဝင်ပါတယ်။ အဲဒီ အင်တီအောက်ဆီးဒင့်တွေက ကင်ဆာရောဂါအမျိုးမျိုးကို မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

၅။ ရောင်ရမ်းမှုကို လျော့ကျစေပါတယ်။ ကိုက်လန်ဟာ ရောင်ရမ်းမှုလျော့ကျစေတဲ့ အစာတစ်မျိုးပါ။ ကိုက်လန် တစ်ခွက်စာ ပမာဏမှာ တစ်နေ့တာ မှီဝဲသင့်တဲ့ အိုမီဂါ ၃ ဖက်တီးအက်စစ်ပမာဏ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်တာကြောင့် ရိုးဆစ်ရောင်ရမ်းနာ၊ ပန်းနာရင်ကျပ်ရောဂါနဲ့ Autoimmune Disorder တို့ကို တွန်းလှန်ပေးနိုင်စွမ်း ရှိပါတယ်။

၆။ နှလုံးသွေးကြောကို ကျန်းမာစေပါတယ်။ ကိုက်လန်မှာ နှလုံးသွေးကြောစနစ်ကို ကျန်းမာစေတဲ့ အစွမ်းရှိပါတယ်။ များများစားပေးရင် သွေးတွင်းက မကောင်းတဲ့ ကိုလက်စထရောကို လျော့ကျစေနိုင်ပါတယ်။

၇။ အမြင်အာရုံကို ကောင်းမွန်စေပါတယ်။ ကိုက်လန်မှာ ဗီတာမင်အေ များစွာပါဝင်တာကြောင့် အမြင်အာရုံကို ကောင်းမွန်စေတဲ့အပြင် အဆုတ်နဲ့ ခံတွင်းကင်ဆာတို့ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။

၈။ ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်စေပါတယ်။ ကိုက်လန်မှာ ဗီတာမင်စီ ပမာဏများစွာ ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားစနစ်၊ ဇီဝရုပ်ဖြစ်ပျက်မှုနဲ့ ရေဓာတ်ပြည့်ဝမှုတို့ကို အားပေးထောက်ပံ့နိုင်စွမ်း ရှိပါတယ်။

၉။ အရိုး၊ အဆစ် ကျန်းမာစေပါတယ်။ ကိုက်လန်မှာ ကယ်လ်စီယမ် ပမာဏများစွာ ပါဝင်ပါတယ်။ ကယ်လိုရီ ပမာဏတူတဲ့ နွားနို့နဲ့ယှဉ်ရင် ကိုက်လန်မှာ ကယ်လ်စီယမ် ပိုမိုပါဝင်တာကြောင့် အရိုးထုထည် ဆုံးရှုံးမှု မဖြစ်အောင်နဲ့ အရိုးပါးရောဂါ မဖြစ်အောင် ကာကွယ်ပေးနိုင်စွမ်း ရှိပါတယ်။ ဒါ့အပြင် ကိုက်လန်မှာပါတဲ့ ဗီတာမင်စီဟာ အရိုးနုနဲ့အဆစ်တွေ သန်စွမ်းပျော့ပျောင်းအောင် ကူညီနိုင်ပါတယ်။


၁၀။ ကိုယ်တွင်းအဆိပ်တွေကို ကင်းစင်စေပါတယ်။ ကိုက်လန်ကို အဆိပ်ဖယ်ရှားပေးနိုင်တဲ့ အစာလို့ တင်စား


www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဝေါ်ကြပါတယ်။ ကိုက်လန်မှာ အမျှင်ဓာတ်နဲ့ ဆာလဖာတို့ အပြည့်အဝ ပါဝင်နေတာကြောင့် ကိုယ်ခန္ဓာတွင်းရှိ အဆိပ်တွေကို ကင်းစင်စေပြီး အသည်းကို ကျန်းမာစေပါတယ်။

◆



## မြင်းခွာရွက် အာနိသင်

မြင်းခွာရွက် အမျိုးမျိုးရှိပါသည်။ မြင်းခွာရွက်ရိုးရိုး၊ အညာမြင်းခွာ၊ ကုလားမြင်းခွာ၊ ဆေးမြင်းခွာ ဟူ၍ ဖြစ်ပါသည်။ မြင်းခွာရွက်မှာ တကယ့်မြင်းခွာပုံသဏ္ဍာန်နှင့် တူပါသည်။

မြင်းမြင်းခွာကတော့ တို့စရာဆို၍လည်းကောင်း၊ ဟင်းခါးဟူ၍လည်းကောင်း မြန်မာများ အသွင်နှစ်သက်ပါတယ်။ သုပ်စား၊ ပြုတ်စား၊ အရည်သောက် အစိမ်းတို့စားကြ၏။ အရသာ ခပ်ရှားရှား ခပ်ရှရှ ချို၊ အေး၊ နှုတ်မြိန်၊ အစာကြေစေ၊ ဝမ်းဗိုက်ကိုခြောက်၊ အိပ်ပျော်စားဝင်၊ ဓာတ်လေးပါးမှန်၊ အသိဉာဏ်တိုးပွား၊ ဆီးရွှင်၊ အပူငြိမ်း၊ အအေးကိုပြယ်၊ ရေငတ်ပျောက်၊ သလိပ်ပယ်၊ အသက်ကိုရှည်စေ ဟူ၍ မြန်မာ့ဆေးကျမ်း၊ အိန္ဒိယဆေးကျမ်းများက ဆို၏။

မြင်းခွာသည် အေးမြသောမြေမှာ ပေါက်သောမျိုးဖြစ်၏။ အယဉ်နှင့်အရိုင်း နှစ်မျိုးရှိပါသည်။ အယဉ်မှာ အမွှေးမရှိ။ အရိုင်းမှာ အမွှေးပါ၏။ အရိုင်းမှာ အညာဒေသ တောထဲမှာ ပေါက်၏။ အယဉ်က ယခု စားစရာဖြစ်နေ၏။

အကျိုးက ဆီးများ၊ လေသက်၊ ဝမ်းမှန်စေ၏။ ပျောက်ကင်းနိုင်သည့် ရောဂါများ ခေါင်းကိုက်၊ အဖျားအမျိုးမျိုး ကြို့ထိုး၊ သွေးရောဂါအမျိုးမျိုး၊ သည်းခြေပျက်၊ အဖျဉ်းကြီး အဆုတ်ပွန်ရောင်၊ ပန်းနာရင်ကျပ်၊ ကိုယ်ရေဝါ၊ အရေပြားရောဂါအမျိုးမျိုး၊ ကျောက်၊ ဝက်သက်၊ ယားနာ၊ အဖုအပိမ့်နူနာ၊ ခရုသင်း၊ အနာပေါက်၊ ခြေလက်အကြောပြတ် ဖော်ပြပါ ရောဂါတွေ ပျောက်အောင် မြင်းခွာရွက်ကို ရေနှင့်စင်အောင် ဆေးပါ။ နေရိပ်မှာ အခြောက်ခံ၊ နေပူလှန်းရင် အာနိသင်ပျက်တတ်၏။ ခြောက်ရင် သစ်သားဆုံ၊ ကျောက်ဆုံ မြေဆုံတစ်ခုခုနှင့် ထောင်းပါ။ သံဆုံနှင့် မထောင်းရပါ။ ပေါင်ဒါ အသားကျအောင် ထောင်းပါ။

ဆေးအဖြစ် သုံးတဲ့အခါ -

(၁) မြင်းခွာရွက်မှုန့် ၁၀ ကျပ်သား

(၂) ငရုတ်ကောင်းမှုန့် ၂ ကျပ်သား

(၃) ပျားရည် ၁၂ ကျပ်သား

ဤဆေးသုံးမျိုးကို အစေးပေါက်အောင်နယ်၊ နေလှန်း ပျားရည်ခန်းအောင် အခြောက်လှန်း၊ ဆီးကင်းလောက်လုံး ဖန်ဘူးထဲထည့်ပါ။ နံနက် နေ့လယ် ည တစ်လုံးစီစားပါ။ ပိုစားနိုင်လေ ကောင်းလေ ဘေးမဖြစ်ပါ။ ရောဂါကြီးက တစ်လ၊ နှစ်လ စား၊ ရောဂါငယ်လျှင် လဝက်၊ တစ်လ စားပါ။ ကိုယ်ရေအသား ကောင်းမယ်။ ရောဂါမရှိလည်း စားပါ ရောဂါဘယ ကင်းဝေးမယ်။

မျက်စိနာလျှင် မြင်းခွာရွက်ကို ချင်းရည်နဲ့ ဖျော် သောက်ပါ။ ဝက်ခြံဖြစ်လျှင် မြင်းခွာရွက် လူးပါ။ မြွေကိုက် သွေး မြင်းခွာရွက်ကို သောက်၊ မြွေကိုက်နာကို လူးပါ။ အနာ ပေါက်သော် အရွက်ကို ချင်းရည်နှင့် မီးနွေးနွေးဖြင့်ချက်ပြီး လိမ်းပါ။ သောက်လည်း သောက်ပါ။ ချိုင်းအောက်နာ (ကိန္နရာအနာ) ဖြစ်လျှင် အရွက်ကို ချင်းစိမ်း၊ နှမ်းဆီ ထည့်ကြိတ်ပြီး အနာမှာ အုံပေးပါ။

ငှက်ဖျားဖြစ်လျှင် အရွက်ရည်ကို ငရုတ်ကောင်းနှင့် အမျှစီ ကြိတ်သောက်ပါ။ ဥဒ် ပါးဆေး မြင်းခွာရွက် လေးကျပ် သား၊ ငရုတ်ကောင်း နှစ်ကျပ်သား ရေနွေးနှင့် ညဉ့် နံနက် သောက်ပေးပါ။ ဒူလာ၊ ညောင်းညာကိုက်ခဲ၊ ခြေလက်ေ





www.burmeseclassic.com

www.burmeseclassic.com

မြင်းခွာရွက်ကို ဆီးဖြူခေါက်နှင့်ရော၊ ဆားအနည်းငယ်ထည့်၊ အိုးသစ်နှင့် သုံးခွက်တစ်ခွက်တင် ကျိုပြီးသောက်ပါ။

မျက်စိနာလျှင် အရွက်ကို ကင်ပွန်းရွက်နှင့် ပြုတ်ပြီး ရေချိုးပါ။ ခြေလက် အကြောမျက်လျှင် မြင်းခွာရွက်ပြုတ်၊ အကျွမ်းဖုတ်၊ ပြာကို လက်ဖြတ်ရာ ခြေပြတ်ရာကို ဖြူးပေး၊ တြပ်စည်းထား၊ အကြောအရိုး မကြာမီ ဆက်သွားပါမယ်။ မြန်မာ့ဆေးကျမ်းများ၊ သမားတော်များ အဆိုအမိန့်အရ မြင်းခွာရွက် အသက်ရှည်ဆေးကြီးမှာ မြင်းခွာရွက် လေးကျပ်သား၊ ငရုတ်ကောင်း တစ်ကျပ်သား၊ အမှုန့်ပြုကာ ပျားရည်နှင့်နယ်ပြီး နံနက်၊ ညဥ့် စားပါ။

အဆိပ်အတောက် စားမိလျှင်၊ မိန်းမတို့ ရာသီမမှန်လျှင်၊ မောဟိုက်ပန်း၊ ဝမ်းကိုက်၊ ပိတ်ဖြူ ပိတ်ဖြူ ကာလဝမ်းကျခဲ့ရင် မြင်းခွာရွက်နှင့်ပိတ်ချင်းသီး အမျှစီထောင်းပြီး ရေနွေးနှင့်သောက်ပါ။ မြင်းခွာရွက်၊ ဖန်ခါးသီးခြောက်၊ မန်ကျည်းမှည့်နှစ် စသည့်ဆေးသုံးပါး ကြိတ်ပြီး စားပေးပါ။

မျက်စိနာလျှင် မြင်းခွာရွက်ကို ချင်းရည်နှင့်ဖျော်ပြီး လျှောက်ပေးပါ။ မီးယပ်မမှန်လျှင် မြင်းခွာရွက်၊ ပိတ်ချင်းသီး အမျှစီယူ ရေနွေးနဲ့သောက်။ ဆီးနည်း၊ ဆီးကျင်၊ ဆီးအောင့်လျှင် အရည်ကို သကြားနဲ့သောက်။ အသက်ရှည်ဆေးအဖြစ် သုံးခဲ့လျှင် မြင်းခွာရွက် ပဥ္စငါးပါး နုတ်နုတ်စင်းဖြတ် နေလှန်းကာ အမှုန့်ပြု ဖန်ဘူးထဲထည့် လေလုံပါစေ။ သုံးရွေးမှ ငါးရွေးသားအထိ ပျားသကာနဲ့ ရက်ရှည်လများ တစ်နေ့ သုံးကြိမ်သောက်ပေးပါ။

အနာမရင်း အသားနုတက်စေရန် မြင်းခွာရွက်ကြိတ်အုံ နုရင်ပျောက်၊ ရင့်ရင်ပေါက်၊ အမာရွတ်မကျန်အောင် မြင်းခွာရွက်ရည်ကို လိမ်းကျံပေးပါ။ တစ်ကိုယ်လုံး ယားယံလျှင် မြင်းခွာရွက်ကို ရေနှင့်ပြုတ်ပြီး ရေချိုးပါ။ သုံးရက်ဆက်တိုက် ချိုးပေးပါ။ ကလေးများ ဝမ်းကိုက်၊ ဗိုက်နာပါက မြင်းခွာရွက် သုံးလေးရွက်ကို သကြားမှုန့်၊ စမုန်နက်ရောပြီး ကျွေးပေးပါ။ ကြိတ်ဖတ်အကျန်ကို အုံပြီး ပတ်တီးစည်းထားပါ။ ...ည့်အ စကားထစ်ပါက မြင်းခွာရွက် ကျွေးပါ။ မေ့လွယ်သူကို မြင်းခွာ ရွက်မှုန့်ကို နွားနို့နှင့် တိုက်ကျွေးပါ။ ဉာဏ်ပွင့်လာမည်။ ...ဏ် ကောင်းလာမည်။

ဆီးဝမ်းချုပ်ပါက မြင်းခွာရွက်စားပါ။ အနာပေါက်၊ ...င်းကျ၊ တစ်ကိုယ်လုံးဝါ၊ စားမဝင်ပါက မြင်းခွာရွက်...ည်နှင့် နွားနို့ရောသောက်ပါ။ ငှက်ဖျား နာတာရှည်... မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ငရုတ်ကောင်းမှုန့် သုံးပါးရောကြိတ်ကာ ၃၀ ရွေးခန့်လုံးပြီး နံနက် ည တစ်လုံးစီသောက်က ပျောက်ကင်း၏။ ဝက်ခြံပေါက်လျှင် မြင်းခွာရွက် ကြိတ်ပြီး လိမ်းပေးပါ။ မျက်စိနာလျှင် ခြင်းစိမ်းနှင့်ရောကြိတ်ပြီး စားပါ။

အဒေးဒဏ် ကာကွယ်လိုလျှင် မြင်းခွာရွက် သုံးကျပ်သားမှ ခြောက်ကျပ်သားအထိ ပျားရည်ထက်ဝက် သို့မဟုတ် သုံးပုံ တစ်ပုံ ရောသောက်ပါ။ အားတိုးဆေးအဖြစ် မြင်းခွာရွက် သတ္တုရည် တစ်ကျပ်ခွဲ၊ သကြားနှင့် ပျားရည် သုံးကျပ်သား ရောသောက်ပါက ခြောက်ပတ်အတွင်း ခွန်အားတိုးမည်။ သူငယ်နာလိမ်းဆေးနှင့် ချောင်းဆိုးပျောက်ကင်းစေရန် မြင်းခွာရွက်မှုန့် မီးနှင့်နွေးပြီး ဆီနှင့်ရောကာ ရင်ဘတ်ပေါ် အုံလိမ်းပါ။

အဆစ်အမြစ် အရိုးအဆစ် အကျိတ်လိမ်းဆေး အဖြစ် မြင်းခွာရွက် သတ္တုရည် တစ်ကျပ်ခွဲ၊ ရေနံဆီ တစ်ကျပ်ခွဲ ဖန်ဘူး ထဲမှာထည့်ပြီး လိမ်းသုတ် နှိပ်ပေးပါ။ အဆစ် အမြစ်အဖု အကျိတ် ပျောက်ပါသည်။ ကလေးများ အအေးမိကလက် ဖက်ရည်ဇွန်းငယ်နှင့် မြင်းခွာရွက် သတ္တုရည်ကို တိုက်ကျွေးပါ။ ဝမ်းသက်၊ သလိပ်ကျ၊ အဆုတ်အအေးပတ်နာ ပျောက်ပါ သည်။

အညာမြင်းခွာရွက်မှာ အဆစ်တစ်ဆစ်မှ အရွက်တစ်ရွက် ထွက်ပါသည်။ ဖန်ခါးသည်။ အစာကြေလွယ်၊ အေးဒေသာ သတ္တိရှိ၊ အရွယ်တင်စေ၊ သလိပ်၊ သည်းခြေကို ပယ်၏။ နှလုံးရောဂါ၊ နူတ်မမြိန်ရောဂါ၊ အဖျားအမျိုးမျိုး၊ သွေးအန်၊ သွေးကျ၊ ပန်းနာ၊ ဆီးရောဂါ၊ နူနာ၊ ချောင်းဆိုးရောဂါများကို နိုင်၏။ သတိထားရမည့်အချက်မှာ အလွန်အကျွံ မစားရပါ။ နေပူလှန်း၊ သတ္တုရည်ညှစ်ပြီး သုံးပါ။

အညာမြင်းခွာရွက်အဆီက နေပူနှင့်တွေ့က ပျံ့လွင့်ခြင်း ဖြစ်တတ်၏။ ပြုတ်၊ ဖျော်၊ ကြော်၊ ချက် နေလှန်းပြီး မသုံးရပါ။ သာမန်ရိုးရိုးလူဆိုလျှင် နှစ်ရွက်မှ လေးရွက်အထိ သုံးပါ။ အ[...]ခွန်အားရှိလျှင် လေးငါးရွက် သုံးပါ။ မူးတတ်၊ ယားတ[...]၏။ နာတာရှည် အရေပြားရောဂါ အနာပေါက်က သတ္တုရည်လိမ်း၊ အရွက်မှုန့် အနည်းငယ်စားက တစ်ပတ်အတွင်း သိသာပါ၏။ နို့ရည် နှစ်ဆ၊ မြင်းခွာရွက်ရည် တစ်ဆရောသောက်ပါက အသက်ရှည်ကာ အနာဘယ ကင်းဝေး၏။

ရာသီဝမ်းကျ၊ ဆီးသွားနာကျင်၊ ဆီးနည်းလျှင် အညာမြင်းခွာ တစ်ရွက်၊ နှစ်ရွက် သို့မဟုတ် လေးရွက် သတ္တုရည်ကို ဇီရာရွက် ခြောက်ပဲသားရော၊ သကြားသင့်ရုံထည့်ပြီး ၂၇ ကျပ်သားရအောင် ဖျော်ပြီး မြင်းခွာရွက် ရှာလပတ်ရည်





www.burmeseclassic.com

www.burmeseclassic.com

သောက်ပေးပါ။ လေမလည်ပါက မြင်းခွာရွက် နှစ်ရွက်၊ လေးရွက် စားပါ။ လူအင်အားနှင့် ရောဂါကိုကြည့်ပြီး စားသုံးပါ။

ဦးနှောက်အားနည်း သတိမေ့ရောဂါ၊ ဝက်ရူးပြန်ပါက အညာမြင်းခွာနှင့် ငွေနှင်တောင်ရွက် ရောစပ်ပြီး စားပေးပါ။ အသံပျက်၊ အသံဝင်၊ အသံကြီးက အညာမြင်းခွာရွက် နှစ်ဆယ်ရွက်ကို ငရုတ်စေ့ နှစ်စေ့၊ ပတဲကော တစ်ပဲသား ရောပြီး ကျိုပါ။ နို့ရည်ရောကာ ပူပူနွေးနွေးသောက်ပါ။ ဦးနှောက်အားနည်းလျှင် သတ္တုရည် သို့မဟုတ် အရွက်ရည်ကိုညှစ်ကာ ခေါင်းကိုလိမ်းပါ။ ဦးနှောက် ကြည်လင်ပါမည်။

ဦးနှောက်အားဆေးအဖြစ် အုန်းဆီ ရှစ်ဆယ်သား၊ မြင်းခွာရွက် ခုနစ်ကျပ်သားရော မီးမျှဉ်းမျှဉ်းချက်၊ အရည်စစ်ကာ ကြိုက်တဲ့ အမွှေးနံ့သာထည့်ပြီး လိမ်းပေးပါ။ ဆံပင်ကောင်းပါသည်။

ကုလားမြင်းခွာက အရွက်မှာ အမွေးရှိသည်။ အေး၊ သည်းခြေပယ်၊ အောင့်သက်၊ သွေးကြည်၊ သလိပ်ကိုထုတ်နိုင်၊ ရေငတ်ပြေ၊ အဖျားအနာ၊ နှာစေး၊ အဖျင်းရောင်၊ ချောင်းဆိုး၊ မျက်ရည်ယို၊ အသည်းရောင်၊ အစာအိမ်ရောဂါ ပျောက်စေသည်။ အပွင့်က အေး၊ အဆီရှိ၊ သလိပ်ကို ဖျက်ဆီး၏။ အမြစ်ကို တစ်ပဲ သုံးရွေးသား သောက်ပါက အန်ခြင်း ဝမ်းသက်၏။ ဝမ်းချုပ်လျှင် ကုလားမြင်းခွာရွက်ပွင့်ကို သကြားနှင့် ကြိတ်ပြီး စားပေးပါ။


အိပ်မပျော်လျှင် ကုလားမြင်းခွာရွက် ခပ်လတ်လတ်နှင့် နှမ်းဆီဖြစ်စေ၊ ဇာဒိစေ့နှင့်ဖြစ်စေ ရောကာ ဦးခေါင်းကို လိမ်းလိုက်ပါ။ ဓမ္မတာလွန်၊ သွေးမြင်းသရိုက်၊ သလိပ်ပျစ်ခဲပါက ကုလားမြင်းခွာရွက် ပဉ္စငါးပါးပြုတ်ရည်နှင့် စပျစ်သီးရွက် ရောသောက်ပါ။ ပိတ်ချင်းသီးနှင့် သိန္ဓောဆား ဆတူကြိတ်ကာ ပျားရည်နှင့်သောက်ပါ။ ခေါင်းကိုက်ပါက ကုလားမြင်းခွာပွင့်ကို ရေနှင့်ကြိတ်၊ ကြိတ်ဖတ်ကို အဆီရအောင်ကြိတ်၊ နှမ်းဆီထဲထည့်ပါ။ ၁၅ မိနစ်ခန့် ချက်ပြီး အဆီစစ်ကာ လိမ်းပါ။ မီးမပြင်းရပါ။ ယင်းအဆီကို လိမ်းလျှင် ချောင်းဆိုး လည်ချောင်းနာ ပျောက်ပါသည်။

ဆေးမြင်းခွာမှာ မုန်တိုင်ပင်နှင့် တူ၏။ အုန်းလက်ကဲ့သို့ အလက်များရှိ၏။ အလက်မဲ့သွားသောအခါ အရင့်ဇက်ပိုးကျန်ရစ်ခဲ့၏။ နွားသဏ္ဍာန် ဆေးမြင်းခွာဖြစ်ပါသည်။ ဒူလာပါဒရက်၊ ခြေလက်သေ၊ ညောင်းညာ၊ ထုံကျဉ်ကိုက်ခဲပါက ဆေးမြင်းခွာ တစ်ဆယ်ကျပ်သား၊ သဘော်ဆီးဖြူမြစ် ငါးကျပ်သားကို အိုးတစ်လုံးထည့်ပြီး သုံးခွက်တစ်ခွက် ပြုတ်၍ သောက်ပါ။ လက်ကျိုး၊ ခြေကျိုး၊ အရိုးကျိုးက ဆေးမြင်းခွာအနီကို ဆင်ချေးနှင့်ကြိတ်ကာ အုံ၊ လူး၊ ကျပ်စည်းပေးပါ။ ဆင်ချေးကို မီးဖုတ်ကာ ဆေးမြင်းခွာနှင့်လူး၊ ကျပ်စည်းပါ။ ခုနစ်ရက်အတွင်း အရိုးအကြော ဆက်သွား၏။ မီးယပ်ပိန်က ဆေးမြင်းခွာ လေးကျပ်သား၊ ပိတ်ချင်း နှစ်ကျပ်သား အမှုန့်ပြုကာ ရေနွေးနှင့်သောက် လက်တွေ့ပျောက်ကင်း၏။

ခွေးကိုက်ပါက မြင်းခွာအနီကို ချင်းနှင့်ဆတူကြိတ် အုံပေးပါ။ မျက်စိနာက ဆေးမြင်းခွာအနီကို ချင်းနှင့်သွေးပြီး သောက်ပါ။ ဝက်ခြံဖြစ်လျှင် ဆေးမြင်းခွာကို ဆန်ဆေးရည်နှင့် ရောလူးပါ။ မြွေကိုက်ပါက ဆေးမြင်းခွာအနီကို ကျောက်နယ်နှင့်သွေး၊ ကိုက်ရာကို လိမ်းပေးပါ။ မြွေဆိပ် ဝမ်းထဲဝင်ပါက ဆေးမြင်းခွာနီကို ဆင်ချေးနှင့် သွေးပြီးသောက်ပါ။ အနာပေါက်က ဆေးမြင်းခွာကို ကြိတ်ပြီး အုံပါ။

လည်ပင်း၊ မေးအောက် အနာပေါက်က ဆေးမြင်းခွာအနီနှင့် နှမ်းစိမ်း ပေါင်းစပ်၍ နှမ်းဆီနှင့်ဖျော်ပြီး လိမ်းပေးပါ။ အသက်ရှည်ဆေးအဖြစ် ဆေးမြင်းခွာအနီမှုန့် လေးကျပ်သား၊ ငရုတ်ကောင်းမီးလွတ် ငါးကျပ်သား၊ ပျားရည်နှင့်တေပြီး စားပေးပါ။ ရောဂါကင်း အမောပြေပါမည်။ တစ်လ စားပါက အရောင်အဆင်း သွေးသားကောင်း၊ သုံးလ စားပါက ပေါ့ပါး၊ ခြောက်လစားပါက ကိုယ်တွင်းရောဂါကင်းပြီး ခွန်အားဗလကြီးပါမည်။ မြင်းခွာရွက်၏ အာနိသင်နှင့် တိုင်းရင်းဆေးပညာဖြင့် အသုံးပြုပုံကို ဆေးဆရာများ ပွဲတွေ့ လက်တွေ့များမှ သက်ကြီးစကား သက်ငယ်မှာကြားခဲ့သမျှ ရေးသားတင်ပြလိုက်ရပါသတည်း။

◆



အံ့ဖွယ် ရုံးပတီသီး စွမ်းပကား

မိန်းကလေးတစ်ယောက်ရဲ့ လက်ချောင်းလေးတွေလို ရှည်ရှည်သွယ်သွယ်ကလေးတွေမို့ အနောက်နိုင်ငံက လူတွေ



www.burmeseclassic.com

www.burmeseclassic.com

က Ladies' finger လို့ခေါ်တဲ့ ရုံးပတီသီးလေးတွေဟာ မြန်မာပြည်မှာတော့ သိပ်ကို လတ်လတ်ဆတ်ဆတ် စိမ်းစိမ်းစိုစိုနဲ့ ဈေးသက်သက်သာသာ ရနိုင်တဲ့ ဟင်းသီးဟင်းရွက် တစ်မျိုးပါပဲ။

လူတစ်ယောက်ဟာ အနှစ် နှစ်ဆယ်ကျော် ဝမ်းချုပ်တဲ့ ရောဂါကို ခံစားခဲ့ရပြီး လတ်တလောမှာတော့ အစာအိမ်အချဉ်ပေါက်ပြီး လေချဉ်တွေ တက်တက်နေတတ်ပါတယ်။ အဲဒီလို နှစ်ရှည်လများ ခံစားခဲ့ရပြီး ဘာနဲ့မှ မသက်သာခဲ့တာမို့ အလွယ်တကူ ပျောက်လိမ့်မယ်လို့လည်း ထင်မထားပါဘူး။ ဒါပေမဲ့ ရုံးပတီသီးကြောင့် သူ့ရောဂါတွေ ထူးဆန်းစွာပဲ ပျောက်ခဲ့ရတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး ရုံးပတီသီး မှန်မှန်စားလိုက်တာ ဘာဆေးမှ မမှီဝဲရတော့ပါဘူးတဲ့။ ဝမ်းချုပ်တာ၊ အစာအိမ်အချဉ်ပေါက်ပြီး လေချဉ်တွေ တက်နေတာ ပျောက်သွားတဲ့အပြင် သွေးထဲက သကြားဓာတ်တွေလည်း ၁၃၅ ကနေ ၉၈ အထိ ကျဆင်းသွားခဲ့ပါတယ်။ ကိုလက်စထရောလယ်ဗယ်ကို ထိန်းထားနိုင်လာပါတယ်။

လေ့လာ သုတေသနပြုချက်တွေအရ ရုံးပတီသီးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အာဟာရဓာတ်တွေ ပါဝင်တဲ့ အစုအပေါင်း တစ်ခုပါပဲတဲ့။ တစ်ဝက်လောက်က ပျော်ဝင်နိုင်တဲ့ အမျှင်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီ ပျော်ဝင်နိုင်တဲ့အမျှင်တွေက ကိုလက်စထရောကို ကျစေပြီး နှလုံးရောဂါဖြစ်ဖို့ကိုလည်း နည်းပါးစေပါတယ်။ ကျန်တစ်ဝက်ကတော့ မပျော်ဝင်နိုင်တဲ့ အမျှင်နဲ့ ဖွဲ့စည်းထားပြီး သူတို့က အူသိမ်ရဲ့ကျန်းမာရေးကို အထောက်အကူပြုတဲ့အပြင် ကင်ဆာဖြစ်နိုင်ချေကိုလည်း လျော့ကျစေတယ်လို့ ဆိုပါတယ်။

အထူးသဖြင့် အူမကြီးကင်ဆာမဖြစ်ဖို့ တားဆီးပေးပါတယ်။ ချက်ထားတဲ့ ရုံးပတီသီး ပန်းကန်တစ်ဝက်လောက်မှာ Folic acid နဲ့ ဗီတာမင် B6 တွေက လိုအပ်တယ်လို့ ညွှန်ဆိုထားတဲ့ ပမာဏရဲ့ ၁၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒါကြောင့် ရုံးပတီသီးဟာ ဗီတာမင် B6, Folic acid နဲ့ အမျှင်ဓာတ်တွေ သိပ်ကြွယ်ဝတဲ့ အစားအစာလို့ ဆိုနိုင်ပါတယ်။

ရုံးပတီသီးနဲ့ ပတ်သက်တဲ့ အကျိုးကျေးဇူးတွေကတော့ -

* ရုံးပတီသီးမှာ ပါဝင်တဲ့ အမျှင်တွေက သွေးထဲက သကြားဓာတ်ကို လျော့ကျစေပါတယ်။ သူက အူကနေ သကြားဓာတ်စုပ်ယူမှုကို ထိန်းထားပေးနိုင်တာမို့လို့ပါ။
* ရုံးပတီသီးမှာ ပါဝင်တဲ့ အချွဲတွေက ကိုလက်စထရောကိုတင် တားဆီးပေးတာ မဟုတ်ပါဘူး။ အဆိပ်တွေ သယ်ဆောင်လာတဲ့ အက်စစ်တစ်မျိုးကို အသည်းကနေ အမြောက်အမြား စစ်ထုတ်နိုင်ဖို့လည်း အားပေးပါတယ်။
* တော်တော်များများသော ကျန်းမာရေးဆိုင်ရာ ပညာရှင်တွေက ရောဂါတော်တော်များများဟာ အူကနေ စဖြစ်တယ်လို့ ယုံကြည်ထားကြပါတယ်။ ရုံးပတီသီးရဲ့ အမျှင်ဓာတ်က ဝမ်းချုပ်တာကို ထားဆီးပေးတယ်။ အမျှင်အများစုက ဝမ်းချုပ်တာကို တားဆီးပေးတတ်ပေမယ့် ရုံးပတီသီးမှာ ပါဝင်တဲ့ အမျှင်ဓာတ်ကတော့ အဲဒီအတွက် အကောင်းဆုံးလို့ ဆိုပါတယ်။ အူကို အလုပ်လုပ်တာ ပုံမမှန်စေတဲ့၊ ထိခိုက်စေတတ်တဲ့ ကြမ်းတမ်းတဲ့ ဂျုံကြမ်းတွေလိုမဟုတ်ဘဲ ရုံးပတီသီးရဲ့ အမျှင်ဓာတ်က အူကို သက်သာမှုပေးစေနိုင်ပါတယ်။ လူတော်တော်များများကတော့ ရုံးပတီသီးမှာ ပါဝင်တဲ့ အချွဲဓာတ်က အညစ်အကြေးကို ကောင်းမွန်စွာ စွန့်ပစ်စေဖို့ အထောက်အကူပြုတဲ့အတွက် သိပ်ပြီး မနှစ်သက်ချင်ကြပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရုံးပတီသီးဟာ တော်တော်များများသာ ကျန်းမာရေးပြဿနာတွေကို ပြေလည်စေတဲ့၊ သက်သာစေတဲ့၊ တန်ဖိုးရှိတဲ့ အသီးတစ်မျိုးဆိုတာကတော့ ငြင်းလို့မရပါဘူး။
* သွေးထဲက ကိုလက်စထရောနဲ့ အဆိပ်တွေကို လျော့ကျစေရုံမက သွေးလည့်ပတ်မှုကိုလည်း ပုံမှန်ဖြစ်စေတဲ့အတွက် အင်မတန် ဆေးဖက်ဝင်တဲ့အပြင် (အများကြီး အလွန်အကျွံ စားသူတွေကလွဲရင်) ဘေးထွက်ဆိုးကျိုးလည်း မရှိပါဘူး။ အဆိပ်အတောက် လုံးဝကင်းစင်ပြီး ဆေးဖက်ဝင်တဲ့ ဟင်းသီးတစ်မျိုး ဖြစ်တဲ့အပြင် ဈေးသက်သက်သာသာနဲ့ လူတိုင်းလည်း စားသုံးနိုင်တဲ့အတွက် အဆင်ပြေပါတယ်။
* ရုံးပတီသီးမှာ ပါဝင်တဲ့ ဓာတ်တွေနဲ့ အာဟာရတန်ဖိုးတွေ လျော့ကျမသွားစေဖို့အတွက်က သူ့ကို တတ်နိုင်သမျှ အချိန်အနည်းဆုံး ချက်ပြုတ်ရပါမယ်။ အစိမ်းစားတဲ့သူတွေ ရှိပေမယ့် ရေနွေးလေးဖျောလိုက်တာ၊ ခဏတာ ရေနွေးငွေ့နဲ့ ပေါင်းလိုက်တာမျိုးတွေ လုပ်ပြီး စားနိုင်ပါတယ်။

◆



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဆေးဖက်ဝင် ကြောင်လျှာပင်

မြန်မာဆေးကျမ်းများ အလိုအရ ဖန်ခါးသောအရသာရှိ၍ ပူ၏၊ စပ်၏၊ ကြေလွယ်၏၊ နှုတ်ကို မြိန်စေ၏၊ နှလုံး၊ လည်ပင်းကို အကျိုးပြု၏၊ ဝမ်းမီးကို တောက်စေသည်၊ လေသလိပ်ကို နိုင်သည်၊ မြင်းသရိုက်၊ ဝမ်းသက်၊ အဖျား၊ အစာမကြေ၊ နူနာ၊ ပျို့အန်၊ ချောင်းဆိုးရောဂါတို့ကို ပျောက်ကင်းစေနိုင်၍ ခွန်အားကို တိုးပွားစေသည်။

အခေါက်အသုံးပြုပုံ

၁။ ကြောင်လျှာအခေါက်မှုန့်ကို ချင်းရည်၊ ပျားရည်တို့နှင့် ရောစပ်လျက် သောက်သော် ပန်းနာချောင်းဆိုးရောဂါ ပျောက်၏။

၂။ အခေါက်မှုန့်ကို ရေနွေးတွင် နှစ်နာရီခန့်စိမ်၍ စစ်ပြီး နံနက် ည သောက်သော် အစာမကြေရောဂါပျောက်၏။

၃။ ကြောင်လျှာခေါက်ကို ရေစိမ်၍ ၎င်းရေနှင့် ပလုတ်ကျင်းပေးသော် ခံတွင်း ခြောက်၊ ကွဲနာ ပျောက်၏။

၄။ သားဖွားပြီး နာကျင်ကိုက်ခဲသည့်ရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါများအတွက်လည်း ကြောင်လျှာခေါက်ကို သုံး၏။

၅။ အမြစ်ခေါက်ကို အဆစ်အမျက်ရောဂါ၊ ဖျားရောဂါ၊ ဝမ်းဖော ဝမ်းရောင် ဝမ်းကိုက်ရောဂါများအတွက် အသုံးပြု၏။

အရွက်အသုံးပြုပုံ

၁။ ကြောင်လျှာရွက် သတ္တုရည်ကို သောက်သော် ဘိန်းဆိပ်သင့်ခြင်း ပျောက်၏။

၂။ ကြောင်လျှာရွက် ပြုတ်တို့စားက ဝမ်းမီးကောင်း၏။

အသီးအသုံးပြုပုံ

၁။ အသီးကို ပြုတ်၍လည်းကောင်း၊ဖုတ်၍လည်းကောင်း စားခြင်းဖြင့် အစာမကြေရောဂါ၊ လည်ပင်းကြီးရောဂါ၊ သရိုက်ရောဂါ ပျောက်၏။ သုပ်စားခြင်းဖြင့် လည်ချောင်းတွင်း အပူဖုပေါက်သောရောဂါ ပျောက်သည်။

၂။ ကြက်သားနှင့် ချက်စားပါက ပန်းနာရောဂါ ပျောက်ကင်း၏။

၃။ ငါးရံ့ဖြင့် ချက်စားပါက ကာလဝမ်းရောဂါ ပျောက်၏။ အားကိုဖြစ်စေပြီး အစာမကြေရောဂါ၊ ဝမ်းပျက်ရောဂါ ပျောက်၏။

၄။ ပုစွန်ဖြင့် ချက်စားက နှလုံးလေရိုက်ရောဂါ၊ နှလုံးတုန်၊ ရင်တုန်ရောဂါ ပျောက်၏။

၅။ ငါးသလောက်ဖြင့် ချက်စားက အဖောရောဂါကို ကျစေ၍ လူကို ဝဖြိုးစေပြီး နှလုံးအားနည်းခြင်းကို ပျောက်စေသည်။

၆။ ငါးမြွေထိုးနှင့် ချက်စားက ဒူလာသွေးဝမ်း၊ မီးယပ်သွေးဝမ်းနှင့် မြင်းသရိုက်ရောဂါတို့ကို ပျောက်ကင်းစေ၏။

အမြစ်အသုံးပြုပုံ

၁။ အမြစ်ကို သွေး၍ လိမ်းပေးခြင်းဖြင့် အနာဝင် မန်းလိုက်ခြင်း ပျောက်ကင်းပါသည်။

Credit : DATA Doctor

ဟေမန်နှင်း

❑



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

သမားတော်ကြီး ဒေါက်တာသက်ဆွေ



၁။ ခရမ်းကစော့ပင်

ခရမ်းကစော့ပင်ကို လက်တင်ဘာသာအနေဖြင့် Solanum Indicum ဟုခေါ်၏။ ၎င်းအပင်များသည် ပင်ငယ်မျိုးဖြစ်ပြီး၊ တစ်ပေခွဲမှ သုံးပေကျော်ထိမြင့်၏။ ခရမ်းပင်နှင့်တူ၏။ အရွက်များသည် ခရမ်းပင် အရွက်ကဲ့သို့ဖြစ်ပြီး အရွက်ပေါ်နှင့် ကိုင်းများတွင် ဆူးကလေးများပါရှိ၏။ အရွက်ပတ်လည်တွင် ခွေးသွားစိပ်များပါရှိ၏။ အပွင့်များသည် ပွင့်ချပ် ငါးလွှာရှိ၏။ ခရမ်းရောင်ဖြစ်၏။ အပွင့်အလယ်မှ ဆီးဖြူသီးခန့် အပွက်လိုက်သီးကြ၏။ အတွင်းတွင် အစေ့ကလေးများပါရှိ၏။ ငရုတ်သီးစေ့ခန့်ရှိ၏။ နုစဉ် အသီးစိမ်း၍ ရင့်လျှင် ဝါသွား၏။

ရသာအကျိုးသွားနှင့် ဂုဏ်သတ္တိများမှာ ခါး၏၊ ပူ၏၊ စပ်၏၊ ချုပ်၏၊ ဝိပါကဥစပ်၏၊ ကြေကျက်လွယ်၏၊ ပိုးကိုနိုင်၏၊ အလိပ်နှင့်လေဒေါသကို ငြိမ်းစေ၏၊ နှလုံးကို ကျေးဇူးပြု၏၊ ရင်ထိုးလေအောင့်၊ နှချောင်းဆိုးရင်ကျပ်ရောဂါ၊ ခံတွင်းပျက်ခြင်းရောဂါတို့ကို ပျောက်ကင်းစေ၏၊ အဖျားရောဂါများ၊ ကိုယ်ရေပြားရောဂါ၊ ကုဋ္ဌနူနာ၊ ပျို့အံ့နှိခြင်း၊ ယားနာများကိုလည်း ပျောက်ကင်းစေနိုင်၏။

**ရောဂါအလိုက် အသုံးပြုနည်း**


၁။ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကို သွေးဝမ်းသွားရောဂါများဖြစ်ပါက ၎င်းအပင်များ ပဥ္စမငါးပါး ၃၀ ကျပ်သား တစ်ဆယ်ကျပ်သား အတင်ကျိုပြီး နှစ်ကျပ်သားခန့် တစ်နေ့ နှစ်ကြိမ် သောက်က ပျောက်၏။

၂။ သွားကိုက်၊ သွားနာဖြစ်လျှင် အမြစ်ကိုသွေး၍သိပ်ပေးက ပျောက်၏။

၃။ မြွေဆိပ်၊ ကင်းဆိပ်သင့်ပါက ၎င်းအပင်၏ ပဥ္စငါးပါးကို သုံးခွက်တစ်ခွက်တင်ကျို၍ တိုက်ပြီး အမြစ်ကို သွေးလိမ်းပါက သက်သာပျောက်ကင်းစေနိုင်၏။

အသီးကိုဖြုတ်၍တို့စားခြင်း၊ သုပ်စားခြင်းဖြင့် ကျန်းမာရေးအထောက်အကူ ဖြစ်ပေသည်။

နန်းတွင်း လျှာပွတ်ဆေး ဖော်စပ်ရာတွင်လည်း ၎င်းကို ထည့်၍ ဖော်ကြ၏။



၂။ ခံတက်ပင်

ခံတက်ပင်များသည် ဟင်းကလာမျိုးရင်းမှ လာသည်၊ မြန်မာအခေါ် ဝေါဟာရအနေဖြင့် ခံတက်ပင်ဟုခေါ်သည်။ ခံတက်ပင်များသည် ပင်လတ်မျိုးဖြစ်ပြီး အမြင့်ပေ ၃၀ ကျော်ရှိသည်။ အကိုင်းအခက်များပေါ်တွင် အဖြူစင်းများ ပါရှိသည်။ ပင်စည်၏အခေါက်သည် မီးခိုးရောင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အရွက်များမှာ ရိုးတံရှည်ပေါ်တွင် သုံးရွက်ပေါက်သည်။ ရွက်ရင်းနှင့် ရွက်ဖျားချွန်၏၊ အရွက်ပေါ်တွင် ရွက်ကြောအစင်းများ ပါရှိသည်။ အပွင့်များသည် အဝါရောင် အပွင့်ကြီးများ ဖြစ်၏။

အသီးလည်း အဝါရောင်ဖြစ်ပြီး လုံးဝိုင်းသည်။ အခွံမာပြီး အစေ့များပါရှိသည်။ မြန်မာပြည် မြစ်ချောင်းဘေးများတွင် အလေ့ကျပေါက်ကြ၏။ အရွက်၊ အခေါက်နှင့် အမြစ်တို့ကို ဆေးဖက်တွင်အသုံးပြုကြ၏။

အကျိုးသွားမှာ ခံတက်သည် ခါး၏၊ ပူ၏၊ ဝမ်းမီးကို တောက်စေ၏။ လေနှင့်သလိပ်ကို ကြေကျက်စေ၏၊ သွေးဖောက်ပြန်သောရောဂါ၊ ဆီးအောင့်ရောဂါ၊ ဆီးကျောက်တည်ရောဂါများပျောက်၏။

### ရောဂါအလိုက် အသုံးပြုပုံ

အနာပေါက်ရောဂါများအတွက် ခံတက်ခေါက်သွေးရည် ငါးကျပ်သား၊ ပရန္နဝါမြစ်သွေးရည် ငါးကျပ်သား ရောပြီး တစ်ခါသောက် နှစ်ကျပ်သား တစ်နေ့ နှစ်ကြိမ်သောက်ပေးပါက ပျောက်၏။

ထုံကျင်ကိုက်ခဲဖြစ်ခဲ့သော် အရွက်သတ္တုရည် ငါးကျပ်သား၊ မီးဖြင့် နွေးရုံကျိုပြီး လိမ်းပေးက ပျောက်၏။


အဆစ်အမြစ်ရောင် ကိုက်ခဲဖြစ်ပါက ခံတက်ရွက်သတ္တုရည် နှစ်ကျပ်သား၊ ကွမ်းရွက်သတ္တုရည် နှစ်ကျပ်သား ထောပတ် တစ်ကျပ်သားရော၍ ရှစ်ပဲသားခန့် တစ်နေ့ နှစ်ကြိမ်သောက်ပါက ပျောက်ကင်းစေပါသည်။

လေထိုး၊ လေနာ၊ လေအောင့်ရောဂါများအတွက် ခံတက်ချဉ်စားပေးရုံဖြင့် ပျောက်ကင်း၏။

ဆီးကျောက်တည်နှင့် ဆီးချိုရောဂါသည်များအနေ နှင့် ခံတက်မြစ်အခေါက် တစ်ဆယ်ကျပ်သားကို ရေ လေးဆယ်ကျပ်သားတွင် ထည့်၍ ရေတစ်ဆယ်ကျပ်သား ကျန်သည်အထိပြုတ်ပါ။ ၎င်းပြုတ်ရည် တစ်ကျပ်သား တစ်နေ့ နှစ်ကြိမ်သောက်က သက်သာပျောက်ကင်းစေနိုင်ပါသည်။

အပြင်းဖျားရောဂါဝေဒနာဖြစ်ပါက ခံတက်မြစ် ငါးကျပ်သား ပြုတ်ရည်တွင် ကွမ်းရွက်သတ္တုရည် တစ်ကျပ်သား ရောထည့်ပြီး ရှစ်ပဲသား တစ်နေ့ နှစ်ကြိမ်တိုက်က ပျောက်၏။

ခံတက်ချဉ်ကို စားပေးခြင်းဖြင့် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော စာဆိုအရ ထိုက်သင့်သော ဝေဒနာများ ပျောက်ကင်းချမ်းသာကြမည်မှာ မလွဲပါ။



### ၃။ ခအုံးပင်

ခအုံးပင်ကို ဟိန္ဒီဘာသာ (ကထူမရ်) ဟု ခေါ်၏။ လက်တင်ဘာသာအားဖြင့် Ficus Hispida ဟုခေါ်၏။ ၎င်းအပင်သည် ပင်လက်မျိုးဖြစ်ပြီး သဖန်းပင်မျိုးနွယ်တွင် ပါဝင်၏။ အရွက်များသည် သဖန်းရွက်ထက်ကြီး၏။ အသီးသည် သဖန်းသီးနှင့် သဏ္ဌာန်တူ၏။ အခေါက်များသည် ကြမ်းတမ်း၏။ အရောင်မှာ ခပ်ပြာပြာဖြစ်၏။

အသီးသီးသောအခါ အကိုင်းများမှထွက်၍ သီး၏။ အရွက်များကိုထိလျှင် ယားယံတတ်၏။ ကိုင်းကိုချိုးလျှင် နို့ကဲ့သို့ အဖြူရောင်အစေးများ ထွက်၏။ အသီး၏အရသာမှာ ဖန်၏။ ရသာ အကျိုးသွား ဂုဏ်သတ္တိမှာခါး၏၊ ချဉ်၏၊ စပ်၏၊ ဖန်၏၊ အေး၏။

အသီးသည် ချို၏၊ အေး၏၊ ပြေပြစ်၏၊ ဖလဓာတ်တို့ကို ချုပ်စေပြီး သွေးဖောက်ပြန်ခြင်းကို ကင်းစေ၏။ သည်းခြေကို နိုင်၏၊ အရေပြားရောဂါ၊ သွေးအန် သွေးကျရောဂါ၊ အသားဝါရောဂါ၊ အနာပေါက်ရောဂါ၊ သမင်ဖြူ၊ သမင်ရက်ရောဂါ၊ ဖောရောင်ရောဂါ၊ လိပ်ခေါင်းမြင်းသရိုက်ရောဂါ၊ အတတ်ရောဂါများကိုလည်း ပျောက်ကင်းစေတတ်၏။ အသီးသည် လူကိုဝဖြိုးစေ၏။ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏။

### ရောဂါအလိုက်အသုံးပြုနည်းများ

၁။ သွေးအန်၊ သွေးကျ၊ သွေးဝမ်းသွား၊ လိပ်ခေါင်း စသည့်ဝေဒနာများဖြစ်ပါက ၎င်းအပင်၏ အမြစ်မှုန့်ကို ၎င်းအပင် ပဥ္စငါးပါးသတ္တုရည်ဖြင့်နယ်၍ အခြောက်လှန်းပါ။ ၎င်းနောက် အမှုန့်ပြုပြီးလျှင် အမှုန့် သုံးပဲသားများရည် ငါးကျပ်သား၊ ထောပတ် သုံးကျပ်သားဖြင့် ရောပြီးလျှင် နှစ်ပဲသားခန့် တိုက်ပေးပါက ၁၅ ရက်အတွင်း ပျောက်ကင်းစေပါသည်။

၂။ သွေးအားနည်းခြင်းနှင့် အသားဝါပျောက်ဆေးအဖြစ် ဖော်စပ်ပါက ၎င်းအပင် ပဥ္စငါးပါးတစ်ဆယ်ကျပ်သား



www.burmeseclassic.com


www.burmeseclassic.com

ရေ နှစ်ဆယ်ကျပ်သားဖြင့် တစ်ဝက်ကျန်ပြုတ်ပြီး ၎င်းပြုတ်ရည်ထဲသို့ ဆောင်မေးခါး သုံးပဲသားထည့်၍ တစ်ကျပ်သားခန့် တစ်နေ့ နှစ်ကြိမ်သောက်ပေးက ပျောက်၏။

၃။ သွေးမသန့်၍ ယားနာများ အဖုအပိမ့်များထွက်ပါက ၎င်းအရွက်ပြုတ်ရည် တိုက်ပေးက ပျောက်၏။

၄။ ဆီးပူ၊ ဆီးအောင့်၊ ဆီးသွေးပါ၊ သုက်လွှတ်ရောဂါများ ဖြစ်လျှင် ၎င်းအခေါက် တစ်ဆယ်ကျပ်သားကို ရေ လေးဆယ်ကျပ်သားဖြင့် တစ်ဆယ်ကျပ်သားအကျန် ကျိုပြီးတိုက်က ပျောက်၏။

၅။ အနာဟောင်း၊ အနာဆွေးများကို အမြစ်ပြုတ်ရည်ဖြင့် ဖန်ဆေး၍ အမြစ်မှုန့် ထည့်ပေးခြင်းဖြင့် အသားနု တက်၍ အနာကျက်ပြီး ပျောက်ကင်းစေ၏။



၄။ ချဉ်ပေါင်ပင်၊ ဆေးချဉ်ပေါင်ပင်

ချဉ်ပေါင်ပင်ကို လေ့လာရာ၌ နှစ်မျိုးနှစ်စား တွေ့ရှိရ၏။ ရိုးရိုးချဉ်ပေါင်နှင့် ဆေးချဉ်ပေါင်(ဝါ)ချဉ်ပေါင်လက်ကြားပင် (ဝါ) ရွှေဘိုချဉ်ပေါင်ဟု အညာဒေသတွင် ခေါ်ဝေါ်သုံးစွဲကြ၏။ ရိုးရိုးချဉ်ပေါင်ပင်သည် ပင်သေး၊ ပင်လတ်မျိုးဖြစ်ပြီး၊ အမြင့်ဆုံး သုံးပေမျှသာမြင့်၏။

ဆေးချဉ်ပေါင်ပင် (ဝါ) ရွှေဘိုချဉ်ပေါင်ပင်သည် ခုနစ်တောင်ခန့်ထိ မြင့်၏။ ရွှေဘို ကုန်းဘောင်ခေတ်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်တွင် ရွှေဘိုမြို့၌ စိုက်ပျိုး၍ အများဆုံးစားသုံးကြသည်ဟု သိရှိရ၏။ ဆေးဖက်ဝင်၍ ချဉ်ရည်ဟင်းချက်စားပါက ချဉ်ခါးအရသာ ရှိသောကြောင့် လေကို ကြေကျက်စေ၏။ ဝမ်းမီးတောက်သဖြင့် ဝမ်းမှန်စေ၏။ ဆီးကိုရွှင်စေ၏ဟု တိုင်းရင်းဆေးကျမ်းများ၌ သိရှိရ၏။ ဆီး၊ ဝမ်း၊ လေမှန်သဖြင့် ကျန်းမာရေးကို အထောက်အကူပေး၏။

ကုန်းဘောင်ခေတ် စာဆို သီချင်းတစ်ခု ရှိခဲ့ဖူး၏။ "ရွှေဘိုချဉ်ပေါင် ခုနစ်တောင် ဖူးခေါင်ဝေလို့ဖြိုး၊ ကုန်းဘောင်ရှင် ကုန်းဘောင်ရှင့် နေနွယ်ရိုး" ဟု ဆိုခဲ့ကြ၏။

အမိပ္ပာယ်ကတော့ ရွှေဘိုချဉ်ပေါင်ပင်များသည် အပင်အမြင့် ခုနစ်တောင်အထိမြင့်ကြောင်း၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ အမျိုးများသည်လည်း အရပ်ရှည်ကြသဖြင့် နေမျိုးနတ်နွယ်ပင်မျိုးလည်းများ အရပ်ရှည်ကြောင်း စပ်ဆိုခဲ့ပေသည်။ ၎င်းအပြင် ဦးအောင်ဇေယျက မိဖုရားများကိုလည်း အရပ်ရှည်သူကိုသာ တော်ကောက်၍ မိဖုရားမြှောက်ခဲ့ကြောင်း ကျွန်တော်တို့ငယ်စဉ်က မင်းမှုထမ်းခဲ့ဖူးသော အဘိုးများက ပြောပြ၍ သိရှိရပါသည်။ ကျွန်တော်တို့ကျောင်းသားဘဝတွင် အရပ်ရှည်သော မိန်းကလေးတွေ့လျှင် ရွှေဘိုမင်းကြိုက်ဟု သူငယ်ချင်းများက ပြောဆိုနောက်ပြောင်ခဲ့ဖူးပါသည်။

ရွှေဘိုခရိုင်အတွင်းရှိ အညာဒေသတွင် ရိုးရိုးချဉ်ပေါင်ရွက်ကို ဘိလပ်ရွက်ဟုခေါ်ပြီး ဆေးချဉ်ပေါင် (ဝါ) ရွှေဘိုချဉ်ပေါင်ရွက်ကိုသာလျှင် ချဉ်ပေါင်ရွက်ဟုခေါ်သည်။

တိုင်းရင်းဆေး အလိုအားဖြင့် ရိုးရိုးချဉ်ပေါင်သည် ချဉ်၏၊ ဖန်၏၊ အနည်းငယ်ခါး၏၊ ထို့ကြောင့် လေကိုကြေစေ၏၊ နှုတ်ကို မြိန်စေ၏၊ သည်းခြေကိုနိုင်၏၊ ဝမ်းသက်စေ၏၊ ဆီးကိုအထောက်အကူပြု၏၊ ချဉ်ပေါင်းဟင်းရည်အဖြစ် ချက်၍စားသုံးကြ၏။ ငါးကလေးများဖြင့်လည်းရော၍ ချက်ကြ၏။ ချဉ်ပေါင်ဟင်းစားသုံးခြင်းဖြင့် လေထိုးလေအောင့်ရောဂါများ ပျောက်ကင်းစေပြီး ဝမ်းကိုမှန်စေ၏။

ရွှေဘိုချဉ်ပေါင် (ဝါ) ဆေးချဉ်ပေါင်သည် ချဉ်၏၊ ခါး၏၊ ဝိပါက၌ ဖန်၏၊ အစာကိုကြေကျက်စေပြီး ဝမ်းမီးကို





www.burmeseclassic.com

www.burmeseclassic.com

တောက်စေ၏။ နှလုံးကို အထောက်အကူပြုပေး၏၊ အမောအမန်းခံနိုင်၏၊ အားကိုဖြစ်စေ၏၊ သုက်ကိုပွားစေ၏။ လေထိုး၊ လေအောင့်၊ ဆီးကျင် စသောဝေဒနာများကိုလည်း ပျောက်ကင်းစေ၏။ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ဝေဒနာများကို သက်သာစေ၏။ ထုံကျင်၊ ကိုက်ခဲသောဝေဒနာများကိုလည်း ပျောက်ကင်းစေနိုင်၏။ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ကန်စေသောကြောင့် ကျန်းမာရေးကို များစွာအထောက်အကူပေး၏။ ထို့ကြောင့် အညာဒေသ၊ ရွှေဘိုခရိုင်အတွင်းရှိ တောရွာမြို့ပါ စားသုံးကြပေသည်။

ရွှေဘိုချဉ်ပေါင်ကို ရိုးရိုးငါးပိစိမ်းစား (သို့) ပုဇွန်ခြောက်တို့ဖြင့် ချက်သောက်ပါက ခံတွင်းမြိန်ပြီး ထမင်းစားကောင်း၏။ အချို့က ဝက်သားဖြင့်ရော၍ ချက်စားကြ၏။ အဆီဓာတ်ကို ပယ်ဖျောက်ပြီး စား၍အလွန်ကောင်း၏။ ဝက်သားကို ဓာတ်ဖျက်လိုက်သဖြင့် သွေးတိုးရောဂါသမားများ စားသုံးပါက သွေးမတိုးပါ။ ဝသောပုဂ္ဂိုလ်များ စားသုံးပါက ကိုလက်စထရော (Cholesterol) ဓာတ်များပျက်ပြီး အဝမလွန်တော့ပါ။ လူတိုင်းစားသုံးနိုင်ပြီး မည်သည့်ဘေးဥပဒ်အန္တရာယ်မှ မဖြစ်စေဘဲ ကျန်းမာရေးအတွက် အထောက်အကူပေးမည်မှာ မလွဲပါ။

ချဉ်ပေါင်ကို သနပ်လုပ်၍လည်း စားကြ၏။ သုပ်၍လည်း စားကြ၏။ ချဉ်ပေါင်ကို စားသုံးခြင်းလျှင် ကျန်းမာရေးအထောက်အကူပေးသဖြင့် နည်းမျိုးစုံလုပ်၍ စားသုံးနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## ၅။ ခရေပင် (ချရားပင်)

ခရေပင်ကို အချို့အရပ်ဒေသ၌ ချရားပင်ဟုလည်း ခေါ်ဆိုကြ၏။ ခရေပင်သည် ပင်ကြီးမျိုးဖြစ်၏၊ အမြင့်ပေ လေးဆယ်ကျော်ထိမြင့်၏။ အဖိုပင်၊ အစ်မပင် နှစ်မျိုးရှိ၏။ အမပင်သည် အပွင့်နှင့်အသီး နှစ်မျိုးရှိပြီး၊ အဖိုပင်သည် အပွင့်သာပွင့်၍ အသီးမသီးပါ။ အကိုင်းအခက်များစွာဖြာထွက်ပြီး အရိပ်ကောင်းကောင်းရသော အပင်မျိုးဖြစ်၏။

အရွက်များသည် ရွက်လွှဲထွက်ပြီး ပင်စည်အခေါက်သည် ထူ၍ ညိုမည်းသောအရောင်ရှိ၏။ အရွက်သည် အစိမ်းရောင်ဖြစ်ပြီး အရင်းနှင့်ထိပ်ချွန်ပြီး ဘဲဥပုံဖြစ်၏။ အပွင့်များသည် အဖိုပွင့်နှင့် အမပွင့်ဟူ၍ရှိပြီးလျှင် အဖိုပွင့်သည် အမပွင့်ထက်ကြီး၏။ အရောင်မှာ အဖြူရောင်ဖြစ်၏၊ အမပွင့်သည် အနည်းငယ်သေးပြီး အဝါရောင်ဖြစ်၏။ အသီးသည် စာကလေးဥများနှင့်တူပြီး စာကလေးဥအရွယ်ဖြစ်၏။ နုလျှင် စိမ်း၍ မှည့်လျှင် နီဝါရောင်သမ်းလာ၏။ အသီးကိုစားလျှင် ချိုဖန်သောအရသာ ရှိ၏။ အစေ့မှာ မာကျော၍အညိုရောင်ရှိ၏။ ဆေးဖက်ဝင်သော အစိတ်အပိုင်းမှာ အပွင့်၊ အခေါက်နှင့် အစေ့တို့ဖြစ်ပါသည်။

တိုင်းရင်းမြန်မာ ဆေးကျမ်းတို့၏ ဖွင့်ဆိုချက်အရ အခေါက်သည် ချို၏၊ ခါး၏၊ အေး၏၊ နှလုံးကို အားရှိ၏၊ ဝမ်းမီးကိုပွားစေ၏၊ ရောဂါပိုးများကိုနိုင်၏၊ သွားဖုံးရောင်ရောဂါကို အကျိုးပြု၏၊ သည်းခြေနာကို ပျောက်စေ၏။

အသီးသည် အူကို တွန့်ရှုံ့စေ၏၊ နှုတ်ကို မြိန်စေ၏၊ သွားများကို ခိုင်စေ၏၊ သလိပ်သည်းခြေကိုလည်း နိုင်၏၊ အစေ့သည် နဲ့လှုပ်နေသော သွားများကိုခိုင်စေ၏၊ ရှူပေးပါက ခေါင်းမူးဝေကိုက်ခဲခြင်းကိုလည်း ပျောက်ကင်းစေ၏။

ခရေပွင့်ကို တစ်ညတာ စိမ်ထားပြီးလျှင် နံနက်လင်းလျှင် စစ်၍ ကလေးငယ်များ တိုက်ပေးပါက ရင်ကျပ်၊ ချောင်းဆိုး၊ ချွဲကပ်ခြင်းများ ပျောက်ကင်းစေ၏၊ ခရေပွင့်အဖြူသည် အမျိုးသမီးများ မီးယပ်ရောဂါနှင့် သွားရောဂါများတွင် အသုံးပြုရ၏။ ခရေပွင့်ကို အခြောက်လှန်းပြီး သနပ်ခါးဖြင့် သွေးလိမ်းပါက ပွေး၊ ညှင်း၊ တင်းတိတ်၊ ဝက်ခြံများ ပျောက်ကင်းစေပြီး အသားအရေ ချောမွတ်စေ၏၊ အပူကြောင့်ဖြစ်သော မိတ်များ၊ ယားနာများလည်းပျောက်စေ၏။

အပွင့်ကို ရှူပေးခြင်းဖြင့်လည်းကောင်း၊ အခေါက်ကို သုံးခွက် တစ်ခွက်တင် ကျိုသောက်ခြင်းဖြင့်လည်းကောင်း၊ အသီးအမှည့်ကို စားခြင်းဖြင့်လည်းကောင်း၊ နှလုံးရောဂါကို ပျောက်ကင်းစေ၏။

ခရေခေါက်၊ ရှားခေါက်၊ ဆီးဖြူခေါက် သုံးမျိုး ဆတူစပ်၍ကျိုပြီး ငုံပေးခြင်းဖြင့် ရေစီးကမ်းပြို၊ သွားဖုံးနာရောဂါနှင့် ပါးစပ်[illegible]ဖြစ်သောရောဂါများ ပျောက်ကင်းနိုင်၏၊ ၎င်းအရေ[illegible]း အနာအမျိုးမျိုးအတွက် ဖန်ဆေးပေးခြင်းဖြင့် အနာကျက်၍ အမြန်ဆုံးပျောက်ကင်းချမ်းသာစေနိုင်ပါသည်။

**ဒေါက်တာသက်ဆွေ**

❑



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



## သူ့ထင်မြင်ချက်

သူငယ်ချင်းနှစ်ယောက် ဘီယာဆိုင်တစ်ဆိုင်တွင် ဘီယာသောက်နေကြစဉ် ရုပ်မြင်သံကြားအစီအစဉ်မှ နေ့လယ် ၁၁ နာရီ သတင်းထုတ်လွှင့်နေသဖြင့် ကြည့်လိုက်ရာ စိတ္တဇဖြစ်နေသော လူရွယ်တစ်ဦး ရှစ်ထပ်တိုက် ပြတင်းပေါက်မှ ခုန်ချရန်တကဲကဲဖြစ်နေသည်ကို တွေ့လိုက်ရသည်။ တစ်ယောက်က-

"မင်းနဲ့ငါ ငွေသုံးထောင်ကြေး လောင်းမလား၊ အဲဒီကောင် တကယ်ခုန်ချမှာမဟုတ်ဘူး" ဟူ၍ ပြောရာ ကျန်တစ်ယောက်က လောင်းရန် သဘောတူလိုက်သည်။



ထို့နောက် မိနစ်အနည်းငယ်အတွင်း စိတ္တဇလူငယ်သည် ပြတင်းပေါက်မှ ခုန်ချသွားခဲ့သည်။ ထိုအခါ ရှုံးသူက တစ်ထောင်တန်သုံးရွက် ထုတ်ပေးသည်။ နိုင်သူက တစ်ရွက်ကိုသာယူ၍ ကျန်နှစ်ရွက်ကို ပြန်ပေးပြီး-

"ငါ မတရား မယူချင်ပါဘူးကွာ၊ အဲဒီသတင်းကို မနက် ၈ နာရီတုန်းက တစ်ကြိမ် ထုတ်လွှင့်ပြသခဲ့တာကို ငါကြည့်ပြီးသားကွ"ဟု ပြောလေသည်။

ရှုံးသူကလည်း -

"ငါလည်း မနက် ၈ နာရီသတင်းကို ကြည့်ခဲ့သေးတာပဲ၊ ဒါပေမဲ့ အဲဒီကောင်လေးဟာ တစ်ကြိမ်မှားခဲ့တာကို နောင်တရတဲ့အနေနဲ့ နောက်ထပ်တစ်ကြိမ် ခုန်ချတော့မှာမဟုတ်ဘူးလို့ ငါထင်မိတယ်၊ ဒါကြောင့် ခုန်မချတဲ့ဘက်က လောင်းလိုက်တာပါကွာ" ဟု ပြန်လည်ရှင်းပြလိုက်သည်။

❐

## မေးမိတာ မှားပါတယ်



ဦးဒီပါမြေသည် သူ့ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းသွားရာမှ ရပ်နားရန်အတွက် ကားပါကင်ရှာနေစဉ် အခြားရပ်ထားသော ကားများကို တွေ့ရသဖြင့် ထိုကားများ အနီးအနားတွင် တွေ့ရသော ယာဉ်ထိန်းသူကို လှမ်းမေးလိုက်သည်။

"ဒီနေရာမှာ ကျုပ်ကားကို ရပ်လို့ရမလားကွယ်"

"မရဘူး လူကြီးမင်း၊ ကားရပ်နားခွင့်မပြု ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့တယ်မဟုတ်လား"

"တွေ့တယ်လေ၊ ဒါပေမဲ့ အဲဒီကားတွေက ကားပါကင် မဟုတ်ဘဲ ဘာဖြစ်လို့ ရပ်ထားကြတာလဲ၊ သူတို့ကိုတော့ ဘာဖြစ်လို့ မတားမြစ်တာလဲ"

"သူတို့က ကျွန်တော့်ကိုမမေးကြဘဲ သူတို့သဘောနဲ့သူတို့ ဝင်ရပ်ထားကြတာလေ" ဟူ၍ ဖြေလိုက်လေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

## မြေးအမြေ



ကျွန်ုပ်က နယ်စပ်ဒေသတစ်ခုတွင် နေထိုင်သော သမီးဖြစ်သူထံ ဖုန်းဆက်လိုက်ရာ အသက်ခြောက်နှစ်အရွယ်မျှ ရှိနေလိမ့်မည်ဖြစ်သော မြေးယောက်ျားလေးက ဖုန်းကိုင်၍ 'ဟယ်လို' ဟု ထူးလိုက်သည်။

"အခု ဖုန်းပြောနေတာဘယ်သူလဲ" ဟု ကျွန်ုပ်က မေးလိုက်သည်။

"ကျွန်တော်ပါ"

"အဲဒီ ကျွန်တော်ဆိုတာ ဘယ်သူလဲ"

"ကျွန်တော် ဘိုဘိုပါ"

"ဘိုဘိုဆိုတာ အမှန်ပဲလား"

"မှန်ပါတယ်၊ အခု ဖုန်းဆက်နေတာကော ဘယ်သူပါလဲ"

"ငါ ဘယ်သူဆိုတာ မင်းသိစရာမလိုဘူး၊ မင်းအမေ အခု အိမ်မှာ ရှိသလား၊ ရှိရင် ခေါ်လိုက်စမ်းကွာ၊ ပြောစရာရှိလို့"



"အမေရေ ဖုန်းလာနေတယ်၊ အမေနဲ့ ပြောမလို့တဲ့"

ဖုန်းထဲတွင် လှမ်းမေးသံ ကြားလိုက်ရသည်။

"အမေ့ကို ဘယ်သူက ပြောချင်တာတဲ့လဲ"

"မသိဘူးဗျ၊ ဒါပေမဲ့ သူ့အသံနဲ့ မေးခွန်းတွေ ကြားရတာ ရဲစုံထောက်တစ်ယောက် ဖြစ်လိမ့်မယ်ထင်တယ် အမေ" ဟု မြေး၏ဖြေသံကို ကြားလိုက်ရသည်။ စင်စစ် သူ့အဖေသည် စုံစမ်းစစ်ဆေးရေးဌာနမှ အမှုထမ်းတစ်ဦး ဖြစ်နေသည်ကို ကျွန်ုပ် စဉ်းစားလိုက်မိလေသည်။

❐

## တစ်ခုတော့ ရှိမှာပေါ့တဲ့



သမီးဖြစ်သူ နုနုမာသည် မိခင်ကို သူမချစ်သူအကြောင်းနှင့် ပတ်သက်၍ ရွှန်းရွှန်းဝေအောင် အမွှမ်းတင်ပြောပြနေသည်။

"အစ်ကို့လို လူစားကတော့ တကယ့်ကို ရှားပါတယ် မာမီရယ်၊ ရုပ်ချော သဘောကောင်း၊ ပညာတတ်၊ အောင်မြင်နေတဲ့ လုပ်ငန်းရှင်၊ သူ့မှာ တိုက် သုံးလုံးနဲ့ ကားသုံးစီးလည်းရှိတယ်၊ အလုပ်လည်း ကြိုးစားတယ်၊ သမီးအပေါ်မှာ ကြင်ကြင်နာနာနဲ့ အလိုလိုက် အရေးပေးတယ်"

"ဒါပေမဲ့ အဲဒီကောင်လေးမှာ လက်ထပ်ပြီးသား မယားတစ်ယောက် ရှိတယ်လို့ မာမီကြားထားတယ်"

"ဒါတော့ ဒါပေါ့မာမီရယ်၊ ဘယ်ယောက်ျားမှ အချက်တိုင်းပြည့်စုံနေမှာလဲ၊ တစ်ချက်တလေတော့ ချို့ယွင်းချက်ရှိမှာပေါ့၊ ဒါကို ခွင့်လွှတ်ရမှာပေါ့"

**စွမ်းထက်အောင်**


❐



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

မုဆိုးလည်းသားကောင် ---
_ သားကောင်လည်းမုဆိုး





www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် နွေရာသီတွင် အပူချိန် မြင့်တက်ပြီး ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းကလည်း အန္တရာယ်ပေးလောက်သည့်အဆင့်ထိ မြင့်တက်လာသည်ကို နေရာဒေသအတော်များများတွင် သိသာထင်ရှားစွာ တွေ့ကြုံနေရပါသည်။

ထိုသို့ အပူချိန်လွန်ကဲလာခြင်းကြောင့် လေဖိအားမငြိမ်သက်မှုများ ဖြစ်ပေါ်လာ၍ လေပွေလှိုင်းများ ဖြစ်ပေါ်လာစေပြီး၊ မိုးဦးလေဦးနှင့်အတူ လေပြင်းတိုက်၍ မိုးသီးကြွေခြင်း၊ မိုးကြိုးလျှပ်စစ်လှိုင်းများ ဖြစ်ပေါ်ပြီး မိုးကြိုးပစ်ခြင်းများ ယခုနှစ် မိုးဦးလေဦးတွင် နေရာဒေသအတော်များများတွင် တွေ့ကြုံနေရပေသည်။

မိုးကြိုးပစ်ခြင်းကြောင့် လူနှင့်တိရစ္ဆာန်များ သေကြေမှုများဖြစ်ပွားသည့် သတင်းများ မပြတ်ကြားနေရလေသည်။ နိုင်ငံပိုင်သတင်းစာများမှပင် မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်စေရန် သတိပေးညွှန်ကြားချက်များ ထုတ်ပြန်ပေးနေရပါသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦး ကဆုန်၊ နယုန်လများတွင် နေ၏ အပူချိန်မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လာပြီး ထိုမိုးတိမ်တောင်များ ရွေ့လျားရာ နေရာဒေသတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလျှပ်၍ မိုးကြိုးပစ်ခြင်း၊ မိုးကြိုးစက်ကွင်းဖြစ်ပေါ်လာခြင်း စသည် လူသားတို့ကို အန္တရာယ်ဖြစ်စေလောက်သည့် မိုးလေဝသအခြေအနေများ ပုံမှန်ဖြစ်မြဲထက် ပိုမို၍ပြင်းထန်မှုများ ဖြစ်ပေါ်လာကြခြင်းကြောင့် အများပြည်သူများ၊ တောင်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြရသော လယ်သမားကြီးများ အထူးဂရုပြုနေထိုင် သတိထားကြရန်လိုအပ်ပါသည်။

မိုးဦး၊ လေဦးကျ ရာသီကာလများတွင် မိုးကြိုးပစ်ခံရခြင်းသည် ကံအကြောင်းတရား၏ ရက်စက်မှုဝင်ဖြစ်သော်လည်း အထူးသတိပြု၍ဆင်ခြင်နေထိုင်ကြမည်ဆိုလျှင် မိုးကြိုးအန္တရာယ်မှ ကာကွယ်နိုင်သည့် နည်းလမ်းများရှိပါသည်။

မိုးကြိုး၏ပြင်းထန်သည့် အပူချိန်မှာ "သုံးသောင်းမှ ငါးသောင်း ဒီဂရီဖာရင်ဟိုက်"ရှိလေသည်။

မိုးကောင်းကင်မှ ကမ္ဘာမြေပေါ်သို့ မိုးကြိုးပစ်ရခြင်းမှာ ကမ္ဘာမြေမှ ဆုံးရှုံးသွားသော အီလက်ထရွန်များကို ပြန်လည်အစားထိုးခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ဆိုပါသည်။

မိုးကြိုးပစ်ခံရသူများ၏ သုံးပုံနှစ်ပုံမှာ အိမ်အပြင်တွင် အပစ်ခံရခြင်းဖြစ်ပြီး၊ မိုးကြိုးပစ်ခံရသူ သုံးဦးတွင် နှစ်ဦးသာ အသက်ရှင်ပါသည်။ သေဆုံးသူများ၏ (၈၅)ရာခိုင်နှုန်းမှာ (၃၅)နှစ်အောက်အရွယ် ယောကျာ်းများဖြစ်ကြပြီး သစ်ပင်အောက်တွင် ခိုနေခြင်းကြောင့် သေဆုံးရသူပေါင်းမှာ အများဆုံးဖြစ်သည်။

ထို့ကြောင့် မိုးကြိုးအန္တရာယ်ကို ကာကွယ်နိုင်သည့် လိုက်နာရမည့် အချက်ကိုးချက်ကို ဖော်ပြပေးပါမည်။

မိုးဦးကာလ မိုးရွာလျှင် -

(၁) သစ်ပင်အောက်တွင် မနားခိုပါနှင့်။

(၂) ကွင်းပြင်ထဲတွင် မတ်တတ်ရပ်မနေပါနှင့်။ လှေပေါ်၊ လယ်ကွင်းထဲ၊ ရေပြင်ထဲတွင် ရှိနေပါက အမြန်ဆုံး ကုန်းပေါ်ကို တက်ပါ။

(၃) ကိုင်တွယ်ထားသော သတ္တုပစ္စည်းများကို လွှတ်ချလိုက်ပါ။ ဂေါက်ရိုက်တံ၊ သတ္တုငါးမျှားတံ၊ သေနတ်၊ သံခွာပါသည့် ဖိနပ်များကို ချွတ်ပစ်ပါ။ စက်ဘီး၊ ဆိုင်ကယ်တို့ပေါ်မှ ဆင်းပါ။

(၄) အဆောက်အအုံကြီးကြီးအတွင်းသို့ လည်းကောင်း၊ ကားအတွင်းသို့လည်းကောင်း ဝင်နေပါ။ ကားသည်လည်း မိုးကြိုးရန်ကို ကာကွယ်ပေးပါသည်။

(၅) အထင်များစွာ ပါဝင်နေသည့် အဆောက်အအုံ ဆိုလျှင် အကောင်းဆုံးနေရာမှာ အောက်ဆုံးထပ်၏ အလယ်ကောင်နေရာတွင် နေပါ။

(၆) ကြိုးရှိ ကြိုးမဲ့ဖုန်းများ၊ ရေပိုက်နှင့် မီးပလပ်များကို လုံးဝမသုံးပါနှင့်။

(၇) တံခါးများ၊ ပြတင်းပေါက်များ၊ ရေဒီယိုများနှင့် မီးဖိုများမှ ဝေးနိုင်သမျှ ဝေးအောင်နေပါ။

(၈) အထူးအရေးကြီးဆုံး အသက်ကယ်နိုင်သည့် 'ပွိုင့်'မှာ သင်၏ ဦးခေါင်းထက်မှ ဆံပင်များ ထောင်တက်လာလျှင် ဖြစ်စေ (ယခုခေတ်ပေါ် မိုးကြိုးပစ်ကေပုံစံထားသူများဆိုလျှင် ပိုပြီးသတိထားရမည်။ ဘာကြောင့် ထောင်နေမှန်းမသိရ၍ ဖြစ်သည်။) သင်၏ အရေပြားတွင် စိုးစိုးစစ်စစ်နာကျင်လာလျှင် ဖြစ်စေ သင့်ကို မိုးကြိုးစက်ကွင်းမိနေပြီး မိုးကြိုးပစ်တော့မည်မှာ သေချာနေပြီဖြစ်၍ အရေးပေါ် အရင်ဆုံး ဆောင့်ကြောင့် ထိုင်ချလိုက်ပါ။ ဦးခေါင်းကို ရှေ့သို့ ညွတ်ပြီး ဒူးများကို ပိုက်ပြီး ဖက်ထားလိုက်ပါ။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ဒူးမထောက်၊ ပက်လက်မလှဲ၊ လေးဘက်မထောက်မိစေရန် ထိုသုံးချက်ကို အထူးသတိပြုပြီး ငြိမ်နေလိုက်ပါ။ သင် အနေအထိုင်ကောင်းလျှင် ကောင်းသောအကျိုးကို ရပေလိမ့်မည်။

(၉) မိုးကြိုးရန်ကင်းသည့် အမှတ်သား 'ပွိုင့်'။

နောက်ဆုံးအနေဖြင့် အထူးမှတ်ထားရန်မှာ လျှပ်စီးလက်သည်ကို သင်မျက်စိဖြင့် မြင်လိုက်ပါက သင်သည် ဤတစ်ကြိမ်တွင် ကံကောင်းသွားပါပြီ။ မိုးကြိုးအပစ်မခံရတော့ပါဟု ဝမ်းသာပေတော့။

အထက်ပါ တင်ပြချက်တို့သည် မိုးကြိုးအန္တရာယ်ကို သိပ္ပံနည်းဖြင့် တွက်ဆ၍ ကြိုတင်ကာကွယ်နိုင်စေသည့် နည်းစနစ်များ ဖြစ်ပါသည်။

ယခု ဆက်လက်ဖော်ပြမည်မှာ မိုးကြိုးအန္တရာယ်ကို မြန်မာနည်း မြန်မာ့ပညာဖြင့် ကာကွယ်၍ မိုးကြိုးလွှဲစေရန် စီမံဆောင်ရွက်နိုင်သည့် နည်းလမ်းများကို တင်ပြပါမည်။

ထိုသို့ မိုးကြိုးအန္တရာယ် ကာကွယ်၍ မိုးကြိုးလွှဲစေရန်အတွက် အကောင်းဆုံးနှင့် အလွယ်ဆုံးနည်းမှာ ကျောက်ဖရုံသီးကို မိုးကြိုးလွှဲစေရန် ဆောင်ထားသည့်နည်းပင် ဖြစ်ပါသည်။


ကျောက်ဖရုံသီး၏ ပင်ကိုဗီဇသတ္တိထူးမှာ မိုးကြိုးကို လွှဲစေသည်။ မိုးကြိုးစက်ကွင်းမိသည့် အနာရောဂါကို သက်သာအောင် ဆောင်ရွက်ပေးနိုင်သည့် (လျှပ်စစ်ဓာတ်လိုက်ခြင်း ဒဏ်ကိုလည်း နိုင်ပါသည်) ပင်ကို သတ္တိထူးရှိသည့် အသီး ဖြစ်ပါသည်။


ဓာတ်တရားတို့၏ သဘာဝက ဆန်းကြယ်လှပေသည်။ ကမ္ဘာမှာ အလွန်ပြင်းထန်လှပါသည်ဆိုသည့် အနုမြူရောင်ခြည်ဒဏ်ကို အပြင်ပန်းပုံသဏ္ဌာန်ကိုကြည့်လျှင် ပျော့စိစိ၊ အပူနှင့်တွေ့လျှင် အရည်ပျော်လွယ်သည့် ခဲသတ္တုက ကောင်းစွာ ကာကွယ်နိုင်သည်မှာ အံ့သြဖွယ်ပင် ဖြစ်သလို ပင်ကိုဗီဇ သတ္တိထူးရှိသည့် ကျောက်ဖရုံသီးကလည်း ပြင်းအား 'သုံးသောင်းမှ ငါးသောင်း ဒီဂရီဖာရင်ဟိုက် အပူချိန်' ရှိသော မိုးကြိုးစက်ကွင်းဒဏ်ကို မကျရောက်အောင် လွှဲပေးနိုင်သည့် သတ္တိ ရှိပါသည်။

ထို့အပြင် မိုးကြိုးစက်ကွင်းမိခြင်း (သို့) လျှပ်စစ်ဓာတ်လိုက်ခြင်းတို့ကြောင့် ခံစားနေရသော ဝေဒနာများကိုလည်း ကျောက်ဖရုံသီးမှ သက်သာအောင် စွမ်းဆောင်ပေးနိုင်ပါသည်။

မြရာသပတ်၊ ကြပ်ရာသပ်ပင်း ဆိုစကားကဲ့သို့ ထိုဗီဇသတ္တိထူး ရှိနေသော ကျောက်ဖရုံသီးကို ပိုမို၍ အစွမ်းထက်စေရန် "မိုးကြိုးပစ်လျှင် ပဋ္ဌာန်းလက်နှင့်ကာ" ဆိုသကဲ့သို့ မိုးကြိုးကာ ကျောက်ဖရုံသီးကို အသီး၏အညှာဘက် အပေါ်ပိုင်း မျက်နှာပြင်တစ်ပတ်လည်ကို အညီအမျှ မျက်နှာပြင်ရှစ်ခု ခဲတံဖြင့် နေရာသတ်မှတ်ပြီး ပဋ္ဌာန်း (၂၄)ပစ္စည်းကို မျက်နှာပြင် (၁) မှစပြီး (၃) ပစ္စည်းကျ ခဲတံဖြင့် ပီသစွာရေးရမည်။ မျက်နှာပြင် (၈)ခု အပြည့်ရေးလိုက်လျှင် ပဋ္ဌာန်း (၂၄) အပြည့်ရေးပြီးဖြစ်၍ ကျောက်ဖရုံသီး တစ်ပတ်လည် ပြည့်သွားပြီဖြစ်သည်။

ပြီးလျှင် ထိုကျောက်ဖရုံသီး၏ ဟေတုပစ္စယော ပဋ္ဌာန်းပစ္စည်းရေးထားသည့် ပထမမျက်နှာပြင်၏ အောက်ဘက်၊ ကျောက်ဖရုံသီး အလယ်ပိုင်း ခါးနေရာတွင် တြိဂံပုံ သဏ္ဌာန်ကြီးကြီးတစ်ခုကို ခဲတံနှင့်ဆွဲပါ။





ပြီးလျှင် ပုံမှာပြထားသည့်အတိုင်း "အရဟံ၊ ဘဂဝါ၊ နဘယ"ဟု အစဉ်အတိုင်းရေးပြီး တြိဂံ၏အတွင်းဘက်နေရာတွင် အိမ်၏အိမ်ထောင်ဦးစီး အကြီးအကဲ၏ နေ့နံဂဏန်းကို ရေးသွင်းပါ။

ဥပမာ - တနင်္ဂနွေသားဆိုလျှင် " > "ဟု ရေးသွင်းပါ။ ကျန်နေ့နံသားများဆိုလျှင်လည်း အလားတူ နံသင့်ဂဏန်း ရေးသွင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

အားလုံး စီမံရေးသားပြီးပြီးဆိုလျှင် ထိုကျောက်ဖရုံသီးကို ဘုရားစင်ရှေ့တွင် အရှည်လိုက် ထောင်ထားပြီး အောက်မှ လင်ဗန်းခံထားပါ။

အိမ်ထောင်ဦးစီးမှ ကိုယ်လက်သန့်စင်စေပြီး ဘုရားရှင်ကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး ငါးပါးသီလခံယူ၍ ပဋ္ဌာန်း(၂၄)ပစ္စည်းကို (၂၇)ခေါက်၊ သမ္ဗုဒ္ဓေဂါထာကြီးကို (၂၇)ခေါက် ရွတ်ဆိုပူဇော်ပြီး မိမိတို့ အိမ်ဦးခန်း အမြင့်တစ်နေရာတွင် ထိုကျောက်ဖရုံသီးကို ချိတ်ဆွဲထားလိုက်မည်ဆိုပါက ကျောက်ဖရုံသီး မပျက်စီးသရွေ့ မိုးကြိုးအန္တရာယ်ကို ကာကွယ်သွားပါလိမ့်မည်။

ထို့ကြောင့် ဤကျောက်ဖရုံသီး မိုးကြိုးလွှဲအစီအမံကို မိုးဦးလေဦးမကျမီ (သင်္ကြန်မကျမီ)အချိန်ကာလတွင် စီမံထားနိုင်လျှင် အဆင်ပြေဆုံးဖြစ်ပါသည်။

ယခု ရေးသားတင်ပြခဲ့သည်တို့မှာ မိုးလေဝသ ဇာမ္ဘာရာသီဥတုကြီး တစ်ခုလုံး၏ ကပြောင်းကပြန်ဖောက်ပြန်နေကြခြင်းကြောင့် မိုးဦးလေဦး ကာလများတွင် ယခင်အချိန်အခါများထက် တစ်နှစ်ထက်တစ်နှစ် ပိုမို၍ လူသားများ မိုးကြိုးလျှပ်စစ်စက်ကွင်းအန္တရာယ်ကို တွေ့ကြုံရင်ဆိုင်ခံစားနေကြရခြင်းဘေးမှ အတတ်နိုင်ဆုံး ကာကွယ်နိုင်ရန် သိပ္ပံနည်းအရ သတိပြု ဆင်ခြင်ဖွယ်များနှင့် တိုင်းရင်းမြန်မာ့နည်း၊ မြန်မာ့ရိုးရာပညာရပ်များဖြင့် နဂိုဇီဝသတ္တိမှာကိုက မိုးကြိုးလျှပ်စစ်ဓာတ်ကို ကာကွယ်စေနိုင်သည့်အစွမ်း ပါရှိပြီးဖြစ်သော ကျောက်ဖရုံသီးကို ပိုမိုအစွမ်းပြည့်၍ ထက်မြက်စေအောင် စီမံကာကွယ်သည့် နည်းပညာကို အများပြည်သူတို့ အကျိုးကျေးဇူးများစေရန် စေတနာရည်သန်၍ ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ပါသည်။

**ဦးမင်းဇင်(ရွှေနဝင်း)**


# ဆရာဦးခင်းထွန်း D.B.B.W - C.T (Med)

# အုန်းချွင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ


နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းနာ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | ➠ | နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ |
| လိပ်စာ | ➠ | အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ☎ | ➠ | ၀၉-၇၃၁၃၆၄၁၄၊ ၀၉-၇၉၉၆၉၁၉၉၇၊ ၀၉-၂၅၄၉၃၂၆၉၉ |
| လမ်းညွှန် | ➠ | ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။ |


www.burmeseclassic.com

# နကျယ်အိမ်နှင့် ကျွန်ုပ်ကိုယ်တွေ့

ဆရာကြီးဦးအောင်မြိုင်



အိမ်ရှေ့ မျက်နှာစာ အဝင်တံခါးဝအထက်မှ မှန်ပြားထောင့်တွင် အုံဖွဲ့နေသော နကျယ်အိမ်



အိမ်ရှေ့ မျက်နှာစာတွင် ချိတ်ထားသည့် သံစုံခေါင်းလောင်းကြိုးမှာ အုံဖွဲ့ထားသော နကျယ်အိမ်

ကျွန်ုပ့်အိမ်ရှေ့ မျက်နှာစာ သံဘာဂျာတံခါးတွင် လာဘ်ခေါ်အဖြစ် ချိတ်ဆွဲထားသော သံစုံခေါင်းလောင်းကြိုး တစ်ချောင်းတွင် နကျယ်အိမ် လာဖွဲ့ထားသည်။ နေ့စဉ်နှင့် အမျှ လူဝင်၊ လူထွက်များသော၊ အမြဲလိုလိုလှုပ်ရှားနေသော နေရာမျိုးတွင် နကျယ်အိမ်လာဖွဲ့သော ရွေးချယ်မှုကို ကျွန်ုပ် နားမလည်နိုင်အောင်ဖြစ်မိသည်။

တစ်ဖန် အိမ်ရှေ့အဝင်အထွက် သစ်သားတံခါးမကြီး အထက် မှန်ပြားထောင့်တွင်လည်း နကျယ်အိမ် လာဖွဲ့ထား ပြန်သည်။

နကျယ်ကောင်လေးများသည် ထိုသို့အိမ်ဖွဲ့ပြီးလျှင် အတွင်းမှာ ဥများ ဥချထားကာ အပြင်မှစောင့်ရှောက်တတ်သည်။ ထိုဥများမှ အကောင်ငယ်များပေါက်ပြီး ပျံသန်းနိုင်သောအချိန်တွင် နကျယ်အိမ်ဟောင်းကို စွန့်ပစ်သွားလေ့ရှိသည်။

နောက်တစ်ကြိမ် ဥချရန်အတွက် နေရာသစ်ရွေးချယ်ကာ နကျယ်အိမ်ဖွဲ့ပြန်သည်။ အများအားဖြင့် လူအများလက်လှမ်းမမှီသောနေရာ၊ ကျေးငှက်များအနှောင့်အယှက်ကင်းလွတ်သောနေရာမျိုးကို ရွေးချယ်ကြသည်။ တစ်ခါတစ်ရံတွင်တော့ လူတွေ လက်လှမ်းမီပြီး အမြဲလှုပ်ရှားနေသော နေရာမျိုးကို ဘာ့ကြောင့်ရွေးချယ် အိမ်ဖွဲ့ကြသည်ကို မတွေးတတ်တော့ပါ။

အိမ်ရှေ့အဝင်အထွက် လာဘ်ခေါ်နေရာတွေမှာ နကျယ်အိမ်ဖွဲ့ပြီးနောက် ကျွန်ုပ်၏နေအိမ်၊ အလုပ်ခန်းမှာ သိသိသာသာ လူလာနည်းပါး၊ ဝင်ငွေနည်းပါး၊ လာဘ်ပိတ်သွားကြောင်း သတိပြုမိပါသည်။ နှစ်လ၊ သုံးလကြာသည် အထိ သည်းမခံနိုင်လောက်အောင် လာဘ်ပိတ်နေပါသည်။

ဤသို့ လူလာပါးမည်ကို နကျယ်ကောင်များ ကြိုတင်သိထားလေသလား (သို့မဟုတ်) နကျယ်ကောင်များ အိမ်ဖွဲ့ခြင်းကြောင့် လာဘ်ပိတ်သွားလား၊ မဝေခွဲနိုင်ဖြစ်ရသည်။ ဘာပဲဖြစ်ဖြစ်မိသားစု၏ စားဝတ်နေရေးကို ဦးစားပေးရမည့် အိမ်ထောင်ဦးစီး တာဝန်ရှိသူဖြစ်၍ လာဘ်ခေါ်သံစုံခေါင်းလောင်းကြိုးတွင် အိမ်ဖွဲ့နေသော နကျယ်အိမ်နှင့် အိမ်ရှေ့အဝင်၊ အထွက် တံခါးမကြီးအထက် မှန်ပြားထောင့်မှာ အိမ်ဖွဲ့နေသော နကျယ်အိမ်တို့ကို ကျွန်ုပ်ကိုယ်တိုင် တစ်စမကျန်အောင် ဖြိုဖျက်ပစ်လိုက်ရပါသည်။

ဖြိုဖျက်လိုက်သော နကျယ်အိမ်အပိုင်းအစ (ရွှံ့မြေခဲ)များကိုတော့ အမှတ်တရအဖြစ် ပလတ်စတစ်အိတ်တွင် အလုံပိတ်ထုပ်ကာ သိမ်းဆည်းထားလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

တိုက်တိုက်ဆိုင်ဆိုင် နကျယ်အိမ် ဖျက်ပြီးချိန်မှစ၍ ကျွန်ုပ်နေအိမ် အလုပ်ခန်းမှာ လူသူပရိသတ် ပြန်စည်ကားလာသည်။ ငွေဝင်လာဘ်ရွှင် ပြန်ဖြစ်လာသည်။

လွန်ခဲ့သော တစ်လခန့်က ဇနီးဖြစ်သူမှာ ပေါင်ရင်းတွင် သွေးစုနာအဖုနီလေးတစ်လုံး ပေါက်ပြီး နာကျင်ကိုက်ခဲကာ ပေါင်ရင်းအကြိတ်ရောင်လာသဖြင့် လမ်းပင်မလျှောက်နိုင်၊ အတွင်းခံဘောင်းဘီလည်း မဝတ်နိုင်ဖြစ်ခဲ့သည်။

သူသွားပြနေကျ ဆေးခန်းမှာ ဆေးထိုးခြင်း၊ ဆရာဝန်ပေးလိုက်သော သောက်ဆေးများ သောက်ခြင်းတို့ပြုသော်လည်း နှစ်ရက်၊ သုံးရက် ကြာသည်အထိ မသက်သာသေး။ လိမ်းဆေး မပေးလိုက်ဟု သိရသည်။


ကျွန်ုပ်မှာ မြန်မာ့တိုင်းရင်းဆေးပညာကို အနည်းအကျဉ်း လေ့လာထားသူဖြစ်၍ ပလတ်စတစ်အိတ်ဖြင့် သိမ်းဆည်းထားသော နကျယ်အိမ် အပိုင်းအစအချို့ကို ယူ၍ ကျောက်ပျဉ်မှာ ရေနှင့်အနည်းငယ်သွေးလိုက်သည်။ နကျယ်အိမ် ရွှံ့စေးမြေမှာ ဆေးဖက်ဝင်ပါသည်။ ထိုသို့ ရေနှင့်ဖျော်ကာ သွေးထားသော နကျယ်အိမ်ပျော်ရည်မှာ သနပ်ခါးရောင်နှင့်ဆင်တူသည်။ ထိုနကျယ်အိမ် ရွှံ့စေးပျော်ရည်ကို ညာလက်ညှိုးဖြင့်ယူပြီး ဇနီးပေါင်ရင်းရှိ သွေးစုနာအဖုနှင့် ပေါင်ရင်းအကြိတ် ရောင်နေသောနေရာတို့ကို ခပ်ထူထူလိမ်းပေးလိုက်ပါသည်။

မနက်ပိုင်းတစ်ကြိမ်၊ ညပိုင်းတစ်ကြိမ် တစ်ရက် နှစ်ကြိမ် ရေချိုးပြီးတိုင်း ထိုသို့လိမ်းစေခဲ့ပါသည်။ ပထမတစ်ရက် လိမ်းပြီးသည်နှင့် နာကျင်ကိုက်ခဲမှု သက်သာသွားသည်။ ပေါင်ရင်းအကြိတ်လည်း အရောင်လျော့သွားသည်။ သွေးစုနာအဖုလည်း အနည်းငယ်ပျော့ပြီး ပိန်ရှုံ့သွားသည်။ သုံးရက်လိမ်းပြီးသောအခါ သွေးစုနာအဖုလည်း လုံးဝကျေပျက်ပျောက်ကင်းပြီး ပေါင်ရင်းအကြိတ်လည်း လုံးဝရှာမတွေ့တော့ပါ။

စာဖတ်သူများ အရေးကြုံလျှင် ကိုယ်တိုင်ဆောင်ရွက် အသုံးချနိုင်ကြပါစေ။

**ဆရာကြီး ဦးအောင်မြိုင်**

❑




ချမ်းသာရေးအတွက်

ကျန်းမာရေး

လက်ဆောင်

ဒေါက်တာ နိုက်တင်ဂေးလ်

**ဖြန့်ချိရေး** - ဧယျာမြေစာပေတိုက်
အမှတ်(၇၂၄)၊ အခန်း(၁၈)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၇



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြည်သန်း
(ဖောင်တော်သီ)

# သံသရာစက်ဝန်းမှ လွတ်ကင်းလိုပြီ

ဆောင်းအကုန် နွေအကူး လေရူးလေတွေ ဝှေကာ ဝိုက်ကာ တိုက်လာနေပြီ။ လေအဝှေ့တွင် ကျွန်တော့်ပေဒင် ဟောခန်းမှ လှမ်းမြင်နေရသော သစ်ပင် ပန်းမှင်တို့မှ ရော် ရွက်ဝါလေးတွေ လေတွင်ဝဲပျံကာ ကြွေကျမြေခနေကြသည်။ ဗာဒံပင်ထိပ်ဖျားဆီက ဥသြငှက်လေးတစ်ကောင် ဥသြ. . . ဥသြနှင့် လွမ်းတေးသီဆိုနေသည်။

မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးဆီမှ ဆည်း လည်းသံ တချွင်ချွင်ကိုလည်း ကြားနေရသည်။ ဘုရားရင်ပြင် မြောက်ဘက်ခွင်က မောင်းကြီးတီးသံ တဒူဒူဖြင့် ကြေးစည်ကြီး တီးသံ [illegible]ဝေ. . . ဒူဝေကိုလည်း တစ်ချက်တစ်ချက် ကြား နေရသည်။

ဥသြသံလေး ကြားလိုက်၊ ကြားစိတ်လေး ပျက်သွား လိုက်၊ ဆည်းလည်းသံလေး ကြားလိုက်၊ ကြားစိတ်လေး ပျက် သွားလိုက်၊ မောင်းတီးသံ အစားဝင်လာလိုက်၊ မောင်းတီးသံ ပျက်သွားလိုက်၊ ကြေးစည်တီးသံ အစားဝင်လာလိုက်၊ ကြေး စည်တီးသံ ပျက်သွားလိုက် ဖြစ်နေသည်။ နားအကြည်နှင့် အသံဆုံပြီး ဖြစ်ပေါ်လာသည့် ကြားစိတ်လေးကို သတိကပ် ကြည့်နေရာ ဖြစ်ပျက်တို့သည် မဆုံးနိုင်ဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော

“ကမ္မဋ္ဌာနဝိနိ မုတ္တော ဓမ္မောနာမ နတ္ထိ ဆိုသည့် ကမ္မဋ္ဌာန်းမှ လွတ်သောတရားသည်မရှိ။ တိလက္ခဏာဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ ဆိုသည့် လက္ခဏာရေး သုံးပါးတရားမှ လွတ်သော တရားသည်မရှိ။ စတုသစ္စဝိနိ မုတ္တော ဓမ္မောနာမ နတ္ထိဆိုသည့် သစ္စာလေးပါးမှ လွတ်သောတရားသည် မရှိ” ဆိုသည့် တရားတို့ကို သတိရလာမိပြန်သည်။

သတိလေးကပ်ပြီး တရားအသိလေးဖြင့်နေရသည်မှာ ငြိမ်းချမ်းလှပါသည်။ အသက်က ခုနစ်ဆယ်နားသို့ ကပ်လာပြီဖြစ်သဖြင့် သံသရာဝဋ်ဒုက္ခတွေကို ဆက်လက်ပြီး မခံစားချင်တော့ပါ။ သံသရာစက်ဝန်းမှ လွတ်ကင်းလိုလာသည်။

လူဝတ်ဖြင့် ငါးပါးသီလ အမြဲစောင့်ထိန်းပြီး မဂ္ဂင်ရှစ်ပါး တရားအတိုင်း အားထုတ်သွားခဲ့လျှင် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ် နှစ်မဂ်လောက် ရရှိနိုင်သည်ကို သိသည်။ ကြိုးစားအားထုတ်ဆဲလည်း ဖြစ်သည်။

တစ်ဖန် ရဟန်းဝတ်ဖြင့် တရားအားထုတ်ရလျှင် မဂ်တရား၊ ဖိုလ်တရားတွေ ပိုပြီးမြန်မြန်ရနိုင်လေမလားဟု တွေးမိသဖြင့် ရှေးနက္ခတ်ဗေဒင်ပညာရှင်ကြီးများ ရေးသားထားခဲ့သည့် ယောဂီယုဂ်များကို ပြန်လည်ဖတ်ကြည့်မိပါတော့သည်။

ဆရာရဲသေ့များ ရှင်းပြထားသော ယောဂီယုဂ်တချို့ကို ဖော်ပြလိုက်ပါသည်။

ဘာဝတစ်ခုတည်းတွင် ဂြိုဟ် ၄-လုံးနှင့်အထက် ရပ်တည်လျှင် ယောဂီယုဂ်ရ၏။ ဘာဝတစ်ခုအတွင်း တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ ပူးယှဉ် ကြလျှင် သို့မဟုတ် တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်တို့ ပူးယှဉ်ကြလျှင် သို့မဟုတ် တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးယှဉ်ကြလျှင် ယောဂီယုဂ်ရ၏။

တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ ပူးယှဉ်သောသူ သို့မဟုတ် တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးယှဉ်သောသူ၊ သို့မဟုတ် တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးယှဉ်သောသူသည် လောကီကို စွန့်၍ ရသေ့ရဟန်း ဖြစ်လိမ့်မည်။

တနင်္ဂနွေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးယှဉ်ကြလျှင် သို့မဟုတ် တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ ပူးယှဉ်ကြလျှင် ရသေ့ရဟန်းယုဂ်ရ၏။

တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးယှဉ်ကြလျှင် သို့မဟုတ် တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးယှဉ်ကြလျှင် သို့မဟုတ် တနင်္လာဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ အားဗလနှင့်ပူးကြလျှင် ယောဂီယုဂ်ရ၏။

၁၀-တန့်ဘာဝသခင်ဂြိုဟ်သည် အခြားဂြိုဟ် ၄ လုံးနှင့်အတူ ကိန်းအိမ် သို့မဟုတ် တြိကောဏအိမ်တွင် ရပ်တည်လျှင် ဇာတာရှင်သည် ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်လိမ့်မည်။

ရာသီတစ်ခု၏ အဆုံးတွင် လင်ရပ်တည်၍ ယင်းရာသီကို သောမဂြိုဟ်တစ်လုံးက ပိုင်ဆိုင်ပြီး ကြာသပတေးဂြိုဟ်သည် ကိန်းအိမ် သို့မဟုတ် တြိကောဏအိမ်တွင် ရပ်တည်လျှင် ဇာတာရှင်သည် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်လိမ့်မည်။

တနင်္လာဂြိုဟ်သည် စနေဒြေက်ာင်းစီး၍ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့၏ အမြင်ခံရလျှင် ဇာတာရှင်သည် ယောဂီဖြစ်လိမ့်မည်။

တနင်္လာဂြိုဟ်သည် အင်္ဂါနဝင်းစီး၍ စနေဂြိုဟ်၏ အမြင်ခံရလျှင် ဇာတာရှင်သည် ဗုဒ္ဓဘာသာ ရဟန်းဖြစ်၍ ဂါထာမန္တရား ရွတ်ဖတ်ခြင်းကို ကျွမ်းကျင်လိမ္မာလိမ့်မည်။

မွေးဖွားချိန်တွင် စန်းရပ်တည်သော ရာသီသခင်ဂြိုဟ်သည် အခြားဂြိုဟ်များကိုမမြင်ဘဲ စနေဂြိုဟ်ကိုသာမြင်လျှင် ဇာတာရှင်သည် ယောဂီဖြစ်လိမ့်မည်။

စနေဂြိုဟ်သည် ဒိဏ္ဏစန်းရပ်တည်သော ရာသီသခင်ဂြိုဟ်ကိုမြင်လျှင် ဇာတာရှင်သည် ယောဂီဖြစ်လိမ့်မည်။

စန်းသည် စနေ သို့မဟုတ် အင်္ဂါနဝင်းစီးပြီး စနေဂြိုဟ်၏ အမြင်ခံရလျှင် ဇာတာရှင်သည် လောကီကို စွန့်ပယ်လိမ့်မည်။


ကြာသပတေးဂြိုဟ်၊ တနင်္လာဂြိုဟ်နှင့် လင်တို့ကို စနေဂြိုဟ်ကမြင်၍ ကြာသပတေးဂြိုဟ်သည် ၉-တန့်ဘာဝတွင် ရပ်တည်လျှင် ရာဇယုဂ်နှင့်မွေးဖွားသော ဇာတာရှင်သည် ဘာသာရေးစနစ်တစ်ခုကို ထူထောင်သူဖြစ်လိမ့်မည်။

စနေဂြိုဟ်သည် ၉-တန့်ဘာဝတွင် ရပ်တည်၍ အခြားဂြိုဟ်များ၏ အမြင်မခံရလျှင် ရာဇယုဂ်ရသော ဇာတာရှင်သည် မင်းမဖြစ်မီ ယောဂီဝတ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်
ဦးဝိမလဇာတာ

## နမူနာ ဇာတာများ

နမူနာဇာတာ (၁) တွင် စန်းသခင် သောကြာဂြိုဟ်သည် အခြားဂြိုဟ်များကို မမြင်ဘဲ စနေဂြိုဟ်ကိုသာ မြင်သည်။ ယောဂီယုဂ်ရသည်။

နမူနာဇာတာ (၂) တွင် စန်းရပ်တည်သော ရာသီသခင်သည် တနင်္လာဂြိုဟ်ပင်ဖြစ်သည်။ စနေဂြိုဟ်က ၁၀ တန့် အပြည့်မြင်သည်။ ယောဂီယုဂ်ရသည်။

နမူနာဇာတာ (၃) တွင် ကြာသပတေးဂြိုဟ်၊ တနင်္လာဂြိုဟ်နှင့် လဂ်တို့ကို စနေဂြိုဟ်ကမြင်၍ ကြာသပတေးဂြိုဟ် ၉ တန့်တွင် ရပ်တည်နေသည်။ ယောဂီယုဂ်ရသည်။

နမူနာဇာတာ (၄) တွင် စနေဂြိုဟ်သည် ၉ တန့်ဘာဝတွင် ရပ်တည်၍ အခြားဂြိုဟ်များ၏ အမြင်မခံရသဖြင့် ယောဂီယုဂ်ရသည်။

နမူနာဇာတာ (၅) သည် လှည်းကူးမြို့နယ်၊ ဘိုးရင်တလေးကျေးရွာ၊ ကျွန်းကျောင်းဆရာတော် ဦးဝိမလ၏ဇာတာ ဖြစ်ပါသည်။

ဇာတာတွင် မြိဿရာသီ၌ တနင်္ဂနွေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ အတူပူးယှဉ်ရပ်တည်နေသည်။ ကြာသပတေးဂြိုဟ် မိဿရာသီတွင် ရပ်တည်နေသည်။

ဆရာတော်သည် ကားလမ်းမပေါက်၊ လျှပ်စစ်မီး မရှိသည့် ဘိုးရင်ကလေးရွာကို ကားလမ်းပေါက်ပြီး လျှပ်စစ်မီး တထိန်ထိန်ဖြင့် မြို့ကြီးကဲ့သို့ ဖြစ်လာလိမ့်မည်။ ဆရာတော် တရားအားထုတ်ရာ အောင်မြင်ခဲ့သည့် ကျောင်းဝင်းအတွင်းရှိ အောင်မြေနေရာတွင် အကြီးအကဲများ ဘုရားတည်ကြလိမ့်မည်ဟု မပျံလွန်မီကပင် ကြိုတင်မိန့်ကြားခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဝိမလ ၂၃-၅-၂၀၀၇ နေ့ နံနက် ၇း၂၀ နာရီတွင် ပျံလွန်တော်မူခဲ့ပါသည်။

ယခုအခါ ဆရာတော် မိန့်ကြားခဲ့သည့်အတိုင်းစင် ကျောင်းဝင်းအထိ ကားဝင်နိုင်နေပါပြီ။ တစ်ရွာလုံး လျှပ်စစ်မီး ထိန်ထိန်လင်းနေပြီး အောင်မြေနေရာတွင် အကြီးအကဲများ ဦးစီးတည်ထားသည့် ရန်အောင်မြင်စေတီတော်ကြီးသည် လည်း ကြည်ညိုသပ္ပာယ်စွာ တည်ရှိနေပါသည်။

တရားအားထုတ်လိုသူ ယောဂီအပေါင်းအားလည်း တရားသွားရောက် အားထုတ်နိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။ ယောဂီအပေါင်း ဝိပဿနာတရား ပွားများ အားထုတ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ အဆင့်ဆင့်ရရှိကာ သံသရာစက်ဝန်းမှ လွတ်ကင်းနိုင်ကြပါစေရယ်လို့သာ။

**အောင်ကြည်သန်း(ဖောင်တော်သီ)**

**ကျမ်းကိုးစာရင်း**

(၁) သာရာဝလီဗေဒင်ကျမ်း (ပ)တွဲ၊ ဒေါက်တာဗိုလ်လေး။
(၂) ဖလဒီပိကာဗေဒင်ကျမ်း (ဒု)တွဲ၊ ဒေါက်တာဗိုလ်လေး။
(၃) မြို့ဟစ်ဇာတကကျမ်း၊ ဒေါက်တာဗိုလ်လေး။



www.burmeseclassic.com


www.burmeseclassic.com

# စွဲကပ်သလင်းကျောက် ယတြာအဆောင်

ဆရာကြီး ဦးအောင်မြိုင်



ဒေါနတောင်တန်း တစ်နေရာမှထွက်သည့် စွဲကပ်သလင်း ပုံဆောင်ခဲတစ်အုံ



မီးဂိုင်းတောင်တန်း တစ်နေရာမှထွက်သော စွဲကပ်သလင်း ပုံဆောင်ခဲတစ်အုံ

ခိုင်မြဲစေလိုသော ကိစ္စရပ်များ၊ ပေါင်းစည်းစေလိုသော ကိစ္စရပ်များတွင် စွဲကပ်သတင်းကျောက် ယတြာအဆောင်ကို စီရင်အသုံးပြုရသည်။

ကျွန်ုပ်၏ လက်ဦးဆရာဖြစ်သော ကရင်ပြည်နယ်မှ ဂမ္ဘီရပညာရှင်ကြီးဦးပန်းအေး၏ ကိုယ်တွေ့နည်းလမ်းကောင်း တစ်ခုကို ဖော်ပြပေးပါမည်။

စွဲကပ်သလင်းကျောက်များကို မြန်မာပြည်အနှံ့ ပေ ၁၀၀၀ မှ ပေ ၆၀၀၀ ခန့်အထိ မြင့်သော တောင်တန်းများ တန်းများတွင် ရှာဖွေရရှိနိုင်ပါသည်။

ပေ ၁၀၀၀ ဝန်းကျင် အမြင့်ရှိသော တောင်များတွင် ရေခဲရောင်၊ နို့နှစ်ရောင် စွဲကပ်သတင်းတုံးအုံများကို ပို၍ တွေ့ရှိရပြီး ခြောက်မြောင့်ပုံဆောင်ခဲများမှာ အမြင့်တစ်လက်မ ဝန်းကျင်သာရှိပြီး ထို့ထက်နိမ့်သော ပုံဆောင်ခဲများ စွဲကပ်နေတတ်သည်။ အချို့ စွဲကပ်သလင်းအုံများမှာ အလေးချိန် ငါး ကျပ်သားခန့်ရှိပြီး အချို့မှာ အလေးချိန်ပိဿာကျော်များလည်း ရှိနိုင်သည်။ ကရင်ပြည်နယ်တွင် ဖာပွန်ခရိုင်၊ မီးဂိုင်း တောင်တန်းမှာ အများအားဖြင့် ရှာဖွေရရှိနိုင်ပါသည်။

အမြင့်ပေ သုံးထောင်မှ ခုနစ်ထောင်ခန့်အထိ မြင့်သော တောင်တန်းများပေါ်တွင် အမြင့် ခြောက်လက်မခန့်မှ တစ်ပေခန့်အထိမြင့်သည့် ရေခဲရောင်သလင်းကြည် ပုံဆောင်ခဲများ စွဲကပ်နေသည့် စွဲကပ်သလင်းကျောက်များကို ပိုမို တွေ့ရှိနိုင်သည်။ အချို့အုံများမှာ အလေးချိန် ၁၅ ကျပ်သား ခန့်သာရှိပြီး အချို့ ပိဿာကျော်များလည်း ရှိကြသည်။ အချို့အုံများမှာ ပိဿာ(၅၀)ခန့်အထိ ရှိကြောင်း သိရသည်။

ထိုစွဲကပ်သလင်း နှစ်မျိုးအနက် မိမိတို့ရှာဖွေရရှိရာ (သို့) နှစ်သက်ရာ စွဲကပ်သတင်းကျောက် တစ်မျိုးမျိုးကို အသုံးပြုနိုင်ပါသည်။ စွဲကပ်သလင်းအုံကို ယတြာအစီအရင် အဖြစ်၊ အဆောင်ကျောက်အဖြစ် အသုံးပြုရန်အတွက် သိဒ္ဓိတင်ရာတွင် “တောင်ဖီလာဂါထာကျော်”ကို နေ့စဉ် မနက် ၁၀၈ ခေါက်၊ ည ၁၀၈ ခေါက် ၉ ရက် ရွတ်ပွား ပူဇော်ပေးရသည်။





www.burmeseclassic.com

www.burmeseclassic.com

တောင်ဖီလာ ဂါထာတော်

နောရဇ္ဇတိ၊ ရဇ္ဇမာနော၊ နနော၊ နနော၊ ဥတ္တမော။

မာနော၊ နနော၊ နနော၊ ဘုမ္မိရာဇာနော၊ နနောသတ္တမော။

ဣတိပိသော၊ ဘဂဝါ၊ ဝုတ္တာ၊ ဣတိမန္တာ၊ သုခါဝဟော။

ဣတိဗုဒ္ဓေဟိသရဏံ၊ သဗ္ဗဒေဝါ ပိယံ မမ။

ဣတိဓမ္မေဟိသရဏံ၊ စတုရာဇာ ပိယံ မမ။

ဣတိသံဃေဟိသရဏံ၊ သဗ္ဗရာဇာ ပိယံ မမ။

ဣတိရတနသရဏံ၊ ပုရိသ ဣတ္ထိ ပိယံ မမ။

ဣတိသဗ္ဗေ အန္တရာယော၊ ဝိနာသန္တု၊ အသေသတော။

စွဲကပ်သလင်းကျောက်ယတြာအဆောင်ကို အိပ်ခန်းအတွင်းအမြင့်တစ်နေရာမှာဆောင်ထားလျှင် အိမ်ထောင်ရေးသာယာပျော်ရွှင်နိုင်မြဲခြင်း၊ အိမ်ထောင်ဖက်ကို ခြေငြိမ်အိမ်ကပ်စေခြင်း၊ မိသားစု စည်းစည်းလုံးလုံး အတူတကွလုပ်ကိုင်နေထိုင်ရခြင်း၊ ငွေကြေးဥစ္စာပစ္စည်းများ ခိုင်မြဲခြင်းစသည်တို့ အကျိုးရှိစေပါသည်။ ဆိုင်များ၏ ဘုရားစင်တွင် ထားပါက ဆိုင်မှာ ဖောက်သည်ဟောင်းများမြဲပြီး ဖောက်သည်သစ်များ တိုးပွားရရှိခြင်း၊ ဆိုင်မှာ ဝန်ထမ်းကောင်းများရရှိခိုင်မြဲစေခြင်း၊ စီးပွားတိုးတက်ခိုင်မြဲခြင်း အကျိုးထူးများ ရရှိစေနိုင်သည်။

သင်တန်းများ၊ ပုဂ္ဂလိကပညာရေးကျောင်းများတွင် အဆင်ပြေမည့် အမြင့်တစ်နေရာတင်ထား၊ ဆောင်ထားခြင်းဖြင့် သင်တန်းသား/သူဟောင်းများမြဲပြီး သင်တန်းသူ/ သင်တန်းသားသစ်များ တိုးပွားရရှိစေခြင်း၊ ကျောင်းသား/သူဟောင်းများ မြဲပြီး၊ ကျောင်းသား/သူသစ်များ တိုးပွားလက်ခံရရှိခြင်းတို့ ဖြစ်စေနိုင်ပါသည်။ အလားတူ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်စသည်ဖြင့် လုပ်ငန်းများတွင် ဉာဏ်ရှိသလို အသုံးချ နိုင်ကြသည်။

စွဲကပ်သလင်းကျောက် ယတြာအဆောင်ကို ထားရှိဆောင်ထားသူတို့အနေဖြင့် နေ့စဉ်မနက်တစ်ကြိမ် ညတစ်ကြိမ်ဖြစ်စေ၊ အနည်းဆုံး တစ်ရက် တစ်ကြိမ် (ဘယ်အချိန်မဆို)ဖြစ်စေ အဆိုပါ 'တောင်ဖီလာဂါထာတော်'ကို တစ်ကြိမ်လျှင် ကိုးခေါက် ရွတ်ပွားပူဇော်ကာ သိဒ္ဓိစွမ်းအင်ပြန်ဖြည့်ပေးရပါသည်။

**ဆရာကြီး ဦးအောင်မြိုင်**

□


**အိမ်ထောင်ရေးပြဿနာကြောင့် စိတ်ညစ်နေရသော အမျိုးသမီးများအတွက်**

- မိမိခင်ပွန်းနှင့် အိမ်ထောင်ရေး ရှုပ်ထွေး ဖောက်ပြန်နေသော အမျိုးသမီးတို့ တစ်ယောက်ကို တစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီး အဆက်အသွယ် ပြတ်သွားစေချင်ပါသလား။
- မိမိကိုပစ်ပြီး တခြားမိန်းမနှင့် သွားရောက်ပေါင်းသင်းနေတဲ့ ခင်ပွန်းကို မိမိထံအမြန်ဆုံးပြန်လာပြီး ပေါင်းသင်းစေချင်ပါသလား။
- ကွဲကွာရတော့မလို ဖြစ်နေတဲ့ မိမိတို့အိမ်ထောင်ရေး အမြန်ဆုံး ပြန်လည်အဆင်ပြေလိုပါသလား။

ဂမ္ဘီရပညာ ယတြာအစီအရင်ဖြင့် ကူညီမှုလိုအပ်လျှင် လာခဲ့ပါ။ အမြန်ဆုံး စိတ်ချမ်းသာစေရမည်။ [နယ်မြို့များမှ ဖုန်းဖြင့်ဆက်သွယ်နိုင်ပါသည်။]

**ဆရာ ဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )**

**လက္ခဏာဗေဒင် + ယတြာအစီအရင်**


တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁၊ ၀၉-၅၀၆၂၈၄၃




www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်တော် နံ့တော် ဖွေကိုယူ

**မင်းကျွန်က (ဒေါက်တာ စစ်ကိုင်းတောင်တန်း)**




ပြီးခဲ့သည့် စက်တင်ဘာလက နဂါးကိုးကောင်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒအကြောင်း ကျွန်ုပ်ရေးသားခဲ့သည့် စာမူပါရှိသော လပြည့်ဝန်းမဂ္ဂဇင်းကို ယူဆောင်၍ နဂါးကိုးကောင်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ သီတင်းသုံးရာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှ မြတာဘက် နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့၏။

ထိုသို့ သွားရောက်ရာတွင် ဆရာတော်ဘုရားကို သီတင်းသုံးရာ ရဲရင့်အောင်ကျောင်း၌ မတွေ့သဖြင့် မေးမြန်းကြည့်ရာ ဆရာတော်ဘုရား ကျောင်းအနောက်ဘက်တွင် ရှိကြောင်း ကိုရင်လေးတစ်ပါးက လက်ညှိုးထိုးပြသဖြင့် ကျွန်ုပ်လည်း ကျောင်းအနောက်ဘက်သို့ သွားရောက်ကြည့်ရှုရာ ပန်းရန်များ၊ အလုပ်သမားများကို အနီးကပ်ညွှန်ကြားနေသော ဆရာတော်ကို တွေ့ရှိလိုက်ရသည်။

ဆရာတော်လည်း ကျွန်ုပ်ကို မြင်သည်နှင့် ပြုံးရွှင်ကာ နှုတ်ဆက်ပြီး ကျောင်းပေါ်သို့ ခေါ်သဖြင့် လိုက်ပါသွားခဲ့ပြီး ဦးသုံးကြိမ်ချကာ လက်ထဲမှ လပြည့်ဝန်းမဂ္ဂဇင်းကို ဆရာတော်အား ဆက်ကပ်လိုက်၏။

ထိုအခါ ဆရာတော်က မဂ္ဂဇင်းစာအုပ်ကို သေချာစွာ ဂရုတစိုက် လှန်လှောဖတ်ရှုပြီးနောက် ကျွန်ုပ်အား "ဘာလိုသေးလဲ ဒကာကြီး" ဟုမေး၏။

"ဘာမှ မလိုအပ်ပါဘူး ဘုရား၊ ပြည့်စုံပါတယ်၊ ဆရာတော်ဘုရားရဲ့ မေတ္တာကျင့်စဉ်နဲ့ အောင်စည်အောင်မောင်း အောင်မြောင်းဝေဖြာယတြာ တို့ကိုဖတ်ပြီး စာဖတ်ပရိသတ်တွေက တပည့်တော်ဆီ လာမေးကြတယ်ဘုရား၊ တပည့်တော်လည်း သေချာရှင်းပြလိုက်လို့ ကျေနပ်သွားကြတယ်"

"အိမ်း- ကောင်းတာပေါ့ ဒကာကြီးရာ၊ နည်းမှန်လမ်းမှန် အကျင့်မှန်ရင် ဒကာကြီးအတွက်လည်း အကျိုးရှိ၊ စာဖတ်ပရိသတ်အတွက်လည်း အကျိုးရှိ၊ ကျုပ်လည်း လမ်းညွှန် နည်းပြရကျိုးနပ်တာပေါ့။

ပညာဆိုတာ သေရွာကို ယူသွားကောင်းတာ မဟုတ်ဘူးလေ ဒကာကြီးရဲ့၊ ကျုပ်တို့ ဒကာကြီးတို့ကြောင့် ခုနစ်ရက်



www.burmeseclassic.com

www.burmeseclassic.com

သားသမီးတွေ အခက်အခဲက ပြေပျောက်သွားတယ်ဆိုရင် ကျုပ်တို့ ဒကာကြီးတို့လည်း ကုသိုလ်ရတာပေါ့ ဒါနကုသိုလ်၊ သီလကုသိုလ်လည်းရ၊ ပညာပါရမီလည်း ဖြည့်ဆည်းရာ မရောက်ပေဖူးလား"

"မှန်ပါ၊ ရောက်ပါတယ် ဘုရား"

ထိုစဉ် ဆရာတော်ဘုရား၏ ဝေယျာဝစ္စဆောင်ရွက်သူ ဒကာတစ်ဦးက အအေးဘူးနှင့် သစ်သီးများ၊ အချိုမုန့်များ လာချပေး၏။ ဆရာတော်က -

"ကဲ- သုံးဆောင်လိုက်ပါဦး ဒကာကြီး" ဟုဆို၍ ကျွန်ုပ်လည်း အအေးဘူးကို ဖွင့်ဖောက်ကာ တစ်ငုံ နှစ်ငုံမျှ သောက်လိုက်၏။

"ကျုပ်လည်း အားတာမဟုတ်ဘူး ဒကာကြီးရေ၊ ရန်ကုန်မြို့ ဇမ္ဗူထိပ်အောင်ချမ်းသာကုမ္ပဏီက ဆွမ်းချက်ဆောင် ဆောက်လုပ်လှူဒါန်းလို့ လိုအပ်သလို စီမံကြည့်ရှုနေရတာ၊ ပြီးတော့ နဂါးကိုးကောင်ဆေးပေးခန်းကြီးရှေ့မှာလည်း ရဲအရာရှိ သင်တန်းဆင်းရဲတပ်ဖွဲ့ဝင်ပေါင်းတွေက လောကချမ်းသာအလိုတော်ပြည့်ဘုရား တည်နေသေးတယ်၊ ဒါပေမဲ့ ဘုရားအတွက်ကတော့ ကျုပ် သိပ်ပြီး မပင်ပန်းရပါဘူး ဒကာကြီးရာ၊ ရဲမျိုးမောင်သန်း(ငြိမ်း)က နေ့တိုင်းလာပြီး ကိုယ်တိုင် ကြီးကြပ်နေလို့ ကျုပ် သက်သာရပါရဲ့"

"မှန်ပါတယ်ဘုရား တပည့်တော်လည်း တွေ့မြင်နေရပါတယ်၊ တစ်ခေါက်နဲ့တစ်ခေါက် မတူရင်ကိုဘဲ အဆောက်အအုံတွေ၊ ကျောင်းကန်၊ ဘုရားတွေ စည်ကားလာတာ မျက်လှည့် ပြသလိုပါပဲ၊ ဘုန်းဘုန်းရဲ့ ဘုန်းကံပါရမီကြီးလှပါတယ်၊ အခုလည်း တပည့်တော် စာဖတ်ပရိသတ်တွေက ဆရာတော်ဘုရားဆီက ယတြာလေး ဘာလေး ရေးပါဦးလို့ တောင်းဆိုနေပြန်ပြီ ဘုရား"

"ယတြာ အမျိုးမျိုးရှိတယ်လေ ဒကာကြီးရဲ့၊ ဘာအတွက် လိုချင်တာလဲ၊ လုပ်ငန်း အဆင်ပြေချင်တာလား၊ ပစ္စည်းရောင်းထွက်ချင်တာလား၊ အမှုအခင်းနိုင်ချင်တာလား၊ ငွေများများဝင်စေချင်တာလား"

"မှန်ပါတယ်ဘုရား၊ အဓိကတော့ ငွေများများဝင်ချင်တာပါပဲ၊ တပည့်တော်လည်း ငွေဝင်ယတြာတွေအကြောင်း ရေးဖူးပါတယ်၊ အောင်မြင်သင့်သလောက်လည်း အောင်မြင်ကြပါတယ်၊ ဒါပေမယ့် သူတို့က နဂါးကိုးကောင်ဆရာတော်ပေးတဲ့ ငွေဝင်ယတြာ မရှိဘူးလားတဲ့၊ ရှိရင် အဲဒါမျိုးလိုချင်တယ်၊ ရေးပါဦးလို့ တောင်းဆိုနေကြလို့ပါဘုရား"




ထိုအခါ ဆရာတော်သည် အနည်းငယ်မျှပြုံးကာ-

"ငွေဝင်အောင်လုပ်တဲ့ ယတြာတွေက အများကြီးပဲ ဒကာကြီး၊ ဒါပေမဲ့ ဒကာကြီးလည်း ရေးလို့ကောင်းအောင် သူများနဲ့လည်းမတူအောင် ကျုပ်ပဥ္စင်းငယ်ဘဝက အောင်ပင်လယ် ဒကာ၊ ဒါယိကာမတွေကို ပေးခဲ့တဲ့ ဓာတ်တူ နံတူ ငွေကိုယူ ယတြာလေး ပေးလိုက်မယ်၊ ဒကာကြီးမှတ်သွား" ဟုဆိုသဖြင့် ကျွန်ုပ်လည်း စာအုပ်နှင့် ဘောပင်ကိုထုတ်ကာ လိုက်လံ[illegible]ာ်သားရပါတော့သည်။

[illegible]င်းယတြာမှာ ပန်းကန်ပြားတစ်ချပ်ပေါ်တွင် မတ်စေ့ကိုတင်ကာ မီးထွန်း၍ လိုရာဆုတောင်းစေခြင်းပင်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းဆောင်တာများ ထောင်မတ်ကာ ပိုက်ဆံ(ငွေ)ဝင်စေသော ဓာတ်ယတြာဖြစ်ကြောင်း ဆရာတော်မှ ရှင်းပြခဲ့ပါသည်။

*ပဥ္စဂုဏ် အပါ်ဝန္ဒာမိ သဗ္ဗဒါ*

**မင်းကျော်နန္ဒက(ခေတ္တ-စစ်ကိုင်းတောင်တန်း)**

❑





www.burmeseclassic.com

www.burmeseclassic.com



# ပရိယာယ်ကြွယ်သော အိပ်မက်ဋီကာ

အောင်ဘုန်းမြင့်(ကချင်မြေ)

နေချိန်နှင့် အိပ်မပျော်တပျော် စပ်ကြားကာလအတွင်း၌သာ အိပ်မက်အမျိုးမျိုး မြင်မက်ရခြင်း ဖြစ်သည်ဟုဆိုသည်။ ရုပ်နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကြောင့်လည်း အိပ်မက်ထူး အိပ်မက်ဆန်း မြင်မက်တတ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ လောကဓာတ်ပညာများ လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ဆိုသော်လည်း အိပ်မက်ဋီကာ၏ အကျဉ်းအကျယ်ကိုကား တိတိကျကျ ဖော်ထုတ်ပေးနိုင်ခြင်း မရှိသေးချေ။ သိပ္ပံပညာရှင်များနှင့် မနောစိတ်သုတေသီများက နည်းလမ်းပေါင်းစုံဖြင့် လေ့လာသုတေသနပြုနေကြဆဲ အဆင့်မျိုး၌သာ ရှိနေကြသေးသည်။

ပညာရှင်များ၏အဆိုအရ အိပ်မက်သည် မြင်မက်သူကာယကံရှင်ပုဂ္ဂိုလ်မျိုး၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ စိတ်၏ခံစားမှု၊ စွဲလမ်းမှု၊ တပ်မက်မှု၊ မျှော်လင့်ချက်များကို ပုံဖော်ပေးနေခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ကြိုတင်ကြံစည်ထားသော အကြံအစည်များကို ထင်ဟပ်ပေါ်လွင်စေခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ တွေ့ကြုံခဲ့မှုများကို စားမြုံ့ပြန်ခြင်းဖြစ်သည် ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ အဓိပ္ပာယ်ဖွင့်ဆိုကြလေ၏။ ဆေးပညာရှင်တို့ကမူ အိပ်မက်မြင်မက်ရခြင်းသည် ဦးနှောက်နှင့်စိတ်ကို အစာကျွေး အားဖြည့်ပေးခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။

## အိပ်မက်ဋီကာ

အကြင်သူသည် ဆင်ဖြူတော်ကို အိပ်မက်မြင်မက်ရပါက ရာထူးတက်မည်။ ဩဇာဘုန်းကံကြီးသူ ဖြစ်လာရမည်။ အကယ်၍သာ အလွန်ချောမောလှပသော နန်းဝတ်မိဖုရားကို မြင်မက်ရသည်ရှိသော် ကုန်းချောကုန်းတိုက် အကောက်ကြံခလောက်ဆန်ခံရအံ့။ လူယုံများ၏ လှည့်စားချောက်တွန်းခြင်း ခံရအံ့။ အမုန်းပွား၍ ပြဿနာကြုံရအံ့။ ဣတ္ထိယကိစ္စမျိုးပေါ်အံ့။ ကောင်းမှုကုသိုလ်ပြု တရားဖက်၍ သတိနှင့် နေထိုင်သွားသင့်သည်။

ခေတ်ဆေးပညာအယူအဆအရ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ်မျိုး၌ အိပ်မက်မမက်နိုင်၊ အိပ်မောကျ

## အိပ်မက်သုတ္တန်

အိပ်မက်မည်သည်မှာ မြင်မက်ကြသူများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့၌ ဖြစ်ပေါ်ခဲ့သော (သို့) ဖြစ်ပေါ်ဗေ



www.burmeseclassic.com

www.burmeseclassic.com

လတ္တံ့သော အတိတ်နိမိတ် အကောင်း၊ အဆိုး၊ အကျိုး အကြောင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဥပါယ်တံမျဉ်ပြ၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဇာတ်လမ်း ဇာတ်ကွက်ဆင်၍ ပုံဖော်တင်ဆက် သတိပေးပြသနေခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ မိမိတို့ မမှတ်မိသော အကြောင်း အရာများကို မသိစိတ်ထဲမှ သိစိတ်ထဲသို့ ပြန်လည်ယိုစီး ဖော်ထုတ် အသိပေးလိုက်ခြင်းဖြစ်သည်။

တီထွင်ပညာရှင်တို့သည် အိပ်မက်ထဲမှ ထူးခြားသော အချက်အလက်များကို ပေါင်းစပ်ယူ၍ အောင်မြင်သွားသူများ ရှိကြသလို အချို့သော အနုပညာရှင်များသည်လည်း အိပ်မက် လမ်းညွှန်ဖြင့် အောင်မြင်သွားသူများရှိကြသည်။

အိပ်မက်တီထွံ့ကျမ်းများတွင် အိပ်မက် ခြောက်မျိုး ဖော်ပြထား၏။ လေသလိပ်ကြောင့် မက်ခြင်း၊ သည်းခြေ ကြောင့် မက်ခြင်း၊ သွေးသားကြောင့် မက်ခြင်း၊ နတ်တို့ လှည့်စား၍ မက်ခြင်း၊ ကြုံဖူး လေ့ကျင့်ဖူး၍မက်ခြင်း၊ ပုဗ္ဗနိမိတ် ကြောင့် မက်ခြင်း ဟူ၍ဖြစ်လေ၏။

ယင်းအိပ်မက် ခြောက်မျိုးထဲတွင် ကျန်းမာရေးနှင့်ဆိုင် သောအိပ်မက် သုံးမျိုး၊ နတ်နှင့်ဆိုင်သောအိပ်မက် တစ်မျိုး၊ ကြုံဖူးသောအစွဲအလမ်းကြောင့်မက်သောအိပ်မက် တစ်မျိုး၊ တကယ်ဖြစ်လာစေနိုင်သောနိမိတ်ကြောင့်မက်သော ပုဗ္ဗနိမိတ် အိပ်မက်တစ်မျိုးဖြစ်ပြီး သန်းခေါင်အိပ်မက်သည် အနာဂတ် အတွက်ဖြစ်၍ အရုဏ်တက်အိပ်မက်များသည် ပစ္စုပ္ပန် နီးနီး ကပ်ကပ်ကိစ္စများအတွက် ဖြစ်တတ်သည်။ လင်းအားကြီး အိပ်မက်များသည် လက်ငင်းကိစ္စများအတွက် ဖြစ်တတ်သည်။

အိပ်မက်များသည် လူသားတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် တည်းဟူသော ကာလသုံးပါးနှင့် ပတ်သက် ဆက်နွယ်နေသည်ဖြစ်၍ မြင်မက်ကြသူများ၏ ရှေ့ဖြစ် နောက်ဖြစ်ရေးရာ ကိစ္စကြီးငယ်များကို ချိန်ဆ၍ ကြိုတင် ဟောပြော အဓိပ္ပာယ်ဖွင့်ဆိုနိုင်ခြင်း ဖြစ်သည်။

## အိပ်မက်မြင်မက်ခြင်း

လူသားတိုင်းသည် အကြောင်းအရာ အမျိုးမျိုးတို့နှင့် ဆက်နွယ်၍ အိပ်မက်မျိုးစုံ မက်ဖူးသူချည်းဖြစ်ကြ၏။ လူ တစ်ဦးနှင့်တစ်ဦးသည် မတူညီသောဘဝအတွေ့အကြုံများကို ဖြတ်သန်းပိုင်ဆိုင်ထားကြသူများ ဖြစ်သောကြောင့် မြင်မက် သော အိပ်မက်များသည်လည်း တစ်ထပ်တည်းတူညီ အကျိုး သက်ရောက်နိုင်ရန် ခက်ခဲလှပေ၏။ အရာဝတ္ထုတစ်ခုခုကို မြင်မက်ကြခြင်းတူပေမယ့် ရှုထောင့်ချင်း၊ အနေအထားချင်း၊ အမြင်ချင်းကား တူနိုင်ကြမည် မဟုတ်ပါ။

အိပ်မက်များသည် မည်သည့်အချိန်မည်သည့်ကာလ၊ မည်သည့်နေရာမျိုး၌ မည်သို့သောအိပ်မက်မျိုးကို မြင်မက် ရမည်ဟူ၍ ပုံသေကားကျ အိပ်မက်မျိုးမရှိဘဲ မက်ချင်သည့် အခါ မက်ချင်သည့်အိပ်မက်များကို သူ့အလိုအလျောက် မက်တတ်ပါသည်။

အိပ်မက်စွမ်းအား တိုးမြင့်စေနိုင်ရန် စိုးရိမ်ကြောင့် ကြကင်းကင်းနှင့် စိတ်ချလက်ချအိပ်ပျော်တတ်ရန် လိုအပ် ပါလိမ့်မည်။

အထူးသဖြင့် အိပ်ခါနီးတွင် စိတ်အာရုံများကို ကြည် လင်ရှင်းလင်းစွာ လမ်းဖွင့်ပေးပြီး အဖျက်အမှောင့်သဘောမျိုး ဆောင်စေသည့် အတွေးများကို ဖယ်ရှားထားရမည်။ အိပ် စက်ရာ၌ ခန္ဓာကိုယ်ကို သက်သောင့်သက်သာရှိမည့် အနေ အထားမျိုး ဖြစ်ရမည်။ အနံ့အသက်ကင်း၍ သန့်ရှင်းသော အိပ်ခန်းဖြစ်ရမည်။ မိမိတို့၏ အိပ်ရာအိပ်ခန်းကို မိမိတို့ မြတ်နိုးရာရာများကို စီမံထားရမည်။ သို့မှသာလျှင် မိမိတို့ အတွက် တကယ်ပြည့်စုံမှန်ကန်၍ အဓိပ္ပာယ်ရှိသော အိပ်မက် များကို မြင်မက်စေနိုင်မည် ဖြစ်သည်။

အိပ်မပျော်သော အကျင့်ရှိသူများ ဖြစ်ပါက CAFF EINE ကာဖိန်းဓာတ်လွန်ကဲသော လက်ဖက်ရည်၊ ကော်ဖီ (သို့) အချိုရည်များကို ရှောင်ရမည်။ သင့်တော်မည့် အား ကစားတစ်မျိုးမျိုးကို အတိုင်းအတာတစ်ခုထိ လေ့ကျင့်ပေးရ မည်။ ညအိပ်ရာဝင်ခါနီးတွင် ရေနွေးခပ်နွေးနွေးနှင့် ရေချိုးပြီး အိပ်ရာဝင်ရမည်။

အိပ်ပျော်စေသည့် အစားအစာများဖြစ်သော ပေါင်မုန့် (သို့) ငှက်ပျောသီး အစရှိသော ဓာတ်စာများကို စားပြီး အိပ်ရမည်။ မျက်စိမှိတ်ထားပြီး ဘုရားအာရုံပြု ဂါထာရွတ် အိပ်လျှင် အိပ်ပျော်နိုင်လိမ့်မည်။

## အိပ်ပျော်နည်းများ

ကျန်းမာအသက်ရှည်ရေးအတွက် ကိုယ်ရောစိတ်ပါ အနားယူခြင်း၊ စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်း၊ ကောင်းစွာအိပ်စက် အနားယူခြင်း၊ ကောင်းမွန်လတ်ဆတ်သော အာဟာရ အစား အစာများကို စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ ဝါသနာပါပြီး အကျိုးရှိမည့် အလုပ်မျိုးကို လုပ်ကိုင်ခြင်းများသည် အရေးကြီးလိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်စေနိုင်မည့် လျှို့ဝှက်နည်းလမ်းကောင်းများမှာ -

(၁) အလွန်အမင်း စိတ်ထိခိုက်စရာ ဝမ်းနည်းဖွယ်ရာ အစွဲအလမ်း စိတ်ကူးများကို အိပ်ရာမဝင်မီ ကြိုတင်ဖြတ်တောက်ထားရမည်။

(၂) စိတ်ထိခိုက်စေမည့် အကြောင်းကိစ္စများကို ရှောင်ကြဉ်ရမည်။

(၃) ကိုယ်စိတ်နှစ်ပါးကို ပင်ပန်းကာ ဒဏ်သင့်စေမည့် အကြောင်းအရာများကို အထူးရှောင်ရမည်။

(၄) ဦးနှောက်အားကို လွန်စွာအာရုံစိုက်ရသော အလုပ်များကို အိပ်ရာမဝင်မီ ကြိုတင်ရပ်နားထားရမည်။

(၅) အိပ်ရာဝင်ခါနီးတွင် စိတ်ကိုလှုပ်ရှားတက်ကြွစေမည့် လှုပ်ရှားမှုမျိုးကို ရှောင်ရမည်။

(၆) အာရုံခံစားမှုကို ထိခိုက်လွယ်စေတတ်သော ရုပ်ပြဇာတ်လမ်းများကို ကြည့်ရှုခြင်း၊ TV GAME ကစားခြင်းများကို ရှောင်ရမည်။

(၇) စိတ်ဒေါသကို ကြွစေမည့် စကားအငြင်းအခုံမျိုး မဖြစ်အောင် ဆင်ခြင်ရမည်။

(၈) သွေးသား အာရုံကို တက်ကြွစေသော အစားအသောက်နှင့် ဆေးဝါးများကို သတိနှင့် ကြိုတင်ရှောင်ထားရမည်။

(၉) အိပ်ရာဝင်သည့်အခါ စိတ်နှင့်ရုပ် နှစ်ပါးစလုံးကို သက်သောင့်သက်သာရှိစေပြီး အပူအပင်ကင်းရှင်းစွာဖြင့် လုံးဝအနားပေး၍ အိပ်စက်တတ်ရမည်။

(၁၀) အိပ်ပျော်စေမည့်အတွေးများကို နှလုံးသွင်း၍အိပ်စက်ရမည် ဟူ၍ဖြစ်သည်။

## အိပ်မက်အဓိပ္ပာယ်

အိပ်မက်အဓိပ္ပာယ် ဖွင့်ဆိုကြရာ၌ တစ်ခါတစ်ရံ မကြာသေးမီက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို အိပ်မက်မက်ရာ၌ အကျိုးသက်ရောက်စေတတ်သည်။ မိမိတို့နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသော အကြောင်းကိစ္စများသည် အိပ်မက်ထဲသို့ အနည်းနှင့်အများ ပါဝင်လာရစမြဲဖြစ်သောကြောင့် အိပ်မက်အဓိပ္ပာယ် ဖွင့်ဆိုကြရာ၌ အမှားမှား အယွင်းယွင်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတတ်ပါသည်။

စိတ်သည် လွန်စွာ မာယာပရိယာယ် ကြွယ်သကဲ့သို့ အိပ်မက်များသည်လည်း စိတ်ကိုအခြေခံ၍ မြင်မက်ရသည်မို့ အိပ်မက်ဝက်ပါ ကြွယ်တတ်ပါသည်။ သို့ဖြစ်၍ စိတ်၏ခံစားမှုအတွင်းသဘောပေါ် မူတည်၍ အကြောင်းစုံတို့ကို အရှိအတိုင်း ပုံဖော်ပေးသည်မျိုးရှိသလို သွယ်ဝိုက်၍ အဓိပ္ပာယ်ဖွင့်ဆိုရသည်လည်း ရှိတတ်ပါသည်။ အခါခပ်သိမ်း၌ ဆန့်ကျင်ဘက် ပုံသဏ္ဌာန်မျိုးနှင့် အသိပေးတတ်ပြီး ရှုပ်ထွေး၍ အဓိပ္ပာယ် ဖွင့်ဆိုရသည်လည်း ရှိတတ်ပါသည်။ သိပ္ပံက မဖော်ထုတ်နိုင်သေးသော ကဏ္ဍဖြစ်ပါသည်။

လောကသဘာဝတရားကြီးသည် အရာရာတိုင်း၌ တစ်ကြိမ်တစ်ခါသာ အခွင့်အရေး ပေးတတ်သည့်နည်းတူ အိပ်မက်များသည်လည်း တစ်မျိုးလျှင်တစ်ကြိမ်သာ မြင်မက်ခွင့်ကြုံရတတ်၏။ သို့ပေမယ့် အိပ်မက်တစ်ခုတည်းကိုသာ အကြိမ်ကြိမ် ဆက်တိုက်မက်နေရလျှင် (သို့) ရက်ခြား မကြာခဏ အဖန်တလဲလဲ မြင်မက်နေရပါက ထိုအိပ်မက်မျိုးသည် တစ်နေ့နေ့ တစ်ချိန်ချိန်၌ အမှန်တကယ် လက်တွေ့ဖြစ်လာမည်ဖြစ်ကြောင်း နိမိတ်ပြခြင်းဖြစ်လေသည်။ သတိထား၍ မှတ်သားထားသင့်ပါလိမ့်မည်။

အချို့သော ရှေးရေစက် ပဋ္ဌာန်းစက် ပါရမီထူးကြသူများသည် လွန်လေပြီးသော အတိတ်ဘဝက အဖြစ်အပျက်များနှင့် နောင်အနာဂတ်ကာလ၌ ဖြစ်ပေါ်လာလတ္တံ့သော အကြောင်းချင်းရာများကို ရှားရှားပါးပါး ရုပ်ရှင်ဘိုင်စကုတ်ထဲမှာကဲ့သို့ ကွက်ကွက်ကွင်းကွင်း မြင်မက်နိုင်သော မနောအာရုံထူးများ ရရှိတတ်ကြပြီး ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုနိုင်တတ်ကြလေသည်။

## အိပ်မက်တို့၏ မာယာ

လူတိုင်းသည် မရေမတွက်နိုင်သော အိပ်မက်အမျိုးမျိုးများကို မြင်မက်ခဲ့ဖူးကြပေလိမ့်မည်။ ရှေးယခင်က မတွေ့မမြင်ဖူးသော ပုဂ္ဂိုလ်၊ နေရာဒေသများကို မြင်မက်ရတတ်သလို လက်တွေ့ဘဝ၌ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော ထူးထူးခြားခြား ကောင်းကင်ဘုံနန်း၊ ဖန်ဆင်းမှု၏ ရုပ်ရှင်ဝတ္ထုပစ္စည်းဆန်းများကို မြင်မက်ရတတ်သည်။ သို့ဖြစ်သောကြောင့် အနားကွပ်မရှိသော အိပ်မက်မာယာများသည် စကြဝဠာကြီးထက်မက ကျယ်ပြန့်လွန်းလှသော သီးခြားလေဟာပြင် မနောဇာတ်ခုံကြီး တစ်ခုအဖြစ်နှင့် တည်ရှိနေသော မဟာဝိညာဉ်ကမ္ဘာကြီး ဖြစ်သည်ဟု ဆိုကြရပေမည်။

လူသည် အိပ်မက်မြင်မက်နေရသည့်အခါ သာမန်အသိစိတ်မျိုးကြောင့် မဟုတ်ဘဲ အလွန်စိတ်အားကြီးမားစွ



www.burmeseclassic.com

www.burmeseclassic.com

ကျယ်ပြန့်လှသော အနန္တမနောစိတ်စွမ်းအား၏ မာယာများကြောင့် မြင်မက်ကြခြင်းဖြစ်ကြလေရာ အိပ်မက်ကမ္ဘာထဲရောက်နေသူတိုင်းသည် တကယ့်လက်တွေ့ဘဝ၌ မလုပ်နိုင်၊ မစွမ်းဆောင်နိုင်သော အရာအားလုံးတို့ကို တန်ခိုးရှင်များပမာ လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။

ဥပမာ မြေလျှိုးမိုးပျံနိုင်ခြင်း၊ သေစေရှင်စေနိုင်ခြင်း၊ ရောက်စေပျောက်စေနိုင်ခြင်း အစရှိသော သိဒ္ဓိစွမ်းအားတန်ခိုးများ ရရှိနိုင်ကြသည်။ သို့ဖြစ်၍ အိပ်မက်ဟူသည် အလွန်မာယာကြွယ်လှပြီး လျှို့ဝှက်နက်နဲ ဆန်းကြယ်လွန်းသည်ဖြစ်၍ မိမိတို့မြင်မက်ရသည်ကတစ်မျိုး တကယ်ဖြစ်လာသည်က တစ်မျိုးတစ်ဖုံ ဖြစ်နေတတ်သည်။ တစ်ကြိမ်တစ်ခါ၌ အတည့်လည်း မှန်နေတတ်ပါသည်။

သို့ဖြစ်၍ အိပ်မက်အတိတ် ကောက်ကြရသည့်အခါ ပြောင်းပြန်ကောက်ရသည့်အခါ ရှိသလို အိပ်မက်နှင့်ဘာမျှမပတ်သက်သော မာယာအဖြေများကို ထုတ်ယူရသည့်အခါမျိုးလည်း ကြုံရတတ်ပါသည်။ အခါတစ်ပါး၌ အတည့်အတိုင်း တိတိကျကျ မှန်ဖူးတတ်သည်။

ဥပမာ မစင်နှင့်လောက်ကောင်များကို မြင်မက်ရလျှင် ကံကောင်း လာဘ်ကောင်းများ ဝင်လာရတတ်သလို ငွေစက္ကူများကို မြင်မက်ရပါက ပြဿနာအမှုများ ပေါ်လာတတ်သည်။ ဘုရား၊ ပုထိုး၊ စေတီတော်များကို မြင်မက်ရသည်ရှိသော် ရာထူးဂုဏ်သိမ် တိုးတက်မည်။ အလုပ် အကြံအစည်များအောင်၍ ဥစ္စာစီးပွား ပေါကြွယ်ဝမည် ဟူ၍ဖြစ်သည်။

## လောကီရတနာနှင့် ယှဉ်ခြင်း

ကျမ်းဂန်လာ လူတို့သတ်မှတ်ထားသော ရတနာအမျိုးမျိုး၌ လောကုတ္တရာ ရတနာသုံးပါးတွင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟူ၍ဖြစ်ပြီး လောကီရတနာများ၌ စကြာမင်း၏ ရတနာ ခုနစ်ပါး၊ လူ့အသုံးအဆောင်ရတနာ ကိုးပါး၊ ဝိနည်းတော်အရ သိက္ခာရတနာ ဆယ်ပါးဟူ၍ ရှိလေသည်။

အိပ်မက် အတိတ်နိမိတ်များကို လောကုတ္တရာ လောကီရတနာများနှင့်ယှဉ်၍ ဥဒါဟရုဏ်ပမာ တင်ပြရလျှင် ဘုရားရှင်၏ ဆင်းတုတော်၊ ပုံတော်များကို မြင်မက်ရပါက ဘုန်းကြီးမည်။ အလှူကြီး လှူဒါန်းနိုင်မည်။ သာသနာပြုနိုင်မည်။ ရဟန်း သံဃာတော်မြတ်များကို မြင်မက်ရပါမူ တရားထူးရ၍ သူတော်ကောင်းများ၏ ကယ်တင်ခြင်းခံရမည်။

မိဘကို မြင်မက်ရသော် စောင့်ရှောက်မည့်သူပေါ်မည်။ အာစရိယ ဆရာသခင်များကို မြင်မက်ရသော် ကယ်တင်သူ ပေါ်မည်။ လမ်းမှန်ရောက်မည်၊ ပညာရမည်။ ခရုသင်းကို မြင်မက်ရသော် ဂုဏ်ကျက်သရေ ကြီးစွာဖြင့် မင်္ဂလာဆောင် အိမ်ထောင်ပြုရမည်။ ဆင်ဖြူတော် မြင်မက်ရသော် ဘုန်းကံကြီးမည်။ မြင်းကို မြင်မက်ရသော် ပင်ပန်းဆင်းရဲစွာ ရုန်းကန်ရမည်။ ခရီးရှည်သွားရလိမ့်မည်။ သူတော်ကောင်းတရား ခုနစ်ပါး နှလုံးသွင်း သတိချပ်၍ နေထိုင်သင့်သည်။ နန်းတော်ကြီးကို မြင်မက်ရသော် အကြံအောင်ပန်းတိုင်ရောက်မည်။ အိမ်ရာကောင်းရမည်။

မိဖုရားကို မြင်မက်ရသော် လှည့်စားခံရမည်။ လူမှုရေးအရှုပ်အရှင်း ပေါ်တတ်သည်။ ကောင်းမှုဒါနကို ဆင်ခြင်သင့်သည်။ ဝေါယာဉ်ကို မြင်မက်ရသော် ကျန်းမာရေး ဂရုစိုက်ရမည်။ တရားစခန်းဝင်၍ ယာယီ တရားအားထုတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ သန်လျက်ကို မြင်မက်ရသည်ရှိသော် အမှုအခင်း ခိုက်ရန်ဒေါသ ကြုံရတတ်သည်။ မင်းဘေးမင်းရန် သင့်တတ်သည်။ ပြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထား၍ လူတိုင်းနှင့် သင့်မြတ်အောင် နေထိုင်ရမည်။

စိန်ကိုမြင်မက်ရသော် ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံရမည်။ အထက်တန်းလွှာ၏ ကူညီမစခြင်း ခံရမည်။ မြကျောက်ကို မြင်မက်ရသော် အပူသောကငြိမ်း၍ နှလုံးစိတ်ဝမ်းချမ်းမြေ့မည်။ အဆွေခင်ပွန်းကောင်း ရမည်။ ပတ္တမြားကို မြင်မက်ရသော် ဘုန်းကြီး၍ နာမည်ဂုဏ်သတင်း ကျော်စောမည်။ ရန်အပေါင်းကို အောင်နိုင်မည်။ မကိုဋ်သရဖူကို မြင်မက်ရသော် အကြီးအကဲဖြစ်မည်။ အဆောင်အယောင်ကောင်း ရရှိမည်။ နီလာကျောက်ကို မြင်မက်ရသော် ချစ်သူနှင့်လက်ထပ်ရမည်။ သတင်းကောင်း ကြားရမည်။ ပုလဲကိုမြင်မက်ရသော် လာဘ်ဝင်မည်။ ဂုဏ်ကျက်သရေ ရရှိမည်။ ဂေါ်မုတ်ကျောက်ကို မြင်မက်ရသော် အကြံအောင်မည်။ ခွန်အားကြီးမည်။ သန္တာကျောက် မြင်မက်ရသော် အကြီးအကဲဖြစ်မည်။ ဂုဏ်ပြုခံရမည်။ ကြောင်ကျောက်ကို မြင်မက်ရသော် လိုရာသိဒ္ဓိမြောက်မည်။ ဉာဏ်ပညာ ပွင့်မည်။ ဥဿဖရားကျောက်ကို မြင်မက်ရသော် ကျန်းမာရေးကောင်း အနာကင်း အသက်ရှည်မည်။ ကျောက်သလင်းကို မြင်မက်ရသော် ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဆောက်လုပ်လှူဒါန်းနိုင်မည်။ စလွယ်ကို မြင်မက်ရသော် ပညာရှိဖြစ်မည်။ ပလ္လင်ကို မြင်မက်ရသော် လက်ရှိရာထူး၌ ခိုင်မြဲမည်။ အပူသောက ကင်းဝေးမည်။





www.burmeseclassic.com

www.burmeseclassic.com

အများ၏ အရိုအသေခံရမည်။ ဆင်၊ မြည်း မြင်မက်သော် ယာဉ်ကား ဝင်မည်ဟူ၍ ဖြစ်လေသည်။

## အိပ်မက်ကောက်ခြင်း

လမင်းကြီးကို ကြယ်၊ ဂြိုဟ်၊ နက္ခတ် တာရာများဝန်းရံ ခစားနေသည်ဟု မြင်မက်ရလျှင် ခြွေရံသင်းပင်းပေါများမည်။ ဘဝရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်နိုင်မည်။ သာယာသော ရာသီဥတုကို မြင်မက်ရလျှင် ဘဝသစ်လုပ်ငန်း သစ်၌ အောင်မြင်မည်။ ဆင်းရဲဒုက္ခ လွတ်မည်။ လျှပ်စီးမိုးခြိမ်း မိုးကြိုးပစ်သည်ဟု မြင်မက်ရလျှင် အပျက်အစီးကြုံရတတ် သည်။ အလှူအတန်းလုပ်ပါ။

မြွေကို မြင်မက်ရလျှင် ကုန်းချောကုန်းတိုက်ခံရလိမ့် မည်။ ရေကောင်းကို မြင်မက်ရပါက ငွေလျှံမည်။ ရေသောက် သည်ဟု မြင်မက်ရပါက ကျန်းမာရေးကောင်းမည်။ မကောင်း သော ရေဆိုးကို မြင်မက်ရသော် စီးပွားကျန်းမာ ယာယီ ညံ့တတ်သည်။ ငါးရသည်ဟု မြင်မက်ရပါက ငွေဝင်မည်။

စုန်းမကို မြင်မက်ရပါက မချစ်မနှစ်သက်သူ ပေါ်လိမ့် မည်။ လင်းတငှက်ကို မြင်မက်ရပါက နာရေးပေါ်တတ်မည်။ ကျားကို မြင်မက်ရပါက ခိုက်ရန်ပေါ်တတ်သည်။ ကြက်ဖကို မြင်မက်ရပါက အလုပ်အကိုင် ပြီးမြောက်မည်။ ကြက်မကို မြင်မက်ရပါက ဥစ္စာတိုးပွားမည်။ ကြောင်နက်ကို မြင်မက်ရပါ က ကံကောင်းမည်။ ခွေးကို မြင်မက်ရပါက တပည့်ကောင်း ရမည်။ ဒေါင်းမောင်နှံကို မြင်မက်ရပါက မင်္ဂလာပွဲဖြစ်မည်။

မီးလောင်သည်ဟု မြင်မက်ရပါက မိုးခေါင်ရေရှား တတ်သည်။ နေသာသည်ဟု မြင်မက်ရပါက မင်းအစိုးရ၏ ချီးမြှောက်ခံရမည်။ လသာသည်ဟု မြင်မက်ရပါက ဘဝ အေးချမ်းမည်။ အကောင်းသည် အဆိုးဖြစ်နေလျှင်၊ အဆိုး သည် အကောင်းအဖြစ် မြင်မက်ရခြင်းဖြစ်ပါက အိပ်မက်ကို ပြောင်းပြန်ကောက်ရပါမည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်(ကချင်မြေ)**

❑




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

**နက္ခတ္တဗေဒ ပလိတပညာရှင် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာလီဒါ့ဂျ် (မြန်မာပြည်)

➤ ယတြာဓာတ်ရိုက်ဆုတ်ဆင် အထူးဆောင်ရွက်ပေးသည်။

➤ ဘဝရှေ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။

➤ နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com



# အထွန်းပေါ် အထွန်းဆင့် အလွမ်းသင့်သည့်နှစ်

## ဆရာသက္က

ရွှေကျီး မသာပေမယ့် ညှော်သည် အမှန်တကယ် ရောက်လာသည်။ မတွေ့တာ အတော်ကြာပြီ။ ယခု ရောက်လာတော့ အံ့သြဝမ်းသာ ဖြစ်ရသည်။

မနေ့က ညအိပ်ရာဝင်ချိန် သူ့အကြောင်း စဉ်းစားမိသေးသည်။ အတန်ငယ် ချောင်ကျသွားသည်။ ယခင်က အသားအရေ ပြည့်ပြည့်ဖြိုးဖြိုး။ သို့ပေမယ့် ဇရာကိုတော့ မလွန်နိုင်ပေ။ အသက်အရွယ် အပိုင်းက တတိယအရွယ်သို့ ခြေလှမ်းဝင်စအရွယ်၊ မျက်နှာက အပြုံးက အရင်အတိုင်းပင်။

သူနှင့်ကျွန်ုပ်က အထက်တန်းကျောင်းမှာ တစ်ခန်းထဲ စာသင်ဖော်၊ ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းက မတွေ့သည်မှာ ယနေ့အထိပင်။ သူမကို မှတ်မိသည်က သူ့အပြုံးနှင့် သူ့မျက်လုံး အရည်လဲ့လဲ့ပင်။ ဒါပေမယ့် အရောင်နည်းနည်း မှိန်စပြုနေသည်။

"ကဲ ထိုင်ပါဦး၊ ဘာများကူညီရမလဲ ပြောပါ"

ကျွန်တော်က စကားဆိုတော့ သူမ ကျွန်ုပ်အား စိုက်ကြည့်ပြီး -

"ဆရာက ကိုကိုကျော်မဟုတ်လား၊ ကျွန်မ သူငယ်ချင်း ကိုကိုကျော်နဲ့ တူလို့ပါရှင်" ဟု မဝံ့မရဲ မေးလေသည်။

"ဗျာ- ဟုတ်ပါတယ် မစိန်စိန်၊ ကျွန်တော် ကိုကိုကျော် အစစ်ပါ၊ ခင်ဗျားလည်း အားလုံးပြောင်းလဲပေမယ့် ဒီအရပ်ဗူတာကတော့ အရင်အတိုင်းပဲနော်"

ကျွန်ုပ် စကားဆုံးလျှင် -

"ဒီအရပ်ပဲ ပြောနေတာပဲ၊ အမေမွေးတဲ့အတိုင်းပေါ့၊ အခု ပြန်တွေ့ရတာ ဝမ်းသာပါတယ်ဆရာ"

ကျွန်ုပ်တို့နှစ်ဦး ရှေးဖြစ်နောက်ကြောင်းများ ပြောဆိုပြီး ကျွန်ုပ်က မစိန်စိန်ကို -

"ကဲ မစိန်စိန်၊ ခင်ဗျား ဒီကို အကြောင်းမရှိဘဲနဲ့တော့ မလာဘူး၊ လာရင်းအကြောင်းကို ပြောပေတော့"

"ဆရာ့ကို ကိုကျော်မှန်းမသိဘူး ဆရာ၊ အကြောင်းကတော့ သားလေးအတွက်ပါဆရာ၊ သားလေးက ဘွဲ့လည်းရပြီးပြီဆရာ၊ အိမ်နားက ၁၀ တန်းကျောင်းသားလေးတွေကို ပညာဒါနပြုနေတယ် ဆရာ၊ အလုပ်လည်း လျှောက်ထားတယ်။

ဒါပေမယ့် သားလေးရဲ့ ဇာတာလေးကို စစ်ပေးပါဦး ဆရာ၊ သူ့အတွက် ပညာရေး ကျန်းမာရေးအားလုံး အဆင်ပြေအောင် ဘာတွေများ လိုသေးလည်း သိချင်လို့ပါ၊ ဒီဟာက သူ့မွေး[illegible]က္ကရာဇ် နေ့အပြည့်အစုံ ရေးလာပါတယ်ဆရာ"

မစိန်စိန်တစ်ယောက် သားအတွက် မမောနိုင်၊ ကျွန်ုပ်အား အကူအညီ တောင်းနေသည်။

ကျွန်ုပ်လည်း သူမပေးသောကလေး၏ မွေးသက္ကရာဇ်ကိုသိလျှင် တွက်ချက်၍ကြည့်ရာ မစိန်စိန်၏သားတော်မောင်သည် အထွန်းဖွားဖြစ်သည်။ ယခုရောက်ဆဲ နှစ်မှာလည်း အထွန်းဖြစ်နေသည်။ ဒီနှစ်က သူ့အတွက် အထွန်းနှစ်ထပ် (ဝါ) အထွန်းပေါ် အထွန်းဆင့် အလွမ်းသင့်သည့်နှစ်ပင် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း အပြီးသတ်တွက်ပြီးလျှင် ကျွန်ုပ် ပြောမည်ကို နားစွင့်နေသော မစိန်စိန်ကို လှမ်းကြည့်လိုက်ပြီးလျှင် ချောင်း တစ်ချက်ဟန့်၍ -

"မစိန်စိန်"

"ရှင် ပြောပါဆရာ၊ ကျွန်မ နားထောင်နေပါတယ်"

"မစိန်စိန် သားတော်မောင်က အထွန်းဖွားလေး"

"အထွန်းဖွားဆိုတော့ ဘာဖြစ်နိုင်လည်း ဆရာ"

"ကျွန်တော် ပြောပါမယ်၊ နားထောင် ဖြတ်မမေးပါနဲ့"

ကျွန်ုပ်အနေဖြင့် သူ့ကို ပြော၍ရမည်မထင်။ ဒီအကျင့်က ကျောင်းနေစဉ်က အတိုင်းပင်၊ စကားဆုံးအောင် နား မထောင်၊ သူသိချင်တာ အတင်းမေးသည့်အကျင့် ဖြစ်သည်။

"အထွန်းဖွားဆိုတော့ မဟာဘုတ် အဟောက အထွန်းက အထွန်းဆင့်တော့ ဒီနှစ်မှာ ခင်ဗျားသား အလွမ်းမသင့်သေးတဲ့ အလုပ်အကိုင်၊ အကြံအစည်တွေလည်း မုချ အောင်မြင်မယ်ဗျာ၊ ရာထူး၊ ဌာနန္တရတွေလည်း ရမယ်၊ ရပြီးသားဆိုရင် မုချရာထူးတိုးမယ်၊ လူအများ လေးစားမှုကို ခံရပြီး အကြီးအကဲ တင်မြှောက်ခံရတဲ့ အချိန်အခါပဲ မစိန်စိန်"

"ပြီးတော့ရော ဆရာ၊ ဘာကျန်သေးလဲ"

"ခါတိုင်းနှစ်တွေထက် ပို၍ ဒီနှစ်မှာ အောင်မြင်မယ်၊ နေရာပေးခြင်းခံရမယ်၊ အခွင့်အလမ်းတွေ အများကြီးရမယ်၊ ယခင်ကလုပ်လို့ အဆင်မပြေတာတွေ ဒီနှစ် အဆင်ပြေမယ်၊ ရာထူးရာခံရမယ်၊ လစာတိုးမယ်၊ လုပ်ငန်းခလုပ်မယ်ဆိုရင် အောင်မြင်မယ်ဗျ၊ ဒါကြောင့် ဒီနှစ် ခင်ဗျားသား အလုပ်ရှာပေတော့၊ ကျိန်းသေ ရရမယ်လို့ ကျုပ်ပြောတယ်ဗျာ၊ ဒါမှမဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ်မယ်ဆိုရင် အကျိုးပေးတဲ့ အချိန် ပေးလုပ်ငန်းလည်း အောင်မြင်မယ် မစိန်စိန်"

"ဒါပဲလားဆရာ"

"ခင်ဗျားသားက မာနကြီးလိမ့်မယ်၊ ပတ်ဝန်းကျင်ကို အတိုက်အခံလုပ်တတ်တယ်၊ နေရာတိုင်းမှာ အတတ်ကျူးတတ်တယ်၊ တစ်ခါတလေ တဇွတ်ထိုး လုပ်တတ်တယ်၊ ချီးကျူးစရာရှိတာက အလုပ်လုပ်တဲ့နေရာမှာ ဇွဲနဲ့လုပ်မယ်။

ထူးဆန်းတာက မစိန်စိန်ရေ ဒီကလေးက အကုသိုလ်တော့ ကြောက်တယ်၊ ဒီဇာတာရှင်မျိုးက အလုပ်လုပ်တဲ့နေရာမှာ ထိပ်တန်းရောက်အောင် လုပ်တတ်တယ်၊ ကြိုးစားမှုအား ကောင်းတယ်၊ ပညာရေးမှာ ဆက်လိုက်မယ်ဆိုရင် ဉာဏ်ကောင်းပေမယ့် စိတ်ရှည်ဖွဲ့ရှိဖို့တော့လိုတယ်၊ နောက်ထပ် ဘာသိချင်သေးလဲ မစိန်စိန်"

"အတော်တော့ စုံသွားပါပြီဆရာ၊ ဒါပေမယ့် တစ်ခုကျန်သေးတယ်ဆရာ၊ ဆရာ့ကို ဆရာလုပ်တာ မဟုတ်ပါဘူး၊ ဟို အဆောင်ယတြာလေးပေါ့ဆရာရယ် မဟုတ်လား"

"အမယ်လေး မစိန်စိန် ကျွန်ုပ်အစား ခင်ဗျားသား ဗေဒင် ဟောပါတော့ဗျာ"

"ဆရာကလည်း ဒါလေးပြောမိပါတယ်၊ စိတ်လျှော့ပါဦး"

ကျွန်ုပ်လည်း သူမနှင့် ပြိုင်ပြောနေလျှင် တစ်နေကုန်သွားနိုင်သည်။

"ကဲ- လိုက်ရေး ပြောပြမယ်၊ ရှောင်သင့်တာကို ကလေးကို ရှောင်ခိုင်း၊ ကလေးကို အပိုတွေလည်း ထည့်မပြောနဲ့ဦး၊ ယတြာအကျိုး လျော့သွားဦးမယ်"

"စိတ်ချပါဆရာ၊ ကိုယ့်သားသမီး ဒုက္ခရောက်အောင် ဘယ်မိဘက လုပ်မှာလည်း မဟုတ်ဘူးလား၊ ဆရာလည်း မိဘပဲ တွေးကြည့်ပေါ့"

"ဟုတ်ကဲ့ပါ၊ ဆရာ ဒေါ်စိန်စိန်"

"မစိန်စိန်ရေ ခင်ဗျားသားကို သတိထားခိုင်းဦး၊ အိမ်ထောင်ရှိသူ၊ အိမ်ထောင်ပျက်တွေနဲ့ ညားတတ်တယ်၊ အိမ်ထောင် ပြုမယ်ဆိုရင် ကြာသပတေး၊ သောကြာနေ့တွေကို ရှောင် ပေါ့ဗျာ၊ လင်းလွန်းသားနဲ့ ဘုရားထု၍ ကိုးကွယ်ပါ၊ ကျောက်မျက်ရတနာကတော့ ပုလဲ၊ ကြောင်၊ ကျောက်စိမ်း ဆောင်၊ ဒါပေမယ့် ဒီနှစ်မှာ အထွန်းဘွားတွေက နေ့သားအလိုက် လှူရမှာက -

| | | |
|---|---|---|
| တနင်္ဂနွေ | - သပြေ(၆)ညွန့်၊ အုန်း(၁)ညွန့် | -အုန်းသီး |
| တနင်္လာ | - နှင်းဆီဖြူ(၇)ပွင့်၊ ကံ့ကော်(၂)ညွန့် | -ကျောက်ကျော |
| အင်္ဂါ | - အုန်း(၁)ညွန့်၊ စံပယ်(၃)ကုံး | |
| ဗုဒ္ဓဟူး | - ကြာ(၂)ပွင့်၊ ကံ့ကော်(၂)ညွန့်၊ ရွက်လှ(၄)ညွန့် | - ယို |
| ကြာသပတေး | - စံပယ်(၃)ကုံး၊ မေမြို့(၅)ပွင့် | - ပေါင်မုန့် |
| သောကြာ | - ရွက်လှ(၄)ညွန့်၊ သီဟိုဠ်(၆)ညွန့် | - သီးစုံဟင်း |
| စနေ | - မေမြို့(၅)ပွင့်၊ နှင်းဆီ(၇)ပွင့်) | - နွားနို့ |

ယတြာများကို အိမ်ဘုရား (သို့) တန်ခိုးကြီးဘုရားများတွင် မိမိမွေးနေ့၌ လှူဒါန်း၍ ဆုတောင်းလျှင် ကောင်းကျိုးလိုရာပြည့်စုံ၍ အခိုက်အညံ့များ ပြေပျောက်ကာ ကောင်းကျိုးသုခ ပြည့်စုံနိုင်ပေမည်။

**ဆရာသဏ္ဍ**

❑



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ခုနစ်ရက်သားသမီးများကို 'ပါရမီဓာတ်နန်း' ဖွင့်၍ ဟောကိန်းထုတ် ဟောချက်ပေးနေသည်မှာ ကြာပါပြီ။

ခုနစ်ရက်သားသမီးများအတွက် လိုရာဆန္ဒအတိုင်း လိုရာကိစ္စ အဝဝကို အထူး ယတြာ၊ ဓာတ်ရိုက်၊ ဓာတ်ဆင် ပညာရပ်တို့ဖြင့် အထူးအစီအရင်ပြု၍ စီမံဆောင်ရွက်ပေးနေသည်မှာ နှစ်ပေါင်း (၂၅) နှစ် ကျော်ပြီဖြစ်သည်။

ကျွန်ုပ်၏ ဓာတ်နန်းရှေ့တည့်တည့်တွင် -

"စိုင်းဘာဘာ"

ဆရာသုခအောင်

(ထူးကဲပါရမီရှင်) ဟု။

ဆိုင်းဘုတ်ငယ်ငယ်လေးကို ချိတ်ဆွဲထားသည်။

ကျွန်ုပ်၏နာမည်သည် ဆရာသုခအောင် ဖြစ်သည်။ ကျွန်ုပ်၏ ပုဂ္ဂိုလ်စွဲသည် 'စိုင်းဘာဘာ' ဘိုးတော်ကြီးဖြစ်၏။ ကျွန်ုပ်အား ဆရာသုခအောင် နာမည်ဖြင့်လည်းကောင်း၊ စိုင်းဘာဘာ နာမည်ဖြင့် လူသိများခဲ့ပါသည်။

ယခုအချိန်၌ ကျွန်ုပ် ဖွင့်ထားဆဲဖြစ်သော 'ပါရမီဓာတ်နန်း' သို့ လာဖူးသူ မိတ်ဟောင်းများ၊ မလာဖူးသူ မိတ်သစ်များ၊ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်လည်းကောင်း မိတ်ဟောင်းမှလွှတ်လိုက်၍လည်းကောင်း လာနေကြသည်။

ထူးခြားသည်မှာ ယခုအချိန်တွင် ကျွန်ုပ်၏ 'ပါရမီဓာတ်နန်း' ရှေ့တည့်တည့်တွင် သစ်သားဆိုင်းဘုတ်ငယ်ကလေး တစ်ခု တိုးလာသည်။

"အယူတော်မင်္ဂလာ

နိမိတ်ဖတ်၊ ဟောခန်း" ဟူ၍ ဖြစ်သည်။

တစ်ရက် နံနက်ပိုင်းတွင် 'ဂမ္ဘီရ လောကမဂ္ဂဇင်း' အတွက် အယ်ဒီတာ ဆရာဝေလွင်မြင့်မောင်ကို အချိန်မီ ပေးရန် ဂမ္ဘီရဝတ္ထုတိုတစ်ပုဒ်ကို စိတ်ပါဝင်စားစွာ ရေးသားနေစဉ် -

"ဆရာ" ဟု ခေါ်လိုက်သောအသံကို ကြားလိုက်ရ၍ နောက်သို့ လှည့်ကြည့်မိ၏။

အသက် (၄၀)အရွယ်မျှ ရှိမည်ထင်ရသော အမျိုးသမီး တစ်ဦးသည် အသက် ကိုးနှစ်၊ ဆယ်နှစ် အရွယ်မျှရှိသော သမီးငယ်ကို လက်ဆွဲ၍ ဓာတ်နန်းအတွင်းသို့ ဝင်လာသည်။

"ဆရာက သမီးတို့မလာတာကြာလို့ မမှတ်မိတော့ဘူး ထင်တယ်၊ ဟိုတုန်းက သမီး ဆရာ့ဆီ အမြဲတမ်းလာနေတာပါ၊ သမီး မသိတာလေ ဆရာ" ဟု ဝင်ဝင်ချင်း ပြောပြလေ၏။

# အိမ်မြဲခြံမြေ အမြန်ဆုံး ရောင်းထွက်လိုလျှင်

**ဆရာသုခအောင်**

**(သန်လျင်)**





www.burmeseclassic.com

www.burmeseclassic.com

"အေးအေး. . . မှတ်မိပါပြီ မှတ်မိပါပြီ၊ ကဲ ထိုင်ကြ၊ မလာတာ ကြာပြီး အခုမှ လာတယ်ဆိုတော့ အရေးတော့ ပေါ်လာပြီ ထင်တယ်၊ ဆရာ ဘာကူညီပေးရမလဲ ပြောပါ သမီး"

"ပြောပါ့မယ် ဆရာ ပြောပါ့မယ်၊ ဆရာ့ဆီ အကူအညီ လိုချင်လို့ လာခဲ့တာပါ ဆရာ၊ ဆရာကူညီမှလည်း ဖြစ်မှာပါ၊ ဆရာပေးတဲ့ ယတြာကို လိုချင်လို့ လာခဲ့တာပါ ဆရာ"

ဟုပြောပြီး အနီးတွင်ရှိသော အကောင်းစား မုန့်သေတ္တာပုံးကိုယူ၍ -

"ဆရာစားဖို့ ဆရာ့အတွက် ဝယ်လာတာပါ ဆရာ၊ ဆရာ သုံးဆောင်ပါ"

ဟု ပြောပြီး မုန့်ပုံးကို ဆရာ့အား ပေးလေ၏။

"သာဓုပါကွယ်၊ သာဓု သာဓု သာဓု၊ ကဲ ကဲ သမီး ကိစ္စ ပြော"

"ဆရာ သမီးမှာ အကြောင်းကိစ္စတစ်ခုအတွက် ငွေ လိုနေတယ်၊ တော်တော်များများကို လိုနေတာပါ ဆရာ၊ သမီး အဆင်ပြေတုန်းက ဝယ်ထားတဲ့ ခြံနဲ့အိမ်၊ အခုငှားထားတယ် လေ၊ ဆရာလည်း သိပါတယ်၊ အခု အဲဒီခြံနဲ့အိမ်ကို အမြန်ဆုံး ရောင်းထွက်ချင်တယ် ဆရာ၊ အဲဒါ ဆရာ ဆောင်ရွက်ပေးပါ" ဟု ပြောလေသည်။

"ဆရာ ဆောင်ရွက်ပေးပါ့မယ်၊ အဲ တစ်ခုတော့ရှိတယ် သမီး၊ အရောင်းထွက်ပြီဆိုတာနဲ့ ဘုရား၊ စေတီဘုရား တစ်ဆူဆူမှာ ဒါမှမဟုတ် ဘုန်းတော်ကြီးပညာသင်ကျောင်း၊ မိဘမဲ့ကလေးကျောင်း၊ မျက်မမြင်ကျောင်း၊ နာရေးကူညီမှု အသင်း စသည် စသည်ပေါ့ သမီးရာ၊ သဒ္ဓါဖြူဖွေးစွာ၊ စိတ်စေတနာ ထက်သန်စွာနဲ့ လှူပါ့မယ်လို့ ဘုရားမှာ သစ္စာပြုနိုင်မလား သမီး"

"ပြုပါ့မယ်ဆရာ၊ ပြုပါ့မယ်၊ သမီးကလည်း ခြံမြေရောင်းထွက်ရင် တစ်နေရာရာကို လှူမယ်လို့ စိတ်ကူးထားတာပါ၊ ဆရာ့ကိုလည်း ထိုက်ထိုက်တန်တန် ကန်တော့ဦးမှာပါ ဆရာ"

"ဆရာ့ကို ကန်တော့တာ နောက်ထား၊ အခုလို ဘုရားမှာ အဓိဋ္ဌာန်တင်၊ သစ္စာပြုခဲ့ရင် ဆရာတို့ပေးတဲ့ ယတြာမှာ ပိုပြီးအစွမ်းထက်စေတယ်၊ မြန်လည်းမြန်တယ်၊ ဆရာတို့ အလုပ်လုပ်ရတာ ပိုပြီးထိရောက်တာပေါ့ သမီးရယ်"

ဟုပြောပြီး အနီးရှိ ငုံ့ထားသော ရေနွေးကြမ်းကို မော့၍သောက်လိုက်လေ၏။

"ကဲ. . . ဆရာ ယတြာပေးမယ်၊ အထူးယတြာပေးမှာနော်၊ လိုက်မှတ်၊ မြေအိုးအသစ် သေးသေးတစ်လုံးကိုရှာ၊ အဲဒီ အိုးသစ်သေးသေးထဲမှာ သမီးရောင်းမယ့် ခြံမြေက မြေကြီး လက်တစ်ဆုပ် ယူပြီးထည့်၊ အဲဒီအိုးသစ်ပေါ်မှာ အိမ်အမှတ်၊ လမ်းအမည်၊ မြို့အမည်ကို မြေဖြူခဲနဲ့ရေး၊ အပြာရောင်နဲ့ မရေးမိဖို့ သတိထား။

သမီးအိပ်တဲ့ ခုတင်အောက်မှာ တစ်ညထားပြီး အိပ်ပေတော့၊ နံနက် နေထွက်ချိန်မှာ ရေမှာ (မြစ်ထဲမှာ) အိုးလေးကို မျှောလိုက်ပါ၊ သမီးရောင်းမယ့် အိမ်၊ ခြံ၊ မြေ အမြန်ဆုံး ထွက်ဝါလိမ့်မယ်"

အထူးယတြာကို ရရှိသွားပြီဖြစ်၍ မသီတာ သားအမိ ဆရာ့ကိုကန်တော့ပြီး နှုတ်ဆက်ကာ ဝမ်းမြောက်ဝမ်းသာစွာ ခြေလှမ်းသွက်သွက်ဖြင့် ပြန်သွားလေတော့သည်။

*

သိပ်ကြာလိုက်သည်မထင်၊ (၂၇) ရက် (သို့မဟုတ်) (၃၆) ရက်မျှသာ ရှိလိမ့်မည်ထင်၏။ မှတ်မှတ်ရရ လပြည့်နေ့ မနက်ပိုင်းတွင် မသီတာတို့သားအမိ အထုပ်အပိုးများဖြင့် ဆရာသုခအောင် ဓာတ်နန်းသို့ ရောက်ရှိလာပါတော့သည်။

ရောက်ရောက်ချင်းပင် အကောင်းစားဆေးဝါးများ အကောင်းစားမုန့်ပုံးများနှင့် ထိုက်ထိုက်တန်တန် ဆရာသုခအောင်ကို ကန်တော့လေ၏။

"ကျိုက်ခေါက်ဘုရားမှာလည်း ငွေလှူဒါန်းပြီးသွားပြီ ဆရာ၊ သမီးကိုယ်တိုင် မိဘမဲ့ကလေးကျောင်းကို သွားပြီး ထိုက်တန်သလောက် ငွေကိုလည်း စိတ်စေတနာ ဖြူစင်စွာနဲ့ လှူပြီးသွားပါပြီ ဆရာ၊ ဆရာ့စေတနာ၊ ဆရာ့ရဲ့ အစွမ်းထက် အထူးယတြာ၊ ဆရာ့ကျေးဇူးကြောင့် အံ့သြလောက်အောင် ရက်ပိုင်းလေးအတွင်းမှာကို သမီးလိုချင်တဲ့ ဈေးနဲ့ ရောင်းထွက်သွားပြီ ဆရာ၊ ဝမ်းသာလိုက်တာ ပြောမပြတတ်အောင်ပါဘဲ [illegible]ရာရယ်"

သုခီအတ္တာနံ ပရိဟရန္တု။

**ဆရာသုခအောင်(သန်လျင်)**

❑



www.burmeseclassic.com

www.burmeseclassic.com



# VASTU

## ဝါစတုအကျဉ်းချုပ်ပညာ

### မင်္ဂလာရှိသော အိမ်၊ခြံ၊မြေနှင့် သင့်ဂေဟာရွေးချယ်နည်းများ

ဆရာဦးခန့်ဇော်

ယခင်လမှအဆက်

**အခန်း ( ၂၁ ) နောက်ဆက်တွဲ**

စာဖတ်သူများ အနေဖြင့် ထိုစွမ်းအားများ၏ ပုံစံလက္ခဏာနှင့် သဘောသဘာဝကို နားလည်သဘောပေါက်လောက်ပါပြီ။ ဖော်ပြခဲ့သည့် အပေါင်းနှင့်အနုတ် စွမ်းအင်ပုံစံများက ရန်လိုသည့်သဘောလက္ခဏာကို ဆောင်သည့်နည်းတူ အကျိုးတူပူးပေါင်းဆွဲဆောင်တတ်သည့် စွမ်းအားသဘာဝမျိုးလည်း တည်ရှိနေသည်။

အလားတူပုံစံမျိုး ဖွင့်လှစ်ပြနေသည့် ဘုရားသခင်နှင့်နတ်ဆိုးမိစ္ဆာ စွမ်းအင်စက်ကွင်းကလည်း လူသားများ၏ပျော်ရွှင်မှု (သို့) စိတ်ပျက်အားငယ်မှုဆိုင်ရာ သက်ရောက်မှုများကို ထုတ်ပေးပေသည်။

ဥပမာ- နွေရာသီ ပူပြင်းသည့် ကာလမျိုး၌ တောင်ပေါ် စခန်းများတွင် အေးမြနေတတ်သည်။ အကယ်၍ မိတ်ဆွေက နွေရာသီကာလမျိုး၌ တောင်ပေါ်စခန်းတွင်နေမည်ဆိုပါက သက်သောင့်သက်သာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ



www.burmeseclassic.com

www.burmeseclassic.com

နေခွင့်ရပေလိမ့်မည်။ ပင်လယ်နှင့်နီးပြီး ကမ်းစပ်တွင် တည်ရှိသည့် မာဒရပ် (သို့) ဘုံဘေမြို့တော်များက အလွန်ပူပြင်းခြောက်သွေ့ကြသည်။ အကယ်၍ ထိုနေရာများတွင် သင်နေပါက အလွန်ပင် စိတ်ပျက်စရာကောင်းနေပေလိမ့်မည်။

အဆိုပါ တောင်ပေါ်စခန်းများနှင့် မြို့တော်ကြီးများက ကွဲပြားခြားနားသည့် ရာသီဥတု အနေအထားများကို ပြနေခြင်းမှာ ယင်းတို့၏ သဘာဝပင်ဖြစ်သည်။ ၎င်းတို့က သူတို့ဆီ လာကြပါဟု ခေါ်နေခြင်း မဟုတ်ပါ။ မိတ်ဆွေအနေဖြင့် မည်သည့်နေရာတွင် နေ့ဥတုကို ကုန်ဆုံးစေမည်ဟု ဆုံးဖြတ်ခြင်းက မိတ်ဆွေအပေါ်တွင်သာ တည်နေပါမည်။ တောင်ပေါ်စခန်းက နွေဥတု၏ ပူပြင်းသည့် သက်ရောက်မှုများကို အကာအကွယ်ပေးပေလိမ့်မည်။ အခြားသော နိုင်ငံတွင်းရှိ ဒေသများတွင် နေက ကျဲကျဲတောက်ပူနေချိန်တွင် ထိုနေရာက မိတ်ဆွေအား သက်သောင့်သက်သာဖြစ်နေစေလိမ့်မည်။

ထိုအချက်ကို ဥပမာတစ်ခုအနေဖြင့် ခွဲခြားပြမည်ဆိုပါက သံလိုက်ဓာတ်ကုထုံး(magneto therapy)နည်းကို ကမ္ဘာအနှံ့ တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြသည်။ သိပ္ပံပညာရှင်များနှင့် သမားတော်များ တွေ့ရှိထားသည်က လူတစ်ယောက်အား တောင်ဝင်ရိုးစွန်း သံလိုက်စက်ကွင်းပြခြင်း၏ သက်ရောက်မှုက ထိုဝင်ရိုးစွန်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် မြောက်ဝင်ရိုးစွန်းသံလိုက်စက်ကွင်းကို ပြခြင်း၏ သက်ရောက်မှုက များစွာကွာခြားသည်။

အကယ်၍ ဝေဒနာတစ်ခုကို တောင်ဝင်ရိုးစွန်း သံလိုက်စက်ကွင်းက ကုသပျောက်ကင်းနိုင်စေသည့် အချိန်တွင် မြောက်ဝင်ရိုးစွန်းသံလိုက်စက်ကွင်းကို သုံးစွဲပါက ရောဂါကို ပိုမိုဆိုးရွားသွားစေတော့သည်။ ထိုအချက်က ဝင်ရိုးစွန်းနှစ်ခု၏ ဆန့်ကျင်နေသည့်သဘောကို ပြနေခြင်းပင်ဖြစ်သည်။

ဤနေရာတွင် ညွှန်ပြလိုက်သည့်အချက်က တောင်ဝင်ရိုးစွန်း (သို့) မြောက်ဝင်ရိုးစွန်းတို့က သံလိုက်စက်ကွင်းအပြခံရသည့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အပေါ်တွင် ထိခိုက်ကောင်းစေ၊ အကူအညီပေးရကောင်းစေ ဟူသည့် ရည်ရွယ်ချက်မျိုး ရှိမနေကြဘဲ သဘာဝတရားက ထိုလူပုဂ္ဂိုလ်၏ ကိုယ်ခံအားအပေါ်မူတည်ပြီး ဖွင့်ပြခြင်းမျိုးသာ ဖြစ်နေသည်။

ထိုသဘောတရားကို အခြေခံပြီး ကျွန်ုပ်တို့အနေဖြင့် သဘာဝတရားက ဖန်တီးထားသည့် ထိုစက်ကွင်းနှစ်ခုနှင့် ပတ်သက်သည့် အရေးကြီးသည့် မေးခွန်းတစ်ခုကို ရင်ဆိုင်လာရတော့သည်။ ဘုရားသခင်က စွမ်းအား၊ ကရုဏာတရား၊ အကြင်နာတရား၊ ဖန်တီးခြင်းတရား၊ ပျော်ရွှင်မှု၊ ဘဝ၊ စွမ်းအင်၊ စိတ်လက်ပျော်ရွှင်မှု၊ ကျန်းမာရေး၊ အသက်ရှည်မှု၊ ငြိမ်းအေးမှု၊ ပီတိဖြစ်မှုနှင့် အောက်စဖို့ အဘိဓာန်ထဲတွင် ပါရှိသည့် ကောင်းသည့်အချက်မှန်သမျှကို ဖြစ်ပေါ်စေသည်ဟု ပြောနိုင်ပေမည်။ အလားတူပင် နတ်ဆိုးမိစ္ဆာ ကိုယ်စားပြုနေသည်က အမှောင်၊ အသိပညာ နည်းပါးမှု၊ ရောဂါဝေဒနာ၊ သေခြင်း၊ ဝမ်းနည်းပူဆွေးရခြင်း၊ ဖျက်ဆီးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ အန္တရာယ်ပေးခြင်း စသည့် သဘာဝများပင် ဖြစ်သည်။

မိမိ၏ အဆောက်အအုံတွင်းသို့ ထိုစက်ကွင်းတစ်ခု (သို့) အခြားစက်ကွင်းများကို လက်ခံထားသည် ဆိုပါစို့။ အကယ်၍ ဘုရားသခင်၊ မိတ်ကောင်း၊ ဆွေကောင်းဖြစ်ခဲ့နလျှင် သူက မိတ်ဆွေ၏ အဆောက်အအုံတွင်း ဝင်ရောက်လာကာ အကျိုးရလဒ်များကို မလွဲမသွေ ရရှိပေမည်။

အကယ်၍ မိတ်ဆွေ၏ အဆောက်အအုံထဲသို့ မကောင်းဆိုးဝါး နတ်ဆိုးမိစ္ဆာများကိုသာ ဖိတ်ခေါ်လျက်သားဖြစ်နေပါက မိတ်ဆွေအတွက် ဝမ်းနည်းကြေကွဲစရာ ဒုက္ခပေါင်းစုံကို တံခါးဖွင့်ပေးထားသကဲ့သို့သော အခြေဆိုက်သွားပေလိမ့်မည်။ မိတ်ဆွေတွင် ချမ်းသာရာရနိုင်သည့် အခွင့်အလမ်းတစ်ခုသာ ရှိနေသည်။ ဘုရားသခင်က မိတ်ဆွေ၏ ပျော်ရွှင်မှုအဝဝအတွက် ကောင်းချီးပေးရန် စောင့်ဆိုင်းနေသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် နည်းလမ်းကောင်းများစွာကို လိုက်နာကျင့်သုံးပါက ဘုရားသခင်အား တံခါးဖွင့်ပေးထားသကဲ့သို့ ဖြစ်နေမည်မှာ စေကန်မုချပင်တည်း။

●

## ၁။ ဘုရားခန်းကို အရှေ့-မြောက် နေရာတွင် ထားခြင်းက အကောင်းဆုံး ဖြစ်ပါသလား။

ဘုရားခန်း ဟူသည်က ဟိန္ဒူဘာသာဝင်များ၏ နေအိမ်တွင် မရှိမဖြစ်သည့်အခန်းပင်ဖြစ်သည်။ အခြားသော ဘာသာ[illegible]များကို မိတ်ဆွေ သတိပြုမိနေလျှင်မူ ခြွင်းချက်ဖြစ်ကေ[illegible]င်းဖြစ်နေပေလိမ့်မည်။ ဝါစတုပညာ အနေအထားအားဖြင့် ပြောရလျှင် ထိုအချက်က အရေးမပါလှပါ။

သို့သော် ဝါစတုကဗီအမော် ပညာကျော်ကြီးများ၏ အဆိုအရ ဘုရားခန်းကို အရှေ့-မြောက် အစိတ်အပိုင်းတွင် ထားသင့်သည်ဟု ဆိုသည်။ ထိုသို့ ထားရှိခြင်းဖြင့် အရှေ့-မြောက်ဘက်မှ ဘုရားခန်းသည် မကောင်းဆိုးဝါးနှင့် ကံကြမ္မာဆိုးကို ဖယ်ရှားနိုင်လိမ့်မည်ဟု ဆိုပါသည်။ ထိုအချက်ကလည်း မမှန်ကန်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အမှန်စင်စစ်အားဖြင့် ကမ္ဘာအနှံ့တွင်ရှိသည့် စွန့်စားရှာဖွေသူများသည် 'လုံးဝဥသုံ'ဟူသည့် နေရာသို့ ရောက်နိုင်သည့်လမ်းစ ရှာမရသေးသကဲ့သို့ အိန္ဒိယနိုင်ငံတွင်လည်း ထိုအတိုင်းဖြစ်နေသည်။ အိန္ဒိယမှ ပညာရှိကြီးများသည် ၎င်းတို့၏ စူးရှသည့်အမြင်၊ ထက်မြက်သည့် ပညာဉာဏ်နှင့် ကြီးမားလှသည့် အာရုံစူးစိုက်မှု စွမ်းအားတို့ဖြင့် ၎င်းတို့၏ ဝိညာဉ်ခွန်အား ရှာဖွေရာတွင် လှန်မကြည့်ဖူးသည့် ကျောက်တုံး တစ်လုံးမှ မကျန်ရှိတော့ချေ။

လမ်းကြောင်းက တစ်ခုတည်း မဟုတ်ပါ။ အတွေ့အကြုံနှင့် ရင့်ကျက်မှုအပေါ် ကိုက်ညီမှုရှိနိုင်သည်။ သို့သော် ထိုအချက်များက အသေးအဖွဲ့လောက်တွင်သာ အကန့်အသတ်ရှိနေခြင်းဖြစ်၏။ အခြေခံအားဖြင့် ဘာသာရေးအရ အမျိုးမျိုး ကွဲပြားခြားနားနေသော်လည်း ဘုရားသခင်၏ အပေါ် မြင်သည့်သဘာထားချင်းက အတူတူပင်ဖြစ်သည်။

ဟိန္ဒူဒဿနဆရာသခင်များက ဘုရားသခင်ဟူသည်မှာ စိတ်ထဲတွင် လက်ခံယုံကြည်ထားခြင်းသာဖြစ်၍ ထာဝရ တည်ရှိနေသည့် ပုံစံမျိုးဖြင့် ကိုးကွယ်ဆည်းကပ်နေစရာ မလိုအပ်ဟု အောက်ပါအတိုင်း ကျမ်းတွင် အထင်အရှား ဖော်ပြထားသည်။

'Nambumayani thirtani nadevaha
mruchhilamayaha'(Srimad Bhagavata 10-84)

မြစ်များနှင့်ရေကန်များသည် မြင့်မြတ်သည့်အဓိပ္ပာယ်ကို မဆောင်ကြပါ။ ထို့အတူ လူတို့ပြုလုပ်သည့် ရုပ်တုများကလည်း မည်သည့်နည်းနှင့်မျှ ဘုရားများ မဖြစ်နိုင်ချေ။

'Ahamsarveshu bhuteshu bhutatmavat
sthithihasada; tavamagnaneyaman martaha.
kurutercha vidambanam.'
(Bhagvata purana 3.29-21, 22, 30)

ငါသည် အရာရာတိုင်းတွင် ရှိနေသည်။ ငါသည် နေရာတိုင်းတွင် ရှိနေသည်။ ငါဘုရားအား ယုံကြည်ကိုးကွယ်သည့်နေရာတွင် အမှန်တရားကို လိုလားသူ ရိုးသားသည့်သူသားများက နောက်ပြောင်ကျီဆယ်နေမှုအပေါ် စိတ်အလိုလိုက် လုပ်ကိုင်နေသည်ကို ငါ သဘောမပေါက် နားလည်နိုင်ပေ။

တစ်ဆက်တည်းပင် အသုံးမဝင်သည့် ကိုးကွယ်နေမှုနှင့်ပတ်သက်၍ Bhagavata Purana တွင် ဤသို့ အဆုံးသတ်ဆုံးချုပ်ထားသည်။

'Yatavarcham bhajate mondhyad bhasmna-yeva
hutisaha'

ထိုသို့ ကိုးကွယ်ခြင်းမှာ ဆက်ကပ်သည့် လှူဖွယ်များကို ပြာအဖြစ် ရောက်သွားအောင် မီးရှို့လိုက်ခြင်းမျိုးပင်ဖြစ်သည်။

ဒွိတ္တ(dualist)ဝါဒကို လက်ကိုင်ထားသည့် ပုဂ္ဂိုလ်ကြီး မက်ဒါဗာချာယ(Madhvascharya)က ရုပ်တုကိုးကွယ်သည့် ဗြဟ္မာသူ့ထရဗသျှယ(Brahma Sutra Bhashya)ကို ပြင်းပြင်းထန်ထန် အပြစ်တင်ခဲ့သည်။

(၁-၁-၃၁)

'Agnoukriyavatam Vishnuhu, yoginam hrudaye Hari;
Pratima swapraphudhanam sarvatra vidittmanam'

အချို့က ဘုရားသခင်ကို ကိုးကွယ်ရာတွင် အဂ္ဂနီဟိုထရ ကရိယ(agnihotra kriyas)အားဖြင့် ပြုလုပ်ကြသည်။ ယောဂီအစစ်အမှန်များက ဘုရားသခင်ကို အသည်းနှလုံးဖြင့် ပူဇော်တတ်ကြသည်။ အလွန်မိုက်မဲ အသိဉာဏ် ခေါင်းပါးသူများကသာ ရုပ်တုကို ပြုလုပ်ပြီး ဘုရားသခင်အမှတ်ဖြင့် ကိုးကွယ်ကြသည်။

ဗာရာဟပုရာန(Varaha Purana)(၄-၇)နှင့် မိတ်ယုပန်နိရှက်(Maityupanished) (၂-၂၆)တို့ကလည်း ရုပ်တုကိုးကွယ်ခြင်းကို အပြင်းအထန် ရှုတ်ချခဲ့ကြသည်။ ရုပ်တုကိုးကွယ်နေသူများ၏စိတ်တွင် ထိခိုက်ခံစားရမည်ကို စိုးရိမ်သဖြင့် မဖော်ပြတော့ဘဲ ချန်လှပ်ထားခဲ့ပါသည်။

ဘုရားသခင်အား ကိုးကွယ်ပူဇော်ရာတွင် အလှအပဆုံးနည်းစနစ်ကို ညွှန်ပြသူမှာ အာဒီရှန်ကာရာချာယ (Adi Shankaracharya)ပင် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ထိုကိုးကွယ်နည်းက အခြားသောဘာသာကြီးများ ကိုးကွယ်သည့်နည်းနှင့် တူညီနေသည်ကို မိတ်ဆွေ တွေ့ရမည်ဖြစ်သည်။

အကြောင်း၍ လူတိုင်းလူတိုင်းသည် ဘုရားသခင်အပေါ် ခံယူချက် ပိုမိုနီးစပ်လာသည်နှင့်အမျှ လူ့ဘောင် လူ့လောကထဲတွင် ဘုရားသခင်၏ အလိုတော်ကို ပိုမိုသိရှိ လက်ခံလာနိုင်ကြောင်း မိတ်ဆွေ သိမြင်လာပါမည်။

"AHIMSA PRATHAMAM PUSHPAM:
PUSHPAM INDRIYA NIGRAHA
SATYAM BHOOTDAYA PUSHPAM
KSHAMA PUSHPAM VISESATAHA
SHANTI PUSHPAM TAPAHA PUSHPAM;
DHYANAM PUSHPAM TATHYVACHA



www.burmeseclassic.com

www.burmeseclassic.com

SATYAM ASHTAVIDHI PUSHPAM DEVA
PREETHIKARAM BHAVED"

အကြမ်းမဖက်ခြင်း၊ စိတ်ကိုထိန်းသိမ်းနိုင်ခြင်း၊ အမှန်တရားကို လက်ကိုင်ပြုခြင်း၊ ကရုဏာစိတ်ရှိခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ ငြိမ်းအေးစွာနေတတ်ခြင်း၊ သမာဓိ အားကောင်းခြင်းနှင့် ကမ္မဋ္ဌာန်းထိုင်ခြင်းတို့က ဘုရားရှိခိုးရာတွင် လိုအပ်သည့် ပန်းဆယ်ပွင့်ပင် ဖြစ်သည်။

နေအိမ်တစ်အိမ်တွင် ဘုရားခန်းသည် ပြင်ပ အနှောင့်အယှက်ကင်းသည့် နေရာမျိုးဖြစ်နေရန် လိုအပ်ပါသည်။ သို့မှသာ တရားထိုင်သည့်အခါ စိတ်ငြိမ်ငြိမ်ဖြင့် ပြုလုပ်နိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် ဘုရားခန်းကို အရှေ့-မြောက်တွင် ထားရှိခြင်းဖြင့် အကျိုးရလဒ်များ တိုးတက်ရရှိလာစရာ အကြောင်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က နေရာတိုင်းတွင် ရှိနေသည်။ ထို့ပြင် အရှေ့-မြောက်ထောင့်ကို ဘုရားခန်းဖြင့် ပိတ်နေခြင်းဖြင့်လည်း မည်သည့်သက်ရောက်မှုအဆိုးများ ရောက်ရှိလာရန် အကြောင်းမရှိပေ။ မိတ်ဆွေအနေဖြင့် ဘုရားခန်းကို မည်သည့်နေရာတွင်မဆို ထားနိုင်ပါသည်။ သို့သော် လေအဝင်အထွက် ကောင်းမွန်နေရန်နှင့် ပြင်ပအနှောင့်အယှက် မရှိရန်ကိုမူ သတိပြုရပေမည်။

## ၂။ အသစ်စမ်းသပ်ရန် လိုအပ်ချက်

သိပ္ပံပညာရပ်ဟူသည်က ထိုပညာရပ်နှင့်ပတ်သက်၍ အချက်အလက်အားလုံးကို သိရှိခြင်း၊ နောက်ထပ် ထပ်မံရှာဖွေစမ်းသပ်ရန် မလိုတော့သည့်အဆင့်သို့ ရောက်သွားခြင်း စသည်တို့ ဖြစ်မလာမချင်း စူးစမ်းရှာဖွေမှုများက ရပ်ဆိုင်းသွားလေ့ မရှိချေ။ ထိုနည်းအတိုင်းပင် ဝါစတုပညာကလည်း သိပ္ပံပညာရပ်ဖြစ်နေသည့်အတွက် ထိုနည်းလမ်းတွင် ခြွင်းချက်အဖြစ် ရပ်တည်နေခြင်းမျိုး မရှိပေ။

တကယ်စင်စစ်အားဖြင့် ယနေ့မျက်မှောက်ခေတ် ပြဿနာများအတွက် အဖြေရရှိရန်အတွက်မူ ရှေးဟောင်းကျမ်းများမှ အကိုးအကားအနေဖြင့် အနည်းငယ်မျှသာ ရရှိနိုင်မည်ဖြစ်သည်။ ရှေးဟောင်းကျမ်းများတွင် အချက်အလက်များက အလွဲအမှားများသာ ဖြစ်နေနိုင်ပေသည်။

ယနေ့ခေတ်တွင် တည်ဆောက်နေသည့် အဆောက်အအုံများက မိုးပျံတိုက်ကြီးများ ဖြစ်နေသဖြင့် အဆိုပါ တိုက်ကြီးများ အတွင်းမှ အခန်းမျိုးစုံ၏ ချို့ယွင်းချက်များ ပြင်ဆင်ရမည့်ကိစ္စ၊ ထိုအတွက် အကုန်အကျခံရမည့်ကိစ္စများနှင့် စည်းကမ်းဥပဒေနှင့် ညီစေရန် ပြုပြင်ရမည့် ကိစ္စများက များမြောင်လှသည်ဟု ဆိုရမည်ဖြစ်ပါသည်။

အထူးသဖြင့် သက်ဆိုင်ရာအာဏာပိုင်များမှ ထုတ်ပြန်ထားသည့် စည်းကမ်း ဥပဒေများနှင့် ကိုက်ညီစေရန် ပြုပြင်ရမှုများတွင် ဝါစတုပညာအရ ဆန့်ကျင်ဘက် အနေအထားမျိုး ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့သော် အခန်းငှားသူများအနေဖြင့် ဦးစားပေးလုပ်ဆောင်ရမည့် အခြေအနေ ရှိနေသည့်အတွက် ဝါစတုပညာကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပြီး ပြောင်းလဲဆန်းသစ်သည့် နည်းစနစ်များကို အသုံးချကာ ဝါစတုချို့ယွင်းချက်များကို ပြုပြင်နိုင်ရန် ကြံစည်တွေးဆကြရတော့မည်ဖြစ်သည်။

ထိုသို့ နည်းစနစ်များကို သုံးစွဲသည့်အခါ ထိုစနစ်များက အမှားအယွင်း မဖြစ်ဖို့ လိုအပ်ပါသည်။ သို့အတွက် အလေးအနက်ထားသုတေသနပြုလုပ်မှုက အမှန်တကယ်ပင် လိုအပ်ပြန်ပါသည်။ စိတ်ဝင်စားမှုရှိသည့် ပိုင်ရှင်များကလည်း အချိန်ပေးနိုင်လျှင် ထိုသုတေသနပြုချက်များ ပြုလုပ်မှုတွင် အကူအညီပေးနိုင်ပေသည်။ သူတို့လို လူမျိုးက မရှားလှပါ။ သို့သော် မည်သည့်သုတေသနလုပ်ငန်းများကိုမဆို ပြုလုပ်သည့်အခါ အရှုံးနှင့်ရင်ဆိုင်ရသော် စိတ်ဓာတ် ပျက်ပြားမသွားရန်အတွက်က အမှန်ပင် လိုအပ်ပေမည်။

ခေတ်ကာလအခြေအနေက တောင်းဆိုလာသဖြင့် ပြုလုပ်ခဲ့ရသည့် စမ်းသပ်မှု သုတေသနလုပ်ငန်းများ ရှိခဲ့ရာ စာဖတ်သူတို့ ဗဟုသုတရရှိစေရန် မျှဝေလိုပါသည်။ ယခင်က သုတေသနပြုလုပ်ခဲ့သည့် လုပ်ငန်းများမှာ ပင်ပန်းခက်ခဲလှသည်တော့ မဟုတ်ပါ။ လူတစ်ဦးတစ်ယောက်က အချိန်အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်နိုင်သည့် အလုပ်မျိုးက ပင်ပန်းခက်ခဲသည့်အလုပ်ဟု မဆိုနိုင်ပါ။ သို့သော် မိတ်ဆွေ၏ ကူညီဖေးမမှုနှင့် သိချင်သည့် စိတ်ဆန္ဒက ရေရှည်တွင် ထိုနည်းစနစ်အသစ်ကို အထောက်အခံပြုနိုင်ပါလိမ့်မည်။

ထိုနည်းစနစ်များကို လက်ခံကျင့်သုံးရာတွင် ကုန်ကျနိုင်သည့် ငွေကြေးပမာဏနှင့် မအောင်မြင်ခဲ့သော် ဟူသည့် အချက်များကိုလည်း ခေါင်းထဲတွင် ထည့်ထားရပါသည်။

ထို့ကြောင့် အကယ်၍ ငွေကုန်ကြေးကျ ရှိလာသည့်တိုင်အောင် မိတ်ဆွေထံ ဝန်ထုပ်ဝန်ပိုး ဖြစ်မနေစေရန် တွေးဆရပါသည်။

အစောပိုင်းက အခန်းများတွင် ပြောကြားခဲ့သကဲ့သို့ လူတိုင်းလူတိုင်းသည် သိပ္ပံပညာရှင်ဖြစ်နိုင်ပြီး အဆောက်အအုံတိုင်းက သူ၏သုတေသနပြုလုပ်ရန်နေရာများ ဖြစ်လာနိုင်ပါသည်။ ထိုသို့လုပ်ကိုင်ရင်း ထွက်ရှိလာသည့် အတွေ့အကြုံများက စိတ်လှုပ်ရှားစရာဖြစ်လာစေမည့်အပြင် ပျော်ရွှင်ကြည်နူးစရာလည်း ဖြစ်စေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်တို့ သုတေသနပြုလုပ်ရန်အတွက် အဆောက်အအုံများအတွင်းသို့ ဝင်ကြရန်ဖြစ်သည်။ ထိုအဆောက်အအုံသည် မိတ်ဆွေ၏ နေအိမ်လည်း ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် မိတ်ဆွေ တည်ဆောက်ပေးနေရသည့် မိတ်ဆွေ၏ ဖောက်သည်တစ်ဦးဦး၏ အိမ်လည်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။

## စကြဝဠာစွမ်းအင် ရစေမည့် ရေစင်မြင့်ဒီဇိုင်းပုံစံ

ရေစင်မြင့်ဟူသည်က အိမ်တိုင်း အိမ်တိုင်းအတွက် (သို့)စက်ရုံအတွက် မရှိလျှင်မဖြစ်သည့် ရေသိုလှောင်ရာနေရာပင် ဖြစ်ပေသည်။

သာမန်အားဖြင့် ထိုရေစင်မြင့်များကို အုတ်ဖြင့်ဖြစ်စေ (သို့) ကွန်ကရစ်ဖြင့်ဖြစ်စေ တည်ဆောက်ထားသည့် ထောင့်မှန်စတုဂံပုံစံ (သို့) စတုရန်းပုံစံများ ရှိတတ်ကြသည်။ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ဆလင်ဒါ(Cylindrical) ပုံစံရေစည်များ၊ စက်လုံး(spherical)ပုံစံရေစည်များကို ဈေးကွက်တွင် တင်ရောင်းနေကြပြီ ဖြစ်သည်။

ထိုပုံစံများသည် ရေများကို သိုလှောင်ထားနိုင်ရန်အတွက် သက်သက်သာဖြစ်သည်။ ရေများ၏ အဆင့်အတန်းကို မည်သို့မျှ ပြောင်းလဲစေမှု မရှိပါ။


ရေကို လျှပ်စစ်အားသွင်းပြီး သံလိုက်စွမ်းအားရှိသည့် ရေအဖြစ်သို့ ပြောင်းလဲနိုင်ပါသည်။ ထိုရေမျိုးက သစ်ပင်များနှင့် လူသားများအတွက် ရောဂါဝေဒနာများကို ပြေပျောက်စေနိုင်ပါသည်။

အလားတူပင် ပိရမစ်တစ်ခု အောက်တွင်ထားသည့် ရေသည်လည်း စကြဝဠာစွမ်းအင်များကို ဖြစ်ပေါ်စေသဖြင့် ထိုရေက အချို့သော ပုံမှန်မဟုတ်သည့် ဝေဒနာများကို ပျောက်ကင်းသက်သာစေနိုင်ပါသည်။

ရေစည်အဖုံးက(စိတ်မှန်းအားဖြင့်) ၂၃ ၁/၂ ဒီဂရီ စောင်းရမည်။

**မှတ်ချက်** - အစက်ချထားသည့် လိုင်းသည် ဝင်ရိုးဖြစ်သည်။ သံလိုက်အိမ်မြှောင်ကိုသုံးပြီး ရေစည်ကို အနောက်တောင်-အရှေ့မြောက်ဝင်ရိုးပေါ် တန်းနေစေရန် ပြုလုပ်ပါ။ သို့မှသာ အနောက်တောင် အစိတ်အပိုင်းသည် နေအိမ်၏အနောက်-တောင်ထောင့်တွင် တည်ရှိနေပေလိမ့်မည်။

အပေါ်ဘက်တွင် ပြထားသည့်ပုံစံက ရေစင်မြင့်ဖြစ်သည်။ ကျွန်ုပ်၏ အတွေ့အကြုံများအရ ထိုပုံစံ ရေစင်မြင့်သည် သိုလှောင်ထားသည့် ရေများအား စွမ်းအားဖြစ်စေသည်




ရေစည်ထောင့်ချွန်းသည်(အနောက်-မြောက်)

ကို တွေ့ရှိရသည်။ ရေစင်ပုံစံက အဝိုင်းပုံစံဖြစ်ပြီး သံကူကွန်ကရစ်ဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ အလျား 'b'ကို တည်ဆောက်ရာတွင် ထိပ်ထောင့်က ၂၃ ၁/၂ ဒီဂရီရှိ၍ အထက်ပါပုံစံအတိုင်း ဖြစ်နေစေရပါမည်။ ထို့နောက် သံလိုက်အိမ်မြှောင်ကိုသုံးပြီး အနောက်-တောင်နှင့် အရှေ့-မြောက်ကို တန်းနေစေရန် ပြုလုပ်ရပါမည်။ ဤသို့ဖြင့် ရေစည်၏ အနောက်-တောင်အစိတ်အပိုင်းသည် ခေါင်မိုး၏ အနောက်-တောင်ထောင့်တွင် တည်ရှိနေပါမည်။

ကျွန်ုပ်တွေ့ရှိရသည်မှာ ထိုပုံစံရေစင်ကို ပြုလုပ်ထားခြင်းဖြင့် ရိုးဆက်ရောင်ရမ်းနာ (Arthritis)၊ ရိုးဆက်ကိုက်ခဲသည့် ဝေဒနာနှင့် ခါးနာရောဂါများကို သက်သာစေပါသည်။ အထူးသဖြင့် အိမ်သားများက ရေစင်ရှိသည့် အနောက်-တောင်ဘက် အိပ်ခန်းတွင် အိပ်စက်ပါက ပိုမိုကောင်းမွန်ပါသည်။ ရေစင်အရွယ်အစားကို မိမိနှစ်သက်သလို ပြုလုပ်နိုင်ပါသည်။ ယင်းကိုပြုလုပ်ရာတွင် ရေစင်၏အဖုံးကို သံကူကွန်ကရစ်ဖြင့် ထောင့်ကို ၂၃ ၁/၂ ဒီဂရီရှိနေစေရန် လိုအပ်ပါသည်။ အကောင်းဆုံး အကျိုးရလဒ် ရရှိစေရန်အတွက် ရေစင်၏ အချင်းနှင့် အနောက်-တောင်ထောင့် အမြင့်ကို တူညီနေစေရမည်။

## တည်ဆောက်နိုင်ရန် အသေးစိတ်အချက်အလက်များ

အကယ်၍ မိတ်ဆွေက ရေစင်မြင့် တည်ဆောက်ရာတွင် ပန်းရန်ဆရာ၏ အကူအညီသာ ယူမည်ဆိုပါက အောက်ဖော်ပြပါ အချက်များက အသုံးဝင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

၁။ နေအိမ်ခေါင်မိုး၏ အနောက်-တောင်ထောင့်ကို ရွေးချယ်ပါ။ ဤနေရာတွင် သံလိုက်အိမ်မြှောင်ကို သုံးရန် မလိုပါ။ အဆောက်အအုံ၏ အနောက်-တောင်ထောင့်ကို ရှာရာတွင် အနောက်ဘက်နှင့်တောင်ဘက်တို့ ဆုံရာနေရာသည် အနောက်-တောင်ထောင့်ဟု သတ်မှတ်လိုက်နိုင်ပါသည်။

၂။ အောက်ဖော်ပြပါ ဇယားတိုင်များကို ကြည့်ပြီး မိမိတည်ဆောက်လိုသည့် ရေစင်အရွယ်အစားကို ရရှိနိုင်ပါသည်။

**ရေစင်၏ ရေဝင်ဆံ့သည့် ပမာဏ လီတာ-အချင်း**

| | |
|---|---|
| ၇၈၅ | ၁ မီတာ |
| ၂၆၅၀ | ၁.၅ မီတာ |
| ၆၂၈၀ | ၂ မီတာ |

ဥပမာ - အကယ်၍ အနောက်-တောင်အမြင့်က ၁ မီတာ ဆိုပါစို့။ ရေစင်၏ အနောက်-တောင်ဘက်အမြင့် (မိတ်ဆွေ၏ နေအိမ်မဟုတ်)က အချင်း၏ ၁.၄၁၄၈ ဆ ဖြစ်ရပါမည်။

လိုအပ်သည့် ရေပမာဏရနိုင်မည့် ရေစည်ပုံစံရလျှင် ရေစင်ပလက်ဖောင်းပေါ်တွင် ပတ်ပတ်လည် အမြင့်ညီသည့် ရေစည်ကို နေအိမ်၏ အနောက်-တောင်ထောင့်မှာ တည်ဆောက်ရပါမည်။ သံကူကွန်ကရစ်လောင်းရာတွင် သံချောင်းများကို အနောက်-တောင်ထောင့်တွင် အမြင့်ဆုံးအနေအထား ရရှိအောင် ပုံပါအတိုင်း အပေါ်ဘက်တွင် ချန်ထားပြီး လောင်းရပါမည်။

လိုအပ်သည့် ရေပမာဏရနိုင်သည့် ရေစည်ကို ကွန်ကရစ်လောင်းပြီးသည့်အခါ မိတ်ဆွေအနေဖြင့် ပထမအဆင့် ပြီးစီးသွားသည်ဟု ဆိုရပါမည်။ ထိုအချိန်တွင် ရေစည်က အဝိုင်းပုံစံဖြစ်နေပြီး သံချောင်းများက အပေါ်သို့ ထိုးထိုးထောင်ထောင် အနေအထားမျိုးနှင့် ဖြစ်နေပါလိမ့်မည်။

ထိုအချိန်တွင်မှ သံလိုက်အိမ်မြှောင်ကိုသုံးပြီး ရေစည်၏ အနောက်-တောင်ထောင့်၊ အရှေ့-မြောက်နှင့် အနောက်-တောင် အမှတ်များကို ရေစည်တွင် ရောင်စုံခဲတံကို သုံး၍ မှတ်သားထားရပါမည်။

အနောက်-တောင်ထောင့်တွင် သံချောင်းအရှည်ကို အချင်း၏ ၁.၄၁၄၈ ဆအထိထားပြီး ဖြတ်ပစ်လိုက်ပါ။ ထိုအတိုင်းပင် ကျန်သံချောင်းများကိုလည်း ဖြတ်ပစ်လိုက်သည့်အခါ ပိုထွက်နေသည့် သံချောင်းများက အရှေ့-မြောက်ထောင့်တွင် ရှိမနေတော့ပေ။ ထိုနောက်တွင် ပိုထွက်နေသည့် နေရာ၌ သံဆန်ကာကိုခင်းပြီး ကွန်ကရစ်လောင်း ဘိလပ်မြေကိုင်၍ အချောသပ်ရပါမည်။

ရေစည်၏ အမိုးကို စောင်းနေသည့် အနေအထား အတိုင်းထား၍ ဘိလပ်မြေ ကိုင်ရမည်။ ထိုသို့လုပ်ရာတွင် အလယ်ကောင်တွင် နောင်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် အပေါက်တစ်ပေါက် ဖောက်ထားရပါမည်။

ရေစည်၏အဖုံးကို သစ်သားဖြင့်လည်း ပြုလုပ်နိုင်သည်။ ထိုအဖုံးများက စျေးကွက်တွင် တင်ရောင်းနေသဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

အခုဆိုလျှင် မိတ်ဆွေအနေဖြင့် ရေစင်မြင့်ကိုရရှိနေပြီ။ ထိုရေစင်မြင့် ဦးစွန်းက ကမ္ဘာကြီးစောင်းနေသကဲ့သို့ လိုက်စောင်းနေသည်။ ထိုရေစင်တွင် လှောင်ထားသည့်ရေများကို အခြားရေများကဲ့သို့ပင် ကြိုက်နှစ်သက်သလို သုံးနိုင်ပါသည်။ သို့သော် ထိုရေများကိုသုံးသည့်အခါ တွေ့ရှိချက် မှတ်တမ်းမှတ်ရာများ ထားရှိ၍ ခြောက်လခန့် အနည်းဆုံးထား သုံးစွဲကြည့်ခြင်းဖြင့် ထိုရေစင်၏ ဝါစတုချို့ယွင်းချက်များကို လျော့ပါးစေနိုင်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့က စွမ်းအင်စီးဆင်းမှုကို အရှေ့-မြောက်ဘက်မှ အနောက်-တောင်သို့ စီးသွားမှုမျိုးကို လိုလားသည်။ ထိုသို့ ဖြစ်လာနိုင်သည့်နည်း နှစ်နည်းရှိသည်။ တစ်နည်းက အရှေ့- မြောက်မှ စွမ်းအား၏ ပြင်းအားကို တိုးလိုက တိုးနိုင်သည်။ သို့မဟုတ်ပါက အနောက်-တောင်ဘက်မှ အမဓာတ်စွမ်းအင်ကို လျှော့ချနိုင်သည်။

ပထမအချက် ပြုလုပ်ရန် လွယ်ကူမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အဆောက်အအုံ၏ အရှေ့-မြောက်ဘက်တွင် ချို့ယွင်းချက်များ ရှိနေသည်။ အကယ်၍ အရှေ့-မြောက်ဘက်က ပြုပြင်၍ မဖြစ်နိုင်သည့် အခြေအနေမျိုး ဖြစ်နေပါက သိပ္ပံနည်းကျ အမြင်မျိုးဖြင့် နည်းတစ်နည်းကို လုပ်ဆောင်ရပါမည်။ ထိုနည်းက အနောက်-တောင်ဘက်မှ အမဓာတ်စွမ်းအင်ကို တိုးလိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ မလုပ်သင့်ဘူးလား။ ဤနည်းက မိတ်ဆွေတွင် အကုန်အကျလည်း ပိုများလာစရာအကြောင်း မရှိပေ။ အကယ်၍ ထိုသို့ပြုလုပ်သော်လည်း မအောင်မြင်ခဲ့သော် မိတ်ဆွေတွင် ရေစင်မြင့်က ရှိနေသေးသည်။ သူကလည်း သူ့အလုပ်သူ လုပ်နေမည်သာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုသို့ ကြိုးစားအားထုတ်လိုက်ရသဖြင့် စိတ်လှုပ်ရှားရွှင်အောက်ပါအတိုင်း မျှော်လင့်ချက်ထားရှိနိုင်မှုတို့က မိတ်ဆွေအား ထိုက်တန်သည့် ရလဒ်ကောင်းများ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

၁။ ဝေဒနာများအပေါ် သက်ရောက်မှုများ

၂။ လူမှုဆက်ဆံရေးအပေါ် သက်ရောက်မှုများ

၃။ စက်ရုံ/စီးပွားရေးလုပ်ငန်းမှ ငွေကြေးအပေါ် သက်ရောက်မှုများ။

* မိတ်ဆွေ၏ ကူညီမှုများက 'တန်ဖိုးဖြတ်နိုင်မည်မဟုတ်ပါ။

## ပိရမစ်များ

စင်စစ်အားဖြင့် ပိရမစ်များသည် အခြေခံအားဖြင့် ရှုပ်ထွေးနေသည့် စွမ်းအင်စက်ကွင်းများ၏ ပတ်ဝန်းကျင်ကို ဇီဝစွမ်းအင်ဖြစ်သွားစေရန် ပြောင်းလဲပေးသည်။ နိုင်ငံ ပြင်ပတွင်ပြုလုပ်သည့် လေးနက်သည့် သုတေသနပြုချက်များအရ ပိရမစ်က ကျန်းမာရေးနှင့် ပတ်သက်သည့် ထူးခြားသည့် တိုးတက်မှုများကို စွမ်းဆောင်နိုင်ကြောင်း အခိုင်အမာ သက်သေ ပြသနိုင်ခဲ့သည်။

ပိရမစ်အကြောင်း လေ့လာလိုက်စားမှု ပညာရပ် အသစ်တစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။ ယင်းပညာရပ်ကို 'ပိရမစ်ဒိုလော်ဂျီ'(pyramidology)ဟုခေါ်သည်။ ပိရမစ်နှင့် ပတ်သက်သည့် စာအုပ်စာတမ်းများက ပေါများလှသည်။ စာအုပ်အတော်များများက အီဂျစ်လူမျိုးတို့၏ ပိရမစ်များအနက် ဂေဇို(Gesoah)ပိရမစ်ကို အထူးပြုရေးသားထားခြင်းများဖြစ်သည်။

ပိရမစ်အကြောင်းရေးသားသူများသည် ပိရမစ်များကို အဘယ်ကြောင့် တည်ဆောက်ခဲ့ကြသည်ဟူသည့် အကြောင်းနှင့် မည်သူတည်ဆောက်ခဲ့သည်ဟူသည့် အကြောင်းများကိုသာ ဦးစားပေး ရေးသားထားသဖြင့် တန်ဖိုးမရှိလှချေ။ ထိုအကြောင်းအရာများက သီအိုရီ သဘောများဖြစ်နေပြီး ထောက်ခံခြင်းမရှိသကဲ့သို့ မထောက်ခံသည့် အနေအထားမျိုးလည်း မရှိကြပေ။

အခြားစာအုပ်များကမူ ပိရမစ်၏ ဂမ္ဘီရဆန်ဆန် အကြောင်းအရာများကို ထုတ်ဖော်ရေးသားထားခြင်း ဖြစ်သည်။ ထိုစာအုပ်များထဲတွင် သမ္မာကျမ်းစာပါ အချက်အလက်များကို ပိရမစ်ထဲတွင် တွေ့ရသည့်အကြောင်း၊ ကမ္ဘာကြီး၏ အနာဂတ်ကံကြမ္မာက ပိရမစ်တွင် ထင်ဟပ်နေကြောင်း၊ ကောင်းကင်နိုင်ငံမှ သက်ရှိများသည် အဆိုပါ ပိရမစ်ကို အင်တီနာ(antenna)သဘောထား၍ ဆက်သွယ်မှုများ ပြုလုပ်တတ်ကြောင်း စသည်ဖြင့် ရောက်တတ်ရာရာ ရေးသားထားကြသည်။ ထိုလေ့လာချက်များကလည်း လက်တွေ့ အသုံးဝင်မှု နည်းပါးလှသည်။

သုတေသနပြုမှုများနှင့် ပတ်သက်သည့်အကြောင်း ရေးသားထားသည့် ပိရမစ်စာအုပ်များကိုလည်း ဝယ်ယူဖတ်ရှုနိုင်ပါသည်။ ထိုစာအုပ်များက လက်တွေ့ဆန်သည်။ သို့သော် သုတေသနပြုချက်များတွင် အကြောင်းအရာ တော်တော်များများက ဟင်းသီးဟင်းရွက်များကို ကြာရှည်ခံစေရန် ထားသိုနည်း၊ အသားများကို ထားသိုနည်း၊ မုတ်ဆိတ်ရိတ်ဓားကို ထက်အောင်သွေးနည်း စသည်များကို အခြေခံထားသဖြင့် လက်တွေ့အနေဖြင့် အသုံးမဝင်လှချေ။

ကျွန်ုပ်တို့စိတ်ဝင်စားသည်မှာ ပိရမစ်က မည်သည့်အလုပ်မျိုးကို စွမ်းဆောင်ပေးနိုင်သနည်းဟူသည့် အချက်ပင်ဖြစ်သည်။

ပထမအချက်က ရောဂါကို ကုသနိုင်စွမ်းဖြစ်၍ နောက်တစ်ချက်က ဝိညာဉ်ချို့ယွင်းချက်များကို ပြုပြင်နိုင်စွမ်းပင် ဖြစ်သည်။

ပထမအချက်နှင့် ပတ်သက်၍ နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုချက်များအရ ရောဂါကို ကုသနိုင်စွမ်းရှိကြောင်း သိရှိရသည်။ ထိုစွမ်းရည်အတွက် မိတ်ဆွေအနေဖြင့် ပိရမစ်ကို ထားရှိရန်နေရာကို မိတ်ဆွေ၏ ပန်းခြံ၊ ခြံဝင်းအတွင်း (သို့) နေအိမ်ခေါင်းမိုးပေါ်တွင် ထားရှိရန် ပြင်ဆင်ထားသင့်ပေသည်။

ပိရမစ်နေရာအတွက် အကြမ်းဖျင်းအားဖြင့် ကိုးပေပတ်လည်နေရာမျှ ရရှိလျှင် ဖြစ်ပါသည်။ ပိရမစ်အောက်ခြေက တကယ်ထားကြည့်လျှင် ထိုထက် ကျဉ်းသွားနိုင်ပါသေးသည်။ အမြင့်ကမူ ခြောက်ပေခန့် လိုအပ်မည်။

အရှေ့-မြောက်ဘက်တွင် တံခါးပေါက်ပါပြီး သံလိုက်အိမ်မြှောင်ပါသည့် ပိရမစ်များကို ဝယ်ယူ၍ ရနိုင်နေပါပြီ။ ၎င်းတို့ကို ဆေးများသုတ်ထားပြီး ပြုလုပ်နည်းလမ်းညွှန်များလည်း အဆင်သင့်ပါရှိသည်။ လက်သမားတစ်ယောက်၏ အကူအညီဖြင့် ပြင်ဆင်လိုက်လျှင် အချိန်တစ်နာရီလောက်သာ ကြာမြင့်ပေမည်။

ထိုပိရမစ်ကို နေအိမ်တွင် နေရာတစ်နေရာ သတ်မှတ်ပြီးထားရှိကာ တရားထိုင်ခြင်း၊ စာဖတ်ခြင်း၊ ယောဂကျင့်ခြင်းများကို ထိုပိရမစ်ထဲတွင် ပြုလုပ်နိုင်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက အကျိတ်ရောင်ရမ်းသူများ အနေဖြင့် ထိုပိရမစ်ထဲတွင် နှစ်ရက်၊ သုံးရက်မျှ အိပ်စက်ရုံမျှနှင့် အကျိုးရလဒ်ကောင်းများ ရလာနိုင်သည်ဟု ဆိုကြပါသည်။

(ဆက်ရန်)

ဆရာဦးခန့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

## ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၇ ခုနှစ်၊ ဧပြီလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** ➡ ပဝတ္တိဌာန၏ ကောင်းအားရှိသော်လည်း မူလဌာန၏ ဆိုးအားက ပူးယှဉ်ထားသဖြင့် ယခင်လထက် အနည်းငယ်အခက်အခဲရှိမည်။ မိသားစုဆွေမျိုးတို့၏ ဂယက်ကြောင့် မကောင်းသတင်း ကျော်ကြားမည်။ ပြည်တွင်း ပြည်ပ ခရီးသွားလာဆက်ဆံမှုများလျက် ပင်ပန်းမည်။ အနုပညာ ဖျော်ဖြေရေးလုပ်ငန်း အကျိုးပေးမည်။ မိတ်ဆွေအပေါင်းအသင်း တချို့နှင့် အဆင်မပြေ ဖြစ်တတ်မည်။ ယာဉ်ရထား ဝင်ကိန်းရှိ၏။ ဝန်ထမ်းများ ရာထူးတိုး ပြောင်းရွှေ့ရတတ်သည်။ လူငယ်များ အပျော်ခရီးစဉ်ရှိသည်။

ယတြာ - သဘော်သီး ဘုရားကပ်လှူပြီး လိုရာဆုတောင်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။

(ဂ) **ကျန်းမာရေး** ➡ ခြေလက် ထိခိုက်အနာတရ ဖြစ်တတ်၏။

ယတြာ - လူသွားလမ်း တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ သောကြာနံသင့် လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** တစ်ဦးနှင့်တစ်ဦး ပိသုဏာဝါစာ ဆင်ခြင်ပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ဆိုးအား လွတ်သွားသော်လည်း ပဝတ္တိဌာန၏ ကောင်းအားက ခြေဖျက်နိုင်မှု အားနည်းလျက်ရှိရာ ယခင်လကဲ့သို့ပင် အခက်အခဲရှိမည်။ ငွေယိုပေါက်များမည်။ ဗုဒ္ဓဟူးနံ သက်ရှိသက်မဲ့တို့အတွက် သောကရှိမည်။ သို့သော် စနေနံကောင်းကျိုးပြုလျက် သက်သာရာရမည်။ ဆွေမျိုးညာတကာတို့၏ အကူအညီဖြင့် အခက်အခဲများကျော်လွှားမည်။ ရပ်ဆိုင်းနေသော လုပ်ငန်းအချို့ လှုပ်ရှားအသက်ဝင်လာမည်။ ဝန်ထမ်းများ သင်တန်းတစ်ခုခု တက်ရတတ်မည်။ ငယ်သူများ အပျော်အပါးများမည်။

ယတြာ - ဗုဒ္ဓရုပ်ပွားတော်တွင် ရွှေသင်္ကန်းကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ မသင့်မတင့်ရှိ၏။ လူငယ်များ အမှတ်မထင် အိမ်ထောင်ကျတတ်၏။

(ဂ) **ကျန်းမာရေး** ➡ စအိုတွင် ဥပဒ်ရှိမည်။

ယတြာ - ရဟန်းတော်များကို ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ စနေနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

**မှတ်ချက်။** လောကဓံကို သတိနှင့်ယှဉ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) စီးပွား/လူမှု ➡ ပဝတ္တိဌာန၏ ကောင်းအားရှိသော်လည်း မူလဌာန၏ဆိုးအားကို မချေဖျက်နိုင်သဖြင့် ယခင်လထက် အနည်းငယ် သောကရှိမည်။ ဗုဒ္ဓဟူးနံ သက်ရှိ သက်မဲ့တို့အတွက် စိတ်ဆင်းရဲစရာ ပေါ်မည်။ ငွေကြေးအင်အား လိုအပ်မှုရှိမည်။ ငွေကြေး ဆုံးရှုံးတတ်၏။ ငွေလိမ်ခံရတတ်၏။ အမွေကိစ္စ ကြုံရတတ်၏။ ကြာသပတေးနံ (သက်မဲ့) ဝင်ကိန်းရှိသော်လည်း မတည်မြဲပါ။ လုပ်ငန်းအရှိန်အဟုန် ကျနေမည်။ တနင်္လာနံ သက်ရှိ သက်မဲ့တို့ ဒုက္ခပေးမည်။ ဝန်ထမ်းများ စာရင်းကွာမှုအတွက် တာဝန်သတ်မှတ်ခံရတတ်၏။ ငယ်သူများ ရန်ရှိ၏။

ယတြာ - သာသနိကအဆောက်အအုံအတွက် အုတ်လှူဒါန်းပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သံယောဇဉ်မမှန် ငယ်သူများ မှားတတ်၏။

(ဂ) ကျန်းမာရေး ➡ ယာဉ်အန္တရာယ် ဂရုပြုပါ။

ယတြာ - ညောင်ထောက်ပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ကြာသပတေးနံသင့်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

**မှတ်ချက်။** ကောင်းမှုကို ခေါင်းလောင်းထိုးအမျှဝေပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) စီးပွား/လူမှု ➡ မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ပူးယှဉ်နေရာ ယခင်လထက် ကံဇာတာ ကောင်းမွန်လာမည်။ လက်အောက်ငယ်သား သားသမီးများ တည်ငြိမ်မှုမရှိ၊ စက်ပစ္စည်းများ အကြိမ်ကြိမ်လဲလှယ်ရတတ်၏။ ငွေကြေး အဝင်နည်းနေ၏။ အကြီးအကဲများ၏ အကူအညီရမည်။ လူလိမ်ခံရတတ်၏။ သို့သော် အမှတ်မထင် အကြံကောင်း ဉာဏ်ကောင်းရမည်။ ဝန်ထမ်းများ သက်သေခံလိုက်ရတတ်၏။ လူငယ်များ အစွပ်စွဲခံရတတ်၏။

ယတြာ - ကုဋီသန့်ရှင်းရေး လုပ်ပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ အိမ်တွင်း ဆူပူ၏။ လူငယ်များ ဒေါသထိန်းပါ။ အမှုအခင်း ရှိ၏။

(ဂ) ကျန်းမာရေး ➡ ကျောက်ကပ်တွင် ဥပဒ်ရှိ၏။

ယတြာ - စနေနံ အစာကျွေးပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ စနေနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညံ့၏။

**မှတ်ချက်။** မာနတရားကို ချိုးနှိမ်ပါ။



## ကြာသပတေးသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ စိုးမိုးလာသည့်အတွက် ယခင်လထက် ကံကောင်းလာသည့်အပြင် ဘုန်းတန်ခိုးဩဇာ တက်လာလျက် ထင်ပေါ်မည်။ လူအများ၏ ရိုသေလေးစားမှုခံရမည်။ စက်ပစ္စည်း အကောင်းစားများ ဝင်ကိန်းရှိ၏။ ပြောဆိုသမျှ အောင်မြင်မည်။ အလုပ်အကိုင် ချဲ့ထွင်ကိန်းရှိ၏။ အမှတ်မထင် ပြည်ပကိစ္စရပ်များအတွက် အောင်မြင်ဖွယ်ရှိ၏။ ကောင်းသောသတင်းစကားများ ကြားရမည်။ ဝန်ထမ်းများ သင်တန်းတက်ရမည်။ ၎င်းနောက် ရာထူးတက် ပြောင်းရွှေ့ကိန်းရှိ၏။ လူငယ်များ အပျော်ခရီးရှိ၏။

ယတြာ - ဘုရားရောင်တော်ဖွင့် ကုသိုလ်ယူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သာယာမည်။ လူငယ်များ စန်းပွင့်မည်။

(ဂ) ကျန်းမာရေး ➡ အအေးမိခြင်း၊ ရေချိုးများခြင်း သတိပြုပါ။ ပန်ကာ၊ လေအေးပေးစက် သတိပြုပါ။

ယတြာ - ငှက် အစာကျွေးပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ အင်္ဂါနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** လောဘကို အရှိန်သတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ





## စနေသားသမီးများ

**သောကြာသားသမီးများ**

(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ကောင်းအားဖြစ်ထွန်းလာသော်လည်း ပဝတ္တိဌာန၏ ဆိုးအားက ဖျက်ဆီးနေသဖြင့် ဇာတာရှင်အဖို့ အစစအရာရာ သတိကြီးစွာရှိဖို့လို၏။ သဘာဝဘေးဒဏ် သင့်တတ်၏။ စိတ်ပျက်လက်ပျက် ဖြစ်နေသော အမှုအရာကို ပြုပြင်လျက် ဝီရိယဖြင့် တွန်းအားပေးပါ။ မိတ်ကောင်းဆွေကောင်း ပညာကောင်း၊ အကြံဉာဏ်ကောင်း ရမည်။ မြေနှင့် ကြာသပတေးနံသင့် အဝင်ရှိမည်။ ခြေနှစ်ချောင်း ထွက်ကိန်းရှိ၏။ ပစ္စည်းပျောက်တတ်၏။ ဝန်ထမ်းများ အချင်းချင်း စိတ်ဝမ်းကွဲတတ်၏။ ငယ်သူများ လမ်းခွဲတတ်၏။

ယတြာ - လူသွားလမ်း ပြုပြင်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။ လူငယ်များ အချင်းချင်း အထင်လွဲတတ်၏။

(ဂ) **ကျန်းမာရေး** ➡ မူးဝေတတ်၏။ သွေးရည်သွေးရက်ကြောင့် ဥပဒ်ရှိမည်။

ယတြာ - အုန်းဆွမ်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ ကြာသပတေးနံသင့် လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

***မှတ်ချက်။*** တစ်ဇွတ်ထိုးအကျင့်ကို ပြုပြင်ပါ။

**စနေသားသမီးများ**

(က) **စီးပွား/လူမှု** ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ယခင်လနည်းတူ ဆိုးအားများ စိုးမိုးနေ၏။ မထင်မှတ်ဘဲ အမှုအခင်း ဖြစ်တတ်၏။ ငွေကြေး၊ လူ အာမခံမှုအတွက် မကောင်းပါ။ လူယုံ ဒုက္ခပေးတတ်၏။ ဆွေမျိုးသောကရှိသလို တပည့်လက်သား သစ္စာဖောက်တတ်၏။ ခရီးသွားလာရေးဖြင့် အဆင်ပြေမည်။ အနုပညာရှင် တစ်ဦးဦး၏ အကူအညီဖြင့် ဘဝခရီး ဖြောင့်ဖြူးမည်။ စနေနံ သက်ရှိ သက်မဲ့ ဒုက္ခပေးမည်။ ဝန်ထမ်းများ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ခံရတတ်၏။ လူငယ်များ လမ်းမှားတတ်၏။

ယတြာ - ကုသိုလ်အဖို့ဘာဂကို ခေါင်းလောင်းထိုး အမျှဝေပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** ➡ အစာအိမ်၊ အူတွင် ဥပဒ်ရှိ၏။

ယတြာ - ဆွမ်းဆန်စိမ်း လောင်းလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ သောကြာနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

***မှတ်ချက်။*** တစ်ယူသန်စိတ်ဓာတ်ကို ပြင်ပါ။


မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ၊

**ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့်

ငွေကြိုတင်ပို့ပေးမှသာ 'လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် ဧပြီလ ဟောကိန်းများ

ဆရာဦးခန့်ကျော် ([illegible])



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

မကာရရာသီဖွားများသည် ဤကာလအတွင်းအတိုက်အခိုက်နှင့် အပြိုင်အဆိုင်လုပ်ကိုင်ရသော လုပ်ငန်းများ၊ မိမိကျွမ်းကျင်သောလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အကျိုးပေးမည်။ အချို့ကိစ္စများတွင် မိမိကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်ခြင်းမျိုးသာ လုပ်ကိုင်သင့်သည်။ မိမိ၏အကြံအစည်နှင့် စိတ်ကူးများကို အခြားသူများနှင့် ဖွင့်ဟပြောဆို တိုင်ပင်ခြင်း မပြုသင့်၊ လုပ်ငန်းအထမမြောက် ဖြစ်တတ်သည်။ အိမ်ထောင်ရှင်ပါက အိမ်ထောင်ဘက်အတွက် စိတ်မအေးရခြင်းများ ရှိမည်။ အချို့ကိစ္စများကို လျစ်လျူရှုလိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများတွင် ကံမကောင်းဖြစ်တတ်မည်။ ချစ်သူနှင့် အထင်လွဲစရာ ပြဿနာများ ပေါ်ပေါက်နေတတ်မည်။ ဤကာလအတွင်း ဘာသာရေးအလုပ်များကို အချိန်ပေးလုပ်ကိုင်ခြင်းဖြင့် အရာရာ အဆင်ပြေမှုများ ရရှိနိုင်မည်။ ကျန်းမာရေးမှာ ခန္ဓာကိုယ်အောက်ပိုင်းတွင် မတော်တဆ ထိခိုက်အနာတရဖြစ်တတ်ခြင်း၊ အရေပြားဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၉၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း မိမိစိတ်ကူးရည်ရွယ် ကြံစည်ထားချက်များကို မိမိတစ်ဦးတည်းသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်နှင့် ဖက်စပ်၍သော်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် အိုး၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းများကို လုပ်ကိုင်သင့်သည်။ ထို့အပြင် မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ရေနှင့်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက အဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်မည်။ သို့သော် အိမ်ထောင်ရှင်ဖြစ်ပါက မောင်နှမ ဆွေမျိုးသားချင်းတို့၏ ကိစ္စများကြောင့် အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တတ်မည်။ ဝန်ထမ်းများအနေဖြင့် ဌာနဆိုင်ရာသင်တန်းများ တက်ရခြင်း၊ လုပ်ငန်းခွင် စာမေးပွဲ ဖြေဆိုရခြင်းများ ရှိမည်။ အဆင်ပြေအောင်မြင်မှုများ တွေ့ရတတ်သည်။ ငယ်ရွယ်သူများ ချစ်သူ၏ နားပူနားဆာလုပ်မှုကြောင့် စိတ်ညစ်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ မကြာခဏ အော့အန်ခြင်း၊ အစာအိမ်ရောင်ခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကုံရာသီဖွားများအနေဖြင့် ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၇၊ ၀၊ ၉၊ ၁)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် စားသောက်တည်းခိုလုပ်ငန်း၊ ငါးပိငါးခြောက်၊ ငံပြာရည်၊ ဆားရောင်းဝယ်ရေးလုပ်ငန်း၊ ပုလဲမွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ပါက ဤကာလအတွင်း အဆင်ပြေမှုများ ပိုမိုရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက ပြည်တွင်းပြည်ပခရီးများ ရှိမည်။ ပ[illegible]ယ်ရေးကြောင်းခရီးများ သွားရတတ်မည်။ မိမိအတွက် [illegible]အခွင့်အလမ်းကောင်းများနှင့် အခြေအနေကောင်းများကို ဖြစ်ပေါ်စေမည့် ခရီးဖြစ်မည်။ အိမ်ထောင်ရှင် ဖြစ်ပါက အိမ်တွင်းရေးအခြေအနေမှာ ကောင်းတစ်ခါ၊ ဆိုးတစ်လှည့် ဖြစ်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် နောက်ကြောင်းကျိုစယ်ရာမှ မထင်ဘဲ စကားများ အမုန်းပွားရတတ်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးတွင်သာ အာရုံနှစ်ထားသင့်သည်။ အပေါင်းအသင်းများနှင့် အပြင်ထွက်လည်ရာမှ ပြဿနာနှင့် ရင်ဆိုင်ရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်စိတ် လွန်ကဲခြင်းကြောင့် စိတ်နှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com

သက်သော ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်ကို အထူး သတိထားပါ။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၀၊ ၁) ဂဏန်းများပါသော ထီကို ထိုးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ဤကာလအတွင်း စွန့်စားလုပ်ကိုင်ရသော စီးပွားရေး လုပ်ငန်းကြောင့် ငွေကြေးဆုံးရှုံး ဖြစ်တတ်သည်ကို သတိ ထားပါ။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲ၊ အပြောင်းအရွှေ့ တစ်ခုခု လုပ်လိုသောဆန္ဒများ ဖြစ်ပေါ်နေမည်။ လုပ်ငန်း ပြောင်းရွှေ့ လုပ်ကိုင်မည်ဆိုလျှင်လည်း ကောင်းပါသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် အခွင့်အလမ်း ကောင်းများလည်း ပေါ်ထွက်လာလိမ့်မည်။ တစ်နည်းနည်း ဖြင့် စီးပွားဝင်ငွေကောင်းနေသလို အစုံလိုက်၊ အပြုံလိုက် ပြန်လည်ကုန်သွားတတ်မည်ကို သတိထားပါ။ မိမိစိတ်ကိုသာ အတတ်နိုင်ဆုံး အေးအေးထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး ဗျာပွဲညံပူညံရှိမည်။ သားသမီးအတွက် စိုးရိမ် သောက စိတ်မအေးရစရာများ ရှိတတ်မည်။ ဤကာလ အတွင်း အိုးအိမ်ပြောင်းရွှေ့ရခြင်း၊ အိုးသစ်၊ အိမ်သစ်ဝင်ခြင်း များ ရှိမည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီး ထွက်ရန် ရည်ရွယ်ထားခြင်းရှိပါက ခေတ္တ ရပ်ဆိုင်းထားပြီး အချိန်အခါကောင်းကို စောင့်ဆိုင်းပါ။ ကျန်းမာရေးမှာ အစာအိမ်ဒုက္ခပေးတတ်ခြင်း၊ ဆီး၊ ကျောက်ကပ် ဒုက္ခပေး တတ်ခြင်းများ ရှိမည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၇၊ ၂)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများ အနေဖြင့် ဤကာလအတွင်း အလှအပဆိုင်ရာပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း လုပ်သူများ၊ စာရင်းအင်းဆိုင်ရာလုပ်ငန်း လုပ်သူများဖြစ်ပါက စီးပွားဝင်ငွေကောင်းနိုင်မည်။ လက် အောက် ဝန်ထမ်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမှု အမျိုးမျိုးနှင့် ကြုံရတတ်မည်။ မလိုအပ်ဘဲ ငွေကုန်ကြေးကျ များရတတ်ခြင်းများလည်း ရှိမည်။ မမျှော်လင့်ဘဲ ခရီးထွက်ရ တတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း ပျော် ရွှင်ရမှုများရှိမည်။ အလှူအတန်း ကုသိုလ်များလည်းပြုရမည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ သင့်အိမ်သို့ ကြွရောက်လာခြင်း (သို့)ဖူးတွေ့ရခြင်းများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်နေမည်။ ချစ်သူ တစ်ယောက်၊ နှစ်ယောက်၊ သုံး ယောက်ထက်မက တွေ့ရတတ်မည်။ ဝန်ထမ်းဖြစ်ပါက မိမိ အထက်လူကြီးများ၏ သဘောကျချစ်ခင်မှုကို ခံရတတ်မည်။ ဌာနဆိုင်ရာ ပြည်ပခရီးများလည်း သွားရတတ်မည်။ ပညာ ရေးလိုက်စားသူဖြစ်ပါက ပညာရေးကံ အားနည်းနေချိန်ဖြစ်၍ ယခင်ကထက် နှစ်ဆလောက် ပိုမိုအားထုတ် ကြိုးစားနေပေး နိုင်မှ တော်ရုံကျမည်။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ နှလုံးအားနည်းခြင်း၊ သွေးတိုးခြင်းဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်သည်။ ပြိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၉၊ ၀၊ ၆) ဂဏန်းများပါသော ထီကို ထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

လုပ်ငန်းသစ်တစ်ခုခုကို လုပ်ဖူးသောလုပ်ငန်းဖြစ်စေ၊ မလုပ်ဖူးသောလုပ်ငန်းဖြစ်စေ အကောင်အထည်ဖော် လုပ် ကိုင်သင့်သည်။ ဇွဲရှိရှိနှင့် လုပ်ကိုင်ခြင်းဖြင့် ရေရှည်တွင် အကျိုးပေးပါလိမ့်မည်။ လူအများနှင့် ဆက်နွယ်ပတ်သက် လုပ်ကိုင်ရသည့်လုပ်ငန်း၊ အများ၏ အားပေးမှုကို ခံယူရရှိ သည့် လုပ်ငန်းများဖြင့် အထူးအကျိုးပေးမည်။ တစ်ခါတစ်ရံ မိမိ၏စိတ်သည် နှစ်မျိုးနှစ်ခွ ဖြစ်တတ်သည်ကို ချိုးနှိမ်ထားရန် လိုမည်။ ငယ်ရွယ်သူများ ချစ်သူနှင့် အနေနီးရတော့မည်။ စေ့စ[illegible]ကြောင်းလမ်းရခြင်း၊ လက်ထပ်ရခြင်းကိစ္စများလည်း ပေါ်[illegible]ပေါက်တတ်မည်။ ပညာရေးလိုက်စားသူဖြစ်က ကြိုးစား မှု၏ အကျိုးရလဒ်များ ခံစားရတတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျောက်ကပ်တွင်လည်းကောင်း၊ သားအိမ်တွင် လည်းကောင်း၊ စအိုတွင်လည်းကောင်း ဝေဒနာတစ်ခုခု ဖြစ်ပေါ်ခံစားရတတ်သည်။ မေထုန်ရာသီဖွားများအနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ဂရုတစိုက် လုပ်ပေးသင့်သည်။ အတိတ်မှ ကံကုသိုလ်ကောင်းမှုများ အကျိုးပေးမည့် အချိန် အခါဖြစ်၍ ထီပေါက်ခြင်း၊ ငွေကြေး အလုံးအရင်းနှင့်ဝင်တတ် ခြင်းများ ရှိမည်။ထို့ကြောင့် ထီထိုးမည်ဆိုပါက (၆၊ ၅၊ ၀၊ ၁) ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ကရကဋ်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း ခရီးတို၊ ခရီးရှည်များ သွားရတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အပြောင်းအလဲများ ဖြစ်တတ်မည်။ စာပေသင်ကြားခြင်းလုပ်ငန်း၊ ရသစာပေလုပ်ငန်း၊ အနုပညာဆိုင်ရာလုပ်ငန်း၊ အိမ်တွင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေ ကောင်းမည်။ အတွေးအခေါ်ကောင်းများ၊ စိတ်ကူးကောင်းများကို ဖော်ထုတ်နိုင်ပြီး အခြားသူများကိုလည်း အကြံဉာဏ်ကောင်းများပေးနိုင်သဖြင့် ချစ်သူခင်သူ ပေါမျာ်းမည်။ မိတ်ဆွေသစ်များ တိုးပွားမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏ အေးတိအေးစက်နိုင်သော အပြုအမူကို ဖျောက်ပစ်ပြီး ပျော်ရွှင်ဖွယ်ကောင်းသော မိသားစုဘဝကို ဖန်တီးလိုက်ပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးနှင့်ပတ်သက်သော အကူအညီ အထောက်အပံ့ကောင်းများ ရရှိမည်။ ငယ်ရွယ်သူများ အချစ်ကိစ္စ ဗျာများရလိမ့်မည်။ ချစ်သူ၏ သစ္စာဖောက်ခြင်း ခံရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုယ်လက်ကိုက်ခဲခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းများရှိ၍ မတည့်စာများ ရောနှောစားသောက်ခြင်း မဖြစ်စေရန် အထူးသတိထားသင့်သည်။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၅၊ ဝ၊ ၃) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

ဤကာလအတွင်း သိဟ်ရာသီဖွားများ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ သွင်းကုန်ထုတ်ကုန်လုပ်ငန်း အမဲကလုပ်ကိုင်သူများဖြစ်က စီးပွားဝင်ငွေကောင်းမည်။ ငွေပိုငွေလျှံများ စုဆောင်းနိုင်မည်။ အလှူအတန်း ကုသိုလ်များလည်း စိတ်တိုင်းကျ ပြုလုပ်နိုင်လိမ့်မည်။ ရပ်ဝေးနေ ဆွေမျိုးများ သင့်အိမ်သို့ ရောက်လာလိမ့်မည်။ ငွေကုန်ကြေးကျ များရလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအပြောင်းအလဲ ဖြစ်တတ်ခြင်း၊ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများရှိမည်။ ဤကာလအတွင်း မိမိပိုင်ဆိုင်သည့်ပစ္စည်း (သို့) မိမိတာဝန်ယူထားရသောပစ္စည်းမှ မေ့ကျန်၊ ကျပျောက်၊ အနိုက်ခံ၊ အလုခံရမှုများ ရှိတတ်မည်ဖြစ်၍ အထူးသတိထားပါ။ ငယ်ရွယ်သူများ အချစ်ရေး စနစ်ပွင့်နေမှုကြောင့် မည်သူ့ကိုရွေးချယ်ရမှန်း မသိရလောက်အောင် ဝေခွဲရခက်နေလိမ့်မည်။ ပညာရေး လိုက်စားသူ ဖြစ်ပါက ရည်ရွယ်ချက် ပြည့်မြောက်ရတတ်မည်။ ဆရာသမားများထံမှလည်း ပညာအမွေအနှစ်များ ရရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်းများနှင့် ရုတ်တရက် သွေးပေါင်ကျခြင်းများ ဖြစ်တတ်သည်။ ထို့အပြင် မြင့်သောနေရာများသို့ သွားခြင်း၊ တက်ခြင်း၊ အစွန်အဖျားနေရာသို့ သွားခြင်း၊ တက်ခြင်းများကို ရှောင်ရှားပါ။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ဝ၊ ၈၊ ၂)ဂဏန်းများပါသော ထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ဤကာလအတွင်း အပေါင်းအသင်းမိတ်ဆွေ၊ ဆွေမျိုးများ၏ အကူအညီဖြင့် မိမိရည်ရွယ်ထားသောလုပ်ငန်းတစ်ခု အကောင်အထည်ဖော်နိုင်မည်။ သင့်အနေဖြင့် အိုးအိမ်မြေနှင့်ပတ်သက်၍ ကြိုက်တာလုပ် ကောင်းမည်။ ဆိုလိုသည်မှာ မြေဝယ်ပြီး တိုက်ဆောက်မလား၊ လက်ရှိအိုးအိမ်ကို ပြန်လည်ပြုပြင်ပြီး ပြန်ရောင်းမလား၊ အလုပ်ခန်းသစ်၊ ရုံးခန်းသစ်၊ ဆိုင်ခန်းသစ်ဖွင့်မလား စသည်တို့ကိုဆိုလိုသည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၄၊ ၆၊ ၉၊ ၁၆၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၂၅၊ ၂၈)ရက်များသည် ကံကုသိုလ်ကောင်းစေသောရက်များဖြစ်၍ ထိုဆိုပါရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်ပါ။ ဝန်ထမ်းဖြစ်ပါက အောက်လက်ငယ်သားတို့၏ မထေမဲ့မြင်ပြုခြင်း၊ ချောက်တွန်းခြင်းများ ရှိတတ်မည်ကို အထူးသတိထားပါ။ အချစ်ရေးနှင့် ပတ်သက်၍ အိမ်ထောင်ရှိသူရော၊ အိမ်ထောင်မရှိသူများပါ စန်းပွင့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးသာယာမည်။ ငွေပိုငွေလျှံများ စုဆောင်းနိုင်ပြီး အလှူအတန်းကုသိုလ်များ ပြုရတတ်မည်။ ဗုဒ္ဓဂယာကဲ့သို့သော ဘုရားဖူးခရီးများလည်း ထွက်ရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့မည်။ မကြာခဏ ဆေးရုံဆေးခန်း ရောက်ရတတ်သည်။ ထီထိုးမည်ဆိုပါက (၄၊ ဝ၊ ၆၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီဖြင့် ထီကံစမ်းနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

တူရာသီဖွားများအနေဖြင့် ဤကာလအတွင်း လက်ရှိလုပ်ငန်းတွင် အဆင်ပြေမှု ရရှိနိုင်သည့်အပြင် ဝင်ငွေကောင်းသော အလုပ်သစ်များလည်း ထပ်မံတွေ့ရှိ လုပ်ကိုင်နိုင်မည်။ ဝင်ငွေကောင်းသော်လည်း မိမိလက်ထဲတွင် ငွေကြေး အဖတ်မတင်ဖြစ်ရတတ်သည်။ သူတစ်ပါးအတွက် ဖြစ်သွားတတ်ခြင်းများရှိမည်။ ငွေကြေးစုဆောင်းထားခြင်းများ လုပ်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်၏ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ အတူနေလူကြီးမိဘတစ်ဦးဦး၏ ကျန်းမာရေးအတွက်သော်လည်းကောင်း စိုးရိမ်ရမှုများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေမည်။ တစ်ခါတစ်ရံ အလွန်ပျော်ရွှင်ရသကဲ့သို့ တစ်ခါတစ်ရံ စိတ်အလွန်ညစ်ရမှုများလည်းရှိမည်။ ပညာရေးလိုက်စားသူများ အနေဖြင့် ပညာရေးတစ်ပိုင်းတစ်စ ဖြစ်ရတတ်ခြင်း၊ မိမိရည်ရွယ်ထားချက်များ ပျက်သွားရတတ်ခြင်းများ ရှိမည်။ ပညာရေးတွင် အချစ်ရေးကိစ္စ ဝင်ရောက်ရောယှက်ခြင်းမျိုး မရှိပါစေနှင့်။ ကျန်းမာရေးနှင့်ပတ်သက်၍ စားချိန်၊ အိပ်ချိန် မမှန်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲ ဝေဒနာများ ခံစားရတတ်မည်။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၄၊ ၀၊ ၇)ဂဏန်းများပါသော ထီကိုထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း ဘာသာရေးနှင့်ပတ်သက်၍ လုပ်နိုင်သလောက် ကောင်းမည်။ ဘာသာရေး၊ ကုသိုလ်ရေး လုပ်သမျှ စီးပွားရေးလုပ်ငန်းများ ထူးထူးခြားခြား အောင်မြင်မှုများရှိမည်။ အရာရာကို စိတ်အေးအေးထားလုပ်ကိုင်ရန် အရေးကြီးသည်။ သည်းမခံမှုနည်းခြင်း၊ စိတ်မြန်ခြင်းတို့ကြောင့် အမှားအယွင်းများ ဖြစ်တတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၂၂၊ ၂၆၊ ၂၇)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ဤရက်များ၌ လုပ်ငန်း ကိစ္စအဝဝတို့ကို ဆောင်ရွက်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် အခြေအတင်းတစ်ခုခုကြောင့် ခွဲခွာနေရတတ်သည်။ ယခုကာလအတွင်း တစ်ပါးသူတို့အပေါ် စေတနာ၊ မေတ္တာ ပိုမိုထားပေးခြင်းဖြင့် တူညီသောတုံ့ပြန်မှုကို ပြန်လည်ခံစားရတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးအတွက် အထောက်အပံ့ပေးမည့်သူများ ရှိမည်။ မိမိဆန္ဒရှိသည်များလည်း ဖြစ်လာလိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အသဲအူဆီဖုံးခြင်း၊ သွေးတိုးခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်း လေးလံထိုင်းမှိုင်းခြင်းများ ဖြစ်တတ်မည်။ ဤကာလအတွင်း မိတ္တူများ (သို့) ကျောက်နီကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုပါ။ ဗြိစ္ဆာရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၇၊ ၆)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဤကာလအတွင်း အစုစပ်လုပ်ငန်း၊ ရှယ်ယာထည့်ဝင်ထားသော လုပ်ငန်းများအတွက် စိတ်ညစ်ရမည်။ ရှေ့နေ၊ ပွဲစား၊ ကျောင်းဆရာအလုပ် လုပ်သူများ ဝင်ငွေကောင်းမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမည်။ စီးပွားဝင်ငွေ ကောင်းမည်။ ကိုယ်တိုင်ဖြစ်စေ၊ မိမိအိမ်ထောင်ဖက်မှဖြစ်စေ အမွေအနှစ်များ ရရှိတတ်မည်။ ဝန်ထမ်းဖြစ်ပါက အစားအသောက်၊ အနေအထိုင် သတိထားသင့်သည်။ မိမိအပေါ် မနာလိုသူ၊ အမုန်းပွားသူများ ရှိနေတတ်၍ သူတစ်ပါး ကျွေးသည်၊ ပေးသည်များကို ယုံကြည်စွာ လက်ခံစားသောက်ခြင်းမျိုး မပြုသင့်ပါ။ ပညာသင် ကျောင်းသားဖြစ်ပါက ပညာရေးကံကောင်းမည်။ မိမိ ရည်ရွယ်ထားချက်များ အောင်မြင်ရလိမ့်မည်။ အချစ်ရေးတွင် လူပျိုကြီး၊ အပျိုကြီးများ ဖြစ်ပါက အမြန်ဆုံး စုံလိမ့်မည်။ ငယ်ရည်းစားနှင့် ပြန်လည်ဆုံတွေ့ရတတ်မည်။ ကျန်းမာရေးမှာ အဆုတ်ရောင်၊ အဆုတ်ပွ၊ အဆုတ်အားနည်းခြင်းများ ဖြစ်တတ်မည်။ နား၊ နှာခေါင်း၊ လည်ချောင်းတို့ ခွဲစိတ်ကုသခံယူရခြင်းများ ရှိမည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများလည်း ပြုနိုင်သလောက်ကောင်းမည်။ ဓနုရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၇၊ ၀၊ ၁) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

**ဆရာဦးစန့်ကျော်**
(အတိတ်နိမိတ်ကျမ်းပြုပညာရှင်)


အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၈၁၂၄၀၊ ၀၉-၄၂၁၀၇၉၅၆၅၊ ၀၉-၇၉၅၂၈၆၅၄၅




www.burmeseclassic.com